# မြန်မာ့ ပြစ်မှုဆိုင်ရာခုခံချေပရေး လက်စွဲစာအုပ်

International Bridges to Justice အတွက် စီစဉ်ထုတ်ဝေသည်။

ရေးသားသူ - Jake Stevens

တည်းဖြတ်သူ - ဦးလှကို



ပထမအကြိမ်၊ ၂၀၁၈ ခုနှစ်။

MyJustice

Funded by: European Union

Implemented by: BRITISH COUNCIL

In partnership with: INTERNATIONAL BRIDGES TO JUSTICE

MyJustice

Funded by: European Union

Implemented by: BRITISH COUNCIL

In partnership with: International Bridges to Justice

# မြန်မာ့ ပြစ်မှုဆိုင်ရာခုခံချေပရေး လက်စွဲစာအုပ်

International Bridges to Justice အတွက် စီစဉ်ထုတ်ဝေသည်။

ရေးသားသူ - Jake Stevens

တည်းဖြတ်သူ - ဦးလှကို

ပထမအကြိမ် ထုတ်ဝေခြင်း၊ ၂၀၁၈ ခုနှစ်

စာဖတ်သူများအနေဖြင့် My Justice နှင့် International Bridges to Justice မှ ထုတ်ဝေထားသော စာအုပ်များကို ကူးယူအသုံးပြုလိုပါက စီးပွားဖြစ်ပြန်လည်ရောင်းချသည်မှလွဲ၍ ကူးယူအသုံးပြုနိုင်ကြောင်း ပြောကြားလိုပါသည်။ မူပိုင်ခွင့်ရှိသူများ ဖြစ်သည့် British Council နှင့် International Bridges to Justice တို့ အနေဖြင့် ထပ်ဆင့်ပြန်လည်ကူးယူမှုများတွင် မူပိုင်ရှင်များအား ထိုက်သင့်သည့် အသိအမှတ်ပြု ဖော်ပြမှုပေးရန်နှင့် ထပ်ဆင့်ထုတ်ဝေထားကြောင်း အသိပေးပြောကြားခြင်း အပြင် ထပ်ဆင့် ထုတ်ဝေထားသည့် စာအုပ်ကိုလည်း ကျွန်ုပ်တို့အား ပို့ပေးစေလိုပါသည်။ အွန်လိုင်းမှ ဖတ်ရှု အသုံးပြုလိုသူများအနေဖြင့် မူရင်းကော်ပီကို MyJustice ၏ ဝက်ဆိုဒ် စာမျက်နှာတွင်လည်းကောင်း၊ IBJ ၏ ဝက်ဆိုဒ်စာမျက်နှာတွင် လည်းကောင်း ဝင်ရောက်ရယူနိုင်ပါသည်။ ဤစာအုပ်တွင် ပါဝင်သော အမြင်၊ ရှုထောင့်၊ သုံးသပ်ချက်များသည် ဗြိတိသျှကောင်စီ၊ ဥရောပသမဂ္ဂ နှင့် International Bridges to Justice စသည့် အဖွဲ့အစည်းများကို ကိုယ်စားမပြုပဲ စာရေးသူ (များ) ၏ ကိုယ်ပိုင် အမြင် သုံးသပ်ချက်များသာ ဖြစ်ပါသည်။

myjusticemyanmar.org
ibj.org

© British Council 2018, © Bridges to Justice 2018, Cover artwork copyright by © Barbara Morrison

Suggested Citation: Stevens, J. (2018), Myanmar Criminal Defense Practice Manual, Taunggyi, Myanmar, International Bridges to Justice

**စာရေးသူ -**
Mr. Jake Stevens သည် မြန်မာနိုင်ငံရှိ IBJ တွင် Country Training Director အဖြစ် ဆောင်ရွက်လျက်ရှိ ပါသည်။ သူသည် အမေရိကန်ပြည်ထောင်စုတွင် ဥပဒေ အထောက်အကူပြု ရှေ့နေတစ်ဦးအဖြစ် နှစ်ပေါင်း ၂၈ နှစ်ခန့် လုပ်ကိုင်ခဲ့ပြီး ဥပဒေလက်တွေ့ကျင့်သုံးဆောင်ရွက်မှုဆိုင်ရာ ပါမောက္ခ (clinical law professor ) တစ်ဦးအဖြစ်လည်း ဆောင်ရွက်ခဲ့ပါသည်။ သူသည် မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်မှ စတင်ကာ ရှေ့နေများ၊ ဥပဒေဆရာဆရာမများနှင့် သာမက အခြားသော တရားစီရင်ရေးကဏ္ဍတွင် ပါဝင်သူများနှင့် အတူပူးပေါင်းပြီး ယနေ့အထိဆောင်ရွက်လျက်ရှိပါသည်။

**တည်းဖြတ်သူ** -
ဦးလှကိုသည် မြန်မာနိုင်ငံရှိ IBJ တွင် ဥပဒေအကြံပေး ရှေ့နေကြီး အဖြစ် လက်ရှိအချိန်တွင် ဆောင်ရွက်နေပါသည်။ ဆရာကြီးသည် ရာဇဝတ်တရားသူကြီး အဖြစ်လည်းကောင်း၊ တရားမတရားသူကြီးအဖြစ်လည်းကောင်း၊ တရားလွှတ်တော်ရှေ့နေအဖြစ်လည်းကောင်း နှစ်ပေါင်း ၅၀ ခန့်ကြာအောင် ဥပဒေနယ်ပယ်တွင် လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ဥပဒေဆိုင်ရာ စာအုပ်စာတမ်းများကိုလည်း ရေးသားထုတ်ဝေခဲ့ပါသည်။ မန္တလေးရှေ့နေများအသင်းတွင်လည်း ဦးဆောင်ဦးရွက်ပြုကာ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ လက်ရှိတွင်လည်း ပြည်ထောင်စု တရားဥပဒေစိုးမိုးရေးစင်တာနှင့် ဥပဒေဆိုင်ရာ ပေါင်းစပ် ညှိနှိုင်းရေးအဖွဲ့တို့တွင်လည်း အဖွဲ့ဝင်အဖြစ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

ဘာသာပြန်ဆိုသူများ- ဒေါ်ခိုင်ငြိမ်းအေး (ထင်)၊ ဒေါ်ဖြူဖြူလွင်၊ ဒေါ်နန္ဒာမင်းထွန်း၊ ဒေါ်ကြည်သော်တာဆု

ကျေးဇူးတင်လွှာ -
“International Senior Lawyers Project” ၏ ကူညီထောက်ပံ့မှုဖြင့် ၂၀၁၃ မှ ၂၀၁၄ ခုနှစ်အတွင်း သုတေသန ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ပေးခဲ့သည့် ရန်ကုန်တရားမျှတမှုစင်တာမှ အကြီးတန်းရှေ့နေများကို စာရေးသူမှ မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။ ၂၀၁၇ ခုနှစ်၌ အဖိုးမဖြတ်နိုင်သော အကြံပြုချက်များ ပေးအပ်ခဲ့ သော ရှေ့နေများ ဖြစ် သည့် ဦးထွန်းလှိုင်၊ ဦးကျော်ဒွေးလွင်၊ နှင့် ဦးတက်နေထွန်းတို့ကိုလည်းအထူးပင် ကျေးဇူးတင်အပ်ပါသည်။
လက်စွဲ စာအုပ်၏ အပိုင်း (၄) ၌ ဖော်ပြထားသော ကျွမ်းကျင်မှုဆိုင်ရာအပိုင်းများကို IBJ India Legal Aid Practice Manual (IBJ ၏ ဥပဒေဆိုင်ရာအထောက်အကူပေးရေး လက်စွဲစာအုပ်) မှ ကိုးကားထားပါသည်။ အဆိုပါ လက်စွဲစာအုပ်ကို မျှဝေပေးခဲ့ သည့် IBJ အိန္ဒိယ၏ ဒါရိုက်တာဖြစ်သူ Ajay Verma အားလည်း ကျေးဇူး တင်အပ်ပါသည်။ ဤစာအုပ်၌ အမှားအယွင်း တစုံတရာ ပါရှိခဲ့သည် ရှိသော် စာရေးသူ၏ ပေါ့ဆမှုကြောင့်သာ ဖြစ်ပါသည်။

အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော လက်စွဲ

https://www.ibj.org/where-we-work/myanmar/MyanmarDefenderManual.PDF

မြန်မာဘာသာဖြင့် ထုတ်ဝေသော လက်စွဲ

https://www.ibj.org/where-we-work/myanmar/MyanmarDefenderManual_bur.PDF

## မိမိတို့၏လုပ်ငန်းဆောင်တာများ

မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးစနစ် တိုးတက်လာစေရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရန် ဥရောပသမဂ္ဂမှ ငွေကြေးကူညီထောက်ပံ့မှုများ ပေးထားပါသည်။ ထိုစီမံကိန်းကို MyJustice ၏ ကွန်ယက်မှ တဆင့် British Council က အကောင်ထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ဤလက်စွဲစာအုပ်ကို ရေးသား ထုတ်ဝေနိုင်ရန် International Bridges to Justice (IBJ) နှင့် MyJustice တို့မှလည်း သဘောတူစာချုပ် ချုပ်ဆိုခဲ့ပါသည်။ မိမိတို့၏ လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင်အထက်ဖော်ပြပါ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်လျက် ရှိပါသည်။

### INTERNATIONAL BRIDGES TO JUSTICE

မိမိတို့၏အဖွဲ့အစည်း (International Bridges to Justice) ၏ မျှော်မှန်းချက်မှာ - "အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းပါ အခြေခံစည်းမျဉ်းများနှင့်အညီ ဖွံ့ဖြိုးဆဲ နိုင်ငံများရှိ နိုင်ငံသားများ၏ ဥပဒေဆိုင်ရာ အခြေခံရပိုင်ခွင့်များကို ကာကွယ်ပေးနိုင်ရန် ဖြစ်သည်။ အထူးအားဖြင့် ဥပဒေဆိုင်ရာ ကိုယ်စားပြုရပ်တည်ပေးခြင်း

နှင့်သက်ဆိုင်သည့် အခွင့်အရေးများ၊ ရက်စက်ပြီး ပုံမှန်မဟုတ်သည့် အပြစ်ဒဏ်များ ချမှတ်ခံရခြင်း၊ ဥပဒေမဲ့သော
ဖမ်းဆီးချုပ်နှောင်ခြင်းများမှ အကာအကွယ်ရပိုင်ခွင့်များ နှင့် မျှတသော တရားစီရင်မှုဆိုင်ရာ အခွင့်အရေးများကို ပြည်သူပြည်သားများအားလုံး ရရှိနိုင်စေရန် မိမိတို့က တဖက်တလမ်းမှ ကူညီလုပ်ဆောင်ပေးပါသည်။

၂၀၀၀ ခုနှစ်က စတင်တည်ထောင်ခဲ့သည့် International Bridges to Justice (IBJ) သည် ကမ္ဘာအနှံ့၌ တရားဥပဒေစိုးမိုး ရေး ပိုမိုခိုင်မာစေရန်နှင့် ၂၁ ရာစုတွင် ညှင်းပန်းနှိပ်စက်မှုများ အဆုံးသတ်စေရန် တရားမျှတမှု အတွက် လုပ်ဆောင်နေသူများ ၏ ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှုတရပ် တည်ဆောက်နိုင်ရန် ဆောင်ရွက်လျှက်ရှိပါသည်။ လူသားတိုင်း၏ အခွင့်အရေးများကို လေးစားတန်ဖိုးထားသည့် ပြစ်မှုဆိုင်ရာတရားစီရင်ရေးစနစ်ကိုသိသာထင်ရှားစွာ ပြုပြင်ပြောင်းလဲမှုများ ရရှိစေရန်အတွက် IBJသည် နိုင်ငံတော် အဖွဲ့အစည်းများ အရပ်ဘက်ဆိုင်ရာလူ့အဖွဲ့အစည်းများ၊ လူမှုအခြေပြုအဖွဲ့အစည်းများနှင့် အကောင်းဆုံးပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ပြစ်မှုဆိုင်ရာ အမှုများတွင် တရားခံများအပေါ် ညှင်းပန်း နှိပ်စက်ခံရမှုများအား လျှော့ချနိုင်စေရန် အတွက် ပြစ်မှု၏ အစောပိုင်းအဆင့်များတွင် ဥပဒေဆိုင်ရာအကြံပေးမှုများ ရရှိနိုင်စေရန် IBJ မှ လုပ်ဆောင်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ ပြစ်မှုဆိုင်ရာတရားရေးစနစ်တွင် ပါဝင်လုပ်ဆောင်နေသူများအား ကူညီအားဖြည့်ပေးရန်နှင့် လိုအပ်သည့် ကူညီ ထောက်ပံ့မှုများပေးနိုင်ရန် IBJ ၏ အဓိကလုပ်ငန်းအဖြစ် ဆောင်ရွက်လျက် ရှိပါသည်။ IBJ သည် US ၅၀၁ (၈) (၃) အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ဘူရွန်ဒီ၊ ကမ္ဘောဒီးယား၊ တရုတ်၊ ကန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ ၊ အိန္ဒိယ၊ မြန်မာ၊ ရဝမ်ဒါ၊ စင်ကာပူ၊ သီရိလင်္ကာ၊ နှင့် ဇင်ဘာဘွေ နိုင်ငံတို့တွင်လည်း ဖော်ပြပါ လုပ်ငန်းဆောင်တာ များကိုဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာအနှံ့အပြားရှိ ပြစ်မှုဆိုင်ရာ တရားရေးစနစ်တွင် စံနူန်း တစ်ခုဖြစ်သည့် "တရားမျှတမှုအတွက် ဆောင်ရွက်ပေး နေသူများ" အစီအစဉ်ကိုလည်း မြှင့်တင်နိုင်ရန် IBJ မှ ဆောင်ရွက်လျက် ရှိပါသည်။ နိုင်ငံပေါင်း ၄၁ နိုင်ငံရှိ "တရားမျှတမှုအတွက် ဆောင်ရွက်ပေးနေသူများ" အစီအစဉ်၌ ပါဝင် လုပ်ဆောင်ပေးနေသူများကိုလည်း IBJ မှ ထောက်ပံ့ပေးလျက်ရှိပါသည်။ နိုင်ငံတကာရှိ ပြစ်မှုဆိုင်ရာခုခံချေပရေး
အသိပညာများနှင့် သင်တန်းများကို လည်း "DefenseWiki" ဟူသည့် အင်တာနက်ဝက်ဆိုဒ်မှတဆင့်လည်း ပို့ချပေးလျက် ရှိပါသည်။ အဆိုပါ "DefenseWiki" ဝက်ဆိုဒ်၌ နိုင်ငံပေါင်း ၈၇ နိုင်ငံမှ ပြစ်မှုဆိုင်ရာ တရားစီရင်ရေး စနစ်များဆိုင်ရာ သတင်းအချက် အလက်များကို ထည့်သွင်းထားပါသည်။

## မိမိတို့၏ ရည်မှန်းချက်

မိမိတို့၏ ရည်မှန်းချက်မှာ အမျိုးသားတိုင်း၊ အမျိုးသမီးတိုင်း၊ နှင့် ကလေးတိုင်းတို့သည် ၄င်းတို့၏ ဥပဒေဆိုင်ရာ ကိုယ်စားပြုရပ်တည်ပေးခြင်းနှင့်ဆိုင်သည့် အခွင့်အရေးများ၊ ရက်စက်ပြီး ပုံမှန်မဟုတ်သည့် အပြစ်ဒဏ်များချမှတ်

ခံရခြင်းမှအကာအကွယ်ရပိုင်ခွင့်များ၊ နှင့် မျှတသော တရားစီရင်မှု ဆိုင်ရာအခွင့်အရေးများ ရရှိစေရန် ည်ရွယ်ပါ သည်။ ကမ္ဘာပေါ်ရှိနိုင်ငံသားတိုင်းတို့သည် သူ၊သူမတို့၏ ဥပဒေဆိုင်ရာအခွင့်အရေးများကိုသိရှိပြီး ထိုအရာများ အတိုင်း လိုက်နာကျင့်သုံးနိုင် စေရန်၊ နှင့် နိုင်ငံတကာရှိ လူ့အခွင့်အရေးစံချိန်စံညွှန်းများ၊ သက်ဆိုင်ရာပြည်တွင်း ဥပဒေများကိုလေးစားတန်ဖိုးထားပြီး မိမိတို့ နေ့စဉ်နေထိုင်ရာဘဝတွင် တရားမျှတမှုရှိစွာ နေထိုင်နိုင် ရေးအတွက် လုပ်ဆောင်ပေးရန် ဖြစ်သည်။

## မိမိတို့၏ လုပ်ဆောင်ပုံများ

ကျွန်ုပ်တို့ **IBJ** ၏ ရည်မှန်းချက်ပန်းတိုင်များကို ပြည့်မီနိုင်ရန်အတွက် မိမိတို့သည် တရားခံရှေ့နေများ၊ နိုင်ငံတော် အဖွဲ့အစည်းများ၊ ဥပဒေဆိုင်ရာ အထောက်အကူပေးသည့် အဖွဲ့အစည်းများ ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ ၊ နှင့် အခြားစိတ်ပါဝင်စားသူများ အားလုံးတို့နှင့်အတူ ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ပြည့်စုံ သော ပြစ်မှုဆိုင်ရာ တရားရေးစနစ်ပြောင်းလဲမှု တစ်ခုဖြစ်စေရန်အတွက် အဓိကမဏ္ဍိုင် ၃ ရပ်ကို ထားရှိပြီး ဆောင်ရွက် လျက်ရှိပါသည်။ ၄င်းတို့မှာ -

- တရားခံရှေ့နေများ၏ စွမ်းဆောင်ရည်များ တိုးမြှင့်အောင် တည်ဆောက်ပေးခြင်း - ပြစ်မှုဆိုင်ရာတရား စီရင်ရေးစနစ်တွင် အဓိက ပါဝင်ဆောင်ရွက်နေသူများဖြစ်ကြသော တရားခံရှေ့နေများနှင့် ဥပဒေဆိုင်ရာ အထောက်အကူပေးနေသည့် ရှေ့နေများအတွက် စွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းများ ပေးခြင်း၊ အခြားလိုအပ်မည့် အထောက်အကူပြုပစ္စည်းများ၊ အရင်းအမြစ်များပါရှိသည့် စင်တာများ ပြုလုပ် ပေးခြင်း နိုင်ငံတကာအသိုက်အဝန်းများနှင့် ချိတ်ဆက်ပေးခြင်းနှင့် နည်းပညာဆိုင်ရာ ကူညီ ထောက်ပံ့မှု များကို လုပ်ဆောင်ပေးလျက်ရှိပါသည်။
- အစိုးရအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ရေးနှင့် ပတ်သက်ပြီး ဆောင်ရွက်ပေးခြင်း - ဤကဏ္ဍ တွင် တရားဥပဒေစိုးမိုးရေး ရရှိအောင် အကောင်အထည်ဖော်ရာတွင် တရားမျှတမှု နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ IBJ မြန်မာသည် တရားခံရှေ့နေများ ၊ ဥပဒေအရာရှိများ၊ တရားသူကြီးများ၊ ရဲများ၊ အကျဉ်းဦးစီးအရာရှိများ၊ ဒေသဆိုင်ရာ အစိုးရအဖွဲ့များ ၊ အစိုးရကိုယ်စားလှယ်များနှင့် ဥပဒေပညာရှင်များ အားလုံးတို့နှင့် ပူးပေါင်းဆောင်ရွက်ကာ ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်နှင့် သက်ဆိုင်သည့် မျက်နှာစုံညီ ဆွေးနွေးပွဲများကို ကျင်းပလျက်ရှိပါသည်။ ထိုသို့ လုပ်ဆောင်ခြင်းဖြင့် အပြန်အလှန်လေးစားမှုများကို တည်ဆောက်လာနိုင်စေပြီး ရေရှည်စီမံချက်ဆိုင်ရာ ပြစ်မှုဆိုင်ရာတရားရေးစနစ်ပြန်လည် ဖွဲ့စည်းရာတွင်လည်း အတူပူးပေါင်း ဆောင်ရွက် နိုင်ပါ သည်။
- အများပြည်သူတို့၏ ဥပဒေဆိုင်ရာ အခွင့်အရေးများနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များနှင့် အသိပညာများမသိရှိခြင်းတို့ကြောင့် အခွင့်အရေး အလွဲသုံးစားပြုမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ ထို့ကြောင့် IBJ မြန်မာ အနေဖြင့် အများပြည်သူတို့၏ အခွင့်အရေးများနှင့် သက်ဆိုင်သည့် ဆွေး ေ နွ း လှုံ့ဆော်သည့် ကမ်ပိန်း (Campaigns) များပြုလုပ်ပြီး ပိုစတာများ၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း ၊ မော်တော်ယာဉ်ဆိုင်ရာ၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းဆိုင်ရာဥပဒေ အသိပညာပေးဆောင်ရွက်မှုများ မှတဆင့် ဥပဒေဆိုင်ရာ အခွင့် အရေးများအကြောင်း သိရှိစေရန် ပါဝင်လုပ်ဆောင်ပေးလျက်ရှိပါသည်။

# မာတိကာ


**လက်စွဲစာအုပ် အသုံးပြုပုံ အညွှန်း ..... 12**

**အတိုကောက်စာလုံးများ ..... 13**

**နိဒါန်း ..... 14**

**အပိုင်း (၁) - အခြေခံပြဿနာများ ..... 16**

- အမှုသည်များအား ဆွေးနွေးတင်ပြပေးခြင်း ..... 16
- အမှုသည်ဗဟိုပြု ရှေ့နေလိုက်ပါ ဆောင်ရွက်ပေးခြင်း ..... 17
- ဖြောင့်ချက်ပေးလိုသော (သို့) အပြစ်ရှိကြောင်းဝန်ခံလိုသော အမှုသည်များနှင့် ဆက်ဆံခြင်း ..... 20
  - အပြစ်ရှိကြောင်းဝန်ခံခြင်း၏ အင်္ဂါရပ်များ ..... 23
  - အပြစ်ရှိကြောင်းဝန်ခံပြီးနောက် အပြစ်ဒဏ်ချမှတ်ခြင်း ..... 24
- အမှုသည်အား နှုတ်ဆိတ်စွာနေနိုင်ရန် ကူညီပေးခြင်း ..... 25

**တရားခံ၏ အခွင့်အရေးများ ..... 27**

- ကာကွယ်ခုခံပိုင်ခွင့် ..... 27
- အပြစ်ကင်းစင်ကြောင်းမှတ်ယူခြင်း/သက်သေပြရန်တာဝန် ..... 27
- ညှဉ်းပန်းနှိပ်စက်ခံရမှုမှ အကာအကွယ်ရပိုင်ခွင့် ..... 31
- နှုတ်ဆိတ်စွာနေပိုင်ခွင့် ..... 32
- ရှေ့နေဖြင့် ခုခံချေပခွင့် ..... 33
- လွတ်လပ်ပြီး တရားမျှတသော ဥပဒေဆိုင်ရာ အဆုံးအဖြတ်ကို ခံယူရရှိပိုင်ခွင့် ..... 35
- ဥပဒေ၏ အကာအကွယ်ကို တန်းတူရယူပိုင်ခွင့် ..... 36
- တစ်ကြော့ပြန်စစ်ဆေးခံရခြင်းမှ ခုခံပိုင်ခွင့် ..... 37
- နောင်းကာလမှ ဖြစ်ပွားခဲ့သည့် အကြောင်းအရာများအပေါ် အခြေခံ၍ တရားစွဲဆိုခြင်းများကို ငြင်းဆန်ပိုင်ခွင့် ..... 38
- စွဲချက်များအား သိရှိပိုင်ခွင့် ..... 38
- အာမခံလျှောက်ထားပိုင်ခွင့် ..... 39
- စကားပြန်အကူအညီရယူခွင့် ..... 40
- တရားမဝင် ဖမ်းဆီးရှာဖွေခံရခြင်းများမှ ကင်းလွတ်ပိုင်ခွင့် ..... 42
- ရဲ၏ တရားမဝင်ဖမ်းဆီးချုပ်နှောင်ခြင်းများမှ ကင်းလွတ်ပိုင်ခွင့် ..... 42

**တရားခံရှေ့နေ၏ အခွင့်အရေးများနှင့် တာဝန်များ ..... 44**

- အရည်အချင်း သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ရှေ့နေအဖြစ် လိုက်ပါ ဆောင်ရွက်ပိုင်ခွင့် ..... 44
- တရားရုံးတော်၌ ကိုယ်စားပြုရပ်တည်ပေးပိုင်ခွင့် ..... 44
- စိတ်အားထက်သန်မှုရှိသည့် ရှေ့နေတစ်ဦးဖြစ်ရန် တာဝန် ..... 45
- ကိုယ်စားပြု လိုက်ပါဆောင်ရွက်ပေးရာတွင် ဖြစ်ပေါ်လာနိုင်မည့် အငြင်းပွားမှု ပဋိပက္ခများကို ရှောင်ရှားခြင်း ..... 45
- အမှုသည်၏အချက်အလက်များကို လျှို့ဝှက်စွာ ထိန်းသိမ်းရမည့်တာဝန် ..... 46
- လိုအပ်သည့်စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်ရခြင်း ..... 46
- တရားရုံးတော်သို့ အပြောအဆို အမူအရာပွင့်လင်းစွာ ပြောဆိုပိုင်ခွင့် ..... 47
- ကျင့်ဝတ်အတိုင်းလိုက်နာဆောင်ရွက်ရန် တာဝန်ရှိခြင်း ..... 48

လွတ်လပ်စွာနေပိုင်ခွင့် ........................................................................................ 48
ချုပ်နှောင်ခံထားရသည့်အမှုသည်များနှင့် တွေ့ဆုံပိုင်ခွင့် ..................................................... 49

**ဥပဒေကို အသုံးပြုခြင်း...............................................................................50**
ယနေ့ထိအောင် အသုံးပြုနိုင်သည့် ယခင်စီရင်ထုံးဟောင်းများ......................................... 53

**အမှုအမျိုးအစားများနှင့် တရားစီရင်ပိုင်ခွင့်အာဏာများ ......................................59**
တရားရုံးစနစ် ........................................................................................................ 59
ရဲအရေးယူပိုင်ခွင့်ရှိသော အမှုများ နှင့် ရဲအရေးယူပိုင်ခွင့်မရှိသောအမှုများ ........................ 59
သမ္မန်မှုများနှင့် ဝရမ်းမှုများ.................................................................................... 61
အာမခံ ပေးနိုင်သောအမှုများနှင့် အာမခံ မပေးနိုင်သောအမှုများ ......................................... 62
တရားသူကြီးများနှင့် ရာဇဝတ်တရားသူကြီးများ၏ စီရင်ပိုင်ခွင့်အာဏာ .............................. 63

**ပြစ်မှုဆိုင်ရာတရားစီရင်ရေးရှိ အခြားသောပါဝင်လုပ်ဆောင်သူများ...............................65**
တရားသူကြီးများ ................................................................................................... 65
ဥပဒေအရာရှိများ .................................................................................................. 68
ဥပဒေအရာရှိများသည် စွဲချက်များကို ပယ်နိုင်ခြင်း သို့မဟုတ် လျှော့ချနိုင်ခြင်း ................... 68
တရားစွဲဆိုရန် လိုအပ်သည့် စံချိန်စံညွှန်းများ................................................................ 69
စာရေးများ ............................................................................................................ 71
ရဲ ....................................................................................................................... 72
ရဲများ၏ ညှင်းပန်းနှိပ်စက်မှုများအား တိုင်ကြားခြင်း....................................................... 73
ရဲများ၏ မတရားချုပ်နှောင်မှုအတွက် တရားမမှုများ ....................................................... 74
အကျင့်ပျက်ခြစားခြင်း ............................................................................................ 74

**ရှေ့နေများ - စည်းကမ်းဥပဒေနှင့် တရားစွဲဆိုခြင်း .....................................................76**
တရားရုံးအားမထီမဲ့မြင်ပြုခြင်း - ............................................................................ 77

**အပိုင်း ၂ - အမှုလိုက်ပါဆောင်ရွက်ခြင်း..................................................................81**

**ရှေ့နေနှင့် ဆောလျင်စွာ ချိတ်ဆက်နိုင်ခြင်း၊ .............................................................81**
အချုပ်တွင်ရှိသော စွပ်စွဲခံရသူအား ရှေ့နေမှ ဆက်သွယ်ပိုင်ခွင့် ........................................ 83
ရှေ့နေကိုယ်စားလှယ်လွှဲစာကို တရားဝင်လက်မှတ်ရေးထိုးခြင်း........................................ 85
စကားပြန်များအား အသုံးပြုခြင်း.............................................................................. 87
ရှေ့နေအကူများမှ တရားခံအား ဆက်သွယ်ပိုင်ခွင့် ......................................................... 87
အမှုသည်နှင့် ဆက်သွယ်ခွင့်ကို ငြင်းဆန်ခံရသည့်အခါ ကုစားရန်နည်းလမ်းများ...................... 88

**မြန်ဆန်သော တရားခွင်စစ်ဆေးစီရင်ခြင်း ...............................................................90**

**အာမခံ...................................................................................................................98**
အာမခံပေးနိုင်သောအမှုများနှင့် အာမခံမပေးနိုင်သောအမှုများ .......................................... 98
လုပ်ထုံးလုပ်နည်း.................................................................................................... 99
အာမခံ ပုံစံ ...........................................................................................................100
အာမခံပေးခြင်းကို ပြန်လည်သုံးသပ်ခြင်းနှင့် အယူခံခွင့်ဆိုင်ရာအခွင့်အရေးများ .....................101
အာမခံ ရုပ်သိမ်းခြင်း ..............................................................................................101
အာမခံလျှောက်လွှာချက် ရေးသားပုံ ...........................................................................103

**မြန်မာနိုင်ငံရှိ ပြစ်မှုတစ်ခု၏လမ်းကြောင်း ............ 105**

**စုံစမ်းထောက်လှမ်းသည့်အဆင့် ............ 105**

**တရားခံရှေ့နေ၏ အခန်းကဏ္ဍ ............ 105**

ရဲအချုပ်ခန်းများ၌ ပြုလုပ်လေ့ရှိသည့် ညှဉ်းဆဲနှိပ်စက်ခြင်းများကို တွန်းလှန်ခြင်း ............ 105

**စုံစမ်းထောက်လှမ်းနေစဉ်အတွင်း ဥပဒေအရာရှိများ၏ အခန်းကဏ္ဍ ............ 106**

**တိုင်တန်းလွှာများဖြင့် စတင်ခြင်း ............ 107**

**ရဲမှ စုံစမ်းထောက်လှမ်းခြင်း ............ 108**

**ဖမ်းဆီးခြင်း ............ 110**

**ပထမ ၂၄ နာရီ ချုပ်နှောင်ခြင်း ............ 111**

**တရားသူကြီးရှေ့မှောက်၌ ဖြောင့်ချက်ပေးခြင်း ............ 112**

**ရမန်ကြားနာခြင်းများ ............ 112**

**စုံစမ်းထောက်လှမ်းသည့်ကာလ ပြီးဆုံးသွားခြင်း ............ 114**

**စုံစမ်းစစ်ဆေးခြင်းနှင့် တရားလိုဘက်မှ အဓိကစစ်မေးခြင်း ............ 115**

**သမ္မန်မှုများ နှင့် ဝရမ်းမှုများ ............ 116**

**အမှုမှ ပလပ်ရန်၊ ကျေအေးရန် သို့မဟုတ် ရုပ်သိမ်းရန် အရေးဆိုတင်ပြပေးခြင်း ............ 116**

**စုံစမ်းစစ်ဆေးခြင်းနှင့် စစ်ဆေးစီရင်ခြင်းတို့ရှိ တရားသူကြီး၏ အခန်းကဏ္ဍ ............ 118**

စွပ်စွဲခံရသူတရားခံအား တရားခွင်အတွင်း၌ လေးစားစွာ ဆက်ဆံခြင်း ............ 120

**၁။ ပထမကြားနာခြင်း ............ 120**

**၂။ တရားလိုဘက်မှ သက်သေများ တင်ပြခြင်း ............ 122**

**စွဲချက်တင်ခြင်း ............ 124**

**တရားခံဆုံးဖြတ်ရမည့်အချက် - ဝန်ခံခြင်း သို့မဟုတ် တရားရင်ဆိုင်ခြင်း ............ 127**

တရားခံမှ ဝန်ခံခြင်း ............ 128

ဝန်ခံချက်ပေးရမည့်အချိန် ............ 128

အပြစ်ရှိကြောင်းဝန်ခံခြင်း၏ အင်္ဂါရပ်များ ............ 129

အပြစ်ရှိကြောင်းဝန်ခံပြီးနောက် အပြစ်ဒဏ်ချမှတ်ခြင်း ............ 130

**စွဲချက်တင်ပြီးနောက် တရားလိုဘက်အမှုကို ဆက်လက်ဆောင်ရွက်ခြင်း ............ 131**

**တရားခံအား အဓိက စစ်မေးခြင်း ............ 133**

**တရားခံအမှု၏ အစိတ်အပိုင်းများ ............ 133**

**သက်သေ၏ သက်သေထွက်ဆိုချက် ............ 137**

နှုတ်ဆိတ်စွာနေပိုင်ခွင့် ............ 137

တရားခံ၏ ထွက်ဆိုချက်များရယူနိုင်မည့် နည်းလမ်းများ ............ 139

တရားခံအတွက် ပြင်ဆင်ပေးခြင်းများ ............ 140

တရားခံအပေါ် အထူးသက်သေပြရန်တာဝန်များ ............ 141

**အပြီးသတ်ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ်ခြင်း ............ 142**

**တရားခံဘက်မှ လျှောက်လဲချက်များ ............ 143**

**ဥပဒေနှင့်အညီ စီရင်ချက်တစ်ရပ် ချမှတ်နိုင်ရန် လိုအပ်ချက်များ ............ 144**

**ပြစ်ဒဏ်ချမှတ်ခြင်းနှင့်ဆိုင်သည့် နောက်ဆက်တွဲအချက်အလက်များ ............ 145**

**ရာဇဝတ်တရားသူကြီးများနှင့် တရားသူကြီးများ၏ စီရင်ပိုင်ခွင့် ............ 146**

**ပြစ်ဒဏ်များ ............ 146**

ထောင်ဒဏ်မဟုတ်သည့် အခြားရွေးချယ်စရာများ ....................................................149
မူလအခြေအနေအတိုင်း ပြန်လည်ထားရှိခြင်း....................................................150
လူငယ်လူရွယ်များ ....................................................151
ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့် ....................................................151
လွတ်ငြိမ်းချမ်းသာခွင့် ....................................................151

**သက်သာခွင့်များ - ပြင်ဆင်မှုများ၊ အယူခံမှုများနှင့် စာချွန်တော်များ........................153**
ကိစ္စပြဿနာများကို ထိန်းထားနိုင်ရန် ကန့်ကွက်ချက်များ ပြုလုပ်ခြင်း..........................153
**အယူခံမှုများ ....................................................155**
**စာချွန်တော်များ....................................................157**

**တရားခံအား ဆန့်ကျင်သည့် သက်သေခံချက် ....................................................159**
**တရားလိုဘက်မှ တင်ပြထားသော သက်သေခံချက်များကို ရယူခြင်း ............................160**
စုံစမ်းထောက်လှမ်းစဉ်ကာလအတွင်းရှိ ရဲမှတ်တမ်းများ ....................................161
ရဲအမှုတွဲသည်သည် တရားစွဲဆိုသည့်အမှုတွဲ ဖြစ်ခြင်း ....................................162
တရားရုံးအမှုတွဲပါ ပထမသတင်းပေးတိုင်တန်းချက်နှင့် သက်သေစာရင်း.........................163
စာရေးများက ဖန်တီးတတ်သော ပြဿနာများ ....................................164
**သက်သေခံချက်များ တင်သွင်းရာတွင် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်း .......................166**
**ဥပဒေအရာရှိ၏ "သက်သေခံဝင်သော သက်သေခံချက်များ" ပြသရန် တာဝန် .....................168**
**ရှေ့နေများက သက်သေခံမဝင်သော သက်သေခံချက်များကို အမှု၏အဆင့်တိုင်း တွင်ချေဖျက်ခြင်း ....................................................169**
**အမှုအတွင်း (စုံစမ်းစစ်ဆေးနေစဉ်ကာလ နှင့် စစ်ဆေးစီရင်နေစဉ်ကာလ) ကန့်ကွက်ချက်များ ပြုလုပ်ခြင်း....................................................172**
**တရားလိုသက်သေ အမျိုးအစားများ....................................................176**
ထွက်ဆိုချက် သက်သေ....................................................176
ရဲစစ်ချက် မှတ်တမ်း ....................................................177
ကျွမ်းကျင်သူပညာရှင်၏ ထွက်ဆိုချက်....................................................180
စာတမ်းအမှတ်အသား သက်သေခံချက် ....................................................183
စာရိတ္တ သက်သေခံချက် ....................................................183
ပစ္စည်းသက်သေ ....................................................184
မည်သူမည်ဝါ မည်သည့်အရာ ဖြစ်သည်ဟူသော သက်သေ အထောက်အထား.................189
ဖြောင့်ချက် ....................................................191
**ရဲများအား တရားစွဲဆိုခြင်း ....................................................205**

**အပိုင်း ၃- သီးခြားအုပ်စုများ ....................................................206**

**ကလေးသူငယ် အမှုသည်များ....................................................207**
**စီရင်ပိုင်ခွင့်အာဏာနှင့် ရာဇဝတ်မှုဆိုင်ရာ တာဝန်ယူမှုများအတွက် အသက်အရွယ်အပိုင်းအခြား210**
**အရွယ်ရောက်ပြီးသူများအတွက် သတ်မှတ်ထားသော တရားရုံးမှ ပြောင်းရွှေ့ စစ်ဆေးခြင်း ......211**
**တရားရုံးတွင် ကြားနာစစ်ဆေးစီရင်ခြင်းမပြုမီ ဆောင်ရွက်ရသည့် လုပ်ထုံး လုပ်နည်းများ .........212**
**အမှုအား စစ်ဆေးစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း..........................................214**
**ပြစ်ဒဏ်ချမှတ်ခြင်း ....................................................214**
**အယူခံဝင်ခြင်း....................................................216**

လူငယ်များ....................................................................................................216
နှောင့်နှေးကြန့်ကြာမှုမရှိဘဲ မြန်ဆန်စွာ တရားစစ်ဆေးစီရင်ခြင်း ........................................216
အသက်အရွယ်ကို စစ်ဆေးအကဲဖြတ်ခြင်း...............................................................217

**စွပ်စွဲခံရသူအမျိုးသမီးများ ...................................................................219**

**လိင်တူချစ်သူ အမှုသည်များ...................................................................226**

**စိတ်မကျန်းမာသော အမှုသည်များ.............................................................230**
ရုံးရှေ့တွင် ရပ်တည်နိုင်စွမ်းမရှိခြင်း...........................................................................236
စိတ်ဖောက်ပြန်ခြင်း သို့မဟုတ် "စိတ်ပေါ့သွပ်ခြင်း"ကို ဥပဒေဆိုင်ရာ ခုခံချေပမှု အဖြစ် အသုံးပြုခြင်း
....................................................................................................................236

**မူးယစ်ဆေးဝါးနှင့် သက်ဆိုင်သော ပြစ်မှုများနှင့် မူးယစ်ဆေးဝါး အသုံးပြုသူများ.............243**

**အပိုင်း ၄ - ကျွမ်းကျင်မှုများ.........................................................................253**

**ကျွမ်းကျင်မှုများ - အမှုသည်နှင့် တွေ့ဆုံဆွေးနွေးခြင်း...............................................253**
အမှုသည်နှင့် ကနဦးတွေ့ဆုံဆွေးနွေးရာတွင်ရယူရမည့် သတင်းအချက်အလက် ...................255
အမှုသည်နှင့် တွေ့ဆုံဆွေးနွေးရာတွင် မေးမြန်းရမည့်အချက်များ .....................................255

**ကျွမ်းကျင်မှုများ - သက်သေခံချက်များ စုဆောင်းသိမ်းဆည်းနိုင်ရန် စုံစမ်းထောက်လှမ်းခြင်း**
**.................................................................................................................260**

**ကျွမ်းကျင်မှုများ - သက်သေများအား တွေ့ဆုံမေးမြန်းခြင်း.........................................267**

**ကျွမ်းကျင်မှုများ  - ခုခံရေးလမ်းကြောင်း ..........................................................275**

**ကျွမ်းကျင်မှုများ - တိကျသည့် ခုခံရေးလမ်းကြောင်းများကို တည်ဆောက်ခြင်း...............281**

**ကျွမ်းကျင်မှုများ - တရားရုံးတော်တွင်  သက်သေများအား မေးခွန်း  မေးမြန်းခြင်း ...........287**
တရားလိုဘက်မှ သင့်အမှုသည်အား မေးမြန်းလာမည့် မေးခွန်းများအတွက် ပြင်ဆင်ခြင်း .........291
တရားခွင်စစ်ဆေးစီရင်နေစဉ်အတွင်း တရားခံပြသက်သေအား မေးခွန်းများ မေးခြင်း ..............292
အဓိကစစ်မေးခြင်းနှင့် ပြန်လှန်စစ်မေးခြင်းများ ......................................................293

**ကျွမ်းကျင်မှုများ - တရားခံ၏ သက်သေခံချက်များကို တင်ပြခြင်း ...............................297**

**ကျွမ်းကျင်မှုများ - လျှောက်လဲချက်များ ပေးခြင်း ....................................................302**

**အပိုင်း ၅ - နောက်ဆက်တွဲများ.....................................................................306**
နောက်ဆက်တွဲ (၁) - ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အကာအကွယ် ပေးမှုများ .........306
နောက်ဆက်တွဲ - ၂ လုံခြုံစွာထိန်းသိမ်း လျှို့ဝှက်ထားရခြင်းဆိုင်ရာ သဘောတူညီချက်...........309
နောက်ဆက်တွဲ ၃ - IBJ ရုံးသုံး ပုံစံဖောင်များ ..........................................................311

အင်္ဂလိပ်-မြန်မာ နှစ်ဘာသာသုံး မာတိကာအညွှန်းများကို ဤစာအုပ်နောက်ဆုံးတွင် ဖော်ပြထားပါသည်။ အဆိုပါ မာတိကာဇယားသည် အင်္ဂလိပ်ဘာသာစကားအသုံးပြုသူများနှင့် မြန်မာဘာသာစကားအသုံးပြုသူများ အတွက် လက်စွဲစာအုပ်ကို အသုံးပြုကြရာတွင် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာလုံးဖြင့် တိုက်ဆိုင် အသုံးပြုလိုသူ များအတွက် ရည်ရွယ်ထား ပါသည်။ စာမျက်နှာ ၃၃၃ တွင် ကြည့်ရှု ပါ။

# လက်စွဲစာအုပ် အသုံးပြုပုံ အညွှန်း

မြန်မာ့တရားရုံးများ၌ ပြစ်မှုများဖြင့် တရားစွဲဆိုခံထားရသည့် တရားခံများအတွက် ကိုယ်စားပြုရပ်တည်ပေးမည့် ရှေ့နေများ အသုံးပြုနိုင်ရန် ဤလက်စွဲစာအုပ်ကို စီစဉ်ထုတ်ဝေလိုက်ပါသည်။ ရှေ့နေများသည် မိမိတို့အတွက် အရေးအပါဆုံးဖြစ်မည့် ခေါင်းစဉ်များကို ရှာဖွေလိုပါက မာတိကာဇယားကို အသုံးပြု၍ ရှာဖွေပေးရပါမည်။ ကိုးကားချက်များကို ရေးသားရာတွင် ၎င်းတို့၏ သက်ဆိုင်ရာ ပုဒ်မများကိုပါ ထည့်သွင်း၍ ရေးသားထားပါသည် (အမှု၏လမ်းကြောင်းမှသည် အထူးကျွမ်းကျင်မှု များဆိုင်ရာ အပိုင်းများသို့လည်းကောင်း၊ သို့မဟုတ် တရားခံ၏ ရပိုင်ခွင့်ဆိုင်ရာ အပိုင်းများသို့ လည်းကောင်း ရေးသားဖော်ပြ ထားပါသည်)။ သို့သော် တချို့သောနေရာများ၌ တကြိမ်ထဲသာဖော်ပြထားသည့်အရာများ ရှိသည့်အတွက်ကြောင့် ဤလက်စွဲစာအုပ်အား လေ့လာရာတွင် အစမှ အဆုံးသို့ လေ့လာပေးပါရန် ရှေ့နေများနှင့် ဥပဒေဝန်ဆောင်မှုပေးသူများအား အကြံပြုလိုပါသည်။ ဤလက်စွဲစာအုပ်သည် ဆွေးနွေးထားသည့် ခေါင်းစဉ်တိုင်းကို ပြည့်စုံစွာ ဖော်ပြနိုင်လိမ့်မည်ဟု မိမိတို့ အနေဖြင့် မမျှော်လင့်သကဲ့သို့ အကြောင်းအရာတိုင်းနှင့်သက်ဆိုင်သည့် ဥပဒေ သို့မဟုတ် အမှုတိုင်းကို ကိုးကားထားသည် ဟုလည်း မမျှော်လင့်ပါ။ သို့သော် နောင်တွင် စဉ်းစားသုံးသပ်၍ သုတေသနများ ပြုလုပ်နိုင်ရန်အတွက် ဤလက်စွဲစာအုပ်သည် အခြေခံအုတ်မြစ်တခု အနေဖြင့် ပံ့ပိုးပေးနိုင်မည်ဟု မျှော်လင့်ပါသည်။

လက်စွဲစာအုပ်ကို အပိုင်း (၅) ပိုင်းခွဲ၍ ရေးသားထားပါသည်။ အပိုင်း (၁) ၌ ကိုယ်စားပြုရပ်တည်ပေးခြင်းဆိုင်ရာ အခြေခံ အချက်များကို တင်ပြထားပါသည်။ အပိုင်း (၂) ၌ အမှုတွဲ လိုက်ပါဆောင်ရွက်ရာတွင် ဆောလျင်စွာ ကိုယ်စားပြု ရပ်တည်ပေးရန် လိုအပ်ကြောင်းနှင့် အာမခံလျှောက်ထားခြင်းဆိုင်ရာ ကိစ္စရပ်များ၊ စုံစမ်းထောက်လှမ်းသည့်အဆင့်မှ အယူခံတင်သွင်းခြင်းဆိုင်ရာ အမှု၏လမ်းကြောင်းများ၊ နှင့် သက်သေခံချက်များဆိုင်ရာအကြောင်းအရာများကို အထူး အလေးပေး၍ ဖော်ပြထားပါသည်။ အခန်း (၃) ၌ အထူးဂရုပြုမှု လိုအပ်နေသူများ၏ လိုအပ်ချက်များ၊ ဥပမာ (၁) ကလေး သူငယ်များ၊ (၂) အမျိုးသမီးများ၊ (၃) လိင်တူချစ်သူများ၊ (၄) စိတ်ကျန်းမာရေးချို့တဲ့သူများ၊ နှင့် (၅) မူးယစ်ဆေးသုံးစွဲသူ များ တို့အကြောင်းကို ဖော်ပြထားပါသည်။ အခန်း (၄) ၌ အမှုသည်များအတွက် ထိရောက်စွာ ကိုယ်စားပြု ရပ်တည်ပေးမည့် ရှေ့နေများ၏ ကျွမ်းကျင်မှုဆိုင်ရာအခန်းကဏ္ဍများကို အပိုင်း (၁) နှင့် အပိုင်း (၂) ပါ အချက်အလက်များကို ချိတ်ဆက်၍ ဖော်ပြထားပါသည်။ အပိုင်း (၅) ၌ ဥပဒေဆိုင်ရာအထူးပြဋ္ဌာန်းချက်များ၊ ပုံစံများနှင့် ရှေ့နေများ၏ လုပ်ငန်းဆောင်တာများအကြောင်းကို နောက်ဆက်တွဲများဖြင့် ဖော်ပြထားပါသည်။

ဤလက်စွဲစာအုပ်၌ တရားခံ၏ရပိုင်ခွင့်များကို ကာကွယ်ပေးမည့် ဥပဒေပညာဖြင့် အသက်မွေးဝမ်းကြောင်းပြုလုပ်နေသူများ၏ စွမ်းဆောင်ရည်များကို မြှင့်တင်နိုင်ရန်၊ ပို၍ တရားမျှတသော တရားစီရင်ရေးစနစ်တည်ဆောက်နိုင်ရန်၊ နှင့် တရားမျှတမှု နှင့် ပိုမိုလက်လှမ်းမှီမှု ရရှိနိုင်စေရန်အတွက် ကြိုးစားထားပါသည်။ ဤစာအုပ်သည် မြန်မာ့ဥပဒေပညာရှင်များ၏ ကျွမ်းကျင်မှု ကို အစားထိုး၍ မရနိုင်သကဲ့သို့ ဤစာအုပ်တွင် စုစည်းတင်ပြထားသော အကြောင်းအရာများသည် ပြီးပြည့်စုံသည့် အကြောင်းအရာများ ဖြစ်သည်ဟုလည်း မဆိုလိုပါ။ စာအုပ်သုံးစွဲသူများအနေဖြင့် အကြံပြုချက်များ၊ အမှားပြင်ဆင်ချက်များ နှင့် ဖြည့်စွက်ရန် အရင်း အမြစ်များကို ဤစာအုပ်လက်စွဲ ဖန်တီးသူများထံသို့ ပေးပို့ပေးရန်ဖိတ်ခေါ်အပ်ပါသည်။ ဤသို့ ပြုလုပ်ခြင်းဖြင့် နောင်တွင် ထပ်မံထုတ်ဝေမည့်အကြိမ်များ၌ ပိုမိုမှန်ကန်ပြီး စာဖတ်သူများအားလုံးအတွက် ပိုမို အသုံးဝင်သော စာအုပ်ကောင်းတစ်အုပ် ဖြစ်လာမည်ဟု မျှော်လင့်ပါသည်။ ထိုကဲ့သို့သော အကြံပြုချက်များအား ပေးပို့လိုပါက International Bridges to Justice ၏ အီးမေးလ် ibjmyanmar@ibj.org သို့ ပေးပို့ပေးနိုင်ပါသည်။

# အတိုကောက်စာလုံးများ

ဤလက်စွဲစာအုပ်၌ စပ်ဆိုင်သည့်ဥပဒေများ၊ လက်စွဲစာအုပ်များနှင့် တခြားသော ဥပဒေစာပေများကို ရည်ညွှန်းရန် အတိုကောက်စာလုံးများကို အသုံးပြုထားပါသည်။ စာဖတ်သူများ အဆင်ပြေစေရန်အတွက် ... ပုဒ်မ (ဥပဒေပေါင်းချုပ် နှင့် ပြဋ္ဌာန်းဥပဒေများအတွက်)၊ စာပိုဒ် (လက်စွဲစာအုပ်များအတွက်)၊ နှင့် အပိုဒ် (ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတကာ သဘောတူစာချုပ်စာတမ်းများ) များဟူ၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဖော်ပြထားပါသည်။

| | |
|---|---|
| AG | ရှေ့နေချုပ် |
| AIR | အိန္ဒိယစီရင်ထုံးများ |
| ASEAN | အရှေ့တောင်အာရှနိုင်ငံများအသင်း အစည်းအရုံး |
| BLR | မြန်မာနိုင်ငံတရားစီရင်ထုံး |
| CEDAW | အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် |
| CL | ကလေးသူငယ်ဥပဒေ |
| CM | မြန်မာနိုင်ငံ တရားရုံးများလက်စွဲ |
| CPC | တရားမကျင့်ထုံးဥပဒေ |
| CRC | ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံသဘောတူစာချုပ် |
| CrPC | ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ |
| CRPD | မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာသဘောတူစာချုပ် |
| EA | သက်သေခံအက်ဥပဒေ |
| FTG | ဥပဒေအရာရှိများအတွက် မျှတသော တရားစီရင်ရေးဆိုင်ရာလမ်းညွှန်စာအုပ် |
| FB | (တရားလွှတ်တော်ချုပ်၏) တရားခွင်ပေါင်းချုပ် |
| HC | တရားလွှတ်တော် (one level below apex court) |
| ICCPR | နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် |
| JM | အကျဉ်းထောင်လက်စွဲ |
| LBLR | အောက်မြန်မာပြည်စီရင်ထုံး |
| M.E. | မြန်မာ့ခေတ် (မြန်မာ့ဒိတ်) |
| MLR | မြန်မာ့တရားစီရင်ထုံး |
| PA | အကျဉ်းထောင်များအက်ဥပဒေ |
| PC | ရာဇသတ်ကြီးဥပဒေ |
| PM | ရဲလက်စွဲ |
| RAN, RLR | ရန်ကုန်ဥပဒေအစီရင်ခံစာ |
| UDHR | ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း |

# နိဒါန်း

ပထမဆုံးအကြိမ် ထုတ်ဝေလိုက်သည့် မြန်မာ့ပြစ်မှုဆိုင်ရာခုခံကာကွယ်ရေးလက်စွဲနှင့် မိတ်ဆက်လိုက်ရပါသည်။ ဤလက်စွဲ စာအုပ်ကို ခေတ်နှင့်အညီ ဆင့်ကဲပြောင်းလဲနိုင်အောင် စီစဉ်ထုတ်ဝေထားပါသည်။ စာဖတ်သူများ အနေဖြင့် ပြင်ဆင်လိုသည့်အကြောင်းအရာများ (သို့) ထပ်ဖြည့်လိုသည့်အကြောင်းအရာများလည်း ရှိကောင်း ရှိနိုင်ပါသည်။ စာဖတ်သူများ ဘက်မှ တွေးတောမိပြီး အကြံပြုလိုသည့် အကြောင်းအရာများအားလုံးကို မိမိတို့ စာအုပ်ဖန်တီးသူများဘက်မှ ရယူလိုပါ သည်။ ဤလက်စွဲစာအုပ်၏ အုပ်ရေ ၁၀၀၀ ကို ပထမအကြိမ်အဖြစ် ပုံနှိပ်ထုတ်ဝေလိုက်ရပါသည်။ ထို့အပြင် ဤ လက်စွဲစာအုပ်ကို အီလက်ထရောနစ်ဖြင့် ထုတ်ဝေနိုင်ရန် မိမိတို့ ဘက်မှ လုပ်ဆောင်သွားမည်ဖြစ်ပြီး ခေတ်နှင့်အညီ မွမ်းမံဖြည့်စွက်ချက်များ ထည့်သွင်းသွားမည် ဖြစ်ပါသည်။ ဤလက်စွဲစာအုပ်ကို မြန်မာဘာသာဖြင့်သော်လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့်သော်လည်းကောင်း ဖတ်ရှုနိုင်မည် ဖြစ်သည်။

ပထမဆုံးအကြိမ် ပုံနှိပ်ထုတ်ဝေထားသည့် ဤလက်စွဲစာအုပ်ပါ အင်္ဂလိပ်ဘာသာစကား အသုံးအနှုန်းများသည် မြန်မာဘာသာ စကားအသုံးအနှုန်းများနှင့် ကွဲပြားနေသည်များလည်း ရှိသည့်အတွက် အောက်ပါအတိုင်း ရှင်းလင်းအောင် ဖော်ပြလိုပါသည်။

- ကျား၊မ - ဤလက်စွဲစာအုပ်အတွင်း၌ တရားခံရှေ့နေများကို တခါတရံ၌ "သူ" ဟူ၍လည်းကောင်း၊ တခါတရံ၌ "သူမ" ဟူ၍ လည်းကောင်း၊ နှင့် တခါတရံ၌ နှစ်မျိုးစလုံး (သူ သို့မဟုတ် သူမ) ဟူ၍ လည်းကောင်း ညွှန်းဆို၍ ဖော်ပြထားပါသည်။ ဤသို့ဖော်ပြရသည့် ရည်ရွယ်ချက်မှာ - ရှေ့နေများ၊ ဥပဒေအရာရှိများ၊ ရဲအရာရှိများ၊ တရား သူကြီးများနှင့် အမှုသည်များတို့သည် မည်သည့်ပုံစံ အရွယ်အစား ကျား၊မဖြင့် လာစေကာမူ မိမိတို့ဘက်မှ ကျား၊မရေးရာနှင့်ပတ်သက်၍ တတ်နိုင်သမျှ တပြေးညီ ဖော်ပြရန် ရည်ရွယ်ပါသည်။

- ရှေ့နေ/တရားခံရှေ့နေ - မြန်မာဘာသာစကားတွင် ရှေ့နေ (Lawyer) ဟူသော စကားရပ်သည် ဥပဒေအရာရှိ (အစိုးရရှေ့နေ) ကို ညွှန်းဆိုကြသည်ကို မိမိတို့အနေဖြင့် သတိပြုမိပါသည်။ မိမိတို့ အနေဖြင့် တရားခံရှေ့နေ (Defense Counsel) ဟူသော စကားရပ်ကို ညွှန်းဆိုလိုသည့်အခါ တရားခံရှေ့နေ (Attorney) ဟူသော စကားရပ်ကို တတ်နိုင်သမျှ အများဆုံး အသုံးပြုထားပါသည်။ ထိုသို့ ညွှန်းဆိုရန် မဖြစ်နိုင်သည့် အခြေအနေများ လည်း ရှိပါသည်။ ဥပမာအားဖြင့် … အမှုသည် ဗဟိုပြုရှေ့နေလိုက်ပါဆောင်ရွက်ပေးခြင်း (client-centered lawyering)။ ဤစကားရပ်၌ အစားထိုး အသုံးပြုနိုင်သော သင့်တော်သည့် အခြားစကားလုံး အင်္ဂလိပ်ဘာသာ၌ မရှိသေးပါ။ ထို့အပြင် အချို့သော နိုင်ငံတကာစာတမ်းများတွင် ရှေ့နေ (Lawyer) ဟူသော စကားရပ်အား တရားခံရှေ့နေကို ဖော်ညွှန်းရာတွင် အသုံးပြုကြပြီး ထိုကဲ့သို့သော စာတမ်းများ၏ ခေါင်းစဉ်များ သို့မဟုတ် စာပိုဒ် များအား မိမိတို့အနေဖြင့် ပြန်လည်ပြုပြင်ထားခြင်း မရှိခဲ့ပါ။ ဥပမာအနေဖြင့် ဤစာအုပ်၌ ဖော်ပြထားသည့် ရှေ့နေများ၏ အခန်းကဏ္ဍဆိုင်ရာ ကုလသမဂ္ဂအခြေခံမူများ၌ ကြည့်ရှုနိုင်သည်။

- ရာဇဝတ်ရာသူကြီး/တရားသူကြီး - ယေဘုယျအားဖြင့် တရားသူကြီး (Judge) ဟူသော စကားရပ်သည် ရာဇဝတ်တရားသူကြီးများ နှင့် တရားသူကြီးများ (Magistrates and Judges) အားလုံးကို ဆိုလိုပါသည်။ ရာဇဝတ် တရားသူကြီး (Magistrate) ဟူသော စကားရပ်သည် ဥပဒေများကို ကိုးကားရာတွင် အသုံးပြုပြီး၊ တရားရုံးများနှင့် တရားရေးရာတာဝန်ရှိသူများ၏ အဆင့်များကို

ဖော်ညွှန်းရာတွင် အသုံးပြုပါသည်။

- ဖြောင့်ချက်/ဝန်ခံချက် - မြန်မာ့ဥပဒေ၌ ... စုံစမ်းထောက်လှမ်းသည့်အဆင့်၌ ရဲအရာရှိထံ ထွက်ဆိုသည့် ဝန်ခံချက် နှင့် တရားခွင်ရှိ တရားသူကြီးရှေ့မှောက်၌ ဖြောင့်ချက်ပေးခြင်းများသည် မတူကွဲပြားကြောင်း မိမိတို့အနေဖြင့် သတိပြုမိပါသည်။ ထိုစကားရပ်နှစ်ခု ဖြောင့်ချက်ပေးခြင်း/ဝန်ခံချက်ပေးခြင်း (Confession/ Admission) ကို ကွဲပြားနိုင်ရန် မိမိတို့ဘက်မှ တတ်နိုင်သမျှ ကြိုးစားအသုံးပြုခဲ့ပါသည်။ သို့သော် အင်္ဂလိပ်ဘာသာစကား၌ ထိုစကားရပ်နှစ်ခုအား အမြဲ ကွဲပြားစွာ ဖော်ပြရန်မှာ မလွယ်ကူပါ။ သို့သော် ဘာသာပြန်ဆိုထားသည့် မြန်မာ ဘာသာစကား၌ ရောထွေးမှုများ ရှိမနေစေရန် ရေးသား ထားပါသည်။

ဤလက်စွဲစာအုပ်သည် သင်၏ ဥပဒေဆိုင်ရာ ကျင့်သုံးမှုကို ပို၍ ကောင်းမွန်စေရန် အားဖြည့်ပေးပြီး ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များ၊ လူငယ်များ၊ နှင့် လူမှုအသိုင်းအဝိုင်းမှ ဘေးဖယ်ခံထားရသော အုပ်စုများအတွက် ကိုယ်စားပြု ရပ်တည်ပေးခြင်းများကို တိုးတက်စေနိုင်မည်ဟု မိမိတို့အနေဖြင့် မျှော်လင့် ပါသည်။

ဤလက်စွဲစာအုပ်အတွင်း၌ ပြင်ဆင်သင့်သည့် အကြောင်းအရာများရှိပါက အကြံပြုပြောကြားပေးကြပါရန် မိမိတို့ အနေဖြင့် တိုက်တွန်းလိုပါသည်။ ဤလက်စွဲစာအုပ်ကို အချိန်ပေး ဖတ်ရှု သုံးသပ်ပေးပြီး အကြံပြုချက်များ ပေးသည့်အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

Jim Taylor
Country Program Director, Myanmar
International Bridges to Justice

# အပိုင်း (၁) - အခြေခံပြဿနာများ

## အမှုသည်များအား ဆွေးနွေးတင်ပြပေးခြင်း

ပြစ်မှုဆိုင်ရာ တရားခံရှေ့နေ၏ အခန်းကဏ္ဍမှာ တရားခံအား ကာကွယ်ပေးရန်၊ လမ်းညွှန်ပေးရန်၊ အကြံပြု ဆွေးနွေးပေးရန်နှင့် ကိုယ်စားပြုပေးရန် ဖြစ်ပါသည်။ ပြစ်မှုဆိုင်ရာတရားစီရင်ရေးစနစ်တွင် အစိုးရသည် ၎င်း၏ အမြင့်ဆုံးအာဏာကို အသုံးပြုပြီး တရားခံ၏ လွတ်မြောက်ခြင်း သို့မဟုတ် ရပ်တည်ရှင်သန်မှုကို ငြင်းဆို ပိတ်ပင်ရန် ဖြစ်ပါသည်။ ထို့ကြောင့် ... မြန်မာ့တရားစီရင်ရေးစနစ်တွင် တရားလိုဘက်၌ သက်သေပြရန် တာဝန် အမြင့်ဆုံးရှိပြီး တရားခံတဦး၏ စွဲဆိုထားသော ပြစ်မှုကို ကျူးလွန်ကြောင်း သံသယကင်းရှင်းအောင် သက်သေ ပြရပါမည်။ တရားခံ၏ ရှေ့နေသည် တရားလိုဘက်၏ မြင့်မားသော အဆင့်ကို ထိန်းချုပ်ရမည်ဖြစ်ပြီး တရားခံ၏ ရပ်တည်ရှင်သန်မှုနှင့် လွတ်မြောက်ခြင်းကို ကာကွယ်ရန် ဆောင်ရွက်ရပါမည်။

တရားခံရှေ့နေသည် အမှုတွင် အသုံးပြုနိုင်သည့် နည်းဗျူဟာအမျိုးမျိုးနှင့် ခုခံချေပခြင်းများ၏ ကောင်းကျိုး၊ ဆိုးကျိုးများကို တရားခံအား အကြံပြုလမ်းညွှန်ရမည်။ ရှေ့နေသည် တရားခံနှင့် တရားခံပြသက်သေများနှင့်အတူ တရားခံ၏ သတင်းအချက်အလက်များနှင့် တရားခံအပေါ် အမြင်၊ တရားခံအတွက် သင့်လျော်သော ခုခံမှု လမ်းကြောင်း (ဥပမာအားဖြင့် ပြစ်မှုကျူးလွန်ချိန်တွင် အခြားနေရာသို့ ရောက်ရှိနေခြင်း၊ မိမိကိုယ်ကို ခုခံ ကာကွယ်ခြင်း၊ စိတ်ပေါ့သွတ်ခြင်း၊ မူးယစ်နေခြင်း၊ မှားယွင်းစွာ မှတ်ယူခြင်း) ရရှိရန် ပူးပေါင်း ဆောင်ရွက်ရမည်။ တရားခံရှေ့နေသည် မည်သည့်ထုချေမှုကို ပြုလုပ်ရမည်၊ ထုချေမည့်သဘောတူညီချက်ကို လက်ခံသင့် မသင့်၊ ကိုယ်တိုင်သက်သေအဖြစ် အစစ်ခံသင့် မသင့် အကြံပြုပေးရမည်။ တရားရုံးရှေ့ရှိ သက်သေခံချက်နှင့် ထုချေချက်များကို တရားခံ၏ကိုယ်စား သက်သေများ ခေါ်ဆိုရန်နှင့် တရားလိုပြ သက်သေများအား ပြန်လှန် မေးမြန်းနိုင်ရန် တရားခံရှေ့နေတဦးသည် တရားရုံးရှေ့ရှိ သက်သေခံချက်၊ ထုချေချက် (Plea) တို့ကို ဆန်းစစ်ရ မည်။ အပြစ်ပေးသည်ကို အယူခံရာ၌ တရားခံရှေ့နေသည် တရားရုံးရှေ့ရှိ သက်သေခံချက်နှင့် ထွက်ဆိုချက် (Testinomy) တို့အပေါ် အခြေခံ၍ စစ်ဆေးသောတရားရုံး၏ စီရင်ချက်ကို ဆန်းစစ်ရမည်။

ရှေ့နေများသည် အထူးသဖြင့် ဆင်းရဲနွမ်းပါးသူများအတွက် ဆောင်ရွက်သော ပြစ်မှုဆိုင်ရာ တရားခံရှေ့နေများ သည် မိမိအမှုသည်များနှင့် ဆက်သွယ်သောအခါ အမှုသည်ဗဟိုပြုသည့်နည်းဖြင့် ချဉ်းကပ်ရမည်။ အမှုသည် ဗဟိုပြုချဉ်းကပ်နည်းများကို အသုံးပြုသည့် ရှေ့နေ၏ အဓိကရည်ရွယ်ချက်များမှာ -

- သူတို့ထံမှ ပြည့်စုံလုံလောက်သော သတင်းအချက်အလက်များ စုဆောင်းရယူရန်။
- ပြည့်စုံလုံလောက်သော သတင်းအချက်အလက်များ ၎င်းတို့အား ပေးရန်။
- အမှုသည်များကိုယ်တိုင် စိတ်ကျေနပ်စေသည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်အတွက် အားပေးရန်တို့ ဖြစ်သည်။

အထက်ဖော်ပြပါ ရည်မှန်းချက်များအတိုင်းလုပ်ဆောင်နိုင်ရန် ... တရားခံသည် ရှေ့နေနှင့် ဆောလျင်စွာ တွေ့ဆုံပြီး အကူအညီများ တောင်းခံရမည်။ အမှုသည်များအတွက် အကူအညီဖြစ်စေနိုင်မည့်အရာများကို ရုံးတင် စစ်ဆေးခြင်း မပြုမီ အဆင့်များ၌ (အမှုစစ်ဆေးစီရင်နေစဉ်အချိန်များထက်) ပိုမိုလုပ်ဆောင်ပေးနိုင်သည်။ ထို့ကြောင့် ထိုအဆင့်များသည် ပြစ်မှု တစ်ခု၏ အရေးအကြီးဆုံးအပိုင်းဖြစ်သည်ဟု ဆိုနိုင်ပြီး ထိုအဆင့်၌ပင် အမှုသည်၏ အကောင်းဆုံးအကျိုးစီးပွားအတွက် လုပ်ဆောင်ပေးနိုင်သည်။ တရားခံအတွက် အရေးဆို တင်ပြပေးရာတွင် ကြုံတွေ့နိုင်သည့် လုပ်ထုံး လုပ်နည်းဆိုင်ရာ စိန်ခေါ်မှုများများကိုလည်း ၎င်းတို့၏ ဥပဒေဆိုင်ရာ

နှင့် ကျင့်ဝတ်ဆိုင်ရာ တာဝန်ဝတ္တရားများအတွင်းမှ အကောင်းဆုံး လုပ်ဆောင်ပေးရမည်။ ထိုသို့ပြုလုပ်ခြင်းသည် လက်တွေ့ကျင့်သုံးနေသည့် လုပ်ဆောင်ချက်များကို ကျော်လွန်၍ လုပ်ဆောင်ရသည့်အတွက် အငြင်းပွားမှု ပဋိပက္ခများလည်း ပေါ်ပေါက်လာနိုင်သည်။ မည်သို့ပင်ဖြစ်စေကာမူ တရားမျှတမှု အတွက် ရှေ့နေများဘက်မှ အမှန်အတိုင်း ထုတ်ဖော်ပြောဆိုမှသာလျှင် ပြောင်းလဲမှုဟူသော ရလဒ်တစ်ရပ်ကို ရရှိနိုင်မည် ဖြစ်သည်။

အဓိကကျသည့် ဆုံးဖြတ်ချက်အများစုတို့သည် အမှုသည်အပေါ်၌သာ မူတည်နေသည့်အတွက် အမှုသည်များအား သေချာ စွာရှင်းပြပေးရန် ဤအပိုင်း၌ အလေးပေးဖော်ပြထားသည်။အမှုသည်များ ဆုံးဖြတ်ရမည့် အရာများမှာ -

- ဖြောင့်ချက်ပေးခြင်း၊ မပေးခြင်း
- အပြစ်ရှိကြောင်း ဝန်ခံခြင်းနှင့် အပြစ်မရှိကြောင်း ငြင်းဆန်ခြင်း
- သက်သေအဖြစ် အစစ်ဆေးခံခြင်း (သို့) သက်သေအဖြစ် အစစ်ဆေးမခံခြင်း

အဆိုပါအကြောင်းအရာများကို ဤလက်စွဲစာအုပ်အတွင်း၌ အများအပြား လေ့လာနိုင်သည်။ အမှု၏ လမ်းကြောင်း၊ တရားလို၏ သက်သေခံချက်၊ ကျွမ်းကျင်မှုများ - အမှုသည်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ကျွမ်းကျင်မှုများ - အမှု တည်ဆောက်ပုံအပိုင်းကို ကြည့်ပါ။

## အမှုသည်ဗဟိုပြု ရှေ့နေလိုက်ပါ ဆောင်ရွက်ပေးခြင်း

**အမှုသည်ဗဟိုပြု ရှေ့နေလိုက်ပါ ဆောင်ရွက်ပေးခြင်း၏ အကျိုးကျေးဇူးများ -**

- အမှုနှင့်သက်ဆိုင်သည့် အကျိုးဆက်များကို ချင့်ချိန်ခြင်းနှင့် ဖြေရှင်းရန် နည်းလမ်းများကို အတူ ရှာဖွေခြင်းဖြင့် အမှုသည်၏ စွမ်းဆောင်ရည်များကို မြှင့်တင်စေခြင်း။
- အမှုသည်၏ လုပ်ပိုင်ခွင့်များကို အမှုသည်အား အသိပေးပြောကြားပြီး ၎င်းကိုယ်တိုင် ဆုံးဖြတ်ချက် ချစေခြင်း။
- ရှေ့နေနှင့် အမှုသည် အတူပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် အမှုသည်၏ လိုအပ်ချက်များကို ဖြည့်ဆည်း ပေးနိုင်ခြင်း။ ထို့မှတဆင့် အပြန်အလှန် ယုံကြည်မှု၊ လေးစားမှုနှင့် ဂရုစိုက်ပေးနိုင်ခြင်း။

**အမှုသည်ဗဟိုပြု တန်ဖိုးထားခြင်းများနှင့် ရည်ရွယ်ချက်များရှိ ကောင်းကျိုးများမှာ -**

- ပြဿနာများသည် အမှုသည်များနှင့်သာ သက်ဆိုင်ပြီး ရှေ့နေများနှင့်ကား မသက်ဆိုင်ပါ။ ထိုအမှုသည် များသည်ပင် ၎င်းတို့ရွေးချယ်လိုက်သည့်လမ်းများ၏ အကျိုးဆက်များကို ခံစားကြရမည် ဖြစ်ပါသည်။
- ဥပဒေအကျိုးဆက်များနှင့် ပတ်သက်၍သာ ကျွမ်းကျင်သော ရှေ့နေများထက် အမှုသည်များက ဥပဒေ နှင့် မသက်ဆိုင်သော အကျိုးဆက်များတွင် ပိုမိုသိရှိကြသည်။
- အမှုသည်များသည် စွန့်စားမှုများဖြစ်စေရန် လုပ်ဆောင်ခဲ့သူများဖြစ်သည့်အလျောက် ထိုစွန့်စားမှုမှ တဆင့် ရရှိလာ မည့် အကျိုးဆက်များကိုလည်း ရင်ဆိုင်ကြရမည်ဖြစ်သည်။ ခက်ခဲသော ဆုံးဖြတ်ချက် များတွင် ရှိသည့် စွန့်စားမှုများကို အမှုသည်များမှ ပိုမိုကောင်းမွန်စွာ ဆုံးဖြတ်နိုင်ကြသည်။
- အမှုသည်များ၏ ဘဝနှင့် အခြေအနေများအပေါ် သက်ရောက်မှုရှိနိုင်သည့် ဆုံးဖြတ်ချက်များ ချမှတ်ရာ တွင် ၎င်းကိုယ်တိုင် ဆုံးဖြတ်ချက်ချနိုင်စွမ်းရှိကြသည်။

ရှေ့နေများသည် အမှုသည်များနှင့် တွေ့ဆုံမေးမြန်းသောအခါ ပြောဆိုဆက်ဆံမှု ကောင်းမွန်ရန် လိုအပ်သည်။ ထိုမှသာ အောက်ဖော်ပြပါ မျှော်မှန်းချက်များကို ပြည့်မီအောင် လုပ်ဆောင်နိုင်ကြမည်။

- ဆုံးဖြတ်ချမှတ်ရန် လိုအပ်သည့် ကိစ္စရပ်များကို ရှင်းပြပေးရာတွင် ဥပဒေအသုံးမဟုတ်သော စကားလုံးများကိုသာ သုံးစွဲရမည်။
- အမှုသည်များ ချမှတ်လိုက်သည့် ဆုံးဖြတ်ချက်တစ်ခုချင်းစီအတွက် အခြားရွေးချယ်နိုင်မည့် နည်းလမ်းများကိုလည်း ရှင်းပြပေးရမည်။
- အမှုသည်များ၏ နေထိုင်မှုဘဝကို သက်ရောက်မှုရှိသော ဥပဒေဆိုင်ရာ (သို့) ဥပဒေနှင့် မသက်ဆိုင်သော ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အမှုသည်များကိုယ်တိုင် ဆုံးဖြတ်ချက်ချစေရမည်။

**အထူးကိစ္စရပ်များ - ကလေးအမှုသည်များ နားလည်မှုရရှိရန် ဆောင်ရွက်ခြင်း**

ကလေးအမှုသည်များနှင့် တွေ့ဆုံသည့်အခါ ထိုကလေးငယ်များ နားလည်လွယ်မည့် စကားလုံး အသုံးအနှုန်းများကို ရွေးချယ်အသုံးပြုရပါမည်။ တရားခံသည် ကလေးငယ်ဖြစ်နေသည့်အခါ ... အတွေ့အကြုံမရှိခြင်း၊ ရင့်ကျက်မှုမရှိခြင်းတို့ကြောင့် နားလည်မှုဆိုင်ရာ အခက်အခဲများ ထပ်မံရှိနိုင်ပါသည်။ ထို့အပြင် တရားရေးစနစ်တွင် ကလေးငယ်များသည် ထိခိုက်ရှနာလွယ်သည့်သူများဖြစ်သည့်အလျောက် အမှုတွဲဆိုင်ရာ ဆောင်ရွက်ချက်များအပေါ် ၎င်းတို့မှ နားလည်နိုင်စွမ်း မရှိသည့်အခါ ထိုသို့နားမလည်ကြောင်း တင်ပြရန် ကြောက်ရွံ့နေတတ်ကြပါသည်။ ထို့ကြောင့် တရားခွင်ကြားနာခြင်းများ မပြုလုပ်ခင် အချိန်များတွင် တရားခံရှေ့နေများအနေဖြင့် ကလေးအမှုသည်များနှင့် သေချာစွာ ဆွေးနွေးထားရန် လိုအပ်ပါသည်။ ထိုမှသာ အမှုကြားနာခြင်းနှင့်ဆိုင်သည့် လုပ်ဆောင်ချက်များကို ကလေးငယ်များမှ နားလည်နိုင်မည်ဖြစ်ပြီး ၎င်းတို့ကိုယ်တိုင် ကာကွယ်ခုခံရာတွင် ပါဝင်နိုင်သည့်အရည်အချင်းများ ရှိနိုင်မည်ဖြစ်သည်။

**တရားခွင်၌ အမှုသည်အား လေးစားစွာ ဆက်ဆံခြင်း**

တရားခွင်အတွင်းရှိ အမှုသည်များနှင့် အခြားသူများအပေါ် လေးစားမှုကို ဖော်ပြပေးနိုင်သည့် နည်းလမ်းများကို ရှေ့နေများမှအစဉ်ဂရုပြုရမည်။ အမှုသည်များ ရုံးရှေ့လာရောက်ရခြင်း၏ ရည်ရွယ်ချက်၊ မည်သို့ဖြစ်ပျက်သည် ၊ မည်သည့် အတွက်ကြောင့် ရုံးချိန်းရွှေ့ဆိုင်းရသည်များကို အမှုသည်များအား ပြည့်စုံစွာ အသိပေးရမည်။ နှုတ်သက်သေ သခံချက်များ အားလုံးကိုလည်း အမှုသည်မှ ကြားသိကြောင်း ရှေ့နေများမှ သေချာစေရမည်။

- စစ်ဆေးစီရင်ခံရန် တရားရုံးရှေ့ အကျဉ်းသားရှိနေသည့်အခါ ထိုအကျဉ်းသားသည် လက်ရောက်မှုပြုလုပ်လိမ့် မည်ဟုသော်၎င်း၊ ထိုအကျဉ်းသားအား ကယ်လွှတ်ရန် အားထုတ်လိမ့်မည်ဟု၎င်း၊ သင့်တော်စွာ ထင်မှတ်ရန် အကြောင်းရှိသည်ဟု သဘောမရလျှင် လက်ထိပ်များကို ဖြုတ်ပေးထားရမည်။ (တရားရုံးများလက်စွဲ အပိုဒ် ၄၇၇)

**အမှုသည်၏အတွင်းရေးကိစ္စရပ်များကို ထိန်းသိမ်းပေးခြင်း**

အမှုသည်၏ အတွင်းရေးကိစ္စရပ်များကို ထိန်းသိမ်းပေးရန်တာဝန်သည် ရှေ့နေ၏အရေးအကြီးဆုံးသော တာဝန်များထဲမှ တာဝန်တစ်ရပ်ဖြစ်ပါသည်။ ရှေ့နေနှင့် အမှုသည်၏ ပြောဆိုဆက်ဆံခြင်းများကို သက်သေခံဥပဒေ၌ ဖော်ပြထားသည်မှာ -

သက်သေခံအက်ဥပဒေပုဒ်မ ၁၂၆ - ရှေ့နေများနှင့် အမှုသည်တို့ အချင်းချင်းပြောကြသည့်စကားများ။

မည်သည့်ရှေ့နေမဆို၊ အမှုသည်၏ ရှေ့နေအဖြစ် ဆောင်ရွက်နေစဉ် ယင်းသို့ ဆောင်ရွက်ရန် ကိစ္စအတွက် အမှုသည်ကိုယ်တိုင်က ဖြစ်စေ၊ ယင်း၏ ကိုယ်စားဖြစ်စေ ပြောကြားသည့်စကား၊ သို့မဟုတ် ရှေ့နေအဖြစ် ဆောင်ရွက်နေစဉ် ယင်းသို့ဆောင်ရွက် ကိစ္စအတွက် သိရှိရသည့် စာတမ်း အမှတ်အသားရှိ စည်းကမ်းများ၊ သို့မဟုတ် ရှေ့နေအဖြစ် ဆောင်ရွက်နေစဉ် ယင်းသို့ ဆောင်ရွက်ရန် ကိစ္စအတွက် မိမိက အမှုသည်အား ပေးသည့် အကြံဉာဏ်ကိုဖြစ်စေ၊ အမှုသည်၏ အတည့်အလင်း သဘောတူညီချက်မရှိပဲ ထုတ်ဖော်ပြောဆိုခွင့်မရှိ။သို့ရာတွင် ဤပုဒ်မသည် အောက်ပါ အချက်အလက်များကို ထုတ်ဖော်ပြောဆိုခြင်းမှ ပိတ်ပင်ခြင်းမရှိ။

(၁) ဥပဒေနှင့်မညီသော ကိစ္စအတွက် အထောက်အပံ့ရစေခြင်းငှာပြောသည့် ပြောဆိုချက်။

(၂) အမှုသည်၏ ရှေ့နေအဖြစ်ဆောင်ရွက်နေစဉ် သိရှိရသည့်ပြစ်မှု၊ သို့မဟုတ် လိမ်လည်မှု ကျူးလွန်သော အချက်အလက်၊ ယင်းအချက်အလက်မျိုးကို အမှုသည်ကိုယ်တိုင်သော်လည်းကောင်း၊ အမှုသည်အတွက်သော် လည်းကောင်း၊ ယင်း၏ရှေ့နေသို့ ပြောသည် မပြောသည်မှာ ပဓာနမဟုတ်။

ရှင်းလင်းချက်။ ။ဤပုဒ်မတွင် ဖော်ပြထားသည့်တာဝန်သည် ရှေ့နေအဖြစ် ဆောင်ရွက်ခြင်းပြီးဆုံးပြီးနောက်လည်း ဆက်လက်၍ တည်စေရမည်။

အောက်၌ ဖော်ပြထားသည့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ ပုဒ်မ ၄၄ ပါ ပြစ်မှုများကို အမှုသည်မှ ကျူးလွန်ခဲ့လျှင် ထိုကျူးလွန်ခဲ့ သည့်အကြောင်းအရာများကို ရှေ့နေမှ သက်ဆိုင်ရာအာဏာပိုင်များသို့ အသိပေး အကြောင်းကြားရန် တာဝန်ရှိမရှိမှာ အငြင်း ပွားရန် ကိစ္စတစ်ရပ်ပင် ဖြစ်ပါသည်။

- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ (၄၄) –
  - (၁) ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၁၊ ၁၂၁က၊၁၂၂၊ ၁၂၃၊ ၁၂၄၊ ၁၂၄က၊ ၁၂၅၊ ၁၂၆၊ ၁၃၀၊ ၁၄၃၊ ၁၄၄၊ ၁၄၅၊ ၁၄၇၊ ၁၄၈၊ ၃၀၂၊ ၃၀၃၊ ၃၀၄၊ ၃၈၂၊ ၃၉၂၊ ၃၉၃၊ ၃၉၄၊ ၃၉၅၊ ၃၉၆၊ ၃၉၇၊ ၃၉၉ ၊ ၄၀၂၊ ၄၃၅၊ ၄၃၆၊ ၄၅၀၊ ၄၅၆၊ ၄၅၇၊ ၄၆၈၊ ၄၅၉ ၊ နှင့် ၄၆၀ တို့အရ ပြစ်ဒဏ်ထိုက်သင့်သော ပြစ်မှု တစ်စုံတစ်ရာကို အခြားသူတစ်ဦးတစ်ယောက် ကျူးလွန်ကြောင်းကိုသော်လည်းကောင်း၊ ကျူးလွန်ရန် ကြံစည်နေကြောင်းကိုသော်လည်းကောင်း သိရှိသူ မည်သူမဆို ယင်းသို့ သိရှိသည်နှင့် တစ်ပြိုင်နက် သတင်းမပေးရန် လုံလောက်သော အကြောင်းမရှိလျှင် နီးရာ ရာဇဝတ်တရားသူကြီးထံဖြစ်စေ၊ ရဲအရာရှိတစ်ဦးထံဖြစ်စေ သတင်းပေးရမည်။ ထိုသို့ သတင်းမပေးရန် လုံလောက်သည့် အကြောင်းရှိခဲ့လျှင် ထိုသို့ ရှိကြောင်းကို ထင်ရှားအောင် သက်သေပြရမည့် တာဝန်သည် ထိုသူ၏ တာဝန် ဖြစ်သည်။
  - (၂) ဤပုဒ်မပါ ကိစ္စများအလို့ငှာ "ပြစ်မှု" ဆိုသော စကားရပ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် အတွင်း ကျူးလွန်ခဲ့ခြင်းဖြစ်လျှင် ပြစ်မှုမြောက်စေမည့် ပြည်ထောင်စုမြန်မာနိုင်ငံ ပြင်ပ တစ်နေရာ၌ ကျူးလွန်ခဲ့သည့် ပြုလုပ်မှုလည်း ပါဝင်သည်။

သက်သေခံအက်ဥပဒေပုဒ်မ ၁၂၆ ၌ ဖော်ပြထားသည့် "ကြောင်းကျိုးဆီလျော်သည့် ဆင်ခြေ" သည် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၄ ၏ လိုအပ်ချက်ကို ဖြည့်ပေးရာရောက်သည်ဟု မိမိတို့မှ မှတ်ယူပါသည်။ ထိုသက်သေခံအက်ဥပဒေအရ အမှုသည်မှ ကျူးလွန်လိုက်သည့် ပြစ်မှုတစ်ခုအတွက် သက်ဆိုင်ရာ အာဏာပိုင်များအား ရှေ့နေမှ အကြောင်းကြားရန် မလိုအပ်ပေ။

အတွင်းရေးကိစ္စရပ်များအကြောင်းကို ဆွေးနွေးကြရာတွင် ထည့်သွင်းစဉ်းစားရမည့် ဥပဒေဆိုင်ရာ ပြဌာန်းချက်တချို့လည်း ကျန်ရှိပါသေးသည်။ (၇) ကြိမ်မြောက်ထုတ်ဝေခဲ့သည့် ရှေ့နေများ၏ တာဝန်များနှင့် ရပိုင်ခွင့်များဆိုင်ရာ ကျင့်ဝတ်များ၊ ပုဒ်မ ၁၅၁ အရ ...

ရှေ့နေများသည် အမှုသည်နှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများအားလုံးကို လုံခြုံစွာ ထိန်းသိမ်းထားရှိပေးရန် တာဝန်ရှိပြီး အမှုပြီးဆုံးသွားသည့်အခါ (သို့) အမှုလိုက်ပါဆောင်ရွက်ပေးခြင်း မရှိတော့သည့်အခါ … ထို စာရွက်စာတမ်းများအားလုံးကို အမှုသည်၏လက်သို့ စနစ်တကျ ပြန်လည် လွှဲပြောင်းပေးအပ်ရမည်။

ဤလိုအပ်ချက်သည် သက်သေခံအက်ဥပဒေ ပုဒ်မ ၁၂၆ ၌ ဖော်ပြထားသည့်အချက်နှင့် ဆင်တူသည်။ ထို၌ ဖော်ပြထား သည်မှာ ရှေ့နေများသည် အမှုသည်များ၏ အတွင်းရေးနှင့်ဆိုင်သည့် စာရွက်စာတမ်းများအားလုံးကို ထိန်းသိမ်းပေးထားရ မည်ဖြစ်ကြောင်းနှင့် အမှုပြီးဆုံးသွားသည့်အခါ ထိုစာရွက်စာတမ်းများကို အမှုသည်များထံ ပြန်လည်ပေးအပ်ရန်ဖြစ်သည်။

- **အကျဉ်းထောင်များအက်ဥပဒေ ပုဒ်မ ၄၀** - အကျဉ်းထောင်တိုင်းတွင် ပြင်ပမှ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံနိုင်ရန် သင့်လျော်သည့်အချိန်များနှင့် သင့်လျော်သည့် စည်းကမ်းချက်များကို ချမှတ်ပေးရမည်။ တရားမ (သို့) ပြစ်ဒဏ် မကျခံရသေးသည့် အချုပ်သားများ၏ တွေ့ဆုံရန်အတွက် လိုလားချက်များကို ခွင့်ပြုရာတွင် တရား ဥပဒေနှင့် အညီ ဖြစ်စေရမည်။ အချုပ်တရားခံများအနေဖြင့် မိမိတို့၏ ရှေ့နေများနှင့် တိုင်ပင်ဆွေးနွေးခွင့်ရှိသည့်အပြင် ယင်းသို့တိုင်ပင်ရာတွင် လွတ်လပ်စွာ ဆွေးနွေးခွင့်ရှိသည်။

ဤဥပဒေဆိုင်ရာအပိုင်းသည် မကြာခဏဆိုသလို သတိမမူမိသည့်အပိုင်း ဖြစ်သည့်**အလျောက်** ထိုဥပဒေဆိုင်ရာ အကြောင်း အရာများကို ပြစ်မှုဖြင့်စွဲဆိုခံရသော ပုဂ္ဂိုလ်များအတွက် တာဝန်ရှိသောအရာရှိများမှ သတိမူမိစေရန် ရှေ့နေများသည် လုပ်ဆောင်ပေးရမည်။

**အမှုသည်များကိုယ်တိုင် အဓိကဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် ကူညီပေးခြင်း**

## ဖြောင့်ချက်ပေးလိုသော (သို့) အပြစ်ရှိကြောင်းဝန်ခံလိုသော အမှုသည်များနှင့် ဆက်ဆံခြင်း

ရှေ့နေများမှ အမှုလိုက်ပါဆောင်ရွက်ရာတွင် အောက်ဖော်ပြပါအမှုသည်များနှင့် ကြုံတွေ့ရနိုင်ပါသည်။ အချို့သော အမှုသည်များသည် (ရဲမှ စုံစမ်းထောက်လှမ်းမှုများပြုလုပ်နေစဉ်အဆင့်) ၌ပင် အပြစ်ရှိကြောင်း ဝန်ခံလိုကြပြီး **အ**ချို့သော အမှုသည်များမှာမူ တရား**ခွင်**သို့ အမှုတင်သွင်းလိုက်သည့်အခါ အပြစ်ရှိကြောင်း ဝန်ခံလိုသူများလည်း ရှိကြပါသည်။ ထိုသို့သော အမှုသည်အများစုတို့သည် မူလအစပိုင်းတွင် ၎င်းတို့ကို ကိုယ်စားပြုမည့် ရှေ့နေအား ငြင်းပယ်လေ့ ရှိကြပါသည်။ ထိုသို့ အလိုမရှိသည့်တိုင် တရားမျှတမှုစင်တာများမှ ရှေ့နေများသည် ထိုအမှုသည်များကို ချဉ်းကပ်**ကာ** ၎င်းတို့လိုအပ်မည့် အကူအညီများ ပေးရပါမည်။ ထို့အပြင် ၎င်းတို့၏ ပန်းတိုင်များကို ဆုံးဖြတ်ချက်ချနိုင်စေရန်နှင့် ထိုသို့ဆုံးဖြတ်ချက်မချမီ ရွေးချယ်နိုင်မည့် တခြားသော ရွေးချယ်စရာများကိုလည်း သိရှိနားလည်အောင် ကူညီပေးရပါမည်။ တရားမျှတမှုစင်တာများ သည် အမှုသည်များအတွက် ကိုယ်စားပြုရပ်တည်ပေးရာတွင် "အပြစ်ကင်းစင်သော" အမှုသည်များ သို့မဟုတ် စွဲချက်များအပေါ် ငြင်းဆန်လိုသော အမှုသည်များအတွက်သာ ကိုယ်စားပြု ရပ်တည်ပေးရမည်မဟုတ်ဘဲ မျှတသောတရားခွင်ဖြစ်ရေးအတွက် တရားဝင်လုပ်ထုံးလုပ်နည်းများနှင့် ရှေ့နေတစ်ဦး၏ လုပ်ပိုင်ခွင့်အာဏာများကို အပြည့်အဝ အသုံးချကာ ဆောင်ရွက်ပေးရမည်။

အပြစ်ရှိကြောင်း ဝန်ခံလိုသည့် အမှုသည်များ၏အကြောင်းများကို ၄င်းတို့၏ ရှေ့နေများမှ ကြားနာပြီး ဖြစ်ရမည်။ ရှေ့နေများ အနေဖြင့် ... အမှုဖြစ်ကြောင်းခြင်းရာများ၊ အမှုသည်၏ ရည်မှန်းချက်ပန်းတိုင်များ၊ နှင့် ဦးစားပေး ဆောင်လိုသည့် အရာများကို သိရှိထားသင့်သည်။ မည်သည့်အရာများအပေါ် အမှုသည်များမှ ဖြောင့်ချက် ပေးလိုကြသနည်း သို့မဟုတ် ဝန်ခံလိုကြသနည်း။ အမှုနှင့်ပတ်သက်၍ ကျင့်သုံးနိုင်သည့် ဥပဒေများနှင့် အမှုသည် များရရှိနိုင်မည့် ဖြစ်နိုင်သော ခုခံချေပချက်များ (ဥပမာ - ပစ္စည်းအစုရှယ်ယာပိုင်ဆိုင်ခွင့်၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကာကွယ်ခုခံပိုင်ခွင့် သို့မဟုတ် တရားလိုဘက် သက်သေခံချက် မလုံလောက်မှု) တို့ကို အမှုသည်များအား ရှင်းပြပေးရမည်။ ထို့အပြင် ဖြောင့်ချက်ပေးခြင်း သို့မဟုတ် အပြစ်ရှိကြောင်း ဝန်ခံခြင်းများမှ ရရှိလာနိုင်မည့် အကျိုးဆက်များကိုလည်း ရှေ့နေမှ ရှင်းပြပေးရမည်။ အမှုသည် အများစုတို့သည် ၄င်းတို့ ရင်ဆိုင်ရမည့် နစ်ရှည်ထောင်ဒဏ်များကို မသိကြပါ။ တရားသူကြီးမှ ဥပဒေနှင့်မညီသော အပြစ်ဒဏ်ချမှတ်ခဲ့လျှင် ပြင်ဆင်မှု တင်သွင်းနိုင်သော်လည်း ၄င်းတို့၏ အယူခံပိုင်ခွင့်ကို စွန့်လွှတ်ရလိမ့်မည်ဟု မသိရှိကြပါ။

## ရဲမှ စုံစမ်းထောက်လှမ်းနေစဉ်အတွင်း ဝန်ခံချက်ပေးရာတွင် သတိပြုရန်အချက်များ

ရဲမှ စုံစမ်းထောက်လှမ်းနေစဉ်အဆင့်၌ ဝန်ခံချက်ပေးလိုသော အမှုသည်တစ်ဦးသည် ၄င်း၌ အပြစ်ရှိကြောင်း ဝန်ခံရန် မရည်ရွယ်သော်လည်း အမှုဖြစ်ကြောင်းခြင်းရာများကို ရဲထံသို့ ပြောပြပြီး ၄င်း၏အမှုကို စောစီးစွာ ပယ်ပေးရန် တောင်းဆို နိုင်သည်။ ယေဘုယျအားဖြင့်ဆိုလျှင် ... ထိုသို့ ပြုလုပ်ခြင်းသည် မှန်ကန်သော လုပ်ဆောင်ချက်တစ်ရပ်ဖြစ်သည်ဟု မဆိုနိုင်ပါ။ အမှုတွဲဆောင်ရွက်နေစဉ် ဤအဆင့်၌ အမှုသည်ဘက်မှ မည်သည့် ဝန်ခံချက်မျိုးမှ မပေးမိစေရန် အကြံပြု ပြောကြားထားရမည်။ တရားခံအတွက် လိုက်ပါ ဆောင်ရွက် ပေးမည့် ရှေ့နေနှင့် ဆောလျင်စွာ ချိတ်ဆက်ခြင်းသည် ဤသို့သောဝန်ခံမှုများနှင့် ဆန့်ကျင်နိုင်သည့် အကောင်းဆုံး ခုခံကာကွယ်မှုဖြစ်သည်။ အမှုသည်ဘက်မှလည်း ရှေ့နေနှင့် တိုင်ပင်ဆွေးနွေးထားခြင်း မရှိသည့် ကိစ္စရပ်များကို ရဲ သို့မဟုတ် ရာဇဝတ်တရားသူကြီးများအား ထုတ်ဖော်ပြောဆိုခြင်း မပြုရန် ရှေ့နေမှ အကြံပေး ပြောကြားထားရမည်။ အမှုသည်ဘက်မှ ထွက်ဆိုချက်ပေးခြင်းကို အားမပေးသည့် အကြောင်း ရင်းများမှာ -

- အမှုသည်အား ထိခိုက်စေနိုင်သည့် သက်သေခံချက်များ ဖန်တီးခြင်းမှ ရှောင်ရှားနိုင်ရန်။
- တစုံတရာသော ခုခံရေးလမ်းကြောင်းကြောင့် အမှုသည် ချောင်ပိတ်ခံရခြင်းမှ ကာကွယ်တားဆီးနိုင်ရန်။
- အမှုသည်အား ထိခိုက်စေနိုင်သည့် စွဲချက်များ ပြုလုပ်ခြင်းမှ ရှောင်ရှားနိုင်ရန် - (ထိုသို့ စွဲဆိုခြင်းသည် အထက် တရားရုံး၏ ခွင့်ပြုမိန့်ဖြင့်သာ ပြုလုပ်နိုင်သည်။) ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ၃၄၂ (၁)
- တရားခံဘက်မှ သက်သေခံချက်များကို အချိန်မကျသေးဘဲ ထုတ်ဖော်ခြင်းမှ ရှောင်ရှားနိုင်ရန်။

ရှေ့နေများမှ အမှုသည်များအား နှုတ်ဆိတ်စွာနေရန် အကြံပေးခြင်းအပေါ် တားမြစ်ချက်များ မရှိပါ။ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၁၆၃ (သို့သော် ယေဘုယျအားဖြင့် ... ရဲထံသို့ ထွက်ဆိုကြသည့် ထွက်ဆိုချက်များကိုကား အားမပေးပါ။ ထိုအရာများသည် ယခုအခြေအနေနှင့်လည်း မသက်ဆိုင်ပါ။)

သို့သော် တချို့သော အမှုများတွင် **တရားခံမှ** ၄င်း၏အမှုဇာတ်လမ်းကို အတင်းအကျပ်ပြောပြလိုသည့် အချိန်များလည်း ရှိတတ်ပါသည်။ ထိုသို့သော အခြေအနေမျိုးတွင် ... ရရှိထားသည့်အချက်အလက်များကို အသုံးပြုပြီး အမှုသည်အတွက် အကောင်းဆုံးဖြစ်စေနိုင်မည့် ထွက်ဆိုချက်မျိုးကို ရှေ့နေမှ ပြင်ဆင်ပေးရမည်။

## ပြစ်ဒဏ်မှလွတ်ငြိမ်းချမ်းသာခွင့်ရရှိရန်အတွက် အပြစ်ရှိကြောင်းဝန်ခံခြင်း

အပြစ်ရှိကြောင်း ဝန်ခံသည့် အမှုသည်များသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၃၇ နှင့် ၃၃၈ တို့အရ ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ကို ရရှိကောင်း ရရှိနိုင်မည်။ သို့သော် သက်ဆိုင်ရာတရားသူကြီး၏ အခွင့်

အာဏာဖြင့်သာ လွတ်ငြိမ်း ချမ်းသာခွင့်ကို ပေးနိုင်သည်။ ထိုလွတ်ငြိမ်းချမ်းသာခွင့်ကို ရရှိလိုသူသည် အမှု၌ ပါဝင်ပတ်သက်ခဲ့သူများအကြောင်းကို မခြွင်းချန်ဘဲ ထိုသူသိသမျှ အမှန်အတိုင်း ဖော်ထုတ်ပြောဆို ဖြောင့်ချက် ပေးရမည်။

- ပြစ်ဒဏ်မှလွတ်ငြိမ်းချမ်းသာခွင့်ပေးနိုင်သည့် အခြေအနေများနှင့် အာဏာများကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၃၃၇ နှင့် ၃၃၈ တို့တွင် ဖော်ပြထားပါသည်။
- ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ကို လက်ခံရယူပြီးသူသည် အဓိကအရေးကြီးသည့် အချက် တစ်စုံတစ်ရာ ကို ၎င်း၏ စိတ်အလိုအလျောက် ဝှက်သိမ်းခြင်းဖြင့်သော်၎င်း၊ မမှန်သက်သေခံခြင်းဖြင့်သော်၎င်း ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာ ခွင့်ပေးခဲ့သည့် စည်းကမ်းများကို လိုက်နာခြင်းမပြုဟု မိမိထင်မြင်ကြောင်း ဖြင့် အစိုးရရှေ့နေက စာဖြင့်အခိုင်အမာ တင်ပြလာလျှင် ထိုသူကို ပြစ်ဒဏ်လွတ်ငြိမ်း ချမ်းသာခွင့် ပေးခဲ့သည့်ပြစ်မှုအတွက် စစ်ဆေးစီရင်နိုင်သည်။ ပြစ်မှု ဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၃၉ ။

## အပြစ်ရှိကြောင်း ဝန်ခံခြင်းများ

အမှုသည်များအတွက် ကိုယ်စားပြုရပ်တည်ပေးမည့်ရှေ့နေများသည် အပြစ်ရှိကြောင်းဝန်ခံနိုင်မည့် ပုံစံနှစ်မျိုးကို နားလည် သိရှိထားရန်လိုအပ်ပါသည်။

ပထမပုံစံမှာ - တချို့သောအမှုသည်များသည် အမှုနှင့်သက်ဆိုင်သည့် အကြောင်းခြင်းရာများနှင့် ဥပဒေများအပေါ် သေချာစွာ စဉ်းစားသုံးသပ်ပြီး ၎င်းတို့၏ ရှေ့နေများနှင့် ဆွေးနွေးတိုင်ပင်ကာ အမှုရင်ဆိုင်ခြင်းထက် ဝန်ခံခြင်းများ ကို လုပ်ဆောင်လေ့ရှိကြပါသည်။ ထိုအခါ ရှေ့နေတစ်ဦးအနေဖြင့် လိုအပ်သည့် စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်ပြီး ဖြစ်နိုင်သည့် ခုခံကာကွယ်ရေးလမ်းကြောင်းများနှင့် အထူးခုခံကာကွယ်ရေးနည်းလမ်းများကို စဉ်းစား တွေးခေါ်ထားရပါမည်။ ထိုသို့ တွေးခေါ် ပြီးမှသာ အမှုသည်အား အကြံပေးမှုများ ပြုလုပ်ရပါမည်။ သက်သေခံ ချက်များစုဆောင်းရန် စုံစမ်းထောက်လှမ်းခြင်း၊ ခုခံကာကွယ်ရေးလမ်းကြောင်းနှင့် အထူးခုခံကာကွယ်ရေး လမ်းကြောင်းများအပိုင်းကို ကြည့်ပါ။ ထိုသို့သော အခြေ အနေမျိုး၌ အမှုသည် မျှော်မှန်းထားသည့် ပန်းတိုင်များ ရရှိနိုင်ရန်နှင့် မျှတသောပြစ်ဒဏ်ကို ရရှိနိုင်ရန် ရှေ့နေမှ ကူညီပေးရပါမည်။ ထို့အပြင် ပို၍ကြီးလေးသော အပြစ်ဒဏ်များ သို့မဟုတ် အခြားသူများအပေါ် ငြိစွန်းသွားနိုင်သည့် "လိုအပ်သည်ထက်ပိုသော ဝန်ခံမှုများ" မပြုလုပ်ရန်လည်း ရှေ့နေမှ ဂရုပြုပေးရပါမည်။ နောက်ဆုံးတစ်ချက်မှာ -ဥပဒေနှင့် မညီညွတ်သော ပြစ်ဒဏ်များ ချမှတ်လိုက်ပါက ပြင်ဆင်မှုတင်သွင်းရန် ရှေ့နေတစ်ဦး အနေဖြင့် အဆင်သင့်ဖြစ်နေစေရ ပါမည်။

ဒုတိယပုံစံမှာ - အမှုသည်များ သို့မဟုတ် ၎င်းတို့၏မိသားစုဝင်များသည် ၎င်းတို့ ယခင်က ပြုလုပ်ထားခဲ့သည့် ဝန်ခံချက်များ အပေါ် ရုပ်သိမ်းခြင်းများနှင့် ပယ်ဖျက်ခြင်းများ ပြုလုပ်ရန်အတွက် တရားမျှတမှုစင်တာ သို့မဟုတ် အခြားသော တရားခံ ရှေ့နေများသို့လည်း သွားရောက်ချဉ်းကပ်နိုင်သည်။ ထိုအမှုမျိုး၌ လိုက်ပါဆောင်ရွက်မည့် ရှေ့နေများသည် ဥပဒေဆိုင်ရာ လိုအပ်ချက်များနှင့် အပြစ်ရှိကြောင်းဝန်ခံလိုက်ခြင်း၏ လက်တွေ့အကျိုးဆက်များ အားလုံးကို သေချာစွာ နားလည်ထားရပါမည်။

## လျှောက်လဲချက်ပေးရမည့်အချိန်

ပြစ်ဒဏ်လျှော့ပေါ့ပေးရန် တောင်းဆိုခြင်း (သက်ညှာသော ပြစ်ဒဏ်ချမှတ်ပေးရန် တောင်းဆိုခြင်း) အတွက် မြန်မာ့ဥပဒေ၌ သီးသန့်ဖော်ပြထားခြင်း မရှိသကဲ့သို့ လက်တွေ့ကျင့်သုံးခြင်းလည်း မရှိပါ။ သို့သော် တရားရုံး

တော်အတွင်း ဝန်ခံချက် ပေးသည့်အခါ လျော့ပေါ့အပြစ်ဒဏ်အတွက် တောင်းဆိုခွင့်ရှိသည်။ ထိုသို့ တောင်းဆိုရာတွင်လည်း သမ္မန်မှုများ သို့မဟုတ် ဝရမ်းမှုများအလိုက် တောင်းဆိုနိုင်ချိန်များ ကွဲပြားသွားနိုင်ပါသည်။ မည်သို့ပင်ဖြစ်စေကာမူ ... ဝန်ခံချက်ပေးရန် ... လိုအပ်မည့် ဥပဒေဆိုင်ရာလိုအပ်ချက်များနှင့် နောက်ဆက်တွဲ ချမှတ်နိုင်မည့်အပြစ်ဒဏ်များသည် တူညီသင့်ပါသည်။

သမ္မန်မှုများ

သမ္မန်မှုများတွင် ... တရားခံမှ အပြစ်ရှိကြောင်း ဝန်ခံလိုပါက ... တရားလိုဘက်မှ သက်သေခံပစ္စည်းများ တင်သွင်းခြင်း မပြုမီ စုံစမ်းစစ်ဆေးနေသည့်အဆင့်၌ အပြစ်ရှိကြောင်း ဝန်ခံနိုင်သည်။ တရားသူကြီးသည် ပထမ သတင်းပေး တိုင်ကြားချက်နှင့် ဥပဒေအရာရှိမှ ပေးအပ်လာသည့် အချက်အလက်များကို အသုံးပြုပြီး တိုင်တန်းချက်များကို ရှင်းပြပေးရမည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၄၂။ တရားခံက ပြစ်မှုအပေါ် ဝန်ခံလိုခြင်း (သို့) ထုချေလိုခြင်း ရှိမရှိကိုလည်း တရားသူကြီးမှ မေးမြန်းရမည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၄၃။ အကယ်၍ တရားခံက ပြစ်မှုကို ကျူးလွန်ခဲ့ကြောင်း ဝန်ခံခဲ့လျှင် ထိုဝန်ခံချက်ကို ၎င်းပြောဆိုသုံးနှုန်းသည့် စကားလုံးနှင့် နီးစပ်နိုင်သမျှ တရားသူကြီးမင်းက ရေးမှတ်ရမည်။ ထို့နောက် တရားသူကြီးမှ ထိုက်သင့်သည့် အပြစ်ဒဏ်ကို ချမှတ်ပေးရမည်။ (ထိုပုဒ်မကို ကြည့်ပါ။)

**ဝရမ်းမှုများ**

ဝရမ်းမှုများသည် ကြီးလေးသောအပြစ်ဒဏ်များကို ချမှတ်နိုင်သောကြောင့် ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံလိုသော အမှုသည် များအား ၎င်းတို့၏ ရှေ့နေများမှ သေချာစွာ ဆွေးနွေးလမ်းညွှန်ပေးရန် လိုအပ်ပါသည်။ လုပ်ထုံးလုပ်နည်းအရဆိုလျှင် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေစဉ်အတွင်း တရားလိုဘက်မှ သက်သေများ တင်သွင်းပြီးနောက် တရားသူကြီးက စွဲချက်တင် ရန် လုံလောက်သော သက်သေခံချက်များနှင့် ပြည့်စုံသည်ဟု မှတ်ယူမှသာ စွပ်စွဲခံရသူများက ဝန်ခံချက်များ ပေးကြရသည်။ အမှု၏လမ်းကြောင်း၌ ဆွေးနွေးခဲ့ သကဲ့သို့ "ထို့နောက် စွဲချက်ကို တရားခံအား ဖတ်ပြပြီး ရှင်းပြရမည်။ ထို့ပြင် တရားခံအား အပြစ်ရှိ၊မရှိ သို့မဟုတ် တစ်စုံတစ်ရာ ခုခံချေပရှင်းလင်းရန်ရှိ မရှိတို့ကို မေးမြန်းရမည်။" ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၅(၁)။ သမ္မန်မှုများကဲ့သို့ "တရားခံက ၎င်း၌ အပြစ်ရှိကြောင်း ဖြေကြားလျှင် ယင်းဖြေကြားချက်ကို ရာဇဝတ်တရားသူကြီး က မိမိသဘောအတိုင်း ၎င်းဖြေကြားချက်အရ တရားခံအပေါ် ပြစ်မှုထင်ရှားစီရင်နိုင်သည်။" ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၂၅၅ (၂)။

## အပြစ်ရှိကြောင်းဝန်ခံခြင်း၏ အင်္ဂါရပ်များ

ဥပဒေ**ကြောင်း**အရ အပြစ်ရှိကြောင်း ဝန်ခံခြင်းသည် သာမန်အပြစ်ရှိကြောင်း ဝန်ခံခြင်းများ **ထက်ပိုသည်။** တရားခံ၏ ဝန်ခံခြင်း၌ ပြစ်မှု၏ အင်္ဂါရပ်၊ စွဲချက်မြောက်စေသည့် အချက်များနှင့် ရာဇဝတ်ပြစ်ဒဏ်များကို ထည့်သွင်းဖော်ပြပေးရမည်။ မြန်မာ့ တရားရုံးများလက်စွဲ အပိုဒ် ၅၆၇ ၌ ဖော်ပြထားသည်မှာ - "တရားခံအား ဖြေကြားရန် ပြောဆိုသည့်အခါ မိမိအပေါ် တင်ထားသော စွဲချက်ကို မြောက်စေသည့် အင်္ဂါရပ်အားလုံးတို့ကို တရားခံက ဝန်ခံခြင်းမပြုလျှင်၊ အပြစ်မရှိ ဟူသော ဖြေကြားချက်ကို ရေးမှတ်ရမည်။ လူသတ်မှုနှင့်ဖြစ်စေ၊ ရာဇဝတ်ပြစ်ဒဏ်ထိုက်သော လူသေမှုနှင့်ဖြစ်စေ၊ စွဲချက် တင်ထား သော တရားခံက၊ သေသူကို မိမိသတ်သည်ဟုသာ ဝန်ခံသော ဖြေကြားချက်သည်၊ အပြစ်ရှိသည်ဟူသော ဖြေကြားချက် မဟုတ်။ တရားခံ၏

ဖြေကြားချက်မှာ၊ စွဲချက်ကို တိကျပြတ်သားစွာ ဝန်ခံသည့်ဖြေကြားချက်မဟုတသမျှ၊ ထိုဖြေကြားချက်မှ တရားခံ အပြစ်ရှိသည်ဟူသော ကောက်ယူချက်ကို မပြုရ။ ထိုကဲ့သို့သော ဝန်ခံချက်မရှိမှု၊ စွဲချက်ကို သက်သေထင်ရှား ပြရမည်။"

စပ်ဆိုင်သော တရားရုံး၏ ကိုးကားချက်များ

- တရားသူကြီးသည် တရားခံ၏ နားလည်မှုနှင့် ကျန်းမာရေးအပေါ် အခြေခံပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သင့်သည်။ သို့မဟုတ်လျှင် ၎င်း၏ဝန်ခံချက်ကို နောက်ပိုင်း၌ ပြန်လည်ရုပ်သိမ်းနိုင်သည်။ ၂ အိန္ဒိယနိုင်ငံကျင့်ထုံး များ၊ ၁၉၁၅ လာဟိုး၊ နာ ၄၈၇၊ (၄၉၃)။
- ဥပဒေနှင့် အကြောင်းခြင်းရာများကို တရားသူကြီးမှ ရှင်းပြပေးရမည်။ အိန္ဒိယနိုင်ငံကျင့်ထုံး ၁၉၂၃၊ ရန်ကုန်၊ နာ ၁၂၃၊ မောင်ဆင်၊ (တရားသူကြီးသည် တရားခံအား စွဲဆိုထားသည့် ပြစ်မှုဆိုင်ရာ အကြောင်းခြင်းရာများနှင့် အင်္ဂါရပ်များကို မပြောပြခဲ့ပါ၊ ကျေးရွာအက်ဥပဒေနှင့် စွဲဆိုခဲ့ပါသည်)၊ ၁၈၊ အိန္ဒိယနိုင်ငံကျင့်ထုံးများ၊ ၁၉၃၁ ဘုံဘေ၊ နာ ၁၉၅ (၁၉၆)။

- အပြစ်ရှိကြောင်း ပြဆိုနိုင်မည့် လိုအပ်သော အကြောင်းခြင်းရာများကို တရားသူကြီးမှ စစ်ဆေး ဖော်ထုတ်ရမည်။ ကျွန်တော်အပြစ်ရှိပါတယ်၊ ကျွန်တော် ဒီပြစ်မှုကို ကျူးလွန်မိပါတယ် ဟုပြောဆိုရုံမျှနှင့် မလုံလောက်ပါ။ မောင်ပို နှင့် အစိုးရ (ဘုရင်ဧကရာဇ်)၊ ၁၄ အောက်မြန်မာနိုင်ငံတရားစီရင်ထုံးများ ၁၂၆၊ တရားသူကြီးသည် စွဲဆိုထားသည့် ပြစ်မှု ပါ အင်္ဂါရပ်တိုင်းအတွက် လုံလောက်သည့် အကြောင်းခြင်းရာများကို တရားခံက ဝန်ခံကြောင်း ခံလုံသည့် အခြေခံ အချက်အလက်များကို တရားသူကြီးက တည်ဆောက်ရမည်။
- အပြစ်ရှိကြောင်း ဝန်ခံခြင်းသည် မိမိကိုယ်တိုင်သိရှိပြီး မိမိ၏ဆန္ဒအရ ဝန်ခံခြင်းမျိုးဖြစ်ရမည်။ တရားခံတစ်ဦး က အပြစ်ရှိ ကြောင်း ဝန်ခံသည်ကို တရားသူကြီးက လက်ခံရုံမျှဖြင့် မလုံလောက်ပါ။ စွဲချက်၏ သဘော သဘောဝကို နားလည်ကြောင်း၊ အမှုဖြစ်ကြောင်းခြင်းရာများနှင့် ဝန်ခံခြင်း၏ အကျိုးဆက်များကို နားလည် ကြောင်း သေချာရန် လိုအပ်သည်။ ဆရီ ဆဝါမာ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် (ဦးသိန်းမောင်)၊ ၁၉၅၄ မြန်မာနိုင်ငံစီရင်ထုံး (တရားလွှတ်တော်)၊ ၃၃၁။

## အပြစ်ရှိကြောင်းဝန်ခံပြီးနောက် အပြစ်ဒဏ်ချမှတ်ခြင်း

အပြစ်ရှိသည်ဟု ဝန်ခံသူများအား အပြစ်ဒဏ်ချမှတ်ရာတွင် အမှုတခုလုံးကို အပြည့်အဝစစ်ဆေးပြီး ဆုံးဖြတ်ချက် ချမှတ်သကဲ့သို့ တူညီသော လုပ်ထုံးလုပ်နည်းများကို လိုက်နာရပါမည်။ (အပြစ်ဒဏ်ချမှတ်ခြင်းအပိုင်းကို ကြည့်ပါ။)

အပြစ်ဒဏ်လျှော့ပေါ့ပေးရန် တောင်းဆိုလျှောက်ထားခြင်းကို မြန်မာနိုင်ငံ၌ ခွင့်ပြုထားခြင်း မရှိသော်လည်း ... ရှေ့နေများမှ သက်ဆိုင်ရာ ပြစ်ဒဏ်လျှော့ပေါ့စေမည့် သက်သေခံချက်များ၊ နှင့် ထောင်ဒဏ် အကျဉ်းချခြင်း ဆိုင်ရာ အထုံးပြဋ္ဌာန်းချက်များကို အသုံးပြုပြီး အမှုသည်များအတွက် ပြစ်ဒဏ်လျှော့ပေါ့စေရန် လျှောက်လဲ တင်ပြပေးရမည်။ အပြစ်ဒဏ် လျှော့ပေါ့ပေးရန် (အကျဉ်းချခံထားရသည့်အချိန်ကာလအပိုင်းအခြား) စိတ်ဆန္ဒ ရှိနေသည့် တရားသူကြီးမင်းအပေါ် ရှေ့နေမှ အခွင့်ကောင်း ယူသင့်လျှင်လည်း ယူရမည်။ ထိုသို့ အပြစ်ဒဏ် လျှော့ပေါ့စေရန်အလို့ငှာ အပြစ်ရှိကြောင်း လျှောက်ထားခြင်းကြောင့် အမှုသည်များလည်း အမြန်ဆုံး လွတ်မြောက်လာနိုင်သည်။

သို့သော် ထိုသို့ အပြစ်ဒဏ်လျှော့ပေါ့စေရန်အတွက် တောင်းပန်လျှောက်ထားခြင်းသည် တချို့သော တရားသူကြီးများ၊ ရဲများနှင့် ဥပဒေအရာရှိများအတွက် လာဘ်ပေးလာဘ်ယူ ပြုလုပ်နိုင်သည့် နည်းလမ်းများ ဖြစ်မသွားစေရန် ရှေ့နေများ (တရားမျှတမှုစင်တာမှ ရှေ့နေများနှင့် တခြားသော ပုဂ္ဂလိကရှေ့နေများ) မှ အထူးသတိပြုရပါမည်။ ထို့အပြင် ထိုသို့ လာဘ်ပေးလာဘ်ယူများ မလုပ်သည့်တိုင် … သေးငယ်သောပြစ်မှုများ၌ "အပြစ်ဒဏ်လျှော့ပေါ့စေရေး" အတွက် လိုအပ် သည်ထက်ပို၍ တောင်းဆိုပါက ခိုင်မာသော ပြစ်မှုဆိုင်ရာတရားရေးစနစ် (တရားဥပဒေစိုးမိုးရေး၊ အပြစ်ကင်းစင်ကြောင်း မှတ်ယူခြင်းနှင့် သက်သေပြရန်တာဝန်များဖြင့်) တည်ဆောက်ရေးတွင် ပေါ့လျော့မှုများ ဖြစ်နိုင်ပါသည်။

စွဲချက်တင်သည့်ပြစ်မှုအပေါ် တရားခံမှ အပြစ်ရှိကြောင်း ဝန်ခံခဲ့သည့်တိုင် လျှောက်ထားချက်ကို လက်ခံရန် တရားသူကြီး၌ တာဝန်မရှိပါ။ ကြည့်ရန် --- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ၂၅၅(၂)

## အမှုသည်အား နှုတ်ဆိတ်စွာနေနိုင်ရန် ကူညီပေးခြင်း

ပြစ်မှုဖြင့် စွဲဆိုခံထားရသည့် တရားခံ၏ နှုတ်ဆိတ်စွာ နေပိုင်ခွင့်သည် မြန်မာ့ဥပဒေနှင့် လက်တွေ့လုပ်ငန်းစဉ်များ၌ ရှင်းလင်းစွာ ဖော်ပြထားခြင်းမရှိပါ။ သက်သေခံချက်/ဖြောင့်ချက်ပေးခြင်း အပိုင်းနှင့် အထက်၌ ဆွေးနွေးခဲ့သကဲ့သို့ … ယခု တရားခွင်၌ ထွက်ဆိုကြရာတွင် "သက်သေ"အဖြစ် ထွက်ဆိုပေးခြင်း သို့မဟုတ် "တရားခံ" အဖြစ် အစစ်ခံခြင်းကို ရွေးချယ်နိုင်ရန် သက်သေခံထွက်ဆိုခြင်း (သို့) ဖြောင့်ချက်များပေးခြင်း၏ အကျိုးဆက်များကို တရားသူကြီးမှ တရားခံအား အကြံပြု ပြောကြားပေးရန် လိုအပ်ပါသည်။

စွပ်စွဲခံရသည့်တရားခံအား "၄င်းကိုယ်တိုင် သက်သေခံအဖြစ် အစစ်ခံခြင်း သို့မဟုတ် အပြစ်ရှိကြောင်း ဖြောင့်ဆိုခြင်း" များကို အတင်းအဓမ္မခိုင်းစေခြင်း မပြုစေဘဲ အမှုဖြစ်ကြောင်းခြင်းရာများကို ၄င်းကိုယ်တိုင် ထွက်ဆိုစေရမည်။ (ထိုသို့မဟုတ်ဘဲ အတင်းအဓမ္မပြောဆိုစေပါက ကမ္ဘာလုံးဆိုင်ရာ စံချိန်စံညွှန်းများကို ချိုးဖောက်ရာ ကျပါသည်။ ဥပမာ - နိုင်ငံတကာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူ စာချုပ် ပုဒ်မ ၁၄(၃) (ဆ) အရ။)

ပြစ်မှုနှင့်ဆိုင်သည့် အင်္ဂါရပ်တိုင်းအပေါ် သံသယကင်းရှင်းအောင် သက်သေပြရန်တာဝန်သည် ဥပဒေအရာရှိ၌ ရှိသည် ဆိုသော်လည်း အမှုအများစုအတွက်ကား ထိုသို့ပြုလုပ်ရန်မလိုအပ်ပေ။ အကယ်၍ တရားခံသည် တရားခွင် စစ်ဆေးစီရင် ခြင်း၌ သက်သေခံချက်အဖြစ် ထွက်ဆိုပါက ရရှိနိုင်မည့် ကောင်းကျိုးများနှင့် ဆိုးကျိုးများကို တရားခံရှေ့နေတစ်ဦးအနေဖြင့် သေချာစွာ စဉ်းစားထားရပါမည်။ ထို့ပြင် ဖြစ်ပေါ်လာနိုင်မည့် အကျိုးဆက်များကိုလည်း တရားခံနှင့် ဆွေးနွေးတိုင်ပင် ထားရမည်။ အမှုသည်အပြစ်ရှိကြောင်းကို တခြား မည်သည့် သက်သေခံချက်က ပြသနိုင်သနည်း။ ထိုသို့သော သက်သေခံ ချက်များသည် သက်သေခံအရာဝင်ပါသလား။ အမှုသည်မှ ရာဇဝတ်တရားသူကြီး သို့မဟုတ် တရားသူကြီးထံ ထွက်ဆို သည့် ထွက်ဆိုချက်များသည် သက်သေခံအရာဝင်ပါသလား။ တရားရုံးတော်သို့ ထွက်ဆိုခဲ့သည့် ထွက်ဆိုချက်များသည် အမှုသည်အတွက် အကောင်းဆုံးအကျိုးစီးပွားကို ဖြစ်စေနိုင်ပါသလား။ အမှုသည်၌ တရားဥပဒေအရ တားမြစ် ပိတ်ပင်ထားသော ပစ္စည်း လက်ဝယ်ရှိနေခြင်းအတွက် အပြစ်ကင်းစင်ကြောင်းရှင်းပြပေးရန် သက်သခံအဖြစ် ထွက်ဆိုရမည် လော။ သက်သေခံအဖြစ် ထွက်ဆိုခြင်းမှ ကြုံတွေ့နိုင်မည့် အကျိုးဆက်များအကြောင်းကို ရှေ့နေမှ အမှုသည်အား ပြောပြ ပေးထားရမည်။ ထို့ပြင် အမှုသည်အား နှုတ်ဆိတ်၍နေရန်လည်း အကြံပြုတိုက်တွန်း ပေးရမည်။ သက်သေခံအဖြစ် ထွက်ဆို ခြင်း၊ မထွက်ဆိုခြင်းသည် အမှုသည်၏ ဆုံးဖြတ်ချက်သာလျှင် ဖြစ်သည်။

အကယ်၍ အမှုသည်ဘက်မှ နှုတ်ဆိတ်စွာနေလိုပါက ... ထိုသို့နေလိုခြင်းနှင့်စပ်လျဉ်း၍ တရားရုံးတော်သို့ လျှောက်ထား တင်ပြသင့်မသင့်ကို ရှေ့နေဖြစ်သူမှ စဉ်းစားတွေးခေါ်ရမည်။ ထိုသို့ လျှောက်ထားရာတွင်လည်း ဥပဒေဆိုင်ရာခုခံချေပခြင်း များဖြစ်သည့် မခိုင်လုံသော သက်သေခံချက်များ သို့မဟုတ် တခြားသော တရားခံပြ သက်သေများအပေါ်၌ အားထား မှီခိုရ မည်။ ထို့အပြင် မြန်မာ့ဥပဒေနှင့် ကိုက်ညီမှု ရှိစေရန် အလို့ငှာ ... တရားခံမှ သက်သေအဖြစ် ထွက်ဆိုရန် စိတ်ဆန္ဒ မရှိခဲ့ပါက ထိုသို့ဆန္ဒမရှိကြောင်းကို ရှေ့နေမှ တရားခံကိုယ်စား ပြောဆိုပေးရမည်။

မည်သို့ပင်ဖြစ်စေကာမူ ... တရားခံ၏ နှုတ်ဆိတ်စွာ နေလိုခြင်းကို တရားသူကြီးမှ သိရှိထားပါက ... ယင်း တရားခံအား တရားသူကြီးမှ မေးခွန်းများ မမေးရပါ။ (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၃၄၂ (ခ) အရ)။ အမှုသည်မှ နှုတ်ဆိတ်စွာဖြင့် ကောင်းမွန်စွာနေနိုင်ရန် တရားခံရှေ့နေမှ သေချာစွာ ပြင်ဆင်ပေးထားရမည်။ အကယ်၍ လိုအပ်ပါက ... နှုတ်ဆိတ်စွာ နေရန် ဆုံးဖြတ်ထားသည့် အမှုသည်အပေါ် မေးမြန်းလာမည့် အဆက်မပြတ်သောမေးခွန်းများအပေါ် ကန့်ကွက်ကြောင်း ပြောဆိုပေးရမည်။

# တရားခံ၏ အခွင့်အရေးများ

ဤအခန်း၌ တရားခံ၏ အခြေခံအခွင့်အရေးများကို ဖော်ပြပေးပါမည်။ ထို အခွင့်အရေးများအကြောင်းကို ဤလက်စွဲ စာအုပ်၏ ကျန်နေရာများ၌လည်း ရှင်းလင်းဖော်ပြထားပါသည်။ နောက်ဆက်တွဲ (၁) ရှိ မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေမှ အကာအကွယ်ပေးမှုများ အပိုင်းကိုကြည့်ပါ။

## ကာကွယ်ခုခံပိုင်ခွင့်

- မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၇၅ - တရားခံ၌ ခုခံကာကွယ်ပိုင်ခွင့်ရှိသည်။
- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၂၀၈ (၂) - တရားခံသည် တိုင်ကြားသူအပါအဝင် တရားလိုဘက် သက်သေများကို အမှုစတင်ကြားနာစဉ်အချိန်မှစ၍ ပြန်လှန်စစ်မေးရန် အခွင့်အရေးရှိသည်။
- ငသက်ဦး နှင့် ဘုရင်ကေရာဇ်၊ အောက်မြန်မာနိုင်ငံပြည်စီရင်ထုံးများ အတွဲ၂၊ နှာ ၁၁၅ - ခုခံချေပနိုင်သည့် အခွင့်အရေးကို တရားခံမှ မရရှိခဲ့ပါက သူ့ကို ပြန်လည်စစ်ဆေးရမည်။
- တိုင်တန်းသူနှင့်တရားခံတို့သည် တရားရုံးရှိ စွဲချက်များကို သိရှိရန်၊ သက်သေများအား ခေါ်ယူ၍ ပြန်လှန်စစ်မေးရန်နှင့် ကြားနာရန် တူညီသောအခွင့်အရေးများ ရှိကြသည်။ ဥပမာ - မောင်အုံ့ဘွယ်ပါ (၂) နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၁၉၄၈ မြန်မာနိုင်ငံစီရင်ထုံး (လွှတ်တော်) ၈၆၃။ ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် အရှင်ပါ (၃)၊ ၁၉၅၅၊ မြန်မာနိုင်ငံ စီရင်ထုံး (လွှတ်တော်) ၃၁၇။ ဦးဘအေးပါ (၄) နှင့် မြန်မာနိုင်ငံတော်၊၁၉၅၈၊ မြန်မာနိုင်ငံစီရင်ထုံး၊ (လွှတ်တော်) ၅၄၈။ ဘီရှုး (ခ) မကျင်နုနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊၁၉၅၃မတစ (လွှတ်တော်) ၁၁၀။
- နိုင်ငံတကာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (ICCPR) ပုဒ်မ ၁၄(၃)(ဃ) ပုဂ္ဂိုလ် တစ်ဦးအား မှုခင်းတရပ်နှင့် ပတ်သက်ပြီးရာဇဝတ်ပြစ်မှုကြောင်းအရ တရားစွဲဆိုရာ၌ အောက်ဖော်ပြပါ ဘက်လိုက်ခြင်း မရှိသည့် အာမခံချက်များကို ရရှိစေရမည်။ ... ၎င်း၏ရှေ့မှောက်၌ပင် ကြားနာစစ်ဆေးရမည်။ ၎င်းတွင် မိမိကိုယ်ကို ခုခံကာကွယ်သည့်အနေဖြင့် ကိုယ်တိုင်ချေပပိုင်ခွင့်ရှိသကဲ့သို့ နှစ်သက်ရာ ဥပဒေ အကျိုးဆောင်၏ အကူအညီ ရယူပိုင်ခွင့်ရှိသည်။ အကယ်၍ ၎င်းဥပဒေအကျိုးဆောင်၏ အကူအညီ မရယူသေးပါက ၎င်းအခွင့်အရေးရှိကြောင်း အသိပေးရမည်။ တရားမျှတစွာ ကြားနာ စစ်ဆေးရေးကို ရှေ့ရှုလျက် လိုအပ်ပါက ဥပဒေအကျိုးဆောင်ငှားရမ်းနိုင်စွမ်း မရှိသော တရားခံအတွက် ဥပဒေအကျိုးဆောင် ခန့်ထားပေးရမည်။ ဤသို့ ခန့်ထားခြင်းတွင် ဥပဒေအကျိုးဆောင်ခကို တရားခံ ထံမှ ရယူခြင်းမပြုရ။

## အပြစ်ကင်းစင်ကြောင်းမှတ်ယူခြင်း/သက်သေပြရန်တာဝန်

တရားခံ၏ လွတ်လပ်ခွင့်သည် အစိုးရ၏ သက်သေပြရန်တာဝန်နှင့် သံသယကင်းရှင်းအောင် သက်သေပြခြင်း အပေါ်၌ မူတည်သည်။ သက်သေပြရန်တာဝန်ကို တရားခံဘက်သို့ ပြောင်းလဲရန် ကြိုးပမ်းဆောင်ရွက်ခြင်းကို ရှေ့နေများမှ ထိရောက်စွာ ကန့်ကွက်ပေးရမည်။ လူအများစုဖြစ်သည့် (ရဲများ၊ တရားသူကြီးများ၊ တရားရေး အရာရှိများ) သည် တရားခံ၌ အပြစ်ရှိသည်ဟု မှတ်ယူကြပါသည်။ ထိုသို့ မှတ်ယူခြင်းသည် ဥပဒေအရ မှန်ကန်သည့် လုပ်ရပ်တစ်ရပ်မဟုတ်ကြောင်းကို တရားခံ၏ရှေ့နေမှ သတိပေးပြောကြားပေးရမည်။ တရားခံ သည် လုံးဝအပြစ်စင်ကြောင်း မှတ်ယူနိုင်ပါလျက် တရားခံက ပြစ်မှုကို ငြင်းဆိုလျှင် တနည်းနည်း သက်သေ ပြရမည်ဆိုသော တောင်းဆိုချက်သည် အငြင်းပွားစရာအချက်ပင် ဖြစ်ပါသည်။

၁။ ကန့်သတ်ချက်များရှိနေသော ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ အကာအကွယ်ပေးမှုများ။ အပြစ် ကင်းစင်ကြောင်း မှတ်ယူခြင်း နှင့် ပတ်သက်၍ ကိုးကားနိုင်ရန် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ**က** အတိအလင်း ပြဋ္ဌာန်းထားခြင်း မရှိပေ။ ထိုသို့ ပြဋ္ဌာန်းမထားခြင်းက တခြားသော ခေတ်သစ် ဖွဲ့စည်းပုံ အခြေခံဥပဒေများနှင့် ကွာခြားသည့်အချက်ပင် ဖြစ်သည်။ မည်သို့ပင် ဆိုစေကာမူ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ သတ်မှတ်ပြဋ္ဌာန်းပေးထားသော တရားစီရင်ရေး ကျင့်ထုံးဆောင်ရွက်မှုဆိုင်ရာ အကာအကွယ်ပေးမှုများသည် မြန်မာနိုင်ငံရှိပြဋ္ဌာန်းဥပဒေများ၊ တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် လိုက်လျောညီထွေမှုရှိကြောင်း တွေ့ရပါသည်။

၂။ သက်သေပြရန်တာဝန်သည် တရား**လို**ဘက်၌ ရှိပါသည်။ အဘယ့်ကြောင့်ဆိုသော် ... ရာဇဝတ်မှု အများစု၌ တရားလို များမှသာ ထိုသို့ တရား**စွဲဆိုကြပါသည်။**

- သက်သေခံအက်ဥပဒေ၊ ပုဒ်မ ၁၀၁ - မည်သူမဆို မိမိက ပြောဆိုသော အကြောင်းခြင်းရာများ ရှိကြောင်းကို အခြေပြု၍ ဥပဒေအရ အခွင့်အရေး သို့မဟုတ် တာဝန်နှင့် ပတ်သက်၍ တရားရုံးက တရားစီရင်ချက် ချမှတ် ပေးစေလိုလျှင် အဆိုပါအကြောင်းခြင်းရာများ ရှိကြောင်းကို သက်သေ ထင်ရှားပြရမည်။ လူတစ်ဦး တစ်ယောက်က အကြောင်းခြင်းရာ တစ်စုံတစ်ရာရှိကြောင်း ထင်ရှားစေရန် ပြုလုပ်ရမည်ဖြစ်လျှင် သက်သေခံ တင်ပြရန် တာဝန်သည် ၎င်းအပေါ်တွင်ကျရောက်သည်ဟု ဆိုသည်။
- "မှန်ကန်ကြောင်း ထင်ရှားခြင်း"၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို သက်သေခံအက်ဥပဒေ ပုဒ်မ ၃ ၌ ဖော်ပြထား သည်မှာ - "တရားရုံးသည် ၎င်းရှေ့မှောက်ရှိ အကြောင်းအရာများကို စဉ်းစားဆင်ခြင်ပြီးနောက် အကြောင်းခြင်းရာ တစ်ခုသည် ရှိသည်ဟု ယုံကြည်လျှင်ဖြစ်စေ၊ သို့တည်းမဟုတ် ဉာဏ်အမြော်အမြင် ရှိသူတစ်ဦးသည် သက်ဆိုင်ရာ အမှုတွင် အကြောင်းအရာများကို ထောက်ရှု၍ ၎င်းအကြောင်းအရာသည် ရှိတန်လောက်သည်ဟု ယူဆလျှင် ၎င်းအကြောင်းခြင်းရာသည် မှန်ကြောင်း ထင်ရှားသည်ဟု ဆိုရမည်ဖြစ်သည်။" သက်သေခံအက်ဥပဒေကို စစ်ဘက်ဆိုင်ရာတရားရုံးမှအပ ကျန်တရားရုံးအားလုံး၌ အသုံးပြုနိုင်သည်။ သက်သေပြရန်စံချိန်စံညွှန်းများသည် ပြစ်မှုနှင့် တရားမမှုများ၌ ကွဲပြားခြင်း မရှိပါ။

၃။ **သံသယကင်း**ရှင်းအောင် သက်သေပြရန်တာဝန်သည် တရားမမှုများထက် ရာဇဝတ်မှုများ၌ ပို၍ မြင့်မားကြောင်း တရားရုံးစီရင်ထုံးများ၌ ဖော်ပြထားပါသည်။ တရားခံအားလည်း သံသယ၏ အကျိုးခံစားခွင့်ကို ပေးအပ်ထားရမည်။

- ဘုရင်ကေရာဇ်နှင့် ဦးဓမ္မပါလ၊ ရန်ကုန်စီရင်ထုံး အတွဲ ၁၄၊ နှာ ၆၆၆ (စုံညီ)၊ ဆာအာသာအက်ကာမှ ရေးသားပြီး ဒေါက်တာမောင်မောင် တည်းဖြတ်၍ ရန်ကုန် ဂဇက်လီမိတက်မှ ၁၉၅၈ခုနှစ်၌ ထုတ်ဝေ (၁၉၆၃ ပုံနှိပ်) ထားသည့် သက်သေခံဥပဒေစာအုပ်၌ အဆိုပါ စီရင်ထုံး၏ ကိုးကားချက်ကို ဖော်ပြထားသည်။ ၁၈၇၂ ခုနှစ် သက်သေခံ အက်ဥပဒေ ပုဒ်မ ၃ ၌ ထိုအမှုအကြောင်းကို ဒေါက်တာမောင်မောင်မှ ပြည့်စုံစွာ ဖော်ပြထားသည်။
- ပြစ်မှုများသည် တရားမမှုများထက် ပို၍ စံပြုထိုက်သည်။ ပတ်ဝန်းကျင်သက်သေခံချက်သည် **တရားခံ** အပြစ်ရှိကြောင်း ဖော်ညွှန်းချက်နှင့် ကိုက်ညီရမည်။
- **ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားစွာ ပြနိုင်သည့် အကြောင်းခြင်းရာများသည် တရားခံ၏အပြစ်ကင်းစင်ကြောင်းကို ပြနိုင်သည့်အကြောင်းခြင်းရာများနှင့် သဟဇာတ ဖြစ်မနေရပါ။ ထို့အပြင် တရားခံအပြစ်ရှိကြောင်း ကြောင်းကျိုးဆီလျော်သောအခြားနည်းများဖြင့်လည်း ဖြေရှင်းနိုင်ခြင်း မရှိရပါ။ အကယ်၍ သက်သေခံချက်သည် ကြောင်းကျိုးဆီလျော်သည့်အခြားရှင်းလင်းချက်များနှင့် ကိုက်ညီနေပါက ... တရားခံက ပြစ်မှုကျူးလွန်နိုင်ဖွယ် ရှိသည်။ မောင်တင်ဝင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ၁၉၅၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၁၄၆၊ တရားလွှတ်တော်။**

- **အမှုဇာတ်လမ်းသည် တရားခံအတွက် ယုတ္တိရှိသောဇာတ်လမ်းဖြစ်သည်ဟု တရားလွှတ်တော်က မှတ်ယူပါက (တရားရုံးက မှတ်ယူခြင်း မပြုသည့်တိုင်) တရားခံအား တရားသေလွှတ်ပေးနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် ... ဥပဒေအရာရှိသည် ၎င်း၏ သက်သေပြရန်တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခြင်းမရှိသောကြောင့်ဖြစ်သည်။** *M. Muthiah Servai v. Union of Burma* 1955 BLR 175.
  - **အာဏာရှင်ဆန်သောတရားရုံး (SCCAC) သည် အဆိုပါ ထင်မြင်ချက်ကို ပယ်ဖျက်ခဲ့ပြီး လုပ်ထုံးလုပ်နည်းဆိုင်ရာတရားမျှတမှုဖြစ်သည့် "အမှန်တရား" ကိုရှာဖွေခြင်းထက် တရားစွဲ အဖွဲ့အစည်းအား ပို၍ အလေးပေးသည်ကို တွေ့ရသည်။ ဒေါ်ခင်မြင့်၊ မခင်ညွန့်ကြည် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ ၁၉၇၀။ အဆိုပါဆုံးဖြတ်ချက်သည် စပ်ဆိုင်မှုမရှိသော ဆုံးဖြတ်ချက်ဖြစ်ကြောင်းကို တရားခံရှေ့နေက လျှောက်လဲတင်ပြရန် ပြင်ဆင်ထားရမည်။ အဘယ့်ကြောင့်ဆိုသော် ထိုအချက်သည် မူရင်းဥပဒေပါ စည်းမျဉ်းများမှ သွေဖယ်နေရာရောက်သောကြောင့်ဖြစ်သည်။**

- သံသယ၏အကျိုးခံစားခွင့်သည် တရားခံဘက်၌သာ ရှိရမည်။ ဒေါ်တင်ဦးနှင့် ဦးအေးဖီ ပါ ၃၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် ၁၉၆၆ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၁၂၉။

- အယူခံတရားလိုသည် သေဆုံးသူကို ထိုးနက်ခဲ့သော်လည်း ထိုသို့ ထိုးနက်ပြီး ၆ လအကြာမှ ထိုသူသေဆုံးရာတွင် ထိုးနက်ရန် ကြံရွယ်ချက်ရှိခြင်း မရှိခြင်းနှင့်ပတ်သက်၍ သံသယအကျိုးကို အယူခံတရားလိုအနေဖြင့် ခံစားခွင့်ရှိ သည်။ မောင်ငွေသာ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၁၉၆၀၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၂၀၅။

- အယူခံတရားလိုသူ၌ တင်ကူးကြံရွယ်ချက်ရှိသော်လည်း ထိုသူ့အား သံသယ၏ အကျိုးခံစားခွင့်ကို ပေးအပ်ထားပါ သည်။ တင်ကူးကြံရွယ်ချက်သည် အကြောင်းခြင်းရာပြဿနာတစ်ရပ်ဖြစ်သော်လည်း အယူခံတရားလို၌ ဓားပါ ရှိသည်ဟူသော အချက်သည် တင်ကူးကြံရွယ်ခြင်းကို သက်သေမပြနိုင်ပါ။ မောင်ဉာဏ်စိန်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် ၁၉၆၀၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ- ၅၅၆။

- ရာဇဝတ်မှု၌ သက်သေပြရန်တာဝန်သည် တရားလိုဘက်၌သာရှိပြီး၊ ထိုသို့သက်သေပြရာတွင်လည်း တရားခံ၏ အားနည်းချက်များအပေါ် အခြေခံပြီး ၎င်းတို့ဘက်မှ လိုအပ်သည့် ကွက်လပ်များကို ဖြည့်စွက်ကာ မှန်ကန်ကြောင်း သက်သေမပြရပါ။ အပြစ်ကင်းစင်ကြောင်းမှတ်ယူခံရခြင်းသည် တရားခံဘက်၌သာ ရှိပြီး ထိုတရားခံသည်ပင် သံသယ၏ အကျိုးခံစားခွင့်ကို ရရှိနိုင်သည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော် နှင့် ဦးအေးကြည် ၁၉၆၄၊ မြန်မာနိုင်ငံ တရားစီရင်ထုံး၊ စာ - ၃၉၆။

- တရားခံမှ ပြစ်မှုကျူးလွန်ခဲ့ကြောင်းကို သက်သေပြရန်တာဝန်သည် တရားလိုဘက်၌ အပြည့်အဝ ကျရောက် သည်။ ဒေါ်စီစီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၁၉၆၄၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၈၇၆။

- ကြောင်းကျိုးဆီလျော်ပြီး မှန်ကန်မှုရှိသည့် ရှင်းလင်းချက်မျိုးကို တရားခံဘက်မှ ပေးနိုင်ခဲ့ပါက ... (ထိုအကြောင်း အရာများအပေါ် တရားရုံးတော်မှ ယုံကြည်သက်ဝင်ခြင်းမရှိခဲ့သော်လည်း) ထိုသူအား တရားသေလွှတ်ပေးရမည်။ အဘယ့်ကြောင့်ဆိုသော် ထိုအခြေအနေမျိုး၌ ထိုသူ၏ အပြစ်ရှိကြောင်း သက်သေပြရန်တာဝန်ကို ပယ်ဖျက်ခြင်း မရှိသောကြောင့် ဖြစ်သည်။ ရောဘတ် စတူးဝပ် ဝေါချပ် နှင့်

ဘုရင်ခံ (၁၉၃၄)၊ အိန္ဒိယတရားစီရင်ထုံး၊ အတွဲ - ၆၁၊ ကာလကတ္တား စာ - ၁၆၉ ၊ အမ် . မူသီယာဆာပေး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၁၉၅၅၊ မြန်မာနိုင်ငံ တရားစီရင်ထုံး၊ **(တရားလွှတ်တော်)**၊ စာ - ၁၇၅။

- ပတ်ဝန်းကျင် သက်သေခံချက်နှင့် သက်သေပြရန်တာဝန် - ဝန်းကျင်အခြေအနေ၏ သက်သေခံချက်၌ … အမှုနှင့်သက်ဆိုင်သည့် အချိတ်အဆက်တခု ပျက်ဆီးသွားခဲ့ပါက အမှု၏ ကွင်းဆက် တစ်ခုလုံး အတွက် ထိခိုက်မှု များ ဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် အမှုနှင့်သက်ဆိုင်သည့် အချိတ်အဆက် တိုင်းသည် ပြီးပြည့်စုံသော ကွင်းဆက် တစ်ခုရရှိရန်အတွက် အရေးပါသော အပိုင်းများဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ရှီအိုနာရိမ်းဆင်း နှင့် ဘုရင်ခံ (၁၉၂၀)၊ ၅၈ အိန္ဒိယအမှုတွဲများ၊ စာ- ၄၅၇။

- ပတ်ဝန်းကျင် သက်သေခံချက်များ - သက်သေခံချက်များသည် အကျိုးသင့်၊ အကြောင်းသင့် ရှင်းပြနိုင်ခြင်း ရှိမရှိကို တရားသူကြီးမင်းအနေဖြင့် မိမိကိုယ်ကိုယ်မေးမြန်းရပါမည်။ အကယ်၍ ကြောင်းကျိုးဆီလျော်သော ရှင်းလင်းချက်များ ဖြစ်ခဲ့ပါက ထိုအရာများအပေါ် မငြင်းဆန်သင့်ပါ။ ထိုအရာများသည် တရားခံမှ ပေးသည့် သက်သေခံချက်များ မဟုတ်သည့်အတွက်ကြောင့် ထိုအရာများအပေါ် ငြင်းဆန်ခြင်း မပြုသင့်ပါ။ ***Basangouda Yamanappa** နှင့် ဘုရင်ခံ*၊ အိန္ဒိယနိုင်ငံစီရင်ထုံးများ (၁၉၄၁) ဘုံဘေစီရင်ထုံး၊ စာ - ၁၃၉ ။

- ရာဇသတ်ကြီးဥပဒေပါ ခြွင်းချက်များနှင့် စပ်လျဉ်းသော သက်သေပြရန် တာဝန်များ - တရားခံ၏ သက်သေပြရန် တာဝန်သည် ရာဇသတ်ကြီးဥပဒေအရ အပ်နှင်းထားသော ခြွင်းချက်များအတွင်း ကျရောက်ကြောင်း သံသယ ကင်းရှင်းသည်အထိ သက်သေပြနိုင်ခြင်းရှိ၊မရှိသည် အဓိကမကျဘဲ၊ ၎င်းတည်ဆောက်လိုက်သော ခုခံရေး လမ်းကြောင်းမှာ ကြောင်းကျိုးဆီလျော်သော သံသယကို တည်ဆောက်ခဲ့ခြင်း ရှိမရှိ ဆိုသည်ကား ပို၍အဓိက ကျပါသည်။ အောင်ဘွင်နှင့်ဘုရင်၊ ၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၅၀။

၄။ ဥပဒေအရာရှိများအတွက် မျှတသောတရားစီရင်ရေးဆိုင်ရာ လမ်းညွှန်စာအုပ်၊ ပြစ်မှုဆိုင်ရာတရားစွဲဆိုခြင်းများအတွက် လိုက်နာကျင့်သုံးနိုင်မည့် စံချိန်စံညွှန်းများ၊ ၂ (၈)၊ အပြစ်မရှိဟု မှတ်ယူခြင်းနှင့် သံသယ အကျိုးခံစားခွင့်။

- "အပြစ်မရှိဟု မှတ်ယူခြင်းတွင် တရားစီရင်မှု မပြီးဆုံးမီ တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့် ရဲအရာရှိများက စွပ်စွဲခံရသူ အပြစ်ရှိ၊မရှိနှင့် စပ်လျဉ်း၍ ထုတ်ပြန်ပြောဆိုခြင်းများ မပြုလုပ်ရန် လိုအပ်သည်။" ဥရောပတရားရုံးမှ ချမှတ်ခဲ့သည့် လူ့အခွင့်အရေးဆိုင်ကာ ဆုံးဖြတ်ချက်နစ်ရပ်အပေါ် ကိုးကားခြင်း။ *Fatullayev နှင့် Azerbaijan* (၄၀၉၈၄/၀၇) ၊ ၂၀၁၀၊ §§ ၁၆၀-၁၆၃၊ နှင့်၊ *Khuzhin နှင့် တခြားသူများ နှင့် ရုရှား* (၁၃၄၀၇/၀၂), ၂၀၀၈ §§ ၉၃-၉၇။
- လူပုဂ္ဂိုလ်တစ်ဦးသည် တရားစစ်ဆေးစီရင်ခြင်းကို ခံနေရသော်လည်း ၎င်းအား စီရင်ချက် မချမှတ်ရသေးပါက အဆိုပါသူအား အပြစ်ကင်းစင်သောသူအဖြစ်သာ မှတ်ယူရမည်ဖြစ်ပြီး ထိုသူအား အခြားစီရင်ချက်ချမှတ်ပြီးသူများ နှင့် သီးခြားစီ ခွဲထားရမည်။ အကျဉ်းထောင်လက်စွဲ၊ အပိုဒ် ၄၁၅(၃)။

## ၅။ စပ်ဆိုင်မှုရှိသည့် နိုင်ငံတကာစံချိန်စံညွှန်းများ

- အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း ပုဒ်မ ၁၁(၁) - လူအများ ရှေ့မှောက်၌ ဥပဒေအတိုင်း စစ်ဆေး၍ ပြစ်မှုကျူးလွန်သည်ဟု ထင်ရှား စီရင်ခြင်းခံရသည့် အချိန်အထိ ပြစ်မှုနှင့် တရားစွဲဆိုခြင်း ခံရသူတိုင်းသည် အပြစ်မဲ့သူဟူ၍ ယူဆခြင်းခံထိုက်သည့် အခွင့်အရေးရှိသည်။ ထိုအမှုကို ကြားနာစစ်ဆေးရာဝယ် စွပ်စွဲခံရသည့်ပြစ်မှုအတွက် ခုခံချေပနိုင်ရန် လိုအပ်သော အခွင့်အရေးများကို ထိုသူအား ပေးပြီး ဖြစ်စေရမည်။

- နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် ပုဒ်မ ၁၄(၂) - ရာဇဝတ်ပြစ်မှုအရ တရားစွဲဆိုခြင်း ခံရသူ မှန်သမျှသည် တရားဥပဒေအရ ၎င်းကို အပြစ်ရှိကြောင်း သက်သေမပြနိုင်သမျှ ကာလပတ်လုံး ၎င်းအား အပြစ်ကင်းသူအဖြစ် သဘောထားခြင်းကို ခံယူပိုင်ခွင့်ရှိသည်။

**၆။ စပ်ဆိုင်သည့် နိုင်ငံတကာစံချိန်စံညွှန်းများ**

- ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း ပုဒ်မ ၁၁(၁) - ပြစ်မှုတစ်ရပ်ဖြင့် တရားစွဲဆိုခံရသော လူတိုင်းသည် စွပ်စွဲခံရ သည့် ပြစ်မှုအတွက် ခုခံချေပရန်လိုအပ်သည့် အာမခံချက်ရှိသော၊ အများပြည်သူရှေ့မှောက်၌ စစ်ဆေးသော တရားရုံးက ဥပဒေနှင့်အညီ ကြားနာစစ်ဆေးပြီး ပြစ်မှုကျူးလွန်သည်ဟု ထင်ရှားစီရင်မှု မခံရမချင်း အပြစ်မဲ့သူဟူ၍ မှတ်ယူခြင်း ခံထိုက်သည့် အခွင့်အရေးရှိသည်။
- ကလေးအခွင့်အရေးဆိုင်ရာစာချုပ်၊ ပုဒ်မ ၄၀ (၂)(ခ) အရ ... ရာဇဝတ်မှုဖြင့် စွပ်စွဲခြင်း၊ သံသယရှိစေခြင်းနှင့် ပါဝင် ပတ်သက်သည်ဟု အသိအမှတ်ပြုခြင်း ခံနေရသော ကလေးများကို အနိမ့်ဆုံးအောက်ပါ အချက်များဖြင့် အာမခံ ပေးရမည်။ ၁။ တရားဥပဒေအရ အပြစ်ရှိကြောင်း မစီရင်မချင်း အပြစ်မရှိဟု လက်ခံပေးရမည်။
- နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးဆိုင်ရာသဘောတူစာချုပ် ပုဒ်မ ၁၄(၂) - ရာဇဝတ်ပြစ်မှုအရ တရားစွဲဆိုခြင်း ခံရသူ မှန်သမျှသည် တရားဥပဒေအရ ၎င်းကို အပြစ်ရှိကြောင်း သက်သေမပြနိုင်သမျှ ကာလပတ်လုံး ၎င်းအား အပြစ်ကင်းသူအဖြစ် သဘောထားခြင်းကို ခံယူပိုင်ခွင့်ရှိသည်။
- အာဆီယံလူ့အခွင့်အရေးကြေညာစာတမ်း၊ ပုဒ်မ ၂၀(၁) - ပြစ်မှုတစ်ခုဖြင့် စွပ်စွဲခံထားရသည့် ကလေးတိုင်းကို ဥပဒေအရ အပြစ်ရှိကြောင်း တရားမျှတစွာ သက်သေမပြနိုင်ခင်အထိ အပြစ်ကင်းစင်သူများအဖြစ် မှတ်ယူရမည်။ ထိုသို့ စစ်ဆေးစီရင်ရာတွင်လည်း လွတ်လပ်ပြီး ဘက်လိုက်မှုမရှိသည့် ခုံရုံးများတွင် စစ်ဆေးစီရင်ရမည်ဖြစ်ပြီး ထိုကလေးများတွင်လည်း ခုခံချေပခွင့်ရှိစေရမည်။

## ညှဉ်းပန်းနှိပ်စက်ခံရမှုမှ အကာအကွယ်ရပိုင်ခွင့်

တရားခံရှေ့နေများသည် ၎င်းတို့၏ အမှုသည်များ ရဲလက်၌ဖြစ်စေ၊ အစိုးရအရာရှိများလက်၌ဖြစ်စေ ရှိနေစဉ်အတွင်း ရုပ်ပိုင်းဆိုင်ရာဒဏ်ရာ နှိပ်စက်ညှင်းပန်းခံရခြင်းမှ ကင်းဝေးစေရန် ကာကွယ်ပေးရမည်။

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၃ - မည်သူ့ကိုမျှ တည်ဆဲဥပဒေနှင့် အညီမှတစ်ပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှု မရှိစေရ။

၂။ ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၃၃၀ နှင့် ၃၃၁ - တရားဝင်မေးမြန်းစစ်ဆေးနေစဉ်အတွင်း နာကျင်စေခြင်းနှင့် အပြင်းအထန် နာကျင်စေခြင်းတို့ကို ပြုလုပ်ခြင်းမှ တားမြစ်သည်။

၃။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၃၄၃ - တရားခံတစ်ဦးအား ၎င်းသိရှိသည့်အချက်ကို ထုတ်ဖော်ပြောဆိုရန်၊ သို့မဟုတ် ထိမ်ချန်ထားရန်အလို့ငှာ ကတိတစ်စုံတစ်ရာထားခြင်း၊ သို့မဟုတ် ခြိမ်းခြောက်ခြင်း၊ သို့မဟုတ် အခြားနည်း ပြုလုပ်ခြင်းအားဖြင့် မလျော်သြဇာ မသုံးရ။

၄။ ဥပဒေအရာရှိများအတွက် မျှတသော တရားစီရင်ရေးဆိုင်ရာ လမ်းညွှန်စာအုပ်၊ ပြစ်မှုဆိုင်ရာ တရားစွဲဆိုခြင်းများ အတွက် လိုက်နာကျင့်သုံးနိုင်မည့် စံချိန်စံညွှန်းများ ၂ (ဃ) ညှဉ်းပန်းနှိပ်စက်မှုနှင့် ဂုဏ်သိက္ခာညှိုးနွမ်းစေသည့် ဆက်ဆံမှုများမှ ကာကွယ်ခြင်း၊ "ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူတစ်ဦး အတွက် ရပိုင်ခွင့်ဖြစ်သော ညှဉ်းပန်း နှိပ်စက်ခံရမှုမှ အကာအကွယ်ရပိုင်ခွင့်သည် မဖြစ်မနေလိုက်နာရ မည့် အကြွင်းမဲ့ အခွင့်အရေးဖြစ်ပြီး စစ်မက် ဖြစ်ပွားသည့်ကာလနှင့် နိုင်ငံတော်အတွင်း အရေးပေါ် အခြေအနေ ကာလများတွင် ဆိုင်းငံ့ခြင်း မပြုလုပ်နိုင်ပါ။ ညှဉ်းပန်းနှိပ်စက်မှု သို့မဟုတ် ညှဉ်းပန်း နှိပ်စက်ရန် ခြိမ်းခြောက်မှုကို အထက်အမိန့်အရလည်း ပြုလုပ်ခွင့်မရှိပါ။ "

၅။ ကမ္ဘာလုံးဆိုင်ရာစံချိန်စံညွှန်းများ -

- ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း ပုဒ်မ ၅ - မည်သူ့ကိုမျှ ညှင်းပန်းနှိပ်စက်ခြင်း သို့မဟုတ် ရက်စက် ကြမ်းကြုတ်သော၊ လူမဆန်သော၊ လူ့သိက္ခာညှိုးနွမ်းစေသော ပြုမူဆက်ဆံခြင်း သို့မဟုတ် အပြစ်ပေးခြင်း မပြုရ။
- ညှဉ်းပန်းနှိပ်စက်မှုကို ဆန့်ကျင်သည့် ကုလသမဂ္ဂ၏သဘောတူစာချုပ်၊ ပုဒ်မ ၂ - ၂။ မည်သည့်ခြွင်းချက် အခြေအနေတွင်မှ ညှဉ်းပန်းနှိပ်စက်ခြင်းကို မပြုလုပ်စေရ။ ၃။ အထက်အရာရှိ သို့မဟုတ် အစိုးရ အာဏာပိုင်များမှ လူတစ်ဦးတစ်ယောက်အား ညှဉ်းပန်းနှိပ်စက်ရန် အမိန့်အာဏာ ပေးခြင်းကို မပြုလုပ်စေရ။
- ကုလသမဂ္ဂ၏ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် အပိုဒ် ၁၅ - မည်သူတစ်ဦး တစ်ယောက်ကိုမျှ ရက်စက်စွာ ညှဉ်းပန်းနှိပ်စက်ခြင်း၊ သို့မဟုတ် လူမဆန်သည့်အပြုအမူများ ပြုစေခြင်း၊ အကျင့်သိက္ခာညှိုးနွမ်းစေနိုင်သည့် ဆက်ဆံမှုများ ပြုစေခြင်း သို့မဟုတ် အပြစ်ဒဏ် ပေးခြင်းများကို မပြုလုပ စေရ။
- နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် ပုဒ်မ ၇ - မည်သည့်ပုဂ္ဂိုလ်ကိုမျှ မနှိပ်စက်ရ။ ရက်စက်စွာ မပြုကျင့်ရ။ လူမဆန်သော သို့မဟုတ် လူ့ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသော ဆက်ဆံမှုမျိုးကိုသော် လည်းကောင်း၊ အပြစ်ပေးမှုသော်လည်းကောင်း မပြုလုပ်ရ။

## နှုတ်ဆိတ်စွာနေပိုင်ခွင့်

ဤလက်စွဲစာအုပ်တလျောက်၌ ဆွေးနွေးခဲ့သကဲ့သို့ အမှုသည်များကို အတင်းအကြပ်ဖြောင့်ချက်ပေးစေခြင်း၊ အမှုသည်များ က မှားယွင်းစွာနှင့် မိုက်မဲစွာ ဖြောင့်ချက်ပေးမိခြင်းများကို ရှောင်ရှားနိုင်ရန် ရှေ့နေများမှ ဆောလျင်စွာ ကိုယ်စားပြု ရပ်တည်ပေးရမည်။ အမှုသည်များ၏ နှုတ်ဆိတ်စွာ နေပိုင်ခွင့်ကို အပြည့်အဝရရှိနိုင်ရန် တရားခံရှေ့နေများ အနေဖြင့် ထောက်ပံ့ပေးရမည်။ အမှုသည်အား ဆွေးနွေးလမ်းညွှန်မှုပေးခြင်းအပိုင်းရှိ နှုတ်ဆိတ်စွာ နေပိုင်ခွင့်အကြောင်းကို ကြည့်ပါ။

၁။ ကန့်သတ်ချက်များ ရှိနေသော ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများ - ကာကွယ်ခုခံပိုင်ခွင့် နှင့် Due process တရားဝင်လုပ်ထုံးလုပ်နည်းဆိုင်ရာအခွင့်အရေးများ အပိုင်းကို ပြန်လည် ညွှန်းဆိုရမည် ဖြစ်ပါသည်။

၂။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၄ - ဖြောင့်ဆိုမည့်သူကို မေးမြန်းသည့်အခါ ဖြောင့်ချက်ကို အလိုအလျောက် ပေးခြင်းဖြစ်သည်ဟု ယုံကြည်ရန် အကြောင်းရှိမှသာလျှင် အဆိုပါဖြောင့်ချက်ကို သက်သေခံအဖြစ် အသုံးပြုနိုင်သည်။ အဆိုပါ ဖြောင့်ချက်တစ်ရပ်ရပ်ကို မရေးမှတ်မီ ရာဇဝတ် တရားသူကြီးသည် ဖြောင့်ချက်ပေးမည့်သူကို ၎င်း၌ ဖြောင့်ချက်ပေးရန် တာဝန်မရှိကြောင်း၊ အကယ်၍ ဖြောင့်ချက်ပေးလျှင် ထိုဖြောင့်ချက်ကို ၎င်းအပေါ် ဆန့်ကျင် သည့် သက်သေခံ အဖြစ် အသုံးပြုနိုင် ကြောင်း ရှင်းပြပေးရမည်။

၃။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၃၄၂ (၁)(က) - တရားခံကို ၎င်း၏ဆန္ဒမရှိဘဲ သက်သေတစ်ဦးအဖြစ် မစစ်မေးရ။

၄။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ၃၄၂ (၁)(ဂ) - သက်သေခံရန် တရားခံ၏ ပျက်ကွက်မှုကို တရားလိုဘက်က မည်သို့မျှ ဝေဖန်ခြင်း မပြုစေရ။ သို့သော်လည်း ယင်းပျက်ကွက်မှုနှင့်စပ်လျဉ်း၍ တရားရုံးနှင့် ဂျူရီလူကြီးများ (ရှိလျှင်)က တရားမျှတသည်ကို မိမိတို့ ထင်မြင်သည့်အတိုင်း ကောက်ယူ နိုင်သည်။

၅။ နိုင်ငံတကာစံချိန်စံညွှန်းများသည် ရှင်းလင်းပါသည်။

- နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် - ပုဒ်မ ၁၄(၃)(ဆ) အပြစ်ကို အတင်းအကြပ် ဝန်ခံစေခြင်း သို့မဟုတ် မိမိကိုယ်တိုင် ဆန့်ကျင်ထွက်ဆိုချက်မျိုး အတင်းအကြပ် ပေးစေခြင်း မပြုလုပ်ရ။

## ရှေ့နေဖြင့် ခုခံချေပခွင့်

ရှေ့နေများကို အထက်တန်းရှေ့နေ (မြို့နယ်တရားရုံးထိသာ လိုက်ပါဆောင်ရွက်ခွင့်ရှိသူ) နှင့် တရားလွှတ်တော်ရှေ့နေ (တရားရုံးအဆင့်တိုင်း၌ လိုက်ပါဆောင်ရွက်ခွင့်ရှိသူ) ဟူ၍ ခွဲခြားထားပါသည်။ ၎င်းတို့ ကျင့်သုံးနိုင်သည့် ရပိုင်ခွင့် အခွင့်အရေးများ အကြောင်းကို အောက်၌ အကျယ်တဝန့် ဖော်ပြထားသည်။

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉ (ဂ) - အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေး။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၇၅ - ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူတစ်ဦးဦးသည် ဥပဒေနှင့်အညီ ခုခံချေပခွင့် ရှိစေရမည်။

၃။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၃၄၀ - ရာဇဝတ်တရားရုံးတစ်ရုံးတွင် ပြစ်မှုတစ်ရပ်ဖြင့် စွပ်စွဲခံရသူ မည်သူမဆို သို့မဟုတ် ဆိုခဲ့သည့် တရားရုံးတစ်ရုံးတွင် ဤကျင့်ထုံးဥပဒေအရ အမှုစွဲဆိုခြင်းခံရသူ မည်သူမဆို ရှေ့နေဖြင့် ခုခံချေပိုင်ခွင့် ရှိသည်။

၄။ တရားရုံးများလက်စွဲ၊ အတွဲ ၂ - အပိုဒ် ၄၅၅ - စွပ်စွဲခံရသူတိုင်းသည် ရှေ့နေဖြင့် ခုခံချေပခွင့်ရှိသည်။

၅။ ပြည်ထောင်စုရှေ့နေချုပ်ရုံး အပိုဒ် ၇၉ - သေဒဏ်ကျခံထားရသည့် တရားခံများသည် ၎င်းတို့ကိုယ်တိုင် ရှေ့နေ မငှားရမ်းနိုင်ပါက နိုင်ငံတော်က ပေးအပ်သည့် ရှေ့နေကို အခမဲ့ ငှားရမ်းခွင့်ရှိသည်။ အဆိုပါ ရှေ့နေကို ဥပဒေရုံးမှ ခန့်အပ်မည်ဖြစ်သည်။

၆။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ ၂၀၁၇ ပုဒ်မ ၃ - ဤဥပဒေ၏ ရည်ရွယ်ချက်မှာ ဥပဒေဆိုင်ရာ အထောက်အကူပေးရာတွင် တန်းတူညီမျှမှု အခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေးနှင့် တရားမျှတမှု အခွင့်အရေး တို့ကို ဤဥပဒေနှင့်အညီ ခံစားခွင့် ရရှိစေရန်၊ ပြစ်မှုများတွင် ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်တို့ကို ရရှိနိုင်ရန် ဖြစ်သည်။

၇။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၃ - တရားစီရင်ရာတွင် အောက်ပါတို့ကို အခြေခံ၍ စီရင်ရမည်။

(ဂ) အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့် ရရှိရေး။

၈။ တရားရုံးစီရင်ထုံးများ

- ချစ်ထွန်းပါ (၅)၊ နှင့် ဘုရင်၊ အောက်မြန်မာပြည်စီရင်ထုံးအတွဲ (၁)၊ နာ ၂၃၉ တရားသူကြီးတစ်ဦးမှ တခြားတရားသူကြီးတစ်ဦးသို့ အမှုလွှဲပြောင်းပေးသည့်အခါ ... အဆိုပါတရားခံအတွက် လိုက်ပါဆောင်ရွက်ပေးမည့် ရှေ့နေမရှိသေးပါက ... ထိုသူ၌ ရှေ့နေငှားရမ်းခွင့်ရှိကြောင်းကို တရားသူကြီးအသစ်အဖြစ် ဆောင်ရွက်မည့်သူက အကြံပေးပြောကြားရမည်။

- ထွန်းလှပါ အများ နှင့် ဘုရင် ၁၉၄၆၊ ရန်ကုန်စီရင်ထုံး၊ နှာ- ၂၆၃၊ လူသတ်မှုဖြင့် စွဲချက်တင်ခံရသည့် တရားခံတစ်ဦးသည် အမှု အစကတည်းကပင် ၎င်းအတွက်လိုက်ပါ ဆောင်ရွက်ပေးမည့် ရှေ့နေပါရှိရမည်။

၉။ ဥပဒေအရာရှိများအတွက် မျှတသော တရားစီရင်ရေးဆိုင်ရာ လမ်းညွှန်ချက်များ - ပြစ်မှုဆိုင်ရာအမှုတွဲများ၌ လိုက်နာကျင့်သုံးနိုင်မည့် စံချိန်စံညွှန်းများ ၂ (ဆ) – "ဥပဒေအကြံဉာဏ်ရယူခွင့်သည် ပြစ်မှုဆိုင်ရာစစ်ဆေး စီရင်ခြင်း လုပ်ငန်းစဉ် အဆင့်တိုင်းအတွက် အရေးပါသော အခွင့်အရေးတစ်ရပ် ဖြစ်ပါသည်။ သံသဖြင့် စွပ်စွဲခံရသူ တစ်ဦးအား တရားစွဲဆိုခြင်း မပြုမီအဆင့်တွင် ဥပဒေအကျိုးဆောင်နှင့် တွေ့ဆုံဆက်သွယ် ပြောဆိုခွင့်ပြုခြင်းဖြင့် ၎င်းရသင့်ရထိုက်သည့် အခွင့်အရေးများ မဆုံးရှုံးစေရန်နှင့် မျှတသော တရားစီရင်ရေးမှုများ ချိုးဖောက်ခံရမှု မရှိစေရန် အကာအကွယ်ပေးနိုင်ပါသည်။ စွပ်စွဲခံရသူ သို့မဟုတ် စွဲချက်တင်ခံရသူတစ်ဦးအနေဖြင့် အမှုနှင့် သက်ဆိုင်သော လိုအပ်သည့် သတင်းအချက်အလက်များ ရရှိနိုင်ရန် ဥပဒေအကျိုးဆောင်အပေါ်၌ များစွာမှီတည် နေပါသည်။ စွပ်စွဲခံရသူတစ်ဦးအား ကနဦးအမှုစစ်ဆေးသည့်အဆင့်တွင် ဥပဒေအကျိုးဆောင်နှင့် တွေ့ဆုံဆွေးနွေးခွင့်ပေးခြင်းသည် တရားခွင်၌ ပြည့်စုံ လုံလောက်သော ခုခံချေပခွင့်များ ပြုလုပ်နိုင်ရန် အရေးကြီးသည့် အချက်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဥပဒေအကြံဉာဏ် ရယူခွင့်ရှိကြောင်း စွပ်စွဲခံရသူ သိရှိစေရန် သက်ဆိုင်ရာ တာဝန် ရှိသူများက ရှင်းလင်းပြောပြရန် လိုအပ်ပါသည်။" "ဖမ်းဆီး ထိန်းသိမ်းခြင်းခံရသော စွပ်စွဲခံရသူသည် စတင် ချုပ်နှောင်ခံရသည့်အချိန်မှစ၍ ဥပဒေ အကြံဉာဏ် ရယူခွင့် ရှိမည် ဖြစ်ပါသည်။"

၁၀။ စပ်ဆိုင်သည့် ကမ္ဘာလုံးဆိုင်ရာစံချိန်စံညွှန်း

- နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် - ၁၄(၃)(ဃ) ၎င်း၏ရှေ့မှောက်၌ပင် ကြားနာ စစ်ဆေးရမည်။ ၎င်းတွင် မိမိကိုယ်ကို ခုခံကာကွယ်သည့်အနေဖြင့် ကိုယ်တိုင်ချေပပိုင်ခွင့်ရှိသကဲ့သို့ နှစ်သက်ရာ ဥပဒေအကျိုးဆောင်၏ အကူအညီရယူပိုင်ခွင့်ရှိသည်။ အကယ်၍ ၎င်းဥပဒေအကျိုးဆောင်၏ အကူအညီ မရယူသေးပါက ၎င်းအခွင့်အရေးရှိကြောင်း အသိပေးရမည်။ တရားမျှတစွာ ကြားနာ စစ်ဆေးရေးကို ရှေ့ရှု လျက် လိုအပ်ပါက ဥပဒေအကျိုးဆောင် ငှားရမ်းနိုင်စွမ်း မရှိသော တရားခံအတွက် ဥပဒေအကျိုးဆောင် ခန့်ထားပေးရမည်။ ဤသို့ ခန့်ထားခြင်းတွင် ဥပဒေအကျိုးဆောင်ခကို တရားခံထံမှ ရယူခြင်းမပြုရ။

# လွတ်လပ်ပြီး တရားမျှတသော ဥပဒေဆိုင်ရာ အဆုံးအဖြတ်ကို ခံယူရရှိပိုင်ခွင့်

Right to Due Process

တရားခံရှေ့နေများအနေဖြင့် မိမိတို့ အမှုသည်များ၏ မျှတသော တရားခွင်ကြားနာစစ်ဆေးခြင်း ရပိုင်ခွင့် အခွင့်အရေးများ ငြင်းပယ်ခံရပါက ထိုသို့ ငြင်းပယ်ခြင်းကို ကန့်ကွက်နိုင်ရန် ပြင်ဆင်ထားရမည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၃၇ အရ ... မှားယွင်းမှု၊ ပျက်ကွက်မှု၊ နည်းလမ်းမကျမှု၊ သို့မဟုတ် မှားယွင်းညွှန်ကြားချက်သည် တရားမျှတမှု အမှန်တကယ် ကင်းမဲ့သွားစရာ အကြောင်း မဖြစ်ပေါ်စေပါက စီရင်ပိုင်ခွင့်အာဏာရရှိသည့် တရားရုံးတစ်ရုံးက ချမှတ်ထားသည့် မည်သည့် ဆုံးဖြတ်ချက် ပြစ်ဒဏ်၊ သို့မဟုတ် အမိန့်ကိုမျှ အယူခံမှုတွင်ဖြစ်စေ၊ ပြင်ဆင်မှုတွင်ဖြစ်စေ၊ ပယ်ဖျက်ပြောင်းလဲ ပြင်ဆင်ခြင်း မရှိစေရ။

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၁ - နိုင်ငံသားများ၏ တရားဝင်ရပိုင်ခွင့်ရှိသော နစ်နာချက်များအတွက် ဥပဒေဖြင့် သတ်မှတ်ထားသော ရယူပိုင်ခွင့်များကို ငြင်းပယ်ခြင်း မပြုရ။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၃ - မည်သူ့ကိုမျှ တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှု မရှိစေရ။

၃။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉ - အောက်ပါတို့ကို တရားစီရင်ရေးမူများအဖြစ် သတ်မှတ်သည်။ ... (ခ) ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး။

၄။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ၂၀၁၀ ၏ ပုဒ်မ ၃ (ခ) - ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး။

၅။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၃၅၂ - ပြစ်မှုတစ်စုံတစ်ရာကို စုံစမ်းစစ်ဆေးရန်၊ သို့မဟုတ် စစ်ဆေးစီရင်ရန် ကိစ္စများအလို့ငှာ မည်သည့်ရာဇဝတ်တရားရုံးမဆို ရုံးထိုင်သည့်နေရာကို နေရာဆန့်သလောက် လူအများ သွားလာ ဝင်ထွက်နိုင်သော လူသိရှင်ကြားတရားခွင်ဖြစ်ကြောင်း မှတ်ယူရမည်။

၆။ ဥပဒေအရာရှိများအတွက် မျှတသောတရားစီရင်ရေးဆိုင်ရာ လမ်းညွှန်ချက်များ၊ တရားစစ်ဆေးစီရင်ခြင်းအဆင့်၌ လိုက်နာကျင့်သုံးနိုင်မည့် စံညွှန်းစံညွှန်းများ၊ ၃(ခ) – "အများပြည်သူရှေ့မှောက်တွင် ကြားနာခြင်းသည် တရားရုံးက အမှုများကို မည်ကဲ့သို့ စစ်ဆေးစီရင်ဆုံးဖြတ်ပြီး ယင်းစီရင် ဆုံးဖြတ်ချက်များအပေါ် မည်မျှလက်ခံယုံကြည်နိုင်သည် ဆိုသောအချက်ကို အမှုသည်များအပါအဝင် အများပြည်သူတို့က မျက်မြင်သိသာထင်ရှားစေရန် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ပွင့်လင်းမြင်သာမှုရှိသော တရားစီရင်ရေးစနစ်သည် ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာစနစ်၏ လွတ်လပ်မှုနှင့် တရားမျှတမှုကို အဓိကအထောက်အကူပြုမည် ဖြစ်ပါသည်။"

၇။ ကမ္ဘာလုံးဆိုင်ရာစံချိန်စံညွှန်းများ

- ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း ပုဒ်မ ၁၀ - လူတိုင်းသည် ၎င်း၏အခွင့်အရေးနှင့် တာဝန်ရှိမှုများကို အဆုံးအဖြတ်ခံရာတွင်လည်းကောင်း၊ ၎င်းအပေါ် ပြစ်မှုကြောင်းအရ စွပ်စွဲချက်ကို အဆုံးအဖြတ်ခံရာတွင် လည်းကောင်း၊ လွတ်လပ်၍ ဘက်လိုက်မှုမရှိသော တရားရုံးတစ်ရပ်က အများပြည်သူ ရှေ့မှောက်တွင် တရားမျှတစွာ ကြားနာစစ်ဆေးခြင်းကို တန်းတူရည်တူအပြည့်အဝ ရပိုင်ခွင့်ရှိသည်။
- နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊ ပုဒ်မ ၁၄(၁) - ပုဂ္ဂိုလ်တဦးအား မှုခင်းတရပ်နှင့် ပတ်သက်ပြီး ရာဇဝတ်ပြစ်မှုကြောင်းအရ တရားစွဲဆိုရာ၌လည်းကောင်း၊ တရားမမှု တရပ်နှင့် ပတ်သက်ပြီး မိမိ၏ ခံစားပိုင်ခွင့်ရှိသည့် အခွင့်အရေးများနှင့် ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများအပေါ် တရားစွဲဆိုရာ၌ လည်းကောင်း၊ ဤပုဂ္ဂိုလ်တွင် ဥပဒေနှင့် ဖွဲ့စည်းသည့် လိုအပ်သော အရည်အချင်းများနှင့် ပြည့်စုံကာ လွတ်လပ်ပြီး ဘက်လိုက်ခြင်းမရှိသည့် တရားရုံးက လူအများရှေ့မှောက်တွင် ကြားနာစစ်ဆေးခွင့်ကို ခံစား နိုင်ခွင့်ရှိသည်။

- နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊ ပုဒ်မ ၉ (၁) - လူသားတိုင်းတွင် လွတ်လပ်ခွင့် ရှိပြီး မိမိ၏ လုံခြုံရေးကိုလည်း ခံစားပိုင်ခွင့်ရှိသည်။ မည်သူ့ကိုမျှ တစ်ဖက်သတ် အာဏာသုံး၍ ဖမ်းဆီးခြင်း သော်လည်းကောင်း၊ တရားဥပဒေမဲ့ မတရားထိန်းသိမ်းခြင်း သော်လည်းကောင်း မပြုလုပ်ရ။ တည်ဆဲဥပဒေ အရ ချမှတ်ထားသော နည်းဥပဒေအရ ဖမ်းဆီး ထိန်းသိမ်းရန် လိုအပ်သော အခြေအနေမှတပါး ပုဂ္ဂိုလ်တစ်ဦး ၏ လွတ်လပ်ခွင့်ကို မဆုံးရှုံးစေရ။

## ဥပဒေ၏ အကာအကွယ်ကို တန်းတူရယူပိုင်ခွင့်

မြန်မာနိုင်ငံ၌ မှီတင်းနေထိုင်ကြသူအားလုံးတို့သည် ၄င်းတို့၏ လိင်၊ လူမျိုး၊ ကိုးကွယ်ရာဘာသာ သို့မဟုတ် နိုင်ငံသား ဖြစ်တည်မှုတို့အပေါ် ပဓာနမထားဘဲ ဥပဒေ၏ ရှေ့မှောက်တွင် တန်းတူအခွင့်အရေး၊ အကာအကွယ်ပေးမှုကို ရရှိကြသည်။ အောက်၌ဖော်ပြထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၌ "နိုင်ငံသား" ဟု သုံးနှုန်းရမည့်အစား "လူ" ဟူသော အသုံးကို သုံးရခြင်းမှာ - လူအားလုံးအား မျှတမှုရှိစွာနှင့် တန်းတူညီမျှစွာ ဆက်ဆံကြစေရန် ရည်ရွယ်ပါသည်။

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေမှ အခြေခံမူများ ၆(င) - နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်း ဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁(က) - နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်း ထားသည့် တန်းတူညီမျှမှု အခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှု အခွင့်အရေးကို ခံစားခွင့် ရှိသည်။

၃။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၇ - နိုင်ငံတော်၏ မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေး ရရှိစေရမည်။ ထို့ပြင် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့် ပေးရမည်။

၄။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၈ - နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့် နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲ ချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားမှု မရှိစေရ။

၅။ ဥပဒေအရာရှိများအတွက် မျှတသော တရားစီရင်ရေးဆိုင်ရာ လမ်းညွှန်ချက်များ၊ ပြစ်မှုဆိုင်ရာ အမှုတွဲများ၌ လိုက်နာကျင့်သုံးရန် စံချိန်စံညွှန်းများ၊ ၂ (က) ဥပဒေ၏ရှေ့မှောက်တွင် တန်းတူညီမျှမှု ရှိခြင်းနှင့် ဥပဒေအရ ညီမျှစွာ ဆက်ဆံခြင်း၊ "ပြစ်မှုဖြင့်စွပ်စွဲခံရသူတစ်ဦးကို လူမျိုး၊ဇာတိ၊ ကိုးကွယ်သည့်ဘာသာ၊ ယဉ်ကျေးမှု စသည် တို့ကို အခြေခံ၍ ခွဲခြားဆက်ဆံခြင်းမပြုရန်နှင့် ဥပဒေအရာတွင် တန်းတူညီမျှမှု ရှိစေရန် ဖွဲ့စည်းပုံအခြေခံဥပဒေက အာမခံချက် ပေးထားပါသည်။"

၆။ ကမ္ဘာလုံးဆိုင်ရာစံချိန်စံညွှန်းများ

- ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း ပုဒ်မ ၂ - လူတိုင်းသည် လူမျိုး၊ အသားအရောင်၊ အမျိုးသား၊ အမျိုးသမီး၊ ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံရေးသို့မဟုတ် အခြား အယူအဆ၊ နိုင်ငံသား သို့မဟုတ် လူမှုအဆင့် အတန်းနှင့်ဆိုင်သော ဇာတ်မြစ်၊ ပစ္စည်း၊ ဥစ္စာဂုဏ်၊ မျိုးရိုးဇာတိဂုဏ်နှင့် အခြား အဆင့်အတန်းစသည့် ခွဲခြားမှုမျိုး မရှိစေဘဲ ဤကြေညာစာတမ်းတွင် ဖော်ပြပါရှိသည့် အခွင့်အရေးနှင့် လွတ်လပ်ခွင့်အားလုံးကို ခံစားခွင့်ရှိသည်။ ထို့ပြင် လူတစ်ဦး တစ်ယောက်နေထိုင်ရာ နိုင်ငံ သို့မဟုတ် နယ်မြေဒေသသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့် နယ်မြေဖြစ်စေ၊ ကုလသမဂ္ဂ ထိန်းသိမ်း စောင့်ရှောက်ခံနယ်မြေဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်

အာဏာမရရှိသော နယ်မြေဖြစ်စေ သို့မဟုတ် အချုပ် အခြာအာဏာ တစ်စုံတစ်ရာ ကန့်သတ်မှုရှိသည့် နယ်မြေဖြစ်စေ၊ ယင်း၏ နိုင်ငံရေး၊ တရားစီရင်ပိုင်ခွင့်၊ သို့မဟုတ် နိုင်ငံတကာ အဆင့်အတန်းတစ်ခုခုကို အခြေပြု၍ ခွဲခြားမှု မပြုလုပ်ရ။

- ကမ္ဘာ့လူ့အခွင့်အရေးကြေငြာစာတမ်း၊ ပုဒ်မ ၇ - လူအားလုံးတို့သည် ဥပဒေအရာ၌ တန်းတူရည်တူ ရှိကြပြီး ဥပဒေ၏ တန်းတူကာကွယ်စောင့်ရှောက်မှုကို မည်သည့်ခွဲခြားဆက်ဆံမှုမျှမရှိစေဘဲ ခံစားပိုင်ခွင့် ရှိသည်။။ ဤကြေညာစာတမ်းကို ဖောက်ဖျက်၍ လှုံ့ဆော်ခြင်းမှလည်းကောင်း၊ တူညီသော ကာကွယ်စောင့်ရှောက်မှု ကို ခံစားပိုင်ခွင့် ရှိသည်။
- လူမျိုးရေးခွဲခြားဆက်ဆံမှုပုံစံအားလုံး ပပျောက်ရေးအတွက် ကုလသမဂ္ဂသဘောတူစာချုပ်။
- အမျိုးသမီးများအား ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်။
- နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် အပိုဒ် ၁၄(၁) - လူတိုင်း တရားရုံး သို့မဟုတ် ပြစ်မှုခုံရုံးများ ရှေ့မှောက်တွင် တန်းတူညီမျှမှု ရှိသည်။

## တစ်ကြော့ပြန်စစ်ဆေးခံရခြင်းမှ ခုခံပိုင်ခွင့်

အဆုံးမရှိသော ပြန်လည်ကြားနာခြင်းများမှ ကာကွယ်ပေးထားခြင်း မရှိပါက ... တရားခံအနေဖြင့် အစိုးရအဖွဲ့အစည်းများ၏ အသာစီးရသောစွဲချက်များ၊ အရင်းအမြစ်များကို အန်တုနိုင်ခြင်းမရှိဘဲ ခိုကိုးရာမဲ့ အနေအထား ဖြစ်နေပေလိမ့်မည်။ ကံမကောင်းစွာပင် ထိုသို့ အကာအကွယ်ပေးရမည့် သဘောတရားသည် စီရင်ပိုင်ခွင့် နယ်ပယ်အများအပြားတွင် ဖြစ်ပေါ်သော ပြစ်မှုများကို မြို့နယ်တရားရုံးတစ်ခုတွင်မက အခြားတစ်ခုတွင်ပါ ထပ်မံစွဲဆိုနေကြသည့် လက်တွေ့ကျင့်သုံးမှုပုံစံ ကြောင့် မေးမှိန်နေရသည်။ ဤသို့ စွဲဆိုမှုများကို နိုင်ငံရေးနှင့်ဆိုင်သည့် တရားစွဲဆိုမှုများ ဥပမာ - ဆန့်ကျင်ဆန္ဒပြသူများ အပေါ် စွဲဆိုမှုများတွင် အများဆုံး ဖြစ်ပေါ်လေ့ရှိသည်။

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၇၄ - တစ်ဦးတစ်ယောက်သည် စီရင်ပိုင်ခွင့်ရှိသော တရားရုံးက ပြစ်မှုတစ်ရပ် အတွက် ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင်ဖြစ်စေ၊ အမှုမှ အပြီးအပြတ်လွှတ်ခြင်းခံရလျှင်ဖြစ်စေ၊ အဆိုပါ ပြစ်မှု ထင်ရှားစီရင်သည့် စီရင်ချက် သို့မဟုတ် အမှုမှ အပြီးအပြတ်လွှတ်သည့် စီရင်ချက်ကို အဆင့်မြင့်တရားရုံးက ပယ်ဖျက်ပြီး အမှုကို အသစ် တစ်ဖန် ပြန်လည်စစ်ဆေးစေရန် အမိန့်ချမှတ်သည့်အခါမှတစ်ပါး ယင်းပြစ်မှုအတွက် ထိုသူအား ထပ်မံ စစ်ဆေးခြင်း မပြုရ။

၂။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၃ - စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးတစ်ရုံးက ပြစ်မှုတစ်ရပ်အတွက် တကြိမ် စစ်ဆေး၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူ၊ သို့မဟုတ် အဆိုပါ အမှုမှ အပြီးအပြတ် လွှတ်ခြင်းခံရသူတစ်ဦးမှာ ဤကဲ့သို့ အဆိုပါ ပြစ်မှုထင်ရှားစီရင်သည့် စီရင်ချက်၊ သို့မဟုတ် အမှုမှ အပြီးအပြတ်လွှတ်လိုက်သည့် စီရင်ချက် သည် အတည် ဖြစ်လျက် ရှိနေချိန်တွင် ၎င်းပြစ်မှုနှင့် ထပ်တူပြစ်မှုဖြင့် ထပ်မံစစ်ဆေးစီရင်ခြင်း မခံထိုက် စေရ။ (၎င်းအမှု အကြောင်းခြင်းရာများကို အကြောင်းပြု၍ အခြားကွဲလွဲသည့် စွဲချက်တစ်ရပ် တင်နိုင်သော အခြားပြစ်မှု အတွက် စွဲချက်တင်နိုင်သည်။)

## နောင်းကာလမှ ဖြစ်ပွားခဲ့သည့် အကြောင်းအရာများအပေါ် အခြေခံ၍ တရားစွဲဆိုခြင်းများကို ငြင်းဆန်ပိုင်ခွင့်

ကိစ္စတစ်ရပ် ဖြစ်ပွားခဲ့သည့်အချိန်က ပြစ်မှုမမြောက်ခဲ့သည့်အကြောင်းအရာအပေါ် တရားစွဲဆိုခြင်းများ မပြုရ။

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၃ - မည်သည့်ပြစ်မှုဆိုင်ရာဥပဒေမျှ နောက်ကြောင်းပြန်အာဏာ သက်ရောက်စေရန် ပြဋ္ဌာန်းခွင့် မရှိစေရ။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၇၃ - ပြစ်မှုကျူးလွန်သူ မည်သူ့ကိုမဆို ယင်းပြစ်မှုကျူးလွန်သည့် အချိန်က အတည် ဖြစ်လျက်ရှိသော သက်ဆိုင်ရာဥပဒေအရသာ ပြစ်မှုထင်ရှားစီရင်ရမည်။

၃။ ဥပဒေအရာရှိများအတွက် မျှတသောတရားစီရင်ရေးဆိုင်ရာလမ်းညွှန်စာအုပ် - ပြစ်မှုဆိုင်ရာအမှုတွဲ ဆောင်ရွက် ချက်များ၌ လိုက်နာကျင့်သုံးရန် စံချိန်စံညွှန်းများ ၂(ခ) - နောက်ကြောင်းပြန် အာဏာ သက်ရောက်ခြင်း။

၄။ ကမ္ဘာ့လူ့အခွင့်အရေးကြေငြာစာတမ်း၊ ပုဒ်မ ၁၁ (၂) - ပြစ်မှုကျူးလွန်သည့်အချိန်တွင် ပြည်တွင်းဥပဒေအရဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာဥပဒေအရဖြစ်စေ၊ လုပ်ရပ်သို့မဟုတ် ပျက်ကွက်မှု တစ်ရပ်သည် ပြစ်မှုမမြောက်ပါက ထိုလုပ်ရပ် သို့မဟုတ် ပျက်ကွက်မှုအတွက် မည်သူမျှ အပြစ်မရှိစေရ။ ပြစ်မှုကျူးလွန်သည့် အချိန်ကာလတွင် ထိုက်သင့်စေနိုင် သော ပြစ်ဒဏ်ထက် ပိုမိုကြီးလေးသော ပြစ်ဒဏ်ကို ထိုက်သင့်စေခြင်း မရှိစေရ။

၅။ နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးဆိုင်ရာသဘောတူစာချုပ်၊ ၁၅(၁) - ကျူးလွန်ချိန်၌ တိုင်းပြည်၏ ဥပဒေအရ ဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာဥပဒေအရဖြစ်စေ၊ ရာဇဝတ်မှုမမြောက်သော ပြစ်မှု ကျူးလွန်ခဲ့သော ပုဂ္ဂိုလ်တိုင်း သို့မဟုတ် လုပ်သင့်လုပ်ဆောင်ရန် ပျက်ကွက်ခြင်းဖြင့် ရာဇဝတ်မှု မမြောက်သော ပြစ်မှုကို ထိုဥပဒေပြဋ္ဌာန်းချိန် ပြုလုပ်ခဲ့သော သူတိုင်းအား (တည်ဆဲဥပဒေဖြင့်) ရာဇဝတ်မှုကျူးလွန်သည်ဟု (နောက်ကြောင်းပြန်၍) ရာဇဝတ်မှု ကျူးလွန်သည်ဟု မသတ်မှတ်ရ။ ထိုနည်းတူ ရာဇဝတ်မှုကို ထိုအချိန်၌ ကျူးလွန်ခဲ့သူအား တည်ဆဲဥပဒေအရ ပေးရမည့် ဥပဒေထက် ပို၍ ကြီးလေးသော အပြစ်ဒဏ် မပေးရ။ အကယ်၍ ပြစ်မှုကျူးလွန်ခဲ့ပြီးနောက် လျော့ပေါ့သော အပြစ်ဒဏ် ပေးရန် ဥပဒေပြဋ္ဌာန်းချက်အသစ်ပေါ်ပေါက်လာပါက ပြစ်မှုကျူးလွန်သူသည် ဤပြဋ္ဌာန်းချက် အသစ်၏ အကျိုးကို ခံစားပိုင်ခွင့် ရှိသည်။

၆။ ကလေးအခွင့်အရေးဆိုင်ရာစာချုပ် (CRC)၊ ပုဒ်မ ၄၀ (၂) (က) - ကလေးတစ်ဦးလုပ်ဆောင်ခဲ့သော အပြုအမူ တစ်စုံတရာသည် ထိုသို့ ပြုလုပ်ခဲ့စဉ်အချိန်အခါက ထုတ်ပြန်ထားသော နိုင်ငံတော် သို့မဟုတ် နိုင်ငံတကာဆိုင်ရာ ဥပဒေက တားမြစ်ထားသည့် အပြုအမူမဟုတ်ပါက ထိုအကြောင်းအချက်ကြောင့် မည်သည့်ကလေးကိုမှ ရာဇဝတ် မှုဖြင့် စွပ်စွဲခြင်း၊ သံသယရှိစေခြင်းနှင့် ပါဝင်ပတ်သက်သည်ဟု အသိ အမှတ်ပြုခြင်းတို့ကို မပြုရ။

## စွဲချက်များအား သိရှိပိုင်ခွင့်

တရားခံများအနေဖြင့် ၎င်းတို့အပေါ် စွဲဆိုထားသော စွဲချက်များကို သိရှိပိုင်ခွင့်နှင့် စပ်လျဉ်း၍ တရားခံ ရှေ့နေများက တိုက်တွန်း ပြောကြားရာ၌ လိုအပ်သည်ထက် ပို၍ ထိပ်တိုက်ရင်ဆိုင်ရလေ့ရှိပါသည်။ အဘယ့်ကြောင့်ဆိုသော် တရားခံအား ရဲအချုပ်၌ ရက်ပိုင်း ၃၀ ထက်ကျော်လွန်၍ ထိန်းသိမ်းထားခြင်း၊ တရားလိုဘက်မှ သက်သေခံချက်များ တင်ပြပြီး သည့်တိုင် စွဲချက်နှင့်ဆိုင်သည့် တရားဝင်စာရွက်စာတမ်းများ ထွက်မလာခြင်း

စသည့် အကြောင်းအရာများ ဖြစ်ပေါ်လျက်ရှိသော မြန်မာ့တရားစီရင်ရေး လက်တွေ့လုပ်ငန်းစဉ်များတွင် ထိုအခွင့်အရေးကို အပြည့်အဝ ကာကွယ်ပေးခြင်း ရှိဟန် မတူသော ကြောင့် ဖြစ်သည်။ ထို့ကြောင့် စွဲချက်များနှင့် ပတ်သက်သည့် အကြောင်းအရာများကို တရားခံရှေ့နေများ အနေဖြင့် ၄င်းတို့၏ အမှုသည်များအား သိလျှင်သိချင်း ပြောပြပေးရမည်။ ထိုသို့ ပြောပြခြင်းသည် ... အစိုးရ၏တာဝန်ရှိမှုကို အစား မထိုးနိုင်သော်လည်း ထိန်းသိမ်းခံထားရသူ၏ စိုးရိမ်ကြောင့်ကြမှုများကို လျော့ပါးစေနိုင်ပြီး အခြားတဖက်တွင်လည်း ... အမှုအတွက် လိုအပ်နိုင်မည့် စုံစမ်းထောက်လှမ်းခြင်းများနှင့် ကာကွယ်ခုခံရေးလမ်းကြောင်းတို့ကို တည်ဆောက်နိုင်မည် ဖြစ်ပါသည်။

၁။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၂၁၀ - စွဲချက်တင်သည်နှင့်တပြိုင်နက် တရားခံအားဖတ်ပြပြီး အကြောင်း အရာများကို ရှင်းလင်းပြောပြရမည်။ ထို့ပြင် ၄င်းတရားခံ အလိုရှိလျှင်လည်း စွဲချက်မိတ္တူကို အခမဲ့ပေးအပ်ရမည်။

၂။ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် ပုဒ်မ ၉ (၂) - ပုဂ္ဂိုလ်တစ်ဦးအား ဖမ်းဆီးရာ၌ ဖမ်းဆီးချိန်တွင် ယင်းပုဂ္ဂိုလ်အား ဖမ်းဆီးရသည့်အကြောင်းကို အသိအမှတ်ပေးရမည် ဖြစ်ပြီး စွဲဆိုချက် တစုံတရာ ရှိပါက ချက်ချင်းအသိပေးရမည်။

## အာမခံလျှောက်ထားပိုင်ခွင့်

ယေဘုယျအားဖြင့် ... စွပ်စွဲခံထားရသည့် တရားခံများအား စောနိုင်သမျှ စောစော လွှတ်ပေးရန် ပြစ်မှုဆိုင်ရာ တရားခံ ရှေ့နေများအနေဖြင့် ရဲများသို့လည်းကောင်း၊ ရမန်ကြားနာခြင်း၌လည်းကောင်း၊ စုံစမ်းစစ်ဆေးနေစဉ်နှင့် တရားစစ်ဆေး စီရင်နေစဉ်အဆင့်များအားလုံး၌လည်းကောင်း အရေးဆိုတင်ပြ ပေးရမည်။ မြန်မာ့ဥပဒေအတွက် အာမခံလျှောက်ထားခြင်း ဆိုင်ရာ အပိုင်းကို ကြည့်ပါ။

၁။ မြန်မာ့ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၇၆-၃၇၈။

၂။ ကမ္ဘာလုံးဆိုင်ရာစံချိန်စံညွှန်းများ

- ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၊ ပုဒ်မ ၉ - မည်သူမျှ မတရားဖမ်းဆီးခြင်း၊ မတရား ချုပ်နှောင်ခြင်း၊ မတရား ပြည်နှင်ခြင်း မခံစေရ။
- ကလေးအခွင့်အရေးဆိုင်ရာစာချုပ်အကြောင်း သိကောင်းစရာ ပုဒ်မ ၃၇ (ခ) - မည်သည့်ကလေး တစ်ယောက်၏ လွတ်လပ်ခွင့်ကိုမှ တရားမဝင်နှင့် စိတ်ထင်တိုင်း ရုပ်သိမ်း၍ မရပေ။ ကလေးတယောက် အား ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်းနှင့် ထောင်သွင်း အကျဉ်းချခြင်း တို့သည် ဥပဒေနှင့်အညီ ဖြစ်ရမည် ဖြစ်သည်။ ထို့ပြင် ထိုသို့လုပ်ဆောင်မှုသည် အခြား နည်းများမရှိတော့၍ နောက်ဆုံးနည်းအဖြစ် လုပ်ဆောင်ရခြင်းဖြစ်ရမည်ဖြစ်ပြီး ထိုသို့ လုပ်ဆောင်သော အချိန်မှာလည်း သင့်လျော်သလောက် အချိန် တိုနိုင်သမျှ အတိုဆုံး ဖြစ်ရမည်
- နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊ ပုဒ်မ ၉ -
  (၃) တစ်စုံတစ်ဦးအား ရာဇဝတ်ကျူးလွန်ကြောင်း စွဲဆိုချက်ဖြင့် ဖမ်းဆီးခြင်းသော် လည်းကောင်း၊ ထိန်းသိမ်းခြင်းသော်လည်းကောင်း၊ ပြုလုပ်ပါက ၄င်းအား တရားသူကြီးတစ်ဦး သို့မဟုတ် တရားစီရင်ပိုင် ခွင့် အာဏာအပ်နှင်းခြင်းခံရသော အရာရှိတစ်ဦး၏ ရှေ့မှောက်သို့

ချက်ချင်းခေါ်ဆောင်လာရမည်ဖြစ်ပြီး ၎င်းပုဂ္ဂိုလ်တွင် သင့်တော်သော ကာလအပိုင်းအခြား တစ်ခုအတွင်း ကြားနာစစ်ဆေးမှုကို စတင်ခံယူပိုင်ခွင့် ရှိသည်။ သို့မဟုတ် သင့်တော်သော ကာလအပိုင်းအခြားတခုအတွင်း ကြားနာစစ်ဆေးမှုများ မပြုနိုင်ပါက ၎င်းအား လွှတ်ပေးရမည်။ တရားကြားနာမငအား စောင့်စားနေကြသော တရားခံအား ဖမ်းဆီးချုပ်ထား ခြင်းသည် ယေဘုယျအားဖြင့် လိုက်နာရသည့် လုပ်ရိုးလုပ်စဉ်မဟုတ်ပါ။ သို့သော် တရားခံက တရားခွင်သို့ လာရောက်အစစ်ဆေးခံရန် လိုအပ်သည့်အခါတိုင်း လာရောက်စစ်ဆေးခံမည်ဟူ၍လည်းကောင်း၊ စီရင်ချက်ချမှတ်သည့်အခါတွင်လည်း တရားခွင်သို့ လာရောက်မည်ဟုလည်း အာမခံလျှင် ၎င်းအား ချုပ်နှောင်ထားခြင်းမှ လွှတ်ပေးရမည်။

(၄) ဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းကြောင့် လွတ်လပ်ရေးဆုံးရှုံးနေရသော ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် ၎င်းအားဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းသည် ဥပဒေနှင့် ညီမညီ၊ ဥပဒေနှင့်မညီပါက ၎င်းအား လွတ်လပ်နိုင်ရန်အတွက် တရားရုံးက အချိန်မဆိုင်းဘဲ ဆုံးဖြတ်ပေးနိုင်ရန်အလို့ငှာ တရားရုံးထံ လျှောက်ထားပိုင်ခွင့်ရှိသည်။

၃။ တစ်စုံတစ်ဦးအား ရာဇဝတ်ကျူးလွန်ကြောင်း စွဲဆိုချက်ဖြင့် ဖမ်းဆီးခြင်းသော်လည်းကောင်း၊ ထိန်းသိမ်းခြင်း သော်လည်းကောင်း ပြုလုပ်ပါက ၎င်းအား တရားသူကြီးတစ်ဦး သို့မဟုတ် တရားစီရင်ပိုင်ခွင့် အာဏာအပ်နှင်းခြင်း ခံရသော အရာရှိတစ်ဦး၏ ရှေ့မှောက်သို့ ချက်ချင်း ခေါ်ဆောင်လာရမည်ဖြစ်ပြီး ၎င်းပုဂ္ဂိုလ်တွင် သင့်တော်သော ကာလအပိုင်းအခြားတခုအတွင်း ကြားနာစစ်ဆေးမှုကို စတင်ခံယူပိုင်ခွင့်ရှိသည်။ သို့မဟုတ် သင့်တော်သော ကာလအပိုင်းအခြားတစ်ခုအတွင်း ကြားနာစစ်ဆေးမှုများ မပြုနိုင်ပါက ၎င်းအား လွှတ်ပေးရမည်။ တရားကြားနာမှု အား စောင့်စားနေကြသော တရားခံများအား ဖမ်းဆီးချုပ်ထားခြင်းသည် ယေဘုယျအားဖြင့် လိုက်နာရသည့် လုပ်ရိုးလုပ်စဉ်မဟုတ်ပါ။ သို့သော် တရားခံက တရားခွင်သို့ လာရောက်အစစ်ဆေးခံရန် လိုအပ်သည့်အခါတိုင်း လာရောက်စစ်ဆေးခံမည်ဟူ၍လည်းကောင်း၊ စီရင်ချက်ချမှတ်သည့်အခါတွင်လည်း တရားခွင်သို့ လာရောက် မည်ဟုလည်း အာမခံလျှင် ၎င်းအား ချုပ်နှောင်ထားခြင်းမှ လွှတ်ပေးရမည်။

၄။ ဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းကြောင့် လွတ်လပ်ရေးဆုံးရှုံးနေရသော ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် ၎င်းအား ဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းသည် ဥပဒေနှင့် ညီမညီ၊ ဥပဒေနှင့် မညီပါက ၎င်းအား လွှတ်ပေးနိုင်ရန် အတွက် တရားရုံးက အချိန်မဆိုင်းဘဲ ဆုံးဖြတ်ပေးနိုင်ရန် အလို့ငှာ တရားရုံးထံ လျှောက်ထားပိုင်ခွင့် ရှိသည်။

## စကားပြန်အကူအညီရယူခွင့်

စကားပြန်လိုအပ်နိုင်ခြင်းရှိမရှိကို ရှေ့နေများမှ ကြိုတင်ခန့်မှန်းထားရမည်။ ထိုမှသာ ထိုအကြောင်းကို တရားရုံးတော်၌ လျှောက်ထားနိုင်မည်ဖြစ်သည်။ သို့ရာတွင် တရားရုံးတော်မှ ပေးအပ်သည့် စကားပြန်များကို အသုံးပြုခြင်းသည် အမှုသည် နှင့် ရှေ့နေအကြားရှိ လျှို့ဝှက်ထိန်းသိမ်းထားရမည့်အရာများအပေါ် ပျက်ပြားသွားစေနိုင်သည်။ မည်သို့ပင်ဆိုစေကာမူ … အချုပ်ခန်း အတွင်း၌ ရှိနေသည့် အမှုသည်အား စကားပြန်မှတဆင့် ပြောဆိုဆက်ဆံခွင့်ကို ရမှ ပိတ်ပင်ကောင်း ပိတ်ပင် နိုင်မည်။ စကားပြန် အကူအညီရယူခွင့်ကို တရားရုံး၏ လုပ်ဆောင်ချက်များ၌ အကန့်အသတ်ဖြင့်သာ ပေးအပ်ထားကြောင်း ရဲအရာရှိဘက်မှ ပြောကြားလာနိုင်သည်။ သို့သော် ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ အသစ်အရ … ဥပဒေ ဆိုင်ရာ ကိုယ်စားပြု ရပ်တည်

ပေးရန် လိုအပ်သည့် အခြေအနေတိုင်း၌ စကားပြန်အကူအညီရယူခွင့်ကို ဥပဒေဆိုင်ရာ အခြေခံအခွင့်အရေး တစ်ရပ်အနေဖြင့် ပေးအပ်ထားကြောင်း တွေ့ရသည်။ရှေ့နေနှင့် ဆောလျင်စွာ ချိတ်ဆက်ခြင်းအပိုင်း ကို ကြည့်ပါ။

၁။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၃၆၁ - သက်သေခံချက်တစ်ရပ်ကို တရားခံနားလည်သော ဘာသာစကား တစ်ခုဖြင့် ပေးသောအခါတိုင်း၊ ထို့ပြင် တရားခံကိုယ်တိုင်ရှိနေလျှင် ထိုသက်သေခံချက်ကို တရားခံနားလည်သည့် ဘာသာစကားဖြင့် လူသိရှင်ကြား တရားခွင်တွင် တရားခံအား ဘာသာပြန်ဆိုပြရမည်။

၂။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၆၄ - ရေးမှတ်ထားသည့် ဘာသာစကားကို တရားခံ နားမလည်လျှင် တရားခံ နားလည်သည့် ဘာသာစကားတစ်ရပ်ဖြင့် ဘာသာပြန်ဆိုပြရမည်။

၃။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ ၂၀၁၇ ပုဒ်မ ၂၇ - ဥပဒေဆိုင်ရာ အထောက်အကူ ပေးသူသည် စွပ်စွဲခြင်း၊ တရားစွဲဆိုခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း၊ အကျဉ်းချခြင်းခံရသူနှင့်ပတ်သက်၍ -

(က) နိုင်ငံသားဖြစ်သော်လည်း ဆက်သွယ်ပြောဆိုရာ၌ ဘာသာစကား အခက်အခဲရှိလျှင် ဘာသာစကား နားလည်သူမှတစ်ဆင့် ဆောင်ရွက်ရမည်။

(ခ) နိုင်ငံခြားသားဖြစ်လျှင် ဥပဒေဆိုင်ရာအထောက်အကူရရှိနိုင်ကြောင်း စကားပြန်မှတစ်ဆင့် ရှင်းလင်း ပြောကြားခြင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာကောင်စစ်ဝန်ရုံးသို့ နှောင့်နှေးမှုမရှိဘဲ အကြောင်းကြားရမည်။

(ဂ) မသန်စွမ်းသူဖြစ်လျှင် ၎င်း၏ ကိုယ်အမူအရာ သို့မဟုတ် ခြေဟန်၊ လက်ဟန်၊ လက်သင်္ကေတပြ ဘာသာ စကား၊ လက်စမ်းစာပေကို နားလည်သိရှိသူမှတစ်ဆင့် ဆောင်ရွက်ရမည်။

၄။ ဥပဒေအရာရှိများအတွက် မျှတသောတရားစီရင်ရေးဆိုင်ရာ လမ်းညွှန်စာအုပ်၊ ပြစ်မှုဆိုင်ရာ တရားစွဲဆိုခြင်းများ အတွက် လိုက်နာကျင့်သုံးနိုင်မည့် စံချိန်စံညွှန်းများ ၂ (ဈ)၊ ဘာသာပြန်ဆိုခြင်းနှင့် စကားပြန်ခြင်းဆိုင်ရာ အခွင့် အရေးများ။

- ကနဦးအဆင့်များဖြစ်သည့် စုံစမ်းထောက်လှမ်းမှု၊ စစ်ဆေးမေးမြန်းမှုနှင့် တရားစွဲမတင်မီ ကိစ္စရပ်များတွင် စကားပြန်ခြင်းနှင့် ဘာသာပြန်ဆိုခြင်းတို့ကို ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။
- စွပ်စွဲခံရသူနှင့် ၎င်း၏ ရှေ့နေတို့အကြား ဘာသာစကားတူညီမှုမရှိပါက ခုခံချေပနိုင်သည့် စွမ်းရည်အပေါ် အဟန့်အတား ဖြစ်စေမည်ဖြစ်ပါသည်။ စွပ်စွဲခံရသူက ခုခံချေပရာတွင် သက်သေတစ်ဦး၏ ထွက်ဆိုချက် တစ်စုံတစ်ရာနှင့် စပ်လျဉ်း၍ အရေးကြီးသော အချက်အလက်များအား ၎င်း၏ ရှေ့နေ နားလည်စေရေး အတွက် ပြောပြရန် အခက်အခဲ ရှိနိုင်ပါသည်။ ထို့အတူ အမှုနှင့်စပ်လျဉ်းသည့် ခုခံရေးလမ်းကြောင်း သို့မဟုတ် ဥပဒေဆိုင်ရာ အကြောင်းအရာများကို ၎င်း၏ ရှေ့နေနှင့် ပြောဆိုဆွေးနွေးလိုမည် ဖြစ်ပါ သည်။ တရားရုံး၊ အစိုးရအရာရှိများ၊ သက်သေများနှင့် ရှေ့နေတို့ အသုံးပြုသည့် ဘာသာစကားကို ရာဇဝတ်မှုဖြင့် စွပ်စွဲခံရသူက စကားပြန်နှင့် ဘာသာပြန်အကူအညီမရ၍ နားလည်နိုင်ခြင်း မရှိပါက ၎င်းရရှိမည့် မျှတသော တရားစီရင်ရေးဆိုင်ရာ အခွင့်အရေးများ ဆုံးရှုံးမည် ဖြစ်ပါသည်။

၅။ ကမ္ဘာလုံးဆိုင်ရာ စံညွှန်းများ

- နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် ၁၄(၃)(က) - ရာဇဝတ်ပြစ်မအရ အပြစ်ရှိ ကြောင်း စွဲဆိုခံရသူတိုင်းတွင် အနည်းဆုံး အောက်ပါအာမခံချက်များ တန်းတူ

ခံစားပိုင်ခွင့် အပြည့်အဝ ရှိသည်။ (က) ၎င်းအား စွဲဆိုချက်၏ သဘာဝနှင့် စွဲဆိုရသည့် အကြောင်းရင်းတို့၏ အသေးစိတ်ကို ၎င်း နားလည်သည့် ဘာသာစကားဖြင့် ချက်ချင်း အသိပေးရမည်။

## တရားမဝင် ဖမ်းဆီးရှာဖွေခံရခြင်းများမှ ကင်းလွတ်ပိုင်ခွင့်

ဤအခွင့်ရေးများအကြောင်းကို ဤလက်စွဲစာအုပ်တွင် ဆွေးနွေးတင်ပြထားပါသည်။ တရားမျှတမှုမရှိသော တရားစွဲဆိုခြင်း များသည် တရားမဝင်သော ဖမ်းဆီးမှုများ သို့မဟုတ် ရှာဖွေခြင်းများကြောင့် ဖြစ်ပေါ်လာရပါသည်။ ကြည့်ရန် --- အမှု၏ လမ်းကြောင်းနှင့် သက်သေခံများအပိုင်း။

၁။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၅၁ - ဖမ်းဆီးရမိသူ ထွက်မပြေးစေရန် လိုအပ်သည်ထက် ပို၍ တားဆီးကန့်ကွက် မထားရ။

၂။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၅၂ - အမျိုးသမီး၏ ကိုယ်ပေါ်တွင် ရှာဖွေရန် လိုအပ်လျှင် အခြား အမျိုးသမီး တစ်ဦးအား တာဝန်ပေးပြီး ရှာခိုင်းရမည်။ ထိုသို့ ရှာဖွေရာတွင် အမျိုးသမီး၏ ကာယိန္ဒြေကို ကြပ်တည်းစွာ စောင့်စည်းရမည်။

၃။ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (ICCPR) အပိုဒ် ၉ (၁) - လူသားတိုင်းတွင် လွတ်လပ်ခွင့်ရှိပြီး မိမိ၏လုံခြုံရေးကိုလည်း ခံစားပိုင်ခွင့်ရှိသည်။ မည်သူ့ကိုမျှ တစ်ဖက်သတ် အာဏာသုံး၍ ဖမ်းဆီးခြင်းသော် လည်းကောင်း၊ တရားဥပဒေမဲ့ မတရား ထိန်းသိမ်းခြင်းသော် လည်းကောင်း မပြုလုပ်ရ။ တည်ဆဲ ဥပဒေအရ ချမှတ်ထားသော နည်းဥပဒေအရ ဖမ်းဆီး ထိန်းသိမ်းရန် လိုအပ်သော အခြေအနေမှတပါး ပုဂ္ဂိုလ်တစ်ဦး ၏ လွတ်လပ်ခွင့်ကို မဆုံးရှုံးစေရ။

## ရဲ၏ တရားမဝင်ဖမ်းဆီးချုပ်နှောင်ခြင်းများမှ ကင်းလွတ်ပိုင်ခွင့်

ရှေ့နေနှင့်ဆောလျင်စွာ ချိတ်ဆက်နိုင်ခြင်း၊ အမှု၏လမ်းကြောင်းနှင့် အာမခံလျှောက်ထားခြင်းဆိုင်ရာ အပိုင်းများကို ကြည့်ပါ။

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၇၆ - နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူ အေးချမ်း သာယာရေး နှင့် အများပြည်သူအကျိုးငှာ ဥပဒေနှင့်အညီ ကြိုတင်ကာကွယ်ထားရှိရန် လိုအပ်သောကိစ္စ သို့မဟုတ် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ခွင့်ပြုသည့်ကိစ္စမှတစ်ပါး စီရင်ပိုင်ခွင့်ရှိသော တရားသူကြီး၏ ချုပ်မိန့်မရှိဘဲ မည်သူ့ ကိုမျှ ၂၄ နာရီထက် ပို၍ ချုပ်နှောင်ခြင်း မပြုရ။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၇၈ - ဥပဒေနှင့်ညီညွတ်သော ချုပ်နှောင်ခြင်းဖြစ်စေရန်အတွက် တရားခံသည် ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ ရှေ့တော်သွင်းစာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားခွင့် ရှိသည်။

၃။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၇ - တရားခံအား ဖမ်းဆီးချုပ်နှောင်ထားပြီး ၂၄ နာရီအတွင်း ပြန်လွှတ်ပေးရမည်။

၄။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၈၁ - ဖမ်းဆီးခံရသူတရားခံအား တရားရုံးရှေ့သို့ နှောင့်နှေး ကြန့်ကြာခြင်းမရှိဘဲ ခေါ်ဆောင်သွားပေးရမည်။

၅။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ၁၆၇ - ခုနစ်နှစ်အောက်ကာလအတွက် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ချမှတ်နိုင်သော ပြစ်မှု တစ်ရပ်ဖြင့် စွပ်စွဲခြင်းခံရသောသူဖြစ်လျှင် ထိုသူကို ချုပ်နှောင်ထားခြင်းသည် စုစုပေါင်း တစ်ဆယ့်ငါးရက် ထက် မပိုစေရ။ သို့ရာတွင် ထိုသူမှာ ခုနစ်နှစ်အောက်မနည်းသော ကာလ အပိုင်းအခြားအတွက် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ချမှတ်နိုင်သည့် ပြစ်မှုတစ်ရပ်ဖြင့် စွပ်စွဲခံရလျှင် ထိုသူကို ချုပ်နှောင်ထားခြင်းသည် စုစုပေါင်း ရက် သုံးဆယ်ထက် မပိုစေရ။

၆။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၉ - စုံစမ်းထောက်လှမ်းသောအခါ တရားခံကို ရာဇဝတ် တရားသူကြီး တစ်ဦးထံ တင်ပို့လောက်အောင် လုံလောက်သော သက်သေခံချက် မရှိဟူ၍ လည်းကောင်း၊ သင်္ကာမကင်းဖြစ်စရာ ယုတ္တိတန်သော အကြောင်းမရှိဟူ၍လည်းကောင်း အရာရှိက ယူဆလျှင် အချုပ် တွင်ရှိနေသော ထိုသူကို ခံဝန် ချုပ်ဆိုစေ၍ လွှတ်လိုက်ရမည်။

၇။ မြန်မာ့တရားရုံးများလက်စွဲ၊ အပိုဒ် ၄၆၆ - မိမိအမှုကို ဆောလျင်နိုင်သမျှ ဆောလျင်စွာ စစ်ဆေး စီရင်ပေးစေရန် တရားခံ၌ အခွင့်အရေးရှိသည်။

**၈။** ပိုလ်ဆန်းလင်း နှင့် ရဲမင်းကြီး (၁၉၄၈)၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ (တရားလွှတ်တော်ချုပ်) **စာ - ၃၇၂**
... ဖမ်းဆီးချုပ်နှောင်ရန်အတွက် လိုက်နာခဲ့သည့် လုပ်ထုံးလုပ်နည်းသည် ဥပဒေနှင့်မညီသော လုပ်ထုံး လုပ်နည်း ဖြစ်ခဲ့ပါက အဆိုပါ ချုပ်နှောင်ခြင်းသည်လည်း တရားဝင်သော ချုပ်နှောင်ခြင်းဖြစ်သည်ဟု မဆိုနိုင်ပါ။

# တရားခံရှေ့နေ၏ အခွင့်အရေးများနှင့် တာဝန်များ

အကျဉ်းချုပ် - တရားမျှတမှုစင်တာများသည် ဆင်းရဲနွမ်းပါးသည့်အမှုသည်များအတွက် ကျင့်ဝတ်နှင့်ညီစွာ အကောင်းဆုံး ကိုယ်စားပြုရပ်တည်ပေးနိုင်ရန် စွမ်းဆောင်လျက်ရှိပါသည်။ ဆင်းရဲနွမ်းပါးသူများအတွက် ဥပဒေဆိုင်ရာ ကိုယ်စားပြု ရပ်တည်ပေးရာတွင် ကမ္ဘာလုံးဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် ဆောင်ရွက်ပေးနိုင်ရန်နှင့် ထိရောက်သော ခုခံကာကွယ်မှုများ ပေးစွမ်းနိုင်ရန် အကောင်းဆုံး ကြိုးစားလျက်ရှိပါသည်။ အမှုသည်များ၏ အခွင့်အရေးများ ချိုးဖောက် ခံရခြင်း ရှိမရှိနှင့် အမှုသည်များအတွက် အကောင်းဆုံးကုစားမှုများ ပေးစွမ်းနိုင်ရန် ရှာဖွေရခြင်းများသည် ရှေ့နေများ၏ တာဝန်များပင်ဖြစ်ပါသည်။ အမှုနှင့်သက်ဆိုင်သည့် အကြောင်းခြင်းရာများအပေါ် စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်ရာတွင် လည်းကောင်း၊ ကျင့်သုံးနိုင်မည့် ဥပဒေများကို ရှာဖွေရာတွင်လည်းကောင်း၊ တရားရုံးတော်၌ ကိုယ်စားပြု ရပ်တည်ပေးရာတွင်လည်းကောင်း အမှုသည်များနှင့် တိုင်ပင်ဆွေးနွေးပြီးမှ လုပ်ဆောင်ရမည်။

## အရည်အချင်း သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ပိုင်ခွင့်

ရှေ့နေများ - တရားရုံးမထီမဲ့မြင်ပြုခြင်းနှင့် ပြစ်မှုကြောင်းတရားစွဲဆိုခြင်းဆိုင်ရာအပိုင်းကို ကြည့်ပါ။

၁။ တရားရုံးများလက်စွဲ ၁၉၉၉ အပိုဒ် ၇၊ ဥပဒေပညာလုပ်ငန်းလုပ်ဆောင်သူများဆိုင်ရာအက်ဥပဒေ - အထက်တန်းရှေ့နေ

၂။ တရားရုံးများလက်စွဲ၊ ၁၉၉၉ ၊ အပိုဒ် ၃(၁)၊ ၃(၄)-(၇) - တရားလွှတ်တော်ရှေ့နေ။

## တရားရုံးတော်၌ ကိုယ်စားပြုရပ်တည်ပေးပိုင်ခွင့်

၁။ တရားရုံးများလက်စွဲ၊ အတွဲ ၂ အပိုဒ် ၄၅၅ - စွပ်စွဲခံရသူတိုင်းသည် ရှေ့နေနှင့် ခုခံချေပခွင့်ရှိသည်။

၂။ တရားရုံးများလက်စွဲ၊ အတွဲ ၂ အပိုဒ် ၄၅၅ - ထိုအမှုသည်နှင့်ပတ်သက်သမျှ အမှု၌ဆောင်ရွက်သည့် အမှုအခင်း ကိစ္စအရပ်ရပ် ပြီးဆုံးသည့်တိုင်အောင် သို့မဟုတ် တရားရုံး၏ အခွင့်အမိန့်နှင့် ပြီးဆုံးကြောင်း ပြဌာန်းသည့် တိုင်အောင် အဆိုပါ အမှုသည်အတွက် ရှေ့နေအဖြစ် လိုက်ပါ ဆောင်ရွက်ပေးခွင့်ရှိသည်။

၃။ တရားရုံးများလက်စွဲ၊ အပိုင်း ၂ အပိုဒ် ၄၅၅ -

၄။ ရှေ့နေများ၏တာဝန်များနှင့် ရပိုင်ခွင့်များဆိုင်ရာ ကျင့်ဝတ်များ၊ ၇ ကြိမ်မြောက်ထုတ်ဝေခြင်း၊ မြန်မာနိုင်ငံ ရှေ့နေများကောင်စီ ၂၀၁၁ - ဥပဒေပညာလုပ်ငန်းလုပ်ကိုင်သူများသည် တရားရုံးတော်၌ ရှိနေပိုင်ခွင့် ရှိသည်။

၅။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၃၅၃ - သက်သေခံချက်အားလုံးကို တရားခံ၏ရှေ့တွင် သို့မဟုတ် ၄င်း၏ ရှေ့နေရှေ့တွင် ရယူရမည်။ (ဥပဒေအကူအညီရယူခြင်းသည် တရားခွင်စစ်ဆေးစီရင်ခြင်း မစတင်မီအချိန်မှစ၍ အရေးပါကြောင်း မိမိတို့ဘက်မှ ယုံကြည်သည်။)

၆။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ ပုဒ်မ ၃၆၀ - သက်သေတစ်ဦးစီ၏ သက်သေခံချက်ကို ရယူချိန်တွင် တရားလွှတ်တော် ရှေ့နေ သို့မဟုတ် အထက်တန်းရှေ့နေသည် ထိုနေရာ၌ ရှိနေပိုင်ခွင့်ရှိသည်။

## စိတ်အားထက်သန်မှုရှိသည့် ရှေ့နေတစ်ဦးဖြစ်ရန် တာဝန်

ရှေ့နေများသည် တရားခံများအတွက် ရုံးတော်သို့ တက်ရောက်ပေးရုံမျှဖြင့် မလုံလောက်ပါ။ အမှုသည်၏ အကျိုးစီးပွားအတွက် ပြည့်ဝစွာ လျှောက်လဲပေးနိုင်ရန် လိုအပ်မည့် ဥပဒေများနှင့် အမှုဖြစ်ကြောင်းခြင်းရာများကို ရှေ့နေများမှ ပြင်ဆင်ပေးရမည်။

၁။ ရှေ့နေများ၏တာဝန်များနှင့် ရပိုင်ခွင့်များဆိုင်ရာ ကျင့်ဝတ်များ၊ (၇) ကြိမ်မြောက်ထုတ်ဝေခြင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ရှေ့နေများကောင်စီ၊ ပုဒ်မ ၁၄၁ - ရှေ့နေများသည် အမှုသည်များ၏ အကျိုးစီးပွားအတွက် အကောင်းဆုံး ဆောင်ရွက်ပေးရန် တာဝန်ရှိသည်။

၂။ ရှေ့နေများဆိုင်ရာအက်ဥပဒေ၊ ပုဒ်မ ၄၄။ ကြည့်ရန် --- ၁၉၆၀၊ မြန်မာနိုင်ငံစီရင်ထုံး (တရားလွှတ်တော်)၊ စာ - ၄၈၇၊ ၁၉၆၆ မြန်မာနိုင်ငံစီရင်ထုံး (တရားလွှတ်တော်) စာ - ၈၇၄၊ ၁၉၆၈ (တရားလွှတ်တော်) စာ - ၂၆၄ - ပေါ့ဆမှုအတွက် ရှေ့နေများသည်လည်း တရားစွဲဆိုခံရနိုင်ပါသည်။

၃။ ရှေ့နေများ၏ အခန်းကဏ္ဍအတွက် ကုလသမဂ္ဂ၏ အခြေခံစည်းမျဉ်းများ ၁၂-၁၄ - ရှေ့နေများသည် ၎င်းတို့ အမှုသည်များ၏ အကျိုးစီးပွားများကို အစဉ် လေးစားတန်ဖိုးထားရမည်။

## ကိုယ်စားပြု လိုက်ပါဆောင်ရွက်ပေးရာတွင် ဖြစ်ပေါ်လာနိုင်မည့် အငြင်းပွားမှု ပဋိပက္ခများကို ရှောင်ရှားခြင်း

အငြင်းပွားမှုတစ်ခုမှ နှစ်ဖက်အမှုသည်များအတွက် ကိုယ်စားပြုရပ်တည်ပေးရန် တားမြစ်ထားသည့် စည်းကမ်းချက်များကို မြန်မာ့ရှေ့နေများအနေဖြင့် သဘောပေါက်နားလည်ပြီး လိုက်နာကြရမည်။ တရားမျှတမှုစင်တာများသည် တရားလိုများ အတွက် ကိုယ်စားပြု ရပ်တည်ပေးခြင်းများ မပြုလုပ်သည့်အတွက် ညွှန်ကြားချက်များ ရယူသည့်အခါ အခက်အခဲများ ရှိလိမ့်မည် မဟုတ်ပါ။ တရားခံတစ်ဦးထက်ပို၍ စွဲဆိုခံထားရသော အမှုများတွင် မိမိတို့ တရားမျှတမှုစင်တာများ၏ သတ်မှတ် ချက်များနှင့် ကိုက်ညီသော တရားခံတစ်ဦးအတွက်သာ ကိုယ်စားပြုရပ်တည်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ပူးတွဲ တရားခံ များကိုကား အခြားသော အခမဲ့လိုက်ပါ ဆောင်ရွက်ပေးသည့် ရှေ့နေများနှင့် ဥပဒေအထောက်အကူပြုအဖွဲ့အစည်းများသို့ လွှဲပြောင်းပေးမည်ဖြစ်ပါသည်။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ၌ နစ်နာသူများနှင့် ပူးတွဲတရားခံများအတွက် ကိုယ်စားပြုရပ်တည်ပေးရန် ခွင့်ပြုထားသော်လည်း ... ထိုသို့ ကိုယ်စားပြု ရပ်တည်ပေးရာတွင် မတူညီသောရှေ့နေများမှ ထိုအမှုသည်များအတွက် ကိုယ်စားပြုရပ်တည်ပေးနိုင်မည် သို့မဟုတ် တူညီသောဥပဒေဆိုင်ရာဝန်ဆောင်မှုပေးသူမှ ထိုအမှုသည်များအားလုံးအတွက် ကိုယ်စားပြု ရပ်တည်ပေးနိုင်သည် ... စသည့်အချက်များကိုကား ဖော်ပြထားခြင်းမရှိပါ။

၁။ ရှေ့နေများဆိုင်ရာအက်ဥပဒေ၊ ပုဒ်မ ၁၃(က) - ရှေ့နေတစ်ဦးသည် ၎င်းအား ငှားရမ်းထားသည့် အမှုသည်မှ လွဲ၍ တခြားသူများထံမှ ညွှန်ကြားချက်ကို ရယူခြင်း မပြုရပါ။

၂။ ရှေ့နေများကောင်စီ အက်ဥပဒေ ပုဒ်မ ၁၅

၃။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ ပုဒ်မ ၃၂ - ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့သည် ဥပဒေဆိုင်ရာ အထောက်အကူပေးရန် ဆုံးဖြတ်ပါက တရားစွဲမတင်မီနှင့်တရားစွဲတင်ပြီးနောက် မူလရုံးတွင်ဖြစ်စေ၊ အထက်ရုံးအဆင့်ဆင့်တွင်ဖြစ်စေ စွပ်စွဲခံရသူ၊ ပြစ်မှုကျူးလွန်ခံရခြင်းကြောင့် နစ်နာသူနှင့် ပြစ်မှုနှင့် သက်ဆိုင် သော သက်သေများအတွက် ဥပဒေဆိုင်ရာ အထောက်အကူပေးရန် ဥပဒေဆိုင်ရာ အထောက်အကူ ပေးသူ တစ်ဦးဦးအား တာဝန်ပေးခန့်အပ်ရမည်။ စွပ်စွဲခံရသူ တစ်ဦးထက်ပိုပါက လိုအပ်လျှင် ဥပဒေဆိုင်ရာ အထောက် အကူပေးရေးအဖွဲ့ကို ခန့်အပ်တာဝန်ပေးနိုင်သည်။

## အမှုသည်၏အချက်အလက်များကို လျှို့ဝှက်စွာ ထိန်းသိမ်းရမည့်တာဝန်

**သက်ရောက်မှုအတိုင်းအတာ** - ရှေ့နေတစ်ဦး**သည်** အမှုသည်၏ သတင်းအချက်အလက်များ**ကို** ထိန်းသိမ်းခြင်းဖြင့် အမှုသည်အား ကာကွယ်ပေးရမည်။ အမှုသည်နှင့် ရှေ့နေအကြားရှိ ပြောဆိုချက်များ၊ အမှုသည်အားပေးခဲ့သည့် အကြံပြုချက်များ၊ အမှုသည်နှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများ အားလုံးကို လျှို့ဝှက်စွာ ထိန်းသိမ်းထားရမည်။ အမှုသည်နှင့် သက်ဆိုင်သည့် ဖိုင်တွဲများကို အပြင်လူများ မမြင်စေရန် လုံခြုံစွာ ထားရှိခြင်း၊ အများကြားနိုင်သည့် နေရာများ တွင် အမှုသည်များအကြောင်း ပြောဆို**မှု မပြုရ**ခြင်း၊ နှင့် အကျဉ်းထောင်တွင်းရှိ အမှုသည်နှင့် တွေ့ဆုံဆွေးနွေးရာတွင်လည်း သီးသန့် တွေ့ဆုံ ဆွေးနွေးရန်၊ စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်ရာတွင်လည်း အမှုသည်၏ လျှို့ဝှက်ချက်များ ပေါက်ကြား မသွားစေရန် အထူးဂရုပြုပေးခြင်းဖြင့် အမှုသည်အား ကာကွယ်ပေးရမည်။ တရားမျှတမှုစင်တာများ၌ တာဝန် ထမ်းဆောင် နေကြသည့် ရှေ့နေများ နှင့် ဝန်ထမ်းများမှ … လူထုသို့ ဥပဒေ ပညာပေးရန် သို့မဟုတ် တရားမျှတမှုစင်တာ တိုးတက်မှုအတွက် သက်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမှုတွဲများ၌ ပါဝင်နေသည့် အမှုသည်များအမည်နှင့် ၎င်းတို့၏ သတင်းအချက်အလက်များကို ဖော်ထုတ် ဆွေးနွေးခြင်း မပြုရပါ။

၁။ သက်သေခံအက်ဥပဒေ ပုဒ်မ ၁၂၆ - ရှေ့နေများနှင့် အမှုသည်များအကြားရှိ ပြောဆိုချက်များသည် ၎င်းတို့နှင့်သာ သက်ဆိုင်စေရမည်။

၂။ သက်သေခံအက်ဥပဒေ ပုဒ်မ ၁၂၇ - အထက်ပါ ရှေ့နေများနှင့် အမှုသည်များအကြားရှိ ပြောဆိုချက်များသည် စကားပြန်များ နှင့် ရှေ့နေများ၏ စာရေးများ သို့မဟုတ် အစေခံများနှင့် သက်ဆိုင်စေရမည်။

၃။ သက်သေခံအက်ဥပဒေ ပုဒ်မ ၁၂၈ - အမှုသည်၏ သက်သေခံအဖြစ် အစစ်ခံခြင်းကြောင့် အခွင့်အရေးကို စွန့်ပယ် ခြင်း မဖြစ်စေရ။

၄။ အကျဉ်းထောင်အက်ဥပဒေ ပုဒ်မ ၄၀ - အကျဉ်းထောင်အတွင်း၌ ရှိနေသည့် အမှုသည်နှင့် ၎င်း၏ ရှေ့နေတို့ ပြောဆိုခဲ့သည့် အတွင်းရေးပြောဆိုချက်များကိုလည်း ကာကွယ်ပေးရမည်။

၅။ နိုင်ငံတကာရှေ့နေများအဖွဲ့အစည်း၊ ဥပဒေဖြင့် အသက်မွေးဝမ်းကြောင်းပြုသူများအတွက် လိုက်နာရန် နိုင်ငံ တကာ စည်းမျဉ်းများ၊ ပုဒ်မ ၄.၁ - "အတွင်းရေးပြောဆိုချက်များ/ ပညာရှင်ဆိုင်ရာ လျှို့ဝှက်ထားမှုများ၊ အထွေထွေ စည်းမျဉ်း" - ရှေ့နေများသည် ၎င်းတို့၏ လက်ရှိအမှုသည် သို့မဟုတ် ယခင်အမှုသည်တို့နှင့် သက်ဆိုင်သည့် အကြောင်းအရာများကို ဥပဒေ၏ လိုအပ်ချက်ကြောင့် နှင့်/ သို့မဟုတ် ပညာရှင်များ၏ ဆောင်ရွက်ရန် စည်းမျဉ်းများ ကြောင့်မှလွဲ၍ အခြားမည်သည့် အချိန်တွင်မှ ထုတ်ဖော်ပြောဆိုခြင်း မပြုရပါ။

## လိုအပ်သည့်စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်ရခြင်း

တရားခံအတွက် လိုအပ်သည့် စုံစမ်းထောက်လှမ်းမှုများ မပြုလုပ်နိုင်ပါက ယင်းအမှုသည်၏ ခုခံကာကွယ်ခွင့်၊ အကြံပြု ဆွေးနွေးပိုင်ခွင့်နှင့် မျှတသောတရားခွင်ဆိုင်ရာ အခွင့်အရေးများကို ချိုးဖောက်ခံရရာကျပါသည်။ ရဲများမှလည်း ၎င်းတို့၏ စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်ရာတွင် ဘက်မလိုက်ဘဲ ဆောင်ရွက်ပေးရန် တာဝန်ရှိသော်လည်း … များသောအားဖြင့် တရားခံများ၏ အကျိုးဖြစ်ထွန်းစေနိုင်မည့် သတင်းအချက်အလက်များကို ကား ရှာဖွေပေးခြင်း မပြုကြပါ။ တရားခံရှေ့နေ များသည် သက်သေများ ရှာဖွေကြရာတွင်လည်းကောင်း၊ တရားလိုပြသက်သေများအား ဘက်လိုက်ခြင်းရှိမရှိ၊ တိကျမှုရှိမရှိ စုံစမ်းစစ်ဆေးရာတွင်လည်းကောင်း၊ ဓာတ်ပုံကဲ့သို့ လိုအပ်သောသက်သေခံချက်များ ဖန်တီးရာတွင်လည်းကောင်း အခြား သူများအပေါ် မှီခိုခြင်း မပြုရပါ။ ကျွမ်းကျင်မှုများ - စုံစမ်းထောက်လှမ်းခြင်းဆိုင်ရာအပိုင်းကို ကြည့်ပါ။။ ထို့အပြင် တရားခံရှေ့နေများ

အနေဖြင့် မှုခင်းဖြစ်နေရာသို့ ကိုယ်တိုင်သွားရောက်လေ့လာရန်၊ သက်သေများအား တွေ့ဆုံဆွေးနွေး ရန်နှင့် သက်သေခံချက်များအား စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်ရန် လိုအပ်ပါသည်။ သဘောသဘာဝအားဖြင့် ပြောင်းလဲ နိုင်သည့် သက်သေခံချက်များကို ရှာဖွေဖော်ထုတ်ရန် အထူးအရေးကြီးပါသည်။ ဥပမာ - မှုခင်းဖြစ် အကြောင်းခြင်းရာများကို CCTV မှတဆင့် ခြေရာခံနိုင်ပါက ... အဆိုပါ မှတ်တမ်းတင်ထားသည့်ဖိုင်ကို အချိန်တိုအတွင်း၌ ရယူနိုင်အောင် ကြိုးစားရမည်။ ထိုသို့ အချိန်တိုအတွင်း ရယူနိုင်မှသာ သေချာသော သက်သေခံချက်ကို ရရှိနိုင်မည် ဖြစ်သည်။

၁။ တရားရုံးများလက်စွဲ၊ အပိုင်း၂၊ ပုဒ်မ ၄၅၇ - အမှုအရပ်ရပ်တွင် တရားရုံးချုပ်ရှေ့နေများ၊ သို့တည်းမဟုတ် ရှေ့နေများက ညွှန်ကြားချက်များ ရယူနိုင်စေရန်နှင့် လိုအပ်သည့် စာမှတ်စာတမ်းများကို ကြည့်ရှု လေ့ကျက်နိုင်စေရန် အချိန် လုံလောက်စွာ ကြိုတင်၍ ဌားရမ်းရမည်။ ရှေ့နေရှေ့ရပ်များ ဌားရမ်းပေးရန် အမိန့်ချမှတ်ပြီးလျှင်ပြီးခြင်း တရားရုံး ချုပ်ရှေ့နေ၊ သို့တည်းမဟုတ် ရှေ့နေက လွှဲအပ်တင်ပို့သည့် အမှုတွဲကို ကြည့်ရှုစစ်ဆေးပြီးလျှင် အမှုကို မိမိက ကောင်းမွန်စွာ လိုက်လံဆောင်ရွက်နိုင်စေရန် အမှုတွဲ၏ မည်သည့်အစိတ်အပိုင်းများကို ရေးကူးရန် အမှန်လိုကြောင်း ဆုံးဖြတ်ရမည်။

၂။ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊ အပိုဒ် ၁၄(၃)(ခ) - ရာဇဝတ်ပြစ်မှုအရ အပြစ်ရှိကြောင်း စွဲဆိုခံရသူတိုင်းတွင် အနည်းဆုံး အောက်ပါအာမခံချက်များ တန်းတူခံစားပိုင်ခွင့် အပြည့် အဝ ရှိသည်။ ၄င်းအနေဖြင့် မိမိကိုယ်ကို ခုခံကာကွယ်ရေးအတွက် ပြင်ဆင်ရန်နှင့် မိမိကိုယ်တိုင် ရွေးချယ် သော ဥပဒေအကျိုးဆောင်နှင့် ဆက်သွယ်ရေးတို့အတွက် အချိန်နှင့် အထောက်အကူ လုံလောက်စွာ ပေးရမည်။

၃။ ရှေ့နေများ၏ အခန်းကဏ္ဍအတွက် ကုလသမဂ္ဂ၏ အခြေခံစည်းမျဉ်းများ၊ ပုဒ်မ ၂၁ - အမှုသည်များအတွက် ထိရောက်မှုရှိသည့် ဥပဒေအကူအညီများ ပေးစွမ်းနိုင်ရန် လိုအပ်မည့် သတင်းအချက်အလက်များ၊ ဖိုင်တွဲများနှင့် စာရွက် စာတမ်းများကို ရှေ့နေများအား ပေးအပ်ရန်တာဝန်သည် သက်ဆိုင်ရာအာဏာပိုင် များ၏ တာဝန်ပင်ဖြစ်ပါ သည်။ အထက်ဖော်ပြပါ စာရွက်စာတမ်းများကို စောနိုင်သမျှစောစော ပေးအပ်ရ မည်။

## တရားရုံးတော်သို့ အပြောအဆို အမှုအရာပွင့်လင်းစွာ ပြောဆိုပိုင်ခွင့်

တရားမျှတမှုစင်တာများသည် ဆင်းရဲနွမ်းပါးသူများအတွက် အခမဲ့ရှေ့နေလိုက်ပေးခြင်း၊ ဥပဒေဆိုင်ရာ အထောက်အကူ ပေးခြင်း၊ နှင့် ပြစ်မှုဆိုင်ရာခုခံချေပမှုပေးနိုင်သည့် စနစ်တစ်ခုကို နိုင်ငံတော်အဆင့်အထိ ဖော်ဆောင်နိုင်ရန် ကြိုးပမ်း ဆောင်ရွက်လျက် ရှိပါသည်။ ထို့ကြောင့် ဝန်ထမ်းများ အားလုံးမှ လည်း ၄င်းတို့ စောင့်ထိန်းရမည့် ကျင့်ဝတ်ဆိုင်ရာ စံချိန်စံညွှန်းများကို အဆုံးစွန်ထိ လိုက်နာဆောင်ရွက်ပေးကြရန် လိုအပ်ပါ သည်။ ထိုသို့ လိုက်နာဆောင်ရွက်ရာ၌ တရား ရုံးတော်သို့ လိမ်လည်ထွက်ဆိုခြင်းများ နှင့်အခြားသူများ၏ လိမ်လည်ခြင်းများကိုလည်း လက်ခံခွင့်ပြုခြင်း မပြုရပါ။ ထိုသို့ ပြုလုပ်ခြင်းသည် တခါတရံတွင် အမှုသည်များ အတွက် အကောင်းဆုံး လိုက်ပါဆောင်ရွက်ပေးခြင်းများနှင့် ပဋိပက္ခများ ဖြစ်သွားနိုင်ပါသည်။ သို့သော် အကောင်းဆုံးပြင်ဆင်ထားသည့် ရှေ့နေများအတွက်ကား ထိုသို့သော ပဋိပက္ခများ မဖြစ်ပွား နိုင်ပါ။ ရှေ့နေများ ၏ စည်းမျဉ်းစည်းကမ်းများနှင့် တရားစွဲဆိုခြင်း ဆိုင်ရာအပိုင်းကို ကြည့်ပါ။

၁။ အစိုးရနှင့် ဦးအုံးဖေ၊ ၁၉၆၈၊ တရားမအထွေထွေမှု၊ အမှတ် ၃ - အောက်တန်းရှေ့နေတစ်ဦး၏ ကိစ္စ၊ (၁၉၅၃)၊ မြန်မာနိုင်ငံစီရင်ထုံးများ၊ **စာ** - ၁၂၉ ၊ ၁၉၉၈၈၊ မြန်မာနိုင်ငံစီရင်ထုံး၊ နာ ၁၃၂) - ရှေ့နေများ ကိုယ်တိုင် တရားရုံးတော်သို့ လိမ်လည်တင်ပြခြင်းမပြုရ သို့မဟုတ် အခြားသူများ၏ လိမ်လည်ခြင်းအား လည်း ခွင့်ပြုခြင်း မပြုရ။

## ကျင့်ဝတ်အတိုင်းလိုက်နာဆောင်ရွက်ရန် တာဝန်ရှိခြင်း

ဤအရာသည် အခြားသော တာဝန်ဝတ္တရားများနှင့်လည်း စပ်ဆိုင်မှုရှိသည်။ ကျင့်ဝတ်နှင့်ကိုက်ညီသည်ဆိုရာဝယ် … အငြင်းပွားမှု ပဋိပက္ခများကို ရှောင်ရှားခြင်း၊ လာဘ်ပေးလာဘ်ယူများ ပြုလုပ်ခြင်းမရှိဘဲ အမှုသည်အတွက် အကောင်းဆုံး ရပ်တည်ပေးခြင်းများကို ဆိုလိုသည်။ ရှေ့နေများ - စည်းမျဉ်းစည်းကမ်းနှင့် ပြစ်မှုကြောင်း တရားစွဲဆိုခြင်း ဆိုင်ရာအပိုင်းကို ကြည့်ပါ။

၁။ ရှေ့နေများကောင်စီအက်ဥပဒေ၊ အိန္ဒိယအက်ဥပဒေ ၃၈၊ ၁၉၂၆ (၁၉၈၉ ခုနှစ်၌ ပြင်ဆင်ခဲ့သည့်)၊ ပုဒ်မ ၁၀-၁၃။

၂။ ရှေ့နေများဆိုင်ရာအက်ဥပဒေ၊ ၁၉၉၉၊ ပုဒ်မ ၁၂-၁၅

၃။ ရှေ့နေများ၏တာဝန်များနှင့် ရပိုင်ခွင့်များဆိုင်ရာ ကျင့်ဝတ်များ၊ ၇ ကြိမ်မြောက်ထုတ်ဝေခြင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ရှေ့နေများကောင်စီ

၄။ နိုင်ငံတော်အစိုးရနှင့် ဦးအုံးဖေ၊ ၁၉၆၈ တရားမ အထွေထွေမှု၊ အမှတ် ၃။

## လွတ်လပ်စွာနေပိုင်ခွင့်

Right to Be Deemed Independent

အမှုသည်အတွက် လိုအပ်သည်ထက် ပိုသော ကိုယ်စားပြုရပ်တည်ပေးခြင်းများသည် ရှေ့နေများ၏ အတားအဆီး တရပ်ပင်ဖြစ်ပါသည်။ အမှုသည်ဖဟိုပြု ဆက်ဆံရေးမျိုးကို ရှေ့နေများမှ တည်ဆောက်ပေးရန် လိုအပ်သော်လည်း အမှုသည်များ၏ ရည်မှန်းချက်ပန်းတိုင်များကို အမြဲမပြတ် သတိထားပေးရန် လိုအပ်ပါသည်။ ထိုမှသာ ရှေ့နေများသည် တရားရုံးများ၌ လွတ်လပ်သောအသက်မွေးဝမ်းကြောင်းပြုသူများအနေဖြင့် ရပ်တည်နိုင်မည်ဖြစ်ပြီး အမှုသည်များအတွက် ဥပဒေနှင့် ညီညွတ်သော၊ ကျင့်ဝတ်နှင့်ကိုက်ညီသော ကိုယ်စားပြုရပ်တည်ချက်များကို ပေးစွမ်းနိုင်မည် ဖြစ်ပါသည်။

၁။ မြန်မာ့ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၇၅ - (ကာကွယ်ခုခံပိုင်ခွင့်)

၂။ ရှေ့နေများ၏အခန်းကဏ္ဍအတွက် ကုလသမဂ္ဂ၏ အခြေခံစည်းမျဉ်းစည်းကမ်းများ၊ စည်းမျဉ်း ၁၈ - ရှေ့နေများသည် ၄င်းတို့၏ လုပ်ငန်းဆောင်တာများ ရပ်စဲသည့်တိုင် ၄င်းတို့၏ အမှုသည်များနှင့် အမှုသည်များ၏ အကြောင်းရင်းများကို ထုတ်ဖော်ခြင်းမပြုရ။

၃။ ရှေ့နေများ၏အခန်းကဏ္ဍအတွက် ကုလသမဂ္ဂ၏ အခြေခံစည်းမျဉ်းစည်းကမ်းများ၊ စည်းမျဉ်း ၂၀ - ရှေ့နေများ သည် တရားရုံးတော်ရှေ့၊ ခုံရုံးရှေ့ သို့မဟုတ် အခြားဥပဒေဆိုင်ရာ သို့မဟုတ် စီမံအုပ်ချုပ်မှုဆိုင်ရာ အာဏာပိုင်များ ရှေ့၌ **သဘောရိုးဖြင့်** အမှုသည်များ၏ အကောင်းဆုံးအကျိုးစီးပွားအတွက် ထွက်ဆိုပေးခဲ့သည့် (စာဖြင့် သို့မဟုတ် နှုတ်ဖြင့်) လျှောက်လဲချက်များအပေါ် တရားမ ကင်းလွတ်ခွင့်နှင့် ပြစ်မှုဆိုင်ရာကင်းလွတ်ခွင့်များကို ခံစားပိုင်ခွင့် ရှိသည်။

၄။ နိုင်ငံတကာရှေ့နေများအစည်းအရုံး **(IBA)** - ဥပဒေအသက်မွေးသူများလုပ်ဆောင်ရန် အပြည်ပြည်ဆိုင်ရာ စည်းမျဉ်း စည်းကမ်းများ - ၁။ လွတ်လပ်မှုရှိခြင်း - ရှေ့နေတစ်ဦးသည် အမှုသည်များအပေါ် ဘက်လိုက်ခြင်း မရှိသော အကြံဉာဏ်များနှင့် ကိုယ်စားပြုရပ်တည်ခြင်းများ ပြုလုပ်ပေးနိုင်ရန် ၄င်းတို့၏ လွတ်လပ်မှုကို အစဉ်ထိန်းသိမ်း ကာကွယ်ရမည်။ ရှေ့နေတစ်ဦးသည် ၄င်း၏ ပညာရှင်ဆိုင်ရာ လွတ်လပ်ခွင့်နှင့် ဘက်မလိုက်သည့် ဆုံးဖြတ်ချက်များအပေါ် အခြေခံ၍ အမှုသည်အား အကြံဉာဏ်များ

ပေးရမည်။ ထိုသို့အကြံဉာဏ်များပေးရာတွင် အမှုသည်၏ အမှုနိုင်နိုင်ခြေရှိခြင်း မရှိခြင်းအတွက်လည်း အကောင်းဆုံး အကြံဉာဏ်များ ပေးနိုင်ရမည်။

## ချုပ်နှောင်ခံထားရသည့်အမှုသည်များနှင့် တွေ့ဆုံပိုင်ခွင့်

ရှေ့နေများနှင့် ဆောလျင်စွာချိတ်ဆက်နိုင်ခြင်းအပိုင်းကို ကြည့်ပါ။

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၇၅ - ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူတစ်ဦးဦးသည် ဥပဒေနှင့်အညီ ခုခံချေပခွင့် ရှိစေရမည်။

၂။ တရားရုံးများလက်စွဲ အပိုဒ် ၄၅၅ - စွပ်စွဲခံရသူ အသီးသီးသည် ကိုယ်ပိုင်အခွင့်အရေးအရ ရှေ့နေဖြင့် ခုခံချေပ ပိုင်ခွင့် ရှိသည်။

၃။ တရားရုံးများလက်စွဲ အပိုဒ် ၄၅၅ - ၁၉၂၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့စွဲပါ တရားရုံးချုပ်အမိန့် ကြော်ငြာစာ အမှတ် ၂ (အများဆိုင်ရာ) - ချုပ်နှောင်ခံထားရသည့်အမှုသည်များထံမှ ကိုယ်စားလှယ်လွှဲစာကို ရယူနိုင်ရန် ရှေ့နေများသည် ယင်းအမှုသည်များနှင့် တွေ့ဆုံပိုင်ခွင့် ရှိသည်။

၄။ အကျဉ်းထောင်အက်ဥပဒေ ပုဒ်မ ၄၀ - အကျဉ်းထောင်တိုင်းတွင် ပြင်ပမှ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံနိုင်ရန် သင့်လျော် သည့် အချိန်များနှင့် သင့်လျော်သည့် စည်းကမ်းချက်များကို ချမှတ်ပေးရမည်။ တရားမ (သို့) ပြစ်ဒဏ်မကျခံရသေး သည့် အချုပ်သားများ၏ တွေ့ဆုံရန်အတွက် လိုလားချက်များကို ခွင့်ပြုရာတွင် တရားဥပဒေနှင့်အညီ ဖြစ်စေရ မည်။ အချုပ်တရားခံများအနေဖြင့် မိမိတို့၏ ရှေ့နေများနှင့် တိုင်ပင် ဆွေးနွေးခွင့်ရှိသည့်အပြင် ယင်းသို့ တိုင်ပင်ရာ တွင် လွတ်လပ်စွာ ဆွေးနွေးခွင့်ရှိသည်။

၅။ ရဲလက်စွဲ အပိုဒ် ၇၄ - တာဝန်ရှိတရားသူကြီး၊ ရှေ့နေနှင့်ရဲအရာရှိများမှလွဲ၍ မည်သူ့ကိုမျှ ကင်းမှူး၏ ခွင့်ပြုချက် မရရှိဘဲ အချုပ်သားများနှင့် တွေ့ဆုံစကားပြောဆိုခွင့်မပြုရ။

၆။ ရှေ့နေများ၏ အခန်းကဏ္ဍအတွက် ကုလသမဂ္ဂ၏ အခြေခံစည်းမျဉ်းများ၊ စည်းမျဉ်း ၇ - ဖမ်းဆီး ချုပ်နှောင်ခံထား ရသည့် အမှုသည်နှင့်တွေ့ဆုံနိုင်ရန် ၄၈ နာရီထက် မကျော်လွန်သင့်ပါ။

# ဥပဒေကို အသုံးပြုခြင်း

ကျွမ်းကျင်ပိုင်နိုင်သော ရှေ့နေတစ်ဦးသည် လျှောက်လဲချက်များပေးရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေမှ ဆိုလိုရင်း အဓိပ္ပာယ် များ၊ ပြဋ္ဌာန်းဥပဒေများ၊ တရားရုံးစီရင်ထုံးများနှင့် အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများ စသည့် ဥပဒေများကို အခြေပြု ရမည်။ ရှေ့နေတစ်ဦးသည် ဥပဒေပါ အခွင့်အရေးများကို မိမိ၏ လျှောက်လဲချက်များတွင် အခြေခံခြင်းဖြင့် ဥပဒေအတိုင်း စီရင်ဆုံးဖြတ်လိုသည့် တရားသူကြီးများကို အထောက်အကူဖြစ်စေနိုင်ပါသည်။ ဥပဒေအသိပညာရှိခြင်းသည် တရားခံ တစ်ဦးချင်းစီအတွက် အထောက်အကူဖြစ်စေရုံသာမက မျှတသော ပြစ်မှုဆိုင်ရာတရားရေးစနစ် တည်ဆောက်ရေးအတွက် လည်း အထောက်အကူ ဖြစ်စေသည်။ အမှုသည်များ၏ အခွင့်အရေးများကို အကာအကွယ်ပေးလိုသော တရားခံရှေ့နေများသည် ပြဋ္ဌာန်းချက်ပါ ဥပဒေများနှင့် ယခင်တရားရုံးဆုံးဖြတ်ချက်များမှ ဆင်းသက်လာသည့်ဥပဒေများကို လေးစားစွာ လိုက်နာရန် လိုအပ်သည်။ တရားခံရှေ့နေများ၏ ထိရောက်စွာ ဆောင်ရွက်ပေးနိုင်မှုသည် ဥပဒေများကို တင်းကျပ်စွာ လိုက်နာခြင်းမှ ရရှိလာမည့် ကြံ့ခိုင်မှုနှင့် လေးစားမှုနိုင်ခြင်းနှင့် တာဝန်ခံမှု ရှိခြင်းတို့အပေါ်တွင် မူတည်သည်။

ဥပဒေများကို လေ့လာရာ၌ ... အခြားအခြေခံကျသည့် အရေးဆိုတင်ပြခြင်းဆိုင်ရာ ကျွမ်းကျင်မှုများကိုလည်း တရားခံရှေ့နေ များမှ အမှတ်ရသင့်သည်။ ထိုကျွမ်းကျင်မှုများမှာ -

- ပြဿနာတစ်ခုတည်းဖြစ်သော်လည်း အဖြေတစ်ခုထက် ပို၍ ရှိနိုင်သည်ကို သိရှိနိုင်ခြင်း။
- ရပ်တည်ချက်တစ်ရပ်ကို အချက်အလက်များ၊ လျှောက်လဲချက်များ၊ နှင့်/သို့မဟုတ် ဥပဒေဆိုင်ရာ လုပ်ပိုင်ခွင့် အာဏာတို့ဖြင့် အားဖြည့်နိုင်ခြင်း၊
- လျှောက်လဲချက်တစ်ရပ်ကို နှစ်ဖက်အမြင်ဖြင့် မည်သို့ လျှောက်လဲတင်ပြသင့်သည်ကို သိမြင်နိုင်ခြင်း။
- တိုးတက်မှုများ ရရှိစေရန် ဤနေရာမှ စတင်၍ လုပ်ဆောင်ရပါမည်။ ရှေ့နေတစ်ဦးသည် ပြဿနာ တစ်ရပ်ကို ဆန်းသစ်သောနည်းလမ်းများဖြင့် ချဉ်းကပ်နိုင်ရမည်။ ထို့အပြင် ရှိပြီးပြဿနာများ အတွက် လည်း အဖြေအသစ်များ ကို ကူညီရှာဖွေပေးရမည်။ "လုပ်နေကျအတိုင်း လုပ်လိုက်တာပဲ" ဟု ပြောရုံ မျှဖြင့် မလုံလောက်ပါ။

မြန်မာနိုင်ငံတွင် ဥပဒေစနစ် (၅) မျိုးကို တရားဝင် ကျင့်သုံးလျက်ရှိပါသည်။ ၎င်းတို့မှာ အင်္ဂလိပ်ရိုးရာ ဥပဒေ နှင့် ဗြိတိသျှကိုလိုနီအစိုးရလက်ထက်က ပြဋ္ဌာန်းဥပဒေများ၊ လွတ်လပ်ရေးရပြီး ဥပဒေများနှင့် အမိန့်များ၊ တော်လှန်ရေးကောင်စီနှင့် ဆိုရှယ်လစ်ခေတ်၊ စစ်အာဏာရှင်ကာလမှ ဥပဒေများ၊ နှင့် ၂၀၁၁ ခုနှစ် နောက်ပိုင်း လွှတ်တော်ကာလမှ ဥပဒေများတို့ ဖြစ်ပါသည်။ နိုင်ငံတွင်း၌ ဥပဒေ ၈၀၀ ကျော် ရှိသည့်အနက် ၄၀၀ ကျော်ခန့်မှာ လွတ်လပ်ရေး မရမီကာလက ပြဋ္ဌာန်းခဲ့သော ဥပဒေများဖြစ်ပြီး ပြန်လည် ပုံနှိပ်ထုတ်ဝေခြင်း မရှိသေးပါ။ အသစ် ထုတ်ပြန်လိုက်သော ဥပဒေများနှင့် စည်းမျဉ်းများကို သတင်းစာများ၌ ထည့်သွင်းဖော်ပြလေ့ရှိသော်လည်း အများစုကိုကား အီလက်ထရွန်နစ်ပုံစံဖြင့် ရှာဖွေရယူဖို့ရန် မဖြစ်နိုင် သေးပေ။ ထို့ကြောင့် နိုင်ငံ၏ ဥပဒေအများစုကို တရားသူကြီးများနှင့် ရှေ့နေ အများစုတို့က လက်လှမ်းမမီနိုင်ကြပါ။ မြန်မာနိုင်ငံရှိ ဥပဒေပညာ သင်ကြားရေးစနစ်သည်လည်း မကြာသေးမီကာလမှ စတင်ကာ ၎င်း၏ သင်ရိုးညွှန်းတမ်းများနှင့် သင်ကြား နည်းစနစ်များကို တိုးတက်အောင် ဆောင်ရွက်လျက်ရှိပါသည်။ ထိုစနစ် တိုးတက် ကောင်းမွန်ရန်အတွက် ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ပြီး၊ ဥပဒေပညာရေး ပြောင်းလဲမှုများတွင် တရားခံ ရှေ့နေများဘက်မှလည်း တတ်စွမ်းသ၍ ပါဝင်လုပ်ဆောင်ပေးရမည်။

မြန်မာနိုင်ငံရှိ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေသည် အခြားဖွဲ့စည်းပုံအခြေခံဥပဒေများတွင် တွေ့ရှိရသည့် ပုဂ္ဂိုလ်ရေး ဆိုင်ရာ လွတ်လပ်ခွင့်များ၊ နှင့် ပြစ်မှုဆိုင်ရာတရားခံများ၏ လုပ်ထုံးလုပ်နည်းဆိုင်ရာအခွင့်အရေးများကို အပြည့်အဝ အာမခံချက် ပေးနိုင်ခြင်းမှ ကင်းမဲ့နေသည်ကို တွေ့ရသည်။ လက်စွဲစာအုပ်တွင် ဆွေးနွေးခဲ့သကဲ့သို့ ... ဖွဲ့စည်းပုံအခြေခံဥပဒေသည် လူတစ်ဦးတစ်ယောက်ချင်းစီ၏ နှုတ်ဆိတ်စွာ နေပိုင်ခွင့်၊ ရှေ့နေငှားရမ်းခွင့် သို့မဟုတ် သက်သေပြရန် တာဝန်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ရှင်းလင်းစွာ အာမခံ ပေးနိုင်ခြင်း

မရှိပါ။ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ သည် အခြေခံ ကျသည့် လွတ်လပ်ခွင့်များဖြစ်သည့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် တို့ကို "နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေး၊ ရပ်ရွာအေးချမ်း သာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရား အကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများ" အရ ကန့်သတ်ထားသည့် အတွက်ကြောင့် အငြင်းပွားရာ ပြဿနာတစ်ရပ် ဖြစ်လာသည်။ ထိုအချက်များကို ဒီမိုကရေစီရေးရာအဖွဲ့အစည်းများနှင့် နိုင်ငံတကာလူ့အခွင့်အရေးစာတမ်းများတွင် ကန့်သတ်ချက် များဖြင့် ဖော်ပြထားခြင်း မရှိသောကြောင့် ... ဒီမိုကရေစီရေးရာ တန်ဖိုးထားမှုများနှင့်အညီဖြစ်စေရန် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၃၅၄ ၌ ဖော်ပြထားသည့် ကန့်သတ်ချက်များသည်လည်း ရှိမနေသင့်ပါ။ ထိုအကြောင်းပြချက်ကြောင့် အခွင့်အရေးများ အကြောင်း ရှာဖွေလိုသော မြန်မာ့ရှေ့နေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေကိုသာမက ပြဋ္ဌာန်းချက်များ၊ တရားရုံးစီရင်ထုံး များ၊ နှင့် အခြားဒေသများရှိ ဥပဒေများကိုပါ လေ့လာလိုကြသည်။ ဒေါ်စီစီနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် ၁၉၆၄ မြန်မာနိုင်ငံစီရင်ထုံးများ စာ - ၈၇၆ ၌ အခြားနိုင်ငံများမှ ထွက်ဆိုချက်များ၊ စည်းမျဉ်းများနှင့် အယူဝါဒများကို သတင်း အချက်အလက်များ၏ အရင်းအမြစ်များအနေဖြင့် အသုံးပြု၍ ရနိုင်ကြောင်း ဖော်ပြထားသည်။ထိုနည်းတူစွာ ... ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပြင်ဆင်ချက် အခန်း ၂၊ ပုဒ်မ ၃(ခ) တွင်လည်း ... ဥပဒေအသစ်၏ ရည်ရွယ်ချက်တစ်ရပ်ဖြစ်သည့် ပြစ်မှုများတွင် ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်တို့တွင် ဥပဒေဆိုင်ရာ အထောက်အကူရရှိစေရန် လုပ်ဆောင်ရာတွင် နိုင်ငံတကာစံချိန်စံညွှန်းများအတိုင်း လိုက်နာရန်နှင့် စိတ်ကောင်း နှလုံးကောင်းထား၍ ဆောင်ရွက်ပေးရန်ဟူသည့် အချက် ပါရှိသည်။

အလားတူပင် ၂၀၁၇ မြန်မာနိုင်ငံ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေ ပြင်ဆင်ချက် အခန်း (၂) ပုဒ်မ (၃) (ခ) ၌ ဖော်ပြထားသည့် ဥပဒေအသစ်၏ ရည်ရွယ်ချက်များထဲမှ တခုမှာ ပြစ်မှုများတွင် ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်တို့ကို နိုင်ငံတကာ စံချိန် စံညွှန်းများနှင့်အညီ စိတ်ကောင်းနှလုံးကောင်းထား၍ ဆောင်ရွက် ပေးရမည်ဟူ၍ ဖြစ်ပါသည်။ ဥပဒေဆိုင်ရာ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၏ အခြေခံအရင်းအမြစ်အဖြစ် အခြားဒေသရှိ ဥပဒေများကို လေ့လာ ကြည့်ရှုခြင်းသည် မြန်မာ့တရားရုံးများ လိုက်နာကျင့်သုံးခဲ့သည့် အစဉ်အလာတစ်ရပ် မဟုတ်ခဲ့သည့်အတွက် ထိုသို့သော လျှောက်လဲချက်များ ပေးရာတွင် အခက်အခဲများ ရှိလာနိုင်သည်။ နောက်ဆုံးတွင် တရားရုံးများက နိုင်ငံတကာဥပဒေကို ထည့်သွင်းစဉ်းစားပေးရန် သင့်ဘက်မှ တောင်းဆိုခြင်းသည် ဥပဒေဆိုင်ရာ ဖွံ့ဖြိုး တိုးတက်မှုအတွက် အထောက်အကူဖြစ်စေနိုင်သည်။ ၂၀၁၈ ခုနှစ် မတ်လ ၇ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သော တရားဥပဒေ စိုးမိုးရေးအတွက် တရားမျှတမှု ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး ညီလာခံ၌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ဥပဒေ အရာရှိများ ကိုးကားနိုင်ရန် မျှတသော တရားစီရင်ရေးဆိုင်ရာစံနှုန်းများစာအုပ်ကို (FTG) ကို တရားဝင် ကြေညာ ထုတ်ဝေ ခဲ့သည်။ အဆိုပါ စာအုပ်ကို မြန်မာ အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးသားထုတ်ဝေထားပါသည်။ ထိုစာအုပ်သည် နိုင်ငံတကာမှ မျှတသော တရားခွင်စစ်ဆေးမှုဆိုင်ရာ စံချိန်စံညွှန်းများကို အသိအမှတ်ပြု ရေးသားဖော်ပြထားသည့်စာအုပ် ဖြစ်သည့်အပြင် မြန်မာနိုင်ငံ၌လည်း လက်တွေ့ လိုက်နာကျင့်သုံးရန် တိုက်တွန်းအားပေးထားသည့် စာအုပ်ဖြစ်သည့်အတွက် တိုးတက်ရေး အတွက် အရေးပါသည့် ခြေလှမ်းတစ်ရပ်ဟုလည်း ဆိုနိုင်ပါသည်။ မျှတသော တရားစီရင်ရေးဆိုင်ရာစံနှုန်းစာအုပ် (FTG) သည် နိုင်ငံအတွင်းရှိ တည်ဆဲဥပဒေများနှင့် နိုင်ငံတကာမှ မျှတသောတရားခွင်ဆိုင်ရာ စံညွှန်း ၁၂ ခုကို ဖော်ပြထားပါသည်။ လမ်းညွှန်စာအုပ်၏ ရည်ရွယ်ချက်မှာ ... မျှတသော တရားခွင်စံချိန်စံညွှန်းများ ရရှိစေရန် ဥပဒေအရာရှိများအား ကူညီပေးရန် နှင့် အများပြည်သူတို့၏ ဥပဒေဆိုင်ရာအခွင့်အရေးများကို ဥပဒေနှင့်အညီ ကာကွယ်ပေးရန် ဖြစ်သည်။ မျှတသော တရားခွင်ဆိုင်ရာစံညွှန်းများစာအုပ် (FTG) ၌ မြန်မာ့ပြစ်မှုဆိုင်ရာတရားရေးစနစ်ရှိ အဓိကကျသော ကိစ္စပြဿနာများအပေါ် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ မူဝါဒများကို ဖော်ပြထားပါသည်။

- ဥပဒေ၏ရှေ့မှောက်တွင် တန်းတူညီမျှရှိခြင်းနှင့် ဥပဒေအရ ညီမျှစွာ ဆက်ဆံခြင်း

- နောက်ကြောင်းပြန် အာဏာသက်ရောက်စေမှု မရှိစေခြင်း
- အပြစ်မရှိဟုမှတ်ယူခြင်းနှင့် သံသယအကျိုးခံစားခွင့်
- ညှင်းပန်းနှိပ်စက်မှုနှင့် ဂုဏ်သိက္ခာညှိုးနွမ်းစေသည့် ဆက်ဆံမှုများမှ ကာကွယ်ခြင်း
- မတရားဖမ်းဆီးချုပ်နှောင်မှုမှ ကာကွယ်ခြင်း
- ဝန်ခံထွက်ဆိုခြင်းမပြုဘဲ နှုတ်ဆိတ်နေခွင့်
- ဥပဒေအကြံဉာဏ် ရယူခွင့်
- စကားပြန်နှင့် ဘာသာပြန်အကူအညီရယူခွင့်
- တရားသူကြီးများ၏ လွတ်လပ်မှုနှင့် ဘက်မလိုက်မှု
- အများပြည်သူရှေ့မှောက်တွင် ကြားနာခြင်း
- အမှုစစ်ဆေးစီရင်ရာတွင် စွပ်စွဲခံရသူ ရှိနေခွင့်
- လုံလောက်သောအကြောင်းမရှိဘဲ တရားစီရင်မှုကို နှောင့်နှေးကြန့်ကြာခြင်း မရှိစေရေး
- ရာဇဝတ်မှုဆိုင်ရာတရားစီရင်ရေးစနစ်တွင် အမျိုးသမီးအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်မှု ပေးခြင်း

စသည်တို့ ပါဝင်ပါသည်။

ဤလက်စွဲစာအုပ်၌ မျှတသောတရားစီရင်မှုစံနှုန်းများပါ အဓိကအပိုင်းများကို ကောက်နုတ်တင်ပြထား ပါသည်။ သို့သော် မိမိတို့ အကြံပြုလိုသည်မှာ စာဖတ်သူအနေဖြင့် မျှတသောတရားစီရင်မှုစံနှုန်း စာအုပ်ကို ကိုယ်ပိုင်အဖြစ် ဝယ်ယူ/ရယူကာ ဂရုတစိုက် လေ့လာ ဖတ်ရှုသင့်ပါသည်။ ပြစ်မှုဆိုင်ရာတရားခံရှေ့နေတစ်ဦးအဖြစ် မိမိ၏ အမှုသည်အတွက် မျှတသော တရားခွင်ဆိုင်ရာ အခွင့်အရေးများကို ရရှိနိုင်စေရန် FTG (မျှတသော တရားစီရင်မှု စံနှုန်းစာအုပ်) ကို အသုံးပြုပြီး ဥပဒေအရာရှိ နှင့် ဆွေးနွေးတိုင်ပင်ရမည်။ FTG (မျှတသော တရားစီရင်မှု စံနှုန်း စာအုပ်) တွင် နိုင်ငံတကာဥပဒေများ ဖြစ်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာ စာတမ်း၊ နိုင်ငံသား နှင့် နိုင်ငံသားအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် စသည်တို့မှလည်း ကောက်နုတ် တင်ပြ ထားပါသည်။ မျှတသော တရားခွင်ဆိုင်ရာ အခွင့်အရေးများ ရရှိစေရေးအတွက် တရားရုံးများက နိုင်ငံတကာ စံချိန်စံညွှန်းများကို လေ့လာကြည့်ရှုသင့်ကြောင်း တောင်းဆိုရာတွင် အဆိုပါ FTG (မျှတသော တရားစီရင်မှု စံနှုန်းများစာအုပ်) ကို စည်းရုံးရေးဆိုင်ရာ လုပ်ပိုင်ခွင့် အာဏာ တစ်ရပ်အနေဖြင့် အသုံးပြုပါ။

တရားရုံးများအနေဖြင့် မျှတသောတရားစစ်ဆေးစီရင်မှုရရှိစေရန် အနက်အဓိပ္ပါယ်ပြန်ဆိုရာတွင် နိုင်ငံတကာ စံချိန်စံညွှန်းများ ကိုလည်း အားကိုး အားထားပြုသင့်ကြောင်း အရေးဆိုတင်ပြနိုင်ရန်အတွက် FTG (မျှတသော တရားစီရင်မှု စံနှုန်းစာအုပ်) ကို လမ်းညွှန်ကိုးကားချက်တစ်ရပ် အနေဖြင့် အသုံးပြုပါ။ FTG (မျှတသော တရားစီရင်မှု စံနှုန်းစာအုပ်)၌ မြန်မာနိုင်ငံရှိ အဆင့်မြင့် ဥပဒေအကောင်အထည်ဖော်ရေးကဏ္ဍမှ ပုဂ္ဂိုလ်များသည် နိုင်ငံတကာရှိ မျှတသော တရားခွင်ဆိုင်ရာ စံချိန် စံညွှန်းများကို မိမိတို့ အားလုံးက လေ့လာကျင့်သုံးရန် မူဝါဒများ ချမှတ်ထားသည်။

### တရားသူကြီးများသည် လွတ်လပ်ခွင့်အခွင့်အရေးများကို မြှင့်တင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို အနက် အဓိပ္ပါယ် ပြန်ဆိုရခြင်း

လွတ်လပ်ရေးရပြီးနောက်ပိုင်း အစောပိုင်းကာလများတွင် အမှုထမ်းခဲ့သော တရားသူကြီးများသည် လူတစ်ဦးချင်း တစ်ယောက်ချင်းစီ၏ လွပ်လပ်မှုဆိုင်ရာအခွင့်အရေးကို ကာကွယ်ပေးနိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ အပေါ် အနက်အဓိပ္ပါယ် ပြန်ဆိုမှုခြင်း၏ အရေးပါပုံကို အလေးအနက်ထားကြသည်။

- ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များအရ ပြစ်မှုဆိုင်ရာ ခုခံချေပရေး အခွင့်အရေးများ ခိုင်မာအားကောင်းစေခြင်း၊ ငပိန်နှင့် အပေါင်းအပါနှစ်ဦး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ- ၁၉၅၃ မြန်မာ နိုင်ငံစီရင်ထုံးများ (တရားလွှတ်တော်ချုပ်) စာ - ၁၁၆ ကိုကြည့်ပါ။ အမှုပါအကြောင်းအရာ အနှစ်ချုပ်ကို ဒေါက်တာမောင်မောင်ရေးသားသော မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၁၉၅၉ Martinus Jijhoff) တွင် ကြည့်ရှုနိုင်ပါသည်။
- တရားသူကြီး ဘဦးက ဦးထွေး (ခေါ်) *U Htwe*(a) *A. E. Madari*v. *U TunOhn*& *One*. 1948 BLR (SC) 541, at 560-61 ဟု ရေးသားထားသည်မှာ ထိုရေးသားမှုချက်တွင် အခွင့်အရေးများကို လွတ်လပ်စွာ ခံစားခွင့်ပြုပြီး ပုဂ္ဂိုလ်ရေး လွတ်လပ်ခွင့် ဆုံးရှုံးမှု မရှိစေရန်နှင့် လွတ်လပ်စွာ ယူဆခွင့်၊ စုဝေးခွင့်နှင့် အဖွဲ့အစည်းဖွဲ့ခွင့် ရှိရမည့် အချက်များပါသည်။
- ထိုအခွင့်အရေးများအပေါ် ဥပဒေနှင့် မညီသောချိုးဖောက်မှု ဖြစ်ပွားပေါ်ပေါက်သည့် မည်သည့်အချိန် တွင်မဆို ဝင်ရောက်၍ သက်သာခွင့်ရရှိစေရေးအတွက် ဆောင်ရွက်ပေးရန် တွေဝေလိမ့်မည်မဟုတ်ဟု ဖော်ပြထားပါသည်။ *U Htwe*(a) *A. E. Madari*v. *U TunOhn*& *One*. 1948 BLR (SC) 541, at 560-61.

## ယနေ့ထိအောင် အသုံးပြုနိုင်သည့် ယခင်စီရင်ထုံးဟောင်းများ

မြန်မာနိုင်ငံရှေ့နေများသည် ဥပဒေသမိုင်းတလျှောက်တွင် ရုတ်တရက်ပြောင်းလဲ ချမှတ်ခဲ့သော ဆုံးဖြတ်ချက်/ စီရင်ချက် တစ်ခုမက နှစ်ခုနှင့်အထိ ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ ပထမတစ်ခုမှာ ကိုလိုနီခေတ်နှင့် လွတ်လပ်ရေး ရပြီးနောက် ဥပဒေ အတတ်ပညာဆိုင်ရာ လေ့လာသုံးသပ်မှုများအကြားကာလတွင် ဖြစ်သည်။ အင်္ဂလိပ်ရိုးရာ ဥပဒေစနစ်ကို ကျင့်သုံးသည့် နိုင်ငံဖြစ်သည့်အလျောက် မြန်မာ့ဥပဒေများမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြဋ္ဌာန်း ဥပဒေများ (ဥပမာ ရာဇသတ်ကြီး၊ ပြစ်မှု ဆိုင်ရာကျင့်ထုံးဥပဒေ၊ အကျဉ်းထောင်အက်ဥပဒေ) ရှင်းလင်းချက် မှတ်စုများ (တရားရုံးများလက်စွဲ ၊ ရဲလက်စွဲ) သာမကဘဲ တရားရုံးစီရင်ထုံးများဖြင့်လည်း ပြုလုပ်ဖွဲ့စည်းထား ပါသည်။ စွပ်စွဲခံရသူတရားခံအတွက် အထောက်အပံ့ဖြစ်စေမည့် စီရင်ထုံး အများစုမှာ လွတ်လပ်ရေး မရရှိမီ ကာလတွင် ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုအချိန်ကာလများ၌ မြန်မာနိုင်ငံနှင့် အိန္ဒိယကို ပူးတွဲအုပ်ချုပ်ခဲ့သဖြင့် အိန္ဒိယမှ ဆုံးဖြတ်ချက်/စီရင်ထုံးများလည်း ပါဝင်လာပါသည်။ ထိုအမှုများမှာ လက်ရှိတိုင် အသုံးပြု နိုင်သည့် စီရင်ထုံးကောင်းများ ဖြစ်ပါသည်။ ဒေါက်တာတီချန်တိတ်နှင့် ဒူပလေး ၈၄ ၁၉၄၈ မြန်မာနိုင်ငံစီရင်ထုံးများ ၄၅၃နှင့် (တရားလွှတ်တော်) စာ - ၄၇၆ ကိုကြည့်ပါ။

ရုတ်တရက်ပြောင်းလဲ၍ ချမှတ်သော ဆုံးဖြတ်ချက်/စီရင်ချက်များသည် ၁၉၆၂ နောက်ပိုင်း စစ်တပ်နှင့် ဆိုရှယ်လစ် ခေတ်များကြောင့် တကြော့ပြန် ဖြစ်ပေါ်ခဲ့ပြန်သည်။ ၁၉၆၂ခုနှစ် စစ်တပ်မှ အာဏာသိမ်းသည့် အချိန်မှစ၍ စီရင်ထုံး အများအပြားမှာ “stare decisis” (ယခင်က ချမှတ်ခဲ့သော တရားရုံးစီရင်ထုံးများကို ထောက်ခံရန်နှင့် လေးစားရန်အတွက် လိုအပ်ချက်) ၏ အရေးပါမှုကိုသာမကဘဲ ပြစ်မှုဆိုင်ရာ တရားခံ ရှေ့နေများ အတွက် လွန်စွာမှ အဖိုးတန်သည့် လုပ်ထုံး လုပ်နည်းဆိုင်ရာ အကာအကွယ်ပေးရေးနှင့် တစ်ဦး တစ်ယောက်

ချင်းစီ၏ လွတ်လပ်မှုအခွင့်အရေးများကို မျက်ကွယ်ပြုခဲ့ သည်။ ဆိုရှယ်လစ်ခေတ်နှင့် စစ်တပ်မှ အုပ်ချုပ်သော ခေတ်များတွင် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များ၏ နောက်ဆက်တွဲ အလားတူကိစ္စရပ်များတွင် အထောက်အကူ ဖြစ်စေရန် အသုံးပြုနိုင်မှုတန်ဖိုးမှာ ဤလက်စွဲ၏ လေ့လာဆန်းစစ်နိုင်မှု အဝန်း အဝိုင်းပြင်ပတွင် ရှိပါသည်။ ထိုဆုံးဖြတ်ချက်များသည် ဒီမိုကရေစီစနစ်ကိုကျင့်သုံးသည့် မြန်မာနိုင်ငံရှိ ဥပဒေရေးရာ အစဉ် အလာနှင့် ကိုက်ညီမှု မရှိ၊ တစ်စိတ်တစ်ဒေသဖြစ်နေခြင်း မရှိဟု ငြင်းချက်ထုတ်လိုက ထုတ်နိုင်ပါသည်။ ဥပဒေ ပညာရှင် တို့သည် မူဝါဒရှိ ထိုသို့သော တသမတ်တည်း ဖြစ်မနေသည့်အရာများကို သတိပြုအလေးပေး၍ သုတေသနပြု လုပ်၍ လေ့လာဆန်းစစ်ရမည်ဖြစ်ပါသည်။ (သက်သေခံချက်/ဖြောင့်ချက်များဆိုင်ရာအပိုင်း၌ ဆွေးနွေးခဲ့သည့် စစ်ဘက်ဆိုင်ရာ ရဲထံ၌ ဖြောင့်ချက်ပေးခြင်းများသည် သက်သေခံအရာဝင်ခြင်းရှိမရှိကို ဖော်ပြထားသည့် ဥပမာများကို ကြည့်ပါ။) ယုတ်စွအဆုံး ၁၉၈၈ခုမှ ကိုခဥပဒေများကို ဥပဒေပညာရှင်များက ဆက်လက် အသုံးပြုနေခြင်းသည် စီရင်ထုံးဟောင်းများ၏ အဖိုးတန်မှုကို ဖော်ညွှန်းနိုင်သည်ဟု ငြင်းချက်ထုတ်နိုင်ပါသည်။

## နိုင်ငံတကာပဋိညာဉ်များအား လိုက်နာရန် တာဝန်ရှိခြင်း

မြန်မာနိုင်ငံအနေဖြင့် အရေးကြီး၍ စပ်ဆိုင်မှုရှိသည့် အပြည်ပြည်ဆိုင်ရာစာချုပ်စာတန်းများကို အတည်ပြု လက်မှတ် ရေးထိုးသဘောတူထားပြီး လိုက်နာဆောင်ရွက်လာပြီ ဖြစ်သည်။ ရှေ့နေများသည် ထိုစာချုပ် စာတန်းများအား နိုင်ငံတကာ လိုက်နာမှုနှင့် ကိုက်ညီမှုတသမတ်တည်းရှိသော မြန်မာပြည်တွင်းဥပဒေများနှင့် စပ်လျဉ်းပြီး တရားစီရင်ရေးဆိုင်ရာ အနက် အဓိပ္ပါယ်ပြန်ဆိုမှုများအတွက် အဆိုပြုငြင်းချက်ထုတ်နိုင်ရန် အသုံးပြု သင့်ပါသည်။ မြန်မာနိုင်ငံမှ သဘောတူ လက်မှတ် ရေးထိုးထားသော ပဋိညာဉ်များတွင် -

- အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် ၁၉၉၇ ဇူလိုင်လ ၂၂ရက်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ပါသည်။
- ၁၉၉၁ ဖွန်လ ၁၁ ရက်နေ့တွင် မြန်မာနိုင်ငံမှ အတည်ပြုလက်မှတ်ထိုးခဲ့သည့် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲ စေသောအရာများ တရားမဝင်ကုန်ကူးမှုများဆန့်ကျင်ရေး ကုလသမ္မဂ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်။
- ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် ၁၉၉၁ ဂျူလိုင်၁၅ (လက်မှတ် ရေးထိုးခဲ့ပြီးဖြစ်ပါသည်)။
- မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်။
- အပြည်ပြည်ဆိုင်ရာ တရားရုံး၏ ပြဌာန်းဥပဒေနှင့် ကုလသမ္မဂ ပဋိညာဉ် ၁၉၄၈ ဧပြီလ ၁၉ရက် (မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုး အတည်ပြုပြီး)။
- အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်း (UDHR) ၁၉၄၈၊ ဒီဇင်ဘာ ၁၀ (လက်ခံသည့် ဘက်က မဲပေးခဲ့ သည်) ၎င်းသည် သဘောတူစာချုပ်မဟုတ်သော်လည်း အပြည်ပြည် ဆိုင်ရာ ဓလေ့ ထုံးတမ်း ဥပဒေ၏ တစ်စိတ် တစ်ဒေသ ဖြစ်ပါသည်။

## စည်းရုံးဆွဲဆောင်နိုင်သော ကမ္ဘာလုံးဆိုင်ရာစံချိန်စံညွှန်းများ

ဤလက်စွဲစာအုပ်တစ်အုပ်လုံးတွင် အကောင်းဆုံးဖြစ်သော ကျင့်သုံးမှုပုံစံ (ထိုကျင့်သုံးမှု ပုံစံများကို မြန်မာနိုင်ငံမှ သဘောတူ လက်မှတ်ထိုး အတည်ပြုမထားသည့်တိုင်) ကိုးကားချက်များဖြင့် မြန်မာဥပဒေများကို အားဖြည့် ထားပါသည်။ အရေးကြီး သော ကိုးကားချက်များတွင် အောက်ပါတို့ပါဝင်ပါသည်။

- နိုင်ငံသားနှင့် နိုင်ငံသားအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICCPR)။ မြန်မာနိုင်ငံ အား ICCPR ကိုသဘောတူလိုက်နာရန် တိုက်တွန်းမှုများအား ထုတ်ပြုလုပ်စဉ် အနေအထား၌သာ ရှိသေးသော်ငြားလည်း ရှေ့နေများအနေဖြင့် ထိုပဋိညာဉ်တွင် ပါဝင်သော ပြဋ္ဌာန်း ချက်များကို ရင်းနှီးကျွမ်းဝင်မှုရှိ ရှိထားသင့်ပါ သည်။ အဘယ့်ကြောင့်ဆိုသော် ပြစ်မှုဆိုင်ရာ တရားစီရင်မှုစနစ်သည် အပြည်ပြည်ဆိုင်ရာတွင် အသုံးပြုလျက်ရှိသည့် မျှတသော တရား စစ်ဆေး စီရင်မှု အခွင့်အရေးများနှင့် ကိုက်ညီမှု ရှိ၊မရှိကို တိုင်းတာရန်အတွက် ထိုပဋိညာဉ်အား အသုံးပြုသော ကြောင့်ဖြစ်ပါသည်။
- ရှေ့နေများ၏ အခန်းကဏ္ဍနှင့် စပ်လျဉ်းပြီး ကုလသမ္မဂ၏ အခြေခံမူများ- ၎င်းသည် အခြား တရား စီရင်ရေး တွင်ပါဝင်နေသော အဓိကအရေးပါသူများနှင့် ရှေ့နေများအား ရှေ့နေများ၏ အရေး ကြီးသော အခန်းကဏ္ဍနှင့် စပ်လျဉ်းပြီး လမ်းညွှန်ချက်ပေးပါသည်။
- တရားစီရင်ရေး၏ လွတ်လပ်ခွင့်နှင့် စပ်လျဉ်းသော အခြေခံမူများ (၁၉၈၅)
- တရားစီရင်ရေးဆောင်ရွက်ချက်နှင့် စပ်လျဉ်းသည့် ဘန်ဂလောမူများ (၂၀၀၂)
- ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်များရှိ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးနှင့် လက်လှမ်းမီမှု ရရှိနိုင်မည့် ကုလသမဂ္ဂမူများနှင့် လမ်းညွှန်ချက်များ- အထွေထွေ ညီလာခံ သဘောတူညီချက် ၆၇/၁၈၇ (၂၀၁၃)

## မြန်မာ့ဥပဒေများ

ရှေ့နေများသည် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်နှင့် စပ်ဆိုင်မှုအရှိဆုံးဖြစ်သော (ပြည်တွင်း) ဥပဒေများ ကိုလည်း ရင်းနှီးကျွမ်းဝင်ရမည်ဖြစ်သည်။ ပြစ်မှုပါ အင်္ဂါရပ်တိုင်းကို တရားလိုဘက်မှ သက်သေမပြနိုင်ခြင်း သည် အမှုအများစု အတွက် ခိုင်မာမှုအရှိဆုံးသော ခုခံကာကွယ်ရေးလမ်းကြောင်း တစ်ရပ်ပင်ဖြစ်သည်။ ထို့ကြောင့် ရှေ့နေများသည် ပြစ်မှုတစ်ခု၏ အင်္ဂါရပ်တိုင်းကိုလည်းကောင်း၊ တိကျသော သက်သေပြရန် လိုအပ်ချက်များကိုလည်းကောင်း၊ ခြွင်းချက်များကိုလည်းကောင်း၊ ခုခံကာကွယ်ခြင်းများကိုလည်းကောင်း၊ သိရှိနားလည်ထားရမည်။ ပြစ်မှုဆိုင်ရာတာဝန်ဝတ္တရားများနှင့်ဆိုင်သည့် မူဝါဒများကို ရှင်းလင်းစွာ ဖော်ပြနိုင်ခြင်းမရှိခြင်းသည် မြန်မာ့ရာဇသတ်ကြီးဥပဒေ၏ အဓိကကျသော ပြဿနာတစ်ရပ်ပင်ဖြစ်ပါ သည်။ ရှေ့နေများသည်လည်း ပြဋ္ဌာန်းဥပဒေများကို အနက်အဓိပ္ပါယ် ပြန်ဆိုထားသည့် တရားရုံးစီရင်ထုံးများကို လေ့လာ သုံးသပ်ရ မည်ဖြစ်ပါသည်။ စီရင်ထုံးဟောင်းများသည် မြန်မာ့ကိုခဥပဒေအတွဲများ၌ အများအပြား ပါရှိသည်။

- လက်နက်အက်ဥပဒေ ၁၈၇၈
- အကျင့်ပျက်ချစားမှု တိုက်ဖျက်ရေး ဥပဒေ ၂၀၁၃
- ဘားကောင်စီအက်ဥပဒေ
- ဘားမားယစ်မျိုးအက်ဥပဒေ ၁၉၁၇
- ကလေးသူငယ်ဥပဒေ ၁၉၉၃
- တရားရုံးအား မထီမဲ့မြင်ပြုခြင်း အက်ဥပဒေ ၂၀၁၃
- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ၁၈၉၈

- သက်သေခံအက်ဥပဒေ ၁၈၇၂
- အီလက်ထရောနစ် သက်သေအထောက်အထားနှင့် စပ်လျဉ်းသော သက်သေခံအက်ဥပဒေ ပြင်ဆင်ချက် ၂၀၁၅
- လောင်းကစားဥပဒေ ၁၉၈၆
- တရားစီရင်ရေးဆိုင်ရာ ဥပဒေ ၂၀၀၀
- ငြိမ်းချမ်းစွာစီတန်းခွင့်နှင့် စုဝေးလှည့်လည်ခွင့် ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ၂၀၁၄
- ဥပဒေပညာရှင်များ အက်ဥပဒေ ၁၈၇၉
- မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော အရာများဥပဒေ ၁၉၉၃
  - မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောအရာများ နည်းဥပဒေများ ၁၉၉၅
- ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေ ၂၀၁၁
- ရာဇသတ်ကြီး ၁၈၆၀
- ရဲအက်ဥပဒေ ၁၉၄၅
- အကျဉ်းထောင်အက်ဥပဒေ
- ပြည်သူအား ဘေးအန္တရာယ်ဖြစ်စေမှု တားဆီးကာကွယ်ရေး အက်ဥပဒေ ၁၉၄၇
- ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ ၁၉၉၆
- ဆက်သွယ်ရေးဥပဒေ ၂၀၁၃
- ပြည်ထောင်စု တရားစီရင်ရေးဥပဒေ ၂၀၁၀
- ဥပဒေနှင့် မညီသော အသင်းဖွဲ့စည်းခြင်း အက်ဥပဒေ ၁၉၀၈

အခြားစည်းရုံးဆွဲဆောင်နိုင်သည့် အရာများမှာ ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေး စနစ်ရှိ အခြားအရေးကြီးသော ပုဂ္ဂိုလ်များ ကို နည်းပေးလမ်းပြနိုင်သည့် ဥပဒေရေးရာ သုတအဖြာဖြာတို့ ဖြစ်ကြသည်။ ၎င်းတို့မှာ

- တရားရုံးများလက်စွဲ
- အကျဉ်းထောင်လက်စွဲ
- ရဲလက်စွဲတို့ ဖြစ်ကြသည်။

နိုင်ငံတော် အစိုးရသည် မြန်မာ့အလင်း သတင်းစာ၊ ကြေးမုံသတင်းစာတို့တွင် အသစ်ထွက်ပေါ်လာသော ဥပဒေမူကြမ်းများ နှင့် ဥပဒေများကို အင်္ဂလိပ်ဘာသာ (အထူးသဖြင့်) မြန်မာဘာသာဖြင့် အသေးစိတ် ရေးသား ဖော်ပြသည်။ ထိုမျှ မက နိုင်ငံတော်အစိုးရသည် အပတ်စဉ် သောကြာနေ့တိုင်း အသစ်ပြဋ္ဌာန်း လိုက်သော ဥပဒေနှင့် ဥပဒေမူကြမ်းများ သာမက နည်းဥပဒေများ၊ နှင့် ထုတ်ပြန်ကြေငြာချက်များပါဝင်သည့် ပြန်တမ်းကို ထုတ်ပြန်လေ့ရှိပါသည်။

## တရားရုံးစီရင်ထုံးများနှင့် ဖြတ်ထုံးများ

မြန်မာနိုင်ငံသည် အင်္ဂလိပ်ရိုးရာဥပဒေစနစ်ကို ကျင့်သုံးသောနိုင်ငံဖြစ်သောကြောင့် တရားသူကြီး၏ ဆုံးဖြတ်ချက်များမှ တဆင့် ဥပဒေများအား အနက်အဓိပ္ပါယ်ပြန်ဆိုခြင်းနှင့် ဖန်တီးခြင်းများ ပြုလုပ်နိုင်သည်။ တရားလွှတ်တော် သို့မဟုတ် အထက်တရားရုံးမှ ထုတ်ပြလိုက်သည့် ဆုံးဖြတ်ချက်များသည် အာဏာ အရှိဆုံးသော ဆုံးဖြတ်ချက်များပင်ဖြစ်သည်။ အချို့သော ဆုံးဖြတ်ချက်များမှာမူ မြန်မာနိုင်ငံ တရားစီရင်ထုံး အတွင်း၌ ပါရှိပြီးသည်များ ဖြစ်ကြပြီး ကျန်ရှိနေသော ဆုံးဖြတ်ချက်များကိုလည်း ပုံနှိပ်ထုတ်ဝေရန် စီစဉ်

လျက်ရှိပါသည်။ ကျွမ်းကျင်ပညာရှင်များ၏ ရှင်းလင်းချက်မှတ်စုများ နှင့် အခြားသော ဆုံးဖြတ်ချက်များကို သိရှိလိုပါက အောက်ပါစာရင်းများ၌ ရှာဖွေနိုင်သည်။

## အင်တာနက်ပေါ်တွင် တွေ့ရှိနိုင်သော အရင်းအမြစ်များ

www.president-office.gov.mm

- ဥပဒေများ၊ အမိန့်ကြေငြာစာများနှင့်သက်ဆိုင်သည့် တချို့သောသတင်းအချက်အလက်များ

http://www.pyithuhluttaw.gov.mm

- လွှတ်တော် ဝဘ်ဆိုဒ်

http://www.unionsupremecourt.gov.mm

- ကန့်သတ်ထားသော တရားလွှတ်တော်ချုပ်၏ စီရင်ထုံးများ
- တိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်တချို့
- ညွှန်ကြားချက်တချို့
- မြန်မာနိုင်ငံဥပဒေများ ကိုဓဥပဒေ PDF

http://www.myanmarconstitutionaltribunal.org.mm

ဥပဒေများ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လျော်ညီမှုရှိ မရှိကို အဆုံးအဖြတ်ပေးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး ဝဘ်ဆိုဒ် (မြန်မာဘာသာဖြင့်)

www.oag,gov.mm https://www.mlls.gov.mm/ https://www.mlls.gov.mm/?locale-en_US

ပြည်ထောင်စုရှေ့နေချုပ်ရုံး ဝဘ်ဆိုဒ် (နောက်ဆုံးရသတင်းအချက်အလက်များ အများအပြားမတွေ့ရနိုင်ပါ)

http://www.gad.gov.mm/en/laws-and-rules

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝဘ်ဆိုဒ်။ ထွေအုပ် (GAD)သည် တပ်မတော် မြို့နယ်အဆင့် အာဏာပိုင်များနှင့် ဗဟိုအစိုးရ ပြည်သူ့ဝန်ထမ်းအများစုမှ ထိန်းချုပ်ထားသည့် ဝန်ကြီးဌာန ၃ ခုအနက် တစ်ခုအပါအဝင်ဖြစ်သော ပြည်ထဲရေးဝန်ကြီးဌာန၏ တစ်စိတ်တစ် ပိုင်းဖြစ်ပါသည်။ ရဲတပ်ဖွဲ့မှာ ထွေအုပ် လက်အောက်တွင် တိုက်ရိုက်ရှိမနေသော်လည်း ပြည်ထဲရေးဝန်ကြီးဌာန၏ တစ်စိတ်တစ်ပိုင်းဖြစ်ပါသည်။

www.burmalibrary.org

အသုံးဝင်သော အရင်းအမြစ်များအတွက် ရှင်းလင်းချက်မှတ်စုများနှင့် လင့်များ

- မြန်မာနိုင်ငံ ဥပဒေစီရင်ထုံးများ ၁၉၈၉ -၂၀၁၆ (၂၀၁၈ ဇန်နဝါရီလတွင် ထုတ်ဝေခဲ့ပါသည်)
- မြန်မာနိုင်ငံဥပဒေစီရင်ထုံးများ ၁၉၄၈-၁၉၈၈
- ရန်ကုန်ဥပဒေစီရင်ထုံးများ ၁၉၃၇-၁၉၄၂၊ ၁၉၄၆-၁၉၄၇
- အိန္ဒိယနိုင်ငံတစ်နိုင်ငံလုံးဆိုင်ရာ အစီရင်ခံတင်ပြသူ ၁၉၂၃-၁၉၃၇
- ဘားမားဥပဒေဂျာနယ် ၁၉၂၂-၁၉၂၇
- နှင့် အခြားအရာများ

http://www.worldlii.org/catalog/57123.html

http://www.asianlii.org/mm/legis/laws/

ကျွမ်းကျင်ပညာရှင်များ၏ ရှင်းလင်းချက်မှတ်စုများ

မြန်မာနိုင်ငံရှိ ရှေ့နေများသည် အငြိမ်းစား တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့် အတွေ့အကြုံကြွယ်ဝသည့် ရှေ့နေများမှ ရေးသားပြုစုထားသော စာချုပ်စာတမ်းများကို မှီခိုအားပြုကြသည်။ အချို့ကို CDဖြင့်သော်လည်း ကောင်း hard copyဖြင့်သော်လည်းကောင်း ရရှိနိုင်ပါသည်။ စာအုပ်စာရင်းတွင်

- ဦးကျော်စိန်- ရာဇသတ်ကြီးနှင့် ရှင်းလင်းချက်မှတ်စုများ (၂၀၁၆)
- ဦးကျော်စိန်- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနှင့် ရှင်းလင်းချက်မှတ်စုများ (၂၀၁၇)
- ဦးချစ်မောင်- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနှင့် ရှင်းလင်းချက်မှတ်စုများ (၁၉၈၉)
- ဦးသက်ဖေနှင့် ဦးမောင်မောင်ဝင်း- ရာဇသတ်ကြီးနှင့်သက်ဆိုင်သည့် ရှင်းလင်းချက်မှတ်စုများ (၂၀၀၇)
- ဦးသက်အောင်- မြန်မာနိုင်ငံ စီရင်ထုံးများနှင့်သက်ဆိုင်သည့် အတိုချုပ် (ပြစ်မှုဆိုင်ရာ)
- ဦးကျော်စိန်- မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောအရာများဆိုင်ရာ အသုံးချ ဥပဒေများ (တတိယ အကြိမ်ထုတ်ဝေမှု)- ၂၀၀၃ ဖွန်လ အထိ မွမ်းမံပြင်ဆင်ခဲ့ပါသည်။
- ဦးကျော်စိန်- ကျင့်သုံးလျက်ရှိသော ပြစ်မှုဆိုင်ရာအထူးဥပဒေများ (အတွဲ ၁၊၂၊၃) ပထမအကြိမ်ထုတ်ဝေခြင်း ၁၉၉၉
- ဦးဘကြိုင်- လက်တွေ့အသုံးချ ပြစ်မှုဆိုင်ရာ တရားရေးလုပ်ထုံးလုပ်နည်းများ- စတုတ္ထအကြိမ် ထုတ်ဝေခြင်း ၂၀၀၅
- ဦးမြင့်လွင် (တရားလွှတ်တော်ရှေ့နေ)၊ ပြစ်မှုဆိုင်ရာတရားစွဲဆိုရာတွင် လက်တွေ့အသုံးချခြင်း (၂၀၀၃)

## နိုင်ငံတကာပညာရှင်များ၏ ရှင်းလင်းချက်မှတ်စုများ

- မြန်မာနိုင်ငံရှိ ပြစ်မှုဆိုင်ရာ ဥပဒေ- ရေးသားသူ Chan Wing Cheong နှင့် အခြားဥပဒေ ပညာရှင်များ- LexixNexis ၂၀၁၆
    - ထိုစာအုပ်သည် မလေးရှား၊ စင်ကာပူ၊အိန္ဒိယနှင့် မြန်မာနိုင်ငံရှိ တရားရုံးများမှ ချမှတ်ခဲ့သော ဆုံးဖြတ်ချက်/စီ ရင်ချက်များနှင့် မြန်မာနိုင်ငံရာဇသတ်ကြီးတွင် ဖော်ပြထားသော ပြဋ္ဌာန်းချက်များကို ရှင်းလင်းစွာ ဖော်ပြထား သည့်အပြင် ရာဇသတ်ကြီးတွင်ဖော်ပြထားသော ပြစ်မှုဆိုင်ရာ တာဝန်များနှင့်စပ်လျဉ်းသည့် အဓိကကျသောမှုများကို အချက်ကျကျ လေ့လာသုံးသပ်၍ ခရေစေ့တွင်း ကျ ရေးသားတင်ပြထားပါသည်။
- ဥပဒေပညာရှင်များ၏ နိုင်ငံတကာ ကော်မရှင်- ရုံးသို့ ရှေ့တော်သွင်းခြင်းအကြောင်းအရာနှင့် သက်ဆိုင်သည့် လက်စွဲစာအုပ် (၂၀၁၆)။
- မျှတသောတရားစီရင်မှုကို အခြေပြုခြင်း- ပိတ်ထားသောတံခါးများ၏နောက်ကွယ် - မြန်မာနိုင်ငံ၏ တရားရုံးများအား အများပြည်သူလက်လှမ်းမှီနိုင်ဖို့ရန်အတွက် အတားအဆီးများနှင့် အခွင့်အလမ်းများ- ၂၀၁၇ခုနှစ် ဖွန်လ။
- မျှတသောတရားစီရင်မှုကို အခြေပြုခြင်း- မြန်မာနိုင်ငံ၌ လေ့လာစောင့်ကြည့်ခြင်း - မျှတသော တရားစစ်ဆေး စီရင်မှု အခွင့်အရေးများအပေါ် မြန်မာနိုင်ငံ၏ လေးစားလိုက်နာမှုကို လေ့လာ ဆန်းစစ်ခြင်း ၂၀၁၇ အောက်တို ဘာလ၂ရက်။

# အမှုအမျိုးအစားများနှင့် **တရားစီရင်ပိုင်ခွင့်အာဏာများ**

## တရားရုံးစနစ်

တရားရုံးစနစ်ကို အဆင့် (၄)ဆင့်ဖြင့် ဖွဲ့စည်းထားပါသည်။ ၎င်းတို့မှာ မြို့နယ်တရားရုံးများ ၊ ခရိုင်တရားရုံးများ၊ တရား လွှတ်တော်များနှင့် တရားလွှတ်တော်ချုပ်တို့ ဖြစ်ပါသည်။ မြို့နယ်တရားရုံး နှင့် ခရိုင်တရားရုံးများသည် စွဲချက်၏ ပြင်းထန်မှု အပေါ် အခြေခံပြီး စစ်ဆေးစီရင်ကြရသည့် တရားရုံးများ ဖြစ်ကြပါသည်။ ပြင်ဆင်မှုများနှင့် အယူခံမှုများကို ခရိုင် တရားရုံးများသို့လည်းကောင်း (မြို့နယ်မှုများအတွက်)၊ တရားလွှတ်တော်သို့လည်းကောင်း (ခရိုင်မှုများအတွက်) တက်လေ့ ရှိပြီး၊ တရားလွှတ်တော်ချုပ်မှာမူ အယူခံတင်သွင်းခြင်း၏ နောက်ဆုံးတရားရုံးပင် ဖြစ်ပါသည်။ သက်သာခွင့်ဆိုင်ရာအပိုင်း ကို ကြည့်ပါ။

အထက်ဖော်ပြပါ တရားရုံးများအပြင် အထူးတရားရုံးများလည်း ရှိသေးသည်။ ၎င်းတို့မှာ ကလေးသူငယ်တရားရုံး (ကလေး သူငယ်များဆိုင်ရာအပိုင်းကို ကြည့်ပါ။)၊ စည်ပင်သာယာရေးဆိုင်ရာတရားရုံးနှင့် မော်တော်ယာဉ် တရားရုံးများ တို့ ဖြစ်ပါ သည်။ တပ်မတော် ကာကွယ်ရေးနှင့်ဆိုင်သည့် အမှုများကိုကား စစ်ဘက်ဆိုင်ရာ တရားရုံးမှ စစ်ဆေးစီရင်လေ့ရှိပြီး ဤ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ကြားနာဆုံးဖြတ်ခြင်းတို့ကိုမူ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး၌ ကြားနာလေ့ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၆၊ ၂၉၃ နှင့် ၃၂၂။

### မြန်မာ့တရားခွင်ရှိ အမှုအမျိုးအစား အကျဉ်းချုပ်

ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသည့် အမှုများ သို့မဟုတ် ရဲအရေးယူပိုင်ခွင့်မရှိသည့်အမှုများ၊ သမ္မန်မှုများ သို့မဟုတ် ဝရမ်းမှုများ၊ အာမခံပေးနိုင်သည့်အမှုများ သို့မဟုတ် အာမခံမပေးနိုင်သည့်အမှုများဟူ၍ ခွဲခြားထားပါသည်။ ထိုအမျိုး အစားများ၏ ယေဘုယျအဓိပ္ပာယ်ဖွင့်ဆိုချက်များကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄ ၌ တွေ့ရှိနိုင်ပါသည်။ ထိုအရာများ၏ ခြားနားချက်များမှာ ... ဖမ်းဆီးခြင်း၊ တရားခွင်စုံစမ်းစစ်ဆေးခြင်းနှင့် တရားစစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ တရားလို၏ လုပ်ပိုင်ခွင့်အခွင့်အရေးများ၊ တရားခံ၏ လွတ်လပ်စွာနေခွင့်၊ နှင့် မတူညီသောတရားရုံးများရှိ စစ်ဆေးစီရင်ခြင်း များတို့ပင် ဖြစ်ပါသည်။ ရှေ့နေများသည် ... တရားသူကြီးများမှ အမှုများကို ကြားနာရန် စီရင်ပိုင်ခွင့် မရှိသည့်အခါ၊ ဥပဒေအရ အမှုများကို မပယ်သည့် အခါ၊ သို့မဟုတ် အာမခံများကို မလျော်မကန် ပြုလုပ်သည့်အခါ ... သင့်လျော်သည့် လျှောက်လဲချက်များ ပေးနိုင်ရန် အောက်ပါတို့ကို လေ့လာထားရမည်။

## ရဲအရေးယူပိုင်ခွင့်ရှိသော အမှုများ နှင့် ရဲအရေးယူပိုင်ခွင့်မရှိသောအမှုများ

အမှုများကို ရဲအရေးယူပိုင်ခွင့်ရှိသောအမှုများ၊နှင့် ရဲအရေးယူပိုင်ခွင့်မရှိသောအမှုများဟူ၍ ခွဲခြားရန် အရေးကြီး ပါသည်။ ရဲအရေးယူပိုင်ခွင့်မရှိသည့်အမှုများ၌ ရဲများမှ အရေးယူမှုများကို မပြုလုပ်မီ တရားရေးဆိုင်ရာ ခွင့်ပြုချက်များကို တောင်းခံရန် ပို၍ လိုအပ်လေ့ရှိပြီး တရားခံအား ဖမ်းဆီးပြီးသည့်အခါ၌လည်း ... စုံစမ်း ထောက်လှမ်းမှုပြုလုပ်နိုင်မည့် အချိန်အနည်းငယ်သာ ရရှိကြပါသည်။ ရဲအရေးယူပိုင်ခွင့်မရှိသည့်အမှုများ၌

ဝရမ်းစာမပါဘဲ ဖမ်းဆီးခြင်းသည် ဥပဒေနှင့် မညီညွတ်ပါ။ ထို့အပြင် ရဲအရေးယူပိုင်ခွင့်မရှိသည့်အမှုများ၌ တရားခံများကို ပထမ ၂၄နာရီထက် ကျော်လွန်ပြီး ချုပ်နှောင်ထားခြင်းမျိုး လည်း မပြုလုပ်ရပါ။ တရားရုံး၌ လိုက်ပါ ဆောင်ရွက်ပေးနေသည့် ရှေ့နေများအနေဖြင့် ထိုသို့သော အမှုများကို အထူး ဂရုပြုရန်လိုအပ်ပါသည်။ အကယ်၍ လိုအပ်ခဲ့ပါက ... ၎င်းတို့၏ တရားခံအား ချက်ခြင်း တွေ့ဆုံမေးမြန်းပြီး၊ ရှေ့နေအဖြစ် လိုက်ပါ ဆောင်ရွက်ခွင့်ကို ရယူရမည်။ ထို့အပြင် တရားလိုဘက်မှ အဆင်သင့်မဖြစ်သည့်အခါ ... အမှုအား ပယ်ပေးရန် သို့မဟုတ် အာမခံဖြင့်လွှတ်ပေးရန် နည်းလမ်းများကိုလည်း ရှာဖွေရမည်။

၁။ အနှစ်ချုပ်

- ကိုးကားရန် - ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ အခန်း (၂) ၌ ပြစ်မှုများကို စာရင်းပြုစုထားပြီး ထိုပြစ်မှု တစ်ခုချင်းစီ အတွက် ဖမ်းဝရမ်းလိုမလို (ရဲအရေးယူပိုင်ခွင့်ရှိမရှိ)၊ သမ္မန်မှု သို့မဟုတ် ဝရမ်းမှုဖြစ်မဖြစ်၊ နှင့် အာမခံရနိုင်၊ မရနိုင် စသည်တို့ကို ဖော်ပြထားပါသည်။
- နိုင်ငံတော်သမ္မတသည် ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၁၈၆၊ ၁၈၈၊ ၁၈၉၊ ၁၉၀၊ ၂၂၈၊ ၂၉၅၊ ၅၀၅၊ ၅၀၆ နှင့် ၅၀၇ တို့အရ ကျူးလွန်ခဲ့သည့်ပြစ်မှုများအတွက် အမိန့်ကြေငြာစာတရပ်ထုတ်ပြန်ခဲ့ပြီး ယင်း အမိန့် ကြေငြာစာပါ နယ်ပယ်များ၌ ကျူးလွန်ခဲ့သည့် ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသည့် အမှုများအဖြစ် မှတ်ယူရန် ကြေငြာခဲ့သည်။
- အမှုစတင်ရန် လုပ်ငန်းစဉ်များနှင့် တရားစွဲဆိုမည့်သူများကို ဆုံးဖြတ်ရမည်။

**၂။ ရဲအရေးယူပိုင်ခွင့်ရှိသော အမှုများ**

- ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ-၄ (၁) (စ)
- **ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်။**
- ဥပဒေအရာရှိမှ တရားစွဲသည်။
- ရဲမှ စုံစမ်းထောက်လှမ်းနေစဉ်အတွင်း ထပ်တိုးချုပ်မိန့်တောင်းခံခြင်းကို ခွင့်ပြုသည်။
- အမှုကို ရဲမှ တရားရုံးသို့ လွှဲပြောင်းပေးရမည်။

**၃။ ရဲအရေးယူပိုင်ခွင့်မရှိသော အမှုများ**

- ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄- (၁) (ဎ)
- ရဲမှဖမ်းဆီးရန် ဖမ်းဝရမ်း လိုအပ်သည် သို့မဟုတ် သမ္မန်စာဖြင့် စတင်ရမည်။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၄။
- တိုင်တန်းသူမှ တရားရုံးတော်သို့ ဦးတိုက် တိုက်ကြားခြင်း။ (မြန်မာ့ရှေ့နေများသည် "တရားလို" ဟူသည့် စကားရပ်ကို "တိုင်တန်းသူ၊ နှင့် တရားစွဲဆိုသည့်ဘက်" ဟု ဖော်ညွှန်းရန် အသုံးပြု လေ့ရှိသည်။ ဥပမာ - တရားလိုပြသက်သေ)။
- တရားသူကြီးမှ တိုင်တန်းလွှာကို သုံးသပ်ပြီးပါက ... ယင်းအမှုကို စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်ရန် ရဲသို့ ပြန်လည် ပေးအပ်ရသည်။
- တရားလို၏ ရှေ့နေမှ တရားစွဲဆိုသည်။
- ရဲမှ ဖမ်းဆီးချုပ်နှောင်ရာ၌ ပထမ ၂၄ နာရီထက် ကျော်လွန်ခြင်း မရှိစေရ။

## သမ္မန်မှုများနှင့် ဝရမ်းမှုများ

ချမှတ်နိုင်သည့် ပြစ်ဒဏ်အပေါ် အခြေခံ၍ သမ္မန်မှုများနှင့် ဝရမ်းမှုများဟူ၍ ကွဲပြားသွားပါသည်။ သမ္မန်မှုများ၏ တရား စီရင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် အတိုချုပ်မှုသာဖြစ်ပြီး၊ ထိုသမ္မန်မှုများ၌ တရားခံမှ အပြစ်ရှိကြောင်း ဝန်ခံလိုပါက တရားလိုဘက်မှ သက်သေခံချက်များ တင်သွင်းခြင်းမပြုမီ အချိန်၌ ဝန်ခံနိုင်ပါ သည်။ ဝရမ်းမှုများ၌မူ တရားခံအား ဝန်ခံရန် သို့မဟုတ် ငြင်းဆိုရန် မမေးမြန်းမီ စုံစမ်းစစ်ဆေးသည့် အဆင့်၌ စွဲချက်တင်ရန် လုံလောက်သော သက်သေခံချက် များ ရှိကြောင်းကို တရားလိုဘက်မှ တင်ပြရမည်။

### ၁။ သမ္မန်မှုများ

- ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄ (၁) (ဗ)
- ချမှတ်နိုင်သည့်ပြစ်ဒဏ် - ထောင်ဒဏ် (၆) လ သို့မဟုတ် (၆) လအောက်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မများ - ၂၄၁-၂၄၉။
- သမ္မန်စာဆင့်ခေါ်ခြင်း ပြုခဲ့သော်လည်း တရားလိုမှ တရားရုံးတော်သို့ မရောက်ရှိခဲ့လျှင် ယင်းအမှုအား ပလပ် နိုင်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၂၄၇။
- တိုင်တန်းသူမှ အပြီးသတ်ဆုံးဖြတ်ချက်မချမီ တိုင်တန်းချက်ကို ရုပ်သိမ်းခွင့်ပြုရန် တင်ပြလာလျှင် ယင်း တိုင်တန်းချက်ကို တရားသူကြီးမှ ရုပ်သိမ်းနိုင်ပြီး တရားခံအားလည်း အမှုမှ အပြီးအပြတ်လွှတ်နိုင်သည်။ ပြစ်မှု ဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၂၄၈။
- သမ္မန်မှုအားလုံးသည် အာမခံပေးနိုင်သည့်အမှုများ ဖြစ်သည်။
- ရာဇဝတ်တရားသူကြီးရှေ့သို့ တရားခံရောက်ရှိလာသည့်အခါ၊ ၎င်းအပေါ် စွပ်စွဲသည့်ပြစ်မှုနှင့် စပ်လျဉ်း သည့် အကြောင်းအရာကို တရားသူကြီးမှ ရှင်းပြပေးရမည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၄၂။ ပြစ်မှုအပေါ် စွဲချက် တင်ရန် မလိုအပ်ပါ။ အကယ်၍ တရားခံမှ ဝန်ခံခဲ့ပါက (ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၄၃)၊ ထိုဝန်ခံချက်ကို တရားသူကြီးမှ မှတ်တမ်းတင်ရမည်။ (ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၄၄)။ တရားခံက ဝန်ခံခြင်းမပြုလျှင် တိုင်တန်းသူအား (ရှိခဲ့လျှင်) ဆက်လက်စစ်ဆေး ကြားနာရမည်။

### ၂။ ဝရမ်းမှုများ

- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄ (၁) (ဏ)
- ၆ လထက်ပိုသည့် အပြစ်ဒဏ်ကို ချမှတ်နိုင်သည်။
- မြန်ဆန်သောတရားခွင်စစ်ဆေးခြင်းနှင့်ဆိုင်သည့် ပြဋ္ဌာန်းချက် မရှိပါ။
    - သက်သေများ ရှိသော်လည်း တရားစစ်ဆေးစီရင်ရန် အဆင်သင့်မဖြစ်သေးသည့် အမှုကို တင်ပို့ခြင်း မပြုနိုင်ပါ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၇၀(၃)
- ○ အပြစ်ရှိကြောင်း ဝန်ခံခြင်း သို့မဟုတ် ပြစ်မှုထင်ရှားခြင်းများကို ပြုလုပ်လိုပါက စုံစမ်းစစ်ဆေး၍ စွဲချက် တင်ပြီးမှသာ ပြုလုပ်ရမည်။

## အာမခံ ပေးနိုင်သောအမှုများနှင့် အာမခံ မပေးနိုင်သောအမှုများ

**(အသေးစိတ်အချက်အလက်များအတွက် အာမခံပေးခြင်း အပိုင်းကို ကြည့်ပါ)**

ဤအကြောင်းအရာများကို အာမခံပေးခြင်းဆိုင်ရာအပိုင်း၌ ပြည့်စုံစွာ ဆွေးနွေးထားပါသည်။ တရားခံရှေ့နေများသည် ၄င်းတို့အမှုသည်များ တရားမဝင်ဖမ်းဆီးချုပ်နှောင်ခံရခြင်းမှ လွတ်မြောက်စေရန် အမြဲတစေ လုပ်ဆောင်ပေးရမည်။

### ၁။ အနှစ်ချုပ်

- တရားရင်ဆိုင်နေစဉ်အတွင်း အမှုသည်၏ လွတ်လပ်စွာ သွားလာနိုင်ရေးအတွက် ဆုံးဖြတ်ရမည့် အဓိကအချက် များ။
- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄ (၁) (က) ကိုကြည့်ပါ။
- ကိုးကားရန် - ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ဇယား (၂) ကော်လံ (၅)။
    - အောက်၌ ဆွေးနွေးထားသည့် အကြောင်းအရာများအတွက် ခြွင်းချက်များလည်း ရှိပါသည်။ (ဥပမာ - ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၆ နှင့် ၄၂၈)။

### ၂။အာမခံပေးနိုင်သော အမှုများ

- အပြစ်ဒဏ် ၃ သို့မဟုတ် ၃ နှစ်အောက် ချမှတ်နိုင်သည်။
- အာမခံလျှောက်ထားခြင်းကို တရားသူကြီးမှ ခွင့်ပြုပေးရမည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၉၆။

### ၃။ အာမခံမပေးနိုင်သော အမှုများ

- ၃ နှစ်ထက်ပိုသော အပြစ်ဒဏ်ကို ချမှတ်နိုင်သည်။
- အာမခံပေးခြင်းအတွက် အတားအဆီးများ မရှိစေရပါ။
    - ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၉၇ အရ အာမခံပေးနိုင်သည်။
        - သေဒဏ်ကျခံထားရသည့်အမှုများမှ လွဲ၍
            - အဆိုပါပြစ်မှုမျိုးဖြင့် စွပ်စွဲခြင်းခံရသည့် အသက်တစ်ဆယ့်ခြောက်နှစ်အောက်ရှိသူ မည်သူကို မဆို၊ သို့မဟုတ် မည်သည့်အမျိုးသမီးကိုမဆို သို့မဟုတ် ချည့်နဲ့နေသော မည်သူ့ကိုမဆို အာမခံ ဖြင့် လွှတ်ထားရန် ညွှန်ကြားနိုင်သည်။

## ကလေးသူငယ်မှုများ

အသက် ၁၆ နှစ်အောက်ငယ်သည့် တရားခံများ ပါဝင်သောအမှုများကို ကလေးသူငယ်တရားရုံး၌ သီးခြား စစ်ဆေးစီရင် ပါသည်။ ၄င်းတို့ စွဲဆိုခံထားရသည့် စွဲချက်များသည် အရွယ်ရောက်ပြီးသူများ၏ စွဲချက်များနှင့် တူညီပါသည်။ အထက်၌ ဖော်ပြခဲ့သကဲ့သို့ ... ကလေးသူငယ်များ ပါဝင်နေသည့်အမှုတိုင်းသည် အာမခံ ပေးနိုင်သော အမှုများပင် ဖြစ်ပါသည်။ ကလေးသူငယ်များ အပိုင်းကို ကြည့်ပါ။

## တရားသူကြီးများနှင့် ရာဇဝတ်တရားသူကြီးများ၏ စီရင်ပိုင်ခွင့်အာဏာ

မြို့နယ်နှင့် ခရိုင်တရားသူကြီးများသည် တရားမမှုများနှင့် ပြစ်မှုကို ကြားနာဆုံးဖြတ်နိုင်သည်။ အောက်၌ အသေးစိတ် ဖော်ပြ ထားသကဲ့သို့ ... မြို့နယ် တရားသူကြီးများ (သို့မဟုတ် ရာဇဝတ်တရားသူကြီးများ)သည် ပြစ်ဒဏ် (၇)နှစ်ထိ ချမှတ်နိုင်သော အမှုများကို ကြားနာစစ်ဆေးကြပြီး ခရိုင်တရားသူကြီးများမှာမူ ပို၍ ကြီးလေးသောအမှုများကို ကြားနာစစ်ဆေးကြသည်။ အောက်ဖော်ပြပါ အသုံးအနှုန်းများကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေမှ တိုက်ရိုက်ကိုးကားထားပါသည်။ ထို့ပြင် ယခုလက်ရှိ၌ ကျင့်သုံး၍ မရတော့သည့် (တသက် တကျွန်းဒဏ်ပေးခြင်း၊ ကြိမ်ဒဏ်ပေးခြင်း) တို့အပြင် ဒဏ်ငွေများ ချမှတ်ရာတွင်လည်း ရှုပ်ဖြင့် သတ်မှတ်ထား သည်ကို တွေ့ရသည်။ ဤလက်စွဲစာအုပ်အတွင်း၌ ရေးသားထားသည့် "တရားသူကြီး" ဟူသော စကားရပ်သည် ရာဇဝတ်တရားသူကြီးများနှင့် တရားသူကြီးများကို ရည်ညွှန်းပါသည်။

၁။ တရားလွှတ်တော်သည် ဥပဒေက ခွင့်ပြုသည့် မည်သည့်ပြစ်ဒဏ်ကိုမဆို ချမှတ်နိုင်သည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၃၁(၁)။

၂။ စက်ရှင်တရားသူကြီး သို့မဟုတ် တွဲဖက်စက်ရှင်တရားသူကြီးသည် ဥပဒေက ခွင့်ပြုသည့် မည်သည့် ပြစ်ဒဏ်ကို မဆို ချမှတ်နိုင်သည်။ သို့သော် ယင်းတရားသူကြီးတစ်ဦးဦး ချမှတ်သည့် မည်သည့် သေဒဏ် အမိန့်ကို မဆို တရားလွှတ်တော်က အတည်ပြုမှသာ အတည်ဖြစ်သည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၁ (၂)။

၃။ ရာဇဝတ်တရားသူကြီးများ

- ရာဇဝတ်တရားသူကြီးများ၏ တရားရုံးများသည် အောက်ပါအတိုင်း ပြစ်ဒဏ်များကို ချမှတ်နိုင် သည်။
  - ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီးများ၏ တရားရုံးများ - တရားဥပဒေက ခွင့်ပြုသည့် အလုပ်ထောင်ဒဏ်နှင့်တကွ နှစ်နှစ်ထက် မပိုသော ထောင်ဒဏ်၊ ကျပ် တစ်ထောင် ထက်မပိုသည့် ငွေဒဏ်၊ ကြိမ်ဒဏ်။
  - ဒုတိယတန်းအာဏာရ ရာဇဝတ်တရားသူကြီးများ၏ တရားရုံးများ - တရားဥပဒေက ခွင့်ပြုသည့် အလုပ်ထောင်ဒဏ်နှင့်တကွ ခြောက်လထက် မပိုသော ထောင်ဒဏ်၊ ကျပ်နှစ်ရာ ထက်မပိုသည့် ငွေဒဏ်။
  - တတိယတန်းအာဏာရ ရာဇဝတ်တရားသူကြီးများ၏ တရားရုံးများ - တစ်လ ထက် မပိုသော ထောင်ဒဏ်၊ ကျပ်ငါးဆယ်ထက် မပိုသည့်ငွေဒဏ်။
- ထို့ပြင် ပါဝင်သည့် ခြွင်းချက်များမှာ -
  - တရားသူကြီးများသည် တရားဥပဒေအရ ချမှတ်နိုင်သည့် ပြစ်ဒဏ်များ အနက် မည်သည့် ပြစ်ဒဏ်ကိုမဆို ပေါင်း၍ ချမှတ်နိုင်သည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၂(၂)။
  - ပြစ်ဒဏ်စုစုပေါင်းသည် သာမန်စီရင်ပိုင်ခွင့်အာဏာကို သုံးစွဲ ချမှတ်နိုင်သည့် ပြစ်ဒဏ်၏ နှစ်ဆထက် မပိုစေရ။ မည်သည့်အမှုတွင်မျှ တစ်ဆယ့်လေးနှစ် ထက်ပိုသည့် ထောင်ဒဏ် ချမှတ်ခြင်း မပြုရ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၃၅(၂)(က) နှင့် (ခ)။
  - မြို့နယ်များ၌ ထောင်ဒဏ် ၇ နှစ်ထိ တိုးမြှင့်၍ စီရင်နိုင်သည်။

- ▪ နိုင်ငံတော်သမ္မတက သေဒဏ်မစီရင်ထိုက်သည့် ပြစ်မှုများကို ရာဇဝတ်တရားသူကြီးအဖြစ်ဖြင့် စစ်ဆေး စီရင်နိုင်ရန် ခရိုင်ရာဇဝတ်တရားသူကြီး သို့မဟုတ် မည်သည့် ပထမ အာဏာရ ရာဇဝတ်တရားသူကြီးအား မဆို အခွင့်အာဏာ အပ်နှင်းနိုင်သည်။ ပြစ်မှုကျင့်ထုံးပုဒ်မ (၃၀)။
- ▪ "ပုဒ်မ ၃၀အရ အထူးအာဏာရသည့် ရာဇဝတ်တရားသူကြီး၏ **တ**ရားရုံးသည် သေဒဏ်၊ သို့မဟုတ် ခုနစ်နှစ်ထက်ပိုသည့် တစ်ကျွန်းပို့ဒဏ်၊ သို့မဟုတ် ခုနစ်နှစ်ထက် ပိုသည့် ထောင်ဒဏ်အမိန့်များမှတစ်ပါး တရားဥပဒေကခွင့်ပြုသည့် မည်သည့် ပြစ်ဒဏ်ကိုမဆို ချမှတ်နိုင်သည်။ ပြစ်မှုကျင့်ထုံးပုဒ်မ (၃၄)။ ၂၀၁၆ ပြစ်မှု**ဆိုင်ရာ** ကျင့်ထုံးဥပဒေပြင်ဆင်ချက်တွင် "ခုနစ်နှစ်ထက်ပိုသည့် တစ်ကျွန်းပို့ဒဏ်" ဆိုသည့် စကားရပ်ကို "ထောင်ဒဏ်နှစ် နှစ်ဆယ်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးခြင်းမှာ (မလိုအပ်ဘဲ) ထပ်နေသည့် ကန့်သတ်ချက်ပင်ဖြစ်ပါသည်။

- အထက်ပါ စီရင်ပိုင်ခွင့်များသည် ရာဇဝတ်တရားသူကြီးက ပြစ်ဒဏ်ချမှတ်ရန်ရေးကို အတည်ပြုရန်အတွက် ခရိုင် တရားရုံးသို့ အမှုတွဲ တင်ပို့နိုင်ခြင်းကို တားမြစ်သည်။ ၁၉၇၃ ခုနှစ် အထွေထွေဥပဒေများ အပိုဒ် ၂၂။
- စွဲချက်တင်သည့် ပြစ်မှုကို ရာဇဝတ်တရားသူကြီးကငြင်း၊ စက်ရှင်တရားရုံးကငြင်း စစ်ဆေးစီရင်ပိုင်သောအခါ ရာဇဝတ်တရားသူကြီးသည် အမှုကို စက်ရှင်တရားရုံးသို့ လွှဲအပ်တင်ပို့ရန် သင့် မသင့်၊ သို့တည်းမဟုတ် မိမိ ကိုယ်တိုင် ချမှတ်ပိုင်ခွင့် အာဏာရှိသည့် ပြစ်ဒဏ်ထားခြင်းဖြင့် အမှုတွင် တရားမျှတမှု လုံးဝရရှိမည် မရရှိမည်ကို ဆုံးဖြတ်ရာ၌ မိမိကိုယ်ပိုင် ဆင်ခြင်တုံတရားကို သုံးစွဲ ဆောင်ရွက်ရမည်။ တရားရုံးများလက်စွဲ အပိုဒ် ၅၃၆။
- သေစေခြင်းကို ဖြစ်ပေါ်စေသည့် ပြစ်မှု၌ ရာဇဝတ်ပြစ်ဒဏ်ထိုက်သော လူသေမှုမြောက်သည့် ပြစ်မှုကို တရားခံက ကျူးလွန်ခြင်းမရှိဟု ရာဇဝတ်တရားသူကြီးက "ပြတ်သားစွာယူဆလျှင်" ရာဇဝတ်တရားသူကြီးသည် မိမိ၏ ဆင်ခြင်တုံတရားကို သုံးစွဲဆောင်ရွက်ရမည်။ တရားရုံးများလက်စွဲ အပိုဒ် ၅၃၇။

# ပြစ်မှုဆိုင်ရာတရားစီရင်ရေးရှိ အခြားသောပါဝင်လုပ်ဆောင်သူများ

ပြစ်မှုဆိုင်ရာတရားခံရှေ့နေများသည် အမှုသည်တစ်ဦးချင်းစီအတွက် တက်ကြွစွာ ခုခံပေးရမည်။ ခိုင်မာသော ပြစ်မှုဆိုင်ရာ တရားရေး စနစ်တခုဖြစ်သည့် ပွင့်လင်းမြင်သာမှုအပေါ်အခြေခံပြီး တရားဥပဒေစိုးမိုးရေး စည်းမျဉ်းများ (ဥပဒေရေးရာ ခိုင်မာမှု ရှိခြင်း၊ ထိုက်သင့်သောအပြစ်ဒဏ်မှ ကင်းလွတ်ခွင့်မရှိခြင်း၊ နှင့် တရားရေးရာ လွတ်လပ်ခွင့်ရှိခြင်း) တို့ကို လိုက်နာ ကျင့်သုံးသည့် တရားရေးစနစ်ကို တည်ဆောက်ရာတွင် ရှေ့နေများမှလည်း အတူပူးပေါင်းဆောင်ရွက်ပေးရမည်။ ရှေ့နေများသည် တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ တရားခွင်စာရေးများ၊ နှင့် ရဲများအပေါ် လွှမ်းမိုးနိုင်သည့် စပ်ဆိုင်သော ဥပဒေများ၊ တရားရုံးစီရင်ထုံးများ၊ လက်စွဲစာအုပ်များနှင့် အမိန့်ကြေညာစာများ အားလုံးကို နှံ့စပ်စွာ လေ့လာထားရန် လိုအပ်သည်။ တရားသူကြီးများ နှင့် ဥပဒေအရာရှိများအတွက် ကျင့်ဝတ်စည်းမျဉ်း အသစ်များကိုလည်း ပြဌာန်းပြီး ဖြစ်သည့်အလျောက် ထိုကျင့်ဝတ်များအတိုင်း လိုက်နာဆောင်ရွက်ရန် လိုပါသည်။ သို့သော် မိမိတို့၏ ပန်းတိုင်ဖြစ်သည့် ပွင့်လင်းမြင်သာမှုရှိပြီး မျှတသောတရားစီရင်ရေးစနစ်ကို ဖန်တီးနိုင်ရေးအတွက်လည်း ဆောင်ရွက်ရန် အရေးကြီးပါသည်။ ထို့အပြင် တရားခံရှေ့နေများ၏ အခန်းကဏ္ဍကို အခြားသူများ သိရှိစေရန် ရှေ့နေများမှ ပညာပေး အစီစဉ်များ ပြုလုပ်ပေးရမည်ဖြစ်ပြီး၊ တစ်ဦးနှင့်တစ်ဦး လေးစားမှုအပေါ်အခြေခံသည့် ဆက်ဆံရေးများ တည်ဆောက်နိုင်ရန်နှင့် ဥပဒေကို လေးစားတန်ဖိုးတတ်စေရန် ဆောင်ရွက်ပေးရမည်။

## တရားသူကြီးများ

တရားသူကြီးများသည် တရားခွင်အတွင်း၌ တာဝန်နှင့် အာဏာရှိသူများ ဖြစ်ကြသည်။

- တရားသူကြီးများသည် အမှုများကို စီရင်ရာတွင် ဥပဒေနှင့်အညီ လွတ်လပ်စွာ နှင့် သမာသမတ်ရှိစွာ စီရင်ရမည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၉ (က)။
- တရားသူကြီးများသည် တရားခွင်စီမံခန့်ခွဲမှုအတွက် တာဝန်ရှိသူများ ဖြစ်သည်။ (တရားရုံးများ လက်စွဲအပိုဒ်-၁၃)
- တရားလွှတ်တော်ချုပ် သို့မဟုတ် ခရိုင်တရားရုံးများကို ကြီးကြပ်ရသည့်တရားရုံးများသည် ဥပဒေနှင့် မလျော်ကန် သည့် ဆောင်ရွက်ချက်များအတွက် တာဝန်ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၁၄။

တရားသူကြီးများ၏ ပြုမူဆောင်ရွက်ချက်ကို ၂၀၁၀ ခုနှစ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေက ထိန်းချုပ်ထားပါသည်။ အခန်း (၂) ၌ တရားစီရင်ရေးဆိုင်ရာမူများကို အောက်ပါဖော်ပြထားပါသည်။

၃။ တရားစီရင်ရာတွင် အောက်ပါတို့ကို အခြေခံ၍ စီရင်ရမည်-

(က) ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေး၊

(ခ) ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊

(ဂ) အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့် ရရှိရေး၊

(ဃ) ပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်၍ တရားဥပဒေစိုးမိုးရေး နယ်မြေအေးချမ်း သာယာရေးတည်ဆောက်ရာတွင် အထောက်အကူဖြစ်စေရေး၊

(င) ဥပဒေကို ပြည်သူများက နားလည်လိုက်နာ ကျင့်သုံးလာစေရန် ပညာပေးရေးနှင့် ပြည်သူများက ဥပဒေ ကို လိုက်နာသော အလေ့အကျင့် ပျိုးထောင်ပေးရေး၊

(စ) ပြည်သူအချင်းချင်းနှင့် ပတ်သက်သော အမှုကိစ္စများကို ဥပဒေဘောင်အတွင်း၌ ကျေအေးပြီးပြတ်စေ ရေး၊

(ဆ) ပြစ်မှုကျူးလွန်သူကို အရေးယူအပြစ်ပေးရာတွင် အကျင့် စာရိတ္တပြုပြင်မှုကို ဦးတည်ရေး။

နိုင်ငံတော်အဆင့်ရှိ တရားရေးဆိုင်ရာ ကျင့်ဝတ်များကို ၂၀၁၇ ခုနှစ်က ချမှတ်ခဲ့ပါသည်။ ထို၌ ပြဋ္ဌာန်းထားသည့် စည်းမျဉ်း အများစုကို ဘန်ဂလော၏ တရားရေးဆိုင်ရာ ကျင့်ဝတ်စည်းမျဉ်းများ[1] အပေါ်တွင် အခြေခံ၍ ရေးဆွဲထားပါသည်။ တရားရေးဆိုင်ရာကျင့်ဝတ်စည်းမျဉ်းများ၌ တရားသူကြီးများ လေ့လာရမည့် တန်ဖိုးထားမှုများနှင့် စိတ်ဓာတ်ရေးရာစံညွှန်းများကို ဖော်ပြထားပါသည်။ တရားသူကြီးများမှ ၎င်းတို့၏ အလုပ်ကို လေးစားတန်ဖိုးထားသောအားဖြင့် ဂုဏ်သိက္ခာရှိစွာ နှင့် ပညာရှင်ဆန်စွာ လုပ်ဆောင်နိုင်စေရန် စံညွှန်းများကိုလည်း ဖော်ပြထားပါသည်။ တရားရေးဆိုင်ရာကျင့်ဝတ်များကို တရားသူကြီးများမှ လိုက်နာခြင်းဖြင့် တရားရေးဆိုင်ရာကိစ္စရပ်များကို တရားမျှတမှုရှိစွာ နှင့် ဘက်လိုက်မှုကင်းစွာ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက် ဖြစ်သည့် "လူတိုင်းသည် ၎င်း၏ အခွင့်အရေးနှင့် တာဝန် ရှိမှုများကို အဆုံးအဖြတ်ခံရာတွင်လည်းကောင်း၊ ၎င်းအပေါ် ပြစ်မှုကြောင်းအရ စွပ်စွဲချက်ကို အဆုံးအဖြတ်ခံရာတွင်လည်းကောင်း၊ လွတ်လပ်၍ ဘက်လိုက်မှုမရှိသော တရားရုံး တစ်ရပ်က အများ ပြည်သူရှေ့မှောက်တွင် တရားမျှတစွာ ကြားနာစစ်ဆေးခြင်းကို တန်းတူရည်တူ အပြည့်အဝ ရပိုင်ခွင့် ရှိသည်" ဟူသည့် အချက်ကိုလည်း လိုက်နာပြီး ဖြစ်ပါမည်။ ရှေ့နေများအနေဖြင့်လည်း တရားသူကြီးများ လိုက်နာသင့်သည့် စည်းမျဉ်းများကို သိရှိနားလည်ထားရန် အဆိုပါစာတမ်းကို လေ့လာသင့်သည်။

တရားသူကြီး တစ်ဦးချင်းစီ၏ အပြုအမူများသည် မည်သို့ပင် ဖြစ်နေစေကာမူ တရားခံရှေ့နေများအနေဖြင့် ၎င်းတို့အား အချိန်တိုင်း လေးစားစွာ ဆက်ဆံရမည်။ တရားသူကြီးများမှလည်း အခြားသူများအား လေးစားစွာ ဆက်ဆံရန် တာဝန်ရှိပါ သည်။

- တရားသူကြီး သို့မဟုတ် ရာဇဝတ်တရားသူကြီးသည် တရားခွင်အတွင်းနှင့် ၎င်း၏ သက်ဆိုင်ရာ ကိစ္စရပ်များကို ထိန်းချုပ်ရန်နှင့် စီမံခန့်ခွဲရန် တာဝန်ရှိပါသည်။ လုပ်ငန်းတာဝန်ခွဲဝေခြင်းများကို တရားသူကြီးများမှ လုပ်ဆောင် ရမည့် အပြင် ရုံးတွင်းရှိ တာဝန်များအားလုံး ကောင်းမွန်စွာ ဆောင်ရွက်နိုင်ခြင်း ရှိမရှိနှင့် စည်းမျဉ်းများ အားလုံးကို လိုက်နာခြင်း ရှိမရှိတို့ကိုလည်း ဆန်းစစ်ရမည် ဖြစ်သည်။ စီမံအုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို စဉ်ဆက်မပြတ် အထူးဂရုပြု၍ ဆောင်ရွက်နိုင်ခြင်း မရှိပါက တရားရေးရာ လုပ်ငန်းဆောင်တာများကို ပြည့်စုံအောင် ဆောင်ရွက်နိုင်ခြင်း မရှိဟု ဆိုနိုင်သည်။ ထို့အပြင် ရာဇဝတ်တရားသူကြီးများဘက်မှလည်း အချိန်မှန်ကန်မှုရှိစေရန်၊ လောက ဝတ် ရှိစေရန်၊ စိတ်ရှည် သည်းခံတတ်စေရန်၊ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများကို လေ့လာစူးစမ်းတတ်စေရန်၊ နှင့် နှောင်နှေးကြန့်ကြာမှုများမရှိစေရန် အထူးဂရုပြု၍ လုပ်ဆောင်ပေးရန် လိုအပ်ပါသည်။ တရားရုံးများ လက်စွဲ အပိုဒ် ၁၃။

တရားခံရှေ့နေများအနေဖြင့် ဒုတိယဥပဒေအရာရှိကဲ့သို့ ဆောင်ရွက်နေသည့် တရားသူကြီးများနှင့် တွေ့ဆုံခဲ့လျှင် အမြဲ နီးကြားတက်ကြွနေစေရမည်။

- တရားသူကြီးတစ်ဦးသည် အစိုးရအရာရှိ၏ မိတ်ဆွေဖြစ်၍ ၎င်း၏ ရှေ့မှောက်တွင် အမှုရှိသော အစိုးရအရာရှိ၏ မိတ်ဆွေဖြစ်လျှင်၊ ဘက်လိုက်မှုဖြစ်နိုင်သည်၊ တရားစီရင်မှု မမျှမတ ဖြစ်နိုင်သည်ဟု သံသယဖြစ်ပေါ်နိုင်သဖြင့် အဆိုပါအမှုကို ရုံးပြောင်းရန်အတွက် ခိုင်လုံသောအချက်ဖြစ်သည်။ တရားသူကြီး အမှန်တကယ် အမှားလုပ်ကြောင်း သက်သေပြရန် မလိုအပ်ပါ။ ဦးဘခင်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊ ၁၉၅၄။
- တရားသူကြီးတစ်ဦးသည် ဒုတိယဥပဒေအရာရှိကဲ့သို့ မပြုမူသင့်ပါ။ တရားသူကြီးသည် အမှုကို စုံစမ်းစစ်ဆေးရာ တွင် အကြောင်းခြင်းရာကို နားလည်ရန်မဟုတ်ဘဲ ဥပဒေအရာရှိ၏ ဟာကွက်ကို

[1] For more information on the Bangalore Principles of Judicial Conduct (a set of aspirational international principles designed to be a model for judicial systems), see: https://www.un.org/ruleoflaw/files/Bangalore_principles.pdf
ဘင်္ဂလော တရားရေးဆိုင်ရာဆောင်ရွက်ချက် မူသဘောတရား များအတွက် ပိုမိုသိရှိရန် ဖော်ပြပါ ဝက်ဆိုဒ်တွင် ကြည့်ပါ။
The Commentary to the Bangalore Principles is available here:
https://www.unodc.org/documents/corruption/publications_unodc_commentary-e.pdf

ဖြည့်ပေးလျှင် ထိုဆုံးဖြတ်ချက်သည် ဥပဒေနှင့်မညီပါ။ တီအက်စ် မိုဟာမက်ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊ ၁၉၅၃။

အထက်တရားရုံးများသည် ဆုံးဖြတ်ချက်/စီရင်ချက်ချမှတ်ရာတွင် ဥပဒေကိုမျက်ကွယ်ပြုသည့် တရားသူကြီးများအား အပြစ်ပေး အရေးယူရန် လိုလားကြောင်းကို အောက်ဖော်ပြပါ စီရင်ထုံးကို ကြည့်ခြင်းအားဖြင့် သိနိုင်သည်။

- စွဲချက်တင်ခြင်းများနှင့် ရုံးချိန်းများကို မမှန်မကန်လုပ်ကြောင်း ထင်ရှားသည့် ကချင်ပြည်နယ်ရှိ တရားသူကြီးတဦးအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ အပြစ်ပေးခဲ့သည်။ တရားရုံးချုပ် အမိန့် အမှတ် ၉၆/၂၀၀၆၊၂၀၀၆ခုနှစ်၊ နိုဝင်ဘာလ၁၆ရက်။ (တရားလွှတ်တော်ချုပ်အမိန့် ၉၆၊ ၂၀၀၆၊ ၁၆.၁၁.၂၀၀၆)။
-

သို့သော်ငြားလည်း နိုင်ငံရေးနှင့်သက်ဆိုင်သော အမှုများ သို့မဟုတ် လူသိထင်ရှားဖြစ်သော အမှုများကို ကိုင်တွယ်ရာတွင် တရားသူကြီးများ၌ လွတ်လပ်မှု ရှိမနေဟု သတ်မှတ်သောအမြင်များလည်း ရှိနေပါသေးသည်။

- "အကယ်၍ သင့်အနေနဲ့ နိုင်ငံရေးအမှုတစ်ခုမှာ တစ်ဦးတစ်ယောက်ကို ထောင်သွင်း အကျဉ်းချရမည်ဆိုလျှင် သက်သေခံချက် မရှိတဲ့အတွက် လွှတ်ပေးလိုက်တာမျိုး မလုပ်မိပါစေနဲ့။ အဲဒီလို လုပ်မယ်ဆိုရင် အဲဒီလုပ်ရပ် က သင့်ဘဝကို အတိဒုက္ခရောက်သွားစေလိမ့်မယ်" Nick Cheesman ရေးသားသော "Myanmar's Courts and the Sounds Money Makes" ၏ ၊ စာမျက်နှာ ၂၃၈ တွင် ပါဝင်သည့် တရားသူကြီး၏ ပြောပြချက်ကို ကိုးကားထားခြင်းဖြစ်သည်။

**အ**ခြားတရားသူကြီးများ၏ အမှုများကို ကျန်တရားသူကြီးများမှ လက်လွှဲယူနိုင်သော်လည်း ... အပြီးသတ် ဆုံးဖြတ်ချက်ကို ချမှတ်မည့် တရားသူကြီးသည် တရားခံ၏ သက်သေခံချက်ကို ကြားနာရန် လိုအပ်ပါသည်။

- တရားစစ်ဆေးစဉ်အတွင်း တရားသူကြီးတစ်ဦးမှ အခြားတစ်ဦးသို့ အမှုတစ်ခုကို လွှဲပြောင်းခြင်းသည် ဥပဒေနှင့် ညီသော်လည်း တရားခံသည် ၎င်း၏ သက်သေအားလုံး သို့မဟုတ် အချို့ကို ပြန်လည်ကြားနာရန် ပြန်ခေါ်ပိုင်ခွင့် ရှိသည်။ ၎င်းအပြင် တရားခံသည် ရှေ့နေမပါလျှင် တရားသူကြီးအသစ်သည် ဤ အခွင့် အရေးကို ထင်ရှားစွာ အကြံပြုရမည်။ ချစ်ထွန်းပါ ၅၊ နှင့် ဘုရင်၊ အောက်မြန်မာနိုင်ငံစီရင်ထုံး၊ အတွဲ ၁၊ စာ-၂၃၉ ။
- မိမိ ဆက်ခံသော ရှေ့မှတရားသူကြီး စစ်ဆေးထားသည့် သက်သေခံချက်များကို အခြေပြု၍ ၎င်းကိုယ်တိုင် တရားခံကို ကြားနာခြင်းမရှိဘဲ အမိန့်ချမှတ်ခြင်းသည် ဥပဒေကို ချိုးဖောက်ရာ ရောက်သည်။ ဘုရင်ဧကရာဇ် နှင့် မြတ်အောင်၊ အောက်မြန်မာပြည်စီရင်ထုံး၊ အတွဲ ၄၊ စာ ၁၃၅။

## ကမ္ဘာလုံးဆိုင်ရာစံချိန်စံနှုန်း

- တရားသူကြီးတစ်ဦးသည် ၎င်းလုပ်ဆောင်ရမည့် တရားရေးရာတာဝန်များဖြစ်သည့် ဆုံးဖြတ်ချက်များကို ထိရောက်မှုရှိစွာ၊ တရားမျှတစွာနှင့် ဖြစ်သင့်သောအချိန်၌ လျင်မြန်စွာ ချမှတ်ပေးရန် လိုအပ်သည်။ ဘန်ဂလော ၏ တရားရေးရာပြုမူဆောင်ရွက်ရန်စည်းမျဉ်းများ ၆.၅။

## ဥပဒေအရာရှိများ

ပြည်ထောင်စုရှေ့နေချုပ်ရုံး (UAGO) သည် ပြည်နယ်/တိုင်းဒေသကြီး ဥပဒေချုပ်ရုံး (၁၄)ရုံး၊ ခရိုင် ဥပဒေရုံး (၆၈) ရုံး၊ မြို့နယ်ဥပဒေရုံး (၃၂၅) ရုံးတို့ရှိ ပြစ်မှုဆိုင်ရာစွဲဆိုမှုများကို ဆောင်ရွက်ကြသော ဥပဒေအရာရှိများနှင့် ဝန်ထမ်းများကို ကြီးကြပ်ရသည်။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ လက်အောက်၌ တရားစွဲဆိုခြင်း အဖွဲ့အပြင် ဥပဒေရေးဆွဲရေး နှင့် စိစစ်အကြံပြုရေးဦးစီးဌာန၊ ဥပဒေ အကြံဉာဏ်ပေးရေး ဦးစီးဌာနနှင့် စီမံရေးရာဦးစီးဌာန ဟူ၍ အခြားဦးစီးဌာန (၃) ခု ရှိပါသည်။

တရားစွဲဆိုခြင်းဦးစီးဌာနသည် အစိုးရပါဝင်ပတ်သက်နေသည့် ပြစ်မှုဆိုင်ရာအမှုနှင့် တရားမမှုများတွင် နိုင်ငံတော် ကိုယ်စားလိုက်ပါ ဆောင်ရွက်ပေးရသည်။ ရဲအရေးပိုင်သောအမှုများတွင် ဥပဒေအရာရှိ (တရားစွဲဆိုသူ)မှ တရား စွဲဆိုခြင်းကို စုံစမ်းထောက်လှမ်းသည့် အဆင့်မှ စ၍ တာဝန်ယူဆောင်ရွက်သည်။ ၎င်းတို့ ရုံး၏ ဖွဲ့စည်းပုံမှာ တရားရုံး ဖွဲ့စည်းပုံနှင့် ပုံစံတူပြီး တရားရုံး အဆင့်အလိုက် (မြို့နယ်၊ခရိုင်) ခန့်အပ်ထားသော ဥပဒေအရာရှိများမှ အမှုလိုက်ပါ ဆောင်ရွက်ပေးရသည်။ ဥပဒေအရာရှိများသည် ရဲအရေးမပိုင်သောအမှုများတွင် "တရားလိုဘက်မှ ကိုယ်စားပြု လိုက်ပါ ဆောင်ရွက်ပေးမည့် ရှေ့နေများ"ကို ကြီးကြပ်နိုင်သည်။

- ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ်၂၃၇။
- ၂၀၁၀ ပြည်ထောင်စု ရှေ့နေချုပ်ရုံး ဥပဒေ ပုဒ်မ ၃၆။
- ရှေ့နေချုပ် စည်းမျဉ်းများ ၆၇ မှ ၆၉။
- တရားစွဲခြင်းနှင့် အမှုလိုက်ပါဆောင်ရွက်ခြင်းဆိုင်ရာ ညွှန်ကြားချက်အမှတ် (၁/၂၀၁၁) အပိုဒ် ၁၆ မှ ၁၈။

## ဥပဒေအရာရှိများ၏ ကျင့်ဝတ်စည်းကမ်း ၂၀၁၇

တရားသူကြီးများကဲ့သို့ပင် ဥပဒေအရာရှိများ လိုက်နာရမည့် ကျင့်ဝတ်ဆိုင်ရာစည်းမျဉ်းသစ်များကို မကြာသေးမီက ပြဋ္ဌာန်း လိုက်သည်။ ထို၌ ဖော်ပြထားသည့် အခြေခံ စည်းမျဉ်းများမှာ - ဂုဏ်သိက္ခာရှိခြင်း၊ ဘက်လိုက်မှုမရှိခြင်း၊ ရည်မွန်ခြင်း၊ တန်းတူညီမျှမှုရှိခြင်း၊ ကျွမ်းကျင်လိမ္မာမှုရှိခြင်း၊ တာဝန်သိတတ်ခြင်း၊ တာဝန်ခံမှု နှင့် တာဝန်ယူမှုရှိခြင်းတို့ပင် ဖြစ်ပါသည်။ ထို ဥပဒေအရာရှိများနှင့် စပ်ဆိုင်သည့် စည်းမျဉ်းများကို ရှေ့နေများမှ လေ့လာထားသင့်ပြီး … ဥပဒေအရာရှိများက အဆိုပါ စည်းမျဉ်းများကို လိုက်နာခြင်းမပြုသည့် အခါများတွင် ရှေ့နေများမှ သတိပေးပြောကြားပေးရမည်။ သို့သော်ငြားလည်း ထို စည်းမျဉ်းများကို လိုက်နာမှုအားကောင်းစေရန် ရည်ရွယ်၍ ပြုလုပ်ထားသည့် တရားဝင်သတင်းပေးစနစ်များ သို့မဟုတ် တိုင်ကြားရေးစနစ်များကား မရှိသေးပါ။ လူ့အခွင့်အရေးများ၊ တရားဥပဒေစိုးမိုးရေးစည်းမျဉ်းများနှင့်အညီ ကျင့်ဝတ်ဆိုင်ရာ စည်းမျဉ်းများကို နားလည်သဘောပေါက်ပြီး အပြန်အလှန် လေးစားတန်ဖိုးထားနိုင်သည့် ပတ်ဝန်းကျင်တရပ်ကို တည်ဆောက်နိုင်ရန် ရှေ့နေများနှင့် ဥပဒေအရာရှိများက ပူးပေါင်းဆောင်ရွက်သင့်သည်။

## ဥပဒေအရာရှိများသည် စွဲချက်များကို ပယ်နိုင်ခြင်း သို့မဟုတ် လျှော့ချနိုင်ခြင်း

၂၀၁၀ ပြည်ထောင်စု ရှေ့နေချုပ်ဥပဒေ ပုဒ်မ ၃၆ အရ အမှုများကို စိစစ်နိုင်သည့် လုပ်ပိုင်ခွင့် အခွင့်အာဏာသည် ဥပဒေအရာရှိများ၌ ရှိပါသည်။

- ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများသည် သတ်မှတ်ချက်များနှင့်အညီ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် … တရားရုံးတွင် တရားစွဲဆိုထားသော ပြစ်မှုဆိုင်ရာအမှုတွင် အမှုတစ်ရပ်လုံး

ကိုဖြစ်စေ၊ စွဲချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တရားခံတစ်ဦးဦးကိုဖြစ်စေ ရပ်သိမ်းရေးအတွက် ဆောင်ရွက်ရန် သင့် မသင့် သတ်မှတ်ချက်များနှင့်အညီ စိစစ်ခြင်းနှင့် ဆုံးဖြတ်ခြင်းတို့ကို လုပ်ဆောင်ရမည်။

ပုဒ်မ ၃၆ ပါ တာဝန်များကို ဥပဒေအရာရှိများက မည်သို့မည်ပုံ လိုက်နာဆောင်ရွက်သင့်သည်များကို ဖော်ပြထားသည့် လမ်းညွှန်ချက်များ မရှိပါ။ မည်သို့ပင်ဆိုစေကာမူ အငြင်းပွားဖွယ်ရှိသည်မှာ ဥပဒေအရာရှိများ သည် (၁) ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြဋ္ဌာန်းထားသည့် တရားစီရင်ရေးမူများကို အကြွင်းမဲ့ လိုက်နာရန် နှင့် (၂) ထိုတာဝန်များကို အကျိုးသင့် အကြောင်းသင့် လိုက်နာရန် တာဝန်ရှိသည်။ အနည်းဆုံးအနေဖြင့် ဤကိုယ်ပိုင်ဆုံးဖြတ်ခွင့်ကို အတ္တနောမတိဖြင့် ဆုံးဖြတ်ခြင်းမပြုရန် လိုအပ်သည်။ အကယ်၍ ဥပဒေအရာရှိဘက်မှ ကြောင်းကျိုးဆီလျော်ခြင်းမရှိသည့် ပုံစံဖြင့် ဆောင်ရွက်ခဲ့သည်များ ရှိခဲ့ပါက ထိုအရာများကို တရားရုံးများမှ ပြန်လည်သုံးသပ်နိုင်သည်။

## တရားစွဲဆိုရန် လိုအပ်သည့် စံချိန်စံညွှန်းများ

ရှေ့နေများသည် ဥပဒေအရာရှိများအား အောက်ပါအချက်ကို ထည့်သွင်းစဉ်းစားရန် တိုက်တွန်းသင့်ပါသည်။

- ဥပဒေအရာရှိများက ပြစ်မှုဆိုင်ရာအမှုတွဲများကို စတင်သည့်အခါ … ယုံကြည်အားကိုးထိုက်ပြီး သက်သေခံ အရာဝင်သော သက်သေခံချက်များဖြင့် ကောင်းမွန်စွာ တည်ဆောက်ထားသည့် အမှုတွဲများကိုသာ စတင် ဆောင်ရွက်သင့်ကြောင်းနှင့် ထိုသို့သော သက်သေခံချက်များ ပါရှိရန် ပျက်ကွက်သည့် အမှုတွဲများကိုကား ဆက်လက် ဆောင်ရွက်ခြင်း မပြုသင့်ပါ။ တရားရုံး၌ ဥပဒေအရာရှိက အမှုတွဲတင်ပြသင့်အရာ ခိုင်မာမှုရှိစွာနှင့် တရားမျှတမှုရှိစွာ တင်ပြပေးရမည်ဖြစ်ပြီး သက်သေခံချက်များက ညွှန်ပြနေသည့် အချက်များထက် ကျော်လွန်ပြီး တင်ပြခြင်းမျိုး မပြုလုပ်ရပါ။ "ကုလသမဂ္ဂ၏ အကျင့်ပျက် ချစားမှု တိုက်ဖျက်ရေးဆိုင်ရာ ပဋိညာဉ် - ပုဒ်မ (၁၁) ၌ အကောင်အထည်ဖော် ဆောင်ရွက်ရေး လမ်းညွှန်နှင့် လေ့လာသုံးသပ်ရေးဆိုင်ရာ မူဘောင်" တို့ကို ဖော်ပြထားပါသည်။

စွဲချက်တင်သည့်အဆင့်၌ အရေးဆိုတင်ပြခြင်းနှင့် ရှေ့တော်သွင်းစာချွန်တော်ကို အသုံးပြုပြီး တရားစွဲဆိုခြင်း၌ ဥပဒေ အရာရှိက ပုဒ်မ ၃၆ (၁) ပါ တာဝန်များအတိုင်း ဆောင်ရွက်စေရန် … ရှေ့နေများသည် အောက်ဖော်ပြပါ တရားစွဲဆိုခြင်း ဆိုင်ရာ စံချိန်စံညွှန်းများ[2] ကို စဉ်းစားသုံးသပ်ထားသင့်သည်။

**တရားစွဲဆိုခြင်းဆိုင်ရာ စံချိန်စံညွှန်းများ**

- အဆင့်၁ - တရားလိုဘက်မှ အနိုင်ရနိုင်ခြေ ရှိခြင်းမျိုး မဟုတ်သည့် လုံလောက်သော သက်သေခံချက်များ ရှိပါသလား။
  - စွဲဆိုခံထားရသည့် ပြစ်မှုပါ အင်္ဂါရပ်တိုင်းကို သက်သေပြရာ၌ သံသယ၏အကျိုးကို ကျော်လွန်ပြီး သက်သေပြနိုင်သည့် သက်သေခံချက်မျိုး ရှိပါသလား။
  - သက်သေခံချက်သည် သက်သေခံအရာ ဝင်ပါသလား။
  - သက်သေများသည် ယုံကြည်ထိုက်သော သက်သေများဖြစ်ပါသလား။
  - ယုံကြည်အားကိုး၍ ရနိုင်သည့် သက်သေခံချက်များ ရှိပါသလား။
  - သက်သေခံချက်များ ရရှိနိုင်ပါသလား။
  - တရားခံ၌ ခိုင်မာသော ခုခံချေပချက်မျိုး ရှိပါသလား။

[2] See UN Convention Against Corruption, Article 11.

- အဆင့်၂ - အများပြည်သူ၏ အကျိုးစီးပွားအတွက် တရားစွဲဆိုခြင်းကို ဆက်လက် ဆောင်ရွက်ခြင်း မျိုး ဖြစ်ပါ သလား။
    - ပြစ်မှု၏ သဘောသဘာဝနှင့် အတိမ်အနက်ကို ဖော်ပြပါ။
    - နစ်နာသူနှင့် လူမှုပတ်ဝန်းကျင်၏ အကျိုးစီးပွားများမှာ မည်သည်များ ဖြစ်သနည်း။
    - မှုခင်းဖြစ်ပွားခဲ့သည့်နေ့ရက်နှင့် တရားစွဲဆိုခဲ့သည့် နေ့ရက်များအကြား၌ နှောင့်နှေး ကြန့်ကြာမှုများ ရှိခဲ့ပါသလား။
    - တရားစွဲဆိုရာတွင် အများပြည်သူအကျိုးစီးပွားကို ပိုမိုကောင်းမွန်စွာ ဖြည့်ဆည်း ပေးနိုင်လောက် မည့် ပြစ်မှုဆိုင်ရာ တရားစီရင်ခြင်း မဟုတ်သော အခြားရွေးချယ်စရာ နည်းလမ်းများ ရှိပါသလား။

ထိုအဆင့် ၂ ဆင့်ကို ဥပဒေအရာရှိများမှ ရှုပ်ထွေးသွားနိုင်ခြေရှိသည့် အားလျော့စွာ ပြစ်မှု၏ အတိမ်အနက် အပေါ် ထောက်ပြ၍ အခြားအားပျော့သည့်အမှုတစ်ခုကို ရှင်းချက်ထုတ်လာနိုင်သည်။
ရှေ့နေများသည် အမှုသည်များနှင့် တိုင်ပင်၍ လွတ်လပ်သောစုံစမ်းထောက်လှမ်းမှုများကို ပြုလုပ်ရမည်။ ထို့အပြင် တရားခံ ရှေ့နေများသည် ၎င်းတို့၏ အမှုတွဲဆိုင်ရာ ဗဟုသုတများကို အသုံးပြုပြီး ယင်းအမှုသည် တရားစွဲဆိုခြင်းဆိုင်ရာ စံချိန်စံညွှန်းတစ်ခု၊ သို့မဟုတ် နှစ်ခုစလုံးနှင့် ကိုက်ညီရန် ပျက်ကွက်နေကြောင်းကို ငြင်းချက်ထုတ်ရမည်။ ထိုသို့ ပြုလုပ်နိုင် ရန်အတွက် အမှုတခုကို သက်သေပြရန် လိုအပ်သော အင်္ဂါရပ်တိုင်းကို ရှေ့နေများက ကောင်းစွာ နားလည်သိရှိထားရန် လိုအပ်သည်။ USAID Legal Aid Toolkit ၏ နောက်ဆက်တွဲ (၄) ပါ ရာဇသတ်ကြီးဥပဒေရှိ ပြစ်မှု၏အင်္ဂါရပ်များပါ နမူနာပုံစံနှင့် ကို ကြည့်ပါ။
အဘယ့်ကြောင့်ဆိုသော် ဥပဒေအရာရှိများသည် ၂၀၁၀ ခုနှစ် ပြည်ထောင်စု ရှေ့နေချုပ် ဥပဒေ ပုဒ်မ ၃၆ (၁) အရ တရားစွဲဆိုထားသော အမှုတစ်ရပ်လုံးကိုဖြစ်စေ၊ စွဲချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ရုပ်သိမ်းပိုင်ခွင့် အာဏာရှိသကဲ့သို့၊ တရားခံ ရှေ့နေများသည်လည်း ဥပဒေအရာရှိများအား အမှုကို ပယ်ပေးရန် သို့မဟုတ် လျော့ပေါ့သောစွဲချက်များဖြင့်သာ ဆက်လက်ဆောင်ရွက်ပေးပါရန် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်နိုင်သည်။ ထိုသို့ ဥပဒေအရာရှိများနှင့် ညှိနှိုင်းရာတွင် လျော့ပေါ့အပြစ်ဒဏ် ချမှတ်နိုင်သော အမှုအဖြစ်လည်းကောင်း သို့မဟုတ် အာမခံရနိုင်သည့်အမှုအဖြစ်လည်းကောင်း ပြုလုပ်ပေးပါရန် အရေးဆိုတင်ပြပေးရမည်။ ထိုအရာနှင့်ဆိုင်သည့် ဥပမာတစ်ခုမှာ ... ရာဇသတ်ကြီးဥပဒေပုဒ်မ ၄၀၆ ၌ ဖော်ပြထားသည့် ရာဇဝတ်မှု မကင်းသော ယုံကြည် အပ်နှံရေးဖောက်ဖျက်မှု (သုံးနှစ်အထိသာ ထောင်ဒဏ်ချမှတ်နိုင်သော် လည်း အာမခံ မရနိုင်သည့် အမှုဖြစ်နေခြင်း) နှင့် ရာဇသတ်ကြီးဥပဒေပုဒ်မ ၄၂၀ ရှိ လိမ်လည်မှု (ခုနစ်နှစ်အထိ ထောင်ဒဏ် ချမှတ်နိုင်သော် လည်း ယင်းအမှုသည် အာမခံ ရနိုင်သည့်အမှုဖြစ်နေခြင်း) ကို ကြည့်ပါ။
ဤသို့သော တရားခွင်မစတင်မီအချိန်၌ ညှိနှိုင်းဆွေးနွေးမှုများပြုခြင်းသည် အသစ်ဖြစ်သော ကျင့်စဉ်တစ်ခုဖြစ် သည့်အတွက် ရှေ့နေများအနေဖြင့် အမှုကို မလျော့်ကန်သော နည်းဖြင့် လွှမ်းမိုးသည်ဟု သုံးသပ်ခံရခြင်းများ လည်း ရှိနိုင်သည်။

ထိုထက်ပို၍ ဖြစ်နိုင်ချေရှိသော အရာမှာ ထိုသို့သော ညှိနှိုင်းဆွေးနွေးမှုများ ပြုစေခြင်းသည် ရဲများနှင့် အရာရှိများဘက်က အမှု၏ အားသာချက်များကို ရိုးရှင်းစွာ အရေးဆိုတင်ပြခြင်းနှင့် အသင့်တော်ဆုံးသော ဥပဒေအရ စွဲဆိုခြင်းများ ပြုလုပ် ပေးခြင်းထက် လက်ရှိ မြန်မာနိုင်ငံ၏ ဥပဒေစဉ်အလာအရ ငွေကြေးလာဘ်လာဘများ တောင်းခံလာနိုင်ခြင်းများ ရှိလာ နိုင်သည်။ တရားမျှတမှုစင်တာမှ ရှေ့နေများသည် မည်သည့်အချိန်တွင်မျှ တံစိုးလက်ဆောင်ပေးခြင်းမျိုး မပြုလုပ်ရပါ။ အမှုသည်၏ ရည်မှန်းချက်ပန်းတိုင်များကို ရရှိအောင် ဆောင်ရွက်ပေးရာတွင် ဥပဒေနှင့်အညီ ကျင့်ဝတ်များကို လိုက်နာခြင်းဖြင့် ဆောင်ရွက်ပေးရမည်။

## လွတ်ငြိမ်းချမ်းသာခွင့် ရရှိစေရန် တရားခံ၏ ဖြောင့်ချက်ပေးခြင်းကို ဥပဒေအရာရှိက လက်ခံခြင်း

တရားခံသည် အခြားသူများ၏ လုပ်ရပ်များအပေါ် ဖြောင့်ချက်ပေးခဲ့လျှင် ၎င်းတို့၏ လုပ်ဆောင်ချက်များအတွက် လွတ်ငြိမ်းချမ်းသာခွင့်ကို ရရှိကောင်း ရရှိနိုင်သည်။ ဤအရာသည် ဥပဒေအရာရှိနှင့် ညှိနှိုင်းဆွေးနွေးရန် လိုအပ်သည့်အရာ တခုပင်ဖြစ်သည်။ ဤအချက်သည် တရားမျှတမှုစင်တာများက ပူးတွဲတရားခံများအတွက် ကိုယ်စားပြုရပ်တည် မပေးရ ခြင်း၏ နောက်ထပ်အကြောင်းအရင်းတစ်ရပ်ပင် ဖြစ်ပါသည်။ အထက်ဖော်ပြပါ အခြေအနေမျိုးသည် ရှေ့နေတစ်ဦးတည်း သို့မဟုတ် တရားမျှတမှုစင်တာတစ်ခုတည်းမှ တရားခံနှင့် ပူးတွဲတရားခံများအတွက် ကိုယ်စားပြုရပ်တည်ပေးခြင်းမှ ရရှိလာနိုင်မည့် အငြင်းပွားဖွယ် ပဋိပက္ခများပင် ဖြစ်ပါသည်။

- ထိုကဲ့သို့သော လွတ်ငြိမ်းချမ်းသာခွင့်အတွက် အခြေအနေများနှင့် လုပ်ပိုင်ခွင့် အာဏာများကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ (၃၃၇) နှင့် (၃၃၈)တို့တွင် ဖော်ပြထားပါသည်။
- ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ကို လက်ခံရယူပြီးသည့် တရားခံသည် အဓိကအရေးကြီးသည့် အချက်တစ်စုံ တစ်ရာကို ၎င်း၏ စိတ်အလိုအလျောက် ဖုံးကွယ်ထားခြင်းဖြစ်သော်လည်းကောင်း၊ မမှန်သက်သေခံခြင်းဖြစ်သော်လည်းကောင်း၊ ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည့် စည်းကမ်း ချက်များကို လိုက်နာခြင်းမပြုဟု ဥပဒေအရာရှိက ထင်မြင်ကြောင်း အခိုင်အမာတင်ပြ လာလျှင် ထိုသူကို ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ သည့်ပြစ်မှုအတွက် စစ်ဆေးစီရင်နိုင်သည်။ သို့မဟုတ် ယင်းအကြောင်းအရာနှင့် စပ်လျဉ်း၍ ထိုသူကျူးလွန် ခဲ့ပုံပေါ်သည့် အခြားပြစ်မှု တစ်စုံ တစ်ရာအတွက် စစ်ဆေးစီရင်နိုင်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၃၃၉။

## ရှာဖွေခွင့် တောင်းခံခြင်း

အမှုတစ်ခုအတွင်းရှိ သက်သေခံချက်များနှင့် လက်လှမ်းမှီနိုင်ခွင့်ကို ဥပဒေအရာရှိများက ထိန်းချုပ်ထားသည်။ အမှုအား ပယ်ပေးရန်၊ နှင့် ထုချေချက်များပေးရန် တရားခံရှေ့နေများဘက်က ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်လိုပါက … ကျွမ်းကျင် သက်သေများ၏ ထွက်ဆိုချက်များ၊ အခြားသော သက်သေများ၏ ထွက်ဆိုချက် များ၊ ဖြောင့်ချက်များ စသည့်အရာများ၏ မိတ္တူမှန်များ ရှိထားရန် လိုအပ်လာနိုင်သည်။ သက်သေခံချက်များ၊ ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ရှာဖွေခြင်းများ ဆိုင်ရာ အပိုင်းများကို ကြည့်ပါ။

## စာရေးများ

နေ့စဉ်လုပ်ငန်းဆောင်တာများတွင် တရားခွင်စာရေးများနှင့်လည်း အတူပူးပေါင်းဆောင်ရွက်ရန် ရှေ့နေများမှ ပြင်ဆင်ထားရမည်။ စာရေးများသည် တရားရုံးလုပ်ငန်းများတွင် များစွာသော အခန်းကဏ္ဍများမှ ပါဝင် ဆောင်ရွက်ကြရသည်။ တရားခွင်စာရေးသည် အမှုတွဲဆောင်ရွက်နေစဉ်အတွင်း တရားသူကြီး၏ လက်ထောက် အဖြစ် ဆောင်ရွက်ပေးရပါသည်။ ထိုတရားခွင်စာရေး၏ အရေးအကြီးဆုံးသော တာဝန်မှာ … ထွက်ဆိုချက်များကို သစ္စာရှိစွာ မှတ်တမ်းတင်ပေးရန်နှင့် ဆုံးဖြတ်ချက်များနှင့် အမိန့်စာများကို တရားသူကြီး အတွက် ပြင်ဆင်ပေးရန် ဖြစ်သည်။ အထက်ဖော်ပြပါ လုပ်ဆောင်ချက် များကို တရားခွင်စာရေးမှ တိကျစွာ လုပ်ဆောင်နေခြင်းရှိမရှိကို ဆန်းစစ်ရန် ရှေ့နေများက အမြဲ နိုးကြားနေစေရမည်။ ထို့အပြင် စာရေးများကပင် ဘီလစ်စာရေးအဖြစ် ဆောင်ရွက်လေ့ရှိပြီး ၎င်းတို့သည် ငွေရေးကြေးရေး ကိစ္စရပ်များကို ကိုင်တွယ်ခြင်းနှင့် အချို့သော အမှုများအတွက် သက်သေခံချက်များကို လုံခြုံစွာ သိမ်းဆည်းခြင်း စသည့် တာဝန်များကို ယူကြရသည်။

ဝမ်းနည်းဖွယ်ရာမှာ ... အချို့သောစာရေးများသည် ရှေ့နေများ၊ ဥပဒေ အရာရှိများနှင့် တရားသူကြီးများအကြား၌ ကြားပွဲစားများအနေဖြင့် ဆောင်ရွက်ကာ တရားခွင်အတွင်းရှိ အကျင့်ပျက်ချစားမှုများကို အဓိက ဆောင်ရွက်နေကြသည်။ အောက်တွင် ဖော်ပြထားသည့် "အကျင့်ပျက်ခြစားမှု" အပိုင်း၌ ဆွေးနွေးထားသကဲ့သို့ ... တရားခွင်စာရေးများသည် တရားရုံးအမှုဖိုင်များ ရယူလိုသည့်အခါ၊ စာရွက်စာတမ်းများကို မိတ္တူကူးလိုသည့် အခါ နှင့် ရှေ့နေပါဝါ ရယူလိုသည့်အခါ တရားဝင်ကျသင့်သည့် နှုန်းထားများထက် ကျော်လွန်၍ တောင်းခံ နေကြသည်များလည်း ရှိနိုင်သည်။ ရှေ့နေများသည် တရားရုံးများလက်စွဲ အပိုဒ် ၁၀၃ (၄၃) အရ အဆိုပါအမှုဖိုင်တွဲများကို တရားဝင်ရယူခွင့်ရှိသော်လည်း အထက်ပါ အကြောင်းအရာများကြောင့် အဆိုပါ ဖိုင်တွဲများအား ရယူရာတွင် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ရနိုင်သည်။ ရှေ့နေများက အမှုတွဲဖိုင်များကို လက်ဝယ်ရရှိရန် တောင်းဆိုရာတွင် တရားရုံးဝန်ထမ်းများက အခကြေးငွေများ တောင်းခံလာနိုင်သဖြင့် အခက်အခဲများ ဖြစ်လာနိုင်သည်။ တရားရုံး စာရွက်စာတမ်းများနှင့် ပတ်သက်သည့် နှုန်းထားများ နှင့် စည်းမျဉ်းများကို တရားလွှတ်တော်ချုပ်မှ သတ်မှတ်ထားပြီး ဖြစ်ပြီး ထိုအရာများ၏ နောက်ဆုံးပြောင်းလဲ သွားသည့် နှုန်းထားများကိုလည်း တရားရုံများလက်စွဲမှတဆင့် ပုံမှန် ထုတ်ပြန်လေ့ရှိသည်။

- ပြည်ထောင်စုတရားစီရင်ရေး ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၂၀/ .၂၀၁၀) - ပုဒ်မ ၇၃။
- တရားရုံးများလက်စွဲ (၁၉၉၉)၊ အပိုဒ် (၇၆) (တိုင်တန်းချက် တင်သွင်းကြေးအတွက် ငွေ ၅ ကျပ် အဖြစ် သတ်မှတ် ထားပါသည်) နှင့် ပုဒ်မ - ၁၀၃ (၄၄) (တရားရုံး စာရွက်စာတမ်း စစ်ဆေးရန်အတွက် တံဆိပ်ခေါင်းကြေး အဖြစ် ငွေ ၁ ကျပ် သတ်မှတ်ထားပါသည်)။

တရားရုံးများလက်စွဲ၊ ၁၉၉၉ ၊ ပုဒ်မ ၁၀၃ (က) (၄၂) (ဃ)၌ တရားခွင်စာရေးများအား တခါတရံတွင် "အမြန်ကြေး" တောင်းခံခွင့်ကို ခွင့်ပြုထားပါသည်။ ထိုသို့ ခွင့်ပြုခြင်းသည် လာဘ်ပေးလာဘ်ယူပြုခြင်းကို ဖုံးကွယ်ထားသည့် ကိစ္စရပ် ဖြစ်စေသည်။ တရားရုံးစရိတ်များကို ပေးဆောင်ရာတွင် ဥပဒေနှင့်အညီ ပေးဆောင် သင့်ပါသည်။ ဥပဒေဆိုင်ရာ အထောက် အကူပေးရေးရုံးများနှင့် တသီးပုဂ္ဂလရှေ့နေများသည် လာဘ်ပေး လာဘ်ယူမှုများကို တိုင်တန်းနိုင်ပြီး မှတ်တမ်းတင်ထား နိုင်သည့် စနစ်တစ်ခုကို ဖန်တီးသင့်သည်။

## ရဲ

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် တပ်မတော်မှ အဓိက ကိုင်တွယ်ကြီးကြပ်သော ဝန်ကြီးဌာနကြီး (၃) ခု ဖြစ်သည့် ကာကွယ်ရေး ဝန်ကြီးဌာန၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန (လဝက)၊ နှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့အနက် ပြည်ထဲရေးဝန်ကြီးဌာန၏ လက်အောက်တွင် ရှိသည်။ ရဲနှင့် ၎င်းတို့၏ လုပ်ငန်းဆောင်တာများကို "အမှု၏လမ်းကြောင်း" အပိုင်း၌ အကျယ်တဝင့် ဆွေးနွေးခဲ့ပြီး ဖြစ်ပါသည်။

ရဲများသည် တရားရုံးတော်သို့ အမှုများ စွဲတင်ရာတွင် စတင်ဆောင်ရွက်ရသူများ ဖြစ်သောကြောင့်လည်းကောင်း၊ သက်သေခံမည့် သက်သေများကို ရှာဖွေသူများ ဖြစ်သောကြောင့်လည်းကောင်း၊ ဥပဒေပြဋ္ဌာန်းချက်ထက် ပိုသော နောက်ဆုံးရလဒ်များကို ဆုံးဖြတ်နိုင်သဖြင့် ပိုမိုအာဏာရှိသူများ ဖြစ်ကြသည်။

ရှေ့နေများသည် ရဲလက်စွဲ၌ ဖော်ပြထားသည့် ရဲများ၏ တာဝန်ဝတ္တရားများနှင့် လုပ်ထုံးလုပ်နည်းများကို နားလည်အောင် လေ့လာထားသင့်သည်။ အမှု၏လမ်းကြောင်း၊ အမှုသည်များနှင့် ဆောလျင်စွာ ချိတ်ဆက်နိုင်ခြင်းအပိုင်းများကို ကြည့်ပါ။

ဤစပ်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို ရဲလက်စွဲ၌ ဖော်ပြထားပါသည်။

- ရဲလက်စွဲအပိုဒ် (၁၆၉၃) တရားခံတစ်ဦး တစ်ယောက်ကို ဖမ်းဆီးသည်နှင့် တစ်ပြိုင်နက် အမှုစစ်အရာရှိက စုံထောက်စစ်ဆေးစဥ်တွင် ရဲတပ်ဖွဲ့ဝင်တို့က ညှဉ်းပန်းနှိပ်စက်ခြင်း ရှိမရှိနှင့် တစ်စုံတစ်ရာ တိုင်တန်းပြောဆိုရန် ရှိမရှိကို တရားခံအား မေးမြန်းပြီး ဖြေဆိုသည့် အချက်များကို အမှုနေ့စဥ်မှတ်တမ်းတွင် ရေးမှတ်ရမည်။ ညှဉ်းပန်း နှိပ်စက်ကြောင်း အစစ်ခံပါက အမှုစစ်အရာရှိက

ၚင်းတရားခံ၏ ကိုယ်တွင် ညှဉ်းပန်းနှိပ်စက်ထားသည့် အမှတ် အသား လက္ခဏာများ ရှိမရှိကို စမ်းသပ်စစ်ဆေးရမည်။ စစ်ဆေးတွေ့ရှိချက်များကို အမှုနေ့စဉ်မှတ်တမ်းတွင် ရေးသားရမည်။ အကယ်၍ တရားခံက မိမိကိုယ်ကို စမ်းသပ်ကြည့်ရှုခွင့်မပြုလိုကြောင်း ငြင်းဆိုလျှင် ငြင်းဆိုသည့် အကြောင်းခြင်းရာများကိုအမှုနေ့စဉ် မှတ်တမ်းတွင် ရေးမှတ်ရမည်။

- ရဲလက်စွဲအပိုဒ် ၁၀၅၆ - ရဲတပ်ဖွဲ့ဝင်တိုင်း၏ အလုပ်ဝတ္တရားမှာ ပြည်သူလူထုနှင့် ပျူပျူငှာငှာ မိတ်ဆွေကဲ့သို့ ရှိစေရမည်။ အဘယ့်ကြောင့်ဆိုသော် ပြည်သူလူထုနှင့် ပေါင်းသင့်ဆက်ဆံခြင်းမရှိ၍ အကူအညီမရရှိခဲ့သော် အလုပ်ဝတ္တရား ဆောင်ရွက်ခြင်း၌ ခဲယင်းသည်သာမက ထမြောက် အောင်မြင်လိမ့်မည် မဟုတ်။ ရဲတပ်ဖွဲ့ဝင်တိုင်း စိတ်ထားကောင်းမွန်စွာနှင့် ပြည်သူလူထုတို့အား ပျူပျူငှာငှာ ပေါင်းသင်းဆက်ဆံရမည် ရဲတပ်ဖွဲ့ဝင်တို့မှာ ပြည်သူ လူထု၏ ဝန်ထမ်းဖြစ်သည့်အလျောက် ပြည်သူလူထုတို့အပေါ်တွင် မိမိတို့ကိုယ်ကို အုပ်ချုပ်သူ အရှင်သခင်ဟု ထင်မြင်ခြင်းမရှိရ။ ပြည်သူလူထုတို့အပေါ်တွင် နိုင်လိုမင်းထက် မယဉ်ကျေးသည့် အပြုအမူကို ပြုခဲ့လျှင် ရဲတပ်ဖွဲ့ဝင်တို့ကိုစက်ဆုပ်ရွံရှာလိမ့်မည့်အပြင် မည်သည့် ပြည်သူလူထုကမျှ ကူညီစောင်မလိမ့်မည် မဟုတ်။
- ရဲလက်စွဲအပိုဒ် ၁၀၈၆ - အလုပ်ဝတ္တရားများကို အစဉ် အမြဲနိုးကြား ထကြွစွာဖြင့် အမိန့်များကို တစ်သဝေမတိမ်း လိုက်နာ ဆောင်ရွက်ရန်မှာ ရဲတပ်သားများအတွက် လိုအပ်သော အချက်ပင် ဖြစ်သည်။ ပြည်သူလူထုတို့ကို ကာကွယ်စောင့်ရှောက်၍ မြို့ရွာ ငြိမ်ဝပ်ပိပြားစွာရှိစေရန်နှင့် ပြစ်မှုများမဖြစ်ပွားအောင် စောင့်ထိန်းလျက် ဖြစ်ပွား သော ပြစ်မှုများကိုပေါ်ပေါက်အောင် စစ်ဆေးစုံထောက်ရန် တရားဥပဒေအရတာဝန်ရှိသည့် အလျောက် အခွင့် အာဏာများကို ရဲတပ်သားတို့အား အပ်နှင်းထားရှိပါသည်။ ဤကဲ့သို့ အခွင့်အာဏာများကို အလွဲသုံးစား မပြုလုပ်ကြရန် ကြပ်တည်းစွာ တားမြစ်သည်။ ရဲတပ်သားတို့မှာ ပြည်သူ့ဝန် ထမ်းများဖြစ်ကြသည်။ ထို့ကြောင့် ရဲတပ်သားတို့က ယဉ်ကျေးစွာပြောဆိုလုပ်ကိုင်ဆောင်ရွက်ပေးခြင်းကို ပြည်သူလူထုတို့က ရပိုင်ခွင့်ရှိသည်။ ရဲတပ်သားတို့သည် တတ်စွမ်းနိုင်သမျှ ပြည်သူလူထုတို့၏ အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်သည့်အလျောက် မည်သည့် ဝတ္တရားကိုမဆိုဆောင်ရွက်ရာ၌ မိမိတို့သည် တိုင်းသူပြည်သားတို့၏ အကျိုးကို ကာကွယ်စောင့်ရှောက်နေသည်ဟုမှတ် ယူကြရသည်။

## ရဲများ၏ ညှင်းပန်းနှိပ်စက်မှုများအား တိုင်ကြားခြင်း

ရဲများ၏ ညှဉ်းပန်းနှိပ်စက်ခြင်းများ သို့မဟုတ် ရဲများက မိမိတို့ အမှုသည်များအပေါ် မတော်မတရားပြုခြင်းများကို တိုင်တန်းလိုပါက ... ထိုအမှုမျိုးသည် ရဲအရေးယူပိုင်ခွင့်မရှိသော အမှုများ ဖြစ်သောကြောင့် ရဲများကို တိုင်ကြားခြင်းထက် တရားရုံးတော်သို့ တိုက်ရိုက်တိုင်တန်းရမည်။ အချို့သောတရားသူကြီးများသည် ထိုသို့သော တိုင်တန်းချက်များကို လက်ခံ အမှုဖွင့်ပေးရန် တွန့်ဆုတ်နေတတ်ကြသဖြင့် ထိုအခြေအနေများတွင် အကောင်းဆုံး စည်းရုံးပြောဆိုနိုင်မည့် နည်းလမ်းများ ကို ရှာဖွေထားရမည်။

ရာဇဝတ်ပြစ်မှုကို ချုပ်နှောင်ထားသူက ကျူးလွန်ကြောင်း ဖြောင့်ချက်ရစေရန် ရဲအရာရှိ၏ ညှဉ်းပန်းနှိပ်စက်မှုသည် ပြစ်မှု မြောက်သည်။ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၃၀။

- ရာဇသတ်ကြီး ပုဒ်မ ၃၃၀ - ရာဇဝတ်ပြစ်မှုကို ကျူးလွန်ကြောင်း မောင်မဲထံမှ ဖြောင့်ချက်ရစေရန် ရဲအရာရှိ မောင်ဖြူသည် မောင်မဲကို ညှဉ်းပန်းနှိပ်စက်သည်။ မောင်ဖြူသည် ဤပုဒ်မအရ ပြစ်မှုကို ကျူးလွန်သည် မည်၏။

- ပုဒ်မ ၃၃၈ သည် ရဲအရေးယူပိုင်ခွင့် မရှိသည့် အမှုဖြစ်သည့်အတွက် ရဲထံသို့ တိုက်ရိုက် တိုင်ကြား၍ မရဘဲ တရားရုံး တော်သို့ တိုင်တန်းရမည်။ အကျယ်ကြည့်လိုက ပြစ်မှုကျင့်ထုံးဥပဒေပုဒ်မ ၂၀၀ ၌ ကြည့်ပါ။
- အထက်တွင် ရည်ညွှန်းဖော်ပြခဲ့သည့် ရဲ လက်စွဲ အပိုဒ် ၁၆၉၃ ကို ကြည့်ပါ။

## ရဲများ၏ မတရားချုပ်နှောင်မှုအတွက် တရားမမှုများ

ဥပဒေအရ အမှုသည်သည် ၎င်းအား ရဲမှ တရားမဝင် ဖမ်းဆီးချုပ်နှောင်ခဲ့သည့်အတွက် နစ်နာကြေးတောင်းခံနိုင်သည်။ သို့သော် မြန်မာနိုင်ငံ၌ မှားယွင်းစွာ ဖမ်းဆီးပြီး ထောင်သွင်း အကျဉ်းချမှုအတွက် နစ်နာကြေးပေးခဲ့သည့် မှတ်တမ်းများ ရှိဟန် မပေါ်ပါ။ ထိုသို့သော ကိစ္စရပ်များအတွက် အမှုဖွင့်လိုပါက တရားမကျင့်ထုံးဥပဒေပုဒ်မ ၈၀ ပါ လုပ်ထုံး လုပ်နည်းများ ကို ကြည့်ရှုရပေမည်။

အစိုးရအပေါ်ဖြစ်စေ၊ ရာထူးအလျောက် ဆောင်ရွက်သည့် သဘောသက်ရောက်သော ပြုလုပ်မှုတစ်ခုခုနှင့် စပ်လျဉ်း၍ ပြည်သူ့အရာထမ်းတစ်ဦးအပေါ် ဖြစ်စေ၊ တရားမမှု စွဲဆိုရန် ရှိလျှင် တရားစွဲဆိုရန်အကြောင်း၊ တရားလို၏ အမည်၊ အကြောင်းအရာ၊ နေရပ်နှင့် တောင်းဆိုသည့် သက်သာခွင့်တို့ကို ဖော်ပြသည့် အကြောင်း ကြားစာကို -

(က) အစိုးရအပေါ် စွဲဆိုသည့်အမှုဖြစ်လျှင် အစိုးရအတွင်းဝန် သို့မဟုတ် သက်ဆိုင်ရာ ခရိုင်၏ ကော်လိတ္တော် အရာရှိ၏ ရုံးတွင်လည်းကောင်း၊

(ခ) ပြည်သူ့အရာထမ်းအပေါ် စွဲဆိုသည့် အမှုဖြစ်လျှင် ထိုပြည်သူ့အရာထမ်း၏ ရုံးတွင် လည်းကောင်း၊

ပေးအပ်ပြီး သို့မဟုတ် ထားပြီးသည့်နေ့မှ နှစ်လ မကုန်ဆုံးမီ မည်သည့်အမှုကိုမျှ မစွဲဆိုရ။ ထို့ပြင် အဆိုလွှာတွင် ယင်းအကြောင်းကြားစာကို ထိုသို့ ပေးအပ်ပြီးဖြစ်ကြောင်း သို့မဟုတ် ထားပြီးဖြစ်ကြောင်း ကိုလည်း ဖော်ပြပါရှိစေရမည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၄၄၅ တွင် "အဖွဲ့ဝင်တစ်ဦးဦး သို့မဟုတ် အစိုးရအဖွဲ့ဝင် တစ်ဦးဦး၏ တာဝန်အရ ဆောင်ရွက်ချက်များအပေါ် အကြောင်းပြုလျက်" ဆိုသည့် ပြဋ္ဌာန်းချက်ဖြင့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တို့အား တရားစွဲဆိုခြင်း မပြုနိုင်ရန် ကန့်သတ်ထားသည်။ ထိုကဲ့သို့သော လွတ်ကင်းမှုများ ဆက်လက် ဖြစ်ပေါ်နေသည့် အနေအထား မဟုတ်သော်လည်း ၂၀၀၈ ခုနှစ် မတိုင်မီကာလများ၌ ကန့်သတ်ချက်များ ရှိခဲ့ပါသည်။

## အကျင့်ပျက်ခြစားခြင်း

တရားသူကြီးများနှင့် ဥပဒေအရာရှိများ အပါအဝင် ပြည်သူ့ဝန်ထမ်းအားလုံးသည် လာဘ်ပေးလာဘ်ယူမှု ပြုလုပ်ခဲ့လျှင် ငွေဒဏ် သို့မဟုတ် ထောင်ဒဏ်များအပြင် အခြားပြစ်ဒဏ်များလည်း ကျခံရနိုင်ပါသည်။ မြန်မာနိုင်ငံသည် ကုလသမဂ္ဂ၏ အကျင့်ပျက်ချစားမှု တိုက်ဖျက်ရေး သဘောတူညီချက်ကို လက်ခံထားသည့် နိုင်ငံဖြစ်ပါသည်။ ဇူလိုင်လ ၂၀၁၃ ခုနှစ်၌ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး ဥပဒေအသစ်ကို လွှတ်တော်မှ ပြဋ္ဌာန်းလိုက်ပြီး ဖြစ်ပါသည်။ ထိုဥပဒေကို အဆိုပါ သဘောတူညီချက်အတိုင်း လိုက်ပါဆောင်ရွက်ရန် နှင့် ၆၆ နှစ်တာ သက်တမ်းရှိပြီဖြစ်သည့် ပြည်တွင်း ဥပဒေများကို အစားထိုးနိုင်ရန် ပြဋ္ဌာန်းလိုက်ခြင်းဖြစ်သည်။ [3]

---

[3] Anti-Corruption Law 2013, Pyidaungsu Hluttaw, Law No.23, The First Waxing of Wargaung 1375 M.E, 7th August 2013.

အကျင့်ပျက်ချစားမှု တိုက်ဖျက်ရေးကော်မရှင်သည် တိုင်တန်းချက်များကို လက်ခံ**ပြီး** စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ကာ "တရားစွဲဆိုခြင်းများ" ပြုလုပ်နိုင်ရန် ရှေ့နေချုပ်ထံသို့ အဆိုပါ အမှုများကို လွှဲပြောင်းပေးအပ် ရမည်။ ပြည်သူ့ဝန်ထမ်းများ၏ အကျင့်ပျက်ချစားမှု**များ**အတွက်လည်း ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၆၁ - ၁၇၁ အရ တရားစွဲဆိုခြင်းများ ပြုလုပ်နိုင်သည်။

ပြစ်မှုဆိုင်ရာတရားရေးစနစ်၌ အမြစ်တွယ် ပျံ့နှံ့နေသော အကျင့်ပျက်ချစားခြင်းများကို ဥပဒေက မည်သို့ မည်ပုံ ဖြေရှင်း သွားမည်ဟူသည့် အချက်များသည် ရှင်းလင်းခြင်း မရှိပါ။ လာဘ်ပေးလာဘ်ယူမှုသည် တခါတရံ၌ လူမှုဘဝတွင် လိုအပ်၍ ပေးရသော အသုံးစရိတ်များဖြစ်သည်ဟု ရှင်းချက်ထုတ်ကြသည်။

တံစိုးလက်ဆောင်ပေးခြင်းသည် အမှုတစ်ခုလုံး၌ သက်ရောက်မှုရှိနိုင်သည်။ ဥပဒေအရာရှိများက အာမခံ မပေးနိုင်သော စွဲချက်ကို အာမခံပေးနိုင်သော စွဲချက်အဖြစ် ပြောင်းလဲရန် (သို့မဟုတ်) တရားသူကြီးက လျော့ပေါ့သော အပြစ်ဒဏ် ပေးရန် ကိစ္စများတွင် တံစိုးလက်ဆောင်တောင်းခံခြင်းများ ရှိနိုင်သည်။ စာရေးများကလည်း ၎င်းတို့၏ အလုပ်များ ဖြစ်သည့် တရားရုံးစာရွက်စာတမ်းများ ပေးအပ်ခြင်း သို့မဟုတ် ထွက်ဆိုချက်များကို အမှန်အတိုင်း မှတ်တမ်းတင်ရန် တံစိုး လက်ဆောင် တောင်းခံခြင်းများ ရှိနိုင်သည်။ တဖက်အမှုသည် သို့မဟုတ် အခြားအမှုသည်၏ အကျိုးစီးပွားအတွက် အမှုရွှေ့ဆိုင်းပေးရန် တောင်းဆိုရာတွင်လည်း တံစိုးလက်ဆောင် တောင်းခံခြင်းများ ရှိနိုင်သည်။[4]

တရားမျှတမှုစင်တာမှ ရှေ့နေများသည် ၎င်းတို့၏ အမှုသည်များအတွက် တံစိုးလက်ဆောင်ပေးခြင်းများ (သတ်မှတ် ထားသည့် နှုန်းထားများထက် လျော့ပေးခဲ့လျှင်ပင်) ထိုသို့ ပြုလုပ်ပေးလိမ့်မည် မဟုတ်ပါ။ ထို့ကြောင့် "သဒ္ဓါကြေး၊ လက်ဖက်ရည်ဖိုး၊ သို့မဟုတ် မုန့်ဖိုးများ" ကို တောင်းခံလေ့ရှိသည့် အလေ့အကျင့်များသည် ပျံ့နှံ့လျက်ရှိသော်လည်း ထိုသို့ တောင်းခံလိုသည့် တရားသူကြီးများ သို့မဟုတ် စာရေးများကို ရှေ့နေများမှ တွန်းလှန်ကြရမည်။ တံစိုးလက်ဆောင် ပေးခြင်းများကို ငြင်းဆန်ကြမည် ဟူသည့် ရှေ့နေများ၏ စုပေါင်း ဆုံးဖြတ်ချက်သည် ပဲခူးအပါအဝင် အချို့မြို့နယ်များ၌ အောင်မြင်မှု ရရှိနေကြောင်း တွေ့ရသည်။ ဝမ်းနည်းစရာမှာ - အမှုများကို ဆုံးဖြတ်ရာတွင် ဥပဒေအသိပညာများ၊ စိစစ် သုံးသပ်ချက်များ၊ သို့မဟုတ် အရေးဆို တင်ပြခြင်းဆိုင်ရာ ကျွမ်းကျင်မှုများအပေါ် အခြေခံ၍ ဆုံးဖြတ်ခြင်းထက် တံစိုး လက်ဆောင်ပေးခြင်းများ သို့မဟုတ် ဩဇာလွှမ်းမိုးမှုများအပေါ်တွင် အခြေခံ၍ ဆုံးဖြတ်နေသည်ဟု အများပြည်သူတို့က ယုံကြည်မှတ်ယူ နေကြဆဲဖြစ်သည်။ ထိုသို့ မှတ်ယူခြင်းများသည် မှားယွင်းသော မှတ်ယူခြင်းများသာ ဖြစ်ကြောင်း တရားမျှတမှုစင်တာမှ ရှေ့နေများက သက်သေပြပေးရန် လိုအပ်ပါသည်။

[4] See: Justice Base, **Monitoring in Myanmar: An Analysis of Myanmar's Compliance with Fair Trial Rights,** October 2017. Also includes detailed list of common bribes and their amount.

# ရှေ့နေများ - စည်းကမ်းဥပဒေနှင့် တရားစွဲဆိုခြင်း

တရားခံရှေ့နေများသည် မိမိတို့၏ အမှုသည်များကို အကာအကွယ်ပေးရန် စိတ်အားထက်သန်၍တတ်ကြွမှု ရှိရမည် ဖြစ်ပါသည်။ ရှေ့နေများ ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်ရာ၌ မိမိ၏ အမှုသည်ကို အကာအကွယ်ပေးရန်အတွက် ကွဲပြား ဆန်းသစ်သော ဥပဒေရေးရာ လျှောက်လဲချက်များပေး၍ ရှိနှင့်ထားပြီး ဖြစ်သော ကျင့်သုံးမှုစနစ်များအား စိန်ခေါ် နိုင်သည့် နည်းလမ်းအထွေထွေကို အကြံပြုထားပါသည်။ အကြံပြုထား သည့်အတိုင်း ပြုလုပ်မည်ဆိုပါက တရားရေး ဆိုင်ရာ အဓိကအရေးပါသော ပုဂ္ဂိုလ်များဖြစ်သည့် ရဲ၊ ဥပဒေအရာရှိ၊ စာရေးနှင့် တရားသူကြီးများအတွက် အဆင်မပြေ ဖြစ်နိုင်သည်။ ရှေ့နေများအား အရေးယူ ဆောင်ရွက်မည်ဟု ခြိမ်းခြောက်ကောင်း ခြိမ်းခြောက်နိုင်ပါသည်။ အရေးယူခြင်း ဆိုရာတွင် ပညာရပ်ပိုင်းဆိုင်ရာ မရိုးဖြောင့်သော ဆောင်ရွက်မှုပြုသည်ဟု စွပ်စွဲခြင်း သို့မဟုတ် တရားရုံးအား မထီမဲ့မြင် ပြုခြင်းတို့ကို ပြုလုပ်နိုင်သည်။ ရှေ့နေများသည် ဤလက်စွဲတွင် ဆွေးနွေးထားသော မိမိတို့၏ အခွင့်အရေးနှင့် တာဝန်များ ကို ဂရုတစိုက် လေ့လာသုံးသပ်ရမည် ဖြစ်ပါသည်။ မိမိတို့၏ အခန်းကဏ္ဍကို လွှမ်းမိုးသည့် သက်ဆိုင်သော ဥပဒေများကို လေ့လာရမည် ဖြစ်ပါသည်။

မကြာသေးမီနှစ်များက ရှေ့နေအသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းနှင့် ထူထောင်ခြင်းတို့ကို ပြုလုပ်လာခဲ့ကြသည်။ ၎င်း အသင်းအဖွဲ့များမှာ အခြားနိုင်ငံများတွင် တွေ့ရနိုင်သည့် လွတ်လပ်၍ ကိုယ်ပိုင်စည်းမျဉ်းစည်းကမ်းဖြင့် ဖွဲ့စည်းထားသော အဖွဲ့များမဟုတ်ပေ။ ဘားကောင်စီတွင် ရှေ့နေချုပ်နှင့် ၎င်း၏ ရုံးမှ ညွှန်ကြားရေးမှူးချုပ်များ၊ တရားရုံးချုပ်မှ ညွှန်ကြားရေး မှူးများ၊ တရားလွှတ်တော်ချုပ် တရားသူကြီးများနှင့် တရားလွှတ်တော်ချုပ်မှ လက်ခံအတည်ပြုထားသည့် ရှေ့နေ (၆) ဦး တို့ ပါဝင်ပါသည် (၁၉၈၉ ဘားကောင်စီအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ)

## ဘားကောင်စီအက်ဥပဒေသည် တရားလွှတ်တော်ရှေ့နေများနှင့် သက်ဆိုင်မှုရှိခြင်း

ဘားကောင်စီအက်ဥပဒေသည် စည်းကမ်းပိုင်းဆိုင်ရာ လုပ်ဆောင်ချက်များနှင့် စပ်လျဉ်းပြီး ခိုင်မာသည့် ဆောင်ရွက်မှု ပုံစံကို ရှင်းလင်း ဖော်ပြထားသည်။ တရားလွှတ်တော်ချုပ်အား "ပညာရပ်လုပ်ငန်းပိုင်းဆိုင်ရာနှင့် အခြား မသမာမှုများကို ကျူးလွန်သည်ဟု တွေ့ရှိသည့် အထက်တရားရုံး၌ အမှုလိုက်ပါဆောင်ရွက်နေသော မည်သည့် တရားလွှတ်တော်ရှေ့နေ ကိုမဆို ရှေ့နေအဖြစ်မှ ဖယ်ရှင်းခြင်း၊ ဆိုင်းငံ့ခြင်းနှင့် ပြစ်တင်ဆုံးမခြင်းတို့ကို ပြုလုပ်နိုင်သည့်" အခွင့်အာဏာ အပ်နှင်း ထားသည်။ စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှုပြုလုပ်ရန် တရားသူကြီးများ၊ ဘားကောင်စီနှင့် "မည်သည့်ပုဂ္ဂိုလ်မဆို" တရားလွှတ်တော်ချုပ်တွင် တိုင်ကြားချက် ဖွင့်နိုင်သည်။ တရားလွှတ်တော်ချုပ်သည် အမှုကို ပလပ်ခြင်း သို့မဟုတ် ဘားကောင်စီ အထူးခုံရုံးသို့ လွှဲပြောင်းပေးခြင်းကိုသော်လည်းကောင်း သို့မဟုတ် (ဘားကောင်စီ နှင့် ဆွေးနွေး တိုင်ပြီး နောက်တွင်) တရားလွှတ်တော်ချုပ်သို့ တွေ့ရှိချက်များကို ပြန်လည်ပေးပို့ပေးသည့် ခရိုင်တရားရုံးသို့ လွှဲပြောင်းပေးခြင်းကို သော်လည်းကောင်း ပြုလုပ်နိုင်ပါသည်။ ထို့နောက် တရားလွှတ်တော်ချုပ်မှ တရားလွှတ်တော်ရှေ့နေ၊ ဘားကောင်စီ နှင့်ရှေ့နေချုပ်တို့ လျှောက်လဲခွင့်ရှိသည့် ကြားနာခြင်းကို စတင်သည်။

## ဥပဒေပညာရှင်များအက်ဥပဒေသည်အထက်တန်းရှေ့နေများနှင့် သက်ဆိုင်သောဥပဒေဖြစ်ခြင်း

၁၈၈၀ ခုနှစ် ဥပဒေပညာရှင်များအက်ဥပဒေသည် တရားလွှတ်တော်ချုပ်အား ရာဇဝတ်မှုဆိုင်ရာ အပြစ်ကျူးလွန်မှု အပါအဝင် စည်းမျဉ်းစည်းကမ်း ချိုးဖောက်မှုများအတွက် အထက်တန်းရှေ့နေများကို ရှေ့နေအဖြစ်မှဖယ်ရှားခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်းတို့ကို ပြုလုပ်နိုင်ရန် အခွင့်အာဏာ အပ်နှင်းထားပါသည်။ ရှေ့နေကျင့်ဝတ်သိက္ခာနှင့်မညီ စာရိတ္တ ပျက်ပြား ပါက အဆိုပါ အသက်မွေးဝမ်းကြောင်းမှုနှင့် မထိုက်တန်သူ မိမိအား ဌားရမ်းထားသည့်

အမှုသည်မဟုတ်ဘဲ အခြား (မသက်ဆိုင်သူ) တစ်ဦးဦးထံမှ အမှုနှင့် စပ်လျဉ်းသည့် ညွှန်ကြားချက်ရယူခြင်း သို့မဟုတ် ပညာရှင်တစ်ဦး၏ စောင့်ထိန်း ရမည့် တာဝန်ကို စွန့်ပယ်၍ မလျော်ကန်သော ပြုမူကျင့်ကြံနည်း ဖြင့်ဖြစ်စေ လိမ်လည်၍ဖြစ်စေ ဆောင်ရွက်လျှင် သို့မဟုတ် ရပ်ဆိုင်းရန် သို့မဟုတ် "ထုတ်ပယ်ရန် အရေးယူထိုက်သည့် အခြားအကြောင်းအချက်တစ်စုံတစ်ရာ"ကို ကျူးလွန်လျှင် တရားလွှတ်တော်ချုပ် အထက်တန်းရှေ့နေ၏ အမှုလိုက်ပါခွင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ရှေ့နေအဖြစ်မှထုတ်ပယ်ခြင်းများကို ပြုလုပ်နိုင်ပါ သည်။

အောက်တရားရုံးများမှ တရားသူကြီးများသည်လည်း အထက်တန်းရှေ့နေများ၏ မသမာမှုများကို ကနဦး စုံစမ်းစစ်ဆေးမှု ပြုလုပ်နိုင်ပြီး အမှုလိုက်ပါခွင့် ရပ်ဆိုင်းခြင်း ရှေ့နေအဖြစ်မှ ရပ်စဲခြင်းစသည်တို့ကို ဆုံးဖြတ်စီရင်နိုင်စွမ်း ရှိသည့် တရား လွှတ်တော်ချုပ်သို့ ထောက်ခံအကြံပြုချက်များ ပေးနိုင်ပါသည်။ အထက်တန်းရှေ့နေများ အနေဖြင့် အောက်ရုံးများ ကြားနာစစ်ဆေးစဉ်၌ မိမိကိုယ်ကိုမိမိ ခုခံချေပ ကာကွယ်နိုင်ပြီး မိမိတို့တင်ပြသည့် သက်သေ အထောက်အထားများကို ရုံး၌ မှတ်တမ်းတင်သွားမည် ဖြစ်သည်။ ၁၉၉၉ခုနှစ်၊ ဥပဒေပညာရှင်များအက်ဥပဒေ ပုဒ်မ ၁၄။

တရားလွှတ်တော်ချုပ်ပြန်တမ်းတွင် ရှေ့နေများအား အမှုလိုက်ခွင့်ပိတ်ရန် အကြောင်းပြချက်များကို ဖော်ပြသည့် အမိန့်များ ပါဝင်ပါသည်။ ၎င်းတို့မှာ

- တရားသူကြီးအား ရိုသေလေးစားမှု မရှိသော အပြုအမူဖြင့် စာဖြင့် ရေးသားလျှောက်လဲခြင်း(၂၀၀၄)
- ဥပဒေနှင့် မလျော်ညီသော အသင်းအပင်း ဖွဲ့စည်းခြင်း အက်ဥပဒေကို ချိုးဖောက်ခြင်း (၂၀၀၄)
- မဟုတ်မမှန် လီဆယ်၍ တိုင်ချက်ဖွင့်ခြင်း/တိုင်ကြားခြင်း(၂၀၀၂)
- သက်သေအား မည်သို့ အစစ်ခံရမည် နည်းပေးလမ်းပြခြင်း(၂၀၀၁)
- (၂၀၀၁) အရေးပေါ်ပြဋ္ဌာန်းခြင်းဆိုင်ရာ အက်ဥပဒေကို ချိုးဖောက်ခြင်း
- မထီမဲ့မြင်ပြုမူခြင်း (၁၉၉၉)

ဥပဒေပညာရှင်များ၏ တာဝန်နှင့် အခွင့်အရေးဆိုင်ရာ ကျင့်ဝတ်များ (မြန်မာနိုင်ငံဘားကောင်စီ - သတ္တမအကြိမ် ထုတ်ဝေ ခြင်း)

ဘားကောင်စီမှ ကျင့်ဝတ်ဆိုင်ရာ စည်းမျဉ်းများကို ရေးသားပြုစုထားသည့် လက်စွဲစာအုပ်ကို ထုတ်ဝေထားပါ သည်။ ဘားကောင်စီအား လွတ်လပ်သော ဥပဒေပညာရှင်များမှ မဟုတ်ဘဲ အစိုးရမှ ကြီးကြပ်သဖြင့် ထိုစည်းမျဉ်းစည်းကမ်းများကို ဂရုတစိုက်သံသယဖြင့် လေ့လာဆန်းစစ်ရမည် ဖြစ်ပါသည်။ လက်စွဲစာအုပ်ပါ လုပ်ပိုင်ခွင့်အာဏာအများစုမှာ ဥပဒေသ တစ်ခုခု သို့မဟုတ် စီရင်ထုံးဆိုင်ရာကိုးကားချက်များဖြင့် သက်သေထူထားသော အရာများ မဟုတ်ပေ။

## တရားရုံးအားမထီမဲ့မြင်ပြုခြင်း -

### မိမိတို့၏ပြုမူဆောင်ရွက်မှုများကြောင့်ရှေ့နေများတရားစွဲခံရခြင်း

လိုက်နာရမည့် ကျင့်ဝတ်ဆိုင်ရာ တာဝန်ပျက်ကွက်ခြင်းကြောင့် အရေးယူခြင်းများအပြင် တရားစီရင်ရေးသမိုင်း တလျှောက် ၌ မိမိ၏အမှုသည်ကို ကိုယ်စားပြုပြီး အရေးဆိုတင်ပြပေးသည့်အတွက် ပြစ်မှုဖြင့် တရားစွဲဆိုခံခဲ့ရသည့် ရှေ့နေများလည်း ရှိပါသည်။ မျှတသော တရားစီရင်မှု ဗဟိုဌာန အဆောက်အအုံဖြစ်သည် သာမက ကြီးကြပ်မှုနှင့် အတူ သင်တန်းများတွင် အကျယ်တဝင့် လေ့လာသင်ယူထားသော ပြည်သူ့ အကာအကွယ်ပေးရေးပညာရှင်များ၏ ဗဟိုဌာနတစ်ခုလည်းဖြစ်သည့် တရားသူကြီးများ၊ ဥပဒေအရာရှိများ စသည့် တရားစီရင်ရေးစနစ်ရှိ အဓိကပုဂ္ဂိုလ်များနှင့် စဉ်ဆက်မပြတ် ဆွေးနွေး ညှိနှိုင်းရ သော ပုဂ္ဂိုလ်များသည်

ပြစ်မှုဆိုင်ရာစနစ်တွင် ထိုကဲ့သို့ မလျော်ကန်သော အရေးယူမှုများကို ကြုံတွေ့ရဖွယ်ရှိသော ရှေ့နေတိုင်း၏ ရင်ဆိုင်နိုင်စွမ်းကို မြှင့်တင်ရန်နှင့် ထိုကဲ့သို့ဖြစ်နိုင်ချေကို လျှော့ချနိုင်ရန်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ တရားစီရင်ရေးစင်တာများသည် ရှေ့နေများအား မိမိတို့အမှုသည်ကို အားသွန်ခွန်စိုက်ကြိုးပမ်း၍ အကာအကွယ်ပေးရန် အားပေးတိုက်တွန်းရမည် ဖြစ်ပါသည်။ သို့သော်ငြားလည်း ရှေ့နေများလုပ်ငန်းဆောင်ရွက်ရာတွင် လေးစားလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများအရ တရားရုံးအားမထီမဲ့မြင်ပြုခြင်းကို ရှောင်ကြဉ်ရမည် ဖြစ်ပါသည်[၂]။ အကယ်၍မထီမဲ့မြင်ပြုခဲ့လျှင် စည်းကမ်းဖောက်ဖျက်မှုအတွက် မိမိတို့၏ အမည်စာရင်းကို တရားရုံးချုပ်သို့ တင်သွင်းလိမ့်မည်ဖြစ်ပါသည်။ [၃]ထို အရေးယူ မှုမှာ ပြစ်မှုဆိုင်ရာစီရင်ဆုံးဖြတ်ချက်အပြင် နောက်ဆက်တွဲ ရင်ဆိုင်ရမည်ဖြစ်သောအရေးယူမှုဖြစ်ပါသည်။

တရားရုံးတွင် လိုက်နာပြုမူရမည့် ဆောင်ရွက်ချက်များနှင့် အကျုံးဝင်သည့်ပြစ်မှုများကို ရာဇသတ်ကြီးတွင် စာရင်းပြုစု ထားပြီး ထိုပြစ်မှုများကို “တရားရုံးအား မထီမဲ့မြင်ပြုခြင်း” အဖြစ် မကြာခဏရည်ညွှန်း ပြောဆိုလေ့ရှိပါသည်[၄]။ ၎င်းစာရင်းတွင် ပြည်သူ့ဝန်ထမ်းများ၏ ဥပဒေနှင့်အညီဖြစ်သော အခွင့်အာဏာကို မထီမဲ့မြင်ပြုခြင်း မမှန်သက်သေတင်သွင်းခြင်းနှင့် ပြည်သူ့တရားစီရင်ရေးကို ဆန့်ကျင်သည့်ကျူးလွန်မှုများ ပါဝင်ပါသည်။ ရှေ့နေများသည် ၁၉၂၆ တရားရုံးများ မထီမဲ့မြင် ပြုခြင်း အက်ဥပဒေအရ တရားစွဲဆိုမှုများကို (၂၀၁၃တရားရုံးများအား မထီမဲ့မြင်ပြုသည့် အက်ဥပဒေပြဋ္ဌာန်းသည့် အချိန် အထိ) မကြာသေးမီကာလများအထိ ရင်ဆိုင်ခဲ့ရသည်။

၁၉၂၆ အက်ဥပဒေကို ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးခဲ့ကြသည်။ အောက်တရားရုံးမှ တရားသူကြီးသည် လာဘ်ယူခဲ့သည့်အတွက် သို့မဟုတ် ၎င်းကြောက်ရွံ့ရသည့် ပုဂ္ဂိုလ်တစ်ဦးဦးမှ ဥပဒေနှင့်မညီသော ဖိအားပေးသည့်အတွက် သို့မဟုတ် အခြားရည်ရွယ်ချယ်တစ်ခုခုကြောင့် ဆုံးဖြတ်ခဲ့သည့် စီရင်ဆုံးဖြတ်ချက်သည် ဥပဒေကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခဲ့ခြင်းဖြစ်ပြီး ထိုကိစ္စကို တရားရုံးချုပ်အနေဖြင့် သင့်တင့်လျောက်ပတ်စွာ စစ်ဆေးမှုမရှိခဲ့ပါဟု ပြင်းထန်စွာ စွပ်စွဲပြောဆိုမှုမျိုး အပါအဝင် မိမိအားပြဿနာဖြစ်စေမည့် ဘာသာစကား အသုံးအနှုန်းများနှင့် ပတ်သက်သော နှိုးဆော်စာကို ၁၉၉၅ခုနှစ်၌ တရားရုံးမှရှေ့နေများထံ ထုတ်ပြန်ကြေငြာခဲ့သည်။[၅]

အကြီးတန်းတရားသူကြီးများ သို့မဟုတ် စနစ်တစ်ခုလုံးကို စွပ်စွဲပြောဆိုခြင်းမှာ အန္တရယ်များသော အလုပ်တစ်ခု ဖြစ်နေခဲ့ပါသည်။ အငယ်တန်းအဆင့် တရားသူကြီးတစ်ဦးဦးနှင့် ပတ်သက်သောတိုင်ကြားမှုမှာ သီးခြားသတ်သတ် မှတ်မှတ် ကိစ္စတစ်ခုဖြစ်ပြီး အကြီးတန်းအဆင့် တရားသူကြီးတစ်ဦးအား တိုင်ကြားမှုမှာ သီးခြားသတ်မှတ်၍ မရပေ။ အဘယ့်ကြောင့်ဆိုသော် ထိုပုဂ္ဂိုလ်သည် မိမိ၏ အောက်လက်အဆင့်များအား ကြီးကြပ်အုပ်ချုပ်ရသည့် တာဝန်ရှိသဖြင့် ထိုသူအား ပြစ်တင်ဝေဖန်ခြင်းသည် စနစ်တစ်ခုလုံးအားဝေဖန်မှုနှင့် ညီမျှသည့် သဘောသက်ရောက်သောကြောင့် ဖြစ်ပါသည်။[၆] ထို့ကြောင့် တရားမျှတမှုစင်တာမှရှေ့နေများသည် စီမံကိန်းဆိုင်ရာ Country Director ၏ လုပ်ပိုင်ခွင့် ခွင့်ပြုချက်မရရှိဘဲ မြန်မာနိုင်ငံ ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်နှင့် သက်ဆိုင်သောအမှုကိစ္စ၊ အမှုသည်စသည်တို့နှင့် စပ်လျဉ်းပြီး အများပြည်သူကြား သိနိုင်သောမှတ်ချက်များ ပေးခြင်းကို ရှောင်ကြဉ်သင့်ပါသည်။ ရှေ့နေတစ်ဦးချင်း တစ်ယောက်ချင်းစီ၏ အခန်းကဏ္ဍမှာ ဆင်းရဲနွမ်းပါးသူများအား ကိုယ်စားပြု အမှုလိုက်ပါဆောင်ရွက်ပေးခြင်းနှင့် အဖွဲ့ အစည်းမှ ဝန်ဆောင်မှုပေးသည့်မြို့နယ်များတွင် ဥပဒေအသိပညာပေးခြင်းတို့ ဖြစ်ပါသည်။

- တရားရုံးအား မထီမဲ့မြင်ပြုမှုကြောင့် တရားစွဲဆိုခြင်းကို အတိုင်းအတာ တစ်ခုထက်ပို၍ မပြုလုပ်သင့်ပါ။ ရုံးကို မထီမဲ့မြင်ပြုမှုများမှာ တစ်ဖက်သတ် စစ်ဆေးသော အမှုများဖြစ်၍ သတိမူပြီး အလွန်ရှားရှားပါးပါး စွဲဆိုသင့်ပါ သည်။ ထို့ကြောင့် တရားစီရင်ရေးမဏ္ဍိုင်တိမ်းစောင်းဖွယ်ရာ အများပြည်သူက အထင်လွဲမှားစေရာ ပေါ်ပေါက် စေပြီး သာမန်မထီလေးစားမှုထက်ပိုမိုသော မထီလေးစားမှုဖြစ်ရန် လိုသည်။ Thakin Myo Nyunt v Thakin Pu, 1963 BLR (CC) 728, at 735)

- ၁၉၈၆ခုနှစ်တွင်ဗဟိုတရားရုံးမှ၁၉၇၃နှစ်၌တရားရုံးချုပ်ကျင့်သုံးခဲ့သည့်စီရင်ထုံးကိုတိုက်ရိုက်ကိုးကား၍ "တရားရုံးအား မထီမဲ့မြင် ပြုမှုများတွင် အဓိကမှာ မကောင်းတဲ့ရည်ရွယ်ချက်ရှိ မရှိ သို့မဟုတ် တရားစီရင်ရေး အဖွဲ့ဝင်များကို စော်ကားနောင့်ယှက်ခြင်း ပြု မပြုဟူသော အချက်နှင့် မသက်ဆိုင် ပေ။။ သို့ရာတွင် အမှုနှင့် စပ်လျဉ်းသည့် တရားစီရင်ရေး လမ်းကြောင်းကို အနှောင့်အယှက်ဖြစ်စေရန် ပြု မပြု ဟူသော အချက်သာလျှင် အဓိကဖြစ်သည်။ ထိုသို့ အလားအလာရှိလျှင် တရားရုံးအား မထီမဲ့မြင်ပြုမှု ကျူးလွန်သည်မည်၏" ကို တိုက်ရိုက် လေ့လာခဲ့သည်။ *Daw Aye Kyi* v. *U Win Thaung & 3*, 1986 BLR (CC) 87, at 91) ။
- သို့သော် ၁၉၉၂ ခုနှစ်တွင် တရားရုံးချုပ်မှ (တရားရုံး သို့မဟုတ် တရားသူကြီး၏ ဆုံးဖြတ်ချက်ကို အထင်အမြင် သေးသိမ်သွားစေရန် ရည်ရွယ်၍ ပြုမူခြင်း၊ ပြောဆိုခြင်း၊ ရေးသားခြင်းတို့ကို ပြုလုပ်လျှင်သော် လည်းကောင်း၊ တရားရုံး၏ တရားဖြောင့်မတ်မှုကို အနှောင့်အယှက်ဖြစ်စေလို၍ သော်လည်းကောင်း၊ တရားရုံး၏အဆုံးအဖြတ်ကို ဝင်ရောက်စွက်ဖက်သည့် သဘောသက်ရောက်လျှင် သော်လည်းကောင်း ထို့အပြင် တရားရုံးမှ ထုတ်ဆင့်သည့် အမိန့်စာ၊ ဆင့်စာ၊ ဝရမ်းစာ စသည်တို့ကို အတည်ပြုရာ၌ အနှောင့်အယှက်အကာအကွယ် အတားအဆီး ပြုလုပ်ခြင်းတို့သည် လည်းကောင်း "တရားရုံးအား မထီမဲ့မြင်ပြုမှု'များဖြစ်သည်။ ဟုစီရင်ချက်ချပြီး မထီမဲ့မြင်ပြုမှု ၏ အနက်အဓိပ္ပါယ်ကို ကျယ်ပြန့်စေခဲ့သည်။ *U Maung Maung & Another* v. *Daw Kyu Sein & 2*, 1992 MLR (SC) 102, at 105)

၂၀၁၃ခုနှစ်တွင် "တရားရုံးများအား မထီမဲ့မြင်ပြုမှုဆိုင်ရာဥပဒေ"ကိုပြဋ္ဌာန်းခဲ့သည်။ မူလပြဋ္ဌာန်းချက် (ပုဒ်မ၂ဃ) မှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

[5]တရားရုံးများအား ရာဇဝတ်မှုမြောက်သော မထီမဲ့မြင်ပြုမှုဆိုသည်မှာ အောက်ဖော်ပြပါ ပြုမူဆောင်ရွက် ချက်များနှင့် စပ်လျဉ်းပြီး နှုတ်အားဖြင့်လည်းကောင်း၊ စကားလုံးဖြင့်သော်လည်းကောင်း၊ အမူအယာဖြင့် သော်လည်းကောင်း၊ သိသာထင်ရှားသည့် ပုံစံတမျိုးမျိုးဖြင့် သော်လည်းကောင်း သို့မဟုတ် ရည်ရွယ်ချက်ရှိရှိ ကြေညာခြင်း၊ စာဖြင့် ရေးသားဖော်ပြခြင်း၊ ထုတ်ဝေခြင်း၊ ဖြန့်ဖြူးခြင်းတို့ကို ဆိုလိုပါသည်။

- ဥပဒေအရ လုပ်ပိုင်ခွင့် အခွင့်အာဏာ အပ်နှင်းခံထားရသော တရားရုံးအား အပုပ်ချခြင်း။
- မျှတသော တရားစီရင်ရေး အမှုကိစ္စကို ထိခိုက်စေခြင်း၊ ကြားဝင်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း။
- လွတ်လပ်၍ တရားမျှတသော တရားစီရင်ရေးအပေါ် ပြည်သူလူထု၏ ယုံကြည်မှုကို တနည်းနည်းဖြင့် ပျက်ပြားစေရန် ပြုလုပ်ခြင်း။
- တရားစီရင် ဆုံးဖြတ်မှု မပြုလုပ်မီ ကြိုတင်မှတ်ချက်ပေးခြင်း၊ ဝေဖန်ခြင်း၊ စာဖြင့် ရေးသားဖော်ပြခြင်း၊ ထုတ်ဝေခြင်း၊ ဖြန့်ဖြူးခြင်း။

အသစ်ပြဋ္ဌာန်းလိုက်သော တရားရုံးများအား မထီမဲ့မြင်ပြုခြင်း ဥပဒေသည် မည်သည့် အကျိုး သက်ရောက် မည် ဆိုသည့် အချက်မှာ ရှင်းလင်းမှုမရှိပေ။ သို့သော်ရှေ့နေများအနေဖြင့် ထိုဥပဒေမှာ မထီမဲ့မြင်ပြုခြင်း အပေါ် အဓိပ္ပါယ် ဖွင့်ဆိုမှု ကျဉ်းမြောင်းသွားသည်ဟု ယူဆလက်ခံနိုင်ပါသည်။ ၎င်းဥပဒေသည် အခန်း(၂)

---

[5]**("တိုင်းတရားသူကြီးအနေဖြင့်အပြီးသတ်စီရင်ချက်ချမှတ်ရာ၌အဂတိတရားဖြစ်သည့်ငွေများများလာဘ်စားခဲ့၍လည်းကောင်း၊ မိမိကြောက်ရသူတစ်ဦးဦး၏မတရားခိုင်းစေချက်အရလည်းကောင်း၊အခြားအကြောင်းများကြောင့်လည်းကောင်းအမိန့်ချမှတ်ခဲ့ခြင်းသည်"။) တရားရုံးချုပ်စာအမှတ်၂၅၈/၁၅-ရန (၉၅) ၊၁၉၉၅ခုနှစ်၊မတ်လ၂၂ရက်။**[Supreme Court Letter No. 258/15-YaNa (95), 22 Mar. 1995.]

[5] Nick Cheesman, Opposing the Rule of Law: How Myanmar's Courts Make Law and Order, Cambridge University Press 2015, p. 244.

(တရားစွဲဆိုမှုမှ ကင်းလွတ် ခွင့်) တွင် မည်သည့် ဆောင်ရွက်ချက်မျိုးအား ပြစ်မှုမြောက်သော မထီမဲ့မြင်ပြုခြင်းအဖြစ် သတ်မှတ်ခြင်း မပြုဆိုသည့် အပိုင်းအား ရှင်းလင်းတိကျစွာ ဖော်ပြရမည်ဖြစ်ပါသည်။

- ပုဒ်မ ၇- ဆောင်ရွက်ဆဲ တရားစီရင်သော မှုခင်းတစ်ရပ်နှင့် စပ်လျဉ်း၍ တရားမျှတပြီး မှန်ကန်တိကျ ခိုင်လုံသော အကြောင်းအရာ တစ်ရပ်ရပ်ကို နှုတ်ဖြင့် ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊အမှတ်သင်္ကေတဖြင့် ဖြစ်စေ၊ ထင်ရှားသော ပုံသဏ္ဍာန်ဖြင့်ဖြစ်စေ၊ အခြား တစ်နည်းနည်းဖြင့်ဖြစ်စေ ထုတ်ဖော်ကြေညာခြင်း၊ သတင်းအဖြစ်အရေးသားဖော်ပြခြင်း သို့မဟုတ် ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချီခြင်းသည် တရားရုံးကို မထီမဲ့မြင်ပြုမှု မမြောက်စေရ။
- ပုဒ်မ ၈ - စစ်ဆေးကြားနာ၍ အပြီးသတ်အမိန့်ချမှတ်ထားပြီးဖြစ်သည့် တရားစီရင်သော မှုခင်းတစ်ရပ်၏ အရည် အသွေးအပေါ် မျှတစွာ သုံးသပ်ချက် သို့မဟုတ် ဝေဖန်ချက်ကို ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချီခြင်းသည် တရားရုံး ကို မထီမဲ့မြင်ပြုမှု မမြောက်စေရ။
- ပုဒ်မ ၉ - ဤဥပဒေတွင် မည်သို့ပါရှိစေကာမူ အောက်ဖော်ပြပါ အကြောင်းအရာများမှအပ အများပြည်သူ ဝင်ရောက်ခြင်းကို ကန့်သတ်ထားသော သီးသန့် ရုံးခန်း၌ ဆောင်ရွက်သည့် တရားစီရင်သော မှုခင်းတစ်ရပ် နှင့် စပ်လျဉ်း၍ တရားမျှတပြီး မှန်ကန်တိကျခိုင်လုံသော အစီရင်ခံစာကို ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် ဖြန့် ချိခြင်းသည် တရားရုံးကို မထီမဲ့မြင်ပြုမှု မမြောက်စေရ-

  (က) တည်ဆဲဥပဒေ တစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်၍ ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချီခြင်း။

  (ခ) အများပြည်သူဆိုင်ရာ မူဝါဒအရဖြစ်စေ၊ အပ်နှင်းထားသော အခွင့်အာဏာများကို ကျင့်သုံး၍ဖြစ်စေ၊ တရားရုံးက အတိအလင်းတားမြစ်ပိတ်ပင်ထားသည့် တရားစီရင်သော မှုခင်းတစ်ရပ်၏ သတင်းအချက်အ လက်များနှင့် သရုပ် ဖော်ပြချက်များကို ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချီခြင်း။

  (ဂ) တရားစီရင်သော မှုခင်းတစ်ရပ်တွင် အငြင်းပွားလျက်ရှိသော လျှို့ဝှက်ထားရမည့် လုပ်ငန်းစဉ် စူးစမ်းရှာဖွေ တွေ့ရှိချက် သို့မဟုတ် တီထွင်မှု စသည်တို့နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ပုံနှိပ်ထုတ် ဝေခြင်း သို့မဟုတ် ဖြန့်ချီခြင်း။

# အပိုင်း ၂ - အမှုလိုက်ပါဆောင်ရွက်ခြင်း

## ရှေ့နေနှင့် ဆောလျင်စွာ ချိတ်ဆက်နိုင်ခြင်း၊
### အမှုလိုက်ပါ ဆောင်ရွက်ပေးခြင်းဆိုင်ရာနည်းလမ်းများ

ပြစ်မှုဆိုင်ရာတရားစီရင်ရေးစနစ်၌ ဖော်ပြထားသည့် ပြဋ္ဌာန်းချက်အားလုံးတို့သည် ထိရောက်သော ဥပဒေဆိုင်ရာ အထောက်အကူပေးခြင်းနှင့် သက်ဆိုင်သည့် အဓိကအပိုင်းများ ဖြစ်ကြသည်။ တရားခံဘက်မှ လိုက်ပါဆောင်ရွက်ပေးမည့် ရှေ့နေများသည် တရားခံအပြစ်ရှိကြောင်း စီရင်ချက်ချသည်ကို ကြားနာပေးခြင်း သို့မဟုတ် ဥပဒေအရာရှိမှ တရားခံ အပြစ်ရှိ ကြောင်း သက်သေခံချက်များ တင်သွင်းနေသည်ကို အမှုသည် ဘေး၌ တိတ်ဆိတ်စွာနေပေးနေရုံမျှဖြင့် မလုံလောက်ပါ။ လူတစ်ဦးတစ်ယောက်ကို ရဲက ဖမ်းဆီးလိုက်သည့် အချိန်မှစ၍ ထိုသူသည် ဥပဒေ၏ တူညီသော အကာအကွယ်များနှင့် မျှတသော တရားခွင်စစ်ဆေးမှုကို ရရှိနိုင်ရန် ၎င်း၏ အခွင့်အရေးများကို နားလည်သိရှိထားရန် လိုအပ်ပါသည်။ ထိုသို့ သိရှိနိုင်ရန်အတွက် ရှေ့နေများမှ ကူညီထောက်ပံ့ပေးရပါမည်။

အကယ်၍ မြန်မာနိုင်ငံရှိ ရှေ့နေများသည် ၎င်းတို့အမှုသည် ထိန်းသိမ်းခံရခြင်းအပေါ် အကူအညီပေးရန် (ရဲများမှ အမှုတွဲများကို တရားရုံးတော်သို့ တင်သွင်းချိန်အထိ) စောင့်ဆိုင်းစေခဲ့လျှင် ၎င်းတို့သည် ၎င်းတို့အမှုသည်အား အချုပ်ခန်း အတွင်း၌ မည်သည့်အကူအညီမှ မရစေဘဲ ၁၅ ရက် (သို့) ၃၀ ရက်အထိ နေခိုင်းရာ ရောက်ပါသည်။ ထိုအခြေအနေမျိုး၌ အမှုသည်များ ညှဉ်းပန်းနှိပ်စက်ခံရခြင်း နှင့် မှားယွင်းသော (သို့) ၎င်းတို့၏ သဘောဆန္ဒမပါသော ဖြောင့်ချက်များ ပေးလိုက်ရခြင်းများနှင့် ရင်ဆိုင် ကြုံတွေ့ရနိုင်ပါသည်။ ထို့အပြင် ဥပဒေမှ ပေးအပ်ထားသည့် အာမခံဖြင့် လွတ်လာနိုင်ခွင့် ကိုလည်း မရရှိနိုင်ခြင်း သို့မဟုတ် အမှုသည်အား အကူအညီဖြစ်နိုင်မည့် သက်သေများနှင့် အဆက်အသွယ်မရနိုင်ခြင်း၊ သက်သေများ ပျောက်သွားခြင်းများလည်း ဖြစ်လာနိုင်ပါသည်။

### ဆောလျင်စွာအမှုလိုက်ပါ ဆောင်ရွက်ပေးခြင်းမှ ရရှိမည့် အကျိုးကျေးဇူးများ

- စွဲချက်များ ပယ်ပျက်သွားခြင်း
- အာမခံ သို့မဟုတ် ကိုယ်တိုင် ခံဝန်ချုပ်ဖြင့် အမှုသည် လွတ်မြောက်လာခြင်း
- သွေးဆောင်ဖြားယောင်းမှုကြောင့် မှားယွင်းသော ဖြောင့်ချက်များ ပေးလိုက်ရခြင်းမှ ကာကွယ်ပေးနိုင်ခြင်း
- စုံစမ်းထောက်လှမ်းခြင်းများကို ဆောလျင်စွာ အစပြုနိုင်ခြင်း
- ရဲများ၏ မတရားပြုခြင်းများ (သို့) ညှဉ်းပန်းနှိပ်စက်ခံရခြင်းများမှ ကာကွယ်ပေးနိုင်ခြင်း
- အမှုသည်ကိုယ်တိုင်ကလည်း ကိုယ်စိတ်ချမ်းသာစွာဖြင့် နေထိုင်နိုင်ခြင်း

### ဆောလျင်စွာအမှုလိုက်ပါဆောင်ရွက်ပေးခြင်းနှင့်ဆိုင်သည့် အခြေခံ မြန်မာ့ဥပဒေများ

- ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ - ၃၇၅ ခုခံချေပခွင့်

- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၃၄၀ - (၁) ရာဇဝတ်တရားရုံးတစ်ရုံးတွင် ပြစ်မှုတစ်ရပ်ဖြင့် စွပ်စွဲခံရသူ မည်သူမဆို သို့မဟုတ် ဆိုခဲ့သည့် တရားရုံးတစ်ရုံးတွင် ဤကျင့်ထုံးဥပဒေအရ အမှုစွဲဆိုခြင်းခံရသူ မည်သူမဆို ရှေ့နေဖြင့် ခုခံချေပ ပိုင်ခွင့် ရှိသည်။
- တရားရုံးများလက်စွဲ အပိုဒ် ၄၅၅ (၁) - စွပ်စွဲခြင်းခံရသူ အသီးသီးသည် ကိုယ်ပိုင် အခွင့်အရေးအရ ရှေ့နေဖြင့် ထုချေ ပိုင်ခွင့်ရှိသည်။
- ၅၀ ဘုံဘေ ၇၄၁ အရ ... အချုပ်ခန်းအတွင်း၌ ရှိနေသည့် စွပ်စွဲခံရသူသည် သူ၏ ခုခံချေပနိုင်ရေးအတွက် ပြင်ဆင်နိုင်ရန် ရှေ့နေနှင့် ဆက်သွယ်ခွင့်ရှိရမည်။ ထိုအခွင့်အရေးသည် အမှုစစ်ဆေးရာ၌ ကိုယ်စားပြုခြင်းကို မကန့်သတ်စေရ။
- ၂၀၁၇ ခုနှစ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ၌ စုံစမ်းစစ်ဆေးသည့်အဆင့်နှင့် ချုပ်မိန့်တောင်းခံသည့် အဆင့်များတွင် ဆောလျင်စွာ အမှုလိုက်ပါဆောင်ရွက်ပေးခွင့်ရှိရန် အတိအလင်း ဖော်ပြထားပါသည်။

  ပုဒ်မ ၃ (င) (ဥပဒေ၏ ရည်ရွယ်ချက်မှာ) "ပြစ်မှုဆိုင်ရာ စုံစမ်းထောက်လှမ်းမှုနှင့် စုံစမ်းစစ်ဆေးမှု ပြုလုပ်စဉ်ကာလ အတွင်း ရဲအချုပ်နှင့် အကျဉ်းထောင်များ၌ မလိုလားအပ်သော ဖမ်းဆီး ချုပ်နှောင်သည့်ကာလ လျော့ကျစေရန်နှင့် ဥပဒေနှင့်မညီသော ဖမ်းဆီးချုပ်နှောင်မှုများ ပပျောက်စေရန်။"

  ၂၅။ ဥပဒေဆိုင်ရာအထောက်အကူပေးသူသည် ထိန်းသိမ်းခြင်း သို့မဟုတ် ဖမ်းဆီးခြင်းခံရသူနှင့် ပတ်သက်၍ -

  (က) ရဲစခန်း သို့မဟုတ် အခြားတစ်နေရာ၌ ထိန်းသိမ်းခြင်း သို့မဟုတ် ဖမ်းဆီးခြင်းခံရသူ၏ မိသားစုများကို အသိပေးအကြောင်းကြားခြင်းနှင့် လိုအပ်ပါက ဤဥပဒေနှင့်အညီ ဥပဒေဆိုင်ရာ အထောက်အကူပေးနိုင်ရန် ဆောင်ရွက်ရမည်။

  (ခ) တရားရုံးတွင် ချုပ်မိန့် တောင်းခံသည့်အခါတွင်ဖြစ်စေ၊ ချုပ်မိန့်ဖြင့် ဆက်လက်ချုပ်နှောင်ခံရသည့် အခါတွင် ဖြစ်စေ ခုခံချေပနိုင်ရေးအတွက် ဥပဒေဆိုင်ရာအထောက်အကူ ပေးရမည်။

  (ဂ) တရားစွဲတင်မည့် ရဲတပ်ဖွဲ့ သို့မဟုတ် သက်ဆိုင်ရာအဖွဲ့အစည်းက စုံစမ်းစစ်ဆေးရာတွင်ဖြစ်စေ၊ စိစစ် ဆောင်ရွက်ရာတွင်ဖြစ်စေ ခုခံချေပနိုင်ရေးအတွက် ဥပဒေဆိုင်ရာ အထောက်အကူ ပေးရမည်။

  (ဃ) တရားရုံးတွင် အမှုစစ်ဆေးဆဲ ကာလအတွင်း လိုအပ်သော ဥပဒေဆိုင်ရာအထောက်အကူ ပေးရမည်။

တရားခံဘက်မှ လိုက်ပါဆောင်ရွက်ပေးမည့် ရှေ့နေများသည် ပြစ်မှုဆိုင်ရာအမှုများ လိုက်ပါဆောင်ရွက်ရာ၌ ရုံးတင်စစ်ဆေး မှု မစတင်ခင်အချိန်မှစ၍ လိုက်ပါဆောင်ရွက်ပေးရန် အရေးကြီးပါသည်။

### ကမ္ဘာလုံးဆိုင်ရာ စံချိန်စံညွှန်း

- ကုလသမဂ္ဂအထွေထွေညီလာခံက ထုတ်ပြန်ထားသည့် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးနှင့် စပ်လျဉ်းသည့် ဥပဒေ ဆိုင်ရာ အထောက်အကူပေးရေး အခြေခံသဘောတရားများ၊ လမ်းညွှန်မှုများနှင့်အညီ ဆောင်ရွက်နိုင်ရန်။ မူဝါဒ ၃ "ပြစ်မှုတစ်ခုခုဖြင့် ထိန်းသိမ်းခြင်း၊ ဖမ်းဆီးခြင်း၊ သံသယဖြစ်ခံရခြင်း၊ တရားစွဲဆိုခြင်း ခံရသူ မည်သူမဆို" " ပြစ်မှု ဆိုင်ရာ တရားစီရင်ရေးလုပ်ငန်းအဆင့်ဆင့်" တွင် ဥပဒေဆိုင်ရာအထောက်အကူ တောင်းခံခွင့်ရှိသည်။

## အချုပ်တွင်ရှိသော စွပ်စွဲခံရသူအား ရှေ့နေမှ ဆက်သွယ်ပိုင်ခွင့်

အချုပ်ခန်း၌ရှိသော အမှုသည်များကို ရှေ့နေများမှ သွားရောက်တွေ့ဆုံနိုင်သည်။ ရဲထံမှ ခွင့်ပြုချက် ရယူပြီး ဖမ်းဆီးခံရသည့် ပထမ ၂၄ နာရီ အတွင်း ထိန်းသိမ်းထားခံရသူနှင့် တွေ့ဆုံခွင့်ရှိသည်။ အမှုသည်နှင့် ဆက်သွယ်တွေ့ဆုံခွင့်အား ကန့်သတ်ထားသည့် စည်းမျဉ်းများ ရှိသော်လည်း ရှေ့နေများသည် ခြွင်းချက်အနေဖြင့် ၄င်းတို့လိုအပ်သလို အမှုသည်နှင့် တွေ့ဆုံနိုင်သည်။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေအသစ်၌ စုံစမ်းထောက်လှမ်းမှု ပြုလုပ်နေစဉ်အတွင်း ကိုယ်စားပြု ရပ်တည်ခွင့်ပေးထားခြင်းသည် အထက်ပါအခွင့်အရေးကို ပိုမိုကျယ်ပြန့်စေသည်။

- အကျဉ်းထောင်များအက်ဥပဒေ (အိန္ဒိယအက်ဥပဒေ ၉ ၊၁၈၉၄) ပုဒ်မ ၄၀ - အကျဉ်းထောင်တိုင်းတွင် ပြင်ပမှ ပုဂ္ဂိုလ် များနှင့် တွေ့ဆုံနိုင်ရန် သင့်လျော်သည့်အချိန်များနှင့် သင့်လျော်သည့် စည်းကမ်းချက်များကို ချမှတ်ပေးရမည်။ တရားမ (သို့) ပြစ်ဒဏ်မကျခံရသေးသည့် အချုပ်သားများ၏ တွေ့ဆုံရန်အတွက် လိုလားချက်များကို ခွင့်ပြုရာတွင် တရားဥပဒေနှင့်အညီ ဖြစ်စေရမည်။ အချုပ်တရားခံများအနေဖြင့် မိမိတို့၏ ရှေ့နေများ နှင့် တိုင်ပင်ဆွေးနွေးခွင့် ရှိသည့်အပြင် ယင်းသို့ တိုင်ပင်ရာတွင် လွတ်လပ်စွာ ဆွေးနွေးခွင့်ရှိသည်။
- ရဲအရာရှိလက်စွဲ အပိုဒ် ၁၁၉၈ သည် အချုပ်သားများနှင့် တွေ့ဆုံခွင့်နှင့် သက်ဆိုင်သော ပုဒ်မဖြစ်သည်။ အချုပ်ခန်း စောင့်ကင်းသားတို့၏ တာဝန်ဝတ္တရားများကို ရဲလက်စွဲ ပထမတွဲ အပိုဒ် (၇၄) တွင် ဖော်ပြထားပြီး ဖြစ်ပါသည်။
- ရဲအရာရှိလက်စွဲ အပိုဒ် ၇၄ - တာဝန်ရှိတရားသူကြီး၊ ရှေ့နေနှင့် ရဲအရာရှိများမှလွဲ၍ မည်သူ့ကိုမျှ ကင်းမှူး၏ ခွင့်ပြုချက်မရရှိဘဲ အချုပ်သားများနှင့် တွေ့ဆုံခွင့် စကားပြောဆိုခွင့် မပြုရ။
- အထက်ဖော်ပြပါ ၂၀၁၇ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ၊ ပုဒ်မ ၃ (င) နှင့် ပုဒ်မ ၂၅ တို့ကို ကြည့်ပါ။

အကျဉ်းထောင်များဥပဒေ ပုဒ်မ ၄၁(က) နှင့် (ခ) တို့အရ ... ရှေ့နေသည် ၄င်း၏ အမှုသည် အကျဉ်းသားနှင့် တွေ့ဆုံရန် ၄င်း၏ အမည်၊ လိပ်စာနှင့် လုံခြုံရေးအတွက် ရဲမှ ၄င်းအား ရှာဖွေခြင်းကို ခွင့်ပြုပေးရပါမည်။ ထိုသို့သော သတင်းအချက် အလက်များကို ပေးရန် ပျက်ကွက်ခဲ့ခြင်း သို့မဟုတ် ရှာဖွေခြင်းကို ငြင်းဆန်ခဲ့ပါက အကျဉ်းသားနှင့် တွေ့ခွင့်ရမည် မဟုတ်ပါ။

## အမှုသည်များနှင့် တွေ့ဆုံခွင့်ရစေရန် တရားခံရှေ့နေများမှ ခိုင်မာစွာ လုပ်ဆောင်ခြင်း

တရားခံရှေ့နေများ၌ .... ချုပ်နှောင်ထားခံရသည့် အမှုသည်များနှင့် တွေ့ဆုံနိုင်ရန် အခြေအနေနှစ်ရပ် ရှိပါသည်။ ပထမ အခြေအနေမှာ - တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်အား ချုပ်နှောင်ထားကြောင်း ရှေ့နေများမှ သိရှိပြီးဖြစ်သော်လည်း ထိုသူ၏မိသားစုဝင်များထံမှ ကိုယ်စားလှယ်လွှဲစာ မရရှိသေးသည့်အချိန် ဖြစ်ပါသည်။ ထိုသို့ ဖမ်းဆီးခံထားရသူ အများစုတို့သည် ၄င်းတို့၏ မိသားစု၊ **သို့မဟုတ်** အိမ်နှင့် ဝေးကွာနေရသူများ ဖြစ်တတ်ပါသည်။ ဒုတိယအခြေအနေမှာ -
ဥပဒေဆိုင်ရာ အကြီးအကဲများမှ ရဲအချုပ်ခန်းများ၊ မြို့နယ်နှင့် ခရိုင်တရားရုံးများရှိ အချုပ်ခန်းများသို့ သွားရောက်စစ်ဆေးသည့်အခါ ရှေ့နေကိုယ်စားလှယ်လွှဲအပ်ခြင်းမပြုရသေးသည့် တရားခံများအားလည်း တွေ့ရှိနိုင်သည်။

အမှုတစ်ခုအတွက် (သို့မဟုတ် ထိခိုက်လွယ်သည့်ကိစ္စရပ်များအတွက်) စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေသည့် အစောပိုင်း အဆင့်၌ အမှုသည်များ သို့မဟုတ် နောင်ဖြစ်လတ္တံ့သောအမှုသည်များနှင့် ရှေ့နေများ၏ သွားရောက်တွေ့ဆုံခြင်းများကို ရဲများ သို့မဟုတ် အခြားအရာရှိများမှ တားဆီးနိုင်ပါသည်။ ရဲများဘက်မှလည်း မြောက်မြားစွာသော ဆင်ခြေများဖြစ်သည့် "ထိရှလွယ်သည့် ထိန်းချုပ်ထားသူများ" ရှိနေကြောင်း၊ အဆင့်မြင့်ဧည့်သည်**တော်**များလာရောက်မည်ဖြစ်ကြောင်း၊ သို့မဟုတ် ထိုသို့ တွေ့ဆုံခြင်းကို စီစဉ်ပေးနိုင်ရန် အတွက် ဝန်ထမ်း လုံလောက်မှု မရှိသေးကြောင်း စသည့် ဆင်ခြေများ **ပေးလာ**နိုင်ပါသည်။ မည်သို့ပင် ဖြစ်စေကာမူ ... အမှုသည်များနှင့် တွေ့ခွင့်ရှိနိုင်မည့် နည်းလမ်းများကို ရှေ့နေများဘက်မှ ရှာဖွေရမည်။

တရားမျှတမှုစင်တာများမှ ကိုယ်စားပြုရပ်တည်ပေးနိုင်ရန် လုပ်ဆောင်ခြင်းများကို ဥပဒေဆိုင်ရာ အထောက်အကူ ပေးရေး ဥပဒေအသစ်မှလည်း တားဆီးပိတ်ပင်လိမ့်မည် မဟုတ်ပါ။ ပြည်တွင်းရှိ ဥပဒေဆိုင်ရာ အထောက် အကူပေးရေးအဖွဲ့သည် ၎င်းတို့ သတ်မှတ်ထားသည့် လိုအပ်ချက်များနှင့်ပြည့်စုံသည့် ပြစ်မှုဆိုင်ရာတရားခံ ရှေ့နေများကို အမှုသည်များအတွက် လိုက်ပါဆောင်ရွက်ပေးရန် ရွေးချယ်အတည်ပြုမည်ဖြစ်သော်လည်း ... အစိုးရမဟုတ်သောအဖွဲ့အစည်းများဖြစ်သည့် တရားမျှတမှုစင်တာများကဲ့သို့သော အဖွဲ့များသည် အဆိုပါရွေးချယ် အတည်ပြုထားသည့် ဥပဒေအထောက်အကူပေးသူများကဲ့သို့ (သို့မဟုတ် ထိုရွေးချယ်အတည်ပြုထားသည့် ဥပဒေအထောက်အကူပေးသူများကို အားဖြည့်သူများကဲ့သို့) ပင် အမှုသည်များအတွက် ကိုယ်စားပြု ရပ်တည်ပေးခြင်းများကို ပြုလုပ်ပေးနိုင်သည်။

- ပုဒ်မ ၂(က) - ဥပဒေဆိုင်ရာအထောက်အကူဆိုသည်မှာ ဥပဒေဆိုင်ရာအထောက်အကူ တောင်းခံခွင့် ရှိသူများအား ဤ ဥပဒေနှင့်အညီ ရှေ့နေဌားရမ်းပေးခြင်း၊ ဥပဒေဆိုင်ရာအသိပညာပေးခြင်း၊ အကြံပေးခြင်း၊ အကူအညီပေးခြင်းနှင့် သတင်းအချက်အလက်ပေးခြင်းတို့ကို ဆိုသည်။
- ပုဒ်မ ၁၇ - ဥပဒေဆိုင်ရာအထောက်အကူတောင်းခံခွင့်ရှိသူများသည် ဥပဒေဆိုင်ရာ အထောက်အကူ ရယူလိုပါက သက်ဆိုင်သည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ တင်ပြတောင်းခံနိုင်သည်။
- ပုဒ်မ ၂၂ - ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များတွင် ရှေ့နေမဟုတ်သော ဥပဒေဆိုင်ရာ အထောက်အကူပေး သူအဖြစ် တာဝန်ပေးရန် သတ်မှတ်ချက်များနှင့်အညီ တင်ပြလျှောက်ထား နိုင်သည်။
- ပုဒ်မ ၄၇ - မိမိတို့ အစီအစဉ်ဖြင့် ဥပဒေအကူအညီပေးရေးလုပ်ငန်း လုပ်ဆောင်နေသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ဤဥပဒေနှင့် သက်ဆိုင်ခြင်း မရှိစေရ။

ရှေ့နေများသည် ထောင်တွင် အကျဉ်းခံနေရသော အကျဉ်းသားနှင့်တွေ့ဆုံရန် တရားဝင် "ရှေ့နေ ကိုယ်စားလှယ်လွှဲစာ" မလိုအပ်ပါ။ ထိန်းချုပ်ခံထားရသည့် အကျဉ်းသားနှင့်တွေ့ဆုံရန် ရှေ့နေများအနေဖြင့် တရားဝင်ကိုယ်စားလှယ်လွှဲစာ မလိုအပ်သည့် အကြောင်းမှာ ... အဆိုပါ ကိစ္စရပ်သည် "အမှုတွဲဆိုင်ရာ ဆောင်ရွက်ချက်" မဟုတ်သောကြောင့် ဖြစ်ပါသည်။ တရားရုံးများလက်စွဲအပိုဒ် ၄၅၅ ၌ ဖော်ပြထားသည်မှာ -

> "မည်သည့်ရှေ့နေမဆို၊ တစ်ဦးတစ်ယောက်သောသူက ရာဇဝတ်တရားရုံးတွင် မိမိအတွက် အမှုလိုက်လဲ ဆောင်ရွက်စေရန် ၎င်းက လက်မှတ်ရေးထိုးသည့် စာမှတ်စာတမ်းနှင့် ခန့်ထားသည့် ရှေ့နေမဟုတ်လျှင်၊ မည်သည့် ရာဇဝတ်တရားရုံးတွင်မျှ ထိုသူအတွက် အမှုလိုက်လဲ ဆောင်ရွက်ခြင်း မရှိစေရ။ "

အကျဉ်းထောင် သို့မဟုတ် အချုပ်ခန်းသည် တရားရုံး မဟုတ်ကြောင်း ရှေ့နေများဘက်မှ အငြင်းပွားရပါမည်။ ထို့အပြင် ... နောင်ဖြစ်လာလတ္တံ့သော အမှုသည်နှင့် တွေ့ဆုံဆွေးနွေးခြင်းကို ပိတ်ပင်တားဆီးခြင်းသည်

တရားရုံးတော်၌ ကိုယ်စား ပြုရပ်တည်ပေးရန် လိုအပ်မည့် စာရွက်စာတမ်းကို လက်မှတ်ရေးထိုးစေခြင်းမှ တားဆီးရာရောက်သဖြင့် မလျော်ကန်သော အကျိုးဆက်များကိုလည်း ဖန်တီးရာရောက်ပါသည်။

တရားခံရှေ့နေများသည် ၎င်းတို့အား ပေးအပ်ထားသည့် တာဝန်များအတိုင်း အမှု၌ ဆောလျင်စွာ လိုက်ပါဆောင်ရွက်ခွင့်နှင့် ချိတ်ဆက်ခွင့်များ ရရှိနိုင်ရန် ကြိုးစားသင့်သည်။ ထို့ပြင် ဥပဒေဆိုင်ရာ အခွင့်အရေးများနှင့် ဖြစ်နိုင်သည့် ကုစားမှုများ အားလုံးကိုလည်း ၎င်းတို့မှ သိရှိထားရန် လိုအပ်ပါသည်။ နိုင်ငံရေးအရ ထိလွယ်ရှလွယ်သည့်အမှုများကို ကိုင်တွယ် ဖြေရှင်းရသည့် ရှေ့နေများသည် အများထက်ပိုသော အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ရနိုင်ပါသည်။ ဥပမာ … ငွေကြေး တောင့်တင်းသည်ဟု ရဲမှ ယူဆသည့် တဖက်အမှုသည်နှင့် ရင်ဆိုင်သည့်အခါ၊ သို့မဟုတ် ရဲများ၏ အလွဲသုံးစားပြုမှုကို တစုံတဦးက တိုင်တန်းသည့် အခါ … အခက်အခဲများ ပိုမိုကြုံတွေ့ရနိုင်ပါသည်။ ထို့ကြောင့် ရဲများနှင့် စာရေးများဘက်မှ ၎င်းတို့သဘောဆန္ဒ အလျောက် အမှုသည်များ သို့မဟုတ် နောင်ဖြစ်လတ္တံ့သောအမှုသည်များနှင့် အလွယ်တကူ ဆက်သွယ် ခွင့်ပေးစေရန် တရားခံရှေ့နေများအနေဖြင့် နေ့စဉ်နေ့တိုင်း ကြိုးစားလုပ်ဆောင်သင့်သည်။ အများပြည်သူတို့၏ ဥပဒေပညာ ရေးကဏ္ဍတွင် ပါဝင်ခြင်း၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊နှင့် ပြင်ပလှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင် ခြင်းဖြင့် တရားမျှတမှု စင်တာများ နှင့် အခြားသောတရားခံရှေ့နေများသည် … ဖမ်းဆီးခံထားရသူများနှင့် ၎င်းတို့၏ သက်ဆိုင်ရာ မိသားစုဝင်များ အား တွေ့ဆုံခွင့်ရစေရန် ပြုလုပ်ပေးနိုင်မည်ဖြစ်ပြီး အမှုသည် အသစ်များကိုလည်း ဝန်ထမ်းများမှ သတိပြုမိစေရန် ဆောင်ရွက်ပေးရမည်။

## ရှေ့နေကိုယ်စားလှယ်လွှဲစာကို တရားဝင်လက်မှတ်ရေးထိုးခြင်း

မြန်မာနိုင်ငံ၌ … အမှုသည်နှင့် ရှေ့နေအကြားရှိ ဆက်ဆံရေးတစ်ရပ်ကို အတည်ဖြစ်စေရန်အတွက် "ကိုယ်စားလှယ်လွှဲစာ" သို့မဟုတ် "ပါဝါလွှဲစာ" ကို လက်မှတ်ရေးထိုးရပါမည်။ ထိုလွှဲစာကို အမှုသည်မှ လက်မှတ်ရေးထိုးပေးရမည်။ ထို ကိုယ်စားလှယ်လွှဲစာသည် ရှေ့နေနှင့် အမှုသည်အကြား ချုပ်ဆိုသည့် ပဋိညာဉ်တစ်ရပ်ဖြစ်သည့်အတွက် ကိုယ်စားလှယ် လွှဲစာရေးသားနည်းကိုကား ဥပဒေအရ တိကျစွာ ဖော်ပြ ထားခြင်း မရှိပါ။ သို့သော် ထို၌ အမှုတစ်ခုလုံးကို ရှေ့နေမှ တာဝန်ယူမည့်အကြောင်းနှင့် လိုအပ်သည့် အရာများအားလုံးကို ၎င်းမှ ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ကတိပေး ဖော်ပြ ထားရမည်။ ကိုယ်စားလှယ်လွှဲစာ ရေးသားရာ၌ ရှေ့နေအများစုတို့သည် ပြင်ပမှ စီးပွားဖြစ်ရောင်းချသည့် ဖောင် ပုံစံများကို အသုံးပြုကြသည်။

ကော်ပိုရေးရှင်းများ သို့မဟုတ် အသင်းအဖွဲ့များ၌မူ … အာဏာအပ်နှင်းနိုင်သည့် နည်းလမ်းမရှိသောကြောင့် ယင်းအမှု အတွက် လိုက်ပါဆောင်ရွက်ပေးနိုင်မည့် ရှေ့နေများအားလုံးကို သတ်မှတ်ပြီး တစ်ဦးထက်ပိုသော ကိုယ်စားလှယ်လွှဲစာများကို လက်မှတ်ရေးထိုးစေရမည်။ တရားမျှတမှုစင်တာများ၌ တာဝန်ထမ်းဆောင်နေသည့် ရှေ့နေများအတွက်မူကား … စင်တာတစ်ခုချင်းစီရှိ ရှေ့နေများသည် ထိုစင်တာရှိအမှုများအားလုံးအတွက် ကိုယ်စားလှယ်လွှဲစာကို ရယူထားကြသည်။ ထိုသို့ပြုလုပ်ထားခြင်းကြောင့် အရေးပေါ်အခြေအနေများတွင် ထိုစင်တာရှိ ရှေ့နေတစ်ဦးကိုယ်စား အခြားရှေ့နေများမှ တက်ရောက် ဆောင်ရွက်ပေးနိုင်သည်။

ချုပ်နှောင်ထားခံရသည့်အမှုသည်ဘက်မှ ရှေ့နေကိုယ်စားလှယ်လွှဲစာကို လက်မှတ်ရေးထိုးပြီးပါက … (လက်တွေ့ လုပ်ငန်း စဉ်၌) … အမှုလိုက်ပါဆောင်ရွက်ပေးမည့်ရှေ့နေမှ အဆိုပါ ကိုယ်စားလှယ်လွှဲစာကို ပြစ်မှုဆိုင်ရာ မှတ်တမ်းပြုစုသူ အရာရှိ ထံသို့ ယူဆောင်ပြီး စွပ်စွဲခံရသူမှ ရေးထိုးလိုက်သည့် လက်မှတ်သည် မှန်ကန်ပါကြောင်း အတည်ပြုလက်မှတ်ရေးထိုး ခိုင်းရသည်။ ထိုသို့ လက်မှတ်ရေးထိုးခိုင်းခြင်းကို တခါတရံတွင် … နိုင်ငံရေးအရ အကြောင်းပြချက်များပေးခြင်း သို့မဟုတ် လာဘ်ပေး လာဘ်ယူ ပြုလိုသည့် ရည်ရွယ်ချက်ဖြင့် အကြောင်း

ပြချက်များပေးခြင်းဖြင့် ငြင်းဆန်ကောင်း ငြင်းဆန်နိုင်သည်။ ထိုသို့သော အခြေအနေမျိုးတွင် ရှေ့နေမှ အောက် ဖော်ပြပါ ကုစားချက်များအကြောင်း ပြောပြ၍ ဆွေးနွေးပြောကြား ပေးရမည်။

အကယ်၍ အမှုသည် စုံစမ်းစစ်ဆေးသည့်အဆင့်အလွန်၌ ရှိနေသည့် အမှုဖြစ်နေပြီး တရားရုံးတော်၌လည်း စွဲချက်တင်ပြီး သည့်အမှု ဖြစ်နေပါက ... လွှဲပြောင်းလွှာ သို့မဟုတ် အာဏာလွှဲအပ်လွှာကို ထိုနေရာ၌ပင် ပြုလုပ်ရမည်။ မှတ်သားရန်မှာ - တရားမျှတမှုစင်တာရှိ ရှေ့နေများသည် ကိုယ်စားလှယ်လွှဲစာကို တရားရုံးတော်သို့ တရားဝင် မတင်သွင်းမီ အထက် အရာရှိများထံမှ ထောက်ခံချက်ကို ဦးစွာ ရယူရမည်။ ကိုယ်စားလှယ်လွှဲစာ တင်သွင်းပြီးပါက ... ၎င်းတို့ (ရှေ့နေ) ထားရှိရ မည့် တာဝန်ဝတ္တရားများအတိုင်း ဆက်လက်ဆောင်ရွက် ပေးရမည်။

> "ထိုခန့်ထားချက် အသီးသီးကို တရားရုံးတွင် တင်သွင်းရမည့်အပြင်၊ အမှုသည်ကဖြစ်စေ၊ ရှေ့နေကဖြစ်စေ၊ အကြောင်းအားလျော်စွာ လက်မှတ်ရေးထိုး တရားရုံးသို့ တင်သွင်းသော စာအားဖြင့် တရားရုံး၏ အခွင့်အမိန့်နှင့် ပြီးဆုံးကြောင်း ပြဋ္ဌာန်းသည့်တိုင်အောင်၊ သို့တည်းမဟုတ် အမှုသည် ဖြစ်စေ၊ ရှေ့နေဖြစ်စေ သေဆုံးသည့် တိုင်အောင်၊ သို့တည်းမဟုတ် ထိုအမှုသည်နှင့် ပတ်သက်သမျှ အမှု၌ ဆောင်ရွက်သည့် အမှုအခင်းကိစ္စ အရပ်ရပ် ပြီးဆုံးသည့်တိုင်အောင် ထိုခန့်ထားချက်မှာ အတည် ဖြစ်သည်ဟု မှတ်ယူရမည်။" တရားရုံးများလက်စွဲ ၄၅၅ သည် တရားလွှတ်တော်၏ အမိန့်ကြေငြာစာ အမှတ် ၂ (ယေဘုယျ)၊ ၁၆.ဖေဖော်ဝါရီ ၁၉၂၇ ရက်စွဲ ကို ရည်ညွှန်းသည်။

ဥပဒေဆိုင်ရာကိုယ်စားပြုရပ်တည်ခြင်းကို "ရဲမှ တရားရုံးတော်သို့ အမှု မတင်သွင်းမီအချိန်နှင့် အမှုတွဲအမှတ် မသတ်မှတ်မီ အချိန်အထိ ဆောင်ရွက်၍ မရဟူ၍" တချို့သော ရှေ့နေများနှင့် တခြားသောတရားမျှတမှုအတွက် လုပ်ဆောင်နေသူများ က ယုံကြည်မှတ်ယူကြသည်။ ထိုသို့ မှတ်ယူခြင်းသည် မှန်ကန်ခြင်းမရှိပါ။ တစ်စုံတစ်ဦး ဖမ်းဆီးခံလိုက်ရပါက ထိုဖမ်းဆီးခံ လိုက်ရသည့်အချိန်တွင် ဥပဒေဆိုင်ရာကိုယ်စားပြုရပ်တည်ပေးခြင်းကို စတင် လုပ်ဆောင်သင့်သည်/ နိုင်သည်။ ဆွေးနွေးပွဲ စကားဝိုင်းများ၌ တက်ရောက်ဆွေးနွေးခဲ့သည့် တရားသူကြီး များမှလည်း ... ထိုသို့သော အခြေနေများတွင် ရှေ့နေများမှ ၎င်းတို့၏ လိုင်စင်ကို ပြသနိုင်ပြီး၊ စွပ်စွဲခံရသူ သို့မဟုတ် စွပ်စွဲခံရသူ၏ မိသားစုဝင်များမှ အဆိုပါရှေ့နေအား ငှားရမ်းထား သည့် စာရွက်စာတမ်းများကို ပြသနိုင်ပါက ... ရှေ့နေသည် စွပ်စွဲခံရသူတရားခံအတွက် ကိုယ်စားပြုရပ်တည်ပေးနိုင်ကြောင်း အတည်ပြု ဆွေးနွေးသွားပါသည်။

## သတိပေးချက် - လာဘ်ပေးလာဘ်ယူ မပြုလုပ်ရ

ရှေ့နေကိုယ်စားလှယ်လွှဲစာ တင်သွင်းရန် သို့မဟုတ် အကျဉ်းထောင်တွင်းရှိ အမှုသည်များနှင့်တွေ့ဆုံရန် ... လာဘ်ပေး လာဘ်ယူပြုခြင်း သို့မဟုတ် အထူးအခကြေးငွေများပေးခြင်းများကို တရားခံရှေ့နေများအနေဖြင့် ငြင်းဆန်ရမည်။ ဝမ်းနည်း စရာမှာ မြန်မာနိုင်ငံအပါအဝင် အခြားနိုင်ငံများရှိ ရှေ့နေများသည် ကိုယ်စားလှယ်လွှဲစာကို တရားရုံးများသို့ မှတ်ပုံတင်ရန် သို့မဟုတ် အချုပ်ခန်း (သို့) ရဲစခန်းများ၌ ချုပ်နှောင် ထားခံရသည့် အမှုသည်များနှင့် ကနဦးတွေ့ဆုံနိုင်ရန်အတွက် လာဘ်ပေးလာဘ်ယူများ သို့မဟုတ် တရားမဝင် ကြေးများ ဆက်လက်ပေးဆောင်နေရကြောင်း ဖော်ပြထားသည်ကို တွေ့ရပါ သည်။ တချို့သောအမှုများတွင် ... ရှေ့နေမှ ... ချုပ်နှောင်ခံထားရသည့်အမှုသည်နှင့် ပထမဆုံးတွေ့ဆုံနိုင်ရန် တောင်းဆို ခြင်းကို အကျဉ်းထောင် အရာရှိများ ငြင်းဆန်ကောင်းငြင်းဆန်နိုင်သည်။ ထိုသို့ ငြင်းဆန်ရသည့် အကြောင်း အရင်းမှာ ... အကျဉ်းထောင် အရာရှိ၏ အတည်ပြုလက်မှတ်ထိုးလွှာပါရှိသည့် ကိုယ်စားလှယ်လွှဲစာ မတင်ပြနိုင်ခြင်းကြောင့် ဖြစ်ပြီး

ထိုအတည်ပြုလက်မှတ်ထိုးလွှာရယူလိုပါက အဆိုပါ အကျဉ်းထောင်အရာရှိအား "အပိုကြေး"[6] ကို ပေးဆောင်စေပါသည်။ လက်ရှိ တရားမျှတမှုစင်တာများကမူ ... ဥပဒေဆိုင်ရာအထောက်အကူပေးခြင်းနှင့်ဆိုင်သည့် သဘောသဘာဝများကို သက်ဆိုင်ရာ အရာရှိများအား ရှင်းပြလျက်ရှိပြီး၊ အခြားတစ်ဖက်တွင်လည်း အမှုသည်များဘက်မှ လာဘ်ပေး လာဘ်ယူများ ပြုလုပ်ရန် မစွမ်းဆောင်နိုင်ကြကြောင်း ရှင်းပြလျက်ရှိသည့် အတွက် အောင်မြင်မှုများလည်း ရရှိနေပါသည်။

## စကားပြန်များအား အသုံးပြုခြင်း

ရှေ့နေများနှင့် မြန်မာစကား တတ်ကျွမ်းခြင်းမရှိသည့်အမှုသည်များ တွေ့ဆုံရာတွင် စကားပြန်များ အသုံးပြုခြင်းကို ရဲများမှ ပိတ်ပင်တားဆီးထားကြောင်း ရှေ့နေများ၏ အစီရင်ခံစာအရ သိရှိရပါသည်။ ထို၌ နိုင်ငံခြား**သား**များ၊ နားမကြားသူများနှင့် အကြားအာရုံချွတ်ယွင်းနေသူများအားလုံး ပါဝင်ပါသည်။

- ဤအချက်သည် **စကား**ပြန်ဆိုခြင်းဆိုင်ရာ အခွင့်အရေးကို ချိုးဖောက်ရာ ရောက်ပါသည်။ (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၃၆၁)
- (အထက်၌ ဖော်ပြထားသည့် အကျဉ်းထောင်များအက်ဥပဒေ ပုဒ်မ ၄၀ အရ) ရှေ့နေများနှင့် တိုင်ပင်ဆွေးနွေးမှုတိုင်းတွင် လွတ်လပ်စွာဆွေးနွေးခွင့်ကို ရဲများမှ ပေးအပ်ရမည်ဟူသည့်အချက်ကို ရှေ့နေများမှ ထောက်ပြသင့်သည်။ ထို့အပြင် ရှေ့နေနှင့်အမှုသည်အကြား ထားရှိရမည့် လျှို့ဝှက်ထိန်းသိမ်းပေးရမည့် တာဝန်သည် စကားပြန်များနှင့် ရှေ့နေများ၏ စာရေးများ သို့မဟုတ် **တပည့်**များနှင့် သက်ဆိုင်စေရမည်။ သက်သေခံအက်ဥပဒေ ပုဒ်မ ၁၂၇။
- ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ၏ ပုဒ်မ ၂၇ **တွင်** စွပ်စွဲခြင်း၊ တရားစွဲဆိုခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း၊ အကျဉ်းချခြင်းခံရသူ အတွက် စကားပြန် သုံးစွဲရန် ဥပဒေအထောက်အကူပြုသည့် တာဝန် နှင့် အခွင့်အရေးကို တိုးချဲ့ ကြောင်း ပြဋ္ဌာန်းထားပါသည်။
    - (က) နိုင်ငံသားဖြစ်သော်လည်း ဆက်သွယ်ပြောဆိုရာ၌ ဘာသာစကား အခက်အခဲရှိလျှင် ဘာသာစကား နားလည်သူမှတစ်ဆင့် ဆောင်ရွက်ရမည်။
    - (ခ) နိုင်ငံသားဖြစ်လျှင် ဥပဒေဆိုင်ရာအထောက်အကူရရှိနိုင်ကြောင်း စကားပြန်မှတစ်ဆင့် ရှင်းလင်းပြောကြားခြင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာ ကောင်စစ်ဝန်ရုံးသို့ နှောင့်နှေးမှုမရှိဘဲ အကြောင်းကြား ရမည်။
    - မသန်စွမ်းသူဖြစ်လျှင် ၎င်း၏ ကိုယ်အမူအရာ သို့မဟုတ် ခြေဟန်၊ လက်ဟန်၊ လက်သင်္ကေတပြ ဘာသာစကား၊ လက်စမ်းစာပေကို နားလည်သိရှိသူမှတစ်ဆင့် ဆောင်ရွက်ရမည်။

## ရှေ့နေအကူများမှ တရားခံအား ဆက်သွယ်ပိုင်ခွင့်

ဥပဒေအရ လျှို့ဝှက်**စွာ**ထိန်းသိမ်းပေးရမည့်တာဝန်ကို စကားပြန်များနှင့် ရှေ့နေများ၏ စာရေးများ သို့မဟုတ် **တပည့်**များနှင့် သက်ဆိုင်စေရမည်ဟု (သက်သေခံအက်ဥပဒေ ပုဒ်မ ၁၂၇ ၌) ဖော်ပြထားပါသည်။ ထိုမှတဆင့် အဆိုပြုလိုသည်မှာ --- ရှေ့နေများ လိုအပ်လျှင် လိုအပ်သလို အကူအညီပေးသည့် ဥပဒေအထောက်အကူပြုသူများသည်လည်း စွပ်စွဲခံရသည့် အမှုသည်များနှင့် ဆက်သွယ်ပိုင်ခွင့်ရသင့်သည်ဟု အဆိုပြုလိုပါသည်။ တရားမျှတမှုစင်တာများ၌ တာဝန် ထမ်းဆောင် နေကြသည့် "ရှေ့နေအကူ" အများစုတို့သည် အမှန်မှာ

[6] ICJ Myanmar Right to Counsel, 2013, p 35

ရှေ့နေများသာ ဖြစ်ကြခြင်းကြောင့် ... ၄င်းတို့၏ ရာထူး ဖြစ်သည့် ရှေ့နေအကူဟု ဆိုသောအရာသည် ချုပ်နှောင်ခံထားရသည့်အမှုသည်များနှင့် ဆက်သွယ်နိုင်ရန် အဟန့်အတားတစ်ရပ် မဖြစ်သင့်ပါ။

## အမှုသည်နှင့် ဆက်သွယ်ခွင့်ကို ငြင်းဆန်ခံရသည့်အခါ ကုစားရန်နည်းလမ်းများ

အမှုသည်များနှင့် ဆက်သွယ်ခွင့်ကို ငြင်းဆန်ခံရသည့်အခါ လျင်မြန်စွာ ပြန်လည်တုံ့ပြန်နိုင်မည့်နည်းလမ်းများကို တရားခံ ရှေ့နေများအနေဖြင့် ပြင်ဆင်ထားရမည်။ ထိုသို့ တုံ့ပြန်ရာတွင်လည်း လေးစားစွာနှင့် တက်ကြွမှုရှိစွာ တုံ့ပြန်ကြရမည်။

ထိုသို့သောကိစ္စရပ်များကို ဖြေရှင်းရာတွင် ... တွေ့ဆုံရန် သဘောမတူသော ရဲအရာရှိအား တရားခံရှေ့နေများမှ အလွတ်သဘောဆောင်သည့် အရေးဆိုတင်ပြခြင်းမျိုးကို တခါတရံ၌ ပြုလုပ်လေ့ရှိကြသည်။ ထို့ပြင် ထိုသို့ ဖြစ်ပျက်ပြီး နောက် တရက်၌ ထိုနေရာသို့ ထပ်မံ သွားရောက်လေ့လည်း ရှိကြသည်။ အကယ်၍ စွပ်စွဲခံရသူသည် ၄င်း၏ရှေ့နေထံမှ အကြံပြုဆွေးနွေးခြင်းများကို ရယူခြင်း မပြုလိုက်ရဘဲ ဝန်ခံချက်များ ပေးလိုက်ရပါက သို့မဟုတ် ကိုယ်စားပြု ရပ်တည် ပေးမည့်သူ မပါဘဲ ချုပ်မိန့်ပေးခံလိုက်ရပါက ပြဿနာဖြစ်သွားနိုင်သည်။ အမှုသည် တစ်ဦးတစ်ယောက်ချင်းစီ၏ အမှုများကို အကြောင်းကြားရန်အတွက် တရားခံရှေ့နေများသည် မြို့နယ်တွင်းရှိ အုပ်ချုပ်သူရဲအရာရှိထံသို့၄င်း သို့မဟုတ် တာဝန်ရှိသော အရာရှိများ ထံသို့၄င်း တိုင်တန်းစာများ ပေးပို့နိုင်သည်။ ထို့အပြင် ကိစ္စပြဿနာများကို အုပ်ချုပ်သူအရာရှိများ သို့မဟုတ် ရှေ့နေ အစည်းအရုံးများ သိရှိစေရန် တင်ပြပေးရမည်။

နောက်ဆုံးတွင် ... မည်သို့ပင်ဖြစ်စေကာမူ ... အမှုသည်များ၏ ရပိုင်ခွင့်အခွင့်အရေးများကို ဥပဒေလမ်းကြောင်းအရ အကောင်းဆုံး အသုံးချနိုင်မည့် နည်းလမ်းများကို တရားခံရှေ့နေများဘက်မှ ပြင်ဆင်ထားရမည်။ ထိုအကြောင်းအရာများ အကြောင်းကို သက်သာခွင့်များအပိုင်း၌ အကျယ်တဝင့် ဆွေးနွေးထားသည်။ ၄င်းတို့မှာ -

- ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၃၀ အရ မှားယွင်းစွာ ထောင်ဒဏ်အကျဉ်းချခဲ့သည့် ရဲအား တရားစွဲဆိုခြင်း။ ထိုသို့ ပြုလုပ်ခြင်းကြောင့် နောင်အနာဂတ်၌ ဖြစ်ပေါ်လတ္တံ့သော ပြဿနာများကို ကြိုတင်တားဆီးထားရာ ရောက်သော် လည်း စွပ်စွဲခံရသူ တရားခံနှင့် တွေ့ဆုံရန်လိုအပ်သည့် အချက်ကိုကား ဖြေရှင်းရာ မရောက်ပါ။ ရှေ့နေ ကိုယ်စားလှယ်လွှဲစာ ရရှိရန် ပျက်ကွက်ခဲ့ခြင်းကြောင့် တရားစွဲဆိုခြင်းကိုလည်း မပြုလုပ်နိုင်တော့ပါ။
- တရားလွှတ်တော်၌ မတရားသောနည်းလမ်းဖြင့် ချုပ်နှောင်ထားသူအား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၉၁ အရ လွှတ်ပေးရန် တောင်းဆိုနိုင်သည်။
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ ရှေ့တော်သွင်းစာချွန်တော် တင်သွင်းနိုင်သည်။

### စပ်ဆိုင်မှုရှိသည့် ကမ္ဘာလုံးဆိုင်ရာစံချိန်စံညွှန်းများ

ရှေ့နေများ၏ အခန်းကဏ္ဍအတွက် ကုလသမဂ္ဂ၏ စည်းမျဉ်းစည်းကမ်းများ (ဟာဗားနား ၁၉၉၀)၊ ပုဒ်မများ -

၁။ လူတိုင်း၌ ရှေ့နေငှားရမ်းခွင့်ရှိသည်။

၅။ "ဖမ်းဆီးခံရသည့်အချိန် သို့မဟုတ် ချုပ်နှောင်ခံရသည့်အချိန် သို့မဟုတ် ရာဇဝတ်မှုဆိုင်ရာ ပြစ်မှုတစ်ခုခုဖြင့် စွဲဆိုခံရသည့်အချိန်" တွင် အကြောင်းကြားပေးရမည်။

၆။ အတွေ့အကြုံရှိသော ရှေ့နေ ငှားရမ်းပိုင်ခွင့်ရှိရမည်။

၇။ အစိုးရဘက်မှလည်း ဖမ်းဆီးခြင်း သို့မဟုတ် ချုပ်နှောင်ခြင်း ခံထားရသည့် လူအားလုံးကို (ရာဇဝတ်မှုဆိုင်ရာ ပြစ်မှုတခုခုနှင့် စွဲဆိုခြင်းခံရသည်ဖြစ်စေ၊ သို့မဟုတ် စွဲဆိုခြင်း မခံရသည်ဖြစ်စေ) ရှေ့နေနှင့် မဆိုင်းမတွ ချိတ်ဆက် ခွင့်ရစေရန် အာမခံချက်ပေးရမည်။ ထိုသို့ ချိတ်ဆက်ခြင်းဆိုရာဝယ် ... ဖမ်းဆီးပြီး သို့မဟုတ် ချုပ်နှောင်ပြီး ၄၈ နာရီထက် မကျော်လွန်စေဘဲ ချိတ်ဆက်ခွင့်ရစေရမည်။

၈။ စွပ်စွဲခံရသူများအားလည်း "ရှေ့နေနှင့် ပြောဆိုဆက်ဆံပြီး အကြံဉာဏ်တောင်းခံနိုင်ရန် လုံလောက်သော အခွင့် အရေးများ၊ အချိန်နှင့် အသုံးအဆောင်ပစ္စည်းများကို နှောင့်နှေးကြန့်ကြာမှု၊ ကြားဖြတ်မှု သို့မဟုတ် တားမြစ်မှုများ မရှိစေဘဲ ပေးအပ်ရမည့်အပြင် ၎င်းတို့၏ အတွင်းရေးကိစ္စရပ်များကိုလည်း အပြည့်အဝ ထိန်းသိမ်းပေးထားရမည်။" ထိုသို့ပြုလုပ်ခြင်းကို အပြောနှင့် မပြီးဆုံးစေဘဲ လက်တွေ့ ကျကျ ဆောင်ရွက်ရမည်။

# မြန်ဆန်သော တရားခွင်စစ်ဆေးစီရင်ခြင်း

ရက်အတော် ကြာလင့်အောင် အမှုရွှေ့ဆိုင်းရခြင်းများဖြစ်ပေါ်နေခြင်းများကြောင့် (အထူးအားဖြင့် တရားခွင် ဆိုင်းငံ့နေစဉ် တရားခံ ထိန်းသိမ်းခံထားရခြင်းကြောင့်) နှောင့်နှေးကြန့်ကြာမှု မရှိသည့် လွတ်လပ်သော တရားစီရင်ရေးကို အနှောက် အယှက်ဖြစ်စေပါသည်။

ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုခြင်းအတွက် အမှုပြီးပြတ်အောင် ဆောင်ရွက်ရမည့် အချိန်ကာလအပိုင်းအခြား မရှိပါ။ မြန်မာနိုင်ငံသည် နိုင်ငံရေးမှု မဟုတ်သည့် ရာဇဝတ်မှုများကို ဖြေရှင်းရာတွင် အခြားနိုင်ငံများထက် ပိုမိုမြန်ဆန် နေကြောင်း တွေ့ရပါသည်။ ထိုသို့မဟုတ်ဘဲ ... ယင်းအမှုကိစ္စများကို ဆောင်ရွက်ရာတွင် မလိုအပ်ဘဲ နှောင့်နှေး ကြန့်ကြာမှုများ သို့မဟုတ် တရားမဝင်သော နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပွားခဲ့ပါက ... တရားခံအပါအဝင် ၎င်း၏ မိသားစုဝင်များ၊ ၎င်း အတွက် လိုက်ပါဆောင်ရွက်ပေးနေသည့် ရှေ့နေများ၊ စွပ်စွဲခံထားရသည့်တရားခံများ၊ နှင့် အများပြည်သူတို့အားလုံး ထိခိုက်နစ်နာမှုများကို ခံစားကြရမည်ဖြစ်ပါသည်။

အမှုများကို စစ်ဆေးစီရင်ရာတွင်လည်း စောနိုင်သမျှ စောစီးစွာ စီရင်နိုင်ရန် လုပ်ဆောင်သင့်ပါသည်။ အမှုများ စတင် စစ်ဆေးသည့် အချိန်မှစ၍ ဆက်တိုက် စစ်ဆေးစီရင်ခြင်းများ ပြုလုပ်သင့်ပါသည်။ မြန်မာနိုင်ငံ၌ လက်တွေ့ဖြစ်နေသည့် အခြေအနေများမှာ - တရားခွင်စစ်ဆေးစီရင်ပြီးနောက် ... တရားလိုပြသက်သေများ ထွက်ဆိုခြင်းမရှိသည့်အတွက် ရက် သတ္တပတ် တပတ် သို့မဟုတ် နှစ်ပတ်မှသည် လချီ အမှုရွှေ့ဆိုင်းမှုများ ပြုလုပ်နေရပါသည်။ တရားသူကြီးများသည်လည်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအရ ၎င်းတို့အား ပေးအပ်ထားသည့် အာဏာများကို အသုံးပြုမှု အားနည်းနေကြပါသည်။ တရားသူကြီးများသည် သက်သေများ အား ခေါ်ဆောင်ခြင်းနှင့် (ထိုသို့ခေါ်ဆောင်၍ မရခဲ့ပါက) စွဲချက်များမှ ပယ်ဖျက် ခြင်းများကို ထိုဥပဒေအရ လုပ်ဆောင်နိုင်ပါသည်။ ထို့အပြင် တရားခံရှေ့နေများအနေဖြင့် အမှုကို ရှေ့ဆက် ဆောင်ရွက် နိုင်ရန် တရားလိုပြသက်သေများအား သမ္မန်စာဆင့်ခေါ်ခြင်းနှင့် ဝရမ်းများ ထုတ်ဆင့်ခြင်းများ ပြုလုပ်ပေးရန် တရားသူကြီးများအား တောင်းဆိုရပါမည်။ အဆိုပါ အကြောင်းရင်းများကြောင့် ထိုသို့သော နှောင့်နှေးကြန့်ကြာ ခြင်းများကို ရင်ဆိုင်မည့် အစား တရားခံအများစုတို့သည် ၎င်းတို့၌ အပြစ်ရှိကြောင်း အစ ပထမကတည်းက ဝန်ခံကြပြီး ၎င်းတို့၏ သေချာသော အပြစ်ဒဏ်များကိုသာ ကျခံလေ့ရှိကြပါသည်။ အမှုသည်များအား အကြံပြုလမ်းညွှန်ပေးခြင်း/ အပြစ်ရှိကြောင်း ဝန်ခံခြင်း အပိုင်းများကို ကြည့်ပါ။

## စပ်ဆိုင်သောဥပဒေများ

- တရားရုံးများလက်စွဲ အပိုဒ် ၂၂ - ရွှေ့ဆိုင်းရန်မလိုဘဲ ရွှေ့ဆိုင်းခြင်းနှင့် ကြန့်ကြာရန် အကြောင်းမရှိဘဲ ကြန့်ကြာ ခြင်းများ မရှိစေရန် ကြပ်တည်းစွာ တားမြစ်သည်။
- တရားရုံးများလက်စွဲ အပိုဒ် ၂၄ - ကြန့်ကြာရန်အကြောင်းမရှိဘဲ ကြန့်ကြာခြင်းကို ဥပဒေမှ တားမြစ်ထားပြီး အမှု ရွှေ့ဆိုင်းရန် အကြောင်းပြချက်များ မရှိပါက လာရောက်သော သက်သေအားလုံး တို့ကို စစ်ဆေးပြီးသည့်တိုင် အောင် အမှုကြားနာစစ်ဆေးခြင်းကို တနေ့ပြီးတနေ့ ဆက်လက် ဆောင်ရွက်ရမည်။
- တရားရုံးများလက်စွဲ ၅၅၉ - သူရှူးထောင်တွင် ချုပ်ထားသည့် ရူးသွပ်သူမှတပါး၊ စက်ရှင်တရားရုံးတွင် စစ်ဆေး စီရင်ခြင်းခံရန် စောင့်ဆိုင်းနေသူအားလုံးတို့ကို၊ စက်ရှင်ရုံးထိုင်ပတ် အသီးသီး၌၊ လူသိရှင်ကြား

တရားခွင်တွင် တရားသူကြီးရှေ့ ခေါ်ဆောင်လာရမည်။ သီးခြားအမှုတခုခုတွင် အစိုးရအမှုလိုက်ရှေ့နေက စစ်ဆေးစီရင်ခြင်းကို ဆောင်ရွက်ရန်အသင့်မရှိလျှင်၊ တရားခံကို မည်သည့်အတွက် တရားသေ အမိန့်ချမှတ် မလွှတ်သင့်ကြောင်း၊ သင့်လျော်သော ထောက်ခံချက်နှင့်တကွ၊ အစိုးရအမှုလိုက်ရှေ့နေအား အကြောင်းပြ စေရမည်။ ထိုကဲ့သို့ တင်သွင်းသည့် အကြောင်းပြချက်ကို ချေဆိုသည့်အနေဖြင့် တရားခံကိုယ်တိုင် လျှောက်လဲချက်ကိုလည်း ကြားနာရမည်။

- တရားရုံးများလက်စွဲ ၅၆၀ - စက်ရှင်စစ်ဆေးမှုများကို အလွယ်တကူနှင့် ရွှေ့ဆိုင်းခြင်း မပြုရ။
- တရားရုံးများလက်စွဲ ၄၆၆ - မိမိ၏အမှုကို ဆောလျင်နိုင်သမျှ ဆောလျင်စွာ စစ်ဆေးစီရင်ပေးစေရန် တရားခံ၌ အခွင့်အရေးရှိသည်။
- တရားရုံးများလက်စွဲ ၄၆၂ - တရားခံ၏အမှုကို အခြားပူးတွဲတရားခံများနှင့် အတူတကွ စစ်ဆေးစီရင်နိုင်ရန် အလို့ငှာ နှောင်နှေးကြန့်ကြာခြင်းများ မဖြစ်စေရ။
- တရားရုံးများလက်စွဲ ၄၆၈ နှင့် ၆၀၈ - လာရောက်သော သက်သေတို့ကို စစ်ဆေးခြင်းမပြုဘဲ အမှုကို တကြိမ် ရွှေ့ဆိုင်းပြီးဖြစ်ခဲ့လျှင်၊ အမှုကို ကြားနာစစ်ဆေးရန် ချိန်းဆိုသောနောက်နေ့၌၊ ၄င်းအမှုကို အခြားအမှုများ အလျင် ဦးစားပေး၍ စစ်ဆေးရမည်။
- ပြည်ထောင်စုရှေ့နေချုပ်ရုံးစည်းမျဉ်းများ၊ စည်းမျဉ်း ၁၀၉ (င) ဥပဒေအရာရှိများအနေဖြင့် ပြစ်မှုဆိုင်ရာ မူလမှု များကို ပထမစစ်ဆေးစီရင်သည့် ခြောက်လတာကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရမည်။ အကယ်၍ ထိုသို့ ပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်း မရှိပါက ... အဆိုပါ နှောင့်နှေးကြန့်ကြာမှုအတွက် သက်ဆိုင်ရာအရာရှိထံသို့ အကြောင်းပြချက်နှင့်တကွ တင်ပြပေးရမည်။
- ဥပဒေအရာရှိများအတွက် မျှတသောတရားခွင်စစ်ဆေးခြင်းဆိုင်ရာ လမ်းညွှန်ချက်များ၊ တရားခွင်စစ်ဆေးစီရင် သည့်အဆင့်၌ လိုက်နာကျင့်သုံးရမည့် စံချိန်စံညွှန်းများ ၃(ဃ) – "နှောင့်နှေးကြန့်ကြာခြင်း မရှိသည့် တရားခွင် စစ်ဆေးခြင်းသည် အပြစ်ကင်းစင်ကြောင်းမှတ်ယူပိုင်ခွင့်နှင့် မိမိကိုယ်ကိုယ် ကာကွယ် ခုခံပိုင်ခွင့်အတွက် အရေးကြီးသည့်အချက် ဖြစ်သည်။ သက်သေခံပစ္စည်းများ ပျောက်ဆုံးမသွားစေရန်နှင့် သက်သေများ၏ မှတ်ဉာဏ်များ မေ့ပျောက်မသွားစေရန် ကာလရှည်ကြာသော တရားခွင် စစ်ဆေးစီရင်ခြင်းမျိုး မရှိအောင် ကြိုးစားဆောင်ရွက်သင့်သည်။"
- မောင်တင်ငွေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် (၁၉၆၆)၊ မြန်မာနိုင်ငံစီရင်ထုံး၊ နှာ - ၆၃၉ ။ စီရင်ဆုံးဖြတ်ခြင်း များကို မှန်ကန်သော နည်းလမ်းများဖြင့် မြန်ဆန်စွာ ဆောင်ရွက်သင့်သည်။
- အကယ်၍ တရားသူကြီးများဘက်မှ အမှုတိုးတက်အောင် ရှေ့ဆက်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါက ထိုတရားသူကြီး များသည် အပြစ်ဖော် ဆုံးမခြင်းကို ခံကြရမည်။ တရားရုံးများဘက်မှလည်း မြန်ဆန်စွာ ဆောင်ရွက်ပေးရန် အောက်ဖော်ပြပါနှိုးဆော်စာများကိုလည်း ထုတ်ဝေထားပါသည်။

    - တရားရုံးချုပ်စာအမှတ် ၆၀၄/စု၁၁/(၇/၂၀၁၃)၊ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်၊ (ပြည်ထောင်စုတရား လွှတ်တော်ချုပ်စာအမှတ် ၆၀၄/စု၁၁/(၇/၂၀၁၇)၊ ၁၃ ဖေဖော်ဝါရီ ၂၀၁၃)၌ ပါရှိသကဲ့သို့။
    - တရားရုံးချုပ်အမိန့်အမှတ်၄၆-၇/၂၀၁၃၊၂၀၁၃ခုနှစ်၊မတ်လ၃၁ ရက် (ပြည်ထောင်စုတရား လွှတ်တော်ချုပ် စာအမှတ် ၄၆-၇/၂၀၁၃/၊၃၁ မတ်လ၂၀၁၃)၌ ပါရှိသည့် ဥပမာကဲ့သို့။
    - တရားရုံးချုပ်အမှာစာ၊စာအမှတ်၆၉၀/၃၄/၉၁(လထန)၊၁၉၈၉ခုနှစ်၊ဇန်နဝါရီလ၂၅ရက်။ [ပြည်ထောင်စု တရားလွှတ်တော်ချုပ်အမှာစာတမ်း၊ စာအမှတ် ၆၉၀/၃၄/၈၉ (လတန)၊ ၂၅ ဇန်နဝါရီ ၁၉၈၉] ၌ ပါရှိသကဲ့သို့။

- ○ အောက်ဖော်ပြပါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အမိန့်ကြေငြာစာ **၁၁၄/၄၂၄** PTC [၂၈၅၅/၂၀၁၅] ၌ ဆွေးနွေးခဲ့သကဲ့သို့ … သက်သေများ တက်ရောက်ခြင်းမရှိသည့်အမှုများကို **ပလပ်**ရန်တိုက်တွန်းခြင်း။

## နိုင်ငံတကာဥပဒေ

- ○ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာသဘောတူစာချုပ် အပိုဒ် ၉ (၃) - တစ်စုံတစ်ဦးအား ရာဇဝတ်ကျူးလွန်ကြောင်း စွဲဆိုချက်ဖြင့် ဖမ်းဆီးခြင်းသော်လည်းကောင်း၊ ထိန်းသိမ်းခြင်း သော်လည်းကောင်း ပြုလုပ်ပါက ၄င်းအား တရားသူကြီးတစ်ဦး သို့မဟုတ် တရားစီရင်ပိုင်ခွင့် အာဏာအပ်နှင်းခြင်းခံရသော အရာရှိတစ်ဦး၏ ရှေ့မှောက်သို့ ချက်ချင်းခေါ်ဆောင်လာရမည် ဖြစ်ပြီး ဤပုဂ္ဂိုလ်တွင် သင့်တော်သော ကာလအပိုင်းအခြား တစ်ခုအတွင်း ကြားနာစစ်ဆေးမှုကို စတင်ခံယူပိုင်ခွင့် ရှိသည်။
- ○ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာသဘောတူစာချုပ်ပါ အပိုဒ် ၁၄(၃) က အာမခံထား သည်မှာ … လူတိုင်းသည် ၄င်းတို့၏ ကံကြမ္မာအတွက် မရေရာ၊ မသေချာသည့် အခြေအနေများ၌ ရှိနေရန်မလိုဘဲ လွတ်လပ်ပြီး ဘက်လိုက်ခြင်းမရှိသည့် ကြားနာစစ်ဆေးခွင့်ကိုလည်း ခံစားနိုင်ခွင့် ရှိရမည်။ ထို့အပြင် တရားမျှတမှု ရရှိရေးအတွက် ပဓာနထားပြီး လုပ်ဆောင်ရမည်။
- ○ ဘန်ဂလော၏ တရားရေးရာလုပ်ဆောင်ချက်များဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ - တရားသူကြီး သည် ဆုံးဖြတ်ချက်အမိန့်များ ချမှတ်ရာတွင် ထိရောက်ပြီး မျှတမှုရှိသည့်ဆုံးဖြတ်ချက်များကို မဆိုင်းမတွ ချမှတ်ပေးခြင်းဖြစ်သော တရားရေးနှင့်ဆိုင်သည့် တာဝန်များအားလုံးကို လုပ်ဆောင် ရမည်။

## တရားလိုပြသက်သေ၏နှောင့်နှေးကြန့်ကြာမှု

တရားလိုပြသက်သေများ လာရောက်ရန် ပျက်ကွက်မှုကြောင့် အမှုရွှေ့ဆိုင်းမှုများ တပတ်ပြီး တပတ် ဖြစ်ပေါ်လာပါက တရားခံဘက်မှ ထိခိုက် နစ်နာမှုများ ဖြစ်လာနိုင်ပါသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၄၄(၁) အရ … တရားသူကြီးများ သည် တရားခံတစ်ဦးကို ၁၅ရက်အထိ ချုပ်မိန့်ပေးခြင်းနှင့် အမှုရွှေ့ဆိုင်းခြင်းများပြုလုပ်နိုင်သည်ဟု ဆိုထားသော်လည်း ထိုအရာသည် ခြွင်းချက်တစ်ခုသာဖြစ်ပြီး နည်းဥပဒေကား မဟုတ်ပါ။ ထို့ကြောင့် ထိုသို့ပြုလုပ်ခြင်းကို ရှေ့နေများမှ ကန့်ကွက်ပေးရမည်။ အမှုများ (ပြစ်မှုများ အပါအဝင်) ကို အစီစဉ်တကျ စဉ်ဆက်မပြတ် လျင်မြန်စွာ ကြားနာရန်အတွက် တရားရုံးများလက်စွဲ၌ အောက်ပါအတိုင်း ရှင်းလင်းစွာ ဖော်ပြထားပါသည်။

- တရားရုံးများလက်စွဲ အပိုဒ် ၂၄ - တရားမကျင့်ထုံးဥပဒေအမိန့် ၁၇၊ နည်းဥပဒေ ၁ ပါ ခြွင်းချက်ကို မကြာခဏ အလေးမမူ ဘဲ ရှိတတ်သဖြင့်၊ ၄င်းကို အလေးမူဂရုပြုကြစေရန် နှိုးဆော်အပ်သည်။ သက်သေခံချက်ကို စတင်ကြားနာ စစ်ဆေး သည့်အခါ၊ အမှုရွှေ့ဆိုင်းရန် အကြောင်းပြချက်များ ကြားနာစစ်ဆေးခြင်းကို တနေ့ပြီးတနေ့ ဆက်လက်ဆောင်ရွက်ရမည်။ အမှုရွှေ့ဆိုင်းရန် အကြောင်းပြချက်ရှိလျှင် ထိုအကြောင်းပြချက်များကို ရေးမှတ်ထားရမည်။ ဤနည်းဥပဒေမှာ ရာဇဝတ်မှုများနှင့်လည်း အလားတူပင် သက်ဆိုင်သည်။

- တရားရုံးများလက်စွဲ အပိုဒ် ၄၆၄ - အမှုကို စတင်စစ်ဆေးရာ၌ တဆက်တည်း ဆောင်ရွက်နိုင်စေရန်နှင့် သက်သေများ စစ်မေးခြင်းနှင့်စပ်လျဉ်း၍ သက်သေခံချက်တွင် ထွက်ဆိုမည့် ဖြစ်ပျက်ပုံကြောင်းခြင်းရာများကို အကောင်းဆုံး ထွက်ပေါ်နိုင်စေမည့် အစီအစဉ်ဖြင့် ဆောင်ရွက်နိုင်စေရန်အလို့ငှာ၊ စစ်ဆေးစီရင်ခြင်းကိုဖြစ်စေ၊ စုံစမ်းစစ်ဆေးခြင်းကို ဖြစ်စေ၊ ကာလအနည်းငယ်မျှရွှေ့ဆိုင်းရန် တခါတရံလိုအပ်မည့် အမှုများ

တွင်မှတပါး၊ တရားလိုဘက် သက်သေများ၊ သို့တည်းမဟုတ် တရားခံဘက်သက်သေများအားလုံး စုံလင်အောင် မလာမရောက်သည့်အတွက် အမှုကို ရွှေ့ဆိုင်း သည့် အလေ့အထ မရှိစေရ တားမြစ်သည်။

- တရားရုံးများလက်စွဲ အပိုဒ် ၄၆၅ - တရားလိုဘက် ရှေ့နေသော်၎င်း၊ တရားခံဘက် ရှေ့နေသော်၎င်း အမှုခေါ်သောအခါ မလာရောက်နိုင်သည့်အတွက်ဖြစ်စေ၊ အမှုကို ရာဇဝတ်တရားသူကြီးက ဆောင်ရွက်နိုင်သည့် အချိန် တလျှောက်လုံး တွင် မနေနိုင်သည့်အတွက်ဖြစ်စေ၊ အမှုရွှေ့ဆိုင်းခြင်းများမှာ အလွန်ရှိခဲစေရမည့်ပြင်၊ အမှုကို ကြားနာစစ်ဆေးမည့် နေ့၌ နာမကျန်းဖြစ်လာ၍ တရားရုံးသို့ လာရောက်ရန်သော်၎င်း၊ တရားရုံးတွင် ရှိနေရန်သော်၎င်း၊ မစွမ်းနိုင်မှသာလျှင် ထိုသို့ ရွှေ့ဆိုင်းခြင်းကို သာမန်အားဖြင့် ပြုရမည်။

- တရားရုံများလက်စွဲ အပိုဒ် ၄၆၆ - ထိုနည်းတူစွာ၊ အချိန်မရှိခြင်းကြောင့် ရက်များ အတော်ကြာလင့်အောင် အမှုကို ရွှေ့ဆိုင်း၍၊ သက်သေတို့ကို အခြားသော နေ့ရက်၌ တဖန်လာရောက်ကြရန် ပြောဆိုသည့် အလေ့အထ မရှိစေရ တားမြစ်သည်။ မိမိ၏အမှုကို ဆောလျင်နိုင်သမျှ ဆောလျင်စွာ စစ်ဆေးစီရင်ပေးစေရန် တရားခံ၌ အခွင့်အရေးရှိ ကြောင်းကို တရားရုံးအားလုံးတို့က သဘောပိုက်ထားကြရမည်။ အမှုကိုချိန်းဆိုထားသည့် နေ့ရက်တွင် စစ်ဆေးခြင်း မပြုနိုင်လျှင်၊ နောက်နေ့တွင် စစ်ဆေးနိုင်စေရန် တတ်နိုင်သမျှ အားထုတ်ရမည်။ တရားရုံးတွင် အမှုများ ပြည့်ကြပ် နေသော အချိန်အခါ၌၊ လက်အောက်ခံ ရာဇဝတ်တရားသူကြီးတို့သည် အမှုကို ပထမ စစ်ဆေးသောအခါ၌ ဖြစ်စေ၊ နောက် စစ်ဆေးသောအခါ၌ ဖြစ်စေ၊ ကြောင်းခြင်းရာအခြေအနေအရ အမှုကို ၁၅ ရက်ထက်ကျော်လွန်၍ ရွှေ့ဆိုင်းရန် မလွဲမရှောင်သာ ဖြစ်လာသည့်အခါတိုင်း၊ ခရိုင်ရာဇဝတ်တရားသူကြီးထံသို့ ချက်ခြင်းအစီရင်ခံရမည်။

- မြန်မာနိုင်ငံရှိ တရားရုံး (၈) ရုံးပါဝင်သည့် အစီစဉ်တစ်ရပ်ကို USAID မှ ရှေ့ပြေးအစီအစဉ်တစ်ရပ်အနေဖြင့် လုပ်ဆောင်ခဲ့ပါသည်။ ထိုရှေ့ပြေးအစီအစဉ်၏ အဓိကရည်ရွယ်ချက်မှာ ... တရားရုံး စီမံခန့်ခွဲခြင်းနှင့် ဆိုင်သည့် ကိစ္စရပ် များကို ကိုင်တွယ်ဖြေရှင်းရန် ဖြစ်ပါသည်။ တရားရုံးတော် ရှေ့မှောက်သို့ သက်သေများ လာရောက်ရန် ပျက်ကွက်ခဲ့ခြင်း များကြောင့် တရားခွင် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ခဲ့ကြောင်း သိရှိရပါသည်။ ရှေ့ပြေးလုပ်ဆောင်ခဲ့သည့် တရားခွင်စနစ်၌ ... အမှုတိုင်းအတွက် အချိန်ဇယားများ ရေးဆွဲပေးခဲ့ပါသည်။ ထို၌ ... အကယ်၍ သက်သေများသည် ရုံးချိန်း ၃ ချိန်းပြည့်သည့်တိုင် တရားရုံးတော် ရှေ့မှောက်သို့ လာရောက်ရန် ပျက်ကွက်ခဲ့ပါက ... ထိုသက်သေမပါဘဲ အမှု ဆက်လက် ဆောင်ရွက်ရန် တရားရုံးတော်မှ အမိန့်ထုတ်ပြန်ခဲ့ပါသည်။ ထိုသို့ တရားလိုပြ သက်သေများအပေါ် စည်းမျဉ်း ထုတ်ပြန်လိုက်သည့်အတွက် အမှုလျင်မြန်စွာ ပြီးမြောက်နိုင်ပါသည်။ သို့သော် သက်သေသည် ပြည်သူ့ဝန်ထမ်းဖြစ်ခဲ့ ပါက ထိုစည်းမျဉ်း၏ ခြွင်းချက်များကို ခံစားခွင့်ရှိမည်ဖြစ်သည်။

## တန့်နေသည့်အမှုများအား ပယ်ဖျက်ရန် တရားလွှတ်တော်ချုပ်မှ တရားသူကြီးများအား အမိန့်ထုတ်ပြန်ထားခြင်း

တရားလွှတ်တော်ချုပ်အမိန့်ကြော်ငြာစာအမှတ် ၁၁၄/၄၂၄ PTC [၂၈၅၅/၂၀၁၅] ၂ ၌ ... သက်သေ များကြောင့် နှောင့်နှေးကြန့်ကြာခြင်းများ ဖြစ်ပေါ်နေသည့်အမှုများကို တရားသူကြီးများမှ လျင်မြန်စွာ ဖြေရှင်းနိုင်ရန် ၎င်းတို့အား လုပ်ပိုင်ခွင့် အာဏာအပ်နှင်းလိုက်သည်။ အမိန့်ကြော်ငြာစာနိဒါန်း၌ ဖော်ပြထားသည်မှာ - ဥပဒေအရာရှိများနှင့် သက်သေများမှ တရားရုံးတော်သို့ လာရောက်ခြင်း မရှိခြင်းကြောင့် ရာဇဝတ်မှု အများစုတို့သည် နှောင့်နှေးကြန့်ကြာခြင်းများ ဖြစ်ပေါ်နေသည်ဟု ရေးသားထားပါသည်။ ထိုအမိန့်ကြော်ငြာစာ၌ ... ကြန့်ကြာနေသည့်အမှုများကို ပယ်ချပိုင်ခွင့် အာဏာကို တရားသူကြီးများအား အပ်နှင်းထားပါသည်။

- သမ္မန်မှုများ၌ တိုင်တန်းသူ မရောက်ရှိခဲ့လျှင် တရားသူကြီးသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၂၄၇ အတိုင်း ဆောင်ရွက်နိုင်သည်။

- ရဲမှုများ၌ တရားသူကြီးသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၄၉ အတိုင်း ဆောင်ရွက်နိုင်သည်။

- ဝရမ်းမှုများ၌ ... တရားလိုရှေ့နေ တက်ရောက်ခြင်းမရှိသည့်အပြင် ပြစ်မှုမှာလည်း တရားဥပဒေအရ ကျေအေးခွင့် ရနိုင်သည့် ပြစ်မှု ဖြစ်နေလျှင် (တိုင်တန်းသူလည်း မလာရောက်ခဲ့ပါက) ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၂၅၉ အရ ဆောင်ရွက်နိုင်သည်။

- ပုဂ္ဂလိကအမှုများ၌ ... အကယ်၍ သက်သေများသည် ရုံးချိန်း ၃ ချိန်း ပြီးသည့်တိုင်အောင် လာရောက်ခြင်း မရှိခဲ့ပါက တရားခံအား လွှတ်ပေးခြင်းနှင့် အမှုမှ ပယ်ဖျက်ပေးခြင်းတို့ကို တရားရုံးတော်က လုပ်ဆောင် ပေးရမည်။

- အများပြည်သူအမှုများ၌ ... အကယ်၍ သက်သေများသည် ရုံးချိန်း ၃ ချိန်းပြီးသည့်တိုင် မလာရောက်ခဲ့ပါက သမ္မန်စာဆင့်ထုတ်ပြီး ထိုအမှုအား ပယ်ဖျက်တော့မည့်အကြောင်းကို ရဲများမှတဆင့် သတိပေး အကြောင်းကြားရမည်။ ထိုသို့ပြုလုပ်ခြင်းသည် အမှု ပယ်ဖျက်ခြင်းမပြုခင်အတွင်း သက်သေများအား နောက်တစ်ကြိမ် ထွက်ဆိုခွင့်ပေးခြင်းပင် ဖြစ်သည်။

## တရားခွင်စစ်ဆေးစီရင်ခြင်းဆိုင်ရာ နှောင်နှေးကြန့်ကြာမှုများအတွက် နည်းဗျူဟာများ

အမှုသည်များဘက်မှ မျှတပြီး အချိန်နှင့်တပြေးညီဖြစ်သော တရားခွင်ဆိုင်ရာအခွင့်အရေးများ ရရှိနိုင်ရန် တရားခံ ရှေ့နေ များ အနေဖြင့် အောက်ဖော်ပြပါ နည်းဗျူဟာများကို ထည့်သွင်းစဉ်းစားပေးသင့်သည်။

၁။ ပထမအကြိမ် သို့မဟုတ် ဒုတိယအကြိမ်မြောက်ကြားနာခြင်း၌
ပြစ်မှုကြောင်းတရားစွဲဆိုခြင်းအတွက် သက်သေစာရင်းကို တရားခံရှေ့နေမှ စစ်ဆေးရမည်။

- သက်သေများအား အမှန်အတိုင်း ထွက်ဆိုစေရန် ဥပဒေအရာရှိနှင့် ညှိနှိုင်းဆွေးနွေးရမည်။

- သက်သေများအားလုံး၏ စပ်ဆိုင်မှုရှိခြင်း၊မရှိခြင်းကို ဆန်းစစ်ခြင်း

- ၄င်းတို့အားလုံးတို့သည် မျက်မြင်သက်သေများဖြစ်ကြပါသလား။
    - အကယ်၍ ၄င်းတို့သည် မျက်မြင်သက်သေများ မဟုတ်ခဲ့ပါက ... ထိုသူတို့အား စစ်ဆေးခြင်း မပြုပဲထားနိုင်ပါလား။
    - အမှုတွဲဆောင်ရွက်နေစဉ် ဤအဆင့်၌ သက်သေများအားလုံးကို စစ်မေးရန်လိုအပ်ခြင်း။
    - စုံစမ်းစစ်ဆေးသည့်အဆင့် နှင့် တရားခွင်စစ်ဆေးစီရင်သည့်အဆင့်တို့ရှိ တာဝန်များသည် မတူညီကြပါ။ ထို့ကြောင့် စွဲချက်မတင်မီအချိန်အတွင်း၌ သက်သေအနည်းငယ်ကိုသာ ခေါ်ဆောင်သင့်ပါသည်။
- ထိုစိန်ခေါ်မှုတိုင်းအတွက် နှုတ်ဖြင့်လျှောက်လဲတင်ပြပေးရမည်ဖြစ်ပြီး ထိုအရာများကိုလည်း တရားဝင်မှတ်တမ်း တင်ထားရန် လျှောက်ထားခြင်း။
- နှုတ်ဖြင့်လျှောက်လဲတင်ပြပြီးနောက် စာဖြင့်လျှောက်လဲတင်ပြချက်ကို တရားရုံးတော်သို့ တင်သွင်းခြင်း။
- သက်သေများအား ချိန်းဆိုခြင်းနှင့် ကြားနာခြင်းများပြုလုပ်ရာတွင် နေ့ရက်များကို အစီစဉ်တကျ သတ်မှတ်ပေးရန် တရားခံရှေ့နေများမှ တောင်းဆိုသင့်သည်။ လက်တွေ့တရားခွင်၌ လုပ်ဆောင်နေသည်များမှာ (ကနဦး တရားရုံးများ အပါအဝင်) - အပတ်စဉ်တိုင်း၌ သက်သေတစ်ဦးစီ သက်သေထွက်ဆိုနိုင်ရန် စီစဉ်ပေးခြင်းနှင့် ထိုအပတ်အပြီး နောက်အပတ်များတွင်လည်း အခြား သက်သေတစ်ဦး ထွက်ဆိုနိုင်ရန် အမှုရွှေ့ဆိုင်းပေးလေ့ရှိသည်။ အမှု၏ အစ၌ ဆက်တိုက်ကြားနာခြင်းများ ပြုလုပ်ရန် ဥပဒေကြောင်းအရလိုအပ်ကြောင်း တရားခံရှေ့နေမှ တင်ပြလာပါက ... အမှု ကြားနာခြင်းများနှင့် သက်သေများအား တက်ရောက်ပေးရန် တောင်းဆိုခြင်းများကို ပို၍ထိရောက်သော နည်းလမ်းများ အသုံးပြုပြီး တရားရုံးဝန်ထမ်းများမှ ဆောင်ရွက်ပေးရမည်။

၂။ ဒုတိယအကြိမ်မြောက်ကြားနာခြင်း၌

- ပထမအကြိမ်ကြားနာစဉ်အတွင်း သက်သေစာရင်းကို မဆွေးနွေးခဲ့ပါက ... ထိုပထမအကြိမ်ကဲ့သို့သော စိန်ခေါ်မှု မျိုးကို ဤဒုတိယအကြိမ်တွင်လည်း ထည့်သွင်းစဉ်းစားပေးပါ။
- တရားလိုသက်သေများ၏ ထွက်ဆိုချက်များကို အစီစဉ်တကျ ဆက်တိုက် ကြားနာနိုင်ရေးအတွက် တရားရုံးတော်မှ ထိရောက်မှုရှိစွာ ဆောင်ရွက်ပေးရန် နှုတ်ဖြင့်လျှောက်လဲတင်ပြပေးရမည်။

၃။ အစီစဉ်တကျ ဆက်တိုက်ကြားနာခြင်းများ

အကယ်၍ သက်သေများသည် တရားရုံးတော်ရှေ့၌ ထွက်ဆိုရန် ဆက်တိုက်ပျက်ကွက်ခဲ့ပါက ...

- သက်သေအား သမ္မန်စာဆင့်ဆိုပေးရန် တရားသူကြီးထံသို့ လျှောက်ထားရမည်။
- သက်သေအား ဖမ်းဝရမ်းထုတ်ဆင့်ပေးရန် တရားသူကြီးထံသို့ လျှောက်ထားရမည်။
- သက်သေ၏ ပျက်ကွက်ခြင်းအတွက် ကြောင်းကျိုးဆီလျော်သော အကြောင်းရင်းများ ရှိမရှိကို သိရှိဆုံးဖြတ်နိုင်ရန် အဆိုပါသက်သေ၏ ကြီးကြပ်သူအား သမ္မန်စာထုတ်ဆင့်၍ ဆင့်ခေါ်ပေးရန် တရားသူကြီးထံသို့ လျှောက်ထား ခြင်း။

ကြည့်ရန် --- မြန်ဆန်သော တရားခွင်စစ်ဆေးခြင်းဆိုင်ရာ အပိုင်း။

တရားသူကြီးဘက်မှ သမ္မန်စာနှင့် ဝရမ်းများ ထုတ်ဆင့်ပြီးသော်လည်း သက်သေများမှ တက်ရောက်ရန် ပျက်ကွက်ခဲ့ပါက...

- အကယ်၍ ထိုအမှုသည် ကျေအေးခွင့်ရှိသော အမှုဖြစ်ခဲ့ပါက ... အဆိုပါ သက်သေများအား ပယ်ပေးပါရန် တရားသူကြီးထံသို့ တောင်းပန်လျှောက်ထားရမည်။

- တရားသူကြီးမင်းသည် သူ/သူမ၏ တရားခွင်ကို စီမံခန့်ခွဲပိုင်ခွင့်အာဏာရှိသူဖြစ်သည့်အလျောက် ... သက်သေများ အားလည်း ပယ်ရန် ၄င်း၌ အခွင့်အာဏာရှိကြောင်းကို လျှောက်ထားရန်။

ထွက်ဆိုခြင်းမရှိသည့် သက်သေများအား သမ္မန်စာနှင့်/သို့မဟုတ် ဝရမ်းများ ထုတ်ဆင့်ရန် တရားသူကြီးဘက်မှ ပျက်ကွက်ခဲ့ ပါက ...

- တရားသူကြီး၏ ထိုသို့ ပျက်ကွက်ခဲ့ခြင်းအကြောင်းကို စည်းကမ်းထိန်းသိမ်းရေးကော်မတီသို့ သင်မှ တိုင်တန်းမည် ဖြစ်ကြောင်း လျှောက်ထားပါ။
- သမ္မန်စာ (သို့) ဝရမ်းများ ထုတ်ဆင့်ရန် တရားသူကြီးမင်း၏ ပျက်ကွက်ခြင်းအတွက် ပြင်ဆင်ခွင့် လျှောက်ထားရန်။
- အမှုကို တရားရုံး ပြောင်းပေးပါရန် အသနားခံခြင်း။

၄။ မြန်ဆန်သော စစ်ဆေးစီရင်ခြင်းများ ရရှိနိုင်ရန် တရားခံရှေ့နေများဘက်မှ ပြုလုပ်ပေးနိုင်မည့် နည်းလမ်းများ

- ပြန်ခေါ်ရသည့်သက်သေများအရေအတွက်ကို လျှော့ချနိုင်ရန် စုံစမ်းစစ်ဆေးသည့်အဆင့်၌ တရားလိုပြသက်သေ တစ်ဦးချင်းစီအား ပြန်လှန်စစ်မေးခြင်း။

ထိုသို့ စစ်မေးပြီးနောက် ... သင့်အမှုသည်အတွက် အမှန်တကယ်လိုအပ်မည့် သက်သေများကိုသာ ပြန်ခေါ်ရန်။

## သက်သေများအား သမ္မန်စာထုတ်ဆင့်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ

တရားလိုသက်သေများ၏ ပျက်ကွက်မှုများကြောင့် အမှု၌ နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ခဲ့ပါက ... ထိုသက်သေများအား သမ္မန်စာ ထုတ်ဆင့်၍ ဆင့်ခေါ်ပေးရန် တရားခံရှေ့နေများမှ တရားရုံးတော်သို့ တောင်းပန်လျှောက်ထားနိုင်သည်။ ထိုသို့ ပြုလုပ်ခြင်းသည် တရားလိုပြသက်သေမှ တရားရုံးတော်သို့ လာရောက် ထွက်ဆိုမည်ကို တရားခံရှေ့နေမှ အလိုလိုနားလည် ပြီးဖြစ်သည်။ တရားခံရှေ့နေများအနေဖြင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ အမိန့်ကြော်ငြာစာအတိုင်း တရားသူကြီးများမှ လိုက်နာဆောင်ရွက်ပေးရန် တောင်းဆိုနိုင်သည်။ သမ္မန်စာများ ထုတ်ဆင့်ရမည့် လုပ်ထုံးလုပ်နည်းများမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၆၈(၁) - ဤဥပဒေအရ တရားရုံးတစ်ရုံးက ထုတ်ဆင့်သည့် သမ္မန်စာမှန်သမျှသည် စာဖြင့် ရေးသားထားသည့် မိတ္တူနှစ်စောင် ဖြစ်စေရမည့်အပြင် ထိုတရားရုံး၏ အကြီးအကဲအရာရှိကဖြစ်စေ၊ တရား လွှတ်တော်က အခါအားလျော်စွာ နည်းဥပဒေဖြင့် သမ္မန်စာချအပ်ရန် ညွှန်ကြားခံရသည့်အရာရှိကဖြစ်စေ လက်မှတ် ရေးထိုးပြီး ရုံးတံဆိပ်ခတ်နှိပ်ရမည်။

- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၆၈ (၂) ယင်းသမ္မန်စာကို ရဲအရာရှိတစ်ဦးက ချအပ်ရမည်။ သို့မဟုတ် နိုင်ငံတော် သမ္မတက ဤကိစ္စအလို့ငှာ သတ်မှတ်သည့် နည်းဥပဒေများနှင့် မဆန့်ကျင်စေဘဲ သမ္မန်စာထုတ်ဆင့်သည့် တရားရုံးမှ အရာရှိတစ်ဦးကဖြစ်စေ၊ အခြားပြည်သူ့ဝန်ထမ်းကဖြစ်စေ ချအပ်ရမည်။

- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၉၀ - ဂျူရီလူကြီးများမှတစ်ပါး မည်သူမဆို တရားရုံးသို့ ရောက်ရှိစေရန် ဤဥပဒေအရ သမ္မန်စာထုတ်ဆင့်ပိုင်ခွင့် ပေးအပ်ထားသည့် မည်သည့်အမှု၌မဆို --- သမ္မန်စာ မထုတ်ဆင့်မီဖြစ်စေ၊ သမ္မန်စာ ထုတ်ဆင့်ပြီးသော်လည်း တရားရုံးသို့ လာရောက်ရန် သတ်မှတ်ထားချိန် မတိုင်မီတွင်ဖြစ်စေ၊ ထိုသူသည် ထွက်ပြေး တိမ်းရှောင်သွားပြီးဖြစ်ကြောင်း၊ သို့မဟုတ် သမ္မန်စာကို လိုက်နာလိမ့်မည် မဟုတ်ကြောင်း တရားရုံးက ယုံကြည်ရန် အကြောင်းရှိလျှင်၊ သို့မဟုတ်၊ အဆိုပါ

သတ်မှတ်ထားသည့်အချိန်တွင် ထိုသူသည် ရောက်ရှိရန် ပျက်ကွက်နေပြီး၊ သမ္မန်စာအတိုင်း လာရောက်ရန် သမ္မန်စာကို ထိုသူ့ထံ အချိန်မီ နည်းလမ်းတကျ ချအပ်ပြီးကြောင်း ထင်ရှား၍ ထိုကဲ့သို့ ပျက်ကွက်မှုအတွက် ယုတ္တိရှိသည့် အကြောင်းပြချက်မပေးနိုင်လျှင် ... တရားရုံးသည် မိမိ၏ အကြောင်းပြချက်များကို ရေးမှတ်လျက် ထိုသူအား ဖမ်းဆီးရန် ဝရမ်းထုတ်နိုင်သည်။

အထောက်အထား ခိုင်လုံခြင်းမရှိသည့်အမှုများကို ပယ်ပိုင်ခွင့်အာဏာသည် တရားသူကြီးများ၌ ရှိကြောင်းကို ရှေ့နေများမှ သတိပြုရန် လိုအပ်ပါသည်။

- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ၂၀၉ (၂) - အမှုကို စစ်ဆေးစီရင်ဆဲ၌ စွပ်စွဲချက်သည် အခြေအမြစ်မရှိဟု ၎င်းရာဇဝတ် တရားသူကြီးက ထင်မြင်သည့်အခါ ထိုသို့ထင်မြင်သည့်အကြောင်းကို ၎င်းရာဇဝတ် တရားသူကြီးက ရေးမှတ်၍ တရားခံအား စွဲချက်မတင်မီ လွှတ်လိုက်ခြင်းသည် ဤပုဒ်မပါ မည်သည့် အချက်အရမျှ တားမြစ်သည်ဟု မှတ်ယူ ခြင်း မရှိစေရ။

## သက်သာခွင့်များ

သက်သာခွင့်များဆိုင်ရာအပိုင်းကို ကြည့်ပါ။
အထက်ဖော်ပြပါ လျှောက်ထားချက်များကို ငြင်းဆန်ခဲ့ပါက ... တရားခံရှေ့နေများအနေဖြင့် တရားလွှတ်တော်၏ ပြန်လည် သုံးသပ်ခြင်းများကို ရရှိနိုင်ရန် ... ပြင်ဆင်ခြင်း၊ စာချွန်တော်လျှောက်ထားခြင်း သို့မဟုတ် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၉၁ ၌ ဖော်ပြထားသည့် ရှေ့တော်သွင်းစာချွန်တော်၏ အမိန့်အာဏာကို အသုံးပြုရမည်။

(၁) သင့်လျော်ပါက ... တရားလွှတ်တော်မှ အောက်ပါအတိုင်း ညွှန်ကြားနိုင်သည်။

(က) ပြစ်မှုဆိုင်ရာ အယူခံစီရင်ပိုင်ခွင့်အတွင်း၌ ရှိသူအား ဥပဒေအရ ဖြေရှင်းပေးရန် တရားရုံးတော် ရှေ့မှောက်သို့ ခေါ်ဆောင်လာပေးရမည်။

(ခ) အစိုးရ သို့မဟုတ် ပုဂ္ဂလိကအမှုဖြင့် ချုပ်နှောင်ထားခံရသူများအား တရားမဝင် သို့မဟုတ် မလျော်ကန်စွာ ထိန်းသိမ်းထားရှိပါက ထိုသူများအား လွှတ်မြောက်ခွင့် ပေးရမည် ...

# အာမခံ

ယေဘုယျအားဖြင့် ... ပြစ်မှုဆိုင်ရာတရားခံရှေ့နေများသည် တရားခံပုဂ္ဂိုလ်များ ဆောလျင်စွာ လွတ်မြောက်လာနိုင်ရေး အတွက် ရဲများသို့လည်းကောင်း၊ ရမန်ကြားနာသည့်ကာလများ၌လည်းကောင်း၊ စုံစမ်းစစ်ဆေးသည့် အဆင့်နှင့် တရား စစ်ဆေးစီရင်သည့် အဆင့်များ၌လည်းကောင်း အရေးဆိုတင်ပြပေးရမည်။ အာမခံပေးခြင်းသည် ယေဘုယျအားဖြင့် ပေးအပ်ထားသည့် အခွင့်အရေးတစ်ရပ်ပင် ဖြစ်ပါသည်။ အပြစ်မရှိဟု မှတ်ယူခြင်းသည် မူဖြစ်သည်။ ချုပ်နှောင်ခြင်းသည် ခြွင်းချက်ဖြစ်သည်။ ဥပဒေမဟုတ်ပါ။

- ချုပ်နှောင်ခြင်းသည် လုပ်ရိုးလုပ်စဥ်ဖြစ်သော လုပ်ရပ်တခု မဖြစ်သင့်ပါ။ ရဲလက်စွဲ ၁၇၈၅
- အာမခံပေးခြင်းသည် ယေဘုယျအားဖြင့်ပေးအပ်ထားသည့် အခွင့်အရေးတစ်ရပ်ပင် ဖြစ်သည်။ "စွပ်စွဲခံရသူ တရားခံအား အပြစ်ကင်းစင်သူနှင့် အပြစ်မရှိသူအဖြစ် မိမိတို့မှ မှတ်ယူရမည်။" (ဦးဟုစိန်ဘတ်ခန် နှင့် ပြည်ထောင်စု ၁၉၆၀၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ နှာ ၁၉၂။ ငဖိုးညာဏ်နှင့် ဘုရင်ကေရာဇ်၊ အောက်မြန်မာပြည် စီရင်ထုံး အတွဲ ၂၊ စာ ၇၆၊ သက်ဆိုင်ရာစာမျက်နှာ ၇၉ ။
- အာမခံလျှောက်ထားခြင်း၌ စောသည်ဟူ၍ မရှိပါ။ မည်သည့်အချိန်၌မဆို အာမခံလျှောက်ထားနိုင်သည်။ မောင်လူမင်းနှင့် ပြည်ထောင်စု၊ ၁၉၅၆ မြန်မာနိုင်ငံစီရင်ထုံး၊ နှာ ၁၁၂ (တရားလွှတ်တော်)။
- နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊ ၉ (၃) - တရားကြားနာမှုအား စောင့်စားနေကြသော တရားခံများအား ဖမ်းဆီးချုပ်ထားခြင်းသည် ယေဘုယျအားဖြင့် လိုက်နာရသည့် လုပ်ရိုးလုပ်စဥ်မဟုတ်ပါ။ သို့သော် တရားခံက တရားခွင်သို့ လာရောက်အစစ်ဆေးခံရန် လိုအပ်သည့်အခါတိုင်း လာရောက်စစ်ဆေးခံမည် ဟူ၍လည်းကောင်း၊ စီရင်ချက်ချမှတ်သည့်အခါတွင်လည်း တရားခွင်သို့ လာရောက်မည်ဟုလည်း အာမခံလျှင် ၎င်းအား ချုပ်နှောင်ထားခြင်းမှ လွှတ်ပေးရမည်။

## အာမခံပေးနိုင်သောအမှုများနှင့် အာမခံမပေးနိုင်သောအမှုများ

မြန်မာနိုင်ငံ၏ ရာဇဝတ်မှုဆိုင်ရာစွဲချက်များကို အာမခံပေးနိုင်သောအမှုများနှင့် အာမခံမပေးနိုင်သောအမှုများဟူ၍ ခွဲခြား ထားပါသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ ဇယား ၂၊ ကော်လံ ၅ကို ကြည့်ပါ။

အာမခံပေးနိုင်သောအမှုများကို အပြစ်ဒဏ် သုံးနှစ် သို့မဟုတ် သုံးနှစ်အောက် ချမှတ်လေ့ရှိပါသည်။ စုံစမ်းထောက်လှမ်းနေ သည့် အဆင့်၌ပင် ပြစ်မှုများကို ဆုံးဖြတ်နိုင်ပါက စွပ်စွဲခံရသူများအား လွှတ်ပေးသင့်သည်။ ရဲလက်စွဲ အပိုဒ် ၁၇၈၅

အာမခံ မပေးနိုင်သောအမှုများကိုကား သုံးနှစ်ထက်ပိုသောအပြစ်ဒဏ် သို့မဟုတ် သေဒဏ် ပေးလေ့ရှိသည်။

- အာမခံပေးနိုင်သည့်အမှုများ၌ ရဲအရာရှိများမှ အာမခံပေးနိုင်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၇၀ (၁)
- သေဒဏ် သို့မဟုတ် တကျွန်းဒဏ် မထိုက်သောအမှုများတွင် အာမခံပေးနိုင်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၇(၁)
- အားနည်းသောသက်သေခံချက်ဖြစ်နေလျှင်လည်း အာမခံပေးနိုင်သည်။ တရားရုံးများလက်စွဲ ၄၈၁ (၁)

- တရားရုံးများလက်စွဲ အပိုဒ် ၄၈၁ ၏ အင်္ဂလိပ်ဘာသာဖြင့်ရေးသားချက်၌ "အကယ်၍ ထိုသူ၌ ပြစ်မှု အတွက် အပြစ်ရှိသည်ဟု ယုံကြည်ရန် သင့်တော်သော အကြောင်း ယုတ္တိရှိပုံ ပေါ်ပေါက်ပါက ခံဝန်နှင့် လွှတ်ခြင်း မပြုရ" ဟူရေးသားထားခြင်းကြောင့် ခံဝန်နှင့်လွှတ်ခြင်းကို ပို၍ တင်းကျပ်စွာ ဖော်ပြထား သည်ကို တွေ့နိုင်သည်။ သို့သော် ထိုတရားရုံးလက်စွဲ မြန်မာဘာသာ၌ကား "သေဒဏ် သို့တည်းမဟုတ် တသက်တကျွန်း ပို့ဒဏ်ထိုက်သော ပြစ်မှုအတွက် အပြစ်ရှိသည်ဟု ယုံကြည်ရန် သင့်တော်သော အကြောင်းယုတ္တိ ရှိပုံပေါ်လျက်၊ ထိုသူအား ခံဝန်နှင့် လွှတ်ခြင်း မပြုရ" ဟု ရေးသားဖော်ပြထားပါသည်။ ထို့ကြောင့် မြန်မာဘာသာဖြင့် ရေးသားဖော်ပြချက်သည် လတ်တလော ဆုံးဖြတ်ချက်များအပေါ် အခြေခံ၍ ဖြည့်စွက်ထားကြောင်း သိရှိနိုင်သည်။
- အဆိုပါ ပြစ်မှုမျိုးဖြင့် စွပ်စွဲခြင်းခံရသည့် အသက်တစ်ဆယ့်ခြောက်နှစ်အောက်ရှိသူ မည်သူကိုမဆို၊ သို့မဟုတ် မည်သည့်အမျိုးသမီးကိုမဆို၊ သို့မဟုတ် ဖျားနာနေသော သို့မဟုတ် ချည့်နဲ့နေသော မည်သူ့ကိုမဆို အာမခံဖြင့် လွှတ်ထားရန် တရားရုံးက ညွှန်ကြားနိုင်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၉၇ (၁)

အရေးပါသည့် ခြွင်းချက်များ - ရာဇသတ်ကြီးဥပဒေပုဒ်မ ၄၀၆ - ရာဇဝတ်မှုမကင်းသော ယုံကြည်အပ်နံ့ရေး ဖောက်ဖျက်မှု ကို ကျူးလွန်လျှင် ထိုသူကို သုံးနှစ်အထိသာ ထောင်ဒဏ်ချမှတ်နိုင်သော်လည်း ထိုအမှုသည် အာမခံမရနိုင်သည့် အမှု ဖြစ်ပါ သည်။ ရာဇသတ်ကြီးဥပဒေပုဒ်မ ၄၂၀ - လှည့်ဖြားခြင်း၊ ထိုပြစ်မှုအတွက် ထောင်ဒဏ် ခုနစ်နှစ်ထိ ချမှတ်နိုင်သော် လည်း ယင်းအမှုသည် အာမခံပေးနိုင်သော အမှုဖြစ်သည်။ အထက်ပါ ဆင်တူသော ပြစ်မှုများသည် ရှေ့နေများမှ အရေးဆို တင်ပြခြင်းများကို ပေးစွမ်းနိုင်သော်လည်း ... တခါတရံတွင် ရဲများမှ ၎င်းတို့၏ ဆုံးဖြတ်ခွင့်အာဏာကို လွဲမှားစွာ အသုံးပြု နေသည်ကိုလည်း တွေ့ရသည်။

## လုပ်ထုံးလုပ်နည်း

### အာမခံပေးနိုင်သော အမှုများ

- ရဲမှ ဖမ်းဆီးလိုက်လျှင် ဖမ်းဆီးလိုက်ချင်း ထိုဖမ်းဆီးလိုက်သူအား လွှတ်ရန် ဆောင်ရွက်သင့်သည်။
- ကနဦးအာမခံပေးရာတွင်လည်း ရဲစခန်းမှ စခန်းမှူးကိုယ်တိုင်ကသာ အာမခံပေးနိုင်သည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၇၊ ဦးအောင်ကြည်ပါ ၂ နှင့် ပြည်ထောင်စု၊ ၂၀၀၁၊ မြန်မာနိုင်ငံစီရင်ထုံး နှာ ၁၁၃။ ရဲလက်စွဲ ၁၁၁၅ (ဇ)၊ ပုဒ်မ ၆၀၊ ၁၆၉ ၊ ၁၇၀၊ ၄၉၆ နှင့် ၄၉၇ တို့ကို ကြည့်ပါ။
- "အာမခံပေးခွင့်ရသည့် အမှုများတွင် အာမခံမှာ အခွင့်အရေးအလျောက် ရထိုက်သည်ဖြစ်သည်။ အာမခံပေးသူအရာရှိ က ကြည့်ရှုစောင်မလိုသော သဘောရှိမှ ရထိုက်သည် မဟုတ်ချေ။ အချုပ်ထောင်တွင် ချုပ်ထားရန် မူလဆိုလိုရင်း မဟုတ်၍ အာမခံမပေးနိုင်မှ ချုပ်ထားရန်ဖြစ်သည်။ တောင်းဆိုသည့်အာမခံမှာ မများလွန်းစေရ၊ တရားခံကို အာမခံသူ ရှိမရှိနှင့် ပြစ်မှုကြီးငယ်များကို ထောက်၍ သတ်မှတ်ရမည်။" ရဲလက်စွဲ အပိုဒ် ၁၇၈၅။

## အာမခံမပေးနိုင်သောအမှုများ

- ရှေ့နေများသည် ... အာမခံလျှောက်ထားခြင်းကို ၂၄နာရီအတွင်း မြန်နိုင်သမျှမြန်မြန် ဆောင်ရွက်ပေးရမည်။
- တရားရုံး၏ ခွင့်ပြုချက်မရရှိက နိုင်ငံသားတစ်ဦးကို ၂၄ နာရီထက် ကျော်လွန်၍ ချုပ်နှောင်ထားခြင်း မရှိစေရ။ မြန်မာ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁ နှင့် ၃၇၆။
- အာမခံကြားနာခြင်းနှင့်သက်ဆိုင်သည့် အကြောင်းကြားစာကို စွပ်စွဲခံရသူတိုင်းက ရရှိခွင့်ရှိပြီး အဆိုပါအာမခံကြားနာ ရာတွင်လည်း ကြားနာခွင့်ရှိသည်။ ကောင်းမွန်စွာပြုမူနေထိုင်ရန် ကတိပြုသည့် ကြားနာခွင့်ကိုလည်း သူ့အား အကြောင်းကြားရမည်ဖြစ်ပြီး ထိုအကြောင်းကြားထားသည့်နေ့၌ အဆိုပါ ကြားနာခြင်းကို ကြားနာစေရမည်။ ထိုသို့ မဟုတ်ပါက ထိုအမိန့်စာ ပျက်ပြယ်မည်ဖြစ်သည်။” ငနောင် နှင့် ဘုရင်ဧကရာဇ်၊ အောက်မြန်မာပြည် စီရင်ထုံး၊ အတွဲ ၃၊ နာ ၄၃။
- အကယ်၍ တရားသူကြီးက စုံစမ်းထောက်လှမ်းမှု၊ စုံစမ်းစစ်ဆေးမှု၊ သို့မဟုတ် စစ်ဆေးစီရင်မှု၏ မည်သည့်အဆင့်၌ မဆို စွပ်စွဲခံရသူသည် အာမခံမပေးနိုင်သည့် ပြစ်မှုတစ်ရပ်ကို ကျူးလွန်ခဲ့သည်ဟု ယုံကြည်ရန် သင့်လျော်သော အကြောင်းများ မရှိသော်လည်း ထိုသူ၏ ပြစ်မှုကို ဆက်လက်စုံစမ်းစစ်ဆေးရန် လုံလောက်သော အကြောင်းများ ရှိသည်ဟု ထင်မြင်လျှင် စွပ်စွဲခံရသူကို အဆိုပါ စုံစမ်းစစ်ဆေးမှုအတွင်း၌ အာမခံဖြင့် လွှတ်ထားစေရမည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ၄၉၇။
- တရားရုံးသည် ဥပဒေအရာရှိ၏ ဖြည့်စွက်ချက်ကို မလိုအပ်သည့်အလျောက် ၎င်းတို့၏ ပြောဆိုချက်များ ကိုလည်း ထည့်သွင်း စဉ်းစားရန် မလိုအပ်ပါ။ ကျော်မြင့်နှင့် အစိုးရ၊ ၂၀၀၂၊ မြန်မာနိုင်ငံ စီရင်ထုံး၊ နာ ၁၂၄။
- ချုပ်နှောင်ခြင်းကို တားဆီးရန်အတွက် အာမခံကို အသုံးမပြုသင့်ပါ။ အောက်တရားရုံးများသည် ပြစ်မှုကျူးလွန်လေ့ရှိ သော ယေဘုယျသတင်းကို အခြေခံ၍ ခံဝန် မတောင်းဆိုသင့်ပါ။ ငရွှေရွဲ နှင့် ဘုရင်၊ အောက်မြန်မာပြည်စီရင်ထုံး အတွဲ ၁၊ နာ ၇၁။ သက်ဆိုင်ရာ စာမျက်နှာ (၇၅)၊ ဘုရင်နှင့် ငငြိမ်း၊ အောက်မြန်မာပြည်စီရင်ထုံး စာမျက်နှာ ၉၀ ကိုလည်း ကြည့်ပါ။

## အာမခံ ပုံစံ

### မိမိကိုယ်တိုင် ပြန်လာမည်ဟူသော ကတိပေးချက်ကြောင့် လွှတ်ပေးခြင်း။

ထိုသို့လွှတ်ပေးရာ၌ ငွေကြေး သို့မဟုတ် အာမခံ သို့မဟုတ် အာမခံသူများ မလိုအပ်ပါ။ စွပ်စွဲခံရသူများသည် တရားရုံး တော်သို့ ၎င်းတို့ကိုယ်တိုင် ပြန်လာမည်ဟူသည့် အကြောင်းအချက်ကို ပြသနိုင်ရန် တရားခံ သက်သေများမှ ရှာဖွေကြရမည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၉၇။ ရဲမှစုံစမ်းထောက်လှမ်းမှု ပြုလုပ်နေစဉ် အတွင်း ... စွပ်စွဲခံရသူမှ ရဲစခန်းသို့ အပတ်စဉ် သတင်းပို့ထားသည့် အစီရင်ခံစာကို တရားသူကြီးမင်းမှ လိုအပ်ကောင်း လိုအပ်နိုင်သည်။ ထိုသို့သော အခြေအနေများတွင် ... အမှုနှင့်သက်ဆိုင်သည့် အကြောင်း အရာများကို ရဲထံသို့ မပြောမိစေရန် တရားခံရှေ့နေမှ ၎င်း၏အမှုသည်အား အကြံပြုပြောကြားထားရမည်။ စုံစမ်းထောက်လှမ်းနေစဉ်နှင့် တရားစစ်ဆေးစီရင်နေစဉ်အတွင်း အမှုများကို တပတ်ပြီး တပတ် ရွှေ့ဆိုင်းနေခြင်းသည် ထိုအမှုအား လျစ်လျူရှု ပယ်ဖျက်ရန် လုံလောက်သော အကြောင်းရင်းဖြစ်လာနိုင်ပါသည်။

- အာမခံပေးခြင်းများကို လွန်ကဲစွာ မလုပ်ဆောင်သင့်ပါ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၈။
- အာမခံရရှိရန် ငွေကြေးကို အသုံးပြုနိုင်ရုံတင်မက ... တရားရုံးတော်ရှေ့မှောက်သို့ စွပ်စွဲခံရသူအား ထိုကဲ့သို့ ဆက်လက် လာရောက်စေပါမည်ဟု တာဝန်ယူသည့် တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော

လုံလောက်သည့် အာမခံများအားလည်းကောင်း ချုပ်ဆိုစေခြင်းဖြင့်လည်း အာမခံရရှိနိုင်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၉ နှင့် ၄၉၆။

- အကယ်၍ အမှုသည်မှ ထွက်ပြေးတိမ်းရှောင်သွားခဲ့လျှင် ခံဝန်ချုပ်ပါ ဒဏ်ကြေးအားလုံးကို (စွပ်စွဲခံရသူ၏) အရင်းခံ လူထံမှ ဖြစ်စေ၊ ခံဝန်သူတစ်ဦးဦးထံမှဖြစ်စေ တောင်းခံနိုင်သည်။ တရားရုံးများ လက်စွဲ အပိုဒ် ၅၂၃။
- ဥပဒေအရ အာမခံသူ တစ်ဦးသာ လိုအပ်သည်။ နှစ်ဦးမလိုအပ်ပါ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၉ (၁)။
- တရားသူကြီးများသည် အာမခံသူအဖြစ် ဆောင်ရွက်ပေးလိုသူများထံမှ ၎င်းတို့၏ ကိုယ်ပိုင်အိမ်၊ မိသားစုစာရင်း သို့မဟုတ် မှတ်ပုံတင်စာရွက်စာတမ်း၊ နိုင်ငံသားဖြစ်မှုဆိုင်ရာစာရွက်စာတမ်းများ၊ နှင့် သက်ဆိုင်ရာမြို့နယ်တွင် နေထိုင်ကြောင်း သက်သေခံပေးမည့် ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ သက်သေခံ ချက်များ စသည်တို့ကို တောင်းခံလေ့ ရှိသည်။ ထို့အပြင် ၎င်းတို့၏ တောင်းဆိုချက်ထဲ၌ ... အာမခံ ပေးလိုသူသည် အိမ်ထောင်ဦးစီးဖြစ်ရမည်ဟူသော အချက်လည်း ပါဝင်နေပြန်ပါသည်။ အထက် ဖော်ပြပါအကြောင်းအရာများသည် ဥပဒေထဲ၌ ဖော်ပြထားခြင်း မရှိပါ။ ထို့ကြောင့် ထိုသို့သော တရားမဝင်သည့် ကန့်သတ်ချက်များအပေါ် ရှေ့နေများဘက်မှ လျှောက်လဲချက်များ တင်ပြပေးရန် လိုအပ်ပါသည်။ ကြည့်ရန် --- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၈ (၁) နှင့် (၂) အရ။
- အကယ်၍ စွပ်စွဲခံရသူအတွက် အာမခံပေးနိုင်မည့်သူ တစ်စုံတစ်ဦးမျှ မရှိပါက ... ပြင်ပမှ အာမခံ ပေးသူအား ငွေကျပ် (၁၀၀၀၀ မှ ၅၀၀၀၀ ကျပ်အထိ) ပေးပြီး ငှားရမ်းရမည် ဖြစ်သည်။

## အာမခံပေးခြင်းကို ပြန်လည်သုံးသပ်ခြင်းနှင့် အယူခံခွင့်ဆိုင်ရာအခွင့်အရေးများ

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၈ ကို ကြည့်ပါ။

ပြစ်မှုထင်ရှားစီရင်ခြင်း မပြုမီအချိန်အထိ တရားလွှတ်တော် သို့မဟုတ် ခရိုင်တရားရုံးသည် လူတစ်ဦးတစ်ယောက် အပေါ် အာမခံ ခွင့်ပြုပေးခြင်းနှင့် ရဲ သို့မဟုတ် တရားသူကြီးမှ ပေးအပ်ထားသည့် အာမခံကို လျှော့စေရန် လုပ်ဆောင်နိုင်သည်။
ရှေ့နေအဖြစ်ဆောင်ရွက်သူသည် အဆင့်မြင့်တရားရုံး၌ အထွေထွေအရေးယူဆောင်ရွက်ခြင်း တစ်ရပ်ကို လုပ်ဆောင်ရမည်။ ထိုသို့ ပြုလုပ်ခြင်းအတွက် ဥပဒေအရာရှိအား အကြောင်းကြားရန် မလိုပါ။ ထိုကဲ့သို့ အယူခံတင်ခြင်း၏ အားနည်းချက်မှာ ... ဆုံးဖြတ်ချက်မချခင် အချိန်ထိတိုင်အောင် ယင်းအမှု ရပ်ဆိုင်းသွားနိုင် သည်။ ထို့ကြောင့် နောက်ဆက်တွဲ အနေဖြင့် နှောင့်နှေး ကြန့်ကြာမှုများလည်း ဆက်လက်ဖြစ်ပွားသွားနိုင်သည်။

## အာမခံ ရုပ်သိမ်းခြင်း

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၉၇ ကို ကြည့်ပါ။

တရားလွှတ်တော် သို့မဟုတ် ခရိုင်တရားရုံးသည် စွပ်စွဲခံရသူအား ပေးထားသည့် အာမခံကို ပြန်လည် ရုပ်သိမ်းပိုင်ခွင့်ရှိ သကဲ့သို့ အဆိုပါစွပ်စွဲခံရသူအား ဖမ်းဆီးရန်နှင့် ချုပ်နှောင်ထားရန်လည်း အမိန့်ချမှတ်နိုင်ပါ သည်။ ထိုသို့ ပြုလုပ်နိုင်မည့် အကြောင်းအရင်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

- စွပ်စွဲခံရသူသည် တူညီသောပြစ်မှုတစ်ခုကို နောက်တကြိမ် ထပ်မံကျူးလွန်သည့်အခါ၊

- စွပ်စွဲခံရသူသည် တရားရုံး၏ စစ်ဆေးစီရင်ခြင်းကို အနှောက်အယှက်ပေးသည့်အခါ၊
- သက်သေများအား အနှောင့်အယှက်ပေးသည့်အခါ၊
- နိုင်ငံမှ ထွက်ခွာသွားသည့်အခါ၊
- ဝေးလံခေါင်သီသောနေရာများ၌ သွားရောက်နေထိုင်သည့်အခါ၊
- စွပ်စွဲခံရသူသည် တရားလိုအား လက်တုံ့ပြန်သည့်အခါ၊ (တရားလိုဘက်မှ ကျမ်းကျိန်လွှာကို တင်သွင်းရမည်။)

## အာမခံရုပ်သိမ်းရန် ကျင့်ထုံးများ

- အရွယ်မရောက်သူကို ခံဝန်ချုပ် ချုပ်ဆိုစေရန် လိုအပ်သည့်အမှု အရပ်ရပ်တွင် ထိုအရွယ်မရောက်သူကို ခံဝန်ချုပ် ချုပ်ဆိုစေမည့်အစား၊ ခံဝန်သူတစ်ဦးကဖြစ်စေ၊ အများကဖြစ်စေ၊ ချုပ်ဆိုသည့် ခံဝန်ချုပ်ကို သာလျှင် လက်ခံနိုင် သည်။ တရားရုံးများလက်စွဲ အပိုဒ် ၅၂၁ (၁)
- အကယ်၍ အမှုကို လွှဲပြောင်းလိုက်သည့်အခါ ... ယင်းအမှုကို ကိုင်တွယ်မည့် တရားရုံးအသစ်သည် ၄င်းတရားခံ ထံမှ ခံဝန်ချုပ်အသစ်တစ်ရပ်ကို ရယူရမည်။ တရားရုံးများလက်စွဲ၊ ၅၂၁ (၂)

## ကမ္ဘာလုံးဆိုင်ရာစံချိန်စံညွှန်းများ -

- ကမ္ဘာ့လူ့အခွင့်အရေးကြေငြာစာတမ်း၊ ပုဒ်မ ၉ - မည်သူမျှ မတရားဖမ်းဆီးခြင်း၊ မတရားချုပ်နှောင်ခြင်း၊ မတရား ပြည်နှင်ခြင်း မခံစေရ။
- ကလေးအခွင့်အရေးဆိုင်ရာစာချုပ်၊ ပုဒ်မ ၃၇(ခ) - မည်သည့်ကလေးတယောက်၏ လွတ်လပ်ခွင့်ကိုမှ တရားမဝင်နှင့် စိတ်ထင်တိုင်း ရုပ်သိမ်း၍ မရပေ။ ကလေးတယောက်အား ဖမ်းဆီးခြင်း ချုပ်နှောင်ခြင်းနှင့် ထောင်သွင်းအကျဉ်းချခြင်း တို့သည် ဥပဒေနှင့်အညီ ဖြစ်ရမည်ဖြစ်သည်။ ထို့ပြင် ထိုသို့ လုပ်ဆောင်မှုသည် အခြားနည်းများမရှိတော့၍ နောက်ဆုံး နည်းအဖြစ်လုပ်ဆောင်ရခြင်းဖြစ်ရမည်ဖြစ်ပြီး ထိုသို့လုပ်ဆောင်သော အချိန်မှာလည်း သင့်လျော်သလောက် အချိန်တို နိုင်သမျှ အတိုဆုံး ဖြစ်ရမည်။
- နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊ ပုဒ်မ ၉ -
  (၃) တစ်စုံတစ်ဦးအား ရာဇဝတ်ကျူးလွန်ကြောင်းစွဲဆိုချက်ဖြင့် ဖမ်းဆီးခြင်းသော်လည်းကောင်း၊ ထိန်းသိမ်းခြင်းသော်လည်းကောင်း ပြုလုပ်ပါက ၄င်းအား တရားသူကြီးတစ်ဦး သို့မဟုတ် တရားစီရင်ပိုင်ခွင့် အာဏာအပ်နှင်းခြင်း ခံရသော အရာရှိတစ်ဦး၏ ရှေ့မှောက်သို့ ချက်ချင်းခေါ်ဆောင်လာရမည်ဖြစ်ပြီး ဤပုဂ္ဂိုလ်တွင် သင့်တော်သော ကာလအပိုင်းအခြားတခုအတွင်း ကြားနာစစ်ဆေးမှုကို စတင်ခံယူပိုင်ခွင့် ရှိသည်။ သို့မဟုတ် သင့်တော်သော ကာလအပိုင်းအခြားတစ်ခုအတွင်း ကြားနာစစ်ဆေးမှုများ မပြုလုပ်နိုင်ပါက ၄င်းအား လွှတ်ပေးရမည်။ တရား ကြားနာမှုအား စောင့်စားနေကြသော တရားခံများအား ဖမ်းဆီးချုပ်ထားခြင်းသည် ယေဘုယျအားဖြင့် လိုက်နာရသည့် လုပ်ရိုးလုပ်စဉ် မဟုတ်ပါ။ သို့သော် တရားခံက တရားခွင်သို့ လာရောက်အစစ်ဆေးခံရန် လိုအပ် သည့်အခါတိုင်း လာရောက်စစ်ဆေးခံမည်ဟူ၍ လည်းကောင်း၊ စီရင်ချက်ချမှတ်သည့်အခါတွင်လည်း တရားခွင်သို့ လာရောက်မည်ဟုလည်း အာမခံလျှင် ၄င်းအား ချုပ်နှောင်ထားခြင်းမှ လွှတ်ပေးရမည်။
  (၄) ဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းကြောင့် လွတ်လပ်ရေးဆုံးရှုံးနေရသော ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် ၄င်းအား ဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းသည် ဥပဒေနှင့် ညီမညီ၊ ဥပဒေနှင့် မညီပါက ၄င်းအား လွှတ်ပေးနိုင်ရန် အတွက် တရားရုံးက အချိန်မဆိုင်းဘဲ ဆုံးဖြတ်ပေးနိုင်ရန်အလို့ငှာ တရားရုံးထံ လျှောက်ထားပိုင်ခွင့် ရှိသည်။

# အာမခံလျှောက်လဲချက် ရေးသားပုံ

ထိရောက်မှုရှိသည့် အာမခံလျှောက်ထားမှုတစ်ခု ဖြစ်စေရန် ... အာမခံလျှောက်ထားခြင်းနှင့်ဆိုင်သည့် ဥပဒေကို ရှေ့နေများ မှ သိရှိထားရန် လိုအပ်ပါသည်။ အမှန်တကယ်အားဖြင့် အာမခံ မပေးနိုင်သည့်အမှုများတွင်လည်း အာမခံ ပေးသင့်သည်။ ဤ၌ စိန်ခေါ်မှုဖြစ်စေနိုင်သည့် ကိစ္စတစ်ရပ်မှာ ... အမှုတွဲများ၌ ခိုင်လုံသော အာမခံများ ရှိရန်ဖြစ်ပြီး ထိုသို့မရှိပါက အာမခံ မရနိုင်သည့် အမှုများအဖြစ် ပြောင်းလဲသွားနိုင်သည်။ အာမခံပေးခြင်းသည် မူဖြစ်သည်။ ငြင်းပယ်ခြင်းသည် ခြွင်းချက် ဖြစ်သည်ဆိုသည်ကို မှတ်သားထားရမည်။

ရှေ့နေများဘက်မှ - (၁) အာမခံ ရရှိရန်အတွက် တရားသူကြီးများအား ဥပဒေဆိုင်ရာ အချက်အလက်များကို ပေးရမည်။ (၂) တရားလိုဘက်မှတင်ပြလာသည့် အချက်အလက်များအပေါ် ပြန်လည်စိန်ခေါ်ရမည်။ (၃) စွပ်စွဲခံရသူတရားခံ၏ အကျိုး ဖြစ်ထွန်းစေနိုင်မည့် အချက်အလက်များ သို့မဟုတ် ယင်းတရားခံ၏ အပြစ်များကို လျော့ပေါ့စေနိုင်မည့် သတင်းအချက်များ ကို တင်ပြပေးရမည်။ (၄) တောင်းဆိုလိုသည့် **သက်သာခွင့်**ကို ရှင်းလင်းစွာ ဖော်ပြပေးရမည်။

## ၁။ အာမခံရရှိနိုင်ရန်အတွက် ဥပဒေဆိုင်ရာ အချက်အလက်များ ပေးခြင်း

ဥပဒေကို ရှင်းလင်းစွာ ဖော်ပြပြီး၊ ထိုဥပဒေနှင့် အမှုသည်ကိုက်ညီနေကြောင်းကို တင်ပြခြင်း။

- အာမခံမရနိုင်သောအမှုများကို တရားသူကြီးများမှ အာမခံပေးနိုင်သည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၇၀(၁)
- သေဒဏ်မထိုက်သည့်အမှုများ သို့မဟုတ် တသက်တကျွန်းဒဏ်မထိုက်သည့်အမှုများ၌ အာမခံ ပေးအပ် နိုင်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၉၇ (၁)
- သက်သေခံချက်အားနည်းသည့် မည်သည့်အမှုကိုမဆို အာမခံပေးနိုင်သည်။[7] တရားရုံးများ လက်စွဲအပိုဒ် ၄၈ (၁)
- စွပ်စွဲခံရသည့် အသက်တစ်ဆယ့်ခြောက်နှစ်အောက်ရှိသူ မည်သူကိုမဆို၊ သို့မဟုတ် မည်သည့် အမျိုးသမီးကိုမဆို၊ သို့မဟုတ် ဖျားနာနေသော၊ သို့မဟုတ် ချည့်နဲ့နေသော မည်သူ့ကိုမဆို အာမခံဖြင့် လွှတ်ထားနိုင်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၉၇(၁)

## ၂။ တရားလိုအမှု၏ အားနည်းချက်များ

ဤလက်စွဲစာအုပ်အနှံ့၌ ဆွေးနွေးခဲ့သကဲ့သို့ ... တရားလိုဘက်မှ အားနည်းချက်များဖြစ်သည့် ... သက်သေခံချက် များဆိုင်ရာအားနည်းချက်များ သို့မဟုတ် လုပ်ထုံးလုပ်နည်းဆိုင်ရာ အားနည်းချက် များကို မိမိတို့ဘက်မှ ရှာဖွေ ဖော်ထုတ်ရမည်ဖြစ်သည်။ သို့သော် တရားခံနှင့်ပတ်သက်သည့် ရှာဖွေ တွေ့ရှိချက်များကိုကား ထုတ်ဖော် မပြောမိ စေရန် သတိပြုရမည်။ ထို့အပြင် သင့်ထံ (တရားခံ ရှေ့နေထံ) ၌ ထွက်ဆိုခဲ့သည့် အမှုသည်၏ ထွက်ဆိုချက်များကိုလည်း ထပ်ခါထပ်ခါ မပြောမိစေရန်

[7] တရားရုံးများလက်စွဲ အပိုဒ် ၄၈၁ ၏ အင်္ဂလိပ်ဘာသာဖြင့်ရေးသားချက်၌ "အကယ်၍ ထိုသူ၌ ပြစ်မှု အတွက် အပြစ်ရှိသည်ဟု ယုံကြည်ရန် သင့်တော်သော အကြောင်း ယုတ္တိရှိပုံ ပေါ်ပေါက်ပါက ခံဝန်နှင့် လွှတ်ခြင်း မပြုရ" ဟူ၍ တင်းကြပ်စွာ ရေးသားထားပြီး မြန်မာဘာသာ၌ ရေးသားချက်ကား အမှုသည်အတွက် ပို၍အကူအညီ ဖြစ်စေပါသည်။

ဂရုပြုရမည် ဖြစ်ပါသည်။ ထိုသို့ ပြုလုပ်ခြင်းသည် အမှုသည်နှင့် ရှေ့နေ အကြားရှိ ထိန်းသိမ်းထားရမည့် အတွင်းရေးကိစ္စရပ်များအပေါ် အနှောက်အယှက် ဖြစ်စေ နိုင်ပြီး သင့်အားလည်း ခုခံကာကွယ်ရေး လမ်းကြောင်းတစ်ခုအတွင်း၌ ပိတ်မိစေနိုင်ပါသည်။ ထို့အပြင် သင့်၏ အမှု တည်ဆောက်ပုံသည်လည်း ဤအစောပိုင်းကာလကပင် ဆွဲဆောင်အားမရှိသည့် အမှုအဖြစ် ပြောင်းလဲ သွားနိုင်သည်။

## ၃။ စွပ်စွဲခံရသူ၏ အကျိုးဖြစ်ထွန်းစေနိုင်မည့် (သို့) ပြစ်ဒဏ်များ လျော့ပေါ့သွားစေနိုင်သည့် အချက်အလက်များ

အမှုသည်သည် ၎င်းနေထိုင်ရာ လူမှုပတ်ဝန်းကျင်၌ မည်မျှအရေးပါသည့်သူဖြစ်ကြောင်း၊ ယင်းအမှုသည်၌ နာမည်ကောင်းရှိကြောင်းနှင့် အကယ်၍ အမှုသည် ထောင်ဒဏ်ကျခံခဲ့ရလျှင် ၎င်းကိုယ်တိုင်နှင့် ၎င်း၏ မိသားစု အတွက်မည်မျှ အကျိုးယုတ်စေမည်ဖြစ်ကြောင်း စသည်တို့ကို လျှောက်လဲ တင်ပြပေးရမည်။ အာမခံ လျှောက်ထားမှုအတွက် ပြင်ဆင်ရာတွင် ရှိပြီးပုံစံများအပေါ် မှီခိုခြင်းမပြုဘဲ ကောင်းမွန်စွာ ပြင်ဆင်သင့်သည်။ ထို့ပြင် နှုတ်ဖြင့်လျှောက်လဲမှုများ ပြုလုပ်ပါ။ ထိုလျှောက်လဲချက်များ၌ အောက်ဖော်ပြပါ အကြောင်းအရာများ ပါဝင် ပါစေ။

- အိမ်ထောင်ရှိ၊မရှိ
- မှီခိုသူများ၏အမည်
- လက်ရှိအလုပ်အကိုင်
- ဆရာဝန်၏ဆေးကုသခြင်း သို့မဟုတ် ဆေးဝါးများ မှီဝဲနေရခြင်း ရှိမရှိ
- အပြုအမူများကိုထိခိုက်စေနိုင်သည့် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာအခြေအနေများ
- ပညာအရည်အချင်း
- ပြစ်မှုဟောင်းမရှိခြင်းနှင့် ၎င်း၏သက်ဆိုင်သည့် အချက်အလက်များ
- ယခင်က ရုံးရှေ့သို့ မပျက်မကွက် လာရောက်ပေးခဲ့ခြင်းများ
- လူမှုပတ်ဝန်းကျင်၌ ပါဝင်ပတ်သက်မှု
- ဘဏ္ဍာရေးအခြေအနေ
- အာမခံသူ ရှိမရှိနှင့် ၎င်း၏သဘောသဘာဝ

## ၄။ သက်သာခွင့်တောင်းခံခြင်း

သင်တောင်းဆိုလိုသည့်အရာကို တရားသူကြီးမှ သိရှိအောင် လုပ်ပါ။ အချို့သောအမှုများတွင် ... အာမခံမရှိဘဲ လွှတ်ပေးရန် ဆန္ဒရှိကြောင်း တင်ပြနိုင်သည်။

# မြန်မာနိုင်ငံရှိ ပြစ်မှုတစ်ခု၏လမ်းကြောင်း

## စုံစမ်းထောက်လှမ်းသည့်အဆင့်

ပြစ်မှုဆိုင်ရာတရားစွဲဆိုခြင်း၏ အစ

### တရားခံရှေ့နေ၏ အခန်းကဏ္ဍ

စုံစမ်းထောက်လှမ်းမှုပြုလုပ်နေစဉ်အဆင့်၌ လိုအပ်မည့် ကြိုတင်ပြင်ဆင်မှုများကို တရားခံရှေ့နေမှ ပြင်ဆင်ထားရမည်။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေအရ ...တရားခံ ဖမ်းဆီးခံရချိန်၊ ဖြောင့်ချက်ကြားနာချိန်နှင့် ရမန်ကြားနာ ချိန်များ၌ တရားခံရှေ့နေများမှ ကိုယ်စားပြုရပ်တည်ပေးရမည်။ ထိုအချိန်၌ ... အမှုသည်များနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ပြီး လိုအပ်သည့် စုံစမ်းထောက်လှမ်းမှုများ၊ နှင့် တရားစွဲဆိုခြင်းဆိုင်ရာ သက်သေခံချက်များကို စတင်ရှာဖွေ စုဆောင်းရမည်။ ထိုသို့ပြုလုပ်ခြင်းသည် ခက်ခဲနိုင်သော်လည်း ရှေ့နေများမှ လုပ်ဆောင်ပေးရမည်။ ထို့အပြင် အမှုသည်၏ အမှုမှ ပယ်ဖျက်ပေးနိုင်ရန်အတွက် ရှေ့နေများ၏ ကျင့်ဝတ်များနှင့်အညီ ရဲများအား ရှင်းလင်းပြောဆိုနိုင်မည့် နည်းလမ်း များကိုလည်း စဉ်းစားထားရမည်။ ရှေ့နေနှင့် ဆောလျင်စွာချိတ်ဆက်ခြင်း အပိုင်းကို ကြည့်ပါ။

### ရဲအချုပ်ခန်းများ၌ ပြုလုပ်လေ့ရှိသည့် ညှဉ်းဆဲနှိပ်စက်ခြင်းများကို တွန်းလှန်ခြင်း

ပြစ်မှုဆိုင်ရာတရားခံရှေ့နေများသည် ၎င်းတို့၏ အမှုသည်များနှင့် ချုပ်နှောင်ခံထားရသူများအား ရဲများ၏ အလွဲသုံးစား ပြုခြင်းနှင့် ညှဉ်းဆဲခြင်းများမှ ကင်းဝေးစေရန် ကာကွယ်ပေးရမည်။ ထိုသို့ပြုလုပ်ရန် ပထမအဆင့်မှာ - ရဲအချုပ်ခန်းများသို့ မကြာခဏ သွားရောက်ပြီး လတ်တလောဖမ်းဆီးခံထားရသည့်တရားခံများနှင့် တွေ့ဆုံရန်နှင့် ရဲများ၏ သတိမမှုဘဲ ပြုလုပ်လိုက်သည့် လုပ်ဆောင်ချက်များကို ကာကွယ်တားဆီးရန် ဖြစ်သည်။ လုပ်ပိုင်ခွင့် အလွဲသုံးစားပြုခြင်း သို့မဟုတ် ညှဉ်းဆဲခြင်းများကို ဖော်ပြနိုင်သည့် သက်သေခံချက်တခုခု ရှာဖွေတွေ့ရှိပါက ... ထိုသို့ ဆက်လက်လုပ်ဆောင်ခြင်းကို လျင်မြန်စွာ တားဆီးနိုင်ရန် ရှေ့နေများ အနေဖြင့် လုပ်ဆောင်ပေးရမည်။ သို့သော် ... တရားခံ၏ ကိုယ်ရေးကိုယ်တာကိစ္စရပ် များနှင့် ဆုံးဖြတ်ပိုင်ခွင့်အာဏာကို လေးစား တန်ဖိုးထားသည့် အနေဖြင့် ထိုသို့သောကိစ္စရပ်များကို အထူးဂရုပြု၍ ဆောင်ရွက်ရမည်။

- ရမန်ကြားနာခြင်းများနှင့် ဖြောင့်ချက်ကြားနာခြင်းများ၌ အမှုသည် ရရှိထားသည့် ဒဏ်ရာများကို မှတ်တမ်းယူထား ပေးရန် တရားသူကြီးအား တောင်းဆိုရမည်။
- ထိုပြဿနာများအကြောင်းကို အဆင့်မြင့်ရဲအရာရှိများထံသို့ အစီရင်ခံစာတင်ရမည်။
- ရပ်ကွက်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၏ အကူအညီကို တောင်းခံရမည်။
- အမှုသည်ကိုယ်စား တိုင်တန်းလွှာမှုကြမ်းများကို ရေးသားရမည်။
- နိုင်ငံတော်အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်တန်းလွှာများ တင်သွင်းရမည်။

ရဲ၏ လုပ်ပိုင်ခွင့်အလွဲသုံးစားပြုမှုကို ဥပဒေအရကုစားခြင်း

- တရားမဝင် ခြောက်လှန့်၍ ဖြောင့်ချက်ယူခြင်း၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၃၀။
- နာကျင်စေမှု၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၂၀ နှင့် ၃၂၂။
- စွပ်စွဲခံရသူအား လွှတ်ပေးရန် ရှေ့တော်သွင်းစာချွန်တော် လျှောက်ထားခြင်း၊ ကြည့်ရန်---သက်သာခွင့်များအပိုင်း။
- ပြည်နယ် (သို့) တိုင်းတရားလွှတ်တော် - ရှေ့တော်သွင်းစာချွန်တော်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၉၁ (၁)။
- မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စည်းမျဉ်းများ ထိန်းသိမ်းရေးဥပဒေသည် ရဲများအား အပြစ်ဒဏ်ပေးနိုင်မည့် စီမံအုပ်ချုပ်မှု ဆိုင်ရာ လုပ်ငန်းဆောင်တာများကို လုပ်ဆောင်သည်။

တရားမဝင် စောင့်ကြည့်ခြင်း၊ ရှာဖွေခြင်း သို့မဟုတ် ဖမ်းဆီးခြင်းများကို နိုင်ငံသားများ၏ လုံခြုံရေးကို ကာကွယ်ပေးသည့် ဥပဒေ (၂၀၁၇) အရ အရေးယူမှုများ ပြုလုပ်နိုင်သည်။

ရှေ့နေများမှ တရားခံများအား ကာကွယ်ပေးနိုင်မည့် နည်းလမ်းများမှာ -
- ရဲအချုပ်ခန်းရှိ တရားခံအား အကျဉ်းထောင်သို့ လွှဲပြောင်းပေးရန် လုပ်ဆောင်ခြင်း။
- တရားခံအား ဆရာဝန်ဖြင့် ပြသပေးခြင်း။

တခါတရံတွင် ... သတင်းမီဒီယာများအား ပါဝင်စေခြင်း သို့မဟုတ် အများပြည်သူတို့နှင့် ထိတွေ့စေခြင်းတို့သည် အဆိုပါ ပြဿနာများအား ဖြေရှင်းနိုင်မည့် အဖြေကောင်းတစ်ရပ်လည်း ဖြစ်လာနိုင်ပါသည်။ သို့သော် ... အသရေဖျက်ခြင်း သို့မဟုတ် အလားတူ ပြစ်မှုများဖြစ်စေနိုင်သည့် ဥပဒေဆိုင်ရာ တိုင်တန်းချက်များကို တရားခံများ သို့မဟုတ် တရားခံ ရှေ့နေများဘက်မှ မပြုလုပ်မိစေရန် သတိပြုရမည်။ IBJ (International Bridges to Justice) ၌ တာဝန်ထမ်းဆောင်နေကြ သည့် တရားမျှတမှုစင်တာမှ ရှေ့နေများသည် သတင်းမီဒီယာများနှင့် ချိတ်ဆက်လိုပါက ရုံးချုပ်၏ အတည်ပြုချက်ကို တောင်းခံကြရပါမည်။

## စုံစမ်းထောက်လှမ်းနေစဉ်အတွင်း ဥပဒေအရာရှိများ၏ အခန်းကဏ္ဍ

ပြည်ထောင်စုရှေ့နေချုပ်ရုံးဥပဒေ (၂၀၁၀) ၏ ပုဒ်မ ၃၆ (ဆ) နှင့် (ဈ) အရ ...
တရားခွင်စစ်ဆေးစီရင်ခြင်း မပြုခင် အဆင့်များ၌ ဥပဒေအရာရှိများမှ လုပ်ဆောင်ပေးနိုင်မည့် တာဝန်အမြောက်အမြား ရှိပါ သည်။ ၎င်းတို့အနက် တချို့မှာ -
- ရဲအရာရှိ၏ ရမန်တောင်းဆိုခြင်းကို သေချာစွာ စစ်ဆေးနိုင်ခြင်းနှင့်
- "ပြစ်မှုတစ်စုံတစ်ရာ သို့မဟုတ် စွပ်စွဲခံရသူတစ်စုံတစ်ဦး" သို့မဟုတ် "အမှုတစ်ခုလုံး" အား ရုပ်သိမ်းသင့်၊ မသင့်ကို စဉ်းစား ဆုံးဖြတ်နိုင်သည်။

ဥပဒေအရာရှိများဘက်ကမူ စုံစမ်းထောက်လှမ်းနေသည့်အဆင့်များ၌ ၎င်းတို့၏ အခန်းကဏ္ဍသည် အကန့်အသတ်ဖြင့်သာ ရှိသည်ဟု ပြောဆိုကြပါသည်။ ၎င်းတို့သည် စုံစမ်းထောက်လှမ်းခြင်း၏ နောက်ဆုံးအဆင့်ဖြစ်သည့် ရဲများမှ ၎င်းတို့၏ အမှုတွဲ ဖိုင်များကို ပြန်လည်သုံးသပ်ရန် တင်ပြသည့်အခါနှင့် ထိုဖိုင်များကို တရားရုံးတော်သို့ မတင်မီ အကြံပြုချက်များ တောင်းခံသည့် အခါများ၌သာ ပါဝင်ကြရသည် ဟုဆိုပါသည်။ ဥပဒေအရာရှိများ၏ ပြောဆိုချက်အရ ... ထိုအရာများကို ၁၅-ရက် စုံစမ်းထောက်လှမ်းမှု ပြုလုပ်နေစဉ်၏

နောက်ဆုံး ၃ ရက်တွင်လည်းကောင်း၊ ရက် ၃၀ စုံစမ်းထောက်လှမ်းမှု ပြုလုပ်နေစဉ်၏ နောက်ဆုံး ၇ ရက်တွင်လည်းကောင်း ပြုလုပ်လေ့ရှိသည်ဟု ဆိုပါသည်။

စုံစမ်းထောက်လှမ်းသည့်အဆင့်၌ တရားခံရှေ့နေများသည် ၎င်းတို့၏ အမှုသည်များအတွက် တက်ကြွစွာ ကိုယ်စားပြု ရပ်တည်ပေးခြင်းများ ပြုလုပ်ပေးကြပါသည်။ ထို့အပြင် ဖြောင့်ချက်ကြားနာစဉ်နှင့် ရမန်ကြားနာစဉ် အချိန်များတွင်လည်း တရားခံများနှင့်အတူ တရားရုံးတော်ရှေ့မှောက်၌ အတူရှိနေခြင်း များကြောင့် ဥပဒေအရာရှိများမှလည်း ရုံးတော်ရှေ့၌ ထိုသို့ ရှိနေရမည့် အခြေအနေများ ဖြစ်လာပါသည်။ ထိုသို့သော အရာများသည် ဥပဒေအရာရှိများအတွက် စိတ်ဖိစီးမှုကို ဖန်တီး ပေးနိုင်သည့် အခြေအနေများ ဖြစ်လာနိုင်ပါသည်။ သက်သေမပြနိုင်သည့်အမှုများကို ပယ်ပေးရန်နှင့် လွှတ်ပေးနိုင်သည့် အမှုသည်များအား ပြန်လည် လွှတ်ပေးရန် တရားခံရှေ့နေများမှ အရေးဆိုတင်ပြပေးရမည်။

## တိုင်တန်းလွှာများဖြင့် စတင်ခြင်း

ရဲများအား တရားစွဲဆိုသည့် အမှုများမှလွဲ၍ ကျန်အမှုများအားလုံးကို ရဲစခန်း၌ တိုင်တန်းချက်ဖွင့်ပြီး စတင်နိုင်သည်။ ထို့နောက် ရဲအရေးယူပိုင်ခွင့်ရှိသောအမှုများ သို့မဟုတ် ရဲအရေးယူပိုင်ခွင့်မရှိသော အမှုများ အပေါ် အခြေခံပြီး နောက်ဆက် တွဲ လုပ်ဆောင်ရမည့် လုပ်ငန်းဆောင်တာများ ကွဲပြားသွားနိုင်ပါသည်။ ( အမှု အမျိုးအစားများကို ကြည့်ပါ။)

- ရဲအရေးယူပိုင်ခွင့်မရှိသောအမှု
  - ရဲများမှ ပုံစံ က၊ခ ဖြည့်သွင်းပေးရ
  - ရာဇဝတ်တရားသူကြီးထံ ပုံစံဖောင်နှင့်အတူ သွားရန် တိုင်ကြားသူအား ပြောပါ။
  - တိုင်တန်းချက်ကို "ရဲမှတ်တမ်းစာအုပ် တွင် ရဲများမှ မှတ်တမ်းတင်ရမည်။
  - တရားသူကြီးသည် တိုင်တန်းချက်တစ်ရပ်ကို လက်ခံရရှိခဲ့ပါက ... အဆိုပါတိုင်တန်းသူအား တရားသူကြီးမှ ချက်ချင်း စစ်မေးရမည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၀။
  - ထိုအမှုကို တရားသူကြီးအာဏာဖြင့် အရေးယူလျှင် တရားသူကြီးသည် ရဲစခန်းသို့ စုံစမ်းထောက် လှမ်းရန် ညွှန်ကြားနိုင်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၂။
- ရဲအရေးယူပိုင်ခွင့်ရှိသောအမှု
  - ရဲအရာရှိမှ ချက်ချင်းအမှုဖွင့်နိုင်သည်။
  - တိုင်တန်းသူထံမှ ထွက်ဆိုချက် ရယူပြီး၊ အဆိုပါထွက်ဆိုချက်ကို တိုင်တန်းသူအား ကြားနာစေရန် ကျယ်လောင်စွာ ဖတ်ပြပြီးနောက် ၎င်းအား လက်မှတ်ရေးထိုးစေခြင်း။ ထိုအရာကို ပထမ သတင်းပေး တိုင်တန်းချက် သို့မဟုတ် FIR ဟု ခေါ်ပါသည်။
  - ရဲစာအုပ် ၂၀ ၌ မှတ်တမ်းတင်ရမည်။
  - ရဲလက်စွဲအပိုဒ်များ ၁၄၄၁-၄၂၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၅၄။

ရဲအရေးယူပိုင်ခွင့်မရှိသည့်ပြစ်မှုများအား တရားစွဲဆိုလိုပါက တိုင်တန်းလွှာ တင်သွင်းခြင်းမပြုမီ သက်ဆိုင်ရာ ရပ်ကွက် အုပ်ချုပ်ရေးမှူး၏ ထောက်ခံလွှာကို ဦးစွာ ရယူရပါမည်။ ထိုသို့ ရယူနိုင်ခြင်းမရှိပါက ထိုအမှုကို ရဲစခန်းမှ လက်ခံလိမ့်မည် မဟုတ်ပါ။[8] ဤလုပ်ငန်းစဉ်၌ တရားခံရှေ့နေများအနေဖြင့် စုံစမ်း ထောက်လှမ်းမှုများ ပိုမို လုပ်ဆောင်နိုင်မည့် အခွင့်အရေး များ ရရှိမည်ဖြစ်သည်။

[8] Justice Base, Women's Access to Justice, 2017.

## ရဲမှ စုံစမ်းထောက်လှမ်းခြင်း

စုံစမ်းထောက်လှမ်းမှုများ စတင်လုပ်ပိုင်ခွင့်ရှိခြင်း၊ မရှိခြင်းသည် ရဲအရေးယူပိုင်ခွင့်ရှိသည့်အမှုဖြစ်ခြင်း၊ သို့မဟုတ် ရဲအရေး ယူပိုင်ခွင့်မရှိသည့် အမှုဖြစ်ခြင်း အပေါ်တွင် မူတည်နေပါသည်။ ထို့ကြောင့် စုံစမ်းထောက်လှမ်းခြင်းနှင့် နောက်ဆက်တွဲ ဖမ်းဆီးခြင်းတို့သည် တရားဝင်သော လုပ်ရပ်တစ်ရပ်ဖြစ်မဖြစ်ကို ရဲစာများနှင့် တရားရုံးစာများ အရ ရှေ့နေများမှ စမ်းစစ်ရပါ မည်။

- ရဲအရေးယူပိုင်ခွင့်မရှိသောအမှု ... ရဲများသည် တရားသူကြီးထံမှ ညွှန်ကြားချက်ကို ရယူရမည်။
- ရဲအရေးယူပိုင်ခွင့်ရှိသောအမှု
    - တိုင်တန်းသူမှ FIR (ပထမသတင်းပေးတိုင်တန်းချက်) ကို တင်သွင်းပြီးသည်နှင့် စုံစမ်း ထောက်လှမ်းမှုကို စတင်ရပါ မည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၅၆။
    - FIR မပါရှိဘဲ စတင်ခြင်းသည် မလျော်ကန်ပါ။ ဉာဏ်ဝေဖြိုးနှင့် ပြည်ထောင်စု ၂၀၀၉ မြန်မာနိုင်ငံ တရားစီရင်ထုံး၊ နာ - ၂၄။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၂။
    - ရဲအနေဖြင့် စုံစမ်းထောက်လှမ်းရန် လုံလောက်သော အကြောင်းမရှိဟု မှတ်ယူလျှင် ယင်းအမှုကို စုံစမ်း ထောက်လှမ်းခြင်း မလိုပါ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၅၇ (၁)(ခ)။

### စုံစမ်းထောက်လှမ်းရမည့်နယ်ပယ်

စုံစမ်းထောက်လှမ်းခြင်းနှင့်သက်ဆိုင်သည့်အင်္ဂါရပ်များနှင့် ပုံစံများကို ရှေ့နေများမှ သိရှိထားရပါမည်။ တရားရုံး တော်သို့ တင်သွင်းပြီးဖြစ်သည့်အမှုတစ်ခု၌ ရဲသက်သေများ၏ စုံစမ်းထောက်လှမ်းမှုများအပေါ် စေ့စပ် သေချာစွာနှင့် ကျွမ်းကျင် လိမ္မာမှုရှိစွာ စစ်မေးနိုင်ရန်အတွက် ရှေ့နေများမှ သေချာစွာ ပြင်ဆင်ထားသင့်သည်။ အောက်၌ ဖော်ပြထားသည့် လုပ်ထုံး လုပ်နည်းများကို ရဲများမှ လိုက်နာရန် ပျက်ကွက်ခဲ့ကြောင်း ဝန်ခံခဲ့ပါက ... ၎င်းတို့ လုပ်ဆောင်ခဲ့သည့် စုံစမ်းထောက်လှမ်းမှု သည်လည်း ပြည့်စုံမှုမရှိသည့် သို့မဟုတ် ပြစ်ချက်ပါသည့် စုံစမ်းထောက်လှမ်းမှုတရပ်သာဖြစ်ကြောင်းနှင့် တရားစွဲဆိုထားသည့် ပြစ်မှုသည်လည်း သံသယဖြစ်ဖွယ် ရှိကြောင်း ရှေ့နေများမှ လျှောက်လဲတင်ပြပေးရမည်။

- ရဲအရာရှိတစ်ဦးသည် မည်သည့်အမှုသည်ကိုမှ ဘက်လိုက်ခြင်းမပြုရပါ။ ရာဇသတ်ကြီးဥပဒေ ပုဒ်မများ ၁၇၇ နှင့် ၂၁၈။ တရားရုံးများလက်စွဲ ၁၄၁၄။
- ရဲအရာရှိသည် မှုခင်းဖြစ်နေရာသို့ သွားရောက်ရမည်။ ရဲလက်စွဲ အပိုဒ် ၁၄၂၃။
- စုံစမ်းထောက်လှမ်းမှုကို ဖုန်းဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကြောင်း၊ နှုတ်ဖြင့် သော် လည်းကောင်း၊ ကြေးနန်းဖြင့်သော်လည်းကောင်း ပြုလုပ်နိုင်သည်။ ရဲလက်စွဲ အပိုဒ် ၁၄၁၄။
- ရဲအရာရှိသည် အမှုနှင့် စပ်ဆိုင်သည့် သက်သေများအားလုံးအပေါ် စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်နိုင် သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၆၁။
- သက်သေသည် ရဲ၏အမိန့်ကို မနာခံပါက၊ ရဲမှ အရေးယူနိုင်သည်။
    - တစ်လအထိ ထောင်ဒဏ်ချမှတ်နိုင်သည်။ ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၇၄။
    - ရဲလက်စွဲ အပိုဒ် ၁၆၉၀ ကို ကြည့်ပါ။
- ထွက်ဆိုချက်များကို ရဲမှ မှတ်တမ်းတင်ရာတွင် ရဲနေ့စဉ်မှတ်တမ်း၌ ထည့်သွင်းဖော်ပြခြင်းမပြုဘဲ သီးသန့်စာရွက် အပေါ်၌သာ မှတ်တမ်းတင်ရမည်။ တရားရုံးများလက်စွဲ အပိုဒ် ၅၉၆။ ရဲလက်စွဲအပိုဒ် ၁၄၂၅၊ ၁၆၈၉ ။

## ရှာဖွေခြင်းနှင့် သိမ်းဆည်းခြင်းများ - သက်သေခံချက်များဆိုင်ရာအပိုင်းကို ကြည့်ပါ။

### ရဲများသည် နေရာဒေသများနှင့် လူများကို ရှာဖွေရန် ဆန္ဒရှိနိုင်သည်။

လူတစ်ဦးတစ်ယောက် ပိုင်ဆိုင်သည့် ပစ္စည်းများကို ရဲမှ ရှာဖွေလိုသည့်အခါ ... မှုခင်းဖြစ်ရန် ယုံကြည်လောက်သည့် အကြောင်းအချက်များကို တရားသူကြီးထံသို့ တင်ပြပေးရန် လိုအပ်ပါသည်။ မှုခင်းတစ်ခုဖြစ်စေရန် လုံလောက်သည့် အကြောင်းအချက်နှင့် ပြည့်စုံသည်ဟု တရားသူကြီးမှ ယုံကြည်မှတ်ယူပါက ... ရှာဖွေဝရမ်းကို အဆိုပါတရားသူကြီးမှ ထုတ်ပေးလိမ့်မည်။ ထိုသို့ ဝရမ်းထုတ်လိုက်သည့် အကြောင်းပြချက်များကို ဝရမ်းအပေါ်၌လည်းကောင်း သို့မဟုတ် အခြား တနေရာရာ၌သော်လည်းကောင်း တရားသူကြီးမှ မှတ်တမ်းပြုစုထားရပါမည်။ ဝရမ်းထုတ်နိုင်သည့် အကြောင်းရင်းများမှာ - အကယ်၍ (၁) ရဲမှ ပေးအပ်လိုက်သည့် သက်သေခံချက်များအရ လူတစ်ဦးတစ်ယောက်သည် ပြစ်မှုတစ်ခုကို ကျူးလွန်ခဲ့သည်ဟု ယုံကြည်ရန်ရှိပါက၊ (၂) မှုခင်းနှင့်သက်ဆိုင်သည့် သက်သေခံချက်ကို ထိုနေရာ၌ ရှာဖွေရလိမ့်မည်ဟု ယူဆပါက၊ (၃) သံသယရှိသူသည် မှုခင်းနှင့် ဆက်နွယ်နေသူဖြစ်ပါက ဝရမ်း ထုတ်ပြန်နိုင်သည်။

ရဲများသည် ဝရမ်းမပါဘဲ ဥပဒေနှင့်အညီ ဖမ်းဆီးမှုတစ်ရပ်ကို လုပ်ဆောင်ခဲ့ပါက ... အကယ်၍ တရားခံသည် တရားဝင် အာမခံဖြင့် လွတ်ထိုက်သူမဟုတ်လျှင် သို့မဟုတ် အာမခံ ပေးနိုင်သူ မဟုတ်ခဲ့လျှင် ထိုသူအား ရှာဖွေခွင့် ရှိသည်။ ထိုသို့ ရှာဖွေခြင်းကို သက်သေတစ်ဦး၏ ရှေ့မှောက်၌ လုပ်ဆောင်ရမည်။

- နိုင်ငံသူ၊နိုင်ငံသားများ၏ လုံခြုံရေးကို အကာအကွယ်ပေးသည့် ဥပဒေ (၂၀၁၇)၌ ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် သို့မဟုတ် အနည်းဆုံး သက်သေနှစ်ဦး (ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် ဆယ်အိမ်မှူး၊ သို့မဟုတ် ရာအိမ်မှူးများ) မပါဘဲ ဖမ်းဆီးခွင့်ကို ဖော်ပြထားသည်။

သံသယဖြစ်ခံရသူမှ ခန့်မှန်းမထားနိုင်သည့် မည်သည့်နေရာများကိုမဆို ရဲမှ ရှာဖွေနိုင်သည်။ အများပိုင် နေရာများသည်လည်း ထိုနေရာများ၌ ပါဝင်သည်။

သိမ်းဆည်းလိုက်သည့် ပစ္စည်းများအားလုံးအတွက် လက်ခံဖြတ်ပိုင်းကို ရဲမှ ပေးအပ်ရမည်။ ဤဖြတ်ပိုင်း သို့မဟုတ် "ရှာဖွေ ပုံစံ" ကို နောင်တချိန် အမှုစစ်ဆေးစီရင်ရာတွင် ... "ထိုအချိန်က ရှာဖွေခဲ့ခြင်းကို တရားခံမှ သဘောတူခဲ့ကြောင်း၊ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ အားလုံးကို ၄င်းမှ လိုက်နာရန် သဘောတူခဲ့ကြောင်း၊ သို့မဟုတ် စာရင်းပြုစုထားသည့် ပစ္စည်းများအားလုံးသည် ၄င်းလက်ဝယ်ရှိပစ္စည်းများ ဖြစ်ကြောင်း" စသည်တို့ကို ပြသနိုင်ရန် အသုံးပြုရပါမည်။

- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မများ ၉၆ - ၁၀၃ ရှာဖွေဝရမ်းများ
- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မများ ၁၆၅-၁၆၆
- ရဲလက်စွဲ အပိုဒ် ၁၀၆၄ (ရှာဖွေမှုကို ဆောင်ရွက်ရန်အတွက် တရားသူကြီး၏ ဝရမ်းစာပါရှိရန် လိုအပ်ကြောင်း ဖော်ပြချက်)
- ရဲလက်စွဲ အပိုင်း ၆ - ရှာဖွေမှုကိုဆောင်ရွက်ခြင်း၊ အပိုဒ်များ ၁၇၀၃ - ၁၇၀၆
- တရားရုံးများလက်စွဲ အပိုဒ် ၄၀၁၊ (ပုဒ်မ ၁၀၁ နှင့် ၁၀၂ ပါ အမှုများအားလုံး၌ တရားရုံးဝရမ်းများ ပါရှိရန် လိုအပ်ကြောင်း ဖော်ပြချက်ကို ရဲမှ လိုက်နာရမည်။)

## မူးယစ်ဆေးဝါးများနှင့်သက်ဆိုင်သည့် အမှုများရှိ ခြွင်းချက်များ

၁၉၉၅ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေနိုင်သော ဆေးဝါးများဆိုင်ရာဥပဒေပါ စည်းမျဉ်းများ အရ ... မူးယစ်ဆေး သုံးစွဲသူများကို တွေ့ရှိသည့် မည်သူမဆို ထိုသူများအား ဖမ်းဆီးနိုင်ပြီး ရဲလက်သို့ အပ်နှံနိုင်သည်။ ထိုသို့ပြုလုပ်ခြင်းသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေအရ အာမခံချက်ပေးထားသည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ အကာအကွယ်ပေးခြင်းများကို လျော့ပါးစေရာ ကျစေပါသည်။ ထို့မှတဆင့် "မူးယစ်ဆေးဝါးများစိုက်ပျိုးသည့်" အန္တရာယ်များလည်း ရှိလာနိုင်ပြီး ဥပဒေနှင့် မညီသောအရာများကို အချုပ်ခန်းတွင်းသို့ ယူဆောင်လာသည့် ကိစ္စရပ်များလည်း ဖြစ်ပေါ်လာနိုင်ပါသည်။

> မည်သူမဆို အများပြည်သူတို့ ဝင်ထွက်သွားလာနိုင်သည့်နေရာတွင် မိမိ၏ရှေ့မှောက်၌ ပြစ်မှုတစ်ခုခုကို ကျူးလွန်နေသည်ကို တွေ့ရှိသည့်အခါ ရှာဖွေအမိန့်မပါဘဲ ထိုပြစ်မှုကျူးလွန်သူအား ဖမ်းဆီးခြင်း၊ သက်သေခံ ပစ္စည်း သိမ်းဆည်းခြင်း ပြုနိုင်သည်။ ထိုသို့ ဖမ်းဆီးပြီးနောက် နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ ပြည်သူ့ရဲတပ်ဖွဲ့ဝင် တစ်ဦးဦးထံသို့ စနစ်တကျ လွှဲအပ်ရမည်။ ပြည်သူ့ရဲတပ်ဖွဲ့ဝင်မရှိလျှင် ထိုသူအား သက်သေခံပစ္စည်းများနှင့်တကွ အနီးဆုံးရဲစခန်းသို့ စနစ်တကျ လွှဲအပ်ရမည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ၊ ပုဒ်မ ၁၃ (က)အရ ... မူးယစ်ဆေးဝါးများကို ရှာဖွေ ရာတွင် ပြဋ္ဌာန်းထားသော နည်းဥပဒေအရ ရှာဖွေရမည်။ အခန်း ၄၊ နည်းဥပဒေ ၂၁ အရ... ရဲအရာရှိများသည် အများပြည်သူတို့၏ နေအိမ်များ၊ အဆောက်အဦများ၊ နှင့် လေယာဉ်များအပေါ်၌ ရှာဖွေရန် ၄င်းတို့ကိုယ်တိုင် ဝရမ်း ထုတ်ပြန်နိုင်ကြောင်း ဖော်ပြထားပါသည်။
အဆိုပါနည်းဥပဒေသည် ... တရားရေးရာ ဝရမ်းလိုအပ်သည့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပါ သက်ဆိုင်ရာ အပိုင်းများနှင့် အထက်၌ ဖော်ပြထားသည့် ရဲလက်စွဲ၊ တရားရုံးလက်စွဲများပါ သက်ဆိုင်ရာအပိုင်းများနှင့် တိုက်ရိုက် သဘောထား ကွဲလွဲနေ ကြောင်း တွေ့ရပါသည်။ သို့သော် မြန်မာ့ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၇ ၌ - "ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် နိုင်ငံတော်သည် နိုင်ငံသားများ၏ နေအိမ်ဥပစာ လုံခြုံမှု၊ ပစ္စည်းလုံခြုံမှု၊ စာပေးစာယူနှင့် အခြားဆက်သွယ်ရေးဆိုင်ရာ လုံခြုံမှုများအတွက် ဥပဒေအရ ကာကွယ်ပေးရမည်ဟု ဖော်ပြထားခြင်းကို သတိပြုရန်လိုအပ် သည်။"

## ဖမ်းဆီးခြင်း

ဖမ်းဆီးချိန်၌ ဖြစ်ပေါ်ခဲ့သည့် အကြောင်းရင်းပေါ် အခြေခံပြီး ဖမ်းဆီးခြင်းကို လုပ်ဆောင်ရမည်။ ယုံကြည်ထိုက်သည့် အချက်အလက်များနှင့် အခြေအနေများအပေါ် ရဲများမှ မှီခိုသည့်အခါ ၄င်းတို့၌ ထိုသို့ မှီခို၍ရနိုင်သည့် အကြောင်းအရင်းများ ရှိသည်ဟု မှတ်ယူနိုင်သည်။ ထိုအကြောင်းအရင်းများကြောင့် ပြစ်မှုတစ်ရပ်ကို လူတစ်ဦးတစ်ယောက်မှ ကျူးလွန်ခဲ့သည် သို့မဟုတ် ကျူးလွန်နေသည်ဟူသော ထင်မြင်ယူဆချက်များကို ဖြစ်ပေါ်စေနိုင်ပါသည်။

ရဲအရေးယူပိုင်ခွင့်ရှိသောအမှုများ၌ ... ဝရမ်းမလိုအပ်ပါ။ ရဲအရေးယူပိုင်ခွင့်မရှိသောအမှုများ၌မူ စွပ်စွဲခံရသူ တရားခံ၏ နေအိမ်အတွင်းသို့ ဝင်ရောက်ပြီး တရားခံအား ဖမ်းဆီးရန် ဖမ်းဝရမ်းလိုအပ်ပါသည်။ နေအိမ်အတွင်းသို့ ဝင်ရောက်ပြီးပါက ... ဖမ်းဆီးရမည့် သူအား ရဲအရာရှိများက ရှာဖွေကြရမည်ဖြစ်ပါသည်။ သို့သော် သက်သေခံပစ္စည်းများကို အိမ်ဥပစာအတွင်း၌ ရှာဖွေရန် သီးသန့်ပြဋ္ဌာန်းထားခြင်းများ မရှိပါ။

- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မများ ၄၆ - ၈၆ ထိ။
- အမှုအမျိုးအစားများအပိုင်းကို ကြည့်ပါ။
- ဖမ်းဆီးရာတွင် ဖမ်းဆီးခြင်းခံရမည့်သူက အသာတကြည် အဖမ်းခံခဲ့လျှင် ရဲများမှ အင်အားသုံး၍ ဖမ်းဆီးခြင်း မပြုရပါ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၆။

- ချုပ်နှောင်ခံရသူအား မတရား ထိခိုက်နာကျင်အောင် မပြုလုပ်ရ။ ရဲအက်၊ ပုဒ်မ ၄၃၊ ရဲလက်စွဲ ပုဒ်မ ၁၀၆၀။
- ဖမ်းဆီးလိုက်ခြင်းနှင့်ပတ်သက်သည့်အကြောင်းကို ဖမ်းဆီးခံရသူ၏ မိဘများ၊ ဆွေမျိုးများ သို့မဟုတ် သူငယ်ချင်း များသို့ ရဲမှ အကြောင်းကြားပေးရမည်။ ရဲလက်စွဲ၊ အပိုင်း ၁၊ ပုဒ်မ ၇၄ (၁)။

## ပထမ ၂၄ နာရီ ချုပ်နှောင်ခြင်း

ပုံမှန်အမှုများတွင် … ဖမ်းဆီးပြီး ၂၄ နာရီအတွင်း တရားခံအား တရားရုံးတော်ရှိ တရားသူကြီးထံမှောက်သို့ ခေါ်ဆောင်သွားရမည်။ အောက်၌ ဖော်ပြထားသကဲ့သို့ …နိုင်ငံရေးအမှုများတွင် ခြွင်းချက်များအနေဖြင့် လုပ်ဆောင်နိုင်သည်များလည်း ရှိပါသည်။ ပထမ ၂၄ နာရီအတွင်း စွပ်စွဲခံရသူအား ပြန်လည်လွှတ်ပေးခြင်းသော်လည်းကောင်း၊ တရားရုံး၌ ပထမ ကြားနာခြင်းကိုသော်လည်းကောင်း (ရဲအရေးယူပိုင်ခွင့်မရှိသောအမှုများ)၊ သို့မဟုတ် တရားသူကြီးရှေ့မှောက်၌ ရမန် ကြားနာခြင်းသော်လည်းကောင်း (ရဲအရေးယူနိုင်သောအမှုများ) ပြုလုပ်နိုင်သည်။

တချို့ရှားပါးသည့်အမှုများတွင် … တရားခံသည် ၄င်းအား တိုင်တန်းသည့်သူ သို့မဟုတ် ဖြစ်နိုင်သည့် တိုင်တန်းသူအား ခန့်မှန်းသိရှိပြီးဖြစ်သည့်အလျောက် ၄င်းအား ဖမ်းဆီးခြင်းမပြုမီ အချိန်ကတည်းကပင် ၄င်းအတွက် ကိုယ်စားပြုရပ်တည်ပေး ရန်ရှာဖွေလေ့ရှိသော်လည်း တခါတရံတွင် ၄င်းအားဖမ်းဆီးပြီးကာလမှသာ ရှေ့နေမှ စတင်ပါဝင်ဆောင်ရွက်နိုင်သည်များ လည်း ရှိပါသည်။ ရှေ့နေမှ ဆောလျင်စွာ ပါဝင်နိုင်ပါက ပို၍ ကောင်းမွန်သော အကျိုးသက်ရောက်မှုများ ရရှိလာနိုင်ပါသည်။ ချုပ်နှောင်ခြင်း နှင့်ပတ်သက်သည့် ကန့်သတ်ချက်များ ချိုးဖောက်ခံရခြင်း မရှိစေရန်အတွက် … ရှေ့နေအဖြစ် ဆောင်ရွက်သူ သည် အမှုအတွက် လိုအပ်မည့် သတင်းအချက်အလက်များဖြစ်သော ဖမ်းဆီးသည့်နေ့ရက်၊ ရမန်ပေးသည့်ရက်စွဲများကို ရယူရန် တာဝန်ရှိသည်။ ဤနေရာ၌ အမှုသည်နှင့်တွေ့ဆုံနိုင်ရန်လည်း ရှေ့နေဘက်မှ ကြိုးစားသင့်သည်။ တရားခံအား လွှတ်ပေးရန် ဖြစ်နိုင်သည့် အခြေအနေများရှိပါက ရှေ့နေဖြစ်သူမှ အရေးဆိုတင်ပြပေးရမည်။ အမှုသည်အား ညှဉ်းပန်း နှိပ်စက်ခြင်း၊ နှင့် ဖြောင့်ချက်ပေးစေခြင်းများကိုလည်း ရှေ့နေမှ ကာကွယ်ပေးရမည်။ ရှေ့နေနှင့် ဆောလျင်စွာ ချိတ်ဆက်ခြင်း၊ အာမခံလျှောက်ထားခြင်း၊ အမှုသည်များအား အကြံပေးခြင်း၊ သက်သေခံ ချက်များ/ဖြောင့်ချက်ပေးခြင်းများ ဆိုင်ရာ အပိုင်းများကို ကြည့်ပါ။

- ရဲများသည် စီရင်ပိုင်ခွင့်ရှိသောတရားသူကြီး၏ ချုပ်မိန့်မရရှိဘဲ မည်သူ့ကိုမျှ ၂၄ နာရီထက်ပို၍ ချုပ်နှောင်ခြင်း မပြုရ။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၇၆၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၆၁။
- သို့သော် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူ အေးချမ်းသာယာရေးနှင့် အများပြည်သူ အကျိုးငှာ ဥပဒေနှင့်အညီ ကြိုတင်ကာကွယ် ထားရှိရန် လိုအပ်သောကိစ္စ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုသည့်ကိစ္စများ၌ ၂၄ နာရီထက် ပိုချုပ်မိန့်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေမှ ပြဋ္ဌာန်းထားပါသည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၇၆။
- ၁၉၅၀ ခုနှစ် အရေးပေါ်စီမံမှုအက်ဥပဒေအရ အချိန်ကာလကန့်သတ်ချက်မရှိသော ချုပ်နှောင်ခြင်းမျိုးကို နိုင်ငံတော် အစိုးရမှ ချုပ်နှောင်ထားနိုင်သည်။

## တရားသူကြီးရှေ့မှောက်၌ ဖြောင့်ချက်ပေးခြင်း

အမှုသည်မှ ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံချက်ပေးပြီးပါက ယင်းအမှုသည်အား တရားသူကြီးထံမှောက်သို့ ရဲမှ ခေါ်ဆောင် ပေးရမည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၄။ စွပ်စွဲခံရသူအား ဆောလျင်စွာ ကိုယ်စားပြု ရပ်တည်ပေးနိုင်ရန်အတွက် ... အမှုသည်ဘက်မှ ဖြောင့်ချက်မပေးခင်အချိန်၌ တရားခံရှေ့နေမှ ၎င်းအမှုသည် အား အကြံပြုချက်များ ပေးရမည်။ များသောအားဖြင့် ဖြောင့်ချက်များကို မဆင်မခြင်ပေးတတ် သောကြောင့် ထိုသို့ဖြောင့်ချက်များ ပေးခြင်းကို မတိုက်တွန်းလို ပါ။ အနည်းဆုံးအနေဖြင့် ... ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၆၄ ၌ ဖော်ပြထားသည့် ဥပဒေဆိုင်ရာ အကာအကွယ် ပေးခြင်းများကို အမှုသည်များ ရရှိနိုင်ရန် တရားခံရှေ့နေများမှ လုပ်ဆောင်ပေးရမည်။ စွပ်စွဲခံရသူအားပေးသည့် သက်သေခံချက်များ အပိုင်း၌ အကျယ်တဝန့်ဆွေးနွေးထားပါသည်။ ဖြောင့်ချက်ပေးခြင်းအပိုင်းကို ကြည့်ပါ။

## ရမန်ကြားနာခြင်းများ

သံသယရှိသူအား ၂၄ နာရီထက် ပိုမို ချုပ်နှောင်သော ရဲ၏ လုပ်ပိုင်ခွင့်ကို မြန်မာ့ဥပဒေအရ ရှင်းလင်းစွာနှင့် တင်းကျပ်စွာ တားမြစ်ပါသည်။ သို့သော် လက်တွေ့တရားခွင်၌ ... ပထမ ၂၄ နာရီ မကုန်ဆုံးမီ ဖမ်းဆီးထားသူများအား တရားရုံးတော် ရှေ့မှောက်သို့ ခေါ်ဆောင်လာတတ်ကြပြီး တရားသူကြီးက ချုပ်မိန့် တိုးမြင့်ရန် လိုအပ်ချက်ကို မေးမြန်းခြင်းမပြုဘဲ ချုပ်မိန့်ပေးရန် မျှော်လင့်ကြသည်။

ရှေ့နေများအနေဖြင့် ရမန်ကြားနာသည့်အချိန်များ၌ တက်ရောက်ပေးသင့်ပြီး ထပ်တိုးချုပ်မိန့်များ တောင်းဆိုခြင်း များကို ဆန့်ကျင်ပေးသင့်ပါသည်။ တရားခံရှေ့နေများသည် ထိုကြားနာခြင်းများ၌ တရားခံများ အတွက် ရပ်တည်ပေးပိုင်ခွင့်ရှိပြီး ထိုသို့ ရပ်တည်ပေးရန်လည်း ၎င်းတို့၌ တာဝန်ရှိပါသည်။ ရှေ့နေနှင့် ဆောလျင်စွာ ချိတ်ဆက်ပိုင်ခွင့်အပိုင်းကို ကြည့်ပါ။

ထပ်တိုးချုပ်မိန့်များအတွက် အောက်ဖော်ပြပါအချက်များကို အသုံးပြုပြီး ရှေ့နေများမှ ဆန့်ကျင်တောင်းဆိုရမည်။

- လိုအပ်သော စုံစမ်းထောက်လှမ်းမှုများကို အဘယ့်ကြောင့် ပြီးစီးအောင် မလုပ်ဆောင်နိုင်ခဲ့သနည်းဟူ၍ မေးပါ။
- တရားခံရှေ့နေများ ကြည့်ခွင့်မရသည့် ရဲမှတ်တမ်းစာအုပ်များကို တရားသူကြီးမှ လေ့လာသုံးသပ် ပေးပါရန် တောင်းဆိုပါ။
- စုံစမ်းစစ်ဆေးသည့်အဆင့်နှင့် စစ်ဆေးစီရင်သည့်အဆင့်များ၊ သို့မဟုတ် စုံစမ်းထောက်လှမ်းသည့် အဆင့်များ၌ စွပ်စွဲခံရသူ ရှိနေရန် မလိုအပ်ခြင်းကြောင့် ယင်းစွပ်စွဲခံရသူအား ချုပ်နှောင်ထားခြင်း သည်လည်း မလိုအပ်ကြောင်း ငြင်းဆန်ရမည်။
- ချုပ်နှောင်ခြင်းသည် ကြောင်းကျိုးဆီလျော်သောအကြောင်းမဟုတ်ကြောင်း ငြင်းဆန်ရမည်။
- ချုပ်နှောင်ထားသည့်ကာလအပေါ်တွင်လည်း စောဒက တက်ရမည်။

အာမခံလျှောက်ထားသည့်အပိုင်း၊ အမှုသည်အား တွေ့ဆုံမေးမြန်းခြင်း၊ စုံစမ်းထောက်လှမ်းခြင်း၊ သက်သေခံ ချက်များ ဆိုင်ရာအပိုင်းများကို ကြည့်ပါ။

- တစ်စုံတစ်ယောက်အား ဖမ်းဆီး၍ ချုပ်နှောင်ထားပြီးနောက် သတ်မှတ်ထားသော ၂၄ နာရီအတွင်း စုံစမ်း ထောက်လှမ်းခြင်းကို အပြီးမသတ်နိုင်ပါက ထပ်တိုးချုပ်နှောင်ထားခွင့်ပြုရန် တရားသူကြီးထံ၌ လျှောက်ထားရ မည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၇။
- စုံစမ်းထောက်လှမ်းမှုများ ထပ်မံလုပ်ဆောင်ရန် နှင့် ထပ်တိုးချုပ်နှောင်ထားရန် အဘယ့်ကြောင့် လိုအပ်ကြောင်းကို ရဲမှ တင်ပြပေးရမည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၇။
- တရားသူကြီးရှေ့သို့ တရားခံကို မယူဆောင်ခဲ့သမျှ ရမန်အမိန့်မပေးထိုက်ပါ။ တရားခံက အကြောင်းပြခွင့် မရရှိ သမျှ ရမန်ပေးရန် အမိန့်ကို ချမှတ်ခြင်းမပြုနိုင်၊ တရားရုံးများလက်စွဲ အပိုဒ် ၄၀၃။
- တရားခံတစ်ဦးဦးကို တရားရုံးတော်သို့ ပို့ဆောင်လျှင် ... ပြုစုထားသည့်စာရွက်စာတမ်းများဖြစ်သည့် နေ့စဉ် မှတ်တမ်းနှင့် ရဲဖောင် ၃၂ ကိုလည်း ရဲများမှ တပါတည်း ယူဆောင်သွားရမည်။ ထိုအရာများ သည် လျှို့ဝှက်စွာ ထိန်းသိမ်းရမည့်အရာများ ဖြစ်သည့်အလျောက် တရားသူကြီးကိုယ်တိုင် လက်ခံရယူပြီး၊ ပြန်လည်ပေးအပ်သည့် အခါတွင်လည်း ရဲလက်သို့ တရားသူကြီးကိုယ်တိုင် ပေးအပ်ရ မည်။ ထိုအရာများကို ဥပဒေအရာရှိများသာ ဖတ်ရှု နိုင်သည်။ ရဲလက်စွဲအပိုဒ်များ ၁၃၄၇ - ၁၃၅၀။
    - ရဲသက်သေများ ပြန်လည်ကောက်ယူရန် အသုံးပြုသည့် စုံစမ်းစစ်ဆေးသည့်အဆင့်၌ ဖတ်ရှုကောင်း ဖတ်ရှုနိုင်သည်။ သက်သေခံချက်များအပိုင်းကို ကြည့်ပါ။
- ရမန်ကာလ ထပ်တိုးတောင်းခံခြင်းကို တရားခံရှေ့နေမှ ငြင်းဆန်နိုင်သည်။ တရားရုံးများလက်စွဲ အပိုဒ် ၄၀၃။
- ရမန်ကာလ ထပ်တိုးတောင်းခံခြင်းကို ဥပဒေအရာရှိများမှ လက်ခံနိုင်ခြင်းများ ပြုလုပ်နိုင်သကဲ့သို့၊ (သို့မဟုတ်) ငြင်းဆန်ခြင်းများလည်း ပြုလုပ်နိုင်သည်။ ရှေ့နေချုပ်ရုံး၏ ပြည်ထောင်စုဥပဒေ ၂၀၁၀၊ ပုဒ်မ ၃၆ (ဆ) "တရားစွဲဆိုသည့် အဖွဲ့အစည်း၏ ရမန်ကာလ ထပ်တိုးတောင်းဆိုခြင်းသည် တည်ဆဲ ဥပဒေများ၊ အမိန့်ကြော်ငြာစာ များ၊ ညွှန်ကြားချက်များနှင့် ကိုက်ညီမှု ရှိမရှိကို သိရှိနိုင်ရန် သေချာစွာ စိစစ်ရမည်။"
- ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီးများနှင့် ဒုတိယတန်းအာဏာရ ရာဇဝတ်တရားသူကြီးများ ကသာ ရမန် ထပ်တိုးလျှောက်ထားခြင်းကို ခွင့်ပြုနိုင်သည်။ တတိယတန်းအာဏာရ ရာဇဝတ် တရားသူကြီးများကမူ ထိုသို့ ခွင့်ပြု ခြင်း မပြုနိုင်ပါ။
- ရဲများအား ပေးအပ်ထားသည့် ပြစ်မှုဆိုင်ရာပုံစံဖောင် ၇ ၌ ဖော်ပြထားသည့် ရမန်ကာလကို တရားသူကြီးများမှ ထုတ်ပြန်ရမည်။
- အမှုတိုင်းအတွက် ထပ်တိုးလျှောက်ထားနိုင်သည့် ကာလအပိုင်းအခြားမှာ ၁၅ ရက်သာ ဖြစ်သည်။ သို့ရာတွင် ထိုသူမှာ ခုနစ်နှစ်အောက်မနည်းသော ကာလအပိုင်းအခြားအတွက် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ချမှတ်နိုင်သည့် ပြစ်မှုတစ်ရပ်ဖြင့် စွပ်စွဲခံရလျှင် ထိုသူကို ချုပ်နှောင်ထားခြင်းသည် စုစုပေါင်း ရက်သုံးဆယ်ထက် မပိုစေရ။ ပြစ်မှု ဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၇။ ရဲလက်စွဲ အပိုဒ်များ ၁၃၄၇ - ၁၃၅၀။
- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၇ အရ ... စုံစမ်းထောက်လှမ်းခြင်းအတွက် ပထမ ၂၄ နာရီ ခွင့်ပြုထားကြောင်း ဖော်ပြထားသည်။
- လက်တွေ့လုပ်ငန်းစဉ်၌ နှစ်ပတ်တာကာလအထိ တိုးမြှင့်ပေးထားသည်။ သို့သော် ထိုသို့ပေးအပ်ခြင်းသည် အလိုအလျောက်ပေးအပ်ခြင်းမျိုး မဖြစ်သင့်ပါ။ "ဤပုဒ်မအရ တရားခံကို လက်ခံရရှိသော ရာဇဝတ်တရားသူကြီး သည် ထိုအမှုကို စစ်ဆေးစီရင်ပိုင်ခွင့်အာဏာရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အခါအားလျော်စွာ မိမိသင့်သည် ထင်မြင်သည့်အတိုင်း တရားခံအား ချုပ်နှောင်ထားခွင့် ပြုနိုင်သည်။" ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၇။

- အကာန့်အသတ်မရှိ ချုပ်နှောင်ခြင်းများ မရှိသင့်ပါ။ ဦးဖဲ နှင့် အင်းစိန်ခရိုင်ဝန်နှင့်တစ်ဦး၊ ၁၉၅၁ မြန်မာနိုင်ငံစီရင်ထုံး၊ လွှတ်တော်ချုပ်၊ စာ - ၁၈၈၊ သက်ထွန်းနှင့် ရွှေဘိုအရေးပိုင်နှင့်တစ်ဦး၊ ၁၉၅၂၊ မြန်မာနိုင်ငံစီရင်ထုံး၊ (တရားလွှတ် တော်ချုပ်) စာ-၃၃။ (ရဲက မေ့လျော့နေသဖြင့် တရားခံအား လေးနှစ်ချုပ်နှောင်ခဲ့သည်။)

## စုံစမ်းထောက်လှမ်းသည့်ကာလ ပြီးဆုံးသွားခြင်း

တရားရုံးတော်သို့ အမှုတင်သွင်းခြင်း သို့မဟုတ် အမှုမှ ပယ်ဖျက်ပေးခြင်းများ ပြုလုပ်ရန် ရဲအရာရှိမှ ဆုံးဖြတ်ရမည်။ ဤအချိန်တွင် ရှေ့နေများ၌ရှိသည့် အနည်းငယ်သော သတင်းအချက်အလက်များကို အသုံးပြုပြီး အမှုသည်များအတွက် အကောင်းဆုံး အရေးဆိုတင်ပြပေးနိုင်ရန် ၎င်းတို့မှ စဉ်းစားကြရမည်။ သို့သော် ထိုသို့သော ညှိနှိုင်းမှုများ ပြုလုပ်ချိန်၌ တံစိုး လက်ဆောင် တောင်းခံရခြင်းများနှင့် ရင်ဆိုင်ကြုံတွေ့နိုင်သကဲ့သို့ တခါတရံတွင် တံစိုးလက်ဆောင်ပေးခဲ့ကြောင်း စွပ်စွဲခံ ရခြင်းများနှင့်လည်း ရင်ဆိုင်ကြုံတွေ့ရနိုင်သည်။

- တရားရုံးတော်သို့ အမှု တင်သွင်းခြင်း။ အကယ်၍ တရားစွဲဆိုရန် လုံလောက်သော အခြေအနေနှင့်ပြည့်စုံသည်ဟု ရဲမှ ယူဆပါက ရဲဖောင် ၁၂၅ ကို ဖြည့်ပြီး ဖောင် ၇၁ ကိုလည်း ပူးတွဲတင်ပြရမည်။ ထို့ပြင် အမှုသည်များ၏ အမည် များ၊ အမှု၏ သဘောသဘာဝ၊ သက်သေများ၏ အမည်များ၊ နှင့် တရားခံအား အချုပ်ခန်းသို့ ပို့ဆောင်ပြီး ဖြစ်မဖြစ် တို့ကို အစီရင်ခံစာ ရေးသား၍ တင်ပြပေးရမည်။ ထိုအချိန်သည် စုံစမ်းထောက်လှမ်းခြင်း ပြီးပြတ်သွားသည့်အချိန် ဖြစ်ပြီး ဆက်လက် ဆောင်ရွက်ရန် ပေးပို့လိုက်သည့်အချိန်ဖြစ်သည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၇၃။
    - တရားစစ်ဆေးစီရင်ခြင်းမပြုမီ ဥပဒေအရာရှိထံမှ ဥပဒေအကြံဉာဏ်ရယူရန် အမှုကို ပေးပို့ခြင်း။
    - ရှေ့နေချုပ်ရုံးစည်းမျဉ်းများ (၂၀၀၁) စည်းမျဉ်းများ ၅၁ မှ ၆၀ ထိ။
    - တရားစွဲဆိုခြင်းနှင့် ရုံးချိန်းများတက်ရောက်ခြင်းဆိုင်ရာ ညွှန်ကြားချက်၊ အမိန့်စာ (၁/၂၀၀၁)၊ အပိုဒ် ၅ မှ ၉ အထိ။

- အမှုပိတ်သိမ်းခြင်း - စုံစမ်းထောက်လှမ်းသည့်အခါ လုံလောက်သော သက်သေခံချက် မရှိဟူ၍ လည်းကောင်း၊ သင်္ကာမကင်းဖြစ်စရာ ယုတ္တိတန်သော အကြောင်းမရှိမဟူ၍လည်းကောင်း ရဲအရာရှိ က ယူဆလျှင် စွပ်စွဲခံရသူ အား ခံဝန်ချုပ်ဆိုစေ၍ လွှတ်လိုက်ရမည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၆၉ ။ ပြစ်မှုဆိုင်ရာပုံစံဖောင် ၇၁ ကို တရားသူကြီးထံသို့ ရဲမှ ပြန်လည်ပေးအပ်ရမည်။
    - အမှုပိတ်သိမ်းရန် ဥပဒေအရာရှိထံသို့ အမှုတွဲ ပေးပို့ရမည်။

# စုံစမ်းစစ်ဆေးခြင်းနှင့် တရားလိုဘက်မှ အဓိကစစ်မေးခြင်း

## မြန်မာ့လက်တွေ့လုပ်ငန်းစဉ်၌ စုံစမ်းစစ်ဆေးခြင်းနှင့် တရားလိုဘက်မှ အဓိကစစ်မေးခြင်းများသည် ရောထွေး နေတတ်ကြပါသည်။

မြန်မာ့လက်တွေ့လုပ်ငန်းစဉ်၌ စုံစမ်းစစ်မေးခြင်းနှင့် တရားလိုဘက်မှ အဓိကစစ်မေးခြင်းများသည် တမျိုးထဲကဲ့သို့ ရောပြွန်း နေတတ်ကြပါသည်။ ဂျူရီတရားသူကြီး၏ စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း များ၌ ရှင်းလင်းစွာ ဖော်ပြခဲ့ သကဲ့သို့ စုံစမ်းစစ်ဆေးခြင်းဟူသည်မှာ ရရှိထားသော သက်သေခံချက်များ အပေါ်အခြေခံပြီး စွပ်စွဲခံရသူတရားခံအား စွဲချက်မှ ပယ်ဖျက်ပေးရန် သင့် မသင့်၊ သို့မဟုတ် စပ်ဆိုင်သည့် စွဲချက်များဖြင့် တရားစွဲဆိုရန် သင့်မသင့်တို့ကို ဆုံးဖြတ်ရန် ဖြစ်သည်။ ထို့နောက်တွင်မှ စစ်ဆေးစီရင်ခြင်း၏ ပထမအပိုင်း၌ တရားလိုအမှုကို သီးသန့်တင်ပြရမည်။ ထိုသို့ပြုလုပ်ပြီးမှ တရားခံအမှုကို ဒုတိယအပိုင်းအနေဖြင့် တင်ပြကြရမည်။ တရားရုံးများ လက်စွဲ အပိုဒ် ၄၄၉ ကို ကြည့်ပါ။ တရားသူကြီး ရှေ့မှောက်တွင် စစ်ဆေးစီရင်သည့် ဝရမ်းမှုများ၌လည်း ဤလုပ်ထုံးလုပ်နည်းအတိုင်း လုပ်ဆောင်ရမည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၆(၁)။

စွဲချက်တင်ပြီးသည့်အခါ တရားလိုဘက်မှ ထပ်တိုးသက်သေများတင်ပြရန် ခွင့်ပြုထားသော်လည်း လက်တွေ့၌ ထိုသို့ ပြုလုပ် သူ ရှားပါသည်။ ထိုသို့ စုံစမ်းစစ်မေးခြင်းနှင့် တရားလိုအမှု၌ အဓိကစစ်မေးခြင်းများကို လွဲမှားနေခြင်းများသည် တရားခံ များအတွက် များစွာသော ဆိုးကျိုးများ ဖြစ်စေပါသည်။

- ပထမအချက်မှာ - ပြစ်မှုများအတွက် စွဲချက်မတင်မီအချိန်ကတည်းကပင် တရားခံနှင့် တရားခံရှေ့နေများသည် ပြန်လှန်စစ်မေးမှုများနှင့် ခုခံကာကွယ်ရေးလမ်းကြောင်းကို မဖြစ်မနေ ပြင်ဆင် ကြရတော့မည်။ အထူးအားဖြင့် စွဲချက်တင်လိုက်သည့်ပြစ်မှုအား တရားခံသို့ အကြောင်းကြားပေးရန် ငြင်းဆန်သည့်အခါ ထိုသို့သော အခက်အခဲ များဖြစ်လာနိုင်ပါသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၁၀။
- ဒုတိယအချက်မှာ - ထိုသို့ပြုလုပ်ခြင်းသည် ဥပဒေအရာရှိ၏ သက်သေပြရန်တာဝန်ကို လျော့ပါး သွားစေပြီး တရားခံ ၏ အပြစ်ကင်းစင်ကြောင်း မှတ်ယူခံရခြင်းကိုလည်း ထိပါးသွားရာ ကျစေပါသည်။ စုံစမ်းစစ်ဆေးသည့်အဆင့်၌ ... တရားစွဲဆိုရန် လုံလောက်သော သက်သေခံချက်များ (ဖြစ်နိုင်သော အကြောင်းများ) ရှိကြောင်း တရားလိုဘက်မှ တရားသူကြီးထံသို့ တင်ပြပေးရမည်။ တရားရုံး အမှုတွဲဆိုင်ရာဆောင်ရွက်ချက်များအဆုံး၌ ပြစ်မှု၏အင်္ဂါရပ်တိုင်းသည် ကြောင်းကျိုးဆီလျော်သော သံသယဖြစ်မှုကို ကျော်လွန်နေကြောင်းကို တရားလိုဘက်မှ သက်သေပြပေးရ မည်။ အပြစ်ကင်းစင် ကြောင်းမှတ်ယူခြင်း/သက်သေပြရန်တာဝန်အပိုင်းကို ကြည့်ပါ။

ထိုသို့ ကျင့်သုံးလုပ်ဆောင်နေခြင်းများသည် နီးစပ်သောအနာဂတ်ကာလ၌ ပြောင်းလဲသွားဟန် မတူပါ။ သို့သော် တရားခံ ရှေ့နေတစ်ဦးအနေဖြင့် စုံစမ်းစစ်ဆေးခြင်းသည် တရားခွင်စစ်ဆေးစီရင်ခြင်း မဟုတ်ကြောင်း၊ ထိုအရာနှင့် မတူခြားနားကြောင်းကို သေချာစွာ သိရှိထားရန် လိုအပ်ပါသည်။ ထို့ပြင် စွဲချက်တင်ပြီး သည့်အခါတွင်လည်း ...အဆိုပါစွဲချက်တင်ခြင်းသည် သံသယကင်းရှင်းလောက်အောင် သက်သေပြနိုင်ခြင်း မရှိကြောင်းကို တရားသူကြီးအား သတိပေး ပြောကြား ရမည်။

## သမ္မန်မှုများ နှင့် ဝရမ်းမှုများ

စုံစမ်းစစ်ဆေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည်လည်း သမ္မန်မှုဖြစ်ခြင်း (ခြောက်လ သို့မဟုတ် ခြောက်လအောက် အပြစ်ဒဏ်ပေးနိုင်ခြင်း) နှင့် ဝရမ်းမှုဖြစ်ခြင်း (ခြောက်လထက်ပို၍ အပြစ်ဒဏ်ပေးနိုင်ခြင်း) အပေါ်တွင် မူတည်၍ ကွဲပြားပါ သည်။ အောက်၌ ဆွေးနွေးထားသည့် အကြောင်းအရာသည် ဝရမ်းမှုတစ်ခု၌ အသေးစိတ်လုပ်ဆောင်ရန် လိုအပ်သည့် လုပ်ထုံးလုပ်နည်းတစ်ရပ်ပင် ဖြစ်ပါသည်။ သမ္မန်မှုသည်လည်း အလားတူပုံစံအတိုင်း လုပ်ဆောင်ရပါမည်။ သို့သော် ... သမ္မန်မှု၌ ... တရားလိုဘက်မှ သက်သေခံချက်များ တင်သွင်းခြင်းမပြုမီ တရားခံအား ဝန်ခံလိုခြင်းရှိမရှိ သို့မဟုတ် ငြင်းဆန် လိုခြင်းရှိမရှိတို့ကို မေးမြန်းပါမည်။ အမှုအမျိုးအစားများ၊ အပြစ်ရှိကြောင်း ဝန်ခံခြင်းဆိုင်ရာ အပိုင်းများကို ကြည့်ပါ။

## အမှုမှ ပလပ်ရန်၊ ကျေအေးရန် သို့မဟုတ် ရုပ်သိမ်းရန် အရေးဆိုတင်ပြပေးခြင်း

စုံစမ်းစစ်ဆေးသည့်အဆင့်၌ ... ရဲအရေးယူပိုင်ခွင့်ရှိသည့် အမှုများအားလုံး၏ တရားစွဲဆိုခြင်းကို ဥပဒေအရာရှိ (တရားလို ရှေ့နေ) မှ တာဝန်ယူ လုပ်ဆောင်ပါသည်။ ရဲအရေးယူပိုင်ခွင့်မရှိသည့်အမှုများ၌ "တရားလိုဘက်မှ လိုက်ပါဆောင်ရွက်မည့် ရှေ့နေများ" အား ဥပဒေအရာရှိမှ ကြီးကြပ်ပေးမှုများလည်း လုပ်ဆောင်ပေးနိုင်ပါသည်။ ၄င်းတို့၌ ရှိသည့် အဓိကအာဏာမှာ ... အမှုများကို ငြင်းပယ်ပေးနိုင်ခြင်း သို့မဟုတ် စွဲချက်ကို ပြောင်းလဲနိုင်ခြင်းတို့ပင် ဖြစ်ပါသည်။ စပ်ဆိုင်မှုရှိသည့်ဥပဒေများမှာ -

- ရှေ့နေချုပ်ရုံး၏ ပြည်ထောင်စုဥပဒေ၊ ၂၀၁၀၊ ပုဒ်မ ၃၆ (ဠ)။
- ရှေ့နေချုပ်ရုံး စည်းမျဉ်း ၆၇ မှ ၆၉။
- တရားစွဲဆိုခြင်းနှင့် ရုန်းချိန်းများ၌ ထွက်ဆိုခြင်းဆိုင်ရာ ညွှန်ကြားချက်၊ အမှတ် (၁/၂၀၀၁) အပိုဒ် ၁၆ မှ ၁၈။ ၂၀၁၆ ခုနှစ်တွင် ပြင်ဆင်ထားသည်။

အမှုတွဲမှ ပလပ်ပေးရန် သို့မဟုတ် ကြီးလေးသောပြစ်မှုဖြင့် တရားစွဲဆိုခြင်း မပြုရန်အတွက် တရားခံရှေ့နေများသည် ဥပဒေအရာရှိများနှင့် ညှိနှိုင်းတိုင်ပင်မှုများ ပြုလုပ်ရပါမည်။ ပြစ်မှုများ စွဲတင်ရာတွင်လည်း ပြစ်ဒဏ်လျော့ပေါ့သည့် စွဲချက်များ သို့မဟုတ် အာမခံရယူနိုင်သည့် စွဲချက်များဖြင့်သာ စွဲဆိုပေးရန် ဥပဒေအရာရှိများအား တရားခံရှေ့နေများမှ တိုက်တွန်း ရမည်။ တရားခံရှေ့နေများဘက်မှ ထိုသို့ ဆွေးနွေးညှိနှိုင်းခြင်းများ မပြုမီ လိုအပ်သည့် စုံစမ်းထောက်လှမ်းမှုများကိုငှင်း၊ ဥပဒေများကိုငှင်း လေ့လာထားရမည်။ ထို့အပြင် အမှုသည်များနှင့်လည်း တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ထားရမည်။ သို့မှသာ ဥပဒေအရာရှိများနှင့် အကောင်းဆုံး ညှိနှိုင်းဆွေးနွေးနိုင်မည်။

- တရားခံရှေ့နေများသည် အမှုသည်ဗဟိုပြုနည်းဖြင့် ဆွေးနွေးပေးရမည်။ အမှုသည်များ လိုချင်သည့် ပန်းတိုင်များ နှင့် ၄င်းတို့ ရယူလိုသည့် စွန့်စားမှုများကို ကောင်းစွာ နားလည်ထားရမည်။ ဥပမာ - ပြစ်ဒဏ် ၃ နှစ်အောက် ကျခံရသည့် ပြစ်မှုများသည် အာမခံရနိုင်သော ပြစ်မှုများ ဖြစ်ကြသည်။ သို့သော် တခါတရံတွင် ကြီးလေးသော အပြစ်ဒဏ်များ ချမှတ်နိုင်သည့် ပြစ်မှုများသည် အာမခံ ရသွားတတ်ပြီး တခါတရံတွင် သေးငယ်သော အပြစ်ဒဏ် များသာ ချမှတ်ရမည့် အမှုများသည် အာမခံ မရဘဲ ဖြစ်သွားတတ်ပါသည်။ ထိုသို့ဖြစ်ရခြင်း၏ ဥပမာတခုမှာ ... ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေးဖောက်ဖျက်မှု - ရာဇသတ်ကြီးဥပဒေပုဒ်မ ၄၀၆။ (သုံးနှစ်ထိသာ ထောင်ဒဏ်ချနိုင်သော်လည်း အာမခံ မရနိုင်သည့်အမှုဖြစ်သည်။) နှင့် လိမ်လည်မှု၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၄၂၀ (ထောင်ဒဏ် ၇ နှစ်ထိ ချမှတ်နိုင်သော်လည်း အာမခံရနိုင်သောအမှုဖြစ်သည်) တို့ကြောင့်

ဖြစ်သည်။ ကြီးလေးသော အပြစ်ဒဏ်ကို ချခံရမည့် အမှုသည်သည်ပင် ၎င်း၏ လွတ်လပ်ခွင့်အတွက် လုပ်ဆောင်လိုကြ ပါသည်။

•

## အမှုများကို ကျေအေးပေးနိုင်ခြင်း သို့မဟုတ် ရုပ်သိမ်းပေးနိုင်ခြင်း

အမှု၏ ပြင်းထန်မှုရှိခြင်း၊ မရှိခြင်းအပေါ် အခြေခံပြီး အမှုတစ်ခုကို ကျေအေးပေးခြင်း သို့မဟုတ် ရုပ်သိမ်းပေးခြင်းများ ပြုလုပ် နိုင်သည်။ တရားလို၏ တောင်းဆိုချက် ပါရှိပါက အမှုများကို ကျေအေးပေး နိုင်ပါသည်။ ကျေအေးမပေးနိုင်သည့်အမှုများ မှာမူ တရားသူကြီး၏ ခွင့်ပြုမိန့်ဖြင့် ဥပဒေအရာရှိက အမှုရုပ်သိမ်း ပေးရမည်။ အမှုတစ်ခု၏ ကျေအေးနိုင်ခြင်း ရှိမရှိကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ဇယား ၂ ရှိ ကော်လံ ၆ ၌ ဖော်ပြထားပါသည်။

တစ်ဦးတစ်ယောက်သောသူများအပေါ်၌ ကျူးလွန်ခဲ့သော ပြစ်မှုများစွာ ရှိပါသည်။ တခါတရံတွင် ... ထိုသူများမှ စွပ်စွဲခံရသူ တရားခံအပေါ် အမှုကျေအေးပေးရန် (သို့မဟုတ် စွဲဆိုထားသည့်ပြစ်မှုကို ပလပ်ပေးရန်) သဘောတူ ပါက ဥပဒေမှ ထိုသို့ ခွင့်ပြုနိုင်သည်။

- ကြီးလေးခြင်း မရှိသောအမှုများ၌ တရားရုံး၏ ခွင့်ပြုချက်မပါဘဲ အမှုမှ ကျေအေးပေးနိုင်သည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၃၄၅ (၁)။
- ကြီးလေးသောအမှုများ၌မူ တရားသူကြီး၏ ခွင့်ပြုမိန့် ရရှိရန် လိုအပ်ပါသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၃၄၅ (၂)။
- ပြစ်မှုတစ်ခုကို ကျေအေးနိုင်သူမှာ ကလေးသူငယ်ဖြစ်နေပါက ၎င်းကိုယ်စား ပဋိညာဉ်ပြုရန် အရည်အချင်းရှိသူ မည်သူမဆို ပြစ်မှုကို ကျေအေးပေးနိုင်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၃၄၅ (၄)။
- စီရင်ချက်ချမှတ်ပြီးသည့်အချိန်၌ပင် ပြစ်မှုမှ ကျေအေးပေးနိုင်သည်။ သို့သော် ထိုသို့ ပြုလုပ်လိုပါက တရားသူကြီး ၏ ခွင့်ပြုမိန့် ရယူရန် လိုအပ်ပါသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၄၅ (၅)။

တရားစစ်ဆေးစီရင်သည့်အဆင့်များ၌ အထက်ပါကန့်သတ်ချက်များ ရှိသော်လည်း ... နစ်နာသူမှ အမှုရုပ်သိမ်း ပေးရန် တင်သွင်းလာပါက ယင်းအမှုကို ရုပ်သိမ်းပေးနိုင်သည်။

ကြီးလေးသောအမှုများကိုကား ကျေအေးခြင်း မပြုနိုင်သော်လည်း အမှုမှ ရုပ်သိမ်းပေးနိုင်သည်။ ထိုအကြောင်းကို ပြစ်မှုဆိုင် ရာကျင့်ထုံးဥပဒေပုဒ်မ ၄၉၄ ၌ အောက်ပါအတိုင်း ဖော်ပြထားပါသည်။

> မည်သည့် အစိုးရရှေ့နေမဆို ဂျူရီလူကြီးများနှင့် စစ်ဆေးစီရင်သော အမှုများတွင် ဂျူရီလူကြီးများ၏ ဆုံးဖြတ်ချက် မတင်ပြမီ၊ ၎င်းအပြင် အခြားအမှုများ၌ စီရင်ချက်မချမီ လူတစ်ယောက်ကို ၎င်းအပေါ် စွဲဆိုထားသော အမှုမှ ယေဘုယျအားဖြင့်ဖြစ်စေ၊ ၎င်းကို ကြားနာစစ်ဆေးနေသည့် ပြစ်မှုများအနက် ပြစ်မှုတစ်ရပ်နှင့် စပ်လျဉ်း၍ဖြစ်စေ၊ ပြစ်မှုအများနှင့် စပ်လျဉ်း၍ဖြစ်စေ တရားရုံး၏ သဘောတူညီချက် ဖြင့် ရုပ်သိမ်းနိုင်သည်။ ထိုကဲ့သို့ ရုပ်သိမ်းသော အခါ ... (က) စွဲချက်မတင်မီ ရုပ်သိမ်းခြင်းဖြစ်လျှင် တရားခံကို အဆိုပါပြစ်မှု၊ သို့မဟုတ် ပြစ်မှုများနှင့် စပ်လျဉ်း၍ စွဲချက်မတင်မီ လွတ်ရမည်။ (ခ) စွဲချက်တင်ပြီးနောက်မှ ရုပ်သိမ်းခြင်းဖြစ်လျှင်၊ သို့မဟုတ် ကျင့်ထုံးဥပဒေအရ စွဲချက်တင်ရန် မလိုအပ် သည့်အခါ အဆိုပါပြစ်မှု၊ သို့မဟုတ် ပြစ်မှုများနှင့် စပ်လျဉ်း၍ အမှုမှ အပြီးအပြတ် လွတ်ရ မည်။

ထိုသို့ဥပဒေက ဆိုထားသော်လည်း လက်တွေ့တွင် ထိုသို့ လုပ်ဆောင်ခြင်းသည်ကား ရှားပါးလှပေသည်။ ဥပမာ ... မော်တော်ယာဉ် မတော်တဆဖြစ်သည့်အမှုတွင် ... စွပ်စွဲခံရသူနှင့် တိုင်တန်းသူတို့၌ ၎င်းတို့ကိုယ်တိုင် ဖြစ်တတ်သည့် သဘောသဘာဝများ ရှိကြပါသည်။ ထို၌ ဥပဒေအရာရှိသည် သက်ညှာခြင်းခံရသူ အား ၎င်း၏ သဘောတူညီချက် မပေးအပ် မီ မြောက်မြားစွာသော လုပ်ထုံးလုပ်နည်းများကို လုပ်ကိုင်စေပါမည်။

- သက်ဆိုင်ရာစာရွက်စာတမ်းများအားလုံးကို စွပ်စွဲခံရသူသည် တရားရုံးတော်မှ လက်ခံရရှိမည်။
- တိုင်တန်းသူ၊ သို့မဟုတ် တိုင်တန်းသူ၏မိသားစုဝင်များထံမှ စာဖြင့်ရေးသားထားသည့် သဘောတူလွှာကို စွပ်စွဲခံရ သူမှ လက်ခံရရှိရမည်။
- စွပ်စွဲခံရသူသည် မြို့နယ်ရဲထံမှ သဘောတူကြောင်း အာမခံလွှာကို ရယူရမည်။
- ထို့နောက်တွင်မှ ဥပဒေအရာရှိက စစ်ဆေးပြီး သဘောတူညီချက်ကို ပေးအပ်မည်။
- ထိုသဘောတူညီချက်ကို တရားသူကြီးထံသို့ တင်သွင်းပြီး အမိန့်စာကို တောင်းခံမည်။

ရှေ့နေချုပ်ရုံးဥပဒေ ၂၀၁၀၊ အရ အမှုရုပ်သိမ်းခွင့်ကို ဥပဒေအရာရှိမှ တောင်းခံနိုင်သည်။

- ပုဒ်မ ၃၆ - ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများသည် သတ်မှတ်ချက်များနှင့်အညီ အောက်ပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။ (ဈ) တရားရုံးတွင် တရားစွဲဆိုထားသော ပြစ်မှုဆိုင်ရာ အမှုတွင် အမှုတစ်ရပ်လုံးကို ဖြစ်စေ၊ စွဲချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တရားခံတစ်ဦးဦးကိုဖြစ်စေ၊ ရုပ်သိမ်းရေးအတွက် ဆောင်ရွက်ရန် သင့် မသင့် သတ်မှတ်ချက်များနှင့်အညီ စိစစ်ခြင်းနှင့် ဆုံးဖြတ်ခြင်း။

## ပုဂ္ဂလိက တရားလိုရှေ့နေ၏ အခန်းကဏ္ဍ

ရဲအရာရှိ သို့မဟုတ် တရားသူကြီးအား တိုင်တန်းမှုပြုလိုသောသူသည် ပြင်ပမှ ရှေ့နေကို တရားရုံး၏ ခွင့်ပြုချက်ဖြင့် ငှားရမ်းနိုင်သည်။ ထိုကိုယ်ပိုင်ငှားရမ်းထားသည့်ရှေ့နေသည် ဥပဒေအရာရှိ၏ ညွှန်ကြားချက် အရ ရာဇဝတ်မှုကြားနာ ခြင်းကို ဆောင်ရွက်နိုင်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၃။

## စုံစမ်းစစ်ဆေးခြင်းနှင့် စစ်ဆေးစီရင်ခြင်းတို့ရှိ တရားသူကြီး၏ အခန်းကဏ္ဍ

အခြား ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေးနှင့် သက်ဆိုင်သည့် အဓိကပုဂ္ဂိုလ်များအပိုင်းကို ကြည့်ပါ။

တရားသူကြီးများသည် အမှုများကို စီရင်ဆုံးဖြတ်ရာတွင် လွတ်လပ်ပြီး ဘက်လိုက်မှု ကင်းရမည်။ တရားခံရှေ့နေ များမှလည်း ၎င်းတို့အား အချိန်တိုင်းလေးစားသင့်ပြီး ၎င်းတို့အမှုသည်များအပေါ် ၎င်းတို့မှ အမိန့်ချမှတ် လိုက်သည့်အခါ အမြဲ သတိရှိနေရမည်။ တရားလိုဘက်သို့ ဘက်လိုက်သော တရားသူကြီးများနှင့် တွေ့ဆုံခဲ့လျှင် သော်လည်းကောင်း၊ သို့မဟုတ် ဒုတိယဥပဒေအရာရှိကဲ့သို့ ဆောင်ရွက်နေသည့် တရားသူကြီးများနှင့် တွေ့ဆုံခဲ့လျှင်သော်လည်းကောင်း တရားခံရှေ့နေများ အနေဖြင့် အမြဲနိုးကြားတက်ကြွနေစေရမည်။

- တရားသူကြီးတစ်ဦးသည် အစိုးရအရာရှိ၏ မိတ်ဆွေဖြစ်၍ ၎င်း၏ ရှေ့မှောက်တွင် အမှုရှိသော အစိုးရအရာရှိ၏ မိတ်ဆွေဖြစ်လျှင်၊ ဘက်လိုက်မှုဖြစ်နိုင်သည်၊ တရားစီရင်မှု မမျှမတ ဖြစ်နိုင်သည်ဟု သံသယဖြစ်ပေါ်နိုင်သဖြင့် အဆိုပါအမှုကို ရုံးပြောင်းရန်အတွက် ခိုင်လုံသောအချက်ဖြစ်သည်။ တရားသူကြီး အမှန်တကယ် အမှား လုပ်ကြောင်း သက်သေပြရန် မလိုအပ်ပါ။ ဦးဘခင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၅၄။

- တရားသူကြီးတစ်ဦးသည် ဒုတိယဥပဒေအရာရှိကဲ့သို့ မပြုမူသင့်ပါ။ တရားသူကြီးသည် အမှုကို စုံစမ်းစစ်ဆေးရာတွင် အကြောင်းခြင်းရာကို နားလည်ရန်မဟုတ်ဘဲ ဥပဒေအရာရှိ၏ ဟာကွက်ကို ဖြည့်ပေးလျှင် ထိုဆုံးဖြတ်ချက် သည် ဥပဒေနှင့်မညီပါ။ တီအက်စ် မိုဟာမက်ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊ ၁၉၅၃။[9]

စုံစမ်းစစ်ဆေးခြင်းများပြုလုပ်နေစဉ်နှင့် စစ်ဆေးစီရင်နေစဉ်အချိန်များတွင် တရားသူကြီးများကိုယ်တိုင် တက်ရောက်ပေးရမည်။ သက်သေခံချက်များနှင့် လျှောက်လဲချက်များ ပေးအပ်သည့်အခါတွင် တရားသူကြီး ကိုယ်တိုင် တရားခွင်၌ ရှိရန် ရှေ့နေက ယဉ်ကျေးစွာ တောင်းစုရမည်။ တရားသူကြီးများ၏ ညွှန်ကြားချက်များ သည် မည်သည့်အရာအပေါ် ဦးတည်နေ သည်ကို ရှေ့နေများမှ အမြဲသတိရှိစွာ စောင့်ကြည့်နေရမည်။ တရားသူကြီး တက်ရောက်ခြင်းမရှိဘဲ ဥပဒေအရာရှိများနှင့် စာရေးများမှ အမှုတွဲဆိုင်ရာဆောင်ရွက်ချက်များကို ဆောင်ရွက်ခဲ့ပါက ရှေ့နေများ အနေဖြင့် ခွင့်မပြုသင့်ပေ။ ကြားနာခြင်း အားလုံးကို တရားသူကြီးများ ကိုယ်တိုင် တက်ရောက်ရန် လိုအပ်ပြီး၊ အကယ်၍ ၎င်းတို့ကိုယ်တိုင် မတက်ရောက်နိုင်ပါက အမှုတွဲ ဆောင်ရွက်ချက်များကို ရပ်ဆိုင်းထားရမည် ဖြစ်သည်။ ထိုသို့ မလုပ်ဆောင်ခဲ့ပါက ရှေ့နေများမှ အောက်ပါအတိုင်း တုံ့ပြန်ရမည်။

- တရားသူကြီးနှင့် တခြားသောဝန်ထမ်းများအား အလွတ်သဘောဖြင့်အရေးဆိုတင်ပြခြင်းများ ပြုလုပ်ခြင်း
- တရားရုံးများ၌ တရားဝင် ကန့်ကွက်ခြင်း
- သဘာပတိတရားသူကြီးထံသို့ တိုင်တန်းလွှာများ တင်သွင်းခြင်း
- လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ ချိုးဖောက်ခြင်းအတွက် ပြင်ဆင်ခွင့်နှင့် အယူခံခွင့်တို့ကို တင်သွင်း ခြင်း။

တရားသူကြီးများဘက်မှလည်း စွဲတင်ထားသည့် စွဲချက်များကို ပြင်ဆင်ပေးရန် လျှောက်ထားလာသည့် တရားခံ၏ လျှောက်ထားချက်များအပေါ် မလိုလားခြင်းများလည်း ဖြစ်ပေါ်နိုင်ပါသည်။ အကြောင်းရင်းမှာ --- ထိုသို့ ပြင်ဆင်ပေးရန် လျှောက်ထားလာသည့် စွဲချက်များသည် မှန်ကန်ခြင်းမရှိပါက ... တရားသူကြီးများ ဘက်မှလည်း အကျင့်ပျက်ချစားသည် ဟု မှတ်ယူခံရနိုင်ပါသည်။ ထို့ကြောင့် ၎င်းတို့ဘက်မှ လျှောက်လဲချက်များ တင်သွင်းလာသည့်အခါ ရှေ့နေများအနေဖြင့် သတိကြီးစွာ ထားသင့်သည်။

- စွဲချက်တင်ခြင်းများနှင့် ရုံးချိန်းများကို မမှန်မကန်လုပ်ကြောင်း ထင်ရှားသည့် ကချင်ပြည်နယ်ရှိ တရားသူကြီးတဦးအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ အပြစ်ပေးခဲ့သည်။ တရားရုံးချုပ် အမိန့်အမှတ် ၉၆/၂၀၀၆၊၂၀၀၆ခုနှစ်၊ နိုဝင်ဘာလ၁၆ရက်။ (တရားလွှတ်တော်ချုပ်အမိန့် ၉၆၊ ၂၀၀၆၊ ၁၆.၁၁.၂၀၀၆)။

**အ**ခြားတရားသူကြီးများ၏ အမှုများကို ကျန်တရားသူကြီးများမှ လက်လွှဲယူနိုင်သော်လည်း ... အပြီးသတ် ဆုံးဖြတ်ချက်ကို ချမှတ်မည့် တရားသူကြီးသည် တရားခံ၏ သက်သေခံချက်ကို ကြားနာရန် လိုအပ်ပါသည်။

- တရားစစ်ဆေးစဉ်အတွင်း တရားသူကြီးတစ်ဦးမှ အခြားတစ်ဦးသို့ အမှုတစ်ခုကို လွှဲပြောင်းခြင်းသည် ဥပဒေနှင့် ညီသော်လည်း တရားခံသည် ၎င်း၏ သက်သေအားလုံး သို့မဟုတ် အချို့ကို ပြန်လည် ကြားနာရန် ပြန်ခေါ်ပိုင်ခွင့် ရှိသည်။ ၎င်းအပြင် တရားခံသည် ရှေ့နေမပါလျှင် တရားသူကြီး အသစ်သည် ဤအခွင့်အရေးကို ထင်ရှားစွာ အကြံပြုရမည်။ ချစ်ထွန်းပါ ၅၊ နှင့် ဘုရင်၊ အောက်မြန်မာနိုင်ငံစီရင်ထုံး၊ အတွဲ ၁၊ စာ-၂၃၉ ။

[9]See Nick Cheesman, HOW AN AUTHORITARIAN REGIME IN BURMA USED SPECIAL COURTS TO DEFEAT JUDICIAL INDEPENDENCE, 45 Law & Soc'y Rev. 801, December 2011

- မိမိ ဆက်ခံသော ရှေ့မှတရားသူကြီး စစ်ဆေးထားသည့် သက်သေခံချက်များကို အခြေပြု၍ ၎င်းကိုယ်တိုင် တရားခံကို ကြားနာခြင်းမရှိဘဲ အမိန့်ချမှတ်ခြင်းသည် ဥပဒေကို ချိုးဖောက်ရာ ရောက်သည်။ ဘုရင်ကေရာဇ်နှင့် မြတ်အောင်၊ အောက်မြန်မာပြည်စီရင်ထုံး၊ အတွဲ ၄၊ စာ ၁၃၅။

## ကမ္ဘာ့လုံးဆိုင်ရာစံချိန်စံညွှန်း

- တရားသူကြီးတစ်ဦးသည် ၎င်းလုပ်ဆောင်ရမည့် တရားရေးရာတာဝန်များဖြစ်သည့် ဆုံးဖြတ်ချက်များကိုထိရောက် မှုရှိစွာ၊ တရားမျှတစွာနှင့် ဖြစ်သင့်သောအချိန်၌ လျင်မြန်စွာ ချမှတ်ပေးရန် လိုအပ်သည်။ ဘန်ဂလော၏ တရားရေးရာပြုမူ ဆောင်ရွက်ရန်စည်းမျဉ်းများ ၆.၅။

## စွပ်စွဲခံရသူတရားခံအား တရားခွင်အတွင်း၌ လေးစားစွာ ဆက်ဆံခြင်း

ရှေ့နေများသည် ၎င်းတို့၏အမှုသည်အတွက် အမှုသည်များ၊ အခြားသော ပါဝင်ပတ်သက်သူများနှင့် ပြောဆိုဆက်ဆံရာတွင် လေးစားစွာ ဆက်ဆံသင့်သည်။ ထို့ပြင် တရားရုံး ရုံးချိန်များနှင့် အမှုရွှေ့ဆိုင်းခြင်းဆိုင်ရာ အကြောင်းပြချက်များကို အမှုသည်အား အသိပေးပြောကြားရန်လည်း လိုအပ်သည်။ ထို့အပြင် သက်သေခံချက်များ အားလုံးကို အမှုသည်များ ကိုယ်တိုင် ကြားနာနိုင်စေရန် ရှေ့နေများမှ လုပ်ဆောင်ပေးရမည်။

- တရားရုံးအမှုတွဲများ ဆောင်ရွက်နေစဉ်အချိန်တွင် အကျဉ်းသားသည် လက်ရောက်မှု ပြုလိမ့်မည်ဟု သော်၎င်း၊ ထိုအကျဉ်းသားကို ကယ်လွှတ်ရန် အားထုတ်လိမ့်မည်ဟုသော်၎င်း၊ သင့်တော်စွာ ထင်မှတ်ရန် အကြောင်း ရှိသည်ဟု သဘောမရလျှင် လက်ထိပ်များကို ဖြုတ်ထားရမည်။ တရားရုံးများ လက်စွဲ အပိုဒ် ၄၇၇။

## ၁။ ပထမကြားနာခြင်း

ဤနေ့သည် အမှုအတွက် တရားရုံး၌ တရားဝင် တင်ပြရသည့်နေ့ပင် ဖြစ်ပါသည်။ ထိုသို့ အမှန်တကယ်ကြားနာရာတွင် နေ့လည်ခင်းအချိန်အထိလည်း ကြာတတ်ပါသည်။ ထိုသို့ အချိန်ကြာမြင့်ခြင်းကို ခွင့်ပြုထားခြင်းမှာ - တိုင်တန်းသူနှင့် စွပ်စွဲသူတို့အကြား တရားစွဲဆိုခြင်းများ မပြုလုပ်ရန် ညှိနှိုင်းဆွေးနွေးလိုသည့်အတွက်ကြောင့် ခွင့်ပြုထားခြင်း ဖြစ်ပါသည်။

မှတ်စု - တရားခွင်၌ ဖြစ်ပျက်ခဲ့သည့်အရာများအားလုံး (သက်သေခံချက်များအပါအဝင်) ကို လက်ရေးတိုဖြင့် မှတ်စု လိုက်ရေးရန် တာဝန်သည် စာရေး၏ တာဝန်ဖြစ်ပါသည်။ ထိုရေးသားလိုက်သည့် မှတ်တမ်းများ၏ တိကျမှန်ကန်မှု ရှိခြင်း၊ မရှိခြင်းကို တရားခံရှေ့နေမှ ဂရုတစိုက် ကြည့်ရှုရပါမည်။

## တရားခွင်ကြားနာခြင်း

နောက်ဆုံး သတ်မှတ်လိုက်သည့် စွဲချက်များအပေါ် အခြေခံပြီး အာမခံလျှောက်ထားခြင်း သို့မဟုတ် အာမခံသက်တမ်း တိုးခြင်းများ ပြုလုပ်ရန် တရားခံရှေ့နေများမှ လုပ်ဆောင်ရပါမည်။ တရားရုံးဖိုင်တွဲများကိုလည်း မိတ္တူကူးယူပြီး ဥပဒေ အရာရှိများ၏ သဘောဆန္ဒများကိုလည်း သိရှိအောင် လုပ်ရပါမည်။ ကလေးအမှုသည်များ ကိုလည်း သက်ဆိုင်ရာ ကလေး တရားရုံးသို့ လွှဲပြောင်းပေးရန် တောင်းဆိုရမည်။ ကလေးသူငယ်များအပိုင်းကို ကြည့်ပါ။

- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၇၃ ၌ ဖော်ပြထားပါသည်။
- မျှတပြီး ဘက်လိုက်မှုမရှိသော ကြားနာခြင်းများကို ရယူပိုင်ခွင့်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၇။

ယေဘုယျအားဖြင့် ... အမှုတွဲဆိုင်ရာဆောင်ရွက်ချက်များကို လုပ်ဆောင်ရာတွင် လူအများ သွားလာ ဝင်ထွက်နိုင်သော လူသိရှင်ကြားတရားခွင်၌ လုပ်ဆောင်ရမည်။ သို့သော် လက်တွေ့တရားခွင်၌ လုပ်ဆောင် နေသည့်အချက်မှာ အဆိုပါ အချက်နှင့် ကွဲပြားနေသည်ကို တွေ့ရပါသည်။ တရားခွင် ကြားနာရန် စိတ်ဝင်စားခြင်းမရှိသည့်သူများအား တရားခွင် အတွင်းသို့ ဝင်ရောက်ရန် တားမြစ်ထားပါသည်။ တရားခွင်ခင်း ကျင်းပုံမှာလည်း အများပြည်သူများ လာရောက် လေ့လာခြင်း ကို တားဆီးရာ ရောက်နိုင်ပါသည်။ ဖြစ်နိုင်ပါက ... ကြားနာမှုများကို မိသားစုဝင်များပါ ကြားနာနိုင် စေရန် ရှေ့နေများမှ တောင်းဆိုပေးသင့်သည်။[10]

- ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉ ၌ ဖော်ပြထားသည်မှာ - အောက်ပါတို့ကို တရားစီရင်ရေးမူအဖြစ် သတ်မှတ်သည် ... (ခ) ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး။
- ၂၀၁၀ ခုနှစ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေ၊ ပုဒ်မ ၃ (ခ)
- သို့သော် ခြွင်းချက်များလည်း ရှိနေပါသေးသည်။ ၄င်းတို့မှာ -
  - ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၅၂ - တရားသူကြီးသည် သင့်သည်ထင်မြင်လျှင် ထူးခြားသည့် မည်သည့် အမှုတစ်စုံတစ်ရာကို စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် စစ်ဆေးစီရင်ခြင်း ပြုနေဆဲ မည်သည့်အဆင့်၌မဆို တရားရုံးက အသုံးပြုနေသောအခန်း၊ သို့မဟုတ် အဆောက်အအုံ အတွင်းသို့ ဝင်ထွက်သွားလာခြင်း သို့မဟုတ် ရှိနေခြင်း မပြုရဟု အမိန့်ချမှတ်နိုင်သည်။
  - မြန်မာ့တရားရုံးများလက်စွဲ အပိုဒ် ၄၈(၁) - ထိုပြဌာန်းချက်ကို တရားရုံး၏ လုံခြုံရေးအတွက် အဓိကထား၍ ပြဌာန်းထားပါသည်။
  - ပုဒ်မ ၄၂ (ခ)၊ ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေ - အသက် ၁၆ နှစ် သို့မဟုတ် ထိုထက်ငယ်သော ကလေး များကို စီရင်သည့် တရားခွင်ထဲသို့ အများပြည်သူတို့ ဝင်ရောက်ခြင်းကို တားမြစ်သည်။ သို့သော် ထိုသို့ ဝင်ရောက်လိုပါက အထူးခွင့်ပြုချက်ကို တင်ပြပေးရမည်။ ကြည့်ရန် --- ကလေးသူငယ်များဥပဒေအပိုင်း။
  - မြန်မာနိုင်ငံ လျှို့ဝှက်အက်ဥပဒေ ၁၉၂၃ ၏ ပုဒ်မ ၁၄ ပါ ပြဌာန်းချက်အရ ... တရားလို၏တောင်းဆိုချက် ကြောင့် တရားခွင်အတွင်းရှိ အများပြည်သူများကို တရားခွင်ပြင်ပသို့ ထွက်ခွာစေရန် တရားရုံးတော်မှ ထုတ်ပြန်နိုင်သည်။

[10] ကြည့်ရန် --- Justice Base ၏ “Behind closed Doors” ၂၀၁၇

## ၂။ တရားလိုဘက်မှ သက်သေများ တင်ပြခြင်း

ဝရမ်းမှုများရှိ တရားစွဲဆိုခြင်းများကို အစီစဉ်တကျ မဟုတ်သော နေ့ရက်များ၌ လုပ်ဆောင်လေ့ရှိပါသည်။ ထိုသို့ ပြုလုပ်ခြင်း သည် ဥပဒေဆိုင်ရာလုပ်ငန်းစဉ်နှင့် ဆန့်ကျင်ရာ ရောက်ပါသည်။ မြန်ဆန်သောတရားခွင်အပိုင်း (နှောင့်နှေး ကြန့်ကြာမှုများအတွက် လျှော့ချထားရန်နည်းလမ်းများ)ဆိုင်ရာ အပိုင်းကို ကြည့်ပါ။

အမှုများကို ထိရောက်မှုရှိစွာ တုံ့ပြန်နိုင်ရန် ... တရားခံရှေ့နေများသည် အမှုနှင့်သက်ဆိုင်သည့် သက်သေခံချက်များ၊ ခုခံကာကွယ်ရေးလမ်းကြောင်းနှင့် ရနိုင်သောခုခံကာကွယ်ရေး လမ်းကြောင်းများကို ဦးစွာ နားလည်ရန် လိုအပ်ပါသည်။ စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်ရန် အသေးစိတ်လုပ်ထုံးလုပ်နည်းများကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၂ ၌ ဖော်ပြထားပါသည်။
သက်သေများအား မေးခွန်း မေးခြင်းဆိုင်ရာ အကြောင်းအရာများကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မများ ဖြစ်သည့် ပုဒ်မ ၁၃၅ မှ ၁၆၆ ၌ အကျယ်တဝင့်ဖော်ပြထားပါသည်။ ထို့အပြင် ထိုအရာများသည် အင်္ဂလိပ်ခေတ်ဥပဒေစနစ်များရှိ စည်းမျဉ်းများကိုလည်း ကောင်းစွာ သဘောပေါက်ကြောင်း ထင်ဟပ်နေစေပါသည်။

သက်သေခံချက်အပိုင်း (တရားလိုသက်သေခံချက်များအပေါ် ကန့်ကွက်ချက်များ ပြင်ဆင်ရန်) ၊ ခုခံကာကွယ်ရေး လမ်းကြောင်း၊ နှင့် USAID Legal Aid Toolkid ကို ကြည့်ပါ။

### ကိစ္စပြဿနာများကို ထိန်းထားနိုင်ရန်အတွက် ကန့်ကွက်ချက်များ ပြုလုပ်ခြင်း

အမှုတွဲဆောင်ရွက်စဉ်များ၌ လိုအပ်သည့်ကန့်ကွက်ချက်များကို ရှေ့နေများမှ လုပ်ဆောင်ရမည်။ ပထမအချက်မှာ - ရှေ့နေ များသည် တရားမဝင်သည့် သို့မဟုတ် မသင့်တော်သည့် သက်သေခံပစ္စည်းများ တင်သွင်းခြင်းများကို ကန့်ကွက်ခြင်းဖြင့် ၄င်းတို့၏ အမှုသည်များအား ကာကွယ်ပေးရပါမည်။ ဒုတိယအချက်မှာ ... ရှေ့နေမှ ပြုလုပ်လိုက်သည့် ကန့်ကွက်ချက်အား ငြင်းဆန်ခံရသည့်တိုင် ... ထိုကန့်ကွက်ချက်ကို လုပ်ဆောင်ရပါမည်။ ထိုသို့ ပြုလုပ်ထားခြင်းဖြင့် အယူခံလျှောက်ထားသည့် အခါ ထိုကိစ္စရပ်အပေါ် သက်ညှာခွင့် မပေးနိုင်တော့ပါ။ ထိုသို့ မပြုလုပ်ခဲ့ပါက တရားခံဘက်မှ သက်သာခွင့် တောင်းခံလို သည့်အခါ တရားရုံးတော်မှ ခွင့်ပြုလိမ့်မည်မဟုတ်ပါ။ ထို့ပြင် ပြုလုပ်ခဲ့သည့် ကန့်ကွက်ချက်များ အားလုံးနှင့် တရားသူကြီးမှ အသုံးပြုခဲ့သည့် စီရင်ထုံးများကိုလည်း အမှုသည်၏ အမှုတွဲဖိုင်အတွင်း၌ နေ့စဉ်မှတ်တမ်း တစ်ရပ်အနေဖြင့် မှတ်တမ်း ပြုစုထားသင့်ပါသည်။

- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၅၃၇ - "ရှင်းလင်းချက်။ ။ ဤကျင့်ထုံးဥပဒေအရ ဆောင်ရွက်သည့် မှုခင်းကိစ္စ တစ်စုံတစ်ရာတွင် မှားယွင်းမှု၊ ပျက်ကွက်မှု၊ နည်းလမ်းမကျမှု၊ သို့မဟုတ် မှားယွင်း ညွှန်ကြားမှု တစ်စုံတစ်ရာကြောင့် တရားမျှတမှု ကင်းမဲ့ရာရောက်မရောက် ဆုံးဖြတ်ရာတွင် ၄င်းအမှုကို ကနဦး စတင်ဆောင်ရွက်သည့် အဆင့်၌ ကန့်ကွက်နိုင်ခဲ့ခြင်း ရှိမရှိနှင့် ကန့်ကွက်သင့် မသင့်ဆိုသော အကြောင်းခြင်းရာကို တရားရုံးက ထောက် ထား ဆင်ခြင်ရမည်။"

## ပြန်လှန်စစ်မေးခြင်း

အဓိကစစ်မေးမှု ပြီးဆုံးပြီးနောက် တရားခံ သို့မဟုတ် ၎င်း၏ ရှေ့နေသည် သက်သေများအား ပြန်လှန်စစ်မေးနိုင်သည်။ ပြန်လှန်စစ်မေးချက်တွင် နိမိတ်ပြမေးခွန်းများ မေးနိုင်ပြီး အဓိကစစ်မေးခြင်း၌ အငြင်းပွားခြင်းမရှိခဲ့သည့် အကြောင်းအရာများ ကိုလည်း မေးမြန်းနိုင်သည်။ စွဲချက်တင်ပြီးသည့်တိုင် တရားလိုပြ သက်သေများအား တရားခံရှေ့နေများမှ ပြန်ခေါ်လိုပါက ထိုသို့ခေါ်ယူခြင်းကို မြန်မာ့လက်တွေ့ လုပ်ငန်းစဉ်က ခွင့်ပြုပေးထားသည်။ မည်သို့ပင်ဆိုစေကာမူ ... အကြောင်းခြင်းရာ ဆိုင်ရာ အားနည်းချက်များ၊ ပြစ်မှု၏ အင်္ဂါရပ်တိုင်းကို သက်သေပြရန် ပျက်ကွက်မှုများ၊ နှင့် ဘက်လိုက်သည့် သက်သေများ အား စွဲချက်မတင်မီ အချိန်ကတည်းက သိရှိစေရန် ပြန်လှန်စစ်မေးမှုများကို သေချာ ဂရုတစိုက် ပြုလုပ်ရမည်။ အောက်၌ ဖော်ပြထားသကဲ့သို့ ကျွမ်းကျင်လိမ္မာမှုရှိသည့် ပြန်လှန်စစ်မေးမှုနှင့် သက်သေခံချက်များ၏ သက်သေခံ အရာဝင်ကြောင်းကို လျှော့ချထားနိုင်ခြင်းသည် သက်သေခံချက် လုံလောက်မှု ရှိကြောင်းကို ပြသနိုင်မည့် နည်းလမ်း တစ်ခုပင် ဖြစ်ပါသည်။
သက်သေခံချက်အပိုင်း၊ ကျွမ်းကျင်မှုများ - သက်သေအား မေးခွန်းမေးခြင်းနှင့် USAID Legal Aid Toolkit Chapter 4 မှ "Trial Skills/ Examination" စာ-၇၂ ကို ကြည့်ပါ။

- တရားရုံးများလက်စွဲ အပိုင်း ၂၁ - သက်သေခံချက်နှင့် သက်သေများအကြောင်း၊ အပိုဒ် ၅၉၄ - ၆၃၉ **ကို ကြည့်ပါ။**
- "တရားခံမှာ တရားလိုသက်သေများကို ပြန်လှန်စစ်မေးခွင့် ရှိစေရမည်။ ထိုသို့ စစ်မေးသည့်အချက်တွင် အမှုလိုက် ရှေ့နေက ၎င်းတို့ကို ထပ်မံ စစ်ဆေးနိုင်သည်။" ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၂၀၈ (၂) ။
- ဝရမ်းမှုများတွင် တရားခံပုဂ္ဂိုလ်သည် သက်သေများအား တရားသူကြီးထက်အလျင် ပြန်လှန်စစ်မေးခွင့် ရှိသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၆။
- သမ္မန်မှုများတွင်လည်း အလားတူ မေးမြန်းပိုင်ခွင့်ကို ပေးအပ်ထားသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၂၆၂။
- ထပ်မံစစ်မေးရာတွင် ... ပြန်လှန်စစ်မေးခဲ့စဉ်က ဆွေးနွေးခဲ့**သည့်** အကြောင်းအရာများကိုသာ မေးမြန်းရမည်။

## မြန်ဆန်သောတရားခွင်စစ်ဆေးစီရင်ခြင်းများ ရှိစေရန် လုပ်ဆောင်ခြင်း။

ပြည့်စုံသော လျှောက်ထားချက်များအတွက် မြန်ဆန်သောတရားခွင် စစ်ဆေးစီရင်ခြင်းဆိုင်ရာ အပိုင်းကို ကြည့်ပါ။

အချုပ်အားဖြင့်ဆိုလျှင် ... ရှေ့နေများသည် ---

- တရားလိုပြသက်သေများ၏ စာရင်းကို လျှော့ချနိုင်ရန် သေချာစွာ စစ်ဆေးသင့်သည်။
- စုံစမ်းစစ်ဆေးခြင်းနှင့် စစ်ဆေးစီရင်ခြင်းများကို စဉ်ဆက်မပြတ်လုပ်ဆောင်နိုင်ရန် တောင်းဆိုသင့်သည်။

တရားရုံးတော်သို့ လာရောက်ခြင်းမရှိသည့် သက်သေများကို သမ္မန်စာများ၊ ဝရမ်းစာများ ထုတ်ဆင့်ခြင်း၊ သက်သေအဖြစ်မှ ပယ်ရန် တောင်းဆိုရမည်။

# စွဲချက်တင်ခြင်း

အမှုသည်အား စွဲချက်တင်ရန် လုံလောက်သော သက်သေခံချက်များ ရှိသည်ဟု တရားသူကြီးမှ ဆုံးဖြတ်လိုက်လျှင် ထိုအမှု နှင့် ပတ်သက်သော လျှောက်လဲချက်များကို ရှေ့နေများမှ ပေးရန် အဆင်သင့် ဖြစ်ရမည်။ တရားသူကြီးဘက်မှ စွဲချက် တင်ရန် ညွှန်းဆိုလိုက်ပါက ... တရားလိုဘက်မှ စတင်၍ လျှောက်လဲ တင်ပြပေးရမည်။ ၄င်းနောက် တရားခံရှေ့နေများမှ လျှောက်လဲတင်ပြပေးရမည်။ ထို့နောက် တရားလိုဘက်မှ ပြန်လည်ခုခံချေပရမည်။
အကယ်၍ တရားစွဲဆိုရန် လုံလောက်သောသက်သေခံချက်များ မရှိဟု တရားသူကြီးမှ ယုံကြည်ပါက အဆိုပါအမှုကို ပယ်ပေးပါရန် ရှေ့နေများမှ တောင်းဆိုရမည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၃၊ တရားရုံးများလက်စွဲ အပိုဒ် ၅၃၈။

## စွဲချက်တင်ရန် စံချိန်စံညွှန်းများ

- လုံလောက်သော သက်သေခံချက်များ ရှိရမည်။ တရားရုံးများလက်စွဲအပိုဒ် ၅၃၈။
- တရားခံအပေါ် စွဲချက်တင်ရန်အလို့ငှာ တရားလိုဘက်မှ စစ်ဆေးမှုပြည့်စုံသည်အထိ စောင်းဆိုင်းရန် မလိုဘဲ၊ တရားခံက ကျူးလွန်သည်ဟု မှတ်ယူနိုင်ရန် လုံလောက်သော သက်သေခံချက်ရှိသည့် အခြေသို့ ဆိုက်ရောက်သည်နှင့် တပြိုင်နက် စွဲချက်လွှာကို ရေးသားရမည်။ တရားရုံးများလက်စွဲအပိုဒ် ၄၄၉ ။
- "ဆိုခဲ့သည့်အတိုင်း သက်သေခံချက်ကိုရယူခြင်း၊ တရားခံကို စစ်ဆေးခြင်းများ ပြုလုပ်ပြီးသည့်အခါတွင် ဖြစ်စေ၊ အမှု၏ရှေ့ပိုင်း မည်သည့်အဆင့်၌ဖြစ်စေ၊ အကယ်၍ ရာဇဝတ်တရားသူကြီးက တရားခံမှာ ဤအခန်းအရ စစ်ဆေး စီရင်ပိုင်ခွင့်ရှိသည့်ပြစ်မှုကို ကျူးလွန်ခဲ့သည်ဟု ယူဆရန်အကြောင်းရှိနေသည်ဟု ထင်မြင်ပြီး မိမိက စစ်ဆေး စီရင် ပိုင်ခွင့်ရှိသည့်အပြင် ပြစ်ဒဏ်ကိုလည်း လုံလောက်စွာ ချမှတ်နိုင်သည်ဟု ထင်မြင်လျှင် ၄င်းတရားခံအပေါ် စွဲချက် တင်ရမည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၂၅၄။"
- တရားရုံးစီရင်ထုံးများ
  - လုံလောက်သောသက်သေခံချက်များရှိသည့်အမှုများဖြစ်ခဲ့လျှင် တရားစစ်ဆေးစီရင်ခြင်း မပြုမီအချိန်ကပင် အထက်ရုံးသို့ အမှုစစ်ဆေးရန် လွှဲပြောင်းပေးရမည်။ ထမ်ဘီနှင့် အပယ်ဆောမီ (ဘုရင်ကေရာဇ်)၊ အောက်မြန်မာနိုင်ငံစီရင်ထုံး၊ အတွဲ - ၉ ၊ စာ - ၂၀၈။
    - အဆိုပါ စီရင်ထုံး၌ **"prima facie"** ဟုဆိုသည့် လတ်တင်ဘာသာစကားကို အသုံးပြုထားပြီး ထိုစကား၏ဆိုလိုရင်းမှာ အကြောင်းခြင်းရာတစ်ခု တည်ဆောက်ရန်အတွက် လုံလောက်သော သက်သေခံချက်များရှိခြင်း၊ သို့မဟုတ် ပြန်လည်ခုခံခြင်း မရှိသည့် အမှုတွင် အကြောင်းခြင်းရာ နှင့်ပတ်သက်၍ မှန်သည်ဟု မှတ်ယူနိုင်ခြင်းကို ဆိုလိုသည်။ ဤစကားရပ်သည် တရားသူကြီးမှ စစ်ဆေးမှု ပြီးဆုံးသောအခါ တရားခံအား အပြစ်ပေးရန်အလို့ငှာ ပေါ်ပေါက်သော "သံသယ ကင်းရှင်းအောင် သက်သေပြနိုင်ခြင်း" ဆိုသည့်အချက်ထက် ပို၍ နိမ့်ကျသည်။ သို့သော် ထိုသို့ ကြောင်းကျိုးဆီလျော်သော သံသယဖြစ်မှုကို ကျော်လွန်ပြီး သက်သေပြနိုင်မှသာလျှင် တရားသူကြီးသည် တရားခံအား ပြစ်မှုထင်ရှားစီရင်နိုင်မည် ဖြစ်သည်။

- ○ အမှုပေါ်ပေါက်ကြောင်း ယုံကြည်ခဲ့လျှင်ပင် တရားသူကြီးတစ်ဦးသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေက လိုအပ်သော လုပ်ထုံးလုပ်နည်းများကို မလိုက်နာခြင်း နှင့် အပြည့်အစုံ ကြားနာရန် ပျက်ကွက်ခြင်းများ မရှိစေရပါ။ ဘုရင်ကေရာဇ် နှင့် ချန်နင်းအာနီး၊ အောက်မြန်မာပြည် စီရင်ထုံးအတွဲ ၆၊ စာ ၁၂၉။

## စွဲချက်ပုံစံ

စွဲချက်ပုံစံအများစုကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၂၁၊ နှင့် ၂၂၃-၂၄၀ တို့တွင် တွေ့နိုင်သည်။

- တရားသူကြီးအများစု၌ စွဲချက်ပုံစံများ အသင့်ရှိနေကြသည်။
  - ○ **ဥပမာ** - ဦးမြင့်လွင် (တရားလွှတ်တော်ရှေ့နေ)၊ "တရားရုံးသုံးလျှောက်လွှာပုံစံများ"၊ ထုတ်ဝေသူ - သန်းမြင့်အောင်။
- ပုံစံဖြည့်ရာတွင် တရားသူကြီးမှ ဖြည့်လေ့မရှိဘဲ တရားရုံးစာရေးကသာ ဖြည့်လေ့ရှိသည်။ တရားသူကြီးမှာ မူကား အတည်ပြုလက်မှတ် ရေးထိုးရုံသာ ဖြစ်သည်။ ပုံစံ၌ ပါဝင်သည့်အချက်များမှာ - သက်ဆိုင်ရာမြို့နယ်၊ တရားခံအမည်၊ မိဘအမည်၊ ရက်စွဲ၊ အခင်းဖြစ်နေရာ၊ အခင်းဖြစ်ရက်စွဲ၊ စွဲချက်တင်ထားသည့်အမှုများနှင့် မှတ်ချက်များတို့ ဖြစ်ပါ သည်။
- တရားသူကြီးသည် အမှုတခုတွင် စွဲချက်သုံးချက်အထိ တင်နိုင်သည်။
- ၁၉၇၃ ခုနှစ် စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေ ပုဒ်မ ၂၂ ၌ တင်ပြထားသည်မှာ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု တစ်ခုခုသည် ဥပဒေနှစ်ရပ် သို့မဟုတ် နှစ်ရပ်ထက်ပိုသော ဥပဒေများအရ ပြစ်မှုမြောက်လျှင် ပြစ်မှုကျူးလွန်သူကို ယင်းဥပဒေများအနက် ဥပဒေတစ်ရပ်ရပ်ဖြင့်သာ တရားစွဲဆို အပြစ်ပေးရမည်။ ပြစ်မှုတစ်ရပ်တည်း အတွက် ပြစ်ဒဏ်တစ်ကြိမ်ထက် ပို၍ မခံစေရ။
- တစ်ခုစီပြစ်မှုမြောက်သော အစိတ်အပိုင်းများ ပေါင်းစုနေသည့် ပြစ်မှုကို ကျူးလွန်သူအား၊ အတည့်အလင်း ပြဋ္ဌာန်းချက် မရှိပါက ထိုပြစ်မှုမြောက်သော အစိတ်အပိုင်းများအနက်၊ ပြစ်မှုတစ်ခုခုအတွက် ပေးနိုင်သော ပြစ်ဒဏ်ထက်ပို၍ မပေးရ။ ရာဇသတ်ကြီးဥပဒေပုဒ်မ ၇၁။

## စီရင်ပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များ

တရားသူကြီးတစ်ဦးသည် အမှုတခုကို ကိုင်တွယ်ရာတွင် မိမိထက် အဆင့်မြင့်သည့်ရုံးမှ ကြားနာသင့်သည်ဟု ဆုံးဖြတ်ပါက အမှုကို ရပ်သိမ်းပြီး မိမိထက်မြင့်သော တရားရုံးသို့ အမှုတွဲ ပြန်လည်တင်သွင်းပေးရမည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၃၄၆ နှင့် ၃၄၇။

## တရားခံရှေ့နေ၏ အခန်းကဏ္ဍ

စွဲချက်မတင်မီအချိန်ရှိ တရားခံရှေ့နေ၏ ကြားနာခြင်းနှင့်ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေနှင့် တရားရုံးများလက်စွဲ၌ တိကျစွာ ဖော်ပြထားခြင်း မရှိပါ။ မည်သို့ပင် ဆိုစေကာမူ ထိုသို့သော လျှောက်လဲချက်များ ကို ရှေ့နေများမှ ပြုလုပ်ကြရပြီး ထိုသို့ပြုလုပ်ရန်လည်း မျှော်မှန်းကြပါသည်။ ထို့ပြင် တရားလိုဘက်မှ လျှောက်လဲချက်များ တင်ပြပြီးမှသာ တရားခံဘက်မှ တင်ပြကြရမည်ဖြစ်ပါသည်။ ထို့နောက် တရားလိုဘက်မှ ပြန်လည် ရှင်းလင်းလျှောက်လဲရ မည်။ တရားခွင်လက်တွေ့ပြစ်မှုဆိုင်ရာလျှောက်ထားမှုများ၊ ဦးမြင့်လွင်၏စာအုပ်ကို ကြည့်ပါ။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၃ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံထိုက်သည့် အမှုတစ်စုံတစ်ရာ ပေါ်ပေါက်ခြင်း မရှိကြောင်း တရားသူကြီးက တွေ့ရှိလျှင် ယင်းတရားခံကို စွဲချက်မတင်မီ လွှတ်နိုင်သည့်အတွက် ... တရားသူကြီး များဘက်မှ ဥပဒေအရသာ ဆုံးဖြတ်ချက်ချစေရန် တရားခံရှေ့နေများဘက်မှ လျှောက်လဲတင်ပြပေးရမည်။ ထိုလျှောက်လဲချက်များ၌ ပါဝင်သင့်သည့်အကြောင်းအရာများမှာ -

- စွဲချက်ပါ အင်္ဂါရပ်တိုင်းကို သက်သေပြနိုင်မည့် သက်သေခံချက်များ သို့မဟုတ် ထွက်ဆိုချက်များကို တရားလို ဘက်မှ တင်ပြနိုင်ခြင်းမရှိကြောင်း ပြသရမည်။
- သက်သေများ၏ မယုံကြည်ထိုက်ခြင်း၊ ရှေ့နောက်မညီခြင်း၊ သို့မဟုတ် ဘက်လိုက်ခြင်းများလည်း ရှိနေသည်။
- ထွက်ဆိုချက်များနှင့် သက်သေခံချက်များသည် ဥပဒေကြောင်းအရ စပ်ဆိုင်မှုမရှိကြောင်း၊ သို့မဟုတ် သက်သေခံ အက်ဥပဒေအရ ကိုက်ညီမှု မရှိကြောင်းကို ပြသရမည်။
- တင်ပြလာသည့်သက်သေခံချက်များသည်လည်း သက်သေပြရန်တာဝန်နှင့် ကိုက်ညီမှုမရှိကြောင်းကို တင်ပြပေးရ မည်။

တရားခံရှေ့နေသည် အမှုတစ်ခုလုံးနှင့် သက်ဆိုင်သည့် ... လျှောက်လဲချက်များ၊ ဥပမာ - အာမခံ လျှောက်ထားခြင်းဆိုင်ရာ ထွက်ဆိုချက်များ၊ တရားလို သက်သေခံချက်များ၏ သက်သေခံအရာဝင်ခြင်း၊ မဝင်ခြင်းဆိုင်ရာ လျှောက်ထားချက်များ ၊ နှင့် ပြန်လှန်စစ်မေးခြင်းများ အားလုံးကို ကြိုတင် လေ့လာထားရမည်။ အာမခံလျှောက်ထားခြင်း ဆိုင်ရာအပိုင်းနှင့် သက်သေခံချက်အပိုင်းများ၊ USAID Legal Aid Tool Kit ၊ ၏ အခန်း ၄၊ "စစ်ဆေးစီရင်ခြင်းဆိုင်ရာကျွမ်းကျင်မှုများ" ကိုကြည့်ပါ။

## အာမခံ ထပ်မံလျှောက်ထားခြင်း

အစ၌ အာမခံ မပေးနိုင်သောစွဲချက်များ ပါဝင်သည့်အမှုတွင် တရားသူကြီးက အာမခံပေးနိုင်သောစွဲချက်ကိုသာ တင်ခဲ့လျှင် တရားခံရှေ့နေသည် တရားသူကြီး အာမခံပေးနိုင်ရန်အတွက် စီစဉ်ပေးသင့်သည်။ အာမခံပေးခြင်း ဆိုင်ရာအပိုင်းကို ကြည့်ပါ။

## စွဲချက်တင်ပြီးနောက် ပြင်ဆင်မှု

အကယ်၍ တရားသူကြီးမှ ဥပဒေကို မှားယွင်းစွာ ကျင့်သုံးခဲ့သည်ဟု ရှေ့နေမှ ယုံကြည်မှတ်ယူပါက ... အဆင့်မြင့်တရားရုံး ထံမှ ကုစားခွင့် (သက်သာခွင့်) ကို ရယူနိုင်ရန် အဆိုပြုလွှာကို အဆိုပါရှေ့နေမှ တင်သွင်းပေးရမည်။ ထိုသို့ပြုလုပ်ခြင်းကို ပြင်ဆင်ချက်လျှောက်ထားသည်ဟု ခေါ်ပြီး တချို့သော အင်္ဂလိပ်ရိုးရာ ဥပဒေ၌ကား ကြားဖြတ်အယူခံဝင်ခြင်းဟု ခေါ်ပါသည်။ ထိုသို့ပြုလုပ်ရန်အတွက် ဥပဒေဆိုင်ရာလျှောက်လဲချက် တစ်ရပ်ဖြစ်သည့် ... မှားယွင်းသော စံညွှန်းများကို အသုံးပြုထား ကြောင်း၊ သို့မဟုတ် စွဲဆိုထားသော ပြစ်မှုပါ အင်္ဂါရပ်များကို သက်သေပြရာတွင် သက်သေခံချက်လုံလောက်မှုမရှိကြောင်း စသည်တို့ကို လျှောက်လဲ တင်ပြပေးရမည်။ သို့သော် သက်သေများအပေါ် ယုံကြည်မှု (သို့မဟုတ်) အကြောင်းခြင်းရာ ဆိုင်ရာ သက်သေခံ အချက်အလက်များ၏ လေးနက်မှုအပေါ်တွင် မမူတည်ပါ။ ထိုသို့ပြုလုပ်ခြင်းသည် ချုပ်နှောင်ထားသည့် တရားခံအတွက် တရားစီရင်ရန် နှောင့်နှေးမှုဖြစ်နိုင်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ နှင့် ၄၃၉။ သက်သာခွင့် များအပိုင်းကို ကြည့်ပါ။

## တရားခံဆုံးဖြတ်ရမည့်အချက် - ဝန်ခံခြင်း သို့မဟုတ် တရားရင်ဆိုင်ခြင်း

**ပုံမှန်အားဖြင့်** ... တရားသူကြီးသည် စွဲချက်တင်ပြီးလျှင် ပြီးချင်း တရားခံအား စွဲချက်ကို ဝန်ခံမည်၊ သို့မဟုတ် ငြင်းမည်ဟု ဖြေကြားပေးရန် မေးရမည်။ ထိုသို့မေးမြန်းရာတွင် တရားသူကြီး**သည်** တရားခံ**အား** တိုက်ရိုက်မေးမြန်းရမည်။ တရားခံသည်လည်း တရားသူကြီးအား မေးခွန်းများ မေးမြန်းလို**ပါ**က မေးမြန်းနိုင်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၅။

### တရားခံအား ရှေ့နေမှ ဆွေးနွေးအကြံပြုပေးခြင်း

အမှုသည်အား ဆွေးနွေးအကြံပြုပေးခြင်းအပိုင်းကို ကြည့်ပါ။။

ရှေ့နေတစ်ဦးသည် အမှုသည်တစ်ဦးအတွက် ကိုယ်စားပြုရပ်တည်ပေးစဉ်အချိန်မှစ၍ ၎င်းအမှုသည်၏ ရည်မှန်းချက် ပန်းတိုင်များကို တိုင်ပင်ဆွေးနွေးပြီးဖြစ်ရမည်။ အမှုလမ်းကြောင်း ပြောင်းလဲနိုင်သည့်အတွက် ချုပ်နှောင်ထားခံရသော သို့မဟုတ် ခံဝန်ချုပ်ဖြင့်လွတ်နေသော အမှုသည်အား အချိန်ပေး၍ တွေ့ဆုံပြီး ၎င်းတို့၏ ပန်းတိုင်နှင့် ဆက်နွယ်နေသည့် ကိစ္စရပ်များကို ရှေ့နေများမှ သိရှိနားလည်အောင် လုပ်ရမည်။ အကျဉ်ထောင်အတွင်း၌ ရှိနေသည့် အမှုသည်နှင့် တွေ့ဆုံရန် အချိန်ကာလအပိုင်းအခြားနှင့် တွေ့ဆုံရမည့် အကြိမ်အရေအတွက်တို့သည် အမှုတစ်ခုချင်းစီအလိုက် ကွဲပြားနိုင်သည်။ သို့သော် အချုပ်နှောင်ခံထားရသော အမှုသည်တိုင်းကို ရှေ့နေတစ်ဦးအနေဖြင့် ပုံမှန်သွားရောက်တွေ့ဆုံသင့်သည်။ အမှုသည်နှင့် သွားရောက်တွေ့**ဆုံ**ရမည့် အကြိမ်အရေအတွက်ကား အမှုတခုနှင့်တခု မတူညီနိုင်ပါ။ သို့သော် အမှုတိုင်းတွင် **သင်**၏ အမှုသည်နှင့် ကောင်းမွန်သောဆက်ဆံရေးတစ်ရပ်ကို တည်ဆောက်ထားရမည်။

တရားရုံး ခင်းကျင်းပုံအနေအထားသည် တရားခံနှင့် တရားခံရှေ့နေတို့အား သီးခြားစီ ခွဲထားသဖြင့် စွဲချက်မတင်မီ အချိန်ကပင် အမှုသည်အတွက် ပြင်ဆင်ပေးထားရမည်။ အကယ်၍ လိုအပ်ပါကရှေ့နေ၏ ကာကွယ်ခုခံပိုင်ခွင့်ကို အသုံးပြုပြီး တရားခွင်အတွင်းရှိ အမှုသည်နှင့် အချိန်ယူ ဆွေးနွေးသင့်သည်။ (ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇၅ နှင့် အခြားပြဋ္ဌာန်းချက်)

### ငြင်းဆန်ခြင်း

တရားခံသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၆ အရ ငြင်းဆန်နိုင်သည်။ ထို့နောက်တွင်မှ တရားစစ်ဆေးစီရင်ခြင်းများ လုပ်ဆောင်သည်။ အောက်တွင်ကြည့်ပါ။

## တရားခံမှ ဝန်ခံခြင်း

အချို့သောအမှုသည်များသည် ၎င်းတို့၌ အပြစ်ရှိကြောင်း ဝန်ခံလိုကြသည်။ သို့သော် ထိုဝန်ခံချက်များပေးရန် မဆုံးဖြတ်မီ ဥပဒေပါအချက်အလက်များကို ၎င်းတို့၏ရှေ့နေနှင့် တိုင်ပင်ဆွေးနွေးရန် လိုအပ်သည်။ ထိုအခြေအနေမျိုး၌ မျှတသော အပြစ်ဒဏ်များ ရရှိစေရန် ကူညီပေးခြင်းဖြင့် အမှုသည် ရယူလိုသည့် ရည်မှန်းချက်ပန်းတိုင်များ ရရှိလာအောင် တရားခံ ရှေ့နေဘက်မှ ကူညီပေးနိုင်သည်။ ထို့အပြင် ကြီးလေးသောပြစ်မှု သို့မဟုတ် အခြားသူများ ပါဝင်ပတ်သက်မှုကို ဖြစ်စေနိုင်သည့် "အလွန်အကျွံဝန်ခံခြင်းများ" ကို အမှုသည်ဘက်မှ မပြုလုပ်မိစေရန် သေချာစေရမည်။ အကယ်၍ ဥပဒေနှင့် မညီညွတ်သည့် အပြစ်ဒဏ်ကို ချမှတ်လိုက်ပါက ပြင်ဆင်ခွင့်တက်ပေးနိုင်ရန် ရှေ့နေမှ အဆင်သင့်ဖြစ်နေစေရမည်။

## ဝန်ခံချက်ပေးရမည့်အချိန်

တရားရုံးတော်အတွင်း ဝန်ခံချက်ပေးရမည့် အချိန်သည် သမ္မန်မှုများ သို့မဟုတ် ဝရမ်းမှုများအပေါ် မူတည်၍ ကွဲပြားသွား နိုင်ပါသည်။ (အမှုအမျိုးအစားများအပိုင်းကို ကြည့်ပါ)။ ဝန်ခံခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်းအတွက် တူညီသော ဥပဒေဆိုင်ရာ လိုအပ်ချက်များကို လိုက်နာရမည်။

### သမ္မန်မှုများ

သမ္မန်မှုများတွင် ... တရားခံမှ အပြစ်ရှိကြောင်း ဝန်ခံလိုပါက ... တရားလိုဘက်မှ သက်သေခံချက်များ တင်သွင်းခြင်း မပြုမီ စုံစမ်းစစ်ဆေးသည့်အဆင့်၌ အပြစ်ရှိကြောင်း ဝန်ခံနိုင်သည်။ တရားသူကြီးသည် ပထမ သတင်းပေး တိုင်ကြားချက်ထဲမှ အကြောင်းခြင်းရာများနှင့် နှင့် ဥပဒေအရာရှိမှ ပေးအပ်လာသည့် အချက်အလက်များကို အသုံးပြုပြီး တိုင်တန်းချက်များကို ရှင်းပြပေးရမည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၄၂။ တရားဘက်မှ ဝန်ခံလိုခြင်း၊ သို့မဟုတ် ငြင်းဆန်လိုခြင်း ရှိမရှိကို တရားသူကြီးမှ မေးမြန်းရမည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၄၃။ အကယ်၍ တရားခံက ပြစ်မှုကို ကျူးလွန်ခဲ့ကြောင်း ဝန်ခံလျှင် ထိုဝန်ခံချက်ကို ၎င်းပြောဆိုသုံးနှုန်းသည့် စကားလုံးနှင့် နီးစပ်နိုင်သမျှ တရားသူကြီးမင်းက ရေးမှတ်ရမည်။ ထို့နောက် တရားသူကြီးမှ ထိုက်သင့်သည့်အပြစ်ဒဏ်ကို ချမှတ်ပေးရမည်။ (ထိုပုဒ်မကို ကြည့်ပါ။)

### ဝရမ်းမှုများ

ဝရမ်းမှုများသည် ကြီးလေးသောအပြစ်ဒဏ်များကို ချမှတ်နိုင်သောကြောင့် ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံလိုသော အမှုသည် များအား ၎င်းတို့၏ ရှေ့နေများမှ သေချာစွာ ဆွေးနွေးလမ်းညွှန်ပေးရန် လိုအပ်ပါသည်။ ဝန်ခံချက်များကို စုံစမ်း စစ်ဆေးမှု များပြုလုပ်နေစဉ်အတွင်း တရားလိုဘက်မှ သက်သေများ တင်သွင်းပြီးသည့် အချိန်နှင့် စွဲချက်တင်ရန် လုံလောက်သော သက်သေခံချက်များ ရှိသည်ဟု တရားသူကြီးများက မှတ်ယူမှသာ ပြုလုပ်နိုင်သည်။ အမှု၏လမ်းကြောင်း၌ ဆွေးနွေးခဲ့ သကဲ့သို့ "ထို့နောက် စွဲချက်ကို တရားခံအား ဖတ်ပြပြီး ရှင်းပြရမည်။ ထို့ပြင် တရားခံအား အပြစ်ရှိ၊မရှိ သို့မဟုတ် တစ်စုံ တစ်ရာ ခုခံချေပရှင်းလင်းရန်ရှိ မရှိတို့ကို မေးမြန်းရမည်။" ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၅(၁)။ သမ္မန်မှုများတွင်လည်း ထိုနည်းတူ "တရားခံက ၎င်း၌ အပြစ်ရှိကြောင်း ဖြေကြားလျှင် ယင်းဖြေကြားချက်ကို တရားသူကြီးက မှတ်တမ်းတင်၍ တရားခံအပေါ် ပြစ်မှု ထင်ရှားစီရင်နိုင်သည်။" ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၂၅၅ (၂)။

## အပြစ်ရှိကြောင်းဝန်ခံခြင်း၏ အင်္ဂါရပ်များ

စွဲချက်အပေါ် အပြစ်ရှိကြောင်း ဝန်ခံခြင်းသည် သာမန်အပြစ်ရှိကြောင်း ဝန်ခံခြင်းများထက် ပိုသည်။ ပြစ်မှုအင်္ဂါရပ်များကို သက်သေပြနိုင်မည့် လုံလောက်သော အကြောင်းခြင်းရာများအပေါ် တရားခံမှ ဝန်ခံထားကြောင်းနှင့် ၎င်းအား ချမှတ်နိုင်သည့် အပြစ်ဒဏ်များကိုလည်း တရားခံကိုယ်တိုင်က နားလည်သိရှိထားကြောင်း၊ တရားသူကြီးမှ အတည်ပြု သင့်သည်။

> မြန်မာ့ တရားရုံးများလက်စွဲ အပိုဒ် ၅၆၇ ၌ ဖော်ပြထားသည်မှာ - "တရားခံအား ဖြေကြားရန် ပြောဆိုသည့်အခါ မိမိအပေါ်တင်ထားသော စွဲချက်ကို မြောက်စေသည့် အင်္ဂါရပ်အားလုံးတို့ကို တရားခံက ဝန်ခံခြင်းမပြုလျှင်၊ အပြစ်မရှိ ဟူသော ဖြေကြားချက်ကို ရေးမှတ်ရမည်။ လူသတ်မှုနှင့်ဖြစ်စေ၊ ရာဇဝတ်ပြစ်ဒဏ်ထိုက်သော လူသေမှု နှင့်ဖြစ်စေ၊ စွဲချက်တင်ထားသော တရားခံက၊ သေသူကို မိမိသတ်သည်ဟုသာ ဝန်ခံသော ဖြေကြား ချက်သည်၊ အပြစ်ရှိသည်ဟူသော ဖြေကြားချက် မဟုတ်။ တရားခံ၏ ဖြေကြားချက်မှာ၊ စွဲချက်ကို တိကျပြတ်သား စွာ ဝန်ခံသည့် ဖြေကြားချက်မဟုတသမျှ၊ ထိုဖြေကြားချက်မှ တရားခံ အပြစ်ရှိ သည်ဟူသော ကောက်ယူချက်ကို မပြုရ။ ထိုကဲ့သို့သော ဝန်ခံချက်မရှိမူ၊ စွဲချက်ကို သက်သေထင်ရှား ပြရမည်။"

### စပ်ဆိုင်သော တရားရုံးစီရင်ထုံးများ

- တရားသူကြီးသည် တရားခံ၏ ကျန်းမာရေးနှင့် နားလည်နိုင်ခြင်း ရှိမရှိတို့အပေါ် စုံစမ်းစစ်ဆေးရမည်။ ထိုသို့ မပြုခဲ့ပါက တရားခံ၏ ဝန်ခံချက်များအား နောင်တချိန်၌ ပြန်လည်ရုပ်သိမ်းနိုင်သည်။ အိန္ဒိယနိုင်ငံစီရင်ထုံးများ၊ အတွဲ ၂၊ ၁၉၁၅၊ လာဟို၊ စာ-၄၈၇ (သက်ဆိုင်ရာစာမျက်နှာ ၄၉၃)။
- ရာဇဝတ်တရားသူကြီးသည် အကြောင်းခြင်းရာနှင့် ဥပဒေကို ရှင်းပြပေးရမည်။ ဘုရင်ကေရာဇ်နှင့် ငစိန်ပါ အများ၊ အိန္ဒိယနိုင်ငံစီရင်ထုံးများ၊ ၁၉၂၃ ရန်ကုန်၊ စာ - ၁၃၂။ မောင်စိန် (တရားသူကြီးသည် တရားခံအား အကြောင်းခြင်း ရာများနှင့် အင်္ဂါရပ်များကို ပြောပြခြင်း မရှိခဲ့ပါ။ ကျေးရွာအက်ဥပဒေဖြင့် စွဲချက်တင်ခဲ့သည်)။ အိန္ဒိယနိုင်ငံစီရင်ထုံး များ၊ အတွဲ ၁၈၊ ၁၉၃၁၊ ဘုံဘေ၊ စာ -၁၉၅ (သက်ဆိုင်ရာ စာမျက်နှာ ၁၉၆)။
- လိုအပ်သော ပြစ်မှုမြောက်စွန်းနိုင်သည့် အချက်အလက်များအားလုံးကို ရာဇဝတ်တရားသူကြီးမှ ဖော်ထုတ်ရမည်။ "ကျွန်တော် အပြစ်ရှိပါတယ်၊ သို့မဟုတ် ကျွန်တော် ထိုအရာကို ပြုလုပ်ခဲ့ပါတယ်" ဆိုသည့် အချက်များသည် လုံလောက်မှု မရှိပါ။ မောင်ပို နှင့် အစိုးရ (ဘုရင်ကေရာဇ်)၊ အောက်မြန်မာနိုင်ငံစီရင်ထုံးများ၊ အတွဲ ၁၄၊ စာ-၂၁၆။
- အပြစ်ရှိကြောင်း ဝန်ခံခြင်းသည် တရားခံကိုယ်တိုင် နားလည်သဘောပေါက်၍ လွတ်လပ်သော သဘောဆန္ဒ အလျောက် ဝန်ခံခြင်းမျိုး ဖြစ်ရပါမည်။ တရားခံမှ အပြစ်ရှိကြောင်း ဝန်ခံခြင်းကို တရားသူကြီးမှ လက်ခံရုံမျှနှင့် မလုံလောက်ပါ။ စွဲချက်၏ သဘောသဘာဝ၊ အမှုအကြောင်းခြင်းရာများနှင့် ဝန်ခံခြင်းမှ ရရှိလာနိုင်မည့် အကျိုးဆက်များအားလုံးကို တရားခံမှ နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။ ဆရီဆဝါမာ နှင့် ပြည်ထောင် စု မြန်မာနိုင်ငံတော် (ဦးသိန်းမောင်)၊ ၁၉၅၄၊ မြန်မာနိုင်ငံစီရင်ထုံး၊ (တရားလွှတ်တော်)၊ စာ - ၃၃၁။

စွဲချက်တင်ထားသည့် ပြစ်မှုအပေါ် တရားခံက ဝန်ခံပြီးနောက် တရားသူကြီးသည် ယင်းတရားခံအား အပြစ်ပေးနိုင်သော် လည်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၅ (၂) အရ ယင်းအမှုကို တရားသူကြီးမှ တရားရှင်လွှတ်နိုင်သေးသည်။ သက်သေခံချက်များနှင့် ဝန်ခံချက်များသည် လုံလောက်မှု မရှိခြင်း သို့မဟုတ် ရှေ့နောက်ညီညွတ်မှု မရှိခြင်းများ ဖြစ်ပေါ်နေသည်ဟု တရားသူကြီးမှ ဆုံးဖြတ်သည့်အခါ အထပ်ပါအတိုင်း လုပ်ဆောင်ခြင်းသည် စပ်ဆိုင်မှုရှိသည်။ ထိုသို့ သော အခြေအနေမျိုး၌ အပြစ်ပေးရုံမျှဖြင့် တရားစီရင်ရေး ကောင်းမွန်အောင် ဆောင်ရွက်နိုင်သည်ဟု မဆိုလိုပါ။ လူပုဂ္ဂိုလ်တဦးဦး၏ အခြေအနေသည် ဥပဒေအရ ခိုင်မာမှုမရှိသော်လည်း ကောင်းသောခုခံကာကွယ်မှုများ ပေးနိုင်ခြင်းများ ကြောင့် အဆိုပါကဲ့သို့သော ကိစ္စရပ်များ အကျုံးဝင်လာသည်။

## အပြစ်ရှိကြောင်းဝန်ခံပြီးနောက် အပြစ်ဒဏ်ချမှတ်ခြင်း

တရားသူကြီးသည် တရားခံအား နေ့ချင်းအမိန့်ချနိုင်သည်၊ သို့မဟုတ် ပြစ်ဒဏ်ချမှတ်ရန်အတွက် ရုံးချိန်းနိုင်သည်။ ပြစ်ဒဏ်ချမှတ်ခြင်းနှင့်ဆိုင်သည့် လျှောက်လဲချက်များ ပေးရန် ရှေ့နေများမှ ကြိုတင်ပြင်ဆင်ထားသင့်သည်။ သို့သော် ပြစ်ဒဏ်လျှော့ပေါ့စေနိုင်မည့် သက်သေခံချက်များ တင်ပြပေးနိုင်ရန် လိုအပ်ပါက ရုံးချိန်းတချိန်း ပေးရန် ရှေ့နေများမှ တောင်းဆိုသင့်သည်။

ဝန်ခံပြီးနောက် အပြစ်ဒဏ်ချမှတ်ရာတွင် အမှုတစ်ခုလုံး အပြည့်အဝ စစ်ဆေးပြီးအမိန့်ချမှတ်သည့် လုပ်ထုံးလုပ်နည်းများ အတိုင်း လိုက်နာရမည်။ (အပြစ်ဒဏ်ချမှတ်ခြင်းအပိုင်းကို ကြည့်ပါ။)

အပြစ်ဒဏ်လျှော့ပေါ့ပေးရန် တောင်းဆိုလျှောက်ထားခြင်းကို မြန်မာနိုင်ငံ၌ ခွင့်ပြုထားခြင်း မရှိသော်လည်း … ရှေ့နေများမှ သက်ဆိုင်ရာ ပြစ်ဒဏ်လျှော့ပေါ့စေမည့် သက်သေခံချက်များ၊နှင့် ထောင်ဒဏ်အကျဉ်းချခြင်းဆိုင်ရာ အထူးပြဌာန်းချက်များ ကို အသုံးပြုပြီး အမှုသည်များ အပြစ်ဒဏ် လျှော့ပေါ့စေရန်အတွက် လျှောက်လဲ တင်ပြပေးရမည်။ တရားသူကြီးက အမိန့်ချမှတ်သည့်နေ့တွင် ကျခံပြီး ပြစ်ဒဏ်ဖြင့် တရားခံအား လွှတ်သည့်အမိန့် ချမှတ်ရန် တရားသူကြီး စိတ်ဆန္ဒရှိနေသည် ကို တရားခံရှေ့နေများက အခွင့်ကောင်း ယူနိုင်သည်။ ထိုအခြေအနေ၌ တရားခံ၏ အပြစ်ရှိကြောင်း ဝန်ခံလိုက်ခြင်းသည် တရားခံ၏ အမှုကို ဆက်လက်စစ်ဆေးပြီး အပြီးသတ် လျှောက်လဲချက်ပေးသည့်အခြေအနေထက် … တရားခံ ပိုမိုလျင်မြန်စွာ လွှတ်မြောက် လာနိုင်သည်။ ထိုသို့ ပြုလုပ်နိုင်သည့် နည်းလမ်းကို အမှုသည်နှင့် ဆွေးနွေးရမည်။ အမှုသည်နှင့် ဆွေးနွေးတိုင်ပင်ခြင်းအပိုင်းကို ကြည့်ပါ။

သို့သော် ထိုသို့ အပြစ်ဒဏ်လျှော့ပေါ့စေရန်အတွက် တောင်းပန်လျှောက်ထားခြင်းသည် တချို့သော တရားသူကြီးများ၊ ရဲများနှင့် ဥပဒေအရာရှိများအတွက် လာဘ်ပေးလာဘ်ယူ ပြုလုပ်နိုင်သည့် နည်းလမ်းများ ဖြစ်မသွားစေရန် ရှေ့နေများ (တရားမျှတမှုစင်တာမှ ရှေ့နေများနှင့် တခြားသော ပုဂ္ဂလိကရှေ့နေများ) မှ အထူးသတိပြုရပါမည်။ ထို့အပြင် ထိုသို့ လာဘ်ပေးလာဘ်ယူများ မပြုလုပ်သည့်တိုင် … သေးငယ်သော ပြစ်မှုများ၌ "ကျပြီးပြစ်ဒဏ်ဖြင့် အမှုသည်အား လွှတ်မြောက် စေခြင်း" အပေါ် အသုံးချသင့်သည်ထက် ပို၍ အသုံးချခဲ့လျှင် တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့် တရားခံ ရှေ့နေများ သည် အပြစ်မရှိသော တရားခံအား တရားသေလွှတ်ရန် သေချာစေသည့်အတွက် အမှုများကို အလေးအနက်မထားခြင်းများ နှင့် အသက်မွေး ဝမ်းကြောင်း ဆိုင်ရာ လုပ်ဆောင်ရမည့် တာဝန်ဝတ္တရား ပျက်ကွက်ခြင်းများ ဖြစ်ပေါ်လာနိုင်သည်။ ဤသို့သော အခြေအနေများတွင် ခိုင်မာသော ပြစ်မှုဆိုင်ရာ အရေးဆိုတင်ပြခြင်းနေရာ၌ ကျခံပြီး အပြစ်ဒဏ်ဖြင့် လွှတ်သော

စနစ်ကို သုံးစွဲခြင်းသည် ခိုင်မာသောတရားစီရင်ရေးစနစ် (တရားဥပဒေစိုးမိုးရေး၊ အပြစ်ကင်းစင်ကြောင်း မှတ်ယူခြင်းနှင့် သက်သေပြရန်တာဝန်များကို လေးစားတန်ဖိုးထားခြင်း)၏ တိုးတက်မှုကို လျော့ပါးစေနိုင်သည်။

အကယ်၍ တရားခံက စွဲချက်ကို ဝန်ခံခဲ့လျှင်ပင် တရားခံရှေ့နေသည် တရားခံ၏ ခွင့်ပြုချက်ဖြင့် ... အပြစ်ပေးရန် လုံလောက်သော သက်သေခံချက်များ မရှိဟု လျှောက်လဲတင်ပြနိုင်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၅(၂) ကို ကြည့်ပါ။

## အပြစ်ရှိကြောင်း မဆိုင်းမတွ ဝန်ခံရုံမျှဖြင့် တရားလိုစွဲဆိုသော အမှုကို ခိုင်မာစေခြင်းမရှိနိုင်။

စွဲချက်တင်ပြီးလျှင် တင်ပြီးချင်း အပြစ်ရှိကြောင်း ဝန်ခံခြင်းကို လုပ်ထုံးလုပ်နည်းအရ ခွင့်ပြုထားသော်လည်း ... တရားလိုဘက်မှ အဓိကစစ်မေးခြင်းများ မပြည့်စုံမီ ထိုသို့ အပြစ်ရှိကြောင်း ဝန်ခံလိုက်ပါက ဥပဒေအရ လုံလောက်ခြင်း မရှိသော မှတ်တမ်းများအဖြစ် တင်ကျန်ရစ်မည်။ ထိုအခြေအနေများ၌ ရှေ့နေများသည် အောက်ပါ အခြေအနေ နှစ်ရပ်နှင့် ရင်ဆိုင်ရမည်။

- တရားခံမှ အပြစ်ရှိကြောင်း ဝန်ခံပြီးနောက် ရှေ့နေမှ ဆက်လက်လိုက်ပါဆောင်ရွက်ခဲ့လျှင် ... ထိုအပြစ်ရှိကြောင်း ဝန်ခံချက်သည် လုံလောက်မှုရှိကြောင်း တရားရုံးမှတ်တမ်း၌ ပါဝင်စေရန် ရှေ့နေမှ စစ်ဆေးရမည်။ ထို့အပြင် တရားခံ၏ ဝန်ခံချက်ချက်နှင့် တရားလိုဘက် သက်သေခံချက်များသည် ရာဇဝတ်မှု၏ အင်္ဂါရပ်အသီးသီးကို သက်သေပြနိုင်သည့် လုံလောက်သောသက်သေခံချက်များ ဖြစ်ကြောင်းကိုလည်း တင်ပြပေးရမည်။ ထိုသို့ မပြုလုပ်ခဲ့ပါက (သို့မဟုတ်) ဥပဒေအရ အပြစ်ဒဏ်ချမှတ်ခြင်း မပြုခဲ့ပါက ... ရှေ့နေမှ ပြင်ဆင်ခွင့် တင်သွင်းသင့် သည်။ သက်သာခွင့်များ အပိုင်းကို ကြည့်ပါ။
- တရားခံ တရားရင်ဆိုင်နေစဉ်အတွင်း နှင့် အပြစ်ရှိကြောင်းဝန်ခံနေစဉ်အတွင်း ရှေ့နေမှ ကိုယ်စားပြု လိုက်ပါ ဆောင်ရွက်ပေးခဲ့ပါက ... (အမှုသည်နှင့်တိုင်ပင်ပြီး) အလားတူ ပြင်ဆင်ခွင့်လျှောက်ထားရန် ရှေ့နေမှ ပြင်ဆင်ရမည်။ ထိုသို့မဟုတ်ဘဲ ဥပဒေနှင့်ကိုက်ညီခြင်းမရှိသည့် သို့မဟုတ် လုံလောက်ခြင်း မရှိသည့် အပြစ်ရှိကြောင်း ဝန်ခံခြင်းများကို သိလျက်နှင့်ပြုလုပ်စေပါက တရားရုံးတော်သို့ ထားရှိရမည့် ရှေ့နေ၏ ရိုးသားပွင့်လင်းရမည်ဟူသည့် တာဝန်ကို ချိုးဖောက်ရာရောက်ပါသည်။

## စွဲချက်တင်ပြီးနောက် တရားလိုဘက်အမှုကို ဆက်လက်ဆောင်ရွက်ခြင်း

လုံလောက်သောသက်သေခံချက်များနှင့် ပြည့်စုံသည်ဟု တရားသူကြီးမှ ယုံကြည်သည်နှင့် အဆိုပါပြစ်မှုအတွက် စွဲချက် တင်နိုင်သည်။ သို့သော် ... အကယ်၍ တရားခံမှ စွဲတင်ထားသည့် စွဲချက်အပေါ် ဝန်ခံခြင်းမပြုပါက တရားလိုဘက်မှ သက်သေခံချက်များကို ဆက်လက်တင်သွင်းနိုင်သည်။ ဤဖြစ်စဉ်မျိုးမှာ လွန်စွာရှားပါးပါသည်။

- စွဲချက်တင်ခြင်းအားဖြင့် တရားလိုဘက်မှ ကျန်သက်သေများကို စစ်မေးရမည့်အပြင် လိုအပ်ပါက ပြန်လှန်စစ်မေး၍ ထပ်မံစစ်မေးရမည်။ စွဲချက်မတင်မီ စစ်ဆေးပြီး သက်သေတို့ကို ပြန်ခေါ်စေရန် တရားခံက တောင်းဆိုလျှင်၊ ပြန်လှန်စစ်မေးရန် အလို့ငှာ စင်စစ်အားဖြင့် ပြန်ခေါ်ရမည်။ သို့ရာတွင် စွဲချက်တင်ပြီးနောက်မှ စစ်မေးသည့် သက်သေတို့ကို တရားခံက ပြန်ခေါ်ပိုင်ခွင့်မရှိချေ။ တရားရုံးများလက်စွဲ ၄၄၉ ။
- ... ကျန်ရှိနေသေးသည့် တရားလိုသက်သေများ၏ သက်သေခံချက်များကို ရယူမည်။ ပြန်လှန်စစ်မေးခြင်းနှင့် ထပ်မံစစ်မေးခြင်း (ရှိခဲ့လျှင်) များ ပြီးဆုံးသည့်အခါ ၎င်းသက်သေများကို

ရယူမည်။ ပြန်လှန်စစ်မေးခြင်းနှင့် ထပ်မံစစ်မေးခြင်း (ရှိခဲ့လျှင်) များ ပြီးဆုံးသည့်အခါ ၄င်းသက်သေတို့ကိုလည်း ပြန်လွှတ်လိုက်ရမည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၆။

## စွဲချက်တင်ပြီးနောက် အဆောတလျင် စစ်ဆေးစီရင်ခြင်း

တရားခံရှေ့နေသည် တရားခံ၏အမှုကို မျှတ၍ အချိန်မီ စစ်ဆေးစီရင်နိုင်စေရန် ဆက်လက် ဆောင်ရွက်ပေးရမည်။ တရားခံပြသက်သေများနှင့် ပြန်ခေါ်သက်သေများအားလုံး၏ ထွက်ဆိုချက်များကို ဆက်တိုက်ကြားနာနိုင်ရန် လျှောက်ထား ရမည်။

# တရားခံအား အဓိက စစ်မေးခြင်း

အကယ်၍ ... တရားသူကြီးဘက်မှ အမှုကို တရားရှင် (စွဲချက်မတင်ဘဲ) လွှတ်ခဲ့လျှင်သော်၄င်း၊ စွပ်စွဲခံရသူ တရားခံမှလည်း ၄င်း၌ အပြစ်ရှိကြောင်း ဝန်ခံခြင်း မပြုခဲ့လျှင်သော်၄င်း ... ထိုအရာ၏ နောက်တဆင့်၌ စွပ်စွဲခံရသူတရားခံအား အဓိက စစ်မေးမှု ပြုလုပ်ရမည် ဖြစ်သည်။ ထို့အပြင် တရားခံအား ၄င်း၏ သက်သေခံချက်များ တင်သွင်းရန် ခွင့်ပြုပေးရမည်ဖြစ်ပြီး ... အဆိုပါ သက်သေခံချက်များကို အပြီးသတ် ဆုံးဖြတ်ချက်ချမည့် တရားသူကြီးမှ ကြားနာရမည်။

- အကယ်၍ တရားခံက ဖြောင့်ချက်မပေးလျှင် ... တရားခံ၏ သက်သေခံချက်များကို ကြားနာခြင်း မပြုဘဲ အပြစ် မပေးရ။ ပြည်ထောင်စုနှင့် ဦးထွန်းရင် ၁၉၆၄၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၃၃၇ (တရားလွှတ်တော်ချုပ်)။
- တရားခံအား တရားစစ်ဆေးစီရင်သည့် တရားသူကြီးမှ စစ်ဆေးခြင်းမပြုခဲ့လျှင် ပြန်လည်ကြားနာစစ်ဆေးခြင်းကို မလွဲမသွေ ပြုလုပ်ရမည်။ ဘုရင်ကေရာဇ်နှင့် ၊ ကျန်ဘော်၊ အောက်မြန်မာပြည်စီရင်ထုံး၊ အတွဲ ၂၊ စာ-၂၃၉ ။
- တရားစစ်ဆေးစီရင်နေစဉ်အတွင်း တရားသူကြီးတစ်ဦးမှ အခြားတရားသူကြီးတစ်ဦးသို့ ဥပဒေနှင့်အညီ အမှု လွှဲပြောင်းပေးနိုင်သော်လည်း၊ တရားခံသည် ၄င်း၏ သက်သေများအားလုံး သို့မဟုတ် တချို့သော သက်သေများကို ပြန်ခေါ်၍ ထပ်မံကြားနာနိုင်ရန် အခွင့်အရေးရှိသည်။ ထို့အပြင် တရားခံအတွက် လိုက်ပါ ဆောင်ရွက်ပေးမည့် ရှေ့နေ မရှိခဲ့ပါက တရားသူကြီးအသစ်သည် တရားခံ၌ အထက်ပါ အခွင့်အရေးရှိကြောင်း ရှင်းလင်းစွာ အကြံပေးပြောကြားရမည်။ ချစ်ထွန်းပါ ၅၊ နှင့် ဘုရင်၊ အောက်မြန်မာပြည်စီရင်ထုံး၊ အတွဲ ၁၊ စာ - ၂၃၉ ။

## တရားခံအမှု၏ အစိတ်အပိုင်းများ

တရားခံအမှု၏ အကျဉ်းချုပ်ကို အောက်၌ ဖော်ပြထားပါသည်။ အောက်၌ ဆွေးနွေးထားသည့် ဆွေးနွေးချက်များသည် အရေးအကြီးဆုံးသော အစိတ်အပိုင်းများ ဖြစ်ပါသည်။

### တရားခံအမှုအတွက် အမိန့်

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၂၅၆ (၂) ၌ ... သက်သေများထက်အလျင် တရားခံ၏ သက်သေခံချက်ကို ဦးစွာ ရယူရန် အကြံပြုထားပါသည်။ လက်တွေ့လုပ်ငန်းစဉ်၌လည်း ထိုသို့ လုပ်ဆောင်လျက်ရှိပါသည်။ သို့သော် တရားခံဘက်မှ သက်သေခံချက်များ ပေးခြင်းကို အခြားသက်သေများ၏ သက်သေခံချက်များ တင်သွင်းပြီးသည့် အချိန်အထိ မပေးသေးဘဲ နှောင့်နှေး ကြန့်ကြာမှုများ ဖြစ်စေရန် ရှေ့နေများဘက်မှ လုပ်ဆောင်ပေးသင့်သည်။ ထိုသို့ပြုလုပ်လိုက်ခြင်းဖြင့် တရားခံနှင့် တရားခံသက်သေများအကြားရှိ သက်သေခံချက်များသည် တိုက်ဆိုင်မှုရှိသော ခြားနားချက်များ မဟုတ်ကြောင်း တရား သူကြီး၏ စိတ်မှ မှတ်ယူသွားနိုင်သည်။

၁။ သက်သေစာရင်း တင်သွင်းခြင်း

စွဲချက်ကို ငြင်းဆိုပါက ... သက်သေစာရင်းကို တရားခံမှ တင်သွင်းရမည်။ ထိုသက်သေစာရင်းကို ရှေ့နေမှ ကြိုတင် ပြင်ဆင်ထားရမည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၂၁၁ (၂)။

၂။ တရားလိုသက်သေများအား ပြန်ခေါ်ခြင်း

စွဲချက်မတင်မီအချိန်၌ တရားလိုပြသက်သေများ၏ ထွက်ဆိုချက်များကို တရားခံမှ ကြားနာလိုပါက အဆိုပါ သက်သေများအား ပြန်ခေါ်ပေးရန် တရားခံက တောင်းဆိုပိုင်ခွင့်ရှိသည်။ သို့သော် ထိုသို့ ပြုလုပ်ခြင်းကို လက်လွတ် စပယ် မပြုလုပ်ဘဲ ခုခံကာကွယ်ရေးလမ်းကြောင်းနှင့်အညီ လုပ်ဆောင်ရမည်။ စုံစမ်းစစ်ဆေးနေစဉ် အတွင်း ပြုလုပ်ခဲ့သည့် အနည်းငယ်သော ပြန်လှန်စစ်မေးမှုများသည် စွဲချက်မတင်မီကာလ၌ အမှုမှ ပယ်ပေးရန် တောင်းဆိုခြင်းကို အကူအညီဖြစ်စေနိုင်သည်ဟု တရားခံရှေ့နေမှ ထင်မြင်နိုင်သည်။

- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၂၅၆။
- ဦးထွန်းလှဖြူနှင့် အစိုးရ၊ ၁၉၅၈ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၁၆၀။
- မောင်အံ့ဖွယ် နှင့် အစိုးရ၊ ၁၉၄၈ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာ - ၈၆၃။

သို့သော် … အကယ်၍ အမှုသည်၏ တရားမျှတမှုအတွက် ဆိုးကျိုးမဖြစ်စေပါက … သက်သေများအား ပြန်မခေါ်ခဲ့သည့်တိုင် အမှုမှ ပယ်ပေးခြင်းကား ပြုလုပ်ပေးလိမ့်မည်မဟုတ်ပါ။

- ဦးသန်းမြင့် (ခေါ်) ဘိုပါ နှင့် ပြည်စိုးတော် (သာထွန်းအောင်)၊ ၈၆ တရားလွှတ်တော်ချုပ်၊ (ရန်ကုန်)
- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၂၈၄ (က)

၃။ တရားခံ၏ သက်သေခံချက်။ အသေးစိတ်အချက်အလက်များကို အောက်၌ ကြည့်ရှုနိုင်သည်။

၄။ အကြောင်းခြင်းရာဆိုင်ရာ သက်သေများ (Fact Witnesses)

မှုခင်းဖြစ်အကြောင်းအရာများအပေါ် တိုက်ရိုက်သိရှိသူများအား ခေါ်ယူ၍ သက်သေထွက်ဆိုစေခြင်းကို အကြောင်းခြင်းရာဆိုင်ရာ သက်သေများဟု ခေါ်ပါသည်။ မှုခင်းဖြစ်ပွားရာနေရာ၌ ရှိနေခဲ့သည့် သက်သေများ သည်လည်း ထိုအထဲ၌ ပါဝင်ပါသည်။ ထိုသက်သေများသည် တရားခံ၏ အလီဘိုင်တင်ပြခြင်းကို ထောက်ခံပေး နိုင်ကြပါသည်။ တရားလိုပြသက်သေများ၏ ထွက်ဆိုချက်များ အပေါ် တရားခံရှေ့နေမှ ကန့်ကွက်ချက်များ ပြုလုပ်ခဲ့သကဲ့သို့ ၎င်းတို့၏ ထွက်ဆိုချက်များအပေါ်တွင်လည်း တခြားသူများမှ ကန့်ကွက်ချက်များ ပြုလုပ်လာနိုင် ပါသည်။ ထိုသို့ ပြုလုပ်လာနိုင်ခြင်းများ အတွက် ကြိုတင်မှန်းဆ၍ပြင်ဆင်ထားရန် လိုအပ်ပါသည်။ သက်သေခံချက် အပိုင်း၊ သက်သေများ၏ သက်သေခံချက်များ၊ ခုခံကာကွယ်ရေးလမ်းကြောင်း အပိုင်းကို ကြည့်ပါ။ USAID Legal Aid Tool Kit ၊ အခန်း ၄၊ တရားခွင်စစ်ဆေးစီရင်ခြင်းဆိုင်ရာကျွမ်းကျင်မှုများ၊ တိုက်ရိုက်စစ်မေးခြင်း၊ စာ ၆၆ ကို ကြည့်ပါ။

- သက်သေခံအက်ဥပဒေ ပုဒ်မ ၅၉ - ၆၀။
- အထူးတရားသူကြီးများအက်ဥပဒေ ၁၉၄၆ (Special judges Act) အရ သက်သေများ၏ ထွက်ဆိုချက် များကို ကြားနာရန် တရားသူကြီးများမှ ငြင်းဆန်နိုင်သည်။ အကယ်၍ သက်သေများ တင်ပြလာသည့် သက်သေခံချက်များသည် အမှုအတွက် အရေးမပါသော

အရာများဖြစ်ခဲ့ပါက ထိုအရာများသည် အမှုနှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပွားစေနိုင်သည့်အတွက် ထိုသို့သော သက်သေခံချက်များကို ငြင်းဆန် နိုင်သည်။ သို့သော် လိုအပ်သည့် တရားခံပြသက်သေများ၏ ထွက်ဆိုချက်များ အားလုံးကို တရားသူကြီး များမှ ကြားနာနိုင်စေရန် တရားခံရှေ့နေများမှ တက်ကြွဆောင်ရွက်ရမည်။ လှမောင်နှင့် အပေါင်းအပါများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် (၁၉၅၂၊မြန်မာနိုင်ငံစီရင်ထုံး၊ (တရားလွှတ်တော်)၊ စာ-၂၆၂။ သက်ဆိုင်ရာစာမျက်နှာ - ၂၇၁-၂၇၂။

- ပူးတွဲတရားခံသည် တရားခံအတွက် သက်သေအဖြစ် ထွက်ဆိုမပေးနိုင်ပါ။ တူညီသော တရားစစ်ဆေးစီရင်ခြင်းကို ခံယူနေရသည့် တရားခံနှင့် ပူးတွဲတရားခံတို့သည် တရားခံပြသက်သေများ အဖြစ် အပြန်အလှန်ဆောင်ရွက်မပေးနိုင်ပါ။ ပွန်နားလူး နှင့် ဘုရင် (၁၉၄၇)၊ ရန်ကုန်စီရင်ထုံး၊ စာ - ၂၁၄။

## ၅။ အကျင့်စာရိတ္တအပေါ် သက်သေခံပေးမည့် သက်သေများ

တရားခံသည် ၎င်း၏အကျင့်စာရိတ္တကောင်းမွန်ကြောင်းကို သက်သေခံပေးနိုင်မည့် သက်သေများအား ခေါ်ဆောင် ကောင်း ခေါ်ဆောင်နိုင်သည်။ ဤအခြေအနေတွင် အထူးသတိပြုရန်မှာ - အကယ်၍ တရားခံသည် အကျင့်စာရိတ္တကောင်းကြောင်း သက်သေခံတင်ပြလာလျှင် ... ထိုတင်ပြခြင်းနှင့် စပ်ဆိုင်မှုမရှိသော်လည်း၊ တရားလိုဘက်မှ ၎င်းတရားခံအပေါ် အကျင့်စာရိတ္တ မကောင်းကြောင်း တင်ပြနိုင်သည်။

- သက်သေခံဥပဒေ ပုဒ်မများ ၅၂-၅၅။

## ၆။ **ကျွမ်းကျင်သူများ**၏ သက်သေခံချက်များ

သိပ္ပံပညာရပ်များနှင့် ဆေးဘက်ဆိုင်ရာပညာရပ်များအပေါ်တွင် သက်သေခံပေးနိုင်ရန် လိုအပ်ပါက ကျွမ်းကျင် ပညာရှင်များအား ခေါ်ယူနိုင်ပါသည်။ ကျွမ်းကျင်သူများသည် ကိစ္စရပ်များ ဖြစ်ပွားခဲ့သည့် အကြောင်းရင်းများနှင့် ဖြစ်ပွားပုံများကို ရှင်းပြပြီး သက်သေခံချက်များ ပေးအပ်နိုင်သည်။ ကျွမ်းကျင်မှုများ - တရားခံ၏ သက်သေခံ ချက်များ တင်သွင်းခြင်းဆိုင်ရာ အပိုင်းကို ကြည့်ပါ။

- သက်သေများသည် သက်သေခံအက်ဥပဒေ ပုဒ်မ ၄၅ နှင့် ၅၁ အရ အရည်အချင်းပြည့်မီသူများ ဖြစ်ရ မည်။

## ၇။ **သက်သေခံအရာဝတ္ထုပစ္စည်းများ**

စစ်ဆေးစီရင်ခြင်း၌ တရားခံရှေ့နေမှ တင်ပြပေးနိုင်မည့် သက်သေခံအရာဝတ္ထုပစ္စည်း သုံးမျိုးရှိပါသည်။ ၎င်းတို့မှာ ရုပ်ပစ္စည်းသက်သေခံချက် (Physical evidence)၊ စာတမ်းအမှတ်အသားသက်သေခံချက် (Document Evidence) နှင့် ပုံပြသက်သေခံချက် (Illustrative Evidence)တို့ဖြစ်ကြသည်။ ထိုအရာများအကြောင်းကို အောက်၌ အကျယ်တဝင့် ဆွေးနွေးထားသည်။

သက်သေခံပစ္စည်းများကို သက်သေခံအဖြစ် မည်ကဲ့သို့ လက်ခံရမည်ဖြစ်ကြောင်း၊ ဥပဒေနှင့် လက်တွေ့ကျင့်စဉ်များကို ရှေ့နေက လေ့လာထားရမည်။ ကျွမ်းကျင်မှုများ - တရားခံ၏

သက်သေခံချက်များ တင်ပြခြင်း ဆိုင်ရာ အပိုင်း၊ Legal Aid Tool Kit ၏ သက်သေခံဝတ္ထုပစ္စည်းများ၊ စာ ၇၀ ကြည့်ပါ။

၇.၁။ ရုပ်ပစ္စည်းသက်သေခံချက်

ဤ၌ တရားလို၏အမှုကို ဆန့်ကျင်သည့်အရာဝတ္ထုများ သို့မဟုတ် တရားခံအား ထောက်ခံပေးသည့် အရာဝတ္ထုများ တို့ပါဝင်သည်။ ဥပမာ - တရားခံ၏ အဝတ်အစားများသည် -

- နိုပ်စက်ညှင်းပန်းမှုကို သက်သေပြရန်။
- ရန်ပွဲတခုတွင် ပါဝင်ကြောင်း စွပ်စွဲချက်ကို ဆန့်ကျင်ရန်။
- မည်သူမည်ဝါဖြစ်ကြောင်းကို ပြသရန်။

၇.၂။ စာတမ်းအမှတ်အသားသက်သေခံချက်

စာရေးသားချက် သို့မဟုတ် ဓာတ်ပုံမှတ်တမ်းဆိုင်ရာ သက်သေခံချက်များသည် သက်သေတစ်ဦးအား စွပ်စွဲ လိုသည့်အခါနှင့် အမှုနှင့်သက်ဆိုင်သောသတင်းအချက်အလက်များကို သက်သေပြရန် လိုအပ်သည့်အခါ အသုံးပြုကြသည်။ ထို၌ ပါဝင်သည်များမှာ -

- စာဖြင့်ရေးသားထားသည့် စာရွက်စာတမ်းများ
- ဓာတ်ပုံများနှင့် ဗီဒီယိုများ
- စီးပွားရေး သို့မဟုတ် ဆေးဘက်ဆိုင်ရာ စာရွက်စာတမ်းများ
- အစိုးရမှတ်တမ်းများ
- အီးမေးများ၊ နှင့် ကွန်ပြူတာမှ ထုတ်ထားသည့် စာများ
- အင်တာနက်စာမျက်နှာမှ စိတ်ဝင်စားသည့်အကြောင်းအရာများကို စခရင်ရှော့ရိုက်ယူထားသည့်ပုံများ

သက်သေခံအရာဝင်ခြင်း မဝင်ခြင်းနှင့် ဆိုင်သည့် ဥပဒေများ

- သက်သေခံအက်ဥပဒေ ပုဒ်မ ၆၁-၇၃။
- အီလက်ထရွန်နစ်သက်သေခံချက်များအတွက် မြန်မာ့သက်သေခံအက်ဥပဒေပြင်ဆင်ချက် (၂၀၁၅)
- တရားသူကြီးများသည် သက်သေခံအရာဝင်မဝင်ကို ဆုံးဖြတ်ရန်အတွက် အခြားစာရွက်စာတမ်းများကိုလည်း ရယူ စစ်ဆေးနိုင်သည်။ သက်သေခံအက်ဥပဒေပုဒ်မ ၁၆၂။

၇.၃။ ရုပ်ပုံပြသက်သေခံချက်

ရုပ်ပုံပြသက်သေခံချက်များသည် နှုတ်သက်သေခံချက်များထက် ပို၍ အားကောင်းပြီး မှတ်မိလွယ်ပါသည်။ တချို့ သောအရာများသည် အမှုနှင့်သက်ဆိုင်သည့်စွဲချက်များအတွက် သက်သေခံအရာဝင်ခြင်း၊မဝင်ခြင်းအပေါ် အခြေခံပြီး စာရွက်စာတမ်းသက်သေခံချက်များအဖြစ် သတ်မှတ်ကြသည်လည်း ရှိသည်။ အများစုသော အရာများ ကို ယုံကြည်နိုင်လောက်သောအရာများအဖြစ် အသုံးပြုကြပြီး သို့မဟုတ် သက်သေများ၏ ထွက်ဆိုချက် များကို ပိုမိုခိုင်မာလာစေရန်အတွက် အသုံးပြုကြပါသည်။ ထိုအရာများ၌ ပါဝင်သည့်အရာများမှာ -

- ဓာတ်ပုံများ
- အကျဉ်းချုပ်ဇယားများ

- ရုပ်ပုံများ
- မြေပုံများ
- သက်သေထွက်ဆိုနေစဉ်အတွင်း သက်သေများမှ ရေးဆွဲထားသည့် ပုံများ
- သက်သေထွက်ဆိုနေစဉ်အတွင်း သက်သေများ၏ သရုပ်ပြခြင်းများ။

## သက်သေ၏ သက်သေထွက်ဆိုချက်

### နှုတ်ဆိတ်စွာနေပိုင်ခွင့်

တရားစစ်ဆေးစီရင်နေစဉ်အတွင်း တရားခံအား စွဲဆိုထားသည့် စွဲဆိုချက်များအပေါ် နှုတ်ဆိတ်စွာနေခြင်းနှင့် ပတ်သက် သည့်အချက်ကို မြန်မာ့ဥပဒေ၌ ရှင်းလင်းစွာ ဖော်ပြထားခြင်း မရှိပါ။

- ဥပဒေအရာရှိများအတွက် မျှတသောတရားစီရင်ရေးဆိုင်ရာလမ်းညွှန်စာအုပ်၊ ပြစ်မှုဆိုင်ရာအမှုတွဲ ဆောင်ရွက်ချက်များအတွက် လိုက်နာကျင့်သုံးနိုင်မည့် စံချိန်စံညွှန်းများ၊ ၂ (စ)၊ ဝန်ခံထွက်ဆိုခြင်း မပြုဘဲ နှုတ်ဆိတ်နေခွင့်၊ "အမှုစုံစမ်းစစ်ဆေးစဉ်ကာလအတွင်း စွပ်စွဲခံရသူအနေဖြင့် ဝန်ခံထွက်ဆိုချက် မပြုဘဲ နှုတ်ဆိတ်နေခွင့်သည် ပြစ်မှု ကျူးလွန်ကြောင်း ကိုယ်တိုင်ထွက်ဆိုချက်ပေးရန် အတင်းအကြပ် တွန်းအားပေးခြင်းမခံရစေရေး အကာအကွယ် ပေးသည့် အရေးပါသော အခွင့်အရေး တစ်ရပ်ဖြစ်ပါသည်။"
- ရဲမှုစုံစမ်းထောက်လှမ်းသည့်အဆင့်၌ တရားခံပုဂ္ဂိုလ်၏ သက်သေခံချက်များနှင့် ဖြောင့်ချက်များ ပေးခြင်းသည် မည်သို့သော အကျိုးဆက်များကို ဖြစ်စေနိုင်သည်ဟူသောအချက်ကို တရားသူကြီးမှ အကြံပြုဆွေးနွေးပေးရမည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၆။
- စွဲချက်တင်ပြီးနောက် … တရားခံပုဂ္ဂိုလ်မှ သက်သေခံချက်ပေးလိုခြင်း ရှိမရှိကို မေးမြန်းရမည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၂၅၆ (၂)။
- အကယ်၍ တရားခံမှ သက်သေခံလျှင် ၎င်း၏ သက်သေခံချက်ကို ၎င်းနှင့်အတူ ပူးတွဲစစ်ဆေး စီရင်ခြင်း ခံရသူ၊ မည်သူ့အပေါ်မဆို ဆန့်ကျင်အသုံးပြုနိုင်ကြောင်း တရားသူကြီးမှ သတိပေးရမည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၃၄၂။
- အကယ်၍ အမှုသည်မှ နှုတ်ဆိတ်စွာနေပါက ဆန့်ကျင်ဘက်လွှမ်းမိုးမှုများလည်း ဖြစ်နိုင်ကြောင်း တရားသူကြီးမှ သတိပေးရမည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မများ ၂၈၉ (၁)၊ (ခ) နှင့် (ဂ)
- အမှုအဖြစ်အပျက်အကြောင်းအရာတစ်စုံတစ်ရာကို ဖြေရှင်းနိုင်စေရန်အလို့ငှာ တရားသူကြီးသည် တရားခံ အား စစ်မေးရမည်။ ထိုသော် အတင်းစစ်မေးခြင်းများ မဖြစ်စေရ။ သို့သော် ၎င်းအား တစ်စုံတစ်ရာစစ်မေးရန် မလိုအပ် ဟု တရားသူကြီးက ယူဆနိုင်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၈၉ (၂)။
- တရားခံကို ၎င်း၏ ဆန္ဒမရှိဘဲ သက်သေတစ်ဦးအဖြစ် မစစ်မေးရ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ၃၄၂ (၁)(က)
- တရားသူကြီး၏ မေးခွန်းများကို မဖြစ်မနေဖြေကြားရန် မလိုပါ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂ (ဂ)

ဆန့်ကျင်ဘက် ကောက်ချက်ဆွဲခြင်းများကို ဆန့်ကျင်နိုင်မည့် လျှောက်လဲတင်ပြချက်များကို တရားခံရှေ့နေများမှ ပြင်ဆင် ထားရန်လိုအပ်သည်။ ဥပဒေအရာရှိ၏ တာဝန်မှာ ... ပြစ်မှုတစ်ခု၏ အင်္ဂါရပ်တိုင်းအပေါ် သံသယ ကင်းရှင်းလောက်အောင် သက်သေပြရန်ပင်ဖြစ်ပါသည်။

ထွက်ဆိုချက်တစ်ရပ်ကို အမှုသည်မှ တရားရုံးတော်သို့ ပေးအပ်ခဲ့ပါက ... ထိုမှတဆင့် ရရှိလာနိုင်သည့် ကောင်းကျိုးများနှင့် ဆိုးကျိုးများကို တရားခံရှေ့နေမှ စဉ်းစားထားရမည်။ ပြီးနောက် ထိုအကျိုးဆက်များကို အမှုသည်အား သေချာစွာ ရှင်းပြ၍ ဆွေးနွေးပေးရမည်။

- အမှုသည်၏ အပြစ်ရှိကြောင်းကို ပြသနိုင်မည့် အခြား မည်သည့်သက်သေခံချက်များရှိသနည်း။
- ထိုအရာများသည် သက်သေခံအရာဝင်ပါသလား။
- တရားသူကြီးထံမှောက်၌ ထွက်ဆိုခဲ့သည့် အမှုသည်၏ ထွက်ဆိုချက်သည် သက်သေခံအရာ ဝင်ပါသလား။
- ထိုသို့ တရားရုံးတော်သို့ ထွက်ဆိုခြင်းသည် အမှုသည်၏ အကောင်းဆုံးအကျိုးစီးပွားကို ဖြစ်စေနိုင်ပါ သလား။
- တရားဥပဒေအရ တားမြစ်ပိတ်ပင်ထားသော ပစ္စည်းများ လက်ဝယ်ထားရှိခြင်းသည် အပြစ်ကင်းသော လက်ဝယ်ရှိမှုတစ်ရပ်သာဖြစ်ကြောင်း ရှင်းလင်းပြရန်အလို့ငှာ အမှုသည်အား သက်သေခံအဖြစ် စစ်ဆေးရန် လိုအပ်ပါသလား။

သက်သေခံချက်များပေးခြင်း၏ အကျိုးဆက်များကို အမှုသည်များအား ရှေ့နေများမှ ရှင်းပြပေးရမည်။ ထို့အပြင် အမှုသည်ဘက်မှ နှုတ်ဆိတ်စွာနေရန် တရားခံရှေ့နေမှ ကြိုးစား၍ စည်းရုံးသိမ်းသွင်းရမည်။ သက်သေခံအဖြစ် ထွက်ဆိုခြင်း၊ မထွက်ဆိုခြင်းသည် အမှုသည်၏ ဆုံးဖြတ်ချက်သာလျှင် အတည်ဖြစ်သည်။

အကယ်၍ တရားခံက မည်သည့်ထွက်ဆိုချက်မျှမပေးဘဲ နှုတ်ဆိတ်စွာနေလိုသော ဆန္ဒရှိလျှင် ... တရားခံဘက်မှ ထွက်ဆိုချက်များ ပေးလိမ့်မည် မဟုတ်ကြောင်းကို ရှေ့နေဖြစ်သူမှ နှုတ်အားဖြင့်သော်၎င်း၊ စာဖြင့်ရေးသား၍ သော်၎င်း၊ တရားရုံးတော်သို့ အကြောင်းကြားပေးရန် စဉ်းစားသင့်သည်။ ထိုအကြောင်းကြားခြင်း၌ ဥပဒေဆိုင်ရာ ခုခံကာကွယ်ခြင်းများ ဖြစ်သည့် သက်သေခံပစ္စည်း လုံလောက်မှုမရှိခြင်း သို့မဟုတ် အခြားတရားခံပြ သက်သေများ၏ ခုခံချေပချက်များအပေါ် အမှုသည်ဘက်မှ မှီခိုလိုကြောင်း တင်ပြပေးရမည်။ မြန်မာ့ဥပဒေနှင့် ကိုက်ညီမှုရှိစေရန်အတွက် ... အကယ်၍ တရားခံမှ သက်သေအဖြစ် ထွက်ဆိုရန် စိတ်ဆန္ဒမရှိပါက ထိုသို့ ထွက်ဆိုလိုခြင်း မရှိကြောင်းကို ၎င်း၏ရှေ့နေမှ လျှောက်ထား ပေးရမည်ဖြစ်ပြီး တရားခံ၏ သက်သေခံချက် သည်လည်း စွဲချက်အပေါ် ယေဘုယျ ငြင်းဆန်ချက်တစ်ရပ်သာ ဖြစ်နိုင်သည်။

သို့သော် ... တရားခံမှ နှုတ်ဆိတ်စွာနေရန် သဘောဆန္ဒရှိကြောင်းကို တရားသူကြီးကိုယ်တိုင်က သိရှိပြီး ဖြစ်သော်လည်း လိုအပ်သည်ထင်သော မေးခွန်းများကို တရားခံအား မေးမြန်းနိုင်သည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၄၂(၂)။ ထို အကြောင်းကို ရှေ့နေမှ အမှုသည်အား ရှင်းပြပေးရမည်ဖြစ်ပြီး အမှုသည်၏ နှုတ်ဆိတ်စွာနေလိုသည့် ဆုံးဖြတ်ချက် အတိုင်း လုပ်ဆောင်နိုင်ရန် ကူညီပေးရမည်။ အမှုတွဲ ဆောင်ရွက်နေစဉ်အတွင်း အမှုသည် လိုအပ်မည့် အကြံဉာဏ်များ ပေးနိုင်ရန် ၎င်းတို့ရရှိထားသည့် ဆွေးနွေး အကြံပြုပိုင်ခွင့်ကို ရှေ့နေမှ တောင်းဆိုရမည်။ အကယ်၍ လိုအပ်ခဲ့ပါက ... နှုတ်ဆိတ်စွာ နေမည်ဟု ဆုံးဖြတ်ထားသည့် အမှုသည်အပေါ် ဆက်တိုက်မေးမြန်းလာသည့် မေးခွန်းများအတွက် ကန့်ကွက်ချက်များ ပြုလုပ်ပေးနိုင်ရန် ရှေ့နေမှ ပြင်ဆင်ပြီး မှတ်တမ်းပြုစုထားရမည်။

## တရားခံ၏ ထွက်ဆိုချက်များရယူနိုင်မည့် နည်းလမ်းများ

ဝန်ခံခြင်းမရှိသည့် တရားခံအား သက်သေထွက်ဆိုစေနိုင်မည့် နည်းလမ်း နှစ်ရပ်ကို မြန်မာ့ဥပဒေက ခွင့်ပြုထားပါသည်။

၁။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၄၂ (၁) အရ ပြန်လှန်စစ်မေးမှုကို ခံယူရမည့် သက်သေတစ်ဦးသည် ကျမ်းသစ္စာ ကျိန်ဆိုပါက ...

- ထိုသူသည် သက်သေခံချက်ပေးရန် မလိုအပ်ပါ။
- "သက်သေမခံမီ တရားခံ သက်သေခံရန် တာဝန်မရှိကြောင်းနှင့် အကယ်၍ သက်သေခံလျှင် ၎င်း၏ သက်သေ ခံချက်ကို ၎င်းနှင့်အတူ ပူးတွဲစစ်ဆေးစီရင်ခြင်းခံရသူ မည်သူ့အပေါ်မဆို ဆန့်ကျင် အသုံးပြုနိုင်ကြောင်းကို" တရားခံအား တရားရုံးက သတိပေးရမည်။" ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၄၂ (၁)(ခ)။
- "သက်သေခံရန် တရားခံ၏ ပျက်ကွက်မှုကို တရားလိုဘက်က မည်သို့မျှ ဝေဖန်ခြင်း မပြုစေရ။ သို့သော်လည်း ယင်းပျက်ကွက်မှုနှင့် စပ်လျဉ်း၍ တရားရုံးနှင့် ဂျူရီလူကြီးများ (ရှိလျှင်)က တရားမျှတ သည် မိမိတို့ ထင်မြင်သည့် အတိုင်း ကောက်ယူနိုင်သည်။" ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၄၂(၁)(ဂ)
    - သက်သေခံအက်ဥပဒေ ပုဒ်မ ၁၁၄ မှ ခွင့်ပြုထားသည်မှာ - မပြောမဆိုဘဲ မနေရဟု ဥပဒေက ပညတ် ထားခြင်းမရှိသော်လည်း မေးခွန်းကို လူတစ်ဦးတစ်ယောက်က ဖြေဆိုရန် ငြင်းဆိုလျှင် ၎င်းမေးခွန်းကို ဖြေဆိုပါက ဖြေဆိုချက်သည် ၎င်း၏ အကျိုးနှင့် ဆန့်ကျင်လိမ့်မည်ဟု မှတ်ယူနိုင်သည်။
- ပြန်လှန်စစ်မေးခြင်း - သက်သေခံချက် အပိုင်း၊ ကျွမ်းကျင်မှုများ - သက်သေများအား မေးခွန်းမေးခြင်း ဆိုင်ရာ အပိုင်းများကို ကြည့်ပါ။
    - တရားခံဘက်မှ အကျင့်စာရိတ္တနှင့်ပတ်သက်သည့်အကြောင်းအရာများကို မပြောဆိုမချင်း တရားခံ၏ အကျင့်စာရိတ္တမကောင်းကြောင်း ပြဆိုရာရောက်သည့် မည်သည့်မေးခွန်းကိုမျှ ပြန်လှန်စစ်မေးရာ၌ မမေးရ။
    - ဖြောင့်ချက်မဖြောက်သော ရဲထံထွက်ဆိုချက်ဖြင့် တရားခံကို စွပ်စွဲပြစ်တင်နိုင်သည်။
- တရားလွှတ်တော်၏ ခွင့်ပြုချက်မှတပါး မှသားသက်သေခံခြင်းများကို တရားမစွဲဆိုနိုင်ပါ။

၂။ တရားခံအား ကျမ်းသစ္စာကျိန်ဆိုစေခြင်းမဟုတ်ဘဲ အမှုဖြစ်အကြောင်းအရာများအပေါ် ပြန်လည်ပြောပြ စေခြင်းဖြင့်လည်း သက်သေခံအဖြစ် မေးမြန်းနိုင်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၄၂(၂)။

- တရားသူကြီးသည် စစ်ဆေးစီရင်မှု၏ မည်သည့်အဆင့်၌မဆို တရားခံကို ကြိုတင်သတိမပေးဘဲ မိမိလိုအပ်သည် ထင်သော မေးခွန်းများကို တရားခံအား မေးမြန်းနိုင်သည်။
- တရားခံကို စစ်မေးသည့်အခါတိုင်း တရားခံကို မေးသည့်မေးခွန်းတိုင်းနှင့် တရားခံက ပေးသည့် အဖြေတိုင်းကို ထည့်သွင်းလျက် စစ်မေးချက်တစ်ရပ်လုံးကို တရားခံအား စစ်မေးသည့် ဘာသာ စကားဖြင့်၊ သို့မဟုတ် ဖတ်ပြရမည်၊ သို့မဟုတ် ထိုစစ်မေးချက်ကို ရေးမှတ်ထားသည့် ဘာသာစကားကို တရားခံ နားမလည်လျှင် တရားခံ နားလည်သည့်ဘာသာစကားတစ်ရပ်ဖြင့် ဘာသာပြန်ဆိုပေးရမည်။ ထို့အပြင် တရားခံအား ၎င်း၏ အဖြေများကို ရှင်းပြရန်ဖြစ်စေ၊ ဖြည့်စွက်ရန်ဖြစ်စေ၊ အခွင့်အလမ်း ပေးရမည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၆၄။
- ဥပဒေအရာရှိမှ ပြန်လှန်စစ်မေးခြင်းများ မပြုရပါ။

## တရားခံအတွက် ပြင်ဆင်ပေးခြင်းများ

အမှုသည်၏ ထွက်ဆိုချက်များမှတဆင့် ရရှိနိုင်မည့် အကျိုးသက်ရောက်မှုများနှင့် အကျိုးဆက်များအကြောင်းကို ရှေ့နေမှ ၎င်း၏အမှုသည်အား သေချာစွာ အကြံပြုပြောကြားထားရမည်။ ရှေ့နေတစ်ဦးအနေဖြင့် အမှုသည်အား အကြံပြုဆွေးနွေးမှု များပြုလုပ်ပေးရမည့်အပြင်၊ သက်သေခံချက်များ၊ ဥပဒေများ၊ နှင့် တာဝန်များ အကြောင်းကိုလည်း ရှင်းပြပေးရမည်။ ထို့အပြင် အမှုသည်ဘက်မှ အဘယ့်ကြောင့် အမှန်အတိုင်း ပြောသင့်ကြောင်းကိုလည်း ရှင်းပြပေးရမည်။

> "အဓိကအားဖြင့် ... တာဝန် နှစ်ရပ်ရှိပါသည်။ ပထမတာဝန်မှာ - အမှန်အတိုင်းထွက်ဆိုရန်ဖြစ်ပြီး ဒုတိယတာဝန် မှာ အမှုသည်၏ အမှုအတွက် ထိရောက်စွာနှင့် ကျွမ်းကျင်စွာ ဆောင်ရွက်ပေးရန်ဖြစ်သည်။" အစိုးရနှင့် ဦးအုံးဖေ၊ ၁၉၆၈ ခုနှစ်၊ တရားမအသေးအဖွဲ့မှုအမှတ်-၃၊ (တရားလွှတ်တော်)။"

အောက်ဖော်ပြပါအကြောင်းအရာများအပေါ် ၎င်း၏ရှေ့နေထံမှ အကြံပြုချက်များကို ရယူပြီးနောက် သက်သေခံအဖြစ် ထွက်ဆိုခြင်း၊မထွက်ဆိုခြင်းများကို အမှုသည်မှ ဆုံးဖြတ်ရပါမည်။

- သက်သေခံအဖြစ် ထွက်ဆိုခြင်းမှ ရရှိနိုင်မည့် စွန့်စားမှုအန္တရာယ်များ
- နှုတ်ဆိတ်စွာနေခြင်းမှ ရရှိနိုင်မည့် စွန့်စားမှုအန္တရာယ်များ
- တရားခံ ပြောပြလိုသည့် ဇာတ်လမ်းအတွင်းမှ ဥပဒေဆိုင်ရာပါဝင်ပတ်သက်မှုများ။ တခါတရံတွင် တရားခံမှ အမှုဖြစ် ဇာတ်လမ်းကိုသာ ပြောပြလိုက်သော်လည်း ... ထိုပြောပြချက်များသည် ၎င်းအား စွဲဆိုထားသည့် စွဲချက်များအပေါ် မရည်ရွယ်ဘဲနှင့် ဝန်ခံလိုက်သည်များလည်း ရှိတတ်ပါသည်။ သို့မဟုတ် တရားခံအတွက် အရေးပါသည့် တခြားသောအရာများလည်း ထိုဇာတ်လမ်းအတွင်း၌ ပါဝင်ပတ်သက်သွားစေနိုင်ပါသည်။
- ဖမ်းဆီးခံထားရသည့် တခြားသောသူများအပေါ်၌ ဖြစ်ပျက်သွားသည့်အရာများ၊ သို့မဟုတ် တရားခံရရှိသွားသည့် ပို၍ ကြီးလေးသော သို့မဟုတ် ပို၍သေးငယ်သော အပြစ်ဒဏ်များ။

လုပ်ထုံးလုပ်နည်းများနှင့် သက်သေခံချက်ပုံစံများကိုလည်း ရှေ့နေမှ ဆွေးနွေးပေးရပါမည်။ သို့မဟုတ် အမှုသည်၏ နှုတ်ဆိတ်စွာနေပိုင်ခွင့်အတွက် ရှေ့နေမှ ကာကွယ်ပေးမည့်ပုံစံများကိုလည်း ဆွေးနွေးထားသင့်သည်။ ထို့အပြင် အမှုသည်နှင့်ရှေ့နေအကြား၌ ကြိုတင်လေ့ကျင့်မှုများလည်း ပြုလုပ်ထားရန် လိုအပ်ပါသည်။ ထိုသို့ပြုလုပ်ရာ၌ အခြား ရှေ့နေတစ်ဦးအား ပြန်လှန်စစ်မေးမှုတွင် စစ်မေးမည့် ဥပဒေအရာရှိနေရာမှ သရုပ်ဆောင်စေရပါမည်။ USAID Legal Aid Tool Kit အခန်း ၄၊ စစ်ဆေးစီရင်ခြင်းဆိုင်ရာကျွမ်းကျင်မှုများ၊ တိုက်ရိုက်စစ်မေးခြင်းဆိုင်ရာ နည်းစနစ်များ စာ **၆၈၊ ကိုကြည့်ပါ**။

ရှေ့နေများသည် ၎င်း၏အမှုသည်များ ပြန်လည်သတိရရှိစေရန် စာတမ်းအမှတ်အသားများ၊ မြေပုံများ၊ ဓာတ်ပုံများနှင့် တခြားသောအရာများကို ပြသခွင့်ရှိသည်။ အမှုအတွက်ပြင်ဆင်ရာတွင်လည်း ... ထိုသို့ပြုလုပ်ရသည့် ရည်ရွယ်ချက်များနှင့် ပြုလုပ်ပုံများကို အမှုသည်များနှင့် ကြိုတင်လေ့ကျင့်ထားသင့်သည်။ သက်သေခံဥပဒေ ၁၅၉။

## တရားခံအပေါ် အထူးသက်သေပြရန်တာဝန်များ

ယေဘုယျစည်းမျဉ်းမှာ - ပြစ်မှုတစ်မှုပါ အင်္ဂါရပ်များအားလုံးအပေါ် သက်သေပြရန်တာဝန်သည် တရားလိုဘက်၌သာ ရှိသည်။ သို့သော် အချို့သောအခြေအနေများ၌ တရားခံဘက်မှ "ဥပဒေဆိုင်ရာရပိုင်ခွင့် သို့မဟုတ် တာဝန်များအရ ... တရားရုံးတော်မှ အဆုံးအဖြတ်ပေးစေလိုပါက" သက်သေပြရန်တာဝန်သည် ထိုသူ၌သာ ရှိပါသည်။ ဥပမာ -

- အခင်းဖြစ်ပွားချိန်တွင် သက်ဆိုင်ရာနေရာ၌ ရှိမနေဘဲ အခြားနေရာ၌ ရှိနေကြောင်း သက်သေခံချက် ပုဒ်မ ၁၀၃။
    - ပြစ်မှုများသည် တရားခံအပေါ် လွဲမှားပြီး သို့မဟုတ် မမှန်မကန်ဖန်တီးပြီး စွဲဆိုထားသည့် ပြစ်မှုများ ဖြစ်ကြောင်း ပြသနိုင်ရန် ရှေ့နေများဘက်မှ စဉ်းစားထားရမည်။ အလီဘိုင်ယူခြင်းသည် တရားလိုဘက်မှ သက်သေပြရမည့် အင်္ဂါရပ်တစ်ရပ်ပင်ဖြစ်ပါသည်။ ထို၌ တရားခံသည် မတော် မတရားပြုခံရသည့်သူ တစ်ဦးသာ ဖြစ်ပါသည်။
- ဥပဒေဆိုင်ရာခြွင်းချက်များ၊ သက်သေခံဥပဒေပုဒ်မ ၁၀၅။
- တရားခံက အထူးသိရှိနိုင်သည့် အကြောင်းခြင်းရာများ၊ သက်သေခံဥပဒေပုဒ်မ ၁၀၆။
- မိမိကိုယ်ကိုကာကွယ်ခုခံပိုင်ခွင့်၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၉၆-၁၀၅။
- အပြစ်ရှိကြောင်းမှတ်ယူခြင်းများကို ကျော်လွှားခြင်း
    - သက်သေခံအက်ဥပဒေ ပုဒ်မ ၁၁၄ မှ ခွင့်ပြုထားသည်မှာ - မပြောမဆိုဘဲ မနေရဟု ဥပဒေက ပညတ် ထားခြင်းမရှိသော်လည်း မေးခွန်းကို လူတစ်ဦးတစ်ယောက်က ဖြေဆိုရန် ငြင်းဆိုလျှင် ၎င်းမေးခွန်းကို ဖြေဆိုပါက ဖြေဆိုချက်သည် ၎င်း၏ အကျိုးနှင့် ဆန့်ကျင်လိမ့်မည်ဟု မှတ်ယူနိုင်သည်
    - ဥပမာ - ခိုးမှုဖြစ်ပွားပြီးနောက် မကြာမီအတွင်း ခိုးရာပါပစ္စည်းကို လက်ရှိဖြစ်သူသည် မည်သည့်နည်းလမ်း ဖြင့် ၎င်း၏ လက်ရှိဖြစ်သည်ဟု အကြောင်းမပြနိုင်လျှင် ခိုးသူဖြစ်သည်၊ သို့တည်းမဟုတ် ခိုးရာပါပစ္စည်း ဖြစ်ကြောင်း သိလျက်နှင့် လက်ခံသူဖြစ်သည်ဟု မှတ်ယူနိုင်သည်။
    - ထိုသို့မှတ်ယူခြင်းကို စောဒကတက်ခြင်းမပြုလျှင် ... "သိလျက်နှင့်ပြုလုပ်ခြင်း" သို့မဟုတ် "တမင်တကာ ပြုလုပ်ခြင်း" ဟု မှတ်ယူနိုင်သဖြင့် အပြစ်ရှိသည်ဟု ဆုံးဖြတ်ချက်ချမှတ်နိုင်သည်။ မည်သို့ပင်ဖြစ်စေကာမူ ပစ္စည်းလက်ဝယ်ထားရှိမှုနှင့် အခြားသူတစ်ဦးဦး ပိုင်ဆိုင်သည့် ပစ္စည်းဖြစ်ကြောင်းနှင့် ခွင့်ပြုချက်မပါဘဲ ရယူထားသည့်ပစ္စည်းဖြစ်ကြောင်းတို့ကို တရားလိုဘက်မှ သက်သေပြရမည်။ ထို့ကြောင့် ထိုသို့သော အမှုများတွင် ပစ္စည်းပိုင်ရှင်ကို တရားလိုဘက်မှ သက်သေမပြနိုင်ပါက ယင်းအမှုသည် စပ်ဆိုင်မှုရှိသည့် အမှု (လုံလောက်မှု ရှိသည့်အမှု) ဟု မဆိုနိုင်သေးပါ။

# အပြီးသတ်ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ်ခြင်း

ပြစ်မှုတစ်ခုချင်းစီ၏ အင်္ဂါရပ်များအပေါ် သက်သေအဖြစ် လက်ခံနိုင်ခြင်းရှိမရှိနှင့် ခိုင်လုံသောသက်သေခံချက်ဖြစ်မဖြစ်ကို သံသယ၏အကျိုးဆက်ကို ကျော်လွန်၍ သက်သေပြရန် တာဝန်သည် ဥပဒေအရာရှိထံ၌ ရှိပါသည်။ တရားခံဘက်မှ လိုက်ပါဆောင်ရွက်ပေးမည့် ရှေ့နေများမှာမူ ၎င်းတို့၏ ကျင့်ဝတ်ဆိုင်ရာ တာဝန်ဝတ္တရားများနှင့်အညီ ၎င်းတို့အမှုသည်အတွက် အကောင်းဆုံး ကိုယ်စားပြုရပ်တည်ပေးကြရမည် ဖြစ်ပါသည်။ ထိုသို့ရပ်တည်ပေးရာတွင်လည်း ရရှိလာသည့် အကြောင်းချင်းရာ အချက်အလက်များနှင့် ဥပဒေများကို အကောင်းဆုံးအသုံးပြုကြရပါမည်။

## ဥပဒေအရင်းမြစ်များ

- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၆ နှင့် ၂၅၇
- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၃၆၆ မှ ၃၇၂ (အခန်း ၂၆၊ စီရင်ချက်)
- ဤရာဇသတ်ကြီးဥပဒေပုဒ်မ ၅၃ “ဤရာဇသတ်ကြီးပါ ပြဋ္ဌာန်းချက်များအရ ပြစ်မှုကျူးလွန်သူတို့ ထိုက်သင့်သည့် ပြစ်ဒဏ်များမှာ -

  ပထမ ။ ။ သေဒဏ်။
  ဒုတိယ ။ ။ * * *
  တတိယ ။ ။ * * *
  စတုတ္ထ ။ ။ ထောင်ဒဏ်။ ။ ထိုထောင်ဒဏ်မှာလည်း ---
  (၁) အလုပ်ကြမ်းနှင့် ထောင်ဒဏ်
  (၂) အလုပ်မဲ့ ထောင်ဒဏ်
  ပဉ္စမ ။ ။ * * *
  ဆဋ္ဌမ ။ ။ ငွေဒဏ်။”
- ရာဇသတ်ကြီးဥပဒေပုဒ်မ ၆၅ - ထောင်ဒဏ်၊ ငွေဒဏ် နှစ်ရပ်စလုံး ချမှတ်ထိုက်သည့် အမှုများတွင် ငွေဒဏ် မဆောင်သည့်အတွက် ထောင်ဒဏ်ကာလ ကန့်သတ်ခြင်း။
- ရာဇသတ်ကြီးဥပဒေပုဒ်မ - အထူးပြဋ္ဌာန်းချက်များတွင် ထောင်ဒဏ်နှင့် ငွေဒဏ်များ ချမှတ်ခြင်း။
- မြန်မာ့တရားရုံးများလက်စွဲ အပိုဒ် ၆၅၃-၆၅၅၊ ၆၈၃

## အပြီးသတ်လျှောက်လဲချက်ပေးခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်းများကို အချိန်ခွဲ၍ ပြုလုပ်ပေးရန် တောင်းဆိုခြင်း

မြန်မာနိုင်ငံ၌ အပြစ်ရှိကြောင်း၊အပြစ်ကင်းစင်ကြောင်း အပြီးသတ်လျှောက်လဲချက်ပေးခြင်း၊ နှင့် ပြစ်ဒဏ်ချမှတ်ခြင်းများကို သီးခြားခွဲ၍ ကြားနာလေ့မရှိပါ။ ထို့ကြောင့် တရားခံရှေ့နေများသည် ၎င်းတို့၏အမှုသည်များ တရားသေလွတ်နိုင်ရန် အတွက် အပြီးသတ်လျှောက်လဲခြင်းများနှင့် အပြစ်ဒဏ်များ လျှော့ပေါ့စေရေးအတွက် လျှောက်ထားချက်များကို တချိန်ထဲ၌ ပင် ပြင်ဆင်ထားရန် လိုအပ်ပါသည်။ ထိုသို့ အဆုံးအဖြတ်ပေးခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်းများကို သီးခြားခွဲ၍ လုပ်ဆောင်ပေး ရန် တရားခံရှေ့နေများမှ တောင်းဆိုသင့်ပါသည်။ ထိုလျှောက်လဲချက်များကို တရက်ထဲ၌ပင် နှစ်ပိုင်းခွဲ၍ ပြုလုပ်ခြင်း သို့မဟုတ် အမှုသည်၏တောင်းဆိုချက်အရ လိုအပ်ပါက နောက်တရက်သို့ ရွှေ့ဆိုင်းပေးခြင်းဖြင့် လုပ်ဆောင်နိုင်ပါသည်။ ထိုသို့ပြုလုပ်ခြင်းသည် အမှုအတွက် အဆုံးအဖြတ်ပေးရာတွင် တရားလိုဘက်မှ မလိုလားအပ်သည့် ပြစ်မှုဆိုင်ရာ မှတ်တမ်းများကို တင်သွင်းလာခြင်းမှ

ကာကွယ်ပေးရာ ရောက်ပါသည်။ တရားရုံးများလက်စွဲ အပိုဒ် ၉၆၂ တွင် ဖော်ပြထား သည့် "အမျိုးအစားခွဲခြင်းနှင့် အကျဉ်းသားများ၏ အပြစ်ဒဏ်များ" ကို တင်သွင်းလာပါက ထိုတင်သွင်းချက်သည် ဘက်လိုက်သော ဆုံးဖြတ်ချက်များ ပေးနိုင်သည့်အတွက် ထိုသို့ ပြုလုပ်ခြင်းကို တရားခံရှေ့နေများမှ ကန့်ကွက်ရမည်။

## တရားခံဘက်မှ လျှောက်လဲချက်များ

ဤအပိုင်း၌ အပြီးသတ်လျှောက်လဲချက်များ ပေးခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်းဆိုင်ရာ ဥပဒေအကြောင်းအရာများကို သုံးသပ် လေ့လာကြမည်ဖြစ်ပါသည်။ ဥပဒေကို သိရှိနားလည်ပြီး အသုံးချရန်သာမက အပြီးသတ် လျှောက်လဲခြင်းဆိုင်ရာ ကျွမ်းကျင်မှုများလည်း ပြည့်ဝနေစေရန် လိုအပ်ပါသည်။ ထိုကျွမ်းကျင်မှု အရည်အချင်းများနှင့် ပတ်သက်၍ အကျယ်တဝင့် လေ့လာရန် အတွက် USAID Legal Aid Tool Kit အခန်း ၄ ရှိ တရားခွင်ဆိုင်ရာ ကျွမ်းကျင်မှု၊ အပိတ်လျှောက်လဲချက် ပေးခြင်းအပိုင်းကို ကြည့်ပါ။

အပြီးသတ်လျှောက်လဲချက်များနှင့် ပြစ်ဒဏ်ချမှတ်ချက်များကို တရားခံရှေ့နေသည် အပြည့်ဝ ကြားနာခွင့်ရှိသည်။

- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၆ နှင့် ၂၅၇
- "တရားခံသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၆ (၂) အရ ၎င်း၏လျှောက်လဲချက်ကို တင်ပြခွင့်ရှိသည်။ ထိုအရာများသည် မလွဲမသေလိုက်နာရမည့် ပြဋ္ဌာန်းချက်များ ဖြစ်ကြသည်။ ထိုပြဋ္ဌာန်းချက်များကို လိုက်နာရန် ကန့်ကွက်ခဲ့ပါက၊ စစ်ဆေးစီရင်ခြင်းအပေါ် ဆန့်ကျင်အကျိုးသက်ရောက်မှု ရှိစေဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ အမှုကို ပလပ်ရမည်။" မောင်အုံ့ဖွယ် နှင့် နိုင်ငံတော် ၁၉၄၈ ရန်ကုန်စီရင်ထုံး၊ စာ-၈၆၃။

လက်တွေ့တရားခွင်၌ တရားခံများဘက်မှ ခုခံကာကွယ်ပေးသည့် အပြီးသတ် လျှောက်လဲချက်များကို စာဖြင့်ရေးသား လျှောက်ထားနေကြသည်ကို တွေ့ရသည်။ ထိုသို့ပြုလုပ်ခြင်းသည် တရားရုံးများလက်စွဲပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်နေ သည်ကို တွေ့ရသည်။

"ခုခံသောအမှုများတွင် စာဖြင့်ရေးသားသော လျှောက်လဲချက်များ တင်သွင်းရန် ရှေ့နေတို့အား ခွင့်ပြုသည့် အလေ့ အထကို လိုက်နာခြင်း မပြုရန် တားမြစ်သည်။ လျှောက်လဲချက်များကို တရားရုံးသို့ နှုတ်ဖြင့် လျှောက်လဲရမည်။" တရားရုံး များလက်စွဲ အပိုဒ် ၁၅၄ (၁၂)

နှုတ်ဖြင့် (သို့) စာဖြင့် လျှောက်လဲချက်ပေးပါက … အောက်ပါအချက်များ ပါဝင်အောင် ရှေ့နေမှ ဂရုပြုပေးရပါမည်။

- ဆွဲဆောင်မှုရှိသည့်အမှုပါသက်သေခံချက်အကျဉ်းချုပ်
- သက်ဆိုင်ရာ တရားရုံးစီရင်ထုံးများနှင့် ဥပဒေပြဋ္ဌာန်းချက်များ လေ့လာသုံးသပ်ချက်
- အမှုအကြောင်းခြင်းရာများနှင့် စွဲဆိုခံထားရသောပြစ်မှုပါ အင်္ဂါရပ်များကို စိစစ်ခြင်း
- ပြစ်မှု၏ နောက်ဆက်တွဲအကျိုးများကို လျော့ပါးစေနိုင်သည့် သက်သေခံချက်များ နှင့်
- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၈(၁) အရတရားသေလွှတ်ပေးရန် တောင်းဆိုချက်။

တရားခံဘက်မှလိုက်ပါဆောင်ရွက်ပေးသည့်ရှေ့နေများသည် လိုအပ်ပါက တရားသူကြီးများအား … ၎င်းတို့သည် ဥပဒေကို လေးစားလိုက်နာရန် ကျမ်းသစ္စာကျိန်ဆိုထားသူများ ဖြစ်ကြကြောင်းနှင့် တရားလိုဘက်မှ ပြစ်မှု

တစ်ခုချင်း၏ အင်္ဂါရပ်များ အပေါ် သံသယကင်းရှင်းစွာသက်သေပြနိုင်မှသာလျှင် တရားခံအပေါ် အပြစ်ရှိကြောင်း စီရင်ချက်ကို ချပေးရန် သတိပေးရပါ မည်။ တရားသူကြီးများသည် အများပြည်သူတို့၏ ကိုယ်ကျင့်သိက္ခာများ သို့မဟုတ် အများပြည်သူတို့၏အမြင်များကို
လက်ခံ ၍ မပြည့်စုံသော တရားစွဲဆိုခြင်းများကို လက်ခံခြင်းမပြုရ။

## ဥပဒေနှင့်အညီ စီရင်ချက်တစ်ရပ် ချမှတ်နိုင်ရန် လိုအပ်ချက်များ

တရားခံဘက်မှ လိုက်ပါဆောင်ရွက်ပေးမည့် ရှေ့နေများသည် ပြစ်ဒဏ်ချမှတ်ခြင်းလုပ်ငန်းစဉ်တွင် လုပ်ငန်းစဉ်ဆိုင်ရာ မှားယွင်းချက်များနှင့် တခြားအရေးပါသည့်အမှားအယွင်းများ ရှိနေပါက ထိုအရာများအပေါ် ကန့်ကွက်ချက်များ ပြုလုပ်ရန် အမြဲ အဆင်သင့်ဖြစ်နေစေရမည်။

- တရားသူကြီး၏ စီရင်ချက်ကို တရားခံ၏ရှေ့၌ လူသိရှင်ကြား တရားခွင်တွင် ချမှတ်ရမည်။ တရားရုံးများ လက်စွဲ အပိုဒ် ၆၅၃။
- တရားသူကြီးများက စီရင်ခံချက်မှတ်ရာတွင် နှုတ်ဖြင့်သာ ချမှတ်ခြင်းမပြုဘဲ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေနှင့်အညီ ဆုံးဖြတ်ချက်ကို မှတ်တမ်းပြုစုထားရမည်။ တရားရုံးစာအမှတ် ၄/၁၉၅၆၊ တရားလွှတ်တော်ချုပ်၊ ရန်ကုန်၊ ဇန်နဝါရီ ၂၀၊ ၁၉၅၆။ စာဖြင့်ရေးသားထားသည့် စီရင်ချက်ကို ထုတ်ပြန်ရန် မနှောင့်နှေးစေရ။ ထိုသို့ နှောင့်နှေးကြန့်ကြာခြင်း များသည် အချိန်မီ အယူခံဝင်နိုင်ရေးကို အဟန့်အတား အတားအဆီး ဖြစ်စေပြီး အမှုနှင့်ပတ်သက်သည့် အကြောင်းခြင်းရာနှင့် ဥပဒေဆိုင်ရာ ပြဿနာများ ရှိမရှိကို ဆန်းစစ် သုံးသပ်ရန်လည်း ကြန့်ကြာမှုများ ဖြစ်ပေါ်စေ နိုင်ပါသည်။ ထို့အပြင် ထိုသို့ နောက်ကျသဖြင့် နှုတ်ဖြင့် စီရင်ချက်ချထားသည့် ဆုံးဖြတ်ချက်များသည် တရားရုံး တော်၌ လက်တွေ့ မှတ်တမ်းတင်သည့်အခါ တခြား စီရင်ချက်များသို့ ပြောင်းလဲသွားသည်ကိုလည်း တခါတရံ တွေ့ရလေ့ရှိပါသည်။
- အကယ်၍ တရားခံ နှစ်ယောက်ကို ဖြစ်စေ၊ နှစ်ယောက်ထက်ပိုသော တရားခံများကိုဖြစ်စေ အတူတကွ စစ်ဆေး စီရင်စီရင်သည့်အခါ ထိုတရားခံတဦးစီနှင့် သက်ဆိုင်သည့် သက်သေခံချက်များကို ခွဲခြား၍ မှတ်သားထားရမည်။ တရားရုံးများလက်စွဲ အပိုဒ် ၆၅၅။
- တရားသူကြီးများသည် ၎င်းတို့ ကြားနာခဲ့ခြင်း မရှိသည့်အမှုများကို ဆုံးဖြတ်ချက်ချရမည်ဆိုလျှင် တရားခံများ၏ သက်သေခံချက်များကို ကြားနာရမည်။ ဘုရင်ကေရာဇ်နှင့် မြတ်အောင်၊ အောက်မြန်မာပြည်စီရင်ထုံး အတွဲ-၄၊ စာ -၁၃၅။ (အကယ်၍ တရားသူကြီးတစ်ဦးသည် စီရင်ချက် တစ်ရပ်ကို ချမှတ်ရာတွင် ၎င်းကိုယ်တိုင် ကြားနာခဲ့ခြင်း မရှိဘဲ ၎င်းအလျင်ဆောင်ရွက်ခဲ့သည့် တရားသူကြီး၏ စုဆောင်းသိမ်းဆည်းထားသော သက်သေခံချက်များအပေါ် အခြေခံပြီး ဆုံးဖြတ်ချက် အမိန့်တစ်ရပ်ကို ချမှတ်ခဲ့လျှင် ထိုတရားသူကြီးသည် ဥပဒေကို ချိုးဖောက်ရာ ရောက်ပါသည်။) ထိုသို့ မဟုတ်လျှင် တရားခံရှေ့နေသည် ၎င်းအမှုသည်အတွက် တဖန်သက်သေခံ စစ်ဆေးနိုင် ရန် စဉ်းစား လုပ်ဆောင်ပေးရမည်။ နောက်ဆုံးတစ်ချက်မှာ ... အမှုသည် အယူခံဝင်နိုင်ရေးအတွက် အမှုကို တန့်ထားခဲ့ပါက ထိုသို့ ပြုလုပ်ခြင်းကို ကန့်ကွက်ရမည်။
- တရားအတွက် ကိုယ်စားပြုရပ်တည်ပေးနိုင်မည့် ရှေ့နေမရှိပါက ထိုတရားခံ၌ ရှေ့နေငှားရမ်းရန် အခွင့်အရေး ရှိကြောင်းကို တရားသူကြီးမှ အကြံပြုပေးရမည်။
- တရားခံ၏ သက်သေခံချက်များကိုလည်း တရားသူကြီးမှ ထည့်သွင်းစဉ်းစားပေးရမည်။ လက်အောက်ခံ တရားရုံးမှ အထက်ရုံးသို့ အမှုစစ်ဆေးစီရင်ရန် တင်ပေးခြင်းတွင် တရားခံ၏ သက်သေခံချက်များကို ထည့်သွင်းစဉ်းစား ပေးခြင်း မပြုပါက ဥပဒေနှင့် ဆန့်ကျင်သော လုပ်ရပ်တစ်ရပ် ဖြစ်သည်ဟု မှတ်ယူသည်။ ဘုရင်ကေရာဇ် နှင့် ငခိုင်ပါ ၂၊ ရန်ကုန်စီရင်ထုံး၊ အတွဲ - ၆၊ စာ ၅၃၁။

## ပြစ်ဒဏ်ချမှတ်ခြင်းနှင့်ဆိုင်သည့် နောက်ဆက်တွဲအချက်အလက်များ

တရားသူကြီးများမှ "အမျိုးအစားခွဲခြားခြင်းနှင့် အကျဉ်းသားများ၏ အပြစ်ဒဏ်များ" တောင်းဆိုနိုင်ခွင့်ကို တရားရုံးများ လက်စွဲမှ ပေးအပ်ထားပါသည်။ တရားရုံးများလက်စွဲ အပိုဒ် ၆၉၂

- အမှုစစ်အရာရှိမှ ပြင်ဆင်ထားသည့် ပြစ်မှုမှတ်တမ်း (ပုဒ်မခွဲ ၂)
- တရားခံကို အပြစ်ရှိကြောင်း ကောက်ယူဆုံးဖြတ်ပြီး ဖြစ်သည့်အခါ သင့်တော်သော ပြစ်ဒဏ်ကို သတ်မှတ်ရာ၌ ထိုတရားခံသည် အမြဲ ပြစ်မှု ကျူးလွန်တတ်သူ၊ သို့တည်းမဟုတ် အမြဲပြစ်မှု ကျူးလွန်တတ်သူမဟုတ် ဟူ၍ အမျိုးအစားခွဲခြားရန်လည်း လိုအပ်ပါသည်။ (ပုဒ်မခွဲ ၃)

တရားခံရှေ့နေမှ တရားခံ၏ ပြစ်မှုကို လျော့ပါးစေနိုင်မည့် နောက်ထိုးအချက်အလက်များ တင်သွင်းနိုင်ခွင့်နှင့် ပတ်သက် သည့်အချက်ကို တရားရုံးများလက်စွဲ၌ တိကျစွာ ဖော်ပြမထားပါ။ တရားရုံးများလက်စွဲ အပိုဒ် ၆၉၂ တွင် ဖော်ပြထားသကဲ့သို့ အကယ်၍ ဥပဒေအရာရှိသည် တရားသူကြီးမှ တရားခံအပေါ် အပြစ်ရှိကြောင်း၊ မရှိကြောင်း စီရင်ခံ ပြီးသည်အချိန်အထိ အမှုနှင့်သက်ဆိုင်သည့် သက်သေခံချက်များ တင်သွင်းလာပါက ထိုတင်သွင်းချက်များကို တရားခံရှေ့နေမှ ကန့်ကွက် ပေးရမည်။ ထိုသတင်းအချက်အလက်များ တင်သွင်းပြီးသည့်အခါ အဆိုပါအကြောင်းအရာများအပေါ် ကြားနာခွင့် ရစေရန် တရားခံရှေ့နေမှ တောင်းဆိုရမည်။

- ဘုရင်ဧကရာဇ် နှင့် ဘေရှိန် (အိန္ဒိယနိုင်ငံစီရင်ထုံးများ၊ အတွဲ ၆၊ ရန်ကုန်၊ စာမျက်နှာ - ၃၉၁)။ ဤစီရင်ထုံးအရ တရားသူကြီးသည် တရားခံ၏ အကျင့်စာရိတ္တနှင့် စပ်လျဉ်းသည့် ဖော်ပြချက်များနှင့် ပြစ်မှုမှတ်တမ်းများကို ထောက်ရှု၍ ယင်းတရားခံသည် သိလျက်နှင့် ပြစ်မှုကို တမင်တကာ ကျူးလွန်ခဲ့သည်လော၊ သို့တည်းမဟုတ် မသိ နားမလည်သည့်အလျောက် ကျူးလွန်ခဲ့သည်လော ဟူသည်ကို ဆုံးဖြတ်ရမည်ဖြစ်သည်။

အာမခံလျှောက်ထားခြင်းတွင် တင်သွင်းရသည့် သက်သေခံချက်များကဲ့သို့ ဤတွင်လည်း အမှုသည်၏ ပြစ်ဒဏ်များကို လျော့ပါးစေနိုင်မည့် အချက်အလက်များအားလုံးကို ပြည့်စုံစွာ တင်ပြပေးရမည်။ ထိုသို့တင်ပြရမည့်အရာများမှာ ... တရားခံ၏ ရပ်ရွာတွင်း လှုပ်ရှားမှု၊ မိသားစုတာဝန်များ၊ ပြစ်ချက်ဟောင်းရှိမရှိ၊ ယခင်က အလွဲသုံးစားပြုခဲ့ခြင်းရှိမရှိနှင့် စိတ်နေစိတ်ထားများတို့ပင် ဖြစ်ပါသည်။ ထို့အပြင် တရားခံ၏ လုပ်ဆောင်ချက်များနှင့် ပတ်သက်သည့် သတင်းအချက် အလက်များကိုလည်း ဖော်ပြ ပေး ထည့်သွင်း စဉ်းစားသင့်သည့် အချက်များမှာ ... အမှုသည်သည် အရက်သေစာနှင့် ဆေးများ စွဲနေခြင်း ရှိမရှိနှင့် ၎င်း၏ စိတ်ကျန်းမာရေး အခြေအနေတို့ပင် ဖြစ်ပါသည်။ စပ်ဆိုင်မှုရှိပါက ... တရားခံတွင် အတည်တကျနေထိုင်ရန် အိမ်ယာရှိကြောင်းနှင့် ထိုသူသည် အလုပ်ရနိုင်ခြေရှိသော ပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်း တရားခံ ရှေ့နေမှ တင်ပြပေးရမည်။ ထို့အပြင် ထောင်ဒဏ် အကျဉ်းချမှုကို တိုးမြှင့်မည်ဆိုပါက အမှုသည်အား စောင့်မျှော်နေသည့် မိသားစုဝင်များအား စာနာထောက်ထားသောအားဖြင့် သက်ညှာပေးပါရန် တရားခံရှေ့နေမှ လျှောက်ထား တင်ပြပေးရမည်။

အမှုသည်၏ အပြစ်ဒဏ်ကို လျော့ပါးသွားစေနိုင်သည့် အချက်အလက်များ စုဆောင်းခြင်းကို အမှုစတင် လက်ခံသည့်အချိန်မှ စ၍ လုပ်ဆောင်ရမည်။

အမှုသည်အား တွေ့ဆုံမေးမြန်းခြင်း၊ ကျွမ်းကျင်မှုများ - စုံစမ်းထောက်လှမ်းခြင်း အပိုင်းကို ကြည့်ပါ။

## ရာဇဝတ်တရားသူကြီးများနှင့် တရားသူကြီးများ၏ စီရင်ပိုင်ခွင့်

တရားခံ၏ရှေ့နေများသည် လုံလောက်ခြင်းမရှိသည့် စီရင်ပိုင်ခွင့်များနှင့် ပတ်သက်၍ ပြစ်ဒဏ်ချမှတ်ခြင်းမပြုမီ အချိန်ကြာမြင့်စွာ ကြိုတင်၍ ကန့်ကွက်မှု ပြုလုပ်သင့်သည်။

ယခုလက်စွဲစာအုပ်တွင်းရှိ "တရားသူကြီး" ဟူသည့် အသုံးသည် ရာဇဝတ်တရားသူကြီးများနှင့် တရားသူကြီးများ အားလုံးကို ရည်ညွှန်းပါသည်။ အမှုအမျိုးအစားများနှင့် စီရင်ပိုင်ခွင့်များ အပိုင်းကို ကြည့်ပါ။

## ပြစ်ဒဏ်များ

ပြစ်မှုနှင့်ဆိုင်သည့် ပြစ်ဒဏ်များအကြောင်းကို ရာဇသတ်ကြီးဥပဒေ၏ အခန်း (၃) နှင့် ပြစ်မှုဆိုင်ရာ တရားမျှတမှုနှင့်စပ်ဆိုင်သော အခြားပြဋ္ဌာန်းချက်များ၌ လေ့လာနိုင်သည်။

### ၁။ သေဒဏ် (သေဒဏ်မှုများ)

မြန်မာနိုင်ငံ၌ သေဒဏ်ချမှတ်ခဲပါသည်။ ၂၀၀၈ ခုနှစ်မှစ၍ လူပေါင်း ၈၀၀ ကျော်ကို သေဒဏ် ချမှတ်ခဲ့သော်လည်း ထိုသူအားလုံးကို နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် သေဒဏ်မှ ပြစ်ဒဏ်လျော့ပေါ့ ပေးခဲ့ပါသည်။

- အယူခံတင်သွင်းမှုကို ရက်သတ္တပတ် ၇ ရက်အတွင်း လုပ်ဆောင်ရမည်ဟု တရားခံအား အကြောင်းကြားစာ ပေးပို့ ပါသည်။ တရားရုံးများလက်စွဲ အပိုဒ် ၅၈၄
- နိုင်ငံတော်သမ္မတသည် သေဒဏ်မှ အခြားပြစ်ဒဏ်တစ်မျိုးမျိုးသို့ ပြောင်းလဲနိုင်သည်။ ရာဇသတ်ကြီး ဥပဒေ ပုဒ်မ ၅၄

### ၂။ တစ်သက်တစ်ကျွန်းဒဏ်

- ရာဇသတ်ကြီးဥပဒေပြင်ဆင်ချက် (အမှတ် ၆/၂၀၁၆) အရ "တစ်သက်တစ်ကျွန်းဒဏ်"ကို "ထောင်ဒဏ် အနှစ် နှစ်ဆယ်" အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။

### ၃။ ထောင်ဒဏ်

- ယေဘုယျအားဖြင့် ရာဇသတ်ကြီးပုဒ်မ တစ်ခုချင်းစီနှင့်ဆိုင်သည့် အပြစ်ဒဏ်များကို ထိုပုဒ်မ၏အဆုံး၊ သို့မဟုတ် ထိုပုဒ်မအတွင်း၌ပင် ထည့်သွင်းဖော်ပြခြင်း သို့မဟုတ် အခြားသော ပြစ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များ၌လည်း ဖော်ပြ ထားပါသည်။ မည်သို့ပင်ဆိုစေကာမူ ထိုပြစ်ဒဏ်များနှင့်ဆိုင်သည့် နောက်ဆက်တွဲ ပြင်ဆင်ချက်များကိုလည်း ဂရုပြုလေ့လာကြရန် လိုအပ်ပါသည်။
- ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၁၀ အရ နှစ်ဆယ့်လေးနာရီထိ အလုပ်မဲ့ထောင်ဒဏ် ချမှတ်နိုင်သည်။ ထိုသို့ ချမှတ်ခြင်းသည် ကာလအတိုဆုံးထောင်ဒဏ်ချမှတ်ခြင်းပင် ဖြစ်ပါသည်။ (မူးယစ်သူက အများနှင့်ဆိုင်သော နေရာ၌ မလျော် သော အမူကို ပြုခြင်း)
- ထောင်ဒဏ်ချမှတ်ရာ၌ အလုပ်ကြမ်းနှင့်ထောင်ဒဏ်ဟူ၍၄င်း၊ အလုပ်မဲ့ထောင်ဒဏ်ဟူ၍၄င်း ချမှတ်နိုင်သည်။ ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၃၊ ၆၀။

- တစ်ခုပြီးမှတစ်ခု ကျခံစေသည့် ပြစ်ဒဏ်များ
    - စစ်ဆေးစီရင်မှုတစ်ခုတည်းတွင် ပြစ်မှုနှစ်ခု သို့မဟုတ် နှစ်ခုထက်ပို၍ ပြစ်မှုထင်ရှားစီရင်သည့်အခါ ထိုပြစ်ဒဏ်များကို တစ်ခုပြီးမှတစ်ခု ကျခံစေရမည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၃၅ (၁)
    - ထိုပြစ်ဒဏ်များကို တစ်ပြိုင်တည်းကျခံစေရမည်ဟု တရားရုံးက အမိန့်ချမှတ်ထားသည် မဟုတ်လျှင် ထိုပြစ်ဒဏ်များကို တစ်ခုပြီးမှတစ်ခု ကျခံစေရမည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၃၅ (၁)
    - တသီးတခြားစီ စစ်ဆေးစီရင်သော အမှုများ၌ ချမှတ်သော သီးခြားပြစ်ဒဏ်များမှာ နောက်ပြစ်ဒဏ်ကို ချမှတ်သော တရားရုံးက အဆိုပါ နောက်ပြစ်ဒဏ်ကို တရားခံအား ယခင်ချမှတ်သည့် ပြစ်ဒဏ်နှင့် တပြိုင်နက်တည်း ခံစေရန် အမိန့်ချမှတ်သည်မဟုတ်လျှင် တခုပြီးမှ တခုကျခံရသည်။ တရားရုံးများ လက်စွဲ အပိုဒ် ၆၈၈၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၃၉၇။ အမှုသည်များဘက်မှ လိုက်ပါ ဆောင်ရွက် ပေးသည့် ရှေ့နေများကလည်း အမှုသည်များ၏ မပြီးပြတ်သေးသည့်ကိစ္စရပ်များအားလုံးကို သိရှိထားရန် လိုအပ်ပါသည်။ ထို့ပြင် ရှေ့နေများအနေဖြင့် အမှုသည်များ၏ ရပိုင်ခွင့်အခွင့်အရေးများ သို့မဟုတ် အားလုံးသော မပြီးပြတ်သေးသည့် စွဲချက်များကို မည်သို့ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း လုံလောက်စွာ အကြံပေးခြင်းမပြုနိုင်ပါ။
    - ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၅ (၂) ပြစ်ဒဏ်များကို တစ်ဆက်တည်းကျခံစေရန် အမိန့်ချထားသည့် အခါ ထိုပြစ်မှုများအတွက် ပြစ်ဒဏ်စုစုပေါင်းမှာ ပြစ်မှုတစ်ရပ်တည်း ထင်ရှား၍ တရားရုံးက ချမှတ်နိုင် သည့် ပြစ်ဒဏ်ထက်ပိုနေသည်ဆိုရုံဖြင့် ပြစ်မှုကျူးလွန်သူကို ၎င်းရုံးက အထက်တရားရုံးသို့ တင်ပို့ခြင်း မပြုရ။ သို့ရာတွင် -
        - မည်သည့်အမှုတွင်မျှ ထိုသူအား တစ်ဆယ့်လေးနှစ်ထက်ပိုသည့် ထောင်ဒဏ်ချမှတ်ခြင်း မပြုရ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ ပုဒ်မ ၃၅ (၂) (က)
        - အခြားရာဇဝတ်တရားသူကြီးက အမှုကို စစ်ဆေးစီရင်လျှင် ပြစ်ဒဏ်စုစုပေါင်းသည် ယင်း ရာဇဝတ်တရားသူကြီးက ၎င်း၏ သာမန်စီရင်ပိုင်ခွင့်အာဏာကို သုံးစွဲချမှတ်နိုင်သည့် ပြစ်ဒဏ် ၏ နှစ်ဆထက် မပိုစေရ။
    - အယူခံမှုများအတွက် စုပေါင်းချမှတ်သည့် အပြစ်ဒဏ်များကို တခုတည်းသောပြစ်ဒဏ်အဖြစ် မှတ်ယူရ မည်။
    - ရာဇသတ်ကြီးဥပဒေပုဒ်မ ၇၁ အရ ပြစ်ဒဏ်များကို ကန့်သတ်ထားပါသည်။ တစ်ခုစီပြစ်မှုမြောက်သော အစိတ်အပိုင်းများ ပေါင်းစုနေသည့် ပြစ်မှုကို ကျူးလွန်သူအား ထိုပြစ်မှုမြောက်သော အစိတ်အပိုင်းများ အနက် ပြစ်မှုတစ်ခုခုအတွက် ပေးနိုင်သော ပြစ်ဒဏ်ထက် ပို၍ မပေးရ။ ဆိုလိုသည်မှာ - တရားသူကြီး များသည် ပြစ်မှုတစ်ခုခုအတွက် ပေးနိုင်သော ပြစ်ဒဏ်ထက် ပိုမိုပြင်းထန်သော ပြစ်ဒဏ်ကို မပေးရပါ။
        - ဥပမာ - ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၈၀ (နေအိမ်စသည်တို့အတွင်းတွင် ခိုးမှု) (ဖောက်ထွင်းမှု) နှင့် ရာဇသတ်ကြီးဥပဒေပုဒ်မ ၄၅၇ (ညဥ့်အချိန် ပုန်းလျှိုးအိမ်ကျော်နင်းမှု) တို့ဖြင့် စွဲဆိုခံရသော တရားခံအား ထိုပုဒ်မတစ်ခုချင်းစီပါ အတိုင်း တစ်ဆက်တည်းပြစ်ဒဏ် ချမှတ်၍ မရပါ။ သို့သော် ထိုပြစ်မှုနှစ်ခုရှိ အပြင်းထန်ဆုံးသောပြစ်မှု၏ အမြင့်ဆုံးပြစ်ဒဏ်တစ်ခုကိုသာ ချမှတ်နိုင်ပါ သည်။

- အကယ်၍ လူတစ်ဦးတစ်ယောက်သည် အပ်စပ်မှုရှိသည့် ဥပဒေပုဒ်မ နှစ်ရပ်ကို ကျူးလွန်ခဲ့လျှင် ထိုသူအား ထိုပုဒ်မ နှစ်ခုအတွင်းရှိ ပုဒ်မတစ်ခုဖြင့်သာ စွဲချက်တင်နိုင်ပါသည်ဟု ၁၉၇၃ ခုနှစ် ဥပဒေ ဘာသာရပ်များကို ဘာသာပြန်ဆိုခြင်း ၂၂ ၌ ဖော်ပြထားပါသည်။

- ယခင်ပြစ်ချက်ရှိသူများ

  တရားခံရှေ့နေများသည် ၎င်းတို့အမှုသည်များ၏ ယခင်ပြစ်မှုထင်ရှားစီရင်ခြင်း ရှိမရှိနှင့် ထိုသို့ ပြုလုပ်ခြင်းကြောင့် ရရှိနိုင်မည့် ချက်ချင်းအပြစ်ဒဏ်များကိုလည်း သိရှိထားရန် လိုအပ်ပါသည်။ ထိုအကြောင်းအရာများကို အမှုသည် နှင့် ကနဦးတွေ့ဆုံမေးမြန်း၍ပင် သိရှိအောင် ပြုလုပ်ရပါမည်။ အမှုသည်အား တွေ့ဆုံမေးမြန်းခြင်း အပိုင်းကို ကြည့်ပါ။

  - ကြီးလေးသောအပြစ်ဒဏ်ချမှတ်ရမည့်အမှုများတွင် ရာဇဝတ်တရားသူကြီးများ၏ စီရင်ပိုင်ခွင့်အတွက် တချို့သောအမှုများကို ပြန်လည် ကြားနာရန် လိုအပ်ပါသည်။ တရားရုံးများလက်စွဲ အပိုဒ် ၆၄၀ (၁)
  - ယခင်က အာမခံမရနိုင်သည့်ပြစ်မှုတစ်ခုခု (ထောင်ဒဏ် ၃ နှစ် သို့မဟုတ် အထက် ချမှတ်နိုင်သည့် ပြစ်မှုမျိုး)ကို ကျူးလွန်ခဲ့ဖူးသူသည် ယခုထပ်မံ၍ အာမခံမရနိုင်သည့် ပြစ်မှုကို နောက်တဖန် ကျူးလွန်ခဲ့ပါ က ထိုသူကို ထောင်ဒဏ် ၁၀ နှစ်အထိသော်လည်းကောင်း၊ သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ်အထိ သော်လည်းကောင်း ပြစ်ဒဏ်တိုးမြင့်၍ ချမှတ်နိုင်သည်။ ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၇၅
    - ယခင်က ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်း သို့မဟုတ် ကျခံပြီးသော ပြစ်ဒဏ်နှင့် စပ်လျဉ်းသည့် ထောင်ချဝရမ်းအကြောင်းကို ထိုသို့ချမှတ်ခဲ့သည့် သက်ဆိုင်ရာ တရားရုံးမှ အမိန့်မိတ္တူမှန်ကန် ကြောင်း ကိုယ်တိုင်လက်မှတ်ရေးထိုးထားသည့် ကောက်နုတ်ချက် ထုတ်ပေးခြင်း။ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၁၁
  - ယခင်ပြစ်ချက်များနှင့်စပ်ဆိုင်သည့် နောက်ဆက်တွဲအကြောင်းအရာများကို မြန်မာ့တရားရုံးများလက်စွဲ အခန်း ၂၂ ရှိ အပိုဒ် ၆၄၁၊ ၆၄၂၊ ၆၄၄၊ ၆၄၅ တို့တွင် ဆွေးနွေးတင်ပြထားပါသည်။

- အထူးဥပဒေများ -
  - ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးဥပဒေ၏ ပုဒ်မ ၁၉ နှင့် ၂၀ အရ ... အကန့်အသတ်မရှိထောင်ဒဏ် ချမှတ်ခြင်း - နှစ် ၂၀ ထက်ပိုသော ထောင်ဒဏ်၊ သို့သော် နှစ်အရေအတွက်ကို ကန့်သတ်မထားခြင်း (ဝမ်စိုင်း ပါ ၂ နှင့် ပြည်ထောင်စု၊ ၁၉၉၈၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ - ၁၂၂)။
  - လူကုန်ကူးမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃ (ဇ) အရ ... တစ်သက်တစ်ကျွန်းထောင်ဒဏ် - ဆိုလိုသည်မှာ သူ၊သူမ သေဆုံးသည်အထိ ထောင်ဒဏ်ချမှတ်ခြင်း**ကို ဆိုလိုသည်။**

## ၄။ ငွေဒဏ်များ

ငွေဒဏ်များကို ခေတ်နှင့်အညီ ပြန်လည်ပြင်ဆင်မှုများ ပြုလုပ်ထားပါသည်။ ငွေဒဏ်ပမာဏကို ပြင်ဆင်ခြင်းများ ရှိသည့် အပြင် ငွေဒဏ်မပေးဆောင်နိုင်သူများအတွက်လည်း ငွေဒဏ်အစား ထောင်ဒဏ်ပြောင်းလဲချမှတ်ခြင်းများ ရှိသည့်အတွက် ... ငွေရှိ လူတန်းစားများသည် တခါတရံတွင် ၎င်းတို့ကိုယ်တိုင် အကျဉ်းထောင်မှ လွတ်မြောက်အောင် ငွေဖြင့်ဝယ်ယူ၍ ရနိုင် သည်ဟူသည့် ထင်မြင်ချက်များပါ တိုးပွားစေနိုင်ပါသည်။ ငွေဒဏ်များ ချမှတ်ရာတွင် အမှုသည်များ ပေးနိုင်စွမ်းအရ ဒဏ်ငွေ ချသင့်ကြောင်း တရားခံရှေ့နေများမှ တောင်းဆိုသင့်သည်။

- တရားခံအား ငွေဒဏ်ချမှတ်မည်ဆိုလျှင် ထိုတရားခံသည် ငွေဒဏ်ပေးဆောင်နိုင်သည့်အခြေအနေ ရှိမရှိကို တရားရုံးတော်က စုံစမ်းမေးမြန်းရမည်။ ရာဇသတ်ကြီးဥပဒေပုဒ်မ ၆၇။

- အကယ်၍ တရားခံက ငွေဒဏ်မပေးဆောင်နိုင်ခဲ့လျှင် … ငွေဒဏ်ကျပ် ငါးထောင်ထက်မပိုလျှင်၊ နှစ်လထက်မပို သည့် ထောင်ဒဏ်၊ ငွေဒဏ်ကျပ် တစ်သောင်းထက်ပိုလျှင်၊ ခြောက်လထက်မပိုသည့် ထောင်ဒဏ်ချမှတ်နိုင်သည်။ ရာဇသတ်ကြီးဥပဒေ ပြင်ဆင်ချက် ပုဒ်မ ၆၇။
- အကယ်၍ ငွေဒဏ်နှင့် ထောင်ဒဏ်နှစ်ရပ်ထိုက်သည့် အခြေအနေများတွင် ငွေဒဏ်မပေး မဆောင် ပျက်ကွက် သည့်အတွက် ချမှတ်သည့် ထောင်ဒဏ်မှာ ထိုပြစ်မှုအတွက် အများဆုံးသတ်မှတ်သည့် ထောင်ဒဏ်၏ လေးပုံ တပုံထက် မပိုရ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၃ တွင် ဖော်ပြထားပါသည်။
- တရားရုံးများလက်စွဲ အပိုဒ် ၆၈၃ ၌ ရာဇဝတ်တရားသူကြီးသည် မိမိရရှိသည့် သာမန်အခွင့်အာဏာ အကန့် အသတ် အထိ ထောင်ဒဏ် ချမှတ်နိုင်ကြောင်း ရေးသားထားပါသည်။
- အခြားနိုင်ငံများရှိ တရားရုံးများ၌မူ … အမှုသည်များ၏ ငွေကြေးအခက်အခဲကြောင့် ထောင်သွင်း အကျဉ်းချခံရခြင်း သည် မလျော်ကန်ကြောင်း ပြဋ္ဌာန်းထားပါသည်။
    - နီပေါအစိုးရနှင့် ပရာကတ်ရှိ လာမာ၊ အမိန့်ဆုံးဖြတ်ချက်အမှတ် ၈၂၁၅၊ ၂၀၆၆ နီပေါဥပဒေဂျာနယ် အပိုင်း ၉၊ နာ ၁၄၂၅ ( ငွေဒဏ်မပေးဆောင်နိုင်ခြင်းအတွက် ထောင်ဒဏ် သတ်မှတ်ခြင်းသည် ဆင်းရဲ မွဲတေမှု၏ ရာဇသတ်သားကောင်အဖြစ်သို့ ရောက်ရှိသွားကြောင်း နှင့် ထိုအရာများသည် ကြားဖြတ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတကာစံချိန်စံညွှန်းများအရပါ ကိုက်ညီမှု မရှိကြောင်း တင်ပြထားပါ သည်။)
    - ဘာယာဒန်နှင့် ဂျော်ဂျီယာ၊ ၄၆၁ အမေရိကန် ၆၆၀ (၁၉၈၃) ( အမေရိကန် တရားလွှတ်တော်ချုပ်)

## ထောင်ဒဏ်မဟုတ်သည့် အခြားရွေးချယ်စရာများ

ရှေ့နေများသည် ထောင်ဒဏ်မဟုတ်သည့် အခြားရွေးချယ်စရာများကို တင်ပြပေးရပါမည်။

- ပထမဆုံးအကြိမ် ပြစ်မှုကျူးလွန်သူများကို ပြစ်ဒဏ်ချမှတ်မည့်အစား ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရန် အစမ်း သဘော လွှတ်နိုင်ခွင့် အာဏာသည် တရားသူကြီးများ၌ ရှိသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁)၊ တရားရုံးများလက်စွဲ အပိုဒ် ၆၉၆။
    - မလှရီနှင့် ပြည်ထောင်စု၊ ၁၉၅၄၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ-၁၅၁၊ (တရားလွှတ်တော်)။ အကယ်၍ ယခင် က ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့လျှင် ပြစ်မှုသည် သတ်မှတ်ထားသော အမျိုးအစားတွင် ပါဝင်လျှင် အစမ်း သဘောခံဝန်ချက်ဖြင့် လွှတ်နိုင်ဟု ဆုံးဖြတ်သည်။ ထိုသို့ ဆုံးဖြတ်ခြင်းသည် ငယ်ရွယ်သူများအတွက် ကန့်သတ်ထားခြင်းမရှိ။
- ငယ်ရွယ်သောပြစ်မှုကျူးလွန်သူများအား ကောင်းမွန်စွာကျင့်ကြံနေထိုင်စေရန် အစမ်းသဘော လွှတ်ထားသင့်သည် ဟု ထင်မြင်လျှင် လွှတ်ပေးနိုင်သည်။ (အသက်နှစ်ဆယ့် တစ်နှစ်အောက် ငယ်သည့်သူများသာ)။ ထိုသို့ ပြုလုပ် ပေးနိုင်ရန်မှာ ထိုသူတို့သည် ကောင်းသောနောက်ကြောင်း ရှိသူများ ဖြစ်ရမည်ဖြစ်ပြီး သေဒဏ် သို့တည်းမဟုတ် တသက်တကျွန်း ပို့ဒဏ်ထိုက်သော ပြစ်မှုများ (ယခုတွင်မူ ထောင်ဒဏ် နှစ် ၂၀ ဟူ၍ သတ်မှတ်ထားသည်) ကို ကျူးလွန်ထားသူများလည်း မဖြစ်ရပါ။ တရားရုံးများလက်စွဲ အပိုဒ် ၆၉၇။
    - ပြစ်မှုကျူးလွန်သူအား ကောင်းစွာကျင့်ကြံနေထိုင်ရန် လွှတ်ပေးလိုပါက တရားသူကြီးသည် ၎င်းနှင့် သက်ဆိုင်သည့် အချက်အလက်များနှင့် အခြေအနေများကို စူးစမ်းရှာဖွေရန် လိုအပ်ပါသည်။ တရားခံ၏ ကောင်းမွန်လျော်ကန်သော အကြောင်းအရာများကို ရှာဖွေ

တွေ့ရှိခြင်းမရှိပါက ထိုသူအား အပြစ်ဒဏ်ကျခံ စေရမည်။ မမြတင် နှင့် ပြည်ထောင်စု ၁၉၉၅ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၁၇၈။
  - ပြဌာန်းချက်များ - ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၂ (၁)(က)။
- လက်တွေ့လုပ်ငန်းစဉ်ဆိုင်ရာမှတ်စု - တရားသူကြီးများသည် အယူခံဝင်ခြင်းများကို ရှောင်ရှားစေရန် အတွက် ပြစ်ဒဏ်ကျခံရမည့်အချိန်ကာလကို လျော့ပေါ့၍ ချမှတ်နိုင်သည်။ ထိုသို့ ပြုခြင်းကို အပြစ်ဒဏ်မှ လျော့ပေါ့ပေးခြင်း ဟု ခေါ်သည်။
- တချို့သော တရားသူကြီးများသည် သုံးလအောက်လျော့သည့် ကာလတိုတောင်းသော ထောင်ဒဏ် များကို ချမှတ်လေ့ရှိသည်။ တရားရုံးများလက်စွဲ ၆၆၄ ၌ ထိုသို့ပြုလုပ်ခြင်းသည် ကောင်းကျိုးထက် မကောင်းကျိုးကို ပိုမိုဖြစ်စေ နိုင်သည်ဟု ဖော်ပြထားပါသည်။ ဆိုလိုသည်မှာ ဝရမ်းမှုကဲ့သို့သော သေးငယ်သည့် အမှုများအတွက် ထောင်ဒဏ် မချမှတ်ဘဲ တခြားအကျဉ်းနည်းဖြင့် ပြစ်ဒဏ်ချမှတ်ခြင်း များကို လုပ်ဆောင်သင့်ပေသည်။

## မူလအခြေအနေအတိုင်း ပြန်လည်ထားရှိခြင်း

မတူညီသော နည်းလမ်းများစွာကို အသုံးပြုပြီး မူလအခြေအနေအတိုင်း ပြန်လည်ထားရှိစေရန် ပြုလုပ်နိုင်သည်။ အမှု အများစု၌ တိုင်တန်း လျှောက်ထားသူသည် ၄င်း၏ အနာတရဖြစ်မှု သို့မဟုတ် ဆုံးရှုံးမှုများအတွက် နစ်နာကြေး ရရှိခဲ့လျှင် အမှုရုပ်သိမ်းခြင်း (ပြစ်မှုကြောင်းတရားစွဲခြင်းများကို ရုပ်သိမ်းပေးခြင်း) များ ပြုလုပ်ပေး နိုင်သလို ပြစ်မှုကို ကျေအေးပေးနိုင် သည့် အာဏာလည်း ရှိသည်။

- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ အခန်း ၄၃ အရ ဖျက်ဆီးစေရန် သို့မဟုတ် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် သင့်သည်ထင်သည့် စီမံခန့်ခွဲမှု အမိန့်တစ်ရပ် ချမှတ်နိုင်ခြင်း။
- နစ်နာသူမှ တရားမလျော်ကြေး တောင်းခံနိုင်ခြင်း (ဥပမာ အသရေဖျက်ခြင်း)
- နစ်နာသူ၊ သားကောင်များသည် လျော်ကြေးတောင်းခံနိုင်သည် (လူကုန်ကူးမှုတိုက်ဖျက်ရေးဥပဒေ)။

## လူငယ်လူရွယ်များ

အသက် ၁၆ နှစ်ကျော်နှင့် ၁၈ နှစ်အောက်ကြားရှိ ကလေးများကို မြန်မာနိုင်ငံ၌ ကလေးများဟူ၍ မှတ်ယူခြင်းမရှိဘဲ လူငယ် လူရွယ်များဟူ၍သာ မှတ်ယူလေ့ရှိကြပါသည်။ ထိုလူငယ်များအား ပြစ်မှုစစ်ဆေး စီရင်ရာတွင် လူငယ်တရားရုံး၌သာ စစ်ဆေး စီရင်လေ့ ရှိကြသည်ကိုလည်း တွေ့ရပါသည်။ ထို့ကြောင့် မြန်မာ့ဥပဒေသည် ကလေးသူငယ်များဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် (CRC) နှင့် ကိုက်ညီမှု မရှိပါ။ ထို့အပြင် လူငယ်လူရွယ်များအား သာမန်တရားရုံးများ၌သာ ရုံးထုတ်စစ်ဆေးပြီး အရွယ်ရောက်ပြီး လူကြီးများ ကဲ့သို့ ပြစ်မှုထင်ရှားစီရင်ပါသည်။ ထိုလူငယ်များအား ၁၈နှစ်ထက်မပိုသော အပြစ်ဒဏ်ချမှတ်ရာတွင် တရားသူကြီးများဘက်မှ ၎င်းတို့၏ အသက်အရွယ်၊ အကျင့်စရိုက်၊ ကိုယ်၊စိတ် ခိုင်ခံ့မှု အခြေ အနေ၊နှင့် တခြားသော ဝန်းကျင်အခြေအနေများပါ အထူးဂရုပြု ထည့်သွင်းစဉ်းစားပေးရန် လိုအပ်ပါသည်။ ကလေးသူငယ်ဆိုင်ရာ ဥပဒေ ပုဒ်မ ၆၇ - ၇၁။

## ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်

ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ကို ရရှိနိုင်ရန်အတွက် ဖြောင့်ချက်ပေးခြင်း။
တရားခံများသည် ၎င်းတို့ ကျူးလွန်ခဲ့သည့် ကိစ္စရပ်များအပေါ် ဖြောင့်ချက်များပေးခဲ့ပါက ထိုပြစ်မှုများအတွက် ပြစ်ဒဏ် လွတ်ငြိမ်းချမ်းသာခွင့်ကို ရရှိနိုင်မည်ဖြစ်ပါသည်။

- ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပေးနိုင်သည့် အခြေအနေများနှင့် အာဏာများကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ ၃၃၇ နှင့် ၃၃၈ တို့တွင် ဖော်ပြထားပါသည်။
- ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ကို လက်ခံရယူပြီးသူသည် အဓိကအရေးကြီးသည့် အချက်တစ်စုံတစ်ရာကို ၎င်း၏ စိတ်အလိုအလျောက် ဖုံးကွယ်ထားခြင်းဖြင့်လည်းကောင်း၊ မမှန်သက်သေခံခြင်းဖြင့်သော်လည်းကောင်း၊ ပြစ်ဒဏ် လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည့် စည်းကမ်းချက်များကို လိုက်နာခြင်း မပြုဟု မိမိထင်မြင်ကြောင်း အစိုးရရှေ့နေက စာဖြင့်အခိုင်အမာ တင်ပြလာလျှင် ထိုသူကို ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည့်ပြစ်မှုအတွက် စစ်ဆေး စီရင်နိုင်သည်။ သို့မဟုတ် ယင်းအကြောင်းအရာနှင့် စပ်လျဉ်း၍ ထိုသူကျူးလွန်ခဲ့ပုံပေါ်သည့် အခြားပြစ်မှု တစ်စုံ တစ်ရာအတွက် စစ်ဆေးစီရင်နိုင်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၃၉။

## လွတ်ငြိမ်းချမ်းသာခွင့်

နိုင်ငံတော်သမ္မတသည် လွတ်ငြိမ်းချမ်းသာခွင့်ကို ထုတ်ပြန်ပေးနိုင်သည်။ သို့သော် ထိုအရာများသည် အခြေအနေအရ ပေးအပ်သည့် လွတ်လပ်ခွင့်သာ ဖြစ်သည်။

- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁။
- အောင်လှထွန်းနှင့် ဂျေဆန်ဇပ် ၊ "အစိုးရနှင့် သဘောထားကွဲလွဲ ဆန့်ကျင်သူများပါဝင်သည့် အကျဉ်းသား များအား လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွှတ်ပေးခြင်း"။ ရိုက်တာသတင်း (၁၈၊ စက်တင်ဘာ၊ ၂၀၁၂)

ထိုအခြေအနေများသည် လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ သင်းဖွဲ့နိုင်ခွင့်တို့ကို ကန့်သတ်နိုင်သောကြောင့် အမှုသည် များအား အကြံပေး ပြောပြထားရန် လိုအပ်ပါသည်။ အစိုးရအရာရှိတစ်ဦးဦးအား ဒေါသအလျောက်

တုံ့ပြန်လိုက်ခြင်းသည် တရားခံအား နောက်တဖန် အကျဉ်းကျစေနိုင်သည်။အမှုသည်အား ဆွေးနွေးလမ်းညွှန်မှု ပေးခြင်းအပိုင်းကို ကြည့်ပါ။

မြန်မာ့ရာဇဝတ်တရားရုံးများ၌ ပွင့်လင်းမြင်သာမှုနှင့် တရားဥပဒေစိုးမိုးမှု အားနည်းနေခြင်းများကြောင့် လွတ်ငြိမ်းချမ်းသာခွင့် များကို တခြားသောနည်းများဖြင့် ထားရှိထားခြင်း ဖြစ်ပါသည်။ တရားရုံးများ၌ တရားမျှတမှုရရှိရန် မျှော်လင့်ချက် နည်းသည့် အလျောက် တရားခံများသည် နိုင်ငံတော်သမ္မတ၏ သနားညှာတမှုကို မျှော်လင့်တောင့်တကြပါသည်။ အခါအားလျော်စွာ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းသည် ဥပဒေလုပ်ငန်းဆောင်တာများကို အားနည်းစေပါသည်။ ရန်ကုန်မြို့ရှိ ရှေ့နေများမှ တင်ပြထားသည်မှာ - ပြစ်ဒဏ်ချမှတ်ထားခံရသူများသည် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်လာခြင်းကြောင့် အမှုသည်များသည်လည်း ၄င်းတို့၏ တရားခွင်စစ်ဆေးစီရင်ခြင်းများ အချိန်တိုအတွင်း အမြန်ပြီးမြောက်နိုင်ရန် အတွက် ၄င်းတို့၌ အပြစ်ရှိကြောင်း လျှောက်ထားရန်သာ ပိုမိုစိတ်အားထက်သန်လာကြကြောင်းနှင့် အကျဉ်းကျခံရသည့် အခက်အခဲ၊ ဆက်သွယ်သွားလာရသည့် အခက်အခဲနှင့် တရားခွင်အခက်အခဲများကို ရှောင်ရှားလာကြကြောင်း တင်ပြထားပါသည်။

လွတ်ငြိမ်းချမ်းသာခွင့်များသည် လူပုဂ္ဂိုလ်တစ်ဦးဦးအတွက်သာ ပေးသည့် အခွင့်အရေးများမဟုတ်ပါ။ သို့သော် တချို့သော အမှုကိစ္စရပ်များတွင် ရှေ့နေများသည် ၄င်းတို့အမှုသည်များအတွက် စီမံခန့်ခွဲမှုအာဏာရှိသည့် အဆင့်သို့ အယူခံတင်သွင်းမှု များကို ပြုလုပ်ပေးရန် စဉ်းစားသင့်သည်။

## သက်သာခွင့်များ - ပြင်ဆင်မှုများ၊ အယူခံမှုများနှင့် စာချွန်တော်များ

အမှုစစ်ဆေးစီရင်နေသည့်တရားရုံးများ၌ အမှုသည်များ၏ ရပိုင်ခွင့်များအတွက် ရှေ့နေများမှ လုပ်ဆောင်ပေးကြရာတွင် တရားသူကြီးများမှ မှားယွင်းသောအကြောင်းခြင်းရာများနှင့် ဥပဒေများအပေါ် အခြေခံပြီး ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည်ဟု ထင်မှတ်ဖွယ် အခြေအနေများနှင့် ကြုံတွေ့လေ့ရှိကြပါသည်။ တရားသူကြီးမှ အပြီးသတ်ဆုံးဖြတ်ချက် အမိန့်အပေါ် လက်မှတ်မရေးထိုးမီ ... အထက်ပါဆုံးဖြတ်ချက်ကို ပြုပြင်ပြောင်းလဲပေးရန် ရှေ့နေမှ နှုတ်အားဖြင့် လျှောက်လဲ တင်ပြနိုင်ပါသည်။ သို့သော် ပြစ်မှုဆိုင်ရာအမှုများတွင်မူ တရားသူကြီးများ လက်မှတ် ရေးထိုးထားသည့် အမိန့်စာများကို ပြန်လည်ပြုပြင်ခွင့်မရှိပါ။ ထို့ကြောင့် ထိုသို့သော အခြေအနေများတွင် တရားသူကြီးများ၏ ဆုံးဖြတ်ချက်များကို ရှေ့နေမှ ပြင်ဆင်ပေးရန် တောင်းခံလိုသည့်အခါ အောက်ဖော်ပြပါ တရားစီရင်ရေးဆိုင်ရာ လေ့ကားထစ်များကို အသုံးပြုရပါမည်။ အမှုစစ်ဆေးစီရင်နေစဉ်အတွင်း ဥပဒေကြောင်းအရ မှားယွင်းမှုများ ပါရှိခဲ့ပါက ထိုအရာများအတွက် ပြင်ဆင်မှုကို ရှေ့နေမှ တောင်းခံပိုင်ခွင့်ရှိသည်။ ထို့အပြင် အကြောင်းခြင်းရာဆိုင်ရာ အမှားအယွင်းများနှင့် ဥပဒေဆိုင်ရာ အမှားအယွင်းများအတွက် အယူခံဝင်ခွင့်ကိုလည်း အမှုပြီးဆုံးသွားသည့်အခါတွင် ပေးအပ်ထားပါသည်။ စာချွန်တော်များမှာမူ ဖွဲ့စည်းပုံ အခြေခံဥပဒေမှ ဆင်းသက်လာသည့် လုပ်ထုံးလုပ်နည်းများ ဖြစ်သည့်အလျောက် ထိုစာချွန်တော် လျှောက်ထားလိုသည့် ရှေ့နေများသည် တရားလွှတ်တော်ချုပ်သို့ တိုက်ရိုက် လျှောက်ထားရပါမည်။ ထိုစာချွန်တော်လျှောက်ထားမှုကို မြန်မာနိုင်ငံ တွင် ယခုတိုင် ဆက်လက်အသုံးပြုနေဆဲ ဖြစ်ပါသည်။ ထိုအရာနှင့် သဘောသဘာဝတူညီသည့် ကုစားမှုဆိုင်ရာ ပြဋ္ဌာန်းချက်ကို တရား လွှတ်တော်၌လည်း ဆောင်ရွက်နိုင်ပါသည်။

သက်သာခွင့်လျှောက်ထားရာတွင် လျှောက်ထားနိုင်သည့် အချိန်ကာလအပိုင်းအခြားကို အထူးဂရုပြုရန် လိုအပ်ပါသည်။ ထိုသို့ပြုလုပ်ရန်အတွက် စီရင်ချက် မိတ္တူမှန်များ လျှောက်ထားသည့်အခါ လျှောက်ထားနိုင်သည့် အချိန်ကာလ အပိုင်းအခြား အပေါ်အခြေခံပြီး တရားခွင်စာရေးမှလည်း တံစိုးလက်ဆောင်များ တောင်းခံနိုင်ပါသည်။

ဥပဒေဆိုင်ရာ ယေဘုယျပြဋ္ဌာန်းချက်များ -

- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၏ အခန်း ၃၁ မှ အယူခံမှုများ
- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၏ အခန်း ၃၂ မှ စောဒကမှုနှင့် ပြင်ဆင်မှုများ
- စာချွန်တော်များ
    - ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၇၈
    - ပြည်ထောင်စုတရားစီရင်ရေးဥပဒေ (အမှတ် ၂၀/၂၀၁၀)
    - စာချွန်တော်များလျှောက်ထားမှုဆိုင်ရာဥပဒေ (အမှတ် ၂၄/2014)
  - တရားလွှတ်တော်မှ ထုတ်ဆင့်နိုင်သည့် ရှေ့တော်သွင်းစာချွန်တော်၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၁

## ကိစ္စပြဿနာများကို ထိန်းထားနိုင်ရန် ကန့်ကွက်ချက်များ ပြုလုပ်ခြင်း

အမှုတွဲ လိုက်ပါဆောင်ရွက်နေစဉ်အတွင်း လုပ်ဆောင်သင့်သည့် ကန့်ကွက်ချက်များကို ရှေ့နေများမှ ပြုလုပ်ပေးရပါမည်။ ၄င်းတို့ ပြုလုပ်ခဲ့သည့် ကန့်ကွက်ချက်များနှင့် သက်ဆိုင်ရာ စီရင်ထုံးများကိုလည်း ၄င်းတို့ကိုယ်တိုင် စာရင်းပြုစု ထားရန် လိုအပ်ပါသည်။ ထိုအပြင် တရားခွင်စာရေးမှလည်း အထက်ပါအကြောင်းအရာများကို တရားရုံးမှတ်တမ်း၌ မှန်ကန်စွာ စာရင်းသွင်းရန် လိုအပ်ပါသည်။ သင့်တင့်သောကန့်ကွက်ချက်များ မပြုလုပ်

နိုင်ခြင်းနှင့် ထိုကန့်ကွက်ချက်များ အပေါ် မှတ်တမ်းတင် ထိန်းသိမ်းထားခြင်း မရှိခြင်းတို့ကြောင့် တရားခံများဘက်မှ သက်သာခွင့်တောင်းခံမှုများ လျှောက်ထား ရာတွင် အခက်အခဲရှိစေပါသည်။

**ရှင်းလင်းချက်။** ဤကျင့်ထုံးဥပဒေအရ ဆောင်ရွက်သည့် မှုခင်းကိစ္စတစ်စုံတစ်ရာတွင် မှားယွင်းမှု၊ ပျက်ကွက်မှု၊ နည်းလမ်းမကျမှု၊ သို့မဟုတ် မှားယွင်းညွှန်ကြားမှု တစ်စုံတစ်ရာကြောင့် တရားမျှတမှု ကင်းမဲ့ရာ ရောက်မရောက် ဆုံးဖြတ်ရာတွင် ၎င်းအမှုကို ကနဦး စတင်ဆောင်ရွက်သည့် အဆင့်၌ ကန့်ကွက်နိုင်ခဲ့ခြင်းမရှိနှင့် ကန့်ကွက်သင့် မသင့်ဆိုသော အကြောင်းခြင်းရာကို တရားရုံးက ထောက်ထားဆင်ခြင်ရမည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒမ ၅၃၇။

## တရားသူကြီးများသည် ၎င်းတို့ လက်မှတ်ရေးထိုးထားသည့် စီရင်ချက်များကို ပြောင်းလဲခြင်း မပြုရ

ပြစ်မှုများတွင် တရားသူကြီးများသည် ၎င်းတို့၏ စီရင်ချက်များကို လက်မှတ်ရေးထိုးပြီးပါက စာအရေးအသားမှားယွင်းချက် ကို ပြင်ရန်မှတစ်ပါး ထိုစီရင်ချက်ကို ပြောင်းလဲခြင်း၊ သို့မဟုတ် ပြန်လည်သုံးသပ်ခြင်း မပြုရ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၃၆၉။

သို့ရာတွင် တရားမမှုများတွင်မူ တရားသူကြီးများသည် ၎င်းတို့၏ စီရင်ချက်များကို ပြန်လည်သုံးသပ်ခြင်း၊ အမှားပြင်ဆင်ခြင်းများ ပြုလုပ်နိုင်သည်။ လူနှစ်ဦးကြားဖြေရှင်းပေးရသည့် တရားမမှုများတွင်လည်း ရှေ့နေများမှ ထိုသို့ ပြုလုပ် နိုင်ပါသည်။

- တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၁၄
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့် ၄၇ ညွှန်ကြားချက်။
- တရားမကျင့်ထုံးဆိုင်ရာ အမိန့်စာ အပိုဒ် ၄၁

# ပြင်ဆင်မှုများ

အကြောင်းခြင်းရာဆိုင်ရာ အချက်အလက်များအပေါ် အငြင်းပွားခြင်းထက် ဥပဒေပါမှားယွင်းစွပ်စွဲချက်များအပေါ် ပို၍ အလေးထားသည်။ အမှုအတွင်းရှိ နစ်ဖက်အမှုသည်များသည် ပြင်ဆင်မှုများကို လျှောက်ထားနိုင်သည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ၄၃၉။

ဥပမာများမှာ -

- အာမခံလျှောက်ထားမှုဆိုင်ရာ ဆုံးဖြတ်ချက်များ
- စွဲချက်ပုံစံ ဆုံးဖြတ်ချက်
- သက်သေခံနှင့် ပတ်သက်သည့် စီရင်ထုံးများ
- အပြီးသတ်ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ်ခြင်း
    - ဥပမာ - ရာဇသတ်ကြီးပုဒ်မ ၃၈၀ ရှိ နေအိမ်စသည်တို့အတွင်းတွင် ခိုးမှု (ဖောက်ထွင်းသူခိုး) နှင့် ရာဇသတ်ကြီးပုဒ်မ ၄၅၇ ညဥ့်အချိန်ပုန်းလျှိုးအိမ်ကျော်နင်းမှု သို့မဟုတ် ညဥ့်အချိန် အိမ်ဖောက်ထွင်းမှု။ ထိုပြစ်မှုနှစ်ရပ်လုံးအတွက် အပြစ်ရှိကြောင်း လျှောက်လဲတင်ပြခဲ့ပါက ဆက်တိုက်အပြစ်ဒဏ် (၆+၅) ကျခံရမည်ဖြစ်ပါသည်။ ကိစ္စရပ်များ - တစ်ခုစီပြစ်မှုမြောက်သော အစိတ်အပိုင်းများပေါင်းစုနေသည့် ပြစ်မှုကို ကျူးလွန်သူအား ထိုပြစ်မှုမြောက်

သော အစိတ်အပိုင်းများအနက်၊ ပြစ်မှုတစ်ခုခုအတွက် ပေးနိုင် သော ပြစ်ဒဏ်ထက် ပို၍ မပေးရ။ (ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၇၁)။ အပြစ်ရှိကြောင်း လျှောက်လဲ ပြီးသည့်ပြစ်မှုများ အတွက် အယူခံလျှောက်ထားခွင့်မရှိသော်လည်း ပြင်ဆင်မှုအတွက် လျှောက်ထားနိုင် သည်။

- တရားခံက အပြစ်ရှိကြောင်း ဝန်ခံလိုက်သည့်အခါ ၎င်း၏အပြစ်ဒဏ်လျှော့ပေါ့ရေးအတွက် ပြင်ဆင်ချက် လျှောက် ထားနိုင်သည်။
  - ဥပမာ - ရာဇသတ်ကြီးဥပဒေပုဒ်မ ၄၂၈ ရှိ လိမ်လည်မှုတရပ်ကျူးလွန်ရာတွင်... တင့်ကူး ကြံရွယ်ချက် မပါခဲ့လျှင် (ထိုပြစ်မှုသည် ရာဇဝတ်မှုမမြောက်ဘဲ တရားမ ချိုးဖောက်မှု တစ်ရပ်သာ မြောက်ပါသည်)။

အငြင်းပွားမှုအတွက် စီရင်ချက်ချပြီးသည့် ရက် ၆၀ အတွင်း ပြင်ဆင်ချက် လျှောက်ထားနိုင်သည်။ တရားရုံးများ လက်စွဲ အပိုဒ် ၇၆၆။

## တရားသူကြီးမှ စောဒက တင်သွင်းနိုင်ခြင်း

တချို့သော အမှုကိစ္စရပ်များတွင် တစ်ဦးတစ်ယောက်အပေါ်ပြစ်မှု တစ်ရပ်နှင့် ပြစ်မှုထင်ရှားစီရင်သည့်အခါ ထိုသူ ကို စစ်ဆေးစီရင်ရာတွင် ဥပဒေနှင့် သက်ဆိုင်သည့် ပြဿနာပေါ်ပေါက်ပြီး ထိုပြဿနာနှင့် စပ်လျဉ်းသော အဆုံးအဖြတ် သည် စစ်ဆေးစီရင်မှုကို တစ်စုံတစ်ရာ ထိခိုက်မည်ဟု တရားသူကြီးက သင့်သည်ထင်မြင်လျှင် ထိုပြဿနာကို သီးသန့်ထား၍ အဆိုပါ တရားရုံးမှ တရားသူကြီးနစ်ဦး သို့မဟုတ် နစ်ဦးထက်ပိုသော တရားသူကြီးများ၏ ဆုံးဖြတ်ချက်ရယူရန်သော် လည်းကောင်း၊ အထက်တရားရုံးသို့ အမှုလွှဲပြောင်းခြင်းဖြင့် သော်လည်းကောင်း ဆုံးဖြတ်ချက်ရယူရန် ထိုတရားသူကြီးက စောဒကတင်သွင်းနိုင်သည်။ တရားသူကြီးက အဆိုပါ ပြဿနာတစ်စုံတစ်ရာကို သီးသန့်ထားလျှင် ထိုပြဿနာကို ဆုံးဖြတ်ချက်မချမီ ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူကို အကျဉ်းထောင်တွင် ပြန်၍ ချုပ်ထားစေသရမည်။ သို့မဟုတ် တရားသူကြီးက သင့်သည် ထင်မြင်လျှင် ထိုသူကို အာမခံပေးရမည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၃၄ (က) (ခ)

## အယူခံမှုများ

ပြဿနာများ၌ အကြောင်းခြင်းရာနှင့် ဥပဒေဆိုင်ရာပြဿနာများဟူ၍ နစ်မျိုးရှိနိုင်သည်။ ထိုသို့သော တိုင်တန်းချက်များသည် လုပ်ထုံးလုပ်နည်းအရ ကိုက်ညီရမည်မဟုတ်ဘဲ လက်တွေ့နှင့်လည်း ကိုက်ညီရန် လိုအပ်ပါသည်။

- အဆိုပါမှားယွင်းမှု၊ ပျက်ကွက်မှု၊ နည်းလမ်းမကျမှု၊ သို့မဟုတ် မှားယွင်းညွှန်ကြားချက်သည် တရားမျှတမှု အမှန် တကယ် ကင်းမဲ့သွားစရာ အကြောင်းမဖြစ်ပေါ်စေပါက စီရင်ပိုင်ခွင့် အာဏာရှိသည့် တရားရုံးတစ်ရုံးက ချမှတ်ထား သည့် မည်သည့် ဆုံးဖြတ်ချက် ပြစ်ဒဏ် သို့မဟုတ် အမိန့်ကိုမျှ အခန်း ၂၇ အရ ဖြစ်စေ၊ အယူခံမှုတွင် ဖြစ်စေ၊ ပြင်ဆင်မှုတွင်ဖြစ်စေ ပယ်ဖျက်ပြောင်းလဲပြင်ဆင်ခြင်း မရှိစေရ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၅၃၇။
- ဤကျင့်ထုံးဥပဒေတွင်ဖြစ်စေ၊ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင်ဖြစ်စေ ပြဋ္ဌာန်းပါရှိချက်မှတစ်ပါး ပြစ်မှုဆိုင်ရာ တရားရုံးက ချမှတ်သည့် စီရင်ချက်၊သို့မဟုတ် အမိန့်တစ်စုံတစ်ရာကို အယူခံခွင့်မရှိစေရ။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ၄၀၄။

- လေပုဦး နှင့် ဘုရင်ကောရာဇ်၊ ရန်ကုန်စီရင်ထုံး၊ အတွဲ ၃၊ စာ ၁၃၉။ ဘုရင်ကောရာဇ်နှင့် ဖေဖိုးမင်း၊ ရန်ကုန်စီရင်ထုံး၊ အတွဲ ၁၀၊ စာ ၅၁၁ ကိုကြည့်ပါ။

သက်သာခွင့်များ
- ပြစ်ဒဏ်လျှော့ပေါ့ခြင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၂၃။
- အမှုကို အစအဆုံးပြန်စစ်ရန် အမိန့်ပေးခြင်း၊ တရားလိုပြသက်သေများအား ပြန်လည်စစ်ဆေးခြင်း မပြုဘဲ ၎င်းတို့၏ ယခင်ထွက်ချက်များကို ပြန်လည်ဖတ်ပြခြင်းနှင့် ဥပဒေဝန်ထမ်းကသာ စစ်ဆေးခြင်း သည် တရားမဝင်ပါ။ နင်းယဉ် (ဘုရင်ကောရာဇ်) နှင့် သန်းဖေ၊ အောက်မြန်မာပြည် စီရင်ထုံး၊ အတွဲ ၉ ၊ စာ ၉၂။
- အမှုကို ပလပ်ခြင်း
- အခြားသီးခြားသက်သာခွင့်
- အချိန်ကာလအပိုင်းအခြား - စစ်ဆေးစီရင်ချက် ပြီးသည့်အခါတွင် ရှေ့နေက အယူခံတင်သွင်းခွင့် ရှိသည်။ ထိုသို့ အယူခံတင်သွင်းနိုင်သည့် အချိန်ကာလ အပိုင်းအခြားကို ကာလစည်းကမ်းသတ် ဥပဒေ၏ ပုဒ်မ ၁၅၃၊ ၁၅၄ နှင့် ၁၅၅ တို့တွင် ဖော်ပြထား သည်။
- မြို့နယ်ရုံးမှ ခရိုင်ရုံး - ရက် ၃၀
- ခရိုင်မှ တိုင်း - ရက် ၆၀
- တိုင်းမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ် - ရက် ၉၀

အမှုစစ်ဆေးပြီးသည့်အခါ ရှေ့နေများသည် စစ်ဆေးစီရင်သည့် တရားရုံး၌ပင် အထက်တရားရုံးတော်သို့ အယူခံဝင်ခွင့်ကို ချက်ချင်း လျှောက်ထားနိုင်သည်။ နောက်ဆက်တွဲအယူခံမှုများကိုမူ တရားရုံးအဆင့်အလိုက် လုပ်ဆောင်နိုင်သည်။
- မြို့နယ်မှ ခရိုင်
- ခရိုင်မှ တိုင်း
- တိုင်းမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ် (တရားသူကြီး ၃ ဦးပါသည့် ခုံရုံး)
- ထို့နောက် အထူးအယူခံတရားရုံးသို့ - ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရှိ အဖွဲ့ဝင်များအားလုံး

အမှုသည် - အမှုမှ အပြီးအပြတ်လွှတ်သည့်အခါ အစိုးရကိုယ်စား အယူခံဝင်ခြင်း
- ပြည်ထောင်စုရှေ့နေချုပ်သည် အမှုမှ အပြီးအပြတ်လွှတ်စေရန် အယူခံတင်သွင်းနိုင်သည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ၄၁၇။
- အယူခံတရားရုံးသည် အမှုမှ အပြီးအပြတ်လွှတ်သည့် အမိန့်ကို ပယ်ဖျက်နိုင်သည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ၄၂၃။
- ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ ၂၀၁၀ အရ ... ပြည်ထောင်စုရှေ့နေချုပ်မှ တာဝန်လွှဲအပ်ခြင်းခံရသည့် တိုင်းနှင့် ပြည်နယ်ရှေ့နေချုပ်တို့သည် အပြီးအပြတ်လွှတ်နိုင်သည့်အမှုများကို သက်ဆိုင်ရာ တရား လွှတ်တော်သို့ အယူခံ တင်ပိုင်ခွင့်ရှိသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကိုမူ ဖွဲ့စည်းပုံအခြေခံခုံရုံးသို့ တိုက်ရိုက် တင်သွင်းခွင့်ရှိသည်။ ထိုသို့ တင်သွင်းရာတွင် တရားလွှတ်တော်ချုပ်မှ သော်လည်းကောင်း၊ အခြားမည်သည့် တရားရုံးတော်မှ သော်လည်းကောင်း တင်သွင်းခွင့်ရှိသည်။ အခန်း ၆ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ၊ ၂၀၁၀။

## လုပ်ထုံးလုပ်နည်း

အယူခံမှုသည် အချိန်အားဖြင့် ၄ လခန့် ကြာမြင့်နိုင်သည်။ ဥပမာ - ခရိုင်တရားရုံးသည် မြို့နယ်တရားရုံးမှ စာတွဲများကို ရယူပြီး ဆန့်ကျင်ဘက်အမှုသည်သို့ အကြောင်းကြားရပါမည်။

- အယူခံမှုတိုင်းကို အယူခံတရားလို၊ သို့မဟုတ် ၄င်း၏ ရှေ့နေက လျှောက်လွှာကဲ့သို့ အယူခံလွှာ ရေးသား၍ တင်သွင်းစေရမည်။ ထို့ပြင် အဆိုပါ လျှောက်လွှာနှင့်အတူ (လက်ခံရရှိသည့် တရားရုံးက အခြားနည်းဆင့်ဆိုခြင်း မရှိလျှင်) စီရင်ချက်မိတ္တူတစ်စောင်၊ သို့မဟုတ် အယူခံသည့်အမိန့်၏ မိတ္တူတစ်စောင်ကိုပါ ပူးတွဲပါရှိစေရမည်။ ထို့ပြင် ဂျူရီလူကြီးဖြင့် စစ်ဆေးစီရင်သည့်အမှုတွင် ပုဒ်မ ၃၆၇ အရ ရေးမှတ်ထားသည့် အချက်အလက်များကို လည်း ပူးတွဲပါရှိစေရမည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၁၉။
- အယူခံတရားလိုသည် ထောင်တွင် အကျဉ်းခံနေရလျှင် ၄င်း၏ အယူခံလွှာနှင့်အတူ ပူးတွဲပါရှိသည့် စာရွက် စာတမ်းမိတ္တူများကို ထောင်တာဝန်ခံအရာရှိထံ ပေးအပ်နိုင်သည်။ ၄င်းအရာရှိကလည်း အဆိုပါ အယူခံလွှာနှင့် မိတ္တူများကို သက်ဆိုင်ရာ အယူခံတရားရုံးသို့ ပေးပို့ရမည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ၄၂၀။
- အယူခံမှုကို အကျဉ်းနည်းမပလပ်ခင် အယူခံတရားလို သို့မဟုတ် ရှေ့နေသည် ထိုအယူခံကို ကြားနာခွင့် ရှိသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ၄၂၁။
- အယူခံတရားရုံးသည် အယူခံမှုကို အကျဉ်းနည်းဖြင့် မပလပ်လျှင် ၄င်းအယူခံမှုကို မည်သည့်အချိန်နှင့် နေရာတွင် ကြားနာမည်ဖြစ်ကြောင်း အယူခံတရားလိုနှင့် ရှေ့နေချုပ်ထံသို့ အကြောင်းကြားစေရမည်။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ၄၂၂။
- အယူခံမှု မပြီးပြတ်ခင်အတွင်း တရားခံကို အကျဉ်းထောင်တွင် ချုပ်ထားနိုင်သည်။ သို့မဟုတ် အာမခံပေးနိုင် သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ၄၂၇။
- အယူခံတရားရုံးက နောက်ထပ် သက်သေခံချက် ရယူနိုင်သည်။ ထိုသို့ရယူသည့်အခါ တရားခံ၊ သို့မဟုတ် ၄င်း၏ ရှေ့နေတို့ ရောက်ရှိနေစေရမည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ၄၂၈။

## စာချွန်တော်များ

ရှေ့တော်သွင်းစာချွန်တော်သည် မတရားနည်းဖြင့် ချုပ်နှောင်ထားခံရသူတစ်ဦး၏ လွတ်မြောက်ရေးအတွက် အသုံးပြုနိုင် သည့် နည်းလမ်းတစ်ရပ် ဖြစ်ပါသည်။ ချုပ်နှောင်ထားခံရသူ၏ မိသားစုဝင်မည်သူမဆို သို့မဟုတ် စွပ်စွဲခံရသူ ကိုယ်စား လိုက်ပါဆောင်ရွက်ပေးမည့် တရားခံရှေ့နေတို့သည် ရှေ့တော်သွင်းစာချွန်တော်ကို ပြည်ထောင်စု တရားလွှတ်တော်ချုပ် ထံသို့ တိုက်ရိုက်တင်သွင်းပြုလုပ်နိုင်သည်။ ထိုရှေ့တော်သွင်းစာချွန်တော်ကို နိုင်ငံရေး တက်ကြွလှုပ်ရှားမှုများ အတွက် အများဆုံးအသုံးပြုခဲ့သော်လည်း ... သာမန်ပြစ်မှုဆိုင်ရာကိစ္စရပ်များ၌ ရဲများ၊ ဥပဒေအရာရှိများ၊ သို့မဟုတ် တရားသူကြီး များ၏ ဥပဒေအတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိသည့် ကိစ္စရပ်များတွင်လည်း အသုံးပြုနိုင်ပါသည်။ ထို စာချွန်တော်ကို အသုံးပြုနိုင်မည့် အခြေအနေများမှာ -

- လူတစ်ဦးတစ်ယောက်အား ဖမ်းဆီးရန် ဥပဒေအရ ဝရမ်းစာ လိုအပ်သော်လည်း ဝရမ်းမပါဘဲ ဖမ်းဆီးခြင်း။
- ဖမ်းဆီးခံရပြီးသည့်သူတစ်ဦးဦးအား တရားသူကြီးထံမှောက်သို့ ချက်ချင်း ခေါ်ဆောင်မသွားခြင်း။
- ထိုနောက် အစိုးရမှ ၄င်းတို့ထိန်းသိမ်းထားသည့်သူများ ၄င်းတို့လက်ဝယ်တွင် ရှိနေခြင်းကို ငြင်းဆန်ခြင်း၊ နှင့် ထိုသူ မည်သည့်နေရာ၌ ရှိနေသည်ကို မသိရခြင်း။

- လွတ်လပ်စွာတွေးခေါ်ပိုင်ခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်တို့ကို အသုံးပြုခြင်းကြောင့် ထိန်းသိမ်းဖမ်းဆီး ခံရခြင်း။
- မမျှတသော တရားခွင်စစ်ဆေးစီရင်ခြင်းကြောင့် အကျဉ်းချခံရခြင်း။
- ဥပဒေအရ အပြစ်ဒဏ်ချမှတ်ပြီးသော်လည်း သို့မဟုတ် လူတစ်ဦးတစ်ယောက်အား လွှတ်ပေးရန် တရားရုံးတော်က အမိန့်ချပြီးသော်လည်း … ထိုသူတစ်ဦးဦးအား ဆက်လက်ထိန်းသိမ်းထားရှိခြင်း။

## စပ်ဆိုင်သော ဥပဒေများ

- ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၇၈
- ပြည်ထောင်စုတရားစီရင်ရေးဥပဒေ (အမှတ် ၂၀/၂၀၁၀)
- စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာ ဥပဒေ (အမှတ် ၂၄/၂၀၁၄)

စာချွန်တော်များနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို သိရှိလိုပါက **ICJ** မှ ထုတ်ဝေထားသည့် မြန်မာနိုင်ငံ၏ ရေ့တော်သွင်းစာချွန်တော်ဆိုင်ရာ လက်စွဲစာအုပ်၊ ၂၀၁၆ ၌ ကြည့်ပါ။ စပ်ဆိုင်သည့် လုပ်ထုံးလုပ်နည်းများကို စာမျက်နှာ ၁၇ နှင့် ၁၈ တို့တွင် ဖော်ပြထားပါသည်။

## ပြည်နယ်တရားလွှတ်တော်(သို့)တိုင်းဒေသကြီးတရားလွှတ်တော်၌ ရေ့တော်သွင်းစာချွန်တော် နှင့် သဘောသဘာဝ တူသော စီရင်ပိုင်ခွင့်ရှိခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေရှိ ရေ့တော်သွင်းစာချွန်တော် တစ်ရပ်ကဲ့သို့ သဘောသဘာဝရှိသော သက်သာခွင့် တစ်ရပ်ကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၏ ပုဒ်မ ၄၉၁ (၁)(က) နှင့် (ခ) တို့၌ ဖော်ပြထားပါသည်။ တရားလွှတ်တော်သည် မတရား ဖြစ်စေ၊ နည်းလမ်းမကျဘဲဖြစ်စေ ချုပ်နှောင်ထိန်းသိမ်းထားခံရသည့်သူများကို လွှတ်ပေးရန် ထုတ်ဆင့်နိုင်သည့် ပြစ်မှု ဆိုင်ရာ အယူခံစီရင်ပိုင်ခွင့်အာဏာရှိသည်။

> တိုင်းတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တို့သည် အောက်ဖော်ပြပါ ရေ့တော်သွင်း စာချွန်တော်ကဲ့သို့ သဘောသဘာဝရှိသော ညွှန်ကြားချက်များကို မိမိသင့်သည် ထင်မြင်သည့်အတိုင်း ညွှန်ကြား နိုင်သည်။ (က) မိမိ၏ ပြစ်မှုဆိုင်ရာ အယူခံစီရင်ပိုင်ခွင့်အာဏာ နယ်မြေအတွင်း တစ်ဦးတစ်ယောက်ကို တရားဥပဒေနှင့်အညီ ဆောင်ရွက်ရေးအတွက် တရားရုံးသို့ တင်ပို့ပေးရန်၊ (ခ) အဆိုပါ စီရင်ပိုင်ခွင့်အာဏာ နယ်မြေအတွင်း၌ မတရားဖြစ်စေ၊ နည်းလမ်းမကျဘဲဖြစ်စေ အများပြည်သူ ဆိုင်ရာ အချုပ်၊ သို့မဟုတ် ပုဂ္ဂလိက အချုပ်မှ လွှတ်ရန် ညွှန်ကြားနိုင်သည်။ အခန်း ၃၇၊ ရေ့တော်သွင်း စာချွန်တော်တစ်ရပ်ကဲ့သို့ သဘော သဘာဝရှိသော ညွှန်ကြားချက်များ၊ ပုဒ်မ ၄၉၁ (၁) မှ ကောက်နုတ်ဖော်ပြသည်။

# တရားခံအား ဆန့်ကျင်သည့် သက်သေခံချက်

တရားခံအား ဆန့်ကျင့်သည့် သက်သေခံချက်များသည် ပုံစံအမျိုးမျိုး ဖြစ်နိုင်ပါသည်။ စုံစမ်းစစ်ဆေးနေစဉ် နှင့် တရားရုံး၌ စစ်ဆေးနေစဉ် ကာလအတွင်း သက်သေ (လူ) များ၏ နှုတ်သက်သေခံချက်၊ ပစ္စည်းသက်သေ (ရဲမှ သိမ်းဆည်း ရမိသော (သို့) ကောက်ယူ စုစည်းထားသော)၊ မည်သူ မည်ဝါ ဖြစ်ကြောင်း ပြောဆိုခြင်း (တရားရုံးတွင် သက်သေခံချက် (သို့) စာရွက် စာတမ်းများအားဖြင့် တရားလိုမှ ဖြစ်စေ၊ သို့တည်းမဟုတ် အခြား တရားလိုပြသက်သေများမှ ဖြစ်စေ တရားခံအား မည်သူ မည်ဝါ ဖြစ်ကြောင်းကို တရားရုံးတွင် တင်ပြထားသော အထောက်အထား) တရားခံမှ ပြုလုပ်သည်ဟု ယူဆရသော ဝန်ခံချက်၊ စာရွက်စာတမ်း (သို့) ဓာတ်ခွဲခန်းမှ အထောက်အထား အစီရင်ခံစာ နှင့် ကျွမ်းကျင်သူမှ သက်သေခံချက်တို့ ဖြစ်သည်။ ရှေ့နေသည် ယင်းသို့သော သက်သေ အထောက်အထား များအား နည်းလမ်း သုံးခုဖြင့် ခုခံ ချေပနိုင်သည်။

- သက်သေအထောက်အထား၏ အရေးပါမှု နှင့် ယုံကြည်ကိုးစား နိုင်မှုကို ငြင်းချက် ထုတ်ခြင်း။
- သက်သေအထောက်အထား၏ ဖြစ်တည်မှု၊ တိကျမှု နှင့် မှန်ကန်မှုတို့အား စိန်ခေါ်ခြင်း။
- သက်သေအထောက်အထားအား တွေ့ရှိခြင်း (သို့) ဖန်တီးခြင်းအား ဆောင်ရွက်ရာတွင် လိုက်နာရသည့် လုပ်ထုံး လုပ်နည်းအား စိန်ခေါ်ခြင်းအားဖြင့် ယင်းအေ ထာက်အထားအား သက်သေခံ မဝင်အောင် လုပ်ဆောင်ခြင်း။

တရားခံအား ဆန့်ကျင်သည့် သက်သေအထောက်အထား၏ အစိတ်အပိုင်း အတော်များများမှာ ရဲတပ်ဖွဲ့၏ စုံစမ်းစစ်ဆေးခြင်း (သို့) လုပ်ငန်းများ ဆောင်ရွက်ခြင်းမှ ထွက်ပေါ်လာမည် ဖြစ်သည်။ ယင်းသက်သေ အထောက်အထားများကို သေချာ ကျနစွာ စစ်ဆေးမေးခွန်း ထုတ်ခြင်းအားဖြင့် ၎င်း သက်သေအထောက်အထား များမှာ ဖွဲ့စည်းပုံ အခြေခံ ဥပဒေပါ စံ သတ်မှတ်ချက်များ ဥပဒေကြောင်းအရ လိုအပ်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ ဆန်းစစ်ရမည်။ ဤသက်သေအထောက် အထားများတွင် ဖြောင့်ချက်ပေးခြင်းများ သက်သက်သာ မဟုတ် တရားခံမှ လက်မှတ်ရေးထိုးထားသော ရှာဖွေ ပုံစံများ လည်း ပါဝင်သည်။ ၎င်းသက်သေ အထောက်အထားများသည် ဥပဒေအရာရှိမှသော်၎င်း၊ သို့တည်းမဟုတ် ပိုမို၍ အရေးပါ သော တရားသူကြီးမှသော်၎င်း အပြစ်ကျူးလွန်သည်ဟု ဝန်ခံသည်ဟု ယူဆထိုက်သော သက်သေအထောက် အထားများ ဖြစ်သည်။

တရားလိုဘက်မှ သက်သေအထောက်အထားများကို ခုခံချေဖျက်ရာတွင် ရှေ့နေများ အနေဖြင့် ၎င်း သက် သေ အထောက် အထားများကို သွားရောက်ကြည့်ရှု စစ်ဆေးခွင့် ရှိရမည် ဖြစ်ပြီး မိမိတို့၏ ခုခံ လျှောက်လဲ မှုအတွက် ပြင်ဆင်ရန် လုံလောက်သော အချိန် ရှိရမည် ဖြစ်သည်။ ရှေ့နေများအနေဖြင့်လည်း မိမိခုခံလျှောက်လဲမှု အတွက် သက်သေအထောက်အထား များကို ဖော်ထုတ်နိုင်ရေးနှင့် ပတ်သက်သည့် တည်ဆဲ ဥပဒေများကို သိရှိသုံးစွဲရမည်။ ရှေ့နေများသည် တရားခံနှင့် စပ်ဆိုင် သည့် သက်သေခံအထောက်အထားများကို ရဲ နှင့် ဥပဒေအရာရှိများထံ တောင်းဆိုရမည်။ ထိုသို့ တောင်းဆို၍ မရခဲ့ပါက တရားရေးရာ ကုစားမှုများကို ရှာဖွေကြရမည်။

ဥပဒေအရာရှိမှ တင်ပြလာသော တရားဥပဒေနှင့် မညီညွတ်သော သို့မဟုတ် ယုံကြည်အားကိုးရန် မသင့်သော သက်သေခံ ချက်များကို သက်သေခံ မဝင်အောင် ဆောင်ရွက်ခြင်းများဖြင့်သော်လည်းကောင်း၊ တရားလိုဘက်မှ သက်သေခံချက်များ နှင့်ဆန့်ကျင်သော သို့မဟုတ် တန်ဖိုးလျော့ပါးစေနိုင်သော သက်သေခံချက်များကို သော်လည်းကောင်း၊ ရှေ့နေများသည် တရားခံအား ဆန့်ကျင်သည့် သက်သေခံချက်များကို စိန်ခေါ်နိုင်သည်။

တရားခံဘက်မှ စုဆောင်း တင်ပြထားသော သက်သေခံချက်များကို "တရားခံဘက်အား စုံစမ်းထောက်လှမ်းခြင်း" အပိုင်းတွင် သီးခြားဖော်ပြထားသည်။

## တရားလိုဘက်မှ တင်ပြထားသော သက်သေခံချက်များကို ရယူခြင်း

တရားလိုဘက်မှ တင်ပြလာသော သက်သေခံချက်များနှင့် ပတ်သက်၍ တုန့်ပြန်ဆောင်ရွက် နိုင်စေရန် အလို့ငှာ တရားခံဘက်မှ လိုက်ပါဆောင်ရွက်ပေးသော ရှေ့နေသည် ၎င်းသက်သေ အထောက်အထားများကို တတ်နိုင်သမျှ ဆောလျင်စွာ စိစစ်သုံးသပ်ရန် လိုအပ်သည်။ တရားခံဘက်မှ လိုက်ပါဆောင်ရွက်သော ရှေ့နေ သည် တရားရုံးရှိ အမှုတွဲ ဆိုင်ရာ စာရွက်စာတမ်းများကို ကြည့်ရှုရန် အခွင့်အရေး ရှိသည်။ တရားခံနှင့် ၎င်း၏ရှေ့နေထံသို့ သက်ဆိုင်ရာ စာရွက် စာတမ်းများ (သို့) ၎င်းစာရွက်စာတမ်းများမှ ကောက်နုတ်ချက်များ၏ မိတ္တူတစ်စုံကို ပေးအပ်ရန် တရားသူကြီးတွင် တာဝန်ရှိ သည်။ ဤတရားရုံးစာရွက်စာတမ်းများတွင် ပထမသတင်းပေးတိုင်ချက်၊ ရဲမှတ်တမ်း၊ သက်သေများ၏ ထွက်ချက်များ နှင့် တရားသူကြီးထံသို့ တင်သွင်းသော ရဲအစီရင်ခံစာတွင် ပါဝင်သည့် စာရွက်စာတမ်းများအားလုံး ပါဝင်သည်။ ထိုအခွင့်အရေး များကို ဥပဒေရေးဆွဲသူများမှ ပြဌာန်းထားပြီး ထိုအခွင့်အရေးများအတိုင်း လိုက်နာဆောင်ရွက်ရန်လည်း အာမခံချက် ပေးထားသည်။ အမှုနှင့် သက်ဆိုင်သည့် တရားရေးရာ စာရွက်စာတမ်းများနှင့် ပစ္စည်းများအားလုံးကို နှောင့်နှေးကြန့်ကြာမှု မရှိစေအောင် ရှေ့နေများမှ စစ်ဆေးသုံးသပ်ရမည်။

- ဥပဒေက မပြီးပြတ်သေးသော အမှုတွဲများနှင့် စီရင်ဆုံးဖြတ်ပြီးသောအမှုတွဲများကို တရားသူကြီး ခွင့်ပြုချက်ဖြင့် ကြည့်ရှုနိုင်ရန် ခွင့်ပြုထားသည်။ ထို့အပြင် မပြီးပြတ်သေးသော အမှုတွဲများကို ထိုအမှုတွင် လိုက်ပါသော ရှေ့နေက အထူးအမိန့် မရရှိသော်လည်း ကြည့်ရှုခွင့်ရနိုင်သည်။ (တရားရုံးများလက်စွဲ ၁၉၉၉၊ စာပိုဒ်အမှတ် ၁၀၃ (၄၃))
- ဤအချက်သည် နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသော စံနှုန်းများနှင့်လည်း ကိုက်ညီသည်။ ဤစံနှုန်းများတွင် အစိုးရအနေနှင့် ရှေ့နေများသည် ၎င်းတို့၏ အမှုသည်များအတွက် ထိရောက်သော ဥပဒေဆိုင်ရာ အကူအညီများ ပေးစွမ်းနိုင်ရေးအတွက် တရားရုံးများရှိ သင့်လျော်သော အချက်အလက်များ၊ ဖိုင်တွဲများနှင့် စာရွက်စာတမ်းများကို ၎င်းတို့ ရယူကြည့်ရှုနိုင်စေရန်အတွက် ဆောင်ရွက်ပေးရန် တာဝန်ရှိသည်။ ကမ္ဘာ့ကုလသမဂ္ဂ စည်းမျဉ်းအမှတ် (၁၈)။

လက်တွေ့ဆောင်ရွက်ရာတွင် ရှေ့နေသည် အမှု၏ ပထမဆုံးကြားနာသည့်နေ့တွင် ဆိုင်ရာ စာရွက်စာတမ်း အားလုံး၊ အစီရင်ခံစာများကို ရရှိနိုင်ရန်အလို့ငှာ စာအားဖြင့် တောင်းခံခြင်းကို စဉ်းစားသင့်သည်။ (တောင်းခံလွှာ နမူနာပုံ စံအတွက် နောက်ဆက်တွဲ (၂) ကို ကြည့်ပါ။) ဤကဲ့သို့သော အချက်အလက်များ မရရှိခဲ့ပါက ရှေ့နေများအနေဖြင့် တရားရုံးများ လက်စွဲပါ ပြဌာန်းချက်များအရ ဆောင်ရွက်ရန် လိုအပ်သော သုံးသပ်ခြင်းများနှင့် ပြင်ဆင်ခြင်းများကို လုပ်ဆောင်နိုင်ရန် မဖြစ်နိုင်ကြောင်း လျှောက်လဲသင့်သည်။

- ရှေ့နေများအနေနှင့် လိုအပ်သော စာရွက်စာတမ်းများကို ကြည့်ရှုလေ့လာနိုင်ရန်နှင့် ညွှန်ကြားမှုများကို ရရှိနိုင်စေ ရန်အတွက် လုံလောက်သော အချိန်အတွင်း ဆောင်ရွက်ရမည်။ ရှေ့နေသည် တရားမစွဲဆိုမီ ကြားနာခြင်းများနှင့် ပတ်သက်သော မှတ်တမ်းများကို စစ်ဆေးကြည့်ရှုပြီး ၎င်းအနေဖြင့် ထိုအမှုကို သေချာကျနစွာ လိုက်ပါ ဆောင်ရွက်နိုင်စေရန်အတွက် အထောက်အကူဖြစ်မည့် အစိတ်အပိုင်းများအား မိတ္တူကူးယူရန် ရွေးချယ် ဆုံးဖြတ်ရ မည်။ တရားရုံးလက်စွဲ စာပိုဒ် (၄၅၇)။

တရားရုံးစာရွက်စာတမ်းများကို မိတ္တူရယူရန် ဆောင်ရွက်ရာတွင် တရားရုံးစာရေးများမှ တံစိုးလက်ဆောင်များ တောင်းခံ လာခဲ့သည် ရှိသော် တယ်လီဖုန်းကင်မရာများဖြင့် ဓာတ်ပုံရိုက်ယူခြင်းဖြင့် အဆိုပါ မိတ္တူများကို ရယူရမည်။ ရှေ့နေများ အနေဖြင့် မလျော်ကန်သော အပြုအမူများ ဖြစ်ပေါ်သည့် အချိန်တိုင်း မှတ်တမ်း တင်ထားသင့်ပြီး တရားဝင်တိုင်တန်းမှုများ လည်း ပြုလုပ်သင့်သည်။

## စုံစမ်းထောက်လှမ်းစဉ်ကာလအတွင်းရှိ ရဲမှတ်တမ်းများ

အမှုစစ်ရဲအရာရှိက သက်သေခံချက်များကို ပထမဦးစွာ စုဆောင်း၍ အမှုတွဲ ဖွင့်လှစ်ရမည်။ ယေဘုယျအားဖြင့် ဆိုလျှင် ... ဤသက်သေခံချက်များကို တရားခံအတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေများသည် တရားရုံးသို့ တရားစွဲမတင်မီအချိန်၌ မရရှိနိုင်ပါ။ အမှုတစ်မှုနှင့် တစ်မှု မတူညီနိုင်ပါ။ သို့ရာတွင် သက်သေခံချက်များအပေါ် အခြေခံ၍ ရဲအမှုတွဲတွင် ပါဝင်နိုင်သော အရာများမှာ -

- ပထမ သတင်းပေးတိုင်ချက်- ကျူးလွန်ခြင်းခံရသူဟု ယူဆရသော ပုဂ္ဂိုလ် သို့မဟုတ် မိတ်ဆွေ သို့မဟုတ် မိသားစု ဝင်မှ ရဲထံသို့ တိုင်ကြားခြင်း။ ပြစ်မှုကျင့်ထုံး ပုဒ်မ ၁၅၄။ ရှေ့နေသည် ပထမ သတင်းပေးတိုင်တန်းချက်တွင် တရားခံအား ဖော်ပြထားခြင်း ရှိ၊မရှိ သေချာစွာ စစ်ဆေးသင့်သည်။ အကယ်၍ ရဲများ၏ စုံစမ်းထောက်လှမ်းခြင်း များသည် မူလက ပြုလုပ်ခဲ့သည့် ပထမသတင်းပေး တိုင်တန်းချက်တွင် ပါဝင်သော အချက်များနှင့် ဆန့်ကျင်နေပါ က ပထမသတင်းပေး တိုင်တန်းချက် အသစ်ကို ရဲများက ပြန်လည်တည်ဆောက်နိုင်ကြောင်း ရှေ့နေများက ဂရုပြုသင့်သည်။
- သိမ်းယူခဲ့သေ ပစ္စည်းစာရင်းများ ပါဝင်သည့် ရှာဖွေပုံစံ
- ဖြောင့်ချက်
- သက်သေစာရင်း (ရဲစွဲချက် ပုံစံ စာရွက်) ပြစ်မှုကျင့်ထုံးပုဒ်မ ၁၇၃ (၁) (က)
    - အားလုံးပါရမည်။ ပြစ်မှုကျင့်ထုံးပုဒ်မ ၂၅၂ (၁)
    - သို့ရာတွင် ပြင်ဆင်နိုင်သည်။ ပြစ်မှုကျင့်ထုံးပုဒ်မ ၅၄၀
- သက်သေများ၏ ထွက်ဆိုချက်များ (လက်မှတ်ရေးထိုးထားခြင်း မရှိ။)
- တန်းစီဆွဲပြသည့်ပုံစံ
- သိပ္ပံဆိုင်ရာ အထောက်အထား
- ကျွမ်းကျင်သက်သေများ၏ အစီရင်ခံစာများ

ရဲအနေဖြင့် ၎င်းတို့၏ ရဲအမှုတွဲကို ပြင်ဆင်ရာတွင် စေ့စပ်သေချာရမည်။ ရဲများက သက်သေခံချက်ကို ရှာဖွေ စုဆောင်း ထိန်းသိမ်း စောင့်ရှောက်ရာတွင် လုပ်ထုံးလုပ်နည်းများကို ကောင်းမွန် သေချာစွာ လိုက်နာခြင်း ရှိ၊မရှိနှင့် ပတ်သက်၍ ရှေ့နေများက ပြန်လှန်စစ်မေးရန် ပြင်ဆင်ထားရမည်။ ဤလုပ်ထုံးလုပ်နည်းများကို အောက်တွင် ဖော်ပြထားသည့် အမှု၏လမ်းကြောင်း နှင့် သီးခြားပုဒ်မများတွင် ဆွေးနွေးထားသည်။ ရဲလက်စွဲကိုလည်း ကြည့်ပါ။

- ရဲအရာရှိ ရေးသားတင်သွင်းသည့် သတင်းအချက်အလက်သည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များ နှင့်အညီ ပြင်ဆင်၍ တင်သွင်းခြင်း မဟုတ်လျှင် ၎င်းအချက်အလက်များကို လက်မခံနိုင်ပါ။ ဧကရီ ဘုရင်မကြီး နှင့် ငစော ပါ ၆ ၊ ၁ အောက်မြန်မာပြည် တရားစီရင်ထုံး ၅၉။
- ရဲအရာရှိများသည် လူနှစ်ဦးက အခြားတယောက်ကို သတ်ဖြတ်ခဲ့ကြောင်း သတင်းအချက်အလက် များကို ယေဘုယျအားဖြင့်သာ မှတ်တမ်းတင်ထားသည့်အခါတွင် တရားရုံးက ၎င်းတို့၏ ဖော်ပြချက်ကို

ငြင်းပယ်ပြီး တရားခံအား တရားသေလွှတ်ပေးခဲ့သည်။ ခါလောင်း နှင့် ဖူးစာ နှင့် ဘုရင် ကေရာဇ် အတွဲ ၄၊ အောက်မြန်မာပြည် တရားစီရင်ထုံး ၁၁၆။

၎င်းအပြင် အမှုနှင့် ဆက်စပ်သော နေ့စဉ် မှတ်တမ်းကဲ့သို့သော ရဲများ မှ ပြုစုထားသည့် စာရွက်စာတမ်း အထောက်အထား များလည်း ရှိနိုင်သည်။ ရဲဌာနအတွင်း စာရွက်စာတမ်း မှတ်တမ်းများကို သာမန်အားဖြင့် တွေ့ရှိကြည့်ရှုရန် မဖြစ်နိုင်ပါ။ သို့ရာတွင် တရားခွင်တွင် အစစ်ခံလျက်ရှိသော ရဲအရာရှိက ၎င်းမှတ်သားထားသည်များကို ပြန်လည် အမှတ်ရစေရန် အသုံးပြုသောအခါတွင် တွေ့ရှိနိုင်ပါသည်။

> "မည်သည့် ရာဇဝတ်တရားရုံးမဆို မိမိရုံး၌ စုံစမ်းစစ်ဆေးနေသော၊ သို့မဟုတ် စစ်ဆေးစီရင်နေသော အမှုနှင့် သက်ဆိုင်သည့် ရဲအမှုနေ့စဉ်မှတ်တမ်းများကို တောင်းခေါ်နိုင်သည်။ ယင်းရဲနေ့စဉ် မှတ်တမ်းများကို အမှုတွင် သက်သေခံချက်အဖြစ် မဟုတ်ဘဲ အဆိုပါ စုံစမ်းစစ်ဆေးမှု၊ သို့မဟုတ် စစ်ဆေးစီရင်မှု၌ အထောက်အကူ အဖြစ် အသုံးပြုနိုင်သည်။ တရားခံကဖြစ်စေ၊ ၎င်း၏ ကိုယ်စားလှယ်များက ဖြစ်စေ အဆိုပါ နေ့စဉ်မှတ်တမ်း များကို တောင်းခေါ်ပိုင်ခွင့် မရှိစေရ။ အဆိုပါ နေ့စဉ်မှတ်တမ်းများကို တရားရုံးက ရည်ညွှန်းကြည့်ရှုရုံမျှဖြင့် တရားခံ၊ သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ်များတွင် ကြည့်ပိုင်ခွင့် မရှိစေရ။ သို့သော် ရေးမှတ်ခဲ့သည့် ရဲအရာရှိ က မိမိပြန်လည် သတိရအောင် ယင်းနေ့စဉ် မှတ်တမ်းများကို အသုံးပြုလျှင် ဖြစ်စေ၊ အဆိုပါ ရဲအရာရှိအား ဆန့်ကျင်မေးမြန်းရန်အတွက် တရားရုံးက ထိုနေ့စဉ် မှတ်တမ်းများကို အသုံးပြုလျှင်ဖြစ်စေ သက်သေခံအက် ဥပဒေပုဒ်မ ၁၆၁၊ သို့မဟုတ် ပုဒ်မ ၁၄၅ ပါ သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်စေရမည်။" ပြစ်မှုကျင့်ထုံး ဥပဒေပုဒ်မ ၁၇၂ (၂)။

> ယေဘုယျအားဖြင့် ကြည့်ရှုကိုးကားရန်။ ။ သက်သေခံဥပဒေ ပုဒ်မ ၁၆၁ - မိမိ မှတ်ဉာဏ်ကို အထောက် အကူပြုစေရန် အသုံးပြုသော သက်သေ အထောက်အထား ကို သက်သေခံဥပဒေပုဒ် ၁၅၉ နှင့် ၁၆၀ ပါ ပြဋ္ဌာန်းချက်များအရ အခြားတဖက်ကိုလည်း ပြသရမည်။

စုံစမ်းစစ်ဆေးစဉ်ကာလအတွင်း ... ရှေ့နေများသည် ရဲက မိမိတို့ မှတ်သားထားသည်များကို ပြန်လှန် ကြည့်ရှုရန် ရဲမှတ်တမ်း များကို အသုံးပြုခြင်း ရှိ၊မရှိ ပုံမှန် မေးမြန်းရမည်။ ရှိပါက ၎င်းမှတ်တမ်းများကို ချက်ချင်း ပြသရန် တောင်းဆိုရမည် ဖြစ်ပြီး တရားခွင် ကြားနာခြင်းအား မိမိက ၎င်းစာရွက်စာတမ်းများကို ပြန်လှန်စစ်မေးခြင်း အတွက် ကြည့်ရှု သုံးသပ်ရန် လုံလောက် သော အချိန်ရသည်အထိ ဆိုင်းထားရန် လျှောက်ထားရမည်။ အောက်တွင် သက်သေခံ အမျိုးအစားများကို ကြည့်ပါ။

## ရဲအမှုတွဲသည်သည် တရားစွဲဆိုသည့်အမှုတွဲ ဖြစ်ခြင်း

ရဲအမှုတွဲ**သည်** ထမဆုံး တရားရုံးကြားနာမှု မတိုင်မီအချိန် နှင့် တရားစွဲဆိုချိန်တွင် တရား စွဲဆိုသည့် အမှုတွဲအဖြစ် ပြောင်းသွားကြသည်။ (ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၇၀) အထက် ဖော်ပြပါ အကြောင်းအရာများအပြင် တရားစွဲဆိုသည့်ဘက်မှ စွဲဆိုရန် အကြံပြုထားသော ပြစ်မှုများကို ဖော်ပြ ထားသည့် တိုင်တန်းချက်စာလည်း ပါဝင်ရမည်။

ထုတ်ဖော်ပြောဆိုခြင်းသည် ပြစ်မှုဆိုင်ရာတရားရေးစနစ်၏ အရေးအကြီးဆုံးသော ကိစ္စရပ်များထဲမှ တစ်ရပ်သည်။ မျှတမှု ရှိသည့် ထုတ်ဖော်ပြောဆိုခြင်းများ ရရှိစေရန် လိုက်နာကျင့်သုံးခြင်းသည် မျှတသော ပြစ်မှုဆိုင်ရာတရားရေးစနစ်တခု ရရှိစေရေးအတွက် အရေးပါသော အချက်တစ်ချက်ပင် ဖြစ်ပါသည်။ အဓိက

စည်းမျဉ်းမှာ တရားလိုဘက်မှ သက်သေခံချက် များကို ထုတ်ဖော်ပြောဆိုရာတွင် ယင်းသက်သေခံချက်များသည် တရားလိုအတွက် အားနည်းသွားစေသည်ဖြစ်စေ သို့မဟုတ် တရားခံအတွက် အားသာသွားစေသည် ဖြစ်စေ၊ ထိုအကြောင်းအရာများကို ထိန်ချန်ထားခြင်း မရှိပဲ အပြည့်အဝ ချပြသင့်သည်။ အထက်၌ ဖော်ပြခဲ့သည့် သတင်းအချက်အလက်များကို ရယူရန် တောင်းဆိုရာတွင် ဆောလျင်နိုင်သမျှ ဆောလျင်စွာ ရယူနိုင်ရန် အရေးကြီးသည်။

## တရားရုံးအမှုတွဲပါ ပထမသတင်းပေးတိုင်တန်းချက်နှင့် သက်သေစာရင်း

အချို့သော သက်သေခံချက်များကို တရားရုံး အမှုတွဲမှ ရရှိနိုင်သည်။ ရဲအမှုတွဲ သို့မဟုတ် တရားလို၏ အမှုတွဲတွင် ပါရှိသော အရာများအားလုံးသည် တရားရုံးအမှုတွဲတွင် ပါဝင်လိမ့်မည်မဟုတ်ပါ။ မည်သို့ဆိုစေကာမူ တရားခံရှေ့နေသည် အမှုတွဲ တစုလုံးကို မြန်နိုင်သမျှ မြန်မြန် ကူးယူ သိမ်းဆည်းထားသင့်သည်။ ၎င်းအမှုတွဲတွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၇၃ (၁) အရ လိုအပ်သောအကြောင်းအရာများ အနည်းဆုံး ပါဝင်သင့်သည်။

> ရဲစခန်းတွင် တာဝန်ကျသော ရဲအရှိသည် (က) ရဲအစီရင်ခံစာအရ ပြစ်မှုကို အရေးယူပိုင်ခွင့်ရှိသော ရာဇဝတ် တရားသူကြီးတစ်ဦးထံသို့ နိုင်ငံတော် သမ္မတက သတ်မှတ်ထားသည့် ပုံစံဖြင့် အမှုသည်များ၏ အမည်များ၊ မည်သည့် သတင်းမျိုး ဖြစ်ကြောင်း၊ ၎င်းပြင် အမှုအဖြစ်အပျက် အကြောင်းအရာများနှင့် စပ်လျဉ်း၍ သိကျွမ်းပုံ ရသူများ၏ အမည်များကို ထည့်သွင်းရေးသားပြီး ဖမ်းမိသော တရားခံကို အချုပ်နှင့် တင်ပို့ထားပြီးဖြစ်ကြောင်း၊ သို့မဟုတ် အာမခံသူများ နှင့် သို့မဟုတ် အာမခံသူများ မပါဘဲ ကိုယ်ပိုင် ခံဝန်ချုပ်ဖြင့် လွှတ်ထားပြီး ဖြစ်ကြောင်း ဖော်ပြလျက် အစီရင်ခံစာတစ်စောင် ပေးပို့ရမည်။ ၎င်းပြင် ...
>
> (ခ) ပြစ်မှုကျူးလွန်ခြင်း နှင့် စပ်လျဉ်း၍ ပထမ သတင်းပေး တိုင်တန်းသူ ရှိခဲ့လျှင် မည်သို့ အရေးယူကြောင်းကို ထိုသူအား နိုင်ငံတော် သမ္မတက သတ်မှတ်သည့် နည်းလမ်းအတိုင်း အကြောင်းကြားရမည်။

အချို့သော ရှေ့နေများသည် သက်သေများ၏ ထွက်ချက်များကို တရားရုံးမှ ရယူခြင်း နှင့် ပတ်သက်၍ ယင်းသက်သေခံ ချက်များကို တရားသူကြီးကလည်း သုံးသပ်မည်ဖြစ်သောကြောင့် စိုးရိမ်မကင်းဖြစ်မှုများ ရှိကြောင်း ဖော်ပြလာကြသည်။ အကယ်၍ သက်သေခံချက်နှင့် ထွက်ဆိုချက်တို့သည် ကိုက်ညီမှု ရှိခဲ့ပါက ယင်းသက်သေသည် ယုံကြည်ထိုက်သော သက်သေဖြစ်သည်ဟူသော အချက်ပင်ဖြစ်သည်။ သက်သေက ထွက်ဆိုမည့် အကြောင်းအရာများကို ကြိုတင်သိရှိထားနိုင် ပါက ပို၍ ကောင်းမွန်ကြောင်း မိမိတို့အနေဖြင့် ယုံကြည်ပါသည်။ သက်သေတစ်ယောက်အား စွပ်စွဲပြစ်တင်ရာတွင် မိမိကိုယ်တိုင်က ၎င်းသက်သေ၏ ကနဦး ထွက်ချက်ကို မသိမမြင်ရသေးပဲ ကြိုတင်၍ စွပ်စွဲပြစ်တင်ရန် ပြင်ဆင်ထားခြင်း မပြုနိုင်ပါ။ အကောင်းဆုံး နည်းလမ်းမှာ သက်သေ၏ ထွက်ချက်များကို အမြဲတစေ ရယူထားရန် ဖြစ်သည်။

ဥပဒေအရာရှိများဘက်မှ သက်သေများ၏ သက်သေခံချက်များသည် ၎င်းတို့၏ ကနဦးထွက်ဆိုချက်များနှင့် ကိုက်ညီမှု မရှိပါက ဥပဒေအရာရှိများသည် မိမိတို့၏ သက်သေများကိုပင် စွပ်စွဲ ပြစ်တင်ခြင်းများ ပြုလုပ်ရကြောင်း ကြားသိရသည်။ ဤကဲ့သို့ ဖြစ်ရပ်များ ဖြစ်ပေါ်လာပါက စဉ်းစားရမည့် အချက် နှစ်ချက်ရှိပါသည်။ ပထမအနေဖြင့် ယင်းဥပဒေအရာရှိသည် သက်သေခံအက်ဥပဒေပုဒ်မ ၁၅၄ နှင့် ၁၅၅ တို့အရ ယင်းသက်သေအား ဆန့်ကျင်သက်သေအဖြစ် ကြေငြာပေးစေရန် ပထမဦးစွာ အားထုတ်ခြင်း မပြုပါက ယင်းဥပဒေအရာရှိသည်

၎င်းသက်သေကို စွပ်စွဲပြစ်တင်ခြင်းမှ တားမြစ်ရမည်။ ဒုတိယအချက်မှာ တရားခံရှေ့နေအနေဖြင့် မိမိက သက်သေ၏ ထွက်ချက်များကို ကြိုတင်ရရှိ လေ့လာ သုံးသပ်ထားခြင်း မရှိပါက ယင်းသက်သေအပေါ် စွပ်စွဲပြစ်တင်မှုကို တုံ့ပြန်နိုင်ရန် (ခွင့်ပြုထားပါက) အချက် လုံလောက်စွာ ပြင်ဆင်ထားခြင်း ပြုနိုင်မည် မဟုတ်ပေ။

## စာရေးများက ဖန်တီးတတ်သော ပြဿနာများ

ရှေ့နေများအနေဖြင့် ၁၉၉၉ တရားရုံးများလက်စွဲ၊ အပိုဒ် ၁၀၃ (၄၃) အရ တရားရုံး အမှုတွဲ စာရွက်စာတမ်းများ ကြည့်ရှုမိတ္တူ ကူးခွင့် တရားဝင် ရရှိထားသော်ငြားလည်း ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် အခက်အခဲ အတားအဆီးများ နှင့် ရင်ဆိုင်ရ တတ်ပါသည်။ ရှေ့နေများသည် အမှုတွဲများ ရရှိရေးတွင် ရုံးလုပ်ငန်းများ၏ စိန်ခေါ်မှုများသာမက တရားရုံး ဝန်ထမ်းများထံမှလည်း အခကြေးငွေ တောင်းခံမှုများကို ရင်ဆိုင်ရနိုင်ပါသည်။ တရားလွှတ်တော်ချုပ်က တရားရုံး စာရွက် စာတမ်းများနှင့် ပတ်သက်၍ သတ်မှတ်ထားသော အခကြေးငွေ ပမာဏနှင့် စည်းမျဉ်းများကို တရားရုံးလက်စွဲမှတဆင့် ပုံမှန် ထုတ်ပြန်ပေးပါသည်။

- ပြည်ထောင်စု တရားစီရင်ရေး ဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥပဒေ အမှတ် ၂၀/၂၀၁၀) ပုဒ်မ ၇၃
- ရုံးစာရွက်စာတမ်းများ တရားဝင် မိတ္တူကူးယူခြင်းဖြင့် အမှုတွဲများ၊ စာရွက်စာတမ်းများ စုစည်းခြင်း နှင့် ပတ်သက်၍ အခကြေးငွေကို တရားလွှတ်တော်ချုပ်၏ ၂၀၁၄ ညွှန်ကြားချက်များ တွင် နောက်ဆုံး သတ်မှတ်ထားပါသည်။

၁၉၉၉ တရားရုံးများလက်စွဲ အပိုဒ် ၁၀၃ (က) (၄၂) (ဃ) တွင် တရားရုံး စာရေးများက တခါတရံ အမြန်ကြေးများ တောင်းခံနိုင်ကြောင်း ပြဋ္ဌာန်းထားခြင်းမှာ တံစိုးလက်ဆောင်တောင်းခံခြင်းများ ဖြစ်ပေါ်လာနိုင်ပါသည်။ တရားရုံးခွန်များမှာ ဥပဒေနှင့်အညီ သတ်မှတ်ထားသည့် အတိုင်းသာ ပေးချေရသင့်သည်။ ရှေ့နေများ အနေဖြင့် မလျော်ကန်သော အပြုအမူများကို အချိန်နှင့် တပြေးညီ မှတ်တမ်းတင်ပြီး တရားဝင် တိုင်ကြားနိုင်ရန် အခွင့်အရေးများကို စဉ်းစားထားသင့် သည်။

## ဖြောင့်ချက်ကို ရှေ့နေမှ တောင်းဆိုရခြင်း

ဖြောင့်ချက်ပေးခြင်း နှင့် ပတ်သက်သော စာရွက်စာတမ်း မိတ္တူများ ရယူခြင်းနှင့် ပတ်သက်၍ သီးခြား လုပ်ထုံးလုပ်နည်းများ ကို အောက်ပါတို့တွင် ကြည့်ရှုလေ့လာနိုင်သည်။

- တရားရုံးများလက်စွဲ ၁၀၃ - စည်းမျဉ်းအမှတ် ၂၀ - ၂၇၊ စာမျက်နှာ ၁၁၀။
- ဗိုလ်ကြီးအုန်းကျော်မြင့် နှင့် ပြည်ထောင်စု ၁၉၉၇၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ **စာ** - ၄၈။

## သက်သေထွက်ချက်များ

တရားလိုဘက်မှ ထိန်းသိမ်းထားသော အရေးကြီးသည့် သက်သေခံချက်များမှာ တရားလိုပြသက်သေများ၏ ကြိုတင် ထွက်ဆိုချက် ဖြစ်သည်။ ဤထွက်ချက်များကို တရားခံက တောင်းဆိုပါက ကြည့်ရှုနိုင်သည်။ သို့သော် တရားရုံးက ၎င်းတို့အား အပြည့်အဝ ကြည့်ရှုခွင့်ကို ကန့်သတ်နိုင်သည်။ ရှေ့နေများက ထိုထွက်ဆိုချက်များကို

တတ်နိုင်သမျှ ဆောလျင် စွာ တောင်းဆိုသင့်သည်။ သို့သော် ၎င်းအချက်အလက် စာရွက်စာတမ်းများကို သက်သေက သက်သေ ထွက်ဆိုချက် ပေးပြီးမှ သာလျှင် ကြည့်ရှုခွင့် ရတတ်သည်။

- ပြစ်မှု**ဆိုင်ရာ**ကျင့်ထုံး ဥပဒေပုဒ်မ ၁၆၂ (၂) အရ"အထက်တွင် ဆိုခဲ့သည့်အတိုင်း အဆိုပါ အစစ်ခံချက်ကို စာဖြင့် ရေးမှတ် ထားပြီးသောအခါ တရားရုံးသည် တရားခံဆောင်းဆိုချက်အရ တရားခံအား အဆိုပါ အစစ်ခံချက်၏ မိတ္တူတစ်စောင်ကို ပေးရန် ညွှန်ကြားရမည်။ သို့ရာတွင် အဆိုပါ ထွက်ချက်၏ အစိတ်အပိုင်း တစ်ရပ်ရပ်သည် စုံစမ်းစစ်ဆေးမှု၏၊ သို့မဟုတ် စစ်ဆေးစီရင်မှု၏ မှုဖြစ်ကြောင်းခြင်းရာ နှင့် မစပ်ဆိုင်ဟု ထင်မြင်လျှင်၊ သို့မဟုတ် အဆိုပါ ထွက်ဆိုချက်၏ အစိတ်အပိုင်းကို တရားခံသို့ ထုတ်ပြခြင်းမှာ တရားမျှတမှုအတွက် မလိုအပ်သည့်အပြင် အများပြည်သူအကျိုးအတွက် လည်း မသင့်လျော်ဟု တရားရုံးက ထင်မြင်လျှင်၊ ထိုကဲ့သို့ ထင်မြင်ချက်ကို (အကျိုးအကြောင်း ဖော်ပြချက်မပါဘဲ) ရေးမှတ်၍ အဆိုပါ ထွက်ဆိုချက်၏ အစိတ်အပိုင်းကို တရားခံအား ပေးသည့် အစစ်ခံချက် မိတ္တူမှ ချန်လှပ်ထားရမည်။"
- မောင်ဦးခိုင်နှင့် ပြည်ထောင်စု၊ ရန်ကုန်**စီရင်ထုံးများ** ၊ အတွဲ ၁၃၊ စာ - ၁ တွင် တရားခံသည် တရားလိုဘက်မှ သက်သေခံချက်ပေးပြီးနောက် ၎င်းသက်သေများကို ရယူကြည့်ရှုနိုင်ရန် အခွင့်အရေးကို တောင်းဆိုခွင့် ရှိသည်။ အဓိပ္ပာယ်မှာ ၎င်းအချိန်၌သာလျှင် တောင်းဆိုခွင့် ရှိသည်ဟု မှတ်ယူရမည်။

## သီပွဲဆိုင်ရာ အစီရင်ခံစာ နှင့် ကျွမ်းကျင် သက်သေများ၏ ထွက်ဆိုချက်များ

၎င်းတို့သည် ရဲက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၂ (၂) အရ အကာအကွယ် ပေးထားသည့် ထွက်ဆိုချက်များ မဟုတ်သည့်အားလျော်စွာ တရားခံရှေ့နေက တောင်းဆို ရယူထားသင့်သည်။

အိန္ဒိယမှ ဥပမာ/နမူနာ

မြန်မာနိုင်ငံမှ ရှေ့နေများသည် သက်သေ အထောက်အထားများကို ဆောလျင်စွာ အပြည့်အဝ သိရှိကြည့်ရှုခွင့် ရရေး အတွက် ဥပဒေပြဌာန်းရန် တောင်းဆိုရေးကို စဉ်းစားသင့်ကြသည်။ သို့တည်းမဟုတ် အောက်ဖော်ပြပါ ဥပမာကို အသုံးပြု ကာ ဥပဒေအရာရှိက မိမိသဘော ဆန္ဒအလျောက် ထုတ်ဖော်ပြောဆိုခွင့်ကို ပေးလာစေရန် လျှောက်လဲတင်ပြသင့်သည်။

**အိန္ဒိယ - ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ**

ပုဒ်မ ၂၀၇ - မည်သည့်အမှုတွင်မဆို ရဲတိုင်ချက်အပေါ် အခြေခံ၍ စစ်ဆေးရသော အမှုများတွင် ရာဇဝတ် တရားသူကြီးသည် တရားခံအား အောက်ပါတို့ကို ငွေကြေးအဖို့အခ တစ်စုံတရာ မကုန်ကျစေပဲ မိတ္တူတစ်စုံစီကို တရားခံအား နှောင့်နှေးခြင်း မရှိဘဲ ပေးအပ်ရမည်။

(၁) ရဲ အစီရင်ခံစာ

(၂) ပုဒ်မ ၁၅၄ အရ မှတ်တမ်းတင်ထားသည့် ပထမ သတင်းပေးတိုင်ချက်

(၃) ပုဒ်မ ၁၆၁၊ ၃ အရ မှတ်တမ်းတင်ထားသည့် တရားစွဲဆို တင်ပို့မှုမှ သက်သေအဖြစ် တရားလိုဘက်မှ အဆိုပြု တင်ပြသည်များအားလုံး၏ ထွက်ဆိုချက် မှတ်တမ်းများ။ ယင်းမှတ်တမ်းများတွင် ရဲအရာရှိမှ ပုဒ်မ ၁၇၃ ပုဒ်မခွဲ ၆ အရ ပယ်ဖျက်ရန် လျှောက်ထားသည့် အစိတ်အပိုင်းများ မပါဝင်စေရ။

(၄) ပုဒ်မ ၁၆၄ အရ မှတ်တမ်းတင်ထားသည့် ဖြောင့်ချက်များနှင့် ထွက်ချက်မှတ်တမ်းများ ( ရှိခဲ့ပါက)

(၅) ပုဒ်မ ၁၇၃ ပုဒ်မခွဲ ၅ အရ ရဲတပ်ဖွဲ့မှ ရာဇဝတ်တရားသူကြီးထံသို့ ပေးပို့ထားသည့် စာရွက်စာတမ်းများ သို့မဟုတ် ဆက်စပ်သော ကောက်နုတ်ချက်များ။ ပုဒ်မခွဲငယ် ၃ ပါ ရည်ညွှန်းထားသည့် ထွက်ဆိုချက် မှတ်တမ်းများ၏ အစိတ်အပိုင်းများကို လေ့လာသုံးသပ်ပြီးပါက ရာဇဝတ်တရားသူကြီးမှ ရဲအရာရှိက တောင်းဆိုလာသော အကြောင်းရင်းများ ကို သုံးသပ်ပြီးလျှင် ၎င်းထွက်ဆိုချက် သို့မဟုတ် ၎င်းထွက်ဆိုချက် အစိတ်အပိုင်း၏ မိတ္တူကို သင့်လျော်သည်ဟု ယူဆသည့် အတိုင်း တရားခံထံသို့ ပေးအပ်ရမည်။ ပုဒ်မခွဲငယ် ၅ တွင် ရည်ညွှန်းထားသော စာရွက်စာတမ်းများကို ပမာဏ များပြား လွန်းသည်ဟု ရာဇဝတ်တရားသူကြီးမှ ယူဆရန် ရှိပါက ၎င်းသည် ၎င်းစာရွက်စာတမ်းများအား တရားခံအား ပေးအပ်ခြင်း ထက် ၎င်းအား တိုက်ရိုက် ကြည့်ရှု စစ်ဆေးခွင့် ပြုရမည်။

## သက်သေခံချက်များ တင်သွင်းရာတွင် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်း

သက်သေချက်များကို တရားခွင်တွင် အသုံးမပြုနိုင်သေးမီ သက်သေခံအဖြစ် တင်သွင်းရမည်။ တရားသူကြီးက ယင်းသက်သေခံချက်များကို သက်သေခံအဖြစ် လက်ခံသင့်မသင့်ကို ဆုံးဖြတ်သည်။ ရှေ့နေများက တရားသူကြီးအား အောက်ပါအချက်များကို သုံးသပ် စဉ်းစားပေးရန် တောင်းဆိုသင့်သည်။ ထိုသက်သေခံ ချက်များ၏ ...

- အရေးပါမှု။ ။ ယင်းသက်သေခံချက်သည် အမှုတွင်းရှိ အရေးပါသော ဥပဒေပြဿနာနှင့် စပ်ဆိုင်ပါ သလား။
- စပ်ဆိုင်မှု။ ။ ယင်းသက်သေခံချက်သည် တရားလို - တရားခံ တဖက်ဖက်မှ ထွက်ဆိုချက်များအပေါ် အထောက်အကူ ဖြစ်ပါသလား။

- ယုံကြည်ကိုးကားနိုင်မှု။ ။ ယင်းသက်သေခံချက်များကို ယုံကြည်ကိုးကားနိုင်ပါသလား။ သို့မဟုတ် ထိုအရာများသည် မှားယွင်းမှုကြောင်း၊သို့မဟုတ် ဘက်လိုက်မှုများကြောင့် ဖြစ်ပေါ်လာရပါသလား။
- ဥပဒေအရ ရယူခြင်း။ ။ ယင်းသက်သေခံချက်များကို ရဲများက ဥပဒေနှင့်အညီ ရယူခြင်း၊ သို့မဟုတ် တည်ဆောက် ထားခြင်း ရှိပါသလား။

နောက်ထပ် သတိပြုရန်မှာ တရားသူကြီးအနေဖြင့် ဆက်စပ်မှုရှိသည့် သက်သေခံချက်တစ်ရပ်အား မိမိ၏ ဆင်ခြင်တုံ တရားပေါ်မူတည်၍ သက်သေခံအဖြစ်မှ ပယ်ထုတ်နိုင်သည်။ ယင်းအခြေအနေမျိုးမှာ ယင်း သက်သေခံချက်များ၏ အရေးပါမှု နှင့် ဘက်လိုက်မှုတို့ကို ချိန်ဆရာတွင် ဘက်လိုက်မှု ရှိသည်ဟု တရားသူကြီးက ယူဆ၍သော်လည်းကောင်း၊ ယင်းသက်သေခံချက်များသည် ရှုပ်ထွေးပြီး စဉ်းစားသုံးသပ်ရာတွင် လွဲချော်စေနိုင်သည်ဟုလည်းကောင်း သို့တည်းမဟုတ် ၎င်းအထောက်အထားကို သက်သေခံစာရင်းသွင်းရာတွင် မလျော်ကန်သော ကြန့်ကြာမှုများ ဖြစ်ပေါ်စေနိုင်သည်ဟု လည်းကောင်း တရားသူကြီးက ယူဆလျှင်လည်း ၎င်းသက်သေခံချက်များကို သက်သေခံစာရင်းမှ ပယ်ဖျက်နိုင်သည်။

## အရေးပါ အရာရောက်မှုနှင့် စပ်ဆိုင်မှုအပေါ် သုံးသပ်အကဲဖြတ်ရန် အကြံပြုချက်များ

သက်သေခံချက်များ၏ အရေးပါအရာရောက်မှုနှင့် စပ်ဆိုင်မှုကို သုံးသပ်ရာတွင် သက်သေခံချက်များ တင်ပြပုံ နည်းလမ်းအပေါ်၌ မူတည်မနေဘဲ သက်သေခံချက်၏ အနှစ်သာရရှိမှု၌သာ မူတည်နေသည်။ သက်သေခံချက်၏ အရေးပါ အရာရောက်မှုနှင့် စပ်ဆိုင်မှုကို သုံးသပ် အကဲဖြတ်ရာတွင် မေးရမည့် မေးခွန်းများမှာ - သက်သေပြမည့် အထောက် အထားမှာ မည်သည့် အရာဖြစ်သနည်း။ ထိုအချက်အလက် အကြောင်းခြင်းရာသည် အရေးကြီးပါသလား။ ဤအထောက် အထားသည် အကြောင်းခြင်းရာ၏ မှန်ကန်မှုကို အားကောင်းစေပါသလား၊ သို့မဟုတ် အားနည်းစေပါသလား ဟူ၍ဖြစ်ပါ သည်။

ယေဘုယျလမ်းညွှန်ချက်အနေဖြင့် ... တရားခွင် စစ်ဆေးစီရင်ရာတွင် အငြင်းပွားမှု၌ ပါဝင်ပတ်သက်နေသည့် ကာလ၊ အဖြစ်အပျက် သို့မဟုတ် လူပုဂ္ဂိုလ်တို့သည် စပ်ဆိုင်မှုရှိသော သက်သေခံချက်များ ဖြစ်ကြသည်။

ဥပမာအားဖြင့် လူသတ်မှုတစ်ခုတွင် တရားခံက အသတ်ခံရသူအား လူသတ်မှုဖြစ်ပွားသည့်နေ့ နံနက်တွင် ခြိမ်းခြောက်ခဲ့ သည် ဟူသော အချက်မှာ စပ်ဆိုင်မှု ရှိကောင်း ရှိမည် ဖြစ်သော်လည်း ယင်းသို့ ခြိမ်းခြောက်မှုမှာ လူသတ်မှုမဖြစ်ပွားမီ လွန်ခဲ့သော နှစ် ၂၀ ခန့်က ခြိမ်းခြောက်ခဲ့သည်ဆိုပါက စပ်ဆိုင်မှု ရှိရန် အလားအလာ မရှိနိုင်ပါ။ ထို လွန်ခဲ့သော နှစ် ၂၀ ခန့်က ခြိမ်းခြောက်ခဲ့သည်ဟူသော အချက်သည် ယခုလက်ရှိဖြစ်ပွားနေသည့် အငြင်းပွားမှုကို သက်သေပြရန် စပ်ဆိုင်မှု မရှိသည့် အချက်ဖြစ်သည်။ တရားခံရှေ့နေသည် တရားခံအတွက် မလိုလားအပ်သော သက်သေခံချက်များကို မပေးမိစေ ရန် ဂရုပြုရမည်။ ဥပမာ - တရားခံသည် အခြားမည်သူတစ်ဦးတစ်ယောက်ကို မည်သည့်အခါကမျှ ခြိမ်းခြောက်ခဲ့ဖူးခြင်း မရှိကြောင်း ထွက်ဆိုစေခြင်းသည် တရားခံအတွက် မလိုလားအပ်သော သက်သေခံချက်များ ဖြစ်သွားနိုင်သည်။

## ဥပဒေအရာရှိ၏ "သက်သေခံဝင်သော သက်သေခံချက်များ" ပြသရန် တာဝန်

"လူတစ်ဦးတစ်ယောက်က အကြောင်းခြင်းရာတစ်ရပ်နှင့် စပ်လျဉ်း၍ သက်သေခံ တင်ပြနိုင်ရန်အတွက် အခြားအကြောင်း အရာတစ်ရပ်ကို သက်သေ ထင်ရှား ဦးစွာ တင်ပြရန် လိုအပ်သည် ဖြစ်လျှင် ထိုအကြောင်းခြင်းရာကို သက်သေ ထင်ရှားပြရန် တာဝန်သည် အဆိုပါ သက်သေတင်ပြလိုသူအပေါ် ကျရောက်သည်။" သက်သေခံ**အက်**ဥပဒေ ပုဒ်မ ၁၀၄။

ရှေ့နေတစ်ဦးသည် တရားခံအား တွေ့ဆုံမေးမြန်းပြီးနောက် စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်ကာ တရားရုံးအမှုတွဲများကို သုံးသပ်၍ ဥပဒေအရာရှိက တင်ပြလာမည့် မလျော်ကန်သောသက်သေခံချက်များကို ကန့်ကွက်မှုများ ပြုလုပ်ရန် အဆင်သင့် ဖြစ်နေရမည်။ တရားခံ၏ ရှေ့နေသည် တရားရုံးက သက်သေခံချက်များ၏ ကိုးစားနိုင်မှု၊ ချိန်ဆနိုင်မှုနှင့် အသုံးဝင်မှုကို မစဉ်းစားဘဲ သက်သေခံချက်ဝင်သည်ဟု ဆုံးဖြတ်လိုက်ခြင်းအား သေချာစွာ သိရှိထားရမည်။

### သက်သေခံအက်ဥပဒေ ပုဒ်မ ၆ - ၁၆ ၌ တွေ့ရသော သက်သေခံဝင်ခြင်းနှင့်ဆိုင်သည့် အထွေထွေ စည်းမျဉ်းများ

- သက်သေခံအက်ဥပဒေ ပုဒ်မ ၆ - စပ်ဆိုင်မှုရှိသော အကြောင်းခြင်းရာအားလုံးသည် သက်သေခံဝင်သည်။
- သက်သေခံအက်ဥပဒေ ပုဒ်မ ၇ - အရေးပါသော သို့မဟုတ် စပ်ဆိုင်မှုရှိသော အကြောင်းခြင်းရာတို့၏ အကြောင်း သို့မဟုတ် အကျိုး။
- သက်သေခံ ဥပဒေ ပုဒ်မ ၈ - အငြင်းထွက် အကြောင်းခြင်းရာ သို့မဟုတ် စပ်ဆိုင်သော အကြောင်းခြင်းရာ တစ်ခုအတွက် ရည်ရွယ်ချက် သို့မဟုတ် ပြင်ဆင်မှု တစ်ခုခုကို ပေါ်လွင်စေသော အချက်။ ယင်းသို့ဆိုရာတွင် တရားခံနှင့် နစ်နာသူတို့၏ အပြုအမူ သာမက နှစ်ဦးစလုံး၏ အပြုအမူကို အကျိုးသက်ရောက်စေသော ထွက်ဆိုချက်များပါ ပါဝင်သည်။
- သက်သေခံဥပဒေပုဒ်မ ၉ - အရေးပါသော သို့မဟုတ် စပ်ဆိုင်မှုရှိသော သက်သေခံချက်များကို ရှင်းလင်းတင်ပြရန်၊ ထုတ်ဖော်ရန်၊ အထောက်အကူဖြစ်စေရန်၊ ချေပရန်အတွက် လိုအပ်သော အကြောင်းခြင်းရာများ။
- သက်သေခံဥပဒေပုဒ်မ ၁၀ - ပူးပေါင်းကြံစည်သူများ၏ တူညီသော အကြံအစည်နှင့် လုပ်ဆောင်ချက်ကို ဖော်ပြသော သက်သေခံချက်။
- သက်သေခံဥပဒေပုဒ်မ ၁၁ - အခြားနည်းဖြင့် မစပ်ဆိုင်သော အကြောင်းခြင်းရာများသည် … အငြင်းထွက် အကြောင်း ခြင်းရာ သို့မဟုတ် စပ်ဆိုင်သော အကြောင်းခြင်းရာနှင့် မညီညွတ်လျှင်၊ သို့မဟုတ် ၎င်းတို့သည် စပ်ဆိုင်သော အကြောင်းခြင်းရာ အမှန်ရှိမရှိ လွန်စွာ ဖြစ်ဖွယ်ရာအကြောင်းရှိစေလျှင် သို့မဟုတ် လွန်စွာ မဖြစ်ဖွယ်ရာ အကြောင်း ရှိစေလျှင် စပ်ဆိုင်သည်။
- သက်သေခံဥပဒေပုဒ်မ ၁၃ - အခွင့်အရေး သို့မဟုတ် ဓလေ့ထုံးတမ်းများကို တောင်းဆိုသည့် အခြေအနေကို ရှင်းပြသည့် အကြောင်းခြင်းရာများ။
- သက်သေခံဥပဒေပုဒ်မ ၁၄ - အရေးပါသော သို့မဟုတ် စပ်ဆိုင်မှုရှိသော အခြေအနေမျိုးတွင် စိတ်၏ အခြေအနေသော်လည်းကောင်း၊ ကိုယ်ခန္ဓာ၏ အခြေအနေကိုသော်လည်းကောင်း၊ အမှန်ရှိကြောင်းပြသသည့် အကြောင်းခြင်းရာများ။

- သက်သေခံ ဥပဒေပုဒ်မ ၁၅ - တရားခံ၏ ရည်ရွယ်ချက်ကို ဖော်ပြသော အကြောင်းခြင်းရာများ။
- သက်သေခံ ဥပဒေပုဒ်မ ၁၆ - လုပ်ရိုးလုပ်စဉ် ဖြစ်ခြင်းကို ပြဆိုသော အကြောင်းခြင်းရာများ။

သက်ဆိုင်သော အမှုများ

- စိန်လှ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ၁၉၅၁ မြန်မာနိုင်ငံတရားစီရင်ထုံး၊စာ - ၂၈၉။
- ဒေါ်စီစီ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ၁၉၆၄ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၈၇၆။

## ရှေ့နေများက သက်သေခံမဝင်သော သက်သေခံချက်များကို အမှု၏အဆင့်တိုင်းတွင်ချေဖျက်ခြင်း

မိမိအမှုသည်အတွက် ဆန့်ကျင်ဖက်ဖြစ်သော သက်သေခံချက်များကို ရယူ သုံးသပ် အကဲဖြတ်ပြီးသောအခါတွင် ဤ သက်သေခံချက်များကို မည်သို့ မည်ပုံ ရယူ စုဆောင်းခဲ့သည် ဟူသည့် လုပ်ငန်းစဉ်အပြင် ၎င်းတို့၏ အနှစ်သာရကိုပါ စိန်ခေါ်နိုင်ရန်အတွက် ပြင်ဆင်ထားရမည်။ မြန်မာနိုင်ငံရှိ တရားစွဲဆိုခြင်းများသည် ဝန်ခံချက် ပေးသည်ဟု ယူဆရသော အကြောင်းတရားပေါ်တွင်သာ များသောအားဖြင့် အားပြုကြသည်။ သို့ရာတွင် ထိုနည်းလမ်းများမှာ တရားခံထံမှ သိမ်းဆည်းရမိသော သက်သေခံပစ္စည်းနှင့် မျက်မြင်သက်သေများမှ တရားခံကို ညွှန်ပြသည့် ထွက်ဆိုချက်များအပေါ်တွင် အကျုံး ဝင် နေသည်။

### အာမခံအတွက် ကြားနာခြင်း

- အစိုးရမှ ပြစ်မှုစွဲချက်တခုအား အာမခံရနိုင်သော အမှုမှ အာမခံ မရနိုင်သော အမှုအဖြစ် သတ်မှတ်နိုင်မည့် ဝန်ခံချက် အတိုင်းအတာပေါ် မူတည်၍ ရှေ့နေသည် ၎င်းဝန်ခံချက်အား တရားရုံးသို့ တင်သွင်းရန် သင့်မသင့် ဆုံးဖြတ်ချက် မပေးမီ ၎င်းဖြောင့်ချက်သည် တရားမဝင်ကြောင်း ထုချေလျှောက်လဲသင့်သည်။
- အစိုးရက အာမခံပေးနိုင်သောအမှုမှ အာမခံမပေးနိုင်သော အမှုအဖြစ် ပြောင်းလဲရာတွင် ဝန်ခံချက်၏ အတိုင်း အတာအပေါ် မူတည်၍ စဉ်းစားလျှင် ... ရှေ့နေသည် တရားရုံးက ဥပဒေအရ ဝန်ခံချက်ပေးသည်ဟု မဆုံးဖြတ်မီ အဆိုပါဝန်ခံချက်သည် ဥပဒေနှင့် မညီညွတ်သည့် ဝန်ခံချက် ဖြစ်ကြောင်း ငြင်းချက်ထုတ်ရမည်။ အလားတူပင် ရှေ့နေများသည် ... ရှာဖွေခြင်း ဥပဒေနှင့် ညီမညီ သို့မဟုတ် ပထမသတင်းပေးတိုင်ချက်၏ ကိုးစားနိုင်မှု ရှိမရှိတို့ကို မေးခွန်းထုတ်သင့်သည်။ အထက်ပါအကြောင်းများကြောင့် အာမခံပေးအပ်သင့်သည်။
- အာမ**ခံပေး**နိုင်သော အမှုများတွင် ဝန်ခံချက်သည် တိကျရေရာခြင်း မရှိပါက ရှေ့နေက တရားခံသည် ဝန်ခံချက်ပေးရန် ငြင်းဆိုခဲ့ကြောင်းကို တရားရုံးသို့ ရှင်းလင်းစွာ တင်ပြရမည်။ အကယ်၍ အမှုသည်ထံမှ ဝန်ခံချက် ရရှိရန် ညှင်းပန်း နှိပ်စက်ခဲ့ခြင်းမျိုး ပြုလုပ်ခဲ့ပါက ယင်းသို့ ညှင်းပန်းနှိပ်စက်ခြင်းသည် အမှုကို အားနည်းသွားစေသည့်အတွက် အာမခံ တန်ဖိုး လျှော့ပေါ့၍ ဖြစ်စေ၊ သို့မဟုတ် အာမခံသူ မပါဘဲ ဖြစ်စေ အာမခံပေးအပ်သင့်ဟု ငြင်းချက် ထုတ်နိုင်သည်။

### စုံစမ်းစစ်ဆေးခြင်းအပိုင်း

- ရဲမှ တည်ဆောက်ထားသော သက်သေခံချက်များ။ ။ မလျော်ကန်သော ဝန်ခံမှုများ၊ မည်သူမည်ဝါဟု ထုတ်ဖော် ရာတွင် လုပ်ထုံးလုပ်နည်းဆိုင်ရာ အားနည်းချက်များ သို့မဟုတ် တရားဥပဒေ နှင့် မညီညွတ်သော ရှာဖွေမှုများနှင့် ပတ်သက်သည့် သုံးသပ်ခြင်းများအပေါ် တရားခံရှေ့နေမှ နှုတ်ဖြင့်ဖြစ်စေ စာဖြင့်ဖြစ်စေ လျှောက်လဲရမည်။ ဤကြားဖြတ် လျှောက်လဲချက်များကို အခါအခွင့်သင့်တိုင်း ကြိုတင်ပြင်ဆင်ထားရမည်။
- တရားရုံး၌ ပေးသော ဖြောင့်ချက်ကို ရယူသော တရားသူကြီးအား ပြန်လှန်စစ်မေးခြင်း။ အကြောင်းခြင်းရာ နှင့် ဥပဒေဆိုင်ရာ အကြောင်းပြချက်များအတွက် ရေးသားထုချေ လျှောက်လဲချက်များကို စွဲချက်မတင်မီ အချိန်ကပင် ပြင်ဆင်ထားရန် အလို့ငှာ ရှေ့နေသည် ပြန်လှန်စစ်မေးခြင်းများအတွက် အသင့်ရှိနေရမည်။
    - လုပ်ထုံး၊ လုပ်နည်းနှင့် မညီညွတ်ခြင်း
    - တရားခံအား **ရဲစစ်ဆေးနေစဉ်အတွင်း ခွဲထုတ်၍ မရခြင်း**
    - တရားခံအား ၎င်း၏ အခွင့်အရေးများ ရှိကြောင်း အကြံမပြုနိုင်ခြင်း
    - တရားခံအား တွေ့ခွင့်ပင် မရရှိခြင်း
    - တရားခံ၏ ထွက်ချက်ကို ရယူသော ဖြစ်စဉ်
        - ထွက်ဆိုချက် မည်မျှ ရှိသနည်း။
        - ငြင်းဆိုချက် တစုံတရာ ရှိ၊ မရှိ။
        - ဖြောင့်ချက် ပေးရန် ငြင်းဆိုပါက မည်သည့် အခြေအနေတွင် ငြင်းဆိုခဲ့သနည်း။
        - **တရားခံကို** ရဲ၏ လွှမ်းမိုးမှုအောက်တွင် ရှိနေခြင်းကို တွေ့ခဲ့ရပါသလား။

## စွဲချက်တင်သည့်အခါတွင် -

အောက်တွင် ဆွေးနွေးထားသည့်အတိုင်း တရားခံရှေ့နေသည် ဖြောင့်ချက်နှင့် အခြားသော ဆက်စပ်ခြင်း မရှိသည့် (သို့မဟုတ်) သက်သေခံမဝင်သည့် သက်သေ အထောက်အထားများနှင့် ပတ်သက်၍ အမြဲတစေ ထပ်မံ ဝေဖန် ဆန်းစစ်နေရမည်။ ၎င်းအပြင် တရားခံရှေ့နေသည် တရားခံမှ ပေးသော ဖြောင့်ချက်ပါ စကားရပ်များသက်သက်ဖြင့် ယင်းတရားခံအား ပြစ်မှုထင်ရှားမပြုနိုင်ဟူသော ဥပဒေမှုအရ ... အဆိုပါဖြောင့်ချက်ကို ထောက်ခံသော အခြားသက်သေခံချက် လုံလောက်မှု မရှိကြောင်း လျှောက်လဲသင့်သည်။ သက်သေခံအက်ဥပဒေ ပုဒ်မ ၃၀ တွင် တရားခံ၏ ဝန်ခံသော အကြောင်းအရာများသည် အမှုအတွက် အပြီးသတ် ကောက်ချက် ဆွဲနိုင်သော သက်သေ အထောက်အထား မဟုတ်။ သို့သော် ၎င်းဝန်ခံချက်များသည် နောက်ထပ် သက်သေ အထောက်အထားများ မတင်ပြနိုင်ရန်ကို ငြင်းဆိုခွင့် မရှိသည့် အချက်များ ဖြစ်လာနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ အခြားသော ထုချေလျှောက်လဲခြင်းများကိုလည်း ပစ္စည်း သက်သေခံ ချက်များနှင့် ပတ်သက်၍ သော်လည်းကောင်း၊ တန်းစီပြသခြင်းနှင့် အခြားသက်သေခံချက်များနှင့် ပတ်သက်၍ သော် လည်းကောင်း လျှောက်လဲချက်ပေးရမည်။

## ပြင်ဆင်ခွင့် လျှောက်ထားခြင်း

အမှုတစ်ခုတွင် သက်သေခံ တင်သွင်းသည့် ကိစ္စမှာ ၎င်းသက်သေခံ အထောက်အထား၏ အလေးသာမှု (သို့မဟုတ်) ယုံကြည်ကိုးစားနိုင်မှုအတွက်တို့ထက် ဥပဒေအရ သက်သက်သာလျှင် တင်သွင်းထားကြောင်း တရားခံ ရှေ့နေမှ ယုံကြည် ယူဆခဲ့သည် ရှိသော် ၎င်းသည် ပြင်ဆင်မှု လျှောက်ထားရေးအတွက် စဉ်းစားရမည်။ သို့ရာတွင် ထိုသို့ပြုလုပ်ခြင်းဖြင့် တရားရုံး၏ အမှုတွဲဆောင်ရွက်ချက်ကို ရပ်ဆိုင်းစေနိုင်သည့် အကျိုးဆက်များ ရှိနိုင်သည်။ ကုစားမှုများ/ပြင်ဆင်မှုများ အပိုင်းကို ကြည့်ပါ။

တရားခံအမှုအတွက် အဓိကစစ်မေးခြင်းများ ပြုလုပ်စဉ် -

တရားခံရှေ့နေသည် တရားခံအမှုအတွက် အဓိက စစ်မေးခြင်းများ ပြုလုပ်သောအခါ … သက်သေခံမဝင်သော အရာများနှင့် ပတ်သက်၍ ကျယ်ပြန့်စွာနှင့် အသစ်ထပ်မံ လျှောက်လဲတင်ပြပေးရန် ပြင်ဆင်ထားသင့်သည်။ စွဲချက်ပုံစံတွင် ဖော်ပြထား သော စွဲချက်များကို ငြင်းသောအခါ တရားခံသည် သက်သေစာရင်းတစ်ရပ်ကို တင်သွင်းရမည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၂၁၁ (၂)။

- တရားလိုပြသက်သေများကို ပြန်လှန်စစ်ဆေးခြင်းများ ပြုလုပ်ရန်အတွက် ပြန်လည်ခေါ်ယူခြင်း။ မြန်မာနိုင်ငံမှ ရှေ့နေများသည် စွဲချက်တင်ပြီးနောက် ဒုတိယအကြိမ် ပြန်လှန်စစ်မေးရန် မေးခွန်းများကို ချန်ထားလေ့ရှိကြသော်လည်း စွဲချက်မတင်မီအချိန်ကာလနှင့်ပတ်သက်သည့် အချက်အလက်များကိုကား ရှင်းလင်းစွာ မှတ်တမ်းတင်ထားနိုင်ခြင်း မရှိကြပါ။ အမှု မတည်ဆောက်မီကာလတွင် မှတ်တမ်းများကို ရှင်းလင်းစွာ မှတ်သားထားရန်အတွက် အကြောင်းပြ ချက်မှာ အလွန်အမင်း နည်းပါးသော အခြေအနေတွင် ရှိသည်။ ကန့်သတ်သော ပြန်လှန်စစ်မေးခြင်းသည် စွဲချက် တင်ခြင်းကို တားမြစ်လိမ့်မည်ဟုသော ယုံကြည်ချက် မရှိလျှင် … စပ်ဆိုင်သော မေးခွန်းများအားလုံးကို တရားလိုဘက်၌ စုံစမ်းစစ်ဆေးနေစဉ် ကာလအတွင်း မေးမြန်းရမည်။ သက်သေများကို ပြန်ခေါ်စစ်ဆေးခြင်းသည် အချုပ်ကျခံနေသော အမှုသည်အတွက် အမှုကို နှောင့်နှေးကြန့်ကြာသည့်အချက်ကို သတိပြုသင့်သည်။

- သို့သော် တရားခံ၏ သက်သေခံချက်သည် သက်သေအဖြစ်ဖြင့်သော်လည်းကောင်း တရားခံအဖြစ်ဖြင့် သော် လည်းကောင်း ထွက်ဆိုရာတွင် ဖြောင့်ချက်ပေးခြင်း (သို့မဟုတ်) သက်သေခံ ပစ္စည်း ရှာဖွေခြင်းနှင့် ပတ်သက်သော အကြောင်းအရာ အဖြစ်သာ ရှိနေနိုင်မည်။ အကြောင်းမှာ စွဲချက်အား ယေဘုယျ သဘော ငြင်းချက်ထုတ်ရာတွင် တရားခံ၏ ထွက်ဆိုချက်သည် ကျူးလွန်သည်ဟု ယူဆထားသော ပြစ်မှုအပေါ်တွင် အထောက်အကူ မဖြစ်ခြင်း (သို့မဟုတ်) လိမ်လည် ထွက်ဆိုခြင်းများ ဖြစ်နေလိမ့်မည်။
- တရားခံပြသက်သေများက တရားလိုဘက်မှ တင်သွင်းလာသော သက်သေအထောက်အထားများသည် ဥပဒေ မညီဘဲ ရယူထားသော သို့မဟုတ် ယုံကြည်ကိုးစားထိုက်ခြင်းမရှိသော သက်သေခံချက်များ ဖစ်သည်ဟု ထွက်ဆိုပေးနိုင်သည်။
    - ဖြောင့်ချက်ပေးခြင်း - သက်သေများသည် ညှင်းပမ်းနှိပ်စက်ခြင်းများ ရှိခဲ့ကြောင်း သက်သေ အထောက် အထားများ၊ အတင်းအကြပ် ဖြောင့်ချက်ပေးစေခြင်းများ၊ ဖြောင့်ချက်ကို ရယူသော ရာဇဝတ် တရားသူကြီး များ၏ လုပ်ထုံးလုပ်နည်း မလျော်ကန်မှုများ (သို့မဟုတ်) မှားယွင်းသော ဖြောင့်ချက်ကို အကြောင်းချင်းရာ အားဖြင့်သော်လည်းကောင်း၊ အလီဘိုင်ပြနိုင်သည့် အထောက် အထားဖြင့် သော်လည်းကောင်း ဆန့်ကျင် ထွက်ဆိုနိုင်သည်။
        - ဆေးမှတ်တမ်းများနှင့် ကုသမှုပေးသော ဆရာဝန်များ
        - တရားခံအား လာရောက်တွေ့ဆုံသော မိသားစုဝင်များ

- ရဲစခန်းရှိ အခြား အချုပ်သားများ
- အလီဘိုင်
- အခြားသော အကြောင်းချင်းရာ (သို့မဟုတ်) ဥပဒေဆိုင်ရာ ခုခံခြင်းများ

○ တန်းစီပြသခြင်း - သက်သေများသည် တန်းစီပြသသော တရားလိုပြသက်သေများ၏ ယုံကြည်ကိုးစားနိုင်မှု မရှိကြောင်း၊ သို့မဟုတ် တိကျမှု မရှိကြောင်း၊ သို့မဟုတ် မှားယွင်းသော လုပ်ထုံးလုပ်နည်းများ ဖြစ်နေကြောင်း ကို သက်သေခံနိုင်သည်။

○ ပစ္စည်းသက်သေ - သက်သေများသည် မလျော်ကန်သော ရှာဖွေ သိမ်းဆည်းမှုများ ရှိခဲ့ပါက ထိုသို့ ရှိခဲ့ကြောင်း အစစ်ခံ ထွက်ဆိုနိုင်သည်။ သို့မဟုတ် တရားခံနှင့် သက်သေအထောက်အထားအကြောင်း ဆက်စပ်မှုကို စိန်ခေါ်နိုင်သည်။ သို့မဟုတ် ရှာဖွေသိမ်းဆည်းရမိသည့် ပစ္စည်းအား မည်သည့်နေရာတွင် ရှာဖွေသိမ်းဆည်းခဲ့ သည်ဟူသော အချက်နှင့် ပတ်သက်၍လည်း စိန်ခေါ်နိုင်သည်။

## အပြီးသတ်လျှောက်လဲခြင်း

တရားခံရှေ့နေများသည် အစိုးရဘက်မှ တင်သွင်းလာသော ဖြောင့်ချက်များ (သို့မဟုတ်) အခြားသော သက်သေအထောက်အထားများ၏ ဥပဒေနှင့် ညီညွတ်မှု မရှိခြင်း၊ ကိုးစားနိုင်မှု မရှိခြင်း (သို့မဟုတ်) စပ်ဆိုင်မှု မရှိခြင်းတို့အပေါ် ယခင်က **တင်သွင်းခဲ့သော** လျှောက်လဲချက်များကို စာအားဖြင့် ဖြစ်စေ၊ နှုတ်အားဖြင့် ဖြစ်စေ ပြန်လည် တင်သွင်းရမည်။

## အယူခံနှင့် စာချွန်တော်တင်သွင်းခြင်း

သက်သေခံချက်ဆိုင်ရာ ဆုံးဖြတ်ချက်များသည် အယူခံများ (သို့) စာချွန်တော်များ တင်သွင်းရာတွင် တွေ့ရလေ့ရှိသည့် အကြောင်းအရာများဖြစ်ကြသည်။ သက်သာခွင့်အပိုင်းတွင်ကြည့်ပါ။

# အမှုအတွင်း (စုံစမ်းစစ်ဆေးနေစဉ်ကာလ နှင့် စစ်ဆေးစီရင်နေစဉ်ကာလ) ကန့်ကွက်ချက်များ ပြုလုပ်ခြင်း

ဆုံးဖြတ်ရန်ပြဿနာများကို ကန့်ကွက်ချက်များ ပြုလုပ်ရမည်။

မည်သည့် ကုစားရန် နည်းလမ်းကို ရှာဖွေသည် ဖြစ်စေ အမှုစစ်ဆေးနေစဉ် ကာလအတွင်း အကြောင်းအရာများအား ပယ်ဖျက်ခြင်းကို ရှောင်ရှားနိုင်ရန် ရှေ့နေများသည် ကန့်ကွက်မှုများ ပြုလုပ်ရမည်။ ဤကဲ့သို့ မဆောင်ရွက်ပါက တရားရုံးမှ မိမိအမှုသည်၏ အမှုအတွက် ကုစားရန် လျှောက်ထားမှုများအား ပယ်ချနိုင်သည်။

> ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၃၇ "ရှင်းလင်းချက် ..... ဤပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေအရ ဆောင်ရွက်သည့် မှုခင်း ကိစ္စ တစုံတရာတွင် မှားယွင်းမှု၊ ပျက်ကွက်မှု၊ နည်းလမ်းမကျမှု (သို့မဟုတ်) မှားယွင်းညွှန်ကြားမှု တစုံတရာကြောင့် တရားမျှတမှု ကင်းမဲ့ရာ ရောက်၊မရောက် ဆုံးဖြတ်ရာတွင် ၎င်းအမှုကို ကနဦး စတင် ဆောင်ရွက်သည့် အဆင့်၌ ကန့်ကွက်နိုင်ခဲ့ခြင်း ရှိ၊မရှိနှင့် ကန့်ကွက် သင့်၊ မသင့် ဆိုသော အကြောင်းချင်းရာကို တရားရုံးက ထောက်ထား ဆင်ခြင်ရမည်။"

## ကန့်ကွက်မှုများ ပြုလုပ်ရန် လိုအပ်သည့် အကြောင်းပြချက် နှစ်ရပ်

ကန့်ကွက်ခြင်းများ ပြုလုပ်ရာတွင် ရည်ရွယ်ချက် နှစ်ရပ် ရှိသည်။ ပထမတချက်မှာ တရားခွင်တွင် မလျော်မကန် တင်သွင်းလာသော သက်သေအထောက်အထားများကို ဖယ်ထုတ်ခြင်းဖြင့် အကြောင်းရာကို စဉ်းစား သုံးသပ်ရာတွင် ၎င်း သက်သေ အထောက်အထားများကို ထည့်သွင်း စဉ်းစား သုံးသပ်ခြင်း မပြုနိုင်စေရန် ဖြစ်သည်။ ဒုတိယ ရည်ရွယ်ချက်မှာ အယူခံ တရားရုံးသို့ အယူခံ လျှောက်ထားရာတွင် ရှင်းလင်း၍ တရားဥပဒေ အရ အကြောင်းအချက် လုံလောက်သော မှတ်တမ်းမှတ်ရာ ထားရှိနိုင်ရန် ဖြစ်သည်။ ဤ ရည်ရွယ်ချက် နှစ်ချက်ကို အမြဲတစေ မှတ်သားထားရမည်။

စစ်ဆေးစီရင်သည့် လုပ်ငန်းစဉ်တွင် အဖြစ်အပျက်များသည် မြန်ဆန်ပေသည်။ ထို့ကြောင့် ဒုတိယ ရှေ့နေတဦး (သို့) ဥပဒေအကူတယောက် (သို့) မိမိလုပ်ငန်းများ လုပ်ကိုင်ရာတွင် အကူအညီပေးနိုင်မည့် အကူတဦး (ဖိုင်တွဲများ စီစဉ်ခြင်း၊ သက်သေများနှင့် ကန့်ကွက်ချက်များ ကို မျက်ခြေမပြတ် စောင့်ကြည့်ခြင်း) ရှိလျှင် ကောင်းပါသည်။

## အချိန်ကိုက် ဆောင်ရွက်နိုင်ခြင်း

ကန့်ကွက်ရာတွင် အချိန်ကိုက် (မှားသည်ဟု ယူဆသော အဖြစ်အပျက် အကြောင်းအရာ ဖြစ်ပေါ်သည်နှင့် တပြိုင်နက်) ဆောင်ရွက်ရမည်။ အချိန်ကိုက် မဆောင်ရွက်နိုင်ပါက မိမိ၏ အမှုသည်အတွက် ကန့်ကွက်ခြင်း မပြုနိုင်စေသော အကြောင်းအရာများကို တရားသူကြီးမှ တင်သွင်းခွင့် ပြုလာနိုင်သည်။ စပ်ဆိုင်မှု မရှိသော အကြောင်း အရာများ တင်သွင်းခြင်းကို တားဆီးခြင်းက တရားသူကြီးအား နောက်မှ ထိုအချက်ကို "လက်မခံရန်" ပြောဆိုခြင်းထက် ပိုမိုကောင်းမွန် သည်။

## တိကျခြင်း

ကန့်ကွက်ရာတွင် ၎င်းကန့်ကွက်ခြင်းအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း ဖြစ်ကြောင်းကို ရှင်းလင်းစွာ ဖော်ပြရမည်။ အကယ်၍ ကန့်ကွက်ရခြင်း အကြောင်းရင်းများမှာ တခုထက် ပိုပါက ၎င်း ကန့်ကွက်ချက်များ အားလုံးကိုလည်း ရှင်းလင်းစွာ တင်ပြရမည်။ ယင်းသို့ တင်ပြရာတွင် ဥပဒေ ပြဋ္ဌာန်းချက်အရသော်လည်းကောင်း၊ ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရသော်လည်းကောင်း၊ ဆိုင်ရာ ဥပဒေအရ ကန့်ကွက်ခြင်း ဖြစ်ကြောင်းကို လည်းကောင်း ရှင်းလင်း တင်ပြရမည်။ ဤသို့ဖြင့် တရားခွင်တွင် ကြားနာ စစ်ဆေးနေသော တရားသူကြီးအား မိမိအလိုသို့ ဆွဲဆောင်နိုင်မည် ဖြစ်ပြီး ပြင်ဆင်မှု (သို့) အယူခံမှုကို လိုအပ်၍ လျှောက်ထားရန် ရှိလာပါက အထောက်အကူ ဖြစ်စေမည် ဖြစ်သည်။ မိမိ၏ ကန့်ကွက်မှုအတွက် အတည်ပြုချက်ကို ရယူနိုင်ရန် အားထုတ်ရမည်။ တရားရုံးမှတ်တမ်းတွင်လည်း မိမိ၏ ကန့်ကွက်ခြင်းအား အတည်ပြုသည့် အတွက် အကြောင်း အရာကို ထင်ဟပ်နေစေရမည်။

## ကန့်ကွက်ချက်များနှင့်ပတ်သက်၍ တရားရုံး၏အမိန့်

သင့်၏ ကန့်ကွက်ချက်နှင့်ပတ်သက်၍ တရားရုံး၏ ခွင့်ပြုမိန့်ကို တောင်းခံထားပြီး မှတ်တမ်းရယူထားရမည်။

## ဆက်လက်ကန့်ကွက်ခြင်း

တခုသော တူညီသည့် အကြောင်းအရာသည် တရားခွင်တွင် ဆက်လက်၍ ဖြစ်ပေါ်နေပါက မိမိအနေဖြင့် သက်သေ အထောက်အထား တခုအပေါ် ကန့်ကွက်ချက်ကို ဆက်လက် တောင်းဆိုနေကောင်း နေရမည်။ ဤသို့ဖြင့် တရားရုံးမှ ဖြေရှင်းပြီးဖြစ်သော အကြောင်းအရာ တရပ်က ဆက်တိုက် အနှောင့်အယှက် ဖြစ်နေစေခြင်းကို ကာကွယ်နိုင်မည်။ ဤသို့ ဆောင်ရွက်ရာတွင် "တရားသူကြီးမင်း ခင်ဗျား/ရှင့် ကျွန်တော့်အနေနဲ့ ဒီ (သက်သေခံချက် မေးခွန်း သက်သေအထောက် အထားတရပ် - ဆီလျော်ရာကို ရွေးပါ။) ကို အမှုစစ်ဆေးစဉ် တလျှောက် တင်ပြတဲ့ အကြိမ်တိုင်းအတွက် ဆက်တိုက် ကန့်ကွက်ပါတယ်။ ရုံးတော်က ကန့်ကွက်ချက်ကို ဆက်တိုက် ပြုလုပ်ခွင့် ပေးတယ်ဆိုလျှင်ဖြင့် ကျွန်တော်၊ ကျွန်မဟာ ဒီကန့်ကွက်ချက် တခုတည်းကိုပဲ ခဏခဏ လုပ်နေစရာ မလိုတော့ပါဘူး" ဟု လျှောက်လဲနိုင်သည်။ တရားရုံးမှ ဆက်တိုက် ကန့်ကွက်ခြင်းကို ခွင့်ပြုသည် ဆိုကာမျှဖြင့် မိမိ၏ ကန့်ကွက်ချက်မှာ အောင်မြင်ပြီဟု မဆိုနိုင်ချေ။ ဆိုလိုသည်မှာ မိမိကန့်ကွက်ချက်ကို မှတ်တမ်းတင်ရန် အတွက် မိမိကန့်ကွက်ကြောင်းကို ဆက်လက် ပြောကြားနေရန် မလိုခြင်းသာ ဖြစ်သည်။

## သက်သေခံ တင်သွင်းခြင်း

မိမိမှ အကြောင်းချင်းရာတရပ်အတွက် သက်သေခံ တင်သွင်းရာတွင် ၎င်း သက်သေခံ တင်သွင်းခြင်းကို ခွင့်ပြုပြီး ဖြစ်ပါက ကန့်ကွက်မှု ရှိလာလျှင် မိမိ၏ သက်သေခံ တင်သွင်းခြင်းကို မှတ်တမ်းတင်ထားနိုင်စေရန် ဆောင်ရွက်ပါ။ လျှောက်လဲ ရာတွင် မိမိအနေဖြင့် မည်သည့် အထောက်အထား တင်သွင်းသည်ကို လည်းကောင်း၊ မည်သည့် အတွက်ကြောင့် ၎င်းသက်သေခံအထောက်အထား တင်သွင်းခြင်းကို လက်ခံ သင့်ကြောင်းကို မှတ်တမ်းတင်ရန်အတွက် ရှင်းလင်းစွာ တင်ပြရမည်။ မိမိအနေဖြင့် မှတ်သားထားရန်မှာ အယူခံတရားရုံးအတွက် သက်သေခံလျှောက်လဲရာတွင် ရေးသားထား သော မှတ်တမ်းများမှာ မည်ကဲ့သို့ ဖြစ်ပျက်ခဲ့သည်ကို သိရှိရန်အတွက်ပင် ဖြစ်သည်။ တရားရုံးထဲတွင် အရေးကြီးကိစ္စတရပ် ဖြစ်ပျက်ခဲ့ပြီး ၎င်းအဖြစ်အပျက်ကို မှတ်တမ်းတွင် ထင်ဟပ်ဖော်ပြခြင်း မရှိပါက မိမိ၏ နှုတ်အားဖြင့် လျှောက်လဲရာတွင် ၎င်းကဲ့သို့ ဖြစ်ပျက်ခဲ့သည်ကို ဖော်ပြထားခြင်းအား ထည့်သွင်းနိုင်စေရန် ဆောင်ရွက်ရမည်။ ဥပမာအားဖြင့် တရားရုံးထဲတွင် မိမိသက်သေမှ သက်သေခံ ထွက်ဆိုရမည့် နေရာတွင် ... ထွက်ဆိုနေစဉ် တစုံတဦးမှ ခြိမ်းခြောက်သော အပြုအမူများ လုပ်ဆောင်လာပြီး ၎င်းသက်သေထံမှ မိမိရလိုသော သက်သေ အထောက် အထားအား ရယူခြင်းအတွက် အနှောင့်အယှက် ဖြစ်လာပါက မိမိအနေဖြင့် မည်သို့ ဖြစ်ပျက်ခဲ့သည်ကို ၎င်းအဖြစ်အပျက် ဖြစ်ပျက်ခဲ့ခြင်း နှင့် သက်သေ အပေါ်တွင် အကျိုးသက်ရောက်ခဲ့ပုံများကို အယူခံတရားရုံးမှ သိရှိနိုင်စေရေးအတွက် မှတ်တမ်းအဖြစ် တင်ပြရမည်။

## အမှား (တံခါးဖွင့်ခြင်း)

မိမိက ကန့်ကွက်ခံရနိုင်ဖွယ်ရှိသော သက်သေအထောက်အထားကို မူလ ပထမအားဖြင့် တင်ပြပါက အခြားတဖက်ကို မိမိ၏ သက်သေအထောက်အထားအား တုံ့ပြန်ဆောင်ရွက်ရန်နှင့် အလားတူ အထောက်အထားများ တင်ပြလာနိုင်စေရန် တရားရုံးမှ ခွင့်ပြုလာနိုင်သည်။ အကြောင်းမှာ တရားရုံးက သက်သေအထောက်အထားသည် ကန့်ကွက်ခြင်း ခံရနိုင်ဖွယ် ရှိသော်လည်း မိမိကိုယ်၌က ဤသက်သေ အထောက်အထားကို ယူဆောင် တင်သွင်းခြင်းဖြင့် အခြားတဖက်မှလည်း ယင်းကဲ့သို့ အထောက်အထားကို တင်သွင်းလာနိုင်စေရေး တံခါးဖွင့်ပေးသကဲ့သို့ ဖြစ်ခြင်းကြောင့် ဖြစ်သည်။

## ကန့်ကွက်ရန် လိုအပ်ခြင်း

မိမိအနေဖြင့် ကန့်ကွက်နိုင်ခြင်း ရှိ၊မရှိကို မိမိသဘောအားဖြင့် ဆုံးဖြတ်နိုင်သည်သာမက ကန့်ကွက်လည်း ကန့်ကွက်ရမည်။ သက်သေအထောက်အထားကို ကန့်ကွက်နိုင်ခြင်း မရှိသော်လည်း ၎င်းသက်သေ အထောက်အထားမှ မိမိအမှုအတွက် ထူးထူးခြားခြား ထိခိုက်နိုင်စေခြင်း မရှိသောအခါ မိမိအနေဖြင့် မကန့်ကွက်ခြင်းက နည်းလမ်းပိုကျကြောင်း ဆုံးဖြတ်နိုင် သည်။ ဥပမာ --- အထူးသဖြင့် အန္တရာယ်ကျရောက်လွယ်သော သက်သေသည် မိမိ ကန့်ကွက်၍ရသော အကြောင်းအရာ တခုကို ထွက်ဆိုခဲ့ပါက ... ၎င်းအထောက်အထား ကို ထွက်ဆိုသော သက်သေအား အနိုင်ကျင့်နေသည်ဟု ရှုမြင်ခြင်း ခံလာရနိုင်သော အနေအထားတွင် ကန့်ကွက်ခြင်းများ မပြုလုပ်ရန် ဆုံးဖြတ်နိုင်သည်။ ဤကဲ့သို့ မေးခွန်းမေးခြင်းကို မြန်မြန်ဆန်ဆန် ဆုံးဖြတ်ရမည်။ ဤနေရာတွင် အတွေ့အကြုံရှိသော ရှေ့နေမှ ရှေ့နေလက်သစ်များကို အကူအညီ ပေးနိုင်သည်။ ဤဖြစ်ရပ်မှာ တရားသူကြီးအပေါ်တွင်လည်းကောင်း၊ ဒေသဆိုင်ရာ ဓလေ့ထုံးတမ်းများနှင့် ရပ်ရွာအပေါ်တွင် လည်းကောင်း၊ မိမိ၏ ဆုံးဖြတ်ချက် ဆင်ခြင်တုံတရားပေါ်တွင် လည်းကောင်း မူတည်နိုင်သည်။ သို့သော် အထက်ပါ အကြောင်းပြချက်များကြောင့် ကန့်ကွက်ခြင်း မပြုရန် ဆုံးဖြတ်ပါက မိမိအမှုသည်အား အလုပ်တာဝန်များ ပိုလာစေခြင်း အတွက် မိမိတွင် တာဝန်ရှိလာသည်။ ထို့ကြောင့် မိမိအမှုသည်အတွက် အကောင်းဆုံးဖြစ်စေရန် အကောင်းဆုံး ဆုံးဖြတ် ချက်ကို ချမှတ်နိုင်ရန် အရေးကြီးသည်။ မိမိမှလည်း တဖက်အမှုသည်၏ အဖွင့်လျှောက်လဲချက် (သို့မဟုတ်) အပိတ် လျှောက်လဲချက် အပေါ် ကန့်ကွက်မှု ပြုရာတွင် သေချာစွာ စဉ်းစားသုံးသပ်သင့်သည်။ ၎င်းတို့၏ လျှောက်လဲချက်မှာ ထင်ရှားစွာ မလျော်မကန် ဖြစ်နေပြီး ဥပဒေနှင့် ဆန့်ကျင်နေပါက မိမိမှ ကန့်ကွက်ရန် ဆုံးဖြတ်သင့်သည်။ သို့ရာတွင် ၎င်းအကြောင်းအရာမှာ အရေးပါမှု မရှိပါက မိမိအနေဖြင့် မကန့်ကွက်ရန် ဆုံးဖြတ်ချက် ချနိုင်သည်။ (မှတ်သားရန် အချက်မှာ တံခါးဖွင့်ခြင်း ဖြစ်သည်။ ဥပဒေအရာရှိမှ ၎င်း၏ လျှောက်လဲချက်တွင် အကြောင်းအရာတရပ်ကို တင်ပြလာပါက မိမိဘက်မှ ၎င်းလျှောက်လဲချက်ကို တရားရုံးမှ ပယ်ဖျက်စေရန် ကြိုးစားမည့်အစား မိမိ၏ လျှောက်လဲချက် အားဖြင့် တုံ့ပြန်ရန် ပိုမိုသင့်လျော်သည်။

## ကန့်ကွက်ရန်အတွက် အခြေခံကျသည့် ဥပမာအချို့

- မေးခွန်းပုံစံ --- အဓိက စစ်မေးခြင်းသည် ပုံစံအားဖြင့် နိမိတ်ပြမေးခွန်းကဲ့သို့ မဖြစ်စိုင်ပါ (သို့မဟုတ်) အကြောင်းခြင်းရာတစ်ရပ်အနေဖြင့်သာ မှတ်ယူရမည်ဖြစ်ပြီး သက်သေခံချက်တစ်ရပ်အဖြစ်ကား မှတ်ယူခြင်း မပြုနိုင်ပါ။ သက်သေခံဥပဒေ ၁၄၁-၁၅၉

- ဖြေကြားလာသည့် အဖြေသည် မေးမြန်းထားသည့်မေးခွန်းအပေါ် ဖြေကြားထားသည့်အဖြေ မဟုတ်ပါ။ သက်သေတဦးက မေးထားသော မေးခွန်းနှင့် မစပ်ဆိုင်သော အဖြေတခုကို ပေးသောအခါ တရားခံရှေ့နေက ၎င်းအဖြေအား ပယ်ဖျက်ပြီး မှတ်တမ်းမတင်ရန် လျှောက်လဲသင့်သည်။
- အခြေအမြစ်မရှိသော အဖြေဖြစ်ခြင်း --- တရားခံရှေ့နေများအနေဖြင့် ဥပဒေအရာရှိများကို အကြောင်းခြင်းရာ အတွက် ထွက်ဆိုသော သက်သေတစ်ဦးထံမှ ထွက်ဆိုချက် ရယူရာတွင် ၎င်းသက်သေမှ သိရှိခြင်း ရှိ၊မရှိကို သေချာစေရန် တောင်းဆိုသင့်သည်။ ဤနည်းအားဖြင့် တဆင့်စကားကြားမှုများကို ရှောင်ရှားနိုင်စေရန်အတွက် သက်သေကို ၎င်းထွက်ဆိုသော အကြောင်းအရာနှင့် ပတ်သက်၍ ၎င်းကိုယ်တိုင် သိရှိခြင်း ရှိ၊မရှိကို စစ်မေးရမည်။
- အခွင့်ထူးရရှိသော အချက်အလက်များ --- ဆရာဝန်များ နှင့် ရှေ့နေများကဲ့သို့သော ပညာရှင်များသည် မိမိတို့၏ လူနာများနှင့် အမှုသည်များထံမှ သိရှိထားသော လျှို့ဝှက်ချက်များကို လျှို့ဝှက်စွာ ထိန်းသိမ်းရမည့်တာဝန်ရှိသည်။ သက်သေခံဥပဒေ ပုဒ်မ ၁၁၈ - ၁၂၉
- ထင်မြင်ချက်အားဖြင့် ထွက်ဆိုသော သက်သေခံချက် --- ယေဘုယျအားဖြင့် တရားသူကြီးက သေချာစွာ ဆုံးဖြတ် ထားသော အကြောင်းအရာများနှင့် ပတ်သက်၍ တရားခံ၏ ရည်ရွယ်ချက် နှင့် စိတ်ဆန္ဒအပေါ်တွင် ၎င်းတို့၏ အယူအဆကို ဖော်ပြခြင်းမှ တားမြစ်သည်။ ကျွမ်းကျင်သော ပညာရှင်ကဲ့သို့ အရည်အချင်း မပြည့်မီသော သက်သေသည် မိမိ တွေ့ရှိခဲ့သော အကြောင်းအရာများကိုသာ ထွက်ဆိုရမည်။ သက်သေခံဥပဒေ ပုဒ်မ ၄၅ - ၅၁
- တဆင့်စကား --- သက်သေများအား တခြားသူမှတဆင့် ပြောပြ၍ သိရသော အကြောင်းအရာများကို ပြန်လည် ပြောဆိုခြင်းမှ တားမြစ်ထားသည်။ သက်သေခံဥပဒေ ပုဒ်မ ၆၀။
- သက်သေအထောက်အထား၏ ဘက်လိုက်မှု အကျိုးတရားမှာ ၎င်း၏ ကျိုးကြောင်းသင့်လျော်မှု တန်ဖိုးထက် ကြီးမားနေခြင်း။ သက်သေခံဥပဒေ ပုဒ်မ ၁၄၉ - ၁၅၆ ကို ကြည့်ပါ။

# တရားလိုသက်သေ အမျိုးအစားများ

## ထွက်ဆိုချက် သက်သေ

သာမန်သက်သေများ၏ ထွက်ချက်များကို တုန့်ပြန်ဆောင်ရွက်ရန် ပြင်ဆင်ခြင်းကို အဓိက စုံစမ်းတရားစွဲဆိုသည့် အဆင့်တွင် ၎င်းသက်သေမှ အစစ်မခံမီ စတင်သင့်သည်။ တရားခံ အကျိုးဆောင် ရှေ့နေမှ တရားရုံးအမှုတွဲရှိ သက်သေများ၏ ထွက်ချက်အားလုံးကို သုံးသပ်ရမည်။ လိုအပ်သော စုံစမ်းစစ်ဆေးမှုများကို ဆောင်ရွက်ရမည်။ တရားခံနှင့် တိုင်ပင်ဆွေးနွေးရမည်။ ပြန်လှန်စစ်မေးခြင်းအတွက် မျှော်လင့်ထားသော အကြောင်းအရာများကို ပြင်ဆင်ထားရမည်။ ကျွမ်းကျင်မှုအပိုင်းကို ကြည့်ပါ။ သက်သေများအား စစ်မေးခြင်းနှင့် ဥပဒေ အထောက်အကူပြု အကြံညာဏ်များ စာအုပ်မှ အခန်း ၄ B၅ ရှိ တရားခွင်တွင် ပြန်လှန်စစ်မေးခြင်း စာမျက်နှာ ၇၂။

ယေဘုယျအားဖြင့် မျက်မြင်သက်သေသည် အစစ်ခံရန်အတွက် အရည်အချင်း ပြည့်မီရမည် ဖြစ်ပြီး ၎င်းတို့ သိရှိထားသည့်အတိုင်း အစစ်ခံရမည်ဖြစ်ကာ အခြားတပါးသူများမှ တဆင့်ကြားစကားကို အစစ်ခံခြင်း မပြုရ။

- မျက်မြင်သက်သေသည် သက်သေထွက်ဆိုနိုင်စွမ်း ရှိရမည်။ စိတ်ရောဂါကိုယ်ပါ ကောင်းစွာ ကျန်းမာရမည်။ သက်သေခံဥပဒေပုဒ်မ ၁၁၈
- လူသက်သေမှ ထွက်ဆိုသော သက်သေခံချက်သည် တိုက်ရိုက်ဖြစ်ရမည်။ ယင်းသို့ မဟုတ်ပါက တဆင့်စကားဖြင့် ကြားသော အချက်များသည် သက်သေခံမဝင်။ သက်သေခံဥပဒေ ပုဒ်မ ၆၀

- သက်သေထွက်ဆိုချက်ကို အကြောင်းအရာကို ပြန်လည်ပြောပြသော ပုံစံဖြင့် မှတ်တမ်းတင်ရမည်။ အမေးအဖြေ ပုံစံ မဟုတ်ရ။ ပြစ်မှုကျင့်ထုံး ပုဒ်မ ၃၅၉

တရားခံ အကျိုးဆောင်ရှေ့နေသည် သက်သေခံချက်များနှင့် ပတ်သက်၍ ပြောင်းလဲခြင်း၊ ဖြည့်စွက်ခြင်း၊ ပြန်လည် တည်းဖြတ်ထားခြင်းများကို တရားရုံးစာရေးများမှ မည်သည့် အကြောင်းကြောင့်ဖြစ်စေ ပြုလုပ်ခြင်းနှင့် ပတ်သက်၍ သတိရှိရမည်။

## ရဲစစ်ချက် မှတ်တမ်း

မှတ်သားထားရန်မှာ အောက်တွင် ဖော်ပြထားသော အခြေအနေများအနက်တွင် အချို့မှ လွဲ၍ ဥပဒေ အရာရှိသည် ရဲမှ မှတ်တမ်းယူထားသော သက်သေ ထွက်ဆိုချက်ကို ရုံးတွင်လာရောက်ထွက်ဆိုသော လူသက်သေကိုယ်စား ထွက်ဆိုပေးခြင်း မပြုနိုင်။

လူသက်သေအား သက်သေခံဥပဒေ ပုဒ်မ ၁၅၄ ပါ ပြဋ္ဌာန်းချက်များအရ တရားရုံးမှ ဘက်လိုက်မှု ရှိသည်ဟု မဆုံးဖြတ်လျှင် ၎င်းလူသက်သေ၏ ရဲထံသို့ ထွက်ချက်ကို အဓိက စစ်မေးခြင်းတွင် မေးမြန်းခြင်း မပြုရ။ တရားရုံးလက်စွဲ အပိုဒ် ၅၉၅ (၂)

### ပထမသတင်းပေးတိုင်ချက်

ပထမသတင်းပေးတိုင်ချက်၏ စပ်ဆိုင်မှုနှင့် သက်သေခံတင်သွင်းနိုင်ခြင်းအတွက် သီးခြား စည်းမျဉ်းများ ရှိသည်။ ၎င်းတို့ကို ပြစ်မှုကျင့်ထုံးပုဒ်မ ၅၉၄ တွင် ဖော်ပြထားသည်။

ပြစ်မှုကျင့်ထုံးဥပဒေပုဒ်မ ၁၆၂ သည် ပုဒ်မ ၁၅၄ အရ ရဲထံသို့ ထွက်ဆိုသည့် သတင်းအချက်အလက်အတွက် အကြုံးမဝင်ပါ။ ပထမသတင်းပေး တိုင်ချက်ကို အောက်ပါအခြေအနေများတွင် သက်သေခံ ထင်ရှားပြ၍ သက်သေခံ တင်သွင်းနိုင်သည်။

(က) သတင်းပေးသူသည် ကွယ်လွန်ခဲ့ပြီ ဖြစ်ပြီး ၎င်းသတင်းပေးမှ ပေးသော အချက်အလက်များကို သက်သေခံဥပဒေ ပုဒ်မ ၃၂ အရ သက်သေခံ တင်သွင်းခွင့် ရှိသည်။

(ခ) သတင်းပေးသူအား သက်သေအဖြစ် စစ်မေးသောအခါ

ပထမ အခြေအနေတွင် သတင်းပေးသော အချက်အလက်သည် ၎င်းသတင်းပေးချက်တွင် ထွက်ဆိုထားသော သက်သေခံချက်မှာ သက်သေခံဥပဒေ ပုဒ်မ ၃၂ အရ အရေးပါမှု ရှိသည်။ ဒုတိယ အခြေအနေတွင် ၎င်းအချက်အလက်မှာ အရေးပါသော သက်သေ မဟုတ်ပါ။ သို့ရာတွင် ၎င်းသတင်းပေး၏ ထောက်ခံထွက်ဆိုချက်ကို သက်သေခံဥပဒေ ပုဒ်မ ၁၅၇ အရ အသုံးပြုနိုင်သည်။ သို့မဟုတ် ပုဒ်မ ၁၄၅ အရ ၎င်းအား ဆန့်ကျင် ချေဖျက်ရာတွင် အသုံးပြုနိုင်သည် သို့မဟုတ် ပုဒ်မ ၁၅၅ (၃) အရ ၎င်း၏ ယုံကြည်ကိုးစားနိုင်မှုအား စွပ်စွဲပြစ်တင်နိုင်သည်။

သို့သော် တရားလိုမှ ၎င်း၏ တိုင်တန်းချက်နှင့် ပတ်သက်၍ မတူကွဲပြားသော ဖော်ပြချက်ကို ရုံးတွင် သက်သေ အစစ်ခံပါက ၎င်း၏ ယခင်ပထမသတင်းပေး တိုင်ချက်သည် သက်သေ မဝင်ထိုက်တော့ပဲ ၎င်းအချက်အား ထောက်ခံရန်အတွက် မခိုင်မာတော့ချေ။ (K.E Ky. ငလှိုင်၊ ၉၁၉၂၈) VI I.L.R., Ran., ၄၈၁)

## ကနဦး ထွက်ဆိုချက်များနှင့် ပတ်သက်၍ သက်သေအား စွပ်စွဲပြစ်တင်ခြင်း

သက်သေမှ အမှုအား တရားစွဲဆို မတင်ပို့မီ ရဲမှ စုံစမ်းစစ်ဆေးဆဲ အဆင့်တွင် ထွက်ဆိုသော ထွက်ဆိုချက်သည် တရားခံ အကျိုးဆောင် ရှေ့နေအတွက် အရေးကြီးသော လက်နက် ဖြစ်လာနိုင်သည်။ ပြစ်မှုကျင့်ထုံးပုဒ်မ ၁၆၂ (၂) က တရားခံအား သက်သေခံ ဥပဒေ ပုဒ်မ ၁၄၅ တွင် ဖော်ပြထားသည့်အတိုင်း ၎င်းသက်သေအား စွပ်စွဲပြစ်တင်ရန်အတွက် ၎င်းသက်သေမှ ကြိုတင်ထွက်ဆိုထားသော ထွက်ဆိုချက်ကို တောင်းဆို၍ အသုံးချ၍ ၎င်းသက်သေအား စွပ်စွဲပြစ်တင်နိုင်သည်။ တရားရုံးမှ ထွက်ဆိုချက်၏ ၎င်းအစိတ်အပိုင်းများအား တရားရုံး စစ်မေးခြင်းအတွက် စပ်ဆိုင်မှု မရှိဟု သတ်မှတ်ကာ ပယ်ဖျက် နိုင်သည်။

- ၎င်းသက်သေထွက်ချက်များမှာ အမေးအဖြေများဖြင့် မှတ်တမ်းတင်ခြင်း မပြုရ။ သို့သော် အကြောင်းအရာတရပ်ကို ပြန်ပြောပြသည့် ပုံစံဖြင့် မှတ်တမ်းတင်ရမည်။ ပြစ်မှု ကျင့်ထုံး ၁၆၄ (၂)
- ရဲအဖွဲ့ဝင်များမှ သက်သေများ၏ ထွက်ချက်များနှင့် ပတ်သက်၍ လက်မှတ်ရေးထိုးစေခြင်းမှ တားမြစ်ထားသည်။ ပြစ်မှုကျင့်ထုံး ၁၆၂ (၁)
- သက်သေများသည် တရားရုံးတွင် ထွက်ဆိုချက်နှင့် တရားစွဲဆို တင်ပို့ခြင်း မပြုမီ သက်သေထွက်ချက်များ မတူ ကွဲပြားနေပါက ၎င်းတို့အား မမှန်သက်သေထွက်ဆိုချက်ဖြင့် အရေးယူနိုင်သည်။ ရာဇသတ်ကြီး ပုဒ်မ ၁၉၃

## သေဆုံးသူများ၏ ထွက်ဆိုချက်

တဆင့်ကြားနှင့် ပတ်သက်သော စည်းမျဉ်းတွင် ချွင်းချက်မှာ သက်သေခံဥပဒေ ၃၂တွင် ဖော်ပြထားသည့် သေဆုံးသူ၏ ထွက်ဆိုချက်ဟု သတ်မှတ်ထားသော ထွက်ဆိုချက်များ ကို တရားရုံးတွင် ပြန်လည် သက်သေခံအဖြစ် တင်ပြခြင်း ဖြစ်သည်။

- သေဆုံးသွားသောသူ၏ ထွက်ဆိုချက်များကို သက်သေခံ တင်သွင်းလိုက်သော အခြေအနေမှာ ၎င်းထွက်ဆိုချက် သည် ယုံကြည်ကိုးစားထိုက်သည်ဟု သတ်မှတ်ထားသော အခြေအနေတွင်သာလျှင် ဖြစ်နိုင်ပါသည်။ ဖိုးဆီ နှင့် ပြည်ထောင်စု ၁၉၃၆ အိန္ဒိယနိုင်ငံစီရင်ထုံး ရန်ကုန် စာ - ၃၂၄။

## ရဲအစစ်ခံချက်

ရဲအရာရှိများကို အဖြစ်အပျက်များအား တင်ပြ၍လည်းကောင်း၊ ၎င်းတို့၏ စုံစမ်းစစ်ဆေးမှုများ၏ ရလဒ်ကို ဖော်ပြ၍ လည်းကောင်း၊ သက်သေအထောက်အထားများကို တင်ပြ၍လည်းကောင်း အစစ်ခံရန်အတွက် ဆင့်ခေါ်နိုင်သည်။ ရှေ့နေများသည် ရဲမှ တိုင်တန်းသူ သို့မဟုတ် အခြားသက်သေများမှ တဆင့်စကားများကို ထွက်ဆိုရန် ကြိုးပမ်းပါက ကန့်ကွက်ရန် အသင့် ဖြစ်နေရမည်။ ရှေ့နေများသည် ရဲများ၏ ထွက်ဆိုချက်ကို ချေဖျက်ရန်အတွက် ၎င်းတို့၏ စာရွက် စာတမ်းများ၌ ရဲတပ်ဖွဲ့အက်ဥပဒေ နှင့် အခြားဥပဒေများတွင် ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီခြင်း ရှိ၊ မရှိကို သုံးသပ်ရမည်။

- သက်သေခံဥပဒေပုဒ်မ ၂၂ အရ အမှုကို စုံစမ်းစစ်ဆေးသော ရဲအရာရှိကို ပထမ သတင်းပေး တိုင်ချက်ပါ သက်သေခံ ဝင်သော ထွက်ဆိုချက်များမှတပါး ၎င်းတို့အား မျက်မြင်သက်သေများမှ ပြောပြသော အချက်များကို စစ်မေးခြင်း မပြုရ။

အမှုတွဲ။ ။

- တရားသူကြီးသည် ရဲအရာရှိမှ ရေးသားဖော်ပြထားသော အချက်အလက်များကို ပြစ်မှု ကျင့်ထုံး ဥပဒေအရ ပြင်ဆင်၍ တင်သွင်းလာခြင်း မဟုတ်လျှင် သက်သေခံအဖြစ် လက်ခံခြင်း မပြုနိုင်။ ကေရီ ဘုရင်မကြီး နှင့် ငဇော ပါ (၅) ၁၊ အောက်မြန်မာပြည်စီရင်ထုံး၊ စာ - ၅၉။
- ရဲအရာရှိများသည် လူနှစ်ဦးမှ အခြားတတိယတစ်ဦးကို သတ်ဖြတ်ခဲ့သည်ဟု သတင်းရရှိခဲ့ရာ၌ မည်ကဲ့သို့ ရရှိခဲ့သည်ကို ယေဘုယျအားဖြင့် မှတ်တမ်းတင်ခဲ့ရာတွင် တရားရုံးမှ ၎င်းတို့၏ မှတ်တမ်းကို လက်ခံရန်အတွက် ငြင်းပယ်ခဲ့ပြီး တရားခံများအား တရားသေ လွှတ်ခဲ့သည်။ ခါလော နှင့် ဖူးစ နှင့် ကေရာဇ် ဘုရင်မင်းမြတ် ၄ အောက်မြန်မာပြည်စီရင်ထုံး၊ စာ - ၁၁၆။

တရားခံအကျိုးဆောင် ရှေ့နေသည် ၎င်းတို့ တရားခွင်၌ အစစ်မခံမီ အခြားတပါးသော စာရွက်စာတမ်းများကို အသုံးပြုခြင်း ရှိ၊မရှိ စုံစမ်းရမည်။ အကယ်၍ အသုံးပြုပါက တရားခံအကျိုးဆောင် ရှေ့နေသည် ၎င်းစာရွက် စာတမ်းများအား ကြည့်ရှုကူးယူရန်အတွက် တောင်းဆိုနိုင်သည်။ ဤကဲ့သို့ မေးခွန်းမေးရာတွင် ဥပမာပုံစံကို အောက်တွင် ပြထားသည်။

- တရားခံအကျိုးဆောင်ရှေ့နေမှ မေးခွန်း။ ။ အရာရှိမင်းခင်ဗျား/ရှင့်။ အရာရှိမင်းအနေနဲ့ ဒီကနေ့ အစစ်မခံခင်မှာ ဒီ အခင်းဖြစ်ခဲ့တဲ့ အဖြစ်အပျက်နဲ့ ပတ်သက်လို့ ကိုယ်မှတ်ထားတာတွေကို ခေါင်းထဲ ပြန်ပေါ်လာအောင် ပြန်ကြည့်တဲ့ စာရွက်စာတမ်းများ ရှိပါသလား။
- ရဲအရာရှိ။ ။ ဟုတ်ကဲ့။ ရှိပါတယ်။ မနေ့က ကျွန်တော် အဲ့ဒီ မှတ်တမ်းတွေကို ပြန်ကြည့်ခဲ့ပါတယ်။
- တရားခံအကျိုးဆောင်ရှေ့နေမှ မေးခွန်း။ ။ အရာရှိမင်းအနေနဲ့ ကိုယ်မှတ်ထားတာတွေ ပြန်မှတ်မိအောင် ပြန်ကြည့်တဲ့ မှတ်စုစာရင်းလေးကို ရုံးတော်ကို တင်ပြပေးပါ။
- **ရဲအရာရှိ။ ။** ကျွန်တော် ပြန်ကြည့်တာကတော့ ပထမ သတင်းပေး တိုင်ချက်၊ သက်သေတွေရဲ့ ထွက်ဆိုချက်တွေနဲ့ ကျွန်တော်တို့ ရဲက သုံးတဲ့ ရုံးတွင်း စာရွက်စာတမ်းတွေပါ။
- တရားခံအကျိုးဆောင်ရှေ့နေမှ မေးခွန်း။ ။ အဲ့တော့ ရဲအရာရှိမင်းအနေနဲ့ ပြန်ပြီးတော့ ကြည့်တဲ့ ရုံးတွင်း စာရွက်စာတမ်းတွေဆိုတာ ဘယ်ဟာတွေပါလဲ။
- **ရဲအရာရှိ။ ။** ကျွန်တော့်ရဲ့ ရဲဒိုင်ယာရီတွေရယ် ဖမ်းဆီးခဲ့တဲ့ အဖြစ်အပျက်နဲ့ ပတ်သက်တဲ့ ကျွန်တော့် ကိုယ်ပိုင် မှတ်တမ်းမှတ်ရာလေးတွေပါ။
- တရားခံအကျိုးဆောင်ရှေ့နေမှ မေးခွန်း။ ။ အဲ့တော့ ခုနက မှတ်တမ်းမှတ်ရာတွေ အားလုံးက ရဲအရာရှိမင်းအနေနဲ့ ဖမ်းဆီးတုန်းက အကြောင်းအရာတွေကို ပြန်မှတ်မိဖို့အတွက် အထောက်အကူ ဖြစ်ပါသလား။
- **ရဲအရာရှိ။ ။** ဟုတ်ကဲ့။ အထောက်အကူ ဖြစ်ပါတယ်။
- တရားခံအကျိုးဆောင်ရှေ့နေ။ ။ တရားသူကြီးမင်းခင်ဗျား/ရှင့်။ ဒီတကြိမ်မှာတော့ ကျွန်တော်တို့ တရားခံဘက်က ရဲအရာရှိမင်းကို သူ အသုံးပြုခဲ့တဲ့ ရုံးတွင်း ရဲမှတ်တမ်းတွေ အနေနဲ့ ပြောပြခဲ့တဲ့ ရဲဒိုင်ယာရီ တွေနဲ့ ရဲအရာရှိမင်းရဲ့ ကိုယ်ပိုင်မှတ်တမ်းတွေ အပါအဝင် အဖြစ်အပျက်တွေကို ပြန်မှတ်မိဖို့ အထောက်အကူအဖြစ် အသုံးပြုခဲ့တဲ့ စာရွက် စာတမ်းတွေ အားလုံးကို ပြသပေးဖို့ ကြားဖြတ် လျှောက်လဲ တောင်းဆိုလိုပါတယ်။ ကျွန်တော်တို့ အနေနဲ့ လည်း ကျွန်တော်တို့ တရားခံဘက်က အခု ထပ်မံပြီးတော့ သိရှိရတဲ့ အချက်အလက်တွေကို အခြေပြုပြီး တော့ ရဲအရာရှိမင်းကို ပြန်လှန်စစ်မေးဖို့အတွက် ရုံးတော်မှ (၎င်းစာရွက်စာတမ်းများကို ကြည့်ရှုလေ့လာရန် အတွက် မိမိလိုအပ် သည့် အချိန် ပမာဏကို ရေးသွင်းရန်)မျှ တရားသူကြီးမင်းအနေနဲ့ ခွင့်ပြုပေးဖို့ တောင်းဆိုလိုပါတယ်။

## ကျွမ်းကျင်သူပညာရှင်၏ ထွက်ဆိုချက်

အချို့သော အမှုများတွင် သက်သေက ကျူးလွန်ခဲ့ဖွယ် ရှိသော ပြစ်မှု၊ ဖမ်းဆီးမှုတို့နှင့် ပတ်သက်ပြီး မိမိကိုယ်တိုင် တွေ့ကြုံရသော အကြောင်းအရာကို ထွက်ဆိုခြင်း မပြုပဲ ဥပဒေအရာရှိမှ တင်သွင်းလာသော သက်သေ အထောက်အထား ပေါ်၌သာလျှင် ၎င်း၏ ကျွမ်းကျင်သူပညာရှင်အနေနှင့် ထင်မြင်ချက်ကို ပေးသည်။ အောက်ပါတို့မှာ ကျွမ်းကျင်သူ ပညာရှင်မှ စပ်ဆိုင်သော အကြောင်းခြင်းရာအဖြစ် သက်သေခံ ထွက်ဆိုပေးသော အခြေအနေများ ဖြစ်သည်။

- သက်သေခံဥပဒေပုဒ်မ ၄၇ - တစုံတခုသော စာချုပ်စာတမ်းကို မည်သူ ရေးသားသည် သို့မဟုတ် မည်သူ လက်မှတ် ရေးထိုးသည် ဆိုသည့် အချက်နှင့် စပ်လျဉ်း၍ ဆင်ခြင်သုံးသပ်ရမည်။
- သက်သေခံဥပဒေ ပုဒ်မ ၄၈ - ဓလေ့ထုံးတမ်း သို့မဟုတ် အခွင့်အရေးတခုခု ရပ်ရွာတွင် အမှန်တကယ် ရှိ၊ မရှိနှင့် စပ်လျဉ်း၍ တရားရုံးက ဆုံးဖြတ်ရမည်။
- သက်သေခံဥပဒေ ပုဒ်မ ၄၉ - တရားခံအား မူးယစ်ဆေးဝါးမှတပါး အခြားတရားမဝင်သော ပစ္စည်းများ ဥပမာ ကျားအရိုးများ၊ ကျောက်စိမ်း စသည်တို့ကို ရောင်းဝယ်ဖောက်ကားသည်ဟု တရားစွဲဆိုသောအခါ ၎င်းတရားစွဲဆိုသော ဒေသတွင်းရှိ မိသားစု၊ ဘာသာရေး၊ အလှူအတန်းဖောင်ဒေးရှင်း တခုခု၏ ဖွဲ့စည်းပုံ၊ အုပ်ချုပ်ပုံ စသည်များ ၎င်းဒေသမှ လူတန်းစား အလွှာလိုက် အသုံးပြုကြသော စကားလုံး၊ စကားရပ်များ၏ အဓိပ္ပာယ် စသည်တို့ကို တရားရုံးမှ ဆုံးဖြတ်ရမည်။

## ကျွမ်းကျင်သူပညာရှင်အား ပြန်လှန် စစ်မေးခြင်း

တရားခံအကျိုးဆောင် ရှေ့နေသည် ဖြစ်နိုင်ပါက မိမိအမှုတွင် ခုခံကာကွယ်ရေးနှင့် ပတ်သက်သော ကျွမ်းကျင်သူပညာရှင် တစ်ဦးတစ်ယောက်နှင့် တိုင်ပင်ခြင်းဖြင့်သော်လည်းကောင်း၊ ၎င်းပညာရပ်နှင့် ပတ်သက်၍ ပညာရှင်များမှ ရေးသား ထုတ်ဝေသော ကျမ်းများ၊ ပညာရပ်ဆိုင်ရာ ဆောင်းပါးများကို သုံးသပ် လေ့လာခြင်းဖြင့်သော်လည်းကောင်း၊ တရားလိုပြ သက်သေအား ပြန်လှန် စစ်မေးခြင်းအတွက် ပြင်ဆင်ထားရမည်။ ဖြစ်နိုင်ပါက ၎င်းကျွမ်းကျင်သူ ရေးသားထားသော ကျမ်းများ၊ ပညာရပ်ဆိုင်ရာ ဆောင်းပါးများကို လေ့လာ သုံးသပ်ရမည်။ ဤစိန်ခေါ်မှုအတွက် လက်တွေ့ဆောင်ရွက်ရမည့် လုပ်ငန်းများမှာ ကျွမ်းကျင်သူ ပညာရှင်နှင့် တွေ့ဆုံနိုင်ရန် အခွင့်အရေးနှင့် နည်းပညာဆိုင်ရာ လက်စွဲ စာအုပ်များ၊ ပညာရပ်ဆိုင်ရာ ကျမ်းများကို ရယူဖတ်ရှုနိုင်ရေးတို့ပင် ဖြစ်သည်။ ဤကဲ့သို့ ပြင်ဆင်မထားပါက ကျွမ်းကျင်သူ ပညာရှင်၏ အယူအဆကို ချေဖျက်လျှောက်လဲရန် ကြိုးပမ်းမှုများသည် အချည်းနှီး ဖြစ်သွားနိုင်သည်။

- UNODC မှ ထုတ်ဝေသော Cirminal Legal Aid Manual for Law Practitioners in Somaliland ၂၀၁၅ ကို ကြည့်ပါ။

ပြန်လှန်စစ်မေးခြင်းတွင် မည်သည့် သက်သေအတွက်မဆို အသုံးပြုနိုင်မည့် နယ်ပယ်များ ပါဝင်နိုင်သည်။

- တဖက်စောင်းနင်း ဖြစ်ခြင်း
- ဘက်လိုက်မှု
- လိမ်လည်လှည့်ဖျားမှု
- အမှားအယွင်း
- ကြည့်ရှုလေ့လာရန် အခွင့်အရေး မရရှိခြင်း
- ပြန်လည်အမှတ်ရမှု မရှိခြင်း

- ယခင်က ထွက်ဆိုထားသော ထွက်ဆိုချက်များ ရှေ့နောက် မညီခြင်း

သို့ရာတွင် တရားခံ အကျိုးဆောင် ရှေ့နေသည် ကျွမ်းကျင်သူ၏ အယူအဆ နှင့် ပတ်သက်၍ အထူးသဖြင့် ဆက်စပ်နေ သော အပိုင်းများကို ချေဖျက်ရန်အတွက် ကြိုတင်မှန်းဆ စီစဉ်ထားရမည်။

ကျွမ်းကျင်သူပညာရှင်သည် ၎င်း၏ ထင်မြင်ယူဆချက်ကို အခြေခံနိုင်မည့် ပညာရေး၊ လေ့ကျင့်သင်ကြားရေး သို့မဟုတ် အတွေ့အကြုံများ ရှိပါသလော။

ဥပမာ။ ။ ကျွမ်းကျင်သူ ပညာရှင်သည် ဒဿနိကဘာသာရပ်တွင် ပါရဂူဘွဲ့ ရရှိထားပြီး ၎င်းပညာရှင်သည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မှ လိမ်ညာနေခြင်း ဖြစ်သည်ကို ၎င်းပုဂ္ဂိုလ်၏ ကိုယ်ခန္ဓာမှ ထွက်ပေါ်လာသော ကိုယ်ရောင်ကိုယ်ဝါကို ကျွမ်းကျင်သူ ပညာရှင်က ၎င်း၏ ဦးထုပ်ထဲကို ကြည့်၍ မြင်ရပြီး ၎င်းကိုယ်ရောင်ကိုယ်ဝါကို လေ့လာခြင်းအားဖြင့် သိရှိနိုင်သည် ဆိုခြင်းမျိုး။

- ကျွမ်းကျင်သူပညာရှင်သည် ၎င်းအစစ်ခံနေသော ပညာရပ်၊ လေ့ကျင့်သင်ကြားမှု၊ အတွေ့အကြုံနှင့် ပတ်သက်၍ အမှန်တကယ် ကျွမ်းကျင်သူ ပညာရှင် ဟုတ်ပါသလား။

  ဥပမာ။ ။ ကျွမ်းကျင်သူ ပညာရှင်သည် အသတ်ခံရသောသူ၏ ရုပ်အလောင်းကို ရင်ခွဲ စစ်ဆေးပြီး ၎င်းသေဆုံး ချိန်မှာ အင်္ဂါနေ့ မနက် နစ်နာရီခွဲတွင် ဖြစ်သည်ဟု ဆို၏။ သို့ရာတွင် ၎င်းကျွမ်းကျင်သူ ရရှိလာသော ဆေးပညာ ဒီပလိုမာဘွဲ့မှာ မည်သည့်အစိုးရ၊ မည်သည့်ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းကမှ အသိအမှတ် ပြုထားခြင်း မရှိသော ကမ္ဘောဒီးယားမှ ကျောင်းတစ်ကျောင်း ဖြစ်နေပြီး ၎င်းကျွမ်းကျင်သူဆိုသူမှာ နစ်ပေါင်းများစွာ သိုးမွေးခြင်း အလုပ်ကိုသာ လုပ်နေသူ ဖြစ်နေခြင်း။

- ကျွမ်းကျင်သူ ပညာရှင်သည် ၎င်းကျွမ်းကျင်ရာ ပညာရပ် နယ်ပယ်မှ အသိအမှတ်ပြုထားသော နည်းလမ်းများကိုအသုံးပြုခြင်းရှိ၊မရှိ။

  ဥပမာ။ ။ ကျွမ်းကျင်သူ ပညာရှင်သည် ဥရောပမှ အရိုန်အဝါကြီးမားလေးစားဖွယ်ဖြစ်သော တက္ကသိုလ်တစ်ခု ဘွဲ့ရခဲ့၏။ ၎င်းသည် အသတ်ခံရသူ၏ သေပြီးနောက် မျက်နှာပုံသဏ္ဌာန်ကို ကြည့်ရှုစစ်ဆေးခြင်းအားဖြင့် သေသူသည် အဆိတ်သင့်၍ သေဆုံးကြောင်း ပြောနိုင်သည်ဟု ဆိုခြင်း။

- ကျွမ်းကျင်သူပညာရှင်မှ စမ်းသပ်စစ်ဆေးမှုများကို ဆောင်ရွက်ရာတွင် လက်ခံကျင့်သုံးရသော လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှန်ကန်စွာ လုပ်ဆောင်ခြင်း ရှိ၊ မရှိ။

  *ဥပမာ* - ကျွမ်းကျင်သူ ပညာရှင်၌ အမေရိကန်နိုင်ငံတွင် ထုတ်လုပ်သော ကိရိယာတစ်ခုရှိ၏။ ၎င်းကိရိယာဖြင့် တရားခံထံမှ သိမ်းဆည်းရမိသော အရာဝတ္ထုများသည် ဘိန်းဖြူ ဟုတ်၊ မဟုတ် စစ်ဆေးနိုင်၏။ သို့ရာတွင် ၎င်းကိရိယာပေါ်တွင် ရေးသားထားသော သတိပေးချက်မှာ " ဤကိရိယာကို ၂၅ ဒီဂရီ စင်တီဂရိတ်ကျော်သည့် အပူချိန်တွင် မထားရှိရ" ဟူ၍ ဖြစ်၏။ ဖမ်းဆီးရမိသော အရာဝတ္ထုများကို ၎င်းကိရိယာဖြင့် စစ်ဆေးသာ အချိန်တွင် ဧပြီလဖြစ်ပြီး နေရာမှာ မန္တလေးမြို့ရှိ လေအေးပေးစက် တပ်ဆင်မထားသော အခန်းထဲ၌ နေ့အချိန်တွင် စစ်ဆေး ခဲ့ခြင်း ဖြစ်၏။

တရားခံဘက်မှ အကျိုးဆောင်ရှေ့နေသည် မိမိ၏ အမှုသည်ကိုယ်စား အစစ်ခံရန်အတွက် သော်လည်းကောင်း၊ တရားလိုဘက်မှ ထွက်ဆိုချက်ကို ချေဖျက်ရန် အလို့ငှာလည်းကောင်း၊ ကျွမ်းကျင်သူ ပညာရှင် သက်သေကို ခေါ်ယူလာခွင့် ရှိသည်။ သက်သေခံဥပဒေပုဒ်မ ၄၅ နှင့် ၄၆။

သက်သေခံပစ္စည်းအား အဆင့်ဆင့် လွှဲပြောင်း ထိန်းသိမ်းခြင်းနှင့် ပတ်သက်၍ ကျွမ်းကျင်သူ၏ အစစ်ခံချက်နှင့် စပ်ဆိုင်ခြင်း

ပစ္စည်းသက်သေများကို သာမန်အားဖြင့် တရားရုံးရှိ ဘိလစ်စာရေးအခန်းတွင်း၌ သော်လည်းကောင်း၊ ရဲစခန်းတွင်း၌ သော်လည်းကောင်း ထိန်းသိမ်းထားလေ့ရှိသည်။ တရားခံအကျိုးဆောင် ရှေ့နေမှ သက်သေပစ္စည်းအား ကာကွယ် သိမ်းဆည်းထားမှုနှင့် ပတ်သက်ပြီး စုံစမ်းရေး အရာရှိ နှင့် အခြားသူများကို ပြန်လှန်စစ်မေးခြင်း ပြုရမည်။ သက်သေပစ္စည်း အစစ်များကို အတုများနှင့် လဲလှယ် အစားထိုးခြင်းအား အကာအကွယ် ပေးထားရမည် ဖြစ်၏။ ယင်းသို့ မဟုတ်ပါက ၎င်းသက်သေ ပစ္စည်းများအား ပြောင်းလဲထိခိုက်စေခြင်းများ မရှိဟု အာမခံနိုင်မည် မဟုတ်ချေ။ ယင်းကဲ့သို့ ပြောင်းလဲ ထိခိုက်စေခြင်းများမှာ တရားခံအား ဖမ်းဆီး ချုပ်နှောင်ရေးအတွက် သော်လည်းကောင်း သို့မဟုတ် (တံစိုးလက်ဆောင်များ ပေးပြီး ဖြစ်ပါက) တရားစွဲဆိုမှုအား ထိခိုက်စေရန်အတွက် လည်းကောင်း ဖြစ်နိုင်သည်။

တရားခံအကျိုးဆောင် ရှေ့နေသည် သက်သေပစ္စည်းများကို စစ်ဆေးရန်အတွက် လိုအပ်သော လုပ်ထုံး လုပ်နည်းများနှင့် တရားရေး ဌာနမှ ထုတ်ပြန်သော ရုံးဆာကျူလာ အမှတ် ၁၅ - ၁၉၃၀ ကို နောက်ဆက်တွဲ ပြင်ဆင်ထားသည်။ ရုံးဆာကျူလာ အမှတ် ၆၀ - ၁၉၃၀ တွင် ဖော်ပြထားသည့်အတိုင်း အစီရင်ခံစာ ပြန်လည် ပေးပို့ခြင်းတို့ကို စစ်ဆေးသုံးသပ်ရမည်။ ဤအကြောင်းကို တရားရုံးများ လက်စွဲ ပုဒ်မ ၆၂၈ တွင် ပြန်လည် ဖော်ပြထားသည်။

ကျွမ်းကျင်သူပညာရှင်၏ အစစ်ခံချက်ကို မှုခင်းဆေးပညာ သက်သေအထောက်အထား စာရွက်စာတမ်းများဖြင့် လည်း တင်ပြနိုင်သည်။ ဤဆေးပညာနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို အမှုအား စုံစမ်းစစ်ဆေးခြင်း နှင့် တရားစွဲဆိုခြင်းတို့၏ အစိတ်အပိုင်း တစ်ရပ်အဖြစ် ပြင်ဆင်ရခြင်း ဖြစ်သည်။ တရားခံအကျိုးဆောင် ရှေ့နေများသည် ၎င်းသက်သေ အထောက်အထားများကို ပြည့်စုံမှု မရှိလျှင် ဖြစ်စေ၊ ဖော်ပြမထားသော အချက်အလက်များပေါ် အားပြု၍ ဖြစ်စေ တင်သွင်းလာပါက ၎င်းတို့ကို သက်သေခံ မဝင်ထိုက်ကြောင်း တင်ပြ၍ ချေဖျက်ရမည်။ Drug Crimes နှင့် Drug Users Section ကို ကြည့်ပါ။

သက်ဆိုင်သော ဥပဒေများမှာ ။ ။

- ပြစ်မှုကျင့်ထုံး ဥပဒေပုဒ်မ ၅၀၉ နှင့် ၅၁၀ - ဆရာဝန်ကြီး သို့မဟုတ် ဓာတ်ခွဲစစ်ဆေးသူအား ကိုယ်တိုင် လာရောက် အစစ်မခံပဲ ၎င်းတို့ လက်မှတ်ရေးထိုးထားသော ဆေးစာကို တင်သွင်းခွင့် ပြုထားသည်။ သို့ရာတွင် တရားသူကြီး၌ မိမိသင့်သည်ဟု ထင်မြင်ပါက ၎င်းအစစ်ခံသူကို ဆင့်ခေါ်၍ စစ်ဆေး မေးမြန်းနိုင်သည်။
- တရားရုံးများလက်စွဲ အပိုဒ်အမှတ် ၅၇၉ - ဤကဲ့သို့ တင်သွင်းလာသော အစစ်ခံချက်များကို တရားခံ အား ထုချေစေရန် မဆင့်ဆိုမီ အမှုတွင် ထည့်သွင်း၍ ဖတ်ပြရမည်။
- သက်သေခံ ဥပဒေ ပုဒ်မ ၃၂ - ၃၃ က တဆင့်စကားများကို ပြန်လှန်စစ်မေးခြင်း မပြုနိုင်သည့်အတွက် ယေဘုယျအားဖြင့် တားမြစ်ထားသော်ငြားလည်း ၎င်းသက်သေခံတင်သွင်းမှုများကို သက်သေခံ တင်သွင်းနိုင် သော အခြေအနေများအား သတ်မှတ် ပြဋ္ဌာန်းထားသည်။

## စာတမ်းအမှတ်အသား သက်သေခံချက်

စာတမ်းအမှတ်အသားသက်သေခံချက်များသည် မိတ္တူမှန် ဖြစ်ရမည်။ ဆိုလိုသည်မှာ မည်သည့် စာတမ်းအမှတ်အသား ဖြစ်သည်ဟု ထွက်ဆိုသည့်အတိုင်း စစ်မှန်သော စာရွက်စာတမ်း ဖြစ်ရမည်။ စာတမ်းအထောက်အထား သက်သေခံချက်အား မိတ္တူမှန်ဖြစ်ကြောင်း ပြလုပ်ရာတွင် သက်သေ၏ အစစ်ခံချက်အားဖြင့် သော်လည်းကောင်း၊ သက်သေခံ ဥပဒေပါ လုပ်ထုံးလုပ်နည်းများအရ သော်လည်းကောင်း၊ ဆောင်ရွက်နိုင်သည်။ တရားခံ အကျိုးဆောင် ရှေ့နေမှ လူကိုယ်တိုင် လာရောက် အစစ်ခံထွက်ဆိုသော သက်သေ အထောက်အထား မဟုတ်ပဲ စာရွက်စာတမ်းအားဖြင့် သက်သေ အထောက် အထား တင်သွင်းရာတွင် ၎င်းသက်သေ အထောက်အထား၌ လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်မှု မရှိပဲ မလျော်ကန်စွာ တင်သွင်းလာသော သက်သေ အထောက်အထားကို ချေဖျက်ရန် အသင့်ရှိရမည်။ ၂၀၁၅ သက်သေခံ ဥပဒေ ပြင်ဆင်ချက်အရ ဓာတ်ပုံနှင့် ဗီဒီယိုများကိုလည်း သက်သေခံအဖြစ် အသုံးပြုနိုင်သည်။

- သက်သေခံဥပဒေ ပုဒ်မ ၆၁ အရ စာရွက်စာတမ်း သက်သေများအား ပထမဆင့် မူရင်းအဖြစ် သော်လည်းကောင်း၊ ဒုတိယဆင့် သက်သေခံချက် အဖြစ်ဖြင့် သော်လည်းကောင်း သက်သေထင်ရှားပြနိုင်သည်။
- သက်သေခံဥပဒေပုဒ်မ ၃ အရ စာရွက်စာတမ်း သက်သေခံဆိုရာတွင် ပုဂ္ဂလိကနှင့် အများပြည်သူနှင့်ဆိုင်သော စာရွက်စာတမ်းများ ပါဝင်သည်။ သက်သေခံဥပဒေက စာရွက်စာတမ်းဟူသော စကားရပ်ကို အဓိပ္ပာယ် ဖွင့်ဆိုရာတွင် စာအားဖြင့် သော်လည်းကောင်း၊ ရုပ်ပုံအားဖြင့် သော်လည်းကောင်း၊ အမှတ်အသားအားဖြင့်သော် လည်းကောင်း ၎င်းတို့အားလုံး စုပေါင်းထားခြင်းအားဖြင့် သော်လည်းကောင်း အကြောင်းအရာကိစ္စ တစ်ရပ်ကို မှတ်တမ်းတင်ရာတွင် ဖော်ပြထားသော ဖော်ပြချက်ကို ဆိုလိုသည်။ ဥပမာအားဖြင့် မြေပုံ၊ ဓာတ်ပုံစသည်များတွင် ရေးသားချက် တစုံတရာ မပါဝင်သော်လည်း သက်သေခံအဖြစ် သတ်မှတ်နိုင်သည်။
- ၂၀၁၅ သက်သေခံအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေတွင် "စာတမ်းအမှတ်အသား" ဆိုသည့် စကားရပ်ကို အဓိပ္ပာယ် ဖွင့်ဆိုရာ၌ ဓာတ်ပုံ နှင့် (၂) ဖလင်၊ နဂ္ဂတစ်၊ တိပ်၊ ဓာတ်ပြား သို့မဟုတ် အခြားကိရိယာ - ယင်းကိရိယာများတွင် (အခြား ကိရိယာ၏ အကူအညီပါ၍ ဖြစ်စေ၊ မပါဘဲ ဖြစ်စေ) ယင်းမှ ပြန်လည် ဖော်ထုတ်နိုင်သော ပုံများ၊ (၃) သတင်းအချက်အလက်စနစ်တရပ်တွင် သို့တည်းမဟုတ် သတင်းအချက်အလက် စနစ်တစ်ခုမှ အခြားတစ်ခုသို့ ထုတ်လွှင့်ရာတွင် အီလက်ထရောနစ်နည်းအားဖြင့် ဖြစ်စေ၊ သံလိုက်အားဖြင့် ဖြစ်စေ၊ အလင်းတန်း ဖြတ်သန်းခြင်း နည်းဖြင့် ဖြစ်စေ သို့မဟုတ် အခြားနည်းဖြင့် ဖြစ်စေ ထုတ်လုပ်ထားသည့်၊ ဆက်သွယ်ထားသည့်၊ လက်ခံထားသည့် သို့မဟုတ် သိမ်းဆည်းထားသည့် မှတ်တမ်း "အီလက်ထရောနစ် မှတ်တမ်းကို နည်းလမ်းတကျဖြစ်စေ သို့မဟုတ် နည်းလမ်းကျနခြင်း မရှိ ဖြစ်စေ လုပ်ဆောင်သော" နှင့် "အီလက်ထရောနစ် မှတ်တမ်းကို (နည်းလမ်းတကျဖြစ်စေ သို့မဟုတ် နည်းလမ်းကျနခြင်း မရှိပဲ ဖြစ်စေ) လုပ်ဆောင်ရန်၊ ဆက်သွယ်ရန်၊ လက်ခံရန် သို့မဟုတ် သိမ်းဆည်းရန် ဆောင်ရွက်သော ပတ်ဝန်းကျင် အခြေအနေ" ဟူသော စကားရပ်များသည် ၎င်းစာရွက်စာတမ်း အမှတ်အသားတွင် ပါဝင်သော အကြောင်းအရာများသည် စပ်ဆိုင်လျှင် စပ်ဆိုင်သော အကြောင်းအရာများ ဖြစ်သည်။

## စာရိတ္တ သက်သေခံချက်

တရားခံရှေ့နေသည် တရားခံအား "အကျင့်စာရိတ္တအားဖြင့် ပျက်ယွင်းကြောင်း" ထင်ဟပ်စေသည့် အစစ်ခံထွက်ဆို ချက်များနှင့် ပတ်သက်ပြီး အမြဲတစေ သတိရှိနေရန် လိုအပ်သည်။ ဤအကြောင်းအရာမှာ တရားခံမှ

အကျင့်စာရိတ္တ နှင့် ပတ်သက်ပြီး ပြောဆိုလာခြင်း မဟုတ်လျှင် သို့မဟုတ် မပြောသေးလျှင် ၎င်းသည် သက်သေခံ မဝင်ထိုက်။

- သက်သေခံဥပဒေပုဒ်မ ၅၂ အရ အကျင့်စာရိတ္တ ကောင်းမွန်ခြင်း နှင့် တရားရုံး ဆုံးဖြတ်ချက်များသည် မစပ်ဆိုင်ချေ။
- သက်သေခံဥပဒေပုဒ်မ ၅၃ အရ တရားခံ၏ အကျင့်စာရိတ္တ မကောင်းဆိုသော အချက်သည် ၎င်းအချက်ကို ထောက်၍ တရားခံ၏ ကောင်းမွန်သော အကျင့်စာရိတ္တ ရှိခဲ့ကြောင်းကို ချေဖျက်ရန် ကြိုးစားလာသောအခါ နှင့် မကောင်းသော အကျင့်စာရိတ္တအကြောင်း သက်သေခံခြင်းတွင် ယခင်က ဖမ်းဆီးခံခဲ့ရဖူးခြင်းများ ရှိမှသာလျှင် စပ်ဆိုင်သည်။
- သက်သေခံဥပဒေ ပုဒ်မ ၅၃ အရ စာရိတ္တမကောင်းဟူသော သက်သေအထောက်အထားတွင် ယခင် ဖမ်းဆီးအပြစ်ပေးခံရဖူးခြင်းများ ပါဝင်သည်။

## ပစ္စည်းသက်သေ

ခြုံငုံသုံးသပ်ချက်။ ။ သက်သေခံပစ္စည်း ဆိုရာတွင် ပြစ်မှုကျူးလွန်ရာမှ ငွေကြေး၊ တရားမဝင်သော ပစ္စည်းများ (မူးယစ်ဆေး၊ လက်နက်၊ ပစ္စည်းအတုအပများ၊ သို့မဟုတ် ဆင်ဆာဥပဒေကို ဖောက်ဖျက်သော ပစ္စည်းများ) ငွေကြေး၊ ပြစ်မှုကျူးလွန်ကြောင်း အထောက်အထား ဖြစ်နိုင်သော သို့မဟုတ် ပြစ်မှု ကျူးလွန်ကြောင်း စွပ်စွဲခံရသူ တရားခံအား ပြစ်မှု ကျူးလွန်သူအဖြစ် သတ်မှတ်ခြင်း ပြုနိုင်သော အဝတ်အစားများ စသည်တို့ ပါဝင်သည်။

## သက်သေခံ ပစ္စည်းအား မယုံကြည်ထိုက်ကြောင်း တင်ပြခြင်း

သက်သေခံပစ္စည်းများကို ၎င်းတို့အား မည်သည့်အရာဖြစ်သည်ဟု သက်သေခံတင်သွင်းလာသူက တင်ပြလာသော် ၎င်း ပြောကြားသည့်အတိုင်း ဟုတ်၊မဟုတ် စီစစ် အတည်ပြုရမည်။ ၎င်းတို့၏ စစ်မှန်မှုကို သက်သေစစ်ချက်အားဖြင့် သက်သေ ပြုနိုင်သည်။ သို့မဟုတ် အကယ်၍ သက်သေပစ္စည်းသည် အလွယ်တကူ ပျက်စီး/ဖျက်ဆီးလွယ်သော အရာဝတ္ထု (ဥပမာ သွေးနမူနာ) များ ဖြစ်ပါက ၎င်းအရာဝတ္ထုပစ္စည်းများ၏ စစ်မှန်မှုကို ၎င်းဝတ္ထုပစ္စည်းအား ရယူခဲ့သော အချိန်မှ စ၍ တရားရုံးသို့ တင်ပြလာသည့်တိုင် မပျက်မစီး မထိမခိုက် လွှဲပြောင်း ရယူခဲ့ကြောင်း အချက်ကို တင်ပြခြင်းဖြင့် သက်သေပြနိုင်သည်။ အောက်တွင် ဖော်ပြထားသော ဥပဒေနှင့် အခြေခံ ဥပဒေပါ အကာအကွယ် ပေးမှုများအပြင် တရားခံ အကျိုးဆောင် ရှေ့နေသည် ၎င်း သက်သေပစ္စည်းအား မူလပိုင်ရှင်ထံသို့ ပြန်လည် မလွှဲပြောင်းမီ သေချာကျနစွာ အမျိုးအမည် သတ်မှတ် ထိန်းသိမ်းထားခြင်း ရှိ၊မရှိ သို့မဟုတ် ရဲတပ်ဖွဲ့မှ တရားခွင်၌ တင်ပြရန် သေချာစွာ ထိန်းသိမ်းထားခြင်း ရှိ၊မရှိ (အထက်တွင် ကြည့်ပါ) စုံစမ်း စစ်ဆေးရမည်။ တရားခွင်တွင် စစ်ဆေးရန် ကောင်းစွာ ထိန်းသိမ်းထားခြင်း မရှိသော သို့မဟုတ် တိုင်တန်းသူသည် မည်သည့် အရာဖြစ်သည်ဟု မပြောဆို မတင်ပြနိုင်သော ပစ္စည်းများသည် သက်သေခံ မဝင်ထိုက်၊ သက်သေခံပစ္စည်းများကို တရားရုံး၌ တင်ပြသော လုပ်ထုံးလုပ်နည်းကို နားလည်ရန် အတွက် "တရားခံအတွက် သက်သေခံ တင်သွင်းခြင်းက်တွဲ ၁၀ ကို ကြည့်ပါ။

- မည်သူမည်ဝါ ဖြစ်သည်၊ မည်သည့်အရာ ဖြစ်သည်ဟု ဖော်ထုတ် ပြသရန် သက်သေခံရန် လိုအပ်သော အမှုအတော်များများမှာ တရားရုံးမှ လက်မခံပဲ ပါယ်ချခြင်း ခံကြရသည်။ အကြောင်းမှာ မည်သူ မည်ဝါ မည်သည့်ပစ္စည်းဖြစ်သည် ဟူသော အချက်ကို သေချာကျနစွာ မတင်ပြ၍ ဖြစ်သည်။
- ဖမ်းဆီးရမိသော ပစ္စည်းများကို ၎င်းတို့၏ ပိုင်ရှင်ဟု ယူဆဖွယ် ရှိသော ပုဂ္ဂိုလ်မှ မည်သည့် အရာဖြစ်သည်ဟု သတ်မှတ်ရန် တန်းစီထားရမည်။ ရဲလက်စွဲ အပိုဒ် ၁၇၂၂

## သက်သေခံပစ္စည်းများကို ထည့်သွင်း စဉ်းစားသုံးသပ်ခြင်းမှ ပယ်ဖျက်ခြင်း

အခြေခံ ဆောင်ရွက်ရမည့် လုပ်ငန်းအနေဖြင့် တရားခံ အကျိုးဆောင် ရှေ့နေသည် ရှာဖွေ ဝါးရမ်းများကို စစ်ဆေးကြည့်ရှု သုံးသပ်ပြီးသောအခါတွင် တရားမဝင်သော နည်းလမ်းများဖြင့် ရယူလာသော သက်သေခံ ပစ္စည်းများကို သက်သေခံ အဖြစ်မှ ပါယ်ဖျက်ပေးရန် အတွက် ကြားဖြတ် လျှောက်လဲ ရမည်။
မြန်မာနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ် ၃၅၇ အရ။ ။

"ဤဖွဲ့စည်းပုံ အခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် နိုင်ငံတော်သည် နိုင်ငံသားများ၏ နေအိမ် ဥပစာ လုံခြုံမှု၊ ပစ္စည်းလုံခြုံမှု၊ စာပေးစာယူ နှင့် အခြားဆက်သွယ်ရေးဆိုင်ရာ လုံခြုံမှုများအတွက် ဥပဒေအရ ကာကွယ်ပေးရမည်။"

ရဲတပ်ဖွဲ့မှ ရှာဖွေသိမ်းခြင်း နှင့် ဖမ်းဆီးခြင်းများကို ဆောင်ရွက်ရာတွင် ဥပဒေကို မလိုက်နာပါက ၎င်းရဲတပ်ဖွဲ့၏ ဆောင်ရွက်ချက်သည် တရားမဝင်ချေ။

အမေရိကန် ပြည်ထောင်စုတွင် တရားဥပဒေအရ ဖမ်းဆီးသိမ်းဆည်းထားသော သက်သေခံ ပစ္စည်းမှာ သက်သေခံ အဖြစ်မှ ပါယ်ဖျက်ရခြင်းအကြောင်းကို ရှင်းလင်းစွာ တင်ပြထားသည်။ မြန်မာနိုင်ငံတွင်မူ ဤကဲ့သို့ သက်သေခံ တင်သွင်းခြင်းမှ ပါယ်ဖျက်ခြင်းဟူသော ကုစားသည့် နည်းလမ်းဖြစ်ခြင်း၊ မဖြစ်ခြင်းမှာ ရှင်းရှင်းလင်းလင်း မရှိပါ။ သို့ရာတွင် မိမိအနေဖြင့် ၎င်းကိစ္စရပ်ကို တရားရုံးမှ အာရုံစိုက်လာပြီး ပါယ်ဖျက်ပေး စေရန် ကြိုးစားရမည်။ မြန်မာနိုင်ငံတွင် တရားဥပဒေနှင့် မညီညွတ်သော ရှာဖွေခြင်းကြောင့် အမှုကို ပါယ်ဖျက်ခဲ့ရသော အစီရင်ခံစာများ ရှိခဲ့သည်။ (အောက်တွင် ဖော်ပြထားသော အမှုများကို ကြည့်ပါ။)

မိမိ၏ လျှောက်လှဲချက်ကို ပြင်ဆင်ထားရန်အတွက် တရားခံ အကျိုးဆောင် ရှေ့နေအနေဖြင့် ဆက်စပ်လျှက်ရှိသော မြန်မာနိုင်ငံရှိ ဥပဒေများနှင့် ရှာဖွေဖမ်းဆီးရာတွင် လိုအပ်သော လုပ်ထုံးလုပ်နည်းများကို လေ့လာသုံးသပ်ထားရန် လိုအပ်သည်။ လျှောက်လှဲချက်များကို တည်ဆောက်ရာတွင် သက်သေခံ ပစ္စည်း၏ ပုံပန်းသဏ္ဍာန်အပေါ် အခြေခံ၍ သို့မဟုတ် ရဲအဖွဲ့ သို့မဟုတ် ရောက်ရှိနေသော အခြား သက်သေများကို စစ်မေးပြီးသောအခါ တည်ဆောက်ရမည်။ တရားခံပြသက်သေကို တင်ပြပြီးနောက် သို့မဟုတ် တရားခံမှ အစစ်ခံပြီး အပြီးသတ် လျှောက်လှဲချက်ကို တင်သွင်းသောအခါ မိမိလျှောက်လဲချက်ကို ထပ်မံ ထည့်သွင်း လျှောက်လှဲနိုင်သည်။

## တရားခံမှ ရှာဖွေပုံစံကို လက်မှတ်ရေးထိုးပြီးသောအခါ

ပြစ်မှုကျူးလွန်သည်ဟု ယူဆခြင်း ခံရသူအား မကြာခဏဆိုသလိုပင် ပြစ်မှု ကျင့်ထုံးဥပဒေ ပုဒ်မ ၁၀၃ ပါ ပြဋ္ဌာန်းချက်များအရ တည်ဆောက်ထားသော ရှာဖွေ ပုံစံပေါ်တွင် အတင်းအကြပ် လက်မှတ်ရေးထိုးစေလေ့ ရှိသည်။ ဤပြဋ္ဌာန်းချက်ပါ ဘာသာစကားရေးသားပုံအရ တရားခံအား တရားခွင်၌ အခက်အခဲ ကြုံစေသည်။ အကြောင်းမှာ ၎င်းအရေးအသားအရ တရားခံသည် ရှာဖွေပုံစံအား လက်မှတ်ရေးထိုးရန် လိုအပ်ရုံသာမက ၎င်းလက်မှတ် ရေးထိုးခြင်းကြောင့် ၎င်းအချက်အလက်များမှာ မှန်ကန်သည်ဟု ယူရန် အကြောင်းရှိနေသော ကြောင့် ဖြစ်သည်။

(၃) ရှာဖွေမှုပြုလုပ်စဉ် ရှာဖွေသည့်နေရာတွင် နေထိုင်သူ၊ သို့မဟုတ် ၎င်း၏ ကိုယ်စား အခြားသူ တစ်ဦးဦးကို ရှိနေခွင့် ပြုရမည်။ ထိုသူရှိနေလျှင် ပုဒ်မခွဲ (၂) အရ ရေးသားထားသည့် ပစ္စည်းစာရင်း၌ ယင်းစာရင်း မှန်ကန်ကြောင်း သိရှိသည့် အနေဖြင့် ၎င်းအား လက်မှတ်ရေးထိုးစေရမည့်အပြင် ယင်းပစ္စည်းစာရင်း၏ မိတ္တူတစ်စောင်ကို အဆိုပါ နေထိုင်သူ၊ သို့မဟုတ် ၎င်း၏ ကိုယ်စား ဆောင်ရွက်သူအား ရှာဖွေသည့် အရာရှိ၊ သို့မဟုတ် ရှာဖွေသည့် အခြားသူက ပေးရမည်။

(၄) ပုဒ်မ ၁၀၂၊ ပုဒ်မခွဲ (၃)အရ လူတစ်ယောက်ကို ရှာဖွေသည့်အခါ ၎င်းထံမှ သိမ်းယူသော ပစ္စည်းအားလုံး၏ စာရင်းကို ရေးသားပြုစုရမည်။ ထိုသူက တောင်းဆိုလျှင် ယင်းပစ္စည်းစာရင်း၏ မိတ္တူတစ်စောင်ကို ၎င်းအား ပေးအပ်ရမည်။

တရားခံအကျိုးဆောင် ရှေ့နေသည် လုပ်ထုံးလုပ်နည်းနှင့် မိမိသဘောအလျောက် စာရွက်စာတမ်းများပေါ်တွင် လက်မှတ်ရေးထိုးခြင်း နှင့် လက်မှတ်ရေးထိုးခြင်းကြောင့် ဖြစ်ပေါ်လာသော တရားဥပဒေကြောင်းအရ အကျိုးသက်ရောက်မှု များကို ချေဖြတ်ရန်အတွက် ပြင်ဆင်ထားရသည်။

- လက်မှတ်ရေးထိုးထားသော ထွက်ဆိုချက်မှာ ဥပဒေအရ သက်သေခံမဝင်ချေ။ လက်မှတ်ထိုးထားသော ရှာဖွေပုံစံပေါ်ရှိ ထွက်ဆိုချက်သည် ရဲထံသို့ ပေးသော ဖြောင့်ချက်နှင့် အတူတူပင် ဖြစ်သည်။ ရဲထံ ပေးသော ဖြောင့်ချက်မှာ စပ်ဆိုင်မှု မရှိသလို သက်သေခံလည်း မဝင်ပါ။ ဤအချက်သည် အားအကောင်းဆုံးသော ထုချေရှင်းလင်းချက် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းအချက်က တရားသူကြီးအား ရဲအစစ်ခံချက်ကို ပယ်ချရန် မတောင်းဆိုပါ သို့မဟုတ် ရဲမှ တရားဥပဒေနှင့်အညီ မဆောင်ရွက်ခဲ့ပါ ဟူသော အချက်ကို မေးခွန်းမထုတ်ပါ။ သက်သေခံ ဥပဒေ ပုဒ်မ ၂၅ နှင့် ၂၆
- ရဲမှ တရားခံအား သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကတိများပေးခြင်းဖြင့် တရားခံအား ရှာဖွေပုံစံတွင် လက်မှတ်ရေးထိုးရန် လုပ်ဆောင်ခဲ့၏။ ဤထုချေ လျှောက်လှဲချက်မှာ တရားခံ သို့မဟုတ် တရားခံပြ ရှေ့နေအတွက် တရားသူကြီးမှ ၎င်းတို့အား ရဲထက် ပိုမို ယုံကြည်ထိုက်ကြောင်း ပြသရန်အတွက် လိုအပ်သည်။ ဤကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှု ရရန် အလားအလာ သိပ်မရှိပါ။ တရားခံအကျိုးဆောင် ရှေ့နေသည် ၎င်းထုချေ လျှောက်လှဲခြင်းအား ဥပဒေအရ သက်သေခံ မဝင်ထိုက် ဟူသော ထုချေချက်ကို ထိခိုက်စေခြင်းကြောင့် ရှောင်ရှားရန်အတွက် မပြုလုပ်ထိုက်ပေ။ သက်သေခံဥပဒေ ပုဒ်မ ၂၄။
- ရှာဖွေပုံစံတွင် ချို့ယွင်းချက်များ ရှိနေသည်။ အကြောင်းမှာ ရဲတပ်ဖွဲ့မှ လုပ်ထုံးလုပ်နည်းအတိုင်း မဆောင်ရွက်ခဲ့သောကြောင့် ဖြစ်သည်။ အထူးသဖြင့် တရားခံအကျိုးဆောင် ရှေ့နေအနေဖြင့် ၎င်းရှာဖွေခြင်းသည် တရားဥပဒေနှင့် ညီညွတ်မှု ရှိ၊မရှိကို အစစ်ခံရန်အတွက် တင်ပြထားသော ရှာဖွေ ပုံစံ သက်သေကို ချေဖျက်ရန် စဉ်းစားနိုင်သည်။ ဤသက်သေများကို ရဲတပ်ဖွဲ့မှ မကြာခဏ ခေါ်ယူ အသုံးပြုခြင်းကြောင့် ၎င်းရှာဖွေပုံစံ သက်သေများမှာ ရဲတပ်ဖွဲ့နှင့် ပတ်သက်မှု မကင်းနိုင်ချေ။

## သက်သေအထောက်အထားအား မည်သည့်အတွက်ကြောင့် တရားဥပဒေနှင့်အညီ မဟုတ်ပဲ သိမ်းဆည်းခဲ့ ကြောင်း ထုချေလျှောက်လဲချက်

၁။ ဖမ်းဆီးခြင်းသည် ဥပဒေနှင့် မညီပါ။

- ပြစ်မှုကျင့်ထုံး ပုဒ်မ ၄၆-၈၆ ဖမ်းဆီးခြင်း - ရဲတွင် ဖမ်းဆီးရန်အတွက် လုံလောက်သော သက်သေအထောက်အထား မရှိခြင်း
- သံသယဖြစ်သော ပြစ်မှုမှာ ဖမ်းဝရမ်း ထုတ်ရန်အတွက် ခွင့်ပြုချက် မရှိခြင်း
- သို့သော် ဧကရာဇ်ဘုရင်မင်းမြတ်နှင့် မောင်စံ (ပါ - ၄) ၁၈၉၂ - ၉၆ အထက်မြန်မာပြည် အစီရင်ခံစာ ၁၂၃။ ဖမ်းဆီးခြင်းသည် တရားဥပဒေနှင့် မညီညွတ်ခဲ့လျှင် ကျွန်ုပ်တို့သည် တရားခံအပြစ်ရှိသည့်အတိုင်း လွတ်ပစ်ရန် မဖြစ်နိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် အပြစ်ရှိခြင်းက ဥပဒေနှင့်အညီ ဖမ်းဆီးခြင်း မဟုတ်ခြင်းထက် ပို၍ အရေးပါသောကြောင့် ဖြစ်သည်။

၂။ ရှာဖွေရာတွင် တရားဥပဒေနှင့်အညီ ရှာဖွေမှု မပြုခဲ့ခြင်း။ ရဲစုံစမ်း စစ်ဆေးရေး/ရှာဖွေရေး နှင့် ပတ်သက်၍ ကြည့်ရန်။

- ပြစ်မှုကျင့်ထုံး ပုဒ်မ ၉၆ - ၁၀၃
- ရဲလက်စွဲ အပိုင်း ၆ - ရှာဖွေပုံ ရှာဖွေနည်း
- ပြစ်မှုကျင့်ထုံးဥပဒေ ပုဒ်မ ၁၀၃ နှင့် ၁၆၅ တွင် ရှာဖွေခြင်းများကို နှစ်ဦးထက် မနည်းသော ဂုဏ်သရေရှိပုဂ္ဂိုလ်များရှေ့တွင် ဆောင်ရွက်ရမည်။ ဖြစ်နိုင်ပါက ကျေးရွာအုပ်စု သူကြီး ရှိနေရမည်။ ရှာဖွေသော အိမ်နေရာတွင် နေထိုင်သောသူ သို့မဟုတ် ၎င်းကိုယ်စား ပုဂ္ဂိုလ်တစ်ဦးဦးကို ရှာဖွေစဉ်အချိန်အတွင်း လာရောက်ကြည့်ရှုခွင့် ပြုရမည်။ မျက်မြင်သက်သေများမှ ရှာဖွေမှု၏ အစိတ်အပိုင်း မှန်သမျှကို ကြည့်ရှုနိုင်စေရန် ဂရုပြုရမည်။
- ရဲလက်စွဲ အပိုဒ် ၁၇၀၈ အရ "မည်သူကမျှ အိမ်အတွင်းသို့ တစ်စုံတစ်ခု ယူငင်သွားနိုင်ရန် နှင့် ကိုယ်ထဲတွင် ဖုံးဝှက်၍ ထားခြင်း မရှိစေရန် တစ်ယောက်ကို တစ်ယောက် ကျေနပ်အောင် ရှာဖွေရမည်။"
- ၂၀၁၇ နိုင်ငံသားများ၏ ပုဂ္ဂလိက လုံခြုံရေးကို အကာအကွယ်ပေးသော ဥပဒေအရ နိုင်ငံသားများအား ဝရမ်းမပါဘဲ ရှာဖွေခြင်းများ သို့မဟုတ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး သို့မဟုတ် ဆယ်အိမ်မှူးဖြစ်သော သက်သေ အနည်းဆုံး ၂ ဦးမပါဘဲ ရှာဖွေခြင်းများမှ အကာအကွယ်ပေးထားသည်။

မြန်မာတရားရုံးများမှ တရားဥပဒေနှင့်အညီ ရယူထားခြင်း မဟုတ်သော သက်သေခံ ပစ္စည်းများကို တင်သွင်းခြင်းအား ပယ်ဖျက်သည်။ တရားခံအကျိုးဆောင် ရှေ့နေများသည် တရားသူကြီးများအား သက်ဆိုင်ရာ ဥပဒေနှင့် စီရင်ထုံးအကိုးအကားများအတွက် သတိပေးရန် ပြင်ဆင်ထားရမည်။ အောက်တွင် ဖော်ပြထားသော ဥပမာများအပြင် ရှေ့နေများသည် မိမိထက် ဝါကြီးသော ရှေ့နေများနှင့် ကျမ်းများကိုလည်း တိုင်ပင် ကိုးကားသင့်သည်။

တရားစီရင်ထုံး ကိုးကားချက်များ:

- KMO Kyi Maung 001, Administration of Justice[11] Articles, (1994) vol 1. **အခြားအမှုတွင် မူးယစ်ဆေးဝါးများကို လက်ဝယ်တွေ့ရှိခဲ့သည်။ သို့ရာတွင် မေးခွန်းများမှာ တရားဥပဒေနှင့် မညီညွတ်သော ရှာဖွေခဲ့ခြင်း အကြောင်းပေါ် အခြေပြု၍ ပယ်ချခဲ့သည်။**
- လောင်းကစားမှုအတွက် ရှာဖွေဝရမ်းကို ထုတ်ဆင့်ရာတွင် လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်မှု မရှိခြင်း သို့မဟုတ် ယုံကြည်နိုင်လောက်သော သတင်းအချက်အလက်အပေါ်တွင် အခြေခံခြင်းများ မရှိသည့်အတွက် တရားခံမှာ မှားယွင်းပြီး အကျဉ်းချ ခံခဲ့ရသည်။ *Crown* v. *Majun & 12 Others*, 1 LBR 120, at 121

- အလားတူပင် တရားဥပဒေနှင့် မညီညွတ်သော ဖမ်းဆီးမှုအား ဆန့်ကျင်ခုခံခြင်းသည် ပြစ်မှု မမြောက်။ *King-Emperor* v. *Taik Pyu & Nga Thaik*, 5 LBR 21.။

- ခရိုင်ရဲမင်းကြီးတဦးမှ ၎င်း၏ တပ်ရဲအဖွဲ့နှင့်အတူ ဖမ်းဆီးခဲ့သော လောင်းကစားမှုကို တရားရုံးမှ လက်ခံခဲ့ခြင်း မပြုပါ။ အကြောင်းမှာ ရှာဖွေရာတွင် လုပ်ထုံးလုပ်နည်းအတိုင်း စနစ်တကျ ဆောင်ရွက်ခြင်း မပြုခဲ့ဘဲ ၎င်း၏ လုပ်ပိုင်ခွင့်ကို ကျော်လွန်၍ လုပ်ဆောင်ခဲ့ခြင်း တရားစွဲဆို တင်ပို့မှုအား ကြန့်ကြာစေရန် တရားမဝင်သော နည်းလမ်းဖြင့် ဆောင်ရွက်ခဲ့ခြင်း၊ သက်သေခံ မဝင်နိုင်သော အစီရင်ခံစားအား တင်သွင်းခဲ့ခြင်း၊ အချို့သော အိမ်ခြံဝင်းနေရာများတွင် အချို့သော လောင်းကစား အမျိုးအစားများကို ၎င်းမှ ခွင့်ပြုခဲ့သည်ဟု ယူဆရသော ကြေငြာချက်များ ထုတ်ပြန်ခဲ့ခြင်းတို့ကြောင့် ဖြစ်သည်။ *King-Emperor* v. *Maung Cho & Others*, 2 LBR 43.

- ရှာဖွေဝရမ်းတခုကို ထုတ်ဆင့်ရာတွင် သက်သေအထောက်အထား ရှာဖွေရန် သက်သက်ဟု ညွှန်ကြားချက်ကို ထုတ်ပြန်ခြင်းသည် ဥပဒေနှင့် မညီညွတ်ပါ။ ၎င်းရှာဖွေမှုမှ ရရှိလာသော သက်သေအထောက်အထားသည်လည်း သက်သေခံ မဝင်ပါ။ *V. S. M. Moideen Brothers* v. *Eng Thaung & Co.*, 9 LBR 45, at 47.

## မူးယစ်ဆေးဝါးမှုများတွင် ရှာဖွေရန်အတွက် လိုအပ်ချက်များမှာ နည်းပါးခြင်း

၁၉၉၅ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲ စေတတ်သော ဆေးဝါးများ ဥပဒေ၏ နည်းဥပဒေတွင် မည်သူမဆို ဆေးသုံးစွဲသူကို ရဲထံသို့ ပို့နိုင်သည်။ ဤအချက်က ပြစ်မှုကျင့်ထုံး ဥပဒေပါ ပေးထားသော လုပ်ထုံးလုပ်နည်းအရ အကာအကွယ်ပေးခြင်းများကို ထိခိုက်စေသည်။ ဤအနေအထားတွင် ဘိန်းပစ်ဖမ်းခြင်း နှင့် မူးယစ်ဆေးဝါးများကို သိမ်းဆည်းရာတွင် အဆင့်ဆင့် ထိခိုက်မှုများ ဖြစ်လာစေသော အန္တရာယ်များ ရှိသည်။

မည်သူမဆို အများပြည်သူနှင့် သက်ဆိုင်သော နေရာတခုတွင် ပြစ်မှု ကျူးလွန်နေသည်ကို တွေ့ရှိပါက ဝရမ်းမလိုဘဲ ကျူးလွန်သူကို ဖမ်းဆီး၍ ပစ္စည်းများကို သိမ်းဆည်းနိုင်သည်။ ဤကဲ့သို့ ဖမ်းဆီးမိပါက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင် မည်သူကိုမဆို နှောင့်နှေးကြန့်ကြာခြင်း မရှိစေဘဲ စနစ်တကျ လွှဲပြောင်းရမည်။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ တပ်ဖွဲ့ဝင်များ မရှိပါက အနီးဆုံး ရဲစခန်းသို့ တရားခံအား ၎င်းထံမှ

[11] Administration of Justice is the title of a booklet in which 11 essays written by a Judicial Officer Grade (1) were compiled and published in 1994 in Burma

ဖမ်းဆီးရမိသည့် ပစ္စည်းများနှင့်အတူ ချက်ချင်း စနစ်တကျ လွှဲပြောင်းပေးရမည်။ နည်းဥပဒေ ၂၇၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲ စေတတ်သော ဆေးဝါးများ ဥပဒေ။

## အချို့သော ပစ္စည်းသက်သေ သာလျှင် တရားဥပဒေနှင့် ညီညွတ်မှု မရှိဘဲ ရယူထားသော ဖြောင့်ချက်များအား ပယ်ဖျက်စေနိုင်သည်။

အမေရိကန်နိုင်ငံရှိ ဥပဒေများနှင့် မတူ မြန်မာနိုင်ငံ၏ ဥပဒေက တရားခွင်တွင် တင်သွင်းရန်အတွက် တရားဥပဒေနှင့် မညီညွတ်ဟု သတ်မှတ်သော ဖြောင့်ချက်ပေးခြင်းမှ ပေါ်ထွက်လာသည့် သက်သေအထောက်အထားများကို ခွင့်ပြုသည်။ ဤနေရာတွင် လူသတ်ရာတွင် အသုံးပြုသော ပစ္စည်းနှင့် ၎င်း၏ တည်နေရာတို့ ပါဝင်သည်။ သက်သေခံဥပဒေပုဒ်မ ၂၇ အရ။ ။ သို့ရာတွင် ရာဇဝတ်မှု ကျူးလွန်ပုံကို သရုပ်ပြရာ၌ ရယူထားသော ဓာတ်ပုံသည် သက်သေခံ မတင်သွင်းထိုက်သော ဖြောင့်ချက် ဖြစ်သည့်အတွက် ၎င်းမှာ သက်သေခံ မဝင်ချေ။ မောင်တင်အောင် နှင့် ပြည်ထောင်စု ၁၉၆၆ BLR (SC) ၁၂၃၈

## မည်သူမည်ဝါ မည်သည့်အရာ ဖြစ်သည်ဟူသော သက်သေ အထောက်အထား

**ခြုံငုံသုံးသပ်ချက်**။ ။ ပြစ်မှုစွဲချက် မှန်သမျှတွင် ကျူးလွန်သူ၏ မည်သူ မည်ဝါ ဖြစ်မှုကို တရားလိုဘက်မှ ၎င်းတို့၏ သက်သေခံ တင်ပြရန် ရှိသည့် တာဝန်ကို ဆောင်ရွက်ရန်အတွက် ၎င်းကျူးလွန်သူ၏ မည်သူ မည်ဝါ ဖြစ်ခြင်းကို အနည်းဆုံး သွယ်ဝိုက်သောအားဖြင့် သက်သေ ထင်ရှား ပြသရန် လိုအပ်သည်။ တရားလိုဘက်မှ ဤကိစ္စကို နည်းလမ်း နှစ်မျိုးဖြင့် ဆောင်ရွက်နိုင်သည်။ တရားရုံးတွင် မည်သူ မည်ဝါဟု ဖော်ထုတ်ခြင်းဖြင့် သော်လည်းကောင်း၊ တရားရုံးပြင်ပမှ မည်သူ မည်ဝါ ဖြစ်သည်ကို အစစ်ခံချက်အားဖြင့် သော်လည်းကောင်း ဖော်ထုတ်နိုင်သည်။ တရားခံမှ ဖြောင့်ချက်ပေးသည် ဖြစ်စေ၊ မိမိရှေ့နေနှင့် တွေ့ဆုံရာတွင် ပြစ်မှု ကျူးလွန်ကြောင်း ဝန်ခံခဲ့သည် ဖြစ်စေ တရားခံ အကျိုးဆောင် ရှေ့နေသည် မည်သူ မည်ဝါ ဖြစ်သည် ဟူသော အစီရင် ခံစာနှင့် စုံစမ်းစစ်ဆေးမှုမှ ထွက်ပေါ်လာသော ရလဒ်များ အပါအဝင် တရားရုံး အမှုတွဲ ဖိုင်ရှိ ရနိုင်သမျှသော သက်သေအထောက်အထား အားလုံးအား အစစ်ခံသော သက်သေမှ မှားယွင်းသလော သို့မဟုတ် လိမ်လည်နေသလော သို့မဟုတ် နည်းလမ်းမကျသော ရဲလုပ်ထုံးလုပ်နည်းကြောင့် လမ်းကြောင်းလွဲနေသလော ဟူသော အကြောင်းများကို ဆုံးဖြတ်ရန် အတွက် ဆန်းစစ်ရမည်။

## တရားရုံးတွင်း မည်သူ မည်ဝါ ဖြစ်ကြောင်း ဖော်ထုတ်ခြင်း

တရားခံအကျိုးဆောင် ရှေ့နေသည် မိမိအမှုအား ပြစ်မှု ကျူးလွန်သူအဖြစ် ထွက်ဆိုသော အရာမှန်သမျှကို အောက်ပါ ပြန်လှန်စစ်မေးခြင်း အချက်အလက်များကို ဖန်တီးတည်ဆောက်၍ ချေဖျက်ရန် အသင့်ဖြစ်နေရမည်။

- ကြည့်ရှုလေ့လာရန် အခွင့်အရေး
- ကြည့်ရှုလေ့လာနိုင်သော စွမ်းရည် အနေအထား
- ပြန်လည် အမှတ်ရနိုင်သော စွမ်းရည်
- တဖက်စောင်းနင်းစိတ်ဓာတ် သို့မဟုတ် လိမ်လည်ထွက်ဆိုနိုင်သော အကြောင်းတရား
- ရဲမှ ဖျားယောင်းခြင်းကြောင့် မည်သူ မည်ဝါ ဖြစ်ကြောင်း မှန်ကန်စွာ မသိရှိနိုင်ခြင်း

ကြည့်မြင်နိုင်ရန်အတွက် စွမ်းရည်မှာ ကြည့်မြင်နိုင်ရန်အတွက် အခွင့်အလမ်းနှင့် ကွဲပြားခြားနားသည်။ ကြည့်မြင်နိုင်ရန်အတွက် အခွင့်အလမ်းဆိုသည်မှာ မျက်သက်သေသည် ၎င်းအနေဖြင့် အချင်း ဖြစ်ပွားခဲ့သည်ကို

မြင်နိုင်သော နေရာ၌ ရောက်ရှိနေခဲ့ခြင်း ဖြစ်သည်။ ကြည့်မြင်နိုင်သော စွမ်းရည်ဆိုသည်မှာ ၎င်းမျက်မြင်သက်သေသည် အချင်းဖြစ်ပွားခြင်းကို ကြည့်မြင်နိုင်သည့် စွမ်းရည် ရှိရုံသာမက အမှန်တကယ်လည်း ကိုယ်တိုင်ကြည့်မြင်ခဲ့သည်။ ဤအကြောင်းအရာတွင် မေးရန်ရှိသည်များ အနက်မှ မျက်မြင်သက်သေ၏ အမြင်အာရုံနှင့်ပတ်သက်၍ မျက်မှန်တပ်ထားသလော၊ မျက်ကပ်မှန် တပ်ထားသလော ဆိုသည့် အချက်များနှင့် ၎င်း၏မြင်နိုင်စွမ်းအား မည်သည့်အချိန်က နောက်ဆုံး စစ်ဆေးခဲ့သည်အထိ ဆက်စပ်နိုင်သည်။

အဖြစ်အပျက်အား ပြန်လည် မှတ်မိနိုင်စွမ်းသည် ၎င်းသက်သေ၏ မည်မျှ တိတိကျကျ မှတ်မိနိုင်သည် ဆိုသည့်အချက်နှင့် ဆက်စပ်သည်။ ဤကိစ္စနှင့်ပတ်သက်၍ မေးရန် ရှိသည်များ အနက်မှ ၎င်းသက်သေ၏ မှတ်ဉာဏ်သည် အမှု၏ အခြားသော အချက်အလက် အကြောင်းချင်းရာများ နှင့်ပတ်သက်၍ ရှေ့နောက်ညီညွတ်ခြင်း ရှိ၊ မရှိ ဆက်စပ်သည်။ သက်သေ၏ အခြားအရာအား မှတ်မိနိုင်စွမ်းမှာ ချို့ယွင်းနေကြောင်း သက်သေပြနိုင်ပါက မိမိအနေဖြင့် မိမိ၏ အမှုသည်အား မည်သူ မည်ဝါဟု ပြောဆိုခြင်းအား ယုံကြည်စိတ်ချစွာ ရှုမြင်ရန် မသင့်ကြောင်း လျှောက်လဲနိုင်သည်။

USAID Legal Aid Toolkit, Chapter 4B5 Cross Examination ကို ကြည့်ပါ။

## တရားရုံးပြင်ပ မည်သူမည်ဝါ မည်သည့်အရာဟု သတ်မှတ်ပြောဆိုခြင်းများ

ရဲ သို့မဟုတ် အစိုးရဘက်မှ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က တရားခံကို ဖမ်းဆီးပြီး တရားစွဲဆိုမည့်သူထံသို့ မည်သူမည်ဝါဟု ပြောဆို သိရှိနိုင်ရန် ပြသရသောအခါ အမှုများတွင် တရားခံ အကျိုးဆောင်ရှေ့နေမှ ရဲအဖွဲ့၏ဆောင်ရွက်ချက်များကြောင့် တရားစွဲဆို တိုင်တန်းသူမှ တရားခံအား မည်သူ မည်ဝါဟု တင်ပြရာတွင် မလျော်မကန်ခြင်း သို့မဟုတ် မှားယွင်းခြင်းများ ဖြစ်ပေါ်လာနိုင်သည်။ ဤထုချေလျှောက်လဲချက်များကို ရဲမှတ်တမ်း စာရွက်စာတမ်းများ၊ ရဲအား ပြန်လှန်စစ်မေးခြင်း၊ ရာဇဝတ်တရားသူကြီး၊ တရားလိုနှင့် တရားသူကြီး၊ နှင့် တရားခံ၏ ထွက်ဆိုချက်များကို လေ့လာစောင့်ကြည့်ခြင်းအားဖြင့် တည်ဆောက်ရမည်။

ရဲလက်စွဲတွင် သေချာကျနစွာ ရယူထိန်းသိမ်းထားခြင်းမရှိသည့် မည်သူ မည်ဝါ ဖြစ်သည်ဟူသော သက်သေအထောက်အထားများကို ပယ်ချရန် တရားရုံးတွင် အခွင့်အာဏာ ရှိသည်ဟု ဖော်ပြထားသည်။

> အပိုင်း ၇ - မည်သူ မည်ဝါဖြစ်ကြောင်း သက်သေအထောက်အထား
>
> ၁၇၁၈ - မည်သူ မည်ဝါ မည်သည့်အရာ ဖြစ်သည်ဟူသော အကြောင်းနှင့် ပတ်သက်၍ သက်သေခံချက်အပေါ် အဓိက အားပြုရသည့် အမှုများမှာ မည်သူ မည်ဝါ မည်သည့် အရာဟူသော အကြောင်းအား သေချာကျနစွာ တင်ပြခြင်း မရှိသောကြောင့် တရားရုံးမှ မကြာခနဆိုသလို လက်ခံခြင်း မပြုပေ။ သက်သေတစ်ဦးမှ မည်သူ မည်ဝါ မည်သည့် ပိုင်ဆိုင်မှု ပစ္စည်း ဟူသော အချက်ကို သက်သေမှ ထွက်ဆို ပြောကြားရာတွင် စေ့စပ်သေချာမှုရှိရမည်။ ၎င်းအချက်က သက်သေသည် ပုံစံတူ သဏ္ဌာန်တူလူများ၊ အရာဝတ္ထုများကြားမှ ကျူးလွန်သူဟု ယူဆရသူ သို့မဟုတ် အရာဝတ္ထုကို ရွေးချယ်ပြသနိုင်စွမ်း ရှိရမည်။
>
> ၁၇၁၉ တွင် မည်သူမည်ဝါ မည်သည့်အရာဟု ပြဆိုခြင်း နှင့် ပတ်သက်ပြီးသော လုပ်ထုံးလုပ်နည်းများကို ဖော်ပြထားသည်။ ၎င်းတို့သည် ရာဇဝတ်တရားသူကြီး သို့မဟုတ်

နှစ်ဦးထက်မနည်းသော အမှုနှင့် ပတ်သက်မှု မရှိသည့် ဂုဏ်သရေရှိ ပုဂ္ဂိုလ်များရှေ့တွင် ဆောင်ရွက်ရမည်။

ရဲမှ ၎င်းတို့ထံ ထွက်ဆိုသော အကြောင်းအရာများကို အစစ်ခံ၍ မရသောကြောင့် ရာဇဝတ်တရားသူကြီးနှင့် သက်သေတို့၏ ထွက်ဆိုချက်များကို လိုအပ်သည်။ ပြန်လှန်စစ်မေးရာတွင် ထည့်သွင်း မေးမြန်းနိုင်သော အကြောင်းအရာများမှာ။ ။

- မှားယွင်းမှု။ ။ အခင်းဖြစ်ပွားစဉ် အချိန်အတွင်း ကြည့်မြင်နိုင်ရန် အခွင့်အရေး မရှိခြင်း၊ အလင်းရောင် ကောင်းစွာ မရရှိခြင်း၊ အချိန်ကာလအားဖြင့် တိုတောင်းခြင်း။
- မည်သူမည်ဝါ မည်သည့်အရာဟု ထွက်ဆိုခြင်းမှာ မှူတမှု မရှိခြင်း။ ။ ရဲမှ ဖြားယောင်းသွေးဆောင်၍ ပြောဆိုပြသစေခြင်း၊ တရားခံနှင့် အခြားသူများကို တန်းစီ ပြသရာတွင် ကွာဟမှုများ ရှိနေခြင်း။
- ဘက်လိုက်မှုရှိခြင်း။ ။ ရဲ သို့မဟုတ် တရားလိုနှင့် ဆက်စပ် သိရှိနေခြင်း၊ တရားခံအား ရန်လိုမုန်းထားခြင်း။

## ဖြောင့်ချက်

မြုံ့ငုံသုံးသပ်ချက်။ ။ ဂျပန် နှင့် အမေရိကန် ကဲ့သို့သော ဖွံ့ဖြိုးပြီး နိုင်ငံများ အပါအဝင် အခြားနိုင်ငံ အတော်များများ ကဲ့သို့ပင် မြန်မာနိုင်ငံမှ တရားစွဲဆိုတင်ပို့မှုများတွင်လည်း မရေရာသော ကိုးစားနိုင်မှု နှင့် မိမိသဘောအလျောက်ဟူသော အချက်ပေါ်တွင် အားကိုးတတ်ကြသည်။ ၎င်းအချက်မှာ ထူးဆန်းအံ့သြဖွယ် မဟုတ်ပါ။ သုတေသီတစ်ဦးက "အတင်းအကြပ် ဖြောင့်ချက်ပေးခြင်းကို အားပေးသော အပိုင်းမှာ တရားခံ အနေဖြင့် မိမိ ဖြောင့်ချက်ကို ပြန်လည် ရုပ်သိမ်းသည့်တိုင် တရားရုံးမှ ယင်းဖြောင့်ချက်ကို မှန်ကန်ပြီး မိမိသဘောအလျောက် ပေးသည်ဟု ယုံကြည်ယူဆလျှင် ၎င်းဖြောင့်ချက်မှာ ပြစ်မှု ကျူးလွန်ကြောင်း သက်သေတစ်ခုအဖြစ် တည်ရှိခြေင်းသည် ဥပဒေ အခြင်းအရာ တစ်ရပ် ဖြစ်သည်။" ဟု ရေးသားခဲ့သကဲ့သို့ပင် ဖြစ်၏။ တရားမျှတမှု စင်တာများမှ ဥပဒေအကျိုးဆောင်များ အနေဖြင့်လည်း မိမိအမှုသည်အား အတင်းအကြပ် ဖြောင့်ချက်ပေး ဝန်ခံစေခြင်းများနှင့် ပတ်သက်၍ အမြဲသတိရှိရှိနှင့် အကာအကွယ် ပေးနေရမည် ဖြစ်သည်။ နိုင်ငံတကာတွင်လည်း မှားယွင်းဖြောင့်ချက်ပေးခြင်းများ၏ အကြောင်းရင်းများနှင့် ပတ်သက်၍ သုတေသန မှတ်တမ်းများမှာ ရှိသည်။

- *False Confessions or Admissions*, The Innocence Project, https://www.innocenceproject.org/causes/false-confessions-admissions/;
- *Police Interrogation and Suspect Confessions: Social Science, Law and Public Policy,* Richard Leo, https://papers.ssrn.com/sol3/papers.cfm?abstract_id=2937980
- False Confessions, Kassin (The Vera Institute), https://www.vera.org/research/saul-kassin-false-confessions
- *Mental Health and False Confessions*, Follett, et al; https://papers.ssrn.com/sol3/papers.cfm?abstract_id=3028918

အဓိပ္ပာယ် ဖွင့်ဆိုချက်။ ။ ဖြောင့်ချက်ဆိုသည်မှာ စွပ်စွဲခံရသူ တရားခံမှ ရာဇဝတ်မှု ကျူးလွန်ခြင်းအတွက် တာဝန်ရှိသည်ဟု ဝန်ခံခြင်း ဖြစ်သည်။ မောင်စံမြိုင် နှင့် ပြည်ထောင်စု ၁၉၆၆ **(SC)** ၆၃၄

မြန်မာ့ဥပဒေမှ အခြားသော ဆက်စပ် ပြဋ္ဌာန်းချက်များ

- ပြစ်မှုကျင့်ထုံး ပုဒ်မ ၁၆၄၊ ၅၃၃၊ ၁၆၃ (၁)။
- တရားရုံးများ လက်စွဲ - ပိုဒ်အမှတ် ၄၇၅၊ ၅၃၄၊ ၅၇၀၊ ၅၇၁၊ ၆၀၀ - ၆၀၇
- ရာဇသတ်ကြီး ပုဒ်မ ၃၃၀ - ၃၃၁
- သက်သေခံဥပဒေ ပုဒ်မ ၂၄ - ၃၀

ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံချက်ကို တင်ပြရာတွင် ဥပဒေ အကျိုးဆောင်များမှ ယင်းဝန်ခံ မှုသည် တရားဥပဒေကြောင်းနှင့် ညီညွတ်သော ဝန်ခံချက် ဟုတ် မဟုတ် ဆုံးဖြတ်ရမည်။

## ဥပဒေကြောင်း နှင့် မညီညွတ်သော ဝန်ခံချက် ။ ။

တခါတရံတွင် တရားစွဲဆိုသည့်ဘက်မှ အစိုးရအမှုထမ်း မဟုတ်သော သက်သေများ (တရားလိုနှင့် အခြားသက်သေများ) ကို တရားခံမှ ကျူးလွန်ကြောင်း ဝန်ခံသည်ဟု ယူဆရသော အကြောင်းအရာကို အသိပေးရန် ကြိုးပမ်းလေ့ရှိသည်။ ဤထွက်ဆိုချက်များကို တဆင့်ကြား သက်သေအဖြစ် သတ်မှတ်၍ သက်သေခံအဖြစ်မှ ပါယ်ဖျက်ခြင်း မပြုနိုင်ပါ။ (သက်သေခံဥပဒေပုဒ်မ- ၃၂) အဘယ့်ကြောင့်ဆိုသော် ၎င်းထွက်ဆိုချက်မှာ ဘက်တဘက်မှ ဝန်ခံခြင်းကြောင့် ဖြစ်သည်။ ဤထွက်ဆိုချက်များမှာ မိမိဆန္ဒအလျောက်မဟုတ်ပဲ လုပ်ထုံးလုပ်နည်းအရလည်း အကာအကွယ်ပေးထားခြင်း မရှိပါ။ ဥပဒေအကျိုးဆောင်မှ သက်သေများ၏ အကျင့်စာရိတ္တ နှင့် ရည်ရွယ်ချက်ကို စုံစမ်းထောက်ရှုခြင်းအားဖြင့် ၎င်းထွက်ဆိုချက်များ၏ ကိုးစားနိုင်မှု တိကျမှုနှင့် စပ်ဆိုင်မှုတို့ကို စိန်ခေါ်ချေဖျက်နိုင်ရမည်ဖြစ်ပြီး စိန်ခေါ်ချေဖျက်မှုကိုလည်း ပြုလုပ်ရမည်။ ယင်းဝန်ခံဖြောင့်ချက်များသည် ညှဉ်းပမ်းမှုကြောင့်ဖြစ်စေ၊ ကတိစားကြောင့် ဖြစ်စေ၊ တရားစွဲဆိုခြင်း မပြုပါဟူသော စကားကြောင့်ဖြစ်စေ ပေးလာနိုင်လောက်သည်ဟူသော အတိုင်းအတာထိကို တရားခံ အကျိုးဆောင် ရှေ့နေမှ ၎င်းထွက်ဆိုချက်များ၏ တန်ဖိုးယုတ်လျော့သွားအောင် စိန်ခေါ်ချေဖျက်ရမည်။

- သက်သေခံဥပဒေပုဒ်မ ၂၄က တရားရုံးပြင်ပ ဖြစ်သော အလုပ်ရှင်၊ ဆရာ သို့မဟုတ် မိဘများအား အခွင့်အာဏာ ရှိသူများအဖြစ် သတ်မှတ်၍ ၎င်းတို့ထံတွင် ဝန်ခံထွက်ဆိုခြင်းနှင့် ပတ်သက်၍ အကာအကွယ် ပေးထားသည်။ ဤအကြောင်းအရာနှင့် ပတ်သက်၍ ထပ်မံ သုတေသန လုပ်ရန် လိုအပ်သည်။

အချို့သော နိုင်ငံများတွင် စွပ်စွဲခံရသူ တရားခံက အချုပ်အတွင်းရှိ အခြားသော အချုပ်သားများထံသို့ ဖွင့်ဟဝန်ခံဖွယ်ရှိသော အကြောင်းရပ်များအပေါ်တွင် အားပြုကြသည်။ ယင်းအချုပ်ခန်းအတွင်း ဝန်ခံခြင်းများ၏ ကိုးစားနိုင်မှုကို ချေဖျက်ရန်အတွက် အချက်အလက်များ ရရှိနိုင်သည်။ (တရားခံမှ အချုပ်ခန်းအတွင်းရှိ အခန်းဖော်သို့ ဝန်ခံနိုင်ဖွယ်ရှိသောအကြောင်း)

တရားရုံးပြင်ပ ဝန်ခံခြင်းများသည်လည်း တရားရုံးတွင်း ဝန်ခံချက်များကဲ့သို့ပင် ဖြစ်သည့်အတွက် ၎င်းတို့ကို အခြေပြု၍ တရားခံအား ဖမ်းဆီးချုပ်နှောင်ခြင်း မပြုနိုင်ပေ။ သက်သေခံ ဥပဒေပုဒ်မ ၃၀ ၏ ဝန်ခံဖြောင့်ချက်ပေးခြင်းများသည် ကျူးလွန်သောအဖြစ်အပျက်နှင့် ပတ်သက်၍ အပြီးသတ် ကောက်ချက်ချစေနိုင်မည့် သက်သေခံ မဟုတ်စေရ။ သို့သော် ၎င်းတို့မှာ ငြင်းဆိုခွင့် မရှိသည့်

အကြောင်းများအဖြစ် အသုံးဝင်သည်။ ပြစ်မှုကျူးလွန်ခြင်းအား တရားလိုမှ သီးခြားဖြစ်သော သက်သေအထောက်အထားကို တင်ပြရမည်။

## ရဲထံ ဝန်ခံထွက်ဆိုခြင်းသည် တရားစွဲဆိုသောအမှုအတွက် ဝန်ခံချက် မမြောက်ခြင်း

ရဲထံဝန်ခံခြင်းအား အမှုကို စစ်ဆေးနေစဉ်ကာလအတွင်း တင်သွင်းခြင်း မပြုနိုင်ကြောင်း ရှင်းလင်းစွာ တင်ပြထားသည်။

- "ရဲထံ ပေးသော ဖြောင့်ချက်ကို ပြစ်မှု တစ်ခုခု ကျူးလွန်သည်ဟု စွပ်စွဲခြင်း ခံရသူပေါ်၌ သက်သေထင်ရှား တင်ပြခြင်း မပြုရ" သက်သေခံဥပဒေပုဒ်မ ၂၅
- ရဲမှ သက်သေဖြစ်လာနိုင်သမျှ တစ်ဦးတစ်ယောက်ထံမှ အစစ်ခံချက်ကို ရယူနိုင်သည်။ သို့ရာတွင် ၎င်း အစစ်ခံချက် အတွက် အစစ်ခံသူထံ လက်မှတ်ရေးထိုးရန် တောင်းဆိုခွင့် မရှိစေရ။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ၁၆၂ (၁)
- ဒေါ်စက်ရီ ပါ (၂) နှင့် ပြည်ထောင်စု ၁၉၄၈ BLR ၁၉၅

## ခြွင်းချက်။ ။ တပ်ရဲများ

ဥပဒေအကျိုးဆောင်များသည် မိမိအမှုသည်များမှ တပ်ရဲများထံသို့ ထွက်ဆိုထားသော အကြောင်းအရာများကို ရင်ဆိုင်ဖြေရှင်းရတတ်ပါသည်။ စစ်တပ်မှ ထိန်းချုပ်ထားသော ကာလအတွင်း ပြဋ္ဌာန်းထားသော ဥပဒေများသည်လည်း ယခင်ရှိနှင့်ပြီး ဖြစ်သော ဥပဒေများကို ပြောင်းလဲ စေနိုင်ခြင်းကြောင့် ဤဥပဒေများသည်လည်း တရားခွင်တွင် စပ်ဆိုင်ခြင်း မရှိနိုင်ချေ။ ဥပဒေ အကျိုးဆောင်များအနေဖြင့်လည်း ယင်းကဲ့သို့သော ထွက်ဆိုချက်များ၏ ကိုးစားနိုင်မှုနှင့် တိကျမှုတို့ကို တရားခွင်တွင် ဖြောင့်ချက်ပေးခြင်း ကဏ္ဍတွင် ဆွေးနွေးခဲ့သော အချက်များကို ကိုးကားအသုံးပြု၍ ချေဖျက်နိုင်သည်။ ဥပဒေ အကျိုးဆောင်များအနေဖြင့် စစ်အုပ်ချုပ်ရေး ကာလအတွင်း ပြုလုပ်ခဲ့သော တရားစီရင်ချက်များသည် ဥပဒေအရ တရားမဝင်ကြောင်း နှင့် ခေတ်သစ်တရားရုံးများတွင် ဒီမိုကရေစီကာလအတွင်း သတ်မှတ်ပြဋ္ဌာန်းခဲ့သော စီရင်ထုံးများအပေါ်တွင်သာ အားပြုသင့်ကြောင်း ဆိုသည့်အချက်ကို စဉ်းစားကြသင့်သည်။

အစဉ်အလာအားဖြင့် တပ်ရဲမှ ရယူသော အစစ်ခံချက်များသည်လည်း သာမန် ရဲတပ်ဖွဲ့မှ ရယူသော အစစ်ခံချက်များနှင့် အလားတူပင် ဖြစ်သည်။

- See *Sobika Rahman*; မောင်ထွန်းတင်နှင့်ပြည်ထောင်စုမြန်မာနိုင်ငံ၊၁၉၆၅မတစ (ရုံးချုပ်) ၁၈၅။[*Maung Tun Tin* v. *Union of Burma*, 1965 BLR (CC) 185];
  မောင်သိန်းနှင့်ပြည်ထောင်စုမြန်မာနိုင်ငံ၊၁၉၆၆မတစ (ရုံးချုပ်) ၁၅၈။[*Maung Thein* v. *Union of Burma*, 1966 BLR (CC) 158]; မောင်သိန်းနှင့်ပြည်ထောင်စုမြန်မာနိုင်ငံ၊၁၉၇၃မတစ (ရုံးချုပ်) ၂၄။[*Maung Than* v. *Union of Burma*, 1973 BLR (CC) 24];
  ဦးမင်းနှင့်ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊၁၉၇၇မတစ (ဗဟို) ၂၂။[*U Min* v. *Socialist Republic of the Union of Burma*, 1977 BLR (CC) 22];
  မောင်ကိုးနီနှင့်ပြည်ထောင်စဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊၁၉၈၀မတစ(ဗဟို)၇။[*Maung Ko Ni* v. *Socialist Republic of the Union of Burma*, 1980 BLR (CC) 7];
  ဦးစိန်ထွန်းနှင့်ပြည်ထောင်စဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊၁၉၈၀မတစ (ဗဟို) ၁၃။[*U Sein Tun* v. *Socialist Republic of the Union of Burma*, 1980 BLR (CC) 13];

မောင်တင့်ဆွေနှင့်ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊၁၉၈၀မတစ (ဗဟို) ၂၀။[*Maung Tint Swe* v. *Socialist Republic of the Union of Burma*, 1980BLR(CC)20];and,မောင်စိုးမြင့်နှင့်ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊၁၉၈၁မတစ(ဗဟို)၂၈။[*Maung Soe Myint* v. *Socialist Republic of the Union of Burma*, 1981 BLR (CC) 28].

ဤစည်းမျဉ်းကို စစ်အုပ်ချုပ်ရေးကာလအတွင်းတွင် ပြောင်းလဲခဲ့ပုံရသည်။ ပြည်ထောင်စု နှင့် ဦးရဲနောင် (ပါ - ၁) ၁၉၉၁ MLR (SC) ၆၃ တွင် တပ်ရဲသို့ ထွက်ဆိုထားသော အချက်မှာ မိမိဆန္ဒကို ဆန့်ကျင်လျက် ထွက်ဆိုခြင်း မဟုတ်ဟု သုံးသပ်ပြီး တပ်ရဲ၏ စစ်ချက်မှတ်တမ်းကို ထည့်သွင်း စဉ်းစား သုံးသပ်ခွင့် ပြုခဲ့သည်။

- ဒုရဲမှူးလှမြင့်နှင့်ဦးအေးကြူ (ခ) မုံရွာအောင်ရှင်ပါ၅၊၂၀၀၀၊ပြစ်မှုကြီးမှုအမှတ်၂၃-၂၄၊ရန်ကုန်တိုင်းတရားရုံး၊၂၀၀၀ပြည့်နှစ်၊ဒီဇင်ဘာလ၁၄ရက်၊တွဲဖက်တိုင်းတရားသူကြီးဘကျော်။[*Police Captain Hla Myint* v. *U Aye Kyu* (a) *Monywa Aung Shin & 4*, 2000 Criminal Case Nos. 23 & 24, Yangon Divisional Court, 14 Dec. 2000, Additional Divisional Judge Ba Kyaw.] ဒုရဲမှူးရဲညွန့်နှင့်ဦးအောင်ကြီးပါ၃၊၂၀၀၃၊ပြစ်မှုကြီးမှုအမှတ်၁၃၄၇၊ဒဂုံသစ် (တောင်ပိုင်း) မြို့နယ်တရားရုံး

ရှေ့နေများအနေဖြင့် ၎င်းကဲ့သို့သော စစ်ချက်မှတ်တမ်းများကို တရားခံအတွက် ဆန့်ကျင်ဘက်ဖြစ်သော တခုတည်းသော သက်သေအဖြစ် ရှိခြင်းအား စိန်ခေါ်ချေဖျက်သင့်သည်။ (တရားရုံးချုပ် တရားသူကြီးတစ်ပါး .... ဆုံးဖြတ်ချက် ဦးတင်ငွေ၊ ဒေါ်မြမြဝင်း (ခ) ဒေါ်သန်းဝင်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် ၂၀၀၆) စီရင်ထုံး SC ၁)

ရဲစစ်ချက်မှတ်တမ်းမှ ဖယ်ထုတ်နိုင်သော အခြားခြွင်းချက်များ

- ရွာသူကြီး နှင့် ကျေးရွာ အက်ဥပဒေအရ ဖွဲ့စည်းခန့်အပ်ထားသော ကျေးလက်လုံခြုံရေး အဖွဲ့ဝင်များမှာ ရဲတပ်ဖွဲ့ဝင်များ မဟုတ်ကြပါ။ သက်သေခံဥပဒေပုဒ်မ ၂၅
- အကောက်ခွန် ဦးစီးဌာနမှ ခန့်အပ်ထားသော လုံခြုံရေး ဝန်ထမ်းများမှာလည်း ရဲတပ်ဖွဲ့ဝင်များ မဟုတ်ကြပါ။ (စုလတန် အာမက် နှင့် ပြည်ထောင်စု ၁၉၅၈ - BLR ၂၂၆)
- သစ်တောဦးစီးဌာနဝန်ထမ်းများသည် ရဲဝန်ထမ်းများ မဟုတ်ကြပါ။ နိုင်ငံတော် နှင့် ရဲမြင့် - ပြစ်မှု အယူခံ ၄၇၈/၉၆ (၄-၃-၉၈) တရားရုံးချုပ် (ရန်ကုန်)

## ရဲစစ်ချက် မှတ်တမ်းအား အသုံးချနိုင်သော နည်းလမ်းများ

မယုံကြည်နိုင်ဖွယ် မရှိကြောင်း စွပ်စွဲပြစ်တင်ခြင်း။ ။ ဂရုပြုရမည့် အချက်တစ်ခုမှာ တရားခံအနေဖြင့် မိမိကိုယ်တိုင် သက်သေအဖြစ် အစစ်ခံထွက်ဆိုရန် ရွေးချယ်ခဲ့လျှင် ၎င်းတရားခံအား (သို့ရာတွင် တရားခံအဖြစ် မဟုတ်ဘဲ) ရဲစစ်ချက်မှတ်တမ်းကို အသုံးပြု၍ စွပ်စွဲ ပြစ်တင်နိုင်သည်။ ဤနေရာ၌တွင်မူ ပြစ်မှု ကျူးလွန်ကြောင်း မဟုတ်သည့် ထွက်ဆိုချက်များအတွက်သာ အကျုံးဝင်ဖွယ် ရှိသည်။ ၎င်းကြောင်းကျိုး မညီညွတ်ဖွယ် ရှိသည့် အခြေအနေကို ဖြေရှင်း၍ ရသည်။ အဘယ့်အကြောင့်ဆိုသော် သက်သေခံ ဥပဒေ ပုဒ်မ ၁၆၂ ကို လွှမ်းမိုးသောကြောင့် ဖြစ်သည်။

- ပြစ်မှုကျင့်ထုံး - ပုဒ်မ ၁၆၂
- ဘိုလန်း အမှုတွဲ ၁၉၄၇ ရန်ကုန် ၃၇၉ - ၃၈၀
- ဦးချစ်အောင်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် ၁၉၇၀ အယူခံမင အမှတ် ၄၀ - မန္တလေး (အကယ်၍ တရားခံက မိမိကိုယ်တိုင် သက်သေအဖြစ် အစစ်ခံလျှင် တရားလိုဘက်မှ ရဲစစ်ချက်မှတ်တမ်း နှင့်

ပတ်သက်၍ မေးမြန်းနိုင်သည်။ သို့ရာတွင် တရားခံမှ ဖြောင့်ချက်ပေးသည်ဟု ရှုမြင်ရသော ရဲစစ်ချက်မှတ်တမ်းများနှင့် ပတ်သက်၍ စစ်မေးခြင်း မပြုနိုင်ချေ။ )

အထက်တွင် ဖော်ပြခဲ့သော တရားဥပဒေနှင့် ညီညွတ်ခြင်း မရှိသော ဖမ်းဆီးမှုများ၊ မိမိသဘောအလျောက် မဟုတ်ခြင်း နှင့် ယုံကြည်နိုင်လောက်မှု မရှိခြင်းတို့အပေါ် အခြေခံပြု၍ တရားခံ အကျိုးဆောင်ရှေ့နေအနေဖြင့် ရဲစစ်ချက်မှတ်တမ်းကို ထည့်သွင်း စဉ်းစားသုံးသပ်ခြင်းအား ချေဖျက်ရန်အတွက် သက်သေခံအား စွပ်စွဲပြစ်တင်ရာ၌ပင် ပြင်ဆင်ထားရမည်။ (သက်သေခံဥပဒေပုဒ်မ ၂၄)

တဆင့်ခံသက်သေ: အထက်တွင် ဆွေးနွေးတင်ပြသကဲ့သို့ တရားဥပဒေ နှင့် မညီညွတ်သော ဖြောင့်ချက်များနှင့် ပတ်သက်၍ ရဲထံပေးသော ဖြောင့်ချက်များကို သုံး၍ သက်သေ အထောက်အထားများကို ဆက်လက်၍ ထပ်မံရယူနိုင်ပြီး ပူးတွဲ တရားခံများကိုလည်း ဖမ်းဆီးနိုင်သည်။ သက်သေခံဥပဒေ ၂၇

## တရားခံအကျိုးဆောင်ရှေ့နေများသည် ရှာဖွေပုံစံအား မလျော်မကန် အသုံးပြုမှုကို ချေဖျက်ရခြင်း

တရားခံအကျိုးဆောင် ရှေ့နေများသည် တရားခွင်တွင် ပိုင်ဆိုင်ခြင်း/ရည်ရွယ်ချက် သို့မဟုတ် အခြား အပြစ်ရှိကြောင်း ဝန်ခံသည့် ထွက်ဆိုချက်များအဖြစ် တင်ပြလာသော ရှာဖွေပုံစံများတွင် ပါဝင်သော ထွက်ဆိုချက်များအား စဉ်းစားသုံးသပ်ခြင်းကို ဆန့်ကျင်ချေဖျက်ရမည်။ မူးယစ်ဆေးဝါးမှုများတွင် ဤအချက်သည် အထူးသဖြင့် ပြဿနာတရပ် ဖြစ်သည်။

ပြစ်မှုကျင့်ထုံးဥပဒေ ပုဒ်မ ၁၀၃ အရ ပြစ်မှုကျူးလွန်သည်ဟု သံသယ ရှိခြင်း ခံရသော သူများမှာ ရဲမှ ဖန်တီးထားသော ရှာဖွေ ပုံစံတွင် လက်မှတ်ထိုးရန် အတင်းအကြပ် တိုက်တွန်းခြင်း ခံရသည်။ ဤပြဋ္ဌာန်းချက်ပါ ဘာသာစကား အသုံးအနှုန်းသည် တရားခွင်၌ တရားခံအား ဒုက္ခရောက်စေသည်။ အကြောင်းမှာ ၎င်းပြဋ္ဌာန်းချက်အရ တရားခံအနေဖြင့် လက်မှတ်ရေးထိုးစေရမည့်အပြင် မှန်ကန်ပါကြောင်း သိရှိသည့်အနေဖြင့် လက်မှတ်ရေးထိုးရသည်ဟု မှတ်ယူထိုက်သည့် အခြေအနေတွင် ရှိသောကြောင့် ဖြစ်သည်။

တရားခံ အကျိုးဆောင် ရှေ့နေများသည် ၎င်းစာရွက် စာတမ်းများကို လက်မှတ်ရေးထိုးခြင်းနှင့် ပတ်သက်သည့် လုပ်ထုံးလုပ်နည်းနှင့် မိမိဆန္ဒအလျောက် လက်မှတ်ရေးထိုးခြင်း ရှိ၊မရှိဟူသော အချက်များအပြင် ၎င်း လက်မှတ်ရေးထိုးခြင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များအပေါ် ခုခံ ချေဖျက်ရန်အတွက် ပြင်ဆင်ထားရမည်။

- လက်မှတ်ရေးထိုးထားသော အစစ်ခံချက်သည် ဥပဒေအရ သက်သေခံအဖြစ် တင်သွင်း၍ မရနိုင်ချေ။ ရှာဖွေပုံစံတွင် လက်မှတ်ရေးထိုးသည့် ရဲထံ ဝန်ခံဖြောင့်ချက်ပေးခြင်း နှင့် အတူတူပင် ဖြစ်သည်။ ရဲထံ ထွက်ဆိုသော ဖြောင့်ချက်မှာ စပ်ဆိုင်မှု မရှိသည့်အပြင် သက်သေခံ မဝင်ပေ။ ဤအချက်မှာကား အကောင်းဆုံးဖြစ်သည်။ အဘယ့်အကြောင့်ဆိုသော် ဤအချက်က တရားသူကြီးအား ရဲထွက်ချက်ကို ပါယ်ချရန် သို့မဟုတ် ရဲမှ တရားဥပဒေနှင့် မလျော်ညီစွာ ပြုမူဆောင်ရွက်ခဲ့သောအချက်ကို ရှာဖွေရန် တောင်းဆိုခြင်း မပြုသောကြောင့် ဖြစ်သည်။
- ရဲမှ သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကတိပေးခြင်းအားဖြင့် တရားခံအား ရှာဖွေပုံစံတွင် လက်မှတ်ရေးထိုးစေခြင်း။ ဤလျှောက်လဲချက်အတွက် တရားခံ သို့မဟုတ် တရားခံပြ သက်သေများမှ ထွက်ဆို အစစ်ခံရန် လိုအပ်ပြီး တရားသူကြီးအား ၎င်းတို့သည် ရဲထက် ပိုမို ယုံကြည်ထိုက်ကြောင်း သိမြင်လာနိုင်စေရန် လိုအပ်သည်။ ယင်းကဲ့သို့ ဆောင်ရွက်မှုမှာ အောင်မြင်ရန် အလားအလာ နည်းပါးသည်။ တရားခံ အကျိုးဆောင်ရှေ့နေအနေဖြင့် "ဥပဒေအရ သက်သေခံအဖြစ် တင်သွင်းခြင်း

မပြုထိုက်" ဟူသော အချက်အား မထိခိုက်စေရန် အတွက် အထက်ပါကဲ့သို့ လျှောက်လဲခြင်း ပြုသင့်၊ မပြုသင့် ဆုံးဖြတ်ရမည်။ သက်သေခံဥပဒေပုဒ်မ ၂၄

- ရဲများမှ လုပ်ထုံးလုပ်နည်းအတိုင်း မဆောင်ရွက်သဖြင့် ရှာဖွေပုံစံတွင် အားနည်းချက်များ ရှိနေခြင်း။ တရားခံအကျိုးဆောင် ရှေ့နေအနေဖြင့် ရှာဖွေပုံစံ၏ တရားဥပဒေ အကြောင်းနှင့် ညီညွတ်မှု ရှိ၊မရှိအား အစစ်ခံကြမည့် ရှာဖွေပုံစံ သက်သေများအား ချေဖျက်ရန် စဉ်းစားနိုင်သည်။ ၎င်းသက်သေများမှာ ရဲတပ်ဖွဲ့မှ အကြိမ်ကြိမ် သက်သေအဖြစ် ခေါ်ယူအသုံးပြုခြင်းကြောင့် ၎င်းတို့မှာ ရဲတပ်ဖွဲ့၏ လွှမ်းမိုးမှု အောက်တွင် ရှိနေနိုင် သည်။

သတိပေးချက်။ ။ ရှေ့နေသို့ ပြောသော အကြောင်းအရာများသည် လျှို့ဝှက်ထိန်းသိမ်းရမည့် အရာများ ဖြစ်ပြီး ဖြောင့်ချက်များအဖြစ် တင်သွင်း၍ မရပါ။

- ပြစ်မှုကျင့်ထုံးဥပဒေပုဒ်မ ၁၂၆ ပါဝင်သော ပြဋ္ဌာန်းချက်များအရ ရှေ့နေနှင့် ၎င်း၏ အမှုသည်ကြား ပြောဆို ဆက်သွယ်ကြသော အကြောင်းအရာများ စာရွက်စာတမ်းများနှင့် ပတ်သက်၍ လျှို့ဝှက်ထိန်းသိမ်းရန် (ဥပဒေအရ အပ်နှင်းထားသော အခွင့်အရေးဖြစ်သည့်) ဝတ္တရား ရှိသည်။ အမှုနှင့်ပတ်သက်၍ အမှန်အတိုင်း ဖွင့်ပြောရာတွင် လည်း အခြား ရာဇဝတ်မှု တစ်ခုကို ဆက်လက်ကျူးလွန်ရန်အတွက်လည်းကောင်း သို့မဟုတ် ရာဇဝတ်မှု ကျူးလွန်သူကို တွေ့ရှိခြင်းအားလည်းကောင်း သို့မဟုတ် လိမ်လည်ခြင်းအား လည်းကောင်း အကာအကွယ် မပေးပါ။ လူတစ်ဦးတစ်ယောက် ရာဇဝတ်မှု ကျူးလွန်ခြင်းကို မိမိအမှုသည် ဖြစ်သောကြောင့် အကာအကွယ် ပေးခြင်း သည် အပြစ်ကျူးလွန်ခြင်းမဟုတ်။ ထို့ကြောင့် အမှုသည်မှ မိမိရှေ့နေထံသို့ ဝန်ခံပြောဆိုခြင်းအား အကာအကွယ် ပေးထားသည်။
- ပြစ်မှုကျင့်ထုံးဥပဒေ ပုဒ်မ ၁၂၇ သည် ပုဒ်မ ၁၂၆ ပါ လျှို့ဝှက်ထိန်းသိမ်းအပ်သော အကြောင်းနှင့် ပတ်သက်၍ အဓိပ္ပာယ် ဖွင့်ဆိုသူများနှင့် စာရေးများ၊ ရှေ့နေ၏ ဝန်ထမ်းများကိုပါ အကာအကွယ် ပေးထားသည်။ ရှေ့နေ၏ လျှို့ဝှက်တတ်သော အကြောင်းအရာများကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပတ်သက်သော ဝတ္တရားဆိုင်ရာ အခွင့်အရေးများ နှင့် ရှေ့နေ၏ တာဝန် အပိုင်းကို ကြည့်ပါ။

## တရားရုံး၌ ပေးသော ဖြောင့်ချက်များ

တရားသူကြီးရှေ့၌ ပေးသော ဖြောင့်ချက်များမှာ ပြစ်မှုကျင့်ထုံးဥပဒေပုဒ်မ ၁၆၄ ပါ ပြဋ္ဌာန်းချက်များအရ တရားခံက ထွက်ဆိုသော ဖြောင့်ချက်များ ဖြစ်သည်။ တရားခံဘက်မှ လိုက်ပါဆောင်ရွက်သော ရှေ့နေ၏ ဆောင်ရွက်ချက် အများစုမှာ မိမိအမှုသည် တရားခံမှ ဝန်ခံထွက်ဆိုသည်ဟု ယူဆရသော ဖြောင့်ချက်များနှင့်ပတ်သက်သည့် ၎င်းတို့အား သက်သေခံအဖြစ်မှ ပယ်ဖျက်စေခြင်း၊ ယုတ္တိမတန်ကြောင်း တင်ပြရန် ကြိုးစားခြင်းများ ဖြစ်သည်။ ဤနောက်ပိုင်းအခန်းတွင် ကျွန်ုပ်တို့မှ ဖြောင့်ချက်ပေး ဝန်ခံခြင်းများကို မည်သို့ ပြုလုပ်ပြီး မည်သို့ အသုံးပြုကြသည်ကို ဆွေးနွေးကြမည် ဖြစ်ပြီး ၎င်းတို့အား မည်ကဲ့သို့ ချေဖျက်နိုင်မည်ကို စဉ်းစားကြမည် ဖြစ်သည်။

ဝန်ခံဖြောင့်ချက်ပေးခြင်း နှင့် ပတ်သက်၍ အကောင်းဆုံး ခုခံမှုမှာ အစကနဦးကတည်းက ဝန်ခံခြင်း မရှိစေရန် တားမြစ်ခြင်း ပင် ဖြစ်သည်။ ၎င်းအကြောင်းအရာကြောင့်ပင်လျှင် တရားခံဘက်မှ လိုက်ပါဆောင်ရွက်သော ဥပဒေ အကျိုးဆောင်များ အနေဖြင့် တတ်နိုင်သမျှ ဆောင်လျင်စွာပင် မိမိ အမှုသည်အတွက် အမှု၏ အစောပိုင်းကာလတွင် လိုက်ပါ ဆောင်ရွက်နိုင်ပြီး တရားခံအား ဖြောင့်ချက်ပေးခြင်းကို တားဆီးနိုင်ရန်အတွက် အလွန်အရေးကြီးသည်။ ဝန်ခံဖြောင့်ချက် ပေးပြီးပါက ၎င်းဖြောင့်ချက်ကို ချေဖျက်ရုပ်သိမ်းရန် အလွန်တရာ ခက်ခဲလှသည်။

## ဝန်ခံထွက်ဆိုခြင်းများနှင့် ပတ်သက်သော လျှောက်လဲချက်များ

အောက်တွင် ဖော်ပြထားသည်မှာ တရားခံမှ ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံထွက်ဆိုသည်ဟု ယူဆရသော အကြောင်း အရာများကို ပါယ်ဖျက်နိုင်စေရန်အတွက် ဥပဒေရေးရာ အကြောင်းခြင်းရာအားဖြင့်ပါ ဆန့်ကျင်လျှောက်လဲနိုင်သော နည်းလမ်းများ ဖြစ်ကြသည်။

## ၁။ တရားဥပဒေနှင့်အညီ မဟုတ်သော ဖမ်းဆီးခြင်း သို့မဟုတ် ချုပ်နှောင်ခြင်းမှ ဖြစ်ပေါ်လာသော ဝန်ခံဖြောင့်ချက်ပေးခြင်း

မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံ ဥပဒေနှင့် ဥပဒေ ပြဋ္ဌာန်းချက်များက တရားခံအား ဥပဒေနှင့် မညီညွတ်သော ဖမ်းဆီးခြင်း သို့မဟုတ် ချုပ်နှောင်ခြင်းများ မပြုနိုင်ရန် အကာအကွယ် ပေးထားသည်။ တကမ္ဘာလုံးအတိုင်းအတာ စံသတ်မှတ်ချက်နှင့် ဆိုလျှင် တရားခံတဦးအား တရားဥပဒေနှင့် မညီညွတ်သော ရှာဖွေဖမ်းဆီး ထိန်းသိမ်းခြင်းများမပြုလုပ်နိုင်ရန် အကာအကွယ် ပေးထားသည်။၎င်းမှ တဆင့် ဖြစ်ပေါ်လာသော သက်သေအထောက်အထားများမှာလည်း တရားမဝင်ပါ။ မြန်မာဥပဒေ (သက်သေခံဥပဒေပုဒ်မ ၂၇) က တရားဥပဒေနှင့် မညီညွတ်သော ဝန်ခံထွက်ဆိုခြင်းမှ ပေါ်ထွက်လာသော သက်သေ အထောက်အထားများကို စဉ်းစားသုံးသပ်ရန် ခွင့်ပြုထားသော်ငြားလည်း တရားဥပဒေနှင့် မညီညွတ်သော ဖမ်းဆီးခြင်းမှ ဖြစ်ပေါ်လာသော တရားဥပဒေကြောင်းအရ ပေးသည့် ဝန်ခံဖြောင့်ချက်များကို အကာအကွယ်ပေးသည့် အပြိုင်ပြဋ္ဌာန်းချက် များ ရှိဟန် မတူချေ။ တရားခံအကျိုးဆောင် ရှေ့နေများသည် ယင်းအတွက်ကြောင့်ပင် ဖမ်းဆီးထိန်းသိမ်းခြင်းမှာ တရားဥပဒေနှင့် မညီညွတ်သောကြောင့် ဝန်ခံဖြောင့်ချက်မှာလည်း တရားဥပဒေနှင့်အညီ ရယူထားခြင်း မဟုတ်ကြောင်း ထုချေလျှောက်လဲရမည်။

- ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၅၇
- ပြစ်မှုကျင့်ထုံး ဥပဒေပုဒ်မ ၄၆-၈၆ ဖမ်းဆီးခြင်းနှင့် ပတ်သက်သည့်အပိုင်း
- ပြစ်မှုကျင့်ထုံး ဥပဒေပုဒ်မ ၉၆ - ၁၀၃ ရှာဖွေဝရမ်း နှင့် ပတ်သက်သည့်အပိုင်း
- ပြစ်မှုကျင့်ထုံး ဥပဒေပုဒ်မ ၁၆၁ (၂) မိမိအား ပြစ်မှုကြောင်းအရ တရားစွဲဆိုခြင်း ဖြစ်စေမည့် မေးခွန်းများအား ဖြေဆိုရန် တာဝန်မရှိခြင်း

ဤသို့လျှောက်လဲရာတွင် မြန်မာရှေ့နေများအနေဖြင့် ရဲတပ်ဖွဲ့၏ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို မလိုက်နာ ခြင်း သို့မဟုတ် ဖမ်းဆီးချုပ်နှောင်ခြင်း ပတ်သက်သော ဥပဒေများကို မလိုက်နာခြင်းများကို အကြောင်းပြ လျှောက်လဲရမည် ဖြစ်ပြီး တရားခံမှ နောက်ဆက်တွဲ ပြောကြားသော စစ်ချက် မှတ်တမ်းများကိုလည်း တရားမဝင်ကြောင်း မိမိဆန္ဒအလျောက် ဖြောင့်ချက်ပေးခြင်း မဟုတ်ကြောင်းများကို ထင်ရှားအောင် ပြသရမည်။ (အောက်တွင် ကြည့်ပါ။) လိုလားအပ်သော ကုစားနိုင်သည့် နည်းလမ်းမှာ တင်သွင်းလာသော စစ်ချက်များကို ပယ်ဖျက်စေခြင်း ဖြစ်သည်။ တရားဥပဒေနှင့် မညီညွတ် သော ရှာဖွေသိမ်းဆည်းခြင်းများမှ လွတ်လပ်ခွင့်ကို ကိုးကားပါ။ (အထက်ပါ ပစ္စည်းသက်သေနှင့် ပတ်သက်သော အပိုင်းကို ကြည့်ပါ။)

ကမ္ဘာလုံးဆိုင်ရာစံ။ ။

- ICCPR ပုဒ်မ ၉(၁)။ ။ မည်သူမဆို မိမိ၏ လွတ်လပ်ခွင့်နှင့် လုံခြုံရေးနှင့် ပတ်သက်၍ အခွင့်အရေး ရှိသည်။ မည်သူ့ကိုမျှ တရားလက်လွတ် စိတ်ထင်သလို ဖမ်းဆီးချုပ်နှောင်ခြင်း မပြုရ။ မည်သူ့ကိုမျှ

၎င်းလွတ်လပ်ခွင့်နှင့် ပတ်သက်၍ ပြဋ္ဌာန်းထားသော ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်သော အကြောင်းပြချက်များမှတပါး ၎င်း၏ လွတ်လပ်ခွင့်ကို မဆုံးရှုံးစေရ။

## ၂။ ဆန္ဒအလျောက်မဟုတ်ဘဲ ပေးသော ဝန်ခံချက်

မြန်မာနိုင်ငံတွင် ဥပဒေအရ မိမိသဘောအလျောက် မဟုတ်ဘဲ ပေးသော ထွက်ဆိုချက်များကို အသုံးပြု၍ မရပါ။ မိမိသဘာအလျှောက် မဟုတ်ဘဲ ပေးသော ထွက်ဆိုချက် ဆိုရာတွင် ညှဉ်းပမ်းနှိပ်စက်ခြင်းကြောင့်သော်လည်းကောင်း မလျော်ကန်သော သွေးဆောင် ဖြားယောင်းခြင်းဖြင့် သော်လည်းကောင်း၊ ခြိမ်းခြောက်ခြင်းဖြင့် သော်လည်းကောင်း၊ ကတိစကားအားဖြင့်သော်လည်းကောင်း ပေးသော ထွက်ဆိုချက်များ ပါဝင်သည်။

မိမိဆန္ဒအလျောက် ထွက်ဆိုခြင်း မဟုတ်သော ဖြောင့်ချက်သည် စပ်ဆိုင်မှု မရှိသလို သက်သေခံ မဝင်ပါ။

- သက်သေခံဥပဒေ ပုဒ်မ ၂၄ အရ ပြစ်မှုဆိုင်ရာ အမှုတစ်ခုတွင် တရားခံတဦးကပေးသော ဖြောင့်ချက်သည် ခြိမ်းခြောက်ခြင်း သို့မဟုတ် ကတိပေးခြင်းကြောင့် ဖြစ်ရမည်ဟုလည်းကောင်း ယင်းသို့ သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကတိပေးခြင်းတို့သည် တရားခံအပေါ် အရေးယူထားသော စွဲချက်ကို ရည်ညွှန်းကြောင်း အခွင့်အာဏာရှိသူ တစ်ဦးထံမှ ထွက်ပေါ်လာကြောင်း၊ ထိုသို့ ဖြောင့်ချက်ပေးလျှင် တရားခံ၌ အမှုနှင့် စပ်လျဉ်း၍ အကျိုးတစုံတရာ ခံစားရမည် သို့မဟုတ် ယခုဘဝမှာပင် ဆိုးကျိုးတခုခုကို တိမ်းရှောင်နိုင်မည်ဟု တရားခံက ယုံကြည်လောက်အောင် အကြောင်းခိုင်လုံသည်ဟု တရားရုံးက ထင်မြင်ဖွယ် ရှိကြောင်းကို လည်းကောင်း၊ တရားရုံးက တွေ့ရှိရလျှင် ထိုဖြောင့်ချက်သည် မစပ်ဆိုင်ချေ။
- *မောင်တင်ရွှေ ပါ (၂) နှင့် ပြည်ထောင်စု ၁၉၆၀ BLR ၁၂၅*

ဤအချက်သည် နိုင်ငံတကာ စံသတ်မှတ်ချက်များနှင့်လည်း ကိုက်ညီသည်။

- နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊ အပိုဒ် ၁၄(၃)(ဆ) အပြစ်ကို အတင်းအကြပ် ဝန်ခံ စေခြင်း သို့မဟုတ် မိမိကိုယ်တိုင် ဆန့်ကျင်ထွက်ဆိုချက်မျိုး အတင်းအကြပ်ပေးစေခြင်း မပြုလုပ်ရ။
- နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် အပိုဒ် (၇) မည်သည့်ပုဂ္ဂိုလ်ကိုမျှ မနှိပ်စက်ရ။ လူမဆန်သော သို့မဟုတ် လူ့ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသော ဆက်ဆံမှုမျိုးကိုသော်လည်းကောင်း၊ အပြစ်ပေးမှု သော်လည်းကောင်း၊ မပြုလုပ်ရ။

ရဲမှ ညှဉ်းပမ်းနှိပ်စက်သောကြောင့် ပေးရသော ဖြောင့်ချက်သည် နောက်ပိုင်းတွင် တရားရုံး၌ ပေးသော ဖြောင့်ချက်အားလည်း တရားမဝင် ဖြစ်စေခြင်း

ညှဉ်းပမ်းနှိပ်စက်မှုရှိကြောင်း စွပ်စွဲမှုများ ရှိလာပါက ၎င်းအခြင်းအရာများသည် အငြင်းပွားဖွယ် အကျိုးဆက်များ ရှိခြင်းကြောင့် ၎င်းတို့အား စုံစမ်းစစ်ဆေး၍ သေချာကျနစွာ တည်ဆောက်သင့်သည်။ သမိုင်းတလျှောက် အသုံးပြုခဲ့ကြသည့် စည်းမျဉ်းတခုမှာ ညှမ်းပမ်းမှုကြောင့် ဝန်ခံထွက်ဆိုရသည်ဟူသော အကြောင်းအရာကို စတင်ဖော်ထုတ်လာသည်နှင့် တပြိုင်နက် တရားလိုဘက်မှ ဆန့်ကျင်ချေပလှဲရန် လိုအပ်ခြင်း ဖြစ်သည်။ သက်သေပြရန် တာဝန်ကို တရားခံအပေါ် သက်ရောက်ခဲ့စေသော တရားရုံး ဆုံးဖြတ်ချက်များမှာ စစ်အာဏာရှင်ခေတ်က ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်သောကြောင့် ဥပဒေ စံ သတ်မှတ်ချက် နှင့် ကိုက်ညီမှု မရှိဟု မှတ်ယူသင့်သည်။

Burden of proof:

သက်သေပြရန် တာဝန်ရှိခြင်း။ ။

- ယေဘုယျအားဖြင့် တရားခံဘက်မှ ခုခံချေပသည်နှင့် တရားလိုဘက်မှ သွေးဆောင်ဖြားယောင်းခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကတိပေးခြင်းများ မရှိကြောင်း သက်သေပြရန် တာဝန်ရှိသည်။ (သက်သေခံဥပဒေပုဒ်မ ၁၀၄)
- သို့ရာတွင် ၁၉၈၉ခုနှစ်တွင် ဖြစ်ပွားခဲ့သော အမှုတစ်ခုနှင့် ပတ်သက်၍ သက်သေပြရန် တာဝန်ကို တရားခံအား ရှိစေခြင်းများ ရှိခဲ့သည်။ ပြည်ထောင်စု မြန်မာနိုင်ငံနှင့် ဦးရဲနောင်နှင့် အခြား၁ဦး ၁၉၉၁ MLK (SC) ၆၃
- ဒေါ်ရီရီ နှင့် ၃ ဦး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် ၂၀၁၆ - ပြစ်မှုဆိုင်ရာ အထူးအယူခံမှု အမှတ် ၁၉ - တရားရုံးချုပ် - ရန်ကုန် - အထူးအယူခံမှုအတွက် ခွင့်ပေးရန် လျှောက်ထားမှု ၂၀၁၆ ဇန်နဝါရီ ၂၄။ ညှဉ်းပန်းနှိပ်စက်မှုကြောင့် စွပ်စွဲချက်များကို တရားသူကြီးမှ စုံစမ်းစစ်ဆေးရမည်။
- တရားရုံးလက်စွဲ စာပိုဒ်အမှတ် ၄၇၅ ၁)
  သက်သေများကို ညှဉ်းပန်းနှိပ်စက်ခြင်း သက်သေအထောက်အထားများကို ဖန်တီးခြင်း၊ ဖျောက်ဖျက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ခြင်းအားဖြင့် ဖြောင့်ချက်များကို ခြောက်လှန့်ရယူသည်ဟု အဆိုရှိခြင်းဖြင့် ဤနိုင်ငံရှိ ရာဇဝတ်တရားရုံးများတွင် ထုချေသည့်နည်းလမ်းများကို တခါတရံ အသုံးပြုကြသဖြင့် ထိုစွပ်စွဲသည့် အဆိုများနှင့် ပတ်သက်၍ တရားရုံးများက မိမိ ထင်မြင်ချက်ကို လွတ်လပ်စွာ ထုတ်ဖော်ရန်မှာ မလွဲမရှောင်သာ ရှိသည်။ သို့သော်လည်း တရားစီရင်အုပ်ချုပ်ရေး၌ ပြည်သူ့ယုံကြည်မှုကို ရရှိရန် အလို့ငှာလည်းကောင်း ရဲအဖွဲ့ကိုလည်း ကာကွယ်စောင့်ရှောက်ရန် အလို့ငှာ လည်းကောင်း၊ ထိုကဲ့သို့သော အဆိုရှိချက်များအပေါ်တွင် တရားစီရင်မှုနှင့် ဆိုင်သည့် ဝေဖန်ချက်များကို ပြုလုပ်လျှင် သတိနှင့် ချင့်ချိန်ပြုလုပ်ရန် ရရှိသည့် သက်သေခံချက်ထက် ပိုလွန်၍ မပြုလုပ်ရန်နှင့် မေးမြန်းစုံထောက်ရန် လိုအပ်သည့်အခါတွင် သင့်လျော်လုံလောက်သော မေးမြန်းခြင်းဖြစ်နိုင်ရလေအောင် ပြုလုပ်ရန်မှာ အထူးပင် အရေးကြီးလှသည်။

## မိမိ ဆန္ဒအလျောက် မဟုတ်ခြင်းဖြစ်သော အကြောင်းအရာများသည် ညှဉ်းပမ်းနှိပ်စက်မှု သက်သက်တည်းဟူသော အကြောင်းတရား သက်သက်သာလျှင် မဖြစ်ခြင်း

ထွက်ဆိုချက်တခုသည် တရားခံအား ကိုယ်ကာယအားဖြင့် ညှဉ်းပမ်းနှိပ်စက်မှု မပြုသည့်တိုင်အောင် တရားခံ၏ ဆန္ဒ အလျောက် ပေးသော ဖြောင့်ချက် မဖြစ်နိုင်ချေ။ "မည်သည့် သွေးဆောင်ဖြားယောင်းမှုမျိုး၊ ခြိမ်းခြောက်မှုမျိုး သို့မဟုတ် ကတိစကားမျိုးကိုမဆို" ဟု ဥပဒေက ရည်ညွှန်းထားသည်။ တရားခံမှ ကြောက်ရွံ့ထိတ်လန့်ကြောင်း ပြသလျှင်ပင် လျော်ကန်သည်ဟု ၎င်းမှ အမှန်တကယ် ညှဉ်းပမ်းနှိပ်စက်ခြင်း ခံခဲ့ရကြောင်း ပြသရန် မလိုပေ။

- တစုံတဦးမှ ၎င်းသည် ရဲအား ကြောက်ရွံ့ခြင်းကြောင့် ဝန်ခံဖြောင့်ချက် ပေးခဲ့ခြင်း ဖြစ်ကြောင်း ထွက်ဆိုရာတွင် ၎င်းအနေဖြင့် ရဲအဖွဲ့မှ ၎င်းအား မလျော်ကန်စွာ ပြုမူ ဆက်ဆံခဲ့ခြင်း ဖြစ်ကြောင်း သက်သေ ထင်ရှား ပြရန် မလိုပေ။ ၎င်း၏ ကြောက်ရွံ့မှုကို လျော်ကန်သည်ဟု သတ်မှတ်သည်။ (မောင်နီ ပါ (၁) နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် ၁၉၅၂ - ဗဟိုတရားရုံး)

## ၃။ သွေးဆောင်ဖြားယောင်းခြင်းအား တားဆီးရန်အတွက် လုပ်ထုံးလုပ်နည်းများကို တရားသူကြီးမှ လိုက်နာ ဆောင်ရွက်မှု မရှိခြင်း

တရားခံ အကျိုးဆောင် ရှေ့နေသည် တရားသူကြီးက ထွက်ဆိုချက်များကို ရယူရာတွင် ပြစ်မှုကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက် များကို လိုက်နာရန် ပျက်ကွက်ခဲ့သည်ဟု ထုချေလျှောက်လဲရန် စဉ်းစားရမည်။ ထို့ကြောင့် ဖြောင့်ချက်တွင် ချို့ယွင်းချက်များ ရှိနေသည့်အတွက် စဉ်းစားသုံးသပ်ခြင်း မပြုသင့်ကြောင်းကိုလည်း ထုချေ လျှောက်လဲရမည်။ သက်သေခံဥပဒေ ပုဒ်မ ၈၀ အရ ဖြောင့်ချက်တခုအား လုပ်ထုံးလုပ်နည်းနှင့် အညီ ရယူပြီးသောအခါတွင် တရားသူကြီးအနေနှင့် တရားခွင်တွင် ၎င်းအချက်အား စစ်မှန်သည်ဟု ယူဆနိုင်ခွင့် ရှိသည်။ တရားခံရှေ့နေမှ ဖြောင့်ချက်မှာ လပ်ထုံးလုပ်နည်းနှင့် အညီ ရယူ မှတ်တမ်းတင်ခြင်း မရှိနိုင်သည့်အတွက် ၎င်းအချက်ကို စစ်မှန်သည်ဟု မယူဆနိုင်ကြောင်း ဆန့်ကျင် လျှောက်လဲရည်။ ဤ ချို့ယွင်းချက်မှာ ပြင်ဆင်၍ မရပါ။

တရားမမျှတမှုကို ဖြစ်ပေါ်စေနိုင်သည်။ တရားရုံးချုပ်က တရားခံ၏ အခွင့်အရေးများကို ကာကွယ်ရန်အတွက် ဖြောင့်ချက် ရယူခြင်းနှင့် ပတ်သက်သော တင်းကျပ်သည့် ညွှန်ကြားချက်များကို ထုတ်ပြန်ထားသည်။ Courts General Letter no. 15/1959 ကို ကြည့်ပါ။

တရားသူကြီးမှ ဖြောင့်ချက်ကို အမှန်တကယ် တရားဥပဒေနှင့်အညီ ရယူခဲ့ခြင်း မရှိဘဲ ရဲ သို့မဟုတ် အခြား ပုဂ္ဂိုလ်များမှ ပြုလုပ်ဖန်တီးလာသော ဖြောင့်ချက်ပေါ်တွင် ရာဘာတံဆိပ်တုံး နှိပ်ပေးခြင်းသက်သက်သာ ရှိသည်ဟူသော အလွန်တရာ အစွန်းရောက်သော လျှောက်လဲချက်များကို လျှောက်လဲနိုင်သည်။ ဥပဒေပညာဖြင့် အသက်မွေးကြသူ အချို့ ပြောကြားချက်များအရ မြန်မာနိုင်ငံရှိ တရားသူကြီးများသည် တရားခံထံမှ ထွက်ဆိုချက်ကို အမှန်တကယ် ရယူခြင်းမရှိ - အချို့အခြေအနေများတွင် တရားခံအား တွေ့ဆုံခဲ့ခြင်းပင် မရှိပဲ ဖြောင့်ချက်များကို လက်မှတ်ထိုး ပေးိုက်ကြသည်ဟု သိရသည်။ ဤကဲ့သို့သော အကြောင်းအရာ နှင့် ပတ်သက်၍ စွပ်စွဲရာတွင် ရှေ့နေများ အနေဖြင့် သတိကြီးစွာ ထားရမည်။ ရှေ့နေများ အနေဖြင့် လုပ်ထုံးလုပ်နည်း မှားယွင်းမှုများကို တိကျစွာ အလေး ဂရုပြု လျှောက်လဲခြင်းက ပိုမို အောင်မြင်နိုင်ရန် အလားအလာ ရှိသည်။

- တရားသူကြီးမှ ဖြောင့်ချက်ကို လူသိရှင်ကြား တရားခွင်တွင် ရေးမှတ်မယူခြင်း (တရားရုံး လက်စွဲ ၆၀၂ (၁)

- တရားခံထံမှ ဖြောင့်ချက်ရေးမှတ်နေစဉ် ရဲများသည် တရားခံကို မြင်နိုင် ကြားနိုင်သော နေရာတွင် ရှိနေခြင်း။ တရားခံကို အမှုစစ်ဆေးသူ ရဲများမှ မြင်နိုင် ကြားနိုင်သော နေရာတွင် ရှိနေပါက ၎င်းသည် ရဲများ၏ လွှမ်းမိုးမှုအောက်တွင် ရှိနေမည်ဖြစ်ပြီး ၎င်းမှ တရားရုံးတွင် ထွက်ဆိုချက်ပေးခြင်းများနှင့် ပတ်သက်၍ ညှဉ်းပန်းခံရခြင်း၊ အပြစ်ပေးခံရခြင်းများကို ကြောက်လန့်နေမည် ဖြစ်သည်။ တရားရုံးလက်စွဲ ၆၈၂ (၅)

- ဖြောင့်ချက်ရယူရာတွင် မိမိသဘောအလျောက် ပေးသော ဖြောင့်ချက် ဟုတ် မဟုတ် နှင့် စပ်လျဉ်း၍ သုံးသပ်ရန် လိုအပ်သော အချက်အလက်များကို တရားသူကြီးက မသုံးသပ်သပ်ခြင်း။ စဉ်စားသုံးသပ်ရန် အချက်များ။ ။ "ပြစ်မှု ကျူးလွန်ကြောင်း ဖြောင့်ချက်ပေးလာစေသည့် အခြေအနေ အတိအကျ၊ တရားခံအား ရဲမှ ချုပ်နှောင်ထားသည့် ကာလ အတိုင်းအတာနှင့် ရဲမှ တရားခံအား ဖြောင့်ချက်ပေးလာစေရန် သွေးဆောင် ဖြားယောင်းခြင်းများဟု ယူဆရန် ရှိသော ရဲတို့၏ လုပ်ဆောင်ချက်များ၊ တရားရုံးများလက်စွဲ အပိုဒ် ၆၈၂ (၃)

- တရားသူကြီးက တရားခံအား ဖြစ်ရပ်များကို ပြန်လည် စဉ်းစားရန်အတွက် ရဲအဖွဲ့၏ လွှမ်းမိုးမှုမှ ကင်းလွတ်သော အခြေအနေတွင် အချိန်နာရီ အနည်းငယ်မျှ မပေးခြင်း။ တရားရုံးများလက်စွဲ အပိုဒ် ၆၈၂ (၃)

  တရားသူကြီးက တရားခံအား မေးခွန်းများကို မဖြေကြားပဲ နေလိုက နေနိုင်သည်ဟု အကြံပေးမှု မရှိခြင်း (ပြစ်မှုကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၄ (၃)
  "အဆိုပါ ဖြောင့်ချက်တစ်ရပ်ရပ်ကို မရေးမှတ်မီ ရာဇဝတ်တရားသူကြီးသည် ဖြောင့်ချက်ပေးမည့်သူကို ၎င်း၌ ဖြောင့်ချက်ပေးရန် တာဝန်မရှိကြောင်း၊ အကယ်၍ ဖြောင့်ချက်ပေးလျှင် ထိုဖြောင့်ချက်ကို ၎င်းအပေါ်၌ ဆန့်ကျင်သည့် သက်သေခံအဖြစ် အသုံးပြုနိုင်ကြောင်း ရှင်းပြရမည်။"

- "ဖြောင့်ချက်ကို မိမိသဘောအလျောက် ပေးသည်ဟု မိမိတွင် ယုံကြည်ရန် အကြောင်းမရှိပါ" ဟု တရားသူကြီးမှ မှတ်တမ်းတင်မထားခြင်း။ ပြစ်မှု ကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၄ (၃)

- တရားသူကြီးက တရားခံအသုံးပြုသော ဘာသာစကားဖြင့် ရေးမှတ်မှု မပြုခြင်း၊ တရားခံအား မပြခြင်း၊ ဖတ်ကြားမပြခြင်း၊ တရားခံအတွက် ဘာသာပြန်မပေးခြင်း၊ ၎င်း၏ အဖြေများနှင့် ပတ်သက်၍ ရှင်းပြရန် သို့မဟုတ် ထပ်မံဖြည့်စွက်ရန်အတွက် အခွင့်အရေး မပေးခြင်း။ ပြစ်မှုကျင့်ထုံးဥပဒေ ပုဒ်မ ၃၆၄

- ရဲမှ တရားမဝင် သွေးဆောင်ဖြားယောင်းခြင်းအတွက် တရားသူကြီးက တရားခံအား လုံလောက်သော ဖြေရှင်းမှု မပေးခြင်း၊ ဝန်ခံထွက်ဆိုခြင်းကို အစပိုင်းတွင် ရဲက တရားမဝင် သွေးဆောင်ခြင်းဖြင့် ရယူခဲ့သည်ဟု တရားသူကြီးက ယုံကြည်လျှင် သက်သေခံဥပဒေပုဒ်မ ၂၈ ပါ ပြဋ္ဌာန်းချက်အရ ရုံးတောင်မှ ပယ်ဖျက်နိုင်သည်။ တရားရုံးမှ ၎င်းချမှတ်ထားသော လုပ်ထုံးလုပ်နည်းများအတိုင်း မဆောင်ရွက်နိုင်ခြင်းမှာ ဤခြိမ်းခြောက်မှုသည် ရှိနေဆဲ ဖြစ်သည်ဟူသော အချက်အတွက် အခြေခံပင် ဖြစ်သည်။

- တရားသူကြီးကိုယ်တိုင် ဥပဒေနှင့် မညီညွတ်သော ကတိပေးခြင်းများနှင့် ခြိမ်းခြောက်ခြင်းများ။ " ပုဒ်မ ၃၃၇ နှင့် ၃၃၈ တို့တွင် ပြဋ္ဌာန်းထားသည့်အတိုင်းမှတပါး တရားခံတစ်ဦးအား ၎င်းသိရှိသည့် အချက်ကို ထုတ်ဖော်ပြောဆိုရန် သို့မဟုတ် ထိမ်ချန်ထားရန် အလို့ငှာ ကတိတစုံတရာ ထားခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း သို့မဟုတ် အခြားနည်း ပြုလုပ်ခြင်းအားဖြင့် မလျော်သြဇာ မသုံးရ (ပြစ်မှုကျင့်ထုံးဥပဒေပုဒ်မ

၃၄၃ ) သို့ရာတွင် ရာဇဝတ် တရားသူကြီးက လျှို့ဝှက်ထားပေးရန် ကတိပြုနိုင် (သက်သေခံ ဥပဒေ ပုဒ်မ ၂၉) ပြီး ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့် ပေးနိုင်သည်။ (ပြစ်မှုကျင့်ထုံးဥပဒေ ပုဒ်မ ၃၃၇ - ၃၃၈)

- ဖြောင့်ချက်ကို တရားသူကြီးက လုပ်ထုံးလုပ်နည်းနှင့်အညီ ပုံစံ (အမေးအဖြေ) တွင် ရေးသွင်းမှု မရှိခြင်း၊ "ဖြောင့်ချက်ကို အဖြစ်အပျက် ပြောပြပုံ အနေမျိုးနှင့် တဆက်တည်း ရေးယူသည့်အခါ သက်သေခံ အက်ဥပဒေပုဒ်မ ၈၀ အရ အစစ်အမှန် ဖြစ်သည်ဟု မှတ်ယူခြင်း မပြုနိုင်ဖြစ်၍ ထိုဖြောင့်ချက်မှာ ရှိရင်းအတိုင်း သက်သေခံ မဝင်ချေ။ တရားရုံးများ လက်စွဲ အပိုဒ် ၆၀၄ (၂)
- ဖြောင့်ချက်အား တရားသူကြီးက ကိုယ်တိုင်ရေးမှတ်မှု မပြုခြင်း သို့မဟုတ် မည်သည့်အတွက်ကြောင့် ရေးမှတ်ခြင်း မပြုသည်ကို ရှင်းပြခြင်း။ တရားရုံးများ လက်စွဲ အပိုဒ် ၆၀၀ - ၆၀၇
- တရားသူကြီးကိုယ်တိုင်က ဖြောင့်ချက်ရယူရန် အခွင့်အာဏာ မရှိခြင်း။ ပထမတန်း နှင့် ဒုတိယတန်း ရာဇဝတ်တရားသူကြီးများသာလျှင် ဖြောင့်ချက် ရယူခွင့် ရှိသည်။ (ဒုတိယတန်း တရားသူကြီးအနေဖြင့် နိုင်ငံတော်သမ္မတမှ လုပ်ပိုင်ခွင့် အပ်နှင်းထားမှသာလျှင် ယင်းသို့ ဆောင်ရွက်နိုင်သည်။

အရေးကြီးသော။ ။ တရားခံ အကျိုးဆောင်ရှေ့နေများက တရားမျှတမှုကို ချိုးဖောက်ခြင်းကြောင့် ဖြစ်ပေါ်လာသော အမှားအယွင်းများမှ ပြန်ဆင်ရန် မဖြစ်နိုင်တော့ကြောင်း လျှောက်ထားရမည်။

- ပြစ်မှုကျင့်ထုံးဥပဒေ ပုဒ်မ ၅၃၃ (၁) ဖြောင့်ချက်တစ်ခုအား လုပ်ထုံးလုပ်နည်းနှင့် အညီ ရယူခဲ့ခြင်း မရှိခဲ့ကြောင်း တရားသူကြီးမှ တွေ့ရှိရလျှင် (၎င်းမှတ်သားချက်များအတိုင်း ထွက်ဆိုချက်များကို ရေးမှတ်ပြီး ပြင်ဆင်၍ ၎င်းမှားယွင်း သည့် အချက်သည် အမှုတွင် တရားခံက ထိုက်သင့်သလို ခုခံချေပရာ၌ ၎င်းအား နစ်နာစေမှု မရှိပါက အဆိုပါ ထွက်ဆိုချက်ကို သက်သေအဖြစ် လက်ခံရမည်။ "ကိုမေး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ၁၉၉၄ MLR (SC) ၁၄၉] သိန်းဌေး (ခ) အေးကြူ/အငယ်လေး (ခ) အုန်းကျော်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊ ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် ခရု (ခ) သိန်းဌေး ပါ အခြားတစ်ဦး ၁၉၉၉ MLR (SC) ၇၇။
- ပြစ်မှုကျင့်ထုံးဥပဒေ ပုဒ်မ ၅၃၇ "အဆိုပါ မှားယွင်းမှု၊ ပျက်ကွက်မှု၊ နည်းလမ်းမကျမှု၊ မှားယွင်းညွှန်ကြားချက်သည် တရားမျှတမှု အမှန်တကယ် ကင်းမဲ့သွားစရာ အကြောင်း ဖြစ်ပေါ်ပါက စီရင်ပိုင်ခွင့် အာဏာရရှိသည့် တရားရုံးတစ်ရုံးက ချမှတ်ထားသည့် မည်သည့် ဆုံးဖြတ်ချက် ပြစ်ဒဏ် သို့မဟုတ် အမိန့်ကိုမျှ အခန်း၂၇ အရ ဖြစ်စေ၊ အယူခံမှုတွင် ဖြစ်စေ၊ ပြင်ဆင်မှုတွင် ဖြစ်စေ ပယ်ဖျက် ပြောင်းလဲပြင်ဆင်ခြင်း မရှိစေရ။

## ၄။ ကိုးစားနိုင်ဖွယ် မရှိသော ဖြောင့်ချက်

မိမိမှ ဖွဲ့စည်းပုံ အခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေ ပြဌာန်းချက်များအရသော်လည်းကောင်း လုပ်ထုံး လုပ်နည်းအရသော်လည်းကောင်း တရားရုံးတွင် လျှောက်လဲရာတွင် တရားရုံး၌ ထွက်ဆိုသော ဖြောင့်ချက် ဖြစ်စေ သို့မဟုတ် တရားရုံးပြင်ပ ဝန်ခံချက် ဖြစ်စေ ၎င်းတို့၏ ကိုးစားနိုင်မှုမှာ အခြားသော သက်သေအထောက်အထားများ ကဲ့သို့ပင် ဖြစ်သည်ကို မမေ့ပါနှင့်။ ၎င်းတို့သည် အခြားသော လျှောက်လဲချက်များကို ကျားကန်ပေးနိုင်ရန် အလားအလာ ရှိသည်။ ဖြစ်နိုင်သော လျှောက်လဲချက်မှာ အမှုသည်သည် စာမတတ်ခြင်း သို့မဟုတ် ဖြောင့်ချက်ပေးရာတွင် အသုံးပြုသော ဘာသာစကားတွင် ကျွမ်းကျင်မှု မရှိခြင်း၊ ဖြောင့်ချက်တွင်ပါသော အကြောင်းချင်းရာများမှာ အခြားသက်သေ အထောက် အထားများနှင့် ကိုက်ညီမှု မရှိခြင်း။

## ၁။ ပြစ်မှုကျူးလွန်ခြင်းအတွက် သက်သေပြရန် အခြားသော သက်သေအထောက်အထား မရှိခြင်း။

Corpus Delecti (လက်တင်ဘာသာစကားဖြင့် ကျူးလွန်သော ပြစ်မှုကို ဆိုလိုသည်။) ဤရည်ညွှန်းချက်မှာ တရားခံအား ၎င်းပြောကြားသော စကားရပ်များသက်သက် အပေါ်တွင် ဖမ်းဆီးခြင်း မပြုနိုင်ပါ။ ၎င်းပြစ်မှု ကျူးလွန်ခဲ့ခြင်းကို ပြသသော အခြားသက်သေ အထောက်အထားများလည်း ရှိရမည် ဖြစ်သည်။

- ပြည်ထောင်စု မြန်မာနိုင်ငံနှင့် အလု (ခေါ်) မောင်လု နှင့် အခြား ဦး၊ ၁၉၅၈ BLR (HC) ၂၉ ပူးတွဲတရားခံ၏ ဖြောင့်ချက်သည် ပုဒ်မ ၃ တွင် အဓိပ္ပာယ ဖွင့်ဆိုထားသော စကားရပ်၏ သာမန်အနက်အဓိပ္ပာယ် အရ သက်သေခံချက် မဖြစ်ပါ။ ထို့ကြောင့် ၎င်းအချက်အလက်ပေါ် အခြေခံ၍ ဖမ်းဆီးခြင်း မပြုနိုင်ပါ။ ၎င်းအချက်သည် အခြားသော သက်သေ အထောက်အထားများကို အထောက်အကူပြုသော အချက်အဖြစ်သာ အသုံးပြုနိုင်မည်။

- မောင်စောဖေ နှင့် အခြား ၃ ဦး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် (၁၉၆၆) BLR (SCCAC) (ပြစ်မှုဆိုင်ရာ အထူးအယူခံ တရားရုံး) အမှတ် ၅၇။ "ဖြောင့်ချက်မှ ထုတ်နုတ်၍ (တရားရုံးမှ) လက်ခံထားသော အစိတ်အပိုင်းများကို (ဖြောင့်ချက်တခုလုံးမှ နေ၍ ထုတ်နုတ်ထားသော) အခြား သီးခြားဖြစ်သော သက်သေ အထောက်အထားများက မှန်ကန်ကြောင်း ထောက်ခံမှု ပြုရမည်။ "

- သက်သေခံဥပဒေ ပုဒ်မ ၃၀ အရ ဝန်ခံချက်များသည် အပြီးသတ် သက်သေခံချက် မဟုတ်သော်လည်း ကွဲပြားသည့် သက်သေခံချက်များ မတင်ပြနိုင်ရန် ငြင်းဆိုခွင့် မရှိခြင်း။

၆။ ဖြောင့်ချက်ပေးသည် ဆိုကာမျှဖြင့် ပြစ်မှုကျူးလွန်ခြင်းနှင့် ပတ်သက်၍ ပြစ်မှု၏ အင်္ဂါရပ်အားလုံး မပါဝင်နိုင်ပါ။ တရားခံမှ နေရာတနေရာတွင် ရှိနေခြင်း၊ အချို့သော ကိစ္စရပ်များကို ကျူးလွန်ခဲ့ခြင်း ရှိကြောင်း ဝန်ခံသော်ငြားလည်း ၎င်းဝန်ခံချက် တွင် လိုအပ်သော အင်္ဂါရပ်များ ကင်းမဲ့နေနိုင်သည်။ ဥပမာ အားဖြင့် ရည်ရွယ်ချက် သို့မဟုတ် သိရှိခြင်း။

## ပူးတွဲတရားခံ၏ ဖြောင့်ချက်အား အသုံးပြုခြင်း

မြန်မာနိုင်ငံရှိ ဥပဒေက တရားခံတဦးမှ အခြားပူးတွဲ တရားခံအား ဆန့်ကျင်သော ဖြောင့်ချက်ကို အသုံးချခွင့် ပေးထားသည်။ ယေဘုယျကျသော စည်းမျဉ်းမှာ ၎င်းသည် ဖမ်းဆီးချုပ်နှောင်ခြင်းအတွက် တခုတည်းသော အကြောင်းပြချက် မဖြစ်နိုင်ခြင်းပင် ဖြစ်သည်။

- ဤတရားသူကြီးရှေ့မှောက်၌ ထွက်ဆိုသော ဝန်ခံဖြောင့်ချက်များသည် ပူးတွဲတရားခံအား ဖမ်းဆီးနိုင်ရန်အတွက် တခုတည်းသော သက်သေအထောက်အထေား မဖြစ်နိုင်ချေ။ ပြည်ထောင်စု မြန်မာနိုင်ငံတော် နှင့် အလု (ခေါ်) မောင်လု နှင့် အခြား နှစ်ဦး၊ 1958 BLR (HC) ၂၉။
- *ပူးတွဲတရားခံ၏ ဖြောင့်ချက်သက်သက်ကို ဖမ်းဆီးရန်အတွက် ဖြစ်စေ အခြားဘက်မှ လစ်ဟာလျှက် ရှိသော သက်သေအထောက်အထားအား ဖြည့်ရန် ဖြစ်စေ အသုံးမပြုနိုင်။ ခေါ်တော နှင့် တဦး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် ၁၉၄၈(*BLR(HC) *၃၁၀။ မောင်အေးမောင်*
- *သို့ရာတွင် အောင်ကျော်စိုး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ ပြစ်မှုအယူခံမှုအမှတ် ၁၉၇/၉၃ (တရားခံအား မူးယစ်ဆေးအမှုဖြစ် ဖမ်းဆီးထား)* KMOI *ကြည်မောင် ၁၁၁ အဖြစ် မှတ်တမ်းတင်ထား၊ တရားစီရင်ရေးဆောင်းပါးများ ၁၉၉၄ အတွဲ ၁၊ အမှတ် ၁၆၊၁၇ ၊ အကြောင်းချင်းရာများကို ပြည့်စုံစွာ ဆွေးနွေးထားသည်ကို မြန်မာ့တရားစီရင်ထုံး အမျိုးမျိုး ၃၄၉ - ၃၅၁၊ ပြည်ထောင်စု မြန်မာနိုင်ငံ၊ ၁၉၅၆* BLR (HC) *၂၇၃တွင် ကြည့်ပါ။*

တရားခံဘက်မှ လိုက်ပါသော ရှေ့နေသည် ပူးတွဲတရားခံ၏ ထွက်ဆိုချက်အား စဉ်းစားသုံးသပ်ခြင်းကို မိမိအမှုသည် တရားခံမှ ထွက်ဆိုသော ဖြောင့်ချက်နှင့် အလားတူ ချေဖျက်နိုင်ရေးအတွက် အားထုတ်ရမည်။ သက်သေခံ ဥပဒေ ပုဒ်မ ၃၀။

ဤနေရာတွင် မှတ်သားရန်မှာ ကြံ့ရာပါတဦး၏ တရားရုံးတွင် ထွက်ဆိုချက်မှာ ထောက်ခံမှု မရှိသော်ငြားလည်း ဖမ်းဆီးရန်အတွက် လုံလောက်သည်။ သက်သေခံဥပဒေပုဒ်မ ၁၃၃။ ၎င်းအခြေအနေတွင် တရားခံဘက်မှ လိုက်ပါ ဆောင်ရွက်သော ရှေ့နေသည် ၎င်းသက်သေ ထွက်ချက်နှင့် ပတ်သက်၍ ဘက်လိုက်မှု၊ တိကျမှုများနှင့် ပတ်သက်၍ အင်တိုက် အားတိုက် ပြန်လှန်စစ်မေးခြင်းကို ဆောင်ရွက်ရမည်။ USAID Legal Aid Tool Kit Section Chapter 4 တွင် ကြည့်ပါ။ ကျွမ်းကျင်မှုများနှင့် ပတ်သက်၍လည်း သက်သေများအား စစ်မေးခြင်းတွင် ကြည့်ပါ။

## အပြစ်ကျူးလွန်ကြောင်း နှင့် ကျူးလွန်ခြင်း မရှိကြောင်း ဝန်ခံချက်/ဖြောင့်ချက်များ

အချို့သော အနေအထားတွင် တရားခံ (စွပ်စွဲခံရသူ)က ပြစ်မှု၏ အချို့သော အင်္ဂါရပ်များနှင့် ပတ်သက်၍ ကျူးလွန်ကြောင်း ဝန်ခံခဲ့သော်ငြား ယင်းဝန်ခံချက်သည် တရားခံဘက်မှ ထုချေကာကွယ်ရန် အကြောင်းပြရန် သို့မဟုတ် ပြစ်ဒဏ် လျော့ပေါ့စေရေးအတွက် အသုံးဝင်နိုင်သည်ဟု ယင်းကဲ့သို့သော အခြေအနေများတွင် ဥပဒေအရာရှိ (သို့မဟုတ် တရားသူကြီး) သည် ယင်းဝန်ခံထွက်ချက်ကို ပြစ်မှုကျူးလွန်ကြောင်း ယူဆရမည့် အင်္ဂါရပ်အတွက်သာလျှင် စဉ်းစားသုံးသပ် သင့်ကြောင်း အကြောင်းပြ ငြင်းဆို ကောင်း ငြင်းဆိုနိုင်သည်။ လျှောက်လဲချက် နှစ်မျိုးလုံးအတွက် အထောက်အကူ ဖြစ်စေသော အချက်များရှိသည်။
တရားရုံး ဆုံးဖြတ်ချက်အများစုတွင် အပြစ်ရှိကြောင်း နှင့် မရှိကြောင်း အပိုင်းနှင့် ပတ်သက်၍ ဆင်ခြင်သုံးသပ်မှုများ ရှိသည်။

- "အပြစ်ကျူးလွန်ခဲ့ခြင်း မရှိကြောင်း ဝန်ခံထွက်ဆိုချက်၏ မည်သည့် အစိတ်အပိုင်းမှန်သမျှသည် မှားယွင်းကြောင်း ပြသနိုင်ခြင်းမရှိသည့် သက်သေအထောက်အထားမရှိသည့် အခြေအနေတွင် တရားရုံးတော်အနေဖြင့် ယင်းဝန်ခံထွက်ဆိုချက်ကို အလုံးစုံ လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို ပြုရမည် ဖြစ်ပြီး ပြစ်မှုမကျူးလွန်ခဲ့သည့် အစိတ်အပိုင်းကို ပစ်ပယ်ကာ ပြစ်မှုကျူးလွန်သည်ဟု ယူဆရသော အပိုင်းသက်သက်အပေါ်တွင်သာ လက်ခံ မှတ်ယူခြင်း မပြုနိုင်ပေ။" အောင်ထွန်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် ၁၉၅၈ BLR (SC) (တရားရုံးချုပ်) မောင်ဖိုးသင်းနှင့် ဧကရီ ဘုရင်မကြီး ၁၈၈၀ ကို ကိုးကားလျှက် အောက်မြန်မာပြည် စီရင်ချက်အမှတ် ၃၂၄ "တခုတည်းသော မှုတသည့် နည်းလမ်းမှာ ဖြောင့်ချက်အား တခုလုံးအနေဖြင့် မှတ်ယူရမည်။"

သို့ရာတွင် အချို့ကလည်း ပြစ်မှုကျူးလွန်ခြင်း မရှိသော အပိုင်းများအား သုံးသပ်ရန် မလိုဟု ဖော်ပြကြသည်။

- ဖြောင့်ချက်တခုအား ဥပဒေကြောင်းအရ စဉ်းစားသုံးသပ်သောအခါတွင် ဖြောင့်ချက်တခုလုံးကို ယုံကြည် လက်ခံရမည် သို့မဟုတ် ပစ်ပယ်ရမည် ဟူသော အခြေအနေ မဟုတ်ပါ။ ၎င်းဖြောင့်ချက်တွင် ယုံကြည်နိုင်ဖွယ်ရှိသော အကြောင်း အရာကို ထုတ်နုတ်၍ လက်ခံပြီးလျှင် ယုံကြည်လက်ခံနိုင်ဖွယ် မရှိဟု သုံးသပ်ရသော အပိုင်းကို ပစ်ပယ်နိုင်သည်။ (သို့ရာတွင် ( တခုလုံးအဖြစ် မှတ်ယူထားသော ဖြောင့်ချက်မှ) ထုတ်နုတ်လက်ခံထားသည့် ဖြောင့်ချက် အစိတ်အပိုင်း များကို အခြားသော လွတ်လပ်သည့်

သက်သေအထောက်အထားများဖြင့် မှန်ကန်ကြောင်း သက်သေပြရမည်။ မောင်စောဖေ နှင့် ၃ ဦး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် (၁၉၆၆) BLR ၅၇ (ရာဇဝတ်မှု အထူးအယူခံ တရားရုံး)

ဤနေရာတွင် စဉ်းစားရန် ရှိသည်မှာ တရားသူကြီးမှ ပြစ်မှု ကျူးလွန်ခြင်း နှင့် မကျူးလွန်ခြင်း အစိတ်အပိုင်း နှစ်ရပ်စလုံး နှင့် ပတ်သက်၍ ဖော်ပြထားသည့် တရားခံဘက်မှ အားသာသော ဆုံးဖြတ်ချက်များသည် ဥပဒေအရ ကောင်းမွန်မှု ရှိနေပြီး တရားလိုဘက်မှ အားသာသော နောက်ဆက်တွဲ အမှုများက မည်သည့်အခါကမှ လွှမ်းမိုး၍ ဆုံးဖြတ်ခဲ့ခြင်း မရှိပါ။ ( ၎င်း ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့သော တရားရုံးမှာ အထူးရာဇဝတ် အယူခံ တရားရုံးဖြစ်ပြီး ၎င်းတရားရုံးသည် တရား လွှတ်တော်ချုပ်ထက် အဆင့်နိမ့်သော တရားရုံးဖြစ်ပြီး အသစ်ဖြစ်သော စံထားနိုင်သည့် ဥပဒေသစ်တရပ်ကို ပြဋ္ဌာန်းနိုင်ရန် အခွင့်အာဏာ မရှိပါ။

## ရဲများအား တရားစွဲဆိုခြင်း

စစ်ဆေးဆဲဖြစ်သော ရာဇဝတ်မှုတခုတွင် ဥပဒေကြောင်းအရ မဟုတ်ပဲ ရယူထားသော သက်သေအထောက်အထားများကို တုန့်ပြန်ရန် ကုစားနိုင်မည့် နည်းလမ်းမှာ ၎င်းသက်သေ အထောက်အထားအား တရားခွင်မှ ပယ်ဖျက်ပေးရန် ဖြစ်သည်။ သို့ရာတွင် ရဲမှ တရားမဝင်သော နည်းလမ်းဖြင့် ရှာဖွေသိမ်းဆည်းခြင်းကို ခံစားရသော တရားခံတဦးအနေဖြင့် ၎င်းရဲအား တရားမကြောင်းအရ သို့မဟုတ် ပြစ်မှုကြောင်းအရ တရားစွဲဆို လျှောက်ထားနိုင်သည်။

> ရာဇသတ်ကြီးပုဒ်မ ၃၃၀။ ။ "အပြုခံရသူထံမှ ဖြစ်စေ၊ အပြုခံရသူနှင့် အကျိုးသက်ဆိုင်သောသူထံမှ ဖြစ်စေ၊ ပြစ်မှု၊ သို့တည်းမဟုတ် အကျင့်ပျက်ပြားမှု ပေါ်စေနိုင်သော ဖြောင့်ချက်ကို၊ သို့တည်းမဟုတ် ထိုသို့သော သတင်းပေးချက်ကို ခြောက်လှန့်၍ တောင်းရန်သော်လည်းကောင်း အပြုခံရသူအား သို့တည်းမဟုတ် အပြုခံရသူ နှင့် အကျိုးသက်ဆိုင်သူအား ပစ္စည်းကိုဖြစ်စေ၊ အဖိုးတန် စာတမ်း အမှတ်အသားကို ဖြစ်စေ၊ ပြန်ပေးအောင် သို့တည်းမဟုတ် ပြန်ပေးစေအောင်၊ သို့တည်းမဟုတ် တောင်းဆိုချက်ကို ဖြစ်စေ၊ လိုလားချက်ကို ဖြစ်စေ ပေးအောင်၊ သို့တည်းမဟုတ် ပစ္စည်းကို ဖြစ်စေ အဖိုးတန်စာတမ်း အမှတ်အသားကို ဖြစ်စေ ပြန်ရစေနိုင်သော သတင်းကို ပေးအောင် အတင်း အဓမ္မ ပြုစေရန်သော်လည်းကောင်း မည်သူမဆို မိမိအလိုအလျောက် နာကျင်စေမှု ကို ပြုလျှင် ထိုသူကို ၇ နှစ်ထိ ထောင်ဒဏ်တမျိုးမျိုး ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။"

၎င်းပြဋ္ဌာန်းချက်မှာ လွန်စွာချို့တဲ့သောသူများအတွက် သဘာဝ မကျပါ။ ၎င်းပုဂ္ဂိုလ်အနေဖြင့် ထောင်တွင် နှစ်ရှည် ကျခံနေရသော ရာဇဝတ်မှု ဖြစ်ပါကလည်း အထောက်အကူ မရနိုင်ပါ။ မည်သို့ ဆိုစေကာမူ ၎င်းနည်းလမ်းသည်လည်း မိမိအမှုသည်မှ သတိချပ်သင့်သော ရွေးချယ်စရာ နည်းလမ်းတခုဖြစ်သည်။

# အပိုင်း ၃- သီးခြားအုပ်စုများ

ရှေ့နေများသည် အန္တရာယ်ကျရောက်လွယ်သည့် အုပ်စုများအတွက် တရားမျှတမှု လက်လှမ်းမီမှုရှိရေးအတွက် ဆောင်ရွက်ပေးရာတွင် ၎င်းတို့၏ အထူးတာဝန်ဝတ္တရားများကို ဂရုပြုရမည်။ ဤလက်စွဲစာအုပ်သည် ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်တွင် စွပ်စွဲခံရသူအဖြစ် နောက်ဆက်တွဲဝန်ထုပ်ဝန်ပိုးများကို ရင်ဆိုင်ကြုံတွေ့ရပြီး တမူ ထူးခြားသော လိုအပ်ချက်များ ရှိသည့် အထူးသီးသန့်အုပ်စုများနှင့်စပ်လျဉ်း၍လည်း အလေးပေး ဆွေးနွေး ထားပါသည်။ ရှေ့နေများသည် ထိုအုပ်စုများအား ကိုယ်စားပြု အမှုလိုက်ပါဆောင်ရွက်ပေးရာ၌ ရှုထောင့် ပေါင်းစုံမှ လေ့လာသုံးသပ်ပြီး အမှုသည် ဗဟိုပြု နည်းလမ်းကို အသုံးပြုဖြေရှင်းနိုင်ရန်ရည်ရွယ်ကာ ကျွမ်းကျင်ပညာရှင်များနှင့် ဆွေးနွေး တိုင်ပင်မှု ပြုလုပ်ရန် ဆန္ဒရှိ လိမ့်မည် ဖြစ်ပါသည်။

**ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်များ၌ ဥပဒေဆိုင်ရာအထောင့်အပံ့ပေးမှုအား လက်လှမ်းမီရရှိခြင်းနှင့် စပ်လျဉ်းသည့် ကုလသမ္မဂအခြေခံမူများနှင့် လမ်းညွှန်ချက်များ (၂၀၁၃)**

**အခြေခံမူ (၁၀)- ဥပဒေဆိုင်ရာ အထောက်အပံ့ကို လက်လမ်းမီရရှိရေးအတွက် တန်းတူညီမျှမှု**

သက်ကြီးရွယ်အိုများ၊ လူနည်းစုအုပ်စုများ၊ မသန်စွမ်းသူများ၊ စိတ်ကျန်းမာရေးချို့တဲ့သူများ၊ HIVနှင့် အခြား ပြင်းထန်သော ကူးစက်ရောဂါရှိသူများ၊ မူးယစ်ဆေးသုံးစွဲသူများ၊ ဒေသခံတိုင်းရင်းသားလူမျိုးများ၊ ရေး တိုင်းရင်းသားများ၊ နိုင်ငံမဲ့နေသော လူအုပ်စုများ၊ နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူများ၊ နိုင်ငံခြားသားများ၊ ရွှေ့ပြောင်းနေထိုင်သူများ၊ ရွှေ့ပြောင်း အလုပ်သမားများ၊ ဒုက္ခသည်များနှင့် နေရပ်စွန့်ခွာပြောင်းရွှေ့နေထိုင်သူများ အပါအဝင် အမျိုးသမီးများ၊ ကလေး သူငယ်များ၊ အထူး လိုအပ်ချက်များရှိသော အုပ်စုများအတွက် အကျိုးရှိမည့် ဥပဒေရေးရာ အထောက်အပံ့ လက်လှမ်းမီရရှိနိုင်စေရန် ရည်ရွယ် ၍ သီးခြားဆောင်ရွက်ချက်များကို ပြုလုပ် ဆောင်ရွက်သင့်ပါသည်။

# ကလေးသူငယ် အမှုသည်များ

အထူးသဖြင့် ကလေးသူငယ်များ (အသက် ၁၆နှစ်အောက်) နှင့် လူငယ်များ (အသက် ၁၆ နှင့် ၁၈ နှစ်ကြား) မှာ ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်၌ ရင်ဆိုင် ကြုံတွေ့ရနိုင်ချေရှိသည့် နှိပ်စက်ညှင်းဆဲမှုများကို ခုခံနိုင်စွမ်းမရှိပေ။ တရားမျှတမှုစင်တာမှ ရှေ့နေများသည် ထိုကဲ့သို့ ထိခိုက်ဆုံးရှုံးနိုင်ချေရှိသော သူများအား ရှာဖွေ၍ ဥပဒေအရ ရရှိရမည် ဖြစ်သည့် အကာအကွယ်ကို ရာနှုန်းပြည့်ရရှိရန် ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ရာဇဝတ်မှု ကျူးလွန် သည့်အတွက် တာဝန်ခံရမည့် အသက်အရွယ်အပိုင်းအခြား သတ်မှတ်ချက်ရှိပါသည်။ သို့သော်ငြားလည်း ပြစ်မှုကျူးလွန် သည့် ကလေးသူငယ်/လူငယ်များအတွက် ခိုင်မာမှုရှိသော အကာအကွယ်များ ရှိမနေပေ။ ထို့ပြင် အသက်အငယ်ဆုံး ပြစ်မှု ကျူးလွန်သူများ (၇နှစ်မှ ၁၂နှစ်အတွင်း) အား ကလေးသူငယ်တရားရုံးတွင် စစ်ဆေးဆုံးဖြတ်ရန် သတ်မှတ်ထားသည့် စိတ်ကျန်းမာရေး အခြေအနေတွင် ရှိ မရှိကို ဆုံးဖြတ်ပေးမည့် လုပ်ထုံးလုပ်နည်းများမှာလည်း ရှင်းလင်းမှုမရှိပေ။ ထို့ကြောင့် ရှေ့နေများသည် အမှုသည်များထံမှ ၁၆နှစ် အောက် ဖြစ်သည်ဆိုသည့် အချက် ပေါ်လွင်စေရန်အတွက် မိမိတို့ ယုံကြည် လက်ခံနိုင်လောက်သည့် မည်သည့်သတင်းအချက်အလက်ကိုမဆို ရယူရမည် ဖြစ်ပါသည်။ ထို့ကြောင့် အသက်အငယ်ဆုံး ကလေးသူငယ်များ၏ အမှုများအား ပလပ်နိုင်ရေးနှင့် ကလေးသူငယ်တရားရုံးသို့ ရွှေ့ဆိုင်းဆုံးဖြတ်စီ ရင်နိုင်ရေးအတွက် အရေးဆိုတင်ပြရန် အဆင်သင့်ဖြစ်နေရမည်ဖြစ်ပါသည်။

## ကလေးသူငယ်များ၏ ဦးနှောက်မှာ လူကြီးများ၏ ဦးနှောက်နှင့်မတူဘဲ ကွဲပြားခြားနားခြင်း

ကလေးသူငယ်ဆိုင်ရာ တရားစီရင်ရေးအတွက် အမေရိကန်ပြည်ထောင်စု အခြေစိုက် ညွန့်ပေါင်းအဖွဲ့ကြီးမှ ရာဇဝတ်မှု ဆိုင်ရာ တရားစီရင်ရေးစနစ်တွင် အဘယ့်ကြောင့် လူငယ်များကို လူကြီးများကဲ့သို့ ကွဲပြားခြားနားစွာ ဆက်ဆံသင့်ကြောင်း ကို ရှင်းလင်းပြောကြားထားပါသည်။

> ယနေ့ခေတ် ဦးနှောက်နှင့်သက်ဆိုင်သည့် သိပ္ပံနှင့် နည်းပညာ ဗဟုသုတများမှ တဆင့် ဆယ်ကျော်သက် အရွက်များ၏ ဦးနှောက် မည်ကဲ့သို့ အလုပ်လုပ်သည်ကို ကျွန်ုပ်တို့ ပိုမိုနားလည် သဘောပေါက်လာခဲ့ကြသည်။ လူငယ်များ၏ ဦးနှောက်မှာ အသက် ၂၀ ကျော် အစောပိုင်းမှ ၂၅နှစ် အထိ ဆက်လက် ဖွံ့ဖြိုးမှု ရှိသည်ကို ယခုအခါကျွန်ုပ်တို့ သိရှိလာခဲ့ကြပြီ ဖြစ်ပါသည်။ ဆယ်ကျော်သက်အရွယ်များ၏ ဦးနှောက်မှာ ဖွဲ့စည်းပုံအရ သော်လည်းကောင်း ခန္ဓာကိုယ်မှ ထုတ်လွှတ်လိုက်သည့် ဓါတ်များ၏ ဦးနှောက် အပေါ်သက်ရောက်ပုံအရ သော် လည်းကောင်း အရွယ်ရောက်ပြီးသူများ၏ ဦးနှောက်နှင့် ကွဲပြားခြားနားပါသည်။ ဆယ်ကျော်သက်များသည် ၎င်းတို့ သက်တူရွယ်တူအချင်းချင်း၏ လွှမ်းမိုးမှုကို ပိုမိုခံရနိုင်ချေရှိပြီး ၎င်းတို့အတွက်အန္တရာယ်ရှိသည့် စိတ်လိုက် မာန်ပါ ပြုမူမှုမျိုးကို ပြုလုပ်ခြင်း၊ စိတ်အပြောင်းအလဲမြန်ခြင်း၊ အခြေအနေတစ်ခုအပေါ်တွင် လုံလောက်သည် ထက် ပိုမိုအားကောင်းစွာ တုံ့ပြန်ခြင်း သို့မဟုတ် အားနည်းစွာတုံ့ပြန်ခြင်း စသည်တို့ကို အရွယ်ရောက်ပြီးသူများ ထက် ပို၍ ပြုလုပ်နိုင်ချေ ရှိကြသည်။ ထိုသို့သော ကွဲပြားခြားနားချက်များသည် လူငယ်များ၏ အပြုအမူများမှာ ၎င်းတို့ကို အန္တရာယ်ဖြစ်စေ၍ အခြား အသက် အရွယ်အပိုင်းအခြား၌ ရှိနေသော သူများ၏ အပြုအမူများကို လျစ်လျူရှုသင့်သည်ဟု မဆိုလိုပေ။ အဓိက ဆိုလိုရင်းမှာ တရားရုံးများ၊ အေဂျင်စီများနှင့် ဥပဒေဆိုင်ရာ ပညာရှင် များအနေဖြင့် မိမိတို့၏ ကျင့်သုံးမှုစနစ်များနှင့် မူဝါဒများကို ခေတ်နှင့်အညီ ပြောင်းလဲပြင်ဆင်နိုင်ရန်အတွက် ထိုဗဟုသုတကို အသုံးချသင့်ကြောင်း ဆိုလို ခြင်းဖြစ်ပါသည်။

## ကလေးသူငယ်များ နားလည်သဘောပေါက်မှုရှိပါစေ

ရှေ့နေများ၊ တရားသူကြီးများနှင့် ရဲတပ်ဖွဲ့တို့သည် ကလေးသူငယ်တစ်ဦး နားလည်သဘောပေါက်နိုင်မည့် ဘာသာစကား ကို အသုံးပြုရမည် ဖြစ်ပါသည်။ စွပ်စွဲခံရသူမှာ ကလေးငယ်တစ်ဦးဖြစ်နေလျှင် နားလည် သဘောပေါက်နိုင်ရန် အခက်အခဲ များ(အရွယ်ရောက်ပြီးသူတစ်ယောက်ထက်) ပိုမိုရင်ဆိုင်ကြုံတွေ့ရမည် ဖြစ်သည်။ (ဉပမာ သိမြင်နားလည်မှု မရှိခြင်းနှင့် မရင့်ကျက်ခြင်း)။ ထို့ပြင် ကလေးသူငယ်များမှာ တရားရုံးများ တွင် ခုခံနိုင်စွမ်းမရှိကြပေ။ ၎င်းတို့အနေဖြင့် စိတ် အနှောင့် အယှက်ဖြစ်နိုင်၍ တရားစွဲဆိုခြင်းဆိုင်ရာ ကိစ္စရပ်များ ကို နားလည်သဘောပေါက်မှုမရှိကြောင်း ဖော်ထုတ် ပြောဆိုရန် ကြောက်ရွံ့လေ့ရှိကြပါသည်။ တရားခံရှေ့နေ အနေဖြင့် ကလေးသူငယ်၏ နားလည် သဘောပေါက်စေရန်နှင့် မိမိကိုယ်ကို ခုခံချေပနိုင်စွမ်းရှိစေရန် တရားရုံး ကြားနာစစ်ဆေးခြင်းမစတင်မီ ၎င်းနှင့် တွေ့ဆုံ၍ ဂရုတစိုက် သေသေချာချာ ဆွေးနွေးရ မည် ဖြစ်ပါသည်။

## မြန်မာ့ဥပဒေ

ကလေးသူငယ်ဥပဒေ ၁၉၉၃

ကလေးသူငယ်ဥပဒေ (၂၀၁၁)နှင့်စပ်လျဉ်းသည့် နည်းဥပဒေများ

## ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးများ

စွပ်စွဲခံရသော ကလေးငယ်သည် ရှေ့နေဖြင့် ကိုယ်စားပြု ခုခံချေပနိုင်ခွင့် အပါအဝင် အရွယ်ရောက် လူတစ်ယောက်တွင် ရှိသော အခွင့်အရေးများအားလုံးရှိပါသည်။ ထပ်ဆောင်းအခွင့်အရေးများကို ကလေးသူငယ် ဥပဒေ အခန်း (၅)တွင် ဖော်ပြ ထားပြီး အထူးသဖြင့် ပုဒ်မ ၁၃ မှ ၁၆အထိ ရှေ့နေများလေ့လာသုံးသပ်သင့်ပါ သည်။

## နိုင်ငံတကာ စံနှုန်း

ကလေးသူငယ်ဥပဒေမှာ မြန်မာနိုင်ငံအနေဖြင့် ရာဇဝတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်းပြီး အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များပေါ်တွင် အသိအမှတ်ပြုလက်မှတ်ရေးထိုးထားသည့် ဧရိယာအစိတ် အပိုင်းတစ်ခုဖြစ်ပါသည်။ ကလေးသူငယ်ဥပဒေမှာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်(CRC)ကို အသိ အမှတ်ပြုသည့်အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသည့် ပြဋ္ဌာန်းဥပဒေတစ်ခုဖြစ်ပါသည်။

အပိုဒ် ၃ (၁) အများပြည်သူဆိုင်ရာ သို့မဟုတ် ပုဂ္ဂလိကလူမှုရေးရာ အဖွဲ့အစည်းများသည်လည်းကောင်း၊ တရားရုံးများ သည် လည်းကောင်း၊ အုပ်ချုပ်ရေးဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများသည်လည်းကောင်း ဥပဒေ ရေးရာ အဖွဲ့ အစည်းများ သည်လည်းကောင်း ကလေးသူငယ်များနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ဆောင် ရွက်ပြုလုပ်ရာတွင် ကလေးသူငယ်၏ အကျိုးစီးပွားကို ထည့်သွင်းစဉ်းစားရမည့်အချက်မှာ ပထမဦးစားပေး လုပ်ငန်းစဉ် ဖြစ်ပါသည်။

အပိုဒ် ၃၇ - အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးထားသည့် အချုပ်အခြာ အာဏာပိုင်နိုင်ငံများ သည် အောက်ပါတို့အတွက် တာဝန်ယူဆောင်ရွက်ရမည် ဖြစ်ပါသည်။

(က) နှိပ်စက်ညှဉ်းဆဲခံရခြင်း၊ သို့မဟုတ် အခြားရက်စက်သော လူသားမဆန်သည့် လူ့ဂုဏ်သိက္ခာ ကျဆင်း စေသည့် ဆက်ဆံမှုမျိုး သို့မဟုတ် အပြစ်ပေးအရေးယူမှုမျိုးကို ခံစားရခြင်း မရှိစေရ။ အသက် ၁၈နှစ် အောက် ပုဂ္ဂိုလ်များမှ ကျူးလွန်သည့် ပြစ်မှုများအတွက် သေဒဏ်ချမှတ်ခြင်း သို့မဟုတ် လွတ်ငြိမ်းခွင့် မရှိသည့် ထောင်ဒဏ် တစ်သက်တစ်ကျွန်း ချမှတ်ခြင်းမျိုး မပြုလုပ်ရ။

(ခ) ကလေးသူငယ်များသည် ဥပဒေနှင့်လျော်ညီမှုမရှိဘဲ သို့မဟုတ် အတ္တနောမတိ ဆုံးဖြတ် ချက်များကြောင့် ၎င်း၏ လွတ်လပ်ခွင့် အခွင့်အရေးဆုံးရှုံးခြင်းမျိုး မရှိစေရ။ ကလေး

သူငယ်များအား ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်းနှင့် အကျဉ်းချခြင်း တို့ကို ဆောင်ရွက်ရာ၌ ဥပဒေနှင့်အညီပြုလုပ်ရမည်ဖြစ်ပြီး ထိုသို့ ပြုလုပ်ဆောင်ရွက်ခြင်းသည် မတတ်သာသည့်အဆုံး ပြုလုပ်ရသည့် ဆောင်ရွက်ချက် အနေဖြင့်သာ ကျင့်သုံးရမည်ဖြစ်သလို သင့်လျော်မှုရှိပြီး အတိုဆုံးဖြစ်သည့် ကာလ အပိုင်းအခြားထက် မပိုရပါ။

(ဂ) လွတ်လပ်ခွင့် အခွင့်အရေး ဆုံးရှုံးသည့် ကလေးသူငယ်များကို မွေးရာပါ လူ့ဂုဏ်သိက္ခာနှင့် လျော်ညီသည့် လေးစားမှုဖြင့်သော်လည်းကောင်း ထိုပုဂ္ဂိုလ်၏ အသက်အရွယ်အပိုင်းအခြားကို ထည့်သွင်းစဉ်းစား၍သော်လည်းကောင်း လူသားချင်းစာနာစိတ်ဖြင့် ဆက်ဆံရမည်ဖြစ်ပါသည်။ အထူးသဖြင့် ကလေးသူငယ်၏အကျိုးစီးပွားကိုရှေးရှု၍ စဉ်းစားဆုံးဖြတ်ရာ၌ လွတ်လပ်ခွင့် ဆုံးရှုံးသွားသည် ကလေး သူငယ်အား အရွယ်ရောက်ပြီးသူများနှင့် အတူတူထားရှိခြင်း ပြုလုပ်ရန် မလိုအပ်ခဲ့ပါက လွတ်လပ်မှု အခွင့်အရေးဆုံးရှုံးသွားသည့် ကလေးငယ်အား သီးခြားထားရှိရမည် ဖြစ်ပါသည်။ ထို့ပြင် ထိုကလေး သူငယ်၌ ချွင်းချက်ထားရမည့် အခြေအနေများမှလွဲ၍ ၎င်း၏ မိသားစုနှင့် စာဖြင့် ဆက်သွယ်ခြင်းကို သော်လည်းကောင်း ၎င်း၏မိသားစုမှ လာရောက်တွေ့ဆုံခြင်းကိုသော်လည်းကောင်း ပြုလုပ်နိုင်သည့် အခွင့်အရေး ရှိရမည် ဖြစ်ပါသည်။

(ဃ) မိမိ၏ လွတ်လပ်ခွင့်ဆုံးရှုံးသည့် မည်သည့် ကလေးသူငယ်မဆို ဥပဒေဆိုင်ရာ သို့မဟုတ် အခြား သင့်တော်မည့် အထောက်အပံ့များကို လက်လှမ်းမီရပိုင်ခွင့် ရှိရမည်ဖြစ်သည်။ ထို့အပြင် စီရင်ပိုင်ခွင့်ရှိ သည့် လွတ်လပ်၍ သမာသမတ်ရှိသော အာဏာပိုင်များ သို့မဟုတ် တရားရုံးများရှေ့မှောက်၌ မိမိ၏ လွတ်လပ်ခွင့် အခွင့်အရေးဆုံးရှုံးမှုမှာ တရားဥပဒေနှင့်အညီ ဖြစ်၊မဖြစ်ကို စိန်ခေါ်ပိုင်ခွင့်အခွင့်အရေး ရှိရမည်ဖြစ်ပြီး ထိုသို့သော ဆောင်ရွက်ချက်များ အတွက် ဆုံးဖြတ်ချက်ကို စေ့ဆော်နိုင်ခွင့် အခွင့်အရေး ရှိရမည် ဖြစ်ပါသည်။

အပုဒ် (၄၀) (၁) အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၌ လက်မှတ်ရေးထိုးထားသည့် အချုပ်အခြာအာဏာ ပိုင်နိုင်ငံများ သည် ရာဇသတ်ကြီးဆိုင်ရာ ဥပဒေများအား ချိုးဖောက်သည်ဟု စွပ်စွဲခံရသည့် (သို့) သတ်မှတ်ခံရသည့် မည်သည့် ကလေးသူငယ်ကိုမဆို ၎င်း၏ သိက္ခာနှင့် တန်ဖိုးကို မြှင့်တင်မှုဖြင့် ကိုက်ညီပြီး လူ့အခွင့်အရေးများ၊ အခြား အခြေခံ လွတ်လပ်ခွင့်များအပေါ်ရှိရမည့် ကလေးသူငယ်၏ လေးစားရိုသေမှုကို မြှင့်တင်ပေးသည့်အနေဖြင့်သော်လည်းကောင်း၊ ကလေးသူငယ်၏ အသက်အရွယ်ပိုင်းခြား၊ ကလေးငယ်၏ သမူဟဖြစ်ရေးနှင့် လူ့အဖွဲ့ အစည်းအတွင်း အပြုသဘော ဆောင်သည်ဟု ကြိုတင်ယူဆနိုင်သည့် ယင်းကလေးငယ်၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန် လိုလားချက်တို့ကို ထည့်သွင်းစဉ်းစားသည့်အနေဖြင့်သော် လည်းကောင်း ဆက်ဆံရမည်ဖြစ်ပါသည်။

မသန်စွမ်းသူများ၏ ရပိုင်ခွင့် အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် အပိုဒ် (၇) မသန်စွမ်းကလေးငယ်များ

၁။ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးထားသည့် အချုပ်အခြာ အာဏာပိုင်နိုင်ငံများသည် မသန်စွမ်းကလေးငယ်များအနေဖြင့် အခြားကလေးငယ်များနည်းတူ လူ့အခွင့်အရေးများနှင့် မူလလွတ်လပ်ခွင့်များ ရာနှုန်းပြည့်ခံစားခွင့်ရရှိစေရန် လိုအပ်သော ဆောင်ရွက်ချက်များကို ပြုလုပ်ရ မည် ဖြစ်ပါသည်။

၂။ မသန်စွမ်းကလေးသူငယ်များနှင့် စပ်ဆိုင်သည့် မည်သည့် ဆောင်ရွက်ချက်မျိုးမဆို ကလေးသူငယ်၏ အကျိုးစီးပွား အကောင်းဆုံးဖြစ်စေရေးအား အဓိကထည့်သွင်း စဉ်းစားရ မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် နိုင်ငံသားနှင့် နိုင်ငံသားအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုး ထားသည့် နိုင်ငံမဟုတ်သော်လည်း ပြဌာန်းချက်များတွင် ကလေးသူငယ်များ၏ အထူးလိုအပ်ချက်များကို ဖြည့်ဆည်း ပေးရန်အတွက် လိုအပ်သည့်အချက်များကို အသားပေးဖော်ပြထားပါသည်။

နိုင်ငံသားနှင့် နိုင်ငံသားအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် အပိုဒ် ၁၄(၄) - ကလေး သူငယ်နှင့် သက်ဆိုင်သည့် ကိစ္စရပ်များ၌ အသက်အရွယ်အပိုင်းအခြားနှင့် ၎င်းတို့၏ ပြန်လည်ထူထောင် လာနိုင်ရေးကို လိုလားသည့် (ရာဇဝတ်မှုဆိုင်ရာ) လုပ်ထုံးလုပ်နည်းများအား ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။

## စီရင်ပိုင်ခွင့်အာဏာနှင့် ရာဇဝတ်မှုဆိုင်ရာ တာဝန်ယူမှုများအတွက် အသက်အရွယ်အပိုင်းအခြား

မြန်မာနိုင်ငံဥပဒေတွင် ပြဌာန်းထားသည့် ရာဇဝတ်မှုဆိုင်ရာ တာဝန်ယူမှုများအတွက် သတ်မှတ်ထားသည့် အသက်အရွယ် အပိုင်းအခြား (၇နှစ်) နှင့် ကလေးသူငယ်တရားရုံးတွင် စီရင်ဆုံးဖြတ်ရန်အတွက် ရှိရမည့် ကလေးသူငယ်၏ အသက် အရွယ်အပိုင်းအခြား (၁၆နှစ်အောက်)တို့မှာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အပြည် ပြည်ဆိုင်ရာ သဘောတူ စာချုပ်၊ အခြားနိုင်ငံတကာ စံသတ်မှတ်ချက်များ စံချိန်စံညွှန်းများနှင့် မကိုက်ညီပေ။ နိုင်ငံ တကာစံချိန်စံညွှန်းများနှင့်အညီ ဖြစ်စေရေးအတွက် ဥပဒေကို ပြင်ဆင်နိုင်ရန် ကြိုးစားအားထုတ်မှုများ ရှိပါသည်။ မှတ်သားရမည့်အချက်မှာ ကြံရာပါများကို အမှုစစ်ရာတွင် တစ်ဦးမှာ အရွယ်ရောက်ပြီးသူဖြစ်၍ အခြားတစ်ဦးမှာ ကလေးသူငယ်ဖြစ်လျှင် ၎င်းတို့အား သီးခြားစီ ကြားနာစစ်ဆေးရမည်ဖြစ်ပြီး ကလေးသူငယ်အား ကလေးသူငယ် တရားရုံးတွင် ကြားနာစစ်ဆေးရမည်ဖြစ်ပါသည်။

- အသက် ၇ နှစ်မပြည့်သေးသော ကလေးသူငယ်တစ်ဦး၏ ပြုလုပ်မှုသည် ပြစ်မှု မမြောက်စေရ (ကလေးသူငယ် ဥပဒေ ပုဒ်မ ၂၈ (က))
- ပြုလုပ်စဉ်အခါက ပြုလုပ်မှု၏ သဘောသဘာဝနှင့် အကျိုးအပြစ်ကို သိနားလည်လောက် အောင် အမြော်အမြင် အဆင်အခြင်နှင့် မပြည့်စုံသေးသော အသက် ၇နှစ် အထက် ၁၂ နှစ် အောက်အရွယ်ရှိ ကလေးသူငယ်၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်စေရ။ (ကလေးသူငယ် ဥပဒေ ပုဒ်မ ၂၈ (ခ))။
    - မြန်မာဥပဒေသည် အသက် (၇) နှစ်မှ (၁၂) ကြား ကလေးငယ်များအတွက် ရာဇဝတ်မှုဆိုင်ရာ တာဝန်ယူမှုနှင့်စပ်လျဉ်းသည့် စစ်ဆေးမှု တစ်ရပ်ကို ပြုလုပ်ထားပါသည်။ သို့သော်ငြားလည်း ၎င်းတွင် ရင့်ကျက်မှု သို့မဟုတ် နားလည် သဘောပေါက်နိုင်စွမ်းကို သတ်မှတ်ရန် မည်ကဲ့သို့ လေ့လာစိစစ်မည်၊ သတ်မှတ်ရန်အတွက် မည်သူတွင် တာဝန်ရှိမည် (လိုအပ်သော စံ သတ်မှတ်ချက်သက်သေအထောက်အထား) နှင့် သတ်မှတ်ချက်ကို မည်သည့် လုပ်ထုံးလုပ်နည်း ဖြင့် လေ့လာသုံးသပ်မည် ဆိုသည့်အချက်များကို အသေးစိတ် ဖော်ပြထားခြင်း မရှိပေ။ UNICEF
- ကလေးသူငယ်တရားရုံးသည် ပြစ်မှုကျူးလွန်သည့်အချိန်၌ အသက် (၁၆) နှစ် မပြည့်သေးသော ကလေးသူငယ် ကိုသာ စစ်ဆေးစီရင်ပိုင်ခွင့်ရှိသည်။ ပုဒ်မ ၄၁ (က) ကလေးသူငယ်ဥပဒေ။
- အမှုစစ်ဆေးဆဲကာလအတွင်း ကလေးသူငယ်၏ အသက် ၁၆နှစ်ပြည့်သွားစေကာမူ ယင်း အမှုကို ဆက်လက် စစ်ဆေးစီရင်သည်။ ကလေးသူငယ်ဥပဒေ ပုဒ်မ ၄၁ (ဃ)။
- အသက် (၇)နှစ် အောက် ကလေးပြုလုပ်သည့် ပြုလုပ်မှုသည် ပြစ်မှုမမြောက်။ ရာဇသတ်ကြီး ပုဒ်မ ၈၂ နှင့် ၈၃။

- ရဲအရာရှိ သို့မဟုတ် အရေးယူပိုင်ခွင့်ရှိသူသည် (က) ကလေးသူငယ်မှုခင်းကို သက်ဆိုင်ရာ ကလေးသူငယ် တရားရုံးသို့ တရားစွဲဆိုတင်ပို့ရမည်။ ကလေးသူငယ် ဥပဒေ ပုဒ်မ ၃၈ (က)။
- ကလေးသူငယ်နှင့် လူကြီးပူးတွဲ၍ ပြစ်မှုကျူးလွန်ခြင်းဖြစ်လျှင် ကလေးသူငယ်ကို သက်ဆိုင်ရာ ကလေးသူငယ် တရားရုံးသို့ လည်းကောင်း၊ လူကြီးကို သက်ဆိုင်ရာ တရားရုံးသို့လည်းကောင်း ခွဲ၍ တရားစွဲဆို တင်ပို့ရမည်။ ကလေးသူငယ် ဥပဒေပုဒ်မ ၃၈ (ခ)

**မှတ်စု** - အသက် (၁၆)နှစ် ပြည့်ပြီးသော်လည်း (၁၈)နှစ်မပြည့်သေးသည့် ကလေးသူငယ်များအတွက် သီးခြားအုပ်စု အမျိုးအစားတစ်ခု ရှိသည်ဆိုသည့်အချက်ကို မှတ်သားထားရမည်ဖြစ်ပါသည်။ ကလေးသူငယ် ဥပဒေ ပုဒ်မ ၂ (က)။ ထိုသို့သောအမှုသည်များမှာ အထူးသီးသန့်ဆက်ဆံရန်အတွက် ပြည့်မီသောသူများဖြစ်ပါသည်။ သို့သော်ငြားလည်း အရွယ်ရောက်ပြီးသူများအတွက်သတ်မှတ်ထားသောတရားရုံးတွင် စစ်ဆေးကြားနာရမည်ဖြစ်ပါသည်။

## အရွယ်ရောက်ပြီးသူများအတွက် သတ်မှတ်ထားသော တရားရုံးမှ ပြောင်းရွှေ့စစ်ဆေးခြင်း

ရှေ့နေများအနေဖြင့် အရွယ်ရောက်ပြီးသူများအတွက် သတ်မှတ်ထားသော တရားရုံးတွင် မှားယွင်းစွာ တရားစွဲဆိုခြင်းခံရ သည့် ကလေးငယ်များကို အမှုသည်အဖြစ် ကြုံတွေ့ရနိုင်သည်။ ထိုသို့သော အခြေအနေတွင် အမှုကို ကလေးသူငယ် တရားရုံးသို့ ရွှေ့ဆိုင်းရန် လိုအပ်သော စုံစမ်းမှုများ၊ သက်သေများနှင့် စာရွက်စာတမ်းများ စုစည်းခြင်း စသည်တို့ကို ပြုလုပ်ရန် တာဝန်ရှိပါသည်။ ငြင်းချက်ထုတ်ရမည်ဆိုလျှင် ပထမဥပမာ၌ အသက်အရွယ် အပိုင်းအခြားနှင့် စပ်လျဉ်းသည့် သက်သေအထောက်အထားပေးရန်တာဝန်ရှိသူမှာ ရဲတပ်ဖွဲ့ဖြစ်သည်။ သို့သော်ငြားလည်း ကလေးသူငယ်အား အသက် (၁၆) နှစ်ထက် ကြီး မကြီးကို အုပ်စုခွဲ သတ်မှတ်ခြင်းက ရဲတပ်ဖွဲ့အတွက် ပိုမိုလွယ်ကူစေမည်ဖြစ်ပါသည်။
ကလေးသူငယ်ဥပဒေ (၄၁)နှင့် ကလေးသူငယ်ဥပဒေ (၆၈)နှင့်စပ်ဆိုင်သည့် နည်းဥပဒေများတွင် လက်ခံနိုင်သည့် သက်သေအထောက်အထားများကို ဖော်ပြထားပါသည်။

- မွေးစာရင်း
- နိုင်ငံသားမှတ်ပုံတင်ကဒ် (NRC)
- ကျောင်းဝင်နံပါတ်
- အသက်အရွယ်အား ဆေးပညာဖြင့် အကဲဖြတ်ခြင်း
- အခြားလုံလောက်သည့် သက်သေအထောက်အထားများ
    - ထိုကလေးသူငယ်အား သိကျွမ်းသော သက်သေ (ဆွေမျိုးမဟုတ်လျှင် ပိုကောင်းသည်)

(ရဲအရာရှိမှ) ကလေးသူငယ်အား တရားစွဲဆိုရန် ရုံးထုတ်ချိန်တွင် ၎င်း၏ အသက်အရွယ်နှင့်သက်ဆိုင်သည့် သက်သေ အထောက်အထားများနှင့်တကွ ယူဆောင်လာရမည်ဖြစ်ပါသည်။ ကလေးသူငယ် ဥပဒေ ပုဒ်မ (၃၈) (ဂ)။

လွှဲပြောင်းမှုကို အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် လုပ်ထုံးလုပ်နည်းများကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၅၄၀ တွင်အကျဉ်းချုပ်ဖော်ပြထားပါသည်။ ရှေ့နေများသည် တရားရုံးသို့ စာဖြင့် ရေးသားထားသည့် လျှောက်လဲချက်များ ဖိုင်တွဲဖြင့် ပို့ခြင်း စပ်ဆိုင်သည့် စာရွက်စာတမ်းများ တင်သွင်းခြင်းနှင့် လိုအပ်ပါက သက်သေတင်သွင်းခြင်းတို့ကို ပြုလုပ်ရမည် ဖြစ်ပါ သည်။ ဖြစ်တောင့်ဖြစ်ခဲသော်ငြားလည်း ဥပဒေအရာရှိမှ ထိုဆောင်ရွက်ချက်ကို ကန့် ကွက်နိုင်သည်။ ကလေးသူငယ် တရားရုံးသို့ ရွှေ့ဆိုင်းပြီးသည်နှင့်တပြိုင်နက်

ထိုကလေးသူငယ်တရားရုံးမှ အမှုကို လက်ခံ၍ စာရွက်စာတမ်းများအား လေ့လာသုံးသပ်ရမည်ဖြစ်ပါသည်။ နိုင်ငံတော်နှင့် အေးညွန့် ၂၀၀၉ မြန်မာနိုင် ငံစီရင်ထုံးများ ၄၈။

## တရားရုံးတွင် ကြားနာစစ်ဆေးစီရင်ခြင်းမပြုမီ ဆောင်ရွက်ရသည့် လုပ်ထုံးလုပ်နည်းများ

ကလေးသူငယ်အား အကြောင်းတစ်စုံတစ်ရာကြောင့် ထိန်းသိမ်းထားခြင်းမှာ မတတ်သာသည့်အဆုံး ကျင့်သုံးရသည့် ဆောင်ရွက်ချက်တစ်ခုသာ ဖြစ်သင့်ပါသည်။ လူငယ်ပြုပြင်ထိန်းသိမ်းရေးစခန်းတွင် နေရာမရှိခဲ့လျှင်တောင်မှ ကလေးသူငယ်များအား အရွယ်ရောက်ပြီးသူများနှင့် အတူတကွ ထိန်းသိမ်းထားခြင်းမပြုလုပ်သင့်ပါ။ စစ်ဆေးစဉ်ကာလတွင် ၎င်းတို့၏ မိဘများ၏ ထိန်းသိမ်းစောင့်ရှောက်မှု အောက်တွင် ရှိနိုင်ရန် လွှတ်ပေးရမည် ဖြစ်သည်။ ထိုသို့သော ဆောင်ရွက် ချက်ကို ဦးစားပေးရမည်ဖြစ်ပါသည်။

ကလေးသူငယ်ဥပဒေ ပုဒ်မ၃၇- ရဲအရာရှိ သို့မဟုတ် အရေးယူပိုင်ခွင့်ရှိသူသည် ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်ကို ဖမ်းဆီးလျှင် အောက်ပါတို့ကို လိုက်နာရမည်-

(က) လက်ထိပ်ခတ်ခြင်း၊ ကြိုးဖြင့် ချည်နှောင်ခြင်းမပြုရ

(ခ) လူကြီးတရားခံများနှင့်အတူ ရောနှော၍ ထားရှိခြင်းမပြုရ။ မိန်းကလေးဖြစ်လျှင် မိန်းမတစ်ဦး၏ အစောင့် အရှောက်ဖြင့် ထားရှိရမည်

(ဂ) နှိပ်စက်ညှဉ်းပန်းခြင်း၊ ခြိမ်းခြောက်ခြင်းမပြုရ

(ဃ) တစ်နေရာမှ တစ်နေရာသို့ လူကြီးတရားခံများနှင့်အတူ ရောနှော၍ မပို့ဆောင်ရ။ မိန်းကလေးဖြစ်လျှင် မိန်းမတစ်ဦး၏ အစောင့်အရှောက်ဖြင့် ပို့ဆောင်ရမည်။

(င) သက်ဆိုင်ရာမိဘ သို့မဟုတ် အုပ်ထိန်းသူထံ အမြန်ဆုံး အသိပေး အကြောင်းကြားရမည်။

(စ) ဖမ်းဆီးခံရသော ကလေးသူငယ်ကို သက်ဆိုင်ရာ ကလေးသူငယ်တရားရုံးသို့ အမြန်ဆုံး တင်ပို့ရမည်။

(ဆ) ပုဒ်မခွဲ (စ)အရ ကလေးသူငယ်တရားရုံးသို့ အမြန်ဆုံးတင်ပို့နိုင်ခြင်းမရှိပါက ကလေးသူငယ်အား ခံဝန်ချုပ် ဖြင့် လွှတ်ထားရမည်။

(ဇ) ပုဒ်မခွဲ (ဆ)အရ ခံဝန်ချုပ်ဖြင့် မလွှတ်လျှင် ထိုကလေးသူငယ်ကို ယာယီ စောင့်ရှောက်ရေးစခန်း သို့မဟုတ် အခြားသင့်လျော်သည့်နေရာသို့ ပို့ထားရမည်။

### ကလေးသူငယ်ဥပဒေအောက်ရှိ နည်းဥပဒေများ

- ကလေးသူငယ်များအား ဖမ်းဆီးခွင့်ရှိသည်။ သို့သော် လက်ထိပ်ခတ်ခြင်းကို ခွင့်မပြုပါ။ နည်းဥပဒေ ၆၄။
- ရဲမှကလေးသူငယ်များအား ၂၄နာရီထိန်းသိမ်းထားခွင့်ရှိသည်။ အကယ်၍ ရဲတပ်ဖွဲ့မှ စုံစမ်းစစ် ဆေးရန် အချိန်ပို လိုအပ်သဖြင့် တရားသူကြီးထံမှ အချိန်ထပ်တိုးခွင့်တောင်းခံလျှင် ကလေးအား သင်တန်းကျောင်းတွင် ဆက်လက်ထိန်းသိမ်းထားရမည်။ ကလေးသူငယ်နည်းဥပဒေ ၆၅။
    - ရန်ကုန် စမိုင်အနီးတွင် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဖွင့်လှစ် ထားသည့် သင်တန်းကျောင်းတစ်ခုရှိပါသည်။
- ပြန်လည်ထူထောင်ရေးစင်တာမရှိခဲ့လျှင် ၊ ကလေးအား "ဘေးကင်းလုံခြုံသော နေရာ၌ ထားရှိရမည်ဖြစ်ပါ သည်။"

## အရေးဆိုတင်ပြခြင်းဆိုင်ရာ ပြဿနာများ

ကလေးသူငယ်အား တွေ့ဆုံမေးမြန်းရာတွင် အထူးသဖြင့် ကလေးသူငယ်အခွင့်အရေးများကို အကာအကွယ်ပေးရာတွင် အရေးကြီးသည့် ကိစ္စရပ်များကိုပါ ခြုံငုံ၍ မေးမြန်းသင့်ပါသည်။ မေးခွန်းများတွင် အောက်ပါတို့ ပါဝင်ပါသည်။

- ဖမ်းဆီးခံရစဉ်က ရဲ၏ အပြုအမူ
    - ရဲသည် မိမိကိုယ်ကိုမိမိ မည်သူမည်ဝါဖြစ်သည်ကို ထုတ်ဖော်ပြောကြားခဲ့ပါသလား။
    - မည်သည့်အဝတ်အစားကို ဝတ်ဆင်ထားသနည်း။
    - မည်သည့်အရာကို ပြောကြားခဲ့သနည်း။
    - ကလေးသူငယ်အခွင့်အရေးများကို ရိုးရိုးရှင်းရှင်း (နားလည်လွယ်စေရန်) ပြောကြားခဲ့ပါ လား
    - ထိုအထက်ပါအချက်များပြုလုပ်စဉ်တွင် ကလေးသူငယ်၏ မိဘများရှိနေခဲ့ပါသလား
- မိဘ၏ ပါဝင်မှု
    - မိဘများအား အသိပေးခဲ့ခြင်းရှိပါသလား
    - စစ်ဆေးမေးမြန်းစဉ်တွင် မိဘများရှိနေခဲ့ပါသလား
    - အဘယ့်ကြောင့်ရှိမနေသနည်း။
- နေရာနှင့်စပ်လျဉ်း၍ မေးမြန်းခြင်း
    - မည်သည့်နေရာတွင် စစ်ဆေးမေးမြန်းခဲ့သနည်း။
    - ရဲစခန်းတွင် သို့မဟုတ် အချုပ်ထဲတွင် သို့မဟုတ် ရုံးခန်းတစ်ခုတွင်စစ်ဆေးမေးမြန်းခဲ့ပါ သလား
    - ကလေးအား လက်ထိပ်ခတ်ခဲ့သလား။
    - စစ်ဆေးမေးမြန်းစဉ်တွင် ကလေးမှာ ထိုင်နေသလား။ မတ်တပ်ရပ်နေသလား။
- စစ်ဆေးမေးမြန်းချိန်
    - စစ်ဆေးမေးမြန်းချိန်မည်မျှကြာမြင့်ခဲ့သနည်း။
    - တစ်နာရီထက် ပိုသလား။
    - ညအချိန်တွင် စစ်ဆေးမေးမြန်းခဲ့ပါသလား။
- ကလေးသူငယ်၏ ကျန်းမာရေး
    - ကလေး၏ ကျန်းမာရေးကို ဆေးရုံတွင် စစ်ဆေးခဲ့ပါသလား
    - မည်သည့်အချိန်ကနည်း။
    - ထိုသတင်းအချက်အလက်များ တိုင်ကြားချက်တွင် ပါဝင်ပါသလား

ရှေ့နေများသည် ရဲများအား ပြန်လှန်စစ်ဆေးရာတွင်အလားတူမေးခွန်းများကို အသုံးပြုရမည်ဖြစ်ပါသည်။ နိမိတ်ပြ မေးခွန်းများ ဖြစ်စေရန် သေချာပါစေ။ ကျွမ်းကျင်မှုများ-သက်သေအား စစ်မေးခြင်း အပိုင်းတွင် လေ့လာပါ။

အကယ်၍ အထက်ဖော်ပြပါလုပ်ထုံးလုပ်နည်းများအား ရဲတပ်ဖွဲ့မှ လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိလျှင် - ပထမ အကြိမ် ကြားနာစစ်ဆေးရာတွင် သို့မဟုတ် ရမန်ကြားနာစစ်ဆေးရာတွင် ထိုဖောက်ဖျက်မှုများအား တင်ပြ ဆွေးနွေးပါ။ စုံစမ်း စစ်ဆေးမှုမှာ ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းမဟုတ်သည့်အတွက် မိမိ၏ ကလေး သူငယ်အမှုသည်၏ အခွင့်အရေးများကို ချိုးဖောက်ခဲ့သည့်အတွက် မိမိအမှုသည်အား အချုပ်မှလွှတ်ပေး ရန် တောင်းဆိုပါ။

## အမှုအား စစ်ဆေးစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း

ဥပဒေ

- ပုံမှန်အားဖြင့် ကလေးသူငယ်ဆိုင်ရာ တရားစွဲဆိုရာတွင် အရွယ်ရောက်ပြီးသူများကျူးလွန်သည့် ပြစ်မှု၌ ကျင့်သုံး သည့် ဥပဒေရေးရာ အယူအဆများကိုသာ ကျင့်သုံးပါသည်။ အပြစ်မရှိဟု ကြိုတင်ယူဆ သတ်မှတ်ခြင်းမှာ မြန်မာနိုင်ငံမှ အတည်ပြုလက်မှတ်ထိုးထားသည့် ကလေးအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူ စာချုပ်တွင် အတိအလင်း ဖော်ပြထားသည့် အခွင့်အရေးဖြစ်ပါသည်။ ကလေးအခွင့်အရေးဆိုင်ရာ အပြည်ပြည် ဆိုင်ရာ သဘောတူစာချုပ် အပိုဒ် ၄၀၊ ပုဒ်မ ၂ (က) (ဈ)။
- ခရိုင်တရားရုံးတိုင်းတွင် သီးခြား ကလေးသူငယ်တရားရုံးတစ်ခုရှိသင့်သည်။ အနည်းဆုံး ကလေးသူငယ် ဆိုင်ရာ ကိစ္စရပ်များကို အမှုစစ်ဆေးကြားနာရန် သတ်မှတ်ထားသည့် တရားရုံးခန်း တစ်ခုရှိသင့်ပါသည်။
- အကယ်၍ ချမှတ်နိုင်သည့်ပြစ်ဒဏ်မှာ ၃နှစ်အောက်ဆိုပါက ကြားနာစီရင်ဆုံးဖြတ်မှုမှာ ရုံးမှ ဆင့်ခေါ်သည့် အမှုမျိုးဖြစ်မည် (အမှုအမျိုးအစားများ ဆိုသည့်အခန်းတွင် လေ့လာပါ)။ ဆိုလို သည်မှာ ဆန့်ကျင်သက်သေကို မဆင့်ခေါ်မီ စွပ်စွဲခံရသူအား မိမိ၌အပြစ်ရှိကြောင်း ဝန်ခံမည်လော သို့မဟုတ် ငြင်းဆိုမည်လောကို မေးမြန်းမည် ဖြစ်သောကြောင့်ဖြစ်သည်။ စွပ်စွဲသူမှ ပထမဦးဆုံး ရုံးချိန်းကို လာရောက်ရန် ပျက်ကွက်ခဲ့မည်ဆိုသည့် အခြေအနေ၌ စွပ်စွဲ ခံရသူ ကလေးသူငယ်က အမှုအားပလပ်ရန် တောင်းဆိုနိုင်မှု ရှိ မရှိဆိုသည့် အချက်မှာ မေးခွန်း ထုတ်ရမည့်အချက်ဖြစ်ပါသည်။ သီအိုရီအရ ထောင်ဒဏ်၃နှစ်အထက်ကျခံရနိုင်ချေရှိသော အမှုမျိုး၊ တသက်တကျွန်းကျနိုင်ခြေ ရှိသည့် အမှုမျိုး သို့မဟုတ် သေဒဏ်ကျခံနိုင်သည့် ပြစ်မှုမျိုး တွင် အမိန့်အာဏာဝရမ်း စစ်ဆေးစီရင်မှု ဆိုင်ရာ လုပ်ထုံးလုပ်နည်းတစ်ခု လိုအပ်ပါသည်။ အနည်းဆုံးဥပဒေရင်းမြစ်တစ်ခုတွင် " ပြည်ထောင်စု မြန်မာနိုင်ငံရှိ တရားစီရင်ရေးစနစ်တွင် ပြစ်မှုကျူးလွန်သည့် ကလေးငယ်များအား ၎င်းပြစ်မှု၏ ကြီးလေးမှု အတိမ်အနက် မည်သို့ရှိသည်ဖြစ်စေ စီရင်ပိုင်ခွင့်ရှိသော တရားရုံးတွင် အကျဉ်းရုံး၍ စစ်ဆေး စီရင်သည်" ဟု ဖော်ပြထားပါသည်။ မြန်မာနိုင်ငံရှိတရားစီရင်ရေးစနစ်နှင့် တရားရုံးဆိုင်ရာ လုပ်ထုံး လုပ်နည်းများ ပြည်ထောင်စုတရား လွှတ်တော်ချုပ် စာမျက်နှာ-၂၇

## ပြစ်ဒဏ်ချမှတ်ခြင်း

ကလေးသူငယ်အမှုများတွင် ပြစ်ဒဏ်ချမှတ်ရခြင်း၏ အဓိက ရည်ရွယ်ချက်မှာ အရွယ်ရောက်ပြီးသူများကျူး လွန်သည့် အမှုများတွင် ချမှတ်သည့် ပြစ်ဒဏ်၏ ရည်ရွယ်ချက်နှင့် မတူကွဲပြားပါသည်။ ရှေ့နေများသည် မိမိ၏ အမှုသည် အတွက် အရေးဆိုတင်ပြရာတွင် ထိုအချက်ကို အဖန်တလဲလဲ ဖောင်းပေးရမည်ဖြစ်ပါသည်။

- ကလေးသူငယ်၏ အကျင့်စာရိတ္တကို ပြုပြင်ရန်- ကလေးသူငယ်ဥပဒေ ပုဒ်မ ၄၄
- "သာမန်အခြေအနေများတွင် ဥပဒေပြုအာဏာပိုင်အဖွဲ့မှ ပြစ်မှုကျူးလွန်သောကလေးသူငယ်အား တတ်နိုင်သမျှ သက်ညှာ ထောက်ထား၍ အပြစ်ပေးစီရင်လေ့ ရှိပါသည်။ သို့မှသာ ၎င်းက လေးငယ်မှာ ဆင်ခြင်တုံတရား၊ ယုံကြည်မှုနှင့် အတူ ပုံမှန်လူနေမှုဘဝထဲသို့ အကျိုးရှိရှိ ပြန်လည်ဝင်ရောက်နိုင်မည် ဖြစ်ပါသည်။ ထိုသို့ ဖြစ်မြောက်စေရန်အတွက် ပြစ်မှုကျူးလွန်သော ကလေးငယ်များအား သေဒဏ် သို့မဟုတ် တသက်တကျွန်း သို့မဟုတ် ကြိမ်ဒဏ် စသည့် ပြစ်ဒဏ်များမှ ကင်းလွတ်ခွင့်ရှိရမည်ဖြစ်ပါသည်။" တရားစီရင်ရေးစနစ်နှင့် မြန်မာနိုင်ငံ တရားရုံးများ၌ တရားစွဲဆိုခြင်းများ - စာမျက်နှာ ၂၇။

ပြစ်ဒဏ်ချမှတ်ရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များ

- ကလေး၏ အသက်အရွယ်နှင့် စာရိတ္တ
- ပတ်ဝန်းကျင်
- ပြစ်မှုကျူးလွန်ရသည့် အကြောင်းရင်း၊ သို့မဟုတ် တွန်းအား
- ပြန်လည်ထူထောင်ရေးစင်တာမှ ကြီးကြပ်ရေးမှူး၏ အစီရင်ခံစာ
- ကလေးသူငယ်၏ အကျိုးစီးပွားကို ရှေးရှု၍

မြန်မာနိုင်ငံ အချို့ဒေသများတွင် တရားရုံးများ၌ ကလေးသူငယ်အမှုများကို အထောက်အကူပေးရန် လူမှုလုပ်သားများအား အကူအညီတောင်း၍ ဆောင်ရွက်ကြသည်။ ထိုသူတို့မှာ ပြစ်ဒဏ်လျော့ကျစေရေး မဟာဗျူဟာများကို ပြင်ဆင်ရာတွင် အရေးကြီးသည့် ပုဂ္ဂိုလ်များဖြစ်ပြီး နောက်ထပ် ပေါ်ပေါက်လာသော ကလေးသူငယ်အမှုများအတွက်လည်း လွှဲပြောင်း ပေးနိုင်သည့် ရင်းမြစ်များဖြစ်ပါသည်။
ပြစ်ဒဏ်ချမှတ်ရာတွင် သိသာထင်ရှားသည့် ကန့်သတ်ချက်များရှိပါသည်။ ဥပမာ --- သေဒဏ် သို့မဟုတ် ထောင်ဒဏ် တသက်တကျွန်းချမှတ်နိုင်သည့် အမှုများတွင် ကလေးသူငယ်အား ထောင်ဒဏ် ၇နှစ်သာ ချမှတ်နိုင်သည်။ ကလေး သူငယ်ဥပဒေ ပုဒ်မ ၄၆။
ချမှတ်နိုင်ချေရှိသည့် ပြစ်ဒဏ်များကို ကလေးသူငယ် နည်းဥပဒေ (၈၀)၊ ကလေးသူငယ်ဥပဒေ ပုဒ်မ ၄၆-၄၈ တွင် ဆွေးနွေးထားပါသည်။ ကြိုတင်ယူဆထားချက်မှာ ထောင်ဒဏ်မချမှတ်စေရေး ဖြစ်ပါသည်။ ကလေးသူငယ် ဥပဒေ ပုဒ်မ ၄၆။

- ကလေးသူငယ်တရားရုံးသည် ကလေးသူငယ်အား ဆိုဆုံးမ၍ လွှတ်နိုင်သည်။ ကလေးသူငယ် ဥပဒေ ပုဒ်မ ၄၇ (က)
- တရားသူကြီးသည် ကလေးသူငယ်ကို ၃နှစ်ထက်မပိုသော ကာလအတွင်းခံဝန်ချုပ်ပါ စည်းကမ်းအတိုင်း ကောင်းမွန်စွာ နေထိုင် ကျင့်ကြံစေရေးအတွက် မိဘ၊အုပ်ထိန်းသူအား ခံဝန်ချုပ် ချုပ်ဆိုစေပြီး ပြန်လည်အပ်နှံနိုင်သည်။ ကလေး သူငယ် ဥပဒေပုဒ်မ ၄၇ (ခ)
- ၃နှစ်ထက်မပိုသော ကာလအတွင်း ကလေးသူငယ်ကြီးကြပ်သူ၏ ကြီးကြပ်စီမံခြင်းကို ခံယူစေနိုင်သည်။
- တရားသူကြီးသည် ကလေးသူငယ်အား အနည်းဆုံး ၂နှစ်ဖြစ်စေ၊ အများဆုံး အသက် ၁၈နှစ်ပြည့်သည့်နေ့ အထိဖြစ်စေ သင်တန်းကျောင်းတစ်ခုခုသို့ ပို့အပ်နိုင်သည်။ တရားသူကြီးမှ ပုံစံ ၃၃ ကိုဖြည့်ရမည် ဖြစ်ပါသည်။
- အကယ်၍ တရားသူကြီးသည် ကလေးအား မိဘထံသို့ သော်လည်းကောင်း (ပုဒ်မ ၄၇ က) သို့မဟုတ် အုပ်ထိန်းသူ ထံသို့ သော်လည်းကောင်း (ပုဒ်မ ၄၇ ခ)ခံဝန်ဖြင့် လွှတ်သော်လည်း ၎င်းပုဂ္ဂိုလ်များမှ လက်ခံနိုင်ခြင်းမရှိလျှင် ကလေး ယ်အား သင်တန်းကျောင်းတွင် ထားနိုင်သည်။ သို့သော် ပုံစံ၃၃တွင် အကြောင်းပြ ချက်ကို ရှင်းပြရမည်ဖြစ်ပါသည်။ ကလေးသူငယ် ဥပဒေ ပုဒ်မ ၄၇ (ဃ)။
- ထောင်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ် သို့မဟုတ် လူငယ်အား လူကြီးအကျဉ်းသားများနှင့်အတူ ရောနှော၍ ထားရှိခြင်း မပြုရ။ ကလေးသူငယ်ဥပဒေ ပုဒ်မ ၅၂။

## အရွယ်ရောက်ပြီးသူများ၏ အမှုများ၌ ကလေးသူငယ်ပြစ်မှုမှတ်တမ်းများကို အသုံးပြုခြင်း

## အယူခံဝင်ခြင်း

ကလေးသူငယ်များသည် အယူခံဝင်ရန်အတွက် ရပိုင်ခွင့် အခွင့်အရေးရှိပါသည်။

> ကလေးသူငယ်ဥပဒေ ပုဒ်မ (၄၉) - (က) ကလေးသူငယ်တရားရုံးက ဤဥပဒေအရ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အယူခံဝင်ရောက်ခွင့် သို့မဟုတ် ပြင်ဆင်မှုတင်သွင်းခွင့်ရှိစေရမည်။
>
> (ခ) ကလေးသူငယ်တရားရုံးကဖြစ်စေ၊ အယူခံရုံး သို့မဟုတ် ပြင်ဆင်မှုတရားရုံးကဖြစ်စေ ကလေးသူငယ်အပေါ် ထောင်ဒဏ် အမိန့်ချမှတ်လျှင် စီရင်ချက် မိတ္တူတစ်စောင်ကို ဝန်ကြီးဌာနသို့ ပေးပို့ရမည်။

## လူငယ်များ

မြန်မာနိုင်ငံဥပဒေသည် (၁၆) နှစ်အထက်ရှိပြီး (၁၈) နှစ်အောက် ပုဂ္ဂိုလ်များကို "ကလေးသူငယ်" အစား ရနိုင်သည့် ဥပဒေ အကာအကွယ်ပိုမိုနည်းပါးသော "လူငယ်"ဟု အုပ်စုသတ်မှတ်၍ အရွယ်ရောက်ပြီးသူများအား စီရင်သည့် တရားရုံးတွင် ကြားနာစစ်ဆေးစီရင်သဖြင့် ကလေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ပါ လိုက်နာရမည့် အချက်များနှင့် လျော်ညီမှုမရှိပေ။ ချမှတ်နိုင်သော ပြစ်ဒဏ်ကို ၁၀နှစ်အထိ ခွင့်ပြုထားသည်။ ကလေးသူ ငယ်ဥပဒေ၊အခန်း ၁၈ ပုဒ်မ ၆၇ - ၇၁ တွင် လေ့လာပါ။

## နှောင့်နှေးကြန့်ကြာမှုမရှိဘဲ မြန်ဆန်စွာ တရားစစ်ဆေးစီရင်ခြင်း

ကလေးသူငယ်အမှုသည်များအတွက် ဆောင်ရွက်ပေးရာတွင် အကြီးမားဆုံးသော ပုပန်မှုတစ်ခုမှာ ကြားနာစစ်ဆေးစီရင်မှု ကို နှောင့်နှေးမှုမရှိစေရေးနှင့် ၎င်းတို့အား ထိန်းသိမ်းထားခြင်းကို လိုအပ်သည်ထက် မကြန့်ကြာစေရေးတို့ ဖြစ်ပါသည်။ အငြင်းပွားဖွယ်ကောင်းသည့်အချက်မှာ (အကုန်လုံးမဟုတ်သည့်တိုင်) ကလေးသူငယ်အမှု ကိစ္စတော်တော်များများအား ပိုမိုရှည်ကြာသော ဝရမ်းဖြင့်အရေးယူဆောင်ရွက်သည့် အမှုများအဖြစ် မဟုတ်ဘဲ ရုံးမှဆင့်ခေါ်သည့် အမှုများအဖြစ် အကျဉ်းရုံး ကိုင်တွယ်ဖြေရှင်းလေ့ရှိသောကြောင့် အကယ်၍ တရားစွဲဆိုမှု အဆင်သင့်ဖြစ်မနေခဲ့လျှင် ပထမအကြိမ် ရုံးတော်မှ ကြားနာသည့်နေ့၌ အမှုအား ပလပ်သင့်ပေသည်။ အခြား မည်သို့ဆက်လက်ဆောင်ရွက်မည်ကို ဆုံးဖြတ်ချက် မချမှတ်မီကာလ၌ တဖက်တွင်လည်း ခုခံချေပသည့်ဘက်မှ သက် သေအထောက်အထားများအား လေ့လာသုံးသပ်ခြင်း စုံစမ်းခြင်းတို့ကို ပြုလုပ်ရန် အခွင့်အရေးရှိပါသည်။ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ မြန်ဆန်စွာ တရားစစ်ဆေးစီရင်ခြင်း အပိုင်း တွင် လေ့လာပါ။

### ကလေးသူငယ်ဆိုင်ရာ တရားစွဲဆိုမှုများကို လျှို့ဝှက်စွာ ထားရှိရခြင်း

ကလေး၏ အမည်၊ မျက်နှာတို့ကို ထုတ်ဖော်ခြင်း ပြသခြင်း သို့မဟုတ် ထိုကလေးသူငယ်၏ မိသားစုနှင့်ပတ် သက်သော သတင်းအချက်အလက်များကို လူအများသိစေရန် ဖော်ထုတ်ခြင်းသည် ထိုကလေးအပြစ်ရှိသည် ဖြစ်စေ အပြစ်ကင်းသည် ဖြစ်စေ ပတ်ဝန်းကျင်မှ ဝေဖန်သမုတ်နိုင်သည့် အမည်းစက်တစ်ခု ဖြစ်သွားနိုင်ပါသည်။ ကလေးသူငယ်တရားရုံးမှာ အမှန် တကယ်သီးခြားကန့်သတ်ထားသော တရားရုံးဖြစ်သည်ဆိုသည့် အချက် သေချာရမည် ဖြစ်ပါသည်။ ရုံးတွင် လာရောက်ခွင့်မရှိသည် မည်သည့်ပုဂ္ဂိုလ်မဆို တရားရုံးသို့ ရောက်ရှိလာလျှင် ကလေးသူငယ်အက်ဥပဒေအရ ကန့်ကွက်ရ မည်ဖြစ်ပြီး အမှုမစတင်မီ ထိုပုဂ္ဂိုလ်အား ရုံးပြင်ပသို့ထွက်ခွာဖို့ ညွှန် ကြားရန် တောင်းဆိုပါ။ ရဲတပ်ဖွဲ့မှ လာရောက်သည့် စုံစမ်းစစ်ဆေးသူများအား တိုက်ရိုက်ဆက်သွယ်၍ အသေးစိတ်အချက်အလက်များ ဓါတ်ပုံများ မီဒီယာသို့ ပေါက်ကြားမှု မရှိစေရန် မေတ္တာရပ်ခံပါ။ အကယ်၍ ရဲမှ

မိမိ၏ မေတ္တာရပ်ခံချက်ကို သဘောမတူခဲ့လျှင် အနည်းဆုံး ကလေး၏ အမည်၊ အသက်၊ နေရပ်လိပ်စာနှင့် ဓါတ်ပုံများ မပေါက်ကြားစေရန် မေတ္တာရပ်ခံပါ။ အကယ်၍ ရဲမှ ကလေး၏ ပုဂ္ဂိုလ်ရေး သတင်းအချက်အလက်များကို (လျှို့ဝှက်စွာ) ထိန်းသိမ်းထားရှိရန် ငြင်းဆန်ပါက ရဲမှ ကလေးအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် အပိုဒ် ၄၀ (၂) (ခ) (၇)ကို လေးစားရန် နှင့် မီဒီယာအား အမှုနှင့် ကလေးသူငယ်၏ အမည်ကို ထုတ်ဖော်ပြောကြားခြင်းမပြုရန်တရားရုံးအား တိုက်ရိုက် အသနားခံစာတင်၍ တောင်းဆိုရမည်ဖြစ်ပါသည်။

## အသက်အရွယ်ကို စစ်ဆေးအကဲဖြတ်ခြင်း

ကလေးသူငယ်များအား ကိုယ်စားပြုသည့် ရှေ့နေများသည် မိမိ၏ အမှုသည်အား ကလေးသူငယ်တရားရုံးတွင် ကြားနာ စစ်ဆေးခွင့်ရရေးအတွက် ၎င်း၏ အသက်အရွယ်ကို သက်သေပြနိုင်ရန်အတွက် အခါအားလျော်စွာ အပြင်းအထန်ကြိုးစား အားထုတ်ကြရသည်။ ရှေ့နေများသည် ကလေးမှာ ကလေးသူငယ်မဟုတ်ကြောင်း သက်သေပြရန်တာဝန်သည် အစိုးရ တွင် ရှိကြောင်း ငြင်းချက်ထုတ်သင့်ပါသည်။ သို့တိုင်အောင် ရှေ့နေများ အနေဖြင့် မိမိတို့အမှုသည်၏ အသက် အရွယ်ကို သက်သေပြနိုင်ရေးအတွက် သက်သေအထောက်အထားများ ကြိုတင်ရှာဖွေထားရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ထိုကိစ္စရပ်များနှင့်စပ်လျဉ်းပြီး အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၌ လက်မှတ်ရေးထိုးထားသည့် အချုပ်အခြာ အာဏာပိုင်နိုင်ငံဖြစ်သဖြင့် အသက်အရွယ်အား စစ်ဆေးအကဲဖြတ်ရာ၌ ကြုံတွေ့ရသည့် ကိစ္စရပ် ပြဿနာ များကို ရင်ဆိုင်ဖြေရှင်းရာတွင် နိုင်ငံတကာ စံချိန်စံညွှန်းများကို ရည်ညွှန်း၍ ဖြေရှင်းသင့်ပါသည်။

- အကယ်၍ ကလေး၏အသက်အရွယ်အား စစ်ဆေးအကဲဖြတ်ရန် လိုအပ်ခဲ့မည်ဆိုလျှင် အောက်ပါ အချက်များအား ကြိုတင် ထည့်သွင်း စဉ်းစားရမည် ဖြစ်ပါသည်။

(က) စစ်ဆေးအကဲဖြတ်ရာတွင် ကလေး၏ ရုပ်ပိုင်းဆိုင်ရာ သွင်ပြင်လက္ခဏာကိုသာမက ၎င်း၏ စိတ်ပိုင်း ဆိုင်ရာ ရင့်ကျက်မှုကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။

(ခ) ကလေး၏ အသက်အရွယ်ကို ဆုံးဖြတ်သတ်မှတ် ရန်အတွက် သိပ္ပံနည်းကျ လုပ်ထုံးလုပ်နည်းများကို အသုံးပြုရာတွင် တွက်ချက်မှုလွဲမှားနိုင်ခြင်းကိုပါ ထည့်သွင်း စဉ်းစားရမည်ဖြစ်ပါသည်။ ထိုသို့ထည့်သွင်း စဉ်းစား၍ တွက်ချက်သည့် နည်းလမ်းများသည် လုံခြုံမှုရှိ၍ လူ့ဂုဏ်သိက္ခာကို လေးစားရမည် ဖြစ်ပါသည်။

(ဂ) အကယ်၍ အသက်အရွယ်တိတိကျကျကို မတွက်ချက်နိုင်လျှင် ကလေးသည် သံသယ၏ အကျိုး ခံစားခွင့်ကို ရရှိသင့်ပါသည်။

အသက်အရွယ်စံသတ်မှတ်ချက်နှင့်စပ်လျဉ်းပြီး ဥပဒေရေးရာ နောက်ဆက်တွဲရလဒ်များသို့မဟုတ် အရေးပါမှုများကို ဖြစ်နိုင်သည့် မည်သည့်အနေအထားတွင်မဆို လျှော့ချသင့်ပါသည်။ လိုအပ်သည်ထက်ပိုများသည့် ဥပဒေရေးရာအားသာချက်များ၊ အားနည်းချက်များသည် စံသတ်မှတ်ချက် တစ်ခုထဲမှ စီးမြောလာသည်ဟု လူသိများမှု သည် နစ်လိုဖွယ်ရာမရှိခြေ။ အဘယ့်ကြောင့်ဆိုသော် ၎င်းသည် မှားယွင်းစွာတင်ပြလာစေရန်အတွက် မက်လုံး တစ်ခုဖြစ်နေနိုင်သောကြောင့်ဖြစ်ပါသည်။ လမ်းညွှန်ချက်မှုသည်"ပို၍ ဂရုစိုက်ကိုင်တွယ်ဖို့ရန် လိုအပ် သော ထိခိုက်ဆုံး ရှုံးနိုင်မှုနှင့် မရင့်ကျက်မှုတို့"

အား အမှုသည် တစ်ဦးတစ်ယောက်ချင်းစီမှ သက်သေသာဓကနှင့် ထင်ထင်ရှားရှားပြမည် မပြမည်ကို သိရှိရန်အတွက် ရည်ရွယ်သောကြောင့်ဖြစ်ပါသည်။

UNHCR- တရားဝင်အုပ်ထိန်းသူမရှိသော နိုင်ငံရေးခိုလှုံခွင့်တောင်းခံသည့် ကလေးများအား ဆက်ဆံရန်အတွက် မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများ ဆိုင်ရာလမ်းညွှန်ချက်များ၊ လမ်းညွှန်ချက် ၅.၁၁၊ ဖေဖော်ဝါရီ ၁၉၉၇။

- အသက်အရွယ်အား စစ်ဆေးအကဲဖြတ်ရာတွင် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် ယဉ်ကျေးမှု ဆိုင်ရာ အခြေခံအကြောင်းများ ပါဝင်သည်။ အကယ်၍ အသက်အရွယ်အား စစ်ဆေးအကဲဖြတ်ရန် လိုအပ်သည် ဟု ယူဆလျှင် လွတ်လပ်၍ ထိုက်လျောက်သောကျွမ်းကျင်မှုရှိပြီး ကလေး၏ လူမျိုးစုအုပ်စု၊ ယဉ်ကျေးမှု ရိုးရာ အစဉ်အလာများနှင့် အကျွမ်းတဝင်ဖြစ်သည့် ပညာရှင်များမှ စစ်ဆေးအကဲဖြတ်မှုကို ပြုလုပ်ဆောင် ရွက်သင့်ပါ သည်။ စစ်ဆေးမှုသည် အတင်းအကျပ် တွန်းအားပေးဆောင်ရွက်ခြင်းမျိုး သို့မဟုတ် ယဉ်ကျေးမှုအရ သင့်တော်မှု မရှိသည့် လုပ်ရပ်မျိုး မဖြစ်သင့်ပါ။ ကျား/မရေးရာရှုထောင့်အရ သင့်လျော်မှုရှိစေရန် အထူးသီးသန့် ဂရုစိုက် ဆောင်ရွက်မှုများကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အသက်အရွယ်ပြည့် မပြည့်သေချာစွာ မသိရှိသေးမီ (၁၈) နှစ်အောက် ဖြစ်သည်ဟု အခိုင်အမာပြောသည့် အမှုသည်ကို ၎င်း၏ထွက်ဆိုချက်အတိုင်း သတ်မှတ်၍ ဆက်ဆံ ရမည်ဖြစ်ပါသည်။ အသက်အရွယ်စစ်ဆေးအကဲဖြတ်မှုမှာ တိကျသေချာသော လောကဓါတ် ပညာမဟုတ်သည့် အတွက် မှားယွင်းနိုင်သည့် တွက်ချက်မှုမျိုး ဖြစ်ပေါ်နိုင်သည်။ အသက်အရွယ်ကို ဆုံးဖြတ်သတ်မှတ်ရာတွင် တရားဝင်အုပ်ထိန်းသူမရှိသည့် ကလေးငယ်များအား သံသယအကျိုးခံစားခွင့် ပေးရမည်ဖြစ်ပါသည်။

Separated Children in Europe Programme, *Statement of Good Practices*, "Age Assessment," Practice C.8, page 18 (3d ed. 2004).

# စွပ်စွဲခံရသူအမျိုးသမီးများ

စွပ်စွဲခံရသူများစာရင်း၌ အမျိုးသမီးများပါဝင်သည့် ရာခိုင်နှုန်းမှာ အနည်းငယ်မျှသာ ဖြစ်ပါသည်။ ပြစ်မှုဆိုင်ရာတရားရေးစနစ် ၌ အမျိုးသမီးများ ပါဝင်လာရသည့်အကြောင်းအရင်းများဖြစ်သည့် ဆင်းရဲမွဲတေခြင်း၊ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ မကျန်းမာခြင်း၊ စိတ်ဒဏ်ရာများ၊ လိင်ပိုင်းဆိုင်ရာအခြေပြု ခွဲခြားဆက်ဆံခံရခြင်းများ၊ လူမျိုးရေးနှင့် ဘာသာရေးဆိုင်ရာ ခွဲခြားဆက်ဆံမှုများ စသည်တို့ကို တရားခံရှေ့နေများ အနေဖြင့် နားလည်ထားရန် လိုအပ်ပါသည်။ အလုပ်အကိုင် အတည်တကျမရှိခြင်းနှင့် စီးပွားရေး အခွင့်အလမ်းမရှိခြင်းတို့ကြောင့် အမျိုးသမီးအများစုတို့သည် အကြမ်းဖက်ပြစ်မှုများမဟုတ်သည့် ပြည့်တန်ဆာ လုပ်ခြင်း၊ မူးယစ်ဆေးဝါးနှင့် ပစ္စည်းဆိုင်ရာပြစ်မှုများကြောင့် အဖမ်းခံနေကြရပါသည်။

အမျိုးသမီးများသည် ဖမ်းဆီးခံလိုက်ရသည်နှင့် အလွဲသုံးစားပြုခြင်းများကို ခံစားကြရပါသည်။ ရဲအရာရှိများက အမျိုးသမီးများသည် ကာကွယ်ခုခံခြင်းအားဖြင့် ပိုမိုပြင်းထန်သောပြစ်ဒဏ် ရရှိလိမ့်မည်ဟု အကြောင်းပြ၍ ခုခံချေပမှုကို အားမပေးကြပါ။ အချုပ်ခန်းများမှ တရားရုံးများသို့ ပို့ဆောင်ရာတွင်လည်း ရဲအရာရှိများက အမျိုးသမီးများအား မသင့်မလျော်ကိုင်တွယ်ကြကြောင်း တင်ပြထားပါသည်။ ထို့အပြင် တရားရုံး၌ ကြားနာရန်စောင့်ဆိုင်းနေသည့် အချိန်များ တွင်လည်း ချုပ်နှောင်ထားခံရသူအမျိုးသားများနှင့်အတူ ခုံတန်းရှည်ပေါ်တွင် ထိုင်ခိုင်းလေ့ရှိကြောင်း အမျိုးသမီး တရားခံများက တင်ပြထားပါသည်။ အများပြည်သူနှင့်ဆိုင်သော နေရာများတွင် လက်ထိပ်များ ခတ်ထားခြင်း မပြုရန် ဥပဒေ၌ ပါရှိသော်လည်း အမျိုးသမီးများမှာကား လက်ထိပ်များဖြင့်သာ နေရလေ့ရှိပါသည်။ တရားသူကြီးများက အမျိုးသမီး များသည် မိမိကိုယ်ကိုယ် အရှက်ရအောင်ဆောင်ရွက်သည်ဟု တရားခွင်၌ ဝေဖန်ပြစ်တင်ကြပါသည်။

## ပြည့်တန်ဆာ

အမျိုးသမီးများသည် ပြည့်တန်ဆာမှုဖြင့် တရားရုံးတော်သို့ မကြာခဏ လာရောက်ရလေ့ ရှိကြပါသည်။ အချို့သော အမျိုးသမီးများသည် အလိုတူကြောင့်ဖြစ်စေ၊ သို့မဟုတ် အလိုမတူခြင်းကြောင့်ဖြစ်စေ၊ လင်ခန်းမယားခန်းနေထိုင်လိုက်ရခြင်းကြောင့် ၎င်းတို့၏ မိသားစုများမှ ဝိုင်းပယ်ခံရခြင်းများ၊ ၎င်းတို့နေထိုင်ရာနေရာများမှ ဖယ်ရှားခံရခြင်းများ၊ အိမ်တွင်း အကြမ်းဖက် ခံရခြင်းများ၊နှင့် မြေယာပြဿနာများ၌ ခံစားခဲ့ရခြင်းများ သို့မဟုတ် အခြားသော ပုံမှန်အလုပ်အကိုင်များ လုပ်ကိုင်ရန် ဖယ်ထားခံရခြင်းများကြောင့် လိင်လုပ်ငန်းဘက်ကိုသာ လုပ်ဆောင်ရန် ဦးတည်လာကြပါသည်။[12] ထိုလိင် လုပ်ငန်းသာလျှင် ၎င်းတို့နှင့် ၎င်းတို့၏ မိသားစုများအား ထောက်ပံ့ပေးနိုင်သည့် လုပ်ငန်းတခုတဖွယ် ဖြစ်လာပါတော့သည်။ သတင်းပေးသူများနှင့် ရဲအရာရှိများသည် ပြည့်တန်ဆာများအား ဖမ်းဆီးခြင်း မပြုမီ ၎င်းတို့၏ ဝန်ဆောင်မှုကို ရယူလေ့ ရှိကြပြီး ၎င်းတို့အား အမိဖမ်းလေ့ရှိကြကြောင်း အစီရင်ခံစာ တင်ထားပါသည်။ ပြည့်တန်ဆာလုပ်ငန်းသည် တရားမဝင် သည့် လုပ်ငန်းဖြစ်သည့်အလျောက် ... ရဲများနှင့် ဖောက်သည်များမှ လိင်လုပ်သားများအပေါ် အကြမ်းဖက်ခြင်း၊ ကွန်ဒုံးသုံးရန် ငြင်းဆန်ခြင်း သို့မဟုတ် ၎င်းတို့ပေးခဲ့သည့် ဝန်ဆောင်မှုအတွက် ထိုက်သင့်သည့် အခကြေးငွေ ပေးရန် ပျက်ကွက် ခြင်းများ ဖြစ်ပွားခဲ့ပါက ... ထိုအရာများကို ကုစားနိုင်မည့် ဥပဒေဆိုင်ရာ ကုစားခွင့်များ ၎င်းတို့၌

[12] Bhattacharjya, M., Fulu, E., Murthy, L., Seshu, M. S., Cabassi, J. & Vallejo-Mestres, M. (2015). *The Right(s) Evidence: Sex Work, Violence and HIV in Asia.* UNFPA, UNDP, Asia Paci c Network of Sex Workers, SANGRAM. Retrieved from http://asiapaci c.unfpa.org/sites/asiapaci c/ les/pub-pdf/Rights-Evidence-Report-2015- nal_0.pdf

မရရှိကြပါ။[13] မီဒီယာများမှ အစီရင်ခံစာတင်ထားသည်မှာ ... အမျိုးသမီးအများစုတို့သည် ၎င်းတို့ မသင့်လျော်သော အချိန်တွင် မသင့်လျော်သော နေရာ ၌ ရှိနေခြင်းကြောင့် သို့မဟုတ် ရဲသို့ပေးရန် ငွေလုံလောက်စွာ မရှိခြင်းတို့ကြောင့် လွဲမှားစွာ စွဲဆိုခံကြရသည်ဟု သတင်း မီဒီယာများမှ တင်ပြထားပါသည်။ ရဲများဘက်မှလည်း တံစိုးလက်ဆောင်များ ရယူလိုသည့် မျှော်လင့်ချက်ဖြင့် စွပ်စွဲမှုများကို လည်း ပြုလုပ်ကောင်း ပြုလုပ်နိုင်ပါသည်။ အခါအားလျော်စွာ ပြုလုပ်သည့် အကျင့်စာရိတ္တ ဆိုင်ရာစည်းရုံးလှုံ့ဆော်မှုများ ကြောင့် ပြည့်တန်ဆာလုပ်ငန်း လုပ်ကိုင်သည့်နေရာများ သို့မဟုတ် မူးယစ်ဆေး သုံးစွဲနေသည့် နေရာများရှိ လူအများစုတို့ သည် မကြာခဏ အဖမ်းခံရလေ့ရှိပါသည်။ ထိုသို့သော အခြေအနေများတွင် ... တရားသူကြီးများ သည် တရားခံများအား ပြစ်မှုထင်ရှားစီရင်ရုံမှတပါး တခြားဘာမျှမလုပ်နိုင်ပါ။ တရားသူကြီးများမှ ပြစ်မှုထင်ရှား စီရင်ရာတွင် တရားခွင်၌ တင်သွင်းထားသည့် တိကျသောသက်သေခံချက်များထက် အမျိုးသမီးတစ်ဦး၏ နာမည် ဂုဏ်သတင်းအပေါ် အခြေခံ၍ ဆုံးဖြတ်ချက် ချလေ့ရှိပါသည်။ ထို့အပြင် ကွန်ဒုံးများ လက်ဝယ်တွေ့ရှိခြင်း သည် ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်ခြင်းကို သက်သေပြနိုင်ရန် သက်သေခံအရာ မဝင်ကြောင်း လမ်းညွှန် ဆုံးဖြတ်ချက်များရှိသော်လည်း လက်တွေ့အားဖြင့် ထိုသို့ လိုက်နာကျင့်သုံးခြင်း မရှိပါ။

အမျိုးသမီးများသည် ၎င်းတို့အပေါ် စွဲဆိုထားသော စွဲချက်များ မမှန်ကန်လျှင်ပင် အပြစ်ရှိကြောင်း ဝန်ခံကြသည်။ ထိုသို့ ပြုလုပ်ကြရသည့် အကြောင်းရင်းများမှာ - တရားစီရင်မှုလုပ်ငန်းမြန်ဆန်ရန်နှင့် အခြားသော ချုပ်နှောင်ခြင်း၊ တရားရုံးသို့ တက်ရောက်ရခြင်း၊နှင့် တရားခွင်ဆိုင်ရာ အခြေအနေများနှင့် ဆက်စပ်သောအခက်အခဲများကို ရှောင်ရှားနိုင်ရန်အတွက် ဖြစ်သည်။ ထို့အပြင် အပြစ်ရှိကြောင်း ဝန်ခံခြင်းဖြင့် အချိန်ကာလအားလျော်စွာ လွတ်ငြိမ်းချမ်းသာခွင့်ကို ခံစားနိုင်လိမ့် မည်ဟု အချို့က မျှော်လင့်ကြပါသည်။ သို့သော် ပြည့်တန်ဆာမှုများနှင့် မူးယစ်မှုများသည် ဝရမ်းမှုများဖြစ်သဖြင့် ဖမ်းဆီး ခံထားရသည့် အမျိုးသမီးများသည် စုံစမ်းစစ်ဆေးမှုပြီးဆုံးပြီး စွဲချက်တင်ပြီးသည့်အချိန်အထိ စောင့်ဆိုင်းရန် လိုအပ်သည်။

## အခြားသောစွဲဆိုချက်များ

အမျိုးသမီးများသည် ပြည့်တန်ဆာမှုဖြင့် စွဲဆိုခံရခြင်းအပြင် ဓမ္မတာနှင့်ဆန့်ကျင်သော ကာမစပ်ယှက်မှုများနှင့် လိင်တူချစ်သူ အမှုသည်များ အခန်း၌ ဆွေးနွေးထားသည့် မှောင်ရိပ်ခိုမှုများဖြင့်လည်း စွဲဆိုခံရနိုင်ပါသည်။ ပုဒ်မ ၃၇၇ ၌ ... "မိမိ အလို အလျောက် ဓမ္မတာနှင့် ဆန့်ကျင်သော ကာမစပ်ယှက်မှုကို ပြုလျှင်" ပြစ်မှုမြောက်သည်ဟု မှတ်ယူကြောင်း ဖော်ပြထား သည်။ လိင်တူချင်း ဆက်ဆံသည့် အမျိုးသမီးများ၏ ဘဝများ၌လည်း ကြီးစွာသော အမည်းစက်များကျန်ရစ်ခဲ့မည်ဖြစ်ပြီး ထိုအရာသည် ၎င်းတို့၏ အလုပ်အကိုင်အခွင့်အလမ်းများကို မကြာခဏ ဆိုသလို ထိခိုက်မှု ရှိစေနိုင်ပါသည်။

အမျိုးသမီးများ၏ လုပ်ပိုင်ခွင့်များကို ဥပဒေအဟောင်းများနှင့် ဥပဒေအသစ်များ၌ ပိတ်ပင်တားဆီးထားပါသည်။ ကိုယ်ဝန် ဖျက်ချခြင်းသည် တရားမဝင်သည့်ကိစ္စရပ်ဖြစ်ပြီး ကွန်ဒုံးများ ယူဆောင်လာသည့် အမျိုးသမီးများ သည်လည်း ပြည့်တန်ဆာမှု ဖြင့် စွဲဆိုခံရနိုင်ချေရှိသည်။ လတ်တလောတွင် ပြဋ္ဌာန်းလိုက်သည့် "အမျိုး၊ဘာသာ ကာကွယ် စောင့်ရှောက်ရေးဥပဒေများ" သည် မယားတစ်ယောက်မက ယူခွင့်ရှိသော လူနေမှုစနစ်ကို ဥပဒေအရတားမြစ်ထားသည်။ ထို့၌ ဘာသာ ကူးပြောင်းလို သည့် နိုင်ငံသားများသည် နိုင်ငံတော်ဘုတ်အဖွဲ့မှ

[13] DVB, Sex worker law in reformists' sights, but can govt deliver? 24 April 2017 http://www.dvb.no/news/75176/75176

သဘောတူညီချက်ကို ဦးစွာ ရယူရမည်။ ပြီးနောက် ပြည်နယ် နှင့် တိုင်းဒေသကြီး အစိုးရများမှ နိုင်ငံတော်သမ္မတ၏ ခွင့်ပြုမိန့်ကို တောင်းခံနိုင်ရန် အာဏာ လွှဲပြောင်းပေးရမည်။ ထိုသို့ ပြုလုပ်ခြင်းဖြင့် နိုင်ငံအတွင်းနေထိုင်သူများ၏ သားဆက်ခြားခြင်းဆိုင်ရာလုပ်ငန်းစဉ်များကိုလည်း ဖော်ပြပေးနိုင်သည်။ ထို့အပြင် ဗုဒ္ဓဘာသာ မဟုတ်သည့် အမျိုးသားများနှင့် ဗမာအမျိုးသမီးများ ထိမ်းမြားခြင်းမှလည်း တားမြစ်နိုင်မည်။ ထိုသို့သော တားမြစ်ချက်များသည် အမျိုးသမီးများအား ထိခိုက်နစ်နာမှုများ ဖြစ်သွားစေနိုင်ပါသည်။

**တလင်တမယားဥပဒေပါစွဲဆိုချက်များကို ခုခံချေပခြင်း**
နောက်မှ ဖြည့်စွက်ရန်။

## ခင်ပွန်းသည်အား ပြန်လည်တိုက်ခိုက်လိုသည့် လက္ခဏာများ
## Battered Spouse Syndrome

တခါတရံတွင် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ မတရားပြုကျင့်ခံရသည့်အမျိုးသမီးများသည် ထိုသို့ ပြုလုပ်သူများအား ပြန်လည်တိုက်ခိုက်လေ့ ရှိကြပါသည်။ ထို့နောက် ၎င်းတို့ကိုယ်တိုင် ပြစ်မှုကျူးလွန် ခဲ့ကြောင်း စွဲချက်တင်လေ့ရှိကြသည်။ ဤအမျိုးသမီးများ၌ "ခင်ပွန်းသည်အား ပြန်လည် တိုက်ခိုက်လိုသည့် လက္ခဏာများ" မကြာခဏဆိုသလို ခံစားကြရပါသည်။ ထိုလက္ခဏာများကို တရားရုံးတော်၌ ခုခံကာကွယ်ခြင်း အနေဖြင့် အသုံးပြုပုံနှင့် [14] ထိုလက္ခဏာ၏ အကျိုးဆက်များ အကြောင်းကို လေ့လာထားသည့် သုတေသနများစွာ ရှိပါသည်။ ထိုအရာသည် ခုခံကာကွယ်ခြင်းတမျိုးဖြစ်သည့် "မိမိကိုယ်ကိုယ် ခုခံကာကွယ်ပိုင်ခွင့်" နှင့် စပ်ဆိုင် ပါသည်။

## တိုင်တန်းသူအမျိုးသမီးများ၌ လုပ်ပိုင်ခွင့်မရှိခြင်းများနှင့် အကာအကွယ်မရှိခြင်းများ

တရားခံရှေ့နေများသည် ပြစ်မှုဆိုင်ရာတရားရေးစနစ်၌ နစ်နာသူမဟုတ်သော တရားခံများကိုသာ ကိုယ်စားပြု ကြသည်။ မည်သို့ပင်ဆိုစေကာမူ … ပြစ်မှုဆိုင်ရာတရားရေးစနစ်သည် တိုင်တန်းသူအမျိုးသမီးအား အကာ အကွယ် မပေးနိုင်ကြောင်း ကို ရှေ့နေများအနေဖြင့် နားလည်ထားရမည်။ ရှေးက ရေးသားခဲ့သည့် ရာဇသတ်ကြီး ဥပဒေပါ (ပုဒ်မ ၅၀၉ နှင့် ၃၅၄) တို့သည် အမျိုးသမီးများ၏ ကာယိန္ဒြေစော်ကားခံရခြင်းများမှ ကာကွယ် ပေးထားခြင်းဖြစ်သော်လည်း အိမ်တွင်း အကြမ်းဖက်ခြင်းနှင့် ဆိုင်သည့် အထူးတားမြစ်ချက်များနှင့် ပြစ်ဒဏ်များကိုကား ဖော်ပြထားခြင်း မရှိပါ။ ထိုအရာများကို ကုစားရန် လွှတ်တော်၌ ကြိုးစားအား ထုတ်မှုများ သည်လည်း မအောင်မြင်သေးပါ။ အသက်တစ်ဆယ့်သုံးနှစ်အောက်ရှိသော သူနှင့် ကာမစပ်ယှက်ခြင်းပြုလျှင် မုဒိမ်းမှုမြောက်သည်ဟု ပြဋ္ဌာန်းထားသော်လည်း လင်မယားချင်း ကာမ စပ်ယှက်မှု ပြုခြင်းကား မုဒိမ်းမှု မမြောက်ကြောင်း ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၇၅ ၌ ဖော်ပြထားသည်။ သက်သေခံ အက်ဥပဒေအရ … အမျိုးသမီးတစ်ဦး၏ ယခင်က ပြုကျင့်ခဲ့သော ကာမစပ်ယှက်မှုနှင့် ထိုသို့ ပြုကျင့်လိုသည့် အကျင့်စရိုက်များသည် သက်သေခံအရာဝင်သည့် သက်သေခံချက်များပင် ဖြစ်သည်ဟု ဖော်ပြထားပါသည်။

---

[14] Walker, *Battered Woman Syndrome*, http://www.psychiatrictimes.com/trauma-and-violence/battered-woman-syndrome; *The Validity and Use of Evidence Concerning Battering and Its Effects in Criminal Trials*, USDOJ Report (1996); https://www.ncjrs.gov/pdffiles/batter.pdf; Field, et al, *Women Accused of Homicide: The Impact of Race, Relationship to Victim, and Prior Physical Abuse*, http://www.scirp.org/journal/PaperInformation.aspx?paperID=78345; Burke, *Rational Actors, Self-Defense, and Duress: Making Sense, not Syndromes, Out of the Battered Woman*, 81 N.C.L. Rev. 211 (2002), http://scholarlycommons.law.hofstra.edu/cgi/viewcontent.cgi?article=1105&context=faculty_scholarship;

အမျိုးသမီးတစ်ဦးမှ တိုင်တန်းမှုတစ်ခုပြုလုပ်လိုပါက ၎င်း၏ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးထံမှ ခွင့်ပြုမိန့်ကို ရယူရန် လိုအပ်သည်။ တိုင်တန်းချက်များကို ဖြေရှင်းရာတွင်လည်း တရားဥပဒေစိုးမိုးရေး စည်းမျဉ်းများ သို့မဟုတ် ကျားမတန်းတူ ညီမျှမှု သဘောထားများအရ ဖြေရှင်းကြခြင်းမျိုး မဟုတ်ဘဲ အုပ်ချုပ်ရေး ဆိုင်ရာ သို့မဟုတ် ဓလေ့ထုံးတမ်းဆိုင်ရာ နည်းလမ်းများ အရသာ ဖြေရှင်းကြလေ့ရှိကြောင်း တွေ့ရသည်။ အမျိုးသမီးများ (သို့မဟုတ် အခြားသူများ) ၏ ဆွေမျိုး၊ ရည်းစား၊ ရင်းနှီးရသော မိတ်ဆွေ သို့မဟုတ် ခင်ပွန်းသည်တို့သည် ၎င်းတို့အပေါ် အကြမ်းဖက်ခြင်းကို ပြုလုပ်ခဲ့ပါက ထိုအရာများကို ကာကွယ်တားဆီးနိုင်မည့် အမိန့်များ ပြဋ္ဌာန်းထားခြင်း မရှိပါ။

## ပြစ်မှုဆိုင်ရာတရားရေးစနစ်၌ ကျားမတန်းတူညီမျှမှုရှိစေရန်အတွက် ရှေ့နေများမှ လုပ်ဆောင်ကြရခြင်း

လတ်တလောလေ့လာထားသည့် တရားမျှတမှုအပေါ် အမျိုးသမီးများလက်လှမ်းမီမှုဆိုင်ရာ စစ်တမ်းများရှိ အထူး အကြံပြု ချက်များမှာ - တရားခံရှေ့နေများသည် ... အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အကြမ်းဖက် ခံရခြင်းများကို ကာကွယ် ပေးနိုင်ရန်နှင့် တရားမျှတမှုအပေါ် အမျိုးသမီးများ ပိုမိုလက်လှမ်းမီနိုင်ရန် ကျားမရေးရာ အခန်းကဏ္ဍများကို မြှင့်တင် ပေးရမည်။ ထိုသို့မြှင့်တင်ရာတွင် တရားစီရင်ရေးဆိုင်ရာ အလွှာအသီးသီးမှ အမျိုးသားများ၊နှင့် အမျိုးသမီးများ ပါဝင်သည့် စာရေးများ၊ ရှေ့နေများ၊ ဥပဒေအရာရှိများ၊ တရားလွှတ်တော်ရှေ့နေများ၊ ရဲအရာရှိများ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများ နှင့် တရားသူကြီးများအားလုံးမှ ပူးပေါင်း ဆောင်ရွက်ပေးရမည်။ တရားခွင်များ၊ အချုပ်ခန်းများ၊ ရဲများ၏ သယ်ယူပို့ဆောင်ရေးယာဉ်များ၊ အကျဉ်းထောင်အခန်းများ၊ နှင့် ထောင်များ[15] ရှိ အမျိုးသမီးများ အတွက် ပို၍လုံခြုံသော အခြေအနေ များ ရရှိစေရန် ဆက်လက်လုပ်ဆောင်ပေးရမည်။

ဖွဲ့စည်းပုံအခြေခံဥပဒေမှ အမျိုးသမီးအမှုသည်များနှင့် အမျိုးသမီးထုအတွက် ပေးအပ်ထားသည့် ကာကွယ် ခုခံပိုင်ခွင့်ကို အပြည့်အဝ ကျင့်သုံးနိုင်စေရန် ရှေ့နေများမှ ကူညီလုပ်ဆောင်ပေးရမည်။ ထို့အပြင် REAct (Rights- Evidence-Action) ကဲ့သို့သော အစီအစဉ်များနှင့်လည်း ရှေ့နေများမှ ပူးပေါင်းဆောင်ရွက်သင့်သည်။ ထိုအစီအစဉ်သည် လိင်လုပ်သားများ၏ ရပိုင်ခွင့် ဆိုင်ရာ အခွင့်အရေးများ အတွက် ခုခံကာကွယ်ပေးနေသည့် အစီစဉ်တစ်ရပ်ဖြစ်ပြီး မြန်မာနိုင်ငံရှိ the International HIV/AIDS Alliance မှ ကမကထပြုထားပါသည်။ The REAct စနစ်သည် ဖမ်းဆီးခံထားရသည့် လိင်လုပ်သားငယ်များအား ကူညီ ထောက်ပံ့မှုများ ပေးရန်နှင့် ၎င်းတို့အတွက် အရေးဆိုတင်ပြခြင်းများ ပြုလုပ်ပေးနိုင်ရန် လိုအပ်သည့် အချက်အလက်များနှင့် သက်သေခံချက်များကို ကောက်ယူလျက်ရှိသော အဖွဲ့တစ်ဖွဲ့ဖြစ်ပါသည်။ အောက်၌ ဖော်ပြထားသည်များကို ကြည့်ပါ။

[15] မြန်မာ့တရားရေးစနစ်၊အမျိုးသမီးများ၏တရားမျှတမှုအပေါ်လက်လှမ်းမီခြင်း (၂၀၁၆ ခုနှစ်၊ Justice Base)၊နှာ ၉၀-၉၁။

## စပ်ဆိုင်သည့်ဥပဒေများ

ဖွဲ့စည်းပုံအခြေခံဥပဒေ

- ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၇ နှင့် ၃၄၈ တို့၌ နိုင်ငံသားအားလုံး ဥပဒေဆိုင်ရာ တန်းတူအခွင့်အရေးရရှိစေရန် အာမခံထားပြီး အမျိုးသား၊အမျိုးသမီးတို့ကို အကြောင်းပြု၍ ခွဲခြားဆက်ဆံခြင်းများ မပြုလုပ်ရန်လည်း တားမြစ် ထားပါသည်။ ဤ၌ နိုင်ငံသားများ ဆိုသည့် စကားရပ်သည် နိုင်ငံသားဖြစ်ခြင်းမှ ငြင်းပယ်ခံရသူများအပါအဝင်၊ နိုင်ငံသားဖြစ်မှုဆိုင်ရာ စာရွက်စာတမ်းများ တရားဝင်ရရှိရန် မြို့များသို့ ခရီးမသွားနိုင်ကြသည့် ဝေးလံ ခေါင်သီ သောဒေသများတွင် နေထိုင်ကြသည့်သူများ (သို့) မွေးရပ်မြေနှင့်ဝေးကွာနေသူများအားလုံးတို့ ပါဝင်နိုင်သော ကြောင့် အငြင်းပွားရာကိစ္စတစ်ရပ်ဖြစ်လာနိုင်ပါသည်။
- ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၁ ၌ မိခင်များ၊ ကလေးသူငယ်များ၊ နှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများ ဥပဒေအရ သတ်မှတ်ထားသော သက်ဆိုင်ရာအခွင့်အရေးများကို အညီအမျှခံစားခွင့်ရှိစေရန် အာမခံထားသော်လည်း အထက်ဖော်ပြပါ အမျိုးအစားထဲတွင် မပါဝင်သည့်အမျိုးသမီးများကိုကားချန်လှပ်ထားသည်ကို တွေ့ရပါသည်။
- ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၀ ၌ အမျိုးသမီးများသည် တူညီသောအလုပ်အတွက် အမျိုးသားများခံစားခွင့်ရှိ သော အခွင့်အရေးနှင့် လစာတို့ကို ခံစားခွင့်ရှိသည်ဟု ဖော်ပြထားသော်လည်း ပုဒ်မ ၃၅၂ ၌မူ "သို့ရာတွင် အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သည့် ရာထူးတာဝန်များအတွက် အမျိုးသားများအား ရွေးချယ်ခန့်ထားခြင်းကို ဤပုဒ်မအရ အဟန့်အတား မဖြစ်စေရ" ဟု ဖော်ပြထားသည်ကိုလည်း တွေ့ရပါသည်။

## ပြဋ္ဌာန်းချက်များ

- ပြည့်တန်ဆာနှိပ်ကွပ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ၁၉၄၉ ခုနှစ်၊ ၂(က)။
- ပြည့်တန်ဆာနှိပ်ကွပ်ရေးဥပဒေ၊ ၂၀၁၃။
- ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၁၂ - မည်သူမဆို ကိုယ်ဝန်ဆောင်မိန်းမ၏ အသက်ကို ကယ်ဆယ်လိုသော သဘောရိုး ဖြင့် မဟုတ်ဘဲ၊ ကိုယ်ဝန်ဆောင်မိန်းမကို ကိုယ်ဝန်ပျက်စေရန်၊ မိမိအလိုအလျောက်ပြုလျှင်၊ ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်ချမှတ်နိုင်သည်။
- ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၁၂ -
- တလင်တမယားဥပဒေ၊ ဘာသာကူးပြောင်းရေးဥပဒေ၊ မြန်မာဗုဒ္ဓဘာသာအမျိုးသမီးများ၏ အထူးထိမ်းမြားမှု ဥပဒေ (ဘာသာပေါင်းစုံလက်ထပ်ထိမ်းမြားခြင်းဥပဒေ)၊ နှင့် လူဦးရေထိန်းသိမ်းခြင်း ဥပဒေ။
- ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၇၇။ လိင်တူချစ်တူ အမှုသည်များအပိုင်းကို ကြည့်ပါ။
- ရန်ကုန်ရဲအက်ဥပဒေ (၁၈၉၉) ၌ ဖော်ပြထားသည်မှာ … "နေဝင်နှင့် နေထွက်ချိန်အကြား လူနေအိမ်သို့မဟုတ် အခြား အဆောက်အဦတစ်ခုခု၏ ဥပစာအတွင်း၌ဖြစ်စေ၊ … တွေ့ရှိသည့်အခါ၊ ထိုနေရာတွင် မိမိရောက်ရှိနေခြင်း အကြောင်းကို ပြေလည်အောင် မပြောနိုင်ပါက ဝရမ်းမပါဘဲ မည်သည့်ရဲတပ်ဖွဲ့ဝင်ကမဆို ဖမ်းဆီးနိုင်သည့်အပြင်၊ ပြစ်ဒဏ်ထင်ရှားစီရင်ခြင်းခံရလျှင် သုံးလအထိ ထောင်ဒဏ်ချမှတ်ခံရမည်။" ရန်ကုန် ရဲအက်ဥပဒေ၊ ၁၈၉ ၉ ၊ အခန်း ၅၊ ၃၅

ကာယိန္ဒြေနှင့်ပတ်သက်သည့်ဥပဒေများ (Modesty Laws): ရာဇသတ်ကြီးဥပဒေ ပုဒ်မများ - ၃၅၂၊ ၃၅၄၊ ၅၀၉ ။

လုပ်ထုံးလုပ်နည်းဆိုင်ရာအထူးကာကွယ်ပေးခြင်းများ

- အိန္ဒိယအက်ဥပဒေ၊ အမှတ် ၉၊ ၁၈၉၄၊ ပုဒ်မ ၄၆(၁၂) - အများပြည်သူရှေ့မှောက်၌ အမျိုးသမီးများအား လက်ထိပ် ခတ်ထားခြင်းကို တားမြစ်သည်။

ကမ္ဘာလုံးဆိုင်ရာစံချိန်စံညွှန်းများ

- အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်၊ အပိုဒ် ၅ - ယောကျာ်း သို့မဟုတ် မိန်းမ အဆင့်နိမ့်ခြင်း သို့မဟုတ် အဆင့်မြင့်ခြင်း သို့မဟုတ် ယောကျာ်းနှင့် မိန်းမတို့အား တင်ကြို သတ်မှတ်ထားသော အဆင့်အတန်းထားခြင်း အတွေးအခေါ်အပေါ် အခြေခံသည့် ဘက်လိုက်ခြင်း၊ ထုံးတမ်း အစဉ်အလာနှင့် အခြားကျင့်သုံးမှုများ ပပျောက်ရေးအား ရရှိစေရေးအမြင်ဖြင့် ယောကျာ်း၊ မိန်းမ ကျင့်သုံးသော လူမှုရေးနှင့် ယဉ်ကျေးမှုပုံစံအား ပြုပြင် မွမ်းမံခြင်း။
- အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်၊ အပိုဒ် ၁၅(၁) - အဖွဲ့ ဝင်နိုင်ငံများသည် အမျိုးသမီးများအား အမျိုးသားများနည်းတူ ဥပဒေရှေ့မှောက်တွင် တန်းတူအခွင့်အရေး ပေးစေ ရမည်။
- အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်၊ အပိုဒ် ၂(ဂ) - အမျိုးသမီးများ၊ အမျိုးသားနှင့် တန်းတူရည်တူဖြစ်ခြင်း၊ အခြေခံသောအခွင့်အရေးများအား ကာကွယ် စောင့်ရှောက်မှုဥပဒေအား တည်ထောင်ခြင်းနှင့် ကျွမ်းကျင်သော အမျိုးသားခုံရုံးနှင့် အခြား အများပြည်သူ အဆောက် အအုံမှတဆင့် အမျိုးသမီးများအား ခွဲခြားမှု တစုံတရာ ခွဲခြားခြင်းကို ထိရောက်စွာ ကာကွယ်ပေးခြင်း။

## ဆက်သွယ်ရန်လိပ်စာများ

Gender Equality Network
6/6A No. 48 New University Avenue
Bahan Township
Yangon, Myanmar
Phone: +95 9421144394
Genmyanmar.org

Sex Worker in Myanmar Network (SWIM)
swimnetwork2011@gmail.com, thwn428@gmail
09-43200489

Legal Clinic Myanmar (often represents women complainants)
Daw Hla Hla Yee

Myitta Shin
No-561, Themin Bayan Street, Myaing Thar ward, Mawlamyaing Township, Mon State, Myanmar.
+95-9-09255928847

International HIV/Alliance in Myanmar
No.24, 2nd Street, Hlaing Yadanamon Housing. Hlaing Township, Yangon Division, Myanmar.
+95-1-537 342, 500 619, 525715.

## သုံးသပ်ချက်များနှင့် အစီရင်ခံစာများ


Justice Base, *Women's Access to Justice in the Plural Legal System of Myanmar*
2016

Myanmar Now, "Rape victims struggle to find justice in Myanmar," 17/02/2016
http://www.myanmar-now.org/news/i/?id=aa0320cc-cb14-4750-ad79-25d085739969

International HIV/AIDS Alliance, Upholding the rights of young women who sell sex in Myanmar, 2016

# လိင်တူချစ်သူ အမှုသည်များ

ကာလရှည်ကြာ တည်တံ့ခဲ့သည့် ကိုလိုနီခေတ် ဥပဒေများသည် မြန်မာနိုင်ငံရှိ လိင်တူချစ်သူများအား အနှောင့်အယှက်ပေးရန် နှင့် ဖမ်းဆီးရန်အတွက် အသုံးပြုခဲ့သည်။ တရားမျှတမှုစင်တာမှ ရှေ့နေများသည် ၎င်းတို့ တဦးတယောက်ချင်းစီ၏ လိုအပ်ချက်များကို အသိပညာရရှိရန်နှင့် ၎င်းတို့၏ ဘဝ၌ ဖြစ်မှုဆိုင်ရာ တရားမျှတမှု စနစ်၏ အကျိုးသက်ရောက်မှုကို သတိမူမိစေရန် လိုအပ်ပါသည်။ လိင်တူချစ်သူ တစ်ဦး တစ်ယောက်ချင်းစီသည် မိမိ၏ မိသားစုများ နှင့် သူငယ်ချင်းများ သိသွားမည်ကို ရှက်ခြင်း၊ ကြောက်ရွံ့ကြခြင်းကြောင့် ခြိမ်းခြောက်ငွေညှစ်ခံရခြင်း နှင့် အကြမ်းဖက်ခံရခြင်းများ ဖြစ်ရသည်ကို ရှေ့နေများသည် သတိပြုမိသင့်သည်။ ရှေ့နေများသည် ဥပဒေရေးရာနှင့် အချက်အလက်ဆိုင်ရာ လျှောက်လဲချက်များ မပြုလုပ်မီ၌ အမှုသည်များ၏ တိကျသောရည်မှန်းချက်(၎င်းတို့ အမှုအား မည်သို့ ဖြစ်စေချင်သည်) နှင့် အမှုသည် ဇဟိုပြုနည်းကို အသုံးပြုရန် လိုအပ်သည်။

ထို့ပြင် တရားစွဲဆိုခြင်း မစတင်မီ ၎င်းတို့သည် လက်ရှိ ရှိနေသော လိင်တူချစ်သူ လူမှုအဖွဲ့ အစည်း များ၊ ရှေ့နေအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သင့်သည်။

အဓိပ္ပာယ်ဖွင့်ဆိုချက်များ

- လိင်မှုဆိုင်ရာ သဘောထား - တစုံတယောက်အား လိင်မှုဆိုင်ရာ ဆွဲဆောင်သည့် ကျား၊မ။
- လိင်တူချစ်သူ - လိင်တူဆက်ဆံသော မိန်းမ၊ လိင်တူဆက်ဆံသော ယောကျ်ား (ဂေး)၊ ဒွိချစ်သူ၊ ဆန့်ကျင်ဘက် လိင်ကဲ့သို့ ဝတ်စားဆင်ယင် ပြုမူနေထိုင်သူ။ ဤအတိုကောက် စကားလုံးသည် လိင်တူချင်း ဆွဲဆောင်သည့်သူများ (သို့) ၎င်းတို့ မွေးဖွားစဉ်က ရှိခဲ့သည့် လိင်နှင့် ဆန့်ကျင်၍ ကွဲပြားခြားနားသော လိင်ကဲ့သို့ ပြုမူပြောဆို ဆက်ဆံသောသူများကို ဖော်ပြရာတွင် အသုံးပြုသည်။
- MSM - အမျိုးသားများနှင့် လိင်ဆက်ဆံသည့် အမျိုးသားများ
- အခြောက် - အခြား လိင်တူ အမျိုးသားများအား ချစ်ခင်စုံ မက်၍ ဆွဲဆော င်သည့် အမျိုးသား များကို ဖော်ပြရာ၌ အသုံးပြုသည်။ ထို့ပြင် အမျိုးသမီး အချင်းချင်း ချစ်ခင်စုံမက်၍ ဆွဲဆောင်သည့် အမျိုးသမီးများကိုလည်း ဖော်ပြရာတွင်လည်း အသုံးပြုနိုင်သည်။ (လိင်တူဆက်ဆံသော မိန်းမ ခေါင်းစဉ်တွင် ကြည့်ရှုပါ။)
- လိင်တူဆက်ဆံသော မိန်းမ - အမျိုးသမီးအချင်းချင်း ချစ်ခင်စုံမက်၍ ဆွဲဆောင်သည့် အမျိုးသမီးများကို ဖော်ပြရာ တွင် အသုံးပြုသည်။
- ဒွိချစ်သူ (လိင်တူ၊ လိင်ကွဲ နှစ်မျိုးစလုံးကို စိတ်ဝင်စားသူ) - အမျိုးသားကိုရော အမျိုးသမီးကိုပါ ချစ်ခင်စုံမက်၍ ဆွဲဆောင်သည့် အမျိုးသား (သို့) အမျိုးသမီး
- ဆန့်ကျင်ဘက်လိင်ကဲ့သို့ ဝတ်စားဆင်ယင် ပြုမူနေထိုင်သူ - ဤစကားရပ်၌ ၎င်းတို့ မွေးဖွားသည့် အချိန်က ရှိခဲ့သည့် ကျား၊မ သဘာဝ (အမျိုးသား (သို့) အမျိုးသမီး) မှ ခွဲခွာခဲ့သည့် လူအားလုံး အကြုံးဝင်ပါသည်။ ဤ၌ ၎င်းတို့၏ "စစ်မှန်သော" လိင်ဖြစ်လာစေရန် ခွဲစိတ်မှုဖြင့် ပြုပြင်ပြောင်းလဲမှု ပြုလုပ်ထားသူများ၊ "အခြား" ဆန့်ကျင်ဘက်လိင်ကဲ့သို့ ဝတ်စားဆင်ယင်သည့်သူများ၊ ယောကျ်ားရှာများ နှင့် မိန်းမရှာများ စသည်ဖြင့် ပါဝင်ပါသည်။

မြန်မာစကား ဝေါဟာရ (ဆန့်ကျင်ဘက် လိင်ကဲ့သို့ ဝတ်စားဆင်ယင်သူများနှင့် ပိုမို သင့်လျော်သည်။)

- အပွင့် - အမျိုးသမီးများကဲ့သို့ ပြုမူလုပ်ဆောင်သည့် အမျိုးသားများ
- အပုန်း - အမျိုးသားကဲ့သို့ ပြုမူလုပ်ဆောင်သည့် အမျိုးသား။ သို့သော် နောင်ကာလ၌ အမျိုးသမီးကဲ့သို့ ပြုမူ လုပ်ဆောင်နိုင်သည်။
- နပုန်းသကပန်ဒုတ် - ကျားရော မ, ပါ နှစ်မျိုးစလုံး၏ သွင်ပြင်လက္ခဏာ ရှိသည့် ပုဂ္ဂိုလ်များ (သို့) ကျားမရေးရာ ကွဲပြားခြားနားမှု မရှိသည့် ပုဂ္ဂိုလ်များ။
- သူငယ် - အမျိုးသားများက အမျိုးသားများကဲ့သို့ပင် ပြုမူပြီး အပွင့် နှင့် အပုန်းရောပါ လိင်ဆက်ဆံရန် ဆန္ဒရှိသည်။

လိင်တူချစ်သူ များအား ကာကွယ်ပေးသည့် ဥပဒေများ

- ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၇၇။ ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ မည်သူ မဆို မိမိ အလို အလျောက် ဓမ္မတာနှင့် ဆန့်ကျင်သော ကာမစပ်ယှက်မှု ကိုပြုလျှင်၊ ထိုသူကို တသက်တကျွန်း၊ သို့မဟုတ် ထောင်ဒဏ် ဆယ်နှစ်အထိ ဖြစ်စေ ချမှတ်ရမည့် အပြင် ငွေ ဒဏ်လည်း ချမှတ်နိုင်သည်။
- ရန်ကုန် အက်ဥပဒေ ၄/၁၈၉၉ ပုဒ်မ ၃၀ (ဃ)အရ "မည်သည့် နေအိမ်၊ အဆောက်အဦး အတွင်းတွင် သော် လည်းကောင်း၊ အခြားမည်သည့် အဆောက်အဦး များတွင် သော်လည်းကောင်း၊ မည်သည့် နောက်ဖေးလမ်းကြား တွင် သော်လည်းကောင်း ၊ မည်သည့် ရေယာဉ်ပေါ်တွင် လည်းကောင်း တွေ့ရှိရပြီး ထိုသို့ ရောက်ရှိနေသော အကြောင်း ကို ကျေနပ်လက်ခံနိုင်လောက်အောင် အကြောင်းပြနိုင်ခြင်း မရှိသူ"
- ရဲအက်ဥပဒေ ၁၉၄၅၊ ပုဒ်မ ၃၅အရ "(ဂ)နေဝင် နှင့် နေထွက်ချိန်အကြား မိမိ၏ မျက်နှာကို ဖုံးအုပ်လျက်ဖြစ်စေ၊ အခြားနည်းဖြင့် ရုပ်ဖျက်လျက်ဖြစ်စေ တွေ့သည့်အခါ ၎င်းသူက မိမိအကြောင်းကို ပြေလည်အောင် မပြောနိုင်သူ။ (ဃ) လူနေအိမ် (သို့မဟုတ်) အခြားအဆောက်အဦး တစ်ခုခု၏ ဥပစာအတွင်း၌ ဖြစ်စေ၊ ရေယာဉ် တစ်ခုခု အပေါ်တွင် ဖြစ်စေ တွေ့သည့်အခါ ထိုနေရာတွင် မိမိရောက်ရှိနေခြင်းအကြောင်းကို ပြေလည်အောင် မပြော နိုင်သူ။ ၎င်းသူတို့ကို ဝရမ်းမပါဘဲ မည်သည့် ရဲတပ်ဖွဲ့ဝင်ကမဆို ဖမ်းဆီးနိုင်သည့်အပြင် ပြစ်မှုထင်ရှား စီရင်ခြင်းခံရ လျှင် သုံးလအထိ ထောင်ဒဏ် ချမှတ်ခံရမည်။"
- ရာဇသတ်ကြီး ဥပဒေ ပုဒ်မ ၂၆၉ " မည်သူမဆို အသက်အန္တရာယ် ဖြစ်စေတတ်သည့် ကူးစက်တတ် သော ရောဂါမျိုး ပြန့်ပွားစေတန်ရာသော၊ သို့တည်းမဟုတ် ထိုသို့ ပြန့်ပွား စေတန်ရာသည်ကို မိမိသိသော သို့တည်း မဟုတ် ထိုသို့ ယုံကြည်ရန် အကြောင်းရှိသော ဥပဒေနှင့် ဆန့်ကျင်မှုကို သော်လည်းကောင်း၊ ပေါ့လျော့မှုကို သော်လည်းကောင်းပြုလျှင် ထိုသူကို ခြောက်လထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။"
- ရာဇသတ်ကြီး ဥပဒေ ပုဒ်မ ၂၉၀ နှင့် ၂၉၁ အများပြည်သူဆိုင်ရာ နှောင့်ယှက်မှု ကျူးလွန်ခြင်း။
- ရာဇသတ်ကြီး ဥပဒေ ပုဒ်မ ၂၉၂ ညစ်ညမ်းသော အရာဝတ္ထုများ။
- ရာဇသတ်ကြီး ဥပဒေ ပုဒ်မ ၄၉၆ " မည်သူမဆို မရိုးမဖြောင့်သော သဘောဖြင့်ဖြစ်စေ၊ လိမ်လည် လှည့်ဖြားလိုသော အကြံဖြင့်ဖြစ်စေ တရားဝင် ထိမ်းမြားခြင်းမမြောက်သည်ကို သိလျက်နှင့် ထိမ်းမြားခြင်း အခမ်းအနားကို ခံယူလျှင် ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။"
- အရေးပေါ်စီမံမှု အက်ဥပဒေ (ပုဒ်မ ၅ည) က အပြုသဘော မဆောင်သည့် နည်းလမ်းဖြင့် လူတဦး တယောက်ချင်း စီ (သို့မဟုတ်) လူအဖွဲ့အစည်းတခုစီ၏ ကိုယ်ကျင့်တရားကို အကျိုးသက်ရောက်စေနိုင် သည့် မည်သည့် လုပ်ဆောင်မှုမျိုးကိုမဆို တားမြစ်ထားသည်။

ရဲတပ်ဖွဲ့မှ လူများ အထူးသဖြင့် လိင်ပြောင်းပုဂ္ဂိုလ်များကို ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၇၇ ဖြင့် ကနဦး စွဲချက်တင်နိုင်သည်။ ၎င်းပုဒ်မကို အထူးသဖြင့် ယောကျ်ားပုံစံရှိ မိန်းမလျှာ (ဂေး) များအတွက် သုံးကြသည်။ အကြောင်းမှာ ၎င်းတို့သည် ၎င်းတို့၏ လိင်စိတ်တိမ်းညွတ်မှုကို လူသိရှင်ကြား မဖော်ထုတ်ကြလိုသော ဆန္ဒကြောင့် ခြိမ်းခြောက်အကြပ်ကိုင် ခံရမည့် အန္တရာယ် ကျရောက်ရန် လွယ်ကူသည်။ လိင်တူချစ်သူ ပုဂ္ဂိုလ်များသည် ၎င်းတို့အား စွဲချက်တင်သည့် ပြစ်မှုများမှာ စိတ် အနှောင့် အယှက်ဖွယ်ဖြစ်သည့် အားလျော်စွာ ၎င်းတို့အနေဖြင့် လူသိရှင်ကြား ရင်ဆိုင်ရန် စိုးရွံ့ကြသဖြင့် ရဲများက ထင်သလို ဖမ်းဆီးခြင်း နှင့် ခြိမ်းခြောက်ခံရခြင်း အန္တရာယ်များ ကျရောက် လွယ်သူများ ဖြစ်ကြသည်။ ရဲများက လိင်တူဆက်ဆံခြင်းအား ရာဇဝတ်မှုတစ်ရပ်အနေဖြင့် အရေးယူခြင်းများ မရှိသော်ငြား ၎င်းတို့သည် ညမထွက်ရအမိန့်၊ စုရုံးခြင်း နှင့် မလျော်ကန်သော အပြုအမူများအတွက်မူ စိတ်ထင်သလို အရေးယူနိုင်သည်။ ယင်းအမှုစွဲချက် အတော်များများမှာ ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်ခွင့် ရှိသည့် ရဲအရေးပိုင်သော အမှုများ ဖြစ်ပါသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၄။

ဤအမှုများအတွက် ပြင်ဆင်ရာတွင် အခက်အခဲများ ကြုံရသည်။ အဘယ့်ကြောင့်ဆိုသော် မူလ ဖမ်းဆီး တရားစွဲဆိုစဉ်က ပြစ်မှုက တမျိုး ဖြစ်နေပြီး နောက်ပိုင်းတွင် တရားရုံး၌ စစ်ဆေးသောအခါတွင် စွဲဆိုသော ပြစ်မှုက တခြား ဖြစ်နေခြင်း ဖြစ်သည်။ ဤအမှုများမှာ သမ္မန်မှု များ ဖြစ်၍ တရားရုံးသို့ မြန်မြန်ဆန်ဆန် ရောက်ရှိရန် လိုအပ်သော အမှုများ ဖြစ်ကြသည်။ ရဲမှ အစပိုင်းတွင် ရာဇသတ်ကြီး ပုဒ်မ ၃၇၇ ဖြင့် စွဲချက်တင်ခဲ့သော်ငြား ၎င်းအမှုများမှာ စွပ်စွဲချက်များအား သက်သေ ထင်ရှားပြရန် ခက်ခဲခြင်း၊ မျက်မြင်သက်သေ ရှိရန် လိုအပ်ခြင်း၊ဖြောင့်ချက်များမှာလည်း အခြားသက်သေ အထောက် အထားများ မရှိသဖြင့် သက်သေထင်ရှား ပြရန် လုံလောက်မှု မရှိခြင်းတို့ကြောင့် တရားရုံးသို့ ရောက်ရှိခြင်း မရှိကြောင်း ရှေ့နေများက ဆိုကြသည်။

ရန်ကုန်ပုလိပ်အက်ဥပဒေ နှင့် ၁၉၄၅ ပုလိပ်အက်ဥပဒေ ပါ ပြဋ္ဌာန်းချက်များမှာ ရေရာပြတ်သားမှု မရှိရှိ ရဲများက အမှန်မကန် လုပ်ရန်အတွက် ခွင့်ပြုထား သကဲ့သို့ ဖြစ်နေသည်။ မကြာသေးမီက အစီရင်ခံစာတစ်ခုဖြစ်သော သက်တန့်ရောင်စုံ အစီရင်ခံစာတွင် ၎င်းပြဋ္ဌာန်းချက်များက ရဲတပ်ဖွဲ့ကို နောက်ဖေးလမ်းကြား လမ်းသွယ်များတွင် နေဝင်ချိန်မှ နေထွက်ချိန် အတွင်း (ညအချိန်) မည်သည့်အတွက်ကြောင့် ရောက်ရှိနေခြင်းကို အကြောင်းရင်း ခိုင်လုံစွာ မတင်ပြနိုင်သူများ ကို ဖမ်းဆီးရန် ခွင့်ပြုထားသည် ဟု တင်ပြထားသည်။ သို့ရာတွင် ရဲများက လိင်တူချစ်သူ များကို လမ်းပေါ်ဖြစ်စေ၊ ဆိုင်အတွင်း ဖြစ်စေ၊ အများပြည်သူ အသုံးပြုနေသော နေရာဖြစ်စေ တွေ့သည့်အချိန်တွင် အကြောင်းပြချက် တစုံတရာ မရှိပဲ ဖမ်းဆီး၍ အချုပ်ထဲသို့ ထည့်လေ့ရှိသည်။ လိင်တူချစ်သူ များကို ဖမ်းဆီးရာတွင် ရဲတပ်ဖွဲ့က ဥပဒေက ခွင့်ပြုထားသော လုပ်ပိုင်ခွင့် အာဏာ အပြင်ဘက်တွင် ဆောင်ရွက်ကြခြင်း ရှိသည်။

ပြည်သူ့ရဲများနှင့် ပတ်သက်၍ အများပြည်သူသို့ ပညာပေးရာတွင် ဥပဒေ၏ ရည်ရွယ်ချက်အရ ဥပဒေမဲ့ ဖမ်းဆီးမှုများ လျှော့ချသင့်ကြောင်း ဤဖြစ်ရပ်က အကြံပြုသည်။

အရပ်ဖက် အဖွဲ့အစည်းများနှင့် ရှေ့နေများ ညွန့်ပေါင်းအဖွဲ့သည် လိင်တူချစ်သူများကို ဆန့်ကျင်နှိပ်ကွပ်သော ကိုလိုနီ ခေတ် ဥပဒေများကို အသုံးပြုမှုအား ရင်ဆိုင်ချေဖျက်ရေးရန် စဉ်းစားလာကြသည်။ ဖြစ်နိုင်သော အကြောင်းပြ ချက်များမှာ - ပြည်သူ့အကျိုးစီးပွားအတွက် တရားစွဲဆိုခြင်းဆိုင်ရာ စိန်ခေါ်မှုများ၊ တန်းတူညီမျှ ရပိုင်ခွင့် (အခြေခံဥပဒေ ပုဒ်မ ၃၄၇)၊ ခွဲခြားဆက်ဆံမှု မပြုသည့် အခွင့်အရေး (ဖွဲ့စည်းပုံ ဥပဒေ ပုဒ်မ ၃၄၈) နှင့် အနှောင့်အယှက်ကင်းစွာ နေပိုင်ခွင့် (ဖွဲ့စည်းပုံ ဥပဒေ ပုဒ်မ ၃၅၇) တို့ကို ချိုးဖောက်ခြင်းတို့ကြောင့် ဖြစ်သည်။

အထက်တွင် ဖော်ပြထားသည့်အတိုင်း ဥပဒေများသည်လည်း အလွန်အမင်း ရေရာပြတ်သားမှု မရှိခြင်းကြောင့် စိန်ခေါ်မှု ဖြစ်နေပါသည်။

အရင်းအမြစ်များ

- Kings N Queens လိင်တူချစ်သူ Group (MyJustice Funded)
  +95 9 42001 0409
  လိင်တူချစ်သူ.kingsnqueens@gmail.com

- Colors Rainbow Myanmar
  Room. A1 to A5, No.388/389, 3rd Floor, Sin Min Tower,
  Corner of Sin Min Street and Kyee Myindaing Kanner Road,
  Ahlone Township, Yangon
  Email: colorsrainbow.crb@gmail.com
  Colorsrainbow.com

မြန်မာနိုင်ငံရှိ လိင်တူချစ်သူများ၏ အခွင့်အရေးကို မြှင့်တင်ရန်အတွက် နည်းဗျူဟာများ နှင့် လမ်းညွှန်ချက်များ (Colors Rainbow)တွင် လိင်သူချစ်သူများ၏ ဥပဒေဆိုင်ရာ အကူအညီများ ပေးရန်အတွက် ရှေ့နေများနှင့် အဖွဲ့အစည်းများ၏ စာရင်း ပါဝင်ပါသည်။

# စိတ်မကျန်းမာသော အမှုသည်များ

တရားခံရှေ့နေသည် စိတ်အာရုံပျက်ပြားနေသော အမှုသည်များကို ကိုယ်စားပြုဆောင်ရွက်ပေးမည်။ စိတ်အာရုံပျက်ပြားနေရခြင်း၏ အကြောင်းအရင်းမှာ စိတ်မကျန်းမာမှုကြောင့် ဖြစ်လေ့ရှိကြသည်။ ယခုအပိုင်းတွင် စိတ်မကျန်းမာမှုကို သတိပြုမိရန် နည်းလမ်းများ၊ စိတ်မကျန်းမာမှု အမျိုးအစားနှင့် စိတ်မကျန်းမာနေသော အမှုသည်များနှင့်အတူ လုပ်ငန်းဆောင်ရွက်ပုံ ဆောင်ရွက်နည်းများကို ဖော်ပြသွားမည်ဖြစ်သည်။ တရားစီရင်မှုခံယူနိုင်သည့် စိတ် ကျန်းမာမှုရှိမရှိနှင့် စိတ်ဖောက်ပြန်၍ ကျူးလွန်မိကြောင်း ထုချေချက်ဟူသော ဥပဒေရေးရာပြဿနာများပေါ် စိတ်ရောဂါက မည်သို့မည်ပုံ သက်ရောက်နိုင်ကြောင်း ကိုလည်း ၄င်းက ဆွေးနွေးထားသည်။ အများစုသော သိပ္ပံဆိုင်ရာကိုးကားချက်များမှာ အမေရိကန် စိတ်ရောဂါဆိုင်ရာ အသင်းကြီး မှ ၅ ကြိမ်မြောက်ထုတ်ဝေသည့် Diagnostic and Statistical Manual of Mental Disorders - (DSM-5) မှ ဖြစ်သည်။

စိတ်အာရုံပျက်ပြားနေသော သို့မဟုတ် ဉာဏ်ရည်မသန်စွမ်းသော အမှုသည်အားလုံးတို့မှာ စိတ်မကျန်းမာသော အမှုသည်များ မဟုတ်ကြပါ။ မူးယစ်အလွဲသုံးခြင်း၊ ကျန်းမာရေးအခြေအနေ၊ အခြေအနေအလျောက်ဖြစ်ပေါ်သော စိတ်ဖိစီးမှုများ အပါအဝင် များစွာသော အကြောင်းအရင်းများသည် လူတစ်ဦးကို စိတ်အာရုံပျက်ပြားစေနိုင်သည်။ ရှေ့နေသည် စိတ်မကျန်းမာမှု မဟုတ်သည့် အခြားသော စိတ်ကစဉ့်ကလျား ဖြစ်စဉ်များကိုပါ ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ ထိုဖြစ်စဉ်များတွင် ဦးနှောက်စွမ်းရည်နှင့် သက်ဆိုင်သောရောဂါများဖြစ်သည့် သူငယ်ပြန်ရောဂါ၊ ဉာဏ်ရည်မသန်စွမ်းခြင်း (ဉာဏ်ရည်ဖွံ့ဖြိုးမှုနောက်ကျခြင်း) နှင့်ဖွံ့ဖြိုးမှုပိုင်းဆိုင်ရာရောဂါတို့ ပါဝင်ကြသည်။

တစ်ခါတစ်ရံ စိတ်မကျန်းမာမှုမှာ ဆေးကုသမှုနှင့် သက်ဆိုင်သော အခြေအနေ သို့မဟုတ် ဆေးဝါးများ ဖြစ် သည့် စတီးရွိုက် (Steroids) သို့မဟုတ် မီသမ်ဖီတမင်း (Methamphetamines) တို့ သုံးစွဲထားခြင်းကြောင့်ဖြစ်တတ်သည်။ စိတ်ကစဉ့်ကလျားဖြစ်နေသည်ဟု ထင်ခံရသောပုဂ္ဂိုလ်မှာ စင်စစ်အားဖြင့် ထိုသူ၏ ပင်ကိုယ်စရိုက် သို့မဟုတ် စိတ်ဖိစီးမှု ဒဏ် ခံနေရသောကြောင့်သာ ဖြစ်နေတတ်သည်။ အချို့သော အမှုသည်များ သည် မိမိတို့၏ လုပ်ရပ်များကို တာဝန် ယူရန် တိမ်းရှောင်ချင်သောကြောင့်လည်း စိတ်ကစဉ့်ကလျား ရောဂါရှိဟန်ဆောင်တတ်ကြသည်။

စိတ်မကျန်းမာမှု ဆိုသည်မှာ လူတစ်ဦး၏ လှုပ်ရှားမှုအမူအရာ၊ စိတ်ခံစားမှု၊ အတွေးအခေါ် သို့မဟုတ် ဆင်ခြင်တုံတရားတို့တွင် ထိခိုက်ပျက်ပြားမှု အတိုင်းအတာတစ်ခုထိရှိပြီး ထိုထိခိုက်ပျက်ပြားမှုတို့အတွက် ပြုစုစောင့်ရှောက်မှု၊ ကုသမှု သို့မဟုတ် ပြန်လည်ထူထောင်မှု စသည်တို့ လိုအပ်သော စိတ်ရောဂါ သို့မဟုတ် စိတ်အခြေအနေကို ခေါ်သည်။ စိတ်မကျန်းမာသူတစ်ဦးမှာ စိတ်အခြေအနေ (mood) နှင့် စိတ်ခံစားမှု (emotion)ကို ဖော်ပြရာတွင် ပြဿနာရှိနိုင်ပြီး လက်တွေ့မကျ၊ သဘာဝမကျသော အတွေးအခေါ်များ၊ ထူးခြားဆန်းကျယ်သော သို့မဟုတ် မသင့်တော် မဆီလျော် သော လှုပ်ရှားမှုအမူအရာများ သို့မဟုတ် ခံစားမှုသဘောထားများရှိနိုင်သည်။ ထိုရောဂါလက္ခဏာများမှာ ထင်ရှား သိသာမည် သို့မဟုတ် သိမ်မွေ့မည် သို့မဟုတ် ပျောက်ကွယ်နေမည် (ပြောဆိုဆက်ဆံရာတွင် ပေါ်လွင်ထင်ရှားမည် မဟုတ်ပါ)။ ထိုရောဂါ လက္ခဏာများမှာ နာတာရှည် (အစဉ်ဖြစ်နေသော)၊ အထူးစိုးရိမ်ဖွယ်ရာ အဆင့်ရှိ သော(လတ်တလောတွင်ပြင်းထန်သောအခြေအနေ) သို့မဟုတ် ရံဖန်ရံခါတွင်သာ ဖြစ်တတ်သော ရောဂါလက္ခဏာများ ဖြစ်တတ်ကြသည်။ စိတ်မကျန်းမာမှုနှင့် မူးယစ်အလွဲသုံးမှု နှစ်ခုလုံး အမှုသည်တစ်ဦးတည်းတွင် ဖြစ်နိုင်ခြေရှိကြောင်း ရှေ့နေတို့ သတိပြုရန် လိုသည်။ အမေရိကန်ပြည်ထောင်စုတွင် ထောင်ဒဏ် ချမှတ်ခံရသော တရားခံ အားလုံး၏ ၂၅% မှ ၅၀% သော တရားခံတို့သည် တရားခံများဖြစ်ကြပြီး မူးယစ်အလွဲသုံးစားမှုနှင့် ယှဉ်သော စိတ်မကျန်းမာသူများ ဖြစ်ကြပြီး ၇၅% သော တရားခံများမှာမူ စိတ်မကျန်းမာမှုကြောင့် ဖြစ်ပေသည်။

## စိတ်အာရုံပျက်ပြားခြင်းနှင့် စိတ်ဝေဒနာ တို့၏ သရုပ်သကန်[16]

- နှုတ်သက်သေခံချက်
    - သာမန် မဟုတ်သော စကားပြောဆိုမှု ပုံစံရှိခြင်း - အလွန်နှေးခြင်း၊ အလွန်မြန်ခြင်း၊ စကားလုံး တစ်ခုကို ထပ်ကာတလဲလဲပြောဆိုခြင်း၊ အဓိပ္ပါယ်မဲ့သောစကားများ ပြောဆိုခြင်း။
    - အစွန်းရောက်ပြီး မဆီလျော် မသင့်တော်သော ရန်လိုစိတ် သို့မဟုတ် စိတ်လှုပ်ရှားမှုရှိခြင်း - ကျယ်လောင်စွာ စကားပြောဆိုခြင်း - အကျိုးအကြောင်း မသင့်လျော်စွာ ရန်လိုခြင်း၊ အငြင်းအခုံ သန်ခြင်း - အန္တရာယ်ရန် ခြိမ်းခြောက်ခြင်း။
    - စိတ်ကူးအတွေးအမျိုးအစားများနှင့် အရည်အသွေး - စိတ်ကူးအတွေးဖြစ်စဉ် ပရမ်းပတာ ဖြစ်ခြင်း (ယုတ္တိမရှိသော၊ လွဲမှားသော၊ရောထွေးသော စကားလုံးများ)၊ စိတ်ကူးအတွေးများ ကစဉ့် ကလျားဖြစ်ခြင်း (တစ်ပါးသူအပေါ် ယုံမှား သံသယ လွန်ကဲခြင်း၊ ယုံမှားလွန်ခြင်း၊ စွဲလန်းခြင်း)။

- အပြုအမူအဖြင့်ပြသော သက်သေခံချက်
    - ရုပ်ပိုင်းဆိုင်ရာ ပုံပန်းသဏ္ဍာန် - ဖရိုဖရဲဖြစ်ခြင်း၊ တစ်ကိုယ်ရည် သန့်ရှင်းမှု အားနည်းခြင်း၊ ပတ်ဝန်းကျင်နှင့်သင့်လျော်အောင် မနေထိုင်ခြင်း - ထူးဆန်းသော ဝတ်စားဆင်ယင်မှု၊ နှင့် မိတ်ကပ် အပြင်အဆင်။
    - ခန္ဓာကိုယ်လှုပ်ရှားမှုပုံစံ - ထူးဆန်းသော ကိုယ်ဟန်အနေအထား သို့မဟုတ် ဟန်အမူအရာ - ထိုင်းမှိုင်းနေခြင်း - ခေါက်တုံ့ခေါက်ပြန်လျှောက်ခြင်း၊ စိတ်တုန်လှုပ်နေခြင်း - တူညီသော အမူအရာ တစ်ချို့ကို ထပ်တလဲလဲပြုလုပ်ခြင်း။
    - အသံများကို တုံ့ပြန်နေဟန် ပေါ်ခြင်း။
    - စိတ်ရှုပ်ထွေးနေခြင်း သို့မဟုတ် ပတ်ဝန်းကျင်ကိုအာရုံစိုက်မှု အားနည်းနေခြင်း၊
    - စိတ်ပါဝင်စားစွာ တုံ့ပြန်မှု အားနည်းခြင်း။
    - မိမိကိုယ်ကိုယ်ထိခိုက်အောင် ပြုလုပ်ခြင်း။
    - ပတ်ဝန်းကျင်ဆိုင်ရာသဲလွန်စများ - တမူထူးခြားသော အဆင်တန်ဆာများ ပြုလုပ်ထားခြင်း၊ လူ့ အညစ်အကြေး၊ အမှိုက်၊ အလွန်အကျူး ပစ္စည်း စုဆောင်းပြီး ပြန်လည်စွန့်ပစ်ရန် ဝန်လေးနေခြင်း သို့မဟုတ် ပြန်လည်မစွန့်ပစ်နိုင်ခြင်း။

**စိတ်မကျန်းမာမှု အမျိုးအစားများ**

- ဆိုင်ကိုးစိတ် (Psychosis) - ဤစိတ်မကျန်းမာမှုသည် ဘဝတွင် နေ့စဉ် သမရိုးကျ ပြုလုပ်ရန် လိုအပ်သော လုပ်ငန်းဆောင်တာများကို ပြုလုပ်နိုင်စွမ်း၊ ဆောင်ရွက်နိုင်စွမ်း မရှိလောက်အောင် အဟန့်အတားဖြစ်စေသည် (DSM-5)။ ဤဝေဒနာကို ခံစားနေရသောသူသည် မိမိ၏အတွေးနှင့် ထင်မြင်ယူဆချက်များကို မှန်ကန်စွာ သုံးသပ်နိုင်ခြင်း မရှိပါ။ ထိုသူသည် မျက်မြင်တွေ့ရသော အမှန်တရားကို မိမိ၏ ကောက်ချက်ချမှုနှင့် ဆန့်ကျင်ကွဲလွဲသော သက်သေခံချက်များရှိလျက်နှင့်ပင် မှားယွင်းသော ကောက်ချက်ချမှုများကိုသာ ပြုလုပ် သည်။
- ယုံမှားလွန်ခြင်း (Delusions) - ဤစိတ်မကျန်းမာမှုသည် မိမိ ခိုင်မာစွာ ယုံကြည် လက်ခံထားသော မှားယွင်း သည့် ယုံကြည်ချက်များကို မျက်မြင်ဒိဋ္ဌတွေ့နိုင်သော အမှန်တရားသဖွယ် ထင်မြင်နေခြင်း

[16] Steven Ciric,M.D. "တရားရုံးတွင် စိတ်ဝေဒနာကို ရှာဖွေဖော်ထုတ်ခြင်း"တင်ပြမှု (Presentation)အောက်တိုဘာ ၂၄၊ ၂၀၁၄

ဖြစ်သည်။ ယုံမှား လွန်ဝေဒနာ ခံစားနေရသော ဝေဒနာသည်များနှင့် ပြောဆိုဆက်ဆံရာတွင် အတတ်ပညာရှင်သည် ဝေဒနာရှင် လက်ခံထားသော ယုံကြည်မှုကို လက်ခံခြင်း၊ အငြင်းပွားခြင်းများ မပြုလုပ်ပဲ အမှုသည်နှင့် မဟာမိတ် ဖြစ်အောင် ဆောင်ရွက်ရမည်။ ဥပမာ - "ဒါ အတော် ခက်ခဲမှာပဲ။ အခု ဒီမှာ ပြဿနာ ရှိနေတယ်။ ဖြေရှင်းနိုင်ဖို့ အတူတူ စဉ်းစားကြရအောင်။ ကျွန်တော်တို့တွေ ဘာများ လုပ်ဆောင်နိုင်မလဲ။"

- စိတ်အာရုံချောက်ချားခြင်း (Hallucinations) – ဤစိတ်မကျန်းမာမှုသည် ပြင်ပမှ စေ့ဆော်သည့် အကြောင်းအရာ မရှိပဲ ဝေဒနာသည်၏ အာရုံထဲတွင် အမှန်တကယ် ဖြစ်ပေါ်နေသည်ဟု ကြည်လင်ပြတ်သားစွာ ခံစားနေရခြင်း ဖြစ်သည်။ DSM-5 ထိုခံစားမှုများမှာ အကြားအာရုံနှင့် သက်ဆိုင်သော (အဖြစ်များလေ့ရှိ)၊ အမြင်အာရုံနှင့် သက်ဆိုင်သော၊ အထိအတွေ့နှင့် သက်ဆိုင်သော၊ အနံ့နှင့် သက်ဆိုင်သော၊ အရသာနှင့်သက်ဆိုင်သော ခံစားမှုများ ဖြစ်ကြသည်။ ဝေဒနာရှင်အတွက် ထိုခံစားမှုများမှာ အမှန်တစ်ကယ်ဖြစ်နေသည်ဟု ခံစားနေရသည့် အတွက် စူးစမ်းမေးမြန်းမှုများ ပြုလုပ်ရာတွင် ဝေဒနာရှင်အား "အမှန်တကယ် မရှိသော" အရာများကို ကြားနေရခြင်း ရှိ/မရှိ မေးခြင်းထက် မည်သို့သော အရာများကို ကိုယ်တိုင် တွေ့ကြုံနေရသည်ကို မေးမြန်းခြင်းက အကောင်းဆုံး ဖြစ်သည်။ စိတ်ကျန်းမာရေးပညာရှင်မှာ ထိုအသံများသည် ဝေဒနာရှင်အား တစ်စုံတစ်ရာ ပြုလုပ်ဆောင်ရွက်ရန် အမိန့်ပေးစေခိုင်းနေခြင်း - ဥပမာ မိမိကိုယ်ကိုယ် ဖြစ်စေ၊ တစ်ခြားသူကို ဖြစ်စေ ထိခိုက်အောင် လုပ်စေခြင်းရှိ/မရှိကို မေးမြန်းရမည်။
- စိတ်ကစဥ့်ကလျားရောဂါ (Schizophrenia) - ဤစိတ်မကျန်းမာမှုသည် တိကျပြတ်သားစွာ တွေးတောနိုင်ခြင်း၊ စိတ်ခံစားမှုများကို ထိန်းချုပ်နိုင်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်း နှင့် အခြားသူများနှင့် ပတ်သတ်သော အကြောင်း အရာတို့ကို နားလည်သဘောပေါက်ရန် ကြိုးစားခြင်းတို့ကို အတားအဆီး ဖြစ်စေသည်။ လူဦးရေ ၁% မှာ ဤဝေဒနာကို ခံစားနေရသည်။ အသက်ရှင်နိုင်သည့် ကာလမှာ များစွာ တိုတောင်းပြီး ၁၀% သော ဝေဒနာသည်များမှာ မိမိကိုယ်ကိုယ် အဆုံးစီရင်ကြသည်။ ဆယ်ကျော်သက်နှောင်းပိုင်းနှင့် သက်လတ်ပိုင်း အစောပိုင်းတို့တွင် ဤဝေဒနာ ဖြစ်လေ့ဖြစ်ထရှိ သည်။
- စိတ်အခြေအနေ ကစဥ့်ကလျားဖြစ်ခြင်း (Mood Disorder) သည် လောကကြီးကို ထင်မြင်သည့် သဘောထား တို့ကို အရောင်ဆိုးသည့် ပျံ့နှံ့သက်ရောက်လွယ်ကာ ရှည်ကြာစွာဖြစ်ပေါ်သော စိတ်ခံစားမှုမျိုးဖြစ်သည်။ DSM-5
    - အကြီးစား စိတ်ကျရောဂါ (Major Depression) - စိတ်မချမ်းသာခြင်း၊ ဆုံးရှုံးခြင်း၊ တဒ်ဂမျှသာ ဖြစ်ပေါ်လာသော စိတ်အခြေအနေတို့ထက် ပိုသော စိတ်အခြေအနေ တစ်ရပ် ဖြစ်သည်။ ကာလရှည်ကြာစွာဖြစ်ပေါ်တတ်ပြီး အတွေးပုံရိပ်များ၊ အပြုအမူများ၊ လှုပ်ရှား သွားလာမှုများ နှင့် ကိုယ်ကာယကျန်းမာရေးတို့ကို သိသာထင်ရှားစွာ အနှောက်အယှက် ဖြစ်စေသည်။ အရွယ်မရွေးတွင် ဖြစ်နိုင်ပြီး အသက် ၂၀ ကျော် လူငယ်များ အများဆုံး တွေ့ကြုံရတတ်သည်။
    - ဒွိပိုစွန်း စိတ်ရောဂါ (Bipolar Disorder) - စိတ်အခြေအနေ၊ ထကြွမှု နှင့် လုပ်ဆောင် နိုင်စွမ်းရည် အပြောင်းအလဲမြန်ခြင်းတို့ ဖြစ်တတ်သည်။ ရက်၊ လရှည်ကြာနိုင်သော စိတ်တက်တစ်လှည့်၊ ကျတစ်လှည့် ခံစားရခြင်းကို ဂိသေသ လက္ခဏာအနေနှင့် မှတ်ယူ သည်။ ဤဝေဒနာသည် ဆယ်ကျော်သက် နှောင်းပိုင်းနှင့် သက်လတ်ပိုင်း အစောပိုင်းတို့ တွင် စတင်ဖြစ်ပေါ်လေ့ရှိသည်။
    - စိတ်လှုပ်ရှားမှု (Anxiety)- စိတ်မပျော်ရွှင်ခြင်းနှင့်အတူ အနာဂတ်တွင် ကျရောက်လာနိုင်မည့် အန္တရာယ် သို့မဟုတ် ကံမကောင်း အကြောင်းမလှသည့် အကြောင်းအရင်း များကို စိုးရိမ်တကြီး မျှော်လင့်တွေးတောနေခြင်း ဖြစ်သည်။

ကျရောက် လာနိုင်သည့် အန္တရာယ်မှာ ကိုယ်တွင်းမှဖြစ်နိုင်သလို ပြင်ပမှလည်းဖြစ်နိုင်သည်။ DSM-5

- စိတ်ဒဏ်ရာရရှိပြီးနောက် စိတ်မူမမှန်ကျန်ရစ်ခဲ့ခြင်း (Post Traumatic Stress Disorder (PTSD))- အသက်ဖြေနစ်နှင့်အထက်များတွင်ဖြစ်တတ်ပြီး အသက်အန္တရာယ် ခြိမ်းခြောက် ခြင်းခံရဖူးသော၊ အမှန်တကယ် အသက်သေဆုံး လုနီးပါး ဖြစ်ဖူးသော၊ ပြင်းထန်သော အနာတရရှိဖူးသော သို့မဟုတ် လိင်အကြမ်းဖက် ခံရဖူးသောစသည့် ကိစ္စရပ်များနှင့် ကြုံတွေ့ဖူးသော သူများတွင် သက်ရောက်မှု ရှိနိုင်သည်။ ကြုံတွေ့သည်ဆိုရာ ကိုယ်တိုင် တိုက်ရိုက်သဘော တွေ့ကြုံ ခံစားရခြင်း၊ မျက်မြင်တွေ့ကြုံရခြင်း၊ အဖြစ်အပျက်ကို ကြားသိရခြင်း သို့မဟုတ် ထပ်ခါတလဲလဲ တွေ့ကြုံခံစားရခြင်းတို့ ပါဝင်သည်။ (ဥပမာ - ကနဦး တုံ့ပြန်ရသူများ- မီးသတ်သမားများ၊ ကူညီစောင့်ရှောက်သူများ စသဖြင့်) စိတ်ချောက်ချားဖွယ် အဖြစ်အပျက်ကို စိတ်ကူးအတွေးများ၊ အိမ်မက်ဆိုးများ၊ လျှပ်တစ်ပျက် ပေါ်ပေါက်လာသော အတိတ်ပုံရိပ်များမှ တစ်ဆင့် ပြန်လည်ခံစားကြရသည်။ ဝေဒနာသည် များသည် "ပြန်လည်တိုက်ခိုက်ခြင်း" (စစ်ထိုးခြင်း) သို့မဟုတ် "ပြေးထွက်ခြင်း" (ရှောင်ဖယ်ခြင်း) စသော ပုံစံနှစ်မျိုးဖြင့် ပြန်လည် တုံ့ပြန်နိုင် သည်။ DSM-5

- ပင်ကိုယ်စရိုက်/ဗီဇဝေဒနာ (Personality Disorder) - အတွင်းစိတ်၌ ခိုင်မြဲစွာ ဖြစ်ပေါ်နေသော တွေ့ကြုံခံစားရမှုနှင့် အပြုအမူများမှာ မိမိမျှော်မှန်းထားသော ကိုယ်ပိုင်ထုံးတမ်းအစဉ်အလာနှင့် ထင်ရှားစွာ ကွဲလွဲနေတတ်ပြီး လူမှုဆက်ဆံရေး၊ ကမ္ဘာ့အမြင်အခင်းအကျင်း၊ စိတ်ခံစားမှုကို ဖော်ပြခြင်းနှင့် စိတ်လိုက် မာန်ပါဖြစ်မှုကို ထိန်းချုပ်နိုင်ခြင်းတို့တွင် အကျိုးသက်ရောက်မှုရှိသည်။
  - ပေါင်းသင်းဆက်ဆံရေးခေါင်းပါးသော ပင်ကိုယ်စရိုက်/ဗီဇဝေဒနာ (Antisocial Personality Disorder) - တစ်ပါးသူ၏ အခွင့်အရေးကို လိမ်ညာလှည့်ဖြားခြင်း၊ ကြိုးကိုင်ခြယ်လှယ်ခြင်းဖြင့် ချိုးဖောက်သည်။ သို့မဟုတ် နစ်လိုဖွယ်ကောင်းသောအပြုအမူရှိခြင်း၊ မကောင်းသော အပြုအမူ ပြုလုပ်ရန် အကြောင်းရှာခြင်း၊ အမှန်စင်စစ်နောင်တရမှု မရှိခြင်းဖြင့် ချိုးဖောက်သည်။
  - အခုတစ်မျိုး၊ တော်ကြာတစ်မျိုး ပင်ကိုယ်စရိုက်/ဗီဇဝေဒနာ (Boderline Personality Disorder) - မိမိကိုယ်ကိုယ်ထင်မြင်မှု မတည်ငြိမ်ခြင်း၊ စိတ်ခံစားမှုကိုဖော်ပြမှု မတည်ငြိမ်ခြင်း၊ ပေါင်းသင်း ဆက်ဆံမှု မတည်ငြိမ်ခြင်း၊ မိမိကိုယ်ကိုယ် အဆုံးစီရင်နိုင်သည် အထိ ဒုက္ခပေးလာခြင်း၊ ဆီလျော် သင့်တော်မှုမရှိပဲ ဒေါသူပုန်ထခြင်း၊ စိတ်လိုက်မာန်ပါ ပြုလုပ် နိုင်ခြင်း။
  - ယုံမှားသံသယလွန်ကဲသော ပင်ကိုယ်စရိုက်/ဗီဇဝေဒနာ (Paranoid Personality Disorder) - တစ်ခြားသူများက ခေါင်းပုံဖြတ်နေသည်၊ အန္တရာယ်ပေးနေသည်၊ လိမ်လည်လှည့်ဖြားနေသည်ဟု သံသယစိတ်ဖြစ်ပေါ်ခြင်း - တစ်ပါးသူက မိမိအား ကောင်းမွန်သော မှတ်ချက်ပေးခြင်းကို ထိုသူ၏ အတွင်းစိတ်၌မိမိအား ဂုဏ်ငယ်စေသည့် မှတ်ချက်ပေးသည်၊ အန္တရာယ်ပေးချင်သည့် ရည်ရွယ်ချက် များရှိနေသည်ဟု သံသယဝင်ခြင်း၊တစ်ပါးသူက မိမိ၏ ကိုယ်ကျင့်သိက္ခာကို ထိခိုက်နေသည်ဟု ထင်မြင်ခြင်း၊ သံသယစိတ်များ အဖန်တလဲလဲဖြစ်ပေါ်ခြင်း-ဥပမာ- မိမိအိမ်ထောင်ဖက်၏ သစ္စာရှိမှု ပေါ် သံသယဝင်ခြင်း။

- မူးယစ်အလွဲသုံး စိတ်ကစဉ့်ကလျားဝေဒနာ (Substance Abuse Disorder)

စိတ်မကျန်းမာမှုကို စိတ်ကုထုံး (Psychotherapy) ၊ပြန်လည်ထူထောင်ခြင်းနည်းလမ်းများ၊ စိတ်ကျန်းမာရေး အထူးကုဆရာဝန်နှင့်ဆေးကုသမှုခံယူခြင်း စသည်တို့ဖြင့် ကုသနိုင်သည်။ ၄င်းတို့မှာ ရောဂါလက္ခဏာများကို ထိန်းညှိပေးနိုင်ရုံသာဖြစ်ပြီး ပျောက်ကင်းအောင် ကုသနိုင်ခြင်းမှာ ရှားပါးသည်။ များသောအားဖြင့် ဝေဒနာရှင်များသည် ဆေး၏ဘေးထွက်ဆိုးကျိုး တို့ကြောင့်လည်းကောင်း၊ သက်သာလာသည်ဟု ခံစားလာရခြင်းကြောင့် လည်း ကောင်း၊ စိတ်မကျန်းမာမှု၏ ရောဂါလက္ခဏာကို နှစ်သက်လာသောကြောင့် လည်းကောင်း(စိတ်ရှု့စိတ်ကြွနေမှု)၊ ဆေးသောက်ရန် ငွေကြေးမရှိ၍သော်လည်းကောင်း သို့မဟုတ် ရှက်ရွံ့သောကြောင့်လည်းကောင်း ဆေး ဆက်လက်မမှီဝဲကြပါ။

ရှေ့နေသည် အမှုသည်ကို ပိုမိုနားလည် သဘောပေါက်ရန် စိတ်အခြေအနေစစ်ဆေးမှု သို့မဟုတ် စိတ်ကျန်းမာရေးအထူးကုဆရာဝန်နှင့် စမ်းသပ်စစ်ဆေးအကဲဖြတ်မှုများပြုလုပ်နိုင်သည်။ စိတ်အခြေအနေ စမ်းသပ်စစ်ဆေးမှုတွင် ယေဘုယျပုံပန်းသဏ္ဍာန်၊ စကားပြောပုံဆိုပုံ၊ အတွေးဖြစ်စဉ်နှင့် အတွေးများ၊ စိတ်အခြေအနေနှင့် စိတ်ခံစားမှု၊ သိမှုဆိုင်ရာအာရုံ နှင့်ပတ်သက်သော အနှောက်အယှက်များ၊ သိမှတ်ခံစားမှု၊ ထိုးထွင်းသိမြင်နိုင်စွမ်း၊ ဝေဖန်ပိုင်းခြားနိုင်စွမ်းနှင့် စိတ်လိုက်မာန်ပါပြောဆိုမှုကို ထိန်းချုပ်နိုင်စွမ်းရှိမရှိစသော စစ်ဆေးမှုများပါဝင်ပါသည်။ စိတ်ကျန်းမာရေးအထူးကုဆရာဝန်၏ စမ်းသပ် စစ်ဆေးချက်များတွင် လူမှုရေး၊ ကျန်းမာရေး၊ စိတ်ကျန်းမာရေး နှင့် မူးယစ်ဆေးအလွဲသုံးမှုနှင့် ပတ်သက်သော နောက်ကြောင်းရာဇဝင်ကို မေးမြန်းစုံစမ်းခြင်းတို့ ပါဝင်သည်။ မေးမြန်း သူမှာ သတိပြုမိရန်ခက်ခဲသော ထင်ရှားသိသာမှုမရှိသည့် အခြေအနေများကို ဖော်ထုတ်ရန်အတွက် မေးခွန်းများ မေးမြန်းသည့်အပြင် စောင့်ကြည့်အကဲခတ်လေ့လာမှုများကိုပါ ပြုလုပ်ရမည်။ ဤကိစ္စရပ်တွင် အခြားသူများမှ ရရှိသော မှတ်တမ်းမှတ်ရာများ၊ သတင်းအချက်အလက်များကိုပါ ထည့်သွင်း စဉ်းစားသင့်သည်။

စိတ်အာရုံပျက်ပြားခြင်းနှင့် စိတ်မကျန်းမာမှုတို့သည် ရာဇဝတ်မှုဆိုင်ရာ တရားမျှတခြင်းလုပ်ငန်းစဉ်များ တွင် ပုံစံ မျိုးစုံနှင့်ရှိနိုင်သည်။ ဝေဒနာရှိသည်ဟု ထင်ရှားပါက အမြန်ဆုံးကုသမှုကို ခံယူခြင်းဖြစ်စေ၊ အရည် အချင်းဆိုင်ရာ ပြဿနာရှိသည်ဟုဖြစ်စေ တင်ပြရန်လိုအပ်သည်။ များစွာ သိသာထင်ရှားခြင်းမရှိပါက ရှေ့နေသည် ကိုယ်ရေး ရာဇဝင်၊ မိသားစုဝင်များ၏ ပြောပြချက်များ သို့မဟုတ် ဆေးစစ်ချက်များကို မှီငြမ်း အားကိုးရမည်။ အချို့သော စွပ်စွဲ ခံထားရသူများမှာ အကောင်းပကတိဟုထင်ရသော်လည်း စိတ်မကျန်းမာမှုရှိနေတတ်ကြသည်။

## စိတ်မကျန်းမာသော အမှုသည်များနှင့် အလုပ်လုပ်သည့်အခါတွင် အသုံးပြုရန် အကြံပေး လမ်းညွှန်ချက်[17]

- အနှောက်အယှက်အဟန့်အတားများကို ရှောင်ရှားနိုင်ရန် တိတ်ဆိတ်သော နေရာကိုရွေးပြီး စကားပြောပါ။
- စကားပြောဆိုလာအောင် တိုက်တွန်းသည့်အနေဖြင့် တစ်ဖက်ပွင့်မေးခွန်းများကိုမေးပါ။
- တိုးတောင်းပြတ်သားသော ပြောဆိုမှုများကိုသာ ပြုလုပ်ပါ။
- ဟာသစကားလုံးများ၊ ထေ့ထေ့ငေါ့ငေါ့ စကားလုံးများကို ရှောင်ကျဉ်ပါ။
- တစ်ဖက်သူအား လေးစားမှုကို ပြသပါ။ အမှုသည်ကို နှိမ့်ချသော အပြောအဆိုများ မပြုလုပ်ရ။

---

[17] စိတ်မကျန်းမာသော အမှုသည်များအား ကိုယ်စားလှယ်အနေဖြင့် အမှုကိစ္စတွင် လိုက်ပါဆောင်ရွက်ပေးခြင်း: A Resource for Louisiana Defenders© 2011 By Louisiana Appleseed and Louisiana Justice Coalition

- အထူးသဖြင့် အမှုသည် စိတ်တုန်လှုပ်လာသောအခါတွင် အေးဆေးတည်ငြိမ်စွာနေပါ။
- ယုံကြည်ရသော မိတ်ဆွေသူငယ်ချင်းရှိနေခြင်းက အမှုသည်ကို စိုးရိမ်သောက နည်းစေသည်။ သို့သော် ဤကိစ္စကို မပေါက်ကြားစေပဲ လျှို့ဝှက်စွာထားရန် လျှို့ဝှက်စောင့်စည်းအပ်သော သဘောတူညီချက် ရယူရမည်။
- အမှုသည်နှင့် အငြင်းပွားခြင်း မပြုလုပ်ရပါ။
- အမှုသည်နှင့် ပြောဆိုချက်များ ခိုင်မာစေရန် ပြောဆိုချက်များကို ရေးချမှတ်သားပါ။

**လုပ်ထုံးလုပ်နည်းမှတ်တမ်း** - အမှုသည်ထံမှ ယုံကြည်မှုနှင့် ပူးပေါင်းပါဝင်မှုကို ရရှိအောင် အမှုသည်၏ မိတ်ဆွေသူငယ်ချင်း သို့မဟုတ် မိသားစုဝင်တစ်ဦးတစ်ယောက်ရှိနေရန် လိုအပ်ပါက ၎င်း မိတ်ဆွေသူငယ်ချင်း သို့မဟုတ် မိသားစုဝင်ကို လျှို့ဝှက်စောင့်စည်းအပ်သောသဘောတူညီချက် လက်မှတ်ရေးထိုးခိုင်းရမည်။ ဤသို့ပြုလုပ်ခြင်းဖြင့် မည်သို့သော ဥပဒေဆိုင်ရာ အကာအကွယ်ပေးမှုတစ်စုံတစ်ရာရရှိမည်ကို အတိအကျမသိရသော်လည်း ၎င်းပုဂ္ဂိုလ်သည် ပြန်လည်ခုခံသည့် အဖွဲ့ထဲတွင် ယခုအချိန်မှစတင်၍ ပါဝင်ပတ်သတ်ပြီး လက်မှတ်ရေးထိုးထားသော သဘောတူညီချက်အတိုင်း လိုက်နာရမည်ဟု အကြောင်းပြချက်ပေးငြင်းခုံမှု ပြုနိုင် သည်။ ထို မိတ်ဆွေသူငယ်ချင်း သို့မဟုတ် သက်သေကို သဘောတူညီချက် တွင်ပါဝင်သော အကြောင်း အရာအားရှင်းပြပြီး ၎င်းတို့အနေဖြင့် နှုတ်စောင့်စည်းရန် တာဝန်ရှိကြောင်းကို နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြား ထားရမည်။ သဘောတူညီချက် နမူနာကို နောက်ဆက်တွဲ-၃ တွင် ကြည့်ရှုနိုင်သည်။

## စိတ်မကျန်းမာသော အမှုသည်များကို အကျဉ်းချခြင်း

အကျဉ်းချခံရသော စိတ်မကျန်းမာသည့် အမှုသည်များမှာ နှိပ်စက်ညှဉ်းပန်းမှုဒဏ်ကို ပိုမိုခံရတတ်ကြသည်။ ၎င်းတို့မှာ မိမိတို့၏ လိုအပ်ချက်များကို ပြောပြရန် အခက်အခဲရှိနေတတ်ပြီး ထောင်မှူးများ၏ တောင်းဆိုချက်၊ လိုအပ်ချက်များကို သင့်တော်ဆီလျော်စွာ တုံ့ပြန်နိုင်လေ့မရှိကြပါ။ မြန်မာနိုင်ငံရှိထောင်များတွင် စိတ်ကျန်းမာရေးနှင့် ပတ်သတ်၍ ပြုစုကုသမှုပေးခြင်းမှာ ရှားပါးလှသည်။ ရှေ့နေများမှာ လွန်ခဲ့သည့် အနှစ် ၆၀က ချမှတ်ထားသော ကုလသမဂ္ဂက-အကျဉ်းသားများအား ဆက်ဆံရာတွင် အနိမ့်ဆုံးအဆင့် စံ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများမှ အနိမ့်ဆုံး အဆင့် စံသတ်မှတ်ချက်များနှင့်ကိုက်ညီအောင် လုပ်ဆောင်ကာ လက်ရှိအနေအထားထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်သင့်သည်။

၂၂။ (၁) အဖွဲ့အစည်းတစ်ခုဆီတိုင်းတွင် စိတ်ရောဂါနှင့်သက်ဆိုင်သောအသိပညာ အတန်အသင့် ရှိသည့် အရည်အချင်းပြည့်မီသော ဆေးမှူးတစ်ဦးထားရှိထားသည့် ဝန်ဆောင်မှုမျိုး ရှိရမည်။ ဆေး ကုသမှုနှင့် သက်ဆိုင်သောဝန်ဆောင်မှုများကို စီစဉ် ဆောင်ရွက်ရာတွင် နိုင်ငံ သို့မဟုတ် ရပ်ရွာ ဒေသ၏ အထွေထွေကျန်းမာရေး စီမံခန့်မှုဆိုင်ရာ ဌာနများနှင့် သေချာစွာ အဆက်အသွယ် ပြုလုပ် ကာ စီစဉ်ဆောင်ရွက်ရမည်။ ဤကိစ္စရပ်တွင် ဆေးကုသမှုခံယူရန် စိတ်ရောဂါဆိုင်ရာ ဝန်ဆောင်မှု နှင့် ပို၍တိကျသေချာသော အခြေအနေများတွင် စိတ်မူမမှန်မှု အခြေအနေအလိုက် ကုသမှုပေးရ မည်။

(၂) အထူးကုဆရာဝန်၏ကုသမှုကို လိုအပ်သော မကျန်းမာသည့်အကျဉ်းသားတို့မှာ အထူးကု ဆေးရုံ သို့မဟုတ် အရပ်ဖက်ဆိုင်ရာဆေးရုံများသို့ လွှဲပြောင်းကုသမှု ခံယူရမည်။ ဆေးရုံနှင့် ဆိုင်သော အထောက်အပံ့ပစ္စည်းများကို အဖွဲ့အစည်းအဆောက်အဦးအတွင်း စီစဉ်ပေးထားပါက ထိုအထောက်အပံ့ပစ္စည်းများ - စက်ပစ္စည်း၊ ပရိဘောဂ နှင့် ဆေးဝါးဆိုင်ရာ အထောက် အပံ့တို့မှာ မကျန်းမာသောအကျဉ်းသားတို့ကို ဆေးကုသရန် မှန်ကန် သင့်လျော်သော ပစ္စည်းများဖြစ်ရမည်။ ထို့အပြင် လေ့ကျင့်သင်ကြား ပေးထားပြီးဖြစ်သော ဆီလျော်သင့်တော် သည့် အရာရှိဝန်ထမ်းတစ်ဦး ထားရှိပေးရမည်။

## ရုံးရှေ့တွင် ရပ်တည်နိုင်စွမ်းမရှိခြင်း

အချို့သော စိတ်မကျန်းမာသည့် အမှုသည်များသည် ရာဇဝတ်မှုစွဲချက်တင်ခြင်းကို ရင်ဆိုင်နိုင်စွမ်း မရှိလောက်အောင် စိတ်ကျန်းမာရေး ချို့တဲ့နေတတ်ကြသည်။ ဤကဲ့သို့သော အခြေအနေများတွင် ရာဇဝတ်ကျင့်ထုံး၏ အခန်း ၃၄ ကို အသုံးပြု၍ ကိုင်တွယ်ဖြေရှင်းသည်။ တာဝန်ယူဆောင်ရွက်လျက်ရှိသော တရားသူကြီးမှာ စွပ်စွဲခံရသူကို ဆန်းစစ် သုံးသပ်ရန် အမိန့်ထုတ်ပြန်နိုင်သော အာဏာရှိသည်။ အဓိကကျသော ပုဒ်မများမှာ-

- စွပ်စွဲခံရသူမှာ စိတ်ပေါ့သွပ်နေသည်ဟု တရားသူကြီးကထင်မြင်ယူဆရန် အကြောင်းပြချက်ရှိပါက စွပ်စွဲခံရ သူကိုပြန်လည်ဆန်းစစ်သုံးသပ်မှုပြုလုပ်ရန် တရားသူကြီးမှ အမိန့်ပေးခွင့်ရှိသည်။ ထို့နောက် အမှုကို တရားရှင် လွှတ်ပိုင်ခွင့်ရှိသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၆၄။
- စွပ်စွဲခံရသူကို အာမခံဖြင့်လွှတ်ခြင်း သို့မဟုတ် တရားသူကြီးမှ သင့်တော်အပ်စပ်သည်ဟု ယူဆသော အချုပ်အနှောင်နေရာ နှင့် နည်းဟန်ဖြင့် လုံခြုံစွာထိန်းသိမ်းခြင်းခံရမည်။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၆၆
- စွပ်စွဲခံရသူမှာ ပြန်လည်ဆန်းစစ်သုံးသပ်မှုများပြုလုပ်ရန် တရားရုံးသို့ ပြန်လည် ခေါ်ဆောင်လာခံရနိုင်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၆၇။

## စိတ်ဖောက်ပြန်ခြင်း သို့မဟုတ် "စိတ်ပေါ့သွပ်ခြင်း"ကို ဥပဒေဆိုင်ရာ ခုခံချေပမှု အဖြစ် အသုံးပြုခြင်း

စွပ်စွဲခံရသူသည် အမှုစတင်စစ်ဆေးချိန်တွင် စိတ်ပေါ့သွပ်ခြင်းမရှိနေပဲ "ကျူးလွန်မှုပြုလုပ်ချိန်တွင်သာ ကျူးလွန်မှု၏ သဘောသဘာဝကို စိတ်ပေါ့သွပ်နေသောကြောင့် မသိခြင်း သို့မဟုတ် ဥပဒေနှင့် ဆန့်ကျင်သော အရာကို ပြုလုပ်နေ သည်ဟု စဉ်းစားနိုင်စွမ်းရှိလောက်အောင် စိတ်ကျန်းမာမှုမရှိခြင်း" ဖြစ်ကြောင်း မှန်ကန်ခြင်းရှိ၊မရှိ ဆန်းစစ်ရမည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၆၉။
ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၈၄တွင် ဤခုခံချေပမှုကို ဖော်ပြထားသည်။

- လူတစ်ဦးသည် ကျူးလွန်မှုပြုလုပ်နေချိန်တွင် စိတ်ပေါ့သွပ်နေ၍ ကျူးလွန်မှု၏ သဘောသဘာဝကို မသိသဖြင့် ပြုလုပ်မိလျှင် သို့မဟုတ် ဥပဒေနှင့်ဆန့်ကျင်သော အရာကိုပြုလုပ်နေသည်ဟု စဉ်းစားနိုင်စွမ်း ရှိလောက်အောင် စိတ်ကျန်းမာမှုမရှိပါက ဥပဒေချိုးဖောက်သည်/ကျူးလွန်သည် ဟု မဆိုနိုင်ပါ။

စွပ်စွဲခံရသူကို ကိုယ်စားပြုရပ်တည်ပေးသောရှေ့နေမှာ ကျူးလွန်ချိန်တွင် အမှုသည်သည် စိတ်ပေါ့သွပ်နေ၍ ကျူးလွန်မှု ၏ သဘောသဘာဝ၊ ဥပဒေနှင့် ဆန့်ကျင်သော အရာကို ပြုလုပ်နေခြင်း စသည်တို့ကို စဉ်းစားသိမြင်နိုင်သည့် စွမ်းရည် မရှိခဲ့ကြောင်း ပြသရမည်။ ဥပဒေမှာ လူတို့အား စိတ်ကျန်းမာသောသူများအဖြစ် မှတ်ယူသည့် အတွက် ခုခံချေပရန် အလုပ်မှာ စွပ်စွဲခံရသူဘက်မှ ဖြစ်သည်။ ခုခံချေပခြင်းအတွက် သက်သေပြရန် တာဝန်ကို သက်သေခံအက်ဥပဒေပုဒ်မ ၁၀၅၌ ကြည့်ပါ။

## စိတ်ပေါ့သွပ်ခြင်းသည် အကန့်အသတ်မဲ့ အကျဉ်းကျခံရမှုကို ဖြစ်စေနိုင်ခြင်း

စိတ်ပေါ့သွပ်ခြင်းအတွက် ခုခံချေပခြင်းသည် မည်သည့်စွဲချက်ကိုမဆို ခုခံချေပခြင်းဖြစ်သည်။ သို့ရာတွင် အောင်မြင်စွာ ခုခံချေပနိုင်ပါက စွပ်စွဲခံရသူသည် စိတ်ပေါ့သွပ်နေ၍ အကြွင်းမဲ့ တရားသေလွှတ်ခံရမည်။ စိတ်ပေါ့သွပ်ခြင်း အကြောင်း အရင်းဖြင့် လျှောက်လဲချက် အောင်မြင်သောသူသည် အပြစ်မှ လွတ်ကင်းသော်လည်း မိမိကိုယ်ကိုယ်အပြင် အခြား သူများအတွက်ပါ ခြိမ်းခြောက်မှုသဖွယ်ဖြစ်နေတတ်သည်။ စွပ်စွဲခံရသူသည် ပုံမှန်အားဖြင့် လူမှုကာကွယ် စောင့်ရှောက် ရေးခံယူခြင်းကို အခြေခံဦးစားပေးမှုအဖြစ်ခံယူရသည့်အပြင် မဖြစ်မနေ ကုထုံးခံယူခြင်းဖြင့် ထိန်းသိမ်းခြင်းခံရမည်။ ထိုကာလမှာ အကန့်အသတ်မရှိ ကြာမြင့်နိုင်သည်။

- သူရှူးဥပဒေ၊ အခန်း ၂၇၊ စာပိုဒ် ၈၄၄-၈၅၉
- **ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ** ပုဒ်မ ၄၇၁

ထို့ကြောင့် အချို့သော စွပ်စွဲခံရသူများအဖို့ ပိုမိုကောင်းမွန်သော ခုခံချေပမှုမှာ တူညီသော အခြေအနေ အကြောင်း ပြချက်များကိုသာအသုံးပြုပြီး စွပ်စွဲခံရသူမှာ ရည်ရွယ်ချက်ရှိရှိလုပ်ဆောင်ခြင်း မဟုတ်သည့်အတွက် တရားသေ လွှတ်သင့်ကြောင်း ခုခံတင်ပြသင့်သည်။

## အခြားသော ခုခံချေပမှုများကိုလည်း ထည့်သွင်းစဉ်းစားရခြင်း

မည်သို့ပင်ဆိုစေကာမူ စိတ်ပေါ့သွပ်မှုနှင့်သက်ဆိုင်သော ခုခံချေပမှုသည် ပြီးပြည့်စုံမှုမရှိပါက စွဲချက်တင်ခြင်း၏ အဓိက အကြောင်းအရင်း ရည်ရွယ်ချက်ကို သက်သေမပြနိုင်သဖြင့် တရားစွဲဆိုမှု မအောင်မြင်စေသည့် အခြေခံ အကြောင်း အရင်းတစ်ခု ဖြစ်စေတတ်သည်။ DahyabhaiChhaganbhaiThakker နှင့် State of Gujarat, ၁၉၃၃ SCR ၈ - ၁၉၄ မှ ၁၉၈။

အကယ်၍ စွပ်စွဲခံရသူ၏ စိတ်ပေါ့သွပ်မှုမှာ ယာယီသာဖြစ်ပြီး၊ အမြဲတစေဖြစ်မနေပါက ထိုသူသည် အမြဲတစေ အန္တရာယ်ပြုနိုင်သောသူ မဟုတ်၍ အကြွင်းမဲ့ တရားသေလွှတ်ရန် ထိုက်တန်သည်။ ဤအရာသည် "စိတ်ဆန္ဒ မပါသော" သို့မဟုတ် "ရည်ရွယ်ချက်မရှိသော" အပြုအမူ ဟူသော ခုခံချေပမှုနှင့် သက်ဆိုင်သည်။

## ခုခံချေပမှုတွင် အဓိကပါဝင်သည့် အချက်များ

၁။ ကျူးလွန်မှု ပြုလုပ်နေချိန်တွင် စွပ်စွဲခံရသူမှာ စိတ်ပေါ့သွပ်နေခြင်း။

၂။ စိတ်ပေါ့သွပ်ခြင်းမှာ သိမြင်နိုင်စွမ်းကို အချည်းနှီးဖြစ်စေခြင်း။

၃။ ကျူးလွန်မှု၏ သဘောသဘာဝ၊ သို့မဟုတ် စွပ်စွဲခံရသူပြုလုပ်ခဲ့သော လုပ်ရပ်မှာ ဥပဒေနှင့် ဆန့်ကျင်သော လုပ်ရပ်ဖြစ်နေခြင်း။

**ပြစ်မှုကျူးလွန်နေချိန်**
ကျူးလွန်နေသည့်အချိန်သာမကပဲ မကျူးလွန်ခင်နှင့် ကျူးလွန်ပြီး အချိန်များတွင် စွမ်းဆောင်နိုင်မှု ရှိမနေရ။ ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ဦးလှခိုင် (၁၉၅၈) မြန်မာနိုင်ငံစီရင်ထုံး၊ စာ - ၁၄၃ မှ ၁၄၈။

## စိတ်ပေါ့သွပ်မှု ခံစားနေရခြင်း

**ရာဇသတ်ကြီးဥပဒေ၌** စိတ်ပေါ့သွပ်မှုကို အဓိပ္ပါယ်ဖွင့်ဆိုထားခြင်း မရှိပါ။ ၎င်းစိတ်ပေါ့သွပ်မှုသည် သိမြင်ခံစားမှုဆိုင်ရာ စွမ်းရည် (ဦးနှောက်စွမ်းရည်) ကို အကျိုးသက်ရောက်မှု ရှိလောက်အောင် ရှည်ကြာပြင်းထန်ရမည်။ အရက်မူးနေ၍ ကျူးလွန်မိသည်ဟူသော ခုခံချေပမှု ခေါင်းစဉ်အောက်တွင် အကျုံးဝင်သော ယာယီ သက်ရောက်မှုသာ ရှိသည့် အရက် သို့မဟုတ် မူးယစ်ဆေး အသုံးပြုမှုနှင့် နားလည်သဘောပေါက်နိုင်စွမ်းကို အပြီးတိုင် ဖျက်ဆီးပြီး ဖြစ်သော တာရှည် အရက် သို့မဟုတ် မူးယစ်ဆေးစွဲခြင်း ဟူ၍ ကွဲပြားခြားနားသည်။

- အတက်ရောဂါပါဝင်နိုင်သည်။ (င) မောင်အုံ့ဘွယ် နှင့် ဘုရင်ခံ၊ အိန္ဒိယနိုင်ငံစီရင်ထုံး၊ ၁၉၃၇ ရန်ကုန်စီရင်ထုံး ၉၉။ Sinnasamyv. Public Prosecutor (၁၉၅၆) MLJ ၃၆။
- စွပ်စွဲခံရသူမှာ အရက်မူးကာ နေပူထဲတွင် လမ်းလျှောက်ပြီး ဦးခေါင်းကို B မှရိုက်လိုက်သည့် အမှုနှင့် ပတ်သက် ၍ တရားရုံးက စိတ်ပေါ့သွပ်နေသည့်အကြောင်းအရင်းဖြင့် ခုခံချေပမှုကို ငြင်းပယ်လိုက်သည်။ စွပ်စွဲခံရသူမှာ B နောက်ကို လိုက်သော်လည်း မသက်ဆိုင်သော အမျိုးသမီးတစ်ဦးကို ထိပါး တိုက်ခိုက်မိသည်။ ဆေးပညာ ကျွမ်းကျင်သူမှာ စွပ်စွဲခံရသူသည် အထက်ပါ ဖော်ပြချက်များအရ အလုံးစုံတာဝန်ယူရန် မလိုအပ်ကြောင်း ထင်မြင်ချက်ပေးသည်။ သို့သော် ယခုဖြစ်ရသော အကြောင်းအရင်းတို့မှာ ပြင်ပမှ အကြောင်းအရင်းများ ကြောင့်သာဖြစ်ပြီး အတွင်းစိတ်နှင့် သက်ဆိုင်မှု မရှိသလို ရှည်ကြာစွာ ဖြစ်ပေါ်နေမည့် သရုပ်သကန် မရှိသောကြောင့် တရားရုံးမှ ခုခံချေပမှုကို ပုဒ်မ ၈၄ အရ ငြင်းပယ်လိုက်သည်။ မောင်ကြီး နှင့် ဘုရင်ခံ၊ အတွဲ - ၇၊ အောက်မြန်မာပြည်စီရင်ထုံး စာ ၁၃။

## သိမြင်နိုင်စွမ်းကို အချည်းနှီးဖြစ်စေခြင်း

- စွပ်စွဲခံရသူ၏ စိတ်ပေါ့သွပ်မှုမှာ သိမှုစွမ်းရည်မရှိခြင်း၏ တိကျသောအကျိုးဆက်ကို ဖြစ်ပေါ်စေသော စိတ် ပေါ့သွပ်မှုဖြစ်ရမည်။ (င) မောင်ကံသာ နှင့် ဘုရင်ခံ၊ အိန္ဒိယနိုင်ငံစီရင်ထုံး၊ ၁၉၃၃၊ ရန်ကုန် စာ - ၁၄၄။ သဘောပေါက် နားလည်နိုင်စွမ်းရည် မရှိခြင်းကို ပြသရန် မလိုလောက်အောင် ထူးဆန်းသော အပြုအမူများကို တစ်ဦးတည်း ပြုလုပ်နေခြင်း (လက်ချောင်းကိုဖြတ်တောက်နေခြင်း)။ ကိုသက်ဦး နှင့် ပြည်ထောင်စု မြန်မာ နိုင်ငံတော် (၂၀၀၈) မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၁၀၇။
- စေ့ဆော်အား/ရည်ရွယ်ချက် မရှိခြင်းမှာ သက်သေပြရန်အတွက် အမြဲတမ်းမလုံလောက်နိုင်ပါ (ဆက်စပ်မှု ရှိသည်ဆိုသော်လည်း)။ (င) မောင်စံဖဲ နှင့် ဘုရင်ခံ၊ အိန္ဒိယနိုင်ငံစီရင်ထုံး၊ ၁၉၃၇ Rabg ၃၃၊ ၃၃၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် နှင့် ဦးလှခိုင် (၁၉၅၈) မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၁၄၃ မှ ၁၄၆။
- တစ်ခါတစ်ရံ စေ့ဆော်မှုအား/ရည်ရွယ်ချက် မရှိခြင်းသည် လုံလောက်သည်။ စွပ်စွဲခံရသူသည် မိမိ၏ ယောက္ခမနှင့်အတူ လမ်းလျှောက်လာစဉ် ယောက္ခမကို စေ့စော်မှုအား/ ရည်ရွယ်ချက်မရှိပဲ ထိုးသွင်းမှု ပြုမိသည်။ ၎င်းမှာ ကျူးလွန်မှု၏ သဘောသဘာဝကို သိနိုင်စွမ်းမရှိကြောင်း ပြဌာန်းထားသည်။
  ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် မောင်သံချောင်း [၁၉၅၆ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၁၃၂]

သဘော၊ ဆန္ဒနှင့် သက်ဆိုင်သော စိတ်ကစဥ့်ကလျား ဝေဒနာများ (Volitional Disorders) မှာ အထူး အခြေအနေ များဖြစ်သည်။ တစ်ခါတစ်ရံ စိတ်ပေါ့သွပ်မှုသည် စိတ်ပေါ့သွပ်သူ၏ စီမံခန့်ခွဲလုပ်ဆောင်နိုင်မှုဆိုင်ရာ

မိမိကိုယ်ကိုယ် ထင်မြင်ယူဆချက်ကို သက်ရောက်မှုရှိခြင်းထက် စီမံခန့်ခွဲလုပ်ဆောင်နိုင်မှုကို ထိန်းချုပ်နိုင်သော စွမ်းရည်ကိုသာ သက်ရောက်မှု ရှိတတ်သည်။

- ညဖက်အိပ်ပျော်နေစဉ် ယောင်ယမ်း၍ လမ်းထလျှောက်တတ်သော စစ်သားသည် ဤအခြင်းအရာနှင့် ပတ်သတ်၍ ဆွေးနွေးခြင်းခံရပြီး ဖြစ်သော်လည်း တစ်ညတွင် အိပ်နေစဉ် သေနတ်ကိုယူပြီး ပစ်ခဲ့သည်။ မောင်အေးကြိုင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ (၁၉၆၅)၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၉။

## ကျူးလွန်မှု၏ သဘောသဘာဝ

စိတ်ပေါ့သွပ်မှု တစ်ခုတည်းနှင့် လုံလောက်မှု မရှိပါ။ ၎င်းစိတ်ပေါ့သွပ်မှုသည် (၁) ကျူးလွန်မှု၏ သဘော သဘာဝ (၂) ဥပဒေနှင့် ဆန့်ကျင်သည်ကို စဉ်းစားဆင်ခြင်နိုင်မှု စွမ်းရည် မရှိလောက်အောင် ပြင်းထန်မှုရှိသော စိတ်ပေါ့သွပ်မှုမျိုး ဖြစ်ရမည်။

"ကျူးလွန်မှု၏ သဘောသဘာဝ" ကို ပုဒ်မ ၈၄တွင် အဓိပ္ပါယ် ဖွင့်ဆိုထားခြင်းမရှိပါ။

- မိမိကိုယ်ကိုယ် မည်သည့် အပြုအမူ လုပ်ဆောင်နေသည်ကို သဘောပေါက် နားလည်နိုင်စွမ်း လုံးဝဥဿုံ မရှိခြင်း - ဥပမာ- ပေါင်မုန့်လုံးကို လှီးဖြတ်နေသည့် အသိဖြင့် တစ်ပါးသူ၏ လည်ကို လှီးဖြတ်နေခြင်း သို့မဟုတ် မကောင်းဆိုးဝါးကို ပစ်ခတ်နေသည့်အသိဖြင့် တစ်ပါးသူကို ပစ်ခတ်နေခြင်း။ မောင်အေးခိုင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ၁၉၆၅၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၉ ။
- ကျူးလွန်မှု၏ နောက်ဆက်တွဲအရ ဖြစ်လာနိုင်သော ထိခိုက်နစ်နာမှုကို အပေါ်ယံ နားလည် သဘောပေါက် နိုင်စွမ်း မရှိခြင်းလည်း ဖြစ်နိုင်သည်။ စွပ်စွဲခံရသူမှာ တစ်ပါးသူအား ထိပါး တိုက်ခိုက်နေသည်ကို သိသော်လည်း ၎င်းကျူးလွန်မှု၏ နောက်ဆက်တွဲနှင့် ပြင်းထန်မှု အတိုင်းအတာ ကို သဘောပေါက် နားလည်နိုင်စွမ်းမရှိချေ။ သိမြင်နိုင်မှု အားနည်းခြင်းမှာ တစ်စိတ်တစ်ဒေသအဖြစ် ပါဝင်သည်။ ဤအချက်မှာ မှုခင်းတစ်ခု ဖြစ်မြောက်ရန် အဓိက လိုအပ်သော ရည်ရွယ်ချက်ကို လျော့ပါး စေသည်။ ၎င်းမှာ ပုဒ်မ ၈၄ တွင် ဖော်ပြထားသော ခုခံချေပမှု တစ်ခု ဖြစ်ပြီး ဖြိမ်းခြောက် ပြဋ္ဌာန်း ထားသည့် ဥပဒေမှာလည်း ယခုကဲ့သို့ နားလည် သဘောပေါက်နိုင်စွမ်း မရှိသူအတွက် အဟန့်အတား တစ်ခုအဖြစ် ဖြစ်မလာနိုင်ချေ။

## မမှန်ကန်ခြင်း သို့မဟုတ် ဥပဒေနှင့်ဆန့်ကျင်လျက်ရှိခြင်း

တရားခံများသည် ၎င်းတို့၏ လုပ်ဆောင်ချက်နှင့် ပတ်သက်၍ အမှား၊အမှန် ဝေဖန်ပိုင်းခြားနိုင်စွမ်း မရှိကြကြောင်း၊ သို့မဟုတ် ၎င်းတို့၏ လုပ်ရပ်များသည် ဥပဒေနှင့်ဆန့်ကျင်သည့် လုပ်ရပ်များသာ ဖြစ်ကြောင်းကို မသိရှိကြကြောင်း တရားခံရှေ့နေများက ခုခံချေပလေ့ရှိကြသည်။ စွပ်စွဲခံရသူမှာ မိမိ၏လုပ်ရက်(ကျူးလွန်မှု)ကို သဘောပေါက် နားလည် နိုင်စွမ်းရှိသော်လည်း ၎င်းလုပ်ရပ်မှာ တရားဝင်မှုမရှိခြင်း၊ မှားယွင်းနေခြင်းကို နားလည်နိုင်စွမ်း မရှိကြောင်း ဝန်ခံသည်။ ဤကိစ္စရပ်မှာ စွပ်စွဲခံရသူ ကျူးလွန်ချိန်တွင် မည်သို့ မည်ပုံ ပြုမူခြင်း၏ အနမာနသဘောပေါ် များစွာမူတည်သည်။

- စွပ်စွဲခံရသူမှာ အနီးအနားတွင်ရှိသောသူများကို "ခင်ဗျားတို့နှင့် မဆိုင်ဘူး။ လာမနောက်ယှက်နဲ့။ အနားကပ် မလာနဲ့" ဟု အော်ဟစ် ပြောဆိုကာ သားကောင်ကို ထိုးသွင်းခြင်း ပြုလုပ်သည်။ ကျူးလွန်မှု၏ သဘော သဘာဝနှင့် လုပ်ရပ်မှာ မှားယွင်းကြောင်းကို စွပ်စွဲခံရသူသိသည်ဟု တရားရုံးမှ ကောက်ချက်ချသည်။ ကိုသက်ဦးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ၂၀၀၈၊ မြန်မာနိုင်ငံ တရားစီရင်ထုံး၊ စာ - ၁၀၇။

- သံဃာတော်ကို သတ်ရန်ကြိုးပမ်းအားထုတ်မှုအတွက် ပြစ်ဒဏ်ကျခြင်းကို အယူခံဝင်ခြင်း။ အယူခံဝင်သူမှာ သံဃာတော်သည် ၄င်း၏ ညီမ/အစ်မများ (အမှန်တကယ်မရှိသော)ကို ဘုန်းကြီးကျောင်းတွင်း ချုပ်နှောင် ဖမ်းဆီးထားသည်ဟု အခိုင်အမာပြောဆိုသည်။ အယူခံဝင်သူသည် ၄င်းမှာ သံဃာတော်အား သတ်ဖြတ်ရန် ကြိုးစားသည့် လုပ်ရပ်ကို သိသော်လည်း မိသားစုကို ကာကွယ်သည့် အနေဖြင့် စဉ်းစားပြုလုပ်ခြင်းဖြစ်သည့် အတွက် ပုဒ်မ ၈၄နှင့် ပတ်သတ်သည့် အောင်မြင်သော ခုခံချေပမှု ဖြစ်သည်ဟု တရားရုံးက သတ်မှတ်သည်။
  ငမောင်ပြန် နှင့် ဘုရင်ခံ၊ စာ - ၄၊ BLT စာ - ၂၆၇။

## မမှန်ကန်ခြင်း နှင့် ဥပဒေကို ဆန့်ကျင်လျက်ရှိနေခြင်း

ရာဇသတ်ကြီးဥပဒေ၌ ဤစကားစု၏ အဓိပ္ပါယ်ကို "စာရိတ္တပိုင်းဆိုင်ရာ ချို့ယွင်းမှု" နှင့် ဥပဒေဆိုင်ရာ မှားယွင်းမှု (ဥပဒေနှင့် ဆန့်ကျင်သော) ဟူ၍ မှားယွင်းသော အဓိပ္ပါယ်ဖွင့်ဆိုမှုဖြင့် ဖော်ပြထားသည်။ လူတစ်ဦးသည် ကလေးငယ် တစ်ဦးကို ကောင်းကင်ဘုံသို့ ပို့ပေးနေသည်ဟု စိတ်အထင်မှားကာ (စာရိတ္တပိုင်းဆိုင်ရာ ချို့ယွင်းမှုမှန်း သိရှိခြင်းမရှိပဲ) သတ်ဖြတ်သည်။ စာရိတ္တပိုင်းဆိုင်ရာ ချို့ယွင်းမှု ဖြစ်သည်ဟု သဘောပေါက်နားလည်နိုင်စွမ်း မရှိခြင်းမှာ ဂိညာဉ်ပူးခြင်း၊ စီးခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ ကနေဒါတရားရုံးတွင် စာရိတ္တပိုင်းဆိုင်ရာချို့ယွင်းမှုကို လူမှု အသိုင်းအဝိုင်းတွင် သင့်လျော် ဖြစ်နိုင်ချေရှိသောပုဂ္ဂိုလ်များအတွက် သတ်မှတ်ထားသောသာမန်စံသတ်မှတ်ချက်ကို ချိုးဖောက်ခြင်းဟူ၍ သတ်မှတ်သည်။

- ဘုရင်မ နှင့် ကဒါ နာစရာ၊အိန္ဒိယနိုင်ငံစီရင်ထုံး၊ ကလကတ္တား၊ စာ - ၆၀၄။
- Sa Pont (alias) Paw Lu နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် (၁၉၅၀) မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၃၅၂။

## သက်သေပြရန် အမျိုးအစားများ

## တခါတရံ၌ ကျွမ်းကျင်ပညာရှင်များ၏ သက်သေပြချက်များလည်း လိုအပ်ပါသည်။

**တရားခံရှေ့နေသည်** "ဆိုးသွမ်း" (သို့သော် စိတ်မပေါ့သွပ်) သောသူနှင့် "စိတ်ပေါ့သွပ်" နေပြီး ဆေးကုသမှုခံယူရန် လိုအပ်သောသူကို ခွဲခြားနိုင်ရမည်။ ထို့ကြောင့် သက်သေပြရာတွင် ဆေးမှတ်တမ်းများနှင့် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူတို့ကို အားကိုးအားထားပြုရသည်။ သို့သော် နောက်ဆုံး ဆုံးဖြတ်ချက်မှာ တရားစွဲဆိုရာ၌ သက်သေ အထောက်အထားနှင့် အချက်အလက်ကို အဆုံးအဖြတ်ပေးသူ (တရားသူကြီး) ပေါ်တွင်သာ မူတည်သည်။ *See Bharat Kumar v State 2004 Cri LJ 1958; Rajendra v. State 2004 Cri LJ 2458.*

## အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်

မြန်မာနိုင်ငံသည် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်တွင် လက်မှတ် ရေးထိုးထားသော နိုင်ငံ ဖြစ်သည်။

မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာသဘောတူစာချုပ် (CRPD) ၏ အပိုဒ်ခွဲ ၁ တွင် မသန်စွမ်းသူ ဆိုသည်မှာ ကိုယ်ကာယ၊ စိတ်ပိုင်း၊ ဉာဏ်ရည် ဉာဏ်သွေးပိုင်း၊ အာရုံခံစားမှုပိုင်း ဆိုင်ရာ ချို့ယွင်း အားနည်းချက်များကို ရေရှည် ခံစားနေရပြီး အမျိုးမျိုးသော အတားအဆီးများကြောင့် လူ့အဖွဲ့အစည်းတွင် အပြည့်အဝပါဝင် လှုပ်ရှားနိုင်မှုမရှိခြင်းကို ဆိုလိုသည်ဟု ပါဝင်ထားသည်။

## အပိုဒ်ခွဲ ၁၃ တရားမျှတမှုလက်လှမ်းမီရေး

(၁) အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်တွင် အတည်ပြု၍ သဘောတူ လက်မှတ်ရေးထိုးထားသော အချုပ်အခြာအာဏာပိုင်များသည် မသန်စွမ်းသူများ တရားစီရင်မှုတွင် အခြားသူများနှင့်တန်းတူ ထိရောက်စွာ ပါဝင်နိုင်ရန် သေချာစွာ စီမံဆောင်ရွက်ရမည်။ ယင်းသို့ဆိုရာတွင် ကျင့်ထုံးဆိုင်ရာနှင့် အသက်အရွယ် အပိုင်းအခြားအလိုက် ပေးအပ်သော သင့်လျော်သည့် လိုက်လျောမှုများ ပေးရမည်။ သို့မှသာ သက်သေ အဖြစ်ထွက်ဆိုခြင်း အပါအဝင် စုံစမ်းစစ်ဆေးမှုနှင့် အခြားသောအကြို လုပ်ဆောင်သည့်အဆင့်စသော တရား စွဲဆိုခြင်းဆိုင်ရာ ကိစ္စအဝဝတို့တွင် တိုက်ရိုက် သို့မဟုတ် တိုက်ရိုက် မဟုတ်သော ပါဝင် ပတ်သက်သူများ အဖြစ် ပါဝင်ခွင့်ပေးခြင်းဖြင့် ၎င်းတို့အတွက် ထိရောက်သောအခန်းကဏ္ဍဖြစ်အောင် ကူညီပံ့ပိုးပေးခြင်း မည်သည်ဟု ဆိုနိုင်သည်။

(၂) တရားစီရင်ရာတွင် မသန်စွမ်းသူများ ထိရောက်စွာ ပါဝင်ခွင့်ရရှိရေးအတွက် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်တွင် အတည်ပြု၍ သဘောတူလက်မှတ်ရေးထိုးထားသော အချုပ်အခြာ အာဏာပိုင်များမှာ ရဲ၊ ထောင်ဝန်ထမ်း တို့အပါအဝင် တရားခွင် စီမံခန့်ခွဲမှု တွင်ပါဝင်သော သူအားလုံးတို့ကို ဆီလျော်သင့်တော် သည့် လေ့ကျင့်သင်ကြားမှုပေးနိုင်ရန် အားပေးမှုများ ပြုလုပ်ရ မည်။

## အပိုဒ်ခွဲ ၁၄ - လူတစ်ဦးတစ်ယောက်၏ လွတ်မြောက်ခွင့်နှင့် လုံခြုံမှုဆိုင်ရာ အာမခံချက်

(၁) အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်တွင် အတည်ပြု၍ သဘောတူလက်မှတ်ရေးထိုးထားသော အချုပ် အခြားအာဏာပိုင်များမှာ မသန်စွမ်းသူများကို အခြားသူများနှင့်တန်းတူ (က) လူတစ်ဦး ရပိုင်ခွင့်ရှိသော လွတ်မြောက်ခွင့်နှင့်လုံခြုံမှုအာမခံချက်ကို ခံစားခွင့်ရရှိရန်။ (ခ) လွတ်မြောက်ခွင့်ကို ဥပဒေနှင့် ဆန့်ကျင်၍ ဖြစ်စေ၊ တစ်ဖက်သက်ဖြစ်စေ ပိတ်ပင်ထားခြင်း မရှိပါရန် တရားဥပဒေနှင့်အညီ ထိုလွတ်မြောက်ခွင့်ကို ပိတ်ပင် ထားခြင်း ရှိပါက မသန်စွမ်းဖြစ်နေခြင်းက မည်သည့် အမှုတွင်မဆို ကာကွယ် သောအားဖြင့် ရှင်းလင်းချက် ပေးသည့် အကြောင်းအရင်းအဖြစ် အသုံးမပြုစေရန် သေချာစေရမည်။

(၂) မသန်စွမ်းသူများသည် မည်သည့် ကိစ္စရပ်ကြောင့်မဆို လွပ်လပ်ခွင့် ပိတ်ပင်ခံရပါက အခြားသူများနှင့် တန်းတူ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများနှင့်အညီ ခံစားခွင့်ရှိသော အာမခံချက် များ ရှိရန်နှင့် သင့်တင့် သော လိုက်လျောမှုများ အပါအဝင် လက်ရှိ သဘောတူညီချက်၏ ရည်ရွက်ချက်၊ မူဝါဒများနှင့်အညီ ပြုမူ ဆက်ဆံခြင်း ခံရကြောင်း သေချာစေရန် အပြည်ပြည်ဆိုင်ရာ

သဘောတူစာချုပ်တွင် အတည်ပြု၍ သဘောတူ လက်မှတ်ရေးထိုးထားသော အချုပ်အခြာအာဏာပိုင်များမှ ပြုလုပ်ပေးရမည်။

## အပိုဒ် ၁၅ - နှိပ်စက်မှု သို့မဟုတ် ညှဉ်းပန်းမှု၊ လူမဆန်သော သို့မဟုတ် အရှက်ရစေသော ပြုမူဆက်ဆံမှု သို့မဟုတ် ပြစ်ဒဏ်ပေးမှုမှ လွတ်လပ်ခွင့်ရရှိခြင်း

(၁) မည်သူ တစ်ဦးတစ်ယောက်မဆို နှိပ်စက်မှု သို့မဟုတ် ညှဉ်းပန်းမှု၊ လူမဆန်သော သို့မဟုတ် အရှက် ရစေသော ပြုမူဆက်ဆံမှု သို့မဟုတ် ပြစ်ဒဏ်ပေးမှု ပြုလုပ်ခံရခြင်း မရှိရပါ။ အထူးအဖြင့် ဆေးပညာနှင့် ဆိုင်သော သို့မဟုတ် သိပ္ပံနှင့်ဆိုင်သော လက်တွေ့ သုတေသနပြုလုပ်မှုများတွင် မည်သူတစ်ဦးတစ်ယောက်မှ မိမိ၏ သဘော ဆန္ဒမပါပဲ လိုက်နာ ဆောင်ရွက်မှု မပြုလုပ်ရပါ။

(၂) အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်တွင် အတည်ပြု၍ သဘောတူ လက်မှတ် ရေးထိုးထားသော အချုပ်အခြာအာဏာပိုင်များသည် နှိပ်စက်မှု သို့မဟုတ် ညှဉ်းပန်းမှု၊ လူမဆန်သော သို့မဟုတ် အရှက် ရစေသော ပြုမူဆက်ဆံမှု သို့မဟုတ် ပြစ်ဒဏ်ပေးမှုများကို နာခံလိုက်နာနေရသော မသန်စွမ်းသူများကို ထိရောက်သည့် အလုံးစုံသော ဥပဒေပြုရေး၊ စီမံခန့်ခွဲရေး၊ တရားရေး သို့မဟုတ် အခြားသော စီမံ ဆောင်ရွက် ချက်များဖြင့် အခြားသူများနှင့်တန်းတူ ကာကွယ်စောင့်ရှောက်မှုပေးရမည်

# မူးယစ်ဆေးဝါးနှင့် သက်ဆိုင်သော ပြစ်မှုများနှင့် မူးယစ်ဆေးဝါး အသုံးပြုသူများ

တရားခံရှေ့နေများသည် မူးယစ်ဆေးဝါးလက်ဝယ်ထားရှိမှုဖြင့် ဖမ်းဆီးခံထားရသော အမှုသည်များအတွက်လည်းကောင်း၊ မူးယစ်ဆေးဝါး ရောင်းချမှုဖြင့် ဖမ်းဆီးခံထားရသောအမှုသည်များအတွက်လည်းကောင်း၊ အခြားပြစ်မှုများဖြင့် စွဲဆိုထားခံရသောအမှုသည်များအတွက်လည်းကောင်း၊ မူးယစ်ဆေးဝါး အလွဲသုံးစားပြုသူများအတွက်လည်းကောင်း ကိုယ်စားပြုရပ်တည်ပေးနိုင်ရန် ပြင်ဆင်ထားရမည်။ ကုလသမဂ္ဂ၏ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးမူများအနက် ... မူ (၁၀) နှင့် မူ (၁၁) တို့၌ မူးယစ်ဆေးဝါးသုံးစွဲသူများကို ပြစ်မှုဆိုင်ရာခုခံကာကွယ်ရေးနှင့်ဆိုင်သည့်အခမဲ့ဝန်ဆောင်မှုများ ရယူရန် လိုအပ်နေသည့် အုပ်စုများအဖြစ် သတ်မှတ်ထားပါသည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် အာဖဂန်နစ္စတန်နိုင်ငံအပြီး ဒုတိယမြောက် ဘိန်းထုတ်လုပ်မှု အများဆုံးနိုင်ငံ ဖြစ်သည်။ မီသမ်ဖီတမင်း(Methamphetamine) ထုတ်လုပ်မှုမှာလည်း ဤနိုင်ငံတွင် တိုးမြင့်လျက် ရှိသည်။ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးသုံးစွဲသူဦးရေ အရေအတွက် မည်မျှရှိသည်ကို တရားဝင်ဖော်ပြထားသော အချက်အလက်များ ယခုအချိန်တွင် မရှိသော်လည်း ခန့်မှန်းခြေအားဖြင့် မူးယစ်ထိုးသွင်းသူ (ကျားဦးရေသာ) ၈၃၀၀ ခန့်ရှိသည်ဟု ခန့်မှန်းဆုံးဖြတ်နိုင်သည်။ အသေးစား အစီရင်ခံစာများအရ ဘိန်းဖြူ (Heroin) နှင့် ဘိန်း (Opium) ကို အဓိကထား အသုံးပြုကြပြီး လူလုပ် မူးယစ်ဆေးဝါး (Synthetic Drug) များကိုလည်း အသုံးပြုမှု များလာသည်ကို လေ့လာတွေ့မြင်ရသည်။[18] ကချင်ပြည်နယ်တွင် ဘိန်းဖြူ တစ်ခါသုံးပမာဏမှာ ၁၀၀၀ကျပ် (အမေရိကန် ၁ ဒေါ်လာ) မျှသာ ကုန်ကျသည့်အတွက် အစဉ်အလာအရ ပြုလုပ်နေကျဖြစ်သော ဘိန်းရှူခြင်းထက်ပို၍ လူကြိုက် များလာသည်။ မူးယစ်အလွဲသုံးမှုသည် ဂေဖန်ပိုင်းခြားနိုင်စွမ်း၊ သိမြင်နိုင်စွမ်း၊ အာရုံစူးစိုက်နိုင်စွမ်းနှင့် မိမိခန္ဓာကိုယ်ကို ထိန်းချုပ်နိုင်းစွမ်းတို့ကို အပြောင်းအလဲဖြစ်အောင်ထိ ယစ်မူးစေနိုင်သည်။ ဤအကြောင်းခြင်းရာအားလုံးတို့သည် အဖမ်း ခံရခြင်း သို့မဟုတ် ရဲပုလိပ်တို့၏ နှိပ်စက်ညှင်းပန်းမှုကို ခုခံ၊ ပြောဆိုနိုင်စွမ်းမရှိအောင် ဖြစ်စေသည့် အပြုအမူများ ဖြစ်ပေါ်စေသည်။

အသေးစားကုသမှု အထောက်အပံ့များပေးခြင်းမှာ သုံးစွဲမှုကျဆင်းရေးကြိုးပမ်းမှုကို အဟန့်အတားဖြစ်စေသည်။[19] ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ မက်သဒုန်း (Methadone) ဆေးခန်း ၄၆ခု နိုင်ငံ၏ နေရာအနှံ့အပြားတွင် ဖွင့်လှစ် ပေးထားပြီး လူနာပေါင်း ၁၀၀၀၀ ခန့် စာရင်းပေးထားကြသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာနသည် ပြည်မြို့ရှိ ပြန်လည်ထူထောင်ရေးစင်တာအပြင်၊ မှတ်ပုံတင်စာရင်းသွင်းထားသော မူးယစ်ဆေးစွဲလူနာများအတွက် ရန်ကုန်၊ မန္တလေး နှင့် တနင်္သာရီတိုင်းရှိ ဒေသများနှင့် ကချင်၊ ကရင်နှင့် ရှမ်းပြည်နယ်တို့ အပါအဝင် စင်တာ စုစုပေါင်း ၁၂ ဖွင့်လှစ်ထားရှိပေးထားသည်။

လက်ရှိလက်ခံကျင့်သုံးလျက်ရှိသောဥပဒေမှာ မူးယစ်ဆေးဝါးလက်ဝယ်ထားရှိသူနှင့် အသုံးပြုသူဟု စွပ်စွဲခြင်းခံရသူများကို နိုင်ငံ၏ နေရာ အနှံ့အပြားတွင် ဖမ်းဆီးမှုနှင့်အကျဉ်းချမှုများကို ဖြစ်ပေါ်စေခဲ့သည်။ ၂၀၁၁-၂၀၁၆ ခုနှစ်အတွင်း လူပေါင်း ၄၉၀၇၂ ယောက်တို့မှာ မူးယစ်ဆေးဝါးနှင့်သက်ဆိုင်သောစွဲချက်ဖြင့် ဖမ်းဆီးခြင်းခံရပြီး ၂၀၁၅ မှ ၂၀၁၆ ခုနှစ်အတွင်း ထပ်တိုး အဖမ်းခံရသူဦးရေ ၄၄၀၃ ရှိခဲ့သည်။[20]

---

[18] UNODC, "UNODC to conduct first ever nationwide survey on drug use in Myanmar," 16 February 2016. Also Tim McLaughlin, Myanmar Times, November 8, 2013

[19] IRIN, "Drug control efforts go local in Myanmar's Kachin State," 14 August 2014

[20] Tin Htet Paing, "Treating Burma's Drug Problem," the Irrawaddy, 29 March 2017

တရားဝင်ထုတ်ပြန်ထားသော ကိန်းဂဏန်းများအရ ၂၀၁၅ ခုနှစ် တစ်ခုထဲတွင်ပင် မူးယစ်ဆေးဝါးနှင့် သက်ဆိုင်သော အမှုများ အတွက် သံသယရှိသူ ၉၁၈၈ဦးရှိခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ဦးရေ ၆၀၀၀၀ရှိသော မြန်မာနိုင်ငံရှိ အကျဉ်းသားများထဲမှ ၇၀%မှာ မူးယစ်ဆေးဝါးနှင့်သက်ဆိုင်သောပြစ်မှုများကြောင့် အကျဉ်းကျနေရခြင်းဖြစ်သည်။ [21] မူးယစ်ဆေးဝါးအသုံးပြုသူများများမှာ အဖမ်းခံရခြင်း-ကုသမှုခံယူရခြင်း-ပြန်လည် အဖမ်းခံ ရခြင်း ဟူသော စက်ဝန်းတွင် လည်ပတ်နေလေ့ရှိကြပြီး မူးယစ်ဆေးဝါးအသုံးပြုသူအများစုမှာ ကာလရှည်ကြာစွာ အကျဉ်း ချခံကြရသည်။

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးဆိုင်ရာ အမှုအခင်းများသည် တရားခံရှေ့နေများအတွက် အထူးတလည် စိန်ခေါ်မှုများ ဖြစ်နိုင်ပါလိမ့်မည်။ အောက်တွင် ဆွေးနွေးထားသည့် အတိုင်း ဖမ်းဆီးခြင်းနှင့် ရှာဖွေခြင်းတွင် အသုံးပြုသော ကာကွယ်မှု ဆိုင်ရာကျင့်ထုံးများမရှိပါ။ ပုလိပ်ရဲများအပြင် သာမန်ပြည်သူလူထုများကပါ မူးယစ်ဆေးဝါးအသုံးပြုသူများနှင့် ၎င်းတို့၏ ပိုင်ဆိုင်မှုများကိုပါ ဖမ်းဆီးခွင့်အာဏာကို ရရှိထားကြသည်။ မူးယစ်ဆေးဝါး လက်ဝယ်ထားရှိခြင်းကို အဓမ္မ သွေးစစ်ဆေး စေခြင်းဖြင့် အတည်ပြုပြီး ၎င်းပြစ်မှုမှာ တစ်နည်းအားဖြင့် မိမိဆန္ဒအလျောက်ကျူးလွန်မှု ဟုတ်မှန်သည်ဖြစ်စေ၊ မဟုတ်မှန် သည်ဖြစ်စေ ပြစ်မှုမြောက်စေသည့် ပြစ်မှုမျိုးဖြစ်သည်။ ကုသခြင်းပြုလုပ်ရန် ပျက်ကွက်ပါကလည်း ပြစ်မှုမြောက်သည်။ ထို့အပြင် မူးယစ်ဆေးသုံးဆွဲသူများနှင့်ပတ်သတ်၍ လူမှုရေးအရ နာမည်ဆိုးတပ်ခံရခြင်း၊ အငယ်စားပြစ်မှုများနှင့် ပတ်သက်သူများဟု သတ်မှတ်ခံရသော ရပ်ရွာလူထုနှင့်မိသားစုဝင်များသည် ၎င်းတို့ကိုယ်တိုင် မူးယစ်ဆေး သုံးစွဲသူများကို ကျောခိုင်းသွားတတ်ကြပြီး သီးခြားခွဲထုတ်အဆက်အသွယ်ဖြတ်သည့်အတွက် ပြန်လည်ထူထောင်ရေးပြုလုပ်ရန် အခွင့် အလမ်း နည်းပါးစေသည်။

## မြန်မာနိုင်ငံနှင့်သက်ဆိုင်သော မူးယစ်ဆေးဝါးဥပဒေ

မြန်မာ့လက်ရှိ ဥပဒေအရ ဘိန်းပင်၊ ဆေးခြောက်စသည့် မူးယစ်ဆေးဝါးများ ထုတ်လုပ် ဖြစ်ပေါ်စေသည့် စိုက်ပျိုးခြင်းများကို ပိတ်ပင်တားမြစ်ထားသည်။ မူးယစ်ဆေးဝါး၊ စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ နှင့် ထိုဆေးဝါးများပါဝင်သောပစ္စည်းများ သုံးစွဲခြင်းနှင့်လက်ဝယ်ထားရှိမှုများမှာ ရာဇဝတ်မှုမြောက်သည်ဟု ဝန်ကြီးဌာနမှ အတိအလင်းကြေညာချက် ထုတ်ပြန်ထား သည်။ ကိုလိုနီဥပဒေအရ ဆေးထိုးအပ်များ လက်ဝယ်ထားရှိမှုကို ပိတ်ပင်တားမြစ်ထားသည်။ မူးယစ်ဆေးဝါး သုံးစွဲသူများ မှာ အစိုးရမှ အသိအမှတ်ပြုထားသော ဆေးကုသဆောင်များတွင် ကုသမှုခံယူရမည်ဖြစ်ပြီး ပျက်ကွက်ခဲ့ပါက ပြစ်ဒဏ်ကို သုံးနှစ်မှငါးနှစ် အထိ ချမှတ်နိုင်သည်။ တရားမဝင်အပင်စိုက်ပျိုးသူများ၊ သယ်ယူပို့ဆောင်သူများ နှင့် ပိတ်ပင်ဆေးဝါးများ ဖြန့်ဖြူးရောင်းချသူများကို ပြစ်ဒဏ် ငါးနှစ်မှ ဆယ်နှစ်အထိချမှတ်နိုင်သည်။ အထက်ပါ ရာဇဝတ်မှုများနှင့် မူးယစ်ဆေးဝါးများ ရည်ရွယ်ရောင်းချသည်ဟု ပြစ်မှုထင်ရှားပါက ထောင်ဒဏ်ကို အနည်းဆုံး ဆယ်နှစ်အထိ ချမှတ်နိုင်သည်။ ဆေးဝါးဖြန့်ဖြူး မှုများ (သို့) တင်သွင်းမှုများ အတွက် ထောင်ဒဏ် ဆယ့်ငါးနှစ် မှ သေဒဏ် အထိစီရင်ချက်ချနိုင်သည်။

မြန်မာနိုင်ငံရှိမူးယစ်ဆေးဝါးနှင့်ပတ်သက်၍အုပ်ချုပ်သော ရာဇဝတ်မှုများအပေါ်စွဲချက်တင်နိုင် သည့်ဥပဒေသုံးရပ်- ၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေ။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော

[21] Transnational, Institute, **Towards A Healthier Legal Environment A Review Of Myanmar's Drug Laws**, February 2015

ဆေးဝါးများ ဥပဒေ။ ၁၉၉၅ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ နှင့်ဆိုင်သော ဥပဒေစည်းကမ်းများ။

## ၁၉၁၇ ခုနှစ်၊ မြန်မာ့ ယစ်မျိုးအက်ဥပဒေ

- လိုင်စင်မဲ့ ထိုးသွင်းမှုများပြုလုပ်နိုင်သည့် ဆေးထိုးအပ်များ အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်း၊ ပိုင်ဆိုင်ခြင်း၊ ရောင်းချ ခြင်း (သို့ ) ဖြန့် ဖြူးခြင်းများကို ပိတ်ပင်တားမြစ်သည်။ ပုဒ်မ ၁၃
- ခြွင်းချက် - ဆေးထိုးအပ် (သို ့) ထိုနှင့်ဆက်စပ် သောပစ္စည်းများကို ပိုင်ဆိုင်အသုံးပြုသူသည် ဆေးဝါးဆိုင်ရာ ကျွမ်းကျင်ပညာရှင်၏ ညွှန်ကြားချက်အောက်တွင်ရှိရမည်။ ပုဒ်မ ၁၃(ဂ)
- ပြစ်ဒဏ်မှာ ထောင်ဒဏ် ခြောက်လ (သို့ ) ဒဏ်ကြေး ရူပီး ၁၀၀၀ (သို့ ) နှစ်ရပ်လုံး။ ပုဒ်မ ၃၃
- ရဲအရာရှိများက ပုံမှန်လုပ်ရိုးလုပ်စဉ်အတိုင်း သံသယရှိသူများကို ရှာဖွေစစ်ဆေးခြင်း နှင့် ဆေးထိုးအပ်များကို တရားဝင်သိမ်းယူနိုင်သည်။
- ၁၉၉၃ ခုနှစ် ဥပဒေအရ တားမြစ်ဆေးဝါးများကို စစ်ဆေးပြီး စွဲချက်တင်နိုင်သည်။
- ၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံဗဟိုရဲတပ်ဖွဲ ့များမှ မူးယစ်ဆေးဝါးသုံးစွဲသူများ ကိုဆေးထိုးအပ် လက်ဝယ်တွေ့ရှိမှုဖြင့် ဖမ်းဆီးမှုများ မပြုလုပ်ရန် ညွှန်ကြားချက် တစ်ရပ် ထုတ်ပြန်ခဲ့သည်။ ထိုညွှန်ကြားချက်မှာ မူးယစ်ဆေးဝါးသုံးစွဲမှု လျော့ကျစေရန် နှင့် မြို့နယ် ရဲ ဌာနများ၏ လုပ်ဆောင်ချက်များကို ပြောင်းလဲ အားဖြည့်မှု ဖြစ်စေရန် ရည်ရွယ်သော်လည်း ယခုအခါ ဒေသနရအာဏာပိုင်များ၏ လျစ်လျူရှုခြင်းခံနေရသည်။

၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါး နှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဥပဒေပြင်ဆင်ချက်

- မူးယစ်ဆေးဝါးသုံးစွဲသူများအား ပြစ်ဒဏ်လျော့ချပေးရန်နှင့် စသည့်အရေးကြီးသော ပြင်ဆင်ချက်များ။
- ပုဒ်မ ၁၉ မှ ပုဒ်မ ၁၅တွင်ရှိခဲ့သော ပြစ်ဒဏ်များကို ရုပ်သိမ်းခြင်း- အခန်း ၈ မှရှိပြီးသော ပြစ်ဒဏ်နှင့် ရာဇဝတ်များ အရ၊ ပုဒ်မ ၁၅ ကိုဖျက်သိမ်းသည်။
- အောက်ပါ ဆွေးနွေးချက်များကို လေ့လာပါ။

**၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ဥပဒေ**

- ပုဒ်မ ၂(က) မူးယစ်ဆေးဝါး
    - ဘိန်းပင်၊ ကိုကင်း၊ ဆေးခြောက် စသည့်အပင်များမှာ ကျန်းမာရေးဝန်ကြီးဌာနမှ တရားဝင် အသိပေး ကြေညာထားသော မူးယစ်ဆေးဝါးဖြစ်သည်။
    - မူးယစ်ဆေးဝါး (သို့) ယင်းနှင့်ဆက်စပ်ပါဝင်သည့်အရာများကိုလည်း ကျန်းမာရေးဝန်ကြီးဌာနမှ ကြေညာ ထားသော တားမြစ်ဆေးဝါးများဖြစ်သည်။
- ပုဒ်မ ၂(ခ) စိတ်ကိုပြောင်းလဲစေသောဆေးဝါး
    - ကျန်းမာရေးဝန်ကြီးဌာနမှ အသိပေး ကြေညာထားသော စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါး ဖြစ်သည်။
    - ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ချက်များနှင့် အသိပေးထုတ်ပြန်ချက်များအတွက် တိကျ သော စံနှုန်းများမရှိပါ။
- မူးယစ်ဆေးဝါးသုံးစွဲသူများမှ လိုအပ်သောဆေးကုသရန်မှတ်ပုံတင်ခြင်း
    - မူးယစ်ဆေးဝါးသုံးစွဲသူသည် ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားထားသော (သို့) အစိုးရမှ ယင်း အတွက်သတ်မှတ်ထားသည့် ဆေးကုဆောင်များတွင် ဆေးကုသမှုခံယူရန်။ ပုဒ်မ ၉(က)။

- မှတ်ပုံတင်ထားသော မူးယစ်ဆေးဝါးသုံးစွဲသူသည် ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များအတိုင်း လက်ခံနေထိုင်ရန်။ ပုဒ်မ ၉(ခ)။
- အာမခံ ရထားသော (သို့) အာမခံမရသော မူးယစ်ဆေးဝါးသုံးစွဲသူသည်ညွှန်ကြားချက်များလိုက်နာရန် ပျက်ကွက်ခဲ့ပါက တရားရုံးမှ သင့်လျော်သော ဆေးကုသဆောင် (သို့) ပြန်လည်ထူထောင်ရေး စခန်းသို့ ပို့ဆောင်ရန် အမိန့် ချမှတ်နိုင်သည်။ ပုဒ်မ ၉(ဃ)။

- ပြင်ဆင်မှုမရှိသေးသော ဥပဒေတွင် မှတ်ပုံမတင်ရသေးလျှင်ဖြစ်စေ ညွှန်ကြားချက်များကို လိုက်မနာမှုမရှိလျှင် ဖြစ်စေ ထိုအတွက် နှစ်ရှည်ထောင်ဒဏ်များချမှတ်သည်။
    - မူးယစ်ဆေးဝါးသုံးစွဲသူသည် ကျန်းမာရေးဝန်ကြီးဌာနမှညွှန်ကြားထားသော အစိုးရမှ ယင်းအတွက် သတ်မှတ်ထားသည့် ဆေးကုသဆောင်များတွင် မှတ်ပုံတင်ရန် ပျက်ကွက်ခဲ့လျှင်ဖြစ်စေ၊ ကျန်းမာရေး ဝန်ကြီးဌာနမှချမှတ်ထားသော ဆေးကုသမှုများကို ခံယူရန် ပျက်ကွက်ခဲ့လျှင်ဖြစ်စေ ထောင်ဒဏ်ကို အနည်းဆုံး သုံးနှစ် မှ အများဆုံး ငါးနှစ် အထိပြစ်ဒဏ် ချမှတ်နိုင်သည်။ ပုဒ်မ ၁၅။
- အသစ်ပြင်ဆင်ထားသည့်ဥပဒေ ပုဒ်မ (၁၅)
    - ပြစ်ဒဏ်ချမှတ်ခြင်းခံထားရသော မူးယစ်ဆေးဝါးသုံးစွဲသူသည် ပြန်လည်ထူထောင်ရေးစခန်း (သို့) ဆေးကုသဆောင်များမှ သတ်မှတ်ထားသော ညွှန်ကြားချက်များကို ချိုးဖောက်ပျက်ကွက်ခဲ့ပါက ယင်း ဥပဒေဖြစ်မြောက်ရေးအတွက် စီမံလုပ်ဆောင်ခဲ့သော ပုဒ်မ ၉(ဃ) အရ၊ အပြစ်သားကို အများနည်းတူ ခွဲခြားဆက်ဆံမှု မရှိစေရန် တူညီဝတ်စုံများဝတ်ဆင်စေပြီး အများပြည်သူအကျိုးရှိစေသည့် ခြံလုပ်ငန်းများ၊ သန့်ရှင်းရေး နှင့် လမ်း၊ တံတား ဆောက်လုပ်ပြုပြင်ခြင်း လုပ်ငန်းများတွင် အခြားလုပ်ငန်း အဖွဲ့အစည်းများနှင့်အတူ လုပ်ကိုင်ကာ တာဝန်ရှိကြီးကြပ်သူများ၏ မျက်မှောက်တွင်ရှိနေရမည်။ ထိုကဲ့သို့ တစ်ရက်လျှင် နှစ်နာရီ အားဖြင့် ကိုယ်တိုင်လုပ်အားဖြင့် အခမဲ့ အနည်းဆုံး နာရီပေါင်း ၂၄ဝ မှ အများဆုံး ၃၆ဝ နာရီ အထိလုပ်ကိုင်ရမည်။
    - ဥပဒေ ဟောင်းအားခုခံကာကွယ်နိုင်သော ဖြစ်နိုင်ချေများရှိသည်။
        - ပြင်ဆင်ချက်အသစ်များသည် မူးယစ်ဆေးဝါး အလွဲသုံးစားပြုလုပ်မှုအပေါ် ပြန်လည်သုံးသပ်ကာ ယခင်ကာလများထက်ပိုပြီးသက်ရောက်မှုရှိသင့်သည်။
- ရှာဖွေမှု နှင့် ဖမ်းဆီးအရေးယူမှုများအတွက် အထူး နည်းလမ်းများ တီထွင်ခြင်း။ ပုဒ်မ ၁၇
    - ထိုစည်းကမ်းများမှာ ၁၉၉၅ ခုနှစ် တွင်အကြမ်းဖျင်းဖော်ပြခဲ့ပြီး ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေတွင် အခြေခံ အကာအကွယ်များထားရှိပေးသည်။
- ပြင်းထန်စွာပြစ်ဒဏ်ချမှတ်ခြင်း
    - မူးယစ်ဆေးဝါးလက်ဝယ်ထားရှိမှု (သို့) စိုက်ပျိုးမှုအတွက် ထောင်ဒဏ်ကို ငါးနှစ်မှ ဆယ်နှစ်အထိ ချမှတ်သည်။ ပုဒ်မ ၁၆။
        - ဆင်းရဲမွဲတေမှုနှင့်ဆက်စပ်သော ဘိန်းစိုက်ပျိုးမှု။
        - ဘိန်းကိုထုံးတမ်းအစဉ်လာအရ အကိုက်အခဲပျောက်ဆေးအဖြစ် အသုံးပြုမှု။
        - ချမှတ်ထားသော လိုင်စင်၏သတ်မှတ်ချက်များကို ဆန့်ကျင်သည့် ဆေးခြောက်များအတွက် ၁၉၁၇ အက်ဥပဒေ ၁၁ အရ ငါးနှစ် ပြစ်ဒဏ်ချမှတ်မှတ်ပြီး ထိုဥပဒေကို ချိုးဖောက်ပါက ပြစ်ဒဏ် ခြောက်လ အထိချမှတ်နိုင်သည်။
    - ရောင်းဝယ်ဖောက်ကားရန် ရည်ရွယ်ထားသော မူးယစ်ဆေးများလက်ဝယ်ရှိပါက ပြစ်ဒဏ်ကို ဆယ်နှစ်မှ တစ်သက်တစ်ကျွန်းအထိချမှတ်နိုင်သည်။

- မူးယစ်ဆေးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးများထုတ်လုပ်ခြင်း (သို့) တင်သွင်းခြင်းများ ပြုလုပ်ပါက ပြစ်ဒဏ်ကို ၁၅ နှစ် (သို့ ) သေဒဏ်ချမှတ်နိုင်သည်။ ပုဒ်မ ၂၀။
    - မှုဒိမ်းမှုများ၊ လုယက်မှုများ (သို့ ) လူသတ်မှုများအတွက် ပြစ်ဒဏ်စီရင်ချက်များ အချိုးကျ မျှတမှုမရှိခြင်း။
    - ICCPR နှင့်သဟဇာတမဖြစ်ခြင်း။

- ရောင်းရန်ရည်ရွယ်ထားသည့် မူးယစ်ဆေးဝါး လက်ဝယ်ရှိမှုအတွက် ယင်းမှာ မည်သည့် သက်သေ အထောက် အထားမှ မလိုအပ်ပေ။
    - တစုံတဦးမှ ၃ ဂရမ်ရှိသော ဘိန်းဖြူ၊ ဘိန်း (သို့) ဆေးခြောက် ၂၅ ဂရမ်ကို ရှာဖွေ တွေ့ရှိပါက ထိုအရာများမှာ ရောင်းချရန်ရည်ရွယ်ချက်ရှိသည်ဟု ယူဆပြီး ထောင်ဒဏ်ချမှတ်နိုင်သည်။ ပုဒ်မ ၂၆
    - ထိုပြစ်ဒဏ်များမှာ တစုံတယောက်အသုံးပြုရန် ယူဆောင်ထားရှိပေးသော သူများအတွက် လည်း အကျုံးဝင်သည်။
    - မူးယစ်ဆေးဝါး အသုံးပြုခြင်းနှင့်ရောင်းချခြင်းကို ကွဲပြားစွာသုံးသပ်ကာ ရှေ့နေများမှ သုံးစွဲကြောင်း ထင်ရှားသောအထောက်အထားများ နှင့် အလားတူ ရောင်းချရသော ငွေသား များကို သက်သေအဖြစ် ထားရှိပြသရန် လိုအပ်သည်။
    - ရောင်းဝယ်ဖြန့်ဖြူးမှုအသေးစားဖြစ်စေ၊ အကြီးစားဖြစ်စေ ယင်းတို့အတွက် ဥပဒေခွဲခြား ထားခြင်းမရှိပါ။

- ဂန်ကြီးဌာနမှ အသိအမှတ်ပြုထားသော ဆေးကုသမှုများ (သို့) မှတ်ပုံတင်ထားသော ဆေးဝါး ပညာရှင်များ အတွက် ခြွင်းချက်။ ပုဒ်မ ၂၈
    - ရှေ့နေများသည် ထိုပုဒ်မ အတွက် မူးယစ်ဆေးဝါး အန္တရာယ်လျော့ပါးရေးအတွက် ဆောင်ရွက်နေသူများ အား အပြုသဘောဆောင်သော ထုချေမှုကို တင်သွင်းနိုင်သည်။

**၁၉၉၅ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ**

ထိုစည်းမျဉ်းများသည် ၁၉၉၃ ခုနှစ် ဥပဒေပြဋ္ဌာန်းချက်အား ပြင်ဆင်ရေးသားရန် ပိုမိုတိကျသော အချက်အလက် များကို ဖော်ပြထားသည်။ အဓိကအားဖြင့် ဖမ်းဆီးခြင်း နှင့် ရှာဖွေသိမ်းဆီးခြင်း၊ မှတ်ပုံတင်ခြင်းနှင့် ဆေးကုသမှု ခံယူခြင်းများ ပါဝင် သည်။

- မူးယစ်ဆေးဝါး သုံးစွဲသူများအားလုံး မှတ်တမ်းတင်မှု ပြုလုပ်ရမည်။
    - ၁၈ နှစ်ပြည့်ပြီးသော (သို့) ၁၈ နှစ် မပြည့်သေးသော မူးယစ်ဆေးဝါးသုံးစွဲသူများသည် မှတ်တမ်း တင်မှု ပြုလုပ်ရန် မိဘ (သို့) အုပ်ထိန်းသူနှင့် အတူ မှတ်ပုံတင်ရန် အတူတကွ ရှိနေရမည်။ စည်းမျဉ်းအမှတ်-၄။
- မူးယစ်ဆေးဝါးသုံးစွဲသူများမှ နေထိုင်ရာဒေသအတွင်း အစီရင်ခံစာတင်ရမည်။
- ဆေးဝါးထောက်ပံ့သူများက မှတ်ပုံမတင်ရသေးသော မူးယစ်ဆေးသုံးသူများအား တိုင်ကြား သတင်းပို့ရမည်။ စည်းမျဉ်းအမှတ်- ၁၃။
- ခွင့်ပြုချက်မရသော ဆေးကုသမှုသည် တရားမဝင်ပါ။ စည်းမျဉ်းအမှတ်- ၁၃
- တရားဝင်ခွင့်ပြုချက်မရသော ကုသထောက်ပံ့ပေးသူများသည် ဥပဒေကိုချိုးဖောက်သူများဖြစ်သည်။ စည်းမျဉ်းအမှတ်- ၁၃
- မူးယစ်ဆေးဝါးများ ထားရှိအသုံးပြုနိုင် သောလူမှုအဖွဲ့ အစည်းများစွာရှိသည်။ စည်းမျဉ်းအမှတ်- ၄၈

## ရှာဖွေခြင်း နှင့် ဖမ်းဆီးခြင်းအထူးဥပဒေစည်းမျဉ်းများ

မည်သူမဆို မူးယစ်ဆေးဝါးသုံးစွဲသူများကို ဖမ်းဆီးပြီး ရဲစခန်းသို့ ပို့ဆောင်နိုင်သည်။ ယင်းသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေမှ အာမခံထားသော လုပ်ထုံးလုပ်နည်းနှင့် ကာကွယ်မှုများကို အဟန့်အတား ဖြစ်စေသည်။ မူးယစ်ဆေးဝါး စိုက်ပျိုးမှု အန္တရာယ် မြင့်တက်လာခြင်း နှင့် ဥပဒေအရ ပိတ်ပင်ထားသော ပစ္စည်းများဖြင့် စွဲဆိုထားသော ထိန်းသိမ်း ချုပ်နှောင်မှု များကို ချိုးဖောက်မှုများ ဖြစ်ပေါ်စေသည်။

- မည်သူမဆို ထိုပြစ်မှုကို အများပြည်သူပိုင်နေရာတွင် ကျူးလွန်နေသည်ကို မျက်မြင်တွေ့ရှိပါက ကျူးလွန်သူ နှင့် သက်သေအထောက်အထားများကို ဝရမ်းမလိုအပ်ဘဲ ဖမ်းဆီးနိုင်သည်။ ထိုသို့ ဖမ်းဆီးထိန်းသိမ်း ပြီးနောက် မည်သည့်ရဲတပ်ဖွဲ့ဝင်ကိုမဆို အမြန်ဆုံး လွှဲပြောင်း အပ်နှံရမည်။ ရဲတပ်ဖွဲ့ဝင်များအား မတွေ့ရှိ ပါက အနီးဆုံး ရဲစခန်းသို့ သက်သေများနှင့်တကွ အမြန်ဆုံးနှင့်စနစ်တကျပို့ဆောင်ရမည်။ စည်းမျဉ်းအမှတ် - ၂၀။

## ဥပဒေပညာရှင်များသိထားသင့်သည့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ထားရှိသည့် ပန်းတိုင်နှစ်ခု

- မူးယစ်ဆေးဝါးအမြစ်ပြတ်သုတ်သင်ရှင်းလင်းရေး ၁၅နှစ် စီမံကိန်း (၁၉၉၉ခုနှစ်-၂၀၁၄ခုနှစ်) (၂၀၁၉ခုနှစ် အထိ တိုးချဲ့ထားသည်)။ ထိုစီမံကိန်းများသည် ၂၀၁၉ ခုနှစ်အထိ တည်မြဲပြီး ပြုပြင်ပြောင်းလဲ၍ မရသော ရည်ရွယ်ချက်များဖြစ်သည်။ ထိုရည်ရွယ်ချက်များသည် အန္တရာယ်လျော့ကျရေး နှင့် ကျန်းမာရေး မဟာဗျူဟာ များထက်ပို၍ ပြင်းထန်သော ပြစ်ဒဏ်များ၊ ထိန်းသိမ်းကြပ်မတ်မှုမဟာဗျူဟာများကို အားပေးထားသည်။
- HIV/ AIDS နိုင်ငံလုံးဆိုင်ရာမဟာဗျူဟာစီမံကိန်း (၂၀၁၁ခုနှစ် - ၂၀၁၅ခုနှစ်)။ ထိုစီမံကိန်းမှာ စိတ်မချရသော လိင်ဆက်ဆံခြင်းမှတဆင့် ကူးဆက်နိုင်သည့် HIV ကူးစက်ရောဂါကိုလျော့ကျစေရန် နှင့် ထောင်ကျ နေသူများ၊ ပြန်လည်ထူထောင်ရေး စခန်းအတွင်းရှိနေသူများအတွက် ကျန်းမာရေးဝန်ဆောင်မှုများ မြင့်မား လာစေရန် ရည်ရွယ်သည်။

## ပညာရှင်များနှင့် အထူးစမ်းသပ်မှုပြုလုပ်ခြင်း

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပြစ်မှုသည် မည်သည့်သက်သေ အကြောင်းပြချက်မျှ မလိုအပ်သော တရားမဝင်ပစ္စည်း လက်ဝယ်ရှိမှုဖြင့် စစ်ဆေး တွေ့ရှိပါက မဖြစ်မနေ ပြစ်ဒဏ်ခံရမည့် ရာဇဝတ်မှုကြီးဖြစ်သည်။ ထိုတရားမဝင်ပစ္စည်းသည် တရားခံထံမှလည်းကောင်း၊ တရားခံနှင့်သက်ဆိုင်သော အိမ်၊ ကား စသည်တို့မှလည်းကောင်း ရှာဖွေတွေ့ရှိနိုင်ပြီး တရားခံ၏ သွေးကိုလည်း ဓါတ်ခွဲစမ်းသပ်၍ တရားမဝင်ဆေးဝါးများ သုံးစွဲထားကြောင်း သက်သေပြနိုင်သည်။

တရားစီရင်ရေးဌာနမှ (ကြေညာစာအမှတ်-၁၅၊ ၁၉၃ဝခုနှစ်) နောက်ပိုင်းတွင် - (ကြေညာစာအမှတ်-၆ဝ၊ ၁၉၃ဝခုနှစ်) တွင် သက်ဆိုင်ရာပစ္စည်းများကို ဓါတ်ခွဲစစ်ဆေးရန်ပို့ဆောင်ပြီး အစီရင်ခံစာရယူရမည် ဟုဖော်ပြထားသည်။

## မူးယစ်ဆေးဝါးစွဲလမ်းနေသူများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း

မူးယစ်ဆေးဝါး၊ အရက်စသည်တို့ကို စွဲလမ်းနေသော အမှုသည်များအတွက် ရှေ့နေများမှာ စိန်ခေါ်မှုပေါင်းများစွာကို ရင်ဆိုင်ရသည်။ ထိုစွဲလမ်းမှုများကြောင့် အမှုသည်မှာ စိတ်ပိုင်းဆိုင်ရာ ပြဿနာများလည်း ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် ရှေ့နေနှင့် နှစ်ဦးကြား အမှုနှင့် သက်ဆိုင်သော ထိရောက်သည့် အပြန်အလှန် ဆက်သွယ်ရေး မှန်ကန်စွာ လုပ်ဆောင်နိုင်မှု မရှိခြင်းများ ပေါ်ပေါက်လာနိုင်သည်။ ထို့ကြောင့် ယင်းအမှုအား ကိုယ်စားပြုရပ်တည်ပေးသော ရှေ့နေသည် မူးယစ် ဆေးဝါးစွဲလမ်းမှုပြဿနာများနှင့် ၎င်း၏ သင့်လျော်သော ကုသမှုများအကြောင်း ယေဘုယျအားဖြင့် နားလည် ထားရမည် ဖြစ်သည်။

အမှုသည်တစ်ဦးချင်းစီတွင် ထင်ရှားသောစိန်ခေါ်မှု အခက်အခဲအမျိုးမျိုးရှိသည်။ ယဉ်ကျေးမှု နှင့် ကျား၊ မရေးရာ အလေးထားမှုများလည်း မရှိမဖြစ် လိုအပ်သည်။ အမှုသည်၏ တန်ဖိုးထားသော အရာများကို ထည့်သွင်းစဉ်းစားပေးခြင်း အားဖြင့် ၎င်းအတွက် ရွေးချယ်နိုင်သော အခွင့်အလမ်းများ ပေါ်ပေါက်လာစေသည်။ ဥပမာ -ဆေးခြောက်ရှူသော ဆယ်ကျော်သက်အရွယ်လူငယ် နှင့် အမျိုးသားအား ဆုံးရှုံးလိုက်ရသည့်အတွက် အရက်စွဲနေသော အမျိုးသမီးကြားရှိ ပြဿနာနှင့် အခြေအနေများမှာ ကွဲပြားခြားနားမှု ရှိသည်။ ထို့ကြောင့် အရေးကြီးဆုံးမှာ လူတိုင်းနှင့် သင့်လျော်မည်ဟု ထင်သော လုပ်ထုံးလုပ်နည်းများကို ဖျက်သိမ်း၍ တဦးတယောက်ချင်းစီ အတွက် ထိရောက်သော အရေးယူမှုများ ပြဋ္ဌာန်းရမည်။

မူးယစ်ဆေးဝါးစွဲလမ်းမှုသည် ဆေးဝါးကိုသာ သုံးစွဲရန် ပြင်းပြသော စိတ်ဆန္ဒသာရှိသည့် နာတာရှည် ရောဂါတစ်မျိုး ဖြစ်သည်။ မူးယစ်ဆေးဝါးသည် လူအများစုအတွက် လွယ်ကူစွာ စတင် သုံးစွဲနိုင်သော်လည်း ထပ်ခါထပ်ခါ သုံးစွဲမှုများသည် ဦးနှောက်အာရုံကြောစနစ်များ ပျက်စီးစေပြီး မိမိကိုယ်ကို ထိန်းချုပ်နိုင်စွမ်း နှင့် ဆေးသုံးစွဲလိုစိတ်ပြင်းပြမှုကို ခုခံနိုင်စွမ်း စသည်တို့ကိုနှောင့်ယှက်ပျက်စီးစေသည်။ မူးယစ်ဆေးဝါးအများစုသည် ဦးနှောက်၏ လှုံ့ဆော်မှု အာရုံကြောများကို ကစဥ့် ကလျားဖြစ်စေပြီး ရေရှည်သုံးစွဲပါက ဦးနှောက်၏အစိတ်အပိုင်းများနှင့် သွေးကြောမျှင်များကိုပျက်စီးစေကာ အောက်ပါ လုပ်ဆောင်နိုင်စွမ်းများကို ထိခိုက်စေနိုင်သည်။

- လေ့လာသင်ယူနိုင်ခြင်း
- ဝေဖန်ပိုင်းခြားနိုင်ခြင်း
- ဆုံးဖြတ်ချက်ချခြင်း
- ကြောင့်ကြစိတ်ဖြစ်ပေါ်ခြင်း
- မှတ်ဉာဏ် ချွတ်ယွင်းခြင်း
- အမူအကျင့်ပိုင်းဆိုင်ရာချွတ်ယွင်းခြင်း

မူးယစ်ဆေးဝါးသုံးစွဲသူများသည် ဆေးဝါးသုံးစွဲခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများကို နားလည်သော်လည်း စွဲလမ်းမှု ရောဂါ ကြောင့် မူးယစ်ဆေးကို သုံးမြဲ သုံးနေကြသည်။ အရက်၊ စိတ်ငြိမ်ဆေး၊ ဘိန်း နှင့် စိတ်ကြွဆေးများသည် သုံးစွဲမှု ကြာလာသည်နှင့်အမျှ နောက်ပိုင်းတွင် ပမာဏကို ပို၍ သုံးစွဲမှသာ ယခင်နှင့် တူညီသော မူးယစ်ခြင်း ခံစားမှုကို ဖြစ်ပေါ်စေသည့် သဘာဝရှိသည်။ နာတာရှည်ရောဂါများဖြစ်သော ဆီးချိုရောဂါ၊ ပန်းနာရင်ကျပ်ရောဂါ နှင့် နှလုံးရောဂါ အစရှိသော ရောဂါများမှာ ပျောက်ကင်းအောင် ကုသ၍မရနိုင်ပါ။ သို့သော် မူးယစ်ဆေးဝါး စွဲလန်းခြင်းရောဂါကိုမူ အောင်မြင်စွာကုသနိုင်သည်။ မူးယစ်ဆေးဝါး စွဲလမ်းသောရောဂါမှ ပြန်လည်ထူထောင်လာသူများသည် နှစ်ရှည်လများ (သို့ ) တစ်ဘဝလုံးတွင် မူးယစ်ဆေးဝါး သုံးစွဲလိုသော ရောဂါဟောင်းများ ပြန်၍ ပေါ်လာနိုင်သည်။

## တွင်ကျယ်စွာ အသုံးပြုနေသော မူးယစ်ဆေးဝါးများ

- အရက် - ၎င်းအားသောက်သုံးခြင်းဖြင့် ဦးနှောက် နှင့် ကိုယ်အင်္ဂါအစိတ်အပိုင်းများဖြစ်သော နလုံး၊ အသည်း နှင့် ပန်းကရိယ စသည်တို့ကို ထိခိုက်စေနိုင်သည်။ အရက်၏ဖျက်ဆီးမှုကြောင့် ဦးနှောက်၏ အဓိက တာဝန်များ ဖြစ်သော ပြဿနာများ ဖြေရှင်းနိုင်စွမ်းနှင့် ဆုံးဖြတ်ချက်ချနိုင်စွမ်း၊ မှတ်ဉာဏ်နှင့် သင်ယူနိုင်စွမ်း၊ ကြွက်သားနှင့် လှုပ်ရှားနိုင်စွမ်း အစရှိသည့် အရည်အချင်းများကိုပျက်စီးစေသည်။
- ဘိန်းဖြူ - အားပြင်းသော ဆေးတစ်မျိုးဖြစ်ပြီး ရွှင်လန်းခြင်း နှင့် စိတ်ပေ့ါပါးသက်သာစေသော ခံစားမှုများ ဖြစ်ပေါ် စေသည်။ ၎င်း၏ အာနိသင်ဖြစ်သော အသက်ရှူနေးခြင်းသည် ပြင်းထန်သော ကူးစက်ရောဂါဖြစ်ပွားမှုနှုန်းကို မြင့်တင်ပေးပြီး သွေးကြောမှတဆင့် ထိုးသွင်း သုံးစွဲခြင်းက ရောဂါဖြစ်ပွားနိုင်ခြေ အများဆုံးဖြစ်သည်။ ပုံမှန် ဘိန်းဖြူသုံးစွဲမှုသည် ဦးနှောက်၏ လုပ်ဆောင်ချက်များကို ထိခိုက်ပြောင်းလဲစေပြီး ဆေးကို မမှီဝဲဘဲ မနေနိုင် အောင်ဖြစ်ပေါ်စေသည်။ ဘိန်းဖြူသုံးစွဲခြင်း၏ အကျိုးသက်ရောက်မှုများမှာ မူးဝေခြင်း၊ သာယာခြင်း နှင့် အသက်ရှူနှုန်း နှေးခြင်းတို့ ဖြစ်သည်။ သုံးစွဲရာမှ ရပ်စဲလိုက်ပါက ပြင်းထန်သော အော့အန်ခြင်း၊ ဗိုက်အောင့်ခြင်း၊ ဂမ်းပျက်ဂမ်းလျှောဖြစ်ခြင်း၊ စိတ်ရှုပ်ထွေးစေခြင်း၊ ကိုက်ခဲနာကျင်ခြင်း နှင့် ဇောချွေးပြန်ခြင်းများ ဖြစ်ပေါ်နိုင် သည်။
- စိတ်ကြွဆေး (ယာဘာဟုလဲခေါ်ပေါ်သည်) - လှုံ့ဆော်မှု အားပြင်းသော ဆေးဖြစ်ပြီး လန်းဆန်းတက်ကြွခြင်း၊ အစာ စားချင်စိတ်လျော့ကျခြင်း၊ သာယာငြိမ့်ညောင်းသည့် ခံစားမှုကို ပေးစွမ်းခြင်း စသည့် လက္ခဏာများ ဖြစ်ပေါ်စေသည်။ ထိုစိတ်ကြွဆေးသည် သွေးကြောထဲ သို့ ထိုးသွင်း နိုင်ခြင်း၊ ရှူရှိုက်နိုင်ခြင်း (သို့) စားသုံးခြင်း စသည်တို့ကို ပြုလုပ်နိုင်သည်။ ၎င်း၏ ဆိုးကျိုး သက်ရောက်မှုသည် ကိုကင်းကဲ့သို့ နလုံးရောဂါ၊ သွေးပေါင်ချိန် အဆမတန် တက်ခြင်း နှင့် လေဖြတ်ခြင်းတို့ကို ဖြစ်ပေါ်စေသည်။ ထိုဆေးသုံးစွဲမှုကို ရပ်ဆဲလိုက်ပါက စိတ်ဓါတ်ကျခြင်း၊ ဂမ်းဗိုက်နာကျင်ခြင်း နှင့် ဆာလောင်မွတ်သိပ်ခြင်း စသည့်အရာများ ဖြစ်ပေါ်စေနိုင်သည်။ ရေရှည် အကျိုးဆက်များမှာ ယုံမှားသံသယလွန်ကဲခြင်း၊ စိတ်အာရုံခြောက်ခြားခြင်း၊ ကိုယ်အလေးချိန် ကျဆင်းခြင်း၊ ကြွေသွားများပျက်စီးခြင်းနှင့် နလုံးပျက်စီးခြင်း စသည့် ဆိုးကျိုးများ ဖြစ်နိုင်သည်။
- စိတ်ကြွမူးယစ်ဆေး (ဆေးပြားပေါ်တွင် WY ဟုရိုက်နှိပ်ထားသည်) - ယင်းသည် အလားတူစိတ်ကြွဆေးတစ်မျိုးမှ ဆင့်ပွားထားသော မူးယစ်ဆေးဖြစ်သည်။ ထိုစိတ်ကြွမူးယစ်ဆေးကို သာမန်ဓါတ်ခွဲခန်းတွင် ဓါတ်ခွဲသန့်စင်နိုင်ပြီး ပုံစံအမျိုးမျိုး၊ အရောင်အသွေးအမျိုးမျိုးဖြင့် တွေ့မြင်နိုင်သည်။
- ကိုကင်း - တိုတောင်းသော ခံစားမှုကို ပေးသည့် လှုံ့ဆော်ဆေး တမျိုးဖြစ်ပြီး သုံးစွဲသူများကို ထိုအချိန် အတွင်းမှာပင် အကြိမ်ပေါင်းများစွာ အသုံးပြုစေနိုင်ပြီး စိတ်တိုင်းကျ ပျော်ပါးမူးယစ်စေသည်။ ကိုကင်း သုံးစွဲခြင်း အားဖြင့် နလုံး နှင့် အသက်ရှူလမ်းကြောင်းနှင့်ဆိုင်သောရောဂါ၊ အာရုံကြောနှင့် အစာချေ စနစ်ဆိုင်ရာပြဿနာ စသည့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများဖြစ်ပွား စေနိုင်သည်။ ထိုမူးယစ်ဆေး သုံးစွဲသူများသည် တကယ့် လက်တွေ့ အခြေအနေနှင့် ဝေးကွာနေခြင်းကြောင့် ယုံမှားသံသယ လွန်ကဲပြီး ကြောင့်ကြလွန်သော စိတ်ဖောက် ပြန်မှုကို ခံစားရနိုင်သည်။

## ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှု လိုအပ်ခြင်း

ရှေ့နေတို့သည် မိမိတို့၏ အမှုသည် တစ်ဦးတစ်ယောက်ချင်းဆီကို ကိုယ်စားပြုဆောင်ရွက်ပေးရမည့်အပြင် မြန်မာနိုင်ငံ၏ ဥပဒေနှင့် ပြည်သူ့ကျန်းမာရေးတို့ကို နိုင်ငံတကာရှိ အကောင်းဆုံးသော လက်ခံကျင့်သုံးမှုများနှင့်

ပိုမိုတန်းဝင်နိုင်အောင်  ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို စိတ်ပါဝင်စားစွာ ပါဝင်လှုပ်ရှားသင့်သည်။ မြန်မာနိုင်ငံ၏ မူးဆစ်ဆေးဆိုင်ရာ ဥပဒေများကို ပြောင်းလဲရန် ကြိုးပမ်းအားထုတ်မှုများလည်း ရှိနေပါသည်။ မတ်လ ၂၀၁၇ တွင် ထုတ်ဝေသော ပြန်လည် ပြင်ဆင်သည့် မူကြမ်းတွင် ပထမအကြိမ်မြောက် မူးယစ်ဆေးသုံးစွဲခြင်းဖြင့် ဥပဒေချိုးဖောက်သူများကို ထောင်ဒဏ် ချမှတ်ခံရမှု ကင်းလွတ်စေသည်။ ထောင်ဒဏ် အစား အစိုးရဆေးရုံ၊ဆေးခန်းတွင် ကုသမှုခံယူရန် လွှဲပြောင်းပေးသည်။ မူကြမ်းအရ ဒုတိယအကြိမ်မြောက် ဥပဒေချိုးဖောက်သူများသည် တရားရုံးတွင် ကုသမှုခံယူရန် စိတ်ဝင်စားကြောင်း အသိပေးစာ လက်မှတ်ရေးထိုးရမည်။ တတိယအကြိမ်မြောက် ပြစ်မှုကျူးလွန်သူများသည် ပြန်လည်ထူထောင် ရေး စင်တာများသို့ ၃လ မှ ၅လ အထိ စေလွှတ်ခြင်းခံရမည်။ ၂၀၁၄ တွင် ထုတ်ဝေသော အသေးစိတ် အကြံပေး ချက်များမှာ အောက်ပါ အတိုင်းဖြစ်သည်။

၂၀၁၄ ခုနှစ်တွင်ပြုလုပ်သော UNODC ၏ အဓိက ပါဝင်ပတ်သတ်သူများ ညှိနှိုင်းဆွေးနွေးပွဲတွင် အောက်ပါ အကြံပြုချက် များကို ပေးအပ်ထားကြသည်။[22]

**၁။ အန္တရာယ်လျော့ချခြင်းနှင့် HIV နှင့်ပတ်သတ်သည့် ထိရောက်သော တုံ့ပြန်မှုဆိုင်ရာ ဥပဒေဘောင်ချမှတ်ရန်။**

ပြန်လည် ပြင်ဆင်ထားသော ဥပဒေတွင် အန္တရာယ်လျော့ချရေး ဝန်ဆောင်မှု ကဏ္ဍ ပါဝင်သင့်ပြီး ပြီးပြည့်စုံသော အန္တရာယ် လျော့ချရေး ဝန်ဆောင်မှုအစီအစဉ်တွင် ပါဝင်သောအရာများ -  ဆေးထိုးအပ်၊ ဆေးထိုးပြွန်၊ ဘိန်းအစားထိုး ကုထုံး၊ ဘိန်းဆေးချိန်လွန်သည်ဟု သံသယရှိပါက အရေးပေါ်ကိုင်တွယ်ဖြေရှင်းနိုင်အောင် စီစဉ်ထားခြင်း၊ လေ့လာသင်ယူခွင့်ရရန် အခက်အခဲရှိသူများအတွက် ပညာရေးကို တရားဝင်သော၊ လိုအပ်သော ကြားဝင်ဖြည့်ဆည်းပေးမှုတစ်ခု အနေနှင့် ထည့်သွင်းထားခြင်း စသည်တို့ကို တိကျစွာ အဓိပ္ပါယ်ဖွင့်ဆို သတ်မှတ်ထားသင့်သည်။

**၂။ စည်းမျဉ်းသတ်မှတ်ချက်အရ မဖြစ်မနေလိုအပ်ချက်အဖြစ်သတ်မှတ်ထားသော မှတ်ပုံတင်ခြင်း နှင့် ဆေးကုသမှု ခံယူခြင်းတို့ကို ထုတ်ပယ်ရန်။**

စည်းမျဉ်းသတ်မှတ်ချက်အရ မဖြစ်မနေလိုအပ်သည့် မှတ်ပုံတင်ခြင်းမှာ မူးယစ်ဆေးဝါး သုံးစွဲသူများအတွက် ဝန်ဆောင်မှုကို ရရှိစေရန် အဟန့်အတားဖြစ်စေသည်။ ထို့အပြင် ဆေးကုမှု ခံယူခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်တို့သည် သုံးစွဲသူကိုယ်တိုင် မိမိဆန္ဒအလျောက်ပြုလုပ်ခြင်းနှင့် ရပ်ရွာဒေသအဆင့်ထိ စီစဉ် ဆောင်ရွက်ပေးမှသာလျှင် အအောင်မြင် ဆုံး ဖြစ်သည်။

**၃။ တစ်ကိုယ်ရည်သုံးစွဲမှုအတွက် ပမာဏအနည်းငယ် လက်ဝယ်ထားရှိခြင်းကို  ပြစ်မှုအဆင့်မှ လျော့ချရန်။**

တစ်ကိုယ်ရည်သုံးစွဲရန် ပမာဏအနည်းငယ် လက်ဝယ်ထားရှိခြင်းအတွက် ထောင်ဒဏ်အဖြစ် သတ်မှတ်ထားခြင်း ဟူသော ပြစ်ဒဏ်ကို ပယ်ဖျက်သင့်သည်။ တစိုးတစိမျှလောက်သော မူးယစ်ဆေးဝါး လက်ဝယ်ထားရှိမှုကို ပြစ်မှုအဆင့်မှ လျှော့ချ ထားပါက အသုံးပြုပြီး ဆေးထိုးပြွန်၊ ဆေးထိုးအပ်ဖြင့် သေးငယ်သော ပမာဏကို ကိုင်ဆောင်ထားသော မူးယစ်ဆေး သုံးစွဲ သူတို့သည် တရားစွဲဆိုခံရခြင်းနှင့် ထောင်ဒဏ်ချမှတ်ခံရခြင်း အကြောင်းကိစ္စများလည်း ရှိတော့မည် မဟုတ်ပါ။ မူးယစ် ဥပဒေမှာ မူးယစ်ဆေးသုံးစွဲသူများထက် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားသူများအား အပြစ်ပေးခြင်းကို အဓိက အသားပေးသော ဥပဒေ ဖြစ်သင့်သည်။

[7]UNODC, Executive summary of the report on recommendations for the amendments of the Myanmar 1993 Narcotic Drugs and Psychotropic Substances Law of Myanmar, December 2014

ပြန်လည်ပြင်ဆင်ထားသော မူးယစ်ဥပဒေတွင် မူးယစ်ဆိုင်ရာအခြားသော ပြစ်မှုများအတွက် အနည်းဆုံး ၅နှစ် ပြစ်ဒဏ်ချမှတ်ချက် ဖယ်ရှားပြီး အများဆုံးအဖြစ် ချမှတ်မည့် ပြစ်ဒဏ်ကိုသာ ပြဋ္ဌာန်း သင့်သည်။

**၄။ ပြစ်ဒဏ်ချမှတ်ခြင်းဆိုင်ရာ အခြားသော နည်းလမ်းများနှင့် တရားစီရင်ခြင်းဆိုင်ရာ အခွင့်အာဏာ။**

ဥပဒေအရာရှိများနှင့် တရားရုံးတို့သည် မူးယစ်ဆေးသုံးစွဲသူတို့အား ထောင်ဒဏ်နှင့် ဥပဒေချိုးဖောက်၍ တရားစွဲဆိုခြင်းတို့ အစား ဆေးကုသမှုခံရန် ဂန်ဆောင်မှုပေးသည့် နေရာများသို့ လမ်းလွှဲပေးနိုင်သည့် လုပ်ပိုင်ခွင့် အာဏာပေးထားသင့်သည်။ စီရင်ချက် ချမှတ်ခံရသူမှာ ကောင်းမွန်စွာ ပြုမူနေထိုင်ခြင်းနှင့်/သို့မဟုတ် ကုသမှု ခံယူခြင်းကို လက်ခံဆုံးဖြတ်ပြီးခြင်း စသော အခြေအနေတို့ ဖြစ်ပေါ်လာပါက တရားရုံးသည် ထောင်ဒဏ် ချမှတ်ခြင်းကို ဆိုင်းငံ့ခွင့်ရှိသည်။ အရေးကြီးသည်မှာ အနည်းဆုံး ၅နှစ် ပြစ်ဒဏ်ချမှတ်ချက်နှင့် သေဒဏ် ချမှတ်နိုင်သည့် ဥပဒေကို ချွင်းချက်မရှိ ရုပ်သိမ်းရမည်။

**အရင်းအမြစ်**

Drug Policy and Advocacy Group - မြန်မာ
ညှိနှိုင်းဆောင်ရွက်ရေးမှူး ဒေါက်တာ (ဒေါ်) နန်းပန်းအိခမ်း
coord.dpag@gmail.com

International HIV/Alliance မြန်မာ
အမှတ် ၂၄၊ ၂လမ်း၊ လှိုင်ရတနာမွန်အိမ်ရာ
လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာ။
+၉၅-၁-၅၃၇၉၄၂၊ ၅၀၀ ၆၁၉၊ ၅၂၅ ၇၁၅

# အပိုင်း ၄ - ကျွမ်းကျင်မှုများ

# ကျွမ်းကျင်မှုများ - အမှုသည်နှင့် တွေ့ဆုံဆွေးနွေးခြင်း

## အမှုသည်နှင့် ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးခြင်း

ပြစ်မှုဆိုင်ရာတရားခံရှေ့နေသည် အမှုသည်နှင့် ဆောလျင်စွာ တွေ့ဆုံရပါမည်။ ထိုမှသာ အမှုသည်ထံမှ ကြားသိလာမည့် ကနဦးသတင်းအချက်အလက်များကို အသုံးပြုပြီး အမှုသည်အတွက် ထိရောက်မှုရှိသည့် ကာကွယ်ခုခံရေး လမ်းကြောင်း တစ်ရပ်ကို တည်ဆောက်ပေးနိုင်မည် ဖြစ်ပါသည်။ ပြစ်မှုဆိုင်ရာ တရားခံရှေ့နေ တစ်ဦးအနေဖြင့် ၄င်း၏ အမှုသည်နှင့် ပထဆုံးအကြိမ် တွေ့ဆုံရာ၌ ၄င်း၏ အခန်းကဏ္ဍကို အမှုသည်အား သေချာစွာ ရှင်းပြပေးရပါမည်။ ထို့အပြင် အမှုနှင့် သက်ဆိုင်သည့် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်း အမှုသည် နားလည်လာအောင် ရှင်းပြပေးရမည်။ ရမန် ကြားနာခြင်းမပြုမီ ၂၄ နာရီအတွင်း အမှုသည်နှင့် တွေ့ဆုံနိုင်ခြင်းသည် တရားမျှတမှုစင်တာများ၏ ပန်းတိုင်ပင် ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေကာမူ အမှုလိုက်ပါဆောင်ရွက်ပေးမည့်ရှေ့နေသည် အချုပ်ခန်းအတွင်းရှိ အမှုသည်နှင့် ၄၈ နာရီအတွင်း သွားရောက်တွေ့ဆုံသင့်သည်။

## ရှေ့နေနှင့် အမှုသည်အကြား ဆက်ဆံရေးတစ်ရပ် တည်ဆောက်ခြင်း

အမှုသည်နှင့် ကနဦးတွေ့ဆုံဆွေးနွေးခြင်းသည် ရှေ့နေတစ်ဦးအတွက် အရေးအကြီးဆုံးသော တွေ့ဆုံမှုတစ်ရပ်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ရှေ့နေမှ အမှုသည်အား ပေးသည့် ပထမဆုံးခံစားချက်သည် အရေးပါသည့် စိတ်ခံစားချက် တစ်ရပ်ဖြစ်သည့် အလျောက် ထိုခံစားချက်ပေါ် အခြေခံပြီး အမှုသည်၏ ဆုံးဖြတ်ချက်များသည်လည်း ပြောင်းလဲ သွားနိုင်ပါသည်။ ထို့ကြောင့် အမှုသည်နှင့် ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးမှု၏ အဓိကရည်ရွယ်ချက်မှာ ရှေ့နေနှင့် အမှုသည်အကြား၌ ယုံကြည်မှု၊ လေးစားမှု၊ တို့ကို အခြေခံသည့် အပြန်အလှန်ယုံကြည်ထိုက်သော ဆက်ဆံရေးတစ်ရပ်ကို တည်ဆောက်ရန် ဖြစ်သည်။
အမှုသည်အား ဆွေးနွေးလမ်းညွှန်မှု ပေးခြင်းအပိုင်းကို ကြည့်ပါ။

## အမှုသည်၏ ဇာတ်လမ်းကို နားထောင်ပေးခြင်း

အချက်ကျကျပြောဆိုနိုင်သည့် တွေ့ဆုံမေးမြန်းသူနှင့် ဆက်သွယ်ပြောဆိုနိုင်သူတစ်ဦးဖြစ်ရန် နားထောင်ခြင်း စွမ်းရည်ကို အသုံးပြုရပါမည်။ အမှုသည်၏ ပန်းတိုင်များနှင့် ၄င်းနှင့်ပတ်သက်သည့် အကြောင်းအရာများကိုလည်း ရှေ့နေ တစ်ဦး အနေဖြင့် သေချာစွာ နားလည်ထားရပါမည်။ **သင်သည်** ရှေ့နေတစ်ဦးအနေဖြင့် အမှုသည်အပေါ် အကဲဖြတ်သုံးသပ်မှုများ မပြုလုပ်ဘဲ ၄င်းရင်ဆိုင်ကြုံတွေ့နေရသည့် ဒုက္ခပြဿနာများမှ လွတ်မြောက်စေရန် ကူညီထောက်ပံ့ပေး မည့်သူ ဖြစ်ကြောင်း ကို အမှုသည် သိရှိအောင် ပြောပြပေးရမည်။ ထိုသို့ ကူညီပေးရာတွင်လည်း မိမိအမှုသည်အတွက် ထိခိုက်မှုအနည်းဆုံး ဖြစ်မည့်နည်းလမ်းများကိုသာ ရွေးချယ်အသုံးပြုရပါမည်။ ထို့အပြင် အမှုသည်မှ ပြောပြလာသည့် အမှုအကြောင်းခြင်းရာ ကိစ္စရပ်များကိုလည်း လျှို့ဝှက်ထိန်းသိမ်းပေးထားရမည် ဖြစ်ပြီး တရားမဝင်သည့် မည်သည့်ကိစ္စရပ်ကိုမဆို ရှေ့နေ တစ်ဦးအနေဖြင့် လုပ်ဆောင်

၍ မရကြောင်း အမှုသည်အား သေချာစွာ ပြောပြထားပါ။ တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ရာတွင် လည်း အမှုသည် စိတ်တိုင်းကျ ဆွေးနွေးခွင့်ရှိကြောင်း ရှေ့နေမှ ပြောပြထားရမည်။ ဥပမာ -

၁။ အမှုဖြစ်ကြောင်းခြင်းရာ အစုံကို အမှုသည်**ဘက်**မှ ပြောပြလာအောင် တိုက်တွန်းအားပေးခြင်း -
"ဒါဆိုရင် --- ရဲတွေက သင့်ကို ဘာ့ကြောင့် ဖမ်းခဲ့တယ်လို့ ထင်သလဲ။ ကျွန်တော် မှတ်စုလိုက်ရေး လိုက်ပါမယ်။ ပြီးတော့ လိုအပ်တာလေးတွေကို ပြန်မေးပါမယ်နော်။ ဒါပြီးရင်တော့ ကျွန်တော်တို့ ခင်ဗျားကို ဘယ်လို ကူညီ ပေးနိုင်မလဲဆိုတာ စဉ်းစားကြည့်ကြရအောင်။ ဒီလိုဆိုရင် အဆင်ပြေပါ သလား။"

၂။ နားထောင်ခြင်းနှင့် လေ့လာခြင်း - အခြားသူများမှ ပြောပြလာသည့် အကြောင်းအရာများကို နားထောင် ပေးခြင်းဖြင့် ၎င်းတို့အား လေးစား**သ**မှုရှိနေကြောင်းကို ပြသပေးနိုင်ပါသည်။ တစ်ဖက်မှ ပြောပြနေသည့် အကြောင်**း**အရာ **များ**အပေါ် သင်နားထောင်နေကြောင်းနှင့် နားလည်ရန် ကြိုးစားနေကြောင်း**ကို** ထိုသူ သိရှိစေရန် ကိုယ်အမူအရာ များဖြင့် ပြသပေးပါ။

- လက်ပိုက်မနေပါနှင့် - တစ်ဖက်လူ ပြောပြနေစဉ်အတွင်း ခန္ဓာကိုယ်ကို ရှေ့သို့ အနည်းငယ်စိုက်၍ နားထောင် ပေးပါ။ ပြောပြနေသည့် အကြောင်းအရာများအပေါ် သင်နားထောင်နေကြောင်း သိရှိစေရန်နှင့် ပိုမိုပြောပြ လာစေရန် ခေါင်းတငြိမ့်ငြိမ့်ဖြင့် "အော် ... ဟုတ်ကဲ့ ကျွန်တော် နားလည်ပါပြီ" ဟူ၍၎င်း၊ သံယောင်လိုက်၍၎င်း ပြုလုပ်ပေးရမည်။ စကားပြောဆိုရာတွင်လည်း တောင်ကြည့်၊မြောက်ကြည့် ကြည့်မနေဘဲ မျက်လုံးချင်း ဆုံ၍ ပြောဆိုရမည်။ ထိုမှသာ အမှုသည်ပြောပြနေသည့် အကြောင်းအရာများအပေါ် **သင်** စိတ်ဝင်တစား ရှိနေ ကြောင်းကို ပြသပေးနိုင်မည်ဖြစ်သည်။
- နောက်ဆက်တွဲမေးခွန်းများ မေးမြန်းရန် မှတ်စုတိုများ လိုက်မှတ်ပါ။ ထိုသို့ မှတ်စုတို လိုက်မှတ်ခြင်းသည် သင့်၏ စိတ်ဝင်စားမှုကို ပြသနေပါသည်။
- သို့သော် မှတ်စုများ ရေးမှတ်ခြင်း မပြုခင်တွင် ... ရေးမှတ်ခွင့်ပြုပါရန် အမှုသည်အား ခွင့်တောင်းပါ။ အမှုသည် ပြောပြနေသည့် အသေးစိတ်အချက်အလက်များကို မှတ်မိလို၍ ရေးမှတ်ခြင်းဖြစ်သည်ဟု လည်း ရှင်းပြပေးပါ။
- မှတ်စုရေးမှတ်နေစဉ်အတွင်း ကာလရှည် ဆိုင်းငံ့နားနေခြင်းများကို ရှောင်ရှားပါ။

**တွေ့ဆုံမေးမြန်းမှု၏ အစတွင် အမှုသည် ပြောပြလိုသည့် အကြောင်းအရာများကို ၎င်းစိတ်တိုင်းကျ ပြောပြခိုင်းပါ။**

ရှေ့နေနှင့် အမှုသည်တို့၏ ကနဦးတွေ့ဆုံမှုတွင် အမှုသည်အား ၎င်းစိတ်တိုင်းကျ ပြောပြစေခြင်းသည် များစွာသော အကျိုးကျေးဇူးများကို ဖြစ်စေပါသည်။ ထိုသို့ ပြောပြစေခြင်းဖြင့် အမှုသည်၏ ဒေါသများ၊ စိုးရိမ် ကြောက်ရွံ့မှုများ အားလုံးကို သင့်အား (၎င်း၏ပြဿနာများကို ဖြေရှင်းပေးမည့်သူ) ရင်ဖွင့်ခွင့် ရစေပါသည်။ သို့သော် တခါတရံတွင် အမှုသည်ဘက်မှ လိုအပ်သည်ထက်ပိုသော အကြောင်းအရာများကို ပြောပြတတ်ပါ သည်။ ဤသည်အား အမှုသည် စိတ်တိုင်းကျ ပြောပြခွင့် ပြုခြင်း၏ အားနည်းချက်တစ်ရပ်ပင် ဖြစ်ပါသည်။

အမှုသည် ပြောပြခဲ့သည့် ဇာတ်လမ်းများကို နားထောင်ပြီးသည့်အခါ ... ၎င်းအား တကျော့ပြန် ပြောပြပေးပါ။ ထိုသို့ ပြုလုပ်ခြင်းဖြင့် ၎င်းအမှုအကြောင်းကို သင်မှ ကောင်းစွာ နားထောင်ခဲ့ပြီး သေချာသဘောပေါက်ခဲ့ကြောင်း ကို အမှုသည် သိစေမည်ဖြစ်ပါသည်။

**အမှုသည်အား တွေ့ဆုံဆွေးနွေးသည့်အခါ … ပြစ်မှုဆိုင်ရာတရားခံရှေ့နေတစ်ဦး၌ မည်သည့် တာဝန်ဝတ္တရားများ ရှိနေ သနည်း။**

ဥပဒေဆိုင်ရာအထောက်အကူပေးမည့်ရှေ့နေတစ်ဦးသည် အမှုသည်နှင့် တွေ့ဆုံဆွေးနွေးမှု ပြုစဉ် ကတည်းကပင် ဥပဒေကြောင်းအရ … အမှုသည်အပေါ် ၄င်းလုပ်ဆောင်ပေးနိုင်မည့် အရာများနှင့် လုပ်ဆောင်မပေးနိုင်သည့် အရာများကို ရှင်းလင်းစွာ ပြောပြထားရမည်။ "တရားခံ၏အခွင့်အရေးများဆိုင်ရာ အပိုင်း" နှင့် "ရှေ့နေ၏ တာဝန်များနှင့် လုပ်ပိုင်ခွင့်များ ဆိုင်ရာအပိုင်း" ကို ကြည့်ပါ။

## အမှုသည်နှင့် ကနဦးတွေ့ဆုံဆွေးနွေးရာတွင်ရယူရမည့် သတင်းအချက်အလက်

၁။ အမှုသည်နှင့်သက်ဆိုင်သည့် အမှုကြောင်းခြင်းရာများ၊
၂။ ရှာဖွေရမည့် လူသက်သေများ (သို့) ပူးတွဲတရားခံများ၊
၃။ ရဲအရာရှိ (သို့) ဥပဒေအရာရှိတို့မှ အမှုသည်၏ အခွင့်အရေးကို ထိပါးစေသည့် လုပ်ဆောင်ချက်များကို ပြသနိုင်သည့် သက်သေခံချက် တစုံတရာ ရှိမရှိ။
၄။ လျှို့ဝှက်ထားသည့် သက်သေခံပစ္စည်းများအားလုံး။
၅။ ပြစ်မှုကျူးလွန်ခဲ့စဉ်က အမှုသည်၏ စိတ်အခြေအနေ နှင့် တရားခွင်စစ်ဆေးစီရင်နေစဉ်အတွင်း အမှုသည်မှ တက်ရောက် ကြားနာနိုင်စွမ်း ရှိမရှိ။
၆။ အမှုသည်အတွက် ဖိအားအများဆုံးဖြစ်စေနိုင်မည့် မေးခွန်းများကို တရားခံရှေ့နေမှ ဖြေကြားပေးရမည်။
၇။ အမှုသည်၏ အရေးဆုံး လိုအပ်ချက်များကို ဖြည့်ပေးနိုင်ရန် ကြိုးစားရမည်။ ဥပမာ - သူ၊သူမ၏ မိသားစုဝင်များ (သို့) အလုပ်ရှင် နှင့် တွေ့ဆုံခွင့်ရစေရန် ကူညီပေးခြင်း (သို့) ဆေးဝါးထောက်ပံ့ပေးခြင်း (သို့) စိတ် ကျန်းမာရေး ကုသမှု ခံယူစေခြင်း။

## အမှုသည်နှင့် တွေ့ဆုံဆွေးနွေးရာတွင် မေးမြန်းရမည့်အချက်များ

၁။ ဖမ်းဆီးခံခဲ့ရသည့် အခြေအနေ

- သင် ဘယ်အချိန်က ဖမ်းခံခဲ့ရတာလဲ။
- ဘယ်နေရာမှာ အဖမ်းခံခဲ့ရသလဲ။
- ဘယ်သူက သင့်ကို ဖမ်းဆီးခဲ့သလဲ။
- သင့်အား ဖမ်းဆီးရခြင်း၏ အကြောင်းရင်းကို သိခဲ့ရပါသလား။
- သင် အဖမ်းခံခဲ့ရတဲ့ အကြာင်းအရင်းကို နားလည်ခဲ့ပါသလား။
- လာရောက်ဖမ်းဆီးခဲ့စဉ်က … သင့်အား ဖမ်းဆီးဝရမ်း သို့မဟုတ် ဆင့်စာ ပြသခဲ့ပါသလား။
- ဖမ်းဆီးဝရမ်းပါ အကြောင်းအရာများကို သင်ဖတ်ခွင့်ရခဲ့သလား။ ထိုအရာများကို သင်နားလည်ခဲ့ပါ သလား။
- ဝရမ်း သို့မဟုတ် ဆင့်စာ မိတ္တူတစ်စောင် … သင် ရရှိခဲ့ပါသလား။
- သင့်၏ ဥပဒေဆိုင်ရာအခွင့်အရေးများအကြောင်းကို သိရှိခဲ့ပါသလား။

- သင့်အား ဖမ်းဆီးချုပ်နှောင်ခဲ့သည့်အကြောင်းကို သင့် မိသားစုဝင် (သို့) သင့်အလုပ်ခွင်မှ လူများအား အကြောင်း ကြားခဲ့ပါသလား။ သင့်အား ဖမ်းဆီးထားရာ အချုပ်ခန်းရှိရာနေရာကို ၄င်းတို့ သိရှိကြပါသလား။
- ရဲစခန်းသို့ ရောက်ရှိပြီး ၂၄ နာရီအတွင်း သင့်အားရာဇဝတ်တရားသူကြီးထံ ခေါ်ဆောင်ပေးခြင်း ခံခဲ့ရပါ သလား။
- ရာဇဝတ်တရားသူကြီးက သင့်အား အချုပ်ခန်းအတွင်း၌ ဆက်နေခိုင်းခဲ့ပါသလား။ အကယ်၍ ထိုသို့ နေခိုင်းခဲ့ပါက ... အချိန် မည်မျှကြာအောင် နေခိုင်းခဲ့ပါသလဲ။
- ပထမသတင်းပေးတိုင်ကြားချက်အား သင့်အား ပြခဲ့ပါသလား။ သို့မဟုတ် သင့်အား အဘယ့်ကြောင့် ထိန်းသိမ်းခဲ့ သည်ဟု ပြောခဲ့သနည်း။
- သင်နှင့်အတူ အခြားမည်သူတို့ တပါတည်း အဖမ်းခံခဲ့ရပါသလဲ။ အကယ်၍ အဖမ်းခံခဲ့ရသူများ ရှိခဲ့လျှင် ... ၄င်းတို့ ၏ အမည်များ၊ လိပ်စာများ၊ တယ်လီဖုန်းနံပါတ်များနှင့် ၄င်းတို့၏ မိသားစုဝင်များကို ဆက်သွယ်နိုင်မည့် နည်းလမ်း များကိုလည်း ပြောပြပေးပါ။ ၄င်းတို့သည် မည်သည့် ပြစ်မှုများဖြင့် စွဲဆိုခံခဲ့ရသည်ကို သင်သိပါသလား။

၂။ ရှာဖွေခြင်းနှင့် ဖမ်းဆီးခြင်း

- သင့်အား ကိုယ်လုံးတီးချွတ်၍ ရှာဖွေခြင်းကို ခံခဲ့ရပါသလား။
- သင့်ခန္ဓာကိုယ်မှ မည်သည့်အရာများကို ယူသွားခဲ့သနည်း။
- သင့်၏ အဝတ်အစား တစ်စုံတစ်ရာကို သိမ်းသွားခဲ့ပါသလား။ သင်အဝတ်အစားထဲမှ မည်သည့်အရာ များကို သိမ်းယူ သွားခဲ့ပါသလဲ။
- သင့် ခန္ဓာကိုယ်မှ အရည်တမျိုးမျိုး သို့မဟုတ် ဆံပင်များကို စစ်ဆေးရန် ယူသွားခဲ့ပါသလား။
- သင် အဖမ်းခံခဲ့ရသည့်နေ့၌ သင့်အား ရှာဖွေခဲ့ပါသလား။
- သင့်နေအိမ်၌ ရှာဖွေခဲ့ပါသလား။
- သင့်လုပ်ငန်းခွင်၌ ရှာဖွေခဲ့ပါသလား။
- သင်သိသော အခြား ရှာဖွေခံခဲ့ရသည့် လူများ၊နှင့် နေရာများ ရှိသေးပါသလား။ အကယ်၍ ရှိခဲ့လျှင် ... ၄င်းတို့၏ နာမည်၊ လိပ်စာ၊နှင့် တယ်လီဖုန်းနံပါတ်များကို ပြောပြပေးပါ။ ရှာဖွေခဲ့သည့် နေရာများ၏ လိပ်စာများကိုလည်း ပြောပြပေးပါ။ ထိုနေရာများသည် မည်သို့သော နေရာများ ဖြစ်ကြသနည်း (ဥပမာ ... နေအိမ်၊ လုပ်ငန်းခွင်)။
- ရဲ သို့မဟုတ် စုံစမ်းထောက်လှမ်းရေးအရာရှိမှ သိမ်းယူသွားခဲ့သည့် သက်သေခံပစ္စည်းတခုခု ရှိခဲ့ပါသလား။
- မည်သည့်ပစ္စည်းများကို သိမ်းယူခဲ့သနည်း။
- ရှာဖွေပုံစံ ပါခဲ့ပါသလား။ ထိုရှာဖွေပုံစံကို သင်တွေ့ခဲ့ရပါသလား။ ရှာဖွေပုံစံပါ အကြောင်းရာများကို နားလည်ခဲ့ပါ သလား။
- ၄င်းတို့ ရှာဖွေနေစဉ် သက်သေများ ရှိခဲ့ပါသလား။ အကယ်၍ ရှိခဲ့လျှင် ၄င်းတို့၏ အမည်၊ လိပ်စာနှင့် ဖုန်းနံပါတ်များကို ပြောပြပါ။
- ရှာဖွေနေပုံများကို မှတ်တမ်းတင်ခဲ့ပါသလား။ ထိုပေါ်၌ စုံစမ်းထောက်လှမ်းရေးအရာရှိမှ လက်မှတ် ရေးထိုးခဲ့ပါ သလား။ ထိုစုံစမ်းထောက်လှမ်းရေးအရာရှိအပြင် အခြားမည်သူတို့ လက်မှတ်ရေးထိုးခဲ့ သလဲ။
- မှုခင်းဖြစ် နေရာ၌ ရှာဖွေတွေ့ရှိခဲ့သည့်အရာများကို စုံစမ်းထောက်လှမ်းရေးအရာရှိမှ အသေးစိတ် စာရင်း

ပြုစုခဲ့ပါသလား။ ထိုပစ္စည်းစာရင်းများနှင့် စာရွက်စာတမ်းများကို မိတ္တူပွားခဲ့ပါသလား။ စာရင်းမှတ်တမ်း မိတ္တူကို ပစ္စည်း ပိုင်ရှင်အား ပေးခဲ့ပါသလား။

၃။ ချုပ်နှောင်ခံရစဉ်အတွင်း အကြမ်းဖက်ခံရမှု

- သင့်အား ဖမ်းဆီးပြီးနောက် မည်သည့်နေရာတွင် ထိန်းသိမ်းထားခဲ့သလဲ။
- သင့်အား ပြည်သူ့လုံခြုံရေးဝန်ထမ်း ဘယ်နှစ်ဦးဖြင့် ဖမ်းဆီးခဲ့သလဲ။
- မေးမြန်းစစ်ဆေးမှု မပြုခင်အတွင်း ... သင့်အပေါ် အတင်းအကျပ် ပြုလုပ်ခဲ့သည့်အရာများ ရှိခဲ့ပါသလား။
- ဖမ်းဆီးနေစဉ်နှင့် ဖမ်းဆီးပြီးကာလများ၌ သင့်အား ရုပ်ပိုင်းဆိုင်ရာ နှိပ်စက်ညှဉ်းပန်းပြီး ခြိမ်းခြောက်ခဲ့သည့် အရာများ ရှိပါသလား။
- ဖမ်းဆီးနေစဉ်နှင့် ဖမ်းဆီးပြီးကာလများ၌ အကြမ်းဖက်ခြင်းများကို ခံစားခဲ့ရပါသလား။
- ဖမ်းဆီးနေစဉ်နှင့် ဖမ်းဆီးပြီးကာလများ၌ နှုတ်ဖြင့် ကြမ်းတမ်းစွာ ပြောဆိုခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းများ ခံစားခဲ့ရပါသလား။

၄။ မေးမြန်းစစ်ဆေးခြင်း

- သင့်အား ဖမ်းဆီးစဉ်၌ မည်သို့ ပြောဆိုခဲ့သလဲ။
- သင့်အား ဖမ်းဆီးပြီးသည့်အခါတွင် မည်သို့ ပြောဆိုခဲ့သလဲ။
- မည်သူက သင့်အား မေးမြန်းစစ်ဆေးခဲ့သနည်း။ ထိုသို့ မေးမြန်းစဉ်၌ ၎င်းတို့ မည်သူမည်ဝါ ဖြစ်သည်ကို ညွှန်ပြပေး နိုင်သည့် အရာများ (သို့) နာမည်ကဒ်ပြားများ တပ်ဆင်ထားခဲ့ကြပါသလား။ လူပေါင်း ဘယ်နှစ်ယောက်မှ သင့်အား မေးမြန်းစစ်ဆေးခဲ့သနည်း။
- မည်သူက သင်နဲ့ စကား စပြောခဲ့သလဲ။
- ထိုအချိန်၌ သင်မည်သို့ တုံ့ပြန်ခဲ့သလဲ။
- ထိုအချိန်၌ မည်သို့သော စိတ်အခြေအနေမျိုး ရှိခဲ့သလဲ။ သင် ဖျားနေခဲ့သလား (သို့) မူးနေခဲ့သလား။
- သင့်၏ ထွက်ဆိုချက်များကို မှတ်တမ်းတင်ခဲ့ပါသလား။
- ထွက်ဆိုချက်များကို သင်ကိုယ်တိုင် ရေးသားခဲ့ပါသလား။ ထို့အပြင် ရဲမှ သင့်အား လက်မှတ် ရေးထိုးခိုင်းခဲ့သည့် အရာများ ရှိခဲ့ပါသလား။
- သင့်ထွက်ဆိုချက်များကို ပြန်လည်သုံးသပ်ရန်နှင့် ပြန်လည်ပြင်ဆင်ရန် လုံလောက်သောအချိန် ပေးခဲ့ပါသလား။
- သင့်ထင်မြင်ယူဆချက်များကို ရေးသားခွင့် ပြုခဲ့ပါသလား။
- သင်၏ ပူးတွဲတရားခံအား စစ်ဆေးမေးမြန်း ပြီးပြီလား။ အကယ်၍ စစ်ဆေးမေးမြန်းပြီးခဲ့လျှင် ... ၎င်းတို့က သင့်အကြောင်း မည်သို့ ထွက်ဆိုခဲ့သလဲ။

၅။ တရားသူကြီးရှေ့မှောက်၌ ထွက်ဆိုခြင်း

- သင့်အား တရားသူကြီး၏ ရှေ့မှောက် သို့မဟုတ် ရာဇဝတ်တရားသူကြီး၏ ရှေ့မှောက်သို့ ခေါ်ဆောင်သွားခြင်း ခံခဲ့ရပါသလား။
- အဲ့ဒါက ဘယ်နေရာမှာလဲ။
- ရာဇဝတ်တရားသူကြီးမှ သင့်အား ပြောဆိုနေစဉ်အတွင်း ရဲအရာရှိများ ရှိနေခဲ့ပါသလား။
- သင့်အား ရဲအရာရှိများနှင့် အချိန်မည်မျှကြာအောင် သီးသန့်ခွဲထားခဲ့သနည်း။
- တရားရုံးတော်၌ သင့်အပြင် တခြားမည်သူတို့ ရှိနေခဲ့သနည်း။

- ရာဇဝတ်တရားသူကြီးက သင့်အား ဘာပြောခဲ့သလဲ။
- အကယ်၍ သင့်မှာ ထိခိုက်ဒဏ်ရများ ရှိခဲ့ပါက ... ရာဇဝတ်တရားသူကြီးက ထိုထိခိုက်ဒဏ်ရာများနှင့် ပတ်သက်၍ မေးမြန်းခဲ့ပါသလား။
- ခြိမ်းခြောက်ခံခဲ့ရခြင်း ရှိမရှိဆိုသည်ကို ရာဇဝတ်တရားသူကြီးက မေးမြန်းခဲ့ပါသလား။
- သင်ခြိမ်းခြောက်ခံခဲ့ရခြင်းအကြောင်းကို ရာဇဝတ်တရားသူကြီးအား ပြောပြခဲ့ပါသလား။
- ရာဇဝတ်တရားသူကြီးမှ သင့်အား ထွက်ဆိုချက်ပေးရန် မလိုကြောင်း အကြံပြုပြောကြားခဲ့သည်များ ရှိခဲ့ပါသလား။
- သင်မှ ထွက်ဆိုချက် ပေးခဲ့ပါသလား။
- ထိုသို့ သင်ဘာပြောခဲ့သနည်း။

၆။ ဥပဒေဆိုင်ရာ အထောက်အကူရရှိရေးအတွက် တောင်းခံခြင်း

- ဥပဒေဆိုင်ရာ အထောက်အကူပေးနိုင်မည့် ရှေ့နေတစ်ဦးအား သင့်အမှုအတွက် လိုက်ပါဆောင်ရွက်ပေးရန် တောင်းဆိုခဲ့ပါသလား။
- ဥပဒေဆိုင်ရာ အထောက်အကူပေးနိုင်မည့်ရှေ့နေ တောင်းဆိုနိုင်သည်ကို တစ်စုံတစ်ဦးက သင့်အား ပြောပြထားခဲ့ ခြင်း ရှိပါသလား။ မည်သည့်အချိန်က ပြောပြခဲ့သနည်း။
- ဖမ်းဆီးခံခဲ့ရပြီးသည့် အချိန်မှစ၍ သင့်မိသားစုဝင်များ၊ သူငယ်ချင်းများ၊ (သို့) လုပ်ဖော်ကိုင်ဖက်များနှင့် တွေ့ခဲ့ရပါ သလား။

၇။ အမှုတွင် ပါဝင်သော နစ်နာသူ၏ သတင်းအချက်အလက်များ

- အမှုတွင်ပါဝင်သော နစ်နာသူကို သင်သိပါသလား။ အကယ်၍ သိလျှင် ... သင်နှင့်သူ့အကြားရှိ ဆက်နွယ်မှုကို ပြောပြပေးပါ။
- နစ်နာသူ၏ နာမည်၊ အသက်၊ လိပ်စာ၊ ဖုန်းနံပါတ်၊ နှင့် အသက်မွေးကြောင်းလုပ်ငန်းတို့ကို သင်သိပါ သလား။ သူ့မှာ ယခင်ပြစ်မှုဟောင်း ရှိပါသလား။
- နစ်နာသူသည် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အနာတရများ ရခဲ့ဖူးပါသလား။ အကယ်၍ ရခဲ့ဖူးပါက ... မည်သည့် ဒဏ်ရာအမျိုးအစားများ ရခဲ့သနည်း။ ဒဏ်ရာပြင်းထန်ခဲ့ပါသလား။ ထိုဒဏ်ရာများမှ ပြန်ကောင်း သက်သာခဲ့ပါသလား။ နစ်နာသူ၏ ပစ္စည်းဥစ္စာများ ပျက်ဆီးဆုံးရှုံးသွားခဲ့ရပါသလား။ အကယ်၍ ... ဆုံးရှုံးသွားခဲ့ လျှင် မည်သည့်အတိုင်းအတာအထိ ပျက်ဆီးဆုံးရှုံးသွားခဲ့သနည်း။
- စွပ်စွဲခံရသူသည် နစ်နာကြေးတစုံတရာ ရရှိခဲ့ဖူးပါသလား။ အကယ်၍ ရရှိခဲ့ဖူးလျှင် ... နစ်နာကြေးမည်မျှ ရရှိခဲ့ သနည်း။ ထိုနစ်နာကြေးကို မည်သူက ပေးခဲ့သနည်း။
- နစ်နာသူနှင့်ပတ်သက်သည့် သင့်စိတ်ခံစားချက်ကို ပြောပြပါ။

၈။ ပူးတွဲတရားခံများ၏ သတင်းအချက်အလက်များ

- ပူးတွဲတရားခံများကို သင် သိပါသလား။ အကယ်၍ သိခဲ့လျှင် ... ထိုသူတို့သည် သင်နှင့် မည်သို့ ဆက်နွယ် နေသနည်း။
- ပူးတွဲတရားခံများ၏ နာမည်၊ အသက်၊ လိပ်စာ၊ ဖုန်းနံပါတ်၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်းနှင့် ၎င်းတို့တွင် ယခင်ပြစ်မှု မှတ်တမ်း ရှိမရှိကိုလည်း ပြောပြပေးပါ။
- စွပ်စွဲခံထားရသည့် ပူးတွဲတရားခံများ ဖမ်းဆီးခံထားရသည်ကို သင်သိပါသလား။ အကယ်၍

သိခဲ့လျှင် … ၎င်းတို့ ထံမှ သိမ်းယူသွားခဲ့သောပစ္စည်းများတစ်စုံတစ်ရာ ရှိမရှိကို ပြောပြပေးပါ။

- ပူးတွဲတရားခံများမှ သင့်အကြောင်း ထွက်ဆိုထားသည့် ထွက်ဆိုချက်များ ရှိပါသလား။ ၎င်းတို့၏ မှုခင်းအမြင်နှင့် ပတ်သက်၍ သင်မည်သို့ ပြောလိုသနည်း။

## ပြစ်မှုဆိုင်ရာ စွဲချက်များ

၁။ သင့်အား စွဲဆိုထားသည့် ပြစ်မှုဆိုင်ရာစွဲချက်များ၏ သဘောသဘာဝများကို နားလည်ပါသလား။ (စွဲချက်များနှင့် ပတ်သက်၍ အမှုသည် နားလည်ထားသည်များကို သင့်အား ရှင်းပြခိုင်းပါ။)

၂။ စွဲချက်ပါ ဥပဒေဆိုင်ရာအဓိပ္ပာယ်ဖွင့်ဆိုချက်များကို နားလည်ပါသလား။

၃။ စွဲချက်များအပေါ် သင့်ဘက်မှ ခုခံရမည့်အချက်များကို နားလည်ပါသလား။

၄။ စွဲချက်၏ မည်သည့်အပိုင်းများသည် တိကျမှုမရှိသော အပိုင်းများဖြစ်သည်ဟု သင်ထင်ပါသနည်း။

၅။ စွဲချက်တင်ခံရသည့် (သို့) စွဲချက်တင်သင့်သည့် အခြားသူများ ရှိသေးပါသလား။ အကယ်၍ ရှိခဲ့လျှင် … ၎င်းတို့၏ အမည်၊ လိပ်စာနှင့် ဖုန်းနံပါတ်များကို ပြောပြပေးပါ။ ၎င်းတို့သည် ဤအမှု၌ မည်သို့ ပါဝင်ပတ်သက်နေသနည်း။

## လျင်မြန်စွာ စုံစမ်းထောက်လှမ်းခြင်း

၁။ မိမိ ဆက်သွယ်ရမည့်သူများကို ပြောပြစေပါ။ ၎င်းတို့၏ အမည်များ၊ လိပ်စာများနှင့် ဖုန်းနံပါတ်များကို တောင်းပါ။

၂။ မိမိ ဆက်သွယ်ပြောဆိုသင့်သည့် လူသက်သေများ ရှိပါသလား။ အကယ်၍ ရှိခဲ့လျှင် … ၎င်းတို့၏ အမည်၊ လိပ်စာ၊ နှင့် ဖုန်းနံပါတ်များကို ပြောပြပေးပါ။ မည်သို့သော သတင်းအချက်အလက်များကို ၎င်းတို့မှ ပေးနိုင်သည်ဟု သင် ထင်သနည်း။ ၎င်းတို့သည် ယုံကြည်ထိုက်သောသူများ ဖြစ်သည်ဟု ထင်ပါသလား။

၃။ မှုခင်းဖြစ်ပွားချိန်၌ သင်နှင့်အတူ ရှိနေခဲ့သူများသည် … မှုခင်းဖြစ်နေရာ၌ သင် ရှိမနေဘဲ တခြားနေရာ၌ ၎င်းတို့နှင့် အတူ ရှိနေခဲ့ကြောင်းကို သက်သေထွက်ဆိုပေးနိုင်ပါသလား။ အကယ်၍ ထိုသို့ သက်သေထွက်ဆိုပေးနိုင်မည့် သူများ ရှိခဲ့ပါက ထိုသူ၏ အမည်၊ လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ပြောပြပေးပါ။

၄။ လုံခြုံသောနေရာတွင် သိမ်းထားသင့်သည့် သက်သေခံပစ္စည်းများ ရှိသေးပါသလား။ အကယ်၍ ရှိခဲ့ပါက မည်သည့် သက်သေခံပစ္စည်းဖြစ်ကြောင်းနှင့် ထိုပစ္စည်းကို မည်သည့်နေရာ၌ ရှာဖွေနိုင်ကြောင်း ပြောပြပေးပါ။ ထိုပစ္စည်းများ အသိမ်းခံရခြင်း ရှိမရှိကို သင်သိပါသလား။ CCTV ဖြင့်ရိုက်ကူးထားသည့် သက်သေခံချက်များ ရှိနိုင်သည်ဟု သင်ထင်ပါသလား။

## အမှုသည်၏ နောက်ခံအကြောင်းဆိုင်ရာ မေးခွန်းများ

နောက်ဆက်တွဲများရှိ IBJ အမှုတွဲပုံစံဖောင်ပုံစံများကို ကြည့်ပါ။

# ကျွမ်းကျင်မှုများ - သက်သေခံချက်များ စုဆောင်းသိမ်းဆည်းနိုင်ရန် စုံစမ်းထောက်လှမ်းခြင်း

**USAID Legal Aid Tool Kit ၏ အခန်း ၂ ကို ကြည့်ပါ။**

တရားရေးရာဖိုင်တွဲများကို ကြည့်ရှုရန်နှင့် လိုအပ်သော စုံစမ်းစစ်ဆေးမှုများကို အကန့်အသတ်များအတွင်း ပြုလုပ်နိုင်ရန် တရားခံရှေ့နေများအား မြန်မာ့ဥပဒေက ခွင့်ပြုပေးထားပါသည်။ သို့သော် တရားလိုပြ သက်သေများနှင့် တရားခံပြသက်သေများကို တွေ့ဆုံရာ၌ အကန့်သတ်ဖြင့်သာ တွေ့ဆုံနေရဆဲ ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ... ပြစ်မှုများကို လိုက်ပါဆောင်ရွက်ပေးသည့် တရားခံရှေ့နေများအနေဖြင့် သက်သေများ နှင့် တွေ့ဆုံဆွေးနွေးသည့်အခါ ဥပဒေ ဆိုင်ရာ ကန့်သတ်ပိတ်ပင်ခြင်းများ မရှိသင့်ပါ။ တရားခံရှေ့နေများမှ တရားလိုပြသက်သေများကို သွားရောက် တွေ့ဆုံ စကားပြောခြင်းသည်ပင် သက်သေအား မိမိဘက်သို့ ပါလာရန် သိမ်းသွင်းသည်ဟု အများမှ ထင်မြင်ယူဆကြသည်။ ထိုထင်မြင်ယူဆချက်သည် ရှေ့နေက သက်သေအား မလျော်သောနည်းများဖြင့် လွှမ်းမိုးချုပ်ကိုင်ရန် မကြိုးစားသ၍ ဥပဒေ နှင့် ဆန့်ကျင်ခြင်း မရှိပါ။

စပ်ဆိုင်မှုရှိသည့် သက်သေခံချက်များရရှိရန် စုံစမ်းထောက်လှမ်းရာတွင် အောက်ပါ အကြံပြုချက်များက သင့်အား ကူညီ ပေးနိုင်ပါသည်။

- **မဆိုင်းမတွ ချက်ချင်းလုပ်ဆောင်ခြင်း**
  - စုံစမ်းထောက်လှမ်းခြင်းများကို မြန်နိုင်သမျှမြန်မြန် စတင်လုပ်ဆောင်ရပါမည်။
  - ထိုသို့ လုပ်ဆောင်နိုင်ရန် အချိန်နှောင့်နှေးကြန့်ကြာခဲ့ပါက ... ပစ္စည်းသက်သေခံချက်များ ဆုံးရှုံးသွားနိုင်ချေရှိပြီး၊ အချိန်နှောင့်နှေးကြန့်ကြာခြင်း မရှိခဲ့ပါက သက်သေများအနေဖြင့်လည်း လတ်တလော ဖြစ်ပျက်ခဲ့သည့် အမှုအကြောင်းခြင်းရာများကို အလွယ်တကူ မှတ်မိနိုင်သည်။

- **စွန့်စားရသည့်အခြေအနေများမှ ကာကွယ်ခြင်း**

  - စုံစမ်းထောက်လှမ်းခြင်းများကို အဖော်တစ်ဦးနှင့်အတူ လုပ်ဆောင်ပါ။ သက်သေများအား မှတ်တမ်းတင် ထားနိုင်ပါက (၎င်းတို့၏ ခွင့်ပြုချက်ရနိုင်ခဲ့လျှင်) ပို၍ ကောင်းမွန်ပါသည်။
  - သက်သေခံချက်များ ပေးအပ်ခဲ့သူတိုင်း၏ လက်မှတ်များကို ရယူပါ။
  - သင်က သက်သေများအား တွေ့ဆုံမေးမြန်းခြင်းအပေါ် ဥပဒေအရာရှိမှ စိုးရိမ်ကြောင့်ကြမှု တစ်စုံ တစ်ရာရှိခဲ့လျှင် ... (ထိုအချိန်၌ တခြား ရွေးချယ်စရာနည်းလမ်းများ မရှိခဲ့ပါက) ... ဥပဒေအရာရှိ ရှေ့မှောက်တွင် အဆိုပါတွေ့ဆုံမေးမြန်းမှုကို လုပ်ဆောင်ပါ။
  - သက်သေထွက်ဆိုမည့်သူကိုယ်တိုင် ကြုံတွေ့ခဲ့ဖူးသည့် (သို့) စောင့်ကြည့် လေ့လာခဲ့ဖူးသည့် အရာများ အပေါ် အခြေခံ၍ မေးခွန်းများ မေးပါ။ တွေ့ဆုံမေးမြန်းသည့်အခါ မိမိလိုချင်သည့် ပန်းတိုင်တခုအတွင်းသို့ ရောက်အောင် သက်သေ၏ ထွက်ဆိုချက်ကို ပုံသွင်း မေးမြန်းခြင်း မပြုရပါ။

- **အဖိုးတန်သော သတင်းအရင်းအမြစ်များ**
  - ပထမသတင်းပေးတိုင်ကြားချက်

- ဥပဒေရေးရာစုံစမ်းထောက်လှမ်းခြင်း
- ပူးတွဲတရားခံများ၏ ထွက်ဆိုချက်များ
- အမှုသည်အား တွေ့ဆုံမေးမြန်းခြင်း
- သက်သေများ
- ကျွမ်းကျင်ပညာရှင်များ၏ သုံးသပ်ချက်များ

- **အခင်းဖြစ်နေရာသို့ သွားရောက်လေ့လာခြင်း**
  - အကယ်၍ဖြစ်နိုင်ပါက ... အခင်းဖြစ်နေရာသို့ စောနိုင်သမျှစောစော သွားရောက် လေ့လာပါ။
  - မှုခင်းဖြစ်နေရာတွင် တွေ့ရှိခဲ့သည့် သက်သေခံချက်များအား ပုံကြမ်းများ ရေးဆွဲခြင်း၊ ပုံစံကားချပ် ဇယား ကွက်များရေးဆွဲခြင်း၊ ဓာတ်ပုံများ၊ ဗီဒီယိုများရိုက်ကူးခြင်း၊ တိုင်းတာခြင်းများ ပြုလုပ်၍ မှတ်တမ်းတင်ထားပါ။
  - အခြားသူများ မတွေ့ရှိသေးသည့် သက်သေခံချက်များကို ရှာဖွေပါ။
  - အမှုနှင့် သက်ဆိုင်သည့် သက်သေများကို သိရှိအောင်လုပ်ပါ။ ထိုသူတို့အား ဆက်သွယ်နိုင်မည့်နည်းလမ်း များကိုလည်း ချရေးထားပါ။
  - ရဲမှ မေးမြန်းစစ်ဆေးခဲ့ခြင်း မပြုရသေးသည့် သက်သေများကို ရှာဖွေပါ။
  - CCTV ဖြင့်မှတ်တမ်းတင်ထားသည့် အရာများ ရှိမရှိကိုလည်း ရှာဖွေဖော်ထုတ်ပါ။ (အကယ်၍ ရှိခဲ့ပါက ... ထိုမှတ်တမ်းကို ချက်ချင်းရယူနိုင်အောင် ကြိုးစားသင့်သည်။ ထိုသို့မရယူနိုင်ခဲ့ပါက ... ထိုမှတ်တမ်းကို ပြုပြင် ပြောင်းလဲမှုများ လုပ်ထားနိုင်ခြေရှိသည်။)

- **သက်သေများအား တွေ့ဆုံမေးမြန်းခြင်း**
  - သက်သေများနှင့် တွေ့ဆုံမေးမြန်းမှုများကို ဗီဒီယိုရိုက်ကူးထားခြင်း၊ အသံသွင်းတိတ်ခွေများဖြင့် အသံသွင်း ထားခြင်း သို့မဟုတ် ဖုန်းများဖြင့် မှတ်တမ်းတင်ခြင်းများကို ပြုလုပ်ထားသင့်သည်။
  - ထိုသက်သေသည် သက်သေ ထွက်ဆိုပေးနိုင်စွမ်းရှိသူ ဖြစ်ပါသလား။ သက်သေအဖြစ် ထွက်ဆိုပေး၍ မရသူများမှာ - အမှား၊အမှန် မခွဲခြားနိုင်သေးသည့် ငယ်ရွယ်သူများ၊ မိမိကိုယ်ကိုယ် မည်သူ၊ မည်ဝါ ဖြစ်ကြောင်း မှန်ကန်စွာ မပြောနိုင်သူများ၊ မေးခွန်းများအပေါ် နားလည်နိုင်စွမ်း နည်းပါးသည့်အလျောက် ထိုမေးခွန်းများအား ပြန်လည်ဖြေကြားနိုင်စွမ်း မရှိသူများ စသည်တို့သည် သက်သေအဖြစ် ထွက်ဆိုပေး၍ မရနိုင်ပါ။ သို့သော် စိတ်ပေါ်သွတ်သည်ဟု ယူဆသူများ (သို့) စိတ်ပိုင်းဆိုင်ရာချို့တဲ့သူများသည် ၎င်းတို့အား မေးမြန်းလာသည့် မေးခွန်းများအပေါ် နားလည်ပြီး တုံ့ပြန်နိုင်စွမ်းရှိပါက ... သက်သေအဖြစ် ထွက်ဆိုပေးနိုင် သည်။
  - အကယ်၍ ဖြစ်နိုင်ပါက ... တရားလိုပြသက်သေများကိုလည်း တွေ့ဆုံမေးမြန်းထားပါ။
  - မျက်မြင်သက်သေများနှင့်လည်း တွေ့ဆုံပါ။
  - သက်သေခံချက်များ ပေးအပ်ရန် တုံ့ဆိုင်းနေသည့်သက်သေများနှင့် တွေ့ဆုံခဲ့ပါက...ထိုသူ့အား သက်သေခံ ချက်များအကြောင်း ပြောပြပေးရန် သင့် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသလောက် ဆွဲဆောင်စည်းရုံးပါ။
  - တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ရာတွင် လုံခြုံစိတ်ချမှုရှိပြီး သက်သောင့်သက်သာဖြစ်စေနိုင်သည့် နေရာများတွင် ပြုလုပ်ပါ။
  - သက်သေ၏နောက်ခံအကြောင်းအရာများ နှင့် လက်ရှိအလုပ်အကိုင်များအကြောင်းကို မှတ်တမ်း ပြုစုထားပါ။

- **သက်သေများနှင့် နစ်နာသူများ၏ ထွက်ဆိုချက်များ**
  - သက်သေများနှင့် နစ်နာသူများမှ ထွက်ဆိုသွားသည့် ထွက်ဆိုချက်များကို မှတ်တမ်းတင်ထားသည့် ဗီဒီယိုဖိုင်များ သို့မဟုတ် အသံသွင်းတိပ်ခွေများ ရှိပါသလား။
  - သက်သေများနှင့် နစ်နာသူများ၏ ထွက်ဆိုချက်များကို ၄င်းတို့ကိုယ်တိုင် ရေးခဲ့ကြပါသလား။
  - သက်သေများနှင့် နစ်နာသူများအား ထွက်ဆိုချက်များ ပေးစေရန် မည်သည့်အရာများက လှုံ့ဆော်ပေးသနည်း။ဤကဲ့သို့ သက်သေထွက်ဆိုပေးရခြင်းအပေါ် သက်သေများဘက်မှကိုယ်ကျိုး တစ်စုံတစ်ရာ ရှိပါသလား။
  - နစ်နာသူသည် ဒဏ်ရာအနာတရတစ်စုံတစ်ရာ ရရှိခဲ့ပါသလား။ အကယ်၍ ရရှိခဲ့လျှင် ... ထိုဒဏ်ရာ၏ အတိမ်အနက်နှင့် ပတ်သက်သည့် အကြောင်းအရာများကို ၄င်းမှ ပြောပြခဲ့ပါသလား။
  - နစ်နာသူနှင့် တရားခံတို့ကြား၌ မည်သို့သော ဆက်နွယ်မှုများ ရှိကြသနည်း။ သက်သေနှင့် တရားခံကြား၊ သက်သေနှင့် နစ်နာသူတို့အကြား၌လည်း မည်သို့သော ဆက်နွယ်မှုများ ရှိနေသနည်း။
  - နစ်နာသူကို နစ်နာကြေးတစ်စုံတစ်ရာ ပေးအပ်ခြင်းမျိုး ရှိခဲ့ပါသလား။ အကယ်၍ ထိုသို့ ပေးအပ်ခြင်းမျိုး ရှိခဲ့လျှင် ... မည်သူက မည်သည့်အချိန်၌ မည်မျှပေးခဲ့သနည်း။
  - သက်သေနှင့် နစ်နာသူတို့၏ စိတ်အခြေအနေများကို ဖော်ပြပေးပါ။
  - သက်သေနှင့် နစ်နာသူတို့သည် မှုခင်းဖြစ် အကြောင်းအရာများကို တိကျစွာ သိရှိမှတ်သား နိုင်သူများ ဖြစ်ကြပါသလား။။ (ဥပမာ - သက်သေသည် မျက်မှန်တပ်ရသူ တစ်ဦး ဖြစ်ပါသလား။ အကယ်၍ ... မျက်မှန်တပ်ရသူ ဖြစ်လျှင် ၄င်း၏ အမြင်အာရုံကို မည်သည့်အချိန်က နောက်ဆုံး စစ်ဆေးခဲ့သနည်း။ အထူးအားဖြင့် အသက်အရွယ်ကြီးသည့် သက်သေများနှင့် တွေ့ဆုံသည့်အခါ ... ၄င်းတို့ မည်မျှ တိကျစွာ မှတ်မိနိုင်စွမ်းရှိသည်ကို ဆန်းစစ်ပါ။)
  - သက်သေများ၏ ထွက်ဆိုချက်များသည် ၄င်းတို့ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ခဲ့ရသည့်အရာများ ဖြစ်သလား။ သို့မဟုတ် တဆင့်ကြားဖြင့် သိရှိခဲ့သည့်အရာများ ဖြစ်သလား၊ ဆိုသည်ကို သိရှိအောင် လုပ်ပါ။
  - သက်သေများနှင့် နစ်နာသူများ၏ ထွက်ဆိုချက်များကို ရယူရာတွင် ဥပဒေနှင့် ညီညွတ်သော နည်းလမ်းဖြင့် ရယူခဲ့ပါသလား။ သို့မဟုတ် မတရားသောနည်းလမ်းများဖြစ်သည့် ညှဉ်းပန်း နှိပ်စက်ခြင်း၊ နိုင်ထက်စီးနင်း ပြုခြင်း၊ မက်လုံးပေးခြင်း၊ လိမ်လည်လှည့်ဖြားခြင်းများ ပြုလုပ်၍ ရယူခဲ့ပါသလား။
  - သက်သေများ၏ ထွက်ဆိုချက်များသည် နစ်နာသူများ၏ ထွက်ဆိုချက်များနှင့် ကိုက်ညီမှု ရှိပါသလား။ အကယ်၍ ကိုက်ညီမှုမရှိခဲ့ပါက ... မည်သို့ကွာခြားနေသနည်း။ ထိုသို့ နှစ်ဦးနှစ်ဖက် ကိုက်ညီမှု မရှိသည့် အရာများသည် တရားခံ၏ ခုခံချေပမှုအတွက် အထောက်အကူဖြစ်စေသလား သို့တည်းမဟုတ် ထိခိုက် နစ်နာစေနိုင်သလား။
  - သက်သေများနှင့် နစ်နာသူများ၏ ထွက်ဆိုချက်များသည် တရားခံ၏ထွက်ဆိုချက်များနှင့် ကိုက်ညီမှု ရှိပါသလား။ ထိုအရာများသည် ပူးတွဲတရားခံများ၏ ထွက်ဆိုချက်များနှင့် ကိုက်ညီမှုရှိပါ သလား။ အကယ်၍ ကိုက်ညီမှု မရှိခဲ့ပါက .. မည်သို့ကွာခြားနေသနည်း။ ထိုသို့ နှစ်ဦးနှစ်ဖက် ကိုက်ညီမှုမရှိသည့် အရာများသည် တရားခံ၏ ခုခံချေပမှုအတွက် အထောက် အကူဖြစ်စေသလား သို့တည်းမဟုတ် ထိခိုက် နစ်နာစေနိုင်သလား။

- **ပစ္စည်းသက်သေ**
  - ပစ္စည်းသက်သေများကို ရဲများက မည်သို့ ရရှိခဲ့သနည်း။

- ရဲများ ကိုင်ဆောင်ခဲ့သည့် ရှာဖွေဝရမ်းသည် တရားဝင်ဝရမ်း ဖြစ်ပါသလား။ ထိုဝရမ်းသည် ဝရမ်းစာရင်းပါ လူများကို ရှာဖွေရန် (သို့) ဖမ်းဆီးရန် ထုတ်ပြန်ထားသည့်စာ ဟုတ်ပါသလား။
- သိမ်းယူခဲ့သည့် အသေးစိတ်ပစ္စည်းစာရင်း ရှိပါသလား။ တရားစွဲအဖွဲ့အစည်းမှ သိမ်းယူခဲ့သည့် ပစ္စည်းသက်သေများသည် စာရင်းပြုစုထားသည့်ပစ္စည်းများနှင့် ကိုက်ညီမှုရှိပါသလား။
- စပ်ဆိုင်မှုရှိသည့် အခြားသောပစ္စည်းသက်သေများ ရှိပါသလား။
- ထိုသက်သေခံချက်များကို တစ်မျိုးထက်ပိုပြီး အနက်အဓိပ္ပာယ်ဖွင့်ဆို၍ ရနိုင်ပါသလား။
- သိမ်းဆည်းခဲ့သည့် သက်သေခံပစ္စည်းများသည် ပထမသက်သေခံချက် သို့မဟုတ် ဒုတိယ သက်သေခံချက် ဖြစ်ပါသလား။
- သက်သေခံပစ္စည်းသည် ကျိုးပဲ့လွယ်သည့် သို့မဟုတ် ခိုင်ခံ့သည့် သဘောသဘာဝ ရှိပါသလား။ အကယ်၍ ကျိုးပဲ့လွယ်သည့် သက်သေခံပစ္စည်းဖြစ်ခဲ့လျှင် … ထိုသက်သေခံပစ္စည်းများအား မပျက်ဆီးစေရန် ကောင်းစွာ ကိုင်တွယ်ခဲ့ပါသလား။
- အချိန်ကာလ ကြာမြင့်ခြင်းကြောင့် … ထိုသက်သေခံပစ္စည်း ပြောင်းလဲသွားပါသလား။ ပြောင်းလဲခြင်းဆိုသည်မှာ - ပတ်ဝန်းကျင်အရ ပြောင်းလဲခြင်း (သို့) တခြားသော အကြောင်းအရာများအရ ပြောင်းလဲခြင်းများ ကို ဆိုလိုသည်။
- ဓာတ်ပုံ (သို့) ဗီဒီယိုရိုက်ကူးခြင်းမှ ရရှိခဲ့သည့် သက်သေခံပစ္စည်းများ ဖြစ်ခဲ့ပါက … ထိုဓာတ်ပုံ၊ ဗီဒီယိုများကို ကူးယူနေစဉ်အတွင်း လုပ်ငန်းခွင်၌ အနည်းဆုံး လူနှစ်ဦး ရှိခဲ့ပါသလား။ ဓာတ်ပုံ (သို့) ဗီဒီယိုမှတ်တမ်းတင် ခဲ့သူသည် အားလုံးကို မှတ်တမ်း တင်နိုင်ခဲ့ပါသလား။
- သက်သေခံပစ္စည်းကို မှန်ကန်ကြောင်း အတည်ပြုခဲ့ပါသလား။

- **စာတမ်း အမှတ်အသား သက်သေခံချက်**
    - ရဲမှ အသုံးပြုခဲ့သည့် ရှာဖွေဝရမ်းသည် ဥပဒေနှင့်ညီသော ရှာဖွေဝရမ်းဖြစ်ခဲ့ပါသလား။
    - သိမ်းယူခဲ့သည့် စာတမ်းအမှတ်အသားအားလုံးအတွက် အသေးစိတ် စာရင်းပြုစုထားခြင်း ရှိပါသလား။ တရားစွဲအဖွဲ့အစည်းမှ သိမ်းယူခဲ့သည့် သက်သေခံချက်များစာရင်းနှင့် ကိုက်ညီမှု ရှိပါသလား။
    - စပ်ဆိုင်မှုရှိသည့် စာတမ်းအမှတ်အသား သက်သေခံချက်များ ရှိပါသလား။
    - ထိုစာတမ်းအမှတ်အသားများကို တမျိုးထက်ပိုပြီး အနက်အဓိပ္ပာယ်ဖွင့်ဆို၍ ရနိုင်ပါသလား။
    - ထိုစာတမ်းအမှတ်အသားများသည် စစ်မှန်သောစာတမ်းအမှတ်အသားများ ဖြစ်သလား၊ သို့မဟုတ် လုပ်ကြံဖန်တီးထားသည့် စာတမ်းအမှတ်အသားများ ဖြစ်ပါသလား။ စစ်မှန်သည့် စာတမ်း အမှတ်အသားများနှင့် ပုံစံတူအောင် ပြုလုပ်ထားသော စာတမ်းအမှတ်အသား သက်သေခံချက် များကို ငြင်းဆန်ရမည့်တာဝန်သည် တရားခံ၏ တာဝန်သာ ဖြစ်သည်။
    - စာတမ်းအမှတ်အသားများအပေါ်တွင် ပြည့်စုံသော လက်မှတ်များနှင့် တံဆိပ်တုံးများ ပါရှိပါသလား။ ထိုအရာများသည် စစ်မှန်သောအရာများ ဖြစ်ကြပါသလား။
    - တင်သွင်းလာသည့် စာတမ်းအမှတ်အသား သက်သေခံချက်များသည် မိတ္တူပွားထားသည့် အရာများ ဖြစ်ခဲ့ ပါက … မူရင်းစာတမ်းအမှတ်အသားများကို အဘယ့်ကြောင့် သက်သေခံအဖြစ် မတင်သွင်းသနည်းဟူ၍ မေးပါ။ စာတမ်းအမှတ်အသားများကို မိတ္တူပွားရာတွင် အနည်းဆုံး လူနှစ်ဦး ရှိနေခဲ့ပါသလား။ ထိုစာတမ်းအမှတ်အသားများအား မိတ္တူကူးပေးခဲ့သူသည် ဤအမှုနှင့်ပ တ်သက်၍ အကျိုးတစ်စုံတစ်ရာ ရှိခဲ့ပါသလား။ ပွားယူခဲ့သည့် မိတ္တူစာတမ်းအမှတ်အသားများသည် မူရင်းစာတမ်းအမှတ်အသားများနှင့် လုံးဝတူညီ ပါသလား။

- ပွားယူခဲ့သည့် စာတမ်းအမှတ်အသားများကို မိတ္တူမှန်အဖြစ် အတည်ပြုခဲ့ပါသလား။

- **ကျွမ်းကျင်ပညာရှင်၏ အကဲဖြတ်သုံးသပ်ချက်များ** - တရားခံဘက်မှ သက်သေခံချက်များ တင်သွင်းပုံ / ကျွမ်းကျင် ပညာရှင်၏ သက်သေခံချက်များကို အသုံးပြုပုံ အပိုင်းများကို ကြည့်ပါ။
  - မည်သည့်သက်သေခံချက်များကို ကျွမ်းကျင်ပညာရှင်မှ စစ်ဆေးခဲ့သနည်း။
  - ပညာရှင်သည် မည်သည့်နယ်ပယ်များ၌ တဖက်ကမ်းခတ် ကျွမ်းကျင်သနည်း။
  - အမှုဖြစ်အကြောင်းခြင်းရာနှင့် စပ်ဆိုင်သော နယ်ပယ်တွင် ယုံကြည်ထိုက်သော ကျွမ်းကျင်သူ ဖြစ်ကြောင်း အတည်ပြုနိုင်ရန် မည်သို့သော စာတမ်းများကို ရေးသားပြုစုခဲ့သနည်း။
  - ကျွမ်းကျင်ပညာရှင်သည် မည်သို့သော စာတမ်းများနှင့် ဆောင်းပါးများကို ရေးသားထုတ်ဝေ ခဲ့သနည်း။
  - ကျွမ်းကျင်ပညာရှင်သည် မည်သို့သော အမှုများ၌ သက်သေခံချက်များ ပေးခဲ့သနည်း။
    - ကျွမ်းကျင်ပညာရှင်မှ သက်သေခံချက်များပေးခဲ့သည့် အခြားအမှုများ၏ မှတ်တမ်း များကိုရရှိနိုင်ရန် ကြိုးစားသင့်သည်။ ထိုသို့ရရှိနိုင်ပါက... ကျွမ်းကျင် ပညာရှင်အား ပြန်လှန်စစ်မေးနိုင်မည့် အခြေခံကျသော အဖိုးတန် အချက်အလက်များကို ရရှိလာနိုင်မည်။
  - အဆိုပါပုဂ္ဂိုလ်သည် ၎င်းကျွမ်းကျင်သည့်အပိုင်း၌ ကျွမ်းကျင်ပညာရှင်အဖြစ် အသိအမှတ်ပြု ခံရသည်မှာ အချိန် မည်မျှကြာမြင့်ခဲ့ပြီနည်း။
  - ကျွမ်းကျင်ပညာရှင်၏ နောက်ခံပညာအရည်အချင်းများမှာ အဘယ်နည်း။ ထိုသူသည် ကျွမ်းကျင်သည့် အကဲဖြတ် သုံးသပ်သူတစ်ဦးအဖြစ် တရားဝင် အသိမှတ်ပြုခြင်း ခံထားရပါသလား။
  - အဆိုပါပညာရှင်မှ လုပ်ဆောင်နေသည့် လုပ်ငန်းဆောင်တာများသည် ကျွမ်းကျင်ပညာရှင်တစ်ဦး အနေဖြင့် လုပ်ဆောင်နေသည့် လုပ်ငန်းဆောင်တာများနှင့် ထပ်တူကျနေပါသလား။ ကျွမ်းကျင် ပညာရှင်မှ ကျင့်သုံးနေသော နည်းပညာများနှင့် နည်းလမ်းများသည် နိုင်ငံအတွင်း စံချိန်စံညွှန်းများ (သို့) ကျွမ်းကျင်ပညာရှင်များ၏ စံချိန် စံညွှန်းများနှင့် ကိုက်ညီမှု ရှိပါသလား။ အကဲဖြတ် သုံးသပ်ချက်များပေးရာတွင် နောက်ဆုံးပေါ် နည်းပညာများ ကို အသုံးပြုလေ့ ရှိပါသလား။ ထို့အပြင် ထိုကျွမ်းကျင်ပညာရှင်သည် ၎င်း ကျွမ်းကျင်သည့် နယ်ပယ်ကို ကျော်လွန်၍ လုပ်ဆောင် ရန် (သို့) တရားရေးရာ ကျွမ်းကျင် ပညာရှင်များ၏ စစ်မေးခြင်းဆိုင်ရာ ကိရိယာ တန်ဆာပလာများ နှင့် အကဲဖြတ် သုံးသပ်ခြင်းဆိုင်ရာ စွမ်းရည်များကို ကျော်လွန်၍ လုပ်ဆောင်ရန် လိုအပ်ပါ သလား။
  - ကျွမ်းကျင်ပညာရှင်သည် လုံလောက်ပြီး စစ်မှန်မှုရှိသည့် အခြေခံပစ္စည်းအပေါ် အခြေခံ၍ ၎င်း၏ နောက်ဆုံး ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ပါသလား။ ထိုအရာဝတ္ထုပစ္စည်းများသည် အကဲဖြတ်စိစစ်ရန် အတွက် သင့်လျော်မှု ရှိပါသလား။ သို့မဟုတ် ထိုအရာများသည် အကဲဖြတ်စိစစ်မှုတစ်ခု ပြုလုပ် နိုင်ရန် လိုအပ်သည့် စံနှုန်းများနှင့် ကွဲလွဲနေပါသလား။
  - ကျွမ်းကျင်ပညာရှင်မှ သက်သေခံပစ္စည်းများအား လွတ်လပ်မှုရှိစွာ အတည်ပြုပေးရန် အကြံပြု တိုက်တွန်းရန် လိုအပ်မှု ရှိမရှိကို စဉ်းစားသုံးသပ်ပါ။
  - ကျွမ်းကျင်ပညာရှင်၏ အကဲဖြတ်သုံးသပ်ချက်နှင့် နည်းပညာဆိုင်ရာ ရှင်းလင်းချက်များ လိုအပ် သော ရုပ်ပိုင်း ဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာအနာတရ ဖြစ်မှုများကို အမှုသည် ခံစားခဲ့ရပါ သလား။

- ထုတ်ပေးရန် လိုအပ်ပါသလား။ အကယ်၍ ခံစားခဲ့ရလျှင် … အမှုသည်၏ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေး (သို့) စိတ်အခြေအနေအတွက် ကျွမ်းကျင်ပညာရှင်မှ အကဲဖြတ်သုံးသပ်ပေးပါရန် တရားရုံးတော်သို့ လျှောက်ထား ရပါမည်။ ထိုသို့ လျှောက်ထားရာတွင် အမှုသည်၏ ကျန်းမာရေး မှတ်တမ်းရာဇဝင်များနှင့် ကိုယ်ရေး အချက် အလက်များကို ကျွမ်းကျင်ပညာရှင်ထံသို့ ပေးအပ်ရမည်။

- **သက်သေ၏ အသွင်ပြင်လက္ခဏာများနှင့် မှုခင်းဖြစ်ပုံစံ**
    - မျက်မြင်သက်သေအား သက်သေခံစစ်မေးသည့်အခါ အောက်ဖော်ပြပါ အချက်အလက်များကို ဂရုပြု သင့်သည်။ သက်သေ၏ အသွင်ပြင်လက္ခဏာများကို နားလည်သိရှိခြင်းကြောင့် စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်သင့်သည့် နယ်ပယ်များ ကျဉ်းမြောင်းသွားနိုင်ပြီး သက်သေ အား စစ်မေးခြင်းမှ ရရှိလာနိုင်မည့် အားနည်းချက်၊ အားသာချက်များကိုလည်း သိရှိနိုင်မည်။ ထို့အပြင် အမှုဖြစ်ကြောင်းခြင်းရာများအပေါ် သက်သေ၏ သုံးသပ်ပုံများကိုလည်း သိရှိနိုင်မည် ဖြစ်ပါသည်။

| အမှုသည်၏ ကြန်အင်လက္ခဏာများ | မှုခင်းဖြစ်နေရာ၏ ပတ်ဝန်းကျင်အခြေအနေများ |
|---|---|
| ❑ ယောက်ျား၊ မိန်းမ ဖြစ်တည်မှု<br>❑ အသိဉာဏ်ပညာ<br>❑ မှတ်နိုင်စွမ်း<br>❑ ပညာအရည်အချင်း<br>❑ အလုပ်အကိုင်မှတ်တမ်း<br>❑ ဘာသာစကား<br>❑ စကားထစ်ခြင်း<br>❑ အသက်အရွယ်<br>❑ ပင်ကိုစရိုက်<br>❑ စိတ်အခြေအနေ<br>❑ ကျန်းမာရေးအခြေအနေ<br>❑ အရက်သေစာ သုံးစွဲမှု<br>❑ ဆေးဝါး သို့မဟုတ် တရားမဝင်ပစ္စည်းများသုံးစွဲခြင်းကြောင့် ရရှိခဲ့သည့် စိတ်ဒဏ်ရာ<br>❑ အမြင်အာရုံ<br>❑ အကြားအာရုံ<br>❑ နစ်နာသူနှင့် ဆက်ဆံရေး<br>❑ တရားခံနှင့်ဆက်ဆံရေး<br>❑ ပူးတွဲတရားခံနှင့်ဆက်ဆံရေး<br>❑ ကြံရွယ်ချက်<br>❑ အမှုသည်၊နစ်နာသူ (သို့) ပူးတွဲတရားခံဘက်သို့ တိမ်းညွတ်နေမှု<br>❑ နစ်နာသူ (သို့) သက်သေအပေါ် ဘက်လိုက်ခြင်း<br>❑ စွဲဆိုခံထားရသည့် ပြစ်မှု မဖြစ်ပွားမီ၊ ဖြစ်ပွားနေစဉ် (သို့) ဖြစ်ပြီး ကာလများ၌ ခြိမ်းခြောက်ခံရမှု | ❑ မီးရောင်ရရှိမှုအခြေအနေ<br>❑ နေ့အချိန် (သို့) ညအချိန်<br>❑ နေ့ခင်း သို့မဟုတ် ညဘက်၌ ဖြစ်ပွားခဲ့သည့် တိကျသော အချိန်<br>❑ လရောင်<br>❑ မိုး<br>❑ မြူ<br>❑ ချမ်းအေးခြင်း<br>❑ ပူခြင်း<br>❑ ထိုနေရာတွင် ရှိနေသည့် လူဦးရေ<br>❑ မှုခင်းဖြစ်ပွားမှုကို မြင်တွေ့ခဲ့ရသည့် ကြာချိန်<br>❑ မှုခင်းဖြစ်ပွားနေစဉ်အတွင်း ထိုနေရာ၌ ရှိနေသူများနှင့် ၄င်းတို့လုပ်ဆောင်နေခဲ့သည့် အရာများအပေါ် အမှန် အတိုင်း မြင်နိုင်စွမ်း<br>❑ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် လက်နက်ကိရိယာများ<br>❑ သဘာဝ သစ်ပင်များ<br>❑ အဆောက်အဦးများ<br>❑ မော်တော်ကားများ<br>❑ ယာဉ်ကြောအခြေအနေ<br>❑ မြင်တွေ့ရသည့် ရှုထောင့် သို့မဟုတ် မြင်ကွင်း အခြေအနေ<br>❑ အားလုံးကို ခြုံငုံကြည့်ရှုနိုင်သည့် မြင်ကွင်း<br>❑ မော့ကြည့်၍ ရသည့် မြင်ကွင်း |

# ကျွမ်းကျင်မှုများ - သက်သေများအား တွေ့ဆုံမေးမြန်းခြင်း

ဤ၌ မိမိတို့ ညွှန်းဆိုလိုသည့် သက်သေဟူသည်မှာ ... တရားခွင် စစ်ဆေးစီရင်ခြင်းနှင့် စပ်ဆိုင်သည့် အကြောင်းအရာများ အပေါ် ကိုယ်တွေ့အသိကြောင့်ဖြစ်စေ (သို့) စပ်ဆိုင်သည့် ကျွမ်းကျင်ပညာကြောင့်ဖြစ်စေ သိသူများအားလုံးကို ဆိုလိုပါ သည်။ မှုခင်း ဖြစ်ပွားနေစဉ်အတွင်း တိုက်ရိုက်မြင်တွေ့ခဲ့သူများသည်လည်း ထိုသက်သေများစာရင်း၌ပင် ပါဝင်နေပါသည်။ ထိုသူတို့သည် တရားခံနှင့် တရားလိုအကြားရှိ ဆက်နွယ်မှုကိုလည်းကောင်း၊ မှုခင်းဖြစ်နေစဉ်အတွင်း တရားခံ ရှိရာနေရာ (တရားခံသည် မှုခင်းဖြစ်ပွားနေချိန်တွင် အခင်းဖြစ်နေရာတွင် မရှိဘဲ အခြားနေရာ၌ ရှိနေကြောင်းသက်သေခံချက်) ကို လည်းကောင်း၊ တရားခံနှင့် တရားလိုတို့၏ အကျင့်စရိုက်များကိုလည်းကောင်း သိရှိထားသူများ ဖြစ်ရမည်။ ကျွမ်းကျင်ပညာရှင်တို့၏ သက်သေခံချက်ဆိုသည်မှာ ... အမှုနှင့် စပ်ဆိုင်သည့် သက်သေခံချက်များအပေါ် ၎င်းတို့၏ ကိုယ်ပိုင် အသိပညာ၊ အတတ်ပညာများဖြင့် ခွဲခြမ်းစိတ်ဖြာပြီး ထွက်ဆိုရှင်းပြထားသည့် ထင်မြင်ချက်များကို ဆိုလိုသည်။ တရားလိုပြ သက်သေများ၊ တရားခံပြသက်သေများ၊ အပြင် စုံစမ်းထောက်လှမ်းမှုမှတဆင့် သိရှိလာသည့် လူများအားလုံးသည်လည်း ထိုသက်သေများ စာရင်း၌ပင် အကျုံးဝင်သည်။ စွဲချက်တင်ပြီးနောက် တရားသူကြီးထံသို့ တင်သွင်းရမည့် တရားခံပြ သက်သေစာရင်းတွင် ထည့်သွင်းရမည့်သူများအား သတ်မှတ်နိုင်ရန် လုံလောက်သော စုံစမ်းထောက်လှမ်းမှုများနှင့် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ရမည်။ ထိုသို့ ပြုလုပ်ပြီးမှသာ မည်သည့်သက်သေကို ထည့်သွင်းသင့်ကြောင်း ဆုံးဖြတ်နိုင် မည်ဖြစ်သည်။

USAID Legal Aid Toolkit ၏ အခန်း (၂) ရှိ "သက်သေများအား တွေ့ဆုံမေးမြန်းခြင်း" အပိုင်းကို ကြည့်ပါ။

## တွေ့ဆုံမေးမြန်းမှု မစတင်မီ

သက်သေများအား တွေ့ဆုံမေးမြန်းမှု မပြုလုပ်မီ သင့်ဘက်မှ အကောင်းဆုံး ပြင်ဆင်ထားရမည်။ သက်သေဘက်မှ မလိုလားအပ်သည့်အရာများ (သို့) ၎င်း၏ ထွက်ဆိုချက်များ ပြောင်းလဲမသွားစေရန် ၎င်းတို့နှင့် တွေ့ဆုံဆွေးနွေးသည့်အခါ သင့်ဘက်မှ အဖော်တစ်ယောက်ကို သင်နှင့်အတူ ခေါ်သွားပါ။ ဥပဒေအကျိုးဆောင်လုပ်ငန်းများ လုပ်ဆောင်နေသူကို ခေါ်ဆောင်သွားနိုင်ပါက ပို၍ သင့်တော်ပါသည်။

ဖြစ်နိုင်ပါက ... သက်သေ၏ ထွက်ဆိုချက်များကို အသံဖမ်းထားပါ။ သို့သော် ထိုသို့ မပြုလုပ်မီ သက်သေ၏ ခွင့်ပြုချက်ကို ဦးစွာတောင်းခံပါ။ သက်သေများ၏ ထွက်ဆိုချက်များကို အသံဖမ်းထားခြင်းဖြင့် ၎င်းတို့မှ ထွက်ဆိုခဲ့သည့် စကားလုံးများ အားလုံးကို မှတ်တမ်းတင်ထားနိုင်ပြီး အခြားတစ်ဖက်တွင်လည်း တခြားသူများမှ ထိုစကားလုံးများကို ချန်လှပ်ထား၍ မရနိုင်ကြောင်းကို ရိုးသားပွင့်လင်းစွာ ရှင်းပြပေးပါ။

အကယ်၍ သက်သေ၏ ထွက်ဆိုချက်များကို အသံဖမ်းယူခွင့် မရခဲ့ပါက ... စာဖြင့် လိုက်ရေးပါ။ တွေ့ဆုံမေးမြန်းမှု အဆုံးတွင် ထိုရေးသားထားခဲ့သည့် ထွက်ဆိုချက်များကို သက်သေအား ဖတ်ပြပေးပါ။ လိုအပ်ပါက အမှား ပြင်ဆင်မှုများ ပြုလုပ်ပါ။ ထို့နောက် ထိုထွက်ဆိုချက်များပါ စာရွက်ပေါ်တွင် သက်သေအား လက်မှတ်ရေးထိုးခိုင်းပါ။ ထိုလက်မှတ် ရေးထိုးထားသည့် စာရွက်ကို မိတ္တူပွားပြီး သက်သေအား တစ်စောင်ပေးပါ။

## အဖွင့်မေးခွန်းများနှင့် အပိတ်မေးခွန်းများ

**အဖွင့်မေးခွန်းများ** - အသေးစိတ်ကျသည့်အဖြေများ ရယူလိုသည့်အခါ အဖွင့်မေးခွန်းများကို မေးကြပါသည်။ အဖွင့်မေးခွန်း များ မေးခြင်းသည် "ဟုတ်တယ်၊ မဟုတ်ဘူး၊ အချိန် (သို့) နေရာ" စသည့်အဖြေများထက် ပိုသည့် အဖြေများကို ရရှိလာနိုင် ပါသည်။

**အပိတ်မေးခွန်းများ** - အပိတ်မေးခွန်းများကိုမူ ရိုးရှင်းသော အဖြေများ သို့မဟုတ် ဟုတ်တယ်၊ မဟုတ်ဘူးဆိုသည့် အဖြေများကို ရယူလိုသည့်အခါ အသုံးပြုပါသည်။

ယေဘုယျအားဖြင့် ... တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ရာတွင် သင့်အနေဖြင့် အပိတ်မေးခွန်းများထက် အဖွင့် မေးခွန်းများကိုသာ အသုံးပြုပြီး မေးမြန်းလိုသည်မှာ ... အဖွင့်မေးခွန်းများသည် သင်သိလိုသော အကြောင်းအရာများထက် ပိုမိုသည့် အချက် အလက်များကို ရရှိလာနိုင်စေသည့်အတွက် ဖြစ်သည်။ ထိုသို့ မေးခြင်းဖြင့် သက်သေများအနေဖြင့်လည်း မေးခွန်းဖြေဆိုခြင်း သက်သက်သာ မဟုတ်တော့ဘဲ သူပြောလိုသည့်အကြောင်းအရာများကို သင့်အား ပိုမိုလွတ်လပ်စွာ ပြောဆိုလာနိုင်သည်။ ယေဘုယျကျသည့် မေးခွန်းများကို မေးမြန်းခြင်းဖြင့်လည်း သင် မျှော်လင့်မထားသောအချက်အလက်များကို ရရှိလာနိုင် သည်။ ဥပမာများ -

| **အဖွင့်မေးခွန်း** | အပိတ်မေးခွန်း |
|---|---|
| သင့်မိသားစုဝင်များအကြောင်း ပြောပြပေးပါ။ | သင့်ကို ဘယ်မှာမွေးခဲ့တာလဲ။ |
| ခင်ပွန်းသည်နဲ့ အငြင်းခုန်ဖြစ်ခဲ့ရတဲ့ အငြင်းပွားမှုတစ်ခု အကြောင်းကို ပြောပြပေးပါ။ | ခင်ပွန်းသည်က သင့်ကို ရိုက်ခဲ့သလား။ |
| ပထမဆုံးအကြိမ် အရက်သောက်ဖြစ်ခဲ့တဲ့ အကြောင်းလေးကို ပြောပြပေးပါ။ | အသက် ဘယ်နနှစ်လောက်က အရက်စသောက်ခဲ့တာလဲ။ |

## မည်သည့်အချိန်များတွင် အပိတ်မေးခွန်းများ အသုံးပြုရမည်နည်း။

တိကျသည့် သတင်းအချက်အလက်များဖြစ်သည့် မွေးနေ့ရက်စွဲများ၊ သို့မဟုတ် မှတ်ပုံတင်နံပါတ်များကို ရယူလိုသည့် အခါ နှင့် တွေ့ဆုံမေးမြန်းမှု ပြီးဆုံးခါနီး အချိန်များတွင် အပိတ်မေးခွန်းများကို အသုံးပြုပါ။ အချို့သော သက်သေများသည် တခါတရံ၌ အဖွင့်မေးခွန်းများကို နားမလည်ဘဲ ရှုပ်ထွေးနေတတ်ပါသည်။ ထိုသို့သော အခြေအနေများ၌ ... ၄င်းတို့ နားလည်လွယ်မည့် မေးခွန်းပုံစံမျိုးဖြင့် မေးပေးရပါမည်။ ထို့အပြင် တိကျသည့် အပိတ်မေးခွန်းများ ဆက်တိုက်မေးခြင်း ဖြင့်လည်း မိမိတို့ ရယူလိုသည့် သတင်းအချက် အလက်များကို လွယ်ကူစွာ ရယူနိုင်ပါသည်။

## နိမိတ်ပြမေးခွန်းများ

မရေရာ၊ မသေချာသည့် အဖြေများထဲမှ သေချာသည့်အဖြေများ ရယူလိုသည့်အခါ နိမိတ်ပြမေးခွန်းများကို မေးမြန်းကြပါသည်။

| နိမိတ်ပြမေးခွန်း | ပြန်လည်ပြင်ဆင်ထားသည့်မေးခွန်း |
|---|---|
| ခင်ဗျား ... ခင်ဗျားကလေးတွေကို တန်းတူချစ်တယ်ဆိုတာ ကျွန်တော် သိပါတယ်။ ဟုတ်တယ်မလား။ | ကလေးတွေ ငယ်ငယ်တုန်းက တယောက်နဲ့တယောက် ဘယ်လို မတူခဲ့သလဲ။ |
| ကျော်ကျော်နဲ့ သူ့သူငယ်ချင်းတွေ ဘယ်နားရောက်နေခဲ့တယ်ဆိုတာခင်ဗျားလုံးဝမသိခဲ့ဘူး၊ ဟုတ်တယ်မလား။ | ကျော်ကျော် အဖမ်းမခံရစဉ်က သူနဲ့ခင်ဗျားရဲ့ကြားက ဆက်ဆံရေးကို ပြောပြပါ။ |
| ကျော်ကျော်က စာဘယ်လိုဖတ်ရမလဲဆိုတာ မသိဘူးမလား။ | ကျော်ကျော်က ဘယ်လို ကျောင်းသားမျိုးလဲ။ |

## နောက်ဆက်တွဲမေးခွန်းများနှင့် အစ်မေးရသောမေးခွန်းများ

အောက်ဖော်ပြပါ နည်းလမ်းများကို ... သင့်၏ အဖွင့်မေးခွန်းများနှင့် အပြီးသတ်မဟုတ်သောမေးခွန်းများကို သက်သေများမှ ဖြေကြားကြရာတွင် ၎င်းတို့ထံမှ ပိုမိုများပြားသော သတင်းအချက်အလက်များကို နှိုက်ယူရန် အသုံးပြုကြရပါသည်။

အားပေးခြင်း (သို့) တိုက်တွန်းခြင်း - နှုတ်အားဖြင့် အားပေးသည့် ပုံစံများဖြစ်သည့် "အော် ... ဟုတ်ကဲ့၊ နောက်တော့ရော" စသည်ကဲ့သို့သော စကားပြတ်များသည် ... သက်သေများ ပြောပြနေသည့် အကြောင်းအရာများအပေါ် သင်က အမှန် တကယ် စိတ်ဝင်စားနေကြောင်း နှင့် ဆက်လက် သိရှိလိုကြောင်းကို ပြသပေးနိုင်ပါသည်။

တိတ်ဆိတ်စွာနေခြင်း - တခါတရံတွင် သက်သေများ ပြောပြနေသည့် အကြောင်းအရာများအပေါ် ... ခေါင်း တငြိမ့်ငြိမ့်ဖြင့် တိတ်ဆိတ်စွာ နေနေခြင်းသည် ၎င်းတို့ထံမှ ပြောပြလာမည့် အကြောင်းအရာများအပေါ် သင်က စောင့်မျှော်နေကြောင်း ပြသပေးရာ ရောက်ပါသည်။

ပို၍ ရှင်းလင်းအောင်မေးမြန်းခြင်း - တခါတရံတွင် သက်သေများမှ ပြောပြလာသည့် အကြောင်းအရာများအပေါ် သင်က သေချာ နားလည်ကြောင်းနှင့် စိတ်ဝင်စားနေကြောင်းကို ပြသနိုင်သည့် နည်းလမ်းများစွာ ရှိပါသည်။ ဥပမာ -

- သက်သေမှ ပြောပြခဲ့သည့် အကြောင်းအရာအပေါ် ပိုမို ပြည့်စုံအောင် ပြောပြခိုင်းခြင်း ... "သိပ်မကြာဘူး ဆိုတာ ဘာကို ဆိုလိုချင်တာပါလဲဗျာ။"
- သက်သေအား အသေးစိတ် ပြောပြစေခြင်း ... "အဲ့အကြောင်းလေးကို စောင်းပေးပြီး ပြောပြပေးပါလား။" "အဲ့နေ့က နောက်ထပ် ဘာဖြစ်သွားခဲ့သလဲ။"
- ကျန်သွားသည့် အကြောင်းအရာများအပေါ် ထပ်မံမေးမြန်းခြင်း ... " ကျွန်တော် နားမလည်လိုက်လို့ ထပ် မေးပါရစေ။ ကျော်ကျော်မိုးက ဆေးရုံကနေ အိမ်ကို ဘယ်လိုရောက်သွားခဲ့တာလဲ။"
- အသေးစိတ်အချက်အလက်များကို မေးမြန်းခြင်း ... "ရန်စဖြစ်နေတုန်းမှာ ကျော်ကျော်မိုးက ဘာလုပ်နေတယ်လို့ သင်မြင်ခဲ့သလဲ"

## "ဘာ့ကြောင့်လဲ၊ ဘာလို့လဲ" ဆိုသည့် မေးခွန်းများကို မေးမြန်းခြင်းမှ ရှောင်ပါ။

ဘဝတကွေ့၌ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များအပေါ် "ဘာ့ကြောင့်လဲ၊ ဘာလို့လဲ" ဆိုသည့် မေးခွန်းများကို မမေးသင့်ပါ။ ထိုကဲ့သို့သော မေးခွန်းများသည် အမေးခံလိုက်ရသည့် တဖက်လူအပေါ် အပြစ်တင်ရန်လိုသည့်ပုံစံမျိုး ကျရောက် သွားနိုင်ပါသည်။ ထို့အပြင် သက်သေအများစုတို့သည် ထိုသို့သော မေးခွန်းများအပေါ် မည်သို့ ပြန်လည်တုံ့ပြန်သင့်ကြောင်း မသိကြပါ။ ထိုသို့ မသိသည့်အလျောက် ကြောင်းကျိုးသင့်မည့်အဖြေများကို ဖန်တီးပြောဆိုလာကြပါသည်။ သို့သော် ထိုအဖြေများပါ အကြောင်းခြင်းရာများသည် အမှုသည်များအတွက် အကျိုးမဖြစ်စေသည့်အဖြေများပင် ဖြစ်ပါသည်။ ဥပမာ များမှာ -

| "ဘာ့ကြောင့်၊ ဘာလို့" မေးခွန်းများ | ပြင်ဆင်ထားသည့် မေးခွန်းများ |
|---|---|
| ဒါဆိုရင် အစ်မဘာ့ကြောင့် အစ်မယောကျ်ားကို ထားပြီး ထွက်မသွားခဲ့တာလဲ။ | အစ်မယောကျ်ားကို ထားပြီး ထွက်သွားမယ်လို့ စဉ်းစားခဲ့တဲ့အချိန်တွေရော ရှိခဲ့ပါသလား။ |
| အစ်မရဲ့ယောကျ်ားက အစ်မကို ဘာလို့ ရိုက်ခဲ့တာလဲ။ | အစ်မနဲ့ အစ်မယောကျ်ားကြားမှာ အဲ့နေ့က ဘာဖြစ်ခဲ့သလဲဆိုတာ ပြောပြပေးပါလား။ |
| ဘာလို့ အရက်သမားတယောက်ကို လက်ထပ်ခဲ့တာလဲ။ | အစ်မနဲ့ အစ်မယောကျ်ားကြားက ဆက်ဆံရေးကို ပြောပြပေးပါ။ |

## နိမိတ်ပြစကားများနှင့် လှည့်ကွက်များ

## **ထိပ်တိုက်တွေ့ခြင်း**

တဲ့တိုးမေးခွန်းများ (မေးခွန်းများကိုတိုက်ရိုက်မေးခြင်းများ)သည် သက်သေများထံမှ မှန်ကန်သော သတင်းအချက်များကို နှိုက်ယူနိုင်မည့် ထိရောက်မှုရှိသော မေးခွန်းများ မဟုတ်ကြပါ။ သက်သေများမှ ဖြေကြားလာသည့် အကြောင်းအရာများ အပေါ် ထိပ်တိုက်တွေ့ခြင်း (သို့) ၎င်းတို့၏ ထွက်ဆိုချက်များသည် အခြားသက်သေများ၏ ထွက်ဆိုချက်များနှင့် မကိုက်ညီကြောင်း ပြောကြားခြင်းများသည် ထိုရှေ့နေတစ်ဦးအတွက် ကြီးမားသော မှားယွင်းမှုတစ်ရပ်ဖြစ်သည်ဟု ဆိုချင်ပါသည်။ ဥပမာ - နိပ်စက်ညှင်းပန်းမှုပြုသူတစ်ဦးအား ထိုသို့ပြုခဲ့သည့် အကြောင်းကို တိုက်ရိုက်မေးမြန်းလိုက်ပါက ... ၎င်းဘက်မှ ထိုသို့မပြုလုပ်ခဲ့ကြောင်းသာ ငြင်းဆန်လာပါမည်။ ထိုသို့မေးခြင်းသည်ပင် ၎င်းအတွက် ငြင်းဆန်ရန် တွန်းအားတစ်ခုဖြစ်လာစေပြီး ၎င်းဘက်မှ အမှန်အတိုင်း ဖွင့်ပြောရန် ခက်ခဲသွားစေနိုင်ပါသည်။ ဥပမာ -

- ခင်ဗျားတူလေး ပြောပြတာတော့ ... "သူ ၇ နှစ်သားလောက်က ခင်ဗျားက သူ့ကို နိုင်ထက်စီးနင်း အနိုင်ကျင့်ခဲ့ဖူး တယ်လို့ ပြောတယ်" ဟုတ်ပါသလား။
- ခင်ဗျားပြောတော့ ... လွန်ခဲ့တဲ့ ၂ နှစ်ကတည်းက အရက်ဖြတ်လိုက်တယ်ဆို။ အခု ခင်ဗျားမိန်းမ ပြောတာက ... "သူ အရင်အပတ်ကတောင် သောက်ခဲ့သေးတယ်လို့ပြောတယ်" ခင်ဗျား ဘာလို့ ညာပြောခဲ့တာလဲ။
- "ခင်ဗျား အဲ့ဒါကို ဖတ်ချင်ယောင် ဆောင်နေတာမလား။ တကယ်တော့ ခင်ဗျား စာမဖတ်တတ်ပါဘူး" ၊ ဟုတ်တယ် မလား။

## စကား အများကြီး မပြောပါနှင့်

အတွေ့အကြုံနနယ်သည့် တွေ့ဆုံမေးမြန်းသူများသည် စကားအများကြီး ပြောတတ်ကြပါသည်။ အမှန်မှာ ... တွေ့ဆုံ မေးမြန်းနေစဉ်အတွင်းရှိ ၈၀ ရာခိုင်နှုန်းသော အချိန်ကို သက်သေအား ပြောစေပြီး ကျန် ၂၀ ရာခိုင်နှုန်းသော အချိန်ကိုသာ သက်သေနှင့် စကားအပြန်အလှန်ပြောရပါမည်။

## အာရုံစိုက်၍ နားထောင်ပါ

တစ်ဖက်လူ၏ ပြောစကားများကို အာရုံစူးစိုက်စွာ နားထောင်တတ်ရန်အတွက် အလေ့အကျင့်များနှင့် စည်းမျဉ်းများ လိုအပ် ပါသည်။ နားထောင်ခြင်းသည် အသံကြားနာခြင်းကဲ့သို့ အလိုအလျောက်ဖြစ်သော ဖြစ်စဉ်တစ်ခု မဟုတ်ပါ။ တွေ့ဆုံမေးမြန်း နေစဉ်အတွင်း သက်သေ၏ ဖြေကြားချက်များကို နားထောင်ခြင်းသည် သူငယ်ချင်းများနှင့် စကားပြောသည့်အခါ နားထောင် နေရခြင်းနှင့် ပုံစံမတူပါ။ သူငယ်ချင်းများနှင့် စကားပြောသည့်အခါ သင်နားမလည်သည့်အရာများအပေါ် ထပ်ခါ ထပ်ခါ မေးမြန်းနိုင်ပြီး ဘေးပတ်ဝန်းကျင် ကိုလည်း စိတ်ကြိုက်လေ့လာနိုင်ပါသည်။ သို့သော် ... သက်သေများနှင့် တွေ့ဆုံမေးမြန်း သည့်အခါ ... ၎င်းတို့မှ ပြောပြလာသည့် အကြောင်းအရာများအပေါ် သေချာ အာရုံစူးစိုက်စွာ နားထောင်ရပါမည်။ ထို အချိန်မျိုး၌ နောက်ထပ်မေးမည့်မေးခွန်းများကို မစဉ်းစားသင့်သကဲ့သို့ ပတ်ဝန်းကျင်ကိုလည်း မစူးစမ်းသင့်ပါ။ ထို့အပြင် အမှုသည်၏ ပြောဆိုချက်များသည် သင့်၏ အမှုတည်ဆောက်ပုံနှင့် ကိုက်ညီမှုရှိမရှိကိုလည်း မစဉ်းစားသင့်ပါ။

## ရိုးရှင်းသောစိတ်၊ ပွင့်လင်းသောစိတ်ဖြင့် နားထောင်ပါ

တခါတရံတွင် မိမိတို့သည် တဖက်လူမှ အမှန်တကယ်ပြောဆိုလိုက်သည့် အကြောင်းအရာများထက် မိမိတို့ ကြားလိုသော အရာများကိုသာ ကြားတတ်လေ့ ရှိကြ**သည်။** မိမိတို့ဘက်မှ ထွက်ဆိုပေးမည့် သက်သေများသည် မည်သူ၊မည်ဝါ ဖြစ်ကြောင်း သိရှိခဲ့ပါက ထိုသူများမှ ပြောပြလာနိုင်မည့်အရာများကို ကြိုတင်ခန့်မှန်းထား တတ်ကြပါသည်။ ထို့နောက် ၎င်းတို့နှင့် အမှန်တကယ် တွေ့ဆုံမေးမြန်းသည့်အခါ ... ၎င်းတို့၏ ပြောဆိုချက် များကို မိမိတွေးကြံထားသည့် အကြောင်း အရာများအတွင်းသို့ ထည့်သွင်း မှတ်ယူကြပါတော့သည်။ အကယ်၍ သက်သေသည် အဖွဲ့အစည်းတစ်ခုခုမှ ပုဂ္ဂိုလ် တစ်ဦးဦးဖြစ်ခဲ့လျှင် ... ထိုအဖွဲ့ အစည်းအပေါ်၌ မြင်သည့် သင့်ထင်မြင်ချက်အတိုင်း ထိုသူ့အားလည်း ထင်မြင်တတ်ပါသည်။ ထိုအခါ သက်သေများအား လူမျိုးရေး ဝါဒကြီးသူ၊ မောက်မာသူ၊ အမြင်ကျဉ်းသူ၊သို့မဟုတ် အယူသည်းသူ စသည်ဖြင့် အမျိုးမျိုး ကောက်ချက်ဆွဲ မှတ်ယူပါတော့သည်။ ထိုသို့ သက်သေများမှ ထွက်ဆိုလတ္တံ့သော အကြောင်းအရာများကို ကြိုတင်မှန်းဆ လာသည်နှင့် အမျှ ထိုသက်သေမှ ပြောဆိုမည့်အရာများကို ကောင်းမွန်စွာ နားထောင်ခြင်း မပြုကြတော့ပါ။ တခါတရံတွင် ထိုသက်သေအပေါ် မှားယွင်းသည့် အဆိုးမြင်ဝါဒများလည်း ရှိနေ**တတ်**ပါသည်။ သက်သေမှ ပြောပြလိုက်သည့် သတင်းအချက်အလက်များသည် သင်နားလည်ထားသည့် အခြေအနေများနှင့် ကိုက်ညီမှုမရှိခဲ့ လျှင် ... ထိုသူ ပြောပြလာသည့် အရာများကို မှုမမှန်သော အရာများအဖြစ် မှတ်ယူလိုက်ကြပါသည်။ ထိုအခါ သင့်အမှုသည်အတွက် အကျိုးဖြစ်စေနိုင်မည့် သက်သေခံချက်များလည်း ဆုံးရှုံးသွားတတ်ပါသည်။

## ဆန့်ကျင်ဘက် ပြောခြင်းများကို တည်ငြိမ်စွာ ရင်ဆိုင်ခြင်း

သက်သေများမှ ရှေ့နောက်မညီသော ဆန့်ကျင်ဘက် စကားများကို ပြောကြားလာပါက သတိထားပြီး ကောင်းစွာ နားထောင်ပေးပါ။ ထိုရှေ့နောက်မညီသော အကြောင်းအရာများအပေါ် တိုက်ရိုက်မေးခွန်းများ မမေးမိပါစေနှင့်။ မတူညီ သော လူများမှ တူညီသောအကြောင်းအရာတစ်ခုအပေါ် ပြောပြလာပုံများ မတူညီနိုင်ပါ။ တခါတရံတွင် လူ တစ်ယောက် ထဲမှ ထိုတူညီသော အကြောင်းအရာများအပေါ် ပြောပြချက်များသည်လည်း တကြိမ်နှင့်တကြိမ် မတူနိုင်ပါ။ ထိုသို့ ရှေ့ နောက်မညီဘဲ ပြောဆိုနေသည့် အကြောင်းအရာများသည် နားလည်မှုလွဲမှားသော ဆက်ဆံရေးများကြောင့် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ဥပမာ - သက်သေတစ်ဦးသည် ... "သူမ အရက်ယမကာ လုံးဝ မသောက်ဖူးကြောင်း" သင့်အား ပြောပြလာပါ သည်။ ထိုသို့ ပြောပြီးသည့်နောက်တွင် ... "သူမ ဘီယာသောက်ဖို့ မည်သို့ မည်ပုံ သွားခဲ့ရသည်" ဆိုသည် ကိုလည်း သင့်အား ပြောပြလာပါသည်။ ထိုသက်သေ ၏ ပြောပြချက်များသည် ရှေ့နောက် ကိုက်ညီမှု ရှိမနေကြောင်း ကြားသိရ နိုင်ပါသည်။ သို့သော် ... သူမ ခံယူထားသည့် အရက်သောက်သည်ဆိုသည်မှာ - အရက်ပြင်းသောက်မှ အရက် သောက် သည်သာ ဖြစ်ပြီး ဘီယာသောက်ခြင်းကား အရက်သောက်ခြင်း မဟုတ်ပါ။

## တကျော့ပြန် စစ်ဆေးခြင်း

လူနှစ်ဦးနှစ်ယောက်အကြားရှိ ပြောဆိုဆက်ဆံခြင်းများသည် လွန်စွာ ရှုပ်ထွေးလှသော ဖြစ်စဉ်တစ်ခုဖြစ်ပြီး ထို အရာများ သည် တခါတရံတွင် သေးငယ်သော သဘောထားကွဲလွဲမှုများကို ဖြစ်စေသကဲ့သို့ တခါတရံတွင် ကြီးမားသော သဘောထားကွဲလွဲမှု ကိုလည်းဖြစ်စေနိုင်ပါသည်။ တွေ့ဆုံ မေးမြန်းနေစဉ် အတော အတွင်း ...တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ပြောဆိုနေခြင်းများမှ တဆင့် သတင်းအချက်အလက် လက်ခံခြင်းနှင့် အနက်အဓိပ္ပာယ်ကောက်ယူခြင်းများကို ပြုလုပ်နေကြပါသည်။ ထိုသို့ပြုလုပ်သည့် အဆင့်တိုင်း၌ နားလည်မှု ကွဲလွဲမှုများ ရှိနိုင်ပါသည်။ တစုံတဦးမှ ပေးလိုက်သည့် သတင်းအချက် အလက် တိုင်းသည် ယခင်က ဖြစ်ပွားခဲ့သည့် သတင်းအချက်အလက်များအပေါ် အခြေခံနေသည့်အတွက်ကြောင့် ... ထိုသို့ ပြောဆို နေစဉ်အတွင်း သဘောထားကွဲလွဲမှုများ ရှိခဲ့ပါက ထိုအရာများသည် ရေရှည်အကျိုးဆက်များအဖြစ် ပြောင်းလဲ သွားနိုင်ပါသည်။

ထို့ကြောင့် တွေ့ဆုံမေးမြန်းသူတစ်ဦးအနေဖြင့် ... သင်မေးလိုက်သည့် မေးခွန်းတိုင်းကို သက်သေမှ နားလည်စေရန် ကောင်းစွာ ဂရုစိုက်ရမည်ဖြစ်ပြီး သက်သေမှ ပြောပြလာသည့် အကြောင်းအရာများကိုလည်း ၎င်းကိုယ်တိုင် သေချာ နားလည်အောင် နားထောင်ရပါမည်။ ဥပမာ- တွေ့ဆုံမေးမြန်းသူသည် ၎င်းဘက်မှ ဆွေးနွေးနေသည့် အကြောင်းအရာနှင့် သက်သေဘက်မှ ဆွေးနွေးနေသည့်အကြောင်းအရာများ တစ်ထပ်တည်း ကျမကျကို သိရှိစေရန် အောက်ဖော်ပြပါအတိုင်း ဆန်းစစ်ခဲ့ပါသည်။ အဘယ့်ကြောင့်ဆိုသော် လူတစ်ဦးနှင့် တစ်ဦးအကြား၌ မတူညီသော အဓိပ္ပာယ်ကောက်ယူချက်များ ရှိနေသောကြောင့် ထိုသို့ ဆန်းစစ်ရခြင်း ဖြစ်ပါသည်။

| သက်သေ | တွေ့ဆုံမေးမြန်းသူ |
|---|---|
| အဖေက ဖြူဖြူ့အပေါ်တော့ ကောင်းကောင်း ဆက်ဆံပြီး ကျွန်တော့်ကိုတော့ ရိုက်လေ့ ရှိပါတယ်။ | သူက ဖြူဖြူ့ကို မရိုက်ခဲ့ဘူးလို့ ဆိုလိုတာလား။ |
| ဟုတ်တယ်။ ကျွန်တော့် တစ်ယောက်ထဲကိုပဲ သူ့ | ဒါဆိုရင် ... သူက ဖြူဖြူ့ကို လုံးဝမရိုက်ခဲ့ဘူးလား။ |

| | |
|---|---|
| လက်သီးနဲ့ ထိုးပါတယ်။ ဖြူဖြူ့ကိုတော့ မထိုးခဲ့ပါဘူး။ | |
| အိုး ... သူ ... သူမကို သူ့ခါးပတ်နဲ့တော့ ရိုက်တယ်။ | ဒါဆိုရင် ပြောချင်တာက ... သူက ဖြူဖြူ့ကိုတော့ ခါးပတ်နဲ့ ရိုက်တယ်၊ ဒါပေမယ့် သူ့လက်သီးနဲ့တော့ မထိုးဘူးပေါ့။ ဟုတ်လား။ |
| ဟုတ်တယ်။ | သူ ဖြူဖြူ့ကို ခါးပတ်နဲ့ ရိုက်ခဲ့တဲ့ အချိန်လေးတခုအကြောင်း ပြောပြပေးပါလား။ |

အထက်ဖော်ပြပါ ဥပမာ၌ ... ရိုက်နှက်ခြင်းဟူသည့် စကားလုံး၏ အဓိပ္ပာယ်ကို သက်သေမှ သီးသန့် အဓိပ္ပာယ်ဖွင့်ဆို ထားပါသည်။ သက်သေဆိုလိုသည့် ရိုက်နှက်ခြင်းဆိုသည်မှာ ... လက်သီးကို အသုံးပြုပြီး ထိုးခြင်းပင်ဖြစ်ပါသည်။ ထိုအချက်ကို တွေ့ဆုံမေးမြန်းသူတစ်ဦးအနေဖြင့် ရှင်းလင်းအောင် ပြုလုပ်ရမည်။

## ပြောဆိုခဲ့သည့်အကြောင်းအရာများအပေါ် ပြန်တွေးစေခြင်း

ပြောဆိုခဲ့သည့် အကြောင်းအရာများအပေါ် ပြန်လည်ထင်ဟပ်စေသည့် ဆွေးနွေးခြင်းမျိုးဆိုသည်မှာ ... ပြောဆိုဆွေးနွေးခဲ့ သည့် အကြောင်းအရာများအပေါ် ပြန်လည်အမှတ်ရစေရန် ထပ်ခါထပ်ခါ ပြောဆိုပေးခြင်းကို ဆိုလိုပါသည်။ ထိုသို့ ပြောဆို ပေးခြင်းဖြင့် ၎င်းတို့ ပြောဆိုခဲ့သည့် အကြောင်းအရာများအပေါ် စဉ်းစားသုံးသပ်မှုများ ပြုလုပ်နိုင်ပြီး မသေချာပါက ပြင်ဆင်ခြင်းများလည်း ပြုလုပ်နိုင်ပါမည်။

| သက်သေ | တွေ့ဆုံမေးမြန်းသူ |
|---|---|
| ကျွန်မ အဖေနဲ့ တခါမှ မသိခဲ့ရဘူး။ အိုး ... နောက်ပိုင်း တော့ တွေ့ခဲ့တယ်ထင်တယ်။ ကျွန်မ အစ်မဝမ်းကွဲနဲ့ တုန်းက သူနဲ့ တခါ တွေ့ခဲ့သေးတယ်။ အစ်မက ပြောတာတော့ အဲ့ဒါ ကျွန်မအဖေတဲ့။ | အဖေနဲ့ တူတူ မကြီးပြင်းခဲ့ရဘူးလား။ |
| ဟုတ်တယ်။ သူ ကျွန်မကို ဘယ်တုန်းကမှ လာမကြည့် ခဲ့ဘူးလေ။ | ခင်ဗျားအဖေက ခင်ဗျားကလေးဘဝတုန်းက တခါမှ လာမကြည့်ခဲ့ဘူးလို့ ဘယ်သူပြောလဲ။ |
| အမေပြောတာ။ | ဒါပေမယ့် သူက ဘယ်သူလဲဆိုတာ ခင်ဗျားမိသားစုက တော့ သိတယ်မလား။ |
| ဟုတ် သိပါတယ်။ သူတို့ကတော့ သိတာပေ့ါ။ ကျွန်မ တစ်ယောက်ထဲပဲ မသိခဲ့တာ။ | ခင်ဗျားပြောတော့ ... ခင်ဗျားအစ်မဝမ်းကွဲနဲ့ သူ့ကို တွေ့ခဲ့ တယ်ဆို? |
| ဟုတ်၊ မန္တ လေးမှာတခါ တွေ့ခဲ့တယ်။ | အဲ့တွေ့ခဲ့တဲ့ အကြောင်းလေး ကျွန်တော့်ကို ပြောပြပါအုံး။ |

## နိဂုံးချုပ်

တွေ့ဆုံမေးမြန်းခြင်း၌ ပါဝင်သူတို့သည် အပြန်အလှန် ဆွေးနွေးပြောဆိုရန် လိုအပ်ပါသည်။ တွေ့ဆုံ မေးမြန်းသူ တစ်ဦး၏ အဓိက ရည်ရွယ်ချက်မှာ သတင်းအချက်အလက်များ ရရှိရန် ရှာဖွေစုဆောင်းရခြင်း ဖြစ်သော်လည်း ... ထိုသူ၏ စကားလုံး အသုံးအနှုန်း၊ ဝတ်စား ဆင်ယင်ပုံ၊ ကိုယ်ဟန်အနေအထား၊ မျက်နှာရိပ် မျက်နှာကဲ၊ အသုံးပြုသည့်မေးခွန်းပုံစံ စသည် တို့သည် လူတစ်ဖက်သားအား မတူညီသော စိတ်ခံစားချက်များကို ပေးစွမ်းနိုင်ပါသည်။ ထို့ကြောင့် တခြားသူများနှင့် ပြောဆိုသည့်အခါ မိမိတို့၏ ကိုယ်အမူအရာများကို အထူးဂရုပြုရန်သာမက ... ဝေဖန်ပြစ်တင်သည့် စကားလုံး အသုံးအနှုန်း များကိုလည်း အသုံးမပြုမိစေရန် ဂရုပြုရမည်။

# ကျွမ်းကျင်မှုများ  - ခုခံရေးလမ်းကြောင်း

USAID Legal Aid Tool Kit ၏ အခန်း ၄ မှ - "တရားခွင်ရေးရာ ကျွမ်းကျင်မှုများ" နှင့် အပိုင်း က (၁) မှ "ခုခံရေးလမ်းကြောင်း" ကို ကြည့်ပါ။

## အဖွင့်နိဒါန်း

ပြစ်မှုဆိုင်ရာတရားခံရှေ့နေတစ်ဦးအနေဖြင့် တရားခံ အပြစ်မရှိကြောင်း တင်ပြနိုင်မည့် လျှောက်လဲချက်တစ်ရပ်ကို ပြင်ဆင်ထားရမည်။ တရားခံရှေ့နေသည် အမှုလက်ခံပြီးသည်နှင့် တရားခံဘက်မှ လျှောက်လဲတင်ပြပေးမည့် အမှုသီအိုရီ (အမှုတည်ဆောက်ပုံ) ကို စတင်တည်ဆောက်ထားသင့်သည်။ မြန်မာနိုင်ငံတွင် ... အမှုတစ်ခု၏ သီအိုရီကို "အမှု တည်ဆောက်ပုံ" ဟူ၍ ဥပဒေအရာရှိများက ခေါ်ဆိုကြပြီး တရားခံရှေ့နေများကမူ "ခုခံရေးလမ်းကြောင်း" ဟူ၍ ခေါ်ဆိုကြ သည်။ အချို့သော ခုခံချေပချက်များသည် သက်သေမပြနိုင်သော ကိစ္စရပ်များဖြစ်သည့် (ဥပမာ - အလီဘိုင်ပြခြင်း (မှုခင်း ဖြစ်ပွားချိန်၌ တရားခံသည် အခင်းဖြစ်နေရာတွင် ရှိမနေဘဲ အခြားနေရာတွင် ရှိနေကြောင်း ထုချေချက်)၊ သို့မဟုတ် သဘော တူခွင့်ပြုချက်ပေးခြင်း) များ၌ ဦးတည်အသုံးပြုကြပြီး၊ အခြားသော ခုခံချေပချက်များမှာ ပို၍ယေဘုယျဆန်ပြီး မိမိကိုယ်ကို ခုခံကာကွယ်ခြင်း၊ စိတ်ဖောက်ပြန်ခြင်း၊ ထောက်ချောက်ဆင်ဖမ်းခြင်းစသည့် သက်သေပြနိုင်သည့်နေရာများ၌ အသုံးပြု ကြပါသည်။ ဤ၌ မတူညီသော ချဉ်းကပ်နည်းများရှိသည့်အလျောက် နောက်ဆက်တွဲလုပ်ဆောင်ရမည့်အရာများလည်း ကွဲပြားသွားပါမည်။ တရားခံ ရှေ့နေဘက်မှ ဥပဒေအရာရှိ၏ သက်သေပြရန်တာဝန် ပျက်ကွက်ကြောင်းကို မီးမောင်း ထိုးပြ ရန် ကြိုးစားရာတွင် ထိုပျက်ကွက်ရခြင်းအကြောင်း အသေးစိတ်ကို ဖော်ပြရမည်ဖြစ်ပြီး တရားခံ၌ အပြစ်မရှိကြောင်း မှတ်ယူ ရခြင်းနှင့် ချိတ်ဆက်၍ မီးမောင်း ထိုးပြသွားရမည်ဖြစ်ပါသည်။

## ခုခံရေးလမ်းကြောင်းတစ်ရပ်ကို တည်ဆောက်ခြင်း

ခုခံရေးလမ်းကြောင်းတစ်ရပ်ကို တည်ဆောက်ရန် ပထမအဆင့်မှာ ... တရားခံ စွဲဆိုခံထားရသည့် စွဲချက်အကြောင်းကို သိရှိအောင် ပြုလုပ်ရမည်။ စုံစမ်းထောက်လှမ်းနေသည့်အဆင့်တွင် ... စုံစမ်း ထောက်လှမ်းရေးအရာရှိထံမှ သတင်း အချက် အလက်များစွာ ရရှိနိုင်မည်မဟုတ်ပါ။ ထို့အပြင် တရားခံပုဂ္ဂိုလ် အားလည်း ကန့်သတ်ချက်ဖြင့်သာ တွေ့ဆုံမေးမြန်းနိုင်မည် ဖြစ်သည်။ တရားရုံးတော်သို့ အမှုတွဲတင်သည့် အခါမှသာ ... ပြည့်စုံသော သတင်းအချက်အလက်များဖြစ်သည့် ... ပထမ သတင်းပေးတိုင်ကြားချက်၊ ရဲမှ ဥပဒေအရာရှိထံသို့ ပေးစာ၊ ရှာဖွေပုံစံနှင့် သက်သေစာရင်း တို့ကို ရရှိနိုင်မည်ဖြစ်သည်။ သက်သေခံ ပစ္စည်းများအကြောင်းကို ကြည့်ပါ။

ပြစ်မှုပါ အဓိကအင်္ဂါရပ်များအကြောင်းကို သိရှိနိုင်ရန် သက်ဆိုင်ရာဥပဒေများကို စစ်ဆေးပါ။

ခုခံရေးလမ်းကြောင်းတည်ဆောက်ခြင်း၏ ဒုတိယအဆင့်မှာ ... အမှုဖြစ် အကြောင်းခြင်းရာများကို သေချာစွာ စုံစမ်း ထောက်လှမ်းရန် ဖြစ်သည်။

- အကယ်၍ ဖြစ်နိုင်ပါက မျက်မြင်သက်သေများအား တွေ့ဆုံမေးမြန်းပါ။ ထိုမှသာ ပြစ်မှုပါ အကြောင်းခြင်းရာများနှင့် ပတ်သက်သည့် ၎င်းတို့၏ အမြင်ကို သိရှိနိုင်မည် ဖြစ်ပါသည်။
- အကယ်၍ ဖြစ်နိုင်ပါက ... အမှုနှင့်စပ်ဆိုင်သည့် သတင်းအချက်အလက်များ (စွဲဆိုခံထားရသည့် ပြစ်မှုအကြောင်း၊ သို့မဟုတ် တရားခံ၏ ဝိသေသလက္ခဏာများအကြောင်း) ကို ပြောပြပေးနိုင်မည့် အခြားသော သက်သေများအား လည်း တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ပါ။

---

- တရားလိုဘက်မှ ရရှိလာသည့် သက်သေခံစာရွက်စာတမ်းများနှင့် ကျန်ပစ္စည်းများအားလုံးကို သေချာစွာ စုံစမ်း စစ်ဆေးပါ။
- အကယ်၍ ဖြစ်နိုင်ပါက ... မှုခင်းဖြစ်နေရာကို သွားရောက်လေ့လာစစ်ဆေးပါ။
- တရားခံ၏ ဥပဒေဆိုင်ရာအခွင့်အရေးများနှင့် အခြေခံဥပဒေပါ အခွင့်အရေးများ ချိုးဖောက်ခံထားရခြင်း ရှိမရှိ ကိုလည်း စစ်ဆေးပါ။
- ဖမ်းဆီးခံရသည့်အချိန်တွင် တရားခံကို ၎င်းတွင် နှုတ်ဆိတ်စွာနေပိုင်ခွင့်ရှိကြောင်း ပြောပြခြင်း ခံခဲ့ရပါသလား။
- ဖမ်းဆီးခံရချိန်တွင် ... တရားခံဘက်မှ မေးခွန်းများ မေးပေးနိုင်မည့် တရားခံရှေ့နေ လိုက်ပါခွင့် ရှိခဲ့ပါသလား။
- ကြောင်းကျိုးဆီလျော်ခြင်းမရှိသည့် ရှာဖွေခြင်းများ၊ တရားခံကို ဖမ်းဆီးခြင်း၊ နှင့် ၎င်းပိုင်ပစ္စည်းများအား သိမ်းယူ ခြင်းများ ရှိခဲ့ပါသလား။ ဖမ်းဆီးခြင်း (သို့) ရှာဖွေဝရမ်းများသည် မည်သည့် အကြောင်းရင်းများကြောင့် ဖြစ်နိုင် သနည်း။

---

တတိယအဆင့်မှာ ... တရားခွင်၌ သင့်အမှုသည်အတွက် မည်သို့ ခုခံချေပ ပေးသွားမည်ကို စဉ်းစားဆုံးဖြတ်ရန် ဖြစ်ပါ သည်။ ထို့အပြင် တရားခံရှေ့နေမှ အမှုအတွက် ပြင်ဆင်နေစဉ်အတွင်း အမှုဖြစ် အကြောင်းခြင်းရာများကို တစ်ဖက်ထဲမှသာ စဉ်းစားခြင်းမပြုဘဲ နှစ်ဖက်ရှုထောင့်မှ စဉ်းစားတွေးခေါ်ပေးရမည်။ ထိုမှသာ အောက်ဖော်ပြပါ ကိစ္စရပ်များအပေါ် ဆုံးဖြတ်နိုင်မည် ဖြစ်ပါသည်။

- နှစ်ဖက်အမှုသည်များ အပြန်အလှန်လက်ခံနိုင်မည့် အကြောင်းခြင်းရာများ --- ထိုအကြောင်းခြင်းရာများသည် တရားခွင် ၌ အငြင်းပွားစရာမလိုတော့သည့် အရာများ ဖြစ်ကြသည်။ ဥပဒေအရာရှိဘက်မှ သေချာစွာသက်သေပြနိုင်သည်ဟု ယူဆသည့် အချက်များအပေါ်၌သာ သဘောတူရမည်ဖြစ်သည်။ ထိုအချက်များသည် အငြင်းပွားရန် မလိုတော့သည့် အချက်များပင် ဖြစ်ပါသည်။
- နှစ်ဖက်အမှုသည်များ အပြန်အလှန်လက်မခံနိုင်သည့် အကြောင်းခြင်းရာများသည် --- အမှုအတွင်း၌ အချေအတင် ငြင်းခုံကြရမည့်အရာများ ဖြစ်ကြသည်။ ထို့အခြေအနေမျိုးတွင် သင့်၏ အဆိုပြုချက်များ မှန်ကန်နေကြောင်းကို အခိုင် အမာ ပြသနိုင်မည့် အမှုသီအိုရီ (အမှုတည်ဆောက်ပုံ) တစ်ခုကို ကောင်းမွန်စွာ တည်ဆောက်ထားရမည်။
- သင့်အမှု၏ အားနည်းချက်များနှင့် တရားလို၏ အားနည်းချက်များကို ရှာဖွေထားပါ။ ပြီးနောက် သင့်အမှု၏ အားနည်း ချက်များကို လျော့ပါးသွားစေနိုင်မည့်အရာများနှင့် တရားလို၏ အားနည်းချက်များကို အသုံးပြုပြီး ၎င်းတို့အမှု ပျက်ပြား သွားစေနိုင်မည့် အရာများကို စဉ်းစားထားပါ။ ဥပဒေအရာရှိ၏ အမှုခိုင်မာပုံနှင့် ကြောင်းကျိုးညီညွတ်မှု၊ လုံလောက်မှုရှိပုံကို ချင့်တွက်နိုင်ရန် ... နောက်ဆက်တွဲစာမျက်နှာများတွင်ပါရှိသော IBJ တရားမျှတမှုစင်တာများ၏ ပြစ်မှုအင်္ဂါရပ်များနှင့် အမှုကို သုံးသပ်ခြင်း ဆိုင်ရာပုံစံစာရွက်များကို ကြည့်ပါ။ နိတီးပါ။ စွဲဆိုခံထားရသည့် ပြစ်မှုများ၏ အင်္ဂါရပ်များကို တည်ဆောက်ရာတွင် ကွာဟချက်များ ရှိနေပါသလား။
- မိမိဘက်မှ တည်ဆောက်ရန်လိုသည့် အချက်များကို ဖော်ထုတ်ထားပါ။ (ဥပမာ --- မျက်မြင်သက်သေများသည် အမြင်အာရုံအားနည်းသူများ ဖြစ်နေခြင်း (သို့) တရားခံ၌ အလီဘိုင်ပြနိုင်ခြင်း)။

- ထိုအချက်များကို တည်ဆောက်ရာတွင် လိုအပ်မည့် သက်သေများကိုလည်း ရှာဖွေထားပါ။
- တရားလိုဘက်မှ သက်သေများသည် ယုံကြည်ထိုက်သော သက်သေများ ဖြစ်မဖြစ်ကိုလည်း ဆုံးဖြတ်ထားပါ။
- အတည်ပြုစစ်ဆေးရန်အတွက် မှုခင်းဖြစ်နေရာသို့ သွားရောက်လေ့လာပါ။ ဥပမာ - မှုခင်းဖြစ်စဉ်က မျက်မြင်သက်သေ ရှိနေခဲ့သည့်နေရာသည် မှုခင်းဖြစ်စဉ်များကို အမှန်တကယ် မြင်နိုင်စွမ်းရှိမရှိ)။
- သင့်အမှုသီအိုရီ (အမှုတည်ဆောက်ပုံ) ကို အားနည်းသွားစေနိုင်သည့် အချက်များကိုလည်း ဖော်ထုတ်ပါ (ဥပမာ - တရားခံက အခင်ဆုံးသူငယ်ချင်းနှင့်အတူရှိနေသည်ဟု အလီဘိုင်သက်သေပြရာတွင် ထိုသူငယ်ချင်းသည် လိမ်လည် တတ်သူ ဖြစ်နေခြင်း။)
- ပြစ်မှုဆိုင်ရာ တရားခံရှေ့နေတစ်ဦးအနေဖြင့် … ၎င်းအမှုအတွက် အကောင်းဆုံးဖြစ်နိုင်မည့် နည်းဗျူဟာများကို ရှာဖွေ ဖော်ထုတ်နေခြင်းထက် တရားလို၏ သက်သေပြရန် တာဝန်များ နှင့် မိမိအမှုသည် အပြစ်ကင်းစင်ကြောင်း ပြသနိုင် မည့် အချက်များကိုသာ အသားပေး၍ ရှာဖွေသင့်သည်။

တစ်ဖက်အမှုသည်မှ တင်ပြလိုက်သည့် သက်သေခံချက်များကို ဆန့်ကျင်ဘက်အမှုသည်မှ မဟုတ်မမှန်ကြောင်း ပြောဆို နေပါက စွပ်စွဲခံရသူသည် တစ်ခုထက်ပိုသည့် ချေပချက်များကို ပေးနိုင်သည်။ တစ်ခုထက်ပိုသည့် ချေပချက်များကို ပေး၍ ရသော်လည်း (ဥပမာ - အချက်အလက် အကြောင်းခြင်းရာများသည် တစ်ခုထက်ပိုသည့် ခုခံချေပချက်များနှင့် ကိုက်ညီ နေသည့်အခါ) ထိုသို့ပေးခြင်းကိုကား မတိုက်တွန်းလိုပါ။ ထိုအခြေအနေမျိုးတွင် မိမိအမှုသည်အတွက် အကောင်း ဆုံး ဖြစ်စေနိုင်မည့် ခုခံချေပချက်မျိုးကိုသာ ရွေးချယ်၍ ပေးရပါမည်။ တစ်ခုထက်ပိုသော ခုခံချေပချက်များပေးခြင်းသည် စည်းမျဉ်းတစ်ရပ်မဟုတ်ဘဲ ခြွင်းချက်တစ်ရပ်သာ ဖြစ်သည်။

## အမှုဖြစ်ဇာတ်လမ်း တင်ပြပုံ နည်းလမ်းများ

စုံစမ်းထောက်လှမ်းနေသည့်အဆင့်နှင့် တရားခွင် အမှုရင်ဆိုင်ရန် ပြင်ဆင်နေစဉ်အတွင်း ပြစ်မှုဆိုင်ရာတရားခံရှေ့နေသည် ၎င်းအမှုသည်အတွက် ခုခံရေးလမ်းကြောင်းကို စတင်ပြင်ဆင်ထားသင့်သည်။ ထိုပြင်ဆင်ထားသည့် ခုခံ**ရေး လမ်း**ကြောင်း ကိုလည်း စဉ်ဆက်မပြတ် ဆန်းစစ်ပေးရမည်။ ခုခံရေးလမ်းကြောင်း၌ အပိုင်း ၃ ပိုင်း ပါရှိသည်။ ၎င်းတို့မှာ - စပ်ဆိုင်သည့် ဥပဒေ၊ အမှုဖြစ် **အ**ကြောင်းခြင်းရာနှင့် စိတ်ခံစားမှုအပိုင်းတို့ ဖြစ်သည်။ တရားရုံးတော်၌ ပြစ်မှုဆိုင်ရာ တရားခံရှေ့နေ သည် … ခုခံရေးလမ်းကြောင်းကို အသုံးပြုပြီး တရားခံ၏ ဇာတ်လမ်းကို တင်ပြပေးရမည်။ ထိုသို့ ဇာတ်လမ်းတင်ပြရာ၌ လည်း အပိုင်း ၃ ပိုင်း**ပါ**ရှိပါသည်။ ၎င်းတို့မှာ - ပင်မခုခံရေးလမ်းကြောင်း၊ ထိုခုခံရေးလမ်းကြောင်းကို ထောက်ပံ့ပေးမည့် သီအိုရီနောက်ဆက်တွဲများ၊ နှင့် တရားရုံးတော်သို့ နှုတ်ဖြင့် လျှောက်လဲတင်ပြခြင်းတို့ပင်ဖြစ်ပါသည်။ ထိရောက်မှုရှိသည့် ခုခံချေပချက်တစ်ရပ်ကို တင်သွင်းနိုင်ရန် … လျှောက်ထားသူ၏ အသံနေအသံထား၊ မေးခွန်းများ မေးမြန်းရာတွင် သင့်လျော် သည့် အရှိန်နှုန်း၊ စည်းချက်ဝါးချက် **ကိုက်**ညီနေမှု၊ ကိုယ်အမူအရာ မျက်နှာရိပ်ကဲ၊ နှင့် အလင်္ကာမြောက်သော အသုံးအနှုန်း များကို အသုံးပြုရမည်။ ထိုမှသာ အချက်အလက်များကို ရှာဖွေနိုင်မည့် ပတ်ဝန်းကျင်တစ်ရပ် ဖန်တီးနိုင်မည်ဖြစ်ပြီး ထိုပတ်ဝန်းကျင်မှတဆင့် တရားရုံးတော်**က**လည်း တင်သွင်းလာသည့် သက်သေခံချက်များကို ကောင်းစွာ ချင့်တွက်နိုင်မည် ဖြစ်ပါသည်။

## စီရင်ချက် ချမှတ်ခြင်း

- ပြစ်မှုဆိုင်ရာ တရားခံရှေ့နေသည် ဖြစ်ရပ်မှန်အခြေအနေများအပေါ် အခြေခံပြီး မိမိအမှုသည်၏ အကျိုးစီးပွား အတွက် ယေဘုယျကျသည့် ခုခံကာကွယ်ရေးလမ်းကြောင်းတစ်ရပ်ကို တည်ဆောက်**ပေး**ရမည်။ ထိုသို့ တည် ဆောက်နေစဉ်အတွင်း ချမှတ်သင့်သည့် ဆုံးဖြတ်ချက်များကိုလည်း ချမှတ်သွားရမည်ဖြစ်ပါသည်။

- ပြစ်မှုဆိုင်ရာတရားခံရှေ့နေသည် ၎င်း၏ ခုခံရေးလမ်းကြောင်းကို အသုံးပြုပြီး လိုအပ်သည့် စုံစမ်း ထောက်လှမ်းမှု များနှင့် တရားခွင်တွင် အမှုရင်ဆိုင်ရန် ပြင်ဆင်ခြင်းများကို လုပ်ဆောင်ရမည်။ အမှုတည်ဆောက်ပုံ အရ ခုခံရေး လမ်းကြောင်းအတွက် လိုအပ်မည့် အချက်အလက်များနှင့် သက်သေခံချက် များကိုလည်း ရှာဖွေ စုဆောင်း ထားရ မည်။ မည်သို့ပင်ဖြစ်စေကာမူ တရားခံရှေ့နေသည် ၎င်း၏ ခုခံရေးလမ်းကြောင်း အတွင်း၌ ပိတ်မိမနေစေရပါ။ စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်လာသည်နှင့်အမျှ မိမိအမှုသည်အတွက် အကျိုးမဖြစ်ထွန်းစေမည့် အမှု သီအိုရီ များနှင့် အကျိုးဖြစ်ထွန်းစေနိုင်မည့် အမှုသီအိုရီ (အမှုတည်ဆောက်ပုံ) များကို ကောင်းစွာသိရှိလာနိုင်မည် ဖြစ် သည်။

## ခုခံရေးလမ်းကြောင်းတစ်ရပ် တည်ဆောက်ခြင်း

အောက်ဖော်ပြပါ မေးခွန်းများသည် တရားခံရှေ့နေများအတွက် ယုတ္တိရှိသော ခုခံရေးလမ်းကြောင်း တစ်ရပ်**ကို** တည်ဆောက်နိုင်ရန် ကူညီပေးပါမည်။

၁။ သင့်၏ ခုခံရေး လမ်းကြောင်းက ဘာလဲ။ (ဥပမာ - အပြစ်ကင်းစင်ကြောင်း၊ အလီဘိုင်သက်သေ၊ လူမှားပြီး စွပ်စွဲ ခံရခြင်းများ၊ မိမိကိုယ်ကိုယ် ခုခံကာကွယ်ခြင်း)
၂။ သင့်၏ ခုခံရေးလမ်းကြောင်းသည် အကောင်းဆုံးဖြစ်သည်ဟု အဘယ့်ကြောင့် ဆိုနိုင်သနည်း။
၃။ စပ်ဆိုင်သည့်ဥပဒေများမှာ အဘယ်နည်း။ ပြစ်မှု၏ အင်္ဂါရပ်များမှာ အဘယ်နည်း။ သင့်၏ ခုခံရေး လမ်းကြောင်း သည် အမှုသည်အပြစ်မရှိကြောင်းကို မည်သို့ သက်သေပြနိုင်သနည်း။
၄။ ခုခံရေးလမ်းကြောင်းပါ မည်သည့်အကြောင်းခြင်းရာများသည် ပြောင်းလဲ၍ မရဘဲ ရှင်းပြရမည့် အချက်များဖြစ် သနည်း။
၅။ အမှုသည်အား ကောင်းကျိုးပေးနိုင်မည့်အချက်များမှာ အဘယ်နည်း။
၆။ အမှု၌ မည်သို့သော အမှုတင်ဆက်ပုံအာဘော်များ (Emotional Theme) ကို အဓိက အသုံးပြုနိုင်သနည်း။
၇။ ဥပဒေအရာရှိသည် ၎င်း၏ လျှောက်လဲချက်အခင်းအကျင်းတွင် မည်သို့သော အာဘော်များ (Emotional theme) ကို အများဆုံး အသုံးပြုလာနိုင်မည်နည်း။ ထိုအာဘော်များ (Emotional Theme) ကို ခုခံချေပရန် သင့်ဘက်မှ မည်သို့သော ခုခံရေးလမ်းကြောင်း **(defense line)** နှင့် အာဘော် (Emotional Theme) ကို ပြန်လည် အသုံးပြု မည်နည်း။
၈။ တရားလိုပြသက်သေစာရင်းနှင့် ၎င်းတို့ တစ်ဦးချင်းထံသို့ မေးမည့် မေးခွန်းများကို ပြင်ဆင်ထားပါ။ ထိုသက်သေ တစ်ဦးစီအတွက် ပြန်လှန်စစ်မေးမည့် မေးခွန်းများနှင့် မီးမောင်းထိုးပြလိုသည့် အချက်များကိုလည်း စာရင်းပြုစု ထားပါ။

၉။ တရားခံပြသက်သေစာရင်း နှင့် ၎င်းတို့အား မေးမည့် မေးခွန်းများကို ပြင်ဆင်ထားပါ။ ထို့နောက် မေးခွန်းမေးလို သည့် ပုံစံကိုလည်း အကျဉ်းချုပ် ချရေးထားပါ။

၁၀။ အကယ်၍ တရားခံက ထွက်ဆိုပေးရန် လက်ခံခဲ့လျှင် ... တရားအား တိုက်ရိုက်မေးခွန်းများ မေးသည့်အခါ သင် အဓိကရယူလိုသည့်အချက်များကို စာရင်းပြုစုထားပါ။ တရားခံ၏ ထွက်ဆိုချက်က သင့်၏ ခုခံရေးလမ်းကြောင်း ကို မည်သို့ ခိုင်မာစေနိုင်သနည်း။ အမှုတွင် တရားခံက ထွက်ဆိုချက် ပေးခြင်း၊ မပေးခြင်း၏ ကောင်းကျိုး၊ ဆိုးကျိုးများမှာ အဘယ်နည်း။

၁၁။ ပြီးပြည့်စုံသော ခုခံရေးလမ်းကြောင်းတစ်ရပ် ရရှိနိုင်ရန် မည်သို့သော စုံစမ်းထောက်လှမ်းမှုများကို ထပ်မံ ပြုလုပ်ရ မည်နည်း။

၁၂။ သက်သေခံချက်များနှင့်ဆိုင်သည့် ဖြေရှင်းရန် အခြားပြဿနာများ ရှိပါသလား။ ထိုပြဿနာများသည် သင့်၏ ခုခံရေး လမ်းကြောင်းကို အားသာသွားစေသလား၊ သို့တည်းမဟုတ် အားနည်းသွားစေသလား။ ထို့အပြင် သင့်၏ ခုခံရေးလမ်းကြောင်းနှင့် ကိုက်ညီမှုမရှိသည့် သက်သေခံချက်များအပေါ် သင်မည်သို့ ရှင်းပြမည်နည်း။

၁၃။ သင့်၏ခုခံရေးလမ်းကြောင်းကို အချက်ကျကျဖော်ပြပေးနိုင်မည့် လျှောက်လဲချက်များ ပြင်ဆင်ထားပါ။

## အမှုဖြစ်ဇာတ်လမ်းကို ပြန်လည်ပြောပြခြင်း - တရားရုံးတော်၌ တင်သွင်းမည့် ခုခံရေး လမ်းကြောင်းအခင်းအကျင်း

တရားခံရှေ့နေတစ်ဦးအနေဖြင့် မိမိအမှုသည်အတွက် ထိရောက်စွာခုခံချေပပေးနိုင်ရန် တရားရုံးတော်၌ အမှုဇာတ်ကြောင်း ကို ကောင်းစွာ တင်ပြပေးနိုင်ရမည်။ ကျစ်လစ်ထိရောက်စွာ တင်ပြပေးနိုင်ပါက အမှုဖြစ် အကြောင်းခြင်းရာများအပေါ် ဆုံးဖြတ်ချက်ပေးမည့် တရားသူကြီးများ၏ ယုံကြည်မှုကိုလည်း ရရှိနိုင်မည် ဖြစ်သည်။ ကောင်းမွန်စွာ ဖန်တီးထားသည့် ဇာတ်လမ်းတစ်ပုဒ်သည်ပင် ဇာတ်ညွှန်း၊ ဇာတ်ကွက်ကောင်းကောင်း ရှိရန် လိုအပ်ပါသည်။ ထိုနည်းတူစွာ ... တရားခံဘက်မှ အကောင်းဆုံး ခုခံချေပပေးနိုင်မည့် (ခုခံရေးလမ်းကြောင်းပါ အချက်အလက်များကို သေချာစွာ ရှင်းလင်းပေးနိုင်မည့်) ဇာတ်ညွှန်းကောင်း တစ်ပုဒ်လည်း လိုအပ်ပါသည်။

### ပြစ်မှုဆိုင်ရာတရားခံရှေ့နေသည် တရားရုံးတော်၌ အဘယ့်ကြောင့် ပုံပြောခြင်းနည်းလမ်းများကို အသုံးပြု ရမည်နည်း။

ပုံပြောခြင်းသည် ပြစ်မှုဆိုင်ရာတရားခံရှေ့နေအတွက် ဇာတ်ခုံခင်းခြင်း၊ ဇာတ်ညွှန်းပါ ဇာတ်ကောင်များ၏ စရိုက်နှင့် မိတ်ဆက်ပေးခြင်း၊ ဇာတ်ညွှန်းတင်ဆက်ရန် ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးခြင်း၊ စဉ်းစား တွေးခေါ်ထားသည့် အတွေးအခေါ် များကို ပုံစံကျနသော ဇာတ်အိမ်အတွင်းသို့ ဝင်အောင် ထည့်သွင်းခြင်းဖြင့် တရားသူကြီးများအား အမှုဇာတ်လမ်းနှင့် ရင်းနှီးကျွမ်းဝင်အောင် ပြုလုပ်ပေးရပါမည်။ ထိုသို့ ပုံစံတကျ မပြုလုပ်နိုင်ပါက ... တရားသူကြီးများသည် ဥပဒေအရာရှိမှ လျှောက်လဲတင်ပြမည့် သက်သေ ထွက်ဆိုချက် များနှင့် သက်သေများကိုသာ နားလည်သဘောပေါက်သွားမည် ဖြစ်ပါ သည်။ ထိုသို့မဟုတ်ဘဲ ပြစ်မှုဆိုင်ရာ တရားခံရှေ့နေမှ အမှုဖြစ် အကြောင်းအရာများအပေါ် စနစ်တကျ တင်ပြနိုင်ပါက ... အမှုသည်များ၏ အဖြစ်အပျက် အတွေ့အကြုံများအပေါ် တရားသူကြီးများမှလည်း နားလည်သဘောပေါက် လာမည်ဖြစ်ပြီး ထိုအမှုသည်များ နေရာမှ နေ၍လည်း နားလည်ပေးလာနိုင်မည် ဖြစ်သည်။

ထိုသို့ ပုံပြောရခြင်း၏ အရေးပါသည့်အချက်မှာ - တရားသူကြီးများသည် တရားခံများ၏ လျှောက်လဲချက်များကို ကြားနာရာတွင် ကိုယ်ချင်းစာတရား လက်ကိုင်ထားပြီး ၄င်းတို့ရင်ထဲ၊ နှလုံးသားထဲကပါ နားထောင်ပေးလာနိုင်မည် ဖြစ်ပါသည်။ "အကြောင်းပြချက်အပေါ် မူတည်ပြီး ဆုံးဖြတ်သူများ" ၏ ဆုံးဖြတ်ချက်များသည် အချိန်မရွေး ပြောင်းလဲသွားနိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ၄င်းတို့သည် အောက်ဖော်ပြပါ စဉ်းစားနည်းပုံစံများကို အသုံးပြုပြီး အမှုတစ်ခုအပေါ် စဉ်းစား သုံးသပ်ကြသောကြောင့် ဖြစ်ပါသည်။ "ကျွန်တော့် (တရားခံရှေ့နေ) ရဲ့အမြင်တွေက ကြောင်းကျိုးဆီလျော်ပြီး ယုတ္တိရှိတဲ့ အမြင်တွေ ဖြစ်ပါတယ်။ ထိုအရာတွေထဲက အပြစ်အနာအဆာတစ်ခုကို ကြောင်းကျိုးညီညွတ်စွာ အသင်တို့ (တရား သူကြီးများ)ဘက်က ထောက်ပြနိုင်မယ်ဆိုရင် ... ကျွန်တော့်အမြင်တွေကို ပြောင်းလဲပစ်ဖို့ စဉ်းစားပါ့မယ်။" ထိုသို့ မဟုတ်ဘဲ ... စိတ်ခံစားချက်၊ နှလုံးသားအပေါ် အခြေခံပြီး အမှုကိစ္စတစ်ခုအပေါ် စဉ်းစားသုံးသပ်ပါက ... "ကျွန်တော်မှန်တယ်၊ ခင်ဗျားမှားတယ်။ ဒါ့ကြောင့် ခင်ဗျားရဲ့အမြင်တွေကို ပြောင်းလဲလိုက်ရမယ်" ဟူ၍ ဖြစ်လာနိုင်ပါသည်။

## နိဂုံးချုပ်

ခုခံရေးလမ်းကြောင်းတစ်ရပ်ကို တည်ဆောက်ရန်အတွက် ... တရားခံရှေ့နေသည် ဥပဒေအရာရှိ၏ အမှုတည်ဆောက်ပုံကို ဦးစွာ ဆန်းစစ်သင့်သည်။ ထို့နောက် အမှုနှင့်သက်ဆိုင်သည့် ဥပဒေများ၊ ပြစ်မှုဆိုင်ရာအကြောင်းခြင်းရာများ၊ နှင့် စိတ် ခံစားချက်အခြေအနေများကို လေ့လာပြီး တစ်ဖက်အမှုသည်အား ပြန်လည်ချေပနိုင်မည့် ဇာတ်လမ်းတစ်ရပ်ကို တည်ဆောက်ရမည်။ ကောင်းမွန်သည့် ခုခံရေးလမ်းကြောင်းတစ်ရပ်သည် စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်ရာတွင် လည်းကောင်း၊ တရားခွင်၌ သက်သေများမှ ထွက်ဆိုချက်ပေးရာတွင်လည်းကောင်း များစွာ အထောက်အကူ ဖြစ်စေပါ သည်။ ကြောင်းကျိုးဆီလျော်ပြီး တဖက်သားနားဝင်လွယ်မည့် အမှုဇာတ်ကြောင်းများကို တင်ပြနိုင်ပါက ... အမှုသည်အား ပြစ်ဒဏ်လျှော့ပေါ့ သက်ညှာစေရန် သို့မဟုတ် ပြစ်မှုမှ လွတ်ငြိမ်းခွင့်ရစေရန် တရားသူကြီးများထံမှောက်၌ တောင်းဆိုနိုင် သည်။ ထို့အပြင် အမှုသည်၏အပြစ်ကင်းစင်ကြောင်း သက်သေပြရာတွင် များစွာအထောက်အကူ ဖြစ်စေနိုင်ပါသည်။

# ကျွမ်းကျင်မှုများ - တိကျသည့် ခုခံရေးလမ်းကြောင်းများကို တည်ဆောက်ခြင်း

မြန်မာ့တရားရေးမှုဘောင်နှင့် ကျင့်သုံးလိုက်နာရမည့်အခြေအနေများအရ တရားခံအတွက် ခုခံချေပပေးနိုင်မည့် အချက် များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## သက်သေပြရန်တာဝန်များကို တရားလိုဘက်မှ ပြည့်စုံစွာ သက်သေပြနိုင်ပါသလား။

အမှုသည် အပြစ်ရှိကြောင်း သက်သေမပြနိုင်သရွေ့ ထိုအမှုသည်အား အပြစ်ကင်းစင်သည်ဟု မှတ်ယူရပါမည်။ ဥပဒေအရ စစ်ဆေးစီရင်ခြင်းမပြုဘဲ မည်သူတစ်ဦးတစ်ယောက်ကိုမှ အပြစ်ရှိသည်ဟု မဆိုနိုင်ပါ။ အမှုသည် အပြစ်ရှိကြောင်း သက်သေ ပြရန်မှာ တရားလိုရှေ့နေများ၏ တာဝန်ပင် ဖြစ်ပါသည်။ ဆိုလိုသည်မှာ ... အချက်အလက်များသည် ထင်ရှားကြောင်းနှင့် သက်သေခံချက်များသည် သံသယကင်းရှင်းကြောင်း တရားလိုဘက်မှ သက်သေပြရမည်။ တရားခံ၏ အခွင့်အရေးများ အပိုင်းတွင် ကြည့်ပါ။

ခုခံချေပချက်များအတွက် ပြင်ဆင်မှုမပြုခင် ... ရရှိလာသည့် သက်သေခံချက်များအရ အမှန်တကယ် မှုခင်းဖြစ်ပွားခဲ့ခြင်း ရှိမရှိကို ရှေ့နေမှ ဆန်းစစ်ရမည်။ မှုခင်းဖြစ်ပွားခဲ့ကြောင်း မှန်ကန်ပါက ... တရားလိုဘက်မှ ပြစ်မှုမြောက်သည့် သက်သေခံ ချက်များ တင်သွင်းနိုင်ခဲ့ခြင်းရှိ၊မရှိကိုလည်း ထပ်မံဆန်းစစ်ရမည်။ ထို့အပြင် အမှုနှင့် သက်ဆိုင်သည့် သက်သေခံချက်များ သည် ယခုစွဲဆိုခံထားရသည့် ပြစ်မှုနှင့်မဟုတ်ဘဲ အခြားသေးငယ်သည့် ပြစ်မှုများနှင့် ကိုက်ညီမှုရှိ၊ မရှိကိုလည်း သေချာစွာ စဉ်းစားသုံးသပ်ရမည်။ ထိုသို့စဉ်းစားသုံးသပ်မှုများ ပြုလုပ်ရာတွင် အောက်ဖော်ပြပါမေးခွန်းများကို အသုံးပြုပါ။

- တရားခံ စွပ်စွဲထားခံရသည့် ပြစ်မှုအင်္ဂါရပ်များမှာ အဘယ်နည်း။ ဥပမာ -
  မိမိ သဘောဆန္ဒအလျောက် ကျူးလွန်ခဲ့ခြင်း - အမှုသည်သည် ၄င်း၏ စိတ်ဆန္ဒအလျောက် လုပ်ဆောင်ခဲ့ပါ သလား။ ထိုသို့ ၄င်း၏ သဘောဆန္ဒအလျောက် ပြစ်မှုကျူးလွန်ခဲ့ခြင်းကို ထင်ရှားစေရန် တရားလိုဘက်မှ မည်သည့် သက်သေခံချက်များ တင်သွင်းထားသနည်း။

  စိတ်အခြေအနေ - တရားခံသည် မည်သည့်စိတ်အခြေအနေမျိုးဖြင့် ပြစ်မှုမြောက်စေသော လုပ်ဆောင်မှုကို ပြုလုပ်ခဲ့သနည်း။ (ဥပမာ - တင်ကူးကြံရွယ်ချက်ရှိခြင်း၊ နောက်ဆက်တွဲ အကျိုးဆက်များအပေါ် ဥပေက္ခာပြုခြင်း၊ ပေါ့လျော့ခြင်း)။ ပြစ်မှုမြောက်သည်ဟု သိလျက်နှင့် ကျူးလွန်သော ပြစ်မှုများ ဖြစ်နေပါသလား (ထိုသို့ ပြစ်မှု မြောက်သည်ဟု သိလျက်နှင့် ကျူးလွန်သော ကိစ္စရပ်များတွင် တရားခံ၏ ကြံရွယ်ချက်ကို ဖော်ပြပေးနိုင်သည့် သက်သေခံချက်များကို ဥပဒေအရာရှိဘက်မှ သက်သေပြရန် တာဝန် ရှိ၊မရှိ)။ တရားခံ၏ လုပ်ဆောင်ချက်များ သည် ပြစ်မှုတစ်ခုမြောက်စေမည့် ကြံရွယ်ချက်များ ရှိနေကြောင်း၊ ထိုသို့သော ပြစ်မှုကို ကျူးလွန်ရန် တိကျသည့် အသိပညာဗဟုသုတနှင့် ကျွမ်းကျင်မှုများ ရှိနေကြောင်း (သို့) ထိုပြစ်မှုသည် ပေါ့လျော့မှုကြောင့် ဖြစ်ပွားခဲ့ကြောင်း စသည့် အချက်များကို သက်သေပြရန်အတွက် တရားလိုဘက်မှ မည်သည့် သက်သေခံချက်များကို တင်သွင်းထား သနည်း။

အကြောင်းနှင့် အကျိုး - အမှုသည်၏ လုပ်ဆောင်ချက်သည် အဆုံးစွန်သောထိခိုက်ဒဏ်ရာကို ရစေခဲ့ပါသလား။

တိုက်ရိုက် သက်ဆိုင်နေသည့် အကြောင်းတရား - ဥပဒေအရ အပြစ်ပေးခြင်း မခံထိုက်ဟု မှတ်ယူရလောက်အောင် အမှုသည်၏ လုပ်ဆောင်ချက်များသည် ၄င်းကို စွပ်စွဲထားသည့် ပြစ်မှု အင်္ဂါရပ်များနှင့် ကွာဟနေပါသလား။

ဥပဒေအရတာဝန်ရှိခြင်း - ဤအခြေအနေတွင် ... အမှုသည်က ၄င်း၏ ဥပဒေအရတာဝန်ရှိမှုကို ကျင့်သုံးနိုင်ရန် အတွက် မည်သို့သော လုပ်ဆောင်ချက်များကို တိကျစွာ ဆောင်ရွက်ရမည်ဟု ဥပဒေက ပြဋ္ဌာန်းထားပါသလား။

- ပြစ်မှုတစ်ခု၏ အင်္ဂါရပ်များကို မည်သည့်ဥပဒေများက အနက်အဓိပ္ပာယ်ဖွင့်ဆိုထားသနည်း။ ထိုဥပဒေများသည် အချင်းချင်း ဆန့်ကျင်နေပါသလား။
- ဥပဒေအရာရှိသည် အမှုသည်အား ပို၍ သေးငယ်သော ပြစ်မှုဖြင့် စွဲချက်တင်သင့်ပါသလား။
- စွပ်စွဲခံရသည့်ပြစ်မှုပါ အင်္ဂါရပ်များအားလုံးနှင့် ကိုက်ညီကြောင်း သက်သေပြနိုင်ရန် သက်သေခံချက် မည်မျှကို တင်သွင်းပေးရမည်နည်း။ အမှုသည် အမှန်တကယ် စွဲချက်တင်ခံရသင့်သည့် ပြစ်မှုပါအင်္ဂါရပ်များမှာ မည်သည် များ ဖြစ်သနည်း။
- တင်သွင်းထားသည့် သက်သေခံချက်များသည် စွပ်စွဲထားသည့် ပြစ်မှုပါ အင်္ဂါရပ်များအားလုံးနှင့် ကိုက်ညီမှု ရှိနေပါ သလား။ စွပ်စွဲထားသည့် ပြစ်မှုပါ အင်္ဂါရပ်များနှင့် သက်ဆိုင်သည့် ဥပဒေဆိုင်ရာ စည်းမျဉ်းစည်းကမ်းများမှာ အဘယ်နည်း။ တရားလို၏ အမှုအား မည်သည့်သက်သေခံချက်များက ထောက်ပံ့ပေးနေသနည်း။ မည်သည့် သက်သေခံချက်များသည် တရားလို၏ ထွက်ဆိုချက်များနှင့် ကိုက်ညီမှု ရှိမနေသနည်း။
- အကယ်၍ ဥပဒေအရာရှိဘက်မှ အမှုနှင့်သက်ဆိုင်သည့် လုံလောက်သော သက်သေခံချက်များကို မတင်ပြနိုင်ခဲ့ လျှင် (သို့) သေးငယ်သော ပြစ်မှုများကိုပင် သက်သေမပြနိုင်ခဲ့လျှင်၊ ထိုသို့ မတင်ပြနိုင်ခြင်းအကြောင်းကို ပြစ်မှုဆိုင်ရာတရားခံရှေ့နေမှ တရားရုံးတော်သို့ လျှောက်လဲတင်ပြရမည်။ တဆက်တည်းမှာပင် အမှုသည် အပြစ် မရှိကြောင်းနှင့် ယင်းအမှုသည်အား အမှုမှ အပြီးအပိုင်လွှတ်ပေးပါရန် လျှောက်ထား တောင်းပန်ရမည်။

## အကယ်၍ အမှုဖြစ် အကြောင်းခြင်းရာများကို ငြင်းဆန်၍မရနိုင်ခဲ့ပါက ကိုယ်လွတ်ခုခံချက်များ ကို ပေး၍ ရနိုင်ပါသလား။

အချက်အလက် ခိုင်လုံစွာ တင်သွင်းလာသည့် ခုခံချေပချက်များတွင် ... ရှေ့နေသည် အမှုသည် စွပ်စွဲခံထားရသည့် ပြစ်မှု၏ အင်္ဂါရပ်များအား ငြင်းဆန်ခြင်းမပြုဘဲ တရားခံ အပြစ်ကင်းစင်ကြောင်းကိုသာ ကြိုးစား၍ သက်သေပြရပါမည်။ ထိုသို့သော ချေပချက်များတွင် ရှေ့နေသည် သက်သေများ၏ ထွက်ဆိုချက်များ (သို့) လက်ဆုပ်လက်ကိုင်ပြနိုင်မည့် သက်သေခံ ပစ္စည်းများကို အသုံးပြုရပါမည်။ တရားခံ ပြစ်မှုကျူးလွန် ခဲ့ကြောင်းကို မငြင်းဆန်နိုင်ခဲ့ပါက ယင်းတရားခံ ထိုသို့ ပြုလုပ်ခဲ့ရ သည့် အကြောင်းရင်းများကို မှန်ကန် လုံလောက်သည့် သက်သေ အထောက်အထားများဖြင့် ခုခံချေပပေးရမည်။ သို့တည်း မဟုတ် တရားခံ၏

ပြစ်မှုဆိုင်ရာတာဝန်ရှိမှုကို ငြင်းဆန်နိုင်မည့် အခြားသော ဥပဒေဆိုင်ရာ ခုခံရေး နည်းလမ်းများကို တည်ဆောက်ပေးရမည်။

ကိုယ်လွတ်ခုခံခြင်းနှင့်ဆိုင်သည့် အကြောင်းအရာများကို ရာဇသတ်ကြီးဥပဒေ အခန်း၄ ရှိ ကင်းလွတ်ရမြဲအချက်များ (ပုဒ်မ ၇၆ မှ ၁၀၆အထိ) တွင် ဖော်ပြထားပါသည်။ ထိုအရာများကို ရာဇသတ်ကြီးဥပဒေနှင့်ဆိုင်သည့် စွဲချက်များတွင်သာမက ရာဇသတ်ကြီးဥပဒေ ပြင်ပရှိ စွဲချက်များတွင်ပါ အသုံးပြုနိုင်သည်။

- အကြောင်းခြင်းရာကို အယူအဆလွဲခြင်း၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၇၆၊ ၇၉
- လူ့ကိုယ်နှင့် ပစ္စည်းများကို ကာကွယ်ခုခံပိုင်ခွင့်၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၉၆-၁၀၆
- ခြိမ်းခြောက်၍ ခိုင်းစေခြင်း၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၉၄
- လိုအပ်၍ ပြုလုပ်ခြင်း၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၈၁
- စိတ်ပေ့ါသွပ်ခြင်း၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၈၄၊ စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းချက်ရှိသည့် အမှုသည်များ အပိုင်း၌ ကြည့်ပါ။
- မူးယစ်စေခြင်း၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၈၅ - ၈၆
- သဘောတူညီချက်၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၈၇ - ၉၂
- ရုတ်တရက် အကြီးအကျယ် ဒေါသထွက်ခြင်း၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၂၉၉ (၂)၊ ချွင်းချက် (က)
- လူသတ်မှုအတွက် တစ်စိတ်တစ်ဒေသ ခုခံချေပခြင်း
    - ဥပဒေက ပေးအပ်သည့် ကာကွယ်ခုခံပိုင်ခွင့်ကို လိုအပ်သည်ထက် ပိုမိုသုံးစွဲခြင်း၊ ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၂၉၉ (၂)၊ ချွင်းချက် (ခ)
    - ရုတ်တရက်ခိုက်ရန်ဖြစ်ပွားခြင်း၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၂၉၉ (၂)၊ ချွင်းချက် (ဃ)

## တရားခံ အပြစ်ကင်းစင်ကြောင်းကို ပြစ်မှုဆိုင်ရာတရားခံရှေ့နေမှ သက်သေပြနိုင်ခြင်း ရှိပါသလား။

ဤပုံစံသည် တိကျခိုင်မာသောခုခံချေပသည့်ပုံစံဖြစ်ပြီး တရားခံက ပြစ်မှု မကျူးလွန်ခဲ့ကြောင်းကို သက်သေပြရမည့်အရာ ဖြစ်သည်။ ဆိုလိုသည်မှာ - တရားခံသည် စွဲချက်တင်ခံထားရသည့် ပြစ်မှုကို မကျူးလွန်နိုင်ခဲ့ကြောင်း သက်သေပြရန် ဖြစ်သည်။ တရားခံ အပြစ်ကင်းစင်ကြောင်းကို ပြသနိုင်သည့် နည်းလမ်းအများစုမှာ - အလီဘိုင်ပြခြင်း (မှုခင်းဖြစ်ပွားချိန်တွင် အခင်းဖြစ်နေရာ၌ တရားခံ ရှိမနေဘဲ တခြားနေရာ၌ ရှိနေကြောင်း ထွက်ဆိုခြင်း) ၊ ပစ္စည်း သက်သေခံ ချက်များကို အသုံးပြုပြီး မှုခင်း မဖြစ်ပွားခဲ့ကြောင်းကို သက်သေပြခြင်း သို့မဟုတ် တရားခံ မဟုတ်သည့် အခြားသူတစ်ဦးဦးမှ ပြစ်မှုကို ကျူးလွန်ခဲ့ပြီး တရားခံအား အပြစ်ကို ပုံချခဲ့ခြင်း ဖြစ်ကြောင်းကို ပြသခြင်း စသည်တို့ ဖြစ်ပါသည်။

အလီဘိုင်ပြခြင်း (မှုခင်းဖြစ်ပွားချိန်တွင် အခင်းဖြစ်နေရာ၌ တရားခံ မရှိဘဲ အခြားနေရာ၌ ရှိနေကြောင်း ထုချေချက်) - ပြစ်မှု ဆိုင်ရာတရားခံရှေ့နေသည် မှုခင်းဖြစ်ပွားချိန်က တရားခံ ထိုနေရာ၌ ရှိမနေကြောင်းကို ယုံကြည်ထိုက်သော သက်သေခံ ချက်များနှင့် လူသက်သေများ၏ ထွက်ဆိုချက်များကို အသုံးပြုကာ တရားခံ အပြစ်ကင်းစင်ကြောင်း သက်သေပြနိုင်သည်။ သို့တည်းမဟုတ် မှုခင်းဖြစ်နေရာတွင် ရှိနေခဲ့သူ တစ်ဦး တစ်ယောက်အား ခေါ်ယူ၍ ထိုမှုခင်းဖြစ်စဉ်က တရားခံ ထိုနေရာ၌ အမှန်တကယ် ရှိမနေခဲ့ကြောင်းကို သက်သေ ထွက်ဆိုစေခြင်းဖြင့် မိမိအမှုသည် အပြစ်မရှိကြောင်းကို ပြသနိုင်သည်။

ဖြစ်နိုင်ချေမရှိခြင်း - တရားခံအပေါ် တင်ပြလာသည့် ပစ္စည်းသက်သေများ၏ အားနည်းချက်များကို ယုံကြည်ထိုက်သော သက်သေခံချက်များကို အသုံးပြုပြီး တရားခံရှေ့နေမှ တင်ပြပေးရသည်။

ထိုသက်သေခံချက်များ၏ အားနည်းချက်များကို အသုံးပြုပြီး စွဲဆိုထားသော ပြစ်မှုကို တရားခံမှ ကျူးလွန်နိုင်ချေ နည်းပါးကြောင်း ၄င်း၏ရှေ့နေက ရှင်းပြပေးရမည်။ ဥပမာ - ဥပဒေအရာရှိမှ တင်သွင်းလာသည့် သက်သေခံချက်များအရ ကိုယ်ထိလက်ရောက်ကျူးလွန်သူသည် ၄င်း၏ ညာဘက် လက်ကို အသုံးပြုပြီး နစ်နာသူအား ဓားဖြင့်ထိုးခဲ့ကြောင်းကို ညွှန်ပြခဲ့သည့်အခြေအနေမျိုး၌ ... တရားခံရှေ့နေဘက်မှ စွပ်စွဲခံရသူ၏ ညာဘက်လက်သည် ယခင်ကတည်းက ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ထိုအချိန်တွင် အသုံးမပြုနိုင်ခဲ့ ကြောင်း ယုံကြည်ထိုက်သော သက်သေခံချက်များဖြင့် တင်ပြပေးရမည်။ တဆက်တည်းမှာပင် တရားခံက ထိုပြစ်မှုကို ကျူးလွန်နိုင်ခဲ့ခြင်းမရှိသည့်အချက်ကို ထင်ရှားစေရမည်။

## တရားခံ ကျူးလွန်ခဲ့သည့် ပြစ်မှုအပေါ် ပြစ်မှုဆိုင်ရာတရားခံရှေ့နေက အကျိုးသင့် အကြောင်းသင့် ရှင်းပြပေးနိုင်ပါသလား။

ကျူးလွန်ခဲ့သည့် ပြစ်မှုအပေါ် အကျိုးသင့်၊ အကြောင်းသင့် ရှင်းပြပေးခြင်းသည် ခိုင်မာသောခုခံချေပခြင်း တစ်မျိုးပင်ဖြစ်ပါ သည်။ ထို့၌ တရားခံသည် ၄င်းကျူးလွန်ခဲ့သည့် ပြစ်မှုအပေါ် ငြင်းဆန်ခြင်း မပြုဘဲ ၄င်း၌ ဥပဒေအရ တာဝန်မရှိကြောင်းကိုသာ ငြင်းဆန်ပါက ယင်းအမှုသည်အတွက် တည်ဆောက်သင့်သည့် ခုခံကာကွယ်ရေးလမ်းကြောင်းမှာ "ကျွန်တော် ကျူးလွန်ခဲ့ပါတယ် ... ဒါပေမယ့်..." "ကျွန်တော် ကျူးလွန်ခဲ့ခြင်း ဟာ လူမှုပတ်ဝန်းကျင်က လက်ခံထားတဲ့ (သို့) အကျင့် စာရိတ္တဆိုင်ရာ သဘောတရားများနှင့် ကိုက်ညီသော လုပ်ဆောင်ချက်များသာ ဖြစ်ပါတယ်" ဟူ၍ ရှင်းပြပေးရပါမည်။

## တရားခံသည် ပြစ်မှုတစ်ခုလုံးကို ကျူးလွန်ခဲ့ပါသလား။

တရားခံသည် ပြစ်မှုတစ်ခုကို အဆုံးစွန်ထိ မကျူးလွန်ခဲ့ဘဲ အဆင့်တစ်ခု (ဥပမာ - အလယ်အဆင့်) ထိသာ ကျူးလွန်ခဲ့ပါက ထိုသို့ ကျူးလွန်ခဲ့သည့်အပေါ် အပြစ်ကင်းစင်ကြောင်း သက်သေမပြနိုင်သော်လည်း တရားရုံးတော်၏ အပြီးသတ် ဆုံးဖြတ်ချက်တွင် ထိုတရားခံအား ပြစ်ဒဏ်လျော့ပေါ့ပေးရန်နှင့် တခါတရံတွင် ပြစ်ဒဏ်မှ လွတ်ကင်းခွင့် ပြုစေရန် တောင်းဆို နိုင်သည်။ ပြစ်မှုဆိုင်ရာတရားခံရှေ့နေတစ်ဦးအနေဖြင့် တရားခံ၏ လုပ်ဆောင်ချက်များကို သေချာစွာ လေ့လာပြီး ၄င်း အတွက် ပြစ်ဒဏ်မှ လျော့ပေါ့စေရန် သို့မဟုတ် **ပြစ်ဒဏ်မှ** လွတ်ကင်းရစေရန် ဆောင်ရွက်ပေးရပါမည်။ **ပြစ်မှုကျူးလွန်ရန် ပြင်ဆင်ခဲ့ပုံ** တဝက်တပျက်သာ ပြစ်မှုကျူးလွန် ခဲ့ပုံနှင့် ပြစ်မှုကို ဆုံးခန်းတိုင်အောင် မကျူးလွန်ခဲ့ဘဲ ရပ်တန့်ခဲ့ပုံများကို သေချာစွာ လေ့လာရမည်။

## စွပ်စွဲခံရသည့်ပြစ်မှုတွင် အမှုသည်ထက် ပို၍ တာဝန်ယူသင့်သည့်သူ ရှိပါသလား။

တရားခံ၌ ပူးတွဲတရားခံများ ရှိပါသလား။ အကယ်၍ ရှိခဲ့ပါက ... ပြစ်မှုဆိုင်ရာ တရားခံရှေ့နေသည် ပူးတွဲ တရားခံတိုင်း၏ တိကျသော အခန်းကဏ္ဍများကို သိရှိစေရန် သေချာစွာ စုံစမ်းထောက်လှမ်းရမည်။ ထိုမှသာ ထိုပြစ်မှုအတွင်း၌ ပါဝင်ခဲ့သည့် အမှုသည်၏ အခန်းကဏ္ဍကို သိရှိနိုင်မည်ဖြစ်သည်။ ထို့မျှသာမက ပူးတွဲမှုခင်းများအကြောင်းကိုလည်း ရှေ့နေမှ သေချာစွာ လေ့လာထားရန် လိုအပ်ပါသည်။

သင့်၏ အမှုသည်သည် မှုခင်းဖြစ်ရခြင်း အကြောင်းအရင်း၏ အဓိကပုဂ္ဂိုလ် ဖြစ်ခဲ့သလား။ သင့်အမှုသည်က ရာဇဝတ်သား အုပ်စု (သို့) ပူးတွဲတရားခံများကို စုစည်းခြင်း၊ ၄င်းတို့နှင့် ပူးပေါင်းကြံစည်ခြင်း၊ သို့မဟုတ် ၄င်းတို့အား ဦးဆောင်၍ မှုခင်း ဖြစ်စေရန် လုပ်ဆောင်ခဲ့ပါသလား။ ပူးတွဲမှုခင်းများဖြစ်နိုင်သည့် အကြောင်းရင်း များတွင် သင့်အမှုသည်သည် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသလား။ သင့် အမှုသည်သည်

အခြားသူများအား ပြစ်မှုကျူးလွန်စေရန် လှုံ့ဆော်ခဲ့ပါသလား။ မှုခင်းဖြစ်စေရန် ပြင်ဆင်ခြင်းနှင့် ကျူးလွန်ခြင်းတို့တွင် သင့်အမှုသည်သည် ဒုတိယအခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသလား။

ထိုသို့သော အခြေအနေမျိုးတွင် ပြစ်မှုဆိုင်ရာတရားခံရှေ့နေသည် မှုခင်းဖြစ်စေရန် အဓိကကျူးလွန်ခဲ့သူနှင့် မှုခင်းအတွင်း လိုက်ပါဆောင်ရွက်ခဲ့သည့် အဓိကမကျသောသူတို့ နှစ်ဦးစလုံးအတွက် ကိုယ်စားပြု လိုက်ပါဆောင်ရွက်ပေးခွင့်မရှိပါ။ တရားခံရှေ့နေ၏ တာဝန်များ/အငြင်းပွားဖွယ်ရာအခြေနေများကို ရှောင်ရှားခြင်း။

## သင့်အမှုသည်သည် လျော့ပေါ့သော အပြစ်ဒဏ်များသာ ချမှတ်ခံရသင့်သူ ဖြစ်ပါသလား။

တချို့သောအခြေအနေများတွင် တရားရုံးတော်သည် ဥပဒေအရ ... တရားခံ၏ ပြစ်ဒဏ်များကို လျော့ပေါ့အောင် ပြုလုပ်ပေး နိုင်သကဲ့သို့ တခါတရံတွင် တရားခံအား အပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ရအောင်လည်း ပြုလုပ်ပေးနိုင်သည်။

## လျော့ပေါ့ အပြစ်ဒဏ် ချမှတ်နိုင်ရေးအတွက် ဥပဒေက သီးသန့် ပြဋ္ဌာန်းထားခြင်းမျိုး မရှိခဲ့ပါက တရားခံရှေ့နေသည် ၎င်း၏ အမှုသည်အတွက် ပြစ်ဒဏ်လျော့ပေါ့နိုင်ရန် စွမ်းဆောင်ပေးနိုင်ပါသလား။

စွမ်းဆောင်ပေးနိုင်ပါသည်။ အောက်ဖော်ပြပါ သက်သေခံချက်များသည် လျော့ပေါ့အပြစ်ဒဏ် ရရှိနိုင်ရေးအတွက် အထောက်အကူဖြစ်စေမည့် အချက်များပင် ဖြစ်ပါသည်။

၁။ တရားခံ၌ ကာလရှည်ကျခံထားရသည့် ပြစ်မှုမှတ်တမ်းဟောင်းများ ရှိမနေခြင်း။

၂။ တရားခံသည် မှုခင်းဖြစ်ပွားခဲ့ခြင်းအပေါ် စစ်မှန်သည့် နောင်တ တရားတို့ ရှိနေခြင်းနှင့် မိမိကိုယ်ကိုယ် ဆန်းစစ်မှု များ ပြုလုပ်နေခြင်း။

၃။ တရားခံသည် နစ်နာသူ၏ ပျက်စီးဆုံးရှုံးမှုအားလုံးအတွက် ပေးလျော်ပြီးဖြစ်ခြင်း။

၄။ တရားခံသည် အရွယ်မရောက်သေးသူဖြစ်နေပြီး သူ့တွင် ကျောင်းဆက်တက်လိုသည့် စိတ်ဆန္ဒ ရှိနေခြင်း၊ နှင့် ကျောင်းကလည်း သူ၏ ကျောင်းဆက်တက်ရန် စာရင်းသွင်းခြင်းအပေါ် လက်ခံခွင့်ပြုပေးခြင်း။

၅။ တရားခံသည် မိသားစုအတွင်းရှိ သက်ကြီးရွယ်အိုများနှင့် ငယ်ရွယ်သူများအား စောင့်ရှောက်ပေးရမည့် အခြေအနေ ဖြစ်နေခြင်း။

၆။ တရားခံသည် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု အားနည်းနေသူဖြစ်နေပြီး သင့်တင့်လျောက်ပတ်သော ဆုံးဖြတ်ချက များကို မချမှတ်နိုင်ခြင်းကြောင့် အများ၊သူ၊ငါ တို့၏ အမြတ်ထုတ်ခြင်းကို ခံရလွယ်သူဖြစ်နေခြင်း။

၇။ တရားခံ၏ ကြမ်းတမ်းခက်ခဲခဲ့သည့် ကလေးဘဝကို ပိုင်ဆိုင်ခဲ့ရခြင်း (ဥပမာ - အိမ်၌ ကောင်းမွန်စွာ ဆက်ဆံ ခြင်းကို မခံခဲ့ရခြင်း) သည် ၎င်း၏ ကိုယ်ပိုင်ဘဝ ဖွံ့ဖြိုးတိုးတက်ရေးတွင် အဟန့်အတား ဖြစ်စေခဲ့ခြင်း။

၈။ တရားခံသည် ခက်ခဲကြမ်းတမ်းသည့် ဘဝအတွေ့အကြုံများကို ၎င်းထမ်းနိုင်သည့် ဝန်ထက် ကျော်လွန်၍ ထမ်းခဲ့ရခြင်း (ဥပမာ - အိမ်တွင်းအကြမ်းဖက်မှု၊ မူးယစ်ဆေးစွဲမှု)။

၉။ တရားခံ၌ ကောင်းမွန်သော ပညာရေးနှင့် အလုပ်အတွေ့အကြုံများ ရှိခြင်း။ သို့မဟုတ် လူမှု အသိုင်းအဝိုင်း အတွက် ကြီးစွာသော ကူညီထောက်ပံ့မှုများ ပေးနေသူဖြစ်ခြင်း။

၁၀။ ပြစ်ဒဏ်လျော့ပေါ့ပေးစေနိုင်သည့် တရားခံ၏ အခြားသော အကြောင်းများ ... ပြစ်မှုဆိုင်ရာ တရားခံရှေ့နေသည် တရားခံအား သနားစရာကောင်းသူ၊ နှင့် ခွင့်လွှတ်ပေးသင့်သူဖြစ်ကြောင်းကို ဖော်ပြပေးနိုင်မည့် အခြားသော နည်းလမ်းများကိုပါ စဉ်းစား ထားရမည်။

ထိုသို့ လျော့ပေါ့ပြစ်ဒဏ်ရရှိစေရန်အတွက် သက်သေခံချက်များ ရှာဖွေစုဆောင်းရာတွင် ... ရှေ့နေသည် အမှုသည်၏ ယုံကြည်မှု တင်သာမက ထိုအမှုသည်၏မိသားစုဝင်များ နှင့် အမှုသည်အတွက် အရေးပါသည့် သူများ (ဥပမာ - အမှုသည်၏ ဆရာသမား သို့မဟုတ် အလုပ်ရှင်) ၏ ယုံကြည်မှုကိုလည်း ရရှိရန် လိုအပ်ပါသည်။ လျော့ပေါ့ အပြစ်ဒဏ်ရရှိရေးအတွက် ရှာဖွေစုဆောင်းထားသည့် သက်သေခံချက်များသည် ခုခံရေးလမ်းကြောင်း အတွက် အရေးပါသောအရာများပင် ဖြစ်ပါသည်။ ထိုသို့လျော့ပေါ့ အပြစ်ဒဏ် ပေးစေရန်အတွက် သက်သေခံချက်များကို တရားရုံးတော်သို့ တင်သွင်းသည့်အခါ ရှေ့နေမှ ထောက်ပြ လိုသည့် အမှုသည်၏ စိတ်ခံစားချက်များကို ဖုံးကွယ်ထားရန် မလိုပါ။ ထိုသို့တင်သွင်းရခြင်း၏ အဓိက ရည်ရွယ်ချက်မှာ အမှုသည်၏ လူသားဆန်မှုကို ပြသရန်နှင့် ၄င်းအား ပြန်လည် ပြုပြင်ခွင့်ပေးရန်အတွက် တောင်းဆိုရန် ဖြစ်သည်။

## နိဂုံးချုပ်

ခုခံရေးလမ်းကြောင်းကို တည်ဆောက်ရာတွင် ... ဥပဒေအရာရှိ၌ သက်သေပြရန် တာဝန်ရှိမရှိကို တရားခံရှေ့နေမှ သေချာစွာ စဉ်းစားသုံးသပ်ရမည်။ ထို့အပြင် စုံစမ်းထောက်လှမ်းမှု ပြုလုပ်ပြီးသည့်အခါ အမှုသည်၏ လုပ်ဆောင်ချက်သည် ပြစ်မှုမြောက်သည့် လုပ်ဆောင်ချက်ဖြစ်၊မဖြစ်ကိုလည်းကောင်း၊ အမှုသည်၌ ကြောင်းကျိုးဆီလျော်ပြီး ဥပဒေအရ ကာကွယ် ခုခံနိုင်ခွင့်ရှိ၊မရှိကိုလည်းကောင်း၊ အမှုသည်က ပြစ်မှုတစ်ခုလုံးကို အမှန်တကယ် ကျူးလွန်ခဲ့ခြင်းရှိ၊ မရှိကိုလည်းကောင်း၊ အမှုသည်သည် ပြစ်မှုကျူးလွန်ရာတွင် အလိုတူ၊ အလိုပါ အနေဖြင့်သာ ပါဝင်ခဲ့ခြင်း ဟုတ်မဟုတ်ကိုသော်လည်းကောင်း၊ လျော့ပေါ့ အပြစ်ဒဏ် ချမှတ်နိုင်ရန် အတွက် အမှုသည်၌ လုံလောက်သော သက်သေခံချက်များ ရှိ၊မရှိကိုလည်းကောင်း၊ ပြစ်မှုဆိုင်ရာတရားခံ ရှေ့နေမှ အကဲဖြတ်သုံးသပ်ပေးရမည်။ အထက်ဖော်ပြပါ အကြောင်းအရာများအပေါ် သေချာစွာ စိစစ်သုံးသပ်ပြီးမှသာလျှင် ပြစ်မှုဆိုင်ရာတရားခံရှေ့နေသည် ပြည့်စုံကောင်းမွန်သော ခုခံရေး လမ်းကြောင်းတစ်ရပ်ကို တရား ရုံးတော်သို့ တင်သွင်းနိုင်မည် ဖြစ်ပေသည်။

# ကျွမ်းကျင်မှုများ - တရားရုံးတော်တွင် သက်သေများအား မေးခွန်း မေးမြန်းခြင်း

**USAID Legal Aid Tool Kit ၏ အခန်း ၄ ရှိ အပိုင်း ခ (၅) ကိုကြည့်ပါ။**

## တရားလိုပြသက်သေ

ဥပဒေအရာရှိဘက်မှ သက်သေများ၏ ထွက်ဆိုချက်များကို ခုခံချေပပေးနိုင်ရန်နှင့် ခုခံရေးလမ်းကြောင်းကို ပြင်ဆင်နိုင်ရန် အောက်ဖော်ပြပါ ပုံစံဖောင်က သင့်အား ကူညီပေးပါလိမ့်မည်။

## **တရားလိုပြသက်သေအား ဆန်းစစ်ရန် ပုံစံဖောင်**

သက်သေ၏အမည် -

ခွဲခြမ်းစိတ်ဖြာ စိစစ်ခြင်း -

စွဲဆိုခံထားရသည့်ပြစ်မှုနှင့် စပ်လျဥ်း၍ ဤသက်သေသည် ဥပဒေအရာရှိအား မည်သို့ အထောက်အကူ ဖြစ်စေနိုင်ကြောင်း ကို စာရင်းပြုစုပါ။

ဤသက်သေ၏ ထွက်ဆိုချက်များသည် သင့်အမှုသည်၏ ခုခံရေးလမ်းကြောင်းကို မည်သို့ အဟန့်အတား ဖြစ်စေနိုင်သည် ကို အကြောင်းပြချက်များနှင့် စာရင်းပြုစုပါ။

ဤသက်သေက သင့်အမှုသည်၏ ခုခံရေးလမ်းကြောင်းကို အကူအညီဖြစ်စေနိုင်မည့် အချက်များ (ရှိခဲ့ပါက) ၎င်းတို့ကို အကြောင်းပြချက်များနှင့်တကွ စာရင်းပြုစုပေးပါ။

သက်သေ၏ ထွက်ဆိုချက်များသည် ၎င်းတို့၏ ယခင် ထွက်ဆိုချက်များ၊ အခြားသက်သေများ၏ ထွက်ဆိုချက် များ၊ နစ်နာသူများ၏ ထွက်ဆိုချက်များ၊ တရားခံနှင့် ပူးတွဲတရားခံများ၏ ထွက်ဆိုချက်များ၊ တင်သွင်းခဲ့သည့် သက်သေခံချက် များနှင့် ကိုက်ညီမှု မရှိခဲ့ပါက မည်သို့ ကိုက်ညီမှု မရှိနေကြောင်းကို စာရင်းပြုစုပေးပါ။

တရားခံရှေ့နေ၏ ခုခံရေးလမ်းကြောင်းကို ပိုမိုကောင်းမွန်လာစေမည့် သက်သေများ၏ ထွက်ဆိုချက်များ ရှိခဲ့ပါက ထိုအရာ များကို စာရင်းပြုစုပေးပါ။

အမှုတွဲဖိုင်အတွင်းရှိ အမှုသည်၏ ထွက်ဆိုချက်များပါ စာမျက်နှာများ -

## **အထောက်အကူဖြစ်စေမည့် သက်သေခံချက်များ**

**ဤ**သက်သေအား မေးခွန်းများ မေးမြန်းရာတွင် အသုံးပြုမည့် **သက်သေခံချက်များကို** စာရင်းပြုစုပါ။

အကယ်၍များ တရားလိုပြသက်သေသည် ယခင်က **၎င်း**ထွက်ဆိုခဲ့သည့် ထွက်ဆိုချက်များကို ပြောင်းလဲ ပြောဆိုခဲ့ပါက ... အောက်ဖော်ပြပါ အချက်များကို တရားခံရှေ့နေမှ အသုံးပြုနိုင်သည်။

"ခင်ဗျား အရင်က ပြောခဲ့တာက …" ပါဟု ရှေ့နေမှ သက်သေအား ပြောကြားရာတွင် … သက်သေက "အော် ဟုတ်ပါတယ်" ဟူ၍ ပြန်လည်ဖြေကြားနိုင်သကဲ့သို့ "မဟုတ်ပါဘူး" ဟူ၍လည်း ငြင်းဆန်၍ ထွက်ဆိုနိုင်သည်။ အကယ်၍ ၎င်း ထွက်ဆိုခဲ့ဖူး သည့် ထွက်ဆိုချက်များနှင့် ဆန့်ကျင်ပြီး ထွက်ဆိုခဲ့ပါက …

တရားခွင်စာရွက်စာတမ်းများ သို့မဟုတ် အခြားသောသက်သေခံ**ချက်**များ**ကို** မိုငြမ်းကိုးကားပါ။

တရားလိုပြသက်သေ၏ ထွက်ဆိုချက်များကို အခိုင်အမာ ငြင်းဆိုနိုင်ရန် သေချာစွာပြင်ဆင်ထားသည့် တရားခံပြ သက်သေအား ဆင့်ခေါ်ပါ။

## နမူနာမေးခွန်းများ

ဤသက်သေသည် သင့်အမှုအတွက် အကူအညီဖြစ်စေပါသလား။ အကယ်၍ အကူအညီဖြစ်စေပါက …

၁။ အဓိကထွက်ဆိုချက်များကို တကျော့ပြန် ထပ်မေးခြင်းများ မပါဝင်အောင် လုပ်ဆောင်ပါ။ မိမိဘက်မှ လိုချင်သည့် အဖြေတစ်ခုကို ရရန်အတွက် မေးခွန်းများ ထပ်ခါထပ်ခါ မေးခြင်းသည် တခါတရံ အကူအညီမဖြစ်ဘဲ တဖက်လူ၏ အဖြေများကို ပြောင်းလဲသွားစေနိုင်ပါသည်။

၂။ သက်သေများအား မေးခွန်းများ မေးမြန်းရာတွင် ရိုးရှင်းလွယ်ကူသည့် မေးခွန်းများကို ဦးစွာမေးပါ။ ထိုသို့ မေးခြင်းသည် သက်သေများအတွက် သက်သောင့်သက်သာဖြစ်သော ပတ်ဝန်းကျင်တခုကို ဖန်တီး ပေးနိုင်ပါသည်။ ထိုသို့ သော ပတ်ဝန်းကျင်မျိုးကို ဖန်တီးပြီးမှသာ ခက်ခဲသော မေးခွန်းများကို မေးပါ။ ဥပမာ - (လွယ်ကူရိုးရှင်းသည့် မေးခွန်းများသည်ပင်) တခါတရံ၌ နိမိတ်ပြမေးခွန်းများ ဖြစ်သွားတတ်ပါ သည်။ ဘယ်လိုလဲ (သို့) ဘာ့ကြောင့်လဲ ဟူသည့် မေးခွန်းများကို မမေးပါနှင့်။

- ဒီအလုပ်ကို လုပ်လာတာ နှစ်ပေါင်း (xxx) ရှိခဲ့ပြီလား။ (သက်သေသည် ကျွမ်းကျင်သက်သေ ဖြစ်ခဲ့ပါက (ဆရာ၊ ရဲ စသဖြင့်) … )
- တရားလိုကို ကလေးဘဝကတည်းက သိလာခဲ့တာလား။
- အသေးစိတ်အချက်အလက်တွေက ခင်ဗျားအတွက် အရေးကြီးတယ် မဟုတ်ဘူးလား။
- မျက်မှန်မပါဘဲနဲ့လည်း ခင်ဗျား မြင်နိုင်တယ်မလား။
- ?

ဤသက်သေသည် သင့်အမှုအတွက် အန္တရာယ် ဖြစ်စေနိုင်သလား။ အကယ်၍ ဖြစ်စေနိုင်ပါက … ၎င်းတို့၏ ထွက်ဆိုချက်များထဲမှ ရှေ့နောက်မညီမှုများနှင့် ပြဿနာများကို ရှာဖွေ ဖော်ထုတ်ပါ။ ဥပမာများမှာ -

- ခင်ဗျားက နစ်နာသူနဲ့ သူငယ်ချင်း မလား။
- မှုခင်းဖြစ်ပွားစဉ်က မြင်ခဲ့တဲ့ အကြောင်းအရာတွေကို အဲ့တုန်းက ချမရေးခဲ့ဘူး မလား။
- မှုခင်းဖြစ်ပွားပြီး ၅ ပတ် ထိအောင် ရဲတွေနဲ့ စကားမပြောခဲ့ရဘူးမလား။

သင့်၏ နိဂုံးချုပ်မေးခွန်းသည် သင့်၏ အခိုင်မာဆုံးအချက်ကို ထင်ဟပ်နိုင်သည့် မေးခွန်းမျိုးဖြစ်ရမည်ဖြစ်ပြီး … ထိုမေးခွန်း၏ အဖြေကို …

၁။ သင်က ကောင်းစွာ သိရှိပြီးလည်း ဖြစ်ရပါမည်။ ထို့အပြင်

၂။ ထိုအဖြေသည် သင့်အမှုအတွက် ကူညီထောက်ပံ့မှုများလည်း ပေးနိုင်ရမည်။
ဥပမာ - ကျွန်တော့်အမှုသည်က ရဲခေါ်ခဲ့တယ်ဆိုတာ မမှန်ဘူးလား။
မှုခင်းဖြစ်နေရာမှာ သူက ရဲကို စောင့်နေခဲ့တယ်ဆိုတာ မဟုတ်ဘူးလား။

## တရားခံပြသက်သေများအား ဆန်းစစ်ခြင်း

သက်သေများ၏ ထွက်ဆိုချက်များအတွက် ပြင်ဆင်ခြင်းနှင့် သုံးသပ်ခြင်းများ ပြုလုပ်နိုင်ရန် အောက်ဖော်ပြပါ ပုံစံဖောင်က သင့်အား ကူညီပေးပါလိမ့်မည်။

**တရားခံပြသက်သေအား ဆန်းစစ်ရန် ပုံစံဖောင်**

**တရားခံပြသက်သေ #_____**

သက်သေ၏အမည် -

လိပ်စာ - ဖုန်းနံပါတ် -

မိသားစုဝင် (များ) -

အလုပ်နေရာ -

တရားခံနှင့် ဆက်နွယ်မှု (အကယ်၍ ရှိခဲ့လျှင်) ______________________________

ရိုးသားခြင်း (သို့) မရိုးသားခြင်းနှင့်ဆိုင်သည့် နာမည်ဂုဏ်သတင်း -

စွမ်းဆောင်ရည်/စိတ်ကျန်းမာရေးအခြေအနေများ (အကယ်၍ ရှိခဲ့လျှင်) __________________________

ယခင်က ဖမ်းဆီးခံခဲ့ရခြင်းများ/ပြစ်မှုဟောင်းများ (လူငယ်ပြစ်မှုမှတ်တမ်းများ အပါအဝင်) -

အမှုတွဲဖိုင်အတွင်းရှိ အမှုသည်၏ ထွက်ဆိုချက်များ ပါဝင်သော စာမျက်နှာများ -

ဆွေးနွေးရန် (သို့) ရှင်းပြရန်လိုမည့် ဥပဒေအရာရှိ၏ သက်သေခံချက်များ -

၁။ မှုခင်း ဖြစ်ပျက်ပုံ အခြေအနေ
၂။ တရားလို/နစ်နာသူ၏ အကြောင်း
၃။ တရားလိုပြသက်သေများ၏ အကြောင်း

၄။ ကျွမ်းကျင်ပညာရှင်များ၏ ထွက်ဆိုချက်များ
- သွေး
- တရားလိုဘက်မှ စစ်ဆေးချက်များ
- အမှုဖြစ်ဇာတ်လမ်းကို ပြန်လည်တည်ဆောက်ခြင်း
- နစ်နာသူများ၏ ဒဏ်ရာများ / စိတ်ကျန်းမာရေးအခြေအနေ

ဖော်ထုတ်ရန် (သို့) ဝန်ခံစေရန်အတွက် တရားခံဘက် သက်သေခံချက်များ

၁။ တရားခံ၏အကြောင်း
- အကျင့်စရိုက်
- အလေ့အထ၊ အကျင့်
- စိတ်ကျန်းမာရေးအခြေအနေ/ကန့်သတ်ချက်များ
- ကိုယ်ကျန်းမာရေးအခြေအနေ/ကန့်သတ်ချက်များ
- စီးပွားရေးလုပ်ငန်း
- မိသားစု

၂။ မှုခင်းဖြစ် အကြောင်းအရာ

၃။ အလီဘိုင် သက်သေခံချက် (တရားခံပုဂ္ဂိုလ်သည် မှုခင်းဖြစ်ပွားချိန်တွင် အခင်းဖြစ်နေရာ၌ ရှိမနေဘဲ အခြားနေရာ၌ ရှိနေကြောင်း ထုချေချက်)

၄။ သက်သေခံချက်အသစ်များ၊ ဥပမာ -
- သိပ္ပံနည်းအရ စမ်းသပ်ချက်များ
- ရုပ်ပုံကားချက်များ
- အခင်းဖြစ်ပုံစံကို ပြန်လည်တည်ဆောက်ခြင်း
- တရားခံ၏ စိတ်ကျန်းမာရေးအခြေအနေ ဆန်းစစ်မှု

၅။ မေးခွန်းများကို ပြင်ဆင်သည့်အခါ တရားခံရှေ့နေ၏ ခုခံရေးလမ်းကြောင်းကို ကောင်းမွန်စွာ တည်ဆောက်နိုင်ရေး အတွက် သက်သေတစ်ဦးချင်းစီ၏ ထွက်ဆိုချက်များကို ထည့်သွင်းစဉ်းစားရမည်။

## တရားလိုဘက်မှ သင့်အမှုသည်အား မေးမြန်းလာမည့် မေးခွန်းများအတွက် ပြင်ဆင်ခြင်း

၁။ တရားလိုဘက်မှ မေးခွန်းတည်ဆောက်ပုံများသည် အောက်ဖော်ပြပါ လွဲမှားသည့် အတွေးအခေါ်များကို ဖြစ်ပေါ် စေသည်။

- မှုခင်းဖြစ်အကြောင်းအရာများသည် ပင်မ မှုခင်းဖြစ် အကြောင်းအရာများနှင့် သွေဖယ်နေခြင်း (သို့) ရဲဘက်မှ တင်ပြလာသည့် မှုခင်းဖြစ်ပုံစံနှင့် ကွဲပြားနေခြင်း။
- တရားခံက လိမ်လည်ပြောဆိုနေခြင်း။ ထိုသို့ လိမ်လည်ပြောဆိုသဖြင့် ...
- ထိုသူသည် ပြစ်မှုကျူးလွန်ခဲ့ဖွယ်ရှိခြင်း။

၂။ ဉပဒေအရာရှိ၏ အသံနေ၊ အသံထားများအတွက် သင်၏ အမှုသည်အား ပြင်ဆင်ပေးထားပါ။

၃။ သင့်အမှုသည်မှ ဉပဒေအရာရှိအား ပြန်လည်ဖြေကြားရာတွင် သင့်အား ဖြေကြားနေသကဲ့သို့ ဖြေကြားနိုင်ရန် လေ့ကျင့်ပေးထားရမည်။ ဉပမာ - တူညီသော အသံနေ၊အသံထား၊ မျက်လုံးအကြည့်များ၊ နှင့် ကိုယ်အမူအရာများ ကို ကောင်းစွာ ဂရုပြုရမည်။ ထိုမှသာ သင်၏ အမှုသည်က အမှန်အတိုင်း ဖြေကြားနေသည်ကို ပြသနိုင်မည် ဖြစ်သည်။

၄။ မေးမြန်းလာသည့် မေးခွန်းများအပေါ် အမှုသည်မှ ဖြေကြားရာတွင် လိုတိုရှင်း အဖြေများဖြစ်သည့် “ဟုတ်ပါတယ်၊ မဟုတ်ပါဘူး” စသည့် အဖြေများကို အသုံးပြုသင့်ပါသည်။

၅။ သက်သေခံချက်များ ပျက်စီးသွားနိုင်သည့် မေးခွန်းများကို သေချာစွာ ဂရုစိုက်၍ ဖြေဆိုရမည်။ ထိုမေးခွန်းများ ကို ဖြေကြားရာတွင်လည်း တရားခံက ရှောင်ဖယ်နေခြင်း မပြုဘဲ ၎င်းကိုယ်တိုင် ဖြေကြားပေးရပါမည်။ ထိုအပြင် ထိခိုက်မခံသော မေးခွန်းများကို ဖြေဆိုရန် ရှောင်ရှားလိုသည့် ကိုယ်အမူအရာများ မပြသမိစေရန် အထူးဂရုပြုရ မည်။

မေးမြန်းလာသည့် မေးခွန်းများကို မဖြေကြားဘဲ ရှောင်ဖယ်နေခြင်းသည် အမှန်အတိုင်း မပြောရာ ရောက်ပါသည်။

ရှင်းလင်းချက်များ ပေးခြင်းဖြင့် အမှုသည်၏ အကြောင်းကို ဉပဒေအရာရှိဘက်မှ ပိုမို သိရှိသွားစေပါသည်။

ထို့ကြောင့် ထိုသို့ ခက်ခဲသောမေးခွန်းများကို သင့်အနေဖြင့် ပြန်ရှင်းစစ်မေးခြင်းပြုလုပ်သည့်အခါ ပြန်လည် ရှင်းလင်း ပေးနိုင်ကြောင်း အမှုသည်အား ပြောပြထားပါ။ ပြန်ရှင်းစစ်မေးခြင်းများ ပြုလုပ်ရာတွင် သင့်၏ ခုခံရေး လမ်းကြောင်းကို ကောင်းမွန်စေမည့် မေးခွန်းများ ပါဝင်အောင် မေးပါ။

၆။ အမှုသည် မသိသည့် မေးခွန်းများကို မေးမြန်းလာပါက ... ထိုမေးမြန်းလာသည့် မေးခွန်းများအပေါ် “ကျွန်တော် မသိပါ” ဟူ၍ ရဲရင့်စွာ ပြောဆိုရဲရမည်။ ထိုနည်းတူစွာ ဉပဒေအရာရှိမှ အမှုသည်အား ဝန်ခံမှုများ ပြုလုပ်စေ သည့်အခါ ထိုသို့ပြောဆိုရဲရန် အရေးကြီးပါသည်။

အမှုသည်ဘက်မှ ပြောဆိုလာသည့် အကြောင်းအရာ (အားလုံး) တို့သည် မှန်ကန်မှု မရှိကြောင်းကို ဥပဒေအရာရှိဘက်မှ သက်သေပြရန် ကြိုးစားလာနိုင်ပါသည်။ ဥပမာ - မီးနီက ဘယ်လောက်ကြာအောင် နီခဲ့တာလဲ။ အဲ့နေရာက အခန်းကနေဆို မီတာဘယ်လောက် ဝေးခဲ့သလဲ။ (သို့) ဘီယာ ဘယ်လောက် သောက်ခဲ့သလဲ။ စသဖြင့် ...

ထိုမေးခွန်းများကို အမှုသည်ဘက်မှ မသိပါဟု ဖြေကြားခဲ့သည့်တိုင် ... ဥပဒေအရာရှိဘက်မှ အထက်ပါ မေးခွန်းများ မေး၍ ခန့်မှန်းမှုများကို ပြုလုပ်စေပါမည်။

## တရားခွင်စစ်ဆေးစီရင်နေစဉ်အတွင်း တရားခံပြသက်သေအား မေးခွန်းများ မေးခြင်း

၁။ အမှုသည်အား သက်သောင့်သက်သာဖြစ်စေရန် ရိုးရှင်းလွယ်ကူသည့် မေးခွန်းများကို ဦးစွာမေးပါ။ ဥပမာများမှာ -

သင့်၏ ...

အမည်၊

မွေးရပ်မြေ၊

လုပ်ကိုင်ခဲ့သည့်အလုပ်များ စသည်တို့ကို ပြောပြပေးပါ။

၂။ သက်သေအကြောင်း ပိုမိုသိရှိနိုင်ရန် အခြေခံကျသည့် မေးခွန်းများကို မေးပါ။ ထိုမေးခွန်းများသည် ယေဘုယျဆန်သည့် အကြောင်းအရာများလည်း ဖြစ်နိုင်ပြီး အဓိကထွက်ဆိုချက်များနှင့်လည်း ကိုက်ညီရန် လိုအပ်ပါသည်။ ဥပမာများမှာ -

- အမှုနှင့် သက်ဆိုင်သည့် အဓိကထွက်ဆိုချက်သည် ... လူတစ်ဦးတစ်ယောက်၏ အကျင့်ဇီဇ (သို့မဟုတ်) ဝါသနာအကျင့်စရိုက်များနှင့် သက်ဆိုင်နေသည့် အကြောင်းအရာများ ဖြစ်ခဲ့ပါ **...** "ခင်ဗျားတို့ အချင်းချင်း သိခဲ့တာ ဘယ်လောက် ကြာပြီလဲ" ဟူသည့် မေးခွန်းများကို မေးပါ။

- အမှုနှင့်သက်ဆိုင်သည့် အဓိကထွက်ဆိုချက်သည် အိမ်နီးချင်းအိမ်များအကြောင်း (သို့) ယာဉ်ကြောများ အကြောင်းဖြစ်နေပါက ... "သူတို့ အဲ့မှာနေခဲ့တာ ဘယ်လောက်ကြာပြီလဲ။ (သို့) မီးပွိုင့်က မီးက ကောင်းရောကောင်းရဲ့လား။" အစရှိသည့် မေးခွန်းများကို မေးရပါမည်။

- အမှုနှင့်သက်ဆိုင်သည့် အဓိကထွက်ဆိုချက်သည် ကျွမ်းကျင်ပညာရှင်၏ ထင်မြင်ယူဆချက်နှင့် သက်ဆိုင် နေပါက ... "အပြီးသတ် ထင်မြင်ချက် မပေးမီ ဘယ်အရာတွေကို ဘယ်လောက်များများ လေ့လာခဲ့ရသလဲ။ အချိန် ဘယ်လောက်ပေး၍ လေ့လာခဲ့သလဲ။ သူက ဘယ်သူတွေကို တွေ့ဆုံမေးမြန်းခဲ့ သလဲ။" အစရှိသည့် မေးခွန်းများကို မေးရပါမည်။

၃။ "အဓိက" ကျသည့် မေးခွန်းများကို ရှင်းလင်းစွာနှင့် နားလည်လွယ်အောင် မေးရပါမည်။

ဖြည့်ညင်းစွာနှင့် ရှင်းလင်းစွာ မေးပါ။ သက်သေများသည် ၎င်းတို့ကိုယ်တိုင် သက်သေအဖြစ် ထွက်ဆိုရသည့်အခါ စိတ်လှုပ်ရှားတတ်ကြပါသည်။ ယခင်က ဆွေးနွေးခဲ့ပြီးသည့်

အကြောင်းအရာများဖြစ်သော်လည်း ၄င်းတို့အတွက် ရှုပ်ထွေးသွားတတ်ကြပါသည်။ ထိုသို့ ဖြစ်လာပါက သင်မလိုလားအပ်သည့် အဖြေများ ရရှိလာနိုင်ပါသည်။

၄။ သက်သေ တစ်ဦးချင်းစီအား ... အဓိက မေးခွန်းများ မေးရာတွင် သင့်၏ ခုခံရေး လမ်းကြောင်းကို အထောက်အကူ ဖြစ်စေနိုင်မည့် မေးခွန်းပုံစံမျိုးဖြင့် မေးပါ။

၅။ သင့်၏ တရားခံအား ထိခိုက်စေနိုင်သည့် သက်သေခံချက်များရှိခဲ့ပါက ... ဥပဒေအရာရှိထက် အလျင် ထိုအရာများ ကို မေးပါ။ ဥပမာများမှာ -

- "ဒီမလာခင် ဘာလို့ ရဲနဲ့ စကားအရင် မပြောခဲ့တာလဲ" ဆိုတာ ပြောပြပေးပါ။
- "အရင်နေ့တွေကကျ တခြားအကြောင်းတွေ ပြောနေပြီး ဒီအကြောင်းကိုကျ ဘာလို့ ဒီနေ့မှ ပြောဖြစ်တာ လဲ" ဆိုတာ ပြောပြပေးပါ။
- "ရဲဆီကို ဘာလို့ မသွားခဲ့သလဲ" ဆိုတာကို ကျေးဇူးပြုပြီး တရားသူကြီးကို ပြောပြပေးပါ။ သင့်ခင်ပွန်း အဖမ်းခံခဲ့ရတဲ့နေ့က အလီဘိုင် (မှုခင်းဖြစ်နေရာ၌ သင်ရှိမနေကြောင်း) ကိုလည်း တရားသူကြီးအား ရှင်းပြပေးပါ။

# အဓိကစစ်မေးခြင်းနှင့် ပြန်လှန်စစ်မေးခြင်းများ

## စဉ်းစားရမည့်မေးခွန်းများ

ပြစ်မှုဆိုင်ရာတရားခံရှေ့နေသည် အဓိကစစ်မေးခြင်းနှင့် ပြန်လှန်စစ်မေးခြင်းများအတွက် ပြင်ဆင်ရမည့်အပြင် ... ၄င်း၏ စုံစမ်းစစ်ဆေးခြင်းအတွက်လည်း အောက်ဖော်ပြပါ မေးခွန်းများကို ဖြေဆိုကာ ပြင်ဆင်ထားရမည်။

၁။ ခုခံရေးလမ်းကြောင်း တစ်ရပ်လုံးက ဘာလဲ။
၂။ ဤသက်သေသည် ခုခံရေးလမ်းကြောင်းအတွင်း၌ မည်သို့ အံဝင်ဂွင်ကျ ဖြစ်နေသနည်း။
၃။ ဤသက်သေမှ ပြောပြလာသည့်ဇာတ်လမ်းကို နဂိုပြောပြပြီး ဇာတ်လမ်းအတွင်းသို့ ဝင်အောင်နှင့် သက်သေမှ ထွက်ဆိုချက်ပေးပြီးနောက် ပြောပြလာမည့် ဇာတ်လမ်းအတွင်းသို့ ဝင်အောင် သင် မည်သို့ လုပ်ဆောင်မည်နည်း။
၄။ သက်သေ၏ ထွက်ဆိုချက်သည် သင့်အမှုသည်၏ ဇာတ်လမ်းကို တည်ဆောက်ရာတွင် မည်သို့ အထောက် အကူဖြစ်စေပြီး ဥပဒေအရာရှိ၏ဇာတ်လမ်းကို မည်သို့ ဆန့်ကျင်နေသနည်း။
၅။ အဓိကစစ်မေးခြင်းများနှင့် ပြန်လှန်စစ်မေးခြင်းများ ပြုလုပ်ရာတွင် မည်သည့် သက်သေခံချက်များကို ဖော်ပြပေးရန် သို့မဟုတ် ကိုးကားရန် လိုအပ်သနည်း။
၆။ ဥပဒေအရာရှိဘက်မှ အဓိကစစ်မေးခြင်းများနှင့် ပြန်လှန်စစ်မေးခြင်းများ ပြုလုပ်ရာတွင် မည်သို့သော သက်သေခံ ချက်များအပေါ် မှီခိုလိမ့်မည်နည်း။ ဥပဒေအရာရှိမှ တင်သွင်းလာသည့် သက်သေခံချက်များအား ဆန့်ကျင်ရန် မည်သို့သော မေးခွန်းများနှင့် မည်သို့သော သက်သေခံချက်များကို အသုံးပြုရမည်နည်း။

## အဓိကစစ်မေးခြင်းနှင့် ပြန်လှန်စစ်မေးခြင်း၏ ရည်ရွယ်ချက်

ပြစ်မှုဆိုင်ရာတရားခံရှေ့နေက အဓိကစစ်မေးခြင်းနှင့် ပြန်လှန်စစ်မေးခြင်းများအတွက် ပြင်ဆင်ရာတွင် အထက်ဖော်ပြပါ မေးခွန်း ၆ ခု ကို အသုံးပြုရမည့်အပြင် ... အဓိကစစ်မေးခြင်းနှင့် ပြန်လှန်စစ်မေးခြင်းများ၏ မတူညီသော ရည်ရွယ်ချက်များ နှင့် နည်းစနစ်များကိုလည်း သိရှိရန် လိုအပ်ပါသည်။

**အဓိကစစ်မေးခြင်း**၌ အမှုဖြစ်ဇာတ်လမ်းကို သက်သေမှ ပြောပြရန် လိုအပ်ပါသည်။ ထိုသို့ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ - သက်သေမှ ထွက်ဆိုလိုက်သည့် စကားရပ်များအတွင်းမှ ခုခံရေးလမ်းကြောင်းကို အထောက်အကူ ဖြစ်စေနိုင်မည့် အမှုဖြစ် ဇာတ်လမ်းကို ဆွဲထုတ်ရန်အတွက် ဖြစ်ပါသည်။

**ပြန်လှန်စစ်မေးခြင်း**သည် ဉပဒေအရာရှိ၏ ခုခံရေးလမ်းကြောင်းကို အစီစဉ်ကျကျ ပြန်လည်တိုက်ခိုက်ရန် ဖြစ်ပါသည်။ ထို၌ သက်သေအား တိုက်ရိုက်စစ်မေးမှု ပြုစဉ်အတွင်း တည်ဆောက်ခဲ့သည့် သက်သေခံချက်များကိုသာ အသုံးပြုရမည် မဟုတ်ပါ။ ပြစ်မှုဆိုင်ရာ တရားခံရှေ့နေတစ်ဦးအနေဖြင့် သက်သေ၏ သက်သေခံချက်သည် တခြား သက်သေများ၏ ထွက်ဆိုချက်များ (သို့) သက်သေခံချက်များနှင့် ကိုက်ညီမှု မရှိပုံ၊ သက်သေက တရားခံကို ဆန့်ကျင်ပြီး ဘက်လိုက် ထွက်ဆိုပုံ၊ သက်သေသည် တရားခံအား ဆန့်ကျင်ပြီး သက်သေထွက်ဆိုရန် ရည်ရွယ်ချက်ရှိပုံ၊ ထိုသက်သေ (အကယ်၍ ပူးတွဲ တရားခံဖြစ်ခဲ့လျှင်) သည်ပင် ပြစ်မှု ကျူးလွန်နိုင်ခဲ့ခြေရှိပုံ၊ အမှုနှင့် သက်ဆိုင်သည့် အကြောင်းခြင်းရာနှင့် သက်သေခံချက်များအပေါ် သက်သေက မသိပုံ၊ အမှုနှင့် သက်ဆိုင်သည့် အဓိက အကြောင်းအရာများကို သက်သေမှ မြင်ခဲ့ခြင်း၊ ကြားခဲ့ခြင်း၊ သတိမူခဲ့ခြင်း၊ လေ့လာခဲ့ခြင်း မရှိခဲ့ပုံ စသည့် အကြောင်းအရာများကို ဖော်ပြနိုင်မည့် အချက်များကို ရှာဖွေရမည်။

## မေးမြန်းရမည့် မေးခွန်းပုံစံများ

**အဖွင့်မေးခွန်းများ** - အဓိကစစ်မေးခြင်း၏ ရည်ရွယ်ချက်မှာ သက်သေထံမှ အမှုဖြစ် အကြောင်းအရာများကို ဇာတ်လမ်း သဖွယ် ပြန်ပြောပြစေရန် ဖြစ်ပါသည်။ ထို့ကြောင့် ပြစ်မှုဆိုင်ရာတရားခံရှေ့နေသည် သက်သေများ သိရှိထားသည့် သတင်း အချက်အလက်များကို အစ်ထုတ်နိုင်မည့် မေးခွန်းများဖြစ်သော ... "ဘယ်သူက၊ ဘယ်နေရာမှာ၊ ဘယ်အချိန်က၊ အဘယ့်ကြောင့်၊ ဘာဖြစ်ခဲ့သလဲ၊ ဘယ်လိုဖြစ်ခဲ့သလဲဆိုတာကို ရှင်းလင်းပြောပြပေးပါ" စသည်တို့ကို အသုံးပြုရပါမည်။ ထိုသို့သော မေးခွန်းများ မေးခြင်းကြောင့် သက်သေများဘက်မှ "ဟုတ်တယ်၊ မဟုတ်ဘူး" ဆိုသည့် အဖြေများထက် ပိုလွန်သော အဖြေများကို ဖြေကြရတော့မည် ဖြစ်ပါသည်။

- ဘာကို ခင်ဗျားရောက်ခဲ့တဲ့အချိန်က ... ခင်ဗျား ဘာမြင်ခဲ့သလဲ။
- ရန်ပွဲက ဘယ်လိုစဖြစ်ခဲ့သလဲဆိုတာကို ကျွန်တော်တို့ကို ပြောပါအုံး။
- ဘားမှာ ဘယ်သူ့ကို တွေ့ခဲ့သလဲ။ သူတို့က ဘာလုပ်နေခဲ့တာလဲ။ နောက်တော့ရော ဘာဖြစ်သွားခဲ့သလဲ။

**အပိတ်မေးခွန်းများ -** အပိတ်မေးခွန်းများ မေးခဲ့ပါက သက်သေများဘက်မှ "ဟုတ်ပါတယ်၊ မဟုတ်ပါဘူး။ (သို့) လိုတိုရှင်းအဖြေများ" ကိုသာ ဖြေကြားကြမည်ဖြစ်ပါသည်။ ထို့ကြောင့် အဓိကစစ်မေးမှုများ ပြုလုပ်နေစဉ်အတွင်း ထိုသို့သော အပိတ်မေးခွန်းများကို ပြစ်မှုဆိုင်ရာတရားခံရှေ့နေမှ အသုံးမပြုဖြစ်စေအောင် သတိထားရပါမည်။ သို့သော် ထိုအပိတ် မေးခွန်းများကို ပြန်လှန်စစ်ဆေးမှုများ ပြုလုပ်ရာတွင် အသုံးပြုနိုင်ပါသည်။ ဉပမာများမှာ -

- ရန်ပွဲ ဖြစ်ခဲ့တဲ့ညက ... ဘားမှာ လူစည်ခဲ့သလား။
- ဘယ်သူက ပထမဆုံး လက်သီးနဲ့ ထိုးခဲ့တာလဲ ... နစ်နာသူကလား (သို့) တရားခံကလား။

- ရန်ပွဲ ပြီးဆုံးသည်အထိ သင်အဲ့ဒီနေရာမှာ ရှိနေခဲ့သလား။

## ပြန်လှန်စစ်မေးမှုများပြုလုပ်စဉ်အတွင်း လုံးဝ အသုံးမပြုသင့်သည့် စကားလုံးများ

ပြစ်မှုဆိုင်ရာတရားခံရှေ့နေတစ်ဦးအနေဖြင့် ပြန်လှန်စစ်မေးမှုများ ပြုလုပ်ရာတွင် "ဘယ်သူက၊ ဘာကို၊ ဘယ်နေရာမှာ၊ ဘယ်အချိန်က၊ ဘာ့ကြောင့်၊ ဘယ်လိုပြောခဲ့သလဲ ဆိုတာ ပြောပြပေးပါ၊ ရှင်းပြပေးပါ" စသည့် စကားလုံးများကို မည်သည့် အချိန်တွင်မျှ လုံးဝ **အသုံးမပြုမိစေရန်**သတိထားရမည်။ ထိုစကားလုံးများကို အချက်အလက်များ အစ်ထုတ်ရာ တွင်သာ အသုံးပြုသောကြောင့် ယခုကဲ့သို့ပြန်လှန်စစ်မေးမှုများ ပြုလုပ်ရာတွင် အသုံးမပြုသင့်ပါ။ ပြန်လှန်စစ်မေးခြင်း၏ အဓိက ရည်ရွယ်ချက်မှာ ဥပဒေအရာရှိ၏ အမှု**တည်ဆောက်ပုံကို** ပစ်မှတ်ထားရန်နှင့် သက်သေများအား ၎င်းတို့ အဖြေများ အတွက် ရှင်းပြ ခွင့်မပေးဘဲ တရားခံ၏ ခုခံရေးလမ်းကြောင်းကို ပိုမိုခိုင်မာလာအောင် ပြုလုပ်ရန်ဖြစ်သည်။ ဆိုလိုသည်မှာ … သင် လိုချင်သည့် ဘောင်အတွင်းသို့ သက်သေများ ဝင်လာအောင် ပြုလုပ်ရန်ဖြစ်ပြီး ၎င်းတို့ကိုယ်တိုင် အချက်အလက်များ မတည်ဆောက်စေရန် ဖြစ်ပါသည်။

## သင့်အမှုသည်နှင့် အခြားသက်သေများအတွက် မည်သို့ ပြင်ဆင်ပေးရမည်နည်း။

၁။ သင့်၏ခုခံရေးလမ်းကြောင်းကို သင့်အမှုသည်နှင့် အခြားသက်သေများအား ပြောပြပါ။ ၎င်းတို့၏ သက်သေခံချက် များသည် သင့်၏ ခုခံရေးလမ်းကြောင်းကို မည်သို့ အထောက်အ**ကူ ဖြစ်စေနိုင်ကြောင်း** နှင့် ဥပဒေအရာရှိ၏ အချက်အလက်များကို မည်သို့ **ချေပ**ငြင်းဆန်နိုင်ကြောင်းကိုလည်း ရှင်းပြပေးပါ။

၂။ အဓိကစစ်မေးခြင်းနှင့် ပြန်လှန်စစ်မေး**ခြင်း**များအတွက် သင့်အမှုသည်နှင့် အခြားသက်သေများအား ပြင်ဆင်ပေး ထားပါ။

၃။ အဓိကစစ်မေးခြင်းနှင့် ပြန်လှန်စစ်မေးခြင်းတို့**အတွက် မေးခွန်းများကို** ကြိုတင် ပြင်ဆင်ထားပါ။ စစ်မေးမှုများ ပြုလုပ်ရာတွင် ယေဘုယျဆန်သည့် မေးခွန်းများကို ဦးစွာမေးပြီး **တဖြည်းဖြည်း ဆက်လက်၍** အသေးစိတ်ကျသည့် မေးခွန်းများကို မေးသွားပါ။ သင့်အတွက် အကောင်းဆုံး အချက်များကို စစ်မေးခြင်း၏ အဆုံး၌ မေးမြန်းရန် ချန်ထားပါ။ သင်ကိုယ်တိုင် အဖြေ မသိသည့် မေးခွန်းများကို မမေးပါနှင့်။

၄။ သင့်အမှုသည် (သို့) အခြားသက်သေများနှင့် လေ့ကျင့်မှုများ ပြုလုပ်ထားပါ။ ဥပဒေအရာရှိ၏ အသံနေအသံထား၊ **၎င်းမှ** မေးမြန်းလာမည့်မေးခွန်းများ၊ နှင့် အသုံးပြု**လာ**နိုင်မည့် သက်သေခံ**ချက်** များအတွက် ပြင်ဆင်ထားပေးပါ။

၅။ သင် (သို့) ဥပဒေအရာရှိမှ မေးမြန်းလာသည့် မေးခွန်းများအပေါ် ဂရုတစိုက် နားထောင်ရန် သင့်အမှုသည်နှင့် သက်သေများအား အကြံပြု ပြောကြားထားပါ။ ထို့အပြင် မေးမြန်းလာသည့် မေးခွန်းများကိုသာ ဖြေဆိုရန်နှင့် မမေးမြန်းသည့် မေးခွန်းများအပေါ် ဖြေဆိုရန် မလိုကြောင်း ပြောပြထားပါ။

၆။ မေးမြန်းလာသည့် မေးခွန်းများ၏ အဖြေများကို အမှုသည်နှင့် အခြားသက်သေများက မသိခဲ့လျှင် … ထိုအရာများ အပေါ် ခန့်မှန်း**ဖြေဆို**ခြင်းများ မပြုလုပ်ဘဲ "ကျွန်တော်/ကျွန်မ မသိပါ" ဟူ၍သာ ဖြေကြားကြရန် ပြောပြထားပါ။

၇။ ရှင်းလင်းရန်လိုအပ်သည့် အကြောင်းအရာများကို ပြန်ရှင်းစစ်မေးမှုများ ပြုလုပ်ရာတွင် **ပြန်လည်** ရှင်းပြခွင့် ရကြ မည်ဖြစ်ကြောင်း အမှုသည်နှင့် သက်သေများအား ပြောပြထားပါ။

## နိဂုံးချုပ်

ထိရောက်မှုရှိသည့် အမိကစစ်မေးခြင်းနှင့် ပြန်လှန်စစ်မေးခြင်းများကို ပြင်ဆင်ရာတွင် ဖွဲ့၊လုံ့လ၊ ဝီရိယ ရှိရုံတင်မက စိတ်ရှည် သည်းခံခြင်းနှင့် အရေးကြီးဆုံးအဖြစ် အကြိမ်ကြိမ် လေ့ကျင့်မှုများ ရှိရန် လိုအပ်ပါသည်။ ပြီးပြည့်စုံသော ခုခံရေး လမ်းကြောင်းတစ်ရပ်နှင့်၊ အစီစဉ်ကျနသော အမိကစစ်မေးခြင်း၊ ပြန်လှန်စစ်မေးခြင်းဆိုင်ရာ မေးခွန်းများကို ပြင်ဆင် ထားနိုင်ပါက ...တရားရုံးတော်၌ သင့်အမှုသည် အတွက် အကောင်းဆုံး လျှောက်လဲတင်ပြပေးနိုင်လိမ့်မည်။

# ကျွမ်းကျင်မှုများ - တရားခံ၏ သက်သေခံချက်များကို တင်ပြခြင်း

## ရုပ်ပစ္စည်းသက်သေခံချက်များနှင့် မိတ်ဆက်ခြင်း [23]

အမှုသည်နှင့် ဆွေးနွေးတိုင်ပင်ပြီး လွတ်လပ်သောစုံစမ်းထောက်လှမ်းမှုများ ပြုလုပ်ပြီးနောက် … ရုပ်ပစ္စည်းသက်သေခံချက် သို့မဟုတ် အခြားသော သက်သေခံပစ္စည်းများကို တရားခံရှေ့နေက တရားခံအား အဓိကစစ်မေးမှုများ ပြုလုပ်ရာတွင် တင်ပြကောင်း တင်ပြနိုင်သည်။ မြန်မာနိုင်ငံ၌ သက်သေခံပစ္စည်းများကို တရားရုံးတော်၌သာ ပေးအပ်လေ့ရှိသော်လည်း ထိုသက်သေခံပစ္စည်း တင်သွင်းခြင်းနှင့် ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများကိုလည်း သိရှိထားရန် လိုအပ်ပါသည်။ ထိုသို့ သိရှိပြီး အောက်ဖော်ပြပါ သက်သေခံတင်ပြခြင်းအဆင့်များကို လိုက်နာခဲ့ပါက မူလတရားရုံးက သင်၏ သက်သေခံချက်များ ကို ပယ်ချခြင်း သို့မဟုတ် သက်သေခံမဝင်ဟု မှတ်ယူခဲ့ခြင်းများ ပြုလုပ်ခဲ့သည့်တိုင် သင့်အနေဖြင့် ထိုသို့သော သက်သေခံချက်များ တင်သွင်းခဲ့ကြောင်း အထောက်အထားမှတ်တမ်းကို အယူခံတရားရုံးသို့ တက်ရောက်သည့်အခါ တင်ပြပေး နိုင်ပေမည်။

### တရားခွင်မစတင်မီ

၁။ တရားခွင် မစတင်မီ အချိန်ကတည်းကပင် သက်သေခံပစ္စည်းများကို အမှတ်အသားပြုထားပါ။ သက်သေ ခံ အထောက်အထားများအပေါ်၌ ပြုလုပ်လေ့ရှိသည့်အမှတ်အသားများမှာ D-A, D-B, D-C … စသဖြင့် ဖြစ်ပါသည်။

၂။ ကြိုတင် အမှတ်အသားများ ပြုလုပ်ထားသည့် သက်သေခံအထောက်အထား မိတ္တူတစ်စောင်ကို ဥပဒေ အရာရှိအား တရားခွင်မစတင်မီအချိန်ကပင် ပေးပါ။

၃။ တရားသူကြီးများအား ပေးမည့် မိတ္တူများကို ခုံတန်းရှည်ပေါ်၌ တရားခွင် မစတင်မီအချိန်ကတည်းကပင် တင်ထားပေးရမည်။

### တရားခွင်စစ်ဆေးစီရင်နေစဉ်အတွင်း

၁။ အမှတ်အသားပြုထားသည့် သက်သေခံပစ္စည်းများကို တရားသူကြီးအား ပြရန် ချဉ်းကပ်ခွင့်တောင်းပါ။ (သို့မဟုတ် တရားရုံးပစ္စည်းထိန်းစာရေးအား ထိုသို့ ပြုလုပ်ပေးပါရန် တောင်းဆိုပါ)။

၂။ သက်သေခံပစ္စည်းကို ဥပဒေအရာရှိအား ပြပါ။ (ဤအချိန်၌ ထိုသို့တင်ပြခြင်းကို ဥပဒေအရာရှိမှ ကန့်ကွက်ကောင်း ကန့်ကွက်နိုင်မည်။)

၃။ သက်သေများအား ချဉ်းကပ်ခွင့် တောင်းခံပါ။ (သို့မဟုတ် တရားရုံးပစ္စည်းထိန်းစာရေးအား ထိုသို့ ပြုလုပ် ပေးရန် တောင်းဆိုပါ။)

၄။ သက်သေခံပစ္စည်းကို သက်သေအားပြပြီး သိမသိ မေးမြန်းပါ။

၅။ သက်သေခံအထောက်အထားများနှင့်ပတ်သက်သည့် အဓိကကျသော မေးခွန်းများကို မမေးမီ အခြေခံ ကျသည့် မေးခွန်းတချို့ကို မေးပါ။

[23] http://cavemocktrial.blogspot.com/2012/11/introducing-physical-evidence.html

၆။ အခရာကျသည့် မေးခွန်းကို မေးပါ။

၇။ သက်သေခံအထောက်အထားများကို သက်သေခံအဖြစ် လက်ခံပေးပါရန် တောင်းဆိုပါ။

၈။ (ထိုအချိန်၌ တဖက်ရှေ့နေမှ ကန့်ကွက်နိုင်ပါသည်) ထိုအခြေအနေ၌ ... ထိုသက်သေခံပစ္စည်းကို အဘယ်ကြောင့် လက်ခံသင့်ကြောင်း ရှင်းပြပေးနိုင်ရန် ပြင်ဆင်ထားပါ။

ဥပမာ -

၁။ သက်သေခံအထောက်အထား ထင်ရှားပြသခြင်း။
"လေးစားရပါသော တရားသူကြီးမင်းရှင်/ခင်ဗျာ ... သက်သေခံအထောက်အထား အမှတ် "က" ဟု မှတ်သားထား သည့် ဤ ရုပ်အကျီကို တင်ပြလိုပါတယ်။"

၂။ ဥပဒေအရာရှိအား ပြသပါ။

၃။ သက်သေအား ချဉ်းကပ်ခွင့်တောင်းပါ။

၄။ သက်သေအား ပြသပါ။
"ကိုဝက်ဝံလေး ...သက်သေခံအထောက်အထား အမှတ် "က" ဟု မှတ်သားထားသည့် ဤဆံပင်ကို သင် မှတ်မိပါ သလား။"

၅။ အခြေခံအုတ်မြစ်ကို တည်ဆောက်ခြင်း။
"ဒီဆံပင်ကို ခင်ဗျားရဲ့ ခေါင်းအုံးပေါ်ကနေ တွေ့ခဲ့တာလား။
ခင်ဗျားခေါင်းအုံးပေါ်က တွေ့ခဲ့တဲ့ ဆံပင်နဲ့ ဒီဆံပင်နဲ့ တူသလား။
လမ်းလျှောက်ဖို့ အိမ်ကနေ ထွက်သွားတုန်းက ခင်ဗျားခေါင်းအုံးပေါ်မှာ ဒီဆံပင်ရှိခဲ့ပါသလား။
ဒီဆံပင်ရဲ့အရောင်က ဘာလဲ။ (ဒီသက်သေခံအထောက်အထားအရကတော့ အမည်းရောင်ပါ)။
ဂိုးဒီလော့ရဲ့ဆံပင်က ဘာအရောင်လဲ။
ဒီဆံပင်ကို ခင်ဗျားအနေနဲ့ ဖြောင့်တယ်လို့ ပြောမလား၊ ဒါမှမဟုတ် ကောက်တယ်လို့ ပြောမလား။ (ဒီသက်သေခံ အထောက် အထားအရကတော့ အဖြောင့်ပါ။)
ဂိုးဒီလော့ဆံပင်ကို ခင်ဗျားအနေနဲ့ ဖြောင့်တယ်လို့ ပြောမလား၊ ဒါမှမဟုတ် ကောက်တယ်လို့ ပြောမလား။
ဒီဆံပင်က တိုသလား၊ ရှည်သလား။ (ဒီသက်သေခံအထောက်အထားအရတော့ အတိုပါ။)
ဂိုးဒီလော့ရဲ့ဆံပင်ကို ခင်ဗျားအနေနဲ့ ရှည်တယ်လို့ ပြောမလား၊ ဒါမှမဟုတ် တိုတယ်လို့ ပြောမလား။"

၆။ အရေးကြီးသည့်မေးခွန်းကို မေးပါ။
"ဒီဆံပင်က ဂိုးဒီလော့ခေါင်းပေါ်က ဆံပင်နဲ့ မတူဘူးမလား။"

၇။ သက်သေခံအထောက်အထားကို သက်သေခံအဖြစ် တင်သွင်းခြင်းကို လက်ခံပေးပါရန် တောင်းဆိုခြင်း။
"လေးစားရပါသော တရားသူကြီးမင်းရှင်/ခင်ဗျား ... တရားခံ သက်သေခံအထောက်အထားအမှတ် "က" အဖြစ် ဤဆံပင်ကို သက်သေခံအဖြစ် တင်သွင်းခြင်းကို တရားရုံးတော်မှ လက်ခံပေးပါရန် လျှောက်ထားအပ်ပါတယ်။"

တဖက်ရှေ့နေမှ ကန့်ကွက်နိုင်မည့် အချက်များမှာ -

- အခြေအမြစ်မရှိခြင်း (ထို့ကြောင့် အခြေအမြစ်ရှိသည့် မေးခွန်းများကိုသာ မေးပါ။)
- ကိုယ်တွေ့ဗဟုသုတများ မရှိခြင်း။

## ကျွမ်းကျင်ပညာရှင်များ၏ ထွက်ဆိုချက်များကို အသုံးပြုခြင်း

ကျွမ်းကျင်ပညာရှင်အား ခေါ်ယူနိုင်သည့် ရည်ရွယ်ချက် (၂) ရပ် ရှိပါသည်။ ပထမအချက်မှာ - ကျွမ်းကျင်ပညာရှင်၏ သက်သေခံချက်များကို ခိုင်မာသောခုခံရေးလမ်းကြောင်းအဖြစ် အသုံးပြုပြီး တရားလိုဘက်မှ တင်သွင်းလာသည့် သက်သေခံချက်များသည် ခိုင်မာမှုမရှိကြောင်း သက်သေပြရန်ဖြစ်ပါသည်။ ဒုတိယအချက်မှာ - တရားခံပြ ကျွမ်းကျင်ပညာရှင်အား အသုံးပြုပြီး တရားလိုပြ ကျွမ်းကျင်ပညာရှင်၏ ထွက်ဆိုချက် များသည် အရေးမပါသော အချက်များဖြစ်ကြောင်း ပြသရ မည်။ထိုသို့ ပြသနိုင်ရန်အတွက် တရားခံပြ ကျွမ်းကျင်ပညာရှင် လိုအပ်ပါသည်။ ထိုသို့သော ထွက်ဆိုချက်များသည် လုပ်ထုံး လုပ်နည်းဆိုင်ရာ လက်စွဲစာအုပ်များ၊ ပညာရှင်များ၏ သုတေသနကျမ်းများ (သို့) သိပ္ပံနည်းကျကျ ရေးသားထားသည့် သတင်းဆောင်းပါးများကို အသုံးပြုပြီး ပြန်လှန်စစ်မေးခြင်းများထက် ပို၍ခိုင်မာမှု ရှိစေပါသည်။

## တရားခံဘက်မှ ကျွမ်းကျင်ပညာရှင်၏ အဓိကစစ်မေးခြင်း

ရှေ့နေက သက်သေများအား အဓိကစစ်မေးမှုများ ပြုလုပ်ရမည့်အပြင် ကျွမ်းကျင်ပညာရှင်၏ အောက်ဖော်ပြပါ အချက် အလက်များကို ထုတ်ဖော်ပြသနိုင်မည့် မေးခွန်းများကိုလည်း မေးမြန်းပေးရမည်။

- ကျွမ်းကျင်ပညာရှင်၏ ပညာအရည်အချင်း၊ တက်ရောက်ခဲ့သည့် သင်တန်းများ (သို့) ကျွမ်းကျင် ပညာရှင်တစ်ဦး ဖြစ်အောင် မွေးဖွားပေးလိုက်သည့် အတွေ့အကြုံများ။
- ကျွမ်းကျင်ပညာရှင်မှ ထင်မြင်ချက်များပေးနိုင်ရန် ဆောင်ရွက်ခဲ့ရသည့် လုပ်ဆောင်ချက်များ။
- ဤအမှုနှင့်ပတ်သက်သည့် ကျွမ်းကျင်ပညာရှင်၏ ထင်မြင်ချက်များ။

## ကျွမ်းကျင်ပညာရှင်ကို အဓိကစစ်မေးခြင်းဆိုင်ရာ ဥပမာများ

၁။ ပညာအရည်အချင်း၊ သင်တန်းများ သို့မဟုတ် အတွေ့အကြုံများ
**ကိုယ်ရေးအတ္ထုပတ္တိ**နှင့်ဆိုင်သည့် မေးခွန်းများ**။**

- သင့်ရဲ့ အလုပ်အကိုင်က ဘာလဲ။
- အဲ့ဒါ ဘာကို ဆိုလိုသလဲဆိုတာ ပြောပြပေးပေးနိုင်မလား။
- သင် ဘယ်မှာ အလုပ်လုပ်ပါသလဲ။
- သင့်ရာထူးက ဘာလဲ။
- သင့်ရဲ့ တာဝန်နဲ့ ဝတ္တရားများကို ပြောပြပေးပါ။
- (လက်ဗွေရာ၊ သွေးစစ်မှု၊ မူးရစ်ဆေးဝါး စစ်ဆေးမှု စတဲ့) စမ်းသပ်စစ်ဆေးမှုတွေကို လုပ်ဆောင်ပေးသလား။
- အဲ့ဒါတွေ လုပ်ခဲ့တာ ဘယ်နနှစ် ရှိပြီလဲ။
- အဲ့အထဲမှာ ပါဝင်တဲ့အရာတွေအကြောင်းကို ပြောပြပေးပါ။
- စမ်းသပ်စစ်ဆေးမှုပေါင်း မည်မျှကို သင်လုပ်ဆောင်ခဲ့ပြီးပြီလဲ။
- စမ်းသပ်စစ်ဆေးမှုများရဲ့ ရည်ရွယ်ချက်က ဘာလဲ။
- သင့်ရဲ့ ပညာအရည်အချင်းကို ပြောပြပေးပါ။
- သက်ဆိုင်ရာဆောင်းပါးတွေကို သင့်အနေနဲ့ ရေးသားထုတ်ဝေဖူးသလား။
- ပညာရှင်များဆိုင်ရာအစည်းအရုံးတွေမှာ ပါဝင်ထားပါသလား။
- ကျွမ်းကျင်ပညာရှင်တစ်ဦးအဖြစ် တရားရုံးတော်တွေမှာ ... ယခင်က ထွက်ဆိုပေးခဲ့ဖူးပါသလား။

- ဘယ်တရားရုံးတွေက သင့်ရဲ့ **ထွက်ဆို**ချက်တွေကို ကျွမ်းကျင်ပညာရှင်တစ်ဦးရဲ့ **ထွက်ဆို**ချက်တွေအဖြစ် လက်ခံခဲ့ပါသလဲ။
- သင် ထွက်ဆိုပေးခဲ့တဲ့ အမှုတွေရဲ့ သဘော သဘာဝက ဘယ်လို ရှိ**ခဲ့**သလဲ။

၂။ လုပ်ဆောင်ခဲ့သည့် ဆောင်ရွက်ချက်များ

- မည်သည့်အရာတွေကို ဆွေးနွေးခဲ့သလဲ (လက်ဗွေရာများ၊ မူးယစ်ဆေးဝါးများ၊ သွေးအုပ်စုများ၊ DNA)။
- ထိုအရာကို ဘယ်လို စုဆောင်းနိုင်ခဲ့သလဲ။
- ထိုစုဆောင်းထားတဲ့အရာတွေအပေါ်မှာ သက်ရောက်မှုရှိစေနိုင်တဲ့ အခြေအနေမျိုးတွေ ရှိပါသလား။
- (လက်ဗွေရာများ၊ မူးယစ်ဆေးဝါးများ၊ သွေးအုပ်စု၊ DNA) စသည်အကြောင်းအရာများကို သိရှိနိုင်ရန် မည်သို့သော စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ရမည်နည်း။
- ဤနည်းလမ်းကို သင့်၏ အလုပ်ခွင်၌ အသုံးပြုပါသလား။
- စစ်ဆေးမှုမှတဆင့် မည်သည့်အရာများကို ရှာဖွေလိုပါသနည်း။
- မည်သို့သော ရလဒ်မျိုးကို ရနိုင်ပါသလဲ။
- သိသာထင်ရှားသည့်ရလဒ်မျိုး အမြဲရနိုင်ပါသလား။
- ဤအမှုကို စစ်ဆေးပေးရန် တရားခံဘက်မှ ငှားရမ်းခဲ့သလား။
- သင် လေ့လာဆန်းစစ်ခဲ့သည့်အရာများအကြောင်းကို ဆွေးနွေးပေးပါ။
- သင်ပြုလုပ်ခဲ့သည့် စစ်ဆေးမှုများအကြောင်း ပြောပြပေးပါ။

၃။ ကျွမ်းကျင်ပညာရှင်၏ ထင်မြင်ချက်

- သင့်၏ ကျွမ်းကျင်မှုများနှင့် ဆောင်ရွက်ခဲ့သည့် စစ်ဆေးမှုများအရ (လက်ဗွေရာများ၊ မူးယစ်ဆေးဝါးများ၊ သွေးအုပ်စုများ၊နှင့် DNA) အပေါ် ထင်မြင်ချက် ပေးနိုင်ပါသလား။
- ထိုထင်မြင်ချက်ကို ပြောပြပေးပါ။

## ပြန်လှန်စစ်မေးမှုအတွက် သက်သေအား ပြင်ဆင်ပေးခြင်း

UNODC ၏ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလက ထုတ်ဝေခဲ့သည့် "Criminal Legal Aid Manual for Law Practioners in Somaliland" ကို ကြည့်ပါ။

ကျွမ်းကျင်ပညာရှင်ရှာဖွေခြင်းနှင့် ကျွမ်းကျင်ပညာရှင်၏ ထွက်ဆိုချက်များအတွက် ပြင်ဆင်ရာတွင် ... တရားခံရှေ့နေက ကျွမ်းကျင်သူ တရားလိုပြသက်သေများကို ကန့်ကွက်သည့်နည်းတူ ကန့်ကွက်ချက်များပေးနိုင်ရန် ကြိုတင်ခန့်မှန်းထားရ မည်။ ထို၌ သက်သေတိုင်းအတွက် အသုံးပြုနိုင်မည့် အောက်ဖော်ပြပါ အချက်များ ပါဝင်ရမည်။

- အဂတိလိုက်ခြင်း၊
- ဘက်လိုက်ခြင်း၊
- လိမ်လည်လှည့်ဖြားခြင်း၊
- မှားယွင်းခြင်း၊
- လေ့လာရန်အခွင့်အရေးမရှိခြင်း၊

• ပြန်လည်စုစည်းခွင့် မရှိခြင်း။

သို့သော် ... ကျွမ်းကျင်ပညာရှင်၏ ထင်မြင်ယူဆချက်များအပေါ် ထောက်ပြလာမည့် စိန်ခေါ်မှုအခက်အခဲများအတွက်လည်း တရားခံရှေ့နေက ကြိုတင် ပြင်ဆင်ထားရမည်။

- ကျွမ်းကျင်သူပညာရှင်သည် ၎င်း၏ ထင်မြင်ယူဆချက်ကို အခြေခံနိုင်မည့် ပညာရေး၊ လေ့ကျင့်သင်ကြားရေး သို့မဟုတ် အတွေ့အကြုံများ ရှိပါသလော။
  ဥပမာ။ ။ ကျွမ်းကျင်သူ ပညာရှင်သည် ဒဿနိကဘာသာရပ်တွင် ပါရဂူဘွဲ့ ရရှိထားပြီး ၎င်းပညာရှင်သည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မှ လိမ်ညာနေခြင်း ဖြစ်သည်ကို ၎င်းပုဂ္ဂိုလ်၏ ကိုယ်ခန္ဓာမှ ထွက်ပေါ်လာသော ကိုယ်ရောင်ကိုယ်ဝါကို ကျွမ်းကျင်သူ ပညာရှင်က ၎င်း၏ ဦးထုပ်ထဲကို ကြည့်၍ မြင်ရပြီး ၎င်းကိုယ်ရောင်ကိုယ်ဝါကို လေ့လာခြင်းအားဖြင့် သိရှိနိုင်သည် ဆိုခြင်းမျိုး။
- ကျွမ်းကျင်သူပညာရှင်သည် ၎င်းအစစ်ခံနေသော ပညာရပ်၊ လေ့ကျင့်သင်ကြားမှု၊ အတွေ့အကြုံနှင့် ပတ်သက်၍ အမှန်တကယ် ကျွမ်းကျင်သူ ပညာရှင် ဟုတ်ပါသလား။
  ဥပမာ။ ။ ကျွမ်းကျင်သူ ပညာရှင်သည် အသတ်ခံရသောသူ၏ ရုပ်အလောင်းကို ရင်ခွဲ စစ်ဆေးပြီး ၎င်းသေဆုံး ချိန်မှာ အင်္ဂါနေ့ မနက် နှစ်နာရီခွဲတွင် ဖြစ်သည်ဟု ဆို၏။ သို့ရာတွင် ၎င်းကျွမ်းကျင်သူ ရရှိလာသော ဆေးပညာ ဒီပလိုမာဘွဲ့မှာ မည်သည့်အစိုးရ၊ မည်သည့်ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းကမှ အသိအမှတ် ပြုထားခြင်း မရှိသော ကမ္ဘောဒီးယားမှ ကျောင်းတစ်ကျောင်း ဖြစ်နေပြီး ၎င်းကျွမ်းကျင်သူဆိုသူမှာ နှစ်ပေါင်းများစွာ သိုးမွေးခြင်း အလုပ်ကို သာ လုပ်နေသူ ဖြစ်နေခြင်း။
- ကျွမ်းကျင်သူ ပညာရှင်သည် ၎င်းကျွမ်းကျင်ရာ ပညာရပ် နယ်ပယ်မှ အသိအမှတ်ပြုထားသော နည်းလမ်းများကို အသုံးပြုခြင်းရှိ၊မရှိ။
  ဥပမာ။ ။ ကျွမ်းကျင်သူ ပညာရှင်သည် ဥရောပမှ အရှိန်အဝါကြီးမားလေးစားဖွယ်ဖြစ်သော တက္ကသိုလ်တစ်ခု ဘွဲ့ရခဲ့၏။ ၎င်းသည် အသတ်ခံရသူ၏ သေပြီးနောက် မျက်နှာပုံသဏ္ဍာန်ကို ကြည့်ရှုစစ်ဆေးခြင်းအားဖြင့် သေသူသည် အဆိပ်သင့်၍ သေဆုံးကြောင်း ပြောနိုင်သည်ဟု ဆိုခြင်း။
- ကျွမ်းကျင်သူပညာရှင်မှ စမ်းသပ်စစ်ဆေးမှုများကို ဆောင်ရွက်ရာတွင် လက်ခံကျင့်သုံးရသော လုပ်ထုံးလုပ်နည်း များနှင့် ညီညွတ်မှန်ကန်စွာ လုပ်ဆောင်ခြင်း ရှိ၊ မရှိ။
  ဥပမာ - ကျွမ်းကျင်သူ ပညာရှင်၌ အမေရိကန်နိုင်ငံတွင် ထုတ်လုပ်သော ကိရိယာတစ်ခုရှိ၏။ ၎င်းကိရိယာဖြင့် တရားခံထံမှ သိမ်းဆည်းရမိသော အရာဝတ္ထုများသည် ဘိန်းဖြူ ဟုတ်၊ မဟုတ် စစ်ဆေးနိုင်၏။ သို့ရာတွင် ၎င်း ကိရိယာပေါ်တွင် ရေးသားထားသော သတိပေးချက်မှာ " ဤကိရိယာကို ၂၅ ဒီဂရီ စင်တီဂရိတ်ကျော်သည့် အပူချိန်တွင် မထားရှိရ" ဟူ၍ ဖြစ်၏။ ဖမ်းဆီးရမိသော အရာဝတ္ထုများကို ၎င်းကိရိယာဖြင့် စစ်ဆေးသော အချိန်တွင် ဧပြီလဖြစ်ပြီး နေရာမှာ မန္တလေးမြို့ရှိ လေအေးပေးစက် တပ်ဆင်မထားသော အခန်းထဲ၌ နေ့အချိန်တွင် စစ်ဆေး ခဲ့ခြင်း ဖြစ်၏။

# ကျွမ်းကျင်မှုများ - လျှောက်လဲချက်များ ပေးခြင်း

USAID Legal Aid Toolkit ၏ အခန်း ၄ (ခ) ကို ကြည့်ပါ။
ရမန်၊ အာမခံ၊ စွဲချက်တင်ခြင်း၊ အပြီးသတ်လျှောက်လဲချက်ပေးခြင်းဆိုင်ရာ အခန်းများကို ကြည့်ပါ။

## မြန်မာနိုင်ငံ၌ လျှောက်လဲချက်ပေးသည့် ပုံစံများ

မြန်မာနိုင်ငံ၌ နှုတ်အားဖြင့် (သို့) စာအားဖြင့် လျှောက်လဲချက်များပေးရာတွင် ဥပဒေအရ ဖော်ပြထားသည့် သတ်မှတ်ချက် များ ရှိဟန်မပေါ်သေးပါ။ လက်တွေ့လုပ်ငန်းစဉ်၌ နှုတ်ဖြင့် လျှောက်လဲချက်များ ပေးပြီးသည့်နောက်တွင် စာဖြင့် လျှောက်လဲ ချက်များကိုလည်း တင်သွင်းလေ့ ရှိကြသည်။ ထိုသို့ ပြုလုပ်နေခြင်းသည် တရားရုံးများလက်စွဲပါ အကြံပြုချက်များနှင့် ဆန့်ကျင်နေကြောင်း တွေ့ရသည်။

## စွဲချက်မတင်မီ တင်သွင်းသည့် လျှောက်လဲချက်များ

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနှင့် တရားရုံးများလက်စွဲ၌ တရားခံရှေ့နေတစ်ဦးအနေဖြင့် စွဲချက်မတင်မီ တင်သွင်း လျှောက်လဲ ရမည့် လုပ်ထုံးလုပ်နည်းများကို သီးသန့် ပြဌာန်းထားခြင်း မရှိပါ။ မည်သို့ပင်ဖြစ်စေကာမူ ထိုသို့ လုပ်ဆောင်လေ့ရှိကြပြီး ထိုသို့ လုပ်ဆောင်ရန်လည်း မျှော်လင့်ကြပါသည်။ တရားလိုဘက်မှ ဦးစွာ လျှောက်လဲ၍ ထို့နောက် တရားခံဘက်မှ လျှောက်လဲပြီး တရားလိုဘက်မှ ပြန်လည်ချေပပေးရမည်။ စိုးစာပေမှ ထုတ်ဝေထားသည့် ဦးမြင့်လွင် (တရားလွှတ်တော် ရှေ့နေ) ၏ "တရားခွင်လက်တွေ့ ပြစ်မှုဆိုင်ရာလျှောက်ထားမှုများ" နှင့် ၂၀၀၃ ခုနှစ်က ထုတ်ဝေခဲ့သည့် "ပြစ်မှုဆိုင်ရာ အမှု တွင် လက်တွေ့လျှောက်ထားမှုများ" စာအုပ်ကို ကြည့်ပါ။

တရားခံရှေ့နေသည် အမှုအကြောင်းခြင်းရာများနှင့် ခုခံကာကွယ်ရေးလမ်းကြောင်းကို ရမန်ကြားနာသည့်ကာလ အတွင်း၌ လည်းကောင်း၊ အာမခံ လျှောက်ထားရာ၌ လည်းကောင်း၊ သို့မဟုတ် သက်သေခံချက်ကို သက်သေခံအဖြစ် လက်ခံနိုင်ခြင်း ရှိ၊ မရှိကို ငြင်းဆန်ကြရာတွင် လည်းကောင်း ဆွေးနွေးနိုင်သည်။ တရားခံရှေ့နေမှပေးသည့် လျှောက်လဲချက်များသည် လည်း ဝတ္ထုဇာတ်လမ်း ဆန်လွန်းသည့် အရာများ (သို့) ရန်လိုသည့်အရာများ မဖြစ်ရပါ။ အမှုနှင့်သက်ဆိုင်သည့် အရေးအပါ ဆုံးသော အကြောင်းအရာများကို စုစည်းပြီး ကြောင်းကျိုးဆီလျော်သည့် နိဂုံးချုပ်တစ်ခုအတွင်းသို့ ဝင်အောင် တရားခံ ရှေ့နေမှ လျှောက်လဲတင်ပြ ပေးနိုင်ရမည်။ ထိုသို့ လျှောက်လဲချက်များပေးရာတွင်လည်း တည်ငြိမ် အေးဆေးပြီး ယုတ္တိရှိရှိ ပေးစွမ်းနိုင်ရမည်။ ထိုမှသာ တရားသူကြီးမင်းသည်လည်း သင့်ဘက်သို့ ပါလာမည်ဖြစ်ပါသည်။

### အခြေခံအချက်များ

ဤနေရာသည် ပြစ်မှုဆိုင်ရာတရားခံရှေ့နေနှင့် တရားသူကြီးမင်းတို့ ပထမဆုံးအကြိမ် ပြောဆို ဆက်ဆံကြရသည့်နေရာ ဖြစ်သည်။ အခြားလူတစ်ဦးအပေါ်ပေးသည့် ပထမခံစားချက်သည် နောင်၌ ပြောင်းလဲ၍ ရသည့်အရာ မဟုတ်သည့်အတွက် ... တရားသူကြီးများနှင့် ပထမဆုံးတွေ့ဆုံမည့် ရှေ့နေတစ်ဦးသည် ၄င်း၏ ဝတ်စားဆင်ယင်ပုံ၊ ဖြီးလိမ်းပြင်ဆင်ပုံ၊ နှင့် ကိုယ် အမူအရာတို့ကို ကြီးစွာ သတိထားရပါမည်။ ရှေ့နေတစ်ဦး၌ ရိုးသားစစ်မှန်ပြီး သနားကြင်နာတတ်ပြီး ယုံကြည်ထိုက်သော ပုံရိပ်မျိုး ရှိနေစေရပါမည်။ ကြည့်ရန် --- စိုးစာပေမှ

၂၀၀၃ ခုနှစ်က ပုံနှိပ်ထုတ်ဝေသည့် တရားလွှတ်တော်ရှေ့နေ၊ ဦးမြင့်လွင် ၏ တရားခွင်လက်တွေ့ ပြစ်မှုဆိုင်ရာ လျှောက်ထားမှုများကို ကြည့်ပါ။

## အပြီးသတ်လျှောက်လဲချက်ပေးခြင်း

အမှု၏လမ်းကြောင်း/ အပြီးသတ်လျှောက်လဲချက်ပေးခြင်းများ၌ ဆွေးနွေးခဲ့သကဲ့သို့ ... တရားခံရှေ့နေ၏ အပြီးသတ် လျှောက်လဲတင်ပြခြင်းကို မြန်မာ့ဥပဒေက ခွင့်ပြုပေးထားပါသည်။ ဥပဒေအရ နှုတ်အားဖြင့်သာ လျှောက်လဲချက် ပေးရန် လိုအပ်သော်လည်း တရားခံရှေ့နေအများစုတို့သည် စာဖြင့် လျှောက်လဲချက်များကိုပါ ပေးလေ့ရှိကြပါသည်။ လိမ္မာ ပါးနပ်သော တရားခံရှေ့နေများသည် နှစ်မျိုးစလုံးဖြင့် လျှောက်လဲချက်ပေးကြပါသည်။

မြန်မာ့တရားသူကြီးများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိသည့် စည်းမျဉ်းစည်းကမ်းများကိုလည်း မှတ်သားထားရန် လိုအပ်ပါသည်။ မှတ်သားထိုက်သည့် စည်းမျဉ်းများမှာ -

၁။ တရားခံအပြစ်ရှိကြောင်း သက်သေမပြနိုင်ခင်အထိ ထိုတရားခံအား အပြစ်ကင်းစင်သူအဖြစ် မှတ်ယူရ မည်။
၂။ လုံလောက်မှုရှိသည့် သက်သေခံချက်များအပေါ် အခြေခံပြီး အမှုကို ဆုံးဖြတ်ပေးရမည်။ ထိုသို့ ဆုံးဖြတ် ပေးရာတွင်လည်း တရားခံ၏ ရှေ့မှောက်တွင် ဆုံးဖြတ်ပေးရမည်။
၃။ သံသယ၏အကျိုးသည် တရားခံ ခံစားရမည်။ ဒေါ်တင်ဦးနှင့် ဦးအေးဖေ ပါ ၃ နှင့် ပြည်ထောင်စု၊ ၁၉၆၆ မြန်မာနိုင်ငံစီရင်ထုံး၊ (အထူးရာဇဝတ်ခုံရုံး အယူခံအဖွဲ့) စာ - ၁၂၉ ကို ကြည့်ပါ။
၄။ တရားခံမှ ပြစ်မှုကျူးလွန်ခဲ့ကြောင်းကို ပြသရန် တရားလို၌ အပြည့်အဝ တာဝန်ရှိသည်။ ဒေါ်စုစုနှင့် ပြည်ထောင်စု၊ ၁၉၆၄ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၈၇၆။ စိန်လှ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် (၁၉၅၁) မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၂၈၉။
၅။ မျှတသောတရားခွင်စစ်ဆေးမှုနှင့် တရားစီရင်ရေးလည်း ဖြစ်ရမည်။
၆။ အမှုအကျဉ်းချုပ်။
၇။ စေ့ဆော်ချက်၊ ရည်ရွယ်ချက်။
၈။ တရားလိုဘက်မှ စပ်ဆိုင်မှုမရှိသည့် အချက်အလက်များ။
၉။ မှားယွင်းသောစွပ်စွဲမှု။
၁၀။ ဘက်လိုက်ခြင်း။
၁၁။ စိတ်ကျန်းမာရေး ချို့တဲ့မှု။
၁၂။ သက်သေများ၊ လွတ်ပေါက်များ၊ သက်သေခံချက်များ၏ မှုမမှန်မှုများ။
၁၃။ အမှုနှင့်သက်ဆိုင်သည့် အင်္ဂါရပ်များသည် သံသယ၏အကျိုးကို ခံစားခွင့်ရကြပါသလား။
၁၄။ တောင်းဆိုလျှောက်ထားစရာမရှိလျှင် ... ပြစ်ဒဏ်လျှော့ပေါ့ရေးအတွက် လျှောက်ထားခြင်း။

စိုးစာပေမှ ၂၀၀၃ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည့် တရားလွှတ်တော်ရှေ့နေ ဦးမြင့်လွင်၏ တရားခွင်လက်တွေ့ပြစ်မှုဆိုင်ရာ လျှောက်ထားမှုများ၊ စာ - ၁၀၁ ကို ကြည့်ပါ။

ပြစ်ဒဏ်ချမှတ်ရာ၌ မြန်မာ့တရားသူကြီးများသည် အင်္ဂလိပ်ရိုးရာဥပဒေမှ စည်းမျဉ်းစည်းကမ်းများဖြစ်သည့် ခြိမ်းခြောက် ဟန့်တားခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် ပြုပြင်ပြောင်းလဲခြင်းများကို ကိုးကားကြသည်။

## နမူနာပုံစံများ

အပြီးသတ်လျှောက်လဲချက်များပေးရာ၌ တရားလို၏ သက်သေပြရန်တာဝန်သည် အရေးပါသော အချက်တစ်ချက် ဖြစ်ပါ သည်။ ထိုသက်သေပြရန်တာဝန်ကို မီးမောင်းထိုးပြနိုင်မည့် နည်းလမ်းတစ်ချို့မှာ -

- စမ်းသပ်စစ်ဆေးမှုဆိုသည်မှာ သင်ယုံကြည်သည့်ဘက်ကိုသာ ပြုလုပ်ရန် မဟုတ်ပါ။ သင်ယုံကြည်သည့်ဘက်၌ သာ စမ်းသပ်စစ်ဆေးမှုများကို ပြုလုပ်ရမည်ဟု တရားလိုဘက်မှ ပြောလာသော်လည်း ထိုမှားယွင်းသော အရာများ ကို စမ်းသပ်စစ်ဆေးမှုဟု ခေါ်ဆို၍ မရပါ။ စမ်းသပ်စစ်ဆေးမှုဆိုသည်မှာ - "တရားခံမှ ပြစ်မှု ကျူးလွန်ခဲ့ခြင်း မရှိကြောင်းကို သံသယ၏အကျိုးကို ကျော်လွှန်၍ တရားလိုဘက်မှ သက်သေပြနိုင်ခဲ့ပါသလား။" နှင့် "တရားခံ မှားယွင်း စွပ်စွဲခံရသည်များ ရှိ မရှိ" တို့ကို ဆန်းစစ်ရန် ဖြစ်သည်။

- စွဲဆိုခံထားရသည့် ပြစ်မှုအပေါ် အမှန်အတိုင်း ထွက်ဆိုခြင်းမရှိခြင်း မရှိခြင်းသည် သံသယကို ဖြစ်စေသည်။ လူတစ်ဦးတစ်ယောက်၏ အပြစ်ရှိကြောင်းကို ဖော်ပြပေးနိုင်မည့် ကြောင်းကျိုးဆီလျော်သော သံသယ ဖြစ်မှုသည် ... သက်သေခံချက်များအားလုံးကို နှိုင်းယှဉ်သုံးသပ်ပြီးသည့်တိုင် တရားခံသည် ၄င်းအား စွဲဆိုခံထားရသည့် ပြစ်မှု အပေါ် အမှန်အတိုင်း ထွက်ဆိုထားခြင်းမရှိဟု ယူဆရသော အချိန်မှသာ သုံးသပ်သည်။

- တိကျစွာကျူးလွန်ခဲ့ခြင်းမရှိသည့် ပြစ်မှုတစ်ခုအတွက် ကြောင်းကျိုးဆီလျော်သော သံသယဖြစ်မှုဆိုသည်မှာ ... တရားခံသည် ပြစ်မှုကျူးလွန်ခဲ့ကြောင်း သိသာ မထင်ရှားခင်အချိန်အထိ တာဝန်ကျ ရာဇဝတ်တရားသူကြီးသည် ထိုသူ့အား ပြစ်မှုထင်ရှားစီရင်၍ မရပါ။

- သက်သေခံချက်များသည် ကြောင်းကျိုးဆီလျော်သော သံသယဖြစ်မှုကို ဖယ်ရှားပေးနိုင်သည်။ သင့်၏ ကျမ်း သစ္စာကျိန်ဆိုချက်အရ ... ဤစွဲချက်၌ တရားခံ အပြစ်ရှိမှု၊ မရှိမှုတို့ကို ဖော်ပြပေးနိုင်မည့် ကြောင်းကျိုးဆီလျော် သော သံသယဖြစ်မှုတစ်ခု ကျန်ရှိနေသေးပါက ထိုတရားခံအား ပြစ်မှုထင်ရှားစီရင်၍ မရပါ။ ကြောင်းကျိုး ဆီလျော် သော သံသယဖြစ်မှုများကို ကျော်လွှန်ပြီး ထိုတရားခံအပြစ်ရှိကြောင်းကို ပြသပေးနိုင်မှသာ ထိုသူ့အပေါ် ပြစ်မှု ထင်ရှားစီရင်နိုင်မည်ဖြစ်ပေသည်။

- ထို့အပြင် စွဲချက်၏ အင်္ဂါရပ်တိုင်းအတွက် တရားလိုဘက်မှ လုံလောက်သော၊ ယုံကြည်ထိုက်သော၊ သက်သေခံ အဖြစ်လက်ခံဖွယ်ရှိသော သက်သေခံချက်များအားလုံးကို တင်ပြပေးနိုင်သည့်အချိန်မှသာ တရားခံ၌ အပြစ်ရှိ ကြောင်း မှတ်ယူရမည် ဖြစ်ပါသည်။

## ပူးတွဲတရားခံများ (သို့) သတင်းပေးတိုင်ကြားသူများနှင့် ဆက်ဆံခြင်း

ရာဇဝတ်မှုအများစုတို့သည် ပူးတွဲတရားခံများ (သို့) ပြစ်မှုမှတ်တမ်းဟောင်းရှိသူများ၏ သက်သေခံချက်များ အပေါ်တွင် တည်ဆောက်ရလေ့ရှိကြသည်။ ထို့ကြောင့် ထိုအပိုင်းကို အရေးပါသော အပိုင်းဟုလည်း ဆိုလိုနိုင်ပါသည်။ သတင်းပေး တိုင်ကြားသူများ၏ ဂုဏ်သိက္ခာ ညှိုးနွမ်းအောင်လုပ်ပြီး ပူးပေါင်းကြံစည်များနှင့် ပူးတွဲလုပ်ဆောင်ကြသည့် လျှောက်လဲချက် တချို့မှာ ...

- "အမှုတွဲအပေါ် အစကတည်းက မယုံပါနှင့် --- ပထမဆုံး အာမခံလျှောက်ထားစဉ်ကတည်းက ... ဘက်လိုက်တဲ့ လူ တစ်ချို့စီက တချို့စကားတွေကို ကြားရတော့မယ်လို့ ကျွန်တော် ခင်ဗျားကို ပြောခဲ့ပါတယ်။ အဲ့လူတွေ အကုန်လုံးက သူတို့အချင်းချင်း ဇာတ်တိုက်ထားကြပြီး လူတိုင်းမှာ ဘာပြောရမယ်ဆိုတဲ့ အကြောင်းရင်းတွေ ရှိပါ တယ်။ အဲ့ဒါကြောင့်မို့ သူတို့ပြောသမျှကို မယုံဘဲ သူတို့ ဘာပြောခဲ့သလဲ၊ ဘယ်လိုပြောခဲ့သလဲ၊ နဲ့ ဘာ့ကြောင့် ပြောခဲ့သလဲဆိုတာကိုသာ နားထောင်ခဲ့ဖို့ ကျွန်တော် ခင်ဗျားကို ပြောခဲ့တယ်လေ" ။
- တရားလိုပြသက်သေများအပေါ် ယုံကြည်နိုင်မှု --- ယုံကြည်ထိုက်ခြင်း၊ မယုံကြည်ထိုက်ခြင်းဆိုသည့် အကြောင်း အရာသည် တခြားသူများအပေါ်တွင် မမူတည်ဘဲ တရားလိုဘက်တွင်သာ မူတည်နေပါသည်။ သင့်အား (သတင်း ပေး တိုင်ကြားသူ သို့မဟုတ် ပူးပေါင်းကြံစည်သူတို့၏ အမည်) တို့မှ ပြောပြခဲ့သည့် အကြောင်းအရာများသည် ကြောင်းကျိုးဆီလျော်သော သံသယဖြစ်မှုကို ကျော်လွန်ပြီး မှန်ကန်နေကြောင်း ၎င်းတို့ဘက်မှ သက်သေ ပြရပါ မည်။ ထို့ပြင် ၎င်းတို့ဘက်မှ သက်သေများ၏ ရိုးသားပွင့်လင်းကြောင်းကို ပြသည့်အနေဖြင့် ... "ကဲ ... ဒါဆိုရင် ကျွန်တော်တို့ဘက်က ဘယ်လိုသက်သေမျိုးရှိဖို့ သင်တို့ဘက်က မျှော်လင့်ထားသလဲ" ဆိုသည့် မေးခွန်းများ မေးပြီး သက်သေပြရန်တာဝန်များကို ရှောင်လွှဲမသွားရပါ။
- ကြံရာပါသက်သေများ သို့မဟုတ် ပူးပေါင်းကြံစည်သည့် သက်သေများသည် ယုံကြည်ထိုက်သူများဖြစ်ကြောင်းနှင့် အမှန်အတိုင်းပြောသူများဖြစ်ကြောင်းကို တရားလိုဘက်မှ အာမခံပေးခြင်း --- "ဒီလို (ကြံရာပါ၏ အမည်/ ပူးပေါင်း ကြံစည်သူ၏အမည်) လူတွေကို သင်ဘယ်လို ယုံကြည်နိုင်မလဲ။ ဒါက လုံးဝ ထက်အောက် ပြောင်းပြန် ဖြစ်နေတဲ့ အမှုကြီးပါ။ ကျွန်တော်တို့မှာ အစိုးရလည်းရှိတယ်၊ ဥပဒေအရာရှိလည်း ရှိတယ်၊ အဲ့ဒါကိုတောင်မှ ပြစ်မှု ကျူးလွန် ခဲ့တဲ့ ရာဇဝတ်ကောင်များရဲ့ ထွက်ဆိုချက်များကို ယုံကြည်ရန် အာမခံချက်ပေးနေခြင်းဟာ ကျွန်တော့်ကို များစွာ အံ့အားသင့်စေပါတယ်" ။

# အပိုင်း ၅ - နောက်ဆက်တွဲများ

## နောက်ဆက်တွဲ (၁) - ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အကာအကွယ်ပေးမှုများ

၁၉။ အောက်ပါတို့ကို တရားစီရင်ရေးမူများအဖြစ် သတ်မှတ်သည် -
(က) ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေး၊
(ခ) ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊
(ဂ) အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေး။

၂၁။ (က) နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ် ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှု အခွင့် အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ ခံစားခွင့်ရှိသည်။
(ခ) တရားရုံး၏ ခွင့်ပြုချက် မရရှိက နိုင်ငံသားတစ်ဦးကို ၂၄ နာရီထက် ကျော်လွန်၍ ချုပ်နှောင်ထားခွင့် မရှိစေရ။
(ဂ) ပြည်သူတို့၏အေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေးတို့သည် နိုင်ငံသားတိုင်း၏ တာဝန် ဖြစ်သည်။
(ဃ) နိုင်ငံသားများ၏ လွတ်လပ်ခွင့်၊ လုပ်ပိုင်ခွင့်၊ ခံစားခွင့်၊ တာဝန်နှင့် တားမြစ်ချက်များ ထိရောက်ခိုင်မာ ပြည့်စုံစေရန် လိုအပ်သောဥပဒေ ပြဋ္ဌာန်းရမည်။

၄၃။ မည်သည့်ပြစ်မှုဆိုင်ရာဥပဒေမှ နောက်ကြောင်းပြန်အာဏာ သက်ရောက်စေရန် ပြဋ္ဌာန်းခွင့် မရှိစေရ။

၄၄။ လူ့သိက္ခာညှိုးနွမ်းသေးသိမ်စေသည့် ပြစ်ဒဏ်ပြဋ္ဌာန်းခွင့် မရှိစေရ။

၄၆။ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်မားကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်များနှင့် ပြည်နယ်လွှတ်တော်များက ပြဋ္ဌာန်းသည့် ဥပဒေများသည် လည်းကောင်း၊ ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ၏ အုပ်ချုပ်မှုဆိုင်ရာ အာဏာပိုင်များ၏ ဆောင်ရွက်ချက်များ သည်လည်းကောင်း၊ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီညွတ်မှုရှိ၊ မရှိ စိစစ်ခြင်း ... (၃၂၄။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည် ဖြစ်သည်။)

၂၉၆။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် -
(က) အောက်ပါစာချွန်တော်အမိန့်များကို ထုတ်ပိုင်ခွင့်အာဏာရှိသည် -
(၁) ရှေ့တော်သွင်းစာချွန်တော်အမိန့်၊
(၂) အာဏာပေးစာချွန်တော်အမိန့်၊
(၃) တားမြစ်စေစာချွန်တော်အမိန့်၊
(၄) အာဏာပိုင်မေးစာချွန်တော်အမိန့်၊
(၅) အမှုခေါ်စာချွန်တော်အမိန့်။

(ခ) နိုင်ငံတော်အတွင်း အရေးပေါ်အခြေအနေများ ပေါ်ပေါက်ကြောင်း ကြေညာသည့်ဒေသတွင် စာချွန်တော် အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားချက်များကို ရပ်ဆိုင်းထားရမည်။

၃၄၇။ နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေး ရရှိစေရမည်။ ထို့အပြင် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်။

၃၄၈။ နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာ ဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ဆင်းရဲ၊ ချမ်းသာတို့ကို အကြောင်း ပြု၍ ခွဲခြားမှုမရှိစေရ။

၃၅၃။ မည်သူ့ကိုမျှ တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုကိုဖြစ်စေ နစ်နာ ဆုံးရှုံးမှု မရှိစေရ။

၃၅၄။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူ တို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသော ဥပဒေများနှင့် မဆန့်ကျင်လျှင် အောက်ပါ အခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည် -

(က) မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသား ဖြန့်ဝေခွင့်၊

(ခ) လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊

(ဂ) အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်၊

(ဃ) တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကို လည်းကောင်း၊ အခြားဘာသာသာသနာကိုလည်းကောင်း၊ ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာသာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက် ပိုင်ခွင့်။

၃၅၇။ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် နိုင်ငံတော်သည် နိုင်ငံသားများ၏ နေအိမ် ဥပစာလုံခြုံမှု၊ ပစ္စည်းလုံခြုံမှု၊ စာပေးစာယူနှင့် အခြားဆက်သွယ်ရေးဆိုင်ရာ လုံခြုံမှုများအတွက် ဥပဒေအရ ကာကွယ်ပေးရမည်။

၃၇၃။ ပြစ်မှုကျူးလွန်သူ မည်သူ့ကိုမဆို ယင်းပြစ်မှုကျူးလွန်သည့်အချိန်က အတည်ဖြစ်လျက်ရှိသော သက်ဆိုင်ရာ ဥပဒေအရသာ ပြစ်မှုထင်ရှားစီရင်ရမည်။ ထို့ပြင် ယင်းဥပဒေအရ ချမှတ်နိုင်သော ပြစ်ဒဏ်ထက်ပို၍ ချမှတ်ခြင်း မပြုရ။

၃၇၄။ တစ်ဦးတစ်ယောက်သည် စီရင်ပိုင်ခွင့်ရှိသော တရားရုံးက ပြစ်မှုတစ်ရပ်အတွက် ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ဖြစ်စေ၊ အမှုမှ အပြီးအပြတ်လွှတ်ခြင်းခံရလျှင်ဖြစ်စေ၊ အဆိုပါပြစ်မှုထင်ရှားစီရင်သည့်စီရင်ချက် သို့မဟုတ် အမှုမှ အပြီးအပြတ်လွှတ်သည့်စီရင်ချက်ကို အဆင့်မြင့်တရားရုံးက ပယ်ဖျက်ပြီး အမှုကို အသစ်တစ်ဖန် ပြန်လည် စစ်ဆေးစေရန် အမိန့်ချမှတ်သည့်အခါမှတစ်ပါး ယင်းပြစ်မှုအတွက် ထိုသူအား ထပ်မံစစ်ဆေးခြင်းမပြုရ။

၃၇၅။ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူတစ်ဦးဦးသည် ဥပဒေနှင့်အညီ ခုခံချေပခွင့် ရှိစေရမည်။

၃၇၆။ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးနှင့် အများပြည်သူ အကျိုးငှာ ဥပဒေနှင့်အညီ ကြိုတင်ကာကွယ်ထားရှိရန်လိုအပ်သောကိစ္စ သို့မဟုတ် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ခွင့်ပြုသည့်ကိစ္စမှတစ်ပါး စီရင်ပိုင်ခွင့်ရှိသော တရားသူကြီး၏ချုပ်မိန့်မရရှိဘဲ ၂၄ နာရီ ထက်ပို၍ ချုပ်နှောင်ခြင်း မပြုရ။

၃၇၇။ ဤအခန်း၌ ပေးအပ်ထားသော အခွင့်အရေးတစ်ရပ်ရပ်ကို ရယူလိုပါလျှင် သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားပိုင်ခွင့် ရှိရမည်။

၃၇၈။ (က) ဤအခန်း၌ ပေးအပ်ထားသောအခွင့်အရေးများနှင့်စပ်လျဉ်း၍ လျှောက်ထားလာသည့် ကိစ္စရပ်များ တွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် အောက်ဖော်ပြပါ စာချွန်တော်အမိန့် တစ်ရပ်ရပ်ကို သင့်လျော်သည့် အတိုင်း ထုတ်ဆင့်ပေးခွင့်အာဏာရှိရမည် -

(၁) ရှေ့တော်သွင်းစာချွန်တော်အမိန့်၊
(၂) အာဏာပေးစာချွန်တော်အမိန့်၊
(၃) တားမြစ်စေစာချွန်တော်အမိန့်၊
(၄) အာဏာပိုင်မေးစာချွန်တော်အမိန့်၊
(၅) အမှုခေါ် စာချွန်တော်အမိန့်။

(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အပ်နှင်းသည့်စာချွန်တော်အမိန့်များ ထုတ်ဆင့်ခွင့်အာဏာ သည် အခြားတရားရုံးများအား တည်ဆဲဥပဒေများအရ အပ်နှင်းထားသည့် စာချွန်တော်အမိန့် သဘောမျိုး သက်ရောက်သည့် အမိန့်ထုတ်ဆင့်ပိုင်ခွင့်အာဏာကို မထိခိုက်စေရ။

၃၈၁။ အောက်ဖော်ပြပါ အခြေအနေနှင့် အချိန်အခါမှတစ်ပါး နိုင်ငံသားများ၏ တရားဝင်ရပိုင်ခွင့်ရှိသော နစ်နာချက်များ အတွက် ဥပဒေဖြင့်သတ်မှတ်ထားသော ရယူပိုင်ခွင့်များကို ငြင်းပယ်ခြင်းမပြုရ - ... (တခြားသော ခြွင်းချက် အခြေအနေများ)

## နောက်ဆက်တွဲ - ၂ လုံခြုံစွာထိန်းသိမ်း လျှို့ဝှက်ထားရခြင်းဆိုင်ရာ သဘောတူညီချက်

ဤသဘောတူညီချက်သည် ____________________ (တရားလွှတ်တော်ရှေ့နေ သို့မဟုတ် အထက်တန်းရှေ့နေ၏ အမည်ကို ထည့်သွင်းရေးသားရန်) နှင့် ____________________ (စေတနာဖြင့် လာရောက်ကူညီသူ Volunteer ၏ အမည်ကို ထည့်သွင်းရေးသားရန်) တို့အကြား ________________ (စွပ်စွဲခံရသူ၏ အမည်ကို ထည့်သွင်းရေးသားရန်) ၏ အမှုတွင် စေတနာဖြင့် ကူညီဆောင်ရွက်ပေးခြင်းနှင့် စပ်လျဉ်းသည့် သဘောတူညီချက်ဖြစ်သည်။ စွပ်စွဲခံရသူအနေဖြင့် ပြောဆို ဆက်သွယ်ဆောင်ရွက်ခြင်း၊ ယုံကြည်မှုတည်ဆောက်ခြင်း စသည့် ကိစ္စရပ်များတွင် အခက်အခဲ တစ်စုံတစ်ရာ၊ ထူးခြားသော အခြေအနေ တစ်စုံတစ်ရာရှိနေသည်ဆိုပါက အထက်အမည်တွင်ဖော်ပြပါရှိသော စေတနာဖြင့်ကူညီပေးသူ Volunteer အနေဖြင့် အဆိုပါ အခက်အခဲရှိနေသော စွပ်စွဲခံရသူအား ခုခံချေပရေး အဖွဲ့ဝင်တစ်ဦးသဖွယ် လိုအပ်သည့် အကူအညီများ ပေးရမည်ဖြစ်ပါသည်။ ထို့ကြောင့် စေတနာဖြင့်ကူညီပေးသူအနေဖြင့် ဤသဘောတူညီချက်ပါ ကိစ္စများကို ကူညီဆောင်ရွက်ပေးသည့်အခါ ပြစ်မှုဆိုင်ရာ ခုခံချေပရေး လုပ်ငန်းစဉ်၏ တစ်စိတ်တစ်ဒေသ အနေဖြင့် လုံခြုံစွာထိန်းသိမ်း လျှို့ဝှက်ထားရမည့် သတင်းအချက်အလက်များ၊ ခုခံချေပရေးရှေ့နေ၏ ဆောင်ရွက်ချက်များကို သိရှိခွင့် ရရှိလိမ့်မည်ဖြစ်ပါသည်။ ဤအမှုတွင် လိုက်ပါဆောင်ရွက်ခွင့် အခွင့်အရေး တစ်ရပ်ကို ရရှိခြင်းအတွက် စေတနာဖြင့်ကူညီပေးသူ Volunteer အနေဖြင့်လည်း IBJ မြန်မာ နှင့် လုံခြုံစွာထိန်းသိမ်း လျှို့ဝှက်ထားရခြင်းဆိုင်ရာ သဘောတူညီချက်တွင် လက်မှတ် ရေးထိုးထားပြီးဖြစ်သူမှတစ်ပါး အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမှ ၎င်းအမှုနှင့် သက်ဆိုင်သော သတင်းအချက်အလက် အကြောင်းအရာ များကို ဝေမျှခြင်းမပြုလုပ်ရ။ လုံခြုံစွာထိန်းသိမ်းထားရှိပါမည်ဟု သဘောတူရပါမည်။

ထိုကဲ့သို့ အမှုနှင့်သက်ဆိုင်သော သတင်းအချက်အလက်၊ အကြောင်းအရာများကို လုံခြုံစွာ ထိန်းသိမ်း ထားရှိရန်နှင့် ရှေ့နေ နှင့် အမှုသည်အကြား သီးခြား လျှို့ဝှက်ထားအပ်သော အကြောင်းအရာများ၊ အမှုနှင့် ပတ်သက်ပြီး ရှေ့နေ၏ ဆောင်ရွက် လုပ်ကိုင်နေမှုများနှင့် အခြားသောသက်ဆိုင်သည့် အကြောင်းအရာ များကို လုံခြုံစွာ ထိန်းသိမ်းနိုင်စေရန် အောက်ပါအတိုင်း သဘောတူအပ်ပါသည် -

၁။ ဤသဘောတူညီချက်အရ လုံခြုံစွာထိန်းသိမ်းထားရမည့် အချက်အလက်များဆိုသည်မှာ အောက်ပါ အချက်အလက်များ ပါဂင်ပါသည်-

- အမှုသည်၏ အမှုတွဲဆိုင်ရာ သတင်းအချက်အလက်များ၊ အမှုသည်၏ အမှုအကြောင်း အရာများ၊ ရဲမှတ်တမ်း၊ တရားရုံးမှတ်တမ်းများ၊ အမှုနှင့်ပတ်သက်ပြီး အမှုသည်၏ ကနဦး ပြောကြားချက် များ၊ အခြားသော အမှုသည်မှ ပြောပြသည့် အကြောင်းအရာများ နှင့် ခုခံချေပရေးရှေ့နေ၏ အမှုနှင့်ပတ်သက်သောလုပ်ဆောင်နေမှုများအပြင် ခုခံချေပရေးရှေ့နေ၏ အကြံဉာဏ်၊ ခွဲခြမ်း စိတ်ဖြာ လေ့လာသုံးသပ်မှုပုံစံ နှင့် ခုခံချေပရေး ဗျူဟာများလည်း ပါဝင်သည်။

၂။ စေတနာဖြင့် ကူညီပေးသူ Volunteer အနေဖြင့် ဤသဘောတူညီချက်တွင် ဖော်ပြထားသော အမှုနှင့် ပတ်သက် သည့် သတင်းအချက်အလက်များကို မည်သည့် ပုံစံ၊ နည်းလမ်းနှင့်မျှ ဤသဘောတူညီချက်အရ ခွင့်ပြုထားခြင်း၊ သို့မဟုတ် ဥပဒေအရ လုပ်ဆောင်ရန် လိုအပ်သည်မှ အပ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ဝေမျှခြင်း မပြုလုပ်ရပါ။

၃။ ဤသဘောတူညီချက်သည် လျှို့ဝှက်ထားအပ်သော အချက်အလက်များ ထုတ်ဖော်ပြောကြားခြင်းနှင့် စပ်လျဉ်းပြီး ဤသဘောတူညီချက်အရ သက်ဆိုင်သူများအကြား သဘောတူညီမှု အပြည့်အစုံပင်ဖြစ်ပါသည်။ ဤသဘောတူညီချက်ပါ အကြောင်းအရာများကို ထပ်မံဖြည့်စွက်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်း တစုံတရာပြုလုပ် လိုပါက စာဖြင့်ရေးသား၍ သဘောတူ ညီချက်တွင်ပါဝင်သူများက လက်မှတ်ရေးထိုးပြုလုပ်ရမည်။

၄။ အကယ်၍ ဤသဘောတူညီမှုတွင်ပါဝင်သောပြဌာန်းချက်များအနက် အချို့သောအချက်များ ကို အကောင်ထည် ဖော်ဆောင်ရွက်ရန်ခက်ခဲပါက ဆောင်ရွက်နိုင်သော ပြဌာန်းချက်များကို အကောင်အထည် ဖော်နိုင်ပြီး မဆောင်ရွက် နိုင်သော ပြဌာန်းချက်ကိုသာ မူလသဘောတူညီချက်တွင် ပါဝင်သော ဆောင်ရွက်မှု အတိုင်းအတာအရ လိုအပ်သလို ပြင်ဆင် ဆောင်ရွက်နိုင်သည်။

ဤသဘောတူညီချက်ကို သေချာဖတ်ရှုပြီး နားလည်သဘောပေါက်ကာ မိမိတို့၏သဘောဆန္ဒအရ ဤ သဘောတူညီချက်ပါ တာဝန်ဝတ္တရားများကို လိုက်နာရန်သဘောတူကြောင်း လက်မှတ်ရေးထိုး ပါသည်။

**ရက်စွဲ။** ။________________________

**စေတနာဖြင့် ကူညီပေးသူ Volunteer**

အမည် - ____________________________________

*(ပုံနှိပ်စာလုံး/ လက်ရေး ဖြင့်)*

လက်မှတ် - ____________________________________

**တရားလွှတ်တော်ရှေ့နေ သို့မဟုတ် အထက်တန်းရှေ့နေ**

အမည် - ____________________________________

*(ပုံနှိပ်စာလုံး/ လက်ရေး ဖြင့်)*

လက်မှတ် - ____________________________________

## နောက်ဆက်တွဲ ၃ - IBJ ရုံးသုံး ပုံစံဖောင်များ

1. ပြစ်မှုဆိုင်ရာ ခုခံချေပရေး ဆောင်ရွက်ရန် အသေးစိတ်စာရင်း ပုံစံ (Criminal Defense Checklist)
2. အမှုသည် စတင်လက်ခံခြင်းဆိုင်ရာ အကဲဖြတ်သုံးသပ်မှု ပုံစံ (Client Intake Survey)
3. အမှုစတင်လက်ခံမှု ပုံစံ (Case Intake Form)
4. အမှုဆောင်ရွက်ချက်မှတ်တမ်း ပုံစံ (Case Tracking Log)
5. ပြစ်မှု အင်္ဂါရပ်များဆိုင်ရာ အလုပ်မှတ်တမ်းစာရွက် ပုံစံ (Ingredients Worksheet)
6. အမှုကို ခွဲခြမ်းစိတ်ဖြာ လေ့လာသုံးသပ်ခြင်းဆိုင်ရာ အလုပ်မှတ်တမ်းစာရွက် ပုံစံ (Case Review Worksheet)
7. လာဘ်ပေးလာဘ်ယူဆန့်ကျင်ရေးမူဝါဒနှင့် သဘောတူညီချက် ပုံစံ (Anti-Corruption Agreement)
8. အမှုပိတ်သိမ်းခြင်း ပုံစံ (Closed Case Form)
9. အမှုလိုက်ပါဆောင်ရွက်မှုအပြီး အမှုသည်၏ အကဲဖြတ်စစ်တမ်းပုံစံ (Client Post Representation Survey)
10. အမှုလွှဲပြောင်းပေးခြင်းဆိုင်ရာ ပုံစံ (Case Referral Form)

MyJustice | Funded by European Union | Implemented by: British Council | In partnership with

Case Closed ☐
အမှုတွဲပိတ်ပြီးပါကအမှန်ခြစ်ရန်

# Criminal Defense Checklist

| Attorney Name:<br>ရှေ့နေအမည် | Client Name:<br>အမှုသည်အမည် | Case Number:<br>အမှုတွဲနံပတ် |
|---|---|---|

At what stage of the case were you appointed? (circle one)
*အမှု၏မည်သည့်အဆင့်တွင် ရှေ့နေအဖြစ် အမှုစတင်လိုက်ပါဆောင်ရွက်ခဲ့သနည်း။(အောက်ပါတို့မှတစ်ခုကိုဝိုင်းပါ)*

| Police Investigation<br>*ရဲမှစုံစမ်းစစ်ဆေးသောအဆင့်* | Remand Hearing<br>*ရမန်ကြားနာသည့်အဆင့်* | Inquiry<br>*စစ်မေးသည့်အဆင့်* | Framing of Charges<br>*စွဲချက်တင်သည့်အဆင့်* | Trial<br>*စစ်ဆေးစီရင်သည့်အဆင့်* | Sentencing<br>*အမိန့်ချသည့်အဆင့်* |
|---|---|---|---|---|---|

| CASE INTAKE<br>အမှုတွဲလက်ခံခြင်း | ✓ | Date<br>နေ့စွဲ |
|---|---|---|
| **Initial Client Intake<br>အစောပိုင်း အမှုသည်လက်ခံခြင်း** | | |
| a. Client Intake Survey Completed<br>Client Intake Survey ဖြည့်စွက်ပြီးစီးခြင်း | | |
| b. Power of Attorney Signed<br>Power of Attorney ဖြည့်စွက်ပြီးစီးခြင်း | | |
| c. Anti – Corruption Agreement Signed<br>Anti-Corruption Agreement လက်မှတ်ထိုးခြင်းပြီးမြောက်ခြင်း | | |
| d. Poverty assessment checked<br>ငွေကြေးချို့တဲ့မှု စစ်ဆေးခြင်းပြီးမြောက်ခြင်း | | |
| e. Client Intake Form Completed<br>Client Intake Form ဖြည့်စွက်ပြီးစီးခြင်း | | |
| f. *Did you interview the client about what happened?*<br>*အမှုသည်အားအမှုနှင့်ပက်သက်ပြီး စစ်ဆေးမေးမြန်းပြီးပါပြီလား* | | |
| g. *Did you ask the client about his/her goals?*<br>*အမှုသည်၏ ရည်မှန်းချက်များ ကိုမေးမြန်းပြီးပါပြီလား* | | |
| h. *Did you Advise the client of his/her rights?*<br>သင်၏အမှုသည်အားငင်း၏အခွင့်အရေးများအကြောင်း ပြောပြပြီးပါပြီလား<br>☐ Right Not to be Tortured<br>နှိပ်စက်ညှင်းပန်းမှုမခံရရန်အခွင့်အရေး<br>☐ Right to Remain Silent<br>တိတ်ဆိတ်စွာနေနိုင်သည့် အခွင့်အရေး<br>☐ Right to a Timely Trial<br>အချိန်နှင့်တပြေးညီစစ်ဆေးစီရင်ခြင်းကို ခံထိုက်ပိုင်ခွင့်<br>☐ Right to Be Informed of the Charges<br>၄င်းအားစွဲဆိုထားသောပုဒ်မများကို သိရှိရန်အခွင့်အရေး | | |

| | | |
|---|---|---|
| ☐ Right to Bail<br>အာမခံရရှိရန်အခွင့်အရေး | | |
| *i.* Did you submit all Intake Forms to your Admin to log into CMS?<br>*CMS သို့ဖြည့်သွင်းရန် Admin ထံသို့အောက်ပါတို့ကို ပေးအပ်ပြီးပါပြီလား*<br>☐ Client Intake Survey<br>☐ Client Intake Form | | |
| *j.* Did you fill out the **Case Tracking Log** to document all activities on your case?<br>**အမှုနှင့်ပက်သက်သော လုပ်ရှားမှုများကို Case Tracking Log တွင်ဖြည့်သွင်းပြီးပါပြီလား** | | |
| **CASE PREPARATION**<br>**အမှုတွဲ ပြင်ဆင်ခြင်း** | | |
| **Case Analysis**<br>**အမှုတွဲ ခွဲခြမ်းစိတ်ဖြာခြင်း** | | |
| a. Did you use the **Ingredients Worksheet** to analyze each of the sections in the case?<br>**Ingredients Worksheetအားအသုံးပြုကာ အမှုတွဲတွင်ပါဝင်သော ပုဒ်မ**<br>**များကို လေ့လာသုံးသပ်ပြီးပါပြီလား** | | |
| b. Did you use the **Case Review Worksheet** to:<br>**Case Review Worksheet ကိုအသုံးပြုကာ**<br>☐ Analyze the evidence in the case<br>**သက်သေခံပစ္စည်းများကိုလေ့လာပြီးပါပြီလား**<br>☐ Create a Defense Line<br>**ခုခံကာကွယ်ရန်လမ်းကြောင်းကို ချမှတ်ပြီးပါပြီလား**<br>☐ Identify the prosecution's case theory<br>**တရားလို၏ အမှုတွဲသီအိုရီကို လေ့လာဖော်ထုတ်ပြီးပါပြီလား**<br>☐ Determine your Case Strategies<br>**သင်၏အမှုတွဲနည်းဗျူဟာများကို သတ်မှတ်ပြီးပါပြီလား** | | |
| **Investigation**<br>**စုံစမ်းစစ်ဆေးခြင်း** | | |
| a. Did you ask the client if they had any **Defense Witnesses** and/or **Defense Evidence**?<br>**သင်၏အမှုသည်အား**<br>**ခုခံကာကွယ်ရာတွင်အထောက်အကူပြုမည့်သက်သေများ(တရားခံ သက်သေ)၊ သက်သေခံပစ္စည်းများရှိမရှိ မေးမြန်းပြီးပါပြီလား** | | |
| b. Did you interview **All Defense Witnesses**?<br>*Please list all Defense Witnesses:*<br>*ခုခံကာကွယ်ရာတွင်အထောက်အကူပြုမည့်သက်သေများ(***တရားခံ** | | |

| | | |
|---|---|---|
| **သက်သေ**)အားလုံးကို စုံစမ်းမေးမြန်းပြီးပါပြီလား။<br>ခုခံကာကွယ်ရာတွင်အထောက်အကူပြုမည့်သက်သေများ<br>**(တရားခံသက်သေများ**)ကို<br>အောက်တွင်ဖော်ပြပါ။ | | |
| c. Did you collect **All Defense Evidence**?<br>*Please list all Defense Evidence:*<br>ခုခံကာကွယ်ရာတွင်အထောက်အကူပြုမည့် သက်သေခံပစ္စည်းများကို စုဆောင်းပြီးပါပြီလား<br>ခုခံကာကွယ်ရာတွင်အထောက်အကူပြုမည့် သက်သေခံပစ္စည်းများကို အောက်တွင်ဖော်ပြပါ | | |
| d. Did you **Visit the Crime Scene?**<br>အခင်းဖြစ်ပွားရာနေရာကို လေ့လာကြည့်ရှုပြီးပါပြီလား။ | | |
| e. Did you interview at least One Witness Prosecution Witness?<br>*Please list the name of prosecution witness interviewed:*<br>တရားလိုဖက်မှ အနည်းဆုံးသက်သေတစ်ဦးကို စုံစမ်းမေးမြန်းပြီးပါပြီလား။<br>သင်စုံစမ်းမေးမြန်းခဲ့သော တရားလိုဖက်မှသက်သေနာမည်ကို ဖော်ပြပါ။ | | |
| | | |
| **Motions**<br>**တရားရုံးတော်တွင် ကြားဖြတ်လျှောက်ထားတင်ပြခြင်း** | | |
| a. **Bail Motion**<br>အာမခံလျှောက်ထားခြင်း<br>☐ Granted<br>အာမခံရသည်<br>☐ Denied<br>အာမခံမရပါ<br>☐ Non-Bailable Case<br>အာမခံလျှောက်ခွင့်မရှိသော ပြစ်မှု | | |
| b. Did you request all **case documents** from the court?<br>တရားရုံးမှအမှုတွဲနှင့်သက်ဆိုင်သော စာရွက်စာတမ်းများ တောင်းယူပြီးပါပြီလား။<br>☐ **Police Report**<br>**ရဲမှတ်စု**<br>☐ **Witness Statements**<br>**သက်သေထွက်ချက်**<br>☐ **Test Results**<br>**သက်သေခံပစ္စည်းစမ်းသပ်တွေ့ရှိချက်**<br>☐ **Medical Reports**<br>**ဆေးစစ်ချက်**<br>☐ **Search Warrants**<br>**ရှာဖွေခွင့်ဝရမ်း** | | |

| | | |
|---|---|---|
| c. Did you <u>receive</u> all case documents from the court? *Please indicate date you received and the stage of the case:*<br>တရားရုံးမှ အမှုတွဲနှင့်သက်ဆိုင်သော စာရွက်စာတမ်းများကိုလက်ခံရရှိပြီးပါပြီလား။ သင်လက်ခံရရှိသောနေ့စွဲနှင့် အမှု၏ရောက်ရှိနေသောအဆင့်ကိုဖော်ပြပါ။<br>*If not, you must make a Motion to the court to try to obtain these documents as soon as possible.*<br>*မရရှိပါက ထိုစာရွက်စာတမ်းများကိုရယူခွင့်ပြုရန် တရားရုံးတွင်လျှောက်ထားတင်ပြသင့်သည်။* | | |
| d. **Motion to Obtain All Witnesses Statements and Case Documents**<br>**သက်သေများ၏ထွက်ဆိုချက်များနှင့် အမှုတွဲစာရွက်စာတမ်းများရရှိရန် လျှောက်ထားတင်ပြခြင်း**<br>*Please list all motions made to court to obtain Witness Statements and Case Documents: (include dates)*<br>**သက်သေများ၏ထွက်ဆိုချက်များနှင့် အမှုတွဲစာရွက်စာတမ်းများရရှိရန် တရားရုံးတွင် လျှောက်ထားတင်ပြမှုအားလုံးကိုနေ့စွဲနှင့်တကွ အောက်တွင်ဖော်ပြပါ။** | | |
| e. **Motion to Challenge Search Warrants**<br>**ရှာဖွေခွင့်ဝရမ်းကို စိန်ခေါ်ရန် တရာရုံးတော်တွင်လျှောက်ထားတင်ပြခြင်း။** | | |
| f. **Writs and Revisions**<br>**ပြန်လည်ပြင်ဆင်ခြင်း နှင့် စာချွန်တော်အမိန့်**<br>*Please List:*<br>*အောက်တွင်ဖော်ပြပါ။* | | |
| **Objections**<br>**ကန့်ကွက်ခြင်း** | | |
| a. **Evidence Act Section 60**: Testimony must be from a direct source. *Please list objections made, and dates:*<br>**သက်သေခံဥပဒေပုဒ်မ၆၀-နှုတ်သက်သေခံချက်သည် တိုက်ရိုက်သိဖြစ်ရမည်။**<br>**တရားရုံးတော်တွင်ကန့်ကွက်ခြင်းများပြုလုပ်ပါက နေ့စွဲနှင့်ဖော်ပြပါ။** | | |
| b. Undue Delay for Hearings (**Court Manual para. 559, 560, 462, 466**) *Please list objections made, and dates:*<br>**မလိုလားအပ်သောတရားခွင်ကြန့်ကြာခြင်းများ(တရားရုံးများလက်စွဲ အပိုဒ် ၅၅၉၊၅၆၀၊၄၆၂၊၄၆၆)**<br>**တရားရုံးတော်တွင်ကန့်ကွက်ခြင်းများပြုလုပ်ပါက နေ့စွဲနှင့်ဖော်ပြပါ။** | | |
| c. Objections when the Judge is not present during the hearing (CM 609)<br>**ကြားနာစစ်ဆေးနေစဉ်အတွင်း တရားသူကြီးမရှိပါက ကန့်ကွက်ခြင်း(တရားရုံးများလက်စွဲ အပိုဒ် ၆၀၉)**<br>**တရားရုံးတော်တွင်ကန့်ကွက်ခြင်းများပြုလုပ်ပါက နေ့စွဲနှင့်ဖော်ပြပါ။** | | |

| | | |
|---|---|---|
| **INQUIRY & TRIAL**<br>**စစ်မေးခြင်းနှင့်စစ်ဆေးစီရင်ခြင်း** | | |
| a. Did you cross examine any of the prosecution witnesses?<br>**တရားလိုသက်သေများအား ပြန်လှန်စစ်မေးခဲ့ပါသလား။**<br>*How many witnesses:* ______________________<br>*သက်သေမည်မျှနည်း* ______________________ | | |
| b. Did you present any **defense witnesses**?<br>**ခုခံကာကွယ်မည့်သက်သေများ(တရားခံသက်သေ)အသုံးပြုခဲ့ပါသလား။**<br>*How many witnesses:* _____________________<br>*သက်သေမည်မျှနည်း* ______________________ | | |
| c. Did you present any **defense evidence**?<br>**ခုခံကာကွယ်ရာတွင်အသုံးပြုမည့်သက်သေခံပစ္စည်းများ အသုံးပြုခဲ့ပါသလား။**<br>*What evidence:*<br>*သက်သေခံပစ္စည်းများကိုဖော်ပြပါ* | | |
| **Verdict and Sentence**<br>**တရားသူကြီး၏အဆုံးအဖြတ်နှင့် ပြစ်ဒဏ်** | | |
| a. Did the judge issue a verdict?<br>တရားသူကြီးမှအမိန့်ချပြီးပါပြီလား။<br>**Sentence:**<br>**ပြစ်ဒဏ်** | | |
| **Appeal**<br>**အယူခံတင်ခြင်း** | | |
| a. If the client was found guilty, did you file an **appeal?**<br>**အမှုသည်သည်အပြစ်ရှိကြောင်းတွေ့ရှိပါက အယူခံတင်သွင်းပါသလား။** | | |
| b. If you decided not to, why not? *Please explain.*<br>*အယူခံမတင်ပါက အဘယ်ကြောင့်နည်း။ရှင်းပြပါ။* | | |
| **CLOSING THE CASE**<br>**အမှုပိတ်သိမ်းခြင်း** | | |
| a. Did the client fill out the **Client Post Survey**?<br>အမှုသည်သည် **Client Post Survey** **ဖြည့်ပြီးပါပြီလား။** | | |
| b. Did you fill out the **Closed Case Form** and submit it to your Admin?<br>**Closed Case Formအားဖြည့်သွင်းကာ Adminထံပေးပြီးပါပြီလား။** | | |
| c. Did you complete this **Criminal Defense Checklist** and submit it to the Admin at the end of the case?<br>**အမှုအားပိတ်သိမ်းလိုက်ပါက Criminal Defense Checklist အားပြည့်စုံစွာဖြည့်သွင်းကာ Admin ထံပေးပြီးပါပြီလား။** | | |

*Upon completion of this form please sign and turn into your Admin.*

MyJustice   Funded by: European Union   Implemented by: BRITISH COUNCIL   In partnership with:

*ယခုCriminal Defense Checklist အားဖြည့်သွင်းပြီးပါက လက်မှတ်ထိုးကာ Adminထံပေးအပ်ပါ။*

I certify that the above information is complete and accurate.
အထက်ပါအချက်အလက်များသည် ပြည့်စုံမှန်ကန်ကြောင်း အာမခံပါသည်။

| | |
|---|---|
| ATTORNEY SIGNATURE<br>ရှေ့နေ၏လက်မှတ် | DATE OF COMPLETION<br>ဖြည့်သွင်းပြီးစီးသောနေ့စွဲ |

# IBJ Justice Centre Client Intake and Eligibility Survey

Can the client read and write? Y / N
အမှုသည်သည်ရေးနိုင်ဖတ်နိုင်ပါသလား။
If not, please indicate the name of the person who completed the form with the client:
မရေးနိုင်ပါက အမှုသည်နှင့်အတူယခုဖောင်အားဖြည့်သည့် ပုဂ္ဂိုလ်နာမည်ကိုဖော်ပြပါ။

## PERSONAL INFORMATION
ကိုယ်ရေးအချက်အလက်

| | | |
|---|---|---|
| Name:<br>အမည် | Age:<br>အသက်<br><br>Gender: M / F<br>ကျား၊မ | Date:<br>နေ့စွဲ |
| Address:<br>နေရပ်လိပ်စာ<br><br>Township:<br>မြို့နယ် | Phone Number:<br>ဖုန်းနံပါတ်<br><br>Language:<br>ဘာသာစကား | Religion:<br>ကိုးကွယ်သည့်ဘာသာ<br><br>Ethnicity:<br>လူမျိုး |
| Occupation:<br>အလုပ်အကိုင် | Monthly Income:<br>လစဉ်ဝင်ငွေ | Can you afford to hire an attorney?<br>Y / N<br>ရှေ့နေငှားရမ်းရန်တတ်နိုင်ပါသလား။ |
| How has or will this criminal case affect you financially?<br>ဤအမှုအခင်းသည် ငွေကြေးအရသင့်အား မည်သို့အကျိုးသက်ရောက်မှုရှိပါသနည်း။ | | Total Number of Dependents:<br>မှီခိုသူဦးရေစုစုပေါင်း<br>Additional Income from other members of household:<br>အိမ်ထောင်စုအတွင်းရှိအခြားအိမ်သားများ၏ဝင်ငွေ |

## CASE INFORMATION
အမှုအကြောင်းအရာ

How did you hear about IBJ's Justice Centre?
IBJ၏တရားမျှတမှုစင်တာအကြောင်းကို သင်မည်သို့ကြားသိခဲ့သနည်း။

- ☐ Newspaper သတင်းစာ
- ☐ Television ရုပ်မြင်သံကြား
- ☐ Friend သူငယ်ချင်း
- ☐ Court တရားရုံး
- ☐ Police ရဲ
- ☐ Other:အခြား ___________________________

What do you need help with today?

- ☐ Civil Case (money related)
  တရားမမှု(ငွေကြေးနှင့်ဆိုင်သော)
- ☐ Criminal Case (someone is facing jail time)
  ရာဇဝတ်မှု(အကျဉ်းကျခံရန်အလားအလာရှိသော)
- ☐ Other အခြား

  ________________________________

Have you sought help from other places prior to coming to IBJ?
IBJထံသို့မလာရောက်ခင် အခြားမည်သည့်နေရာများထံသွားရောက် အကူအညီတောင်းခံခဲ့သနည်း။

- ☐ Ward/ Village Tract Administrator ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး
- ☐ Community Leaders အဖွဲ့အစည်းခေါင်းဆောင်
- ☐ Police/ Law Officers ရဲ၊ ဥပဒေအရာရှိ
- ☐ The Court တရားရုံး
- ☐ Other: အခြား ________________________________________

What kind of help do you hope to receive for your case through the Justice Centre?
သင်၏အမှုနှင့်ပက်သက်ပြီး တရားမျှတမှုစင်တာထံမှ မည်သို့သောအကူအညီကိုရရှိရန်မျှော်လင့်ပါသနည်း။

# IBJ Justice Centre Client Intake and Eligibility Survey

I certify that the above information is complete and accurate to the best of my knowledge.
အထက်ပါအကြောင်းအရာများအား  ကျွန်ုပ်သိရှိနားလည်သည့်အတိုင်း ဖြည့်စွက်ထားပြီး မှန်ကန်ပြည့်စုံမှုရှိကြောင်း အာမခံပါသည်။

________________    ________________________________________________
____________________________________

| DATE | Signature | Witness |
|---|---|---|
| နေ့စွဲ | လက်မှတ် | အသိသက်သေ |

MyJustice    Funded by: European Union    Implemented by: BRITISH COUNCIL    In partnership with:

> Attorney Name:
> ရှေ့နေအမည်
> ☐ Power of Attorney Signed
> ☐ Anti-Corruption Agreement Signed

# Case Intake Form

## CLIENT INFORMATION
## အမှုသည်ကိုယ်ရေးအချက်အလက်

| | | |
|---|---|---|
| Client Name<br>အမှုသည်အမည် | Case Number<br>အမှုတွဲနံပတ် | Date Received<br>လက်ခံရရှိသောနေ့စွဲ |
| Address:<br>နေရပ်လိပ်စာ<br><br>Township:<br>မြို့နယ် | Phone Number:<br>ဖုန်းနံပတ်<br><br>Father’s Name:<br>ဖခင်အမည် | Religion:<br>ဘာသာ<br>Ethnicity:<br>လူမျိုး<br>Language<br>ဘာသာစကား |

| | |
|---|---|
| Sections/ Charges:<br>ပုဒ်မ၊စွဲချက် | Minimum/ Maximum Penalty:<br>အနိမ့်ဆုံးနှင့်အမြင့်ဆုံးပြစ်ဒဏ် |
| Does your client have a Criminal Record? ☐ No ☐ Yes (please list)<br>သင်၏အမှုသည်တွင် ပြစ်မှုနောက်ကြောင်းရာဇဝင်ရှိပါသလား။ရှိပါကဖော်ပြပါ။ | Age:<br>အသက်<br>Gender: M / F<br>ကျား၊မ<br><br>Monthly Income:<br>လစဉ်ဝင်ငွေ |

## CASE INFORMATION
## အမှုတွဲအချက်အလက်

| | | |
|---|---|---|
| Stage of Case Appointment:<br>အမှုကိုလက်ခံရရှိသောအချိန်တွင်ရောက်ရှိနေသောအဆင့် | ☐ Police Investigation<br>ရဲစုံစမ်းစစ်ဆေးသည့်ကာလ<br>☐ Remand<br>ရမန်ကာလ<br>☐ Inquiry<br>စစ်မေးသည့်အဆင့် | ☐ Trial<br>စစ်ဆေးစီရင်သည့်အဆင့်<br>☐ Sentencing<br>ပြစ်ဒဏ်ချမှတ်သည့်အဆင့်<br>☐ Appeal<br>အယူခံတင်သည့်အဆင့် |
| Type of Case:<br>အမှုတွဲအမျိုးအစား | ☐ Cognizable<br>ရဲအရေးပိုင်သောအမှု<br>☐ Summons<br>သမ္မန်အမှု<br>☐ Death Penalty<br>သေဒဏ်ကျခံနိုင်သောအမှု | ☐ Non-Cognizable<br>ရဲအရေးမပိုင်သောအမှု<br>☐ Warrant<br>ဝရမ်းအမှု<br>☐ Juvenile<br>၁၈နှစ်အောက်လူငယ်အမှု |

| | | | | |
|---|---|---|---|---|
| Incident Date:<br>အခင်းဖြစ်သည့်နေ့စွဲ | Arrest Date:<br>ဖမ်းဆီးသည့်နေ့စွဲ | Date JC Appointed:<br>JCမှလက်ခံရရှိသောနေ့ | Custody Status:<br>အချုပ်ကျခံနေမှုအခြေအနေ<br>☐ In Custody<br>အချုပ်ထဲတွင်<br>☐ Out of | Bail Status:<br>အာမခံလျှောက်ထားသည့်အခြေအနေ<br>☐ Bail Motion Made<br>အာမခံလျှောက်ထားသည်။<br>☐ Non-Bailable Case |

| | | | Custody<br>အချုပ်ပြင်ပ | အာမခံလျှောက်ခွင့်မရှိသော<br>အမှု |
|---|---|---|---|---|

| | | |
|---|---|---|
| Court:<br>တရားရုံး<br><br>Township:<br>မြို့နယ် | Next Court Date:<br>အနီးစပ်ဆုံး ရုံးချိန်းရက် | How Client Heard about JC:<br>အမှုသည်မှJCအကြောင်းကိုမည်သို့ကြားသိခဲ့သနည်း |

| CLIENT INTERVIEW အမှုသည်အားစုံစမ်းမေးမြန်းခြင်း<br>Date: Location:<br>နေရပ်လိပ်စာ |
|---|
| *Please interview the client and take notes, making sure to follow this checklist:*<br>*အမှုသည်အားစုံစမ်းမေးမြန်းကာမှတ်စုရေးသားပြီး အောက်ပါ အဆင့်ဆင့်စစ်ဆေးရမည့်စာရင်းကို လိုက်နာဆောင်ရွက်ပါ။* |

Client's Version of the Facts:
အမှုသည်ပြောပြသည့်အမှုနှင့်ပက်သက်သောအကြောင်းအရာများ

- ☐ Ask the client about their version of the facts. What happened?
  အမှုသည်အား အမှုနှင့်ပက်သက်သောအကြောင်းအရာများကိုမေးမြန်းပါ။ မည်သို့ဖြစ်ပွားခဲ့သနည်း။
- ☐ What are the clients' goals?
  အမှုသည်၏ရည်မှန်းချက်များမှာ အဘယ်နည်း။

Torture and Confession:
နှိပ်စက်ညှင်းပန်းခြင်းနှင့်ဝန်ခံစေခြင်း

- ☐ Was the client tortured? Y/N … if yes, please record what happened.
  အမှုသည်မှာနှိပ်စက်ညှင်းပန်းခြင်းခံခဲ့ရပါသလား။ နှိပ်စက်ညှင်းပန်းခံရပါက မည်သို့မည်ပုံဖြစ်ခဲ့သည်ကိုရေးမှတ်ပါ။
- ☐ Did the client make a confession to the police? What happened?
  အမှုသည်သည် ရဲထံတွင် ဝန်ခံခဲ့ပါသလား။မည်သို့နည်း။

Defense Witnesses and Evidence:
ခုခံကာကွယ်ရာတွင်အထောက်အကူပြုသည့် သက်သေများနှင့်သက်သေခံချက်များ(တရားခံသက်သေ)

- ☐ Does the client have any **witnesses** that could help in their defense? *Collect witness information so that you can interview these witnesses.*
  *အမှုသည်တွင် ခုခံကာကွယ်ရာ၌၎င်းတို့ဖက်မှအထောက်အကူပေးနိုင်သောသက်သေများရှိပါသလား။ ထိုသက်သေများကိုစုံစမ်းမေးမြန်းရန် ၎င်းတို့နှင့်ပက်သက်သောအချက်အလက်များကိုစုဆောင်းပါ။*
- ☐ Does the client have any **evidence** that you could collect that could help with their defense? *Collect specific information so that you can collect this data.*
  *အမှုသည်တွင် ခုခံကာကွယ်ရာ၌၎င်းတို့ဖက်မှအထောက်အကူပေးနိုင်သောသက်သေခံချက်များ (သက်သေခံပစ္စည်း၊သက်သေထွက်ချက်)ရှိပါသလား။ ထိုသက်သေခံချက်များအားစုဆောင်းရန်*

*ငင်းတို့နှင့်ပက်သက်သောအချက်အလက်များကိုစုဆောင်းမှတ်သားပါ။*

**Advise the Client of their Rights and the Sections/Charges against them:**
**အမှုသည်ကို ၄င်းတို့ရပိုင်ခွင့်ရှိသော အခွင့်အရေးများ၊ ၄င်းတို့အားစွဲချက်တင်ထားသော ပုဒ်မများအကြောင်းသိရှိစေရန်ပြောပြပါ။**

- ☐ Advise client about the trial process and the sections/charges against them
  တရားရုံးတွင်စစ်ဆေးစီရင်သည့်လုပ်ငန်းအဆင့်ဆင့်နှင့်၄င်းတို့အားစွဲချက်တင်ထားသောပုဒ်မများအကြောင်းပြောပြရန်
- ☐ Advise client of their Right Not to be Tortured
  နှိပ်စက်ညှင်းပန်းခြင်းမခံရစေရန်အခွင့်အရေးအားပြောပြရန်
- ☐ Advise client of their Right to Remain Silent
  နှုတ်ဆိတ်စွာနေပိုင်ခွင့်အခွင့်အရေးအားပြောပြရန်
- ☐ Advise client of their Right to a Timely Trial
  အချိန်နှင့်တပြေးညီ တရားရုံးစစ်ဆေးစီရင်မှုကိုခံထိုက်ပိုင်ခွင့်အားပြောပြရန်
- ☐ Advise client of their Right to Bail
  အာမခံလျှောက်ထားပိုင်ခွင့်ကိုပြောပြရန်

# Case Tracking Log

| **Client Name:**<br>**အမှုသည်အမည်** | **Case Number:**<br>**အမှုတွဲနံပါတ်** |
|---|---|
| **Date/Attorney/ Activity**<br>**နေ့စွဲ၊ရှေ့နေအမည်၊လုပ်ဆောင်ချက်** | **Notes**<br>**မှတ်စုများ** |
| Attorney Name:<br>ရှေ့နေအမည်<br>☐ Client Meeting<br>အမှုသည်နှင့်တွေ့ဆုံခြင်း<br>☐ Court<br>တရားရုံး(ရုံးချိန်း)<br>☐ Investigation<br>စုံစမ်းစစ်ဆေးခြင်း<br>☐ Case Preparation<br>အမှုတွဲပြင်ဆင်ခြင်း<br>Date:<br>နေ့စွဲ | |
| Attorney Name:<br>ရှေ့နေအမည်<br>☐ Client Meeting<br>အမှုသည်နှင့်တွေ့ဆုံခြင်း<br>☐ Court<br>တရားရုံး(ရုံးချိန်း)<br>☐ Investigation<br>စုံစမ်းစစ်ဆေးခြင်း<br>☐ Case Preparation<br>အမှုတွဲပြင်ဆင်ခြင်း<br>Date:<br>နေ့စွဲ | |
| Attorney Name:<br>ရှေ့နေအမည်<br>☐ Client Meeting<br>အမှုသည်နှင့်တွေ့ဆုံခြင်း<br>☐ Court<br>တရားရုံး(ရုံးချိန်း)<br>☐ Investigation<br>စုံစမ်းစစ်ဆေးခြင်း<br>☐ Case Preparation<br>အမှုတွဲပြင်ဆင်ခြင်း<br>Date:<br>နေ့စွဲ | |
| Attorney Name:<br>ရှေ့နေအမည်<br>☐ Client Meeting<br>အမှုသည်နှင့်တွေ့ဆုံခြင်း<br>☐ Court<br>တရားရုံး(ရုံးချိန်း)<br>☐ Investigation<br>စုံစမ်းစစ်ဆေးခြင်း<br>☐ Case Preparation<br>အမှုတွဲပြင်ဆင်ခြင်း<br>Date:<br>နေ့စွဲ | |
| Attorney Name:<br>ရှေ့နေအမည်<br>☐ Client Meeting<br>အမှုသည်နှင့်တွေ့ဆုံခြင်း<br>☐ Court<br>တရားရုံး(ရုံးချိန်း)<br>☐ Investigation<br>စုံစမ်းစစ်ဆေးခြင်း<br>☐ Case Preparation<br>အမှုတွဲပြင်ဆင်ခြင်း<br>Date:<br>နေ့စွဲ | |

# Ingredients Worksheet

| Attorney Name:<br>ရှေ့နေအမည် | Client Name:<br>အမှုသည်အမည် | Case Number:<br>အမှုတွဲနံပါတ် |
|---|---|---|

| Section<br>ပုဒ်မ | Title<br>ခေါင်းစဉ် |
|---|---|
| | |

- Actor- လုပ်ဆောင်သူ
- Action- လုပ်ဆောင်မှု
- Intent- ရည်ရွယ်ချက်
- Object/victim- ပစ္စည်း၊ ကျူးလွန်ခံရသူ
- Special conditions/enhancements-ထူးခြားသော အခြေအနေများ၊ ထပ်တိုးပစ္စည်းများ

| #<br>နံပါတ် | Ingredient/Element<br>ပါဝင်သောအကြောင်းအရာအင်္ဂါရပ် | Relevant Evidence in the Case<br>အမှုတွဲနှင့်သင့်လျော်တိုက်ဆိုင်သောသက်သေခံချက်များ | Evaluation<br>အကဲဖြတ်ခြင်း |
|---|---|---|---|
| | | | ☐ Met<br>ပြည့်စုံသည်<br>☐ Not Met<br>မပြည့်စုံပါ |
| | | | ☐Met<br>ပြည့်စုံသည်<br>☐ Not Met<br>မပြည့်စုံပါ |
| | | | ☐Met<br>ပြည့်စုံသည်<br>☐ Not Met<br>မပြည့်စုံပါ |
| | | | ☐ Met<br>ပြည့်စုံသည်<br>☐ Not Met<br>မပြည့်စုံပါ |
| | | | ☐Met<br>ပြည့်စုံသည်<br>☐ Not Met<br>မပြည့်စုံပါ |

| Penalty Section<br>ပြစ်ဒဏ်ပုဒ်မ | Max/Min<br>အမြင့်ဆုံး၊အနိမ့်ဆုံး |
|---|---|
| | |

| Definitions and Additional Relevant Sections<br>အခြားသင့်လျော်သော ထပ်တိုးပုဒ်မများနှင့် အဓိပ္ပာယ်သတ်မှတ်ချက်များ | |
|---|---|
| | |
| | |

# Case Review Worksheet

| Attorney Name:<br>ရှေ့နေအမည် | Client Name:<br>အမှုသည်အမည် | Case Number:<br>အမှုတွဲနံပါတ် |
|---|---|---|

| Sections/ Charges<br>ပုဒ်မစွဲချက် |
|---|
| |

Evidence သက်သေ

| Prosecution Evidence (-)<br>တရားလိုသက်သေ(-) | Defense Evidence (+)<br>ခုခံကာကွယ်ရာတွင်အထောက်အကူပြုသောသက်သေ<br>(တရားခံသက်သေ)(+) |
|---|---|
| | |

Case Theories အမှုတွဲသီအိုရီ

| Prosecution Case Theory<br>တရားလို၏အမှုတွဲသီအိုရီ | Defense Line (Case Theory)<br>တရားခံ၏အမှုတွဲသီအိုရီ |
|---|---|
| | |

Tasks
လုပ်ဆောင်ရန်

| Investigation<br>စုံစမ်းစစ်ဆေးခြင်း | Motions<br>တရားရုံးတော်တွင်ကြားဖြတ်<br>လျှောက်ထားတင်ပြခြင်း | Objections<br>ကန့်ကွက်ခြင်း |
|---|---|---|
| | | |

MyJustice | Funded by: European Union | Implemented by: British Council | In partnership with:

# Anti-Corruption Agreement

## လာဘ်ပေးလာဘ်ယူမှု ဆန့်ကျင်ရေး မူဝါဒနှင့် သဘောတူညီချက်

အမှုသည်အမည်______________________________ အမှုတွဲနံပါတ် _______________

**တရားမျှတမှုစင်တာ လာဘ်ပေးလာဘ်ယူမှုဆန့်ကျင်ရေး မူဝါဒ**

တရားမျှတမှုစင်တာသည် တင်းကြပ်သော လာဘ်ပေးလာဘ်ယူမှုဆန့်ကျင်ရေး မူဝါဒကို ကျင့်သုံးပါသည်။ ကျွန်ုပ်တို့အနေဖြင့် တရားစီရင်ရေးကဏ္ဍ တွင် အကျင့်ပျက်ခြစားခြင်းကို ဆန့်ကျင်သည့် ခိုင်မာသော ရပ်တည်ချက်ကိုလက်ကိုင်ထားပါသည်။ ကျွန်ုပ်တို့သည် စာရွက်စာတမ်း၊ လက်မှတ်ရရှိရန် သို့မဟုတ် လုပ်ငန်းလုပ်ဆောင်မှုမြန်ဆန်စေရန် အစရှိသည်တို့အတွက် မည်သို့သော လာဘ်ပေးလာဘ်ယူမှုကိုမဆို **ချွင်းချက်မရှိ** ပူးပေါင်းလုပ်ဆောင်မည်မဟုတ်ပါ။

တရားမျှတမှုစင်တာနှင့် ၎င်း၏ဝန်ထမ်းများအနေနှင့် ပေးအပ်မည့်ငွေကြေးမှာ ဥပဒေအရပေးသွင်းရန်ပြဋ္ဌာန်းထားသော **တရားဝင်ငွေကြေးပမာဏ** သာဖြစ်ပါသည်။ ကျွန်ုပ်တို့မှ လာဘ်ငွေ၊ပစ္စည်း၊ အသေးသုံးငွေကြေး သို့မဟုတ် လက်ဖက်ရည်ဖိုး စသည်တို့ကို အရာရှိ သို့မဟုတ် အမှုတွဲတွင်ပါဝင်ပက်သက်သည့် လူပုဂ္ဂိုလ်တို့ထံ ပေးအပ်ခြင်းကို တားမြစ်ပါသည်။ ကျွန်ုပ်တို့၏ အမှုသည်နှင့် ၎င်းတို့၏ ကိုယ်စားလှယ်ပုဂ္ဂိုလ်များသည်လည်း ကျွန်ုပ်တို့၏ လုပ်ငန်းလုပ်ဆောင်ပေးမှုကိုလက်ခံရာတွင် လာဘ်ပေးလာဘ်ယူမှုကို ဆန့်ကျင်ပါမည့်အကြောင်း လက်ခံသဘောတူရမည်။

တရားမျှတမှုစင်တာ၏ အမှုသည်နှင့် ရှေ့နေများသည် အထက်ဖော်ပြပါ လာဘ်ပေးလာဘ်ယူမှုဆန့်ကျင်ရေး မူဝါဒကို နားလည်သဘောပေါက်လက်ခံပါမည့်အကြောင်း ပုံစံစာရွက်ပေါ်တွင် လက်မှတ်ရေးထိုးရမည်။

---

**တရားမျှတမှုစင်တာ၏ လာဘ်ပေးလာဘ်ယူမှု ဆန့်ကျင်ရေး မူဝါဒကို အမှုသည်မှ လက်ခံသဘောတူညီချက်**

ကျွန်ုပ်________________________________________သည် အမှုရင်ဆိုင်စဉ်ကာလတစ်လျှောက် ကျွန်ုပ်ကိုယ်တိုင်သော်လည်းကောင်း ကျွန်ုပ်၏ မိသားစုမိတ်ဆွေသူငယ်ချင်း သို့မဟုတ် ကျွန်ုပ်ကိုယ်စားလုပ်ဆောင်မည့် ကိုယ်စားလှယ် တို့မှသော်လည်းကောင်း အမှုရင်ဆိုင်စဉ်ကာလတစ်လျှောက် မည်သည့်အခြေအနေတွင်မဆို လာဘ်ငွေ၊ပစ္စည်း၊ အသေးသုံးငွေကြေး သို့မဟုတ် လက်ဖက်ရည်ဖိုး စသည်တို့ကို ပေးအပ်ခြင်းမပြုပါမည့်အကြောင်း လက်ခံသဘောတူပါသည်။ ကျွန်ုပ်သည် တရားမျှတမှုစင်တာ၏ အထက်ဖော်ပြပါ လာဘ်ပေးလာဘ်ယူမှုဆန့်ကျင်ရေး မူဝါဒကို ဖတ်ရှုပြီး နားလည်သဘောတူပါသည်။ ထိုသဘောတူညီချက်များကို ဖောက်ဖျက်ပါက လက်ရှိ ကျွန်ုပ်တရားရင်ဆိုင်နေသော ရာဇဝတ်မှုတွင် တရားမျှတမှုစင်တာ၏ တရားရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်ခံရယူခွင့် ရုပ်သိမ်းခံရမည်ကို နားလည်သဘောပေါက်လက်ခံပါသည်။

နေ့စွဲ __________________________ လက်မှတ် ____________________________

---

**တရားမျှတမှုစင်တာ၏ လာဘ်ပေးလာဘ်ယူမှု ဆန့်ကျင်ရေး မူဝါဒကို ရှေ့နေမှ လက်ခံသဘောတူညီချက်**

ကျွန်ုပ် ________________________________________သည် အမှုရင်ဆိုင်စဉ်ကာလတစ်လျှောက် မည်သည့်အခြေအနေတွင်မဆို လာဘ်ငွေ၊ပစ္စည်း၊ အသေးသုံးငွေကြေး သို့မဟုတ် လက်ဖက်ရည်ဖိုး စသည်တို့ကို ပေးအပ်ခြင်းမပြုပါမည့်အကြောင်း နှင့် တစ်စုံတစ်ယောက်မှ ပေးအပ်ခြင်းကို သိရှိပါကလည်း လက်ခံခွင့်ပြုမည်မဟုတ်ကြောင်း သဘောတူလက်ခံပါသည်။ ကျွန်ုပ်သည် မည်သည့်အခြေအနေတွင်မဆို လာဘ်ငွေ၊ပစ္စည်း၊ အသေးသုံးငွေကြေး သို့မဟုတ် လက်ဖက်ရည်ဖိုး စသည်တို့ကို လက်ခံရယူခြင်းမပြုပါမည့်အကြောင်းလည်း သဘောတူလက်ခံပါသည်။ ကျွန်ုပ်သည် တရားမျှတမှုစင်တာ၏ အထက်ဖော်ပြပါ လာဘ်ပေးလာဘ်ယူမှုဆန့်ကျင်ရေး မူဝါဒကို ဖတ်ရှုပြီး နားလည်သဘောပေါက်လက်ခံပါသည်။

နေ့စွဲ __________________________ လက်မှတ် ____________________________

MyJustice · Funded by: European Union · Implemented by: British Council · In partnership with: International Bridges to Justice

# Closed Case Form

At what stage of the case were you appointed? (circle one)
*အမှု၏မည်သည့်အဆင့်တွင် ရှေ့နေအဖြစ် အမှုစတင်လိုက်ပါဆောင်ရွက်ခဲ့သနည်း။(အောက်ပါတို့မှတစ်ခုကိုဝိုင်းပါ)*

| Police Investigation<br>*ရဲမှစုံစမ်းစစ်ဆေးသောအဆင့်* | Remand Hearing<br>*ရမန်ကြားနာသည့်အဆင့်* | Inquiry<br>*စစ်မေးသည့်အဆင့်* | Framing of Charges<br>*စွဲချက်တင်သည့်အဆင့်* | Trial<br>*စစ်ဆေးစီရင်သည့်အဆင့်* | Sentencing၏<br>*အမိန့်ချသည့်အဆင့်* |
|---|---|---|---|---|---|

| CASE INFORMATION | | | |
|---|---|---|---|
| Client Name:<br>အမှုသည်အမည် | Case Number:<br>အမှုတွဲနံပါတ် | Attorney:<br>ရှေ့နေအမည် | Age:<br>အသက် |
| Gender:<br>လိင်<br>ကျား၊မ<br><br>Religion:<br>ဘာသာ<br><br>Ethnicity:<br>တိုင်းရင်းသားလူမျိုးစု | M / F | Type of Case:<br>အမှုတွဲအမျိုးအစား<br>☐ Cognizable<br>ရဲအရေးပိုင်သောအမှု<br>☐ Summons<br>သမ္မန်အမှု<br>☐ Death Penalty<br>သေဒဏ်ကျခံနိုင်သောအမှု | ☐ Non-Cognizable<br>ရဲအရေးမပိုင်သောအမှု<br>☐ Warrant<br>ဝရမ်းအမှု<br>☐ Juvenile<br>၁၈နှစ်အောက်လူငယ်အမှု |
| Custody Status of Client:<br>အချုပ်ကျခံနေမှုအခြေအနေ<br><br>☐ In Custody<br>အချုပ်ထဲတွင်<br>☐ Out of Custody<br>အချုပ်ပြင်ပ | Was a Bail Motion Made? Y/N<br>အာမခံလျှောက်ထားပါသလား။<br>Date Bail Granted:<br>အာမခံရရှိသောနေ့ | Total time client spent in custody: (arrest to closing the case)<br>အမှုသည်မှအချုပ်ထဲတွင်နေရသည့်အချိန်စုစုပေါင်း(ဖမ်းဆီးသည်မှအမှုပိတ်သိမ်းသည်အထိ) | Date Appeal Filed:<br>အယူခံတင်သွင်းသည့်ရက်<br>*If no Appeal, please explain.*<br>*အယူခံမတင်သွင်းပါကအဘယ်ကြောင့်နည်း* |
| CHARGES<br>စွဲချက်များ | | | |
| Original Charges Against Client:<br>အမှုသည်အားစွဲဆိုထားသောပုဒ်မများ | | Max/Min Exposure: (please list max/min penalties)<br>အနိမ့်ဆုံး၊အမြင့်ဆုံးကျခံနိုင်သောပြစ်ဒဏ် | |
| RESULT OF THE CASE AND FINAL DISPOSITION *(please describe what happened in the case, including the verdict, final sentence, ultimate result of the closed case here)*<br>အမှုတွဲရလဒ်နှင့်အပြီးသတ်ဆုံးဖြတ်ချက်(အမိန့်၊အပြီးသတ်ပြစ်ဒဏ်၊ပိတ်သိမ်းလိုက်သောအမှု၏နောက်ဆုံးရလဒ်အပါအဝင်အမှုတွဲတွင်မည်သို့ဖြစ်ပျက်ခဲ့သည်ကိုဖော်ပြပါ။) | | | |
| | | | |
| CLOSED CASE REVIEW *(please review your case notes, log, and Criminal Defense Checklist to answer the following questions):*<br>ပိတ်သိမ်းလိုက်သောအမှုအားလေ့လာသုံးသပ်ခြင်း(သင်၏အမှုတွဲမှတ်စုများ၊စာရင်းများနှင့် *Criminal Defense Checklistကိုလေ့လာကာ အောက်ပါမေးခွန်းများကိုဖြေဆိုပါ* ) | | | |

MyJustice · Funded by: European Union · In partnership with:

<table>
<tr>
<td>Investigations Conducted:<br>ပြုလုပ်ခဲ့သောစုံစမ်းစစ်ဆေးခြင်းများ<br><br>☐ Interviewed all Defense Witnesses<br>ခုခံကာကွယ်ရာတွင်အထောက်အကူပြုမည့်<br>သက်သေများ(တရားခံသက်သေများ)ကိုစုံစမ်း မေးမြန်းခြင်း<br>☐ Collected all Defense Evidence<br>ခုခံကာကွယ်ရာတွင်အထောက်အကူပြုမည့်<br>သက်သေများ(တရားခံသက်သေများ)ကိုစုဆောင်းခြင်း<br>☐ Visited the Crime Scene<br>အခင်းဖြစ်ပွားရာနေရာကိုသွားရောက်ကြည့်ရှုခြင်း<br>☐ Interviewed One Prosecution Witness<br>တရားလိုသက်သေတစ်ဦးကိုစုံစမ်းမေးမြန်းခြင်း</td>
<td>Motions/Objections Made:<br>တရားရုံးတော်တွင်ကြားဖြတ်လျှောက်လဲခြင်းနှင့်ကန့်ကွက်ခြင်းများ<br>☐ Bail Motion<br>အာမခံလျှောက်ထားခြင်း<br>☐ Motion Requesting Case Documents and Witness Statements<br>အမှုတွဲစာရွက်စာတမ်းများ၊သက်သေထွက်ချက်များရရှိ<br>ရန်တရားရုံးတွင်လျှောက်လဲခြင်း<br>☐ Motion Challenging Search Warrants<br>ရှာဖွေခွင့်ဝရမ်းများကိုစိန်ခေါ်သည့်လျှောက်လဲခြင်း<br>☐ Revisions and Writs<br>ပြန်လည်ပြင်ဆင်ခြင်းနှင့်စာချွန်တော်အမိန့်<br>☐ Objections to Undue Delays for Hearings<br>မလိုလားအပ်သောတရားခွင်ကြန့်ကြာခြင်းများကို ကန့်ကွက်လျှောက်လဲခြင်း<br>☐ Objections under Ev. 60 for Prosecution Witnesses<br>တရားလိုသက်သေများကို သက်သေခံဥပဒေပုဒ်မ၆၀အရ<br>ကန့်ကွက်လျှောက်လဲခြင်း<br>☐ Objection when Judge is not Present During Hearing (CM 609)<br>ကြားနာစစ်ဆေးနေစဉ်အတွင်း တရားသူကြီးမရှိပါက<br>ကန့်ကွက်လျှောက်လဲခြင်း(တရားရုံးများလက်စွဲ အပိုဒ် ၆၀၉)</td>
</tr>
<tr>
<td>Did you have any problems with the police accessing your client at the jails or in court?<br>သင်၏အမှုသည်အား ရဲအချုပ်၊တရားရုံးအချုပ်တွင်<br>တွေ့ဆုံခွင့်ရရန်ကြိုးပမ်းရာတွင်<br>ရဲများမှအခက်အခဲတစ်စုံတစ်ရာပေးခဲ့ပါသလား။<br>Y / N If YES, how many times? ____________<br>ပေးခဲ့ပါကအကြိမ်မည်မျှနည်း။</td>
<td>Were you or your client asked to pay bribes in this case?<br>အမှုသည်မှာ ယခုအမှုအတွင်း လာဘ်ငွေတောင်းခံခဲ့ရပါသလား။<br>Y/N If YES, how many times? _________________<br>တောင်းခံခဲ့ရပါက အကြိမ်မည်မျှနည်း။</td>
</tr>
<tr>
<td>What were the client’s goals for the case?<br>ဤအမှုတွင် အမှုသည်၏ရည်မှန်းချက်များမှာအဘယ်နည်း။</td>
<td>Do you feel like the client’s goals were met? Please explain:<br>အမှုသည်၏ရည်မှန်းချက်များပြည့်ဝခဲ့သည်ဟုထင်ပါသလား။ရှင်းပြပါ။</td>
</tr>
<tr>
<td colspan="2">Please indicate your case strategy on this case. Were you objectives accomplished? If so, what contributed to your success? If not, what were your barriers?<br>ဤအမှုတွင်သင်အသုံးပြုခဲ့သော နည်းဗျူဟာမှာအဘယ်နည်း။ သင်၏ရည်ရွယ်ချက်များအောင်မြင်မှုရရှိခဲ့ပါသလား။<br>အောင်မြင်မှုရရှိရန် မည်သို့သောအရာများမှ အထောက်အကူပေးခဲ့ပါသနည်း။ အောင်မြင်မှုမရပါကအခက်အခဲများမှာအဘယ်နည်း။</td>
</tr>
</table>

MyJustice | Funded by: European Union | Implemented by: BRITISH COUNCIL | In partnership with:

# IBJ Justice Centre Post-Survey

**Can the client read and write? Y / N**
**အမှုသည်သည်ရေးတတ်ဖတ်တတ်ပါသလား။**
**If not, please write the name of the person who completed the form with the client:**
**မရေးတတ်ပါက အမှုသည်အားကူညီဖြည့်စွက်ပေးသူ၏နာမည်ကိုဖော်ပြပါ။**
(NOTE: It CANNOT be the attorney who represented on the case)
**(မှတ်ချက် : ဖြည့်စွက်သူမှာ ရှေ့နေကိုယ်တိုင်မဖြစ်ရပါ)**

| PERSONAL INFORMATION<br>ကိုယ်ရေးအချက်အလက် | | |
|---|---|---|
| **Name:**<br>အမည် | **Case Number:**<br>အမှုတွဲနံပါတ် | **Date:**<br>နေစွဲ |
| **Name of your Attorney:**<br>ရှေ့နေအမည် | **Case Outcome:**<br>အမှုတွဲရလဒ် | |

**Why did you seek the help of the IBJ Justice Centre?**
**IBJတရားမျှတမှုစင်တာ၏ ဝန်ဆောင်မှုကိုအဘယ်ကြောင့်တောင်းခံခဲ့သနည်း။**

**On a scale of 1 – 5, please rate the following:**
**အောက်ပါတို့အား စကေး ၁မှ၅အတွင်းသတ်မှတ်ပါ။**

**Unsatisfactory** / စိတ်ကျေနပ်မှုမရှိ — **Great** / အလွန်ကောင်းမွန်သည်။

| | 1 | 2 | 3 | 4 | 5 |
|---|---|---|---|---|---|
| **My attorney listened to my needs and understood the issues in my case.**<br>ကျွန်ုပ်၏ရှေ့နေသည် ကျွန်ုပ်၏လိုအပ်ချက်များကိုနားထောင်ပေးပြီး အမှုနှင့်ပက်သက်သောအကြောင်းအရာအများကိုနားလည်သည်။ | | | | | |
| **My attorney explained to me my legal rights.**<br>ကျွန်ုပ်၏ရှေ့နေမှ ဥပဒေဆိုင်ရာအခွင့်အရေးများကို ရှင်းပြပေးသည်။ | | | | | |
| **I understood my legal rights.**<br>ကျွန်ုပ်သည် ဥပဒေဆိုင်ရာအခွင့်အရေးများကို နားလည်သိရှိသည်။ | | | | | |
| **My attorney explained to me the legal process and helped me through each of the decisions that I had to make along the way.**<br>ကျွန်ုပ်၏ရှေ့နေသည် ဥပဒေကြောင်းအရလုပ်ဆောင်ရန်တို့ကို ရှင်းပြပေးပြီး လုပ်ငန်းစဉ်တစ်လျှောက် ဆုံးဖြတ်ချက်ချမှတ်ရာတွင် အကူအညီပေးသည်။ | | | | | |
| **My attorney met with me on a regular basis and kept an open line of communication with me.**<br>ကျွန်ုပ်၏ရှေ့နေသည် ကျွန်ုပ်နှင့်ပုံမှန်တွေ့ဆုံပြီး ပွင့်လင်းလွတ်လပ်စွာဆွေးနွေးတိုင်ပင်ခွင့်ပေးသည်။ | | | | | |
| **My attorney advocated on my behalf in court.**<br>ကျွန်ုပ်၏ရှေ့နေသည် တရားရုံးတော်တွင်ကျွန်ုပ်ကိုယ်စား ရပ်တည်ဆောင်ရွက်ပေးသည်။ | | | | | |
| **My attorney understood my goals in the case and worked hard to try to reach them.**<br>ကျွန်ုပ်၏ရှေ့နေသည် အမှုတွဲနှင့်ပက်သက်ပြီးကျွန်ုပ်၏ရည်မှန်းချက်များကိုနားလည်ပြီး ၎င်းတို့အားရရှိစေရန် ကြိုးစားစွမ်းဆောင်သည်။ | | | | | |
| **I felt that my attorney was organized and prepared.**<br>ကျွန်ုပ်၏ရှေ့နေသည် စေ့စပ်သေချာပြီး ကြိုတင်ပြင်ဆင်မှုအားကောင်းသည်။ | | | | | |
| **I understood the outcome of my case.**<br>အမှုတွဲ၏ရလဒ်ကိုနားလည်လက်ခံပါသည်။ | | | | | |
| **I was satisfied with the outcome of my case.**<br>အမှုတွဲ၏ရလဒ်ကို စိတ်ကျေနပ်မှုရှိသည်။ | | | | | |
| **I would refer the Justice Centre to others in the future.**<br>တရားမျှတမှုစင်တာသို့လာရောက်ရန် အခြားသူများကိုညွှန်းပေးမည်။ | | | | | |

**Are you satisfied or dissatisfied with the services you received? Please explain:**
သင်လက်ခံရရှိသော ဝန်ဆောင်မှုများကို စိတ်ကျေနပ်မှု ရှိ/မရှိ ရှင်းပြပါ။

**Do you have suggestions for IBJ on how we can improve our representation?**
ကျွန်ုပ်တို့၏ ဥပဒေအကျိုးဆောင်မှု ပိုမိုကောင်းမွန်လာစေရန် မည်သည့်အကြံဉာဏ်များပေးလိုပါသနည်း

# Case Referral Form

## INTAKE INFORMATION
အဝင်လက်ခံသောအချက်အလက်

| Name<br>နာမည် | Phone Number:<br>ဖုန်းနံပါတ် | Date of Intake<br>အဝင်လက်ခံသောနေ့ |
|---|---|---|
| Address:<br>လိပ်စာ | Monthly Income:<br>လစဉ်ဝင်ငွေ | Religion:<br>ဘာသာ<br><br>Ethnicity:<br>တိုင်းရင်းသား |

**Previous Help Sought:**
ယခင်ကရယူခဲ့သောအကူအညီ

- ☐ Informal Resolution
  တရားလမ်းကြောင်းအရမဟုတ်ဘဲဖြေရှင်းခြင်း
- ☐ Tribal or Community Adjudication
  မျိုးနွယ်စုသို့မဟုတ်ရပ်ကွက်လူထုအတွင်းဖြေရှင်းခြင်း
- ☐ Formal Legal System
  ဥပဒေကြောင်းအရဖြေရှင်းခြင်း
- ☐ Other:
  အခြား

**Type of Non-Criminal Case:**
ပြစ်မှုမဟုတ်သောအမှုအမျိုးအစား

- ☐ Property Dispute
  ပိုင်ဆိုင်မှုအငြင်းပွားခြင်း
- ☐ Contract Issue
  စာချုပ်စာတမ်းကိစ္စ
- ☐ Personal Injury
  ထိခိုက်ဒဏ်ရာရရှိခြင်း
- ☐ Employment Issue
  အလုပ်ခန့်အပ်ခြင်းကိစ္စ
- ☐ Other:
  အခြား

**How did they hear about the Justice Centre?**
တရားမျှတမှုစင်တာအကြောင်းမည်သို့ကြားသိခဲ့သနည်း

## CASE INFORMATION
အမှုတွဲအချက်အလက်

**Please summarize the legal issues:**
အမှုသွားအမှုလာကိုအကျဉ်းချုပ်ဖော်ပြပါ။

**Why does this case not qualify for Justice Centre Services?**
တရားမျှတမှုစင်တာ၏ဝန်ဆောင်မှုကိုအဘယ်ကြောင့်ရယူခွင့်မရှိသနည်း။

- ☐ Not a Criminal Case (civil or other)
  ပြစ်မှုမဟုတ်သောအမှု(တရားမမှုသို့မဟုတ်အခြား)
- ☐ Person does not financially qualify for JC services (can afford to hire an attorney)
  ငွေကြေးအရJC၏အမှုသည်အနေနှင့်အကျုံးမဝင်(ရှေ့နေငှားရမ်းရန်တက်နိုင်သည်)
- ☐ Person is a co-defendant on a case we already represent
  ကျွန်ုပ်တို့အကျိုးဆောင်ပေးနေသောအမှုမှ ပူးတွဲတရားခံဖြစ်နေခြင်း
- ☐ There is a different type of conflict of interest
  အကျိုးစီးပွားအငြင်းပွားစေနိုင်သော အခြားသောအမှုအမျိုးအစား
- ☐ Other:
  အခြား

| REFERRAL/ ASSISTANCE PROVIDED<br>လွှဲပြောင်းပေးခြင်း၊ အကူအညီပေးခြင်း |
|---|
| Please summarize assistance provided and list any referrals given:<br>ပေးခဲ့သောအကူအညီနှင့် ပြင်ပသို့လွှဲပြောင်းပေးလိုက်ပါက ဖော်ပြပါ။ |
| Referred to:<br>လွှဲပြောင်းခြင်းခံရသူ<br>☐ CSO<br>အရပ်ဖက်လူ့အဖွဲ့အစည်း<br>☐ Private Attorney<br>ပြင်ပရှေ့နေ<br>☐ Pro-Bono Attorney<br>ဥပဒေဆိုင်ရာအခမဲ့အကျိုးဆောင်ပေးသောရှေ့နေ<br>☐ Other:<br>အခြား |

Bilingual Table of Contents
အင်္ဂလိပ်-မြန်မာ နှစ်ဘာသာသုံး မာတိကာအညွှန်းများ

This is intended for English and Myanmar speakers to coordinate their use of the English and Myanmar versions of the manual.

ဤမာတိကာဇယားသည် အင်္ဂလိပ်ဘာသာစကားအသုံးပြုသူများနှင့် မြန်မာဘာသာစကားအသုံးပြုသူများအတွက် လက်စွဲစာအုပ်ကို အသုံးပြုကြရာတွင် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာလုံးဖြင့် တိုက်ဆိုင်အသုံးပြုလိုသူများအတွက် ရည်ရွယ်ထားပါသည်။


**HOW TO USE THIS MANUAL** .......... **9**
လက်စွဲစာအုပ် အသုံးပြုပုံ အညွှန်း .......... 12
**ABBREVIATIONS** .......... **10**
အတိုကောက်စာလုံးများ .......... 13
**INTRODUCTION** .......... **11**
နိဒါန်း .......... 14

**PART ONE: FOUNDATIONAL ISSUES** .......... **12**
အပိုင်း (၁) - အခြေခံပြဿနာများ .......... 16
**COUNSELING CLIENTS** .......... **12**
အမှုသည်များအား ဆွေးနွေးတင်ပြပေးခြင်း .......... 16
**Client-Centered Lawyering** .......... **13**
အမှုသည်ဗဟိုပြု ရှေ့နေလိုက်ပါ ဆောင်ရွက်ပေးခြင်း .......... 17
**Working with Clients Who want to Confess or Plead Guilty** .......... **15**
ဖြောင့်ချက်ပေးလိုသော (သို့) အပြစ်ရှိကြောင်းဝန်ခံလိုသော အမှုသည်များနှင့် ဆက်ဆံခြင်း .......... 20
**Helping Clients Remain Silent** .......... **19**
အမှုသည်အား နှုတ်ဆိတ်စွာနေနိုင်ရန် ကူညီပေးခြင်း .......... 25
**THE RIGHTS OF THE ACCUSED** .......... **20**
တရားခံ၏ အခွင့်အရေးများ .......... 27
**The Right of Defense** .......... **20**
ကာကွယ်ခုခံပိုင်ခွင့် .......... 27
**Presumption of Innocence/Burden of Proof** .......... **20**
အပြစ်ကင်းစင်ကြောင်းမှတ်ယူခြင်း/သက်သေပြရန်တာဝန် .......... 27
**Right not to be tortured** .......... **23**
ညှဉ်းပန်းနှိပ်စက်ခံရမှုမှ အကာအကွယ်ရပိုင်ခွင့် .......... 31
**Right to Remain Silent (Right against Self-Incrimination)** .......... **23**
နှုတ်ဆိတ်စွာနေပိုင်ခွင့် .......... 32
**Right to be defended by an attorney** .......... **24**
ရှေ့နေဖြင့် ခုခံချေပခွင့် .......... 33
**Right to Due Process** .......... **25**
လွတ်လပ်ပြီး တရားမျှတသော ဥပဒေဆိုင်ရာ အဆုံးအဖြတ်ကို ခံယူရရှိပိုင်ခွင့် .......... 35

**Right to Equal Protection of the Law** .......... **26**
ဥပဒေ၏ အကာအကွယ်ကို တန်းတူရယူပိုင်ခွင့် .......... 36
**Right Against Double Jeopardy** .......... **26**
တစ်ကြော့ပြန်စစ်ဆေးခံရခြင်းမှ ခုခံပိုင်ခွင့် .......... 37
**Right against Post Fact Prosecutions** .......... **27**
နောင်းကာလမှဖြစ်ပွားခဲ့သည့်အကြောင်းအရာများအပေါ်အခြေခံ၍တရားစွဲဆိုခြင်းများကိုငြင်းဆန်ပိုင်ခွင့် 38
**Right to be Informed of Charges** .......... **27**
စွဲချက်များအား သိရှိပိုင်ခွင့် .......... 38
**Right to Bail** .......... **28**
အာမခံလျှောက်ထားပိုင်ခွင့် .......... 39
**Right to Interpretation** .......... **28**
စကားပြန်အကူအညီရယူခွင့် .......... 40
**Rights Against Unlawful Arrests and Searches** .......... **29**
တရားမဝင် ဖမ်းဆီးရှာဖွေခံရခြင်းများမှ ကင်းလွတ်ပိုင်ခွင့် .......... 42
**Right Against Unlawful Police Detention** .......... **29**
ရဲ၏ တရားမဝင်ဖမ်းဆီးချုပ်နှောင်ခြင်းများမှ ကင်းလွတ်ပိုင်ခွင့် .......... 42
**RIGHTS AND DUTIES OF THE DEFENSE ATTORNEY** .......... **30**
တရားခံရှေ့နေ၏ အခွင့်အရေးများနှင့် တာဝန်များ .......... 44
**Right to Practice if Qualified** .......... **30**
အရည်အချင်း သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ရှေ့နေအဖြစ် လိုက်ပါ ဆောင်ရွက်ပိုင်ခွင့် .......... 44
**Right to Provide Representation in Court** .......... **30**
တရားရုံးတော်၌ ကိုယ်စားပြုရပ်တည်ပေးပိုင်ခွင့် .......... 44
**Duty to be a Zealous Advocate** .......... **31**
စိတ်အားထက်သန်မှုရှိသည့် ရှေ့နေတစ်ဦးဖြစ်ရန် တာဝန် .......... 45
**Duty to Avoid Conflicts in Representation** .......... **31**
ကိုယ်စားပြုလိုက်ပါဆောင်ရွက်ပေးရာတွင်ဖြစ်ပေါ်လာနိုင်မည့်အငြင်းပွားမှုပဋိပက္ခများကိုရှောင်ရှားခြင်း ... 45
**Duty to Maintain Confidentiality of Client's Information** .......... **31**
အမှုသည်၏အချက်အလက်များကို လျှို့ဝှက်စွာ ထိန်းသိမ်းရမည့်တာဝန် .......... 46
**Duty to Conduct Necessary Investigations** .......... **32**
လိုအပ်သည့်စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်ရခြင်း .......... 46
**Duty to Show Candor to the Court** .......... **32**
တရားရုံးတော်သို့ အပြောအဆို အမူအရာပွင့်လင်းစွာ ပြောဆိုပိုင်ခွင့် .......... 47
**Duty to Be Ethical** .......... **33**
ကျင့်ဝတ်အတိုင်းလိုက်နာဆောင်ရွက်ရန် တာဝန်ရှိခြင်း .......... 48
**Right to be Deemed Independent** .......... **33**
လွတ်လပ်စွာနေပိုင်ခွင့် .......... 48
**Right to Gain Access to Detained Clients** .......... **33**
ချုပ်နှောင်ခံထားရသည့်အမှုသည်များနှင့် တွေ့ဆုံပိုင်ခွင့် .......... 49
**USING THE LAW** .......... **35**
ဥပဒေကို အသုံးပြုခြင်း .......... 50

**Judges Should Interpret Constitution to Promote Liberty** ........ **37**
တရားသူကြီးများသည် လွတ်လပ်ခွင့်အခွင့်အရေးများကို မြှင့်တင်ရန်အတွက်
ဖွဲ့စည်းပုံအခြေခံဥပဒေကို အနက်အဓိပ္ပာယ် ပြန်ဆိုရခြင်း ........ 53
**Favorable Old Case Law Is Still Persuasive** ........ **37**
ယနေ့ထိအောင် အသုံးပြုနိုင်သည့် ယခင်စီရင်ထုံးဟောင်းများ ........ 53
**Myanmar Law** ........ **38**
မြန်မာ့ဥပဒေများ ........ 55
**TYPES OF CASES AND JUDICIAL JURISDICTIONS** ........ **41**
အမှုအမျိုးအစားများနှင့် တရားစီရင်ပိုင်ခွင့်အာဏာများ ........ 59
**THE COURT SYSTEM** ........ **41**
တရားရုံးစနစ် ........ 59
**Cognizable versus Non-Cognizable cases** ........ **41**
ရဲအရေးယူပိုင်ခွင့်ရှိသော အမှုများ နှင့် ရဲအရေးယူပိုင်ခွင့်မရှိသောအမှုများ ........ 59
**Summons versus Warrant Cases** ........ **42**
သမ္မန်မှုများနှင့် ဝရမ်းမှုများ ........ 61
**Bailable versus Non-Bailable Cases (see “Bail” section for further detail)** **42**
အာမခံ ပေးနိုင်သောအမှုများနှင့် အာမခံ မပေးနိုင်သောအမှုများ ........ 62
**Jurisdiction of Judges and Magistrates** ........ **43**
တရားသူကြီးများနှင့် ရာဇဝတ်တရားသူကြီးများ၏ စီရင်ပိုင်ခွင့်အာဏာ ........ 63
**OTHER CRIMINAL JUSTICE ACTORS** ........ **45**
ပြစ်မှုဆိုင်ရာတရားစီရင်ရေးရှိ အခြားသောပါဝင်လုပ်ဆောင်သူများ ........ 65
**JUDGES** ........ **45**
တရားသူကြီးများ ........ 65
**LAW OFFICERS** ........ **47**
ဥပဒေအရာရှိများ ........ 68
**Law Officers Can Dismiss or Reduce the Charges** ........ **47**
ဥပဒေအရာရှိများသည် စွဲချက်များကို ပယ်နိုင်ခြင်း သို့မဟုတ် လျှော့ချနိုင်ခြင်း ........ 68
**The Charging Standard** ........ **48**
တရားစွဲဆိုရန် လိုအပ်သည့် စံချိန်စံညွှန်းများ ........ 69
**Law Officer Approving Accused Giving a Confession to Get a Pardon** ........ **49**
လွတ်ငြိမ်းချမ်းသာခွင့် ရရှိစေရန် တရားခံ၏ ဖြောင့်ချက်ပေးခြင်းကို ဥပဒေအရာရှိက လက်ခံခြင်း ........ 71
**CLERKS** ........ **49**
စာရေးများ ........ 71
**POLICE** ........ **50**
ရဲ ........ 72
**Complaints about Police Torture** ........ **51**
ရဲများ၏ ညှင်းပန်းနှိပ်စက်မှုများအား တိုင်ကြားခြင်း ........ 73
**Suits for Unlawful Police Detention** ........ **51**
ရဲများ၏ မတရားချုပ်နှောင်မှုအတွက် တရားမမှုများ ........ 74
**CORRUPTION** ........ **51**
အကျင့်ပျက်ခြစားခြင်း ........ 74

**ATTORNEYS: DISCIPLINE AND PROSECUTION** ........ **53**
ရှေ့နေများ - စည်းကမ်းဥပဒေနှင့် တရားစွဲဆိုခြင်း ........ 76
**Contempt of Court: Attorneys Prosecuted for their Activities** ........ **54**
တရားရုံးအားမထီမဲ့မြင်ပြုခြင်း ........ 77

**PART TWO: CONDUCTING THE CASE** ........ **57**
အပိုင်း ၂ - အမှုလိုက်ပါဆောင်ရွက်ခြင်း ........ 81
**EARLY ACCESS TO ATTORNEY & MECHANISMS OF ASSERTING REPRESENTATION** ........ **57**
ရှေ့နေနှင့် ဆောလျင်စွာ ချိတ်ဆက်နိုင်ခြင်း၊ အမှုလိုက်ပါဆောင်ရွက်ပေးခြင်းဆိုင်ရာနည်းလမ်းများ ........ 81
**Right of Attorneys to Gain Access to Accused in Detention** ........ **58**
အချုပ်တွင်ရှိသော စွပ်စွဲခံရသူအား ရှေ့နေမှ ဆက်သွယ်ပိုင်ခွင့် ........ 83
**Signing of a formal Transfer of Power of Attorney** ........ **60**
ရှေ့နေကိုယ်စားလှယ်လွှဲစာကို တရားဝင်လက်မှတ်ရေးထိုးခြင်း ........ 85
**Use of Interpreters** ........ **61**
စကားပြန်များအား အသုံးပြုခြင်း ........ 87
**Rights of Paralegals to Access the Accused** ........ **61**
ရှေ့နေအကူများမှ တရားခံအား ဆက်သွယ်ပိုင်ခွင့် ........ 87
**Remedies when Access is Denied** ........ **61**
အမှုသည်နှင့် ဆက်သွယ်ခွင့်ကို ငြင်းဆန်ခံရသည့်အခါ ကုစားရန်နည်းလမ်းများ ........ 88
**SPEEDY TRIAL** ........ **62**
မြန်ဆန်သော တရားခွင်စစ်ဆေးစီရင်ခြင်း ........ 90
**BAIL** ........ **68**
အာမခံ ........ 98
**Bailable versus Non-Bailable Cases** ........ **68**
အာမခံပေးနိုင်သောအမှုများနှင့် အာမခံမပေးနိုင်သောအမှုများ ........ 98
**Procedure** ........ **69**
လုပ်ထုံးလုပ်နည်း ........ 99
**Form of Bail** ........ **69**
အာမခံ ပုံစံ ........ 100
**Bail Review and Appellate Rights** ........ **70**
အာမခံပေးခြင်းကို ပြန်လည်သုံးသပ်ခြင်းနှင့် အယူခံခွင့်ဆိုင်ရာအခွင့်အရေးများ ........ 101
**Bail Forfeiture** ........ **70**
အာမခံ ရုပ်သိမ်းခြင်း ........ 101
**The Structure of A Bail Argument** ........ **71**
အာမခံလျှောက်လဲချက် ရေးသားပုံ ........ 103
**PATH OF A CRIMINAL CASE IN MYANMAR** ........ **73**
မြန်မာနိုင်ငံရှိ ပြစ်မှုတစ်ခု၏လမ်းကြောင်း ........ 105
**INVESTIGATORY STAGE** ........ **73**
စုံစမ်းထောက်လှမ်းသည့်အဆင့် ........ 105
**Role of Defense Attorney** ........ **73**
တရားခံရှေ့နေ၏ အခန်းကဏ္ဍ ........ 105

**Fighting Against Torture in Police Custody** ........ **73**
ရဲအချုပ်ခန်းများ၌ ပြုလုပ်လေ့ရှိသည့် ညှဉ်းဆဲနှိပ်စက်ခြင်းများကို တွန်းလှန်ခြင်း ........ 105
**Role of Law Officers during Investigation Stage** ........ **74**
စုံစမ်းထောက်လှမ်းနေစဉ်အတွင်း ဥပဒေအရာရှိများ၏ အခန်းကဏ္ဍ ........ 106
**Initiating the Complaint** ........ **74**
တိုင်တန်းလွှာများဖြင့် စတင်ခြင်း ........ 107
**The Police Investigation** ........ **75**
ရဲမှ စုံစမ်းထောက်လှမ်းခြင်း ........ 108
**The Arrest** ........ **76**
ဖမ်းဆီးခြင်း ........ 110
**First 24-Hour Detention** ........ **77**
ပထမ ၂၄ နာရီ ချုပ်နှောင်ခြင်း ........ 111
**Confession before a Judge** ........ **77**
တရားသူကြီးရှေ့မှောက်၌ ဖြောင့်ချက်ပေးခြင်း ........ 112
**Remand Hearings** ........ **78**
ရမန်ကြားနာခြင်းများ ........ 112
**At End of Investigation Period** ........ **79**
စုံစမ်းထောက်လှမ်းသည့်ကာလ ပြီးဆုံးသွားခြင်း ........ 114
**INQUIRY AND THE PROSECUTION CASE IN CHIEF** ........ **80**
စုံစမ်းစစ်ဆေးခြင်းနှင့် တရားလိုဘက်မှ အဓိကစစ်မေးခြင်း ........ 115
**Myanmar Practice Confuses Inquiry with the Prosecution Case In Chief** .. **80**
မြန်မာ့လက်တွေ့လုပ်ငန်းစဉ်၌ စုံစမ်းစစ်ဆေးခြင်းနှင့်တရားလိုဘက်မှ
အဓိကစစ်မေးခြင်းများသည် ရောထွေးနေတတ်ကြပါသည်။ ........ 115
**Summons Case versus Warrant Case** ........ **80**
သမ္မန်မှုများ နှင့် ဝရမ်းမှုများ ........ 116
**Advocating for the Dismissal, Compounding or Withdrawal of a Case** ........ **80**
အမှုမှ ပလပ်ရန်၊ ကျေအေးရန် သို့မဟုတ် ရုပ်သိမ်းရန် အရေးဆိုတင်ပြပေးခြင်း ........ 116
**Role of Judge at Inquiry and Trial** ........ **82**
စုံစမ်းစစ်ဆေးခြင်းနှင့် စစ်ဆေးစီရင်ခြင်းတို့ရှိ တရားသူကြီး၏ အခန်းကဏ္ဍ ........ 118
**Respect for the Accused in the Courtroom** ........ **83**
စွပ်စွဲခံရသူတရားခံအား တရားခွင်အတွင်း၌ လေးစားစွာ ဆက်ဆံခြင်း ........ 120
**First Hearing** ........ **83**
ပထမကြားနာခြင်း ........ 120
**Prosecution Presentation of Witnesses** ........ **84**
တရားလိုဘက်မှ သက်သေများ တင်ပြခြင်း ........ 122
**FRAMING THE CHARGE** ........ **86**
စွဲချက်တင်ခြင်း ........ 124
**THE ACCUSED DECIDES: ADMISSION OR TRIAL** ........ **88**
တရားခံဆုံးဖြတ်ရမည့်အချက် - ဝန်ခံခြင်း သို့မဟုတ် တရားရင်ဆိုင်ခြင်း ........ 127
**The Accused Admits** ........ **88**
တရားခံမှ ဝန်ခံခြင်း ........ 128

**Timing of the Plea** ........ **88**
ဝန်ခံချက်ပေးရမည့်အချိန် ........ 128
**Ingredients of a Guilty Plea** ........ **89**
အပြစ်ရှိကြောင်းဝန်ခံခြင်း၏ အင်္ဂါရပ်များ ........ 129
**Sentencing after Guilty Plea** ........ **90**
အပြစ်ရှိကြောင်းဝန်ခံပြီးနောက် အပြစ်ဒဏ်ချမှတ်ခြင်း ........ 130
**A CONTINUED PROSECUTION CASE AFTER FRAMING OF THE CHARGE** ........ **91**
စွဲချက်တင်ပြီးနောက် တရားလိုဘက်အမှုကို ဆက်လက်ဆောင်ရွက်ခြင်း ........ 131
**ACCUSED CASE IN CHIEF** ........ **92**
တရားခံအား အဓိက စစ်မေးခြင်း ........ 133
**Components of the Accused Case** ........ **92**
တရားခံအမှု၏ အစိတ်အပိုင်းများ ........ 133
**The Testimony of the Accused** ........ **94**
တရားခံ၏ သက်သေထွက်ဆိုချက် ........ 137
**The Right To Silence** ........ **94**
နှုတ်ဆိတ်စွာနေပိုင်ခွင့် ........ 137
**Manner of Testimony of the Accused** ........ **95**
တရားခံ၏ ထွက်ဆိုချက်များရယူနိုင်မည့် နည်းလမ်းများ ........ 139
**Preparation of the Accused** ........ **96**
တရားခံအတွက် ပြင်ဆင်ပေးခြင်းများ ........ 140
**Special burdens of proof on the accused** ........ **96**
တရားခံအပေါ် အထူးသက်သေပြရန်တာဝန်များ ........ 141
**FINAL DECISION AND SENTENCING** ........ **98**
အပြီးသတ်ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ်ခြင်း ........ 142
**Defense Arguments** ........ **98**
တရားခံဘက်မှ လျှောက်လဲချက်များ ........ 143
**Requirements For A Legal Verdict** ........ **99**
ဥပဒေနှင့်အညီ စီရင်ချက်တစ်ရပ် ချမှတ်နိုင်ရန် လိုအပ်ချက်များ ........ 144
**Additional Sentencing Information** ........ **99**
ပြစ်ဒဏ်ချမှတ်ခြင်းနှင့်ဆိုင်သည့် နောက်ဆက်တွဲအချက်အလက်များ ........ 145
**The Punishments** ........ **100**
ပြစ်ဒဏ်များ ........ 146
**Alternatives to Imprisonment** ........ **102**
ထောင်ဒဏ်မဟုတ်သည့် အခြားရွေးချယ်စရာများ ........ 149
**Restitution** ........ **103**
မူလအခြေအနေအတိုင်း ပြန်လည်ထားရှိခြင်း ........ 150
**Youths** ........ **103**
လူငယ်လူရွယ်များ ........ 151
**Pardons** ........ **103**
ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့် ........ 151
**Amnesties** ........ **103**
လွတ်ငြိမ်းချမ်းသာခွင့် ........ 151

**REMEDIES: REVISIONS, APPEALS AND WRITS** 105
သက်သာခွင့်များ - ပြင်ဆင်မှုများ၊ အယူခံမှုများနှင့် စာချွန်တော်များ 153
**Objections Should be Made to Preserve Issues** 105
ကိစ္စပြဿနာများကို ထိန်းထားနိုင်ရန် ကန့်ကွက်ချက်များ ပြုလုပ်ခြင်း 153
**Appeals** 106
အယူခံမှုများ 155
**Writs** 107
စာချွန်တော်များ 157
**The State or Divisional High Court Habeas Corpus** 108
ပြည်နယ်တရားလွှတ်တော်(သို့)တိုင်းဒေသကြီးတရားလွှတ်တော်၌ ရှေ့တော်သွင်းစာချွန်တော်နှင့် သဘောသဘာဝ တူသော စီရင်ပိုင်ခွင့်ရှိခြင်း 158
**EVIDENCE AGAINST THE ACCUSED** 109
တရားခံအား ဆန့်ကျင်သည့် သက်သေခံချက် 159
**OBTAINING THE PROSECUTION EVIDENCE** 109
တရားလိုဘက်မှ တင်ပြထားသော သက်သေခံချက်များကို ရယူခြင်း 160
**The Police File during the Investigatory Period** 110
စုံစမ်းထောက်လှမ်းစဉ်ကာလအတွင်းရှိ ရဲမှတ်တမ်းများ 161
**The Police File Becomes the Prosecution File** 111
ရဲအမှုတွဲသည်သည် တရားစွဲဆိုသည့်အမှုတွဲ ဖြစ်ခြင်း 162
**FIR and Witness List in the Court File** 111
တရားရုံးအမှုတွဲပါ ပထမသတင်းပေးတိုင်တန်းချက်နှင့် သက်သေစာရင်း 163
**Clerks May Create Problems** 112
စာရေးများက ဖန်တီးတတ်သော ပြဿနာများ 164
**The Process of Admitting Evidence** 114
သက်သေခံချက်များ တင်သွင်းရာတွင် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်း 166
**The Burden to Prove Admissibility of Evidence Lies With the Law Officer** 114
ဥပဒေအရာရှိ၏ "သက်သေခံဝင်သော သက်သေခံချက်များ" ပြသရန် တာဝန် 168
**Attorneys Must Challenge Inadmissible Evidence at Every Stage of the Case** 115
ရှေ့နေများက သက်သေခံမဝင်သော သက်သေခံချက်များကို အမှု၏အဆင့်တိုင်း တွင်ချေဖျက်ခြင်း 169
**Making Objections At Inquiry and Trial** 117
(စုံစမ်းစစ်ဆေးနေစဉ်ကာလ နှင့် စစ်ဆေးစီရင်နေစဉ်ကာလ) ကန့်ကွက်ချက်များ ပြုလုပ်ခြင်း 172
**THE KINDS OF PROSECUTION EVIDENCE** 120
တရားလိုသက်သေ အမျိုးအစားများ 176
**Testimonial Evidence** 120
ထွက်ဆိုချက် သက်သေ 176
**Expert Testimony** 122
ကျွမ်းကျင်သူပညာရှင်၏ ထွက်ဆိုချက် 180
**Documentary Evidence** 124
စာတမ်းအမှတ်အသား သက်သေခံချက် 183
**Character Evidence** 125
စာရိတ္တ သက်သေခံချက် 183

**Physical Evidence** ........ **125**
ပစ္စည်းသက်သေ ........ 184
**Identification Evidence** ........ **128**
မည်သူမည်ဝါ မည်သည့်အရာ ဖြစ်သည်ဟူသော သက်သေ အထောက်အထား ........ 189
**Confessions** ........ **130**
ဖြောင့်ချက် ........ 191
**Suing the Police** ........ **140**
ရဲများအား တရားစွဲဆိုခြင်း ........ 205

**PART THREE: SPECIAL POPULATIONS** ........ **141**
အပိုင်း ၃- သီးခြားအုပ်စုများ ........ 206
**JUVENILE CLIENTS** ........ **142**
ကလေးသူငယ် အမှုသည်များ ........ 207
**Jurisdiction and Age of Criminal Responsibility** ........ **144**
စီရင်ပိုင်ခွင့်အာဏာနှင့် ရာဇဝတ်မှုဆိုင်ရာ တာဝန်ယူမှုများအတွက် အသက်အရွယ်အပိုင်းအခြား ........ 210
**Transfer from Adult Court** ........ **145**
အရွယ်ရောက်ပြီးသူများအတွက် သတ်မှတ်ထားသော တရားရုံးမှ ပြောင်းရွှေ့စစ်ဆေးခြင်း ........ 211
**Pretrial Procedures** ........ **145**
တရားရုံးတွင် ကြားနာစစ်ဆေးစီရင်ခြင်းမပြုမီ ဆောင်ရွက်ရသည့် လုပ်ထုံး လုပ်နည်းများ ........ 212
**Trial Procedures** ........ **147**
အမှုအား စစ်ဆေးစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ........ 214
**Sentencing** ........ **147**
ပြစ်ဒဏ်ချမှတ်ခြင်း ........ 215
**Appeal** ........ **148**
အယူခံဝင်ခြင်း ........ 216
**Youths** ........ **148**
လူငယ်များ ........ 216
**Speedy Trial** ........ **148**
နှောင့်နှေးကြန့်ကြာမှုမရှိဘဲ မြန်ဆန်စွာ တရားစစ်ဆေးစီရင်ခြင်း ........ 216
**Age Assessment** ........ **149**
အသက်အရွယ်ကို စစ်ဆေးအကဲဖြတ်ခြင်း ........ 217
**WOMEN AS ACCUSED** ........ **150**
စွပ်စွဲခံရသူအမျိုးသမီးများ ........ 219
**LGBT CLIENTS** ........ **155**
လိင်တူချစ်သူ အမှုသည်များ ........ 226
**MENTALLY ILL CLIENTS** ........ **158**
စိတ်မကျန်းမာသော အမှုသည်များ ........ 230
**Incompetency to Stand Trial** ........ **161**
ရုံးရှေ့တွင် ရပ်တည်နိုင်စွမ်းမရှိခြင်း ........ 236
**Insanity or "Unsoundness of Mind" as a Legal Defense** ........ **162**
စိတ်ဖောက်ပြန်ခြင်း သို့မဟုတ် "စိတ်ပေါ့သွပ်ခြင်း"ကို ဥပဒေဆိုင်ရာ ခုခံချေပမှု အဖြစ် အသုံးပြုခြင်း ........ 236

**DRUG CRIMES AND DRUG USERS** .......... **166**
မူးယစ်ဆေးဝါးနှင့် သက်ဆိုင်သော ပြစ်မှုများနှင့် မူးယစ်ဆေးဝါး အသုံးပြုသူများ .......... 243

**PART FOUR: SKILLS** .......... **174**
အပိုင်း ၄ - ကျွမ်းကျင်မှုများ .......... 253
**SKILLS: CLIENT INTERVIEWING** .......... **174**
ကျွမ်းကျင်မှုများ - အမှုသည်နှင့် တွေ့ဆုံဆွေးနွေးခြင်း .......... 253
**Information to be obtained in initial client interview:** .......... **175**
အမှုသည်နှင့် ကနဦးတွေ့ဆုံဆွေးနွေးရာတွင်ရယူရမည့် သတင်းအချက်အလက် .......... 255
**Client Interview Checklist** .......... **175**
အမှုသည်နှင့် တွေ့ဆုံဆွေးနွေးရာတွင် မေးမြန်းရမည့်အချက်များ .......... 255
**SKILLS: INVESTIGATION TO COLLECT EVIDENCE** .......... **179**
ကျွမ်းကျင်မှုများ - သက်သေခံချက်များ စုဆောင်းသိမ်းဆည်းနိုင်ရန် စုံစမ်းထောက်လှမ်းခြင်း .......... 260
**SKILLS: INTERVIEWING WITNESSES** .......... **184**
ကျွမ်းကျင်မှုများ - သက်သေများအား တွေ့ဆုံမေးမြန်းခြင်း .......... 267
**SKILLS: Defense Line** .......... **189**
ကျွမ်းကျင်မှုများ - ခုခံရေးလမ်းကြောင်း .......... 275
**SKILLS: FORMING SPECIFIC DEFENSE LINES** .......... **193**
ကျွမ်းကျင်မှုများ - တိကျသည့် ခုခံရေးလမ်းကြောင်းများကို တည်ဆောက်ခြင်း .......... 281
**SKILLS: QUESTIONING THE WITNESSES AT INQUIRY AND TRIAL** .......... **197**
ကျွမ်းကျင်မှုများ - တရားရုံးတော်တွင် သက်သေများအား မေးခွန်း မေးမြန်းခြင်း .......... 287
**Defense Witness Evaluation** .......... **198**
တရားခံပြသက်သေများအား ဆန်းစစ်ခြင်း .......... 289
**Preparing for the Prosecution to Question Your Client** .......... **200**
တရားလိုဘက်မှ သင့်အမှုသည်အား မေးမြန်းလာမည့် မေးခွန်းများအတွက် ပြင်ဆင်ခြင်း .......... 291
**Questioning Defense Witnesses during Trial** .......... **200**
တရားခွင်စစ်ဆေးစီရင်နေစဉ်အတွင်း တရားခံပြသက်သေအား မေးခွန်းများ မေးခြင်း .......... 292
**Examination in Chief and Cross-Examination** .......... **202**
အဓိကစစ်မေးခြင်းနှင့် ပြန်လှန်စစ်မေးခြင်းများ .......... 293
**SKILLS: PRESENTING DEFENSE EVIDENCE** .......... **205**
ကျွမ်းကျင်မှုများ - တရားခံ၏ သက်သေခံချက်များကို တင်ပြခြင်း .......... 297
**SKILLS: MAKING ARGUMENTS** .......... **209**
ကျွမ်းကျင်မှုများ - လျှောက်လဲချက်များ ပေးခြင်း .......... 302

**PART FIVE: APPENDICES** .......... **212**
အပိုင်း ၅ - နောက်ဆက်တွဲများ .......... 306
**APPENDIX 1: Relevant Protections in the 2008 Constitution** .......... **212**
နောက်ဆက်တွဲ ၁- ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အကာအကွယ် ပေးမှုများ .......... 306
**APPENDIX 2: Confidentiality Agreement For Those Assisting With Vulnerable Clients** .......... **214**
နောက်ဆက်တွဲ ၂- လုံခြုံစွာထိန်းသိမ်း လျှို့ဝှက်ထားရခြင်းဆိုင်ရာ သဘောတူညီချက် .......... 309
**APPENDIX 3: IBJ Case Management Forms** .......... **215**
နောက်ဆက်တွဲ ၃ - IBJ ရုံးသုံး ပုံစံဖောင်များ .......... 311